http://www.dhammadownload.com

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား
စာအုပ်အမှတ်(၂၁)မှ အမှတ်(၃၀) အထိ၊
ကျမ်း ၁၀ အုပ်ကို
အနှစ်ချုပ်၍ ဖော်ပြထားသည်။
ဤစာအုပ်တွင် ဆရာတော် ဟောထားသော
တရားအပုဒ်ပေါင်း ၁၃၄ ပုဒ် ပါသည်။
ထို စာအားလုံးကို တစ်ပုဒ်ချင်း အရသာခံ၍
တရားသဘောကို ထိထိမိမိ သိရအောင်
အနှစ်ချုပ် (Digest) ရေးထားပါသည်။
ဤ စာတစ်အုပ်ကို ဖတ်ရလျှင်
မူရင်း စာအုပ်ကြီး ၁၀ အုပ်ကို ဖတ်ရသကဲ့သို့
တရားအရသာ ခံစားရအောင်
တရားအမြင် အားလုံးကိုပါ သိနားလည်အောင်
ဆရာဆန်းလွင် (ရှင်အာဒိစ္စရံသီ) က
ကြိုးပမ်းထားပါသည်။

ဆန်းလွင် ● မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရားစာအုပ် ၃၉ အုပ် အနှစ်ချုပ် (တတိယကဏ္ဍ)

# ဆန်းလွင်

(ရှင်အာဒိစ္စရံသီ)

# မိုးကုတ်ဝိပဿနာ
# အလုပ်စဉ်တရားစာအုပ်

( ၃၉ အုပ် အနှစ်ချုပ် )



တတိယကဏ္ဍ
( စာအုပ် အမှတ် ၂၁ မှ ၃၀ အထိ )

http://www.dhammadownload.com

နန်း ဒေ ဝီ စာ ပေ
အမှတ် ၂၀၀၊ ပထမထပ်၊ ၃၆ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၀၂၅၊ ၃၉၁၆၃၃
E-mail:naneizar@myanmar.com.mm

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ်
၄၀၂/၂၀၀၂(၁၁)
◆
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၁၄၀၅၁၂၀၈
◆
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ
◆
မျက်နှာဖုံးဝန်းရို
ကျော်ဖြူစံ
◆
မျက်နှာဖုံးဒီဇိုင်း
ချစ်ကြည်
◆
အတွင်းဖလင်
AZ
◆
တန်ဖိုး
၃၀၀၀ ကျပ်
◆
အုပ်ရေ
၅၀၀
◆
ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)
အမှတ် ၁၁၁၊ ၁၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
◆
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်ဇင်၊ ခိုင်ရည်မွန်ပုံနှိပ်တိုက် (၀၄၂၂၉)
အမှတ် ၈၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
◆

http://www.dhammadownload.com

# ဓမ္မရတနာ

(ရှင်အာဒိစ္စရံ့သီ)

# မိုးကုတ်ဝိပဿနာ

## အလေ့အကျင့်စဉ်တရားစာစု

( ၃၉ အုပ် အနှစ်ချုပ် )

တတိယအကြိမ်

( စာအုပ် အမှတ် ၂၁ မှ ၃၀ အထိ )

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီး
# ဦးဝိမလ
## (၁၂၆၁–၁၃၂၄)

မန္တလေးတိုင်း၊ မြစ်ငယ်မြို့နယ် (ဒုဋ္ဌဝတီ) ခေါ် မြစ်ငယ်မြစ် တစ်ဖက်ကမ်းရှိ ဥယျာဉ်တော်ရွာတွင် ခမည်းတော် *ဦးအောင်ထွန်း*၊ မယ်တော် *ဒေါ်ရွှေအိတ်* တို့မှ သက္ကရာဇ် ၁၂၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် နှစ်နာရီ မိနစ်သုံးဆယ်အချိန်တွင် ဖွားမြင်တော်မူသည်။ အမည်ရင်းမှာ မောင်လှဘော်ဖြစ်သည်။ အသက် ၉ နှစ်သားအရွယ်တွင် ဥယျာဉ်တော်ရွာ ဂွေးပင်တောရကျောင်းဆရာတော် *ဦးဇာဂရ* ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် သွတ်သွင်းပြီး ဘွဲ့တော်မှာ **ရှင်ဝိမလ** ဖြစ်သည်။ ကိုရင်ဝိမလ ၁၂ နှစ်သားအရွယ်တွင် သက်န်းတော်ကို ပထမအကြိမ် ပျားစွဲသည်။

အစ်မကြီး အရင်းဖြစ်သူ သီလရှင် *ဒေါ်သုစာရီ* က အမရပူရမြို့ မင်္ဂလာကျောင်းတိုက်ဆရာတော်ကြီး *ဦးသုဇာတ* ထံ အပ်နှံ၍ ဆရာတော်ကြီးနှင့် အဘိဓမ္မာအရာတွင် နာမည်ကျော် *ပထမကျော် ဦးအုန်း* တို့ထံတွင် အဘိဓမ္မာပညာရပ်များကို သင်ယူခဲ့သည်။

၁၂၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့၊ သက်တော် ၂၀ အရွယ်တွင် မင်္ဂလာတိုက်ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ရဟန်းခံယူသောနေ့ အိမ်မှ ထွက်တော်မူရာတွင် သက်န်းတော်ကို ဒုတိယအကြိမ် ပျားစွဲသည်။

၁၂၈၃ ခုနှစ်တွင် အစ်မဖြစ်သူ သီလရှင် *ဒေါ်သုစာရီ* နှင့် မိုးကုတ်မြို့သူ သီလရှင် ***ဒေါ်ဝိစာရီ*** တို့က ဒုတိယအကြိမ် သိမ်ထပ်သိက္ခာတင် မင်္ဂလာပြုကြရာမှ မိုးကုတ်ဆရာတော် ဟူသော အမည်တော်ကို ခေါ်ဝေါ်နိုင်ရန် အခြေခံ အကြောင်းတစ်ရပ် ဖြစ်ခဲ့သည်။

၁၂၈၆ ခုနှစ်တွင် ပထမကျော်ဆရာကြီး ဦးအုန်း လက်စမသတ်ခဲ့ရသော နာမည်ကျော် *'အဘိဓမ္မာတံခွန်ကျမ်းကြီး'* ကို လက်စသတ် ရေးသားတော်မူသည်။ *'ယမကာမဉ္ဇရီကျမ်း'* နှင့် *'ပုထုဇန အလင်းပြကျမ်း'* များကိုလည်း ပြုစုတော်မူခဲ့သည်။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို မိုးကုတ်ဆရာတော်၏ တရားစာအုပ်များကို ဖတ်ကြည့်မိမှ နားလည်သည်ဟု စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးများကပင် ချီးကျူးရသည်။


၁၃၀၃ ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မိုးကုတ်မြို့၌ သီတင်းသုံး နေထိုင်တော်မူသည်။ ၁၃၀၇ ခုနှစ်တွင် ညောင်လေးပင်၊ အမရပူရ၊ မန္တလေးနှင့် မိုးကုတ်မှ တပည့်ဒါယကာ၊ ဒါယိကာမများကို ဦးဆောင်ကာ ရန်ကုန်မြို့၊ ဗိုလ်တထောင်စေတီတော်၌ ရတနာစိန်ဖူးတော်ကို တင်လှူတော်မူခဲ့သည်။

၁၃၁၆ ခုနှစ်တွင် *ဒေါ်ဒေါ်အုံ*၊ *ဒေါ်ဒေါ်ဖုံ* တို့က မိုးကုတ်မြို့တွင် *'မင်္ဂလာတိုက်'* ဟု ကမ္ပည်းထိုးကာ တိုက်ကျောင်း ဆောက်လုပ်လှူဒါန်းတော်မူသည်။ စစ်ဘေးစစ်ဒဏ်မှ ပို၍ စိတ်ချရန် မိုးကုတ်မြို့နှင့် ၄ မိုင်ခန့်ဝေးသော ဘော်ဘတန့် တောင်ပေါ်ရွာရှိ ကျောက်လိုဏ်ဂူများတွင် ကြွရောက် သီတင်းသုံးတော်မူသည်။

၁၃၂၄ ခုနှစ် ဝါဆိုလဆန်း ၇ ရက်နေ့တွင် သာသနာရေးဦးစီးဌာနမှ လှူဒါန်း ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

၁၃၂၄ ခု သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ နေ့လယ် တစ်နာရီ မိနစ်နှစ်ဆယ် အချိန်တွင် ခန္ဓာဇာတ်သိမ်း၍ အကြွင်းမဲ့ အေးငြိမ်းတော်မူပြီး ဘဝနတ်ထံ ပျံလွန်တော်မူသည်။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com



ဆန်းလွင် (ရှင်အာဒိစ္စရံ့သီ)

http://www.dhammadownload.com

## ဆန်းလွင် (ရှင်အာဒိစ္စရံသီ)
## (၁၉၃၈-၂၀၀၂)

ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် အဘ ဦးဖိုးညွန့်၊ အမိ ဒေါ်လှကြီးတို့မှ ၁၉၃၈ ခု ဇန်နဝါရီ လ ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဆန်းလွင် ပင် ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ဒဿနိကဗေဒ ဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ (ရွှေတံဆိပ်) ရသည်။ မဟာဝိဇ္ဇာတန်း တက်ပြီးနောက် မြစ်ကြီးနား ကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်များ၌ ကထိက အဖြစ် အမှုထမ်းဆောင်ခဲ့သည်။

အသက် ၁၈ နှစ်အရွယ်တွင် မိဘရိုးရာ အစ္စလာမ်ဘာသာမှ ခရစ်ယာန် ဘာသာသို့ ဝင်ရောက် လေ့လာပြီး မနှစ်သက်၍ လေးနှစ်အကြာတွင် ခရစ်ယာန် ဘာသာကို စွန့်လွှတ်လိုက်သည်။

အသက် ၂၂ နှစ်တွင် ကွန်မြူနစ်ဝါဒကို လေ့လာပြီး ဘာသာအယူဝါဒများကို စွန့်ပယ်၍ ကမ္ဘာ့အတွေးအခေါ်မျိုးစုံ၊ ဘာသာမျိုးစုံကို လေ့လာသည်။

အသက် ၃၂ နှစ်တွင် ဗုဒ္ဓကိုယ်ကျင့်တရား ပညာကျမ်း ပြုစုရန် ပါမောက္ခ၏ တာဝန်ပေးချက်အရ ကမ္ဘာ့အေး ဗုဒ္ဓဘာသာ တက္ကသိုလ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာကို စတင်လေ့လာသောအခါမှ စ၍ မိမိ ရှာဖွေနေသော သစ္စာဝါဒကို တွေ့ပြီဟု ဝမ်းသာပြီး ပိဋကတ်သုံးပုံ (မြန်မာပြန်) ကို ကုန်အောင် လေ့လာသည်။

၁၉၇၂ တွင် တက္ကသိုလ်က ထွက်ပြီး ရုပ်ရှင်ဒါရိုက်တာ လုပ်သည်။ ဒါရိုက်တာ အဖြစ် *'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး'၊ 'လောကကို အလှဆင်မယ်'၊ 'မနော်ဟရီအလှ'* ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်ရှင်ဇာတ်ညွှန်း အနေဖြင့် *'ငါ့ညီ ငါ့မြေ ငါ့အမေ'၊ 'လကွယ်မိုးနှောင်း'* နှင့် *'မသည်းနှရဲ့ သံသရာ'* ဇာတ်ကားများကို ရေးသားခဲ့သည်။ *'ရုပ်ရှင်အနုပညာနှင့် ရုပ်ရှင်အတတ်ပညာကျမ်း'* ကို ဆန်းလွင် အမည်ဖြင့် ပြုစုခဲ့သည်။ *'ဖဲသမား'* (Gambler) အမည်ဖြင့် ပြန်ဆိုခဲ့သော ဘာသာပြန်ဝတ္ထုမှာ ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု၊ ဘာသာပြန် စာပေ စတုတ္ထဆု ရရှိခဲ့သည်။

*လုံးချင်းစာအုပ်များ အနေဖြင့် သျှင်ဥတ္တမ၌သို့ ပြန်ကြားချက်နှင့် ရွှေဥဒေါင်းသို့ ပြန်ကြားချက်၊ ဖီလိုဆိုဖီ ကကြီး ခခွေး၊ ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ ဘိုင်းစတိုင်း၊ ဘာထရန်ရပ်ဆယ်၊ တရုတ်တွေးခေါ်ရှင်ကြီးများ၊ ရုရှားတွေးခေါ်ရှင်ကြီးများ၊ တရားတွေ့ဖို့ ချမ်းမြေ့ဖို့၊ အတွေးအမြင် ဆောင်းပါးများ၊ ကျူရိုးရှင်၊ ထိပ်ဆုံးက စပိုင်၊ ရွှေတောင်တက်ဒဿန၊ ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက်အကြောင်း၊ သစ္စာဉာဏ်ပွင့် ဒဿန၊ သေခြင်း ဒဿန၊ ဂိုးလ်စတိန်းကိုယ်တွေ့ ဝိပဿနာ (ဦးဟန်ဌေးနှင့် ပူးတွဲရေးသည်)၊ မိုးကုတ် ဝိပဿနာ ရှုနည်း၊ ထေရဝါဒ အုတ်မြစ်များအဖွင့်၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန၊ ဗုဒ္ဓဘာသာ သိမှတ်ဖွယ်ရာများ၊ ထေရဝါဒ အခြေခံ အယူအဆများကို အဆင့်မြင့်နားလည်ခြင်း၊ ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး တရား၊ မွေ ဒဿနစာစု စသည်များအား ရေးသားခဲ့သည်။ တက္ကသိုလ် အောင်မှူး အမည်ဖြင့်လည်း စိတ်ညှို့ အိပ်မွေ့ချနည်းနှင့် အသုံးချနည်း အပြည့်အစုံ စာအုပ်ကို ရေးသားပြုစုခဲ့သည်။* အင်တာနေရှင်နယ် မဂ္ဂဇင်းနှင့် ဓမ္မရုပ်စုံမဂ္ဂဇင်းတို့တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

အသက် ၅၈ နှစ်တွင် ပဲခူးတိုင်း၊ ဒိုးသောင်ကျေးရွာ၊ ရွှေမင်းဝင်ရပ်ကွက်၊ ဓမ္မစာရီကျောင်းတွင် ရဟန်းအဖြစ် ခံယူပြီး ရွှေမင်းဝင် နိုင်ငံတကာ ဝိပဿနာ အလုပ်စခန်းကို ဖွင့်လှစ်ခဲ့သည်။ ၂၆၊ ၁၁၊ ၂၀၀၂ (အင်္ဂါနေ့) ည ၁၀ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

http://www.dhammadownload.com

## ရည်ညွှန်းချက်

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်များကို ရက်ရောသော စေတနာဖြင့် လှူဒါန်းခဲ့ကြသော ဓမ္မမိတ်ဆွေ ဦးဝင်းလှိုင်၊ ဒေါ်အေးအေးရီ မိသားစုနှင့် ဦးမြင့်တင်၊ ဒေါ်သိန်းသိန်းဆင့် မိသားစုတို့အတွက်

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၂၁) | | |
| ၁။ | ဝေဒနာနှင့် တရားနာနေပုံ | ... | ၁၈ |
| ၂။ | အမြဲနေအိမ်နှင့် ယာယီနေအိမ် | ... | ၂၀ |
| ၃။ | တဏှာ မူလက ၉ ချက် | ... | ၂၂ |
| ၄။ | အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် ဖြတ်စဉ် | ... | ၂၄ |
| ၅။ | ဝေဒနာနုပဿနာအကြောင်း သိကြားအမေး ဘုရားဖြေသော တဏှာ သခ်ယသုတ် (၁) | ... | ၂၆ |
| ၆။ | ဝေဒနာ နုပဿနာ တဏှာ သခ်ယ သုတ် (၂) | ... | ၂၈ |
| ၇။ | ယမမင်းထံ အစစ်ခံပုံနှင့် ငရဲ ဒုက္ခများအကြောင်း | ... | ၃၀ |
| ၈။ | စိတ်အပြင် မထွက်အောင် သတိထားရန် (ဓနပဒ ကလျာဏီသုတ်) | ... | ၃၂ |
| ၉။ | ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ခွဲခြား သိရန် | ... | ၃၅ |
| ၁၀။ | ဒိဋ္ဌိ သုံးပါး ကွာရေး ဒေသနာ | ... | ၃၉ |
| ၁၁။ | ဗုဒ္ဓဘာသာဝင်တွေမှာ ရှိနေတတ်သည့် ဒိဋ္ဌိ ဖြုတ်နည်း | ... | ၄၁ |
| ၁၂။ | ပဋ္ဌာန်းနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်း၊ သစ္စာနည်းဖြင့် ဒုက္ခသစ္စာ ထင်အောင် ဟောပုံ | ... | ၄၃ |
| ၁၃။ | ဝိညာဏ် အပေါ် သဿတ ဒိဋ္ဌိ ဖြုတ်ရန်၊ သာတိဝတ္ထု | ... | ၄၅ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


**မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၂၂)**

၁။ သဿတ ဒိဋ္ဌိ အပြစ်ကြီးပုံ၊ သာတိ ဝတ္ထု အဆက် – ၅၂

၂။ ပညတ်နှင့် ပရမတ် ကွဲမှ နိဗ္ဗာန် သဘောကျပုံ ယမက ဝတ္ထု – ၅၄

၃။ အသေ ရှိရာက အသေ လွတ်ရာ ရှာပုံ – ၅၇

၄။ နိဗ္ဗာန်ရောက်ကြောင်း တရားသည် ဝိပဿနာ – ၆၀

၅။ သိတင်းကျွတ် နှစ်မျိုး၊ ကြက်မကြီး ဥပမာပေး အလုပ် သုံးလုပ် – ၆၄

၆။ ဒုက္ခ၏ လက်သည်ကြီး အာသဝ ဖြစ်ပုံ – ၆၇

၇။ အပါယ် သွားမည့် ဒိဋ္ဌိ ဖြုတ်ပစ်ပုံ သုညတ ဒေသနာ – ၆၉

၈။ တိတ္ထိတွေ အမေး၊ အနာထပိဏ် သူဌေး အဖြေ ဒိဋ္ဌိ ခွာနိုင်သော အချိန် – ၇၃

၉။ ပဋိစ္စ သမုပ္ပါဒ် ဖြစ်ပုံနှင့် ပြတ်ပုံကို သိသောကြောင့် ဘုရား ဖြစ်လာပုံ – ၇၆

၁၀။ ဝဋ်သုံးပါး ဆက်စပ်ပြီး လည်နေပုံ – ၈၀

၁၁။ အနှစ် ထမ်းပြီး ပြန်မိကြအောင် ကြိုးစားကြရန် – ၈၂

၁၂။ ပါသရာသိ သုတ္တန် ဒေသနာ – ၈၅

**မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၂၃)**

၁။ ဉာဏ်အမြင် အနတ္တ တွေ့ပါမှ အတ္တဒိဋ္ဌိ ပြုတ်မည် (၁) – ၉၂

၂။ ဉာဏ်အမြင် အနတ္တ တွေ့ပါမှ အတ္တဒိဋ္ဌိ ပြုတ်မည် (၂) သစ္စက ပရိဗိုဇ် ဝတ္ထု – ၉၅

၃။ လူတိုင်း ချမ်းသာရာ ရှာပေမယ့် ဆင်းရဲ တွေ့နေကြရပုံ အကြောင်းရင်း – ၉၈

၄။ ပုထုဇဉ်နှင့် အရိယာ ဝေဒနာ ခံစားကြပုံ– ဝေဒနာ လာရင် ထိုးစစ်ဆင် – ၁၀၀

၅။ တရား ဆုံးအောင် မနာ၊ ဆုံးအောင် အားမထုတ်ရင် အကျိုး ဆုတ်ယုတ်တတ်ပုံ – ၁၀၂

၆။ သေနိယနှင့် ပုဏ္ဏက ကျွတ်ခန်း– ကံလေးမျိုး ခွဲပြခြင်း – ၁၀၅

၇။ သေနိယ ကျွတ်တန်း ဝင်တဲ့ တရား – ၁၀၈

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈။ | နိဗ္ဗာန် အကြောင်း အဂ္ဂိဝစ္ဆသုတ် ဒေသနာ | – | ၁၁၀ |
| ၉။ | တဏှာ မာန ဒိဋ္ဌိ ချုပ်သော ပုဂ္ဂိုလ် ဘယ်သွားတုံး | – | ၁၁၃ |
| ၁၀။ | ကံကို အတ္တ စွဲလမ်း ထားကြပုံ | – | ၁၁၅ |
| ၁၁။ | ချွတ်ယွင်းချက် သုံးမျိုး ဖြစ်လျှင် တရားထူး မရနိုင်ပုံ | – | ၁၁၇ |
| ၁၂။ | ငရဲမီး ငြိမ်းသတ်နည်း | – | ၁၁၉ |
| ၁၃။ | ခန္ဓာ စွဲလမ်းမှုကြောင့် တဏှာ မာန ဒိဋ္ဌိ ဖြစ်ပုံ | – | ၁၂၂ |
| ၁၄။ | မွေးလာကတည်းက အို၊ နာ၊ သေဘေးဆီသို့ ပြေးနေပုံ | – | ၁၂၃ |
| ၁၅။ | မဂ္ဂ ဖြဟ္မာစရိယ အကျင့်မှ တစ်ပါး အားကိုးစရာ မရှိကြောင်း | – | ၁၂၅ |
| ၁၆။ | ဥပရိပဏ္ဏာသ ပါဠိတော် ဘူမိဇသုတ် | – | ၁၂၇ |

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၂၄)

| | | | |
|---|---|---|---|
| ၁။ | ဥစ္စာဓနေ အင်အား၊ ဆွေမျိုး အင်အားဖြင့် နိဗ္ဗာန် မရောက် မဂ္ဂင်ဖြင့်သာ ရောက်ပုံ | – | ၁၃၄ |
| ၂။ | ဆန္ဒောဝါဒသုတ် (ဥပရိပဏ္ဏာသ) | – | ၁၃၇ |
| ၃။ | အနာထပိဏ် သူဌေး နာကြား သွားရသည့် နောက်ဆုံး တရား | – | ၁၃၉ |
| ၄။ | ဣန္ဒြေ လုံခြုံအောင် စောင့်နည်း (၁) ဥပရိပဏ္ဏာသ ဣန္ဒြိယ ဘာဝနာသုတ် | – | ၁၄၂ |
| ၅။ | ဣန္ဒြေ လုံခြုံစေနည်း၊ ဣန္ဒြိယ ဘာဝနာသုတ် (ဥပရိပဏ္ဏာသ) | – | ၁၄၄ |
| ၆။ | သဿတ၊ ဥစ္ဆေဒ ပြုတ် တရားတော်၊ အစေလ ကဿပမေး၊ ဘုရားဖြေ | – | ၁၄၆ |
| ၇။ | လောကသုံးပါး ခွဲခြား သိရန်၊ လောက သုံးပါးထဲ မျက်စိ လည်နေကြပုံ | – | ၁၄၈ |
| ၈။ | ဘိက္ခုနီသုတ် (စတုတ္ထ နံပါတ် အင်္ဂုတ္တိုရ်။ တဏှာ၊ မာန အရင်းခံ၍ မဂ်၊ ဖိုလ် တက်လှမ်းပုံ) | – | ၁၅၀ |
| ၉။ | ခန္ဓာ၏ ပိဋ္ဌနဠ (နှိပ်စက်မှု သဘော) မေ္ဘာနုပဿနာ သတိပဋ္ဌာန် ရှုပွားပုံ | – | ၁၅၂ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀။ | ညှိသည် ဝေဒနာ သုံးပါး၊ ခန္ဓာ ပေါ်ပေါ်လာတိုင်း သတိနှင့် လိုက်ပါ | - | ၁၅၄ |
| ၁၁။ | အပါယ် စိတ်ချရတာ လုပ်ပြီးမှ ပျော်ချင် ပျော်ကြပါ။ ဟောတဲ့ ပုဂ္ဂိုလ်ရော၊ နာတဲ့ ပုဂ္ဂိုလ်ပါ ကျေးဇူး ရှိနိုင်တဲ့နည်း | - | ၁၅၇ |
| ၁၂။ | ဒိဋ္ဌိ ဝိစိကိစ္ဆာ ဖြုတ်နည်း (၁) စိတ်ဝိညာဉ်ကို သဿတ စွဲအား ကြီးနေပုံ | - | ၁၅၉ |
| ၁၃။ | ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်နည်း (၂) | - | ၁၆၂ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၂၅)** | | |
| ၁။ | ပညတ်နှင့် ပရမတ် ကွဲဖို့ တရားနာကြသည်။ အရေးကြီးတာ အရင် လုပ်ပြီးမှ ပျော်ရင် ပျော်ကြပါ။ (ရှင်ခေမက ဝတ္ထု) | - | ၁၆၈ |
| ၂။ | အာစယ ဂါမိနော ဓမ္မနှင့် အပစယ ဂါမိနော ဓမ္မ တရားများ | - | ၁၇၂ |
| ၃။ | ပဋ္ဌာနန္တ ရိယ ကံထက် မိစ္ဆာဒိဋ္ဌိကံက အပြစ် ပိုကြီး၍ ကြောက်စရာ ကောင်းပုံ (၁) | - | ၁၇၄ |
| ၄။ | ပဋ္ဌာ နန္တ ရိယ ကံထက် မိစ္ဆာဒိဋ္ဌိကံက အပြစ် ပိုကြီး၍ ကြောက်စရာကောင်းပုံ (၂) | - | ၁၇၇ |
| ၅။ | သံသရာ ဖြတ်ခန်း၏ ရေသောက်မြစ် ရှာသည့် တရားတော်။ သဿတ၊ ဥစ္ဆေဒ အသိနှင့် ဖြုတ်ပုံ(၁) (အစေလ ကဿပ သုတ်) | - | ၁၇၈ |
| ၆။ | သံသရာ ဖြတ်ခန်း၏ ရေသောက်မြစ် ရှာသည့် တရားတော်(၂)။ အလုပ်စခန်းဖြင့် သဿတ၊ ဥစ္ဆေဒ အသိနှင့် ဖြုတ်ပုံ (အစေလ၊ ကဿပ သုတ်) | - | ၁၈၀ |
| ၇။ | လူမိုက်နှင့် လူလိမ္မာ သိရှိရန်၊ ဗာလ ပဏ္ဍိတ သုတ် (၁) | - | ၁၈၂ |
| ၈။ | လူမိုက်နှင့် လူလိမ္မာ (၂)။ ဥပကာတွေ့နှင့် ပဥ္စဝဂ္ဂီ တွေ့၊ ဒုက္ခသစ္စာ၊ မွှောနုပဿနာ ရှုနည်း | - | ၁၈၅ |
| ၉။ | ဆန္ဒရာဂ ပယ်ပုံ | - | ၁၈၈ |
| ၁၀။ | မှန်ကို ဥပမာ ပြု၍ ဟောသော တရား | - | ၁၉၀ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၁။ | ခန္ဓာငါးပါးဟာ မှန်ကြီးနှင့် တူကြောင်း | – | ၁၉၁ |
| ၁၂။ | စိတ်၏ အလိမ် မိနေကြပုံ | – | ၁၉၃ |
| ၁၃။ | မာဂဏ္ဍီ ပုဏ္ဏားကြီးအား ခန္ဓာကိုယ်၌ ရောဂါတွေ ဖော်ပြ၍ ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း သစ္စာလေးပါး ဒေသနာ | – | ၁၉၄ |
| ၁၄။ | လူမိုက်နှင့် လူလိမ္မာ၊ မဂ္ဂ ဗြဟ္မစရိယာ အကျင့်ကြောင့် ကွာခြားပုံ | – | ၁၉၇ |
| ၁၅။ | အရှုခံ တရားရော၊ ရှုဉာဏ် တရားရော နှစ်ဖက်စလုံး သင်္ခါယ ပြုတ်ရမည် | – | ၁၉၈ |
| ၁၆။ | မဂ္ဂဗြဟ္မစရိယ အကျင့်သည် သာသနာတွင်း တရား | – | ၂၀၀ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၂၆)** | | |
| ၁။ | ကံကို အတ္တ ယူသော ရဟန်းတစ်ပါး။ မဟာပုဏ္ဏမ သုတ်တော် အခြေပြု တရား | – | ၂၀၇ |
| ၂။ | မဟာပုဏ္ဏမ သုတ်တော် (၂)။ ကေစ္စ သဿတ နည်းဖြင့် ဆက်ဟော | – | ၂၀၉ |
| ၃။ | ရာဇရဟန်း ဝတ္ထု | – | ၂၁၁ |
| ၄။ | အရိန္ဒမ ဝတ္ထု၊ အရွယ်သုံးပါးလုံး သားရေး၊ သမီးရေး၊ စီးပွားရေး မလိုက်ကောင်း၊ 'ဆင်သေ မှိုပြီး သမုဒ္ဒရာတွင်း သေရသည့် ကျီး' | – | ၂၁၃ |
| ၅။ | ဝိပဿနာဉာဏ် အမြင်မှန်ရှုဖြင့် ရဟန္တာ မဟုတ်သေး၊ အရှင်ဆန္န ဝတ္ထု (၁) | – | ၂၁၈ |
| ၆။ | အရှင်ဆန္နဝတ္ထု (၂) အပြုံးနှင့် အမဲ ဇာတ်သိမ်း တရား | – | ၂၂၀ |
| ၇။ | အရှင်ဆန္န ဝတ္ထု (၃)။ ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ် အမြင်မှန် | – | ၂၂၂ |
| ၈။ | သုညတ ဆိုက်မှ နိဗ္ဗာန်မြင်မည်။ ဖြစ်ပျက် မြင်လျှင် သုညတ ဆိုက်နိုင်သည်။ အနာထပိဏ္ဍိကောဝါဒ သုတ်(၁) | – | ၂၂၄ |
| ၉။ | သုညတ ဒေသနာတော်၊ အနာထပိဏ္ဍိကောဝါဒသုတ် (၂) | – | ၂၂၅ |
| ၁၀။ | သုညတ ဒေသနာတော်၊ အနာထပိဏ္ဍိကောဝါဒသုတ် (၃) | – | ၂၂၆ |
| ၁၁။ | ပုဏ္ဏ သုတ် | – | ၂၂၉ |
| ၁၂။ | ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်ရေး | – | ၂၃၀ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃။ | ဝေဒနာကမ္မဋ္ဌာန်းဖြင့် တရားနာနေပုံ၊ သက္ကာယဒိဋ္ဌိ ကင်းစင်ရေး | - | ၂၃၃ |
| ၁၄။ | အမည်းအဖြူ စသော တရားလေးမျိုး၊ တဏှာမူလက တရား ကိုးချက် | - | ၂၃၅ |
| ၁၅။ | ကိုယ့်ကိုယ်ကိုယ် သနားရင် မဂ္ဂင်လုပ်ပါ။ ဝေဒနာ သတ်လျှင် တဏှာ သေပုံ (၁) | - | ၂၃၇ |
| ၁၆။ | ဝေဒနာ သတ်လျှင် တဏှာ သေပုံ (၂) | - | ၂၃၉ |

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၂၇)

| | | | |
|---|---|---|---|
| ၁။ | ဝေဒနာ ခေါ်ရာကို အသွား မလွဲစေနှင့်၊ ဝေဒနာနုပဿနာ တရား | - | ၂၄၇ |
| ၂။ | ဒိဋ္ဌိ အလေးစာတ်ကြီး ပါသွားလျှင် သံသရာမှာ မြုပ်ကြဦးမည် | - | ၂၅၀ |
| ၃။ | ငရဲ ရေသောက်မြစ် ဖြတ်ရေး | - | ၂၅၂ |
| ၄။ | သက္ကာယအပေါ်၌ ဒိဋ္ဌိပြုတ်တဲ့ တရား၊ သက္ကာယ၌ မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိသို့ | - | ၂၅၄ |
| ၅။ | စိတ္တာနုပဿနာ (အခြေခံ) | - | ၂၅၇ |
| ၆။ | ကိုယ့်ကိုယ်ကိုယ် ပဋိစ္စသမုပ္ပါဒ်နှင့် ဆုံးမနည်း။ ထောပတ်ဆီသာ ဖြစ်စေပြီး အိုးခြမ်းပဲ့ မဖြစ်စေနှင့် | - | ၂၅၉ |
| ၇။ | အလုပ်လုပ်လျှင် မဂ်ရနေပုံ၊ သစ္စာ ဒေသနာတော် | - | ၂၆၁ |
| ၈။ | မှားသောအကျင့်နှင့် မှန်သောအကျင့် ကျင့်ကြသူများ လက်တွေ့ ဝိပဿနာ | - | ၂၆၃ |
| ၉။ | ဝေဒနာရှုပြီး အနိစ္စတွေ့အောင် ရှု၊ သေခါနီး ဝေဒနာရှုပုံ | - | ၂၆၅ |
| ၁၀။ | ပဋိစ္စသမုပ္ပါဒ်စက် လည်ပုံ | - | ၂၆၇ |
| ၁၁။ | ပဋိစ္စသမုပ္ပါဒ် အဝိုင်း စက်ရဟတ် လည်ပုံ | - | ၂၆၉ |
| ၁၂။ | အဓိပတိ သုံးပါး ထား၍ တရားအားထုတ်ပါ။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကိုသာ ဝိပဿနာ ရှုပါ | - | ၂၇၂ |

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၂၈)

| | | | |
|---|---|---|---|
| ၁။ | သမုဒယသစ္စာ၏ နိဒါန္တ သဘော | - | ၂၈၀ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂။ | ဝင့်သုံးပါးမှ လွတ်မြောက်ရာ နိဗ္ဗာန် | – | ၂၈၃ |
| ၃။ | သံသရာ ရေယာဉ်ကြော မျောခဲ့ရပုံ | – | ၂၈၇ |
| ၄။ | ဒွန်းစန္ဒားရွာနှင့် တူသော သုံးဆယ့်တစ်ရွာ | – | ၂၈၉ |
| ၅။ | ငါစွဲ၊ သူစွဲ နှစ်ပါးလုံး ပြုတ်တဲ့ တရား။ အရှင်အာနန္ဒာ သောတာပန်တည်ပုံ၊ မှန်ကြည့်သူနှင့် အရိပ်ပမာ | – | ၂၉၂ |
| ၆။ | ဒိဋ္ဌိပြုတ် အလုပ်ပေး တရား | – | ၂၉၅ |
| ၇။ | အပါယ်လေးပါးသည် အမြဲနေအိမ် | – | ၂၉၈ |
| ၈။ | ဒိဋ္ဌိပြုတ်ရင် ပထမနိဗ္ဗာန် | – | ၃၀၁ |
| ၉။ | သံသရာမှာ အစမရှိ။ အဆုံးရှိသည်။ နိဗ္ဗာန်မှာ အစသာ ရှိသည်။ အဆုံးမရှိ။ သစ္စာသိရင် သံသရာ ဆုံးသည်။ သစ္စာသိရင် နိဗ္ဗာန် အစ။ | – | ၃၀၄ |
| ၁၀။ | ပါကဋ ဒုက္ခနှင့် အပါကဋ ဒုက္ခ၊ အာနာပါနနှင့် သမာဓိ အရင်တည်ပါ။ နိဗ္ဗာန်ဆိုတာ အမြဲ ရှိပြီး ဆင်းရဲမရှိ၊ ရုပ်နာမ်ကတော့ အမြဲမရှိ၊ ဆင်းရဲရှိ၏။ | – | ၃၀၇ |
| ၁၁။ | သာသနာတွင်း ပုထုဇဉ်နှင့် သာသနာပ ပုထုဇဉ်၊ ပရိနိဗ္ဗာန် စံခါနီး သတိပဋ္ဌာန် ဟောရန် | – | ၃၁၀ |


**မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၂၉)**


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | သောတာပန် ဖြစ်ဖို့ နှစ်ချက် | – | ၃၁၆ |
| ၂။ | နိဗ္ဗာန်သွားရာ လမ်းမကြီး | – | ၃၂၀ |
| ၃။ | သမုဒယသစ္စာ၏ နိဒါနဋ္ဌ သဘော | – | ၃၂၄ |
| ၄။ | ဝင့်သုံးပါးမှ လွတ်မြောက်ရာ နိဗ္ဗာန် | – | ၃၂၇ |
| ၅။ | ခန္ဓာငါးပါး ချည်တိုင်က မလွတ်နိုင် (ဒုတိယ ဂဒ္ဒုလဗန္ဓ သုတ်ကို အခြေတည် ဟောသည်ဟု ပြထားသည်။ | – | ၃၂၉ |
| ၆။ | အရိယာသာဝကမှ အရိယာသို့ လှမ်းတက်နည်း | – | ၃၃၂ |
| ၇။ | မာဂဏ္ဍီသုတ် (၁) | – | ၃၃၄ |
| ၈။ | ဗုဒ္ဓဘာသာ ဝါဒရေးရာကို တည့်မတ်စွာ ယူနိုင်သည့် ချိန်ခွင်တစ်လက် | – | ၃၃၇ |
| ၉။ | ဒိဋ္ဌိရောဂါကြီး မာဂဏ္ဍီအား ဘုရား ဟောပုံ | – | ၃၄၀ |
| ၁၀။ | အလုပ်ကင်းရင် အရှုံးကျန်တယ် | – | ၃၄၃ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၁။ | သိမ်မွေ့တဲ့ ရုပ်နာမ် အမြင်ကို သူစိမ်း ပြင်ပထားပြီး မြင်ကြပါ | - | ၃၄၄ |
| ၁၂။ | မဂ်၊ ဖိုလ် ရကြောင်း နည်းလမ်းကောင်း | - | ၃၄၆ |
| ၁၃။ | ဥဒယဗ္ဗယဉာဏ် ရောက်လျှင်ပင် အကျိုးကြီးမားလှပုံ၊ နိဗ္ဗာန်ထိပ်ဦးသို့ ချဉ်းနင်းမိနေပုံ | - | ၃၅၀ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၃၀)** | | |
| ၁။ | သတိထား၊ ဝီရိယစိုက်၊ ပညာနှင့် ရှု၊ ဝိပဿနာ မမေ့ကြဖို့ ဘုရားရှင်၏ အမှာတော်စကား | - | ၃၅၆ |
| ၂။ | သေမင်းထံ ပို့သည့် ရေလာက်ထဲမှာ ပျော်ပိုက်လျက် ရှိကြပုံ၊ နွားသတ်ရုံကို ပို့သည့်နွားပမာ | - | ၃၅၉ |
| ၃။ | ပုထုဇဉ်တစ်ပါး အမေးကို ရဟန္တာ လေးပါး ဖြေတော်မူကြပုံ၊ အမြင်မှန် မရဘဲ အလောင်းထမ်းသမား ဘဝမှ မလွတ်ပုံ | - | ၃၆၁ |
| ၄။ | အနတ္တက အနတ္တကို အားကိုးနေကြပုံ | - | ၃၆၃ |
| ၅။ | ရုပ်နာမ်ကို ပညာဖြင့် အကဲခတ်ပါ | - | ၃၆၆ |
| ၆။ | ဘုရားက အလေးပြုသည့် အရာ | - | ၃၇၀ |
| ၇။ | ဗာလပဏ္ဍိတ သုတ်တော် | - | ၃၇၂ |
| ၈။ | သမ္မာဒိဋ္ဌိ အကြောင်း (၁) | - | ၃၇၅ |
| ၉။ | သမ္မာဒိဋ္ဌိ အကြောင်း (၂) | - | ၃၇၉ |
| ၁၀။ | ခန္ဓာကြီးက သေရာ သွားနေပုံ | - | ၃၈၃ |
| ၁၁။ | အိုသံ ကြားသည်နှင့် ထိတ်လန့်ပုံ၊ ခဒိရဝနိယ ရေဝတထေရ ဝတ္ထု | - | ၃၈၆ |
| ၁၂။ | ခင်ရာမင်ရာမှ တဏှာလာပုံ (သမ္ဗသန သုတ်တော်ထွက်) | - | ၃၈၈ |

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၂၁)

http://www.dhammadownload.com

http://www.dhammadownload.com

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၂၁)

**နိဒါန်း**

ဤနိဒါန်းကိုလည်း မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ကို တည်ထောင်သူ ဆရာကြီး ဦးသံဒိုင်က ရေးသားခဲ့လေသည်။ ဤနိဒါန်းတွင် ဆရာကြီးက ခန္ဓာနှင့် ကိလေသာသည် လောင်စာနှင့် မီး တွဲလျက်ချည်းကပ်နေပုံကို အဓိကထား၍ ဖော်ပြသည်။ အိပ်နေသည့် အခါ ဇာတိ၊ ဇရာ၊ မရဏ မီးသုံးမျိုး လောင်လျက် ရှိသည်။ နိုးနေသည့် အခါ လောဘ၊ မောဟ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ မီး ၈ မီး လောင်လျက် ရှိကြောင်းကို ဖော်ပြသည်။ ထို့နောက် ခန္ဓာ ငါးပါးကို ပုဂ္ဂိုလ် သတ္တဝါဟု အမှတ် မှားမှု၊ ဒိဋ္ဌိ ကိလေသာမီး လောင်မြိုက်ပုံ၊ ခန္ဓာ ငါးပါး မမြဲပါဘဲလျက် မြဲသည်ဟု အမှတ်မှားသော ဒိဋ္ဌိ ကိလေသာမီး လောင်မြိုက်ပုံ၊ ခန္ဓာ ငါးပါးကို သုခ မဟုတ်ပါဘဲလျက် သုခဟု အမှတ်မှားမှု၊ ဒိဋ္ဌိ ကိလေသာမီး လောင်မြိုက်ပုံများကို ပြသည်။ ဗုဒ္ဓဘာသာဝင် မှန်က ခန္ဓာကို လောင်စာဟူ၍ လည်းကောင်း၊ ကိလေသာကို မီးဟူ၍ လည်းကောင်း သိနားလည်ဖို့ လိုအပ်ပုံကို ဖော်ပြပြီး လောင်စာ သိမ်း၍ မီးငြိမ်းရာကို ရှာရန် လိုအပ်ပုံကို ဟောသည်။

လူမှာ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ မီး၊ ဇရာမီး၊ မရဏမီး လောင်နေပုံများကို ပြသည်။ မီးငြိမ်းရာ အရပ်သည် ဘယ်ဘုံ ဘယ်ဘဝမှာမှ မရှိပုံကို ပြသည်။ ခန္ဓာ ရှိနေသရွေ့ လောင်စာ ရှိနေသောကြောင့် ဘယ်တော့မှ မီး ၁၁ မီး ငြိမ်းမည် မဟုတ်ပုံ၊ ခန္ဓာ မရှိမှ မီးငြိမ်းနိုင်ပုံ၊ ဤစာအုပ်တွင်

http://www.dhammadownload.com



ခန္ဓာ၏ ဖြစ်ပျက် (မမြဲ–အနိစ္စ)ကို မြင်အောင် ရှုပြီး ထိုခန္ဓာအပေါ် ငြီးငွေ့ မုန်းတီးပြီး မလိုချင်မှ ထိုခန္ဓာ အဆုံးကို မြင်နိုင်ပုံများကို ဟောတော်မူ ထားကြောင်း ဖော်ပြထားသည်။

*

## ၁။ ဝေဒနာနှင့် တရားနာနေပုံ

[ ၃–၁၀–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း ဓမ္မာရုံတွင် ဟောသော တရား ]

ဤတရားတွင် ဆရာတော်ကြီးသည် ဝေဒနာ နုပဿနာ ရှုနည်းကို တစ်မျိုး ဟောထားသည်။ နေ့စဉ် ဘဝ အတွေ့ အကြုံပေါ် မူတည်ပြီး ကျန်းမာစဉ် ဖြစ်သော သုခ ဝေဒနာ၊ မကျန်းမာစဉ် ဖြစ်သော ဒုက္ခ ဝေဒနာ၊ သာမန် အချိန်မှာ ပေါ်သော (မျက်စိ၊ နား၊ နှာဝခြောက်ဒွါရမှာ) ပေါ်သော ဥပေက္ခာ ဝေဒနာတို့အပေါ် ဝိပဿနာ ရှုနည်းကို ပြထားခြင်း ဖြစ်သည်။

ပထမဦးစွာ ယခု တရား နာနေကြစဉ်မှာပင် ကျန်းကျန်းမာမာ တရား နာရလျှင် သုခ ဝေဒနာနှင့် တရားနာနေခြင်း ဖြစ်ပုံ၊ ချောင်းဆိုး မိုက်နာပြီး နာနေရလျှင် ဒုက္ခ ဝေဒနာနှင့် တရား နာနေရပုံ၊ သာမန်အားဖြင့် ဆရာတော် ဟောနေပုံကို မျက်စိက မြင်၊ ဟောနေသံကို နားက ကြားလျှင် ဥပေက္ခာ ဝေဒနာဖြင့် တရား နာနေရပုံကို ဟောသည်။ သဘောမှာ တရား နာနေတာ သူ မဟုတ်၊ ငါ မဟုတ်၊ ယောကျ်ား မဟုတ်၊ မိန်းမ မဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်။ တရား နာနေတာ ဝေဒနာက္ခန္ဓာက နာနေတာ ဖြစ်ကြောင်း ဟောပြတော်မူသည်။ ဒိဋ္ဌိ ပြုတ်ဖို့ ဖြစ်သည်။ တရား နာနေစဉ် ခြေထောက်က ထုံကျင် ကိုက်ခဲရင်း နာနေရလျှင် ဒုက္ခ ဝေဒနာဖြင့် နာနေရသည်။ ယောဂီက တရားနာရင်း ဝေဒနာ (ဒုက္ခ၊ သုခ) ပေါ်မှန်းသိအောင် ခန္ဓာကို ဉာဏ်လှည့်တတ်ပါက ဝေဒနာပေါ်မှန်း၊ ဝေဒနာ ပျက်မှန်း သိသည်။ ဤသို့ ဝေဒနာပေါ်၊ ဝေဒနာ ပျက်မှန်း သိလျှင် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး ဝေဒနာ အစစ်ပဲ ဟူ၍ ဉာဏ်ရောက်သည်။ ထို ဉာဏ် ရောက်ပါက သက္ကာယ ဒိဋ္ဌိ ပြုတ်သည်။ [ နာ–၅ ] သက္ကာယ ဒိဋ္ဌိ ပြုတ်လျှင် တရားပွဲထဲမှာပင် သောတာပန် တည်နိုင်သည်ဟု ဆိုသည်။

သုခ ဝေဒနာ ပျောက်ပြီး ဒုက္ခ ဝေဒနာ ရောက်လာကာ ထို ဝေဒနာနှင့် တရား နာနေရသည်ဟု သိခြင်း အားဖြင့် သဿတ ဒိဋ္ဌိ ပြုတ်သွားတယ်ဟု

http://www.dhammadownload.com



ဟောသည် [နာ၁–၇]။ တစ်ဖန် ဒုက္ခ ဝေဒနာ ပျောက်ရာမှာ သုခ ဝေဒနာက အစားထိုး ဖြစ်ပေါ်မှန်း သိခြင်း အားဖြင့် ဥစ္ဆေဒ ဒိဋ္ဌိ ပြုတ်နိုင်ပုံကို ပြသည်။ ထိုဒိဋ္ဌိ သုံးမျိုး မပြုတ်လျှင် မဂ်တား၊ ဖိုလ်တား ဖြစ်သည် [နာ၁–၈]။ ထို့နောက် ဒိဋ္ဌိ မဖြုတ်ဘဲ ဝိပဿနာ တရားကို အားထုတ်လျှင် နတ်ရွာ သုဂတိကို ရသော ကုသိုလ် ရနိုင်သော်လည်း မဂ်၊ ဖိုလ်ကို မရနိုင်ဆိုသော စကားကို ဤတွင် ထပ်၍ ဟောပြန်သည်။ ပြီးမှ တရား နာနေတာ ပုဂ္ဂိုလ် သတ္တဝါတွေ မဟုတ်ဘဲ ဝေဒနာတွေနှင့် တရား နာနေတာမှန်း မသိလိုက်လျှင် ဝေဒနာ ပစ္စယာ တဏှာ ဖြစ်သွားသည်။ ပဋိစ္စသမုပ္ပာဒ် လည်သွားသည်။ ဝေဒနာကို ဝေဒနာမှန်း မသိလိုက်လျှင် ခန္ဓာကို ခင်သော တဏှာလာသည် [နာ၁–၁၂]။ ထိုအခါ ထိုခန္ဓာ ခလုတ်မထိ ဆူးမငြိ ပါစေနှင့် ဆိုပြီး 'အဟံ အဝေရော ဟောတိ' ငါသည် ရန်မရှိသည် ဖြစ်ပါစေဟု မေတ္တာ ပို့တတ်ကြပုံ၊ ထိုသို့ မေတ္တာ ပို့ခြင်းသည် တဏှာနှင့် မေတ္တာ ပို့ခြင်းသာ ဖြစ်၍ မေတ္တာ မည်ပုံကို အကျယ် ဟောတော်မူသည်။ 'ဒါ မေတ္တာ မဟုတ်ဘူး။ တဏှာ' ဟု ပြတ်ပြတ်သားသား မိန့်ထားသည် [နာ၁–၁၄]။

ထို့နောက် လူတွေမှာ ကိုယ့်ကိုယ်ကိုယ် ကျန်းမာလျှင် တဏှာ ဖြစ်တတ်ပုံကို ဟောသည်။ ကျန်းမာတုန်း ငွေရှာထားမှ ဆိုသော စိတ်ကူး ပေါက်တတ်ပုံ။ ထို့ကြောင့် ကျန်းမာလျှင် တဏှာ ဖြစ်ပြီး တဏှာ၊ ဥပါဒါန်၊ ကံ၊ အပါယ် အထိ ဆက်ပုံကို ဟောသည်။ ကျန်းမာတာ အကောင်း မထင်နှင့် အပါယ် သွားနေတာ ဖြစ်ပုံကို ပေါ်လွင်အောင် ပြထားသည်။ မကျန်းမာပြန်လျှင်လည်း ဒေါသ ဖြစ်ပြန်သည်။ ထိုအခါ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဝိဇ္ဇာ၊ သင်္ခါရ ဆက်ပြီး သံသရာ လည်ရပြန်သည်။ အပါယ် ဇာတိသို့ ရောက်ရပြန်သည်။ ဝိပဿနာ မရှုတတ်လျှင် ကျန်းမာလည်း အပါယ် သွားနိုင်သည်။ မကျန်းမာလည်း အပါယ် သွားနိုင်သည်။ 'ဝိဿနာ မညှပ်လို့ရှိရင် အပါယ် အရောက် ပို့တာချည်းပဲ' ဟု ဆိုသည် /နာ၁–၂၀/။ လူတွေကို မေးလိုက်လျှင် တရား အားမထုတ်နိုင်သေးဘူး၊ မအားဘူးဟု ပြောတတ်ပုံ၊ မအားတာ အပါယ်သွားဖို့ အတွက် မအားမလပ် လုပ်နေရတာဟု ပြောခြင်း ဖြစ်သည်ဟု သံဝေဂ ရအောင် ဝေဖန် ပြထားသည် [နာ၁–၂၃]။ ထို့ကြောင့် ယောဂီသည် ကျန်းမာတာကိုလည်း ဖြစ်ပြီး ပျက်တာပဲဟု ရှုရသည်။ ကျန်းမာနေမှုကို တဏှာနှင့် မသိဘဲ ဉာဏ်နှင့် သိရမည်။ ကျန်းမာခြင်း၏ ဖြစ်ပျက်ကို မြင်အောင် ဉာဏ်နှင့် ရှုရမည်။ မကျန်းမာလျှင်လည်း ဖြစ်ပျက် မြင်အောင် ဉာဏ်စိုက်ပြီး ရှုရမည်။ ဥပေက္ခာ ဝေဒနာကိုလည်း ဖြစ်ပျက်ဟု ရှုရသည်။ ထိုအခါ

http://www.dhammadownload.com



ကျန်းမာတာက ဖြစ်ပျက်၊ သိလိုက်တာက မဂ် ဖြစ်သွားသည်။ မဂ်ရမှ အပါယ် ဘေးက စိတ်ချရသည် [နှာ–၂၆]။ မဂ်မရသေးသမျှ မတင်းတိမ်ကြနှင့်ဟု သတိ ပေးထားသည်။

ထို့နောက် သီလ လုံရုံဖြင့် နိဗ္ဗာန်ကို မရနိုင်ကြောင်း၊ ပဋိစ္စသမုပ္ပါဒ် ပြတ်အောင် ရှုတတ်မှ နိဗ္ဗာန်ကို ရောက်နိုင်ကြောင်း ပြသည်။ ဒါကြောင့် ကျန်းမာတာ ငွေရှာဖို့ အတွက် ဖြစ်သင့်သလား၊ မဂ် ရဖို့ အတွက် ဖြစ်သင့်လား စဉ်းစား ဆုံးဖြတ်သင့်သည်။ ကျန်းမာစဉ် ငွေရှာချင်တာက တဏှာ၊ ငါလုပ်မှ ငါရမှာပေါ့ ဆိုပြန်တာက ဒိဋ္ဌိ ဖြစ်ကြောင်း ပြသည်။ ကျန်းမာတာလည်း ဖြစ်ပျက်ရှု၊ သုခ ဝေဒနာ ဖြစ်ပျက်ရှု၊ မကျန်းမာတာ (ဒုက္ခ ဝေဒနာလည်း) ဖြစ်ပျက်ရှု၊ သို့ ရှုတတ်လျှင် ကျန်းမာလည်း နိဗ္ဗာန် ရသည်။ မကျန်းမာလည်း နိဗ္ဗာန် ရနိုင်ကြောင်း ဟောသည် [နှာ–၃၇]။ ခြောက်ဒွါရမှာ ဥပေက္ခာ ဝေဒနာ ပေါ်လျှင်လည်း ဖြစ်ပျက်ရှုရသည်။ ဆရာတော်က လူ့သဘောကို သိနားလည်သည်။ ဒီလိုသာ ဖြစ်ပျက်ချည်း ရှုနေလျှင် လုပ်စားချိန် မရှိဘူးဟု ဆိုကြမည်ကို သိသည်။ ဆရာတော်က လုပ်စားချင်သော စိတ်သည် အပါယ် သွားချင်သောစိတ် ဖြစ်ပုံ၊ မလုပ်ဘဲ စားရမှ ချမ်းသာရပုံကို ဟောသည်။ လုပ်စားချင်တာ ငတ်နေသော ပုဂ္ဂိုလ်၏ စိတ်ဖြစ်သည်။ မဂ်အလုပ်ကို လုပ်နေသူ အငတ် ပျောက်သည် [နှာ–၄၂]။ လုပ်စားကြမလား။ မလုပ်ဘဲနဲ့ ဝတာ ကြိုက်သလားဟု ဆရာတော်က မေးထားသည် [နှာ–၄၃]။ ဆရာတော်က ငတ်နေတာ တဏှာကြောင့် ဖြစ်သည်။ အငတ် ပျောက်ချင်လျှင် တဏှာ ပျောက်အောင်လုပ်ဟု တိုက်တွန်းသည်။ လုပ်စားချင်တာ တဏှာ၊ တဏှာ မရှိလျှင် လုပ်စားနေစရာ မလိုတော့ကြောင်း တရား အားထုတ်တာသည် အငတ် ပျောက်သည် ဟု မှတ်ပါဟု ထူးထူးခြားခြား ဟောထားသည် [နှာ–၄၄]။

*

## ၂။ အမြဲ နေအိမ်နှင့် ယာယီ နေအိမ်

[၄–၁၀–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ကျောင်း ဓမ္မာရုံမှာ ဟောသော တရား]

ဤတရားတွင် ဦးစွာ 'စတ္တာရော အပါယာ သကဂေဟ သတိသာ'– လေးပါးသော အပါယ်ဘုံသည် အမြဲ နေရာ မိမိ၏ နေအိမ် ဖြစ်သည် ဆိုသော အချက်ကို မူတည်၍ ဟောသည်။ လူ့ဘဝ၊ နတ်ဘဝ ရောက်တာက ကောင်းကင်ပေါ်

http://www.dhammadownload.com



ပစ်လိုက်သော ခဲတစ်လုံး အရှိန် သတ်ပြီး ပြီးချင်း မြေပေါ် ပြန်ကျသလို ဖြစ်ပုံကို ပြသည်။ လူ့ပြည် လူ့ဘဝ ရောက်စဉ် ကိုယ့်ဘဝကိုယ် အကောင်းထင်ပြီး တင်းတိမ် နေတတ်ကြသည် [နှာ–၄၉]။ ထိုသို့ ဘဝမှာ တင်းတိမ်နေခြင်းသည် အမှားကြီး ဖြစ်ကြောင်း ဆရာတော်က ပြသည်။ လူ့ပြည် ရောက်နေသော်လည်း ဝမ်းထဲမှာ ငရဲမျိုးစေ့ ဒိဋ္ဌိ ဝိစိကိစ္ဆာက ရှိနေသည်။ ထိုငရဲ မျိုးစေ့ အညှောက် ပေါက်လျှင် အပါယ်ကို ပြန်ရောက်မည်။

ထို့ကြောင့် လူ့ပြည် ရောက်ခိုက် ငရဲမျိုးစေ့ အညှောက် မပေါက်အောင် လုပ်ဖို့ အရေးကြီးကြောင်း ဟောသည် [နှာ–၅၀]။ ငရဲမျိုးစေ့ သတ်နိုင်တဲ့ တရား လူ့ပြည်မှာသာ ရှိသည် [နှာ–၅၁]။ သာသနာနှင့် ကြုံတုန်း၊ ဆရာကောင်းနှင့် တွေ့တုန်း ကိုယ့်ဝမ်းထဲက ငရဲမျိုးစေ့ကို ထုတ်ပြီး သတ်ရမည်။ အပင် မပေါက်အောင် လုပ်ရမည် [နှာ–၅၂]။ သို့သော် လူတွေက လူ့ဘဝ၊ နတ်ဘဝ ရပါလို၏၊ အကြိမ်ကြိမ် ရပါလို၏ဟု ဆုတောင်း မှားနေကြပုံကို ပြသည်။ ခန္ဓာ ရချင်တာ သုသာန် ပြေးချင်လို့၊ အိုချင်လို့၊ နာချင် သေချင်လို့ တောင်းနေတာ၊ ဉာဏ်မရှိလို့၊ ခန္ဓာ ဒုက္ခသစ္စာကို မသိလို့ တောင်းတာ ဖြစ်ကြောင်း ပြသည် [နှာ–၅၇]။ သစ္စာ မသိတာက အဝိဇ္ဇာ၊ ဆုတောင်းတာက တဏှာ၊ ဘုရားရှေ့မှာ သစ္စာ မသိဘဲ ဆုတောင်း နေကြတာ ရှက်ဖို့ ကောင်းကြောင်း ဟောသည် [နှာ–၅၉]။ ဘာမှန်း မသိဘဲ ရမ်းပြီး ဆုတောင်းနေကြတာသည် နှလုံးသွင်း မှားနေကြခြင်း ဖြစ်ပုံကို ပြသည် [နှာ–၆၁]။ ဒုက္ခသစ္စာကြီး ဆုတောင်း ယူတာ နှလုံးသွင်း မှားတာ ဖြစ်သည်။ သစ္စာ သိလျှင် ဘဝကို ဘယ်သူမှ ဆုမတောင်းဘူးဟု ဆိုသည်။ ထို့နောက် နှလုံးသွင်း မှားမှုသည် မြေကြီးနှင့် တူသည်။ မသိမှု အဝိဇ္ဇာက မျိုးစေ့နှင့် တူသည်။ နှလုံးသွင်းမှား မြေပေါ်မှာ အဝိဇ္ဇာ မျိုးစေ့ ကျတော့ တဏှာရေ လောင်းလိုက်ပါက ခန္ဓာ ဒုက္ခသစ္စာ အပင်ပေါက်သည်။ [နှာ–၆၅]။ ဒုက္ခသစ္စာ အပင် ဆိုတာ အဆိပ်ပင် ဖြစ်သည်။ ဒါကြောင့် အဝိဇ္ဇာက ဝိဇ္ဇာ ဖြစ်ဖို့ အရေးကြီးသည်။ နှလုံးသွင်း မှန်ဖို့ အရေးကြီးသည်။ ဤတွင် ခန္ဓာဓာတ် မသိမ်းသေးသရွေ့ အဆိပ်ပင်ဓာတ် မသိမ်း သေး။ ဒါကိုသိဖို့ အရေးကြီးသည်။ ခန္ဓာအပေါ် ဉာဏ်ရောက်မှ ခန္ဓာ ဒုက္ခသစ္စာ ဓာတ်သိမ်းမည်။ အပါယ်မျိုးစေ့ ဓာတ်သိမ်းမည်။

ဒါကြောင့် ဝိပဿနာ အလုပ်လုပ်ကြပါ။ ဖြစ်ပျက် မြင်အောင်လည်း လုပ်ကြပါ။ ဖြစ်ပျက်မုန်း ဖြစ်ပျက် ဆုံးအောင်လည်း လိုက်ကြပါဟု ဆရာတော်က တိုက်တွန်း ထားသည် [နှာ–၇၁]။ အဝိဇ္ဇာကို ဝိဇ္ဇာဉာဏ် ဖြစ်အောင် လုပ်၊ မသိသူနှင့်

http://www.dhammadownload.com



မပေါင်းသင့်၊ နှလုံးသွင်း မှန်အောင်လုပ်၊ နှလုံးသွင်း မှန်တဲ့ မြေပေါ်မှာ ဝိဇ္ဇာမျိုးစေ့ စိုက်၊ သဒ္ဓါရေဖြင့် လောင်း။ ဒါမှ အဆိပ်ပင် မပေါက်တော့ပါ။ အပါယ်ခန္ဓာ ဓာတ်သိမ်းမည်။ ဒုက္ခခန္ဓာ ဓာတ်သိမ်းမည်။ ဆရာတော်က အပါယ်ဓာတ် မသိမ်းသေး သမျှ မပြုံးပါနှင့်ဦး၊ နိဗ္ဗာန် မြင်ပြီးမှသာ ပြုံးကြပါဟု ဆုံးမသည်။ ထို့နောက် ဤတရားတွင် ကျန်းမာစဉ် သုခ ဝေဒနာ ဖြစ်ပုံ၊ သုခ ဝေဒနာကြောင့် ရှာလိုမှု တဏှာ ဖြစ်ပုံကိုရော၊ မကျန်းမာ၍ မိမိကိုယ် ခင်မင်မှုကြောင့် အိုစာ၊ နာစာ ရှာလိုမှု တဏှာ ဖြစ်ပုံ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ပရိယေသန ရှာမှီးကြရပုံ၊ အိမ်တွင်း ပဋိစ္စသမုပ္ပာဒ် လည်နေပုံကို ပြရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၃။ တဏှာ မူလက ၉ ချက်

[ ၅–၁၀–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်း ဓမ္မာရုံမှာ ဟောသော တရား ]

ဤအမှတ်စဉ် ၂၁ စာအုပ်ပါ တရားများတွင် ခန္ဓာကိုယ်ကြီးကို ဝေဒနာက္ခန္ဓာ အဖြစ် မှတည် ထားပြီး ဟောသည်။ ဤ ဝေဒနာက္ခန္ဓာကြီး၏ သဘောကို လူတွေက မသိကြ၍ ခန္ဓာကိုခင်မှု ရှိနေကြသည်ဟု ဆိုသည် [ *နှာ–၉၅* ]။ မသိတာက အဝိဇ္ဇာ၊ ခင်တာက တဏှာ ဖြစ်သည်။ ခန္ဓာ အကြောင်း မသိရင် ခန္ဓာကို ခင်သော တဏှာ ဖြစ်၊ ထိုတဏှာကြောင့် ပရိယေသန ဝမ်းစာ ရှာကြရပုံကို ထပ်ဟောသည် [ *နှာ–၉၆* ]။ ဤဖြစ်စဉ်ကို ဆရာတော်ကြီးက အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်ဟု ခေါ်သည်။ သုတ်မဟာဝါကို ကျမ်းပြု၍ ဟောသည် [*နှာ–၁၀၇*]။ ကိုးကားသော ပါဠိမှာ 'ဝေဒနံ ပဋိစ္စ တဏှာ၊ တဏှံ ပဋိစ္စ ပရိယေသနာ၊ သရိယေသနံ ပဋိစ္စလာဘော၊ လာဘံ ပဋိစ္စ ဝိနိစ္ဆယော' ဖြစ်သည်။ ဝေဒနာကြောင့် တဏှာဖြစ်၊ တဏှာကြောင့် ပရိယေသန ဝမ်းစာရှာရခြင်း ဖြစ်၊ ဝမ်းစာ ရှာရ၍ လာဘ် ရခြင်း ဖြစ်၊ လာဘ် ရခြင်းကြောင့် ဝိနိစ္ဆယော ခွဲခြား ဝေဖန် ဆုံးဖြတ်ရခြင်း အဆင့်ဆင့် ဖြစ်ကြရသည်။ ဤဖြစ်စဉ်ကို မိုးကုတ် ဆရာတော် ဘုရားကြီးက အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်ဟု ခေါ်သည်။ အိမ်ရာ တည်ထောင် လူ့ဘောင်ထဲက လူများမှာ နေ့စဉ် ကြုံတွေ့နေကြရသော ပဋိစ္စသမုပ္ပာဒ် ဖြစ်သည်။ ပုထုဇဉ်တို့၏ ဘဝမှာ နေ့စဉ် ကြုံတွေ့နေကြရသော ဤအိမ်တွင်း ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်သည် လူတွေ၊ အိမ်ရှင် လူကြီးတွေ

http://www.dhammadownload.com



နေ့စဉ် အပါယ် သွားနေကြရသည့် ဖြစ်စဉ် ဖြစ်ကြောင်း ပြသည်။ ငါတို့က ကောင်းရောင်း ကောင်းဝယ်ပဲ၊ သမ္မာ အာဇီဝပဲ လုပ်စားတယ် ဆိုခြင်းမှာ သီလ သဘော အရ မှန်သည်။ ပဋိစ္စသမုပ္ပါဒ် သဘောအရ ကတော့ အပြစ် ဖြစ်သည်၊ အပါယ်သွား ဖြစ်စဉ်သာ ဖြစ်သည်ဟု ဆရာတော်က ပြတ်ပြတ်သားသား ဆိုတော်မူသည်။ အထက်ပါ သုတ်မဟာဝါ ပါဠိတော်မှာ 'ဝိနိစ္ဆယ ပဋိစ္စ ဆန္ဒရာဂေါ' ဟု ဆိုထားပြန်သောကြောင့် ရထားသမျှကို ပိုင်းခြား ဝေဖန် ဆုံးဖြတ် သောကြောင့် ဆန္ဒရာဂ ဖြစ်ရကြောင်း ဟောပါသည်။ တဏှာကြောင့် ရှာ၊ ရှာတော့ ရ၊ ရတော့ ဆန္ဒရာဂက ပိုများလာသည် [နှာ–၁၁၈]။ လူတွေမှာ လသာတုန်း ဗိုင်းငင်၊ အကျိုး ပေးတုန်း အရ ယူရမည် ဆိုသော သဘောမျိုးသာ ရှိပုံကို ဆရာတော်က ထောက်ပြ သည်။ [နှာ-၁၁၉]။ ထို့နောက် မြတ်စွာဘုရားက ညီတော် အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ်ကို နားမလည်သောကြောင့် လူတွေ အပါယ် သွားနေကြရကြောင်း ဟောသည် [နှာ–၁၂၁]။

ဤတွင် နောက်ထပ်ပြီး 'ဆန္ဒရာဂ ပဋိစ္စမစ္ဆရိယ' ဆန္ဒ ရာဂကြောင့် မစ္ဆရိယ ဖြစ်ပုံကို ဟောပြန်သည် [နှာ–၁၂၃]။ ပြီးနောက် ဤတရားတွင် အိမ်တွင်းဖြစ် ပဋိစ္စသမုပ္ပါဒ် ဖြတ်ရေးကို ဟောသည်။ ထို့နောက် 'ဝိရိစ္ဆယံ ပဋိစ္စ အဇ္ဈော သာနံ' ကို ထပ်ဖြည့်ပြီး ဟောသည် [နှာ–၁၂၆]။ အဇ္ဈောသာနံ အဓိပ္ပာယ်မှာ အားကြိုး မာန်တက် လုပ်ခြင်းကို ဆိုလိုသည်။ အားသွန် ကြိုးပမ်းပြီး အချိန်ရှိခိုက် လုံ့လစိုက် ဆိုပြီး လုပ်တော့ အလွန် ကြီးကျယ်သော တဏှာဒိဋ္ဌိ ပေါ်လာကြောင်း ဆရာတော်က ပြပြန်သည် [နှာ–၁၂၇]။ ပြီးနောက် ဆက်ကာ 'အဇ္ဈောသနံ ပဋိစ္စ ပရိဂ္ဂဟော' ကို ဟောသည်။ 'ပရိဂ္ဂဟံ ပဋိစ္စ မစ္ဆရိယော'ဟု တရားအစဉ်ကို အမှန်ဖြစ်အောင် ပြန်၍ ပြသည်။ မစ္ဆရိယံ– ဝန်တိုခြင်းကြောင့်၊ အာရက္ခော– စောင့်ရှောက်ခြင်း ဖြစ်ပုံကို 'မစ္ဆရိယံ ပဋိစ္စ အာရက္ခော' ဟု ဆက်၍ ဟောသည်။ စောင့်ရှောက်ခြင်း ဖြစ်လာရတာသည် တဏှာ ဒိဋ္ဌိကြောင့် ဖြစ်ကြောင်း ရှင်းထားသည် [နှာ–၁၂၉]။

ထိုသို့ စောင့်ရှောက်မှု အာရက္ခကြောင့် လက်နက် စွဲကိုင်ခြင်း ဖြစ်ရသည်။ 'အာရက္ခာနံ ပဋိစ္စ သတ္ထာဒါနံ' ဖြစ်ရပုံကို ပြပြန်သည်။ ဤဖြစ်စဉ်ကို နောက် ပြန်သွား ကြည့်လျှင် နောက်ဆုံး၌ ခန္ဓာကို ပြန်ရောက်မည်သာ ဖြစ်သည်။ ဘာကြောင့် လက်နက် စွဲကိုင်ရသလဲ။ စောင့်ရှောက်ခြင်း ရှိလို့။ ဘာကြောင့် စောင့်ရှောက်သလဲ။ ဝန်တိုလို့။ သူများ ယူသွားမှာ၊ ရသွားမှာ စိုးလို့။ ဘာကြောင့် သူများအပေါ် ဝန်တိုခြင်း ဖြစ်ရသလဲ။ အားသွန် ကြိုးပမ်း ထားရလို့။ ဘာကြောင့် အားသွန်

http://www.dhammadownload.com



ကြိုးပမ်းရသလဲ။ ဝေပုံချ ထားချင်လို့။ ဘာကြောင့် ဝေပုံ ချသလဲ။ ရလို့။ ဘာကြောင့် ရသလဲ။ ရှာလို့။ ဘာကြောင့် ရှာသလဲ။ လိုချင်လို့။ ဘာကြောင့် လိုချင်သလဲ။ ခံစားလို့။ ဘာကြောင့် ခံစားသလဲ။ ဖဿရှိလို့ ဖြစ်ကြောင်း ရှင်းအောင် ပြသည် [နှာ–၁၃၂]။ ဤတရားကို ထို့ကြောင့် တဏှာ မူလ (ကိုး)ချက်ဟု ပြသည်။ ဤကား အိမ်တွင်းကနေ အပါယ် သွားသော ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း ပြသည် [နှာ–၁၃၃]။ ဤပဋိစ္စသမုပ္ပါဒ်က လူတွေမှာ တစ်နေ့ကို အကြိမ် မရေမတွက်နိုင် ဖြစ်နေသည်။ ဤသို့ ဖြစ်နေသော အဖြစ်တွေကို ဒါန လောဘနှင့် ကာ၍ မရကြောင်း ဟောတော်မူသည် [နှာ–၁၃၆]။ ဝိပဿနာနှင့် ကာကွယ်မှသာ ဤအိမ်တွင်း ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို ကာကွယ်နိုင်သည်ဟု မိန့်ထားပါသည်။ အချိန် ဈေး၍ တရားနားလေသည်။

*

## ၄။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် ဖြတ်စဉ်

[ ၆–၁၀–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း ဓမ္မာရုံမှာ ဟောသော တရား ]

အဆိပ်ဟာ မှားသောက်လည်း သေတာပဲ။ ထို့အတူ အကုသိုလ်ကို မသိဘဲ လုပ်လျှင်လည်း အပြစ် ဖြစ်တာပဲ ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ ဆရာတော်ကြီးက အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် တရားကြီးသည်လည်း သိသိ မသိသိ အိမ်ထဲမှာ နေ့စဉ် ဖြစ်နေသည်။ ထို့ကြောင့် ဤပဋိစ္စသမုပ္ပါဒ် တရားကြီးက သေလျှင် အပါယ် ပို့နိုင်သည်။ ဒါကို မသိကျိုးကျွန် ပြုပြီး နေ၍ မရကြောင်း သိအောင် လုပ်သင့်ကြောင်း ဆုံးမသည်။ ဆရာတော်ကြီးက အဆိပ်မှန်း မသိလို့ သောက်ထားကြသော်လည်း ဖြေဆေးကို ယခု သောက်လိုက်လျှင် အဆိပ်သင့် အပြစ်က လွတ်ကင်းနိုင်ပုံကို အားတက်ဖွယ် ဖြစ်အောင် ဟောသည်။

ဤတွင် စကားစပ်ပြီး ယခု ကာလ လူသားများ၊ ဗုဒ္ဓ ဘာသာဝင်များသည် ဘုရား သာသနာ တွင်းမှာ မွေးဖွားကြစေကာမူ အဆုံးအမသည် မိမိသန္တာန်သို့ ရောက်မှသာ သာသနာ တည်ကြောင်း၊ အဆုံးအမ ဝမ်းထဲ ရောက်ပြီး မိမိသန္တာန် သာသနာ တည်မှသာလျှင် အပါယ်ဘေးက လွတ်နိုင်ကြောင်းကို ဟောထားသည် [နှာ–၁၃၉]။ အိမ်တွင်းမှာ နေ့စဉ် ဖြစ်နေသော ပဋိစ္စသမုပ္ပါဒ်မှာ အဆိပ်ကို အဆိပ်

http://www.dhammadownload.com



မှန်း မသိဘဲ သောက်နေကြသည်နှင့် တူသည်။ ထိုအဆိပ် ပျောက်အောင် အဆိပ်ပျောက်ဆေးကို သောက်လျှင်လည်း အဆိပ်သင့်ဘေးက လွတ်ကင်းနိုင်သည်။ ထိုဆေးမှာ မဂ်ဆေး ဖြစ်သည်။ လူသိန်းပေါင်း တစ်ရာကိုပဲ သတ်ခဲ့ သတ်ခဲ့ မဂ်တစ်ချက် ဝင်လိုက်လျှင် အကုသိုလ်ကံ အပြစ် အားလုံး အဟောသိကံ ဖြစ်သွားနိုင်ကြောင်းကို အင်္ဂုလိမာလ ဝတ္ထု အထောက်အထားကို ပြပြီး ဟောထားသည် [နာ–၁၄၀]။ အိမ်တွင်း ပဋိစ္စသမုပ္ပာဒ် (အဆိပ်ကို) အဆိပ်မှန်း မသိ၍ သောက်ထားမိပါစေ မဂ်ရအောင် အားထုတ်နိုင်လျှင် အပါယ်ဘေး အားလုံး ကင်းရှင်းသွားနိုင်သည်။ ဖြေဆေးရှိလျက် သောက်ဖို့ ပျင်းမနေသင့်ကြောင်း သတိပေး တိုက်တွန်းထားသည်။ ဆရာကောင်း၊ ဆေးကောင်း ရှိနေစဉ် ကိုယ့်ရောဂါကို ကိုယ်ကုသင့်ကြောင်း အထပ်ထပ် အခါခါ တိုက်တွန်းတော်မူသည်။ မိမိသန္တာန်မှာ အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်က အချိန်တိုင်း စက်လည့်နေသည်။ ထိုပဋိစ္စသမုပ္ပာဒ်ကို ပြတ်အောင် မဂ်ဆေးဖြင့် ကုသ၍ ပြတ်ရမည်။ ဆေးမကုလိုက်ရမိ အသေ စောသွားလျှင် ခက်မည်။ အမြန် ကုသသင့်ကြောင်း ဟောသည်။

ထို့နောက် မဂ်အလုပ်ကို အချိန်မီ မလုပ်မိအောင် တဏှာက ချော့ပြီး အချိန် ဆွဲတတ်ပုံများကို လောကကြောင်း၊ ဓမ္မကြောင်းများ ပြ၍ ဟောသည်။ ကိလေသာ အကြောင်းကို သိအောင် လုပ်ဖို့ အရေးကြီးသည်။ ကိလေသာ အကြောင်း မသိဘဲ နိဗ္ဗာန် မရနိုင်ကြောင်းကို ဟောတော်မူသည် [နာ–၁၆၄]။ ထိုအိမ်တွင်း ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်ရမည် [နာ–၁၆၆]။ ထို့နောက် ကျန်းမာစဉ် ဖြစ်သော သုခ ဝေဒနာ၊ မကျန်းမာသောအခါ ဖြစ်သော ဒုက္ခ ဝေဒနာ ပေါ်ပုံကို ပြပြီး ခန္ဓာကြီးသည် ဝေဒနာက္ခန္ဓာ ဖြစ်ကြောင်းကို ပြပြန်သည် [နာ–၁၆၈]။ ထိုဝေဒနာကြောင့် တဏှာပေါ်ပုံ၊ ခန္ဓာကို ခင်တွယ်ပုံကို ပြသည်။ ထို့နောက် တဏှာကြောင့် ပရိယေသန လုပ်ကြရပုံကို ပြသည်။ (အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်ကို ရှေ့မှာ ပြပြီးပြီ) ခံစားလို့ လိုချင်။ လိုချင်တော့ ရှာရသည်။ ရှာတော့ ရသည်။ ရတော့ ဝေပုံ ချရပြန်သည်။ ဝေပုံ ချရာမှာ သံသရာက လွတ်ဖို့ကိစ္စ စာရင်းထဲ မပါပုံကို ထောက်ပြသည် [နာ–၁၇၂]။ ဝိနိစ္ဆယ ဝေပုံချရင်း ဆန္ဒရာဂ၊ အဇ္ဈောသာန် လာပုံများ လောဘက ကြီးကြီးလာပုံကို ပြသည်။ (တဏှာမူလက ၉ ချက်ကို ရှေ့မှာ ဖော်ပြထား ပြီးပြီ) အိမ်တွင်း ပဋိစ္စသမုပ္ပာဒ် ဖြစ်ရပုံမှာ ဝေဒနာ တဏှာက စလိုက်တာ တုတ်ဓား ကိုင်ရသော အခြေသို့ ရောက်ကြောင်း ပြခဲ့ပြီးပြီ။ ပြန် သုံးသပ်လိုက်တော့ နွယ်ကို အဖျားက ကိုင်မလိုက်လျှင် အရင်းကို ရောက်သလို တုတ်ဓား ကိုင်ကြရသော

http://www.dhammadownload.com



ပဓာန အကြောင်းသည် ခန္ဓာ ရသောကြောင့် ဖြစ်ကြောင်း ပေါ်လာသည်။ ခန္ဓာက လည်သည်၊ ပေါ်လာသည် [နှာ–၁၈၀]။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် အဆင့်ဆင့်သည် ခန္ဓာကို အကြောင်းခံ၍ ဖြစ်ကြရပုံကို ပြသည်။

ဒါကြောင့် ဤပဋိစ္စသမုပ္ပါဒ်ကို ဖြတ်ချင်လျှင် ဝေဒနာက္ခန္ဓာကို ဖြစ်ပျက် ရှုရမည်။ ဝေဒနာက ဖြစ်ပျက်ရှု၍ သိလိုက်တာက မဂ် ဖြစ်ပုံကို ပြသည် [နှာ–၁၈၂]။ ဝေဒနာ ဖြစ်ပျက်နောက်က သိသော မဂ်ဝင်လိုက်လျှင် တဏှာ မလာတော့၊ တဏှာ မလာလျှင် ရှာ မှီးမှု ပရိသေန ပါလာတော့ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် အဆစ် ကိုးပိုင်း ပြတ်တော့သည်။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် တစ်နေ့ ဘယ်နှကြိမ်ပဲ ဖြစ်ဖြစ် ဝေဒနာ ဖြစ်ပျက်နောက်က မဂ် ဝင်နိုင်လျှင် ကိစ္စ ပြီးသည်ဟု ဆိုသည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ၊ နောက် ခန္ဓာ မလာတာက နိရောဓသစ္စာ သစ္စာလေးချက် တစ်ပြိုင်နက် ပြီးတော့သည်။ အချိန်နာရီ စေ့၍ တရား နားလိုက်သည်။

*

## ၅။ ဝေဒနာ နုပဿနာ အကြောင်း သိကြားမေး ဘုရားဖြေသော တဏှာ သခ်ယသုတ်

(၁)[ ၇–၁၀–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း ဓမ္မာရုံတွင် ဟောသည် ]

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံး နေတော်မူစဉ် သိကြားမင်း မေးသော အမေးကို ဖြေကြားသော တရား ဖြစ်သည်။ တစ်နေ့သ၌ သိကြားမင်း ကာမဂုဏ် ခံစားနေရင်း ဉာဏ်အလင်းရောင်ကလေး တစ်ချက် လင်းလက်သွားပြီး နိဗ္ဗာန် ရောက်ချင်သော စိတ်ကူး ပေါ်လာသည်။ တဏှာ အမြန်ဆုံး ကုန်သော နည်းကို သိချင်လာသည်။ သိကြားမင်း အမေး ဘုရား အဖြေကို မဟောမိ ဆရာတော် ကြီးက ဒကာ၊ ဒကာမများအား ဝိပဿနာ အလုပ်ကို အသေ မဦးမိ ဉာဏ်ဦးအောင် လုပ်ဖို့ လိုကြောင်း တိုက်တွန်း တရားများ ကြားညှပ်၍ ဟောသည်။ ဒါန ကုသိုလ်၊ သီလ ကုသိုလ် ကိုသာ အမျှဝေ၍ ရသည်။ ဝိပဿနာ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်ကို အမျှဝေ၍ မရကြောင်း၊ ကိုယ်လုပ်မှသာ ကိုယ် ရကြောင်း၊ 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ' ကို အခြေခံ ထားပြီး ဟောသည်။ အပါယ်ဘေးကို ဒါန၊ သီလက မကယ်နိုင်ကြောင်း၊ မဂ္ဂင် တရားကသာ ကယ်နိုင်ကြောင်း ဟောသည်။ ခန္ဓာက

http://www.dhammadownload.com



ပြောတာကို ဉာဏ်က ခေါင်းညိတ်လိုက်ပါ၊ ခန္ဓာ၏ ဖြစ်ပျက်ကို ဉာဏ်က လိုက်သိခြင်းသည် ဝိပဿနာပဲဟု ဆိုသည် [နှာ–၂၀၆]။ ခန္ဓာက ပြောတာကို ဉာဏ်က ခေါင်းညိတ်တာ မဂ္ဂင် အလုပ်ပဲ ဟုလည်း ပြသည် [နှာ–၂၀၈]။ ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုယ် သနားလျှင် မဂ္ဂင် အလုပ်ကို လုပ်ရမည် ဆိုသည်ကို ခေါင်းမှာ သံမှိုစွဲ မှတ်ပါ [နှာ–၂၀၉]ဟုလည်း ဆုံးမသည်။ အဓိကမှာ မဂ္ဂင် အလုပ်ကို လုပ်မှသာ တဏှာ ကုန်သည်။ (တဏှာ သင်္ခယ သုတ်)ကို ပြောနေခြင်းဖြစ်သည် ဆို၏။

တဏှာသင်္ခယ သုတ်သည် ပုဗ္ဗာရုံကျောင်းတွင် မြတ်စွာဘုရား သီတင်းသုံး နေတော်မူစဉ် သိကြားမင်းကို ဟောကြားသော တရားဖြစ်သည်။

**ကိတ္တာဝတာ နုခေါ ဘန္တေ တဏှာ သင်္ခယ ဝိမုတ္တော ဟောတိ**

ဘယ်ကဲ့သို့ အားထုတ်လျှင် တဏှာ အမြန် ကုန်ပါသနည်း။ သိကြားမင်း၏ ဤအမေးကို မြတ်စွာဘုရား ဖြေကြားရာတွင် ဝေဒနာ သုံးပါးကို ဝိပဿနာ ရှုပါ၊ ဝေဒနာ၏ ဖြစ်ပျက်ကို မြင်လျှင်၊ ဝေဒနာ အနိစ္စကို မြင်လျှင် မဂ် ရပြီဟု မိန့်သည် [နှာ–၂၁၁]။ ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုပါ။ ရှုတော့ ရှေ့စိတ် မရှိမှန်း သိပြီ ဆိုလျှင် မဂ် ရပြီ အောက်မေ့ပါဟု သင်ကြား ထားသည် [နှာ–၂၁၂]။ မရှိတာက အနိစ္စ၊ တွေ့တာက မဂ္ဂ၊ အနိစ္စကို တွေ့လျှင် မဂ္ဂ ဖြစ်ကြောင်း ပြသည်။ ဤကား မိမိ သန္တာန်မှာ ဖြစ်နေသော ပဋိစ္စသမုပ္ပါဒ်ကို မဂ်ဖြင့် ဖြတ်ပုံ ဖြစ်သည် [နှာ– ၂၁၂]။ ရိုးရိုး ပဋိစ္စသမုပ္ပါဒ်က ဝေဒနာ ပစ္စယာ တဏှာ ဖြစ်သည်။ ဖြစ်ပျက် မြင်သောအခါ ဝေဒနာ ပစ္စယာ အနိစ္စ ဖြစ်သွားသည်။ အနိစ္စ ပစ္စယာ ပညာ ဖြစ်သွားသည်ဟု ဟောတော်မူသည်။ အနိစ္စ နောက်က ပညာ လိုက်ပေးရမည်၊ အနိစ္စ ပေါ်တိုင်း ပညာ လိုက်ပေးတော့ တဏှာ ပျောက်သွားသည် [နှာ–၂၁၇]။

ဝိပဿနာ ရှုသော ပုဂ္ဂိုလ်မှာ ဝေဒနာ နိရောဓာ၊ တဏှာ နိရောဓော ဖြစ်သွားပုံကို ပြသည် [နှာ–၂၁၈]။ အဓိပ္ပာယ်မှာ တဏှာ ချုပ်အောင်၊ ကုန်အောင် လုပ်နိုင်တာ မဂ်ဖြစ်သည်ဟု ဆိုခြင်း ဖြစ်၏။ တဏှာ ကုန်လျှင်လည်း နိဗ္ဗာန် ရောက်ပြီ။ (တဏှာ နိရောဓော၊ နိဗ္ဗာနံ ) ဘုရားက သိကြားမင်းအား ဝေဒနာနုပဿနာ ရှုဖို့ ဆုံးမပုံ ဖြစ်၏။ ဒါ တဏှာ အမြန် ချုပ်သောနည်း ဖြစ်သည် ဆို၏။

ဤတရားမှာ ဝိပဿနာ ရှုသော ပုဂ္ဂိုလ်မှာ ဝေဒနာ နိရောဓာ၊ တဏှာ နိရောဓော ဖြစ်သည်၊ မရှုသော ပုဂ္ဂိုလ်မှာတော့ ဝေဒနာ ပစ္စယာ တဏှာ ဖြစ်သည်၊

http://www.dhammadownload.com



ရှိသော ပုဂ္ဂိုလ် သံသရာ ပြတ်သည်၊ မရှိသော ပုဂ္ဂိုလ်မှာ သံသရာ ဆက်သည် [နှာ-၂၂၉]။ ရှိသော ပုဂ္ဂိုလ်မှာ ဝေဒနာ နိရောဓာ၊ တဏှာ နိရောဓောတိ မဂ္ဂေါ ဖြစ်ကြောင်း ပြသည်။ အချိန်ကုန်၍ တရားနားသည်။

*

## ၆။ ဝေဒနာ နုပဿနာ တဏှာ သစ်ယ သုတ်(၂)

[ ၈-၁၀-၆၁ နေ့ အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား ]

တရားနာတာ ဒုက္ခခပ်သိမ်း ငြိမ်းချင်လို့ နာကြတာ ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားထားသည်။ ဒုက္ခ ငြိမ်းချင်လို့ တရားနာလျှင် ဝိဝဋ္ဋကုသိုလ် ဖြစ်သည် [နှာ-၂၃၂]။ ဤတွင် ဒုက္ခ ဘယ်က လာသလဲ စဉ်းစား ထားသည်။ ဒုက္ခသည် တဏှာက လာသည်။ ဘုံဘဝ လိုချင်သော တဏှာ၊ ဘဝ ကောင်း သွားချင်သော တဏှာ။ ဒါကြောင့် တရား နာခြင်းသည် ဒုက္ခ သတ်နည်းရဖို့ ရာ နာခြင်း ဖြစ်သင့်ကြောင်း ဟောသည် [နှာ-၂၃၃]။ ဒုက္ခ ကင်းလိုချင်လျှင် ဒုက္ခ၏ ရေသောက်မြစ် တဏှာကို သတ်ရမည်။ တဏှာလောဘ ဘယ်မှာ နေသလဲ ရှာပြန်တော့ မိမိ ခန္ဓာမှာ နေသည်။ ဘယ်ခန္ဓာမှာ နေသလဲ ဆိုလျှင် ဝေဒနာက္ခန္ဓာမှာ နေသည်ဟု ပြထားသည် [နှာ-၂၃၄]။ ဒါကြောင့် ဝေဒနာကို သတ်လျှင် တဏှာ သေနိုင်ပုံကို ပြသည်။ တဏှာကို သတ်ချင်လျှင် တဏှာကို မသတ်နှင့် ဝေဒနာကို သတ် [နှာ-၂၃၇]ဟု ဆိုသည်။ ဝေဒနာ ရှုလျှင် တဏှာ ပြတ်ကြောင်း ရှင်းထားသည် [နှာ-၂၃၈]။ ဝေဒနာ ဖြစ်ပျက် အနိစ္စကို မြင်အောင် ရှုလျှင် တဏှာ သေသည်။

ထို့နောက် လူတွေ တဏှာ လောဘ ဖြတ်တတ်ပုံများကို သရုပ်ဖော်၍ ဟောသည်။ ဤတွင် ဆရာတော်ကြီး၏ တစ်မူထူးခြားသော အမြင်များကို တွေ့ရ သည်။ သူများ ချမ်းသာတာ မြင်လျှင် ကိုယ်လည်း စီးပွား ဖြစ်ချင်သည်။ ချမ်းသာ ချင်သည်။ ချမ်းသာ လာပြန်တော့ သူများထက် ပိုပြီး ချမ်းသာချင်ပြန်သည်။ ဤကား တဏှာများလာခြင်း ဖြစ်သည်။ တဏှာ များလေ ဒုက္ခဆင်းရဲ များလေ ဖြစ်ကြောင်း ဟောသည်။ ဒီလို ပစ္စည်းပေါ်တာကို လူတွေက အားကျသည်။ ဘာကို အားကျသလဲ မေးတော့ ချမ်းသာတာကို အားကျသည်။ ၎င်းမှာ ဆင်းရဲ များတာကို အားကျတာ ဖြစ်သည်။ သညာ ဝိပလ္လာသ၊ ဒိဋ္ဌိ ဝိပလ္လာသ၊ စိတ္တ ဝိပလ္လာသ ဖြစ်ပုံကို ပြသည်။ ချမ်းသာချင်တယ် ဆိုတာ ဆင်းရဲကို တောင့်တတာဟု ဆိုသည်။ ပြီးမှ တဏှာ သေအောင် ဝေဒနာကို သတ်နည်း ပြသည်။

http://www.dhammadownload.com



ဝေဒနာနှင့် တဏှာ ကြားမှာ မဂ်ဝင်ရမည်။ ဘုရား ပွင့်တာသည် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်မှာဟု လူတွေက ဆိုကြသည်။ အမှန်စင်စစ် သဗ္ဗညာန် ဘုရားကို မယူဘဲ ဉာဏ်ဘုရားကို ယူလျှင် ဝေဒနာနှင့် တဏှာ ကြားမှာ ဘုရား ပွင့်သည်ဟု မိန့်ထားသည် [နှာ–၂၄၄]။ ဆရာတော်၏ တစ်မူ ထူးခြားသော အမြင် ဖြစ်သည်။ ဒကာ၊ ဒကာမတွေလည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ချင်လျှင် ဝေဒနာနှင့် တဏှာ ကြားမှာ ဖြစ်ရမည်ဟု ဆိုသည် [နှာ–၂၄၆]။ ထို့နောက်မှ သိကြားမင်း မြတ်စွာဘုရားကို မေးသော မေးခွန်း အကြောင်းကို ဆက်ဟောသည်။ သိကြားမင်းက 'ကိတ္တာ ဝတာ နခေါ ဘန္တေ ဘိက္ခု တဏှာ သင်္ခယ ဝိမုတ္တော ဟောတိ' ဂါထာဖြင့် အရှင်ဘုရား တဏှာ ကုန်အောင် ဘယ်သို့ လုပ်ရပါမည်နည်းဟု မေးလေသည်။ ထိုအခါ မြတ်စွာဘုရားက ဝေဒနာ ခံစားပုံ သုံးမျိုး ရှိကြောင်း၊ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာ ဖြစ်ကြောင်း၊ ထိုဝေဒနာ သုံးမျိုးကို အနိစ္စလို့ ရှုပါ၊ ရာဂ ကင်းအောင် ရှုပါ၊ ချုပ်အောင် ရှုပါ၊ တစ်ဖန် ချုပ်အောင် ရှုပါ၊ ထိုသို့ ရှုပါက တဏှာ သေသည်၊ တဏှာ သေလျှင် ဥပါဒါန် သေသည်၊ 'နစ္စကိဉ္စိ လောကေ ဥပါဒိယတိ' ထိုအခါ လောကထဲမှာ ပြန်မဖြစ်တော့ဘူးဟု ဟောတော်မူသည် [နှာ–၂၅၇]။ ဝေဒနာ နုပဿနာ ရှုခြင်းဖြင့် တဏှာ သေနိုင်ကြောင်းကို ပြသည် [နှာ–၂၅၈]။ ဝေဒနာ ရှုလျှင် စိတ်ကို ရှုရာလည်း ကျပုံ၊ စိတ်နှင့် ဝေဒနာသည် သဟဇာတ ပစ္စည်း ဖြစ်ပုံ၊ မီးနှင့် အလင်းရောင်နှင့် တူပုံကိုလည်း ဟောသည်။ ဝေဒနာ ဖြစ်ပျက်ကို တွေ့လျှင် ဝေဒနာက္ခန္ဓာကို စွန့်သည်။ စွန့်တယ်ဆိုတာ ဖြစ်ပျက် တွေ့တာပဲ ဟုလည်း ယတိပြတ် ဟောထားသည်။

ဒါကြောင့် ဝိပဿနာ ဉာဏ်သည် ခန္ဓာ စွန့်၊ တဏှာ စွန့်သည်ဟု မှတ်သင့်ကြောင်းလည်း ဟောသည် [နှာ–၂၇၀]။ ပြီးမှ ဝိပဿနာ ဉာဏ်၏ ကျေးဇူးများပုံကို ဟောသည်။ ဝိပဿနာ ဉာဏ်နှင့် နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်သေးဘူးဟု ညည်းလုံး မထုတ်နှင့်၊ ဖြစ်ပျက် မြင်လျှင် ကိစ္စ နှစ်ခု ပြီးသည်။ ဝိပဿနာဉာဏ် ရလျှင် ခန္ဓာ စွန့်ပြီ၊ တဏှာ စွန့်ပြီ။ ခန္ဓာက ဒုက္ခသစ္စာ၊ တဏှာက သမုဒယသစ္စာ၊ ထိုသစ္စာ နှစ်ပါးကို စွန့်ပြီးဖြစ်သည်ကို ပေါ်အောင် ပြထားသည် [နှာ–၂၇၄]။ တစ်သံသရာလုံး ဒုက္ခ ရောက်ခဲ့တာ ဝိပဿနာ မလုပ်ခဲ့မိလို့ ဟုလည်း ဆိုသည် [နှာ–၂၇၅]။ ဝိပဿနာက ခန္ဓာ ဒုက္ခနှင့် တဏှာ ဒုက္ခမှ ကယ်တင်နိုင်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

http://www.dhammadownload.com



## ၇။ ယမမင်းထံ အစစ်ခံပုံနှင့် ငရဲ ဒုက္ခများ အကြောင်း

[ ၉–၁၀–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်း ဓမ္မာရုံမှာ ဟောသော တရား ]

ယနေ့ ဟောမည့် တရားသည် ဘုရားတစ်ဆူ ပွင့်မှ တစ်ခါ ဟောသော တရား ဖြစ်ကြောင်းဖြင့် အစ ချီထားသည်။ ဤတရားသည် အရိယာ အလုပ်ကို မမေ့အပ်ကြောင်း တိုက်တွန်းသော တရား ဖြစ်သည်။ ပထမဦးစွာ ခန္ဓာကို ဉာဏ်လှည့်ပြီး ရှုရမည်။ ခန္ဓာကို ဉာဏ်လှည့် ဆိုသော်လည်း အနိစ္စဘက်၊ ဒုက္ခဘက်၊ အနတ္တဘက် မလှည့်ဘဲ ရုပ်ကို ငါ၊ ဝေဒနာကို ငါ၊ သညာကို ငါ၊ စေတနာကို ငါ၊ ဒိဋ္ဌိဘက်ချည်း လှည့်နေ၍ မဖြစ်သေးကြောင်း ဟောသည်။ ဒိဋ္ဌိနှင့် ခန္ဓာ ဉာဏ်လှည့်လျှင် ပဋိစ္စသမုပ္ပါဒ် ဆက်သွားသည်။ တဏှာနှင့် လှည့်လျှင်လည်း ပဋိစ္စသမုပ္ပါဒ် ဆက်သွားသည်။ ထို့နောက် လူတွေကြားမှာ ဒိဋ္ဌိနှင့် တဏှာနှင့် ပဋိစ္စသမုပ္ပါဒ် လှည့်နေကြပုံတွေကို သရုပ်ဖော် ဟောတော်မူသည်။ စီးပွား ရှာနေရတာ ကိုယ့်အတွက်ဟု ဆိုလျှင် ဒိဋ္ဌိနှင့် လှည့်ခြင်း ဖြစ်သည်။ ကိုယ့်သားမယား အတွက် ဆိုလျှင် တဏှာနှင့် လှည့်သည်။ ထိုစကားများသည် အပါယ် သွားဖို့ ဧည့်ခံ နေကြတာဟု ဆိုသည် [ နာ–၂၈၄ ]။ လူတွေ ဝဋ်ထဲက မထွက်နိုင် ဖြစ်နေကြပုံ တွေကို ပေါ်အောင် ဖော်ပြသည်။

စီးပွား ရှာနေတာကိုပင် ဆရာတော်က အပါယ် သွားဖို့ လုပ်နေကြတာဟု မြင်သည် [ နာ–၂၈၇ ]။ ဒိဋ္ဌိနှင့် တဏှာ ပါနေလျှင် ထိုက်က အပါယ် ဓာတိကိုသာ အကျိုးပေးပုံကို ပြသည်။ ဆရာတော်သည် ဤတရားကို ဟောရာ၌ လောကီသားများက တုံ့ပြန်လာမည့် ကိစ္စကိုလည်း သိထားသည်။ 'အရှင်ဘုရား ဟောသလို ဆိုလျှင် စီးပွား ရှာစားဖို့တောင် ခက်တယ်'ဟု ဆိုလာနိုင်သည်။ ဆရာတော်က အရိယာ ဓမ္မကို ကြိုးစားဖို့ လိုကြောင်း၊ စီးပွား ရှာရာမှာ ဉာဏ်ထည့်တတ်ဖို့ လိုကြောင်း ပြသည်။ အရိယာ ဓမ္မ သွင်းရမည်။ အရိယာ ဓမ္မကသာ ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်နိုင်သည် [ နာ–၃၀၂ ]။ အရိယာ ဓမ္မပဲ အားကိုးရာ ရှိသည်။ အရိယာ ဓမ္မသည် ဒိဋ္ဌိကိုလည်း စင်စေသည်။ တဏှာကိုလည်း စင်စေသည်။ တစ်သက်လုံး စီးပွား ရှာနေကြတာ တဏှာ ပဋိစ္စသမုပ္ပါဒ်၊ ဒိဋ္ဌိ ပဋိစ္စသမုပ္ပါဒ်၊ ကံ ပဋိစ္စသမုပ္ပါဒ်ချည်း လည်နေသည်။ တရား နာလာကြသဖြင့် တော်သေးသည်။ အပါယ်တံခါး ပိတ်ဖို့ အချိန် မီသေးသည် [ နာ–၃၀၃ ]။ အရိယာ ဓမ္မကို ကြိုးစားဖို့ အချိန် မီသေးသည်။ ထို့နောက်မှ အရိယာ ဓမ္မဖြင့် ပဋိစ္စသမုပ္ပါဒ် ဖြတ်ပုံကို ပြသည် [ နာ–၃၀၃ ]။

http://www.dhammadownload.com



မြတ်စွာဘုရားသခင် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံး နေစဉ်က ဖြစ်သည်။ ရဟန်းများ စုဝေး လာကြသောအခါ ဘုရားတစ်ဆူ တစ်ခါသာ ဟော သော တရားကို ငါ ဟောမည် ဆိုပြီး ဟောသည်။ ဘုရားက ဘုရားဖြစ်သော အချိန် က စ၍ ဒိဗ္ဗစက္ခု အသိဉာဏ်ဖြင့် ရှုကြည့်သောအခါ ပုထုဇဉ်တွေ သေလျှင် အပါယ်ချည်း သွားနေကြတာ မြင်ကြောင်း ဟောသည်။ လူ့အိမ်က ဆင်းပြီး နတ်ပြည် တက်သွား ကြတာလည်း မြင်ကြောင်း ဟောသည်။ သို့သော် အပါယ် သွားသူက များနေကြောင်း၊ ထို့ကြောင့် အပါယ် သွားနေကြရသူတွေ အကြောင်းကို ဦးစားပေးပြီး ဟောသည်။ သားရေး၊ သမီးရေး၊ စီးပွားရေးဖြင့် အချိန် ကုန်ကြသူတွေ သေလျှင် အပါယ်ကို ရောက်သည်။ ယမမင်းထံ ရောက်သည်။ ထိုအခါ ယမမင်းက ထိုပုထုဇဉ်ကို စစ်မေးသည်။ လူ့ပြည်မှာ ကလေးက ကျင်ကြီး၊ ကျင်ငယ်နှင့် လူးပြီးနေရသော အဖြစ်က စပြီး လူတွေ ဒုက္ခ ရောက်နေခဲ့ကြပုံကို မြင်ခဲ့သလား၊ မြင်ခဲ့လျှင်၊ ထိုဒုက္ခသစ္စာကို မြင်သဖြင့် ဒုက္ခက လွတ်ရေး ကျွတ်ရေး စိတ်ကူးခဲ့ဖူး သလားဟု စစ်မေးသည်။ ကလေး လူမမယ် အဖြစ်က ဒုက္ခသစ္စာကို ပြနေသည်။ သို့ပါလျက် ခန္ဓာကို ဉာဏ် မလှည့်တတ်သဖြင့် ဒုက္ခသစ္စာကို မမြင်ခဲ့ပုံကို ပြသည်။ ပုထုဇဉ် ဒုက္ခသစ္စာဘက် ဉာဏ်မလှည့်တတ်၍ သတိ မမူခဲ့ပုံကို ပြသည်။ ဒုက္ခသစ္စာ ဟု မမြင်တတ်၊ မထင်တတ်ပုံကို ပြသည်။ ဤကား မေ့တတ်မှု အဝိဇ္ဇာ သဘော ဖြစ်သည်။ အဝိဇ္ဇာ ဖြစ်လျှင် သင်္ခါရ လာသည်။ သင်္ခါရလာလျှင် အပါယ်မှာ ပဋိသန္ဓေ ဝိညာဉ်ပေါ်ပြီး အပါယ်ဇာတိ ဖြစ်သည်။

ဒါကြောင့် အရိယာ ဓမ္မ အရေးကြီးသည်။ မေ့တာက မိစ္ဆာ ဓမ္မဟု ဆိုသည်။ ဒုက္ခ ရောက်နေကြတဲ့ လူအိုတွေ၊ လူနာတွေ မြင်ပြီး တစ်ခါတလေများ ဒုက္ခသစ္စာ ကို ဉာဏ်ရောက်ခဲ့ဖူးသလားဟု ယမမင်း စစ်ပုံကို ဟောသည်။ ဉာဏ် မရောက်ခဲ့ကြ၊ မေ့လျော့၍သာ နေခဲ့ကြသည်။ သေနေကြတာတွေ မြင်ပြီးကော ဒုက္ခသစ္စာကို ဉာဏ်ရောက်ခဲ့ကြသလားဟု စစ်သည်။ မေ့လျော့စွာ အဝိဇ္ဇာဖြင့် နေခဲ့ကြသည်က များသည်။ မေ့ပစ်သည် အဝိဇ္ဇာ သင်္ခါရသို့ ရောက်သည်။ ပဋိစ္စသမုပ္ပါဒ်ကား မေ့လျှင် လည်တော့သည်။ နိယာမ ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားပင် မတားနိုင် ပါ [နှာ-၁၁၈]။ တရားကသာ တားနိုင်သည်။ ယမ မင်းက လူ့ပြည်မှာ ကြုံကြရသော ဒုက္ခဆင်းရဲ ရောက်သူတွေကို ပြပြီး စစ်မေးသည်။ ပုထုဇဉ်က အဝိဇ္ဇာဖြင့် နေခဲ့ကြ သည်။ ဒုက္ခသစ္စာကို ဉာဏ် မရောက်ခဲ့ကြပါ။ ဤကား ဒေဝဒူတ သုတ်ကို ဟောခြင်း ဖြစ်၏။ သေသူတွေကို မြင်ခဲ့ကြပါလျက် မသေရာ တရားကို ရှာရမှန်း မသိ

http://www.dhammadownload.com



ဖြစ်ခဲ့ကြပုံကို ပြသည်။ သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် မဂ္ဂင်အလုပ် လုပ်ခဲ့ကြကြောင်း ပြသည်။ လူတစ်သိန်း၊ နတ်တစ်သိန်း သေလို့ သုဂတိကို တစ်ယောက်ပြန်မရောက်တာ၊ အပါယ်ချည်း သွားတာ၊ ဤမေ့ပစ်ချည်းဟု မှတ်ပါ ဆိုသည် [နှာ-၃၂၆]။

ဒါကြောင့် မမေ့သော သတိပဋ္ဌာန် တရား လုပ်ရမည်။ ဖြစ်ပျက် တစ်ချက်မြင်ပြီ ဆိုလျှင် မစိုးရိမ် ရပြီဟု ဆိုသည်။ ဖြစ်ပျက် တစ်ချက် မြင်လျှင် ကျွတ်တမ်းဝင်သည်ဟု ဆိုသည်။ ဖြစ်ပျက် မြင်သော ဓမ္မသည် အရိယာ ဓမ္မ ဖြစ်ကြောင်း ဟောထားသည် [နှာ-၃၂၇]။ အရိယာ ဓမ္မ မြင်မှု တစ်ချက်က အကုန် ကယ်နိုင်ကြောင်း ဟောသည်။ မေ့တော့ အဝိဇ္ဇာ ဖြစ်သည်။ မမေ့တာ ဝိဇ္ဇာ ဖြစ်ပြီး အဝိဇ္ဇာ ချုပ်သည် [နှာ-၃၂၇]။ ပဋိစ္စသမုပ္ပါဒ် တရားကို ဘုရားက တားမရသော်လည်း မိမိတို့ ဉာဏ်က တား၍ ရသည် [နှာ-၃၂၈]။ ခန္ဓာကို ဉာဏ် လှည့်တတ်လျှင် အဝိဇ္ဇာသည် ဝိဇ္ဇာ ဖြစ်သွားသည်။ ဤသည်မှာ အရိယာ ဓမ္မ ဖြစ်၏။ အရိယာ ဓမ္မကို မမေ့သင့်၊ ဖြစ်ပျက် မြင်ဖို့ အရေးကြီးပုံကို ပြသည် [နှာ-၃၃၂]။ မမေ့လျှင် အပါယ်လေးပါး တံခါး ပိတ်တာပါပဲဟု ဆိုသည် [နှာ-၃၃၃]။ ဤတွင် ငရဲမှာ ခံရပုံ အနိဋ္ဌာရုံများကို သံဝေဂ ဖြစ်အောင် ဆရာတော်က အကျယ်ချဲ့ပြီး ဟောပြန်သည်။ အပါယ် ငရဲမှ ကယ်နိုင်သော တရားသည်ကား အရိယာ ဓမ္မသာ ရှိကြောင်း ဟောသည် [နှာ-၃၃၉]။ အဝိဇ္ဇာကို ဝိဇ္ဇာ ဖြစ်အောင် ဝိပဿနာ လုပ်မှ ဖြစ်ပုံကို ပြသည်။ စိတ္တာ နုပဿနာ ရှုနည်းကို ဟောသည်။ ရှေ့စိတ်ကို နောက်စိတ်နှင့် ရှု၊ ရှေ့စိတ် မရှိတာ တွေ့မည်၊ မရှိတာက အနိစ္စ၊ အကဲခတ်ပြီး သိတာက မဂ္ဂ ဖြစ်သွားပုံကို ပြသည်။ မဂ် ဝင်လျှင် ဝိဇ္ဇာ ဖြစ်ပြီ [နှာ-၃၄၂]။ ဝိဇ္ဇာဉာဏ် တစ်ကြိမ် ပေါ်လျှင် အပါယ်လေးပါး အားလုံး ပျောက်ပြီဟု ဆိုသည် [နှာ-၃၄၄]။ ကြွေး တစ်သိန်း တင်နေတာ ဆားတစ်လျက်နှင့် ကျေပါတယ်ဟု ဟောသည် [နှာ-၃၄၆]။ အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၈။ စိတ်အပြင် မထွက်အောင် သတိထားရန် (ဓနပဒ ကလျာဏီ သုတ်)

[ ၉-၁၀-၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ကျောင်းမှာ ဟောသော တရား ]

ဝိပဿနာ တရားသည် သာသနာတွင်းမှာသာ ပေါ်သည် ဆိုပြီး ဤတရားကို အစချီ၍ ဟောတော်မူသည်။ မိမိတို့မှာလည်း ယခု အချိန် လူဖြစ်လာကြရ၍

http://www.dhammadownload.com



သာသနာတွင်း ကြုံနေရသည်။ အခွင့်ကောင်း ကြုံနေရသည်။ ဝိပဿနာ တရားကို ဟောကြား နည်းပေးမည့်သူ ဆရာသမား များလည်း ရှိသည်။ ဒါကြောင့် ယခုလို အခါကောင်း ကြုံချိန်မှာ နိဗ္ဗာန် ရောက်ကြောင်း တရားကို အားထုတ်မည်ဟု ဆုံးဖြတ်ချက် ချဖို့ လိုကြောင်း ဟောသည် [နာ-၃၄၈]။ ယခု ဘုရား သာသနာ ကြုံနေပါလျက် နောက်ဘုရား သာသနာကို စောင့်နေသူ၊ ကြုံရာကို ကျော်ပြီး မကြုံရာကို လှမ်းချင်နေသူ တွေကို ဝေဖန်ထားသည် [နာ-၃၄၉]။ သာသနာတွင်း ကြုံတုန်း ဝိပဿနာ အလုပ်ကို အားထုတ်ရမည်။ အချိန်ကောင်း၊ အခွင့်ကောင်းကို မလွန်စေနှင့်၊ ကာလကို မကျော်စေနှင့်ဟု သတိ ပေးထားသည် [နာ-၃၅၁]။ ဤကာလသည်ကား အပါယ် ဘေးကို တားနိုင်သော ကာလဟု မှတ်ရမည်။ ဝိပဿနာ အလုပ် မလုပ်မိဘဲ အချိန်ကာလတွေ လွန်သွားမည်ကို စိုးရိမ်ကြောင်း အထပ်ထပ် ဟောသည်။ မဟာဝဂ္ဂသံယုတ် ပါဠိတော် အကိုးအကားဖြင့် ဟောသည် *[နာ-၃၅၂]*။ ထို့နောက် စိတ္တာ နုပဿနာ ရှုနည်း၊ ဝေဒနာ နုပဿနာ ရှုနည်း သဘောကို ပြန်ရှင်းပြသည်။ ဖြစ်ပျက် မြင်အောင် ဉာဏ်လိုက်တတ်ဖို့ ဆုံးမသည်။ ဖြစ်ပျက်နှင့် ဉာဏ်နှင့် တည့်လျှင် မနက် အားထုတ် ညနေ တရား ရသည်ဟု မိန့်ထားသည် [နာ-၃၅၃]။ ဖြစ်ပျက်နှင့် ဉာဏ် တည့်အောင် လုပ်နည်း ပေးသည်။ ဆီခွက် (တေလပတ္တ) ဥပမာ ပေး၍ ဟောသည်။

ဥပမာမှာ ရာဇဝတ်သား တစ်ဦးကို သေဒဏ် မစီရင်မီ ဆီခွက် တစ်ခုထဲ ဆီ အပြည့် ထည့်လိုက်သည်။ နှုတ်ခမ်းရေးနှင့် အညီ ထည့်ပြီး ပေးကာ ရှေ့က ပြေးခိုင်းသည်။ လူသတ်သမားက နောက်က လိုက်သည်။ ရာဇဝတ်သား ခေါင်းပေါ်က ဆီခွက်မှ ဆီစက် မြေပေါ် ကျလျှင် သတ်မိန့် ပေးထားသည်။ ထို ရာဇဝတ်သား သွားမည့် ခရီးလမ်းကြားမှာ 'ဇနပဒ ကလျာဏီ' ကချေသည်၏ ကပွဲလည်း ရှိသည်။ ထိုပွဲသဘင်ကို ဖြတ်ပြီး ဆီခွက်ကို ရွက်သွားရမည်။ ဆီစက် မကျရဟု အမိန့် ပေးထားသည်။ ဆီ တစ်စက် ကျလျှင် နောက်လိုက်လာသော လူသတ် ယောကျ်ား အာဏာသားများက သတ်မည် ဖြစ်သည်။ သို့ဆိုလျှင် ရာဇဝတ်သားသည် ဆီခွက်က ဆီ မဖိတ်မစင် ရေးကို အထူး သတိပြုပြီး သွားရပေတော့မည်။ လှုပ်ရှား နေသော လူအုပ်ကြီးကို ကျော်ဖြတ်ပြီး သွားရမည်။ ကျော်ဖြတ်နိုင်ပါမူကား အသက် အန္တရာယ်မှ လွတ်မြောက်မည် ဖြစ်၏ [နာ-၃၅၇]။ ဆီမကျအောင် စောင့်ရှောက် နိုင်မှသာ ရာဇဝတ်သား အဖို့ အသက် ချမ်းသာရာ ရမည်။ သို့ဆိုလျှင် ရာဇဝတ်သား ၏ စိတ်မှာ ဆီခွက်ကိုသာ သတိကြီးစွာ စောင့်ရှောက်ရပေမည်။ စိတ္တာ နုပဿနာမှာ

http://www.dhammadownload.com



စိတ် ၁၃ မျိုးကိုပဲ ရှုရမည်။ စိတ် ၁၃ မျိုး ဘာစိတ်ပဲ ပေါ်ပေါ် မလွတ်အောင် သတိထားပြီး ဖြစ်ပျက် ရှုရမည်။ ထို စိတ်ကို မမိလိုက်ဘဲ (ဖြစ်ပျက် မရှုဘဲ) လွတ်သွားလျှင် တဏှာ၊ ဥပါဒါန်၊ ကံ ဆက်သွားပေတော့မည် [နှာ-၃၆၁]။ စိတ် ရှုသူကလည်း စိတ် ဆယ့်သုံးမျိုးကို ဆီခွက်လို မှတ်ထား၊ ဝေဒနာ ရှုသူကလည်း ဝေဒနာ သုံးမျိုးကို ဆီခွက်လို မှတ်ထားဟု ဆိုသည်။ ဆီခွက်နှင့် ဉာဏ်နှင့် မခွဲနှင့်ဟု ဆိုသည်။ ဖြစ်ပျက်နှင့် မဂ် တည့်နေစေရမည်ဟု ဆိုလိုသည်။ ထိုသို့ တည့်နေပြီ ဆိုမှ ကိလေသာ ယိုပေါက် မရှိတော့ပါ။

လူ့ဘဝ ထောင်ကြီးထဲမှာ အကျဉ်း ကျနေသူ ပုထုဇဉ်များ အနေနှင့်လည်း သေမိန့် ကျထားသူ ရာဇဝတ်သားနှင့် တူသည်။ ဆီခွက် မဖိတ်အောင် ထိန်းနိုင်လျှင် သေဘေး၊ ရာဇဝတ်ဘေးက လွတ်လမ်း ရှိသလို ပုထုဇဉ်များ အနေမှာလည်း သတိပဋ္ဌာန် လက်မလွှတ်လျှင် အိုနာသေဘေးက လွတ်လမ်း ရှိပုံကို ပုံဆောင်၍ ပြသည်။ ဝိပဿနာ အလုပ် လုပ်နေသူများ ဖြစ်ပျက်နှင့် မဂ်နှင့် ကိုက်နေပါလျှင် ဆီခွက် မဖိတ်သည့် သဘော ဖြစ်တော့သည် [နှာ-၃၆၆]။ တဏှာ၊ ဥပါဒါန်၊ ကံလာလျှင် ဆီဖိတ်သည့် သဘော၊ ဒေါသ၊ သောက၊ ပရိဒေဝ၊ ဥပါယာသ၊ အဝိဇ္ဇာ၊ သင်္ခါရ လာလျှင် ဆီဖိတ်သည့် သဘော ဖြစ်တော့သည်။ ဝိပဿနာ လုပ်နေသော အချိန်မှာ စိတ်အပြင် မထွက်ဖို့ အရေး ကြီးပုံကို ပြခြင်း ဖြစ်သည် [နှာ-၃၆၇]။

သို့ဆိုလျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် မလည်တော့ပါ။ သံသရာ ခရီး ဆက်စရာ မရှိတော့ပါ။ သေပွဲတွေ အကုန် ရပ်ပါပြီ။ တရား ရှုမှတ်ချိန် ကလေး အတွင်းမှာ ဖြစ်ပျက်နှင့် မဂ်သာ ကိုက်အောင် လုပ်နေပါ။ ရှုတာ၊ ရှိက်တာကို သိနေလျှင်ပင် ပဋိစ္စသမုပ္ပါဒ် မလည်နိုင်တော့ပါ။ အလုပ်သဘော အရ ရှုတာ၊ ရှိုက်တာကို သတိကပ်ပြီး မပြတ် သိနေပါ။ တခြားစိတ်များ ပေါ်လာလျှင် ထိုစိတ်များကို ဖြစ်ပျက် ရှုပါ။ ရှုစရာ မရှိလျှင် ဝင်လေစိတ်၊ ထွက်လေ စိတ်ကို ပြန်ရှုပါ။ ဝေဒနာသုံးမျိုး လာလည်း ဖြစ်ပျက်သာ ရှုနေပါ။ ဆီဖိတ်လျှင် အသတ်ခံရမည် စိုး၍ ဆီမဖိတ်ရအောင်ချည်း ဂရုစိုက် (သတိကပ်)၍ နေသလို ယောဂီသည် ကျင့်ရမည် [နှာ-၃၆၉]။ ဖြစ်ပျက် မြင်အောင်၊ ဖြစ်ပျက် တုံးအောင်၊ ဖြစ်ပျက် ဆုံးအောင် သတိဖြင့် လိုက်ရမည်။ စိတ် ဖြစ်ပျက်၊ ဝေဒနာ ဖြစ်ပျက်ကို ရှုနေစဉ်မှာ တခြား စိတ်ကူးတွေ၊ ကိလေသာတွေ ကြားခိုလာပါက ၎င်းတို့ကိုပါ ဖြစ်ပျက် ရှုရမည်ဟု ဆိုသည် [နှာ-၃၇၄]။ ရှုမှတ်နေစဉ် ပျင်းစိတ် ပေါ်လာလျှင် ပျင်းစိတ်ကို

http://www.dhammadownload.com



ဖြစ်ပျက် ရှု၊ ငိုက်ချင်စိတ် ပေါ်လျှင် ငိုက်ချင်စိတ်ကို ဖြစ်ပျက်ရှု [နှာ–၃၇၆]။ ဖြစ်ပျက် မြင်သော မဂ်ဉာဏ်၊ ထို့နောက် ဖြစ်ပျက် တုံးသော ဉာဏ် ပေါ်ပြီဆိုလျှင် မပူပါနှင့်တော့ မဂ်ဆိုက်ပြီ (ဖြစ်ပျက်ဆုံးဉာဏ်) ပေါ်ပြီဟု ယတိပြတ် မိန့်ထားသည် [နှာ–၃၇၇]။ မဂ်ဆိုက်တာနှင့် တစ်ပြိုင်နက် ဆီခွက်သမား ရာဇဝတ်သားက နောက်က လိုက်လာသော အာဏာသားများ (ပဋိစ္စသမုပ္ပာဒ် အတန်း)ကို ပြန်ပါတော့ဟု ပြောနိုင်ကြောင်း ဥပမာဖြင့် ပြထားသည်။

ဤတရားသည် သတိ ကပ်ပြီး စိတ္တာ နုပဿနာ ရှုနည်းကို သင်ခြင်း ဖြစ်သည် [နှာ–၃၇၈]။ ယထာဘူတဉာဏ် (ဥဒယဗ္ဗယ ဉာဏ်) နိဗ္ဗိန္ဒ ဉာဏ် ရလျှင် ဟိုဘက်မှာ မဂ်ပဲဟု ပြသည်။ ဤတေလပတ္တ ဝတ္ထုမှာ ဆီခွက် မဖိတ်စေနှင့်ဟု ဟောပုံ၊ အင်္ဂုတ္တိုရ်မှာ ဘုရားက ဖြစ်ပျက်နှင့် မဂ် ကိုက်နေတုန်း ကိလေသာ ကြားမခိုစေနဲ့ဟု ဟောကြောင်း သဘောချင်း တူကြောင်း ဟောသည် [နှာ–၃၈၆]။ ဤတွင် အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၉။ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ခွဲခြား သိရန်

[ ၁၁–၁၀–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်း ဓမ္မာရုံတွင် ဟောသော တရား ]

ဉာဏ်ကလေးကို ကျောင်းပေးကြပါဟု တိုက်တွန်းခြင်းဖြင့် အစချီ၍ ဤတရားကို ဟောကြားတော်မူသည်။ ဒီ ဉာဏ်ကလေးက ဘာလဲ ဆိုတော့ သမ္မာဒိဋ္ဌိ ဉာဏ် ဖြစ်ကြောင်း၊ သာသနာပ သမ္မာဒိဋ္ဌိနှင့် သာသနာတွင်း သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ကြောင်း ပြသည်။ အရပ်ပြော ပြောလျှင် သာသနာတွင်းဉာဏ်၊ သာသနာပ ဉာဏ်ဟု ဆိုနိုင်သည်။ သာသနာတွင်းမှာ လူဖြစ် နေစေကာမူ ဉာဏ်က သာသနာပ ဉာဏ် ဖြစ်နေလျှင် တရား မပေါက်နိုင်ကြောင်း၊ သာသနာတွင်း ဉာဏ် သွင်းမှသာ တရား ပေါက်မြောက်နိုင်ကြောင်း ဟောသည်။ ယနေ့ တရားသည် ဉာဏ် ပြင်ပေးသော တရား ဖြစ်သည်ဟု ဆိုသည်။

ထို့နောက် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ လူကြုံ၊ တန်းကြုံရာမှာ ငါလူ ငါ ရမည်၊ သူလူ သူရတာပေါ့ ဆိုသော အတ္တဒိဋ္ဌိ ပါနေပုံကို ပြသည် [နှာ–၃၉၀]။ ဒီကုသိုလ် သက္ကာယ ဒိဋ္ဌိနှင့် တွဲနေသည်။ တွဲနေသောကြောင့် ဤကုသိုလ် သည် အာသဝ နယ်ထဲမှာသာ အကျိုးပေးမည် (ဒိဋ္ဌာသဝပါသည်) [နှာ–၃၉၁]။

http://www.dhammadownload.com



ကံ ကံ၏ အကျိုးကို ယုံကြည်သော ဉာဏ်သည် ကမ္မသကတဉာဏ် ဖြစ်သည်။ ထိုဉာဏ်သည် ဒိဋ္ဌိကို မခွာနိုင်ဘူးဟု ရှင်းထားသည် [နှာ-၃၉၂]။ ဒါကြောင့် ထိုကံသည် အာသဝေါ ကုန်ရာ နိဗ္ဗာန် အကျိုးကို မပေးနိုင်ဟု ပြသည်။ ဒိဋ္ဌိ ပါရင် နိဗ္ဗာန်က လက်မခံဘူးဟု ဆိုသည် [နှာ-၃၉၃]။ ထိုဒိဋ္ဌိ မခွာနိုင်သော ကမ္မသကတ ဉာဏ်မျိုးမှာ သာသနာပ မှာလည်း ရှိသည်။ ဒါကြောင့် လှူကြ တန်းကြသော အခါ သစ္စာ နုလောမိကဉာဏ် ထည့်ရမည်ဟု နည်းလမ်း ပြထားသည် [နှာ-၃၉၄]။ သစ္စာ နုလောမိကဉာဏ် ဆိုတာက ဝိပဿနာ ရှုသောဉာဏ် ဖြစ်သည်ဟုလည်း အဓိပ္ပာယ် ရှင်းပြသည်။

သစ္စာ နုလောမိကဉာဏ် ဆိုသည်မှာ သစ္စာနှင့် လျော်သောကံဟု အဓိပ္ပာယ် ရသည်။ ခန္ဓာကိုယ်ကြီး ဖြစ်ပျက် မြင်သော ဉာဏ်သည် သမ္မာဒိဋ္ဌိပင် ဖြစ်သည်။ ဒါကြောင့် လှူကြ တန်းကြ၊ ပေးကြ ကမ်းကြသော အခါ ဖြစ်ပျက် ဒုက္ခသစ္စာကြီးကို မြင်ပြီးမှ လှူတန်းသင့်ကြောင်း ဆုံးမတော်မူသည် [နှာ-၃၉၅]။ ဝဋ်သံသရာမှ ကျွတ်ချင်၊ လွတ်ချင်၍ လှူခြင်း ဖြစ်သင့်သည်။ ထိုဉာဏ် ထည့်ပြီး လှူမှသာ ဝိဝဋ္ဋ ကုသိုလ် ဖြစ်ကြောင်း ရှင်းပြသည် [နှာ-၃၉၅]။ ဝိဝဋ္ဋ ကုသိုလ်က နိဗ္ဗာန် အကျိုးကို ပေးသည်။ ထိုသို့ လှူလျှင် ထိုအလှူ သာသနာတွင်း အလှူဟု မှတ်ပါ ဆိုသည်။ ဤတွင် ကလေး စွန်လွှတ်ပုံ ဥပမာ ပြ၍ ဟောသည်။ စွန်မှာ ကြိုးပါသွား၍ ရစ်လုံး ပြန်ရစ်လျှင် အောက်သို့ ပြန်ကျရသလို၊ ဒါနမှာ ဒိဋ္ဌိကြိုး ပါသွားလျှင် ကုသိုလ် အရှိန် ကုန်တော့ အောက်သို့ ပြန်ကျရသည်။ ကမ္မသကတ ဉာဏ်နှင့် လှူသော အလှူ ဒိဋ္ဌိကြိုး ပါသည်။ သစ္စာ နုလောမိက ဉာဏ်ဖြင့် နိဗ္ဗာန်ကို ရည်မှန်းပြီး လှူမှသာ ဝဋ် ကျွတ်နိုင်သည် [နှာ-၃၉၈]။ ဒါကြောင့် ဝိပဿနာ ရှုပြီးမှ ဝိပဿနာ ရပြီးမှ၊ ခန္ဓာ ဒုက္ခက လွတ်ချင်သော စိတ်ဖြင့် လှူပါ၊ တန်းပါဟု ပညာ ပေးသည်။ ဝိပဿနာ ခြံရံသော ဉာဏ်ကိုသာ သစ္စာ နုလောမိက သမ္မာဒိဋ္ဌိဟု ခေါ်ရကြောင်း ဟောထားသည် [နှာ-၃၉၉]။ ဖြစ်ပျက် မြင်အောင် ကြည့်ပါဟု ပညာ ပေးနေခြင်းသည် သစ္စာဉာဏ် ပေးနေခြင်းဖြစ်သည် ဆို၏။ ခန္ဓာကြီး နှိပ်စက်နေတာပဲဟု မြင်လျှင် ကိစ္စဉာဏ် ရသည်။ ထိုနှိပ်စက်နေသော ခန္ဓာကြီးကို မလိုချင်တော့ပါဘူး ဆိုလျှင် ကတဉာဏ် ရသည်။

အင်္ဂုတ္တိုရ်မှာ အလှူ ၈ မျိုး ရှိကြောင်း ပြသည်။ နောက်ဆုံးပိတ် ဝိပဿနာ ခြံရံသော ဒါနသာလျှင် အမြတ်ဆုံး ဖြစ်ကြောင်း ဟောထားပုံကို ပြသည် [နှာ-၄၀၁]။ ထိုအခါ ထိုအလှူ သာသနာတွင်း အလှူ ဖြစ်သွားသည်။ ခန္ဓာဉာဏ်

http://www.dhammadownload.com



စိုက်ကြပ်ပြီး အကြိမ်ကြိမ် အထပ်အထပ် ဟောနေခြင်းမှာ ဖြစ်ပျက် မြင်အောင် ရှုဖို့ ဟောနေခြင်းဖြစ်သည်။ သစ္စာ နုလောမိကဉာဏ် ပေးနေခြင်း ဖြစ်သည် [နှာ–၄၀၁]။

အလုပ် သဘောမှာ စိတ်ရှုသော ပုဂ္ဂိုလ် ဖြစ်ပျက်နှင့် မဂ် ကိုက်အောင် လုပ်ရမည်။ ဝေဒနာ ရှုသော ပုဂ္ဂိုလ်လည်း ဖြစ်ပျက်နှင့် မဂ် ကိုက်အောင် လုပ်ရမည် ဖြစ်၏။ ပြီးမှ ယခင် ဟောခဲ့သော ရှုဌ တဏှာသခ်ယ သုတ်ကို ပြန် ကောက်ပြီး ဟောပြန်သည် [နှာ–၄၀၄]။ တဏှာ ကုန်သော နည်းကို သိကြားက ဘုရားထံ လာ၍ တောင်းပံ့ ဖြစ်သည်။ အဖြေက ဖြစ်ပျက်မြင်၊ ဖြစ်ပျက် ဆုံးလျှင် နိဗ္ဗာန် မြင်ပါက တဏှာ ကုန်သည်။ ဖြစ်ပျက် မြင်လျှင် တဏှာ မလာတော့ဘူး၊ ဥပါဒါန် အစွဲအလမ်း တရား မလာတော့ဘူး၊ သိကြားကို ဘုရားက ဝေဒနာ သုံးပါးကို ဖြစ်ပျက် ရှုဖို့ ဟောသည် [နှာ–၄၀၅]။ ပြီးမှ ဝေဒနာ သုံးမျိုး ပေါ်ပုံကို ရှင်းပြ ပြန်သည် [နှာ–၄၀၆]။ ဖြစ်ပျက် မြင်ခြင်းသည် အနိစ္စ မြင်ခြင်း ဖြစ်သည်။ အနိစ္စ နုပဿီလည်း ဖြစ်သည်။ ဝိရာဂ နုပဿီလည်း ဖြစ်သည်။ ချုပ်တာကို မြင်သဖြင့် နိရောဓ နုပဿီလည်း ဖြစ်သည်။ ပဋိနိဿဂ္ဂ နုပဿီလည်း ဖြစ်သည်ဟု ပြထားသည် [နှာ–၄၀၈]။ ဝေဒနာ ၉ မျိုး ပေါ်ရာ လျှောက်ရှုလျှင် တဏှာ ကုန်ကြောင်း ဟောသည်။ ဝေဒနာ ၉ မျိုး ပြသော်လည်း ရှုရာမှာတော့ တစ်ခုစီပေါ် တစ်ခုစီပဲ ရှုရမည် [နှာ–၄၀၈]။ ရှုလိုက်သောကြောင့် ဝေဒနာက တဏှာကို မကူးတော့ဘူး။ တဏှာနှင့် ဝေဒနာ ကြားမှာ ဝိပဿနာ မဂ်က ကြားဝင် ထားလိုက်သည် [နှာ–၄၀၉]။

ဝေဒနာနှင့် တဏှာ ကြားမှာ ဝိပဿနာမဂ် ဝင်လိုက်သောကြောင့် နောက်က ဆက်ပြီး ဖြစ်လာမည့် တဏှာ၊ ဥပါဒါန်၊ ကံတွေ ပြတ်သွားသည်။ ချုပ်သွားသည်။ ဝိပဿနာ ဉာဏ်က ခန္ဓာလည်း စွန့်သည်။ တဏှာလည်း စွန့်သည်။ အကျိုး နှစ်မျိုး ဖြစ်ပေါ်စေသည်။ ဒါကြောင့် ဉာဏ်နှင့် အသက်ရှင်ဖို့ လိုသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရအောင် လုပ်ရမည်။ မရတောင်မှ သေခါနီး ဖြစ်ပျက် ရှုပြီး သေပါ။ ဖြစ်ပျက် မြင်နေလျှင် ခန္ဓာ စွန့်၊ တဏှာ စွန့်သောကြောင့် မဂ်စိတ်ဖြင့် . စုတိစိတ် ကျသည်။ ဟိုဘက် ပဋိသန္ဓေစိတ် ဖြစ်လျှင် အရိယာစိတ်နှင့် ပဋိသန္ဓေ တည်နိုင်ပုံကို ပြသည် [နှာ–၄၁၃]။ ဝိပဿနာ ရှုသော ပုဂ္ဂိုလ် သေခါနီးမှာ သောတာပန်၊ သကဒါဂါမ် ဖြစ်နိုင်ကြောင်း ဟောသည်။ သေခါနီး ဝေဒနာ လာလျှင် ဝေဒနာကို ဝိပဿနာ ရှုရင်း သေပါဟု နည်းပေး ထားသည်။ သေခါနီး စုတိစိတ် ကျခိုက်

http://www.dhammadownload.com



ရဟန္တာဖြစ်သော ပုဂ္ဂိုလ်ကို သမသီသိ ရဟန္တာဟု ခေါ်သည် [နှာ-၄၁၄]။ ဖြစ်ပျက်ရှုရင်း စုတိစိတ် ကျသွားသူ ဟိုဘက်ဘဝ ပဋိသန္ဓေစိတ် ဖြစ်သောအခါ သုဂတိဘဝမှာ ရသည်။ ထိုဘဝမှာ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံးပြီးသောတာပန် ဖြစ်နိုင်ပုံကို ရှင်းထားသည် [နှာ-၄၁၈]။

ဘုရားက ထိုသို့ ဝိပဿနာ ရှုပြီး သေသူမှာ နတ်ပြည် ရောက်တာကနောက်၊ သောတာပန် ဖြစ်တာက အလျင် စောနေသည်ဟု ဟောကြောင်း ဖော်ပြသည်။ အင်္ဂုတ္တိုရ်မှာ ဤအတိုင်း ဘုရား ဟောသည် ဆို၏ [နှာ-၄၁၉]။ ဤကားသေနည်းသင် တရား ဖြစ်သည်။ ခန္ဓာမှာ ဝေဒနာ ဖြစ်ပြီး ချက်ချင်း ဝေဒနာပျောက်တတ်ပုံကို ပြသည်။ ဖြစ်ပျက် မြင်သဖြင့် ဝေဒနာက္ခန္ဓာ ချုပ်သည်။ ခန္ဓာချုပ်လျှင် နောက်က လိုက်မည့် တဏှာလည်း ချုပ်တော့သည် [နှာ-၄၂၂]။ ဝိပဿနာဉာဏ်သည် ခန္ဓာနှင့် တဏှာကို စွန့်ကြောင်း ထပ်ပြသည်။ ဝိပဿနာမဂ်ကနေ လောကုတ္တရာမဂ် ပေါ်လာသည်။ ပေါ်လာတော့ ခန္ဓာ စွန့်၊ တဏှာ စွန့်ပြီးနိဗ္ဗာန်ကို မြင်တော့သည် [နှာ-၄၂၃]။ ထိုအခါ သောတာပန် တည်တော့သည်။ ဝိပဿနာ မဂ်က နိဗ္ဗာန် မမြင်ဘူး။ လောကုတ္တရာ မဂ်ကသာ နိဗ္ဗာန်ကို မြင်သည် [နှာ-၄၂၄]။ ဖြစ်ပျက်ဆုံး နိဗ္ဗာန် မြင်ကြအောင် အလုပ် လုပ်ရမည်ဟု ဆိုသည် [နှာ-၄၂၅]။ ဖြစ်ပျက် မရှိတာ သိတာသည် ခန္ဓာ စွန့်ခြင်းကို သိတာ ဖြစ်သည်။ ခန္ဓာ ဆုံး၊ ဖြစ်ပျက် ဆုံးခြင်းသည် နိဗ္ဗာန် မြင်ခြင်း ဖြစ်သည် [နှာ-၄၂၆]။ လောကုတ္တရာမဂ် ဘယ်လို ကျတယ်ဆိုတာ ပြတာ၊ မှတ်တိုင် ပါသော ခရီးလမ်းကိုပြခြင်း ဖြစ်ကြောင်း ဟောထားသည် [နှာ-၄၂၇]။ တဏှာ သခ်ယ သုတ်မှာ ခယ၊ ဝယ ဖြစ်ပျက် အဆုံး ရောက်ရင် နိဗ္ဗာန်ဟု မှတ်ရမည်ဟု ဟောထားကြောင်းဆိုသည် [နှာ-၄၂၇]။ ဖြစ်ပျက် ဆုံးတာ နိဗ္ဗာန်ပဲ[နှာ-၄၂၈]။

သိကြားမင်းက တဏှာ ကုန်သော နိဗ္ဗာန်ကို အမြန် ရောက်ချင်ပါသည်ဟု လျှောက်သည်။ ဘုရားက ဖြစ်ပျက် ဆုံးအောင် ရှု၊ နိဗ္ဗာန်ကို မျက်မှောက် ပြုကြောင်းဟောသည်။ ဒုက္ခ သိမ်းသော သဘောသည် နိဗ္ဗာန် ဖြစ်သည်ဟု မှတ်ပါဟု ဆို၏ [နှာ-၄၂၉]။ ပြီးမှ မဂ်က တစ်ကြိမ်သာ ကျသည်၊ နောက်က ဖိုလ်ကသာ နှစ်ကြိမ်သုံးကြိမ် ပေါ်နိုင်ကြောင်း ဟောသည် [နှာ-၄၃၀]။ နောက်က ချုပ်ပြီဟု သိခြင်းသည်ပစ္စဝေက္ခဏာဉာဏ် ဖြစ်သည်။ ဤတွင် အချိန်စေ့၍ တရား သိမ်းလေသည်။

*

http://www.dhammadownload.com



## ၁၀။ ဒိဋ္ဌိ သုံးပါး ကွာရေး ဒေသနာ

[ ၁၂-၁၀-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း ဓမ္မာရုံမှာ ဟောသော တရား ]

သိကြားမင်းကို မြတ်စွာဘုရားက ဝေဒနာ နုပဿနာ ရှုပြီး နိဗ္ဗာန် ဝင်ပုံ၊ တဏှာ ကုန်ပုံ၊ စူဠ တဏှာသင်္ခယသုတ် ဟောကြောင်း အစ ချီ၍ ဤတရားကို ဟောကြားတော် မူသည်။ ဝေဒနာ ဖြစ်ပျက် မြင်လျှင် ဝေဒနာ မုန်း၊ ဝေဒနာ ဆုံး ရောက်ပုံကို ထပ်မံ ဟောသည်။ ကိုယ့် ခန္ဓာ အသေ ကိုယ်မြင်လို့ ပုန်းတာဟု ဆိုသည်။ ဝေဒနာ ဆုံးလျှင် ခန္ဓာ ရှိလျက် ကိလေသာ ပရိနိဗ္ဗာန် ခံသည့် အတွက် နိဗ္ဗာန် မြင်ရကြောင်း ဟောသည် [ နှာ-၄၃၆ ]။ 'ဝေဒနာနံ ခယာ ဘိက္ခု နိစ္ဆာတော၊ ပိရိနိဗ္ဗုတော' ဂါထာကို ထောက်၍ ဟောသည်။ ထို့နောက် မူလ ပဏ္ဏာသ ပါဠိတော် မှာ လာသော မဟာ တဏှာ သင်္ခယ သုတ်ကို ဟောပြန်သည်။ ဟောရာ၌ ဒိဋ္ဌိ သုံးမျိုး အကြောင်း စတင် ဟောသည်။ ဒိဋ္ဌိ ခွာရန် အတွက် ဖြစ်သည်။ ဒိဋ္ဌိ သုံးမျိုးကို ဝမ်းထဲမှာ ရှင်းမထားဘဲ ဝိပဿနာ အားထုတ်ပါက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရနိုင်ကြောင်း ထပ်ပြောပြန်သည် [ နှာ-၄၃၇ ]။ နိဗ္ဗာန် မရဘဲ သံသရာမှာ ကြာခဲ့တာ သည် ဒိဋ္ဌိကြောင့် ဖြစ်ကြောင်း ထပ်ဟောသည် [ နှာ-၄၃၈ ]။ ဒိဋ္ဌိ သုံးမျိုးသည် မဂ္ဂန္တရာယ်ဟု ဆိုသည်။

ထို့နောက် စားချင်စိတ် ပေါ်ပုံကို ဥပမာပြ ဟောသည်။ အကြောင်း တိုက်ဆိုင် မှ ထိုစိတ် ပေါ်ပုံကို ပြသည်။ လက်ဝါး နှစ်ဖက် ရိုက်လိုက်မှ (လက်ခုပ် တီးမှ) အသံ မြည်ပုံနှင့် စားချင်စိတ် ပေါ်ပုံကို ယှဉ်နှိုင်း ပြသည် [ နှာ-၄၄၂ ]။ စားချင်စိတ် သည် အကြောင်း တိုက်ဆိုင်မှသာ ပေါ်သည်။ 'မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနော ဝိညာဏံ' သဘောကို ရှင်းပြသည် [ နှာ-၄၄၃ ]။ စိတ် ပေါ်သရွေ့ အကြောင်း နှစ်ခု တိုက်ဆိုင်မှ ပေါ်သည်ကို ပြခြင်း ဖြစ်၏။ သို့သော် အကြောင်း တိုက်ဆိုင်၍ ပေါ်သော စိတ်သည် ပေါ်ပြီး ပျောက်တတ်သည်။ စိတ်၏ ဖြစ်ပြီး ပျက်တတ်သော သဘော ရှိပုံကို ရှင်းထားသည်။ အာဂန္တု သဘော ရှိသည်ဟု ဆိုသည် [ နှာ- ၄၄၅ ]။ စိတ်၏ အနိစ္စ သဘော ရှိပုံကို ပြခြင်းဖြစ်၏။

ထို အကြောင်း တိုက်ဆိုင်မှ ပေါ်လာပြီး ပျောက်ပျက်တတ်သော စိတ်သည် ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်ကြောင်း ရှင်းပြန်သည်။ စိတ် ဖြစ်ပေါ်ပုံကို မီးခြစ်ခွံ၊ မီးခြစ်ဆံ နှစ်ခု ထိခိုက်မှ ပေါ်လာသော မီးတောက်နှင့် တူကြောင်း ပြပြန်သည် [ နှာ-၄၄၈ ]။ ဒိဋ္ဌိ ဖြုတ်နေခြင်း ဖြစ်သည်။ စိတ် ပေါ်ပြီး ပျက်သွားတာ မြင်လျှင်

http://www.dhammadownload.com



ခိုင်သည်၊ မြဲသည် ထင်သော သဿတ ဒိဋ္ဌိ ပြုတ်သည်။ သို့သော် စိတ်တစ်ခု ပျက်သွားလျှင် နောက်စိတ် တစ်ခုက ပေါ်လာသည်။ အစားထိုး လာပြန်သည်။ ထိုသဘောကို သိလျှင် ဥစ္ဆေဒ ဒိဋ္ဌိ ပြုတ်ပြန်သည် [နှာ-၄၅၁]။ စိတ် အစဉ် ပြတ်သည်။ တစ်ခု ပျက်ပြီးလျှင် နောက်မလာတော့ဟု ဆိုလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်။ [နှာ-၄၅၂]။ စိတ်တစ်ခု ပျောက်၊ နောက်စိတ် တစ်ခု အစားထိုးလာမှန်း သိလျှင် ဥစ္ဆေဒ ဒိဋ္ဌိ ပြုတ်တော့သည်။ ဤကား ဒိဋ္ဌိ သုံးမျိုးကို အသိနှင့် ခွာခြင်း ဖြစ်သည် [နှာ-၄၅၅]။ ဉာတ ပရိညာ ခေါ်သည်။ အလုပ်နှင့် ခွာလျှင် တီရဏ ပရိညာ ခေါ်သည်။ မဂ်နှင့် ပယ်လျှင် ပဟာန ပရိညာ ခေါ်ကြောင်း ရှင်းပြန်သည်။

ဒိဋ္ဌိ သုံးမျိုးကို ပယ်ခြင်းသည် အပါယ်တံခါး ပိတ်၍ နိဗ္ဗာန်တံခါး ပွင့်သွားခြင်း ဖြစ်သည် ဆို၏ [နှာ-၄၅၇]။ ဒိဋ္ဌိကို ဉာဏ်နှင့် သတ်ရကြောင်း ဟောသည် [နှာ-၄၅၈]။ စိတ်သည် ဖြစ်ပြီး ပျက်ပုံကို ပြသည်။ စိတ်တစ်ခု ပျက်ပြီး အစားထိုး လာသော နောက် စိတ်နှင့် အသက်ရှင်ပုံကို ပြသည်။ သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိကို ပယ်သော အမြင်ကို ပြသည်။ [နှာ-၄၆၂]။ ဒိဋ္ဌိ သုံးမျိုး ပယ်ပုံကို ပြပြီးနောက် အကြောင်းရှိလျှင် အကျိုးဖြစ်ပုံ၊ အကြောင်းချုပ်လျှင် အကျိုး ချုပ်ပုံကို ဆက်ဟော သည် [နှာ-၄၆၃]။ ထို့နောက် ပုထုဇဉ်တွေမှာ တဏှာ ကြောင့် ကိစ္စ ကြီး၊ ငယ် ရှိနေကြပုံများကို သရုပ် ပါအောင် ထုတ်ဖော်၍ ဟောသည်။ ဉာဏ်နဲ့ တဏှာ စစ်ထိုးခိုင်း နေတာဟု ဟောသည် [နှာ-၄၇၃]။ တဏှာစကား နားထောင်ပြီး လိုက် လုပ် နေသရွေ့ နိဗ္ဗာန် မရဘူးဟု ဆိုသည်။ လူတွေမှာ တဏှာ ခိုင်းသမျှ လိုက် လုပ်နေတာကို မရှက်တတ်ကြောင်း ပြသည် [နှာ-၄၇၄]။ မရှက်တတ်မှ တဏှာနှင့် စစ်ထိုးမည်ဟု ဆိုသည်။ လောဘနှင့် ဒိဋ္ဌိဟာ တွဲလာသည် ဟုလည်း ပြသည် [နှာ-၄၇၆]။

ထို့နောက် စိတ် အစဉ် မပြတ် ဖြစ်နေပုံကို ဟောသည်။ စုတိ စိတ်နောက် ပဋိသန္ဓေ စိတ်ဖြစ်၊ ပဋိသန္ဓေ စိတ်နောက် ဘဝင် စိတ်တွေ ဆက်ဖြစ်ပုံကို ဟောသည် [နှာ-၄၇၈]။ စိတ်အစဉ်တွေ အကုန်ပြတ်မှ နိဗ္ဗာန် ရကြောင်းလည်း ဟောသည်။ ဝိညာဉ် စိတ်တွေသည် ဘယ်နေရာ ပေါ်ပေါ် ပေါ်သော နေရာမှာပင် ပျက်သည်၊ ခိုင်သည်၊ မြဲသည် မရှိကြောင်း ပြသည် [နှာ-၄၈၄]။ ထို့နောက် သဿတ ဒိဋ္ဌိ သမားများက အသက် ထွက်သည်၊ ဘဝ ပြောင်းသည်ဟု ပြောတတ်ကြောင်း၊ ဗုဒ္ဓသာသနာ အလိုမှာ ဘဝ ပြောင်းလဲ မရှိ၊ အသက် ထွက်စရာ အသက် ဝိညာဉ် လည်း မရှိကြောင်း ဟောသည်။ စုတိ ပဋိသန္ဓေပဲ ရှိသည်။ အချိန်စေ့၍ တရား နားလိုက်သည်။

*

http://www.dhammadownload.com



## ၁၁။ ဗုဒ္ဓဘာသာဝင်တွေမှာ ရှိနေတတ်သည့် ဒိဋ္ဌိ ဖြုတ်နည်း

[ ၁၃–၁၀–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသော တရား ]

နိဗ္ဗာန် ကန့်ကွက်သော တရားသည် ဒိဋ္ဌိ ဖြစ်ကြောင်း မနေ့က ဟောခဲ့သည်ဟု အစချီ၍ ဤတရားကို ဟောတော်မူသည်။ ဒိဋ္ဌိသုံးမျိုး ပြန်ဟောသည်။ ဝိပဿနာ အလုပ် လုပ်တော့မည် ဆိုလျှင် ဒိဋ္ဌိ သုံးမျိုး ဖြုတ်ပြီး ခန္ဓာဉာဏ် လှည့်ပါ ဆိုသည်။ ခန္ဓာက အနိစ္စကို ပြတာ တွေ့မည်။ ဒုက္ခကို ပြတာ တွေ့မည်။ အနတ္တ ပြတာကို တွေ့မည်။ ထို့နောက် ဘုရား လက်ထက်က သာတိ ရဟန်း ဝတ္ထုကို ဆက်ဟောသည်။ ဘုရားက ဇာတ်ကြီး ဆယ်ဘွဲ့မှာ တစ်ဘဝပြီး တစ်ဘဝ ဖြစ်သည် ဆိုသောကြောင့် သာတိ စိတ်ထဲတွင် သေလျှင် ကျန် ခန္ဓာ ၄ ပါးသာ ချုပ်သည်။ ဝိညာဏက္ခန္ဓာက မချုပ်ဘဲ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့၍ တည်နေသည်ဟု နားလည်နေလေသည် [ နှာ–၄၈၈ ]။ သာတိမှာ သဿတ ဒိဋ္ဌိ ဝင်ကပ်နေသည်။ သာတိသည် သူ့ အယူအဆကို တခြား ရဟန်းများအားလည်း ထုတ်ဖော် ပြောဆိုလေသည်။ သဿတ ဒိဋ္ဌိ ဗုဒ္ဓ ဘာသာဝင် တွေမှာ အားကြီးစွာ ရှိပုံကို ဟောလိုခြင်း ဖြစ်သည် [ နှာ–၄၉၁ ]။ ထိုအယူ ဗုဒ္ဓ၏ အယူမဟုတ်။ ထိုအယူကို ယူလျှင် ဗုဒ္ဓ ဘာသာဝင် မဟုတ်တော့ကြောင်း၊ မိစ္ဆာအယူ ဖြစ်ကြောင်း ပြသည် [ နှာ–၄၉၃ ]။

သဿတ ဒိဋ္ဌိ ဘုရား ပယ်သည်။ ဒိဋ္ဌိက နတ်ရွာ သုဂတိတော့ မကန့်ကွက်ပါ၊ ဒိဋ္ဌိ ရှိလျှင် နိဗ္ဗာန်ကိုသာ ကန့်ကွက်သည် [ နှာ–၄၉၄ ]။ သစ္စာကို ကန့်ကွက်သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ကန့်ကွက်သည်။ ဒိဋ္ဌိ ရှိလျှင်၊ ဝိပဿနာ အားထုတ်လျှင် ဘယ်တော့မှ နိဗ္ဗာန် မရကြောင်း အခိုင်အမာ ထပ်ပြောပြန်သည် [ နှာ–၄၉၅ ]။ သဿတ ဒိဋ္ဌိ၌ သာတိ ရဟန်း အစွဲ သန်နေပုံကို ပြသည်။။ ရဟန်းများက သာတိအား ဘုရား ထိုအယူ မရှိကြောင်း ပြောဆိုကြသော်လည်း သာတိက သူ့အယူ မှန်ကြောင်းသာ အခိုင်အမာ ပြောနေလေတော့သည်။ ထိုအခါ မြတ်စွာဘုရားက သာတိ ရဟန်းကို ခေါ်ပြီး ဆုံးမတော်မူရ လေသည်။ ပြီးမှ ပဋ္ဌာနဒ္ဒ္ဓရိယကာ ထက်ပင် ဒိဋ္ဌိက ပိုပြီး ကြောက်စရာ ကောင်းကြောင်း ဟောသည် [ နှာ–၅၀၅ ]။ ထို့နောက် အသက် ထွက်သည်ဟု မဆိုသင့်၊ ဝိညာဉ် ချုပ်သည်ဟု ဆိုသင့်ကြောင်း၊ ကံသတ္တိကြောင့် စုတိ ပဋိသန္ဓေ ဆက်ပုံကို ပြသည်။ ဖယောင်းတိုင် မီးကူးသော ဥပမာကို ပြသည်။ တစ်ဘဝနှင့် တစ်ဘဝ ဆက်စပ်ရာ၌ အထည် မလိုက်ဘဲ အကြောင်း အကျိုး ဆက်စပ်သည့် သဘောအမျှသာ ဖြစ်ကြောင်း ဟောသည် [ နှာ–၅၁၀ ]။

http://www.dhammadownload.com



တစ်ဘဝနှင့် တစ်ဘဝ ကံသတ္တိဖြင့် ဆက်စပ်ပုံကို ဥပမာများဖြင့် ပြသည်။ သာတိ ရဟန်းကမူ ဤဘဝက လူသေလျှင် သူ၏ ဝိညာဏက္ခန္ဓာက ဤဘဝ မှာတွင် မချုပ်ဘဲ ဟိုဘက် ဘဝ အထိ ပါသွားသည်။ ခန္ဓာ ပြောင်း၍ ဆက်လက် ရှင်သန် သွားသည်ဟု ယူဆနေပုံကို ဟောသည် [နှာ-၅၁၅]။ သာတိ အမြင်တွင် ဝိညာဉ်က မသေ။ မြဲသည်၊ ခိုင်သည်ဟု ယူဆနေသည်။ ဤပြဿနာသည် ရဟန်း သံဃာတော်များ ထံမှ တစ်ဆင့် မြတ်စွာဘုရား နားတော် ပေါက်သွားလေသည်။ ဘုရားက သာတိ ရဟန်းကို ခေါ်စစ်သည်။ သာတိ ရဟန်းက-

**'ယွာယံ ဘန္တေ ဝဒေါဝဒေယျော တတြ တတြ ကလျာဏပါ ပကာနံ ကမ္မာနံ ဝိပါကံ ဝေဒေတိ'** ဆိုပြီး ဖြေသည်။ စိတ်ဝိညာဉ် ကလေးသည် ဤဘဝ ထိုဘဝသို့ ပြောင်းပါသည်။ ရောက်ရာ ဘဝမှာ စကားလည်း ပြောပါသည်။ ကောင်းမှု၊ မကောင်းမှုကိုလည်း သူ ခံစားပါသည်ဟု ဖြေခြင်း ဖြစ်သည် [နှာ- ၅၁၅]။ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့အား သင်တို့ ကလည်း ဝိညာဉ် မြဲ သည်၊ ခိုင်သည်၊ ဘဝ ကူးသည်ဟု ယူကြသလားဟု မေးတော်မူသည်။ မယူကြပါ ကြောင်း ရဟန်းများက ဖြေသည်။ ထိုအခါမှ ဘုရားက သာတိမှာ သဿတ ဒိဋ္ဌိ ဖြစ်နေကြောင်း၊ သဗ္ဗေ သင်္ခါရာ အနိစ္စာဟူသော ငါဘုရား ဟောကြောင်း ရှင်းချက် ထုတ်လေသည်။ ဘုရားက သူသည် သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာဟူသော အကြိမ်ကြိမ် ဟောဖူးကြောင်း၊ ဟိုဘဝ သည်ဘဝ ဝိညာဉ် ကူးပြောင်းသည်ဟု တစ်ခါမှ မဟောဘူးကြောင်း ရှင်းပြ တော် မူရသည် [နှာ-၅၁၆]။ ဘုရားက ဤဒိဋ္ဌိ အမှားသည် အမိသတ်သော အပြစ်လောက် ကြီးကြောင်း ဟောတော်မူသည် ဆို၏။ ထိုအမြင်သည် သစ္စာနှင့် ဆန့်ကျင် ကန့်လန့် ဖီလာ ကျသော အမြင် ဖြစ်သည်။ ထိုဒိဋ္ဌိကြောင့် မဂ်၊ ဖိုလ် မှ အချည်းနှီး ဖြစ်ရသည်။

ထို့နောက် မြတ်စွာဘုရားက သာတိ အယူ မှန်အောင် ဒိဋ္ဌိ ဖြုတ်သော တရားကို ဟောရသည်။ မိမိတို့ သန္တာန်မှာ ဝိညာဏ် ခြောက်မျိုး ရှိသည်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာ၊ ကောင်းစိတ် စသည် ဖြစ်၏။ ကာယ ဝိညာဉ်က သုခနှင့် အတူ ဖြစ်တာ၊ ဒုက္ခနှင့် အတူဖြစ်တာ နှစ်မျိုး ရှိကြောင်း ရှင်းသည်။ ပဋိဂ်ညာဉ်၊ ဝိညာဉ် ငါးမျိုးဟုလည်း ယူနိုင်သည်။ မနောက တွေးစိတ်၊ ကြံစိတ်၊ ဓမ္မာရုံနှင့် တိုက်မှ ပေါ်သည်။ မနော ဝိညာဉ်ထည့်ပြီး ဝိညာဉ် ခြောက်ပါးဟု ယူနိုင်သည်။ ထို ဝိညာဉ် ခြောက်ပါး ဆိုသော်လည်း

http://www.dhammadownload.com



ခန္ဓာမှာ ပေါ်သောအခါ တစ်ပါးတည်းသာ ပေါ်နိုင်ကြောင်း ပြသည် /နာ-၅၂၂/။ ပေါ်သော ဝိညာဉ် တစ်ခုကလည်း မြဲသော၊ ခိုင်သော သဘောမရှိ၊ ဖြစ်ပြီး ပျက်တတ်သည်သာ။ ဝိညာဉ်စိတ်ကလည်း အကြောင်း တိုက်ဆိုင်မှသာ ပေါ်ရသည်။ (စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ)။ ဝိညာဉ်ဆို ဘယ်ဝိညာဉ်ပဲ ဖြစ်ဖြစ် ဖြစ်ပြီး ပျက်ကြသည်ချည်း ဖြစ်၏။ ဝိညာဉ်သည် မမြဲသော တရား ဖြစ်လေသောကြောင့် ဘယ်နည်းနှင့်မှ အမိ ဝမ်းခေါင်း ပြောင်း၍ တည်သော သဘော မရှိပုံကို ရှင်းပြသည်။ /နာ-၅၂၄/။

လူတွေက ဤဝိညာဉ်ကလေးကို အသက်ဟု ခေါ်နေကြကြောင်း ဟောသည်။ ထိုဝိညာဉ်သည် အနိစ္စ ရောက်လျှင် ထိုနေရာမှာပင် ချုပ်သည်။ ဘယ်ကိုမှ မပြောင်းနိုင်ကြောင်း ဟောသည်။ ဝင်လေ စိတ်၊ ထွက်လေ စိတ်မှာ နောက်တစ်ခါ ဝင်လေ စိတ် မလာလျှင် သေနိုင်ပုံကို ပြသည် [နာ-၅၂၈]။ ပြီးမှ လူတွေ ပြောရိုး ရှိသလို အသက် ထွက်တယ်၊ ဘဝ ပြောင်းတယ် ဆိုသော စကားများ မှားနေပုံကို ပြသည်။ ထိုစကားများမှာ သဿတ ဒိဋ္ဌိသံများ ဖြစ်ကြောင်း ရှင်းထားသည်။ ဤကား သဿတ ဒိဋ္ဌိ ဖြုတ်ပုံ ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် အများ စိတ်မှာ သဿတ ဒိဋ္ဌိ ရှိနေသဖြင့် ထိုဒိဋ္ဌိကို ဖြုတ်ရန် ဤတရားကို ဟောခြင်း ဖြစ်သည်။ အချိန် စေ့၍ တရား နားလိုက်သည်။

*

## ၁၂။ ပဋ္ဌာန်းနည်း၊ သဒ္ဓိစ္စ သမုပ္ပါဒ် နည်း၊ သစ္စာ နည်းဖြင့် ဒုက္ခသစ္စာ ထင်အောင် ဟောပုံ

[ ၁၄-၁၀-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း ဓမ္မာရုံတွင် ဟောသော တရား ]

ဒိဋ္ဌိသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ကန့်ကွက်ကြောင်း၊ နတ်ရွာ သုဂတိ မကန့်ကွက်ကြောင်းဖြင့် အချိုလျက် ဤတရားကို ဟောတော်မူသည်။ ဒိဋ္ဌိနှင့် တဏှာမှာ ဒိဋ္ဌိ အရင် ခွာပါဟု ဆိုသည်။ ဒိဋ္ဌိက ခန္ဓာမှာ ကပ်နေသည်။ မဟာတဏှာ သင်္ခယသုတ်သည် သာတိ ရဟန်းကို အကြောင်းပြုပြီး မြတ်စွာဘုရား ဟောကြားတော် မူသည်။ သာတိ ရဟန်း သဿတ ဒိဋ္ဌိ ယူပုံကို ထပ်ဟောပြန်သည် [နာ-၅၃၃/။ ဝိညာဉ် ဘဝ ကူးပြောင်းသည်ဟု သာတိ ရဟန်း သဿတ ဒိဋ္ဌိ ယူထားပုံကို ထပ်ဟောပြန်သည်။ ဤတရားစွင် ဝိညာဉ်၏ သဘောကို နားလည်မှ ဒိဋ္ဌိ

http://www.dhammadownload.com



ပယ်ခွာနိုင်ပုံကို အရေးထား ဟောကြားခြင်း ဖြစ်သည်။ ဝိညာဉ် ခြောက်မျိုး ရှိကြောင်း ထပ်ပြပြန်သည်။ (ရှေ့က တရားမှာလည်း ပြခဲ့ပြီ) ဝိညာဉ်သည် ဘဝ မပြောင်းဘူး၊ ဘဝ မကူးဘူး ဆိုတာ သိရမည် [နှာ-၅၃၆]။ ဝိညာဉ်သည် သူဖြစ်သည့် နေရာမှာပင် ပျက်သည်။ ဤသို့ သိမှာ သဿတ ဒိဋ္ဌိ ပြုတ်သည်။

ထို့နောက် ဒိဋ္ဌိ မစွာဘဲနှင့် စိတ်၊ ဝေဒနာ အပေါ် ဝိပဿနာ ရှုနိုင်းလျှင်များကြောင်း ထပ်ဟောပြန်သည်။ ဒိဋ္ဌိဖြင့် ဝိပဿနာ ရှုလျှင် မဂ်မရကြောင်း ထပ်ဟောခြင်း ဖြစ်၏။ တရား အားထုတ်ရာမှာ အစီအစဉ် ကျဖို့ လိုသည်။ ဝိညာဉ်ဆိုတာ စိတ်ပဲ။ စိတ်သည်လည်း ခြောက်မျိုးပင် ဖြစ်သည်။ *[နှာ-၅၄၀]*။ ဝိညာဉ် ခြောက်ပါးပင် ဖြစ်၏။ စက္ခုဝိညာဉ် (မြင်စိတ်) ပေါ်ပုံကို ထပ်ဟောပြန်သည်။ ထို့နောက် မြင်စိတ် ဖြစ်ပေါ်ပုံကို ပဋ္ဌာန်းနည်း (ပုရေဇာတ ပစ္စယ) ဖြင့် ရှင်းပြသည် [နှာ-၅၄၅]။ မျက်စိ အကြည့် အဆင်း ရုပ်ကို အကြောင်းပြုပြီး မြင်စိတ် ဖြစ်ပေါ်ပုံကို ရှေ့က အကြောင်း နောက်က အကျိုး ဖြစ်ပုံ သဘောဖြင့် ရှင်းပြသည် [နှာ-၅၄၇]။ ထိုမြင်စိတ်သည် သူ့အလိုလို ရှိတာ မဟုတ်၊ အကြောင်း ပြုပြင်မှ ပေါ်သော တရား ဖြစ်သည်ကို ပြသည်။ ထိုစက္ခု ဝိညာဉ်သည် ဖြစ်ပြီးလျှင် ပျက်ပြန်ကြောင်း ပြသည်။ သာတိ ရဟန်း ယူဆသလို မမြဲကြောင်း ပြသည် [နှာ-၅၄၉]။ အကြောင်းနှစ်ခု တိုက်လျှင် မြင်စိတ် ပေါ်သည်။ အကြောင်း တစ်ခု ချုပ်လျှင် မြင်စိတ် ချုပ်သည်။ ဖြစ်ပြီး ပျက်သော ဓမ္မပဲဟုဆိုသည်။

ဒါကြောင့် ဝိညာဉ်သည် ဘဝ တစ်ခုမှ တစ်ခုသို့ ရွှေ့သည်၊ ပြောင်းသည် ဆိုတာ မဟုတ်နိုင်ကြောင်းကို ဟောခြင်း ဖြစ်၏။ ထို့နောက် ဒိဋ္ဌိခွာနည်းကို ပြမည် ဆိုလျှင် ပဋိစ္စသမုပ္ပါဒ် ပါမှ ဖြစ်နိုင်ကြောင်း ပြသည်။ သို့မဟုတ်လျှင် ပဋ္ဌာန်း ပါမှ ဖြစ်ကြောင်း ဟောသည်။ ဤသို့ ဟောနေခြင်းမှာ မြင်စိတ်ကလေးကို ဖြစ်ပျက် ရှုတတ်စေချင်၍ ဟောနေကြောင်း မိန့်ထားသည် [နှာ-၅၅၁]။ ပဋ္ဌာန်းနည်း ပြီးပြန်တော့ ပဋိစ္စသမုပ္ပါဒ် နည်းကို ဟောပြန်သည်။ 'စက္ခုံစ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ' ဖြင့် ရှင်းပြသည်။ မျက်လုံးနှင့် အဆင်း ပေါင်းမှ မြင်စိတ် ပေါ်သည့် သဘောကို ရှင်းလိုခြင်း ဖြစ်သည်။ [နှာ-၅၅၁] သစ္စာ ဖွဲ့လိုက်လျှင် ဤဖြစ်စဉ်သည် ဒုက္ခသစ္စာပင် ဖြစ်သည်။ ဝိညာဏက္ခန္ဓာ ဒုက္ခသစ္စာပင် ဖြစ်သည်။ ဝိညာဏက္ခန္ဓာ ဖြစ်ပြီး ပျက်တာကြောင့် ဒုက္ခသစ္စာပင် ဖြစ်ကြောင်း သစ္စာ ဖွဲ့ပြသည်။ မြင်စိတ်က ဖြစ်ပျက်၊ သိတာက မဂ် ကိုက်သွားသည်။ ဝိပဿနာမဂ် ဖြစ်လျှင် ပဋိစ္စသမုပ္ပါဒ် ပြတ်သည် [နှာ-၅၅၄]။ ရှုဉာဏ်က ဒုက္ခသစ္စာကို သိသည်။ သစ္စာ

http://www.dhammadownload.com



ကို သိသောဉာဏ် ဖြစ်သည်။ သောတာပန် တည်တာ သစ္စာသိမှ တည်သည်ဟု ပြသည် [နှာ-၅၅၆]။ ထို့နောက် သစ္စာနှင့် ပတ်သက်ပြီး အလျဉ်း သင့်၍ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားနှင့် ကာလဒေဝီလ ရသေ့ကြီး အကြောင်းကို ဆက်စပ် ဟောပြန် သည်။ သစ္စာတရား မနာရဘဲ သေဟန်ကို သိ၍ ငိုပုံပြော၊ သစ္စာနှင့် လွဲသွားလျှင် ဘဝရှုံးပုံ၊ ဥဒကနှင့် အာဠာရ ရသေ့များ အကြောင်း ဟောပြန်သည် [နှာ-၅၅၉]။ နောက်ဆုံး ခန္ဓာ ဒုက္ခသစ္စာ ဖြစ်ကြောင်း ပေါ်အောင် ဟောပြီး ထိုဝိညာဉ်စိတ် ဒုက္ခသစ္စာကို ရှုရမည်။ ဘာစိတ်ပေါ်ပေါ် ရှုရမည်။ အားလုံး ဒုက္ခသစ္စာချည်းပဲဟု သိအောင် ရှုရမည်။ ဖြစ်ပျက် ဒုက္ခသစ္စာချည်း ဖြစ်သည်။ သစ္စာလေးချက် ဖြစ်ပုံကို ပြရင်း အချိန် စေ့၍ တရား နားလိုက်သည်။

*

## ၁၃။ ဝိညာဏ် အပေါ် သဿတ ဒိဋ္ဌိ ဖြုတ်ရန် သာတိဝတ္ထု

[ ၁၅-၁၀-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသော တရား ]

ဝိပဿနာဉာဏ် ပြီးလျှင် မဂ်ဉာဏ် လာသည်ဟု မှတ်ပါ အစချီ၍ ဤတရားကို ဟောကြားတော်မူပါသည်။ ဒါကြောင့် ဝိပဿနာဉာဏ် ရှေ့ဦး တွေ့ဖို့သာ အရေးကြီးသည်ဟု ဟောသည်။ ခန္ဓာထဲမှာ စိတ်ကလေးတွေ ပေါ်လိုက် ပျောက်လိုက် မြင်ရတာ ဝိပဿနာ ဉာဏ်ပဲဟု ဆိုသည်။ စိတ္တာ နုပဿနာမှာ ရှေ့စိတ်ကို နောက်စိတ် (ရှုဉာဏ်)နှင့် ကြည့်လိုက်ပြီ ဆိုပါက ပေါ်ပြီး ပျောက်သွားတာ တွေ့မည်။ ဒါ ဝိပဿနာဉာဏ်၊ ဝိပဿနာဉာဏ် ပြီးလျှင် မဂ်ဉာဏ် လာမည်ဟု ဟောသည် [နှာ-၅၇၅]။ ဒါကြောင့် ယောဂီ အနေဖြင့် ဝိပဿနာဉာဏ် လာဖို့ပဲ ဂရုစိုက်ရမည်။ မဂ်ဉာဏ် လာတာက ဓမ္မ၏ အလုပ် ဖြစ်ကြောင်း ပြသည်။ နှစ်ဉာဏ်တည်းဖြင့် သွားနိုင်ကြောင်း ပြခြင်း ဖြစ်၏။ ဘာမှ အထူးအထွေ ကြံစည် မနေနှင့်၊ ဝိပဿနာ ဉာဏ် ရရင် ပြီးတာပဲဟု ပြတ်သားစွာ ဆိုထားသည် [နှာ-၅၇၆]။

ဝိပဿနာဉာဏ် ရလျှင် မဂ်ဉာဏ် အလိုလို ပေါ်တယ်။ ဝိပဿနာ လုပ်ရင်း မဂ်ပေါ်ပါစေ။ မတောင့်တနှင့် မမျှော်လင့်နှင့်၊ မျှော်လင့်လျှင် နိကန္တိ ဖြစ်သည် ဆို၏ [နှာ-၅၇၈]။ တဏှာ ကြားခို သွားသည်။ ဝိပဿနာဉာဏ် မဆုံးတော့ဘူးဟု မိန့်ထားသည်။ အဆုံးအမ လက်တွေ့ ကျလှသည်။ ခန္ဓာက ဖြစ်ပျက်၊ သိတာက မဂ်၊ ရှေ့က ဖြစ်ပျက်၊ နောက်က မဂ်နှင့်သာ လိုက်နေဖို့ပဲလိုသည်။ ထိုသို့ ဖြစ်ပျက်

http://www.dhammadownload.com



မင်္ဂ လိုက်နေလျှင် အဝိဇ္ဇာ ပါးသည်။ ဒိဋ္ဌိ ပျောက်သည်။ တဏှာ သေသည် [ နှာ-၅၇၉ ]။ လူတွေက သားရေး၊ သမီးရေး၊ စီးပွားရေးကို ဦးစားပေး လုပ်တတ်သည်။ ဆရာတော်က ဝိပဿနာ အလုပ်ကို အလျင် ဦးစားပေး လုပ်ပြီးမှ သားရေး၊ သမီးရေး၊ စီးပွားရေးကို နောက်ထား လုပ်စေချင်သည် [ နှာ-၅၈၀ ]။ ဝိပဿနာ အားထုတ်တာ ဘယ်လောက် ကြာမလဲ မေးလျှင် ကိလေသာ ထူပြောသူမှာ ကြာသည်။ ကိလေသာ ပါးသူမှာ မြန်သည်။ ဘယ်လောက် ကြာသည်မှာ မိမိ အပေါ် တည်ကြောင်း ဟောသည် [ နှာ-၅၈၁ ]။ ဝိပဿနာ အလုပ်သည် ပါရမီနှင့် မဆိုင်၊ ပါရမီ မရှုပါနှင့်ဟု တားသည်။ ဖြစ်ပျက်မြင်လျှင် ပါရမီ ပြည့်ပြီးသား မှတ်ပါဟု ဆိုသည် [ နှာ-၅၈၃ ]။ သံယုတ် အဋ္ဌကထာမှာ ဤအတိုင်း လာကြောင်း ကျမ်းကိုးထားသည်။

'ဝိပဿနာ ဉာဏံ၊ အနိစ္စ ဒိဝသေန၊ ခန္ဓာဒိသုဝိသော ဓိတေသု' ဝိပဿနာ ဉာဏ်သည် ခန္ဓာ အနိစ္စကို၊ ဖြစ်ပျက်ကို ရှင်းရှင်း မြင်ပြီး နောက်တွင် ဖြစ်ပျက်ကို ထိုဉာဏ်က စွန့်ပစ်လိုက်ကြောင်း ပါဠိ အထောက်အထား ပြ၍ ဟောထားသည် [ နှာ-၅၈၅ ]။ ဝိပဿနာ ဉာဏ်က ဖြစ်ပျက် မြင်ပြီး ဖြစ်ပျက်ကို စွန့်ပစ်လိုက်သော အခါ နိဗ္ဗာန် မြင်သော မဂ်ဉာဏ် ဖျတ်ခနဲ ပေါ်လာသည် ဆို၏။ သံယုတ် အဋ္ဌကထာ စကား အရ ဆိုလျှင် နှစ်ဉာဏ်တည်းနှင့် ပြီးကြောင်း ဟောသည် [ နှာ-၅၈၈ ]။ ဝိပဿနာဉာဏ်ပြီး မဂ်စိတ် အနုတ္တရ ပစ္စည်းဖြင့် ဖြစ်ပုံကို ဥပမာ ပြ၍ ဟောထားသည် [ နှာ-၅၉၀ ]။ သာတိ ဝတ္ထုကို မဟောခင် အလုပ်စဉ်ကို ပြတာဟု ဆိုသည် [ နှာ-၅၉၂ ]။ ဝိပဿနာဉာဏ်နှင့် သေသွားလျှင် တစ်ဘဝ ပဋိသန္ဓေ နေရမည်။ ထိုဘဝကျမှ မဂ်ဉာဏ် ရမည်ဟု ဆို၏။ တစ်ဘဝ ပဋိသန္ဓေ နေရသော အဖြစ်ကို ဘုရား မနှစ်သက်ကြောင်း ဟောသည် [ နှာ-၅၉၃ ]။ ဖြစ်ပျက် မြင်ပြီး ဖြစ်ပျက် မဆုံးနိုင်ဘဲ ကြာနေတာသည် ကိလေသာ ထူနေ၍ ဖြစ်ကြောင်း ရှင်းထားသည် [ နှာ-၆၀၄ ]။ ကိလေသာ ကြားထိုး နေလို့ ကြာတာဟု ဆိုသည်။ ပြီးနောက် သာတိ ရဟန်း အကြောင်းကို ဆက်သည်။ သာတိမှာ သဿတ ဒိဋ္ဌိ ခံနေသည်။ ဝိညာဉ် မသေဘူး၊ ဝိညာဉ်က ဘဝကူးသည်ဟု ယုံကြည်နေသည်။ ဗုဒ္ဓဘာသာတွေ ထဲမှာ သာတိလို လူတွေ များကြောင်း ဖော်ပြသည်။

ဆရာတော်က ဝိညာဉ်သည် ဖြစ်ပြီး ပျက်ကြောင်း ပြသည်။ ဝိညာဉ်သည် ဘဝ မကူးနိုင်ကြောင်း ပြသည်။ ထို့နောက် ဝိပဿနာမဂ် ရပြီးလျှင် လောကုတ္တရာ မဂ် လာမည် ဖြစ်ကြောင်း အခိုင်အမာ ထပ်ဟောပြန်သည် [ နှာ-၆၁၅ ]။ ဝိပဿနာ ဉာဏ်သည် ဖြစ်ပျက် မမြင်တော့မှ သူ့ ကိစ္စ ပြီးသည် ဆို၏ [ နှာ-၆၁၆ ]။ ဝိပဿနာ

http://www.dhammadownload.com



ကိစ္စ ပြီးသည်နှင့် လောကုတ္တရာမဂ် ပေါ်တော့သည်။ လောကုတ္တရာမဂ် ပေါ်တာနှင့် နိဗ္ဗာန်ကို မြင်သည်။ နိဗ္ဗာန် မြင်သည် ဆိုသည်မှာ ဒုက္ခ ချုပ်ပြီဟု သိခြင်း ဖြစ်၏။ ဒါဖြင့် ဝိပဿနာဉာဏ် ဘယ်တော့ ဆုံးမလဲ ဆိုလျှင် ဖြစ်ပျက် မမြင်တော့လျှင် ဆုံးပြီဟု ဆိုသည်။ ဆုံးသည်နှင့် လောကုတ္တရာ မဂ်ဉာဏ် အစားထိုး လာသည်။ ဝိပဿနာဉာဏ်က အနန္တရ ပစ္စည်း၊ မဂ်ဉာဏ်က အနန္တရ ပစ္စည်း၏ ပစ္စုပ္ပန်ဟု ဆိုသည် [နှာ-၆၁၉]။ အချိန်စေ့၍ တရား နားလိုက်သည်။

၀

ဤတွင် အလုပ်စဥ် တရား စာအုပ်အမှတ် (၂၁) ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်ပေးတရား

စာအုပ်အမှတ်(၂၂)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၂၂)

**နိဒါန်း**

ဤစာ နိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင်က ရေးသားခဲ့လေသည်။ ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်ကို ပထမ ပြသည်။ အနှစ် သုံးဆယ်ကျော် စာချနေပြီးမှ ဆရာတော် စိတ်ထဲတွင် နွားကျောင်း နေရပြီး နွားနို့ မသောက်ရသော နွားကျောင်းသား အဖြစ်နှင့် မိမိ တူနေသည်ဟု ခံစားရပြီး ခန္ဓာ ဉာဏ်ရောက် ပဋိပတ္တိ လုပ်ငန်းကို လုပ်ခဲ့လေသည်။ ထို့နောက် ကိုယ်တွေ့ ဝိပဿနာ တရားများကို တပည့် ဒကာများအား စတင် ဟောကြားသော အခါ မိရိုးဖလာ အယူအစွဲ အမှားများကို ပြုပြင်လိုသော ဆန္ဒ ကဲလျက် ပြုပြင်ရေး တရားများကို ဟောတော်မူသည်။ ထို့နောက် သက္ကာယ ဒိဋ္ဌိ စွဲ၊ သဿတ ဒိဋ္ဌိ စွဲဖြင့် ဝိပဿနာ အားထုတ်ပါက မဂ်မရနိုင်ကြောင်း၊ ကုသိုလ်သာ ရနိုင်ကြောင်း၊ သုဂတိ ဘဝကို ရနိုင်သော်လည်း နိဗ္ဗာန်ကိုမူ မရနိုင်ကြောင်း ရှင်းရှင်း ပြတ်ပြတ် ဟောတော် မူသည်။ ဘုံဘဝ တောင့်တသော အလှူသည် မေထုန်ငယ် ၇ ပါးထဲတွင် ပါကြောင်း အင်္ဂုတ္တိုရ် ပါဠိတော် မေထုန သုတ်ကို ကိုးပြီး ဟောကြောင်း ဤနိဒါန်းတွင် ဖော်ပြသည်။

ထို့နောက် သာတိရဟန်း သဿတ ဒိဋ္ဌိစွဲဖြင့် ဝိညာဉ်သည် လူသေသော်လည်း၊ သူမသေဘဲ ဘဝကူးသည်ဟု ယူဆသော အယူမှားကို တိုက်ဖျက်ရပုံကို ပြသည်။ တရား အားထုတ်သော ယောဂီသည် ပထမဆင့် ဉာတပရိညာ အနေဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်ရကြောင်း ပြသည်။ ဒိဋ္ဌိ ဝိသုဒ္ဓိ အလို့ငှာ ဖြစ်ကြောင်း ဖော်ပြသည်။ ထို့နောက် သံသယ ဝိစိကိစ္ဆာကို ပဋိစ္စသမုပ္ပါဒ် အသိဖြင့် ပယ်ရကြောင်းကို

http://www.dhammadownload.com



ပြပြန်သည်။ ဤကား မိုးကုတ် ဥပနိဿယ ဖြစ်သည် ဆို၏။ ဒိဋ္ဌိ မကွာဘဲ ပညတ် ပရမတ် မကွဲဘဲ ဝိပဿနာကို ရမ်း၍ မှန်းရှ၍လုပ်၍ မရကြောင်း ပြထားသည်။ ဝိပဿနာ အလုပ်မှာ ယောနိသောမနသိကာရ နှလုံးသွင်း မှန်မှု အရေးကြီးပုံကို ပြသည်။ ထို့နောက် ရှာမိုးခြင်း မလွဲပါစေနှင့် ဆိုပြီး ဝိပဿနာမှာ ဆရာကောင်း ရအောင် ရှာဖို့ အရေးကြီးကြောင်း ဆိုပြန်သည်။ ပုဂ္ဂိုလ်စွဲ မထားမှု၍ ဘုရား ဟော တရားစစ်၊ တရားမှန်ကို ဟောတတ်သော ဆရာ ရှာရမည်ဟု ဆိုသည်။ ထိုဆရာသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာကြီးကို သင်ကြား ပြသတတ်သူ ဖြစ်ရမည် ဟုလည်း ဆိုသည်။ သစ္စာ မပါသော တရား၊ ပဋိစ္စသမုပ္ပါဒ် မဖြတ်နိုင်သော တရား၊ ကိလေသာ အနှောင်အဖွဲ့၊ တဏှာ၊ မာန၊ ဒိဋ္ဌိကို မသတ်နိုင်သော တရားသည် နိဗ္ဗာန်သို့ ပို့နိုင်သော တရား မဟုတ်ကြောင်း ပြသည်။ ထိုတရားများမှာ နာကောင်း ရုံမျှ ဖြစ်သော တရားများဟု မှတ်သင့်ကြောင်း ပြညွှန်ထားသည်။

*

## ၁။ သဿတ ဒိဋ္ဌိ အပြစ်ကြီးပုံ သာတိ ဝတ္ထု အဆက်

[ ၁၆–၁၀–၆၁ နေ့က မိုးကုတ်မြို့ မဂ်လာတိုက် ဓမ္မာရုံမှာ ဟောသော တရား ]

ဝိပဿနာသည် သာသနာတွင်း တရား ဖြစ်ကြောင်းဖြင့် အစချီ၍ ဤတရား ကို ဟောတော်မူခဲ့လေသည်။ ဝိပဿနာ သာသနာတွင်း တရား ဖြစ်သော်လည်း ဆရာကောင်း တွေ့မှသာ တရား ရနိုင်သည်။ ဆရာကောင်း ရပြီးလျှင်လည်း ဒိဋ္ဌိ မခွာဘဲ အားထုတ်လျှင် အားနည်းသော ဒုဗ္ဗလ ဝိပဿနာ ဖြစ်ပြန်သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရနိုင် ဆိုသည် [ နှာ–၂ ]။ ဒိဋ္ဌိ ခွာမှု ရှေ့ထား၊ ရှုမှုကို နောက်ထား၊ အစီအစဉ် တည့်အောင် လုပ်ရသည် [ နှာ–၃ ]။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရမာသ ပယ်မှသာ သောတာပန် တည်သည်။ 'သဟာ ဝဿန သမ္ပဒါယ၊ တယဿု၊ ဓမ္မာဇဟိတာ ဘဝန္တိ' ထိုတရားများကို စွန့်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်ကြောင်း ဟောခြင်း ဖြစ်၏။

ထို့နောက် ဒိဋ္ဌိသည် ကိလေသာ အန္တရာယ် ဖြစ်ကြောင်း ပြသည် [ နှာ– ၅ ]။ ထို့ကြောင့် တရား အားမထုတ်မီ ဒိဋ္ဌိ ခွာမှု ရှေ့ထားရမည်။ ဒိဋ္ဌိ ခွာမည် ဆိုလျှင် လောကမှာ ဖြစ်နေတာတွေ အားလုံးသည် အကြောင်း ဖြစ်လို့ အကျိုး ဖြစ်နေကြသည်။ အကြောင်း ချုပ်လျှင် အကျိုး ချုပ်သည် ဆိုသော ဥပဒေသ

http://www.dhammadownload.com



အပေါ်မှာ တည်သည်။ ငါ မဟုတ်၊ ငါ့ ဥစ္စာ မဟုတ်၊ အကြောင်း အကျိုးပဲ ရှိသည်ဟု မြင်လျှင် ဒိဋ္ဌိ ပြုတ်ပုံကို ပြသည် [နှာ-၆]။ အကြောင်း ချုပ်လျှင် အကျိုး ချုပ်တာပဲဟု သိပါက ဝိစိကိစ္ဆာ သေပြန်သည် [နှာ-၇]။ ဝိစိကိစ္ဆာ သည်လည်း ကိလေသာ အန္တရာယ် ဖြစ်သည် [နှာ-၈]။ ထို့နောက် အန္တရာယ် ငါးမျိုးကို ရှင်းပြသည်။ (ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ အရိယူပဝါဒန္တရာယ်၊ အာဏာ ဝီတိက္ကမန္တရာယ်)။ ဒိဋ္ဌိ ဝိစိကိစ္ဆာ၊ ကိလေသန္တရာယ် ရှိလျှင်လည်း အားထုတ်၍ မရ။ ကမ္မန္တရာယ် ရှိလျှင်လည်း မရ။ ပဋ္ဌာနန္တရိယ ကံကြီးထိုက်သူ တရား အားထုတ် သော်လည်း မဂ်မရ။ မဂ်တား၊ ဖိုလ်တား ဖြစ်သွားသည်။ ကံက တားလိုက်ခြင်း ဖြစ်သည် [နှာ-၉]။ အန္တရာယ် ငါးပါး လွတ်မှ တရား ရနိုင်သည်။

ထို့ကြောင့် ဒိဋ္ဌိ ခွာရမည်။ ဒိဋ္ဌိကို ခွာမည်ဆိုလျှင် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာကို နားလည်ရမည် ဆို၏ [နှာ-၁၁]။ ဤတရားမျိုးကို ဆရာတော် အကြိမ် ကြိမ် ဟောပြီးသား ဖြစ်၏။ ပြီးမှ သာတိ ဝတ္ထုကို ဆက်ပြန်သည်။ သာတိရဟန်း သည် ဝိညာဏက္ခန္ဓာပေါ်မှာ သဿတ ဒိဋ္ဌိ စွဲယူထားပုံ ပြန်ပြသည်။ မြန်မာ ဗုဒ္ဓ ဘာသာဝင်တွေ ထဲမှာလည်း သာတိ နောက်လိုက်တွေ များကြောင်း ထောက်ပြသည်။ အသက် ထွက်တယ်၊ ဘဝ ကူးပြောင်းသွားတယ်ဟု ဆိုသံ ပြောသံများသည် ဝိညာဉ်ကို ခိုင်မြဲသည်ဟု ယူသော သဿတ ဒိဋ္ဌိ အယူများ ဖြစ်ပုံကို ရှင်းပြသည် [နှာ-၁၅]။ သာတိ ရဟန်းသည် သူ၏ ဒိဋ္ဌိ အယူကို တခြား ရဟန်းများကိုပါ ဟောနေလေသည်။ မြတ်စွာဘုရား ကြားသိသောအခါ သာတိကို ခေါ်ပြီး ဆုံးမ ပြစ်တင်တော်မူသည်။ ဒိဋ္ဌိ ရှိလျှင် မဂ်မရနိုင်ပုံကို သာတိ ဝတ္ထုဖြင့် သက်သေ ထူပြခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်နှင့် ဒုက္ခသစ္စာဉာဏ် ပေါ်မှသာ မဂ်ရနိုင်ကြောင်း ပြသည် [နှာ-၂၁]။

ပဋိစ္စသမုပ္ပါဒ်နှင့် ဒုက္ခသစ္စာကို ဉာတပရိညာဖြင့် နားလည်ရမည်။ မြန်မာ ဗုဒ္ဓ ဘာသာများ ကံကို ယုံကြည်ရာ မှာလည်း သဿတ ဒိဋ္ဌိ ပါနေပုံကို ပြသည်။ ဒီဘဝ ကိုယ်လုပ်ထားတာ နောက်ဘဝမှာ ကိုယ် ခံစားရမည်ဟု ဆိုနေကြခြင်းမျိုး ဖြစ်၏။ ဤကား ကမ္မသကတဉာဏ် ဖြစ်သည်။ အောက်တန်းကျသော ဉာဏ်ဟု ဆရာတော်က ဆိုသည် [နှာ-၂၃]။ ဆရာတော်က အလှူဒါန ပြုကြရာမှာပင် သက္ကာယ ဒိဋ္ဌိ ပြုတ်ပြီးမှ လုပ်ကြပါဟု တိုက်တွန်း ထားသည်။ သစ္စာ နုလောမိက ဉာဏ်ဖြင့်သာ လှူသင့်ကြောင်း ဟောသည်။ မြန်မာများ လှူဝင်စား အကြောင်း

http://www.dhammadownload.com



ပြောနေကြသည် မှာလည်း သဿတ ဒိဋ္ဌိ ပါနေသည်။ သဿတ ဒိဋ္ဌိ အတွက် ကြောင့် သာတိ ရဟန်းအား ဘုရားက မဂ်၊ ဖိုလ် မရထိုက်သော အချည်းအနှီးသော ပုဂ္ဂိုလ် (မောဃ ပုရိသ)ဟု ခေါ်ပုံကို ပြသည် [နှာ–၂၇]။

ထို့နောက် သာတိ ထင်သလို ဝိညာဏ်သည် မမြဲကြောင်း ရှင်းပြသည်။ ဝိညာဉ်၏ ခုဖြစ်၊ ခုပျက် သဘောများကို ရှင်းပြသည်။ ဝိညာဉ် အနိစ္စ ဖြစ်သည်။ အနိစ္စကို မြင်လျှင် ဝိပဿနာဉာဏ် ဖြစ်ပြီး ဝိညာဉ်က အနိစ္စ၊ မြင်တာက မဂ္ဂ ဖြစ်ပြီ [နှာ-၃၂]။ ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်၏ [နှာ-၃၃]။ ဝိညာဉ်သည် ဖြစ်ပျက် ဒုက္ခသစ္စာ ငါ မဟုတ်ဘူးဟု သိလျှင် သက္ကာယ ဒိဋ္ဌိ ပြုတ်သည်။ ဝိညာဉ် ခုဖြစ်၊ ခုပျက်၊ ဘယ်မှ မပြောင်းဘူး၊ မရွှေ့ဘူးဟု သိလျှင် သဿတ ဒိဋ္ဌိ ပြုတ်သည်။ ဤသို့ နားလည် သဘောပေါက်ပြီ ဆိုပါက အပါယ်လေးပါး တံခါး ပိတ်ပြီ ဆို၏ [နှာ–၃၅]။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ကသာ ဒိဋ္ဌိကို ခွာနိုင်သည် [နှာ–၃၇]။ ပဋိစ္စသမုပ္ပာဒ် အကြောင်း အကျိုးနှင့် ဒုက္ခသစ္စာကို မြင်မှသာ အပါယ်တံခါး ပိတ်ကြောင်းကို ဟောသည်။ အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၂။ ပညတ်နှင့် ပရမတ် ကွဲမှ နိဗ္ဗာန် သဘောကျပုံ ယမက ဝတ္ထု

[ ၁၇–၁၀–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံတွင် ဟောသော တရား ]

ဒုက္ခ ခပ်သိမ်း ငြိမ်းအေးတာ နိဗ္ဗာန်ဟု ခေါ်သည် ဆိုသော စကားဖြင့် ဤတရားကို အစချီ၍ ဟောပါသည်။ နိဗ္ဗာန်၏ အဓိပ္ပာယ် သတ်မှတ်ချက်များကို ဟောပြီးနောက် နိဗ္ဗာန် ငါးမျိုး ရှိကြောင်း ဟောသည်။ (၁) သောတာပန် မြင်သော နိဗ္ဗာန်၊ (၂) သကဒါဂါမ် မြင်သော နိဗ္ဗာန်၊ (၃) အနာဂါမ် မြင်သော နိဗ္ဗာန်၊ (၄) ရဟန္တာ မြင်သော နိဗ္ဗာန်၊ (၅)ခန္ဓာ ဓာတ်သိမ်းပြီး ငြိမ်းအေးမှု ဖြစ်နေသော နိဗ္ဗာန်ဟု ဆိုသည် [နှာ–၄၂]။ ဆရာတော်က ဤတွင် 'ပထမ နိဗ္ဗာန်ကို ရောက်ပြီးလျှင် စိတ်အေးရပြီ' ဟု အတိအကျ ဆိုထားသည်။ ပထမ နိဗ္ဗာန်ကို ရပြီးမှ ကျန်နိဗ္ဗာန်တွေကို အဆင့်ဆင့် ဉာဏ်ရှိန် မြင့်ပြီး ရရှိ သွားနိုင်သည် ဆို၏ [နှာ–၄၃]။ ပထမ နိဗ္ဗာန် ရမှသာ အရေးကြီးသည်။ အထက်နိဗ္ဗာန် များကို အထူး အားထုတ်စရာ မလို၊ ဥဒယဗ္ဗယ ပြန်ကောက်လိုက်လျှင် ပြီးတာပဲဟု ဆိုထားသည် [နှာ–၄၃]။

http://www.dhammadownload.com



ဒကာ၊ ဒကာမ တွေမှာ ဒိဋ္ဌိ မစ္ဆာတတ်သဖြင့် ပထမ နိဗ္ဗာန်ကြီး နီးလျက် ဝေး ဖြစ်နေရသည်။ ပထမ နိဗ္ဗာန်ကို ရချင်လျှင် ဒိဋ္ဌိ သုံးမျိုး ခွာလိုက်ဟု မိန့်ထားသည် [နှာ-၄၄]။ ဒိဋ္ဌိ သုံးမျိုးက ပထမ နိဗ္ဗာန်ကို ဖုံးအုပ်ထားသည်။ ကွယ်ထားသည်ဟု ဟောထားသည်။ ဒိဋ္ဌိ ချုပ်လျှင် ပထမ နိဗ္ဗာန်ကို ရသည်ဟု မှတ်ပါ ဆိုသည် [နှာ-၄၆]။ လူ့ဘဝ၊ နတ်ဘဝကို ဆုတောင်း နေကြသူများကို မြေကြီး ကြီးပွားရေး လုပ်နေကြသူများဟု သုံးသပ် ဝေဖန် ထားသည်။ လူ့စည်းစိမ်၊ နတ်စည်းစိမ် ခံစားချင်ကာ ဝေဒနာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာသည် သစ္စာဖွဲ့တော့ ဒုက္ခသစ္စာ ဖြစ်ကြောင်း ပြသည် [နှာ-၄၈]။ မိရိုးဖလာ ဗုဒ္ဓ ဘာသာဝင်များ၏ အယူစွဲမှားများကို ပြုပြင်ရေး တရား ဟောသည်။ လူတွေက ဝေဒနာ (ခံစားဖို့)သာ ဖြစ်ပြီး၊ သစ္စာ (ဒုက္ခ)ကို မမြင်နိုင်ကြောင်း၊ မျက်လုံး တစ်ဖက်ကန်း ဖြစ်နေကြောင်း ဝေဖန် ပြသည် [နှာ-၅၂]။ သစ္စာ မသိ၍ ဘဝတွေကို ဆုတောင်း နေကြသည်။ သစ္စာ သိလျှင် ဆု မတောင်းရဲကြောင်း ဟောသည်။ သုခ ဝေဒနာသည် ဋ္ဌီခဏမှာသာ ချမ်းသာ သော်လည်း ပျက်စီးသော အခါ ဆင်းရဲကြောင်း 'သုခဝေဒနံ၊ ဋ္ဌီတိသုခါ၊ ဝိပရိဏာမံ ဒုက္ခံ' ပါဠိတော်ကို ထောက်ပြ ထားသည် [နှာ-၅၄]။ 'ခင်ဗျားတို့ အမှားတွေကို ရှေ့ပိုင်းက ပြင်ပေး နေတာ'ဟု ဆိုသည် [နှာ-၅၈]။

ဘာကြောင့် ဤသို့ ဟောရသနည်း ဆိုလျှင် ဒုက္ခ ခပ်သိမ်း ငြိမ်းအေးသည့် နိဗ္ဗာန်ကြီးကို ခန္ဓာ ဒုက္ခသစ္စာက ကွယ်နေ၍ ဖြစ်သည်ဟု ဆိုသည် [နှာ-၆၀]။ ဒါကြောင့် နိဗ္ဗာန်ကို ဖုံးနေတာ ခန္ဓာ ဖြစ်သည်ဟု နားလည်သင့်သည် [နှာ-၆၁]။ နိဗ္ဗာန်ကို ခန္ဓာ ဖုံးသည်၊ ခန္ဓာကို ဒိဋ္ဌိ ဖုံးသည့် အကြောင်းကို ဆက်ဟောသည် [နှာ-၆၂]။ ယခု ဟောသော တရားသည် နိဗ္ဗာန်ကို အဖုံး ဖွင့်ပြမည့် တရား ဖြစ်သည် ဆို၏ [နှာ-၆၃]။ တဏှာ၊ ဒိဋ္ဌိ နှစ်ခုက လူ့ပြည်၊ နတ်ပြည် အကြိမ်ကြိမ် ခံစားဖို့ပဲ ဆုတောင်းနေသည်။ သက္ကာယ ဒိဋ္ဌိက ပထမ နိဗ္ဗာန်ကို ဖုံးကွယ် ထားသည် [နှာ-၆၆]။ ဤတရားတွင် ဉစ္ဆေဒ ဒိဋ္ဌိက နိဗ္ဗာန်ကို မမြင်နိုင်အောင် ဖုံးကွယ် ထားပုံ ယမက ရဟန်း ဝတ္ထုကို ဟောသည်။ (သာတိ ရဟန်း ဝတ္ထုမှာ သဿတ ဒိဋ္ဌိက နိဗ္ဗာန် ကွယ်ထားပုံကို ပြသော ဝတ္ထု ဖြစ်သည်။)

မြတ်စွာဘုရားက ရဟန္တာသည် နောက် ပဋိသန္ဓေ မနေတော့ကြောင်း ဟောတော်မူသည်ကို ယမက ရဟန်းက ရဟန္တာ သေလျှင် နောက်ထပ် ဘာမှ မဖြစ်တော့ဘူးဟု ဟောသည် ဆိုပြီး အစိပ္ပာယ် ကောက်ထားလေသည်။ ဉစ္ဆေဒ ဒိဋ္ဌိ ဖြစ်နေလေသည်။ ထိုအချက်ကို အရှင်သာရိပုတ္တရာ ကြားသိတော်မူပြီး ယမက

http://www.dhammadownload.com



ရဟာန်းကို ချေချွတ်ရသည်။ မြတ်စွာဘုရားက နိဗ္ဗာန်သည် အမြဲ ရှိကြောင်း၊ အမြဲ ချမ်းသာကြောင်းကို စုဝ နိဗ္ဗာန်၊ သုခ နိဗ္ဗာန်ဟု ဟောတော်မူသည်။ 'အတ္ထိ ဘိက္ခဝေ နိဗ္ဗာနံ'ဟုလည်း ဟောသည် [နှာ-၇၀]။

ယမက ရဟာန်းကမူ ရဟန္တာ သေလျှင် ဘာမှ မဖြစ်ဘူး၊ နိဗ္ဗာန်သည် ဘာမှ မရှိဘူးဟု ယူပစ်လိုက်သည်။ ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်သွားသည်။ ဥစ္ဆေဒ ဒိဋ္ဌိက သူ့ဉာဏ်ထဲမှာ နိဗ္ဗာန်ကို တားနေလေသည် [နှာ-၇၁]။ အရှင်သာရိပုတ္တရာက ယမက ရဟာန်းထံ သွားပြီး သူ့အမြင် မှားနေကြောင်း၊ ဝိဘဇ္ဇ နည်းဖြင့် ခွဲခြမ်း ဝေဖန်ပြီး သုတ်သင်ရသည်။ ပထမ ရဟန္တာဟူသည် မရှိကြောင်း၊ ရဟန္တာ ဆိုတာ ပညတ်သာ ဖြစ်ကြောင်း၊ ခန္ဓာ ငါးပါးပဲ ရှိကြောင်း ၊ ခန္ဓာ ငါးပါးကို ရဟန္တာ မခေါ်နိုင်ကြောင်း ရှင်းပြသည်။ ယမကသည် ရဟန္တာ ဆိုသော စကားဖြင့် ခန္ဓာ ငါးပါးကို ပုဂ္ဂိုလ် သတ္တဝါ လုပ်ထားသည် [နှာ-၇၃]။ အရှင်သာရိပုတ္တရာက ရဟန္တာ ဆိုတာ သမုတိသစ္စာ ဖြစ်ကြောင်း ပြသည်။ ရဟန္တာ အစစ်မှာ ကိလေသာ ရန်ကို သတ်ဖြတ်သော ဉာဏ်ကို ဆိုခြင်းသာ ဖြစ်သည် [နှာ-၇၄]။ ခန္ဓာ ငါးပါးမှာ ဘယ်ခန္ဓာကိုမှ ရဟန္တာ ခေါ်၍ မရကြောင်း ရှင်းပြသည်။ ခန္ဓာ ငါးပါး မှာလည်း ဒုက္ခသစ္စာ ဖြစ်သည်။ ဝိပဿနာ ရှုလိုက်တော့ ခန္ဓာ ငါးပါး ဖြစ်ပျက် အနိစ္စပဲ တွေ့သည်။ ဖြစ်ပျက် မုန်း၊ ဖြစ်ပျက် ဆုံးအောင် လိုက်လိုက်တော့ ဖြစ်ပျက် ဆုံးသွားသည်။ ဖြစ်ပျက် ဆုံးခြင်းသည် ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းသွားခြင်း ဖြစ်သည်။

ရဟန္တာ သေလျှင် ဘယ်မှ မသွားပါ၊ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်း သွားခြင်းသာ ဖြစ်ကြောင်း လူတိုင်း နားလည်အောင် ရှင်းထားသည်။ ဒုက္ခသစ္စာတွေ ကုန်ဆုံး သွားခြင်းသည် နိဗ္ဗာန်ပင် ဖြစ်သည် [နှာ-၉၀]။ နိဗ္ဗာန် ဆိုတာသည် ဒုက္ခတွေ မရှိသော နေရာတစ်ခုဟု မှတ်သင့်ကြောင်း ဟောသည် [နှာ-၉၁]။ ဝိပဿနာ ရှုရင်း ခန္ဓာ ချုပ်လျှင် ဒုက္ခသစ္စာ အကုန် ချုပ်သည်။ နိဗ္ဗာန်ကို ခန္ဓာ ဖုံးနေသည်။ ဒုက္ခသစ္စာ ခန္ဓာကြီး ဖုံးနေသည်။ ဒိဋ္ဌိကြောင့် ဖုံးခြင်း ဖြစ်သည်။ ဒိဋ္ဌိက ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု မလုပ်တော့လျှင် ဒါတွေဟာ အနိစ္စတွေပဲ၊ ဒုက္ခတွေပဲ၊ အနတ္တတွေ ပဲ ဟု သမ္မာဒိဋ္ဌိ ဝင်သွားလျှင် နိဗ္ဗာန်ကို ဖုံးထားသော ခန္ဓာအဖုံး ပွင့်သွားကြောင်း ဟောသည် [နှာ-၉၄]။ ခန္ဓာ အဖုံး ပွင့်သွားပါက ဒုက္ခတွေမရှိသော နိဗ္ဗာန်သည် ပေါ်လာသည်ဟု ဟောရင်း အချိန် စေ့သဖြင့် တရား ရပ်နားလိုက်သည်။

*

http://www.dhammadownload.com



## ၃။ အသေ ရှိရာက အသေ လွတ်ရာ ရှာပုံ

[ ၁၈–၁၀–၆၃ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံတွင် ဟောသော တရား ]

'သကော ဘိက္ခဝေ၊ ဘိက္ခု ဝိဟာရေယျ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ၊ အနုသာသနီ' ဆိုသော ဂါထာဖြင့် အစချီ၍ ဤတရားကို ဟောသည်။ ရဟန်းတို့ သံသရာ ဘေးကို ကြောက်တတ်သော ပုဂ္ဂိုလ်သည် သတိ ရှိသည် ဖြစ်၍၊ ပညာ အဆင်အခြင် ရှိသည် ဖြစ်၍ ငါမရှိသော်လည်း နေရစ်ကြပါဟု အဓိပ္ပာယ် ရသည်။ သတိနှင့် ပညာသည် မိမိတို့အား ဘဝကို ကယ်တင်နိုင်သော တရားနှစ်ခု ဖြစ်သည်ဟု မှတ်ရမည် ဆို၏ [နှာ–၉၆]။ သတိနှင့် သိ၊ ပညာဖြင့် ဆင်ခြင် ကြည့်မည် ဆိုလျှင် ခန္ဓာ၏ ဖြစ်စဉ်ကို အမှန် အတိုင်း သိနိုင်သည်။ ထိုအခါ ခန္ဓာက အမှန် ပြောတာကို ဉာဏ်ထဲမှာ ထင်ပါလိမ့်မည် [နှာ–၉၇]။ 'အယံ ဝေါ အမှာကံ အနုသာသနီ' ဤသည်ကား ငါဘုရား၏ အဆုံးအမပင် ဖြစ်၏။ သတိ ပညာနှင့် နေရစ်ကြလျှင် ဒုက္ခ ခပ်သိမ်းမှ ငြိမ်းအေး ပါလိမ့်မည်။ သတိပညာ မလွတ်စေနှင့်။ လွတ်လျှင် အပြစ်ကြီး သင့်ပြီဟု မှတ်ပါ ဆိုသည်။ ဘာကြောင့် အပြစ် သင့်သလဲ ဆိုလျှင် သတိ ပညာ မရှိပါက ခန္ဓာ ဖြစ်စဉ်ကို မသိတော့ပါ။ အဝိဇ္ဇာဖြင့် အသက်ရှင် နေခြင်း ဖြစ်သွားပါတော့သည် [နှာ–၉၈]။ ခန္ဓာကိုယ် ထဲမှာ အနိစ္စ ရှိနေပါလျက် အနိစ္စ ရှိနေမှန်း မသိဘဲ ကြီးလာခြင်းကို ဆရာတော်က မသိကြီး ကြီးလာတာဟု ခေါ်ထားသည် [နှာ–၉၉]။ မသိကြီး ကြီးလာခြင်းကို နွားကလေး ကြီးလာတာ အနိုင်းခံဖို့ ဖြစ်လာ သလိုဘဲ။ လွတ်လပ်ဖို့တော့ မဟုတ်ဘူးဟု နှိုင်းယှဉ် ပြသည် [နှာ–၁၀၀]။

အဝိဇ္ဇာဖြင့် နေပြီး မသိကြီး ကြီးလာခြင်းသည် ဆိုးကြောင်း ဟောသည်။ 'ဝဋ္ဋမူလံ အဝိဇ္ဇာ၊ ဝိဝဋ္ဋမူလံ၊ ဗုဒ္ဓုပ္ပာဒေါ' ဝဋ်၏ မူလ အခြေခံ ရေသောက်မြစ်သည် အဝိဇ္ဇာ (မသိမှု) ဖြစ်ကြောင်း၊ ဝိဝဋ္ဋ မူလံ–ဝဋ်ဒုက္ခမှ လွတ်မြောက်မှု အခြေခံသည် ဗုဒ္ဓုပ္ပာဒေါ–ဘုရား ပွင့်လာခြင်းပင် ဖြစ်ကြောင်း ဟောသည် [နှာ–၁၀၁]။ မသိသော အဝိဇ္ဇာနှင့် ကြီးပြင်း လာခြင်းသည် မိမိ သန္တာန်မှာ ဘုရား မပွင့်ဘဲ ကြီးလာခြင်း ဖြစ်သည် ဆို၏။ ဒီအချိန်မှာ ဗုဒ္ဓ ဘာသာဝင် ဒကာ၊ ဒကာမများသည် မိမိတို့ သန္တာန်မှာ ဘုရား ပွင့်အောင် ပြုလုပ်ကြရမည်ဟု ဆုံးမထားသည်။ အဝိဇ္ဇာ ချုပ်အောင် လုပ်ရမည်ဟု ဆိုလိုသည်။ အဝိဇ္ဇာ ချုပ်မှသာ သင်္ခါရ ချုပ်မည်။ သင်္ခါရ ချုပ်မှ ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခက္ခန္ဓာ ချုပ်မည်ဟု နားလည်သင့်သည် [နှာ–၁၀၂]။

http://www.dhammadownload.com



တရားနာပြီး တရား အားထုတ်မှသာလျှင် အသိဉာဏ် ပညာဖြင့် ရှင်သန်ကြီးထွားလာသူများ ဖြစ်နိုင်ပါ လိမ့်မည်။ အသိဉာဏ် ပညာ ပါမှ ကိုယ့်ဝဋ်ကို ကိုယ် ချွတ်တတ်မည်။ အတိတ်ဘဝက ဘုံဘဝကို လိုချင် တောင့်တခဲ့ခြင်းသည် ကိလေသာဝဋ် ဖြစ်သည်။ လိုချင်မှုကြောင့် ကုသိုလ်ကံတွေ ပြုလုပ်ခဲ့ခြင်းမှာ ကမ္မဝဋ် ပေါ်လာရသည် [ နှာ–၁၀၃ ]။ ကိလေသာဝဋ်နှင့် ကမ္မဝဋ်ကြောင့် နောက်ဘဝမှာ ခန္ဓာတွေ ရခြင်းသည် ဝိပါက ဝဋ်လိုက်ခြင်း ဖြစ်သည် [ နှာ–၁၀၄ ]။ ခန္ဓာ ဝန်ထုပ်ကြီး ထမ်းပြီး သွားနေခြင်းသည် ဝဋ်မကျွတ်သေး သောကြောင့် ဖြစ်၏။ ဤခန္ဓာကြီးမှာ အို၊ နာ၊ သေဆေး ပြည့်နေသော ဒုက္ခသစ္စာကြီး ဖြစ်သည် [ နှာ–၁၀၅ ]။ ထိုခန္ဓာကြီးကို ငါဟု စွဲထင် နေတာသည် ဒိဋ္ဌိနှင့် တဏှာ ဖြစ်သည် [ နှာ–၁၀၆ ]။ ဝဋ်မကျွတ်သေးဘဲနှင့် မျက်မှောက် ဘဝမှာ ဝဋ်ဖြစ်ကြောင်း (သမုဒယ)တွေကို ထပ်လုပ်ကြပြန်သည်။ ဤသို့ ဘဝ ဖြစ်တည်နေခြင်းကို ဆရာတော်က ကျွတ်ရေး လွတ်ရေးကို မစဉ်းစားဘဲ ထောင်ပြောင်းဖို့ စဉ်းစား နေခြင်းနှင့် တူသည်ဟု မိန့်ဆို ထားသည် [ နှာ–၁၀၆ ]။ ယခု ဘဝ၌ ခန္ဓာ ရထားသူသည် အတိတ်ဘဝက ကိလေသ ဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် အဖြစ် ဒုက္ခ သစ္စာ ရထားခြင်းသာ ဖြစ်သည်။ ထိုသူသည် ယခု ဘဝ ဒုက္ခသစ္စာမှ လွတ်မြောက်ကြောင်း မကြံစည်ဘဲ နောက်ဘဝ နောက်ခန္ဓာ ရဖို့ ကြိုးစားခြင်းသည် ထောင်မှ လွတ်ရန် မကြံစည်ဘဲ ထောင်ပြောင်းဖို့ ကြိုးစားတာနှင့် တူကြောင်း ဟောသည် */နှာ-၁၀၇/*။

ဝဋ်မကျွတ်ခင်က ကလေး ကျင်ကြီးနှင့် ကစားသလို ဝဋ်တန်ဆာ ဆင်သည်ဟု ဆိုထားသည် [ နှာ–၁၁၁ ]။ ဝဋ်ကျွတ်ခြင်းကို အလို မရှိသည့် သဘော ဖြစ်သည်။ ဝဋ်ကျွတ်ချင်လျှင် မဂ္ဂင် နောက်က လိုက်ရမည်ဟု မိန့်ဆိုသည် [ နှာ–၁၁၂ ]။ ဤတရားသည် မနက် အားထုတ်ပါက ညနေ ရသော တရား ဖြစ်သည်။ ဘာပါရမီမှ မလိုဟုလည်း တိတိကျကျ ဆိုထားသည် [ နှာ–၁၁၃ ]။ သစ္စာတရားကို နား နာထားသည့် အတိုင်း ဉာဏ်ဖြင့် နှလုံးသွင်းပါ၊ နှလုံး သွင်းသောအခါ ခန္ဓာကိုယ်ထဲ ဖြစ်ပျက်တွေ တွေ့သည်။ ဒုက္ခသစ္စာ အစစ်ပဲဟု နားလည် လာနိုင်သည်။ ဒုက္ခသစ္စာပဲဟု ဆုံးဖြတ်ချက် ချလျှင် မဂ်ပေါ်သည်ဟု ဆိုသည် [ နှာ–၁၁၄ ]။ သစ္စာ တရား ဟောသော အခါ ပုထုဇဉ် ကြိုက်ကြိုက် မကြိုက်ကြိုက် ဟောရမည် ဖြစ်ကြောင်း ကလေး မန်ကျည်းစေ့ မျိုလျှင် ကလေးပါးစပ် ဖြဲပြီး နှိုက်ထုတ်ရပုံ ဥပမာဖြင့် ပြသည် [ နှာ–၁၁၆ ]။ တရား ဟောတာ၊ တရား အားထုတ်ခိုင်းတာ ကလေးပါးစပ် ဖြဲပြီး မန်ကျည်းစေ့ကို ဆွဲထုတ်တာ ဖြစ်သည်ဟု ဆိုသည်။ ကလေး ငိုငို၊ သွေးပဲ

http://www.dhammadownload.com



ထွက်ထွက် ကလေး သေမည့် အရေး မသေအောင် လုပ်ဖို့ အရေး ထားပြီး ဆွဲထုတ်ရမည် ဖြစ်သည် [နှာ–၁၂၁]။

ပဋိစ္စသမုပ္ပာဒ်မှာ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာမရဏ ဆိုသောကြောင့် တဏှာနှင့် လုပ်တာ မှန်သမျှ အသေ ရှာတာချည်း ဖြစ်သည်။ ဥစ္စာ စီးပွား ရှာတာ၊ တဏှာနှင့် ရှာတာ ဖြစ်၍ အသေ ရှာတာချည်း ဖြစ်သည် [နှာ–၁၂၂]။ ယခု လက်ရှိ ခန္ဓာမှာ အသေ ရှိလျက် နောက်ခန္ဓာ ရှာတာသည် နောက်အသေ ရှာခြင်း ဖြစ်၏။ တဏှာက နောက်အသေ ရှာခိုင်းနေခြင်း ဖြစ်သည် [နှာ–၁၂၃]။ ဒါကြောင့် လက်ရှိ ခန္ဓာ ငါးပါးကို ဝိပဿနာ ရှုရမည်။ ရှုလိုက်လျှင် တဏှာ၊ ဥပါဒါန်၊ ကံတွေ မလာတော့ပါ။ အသေ ရှိသော တရားကို သတ်လိုက်ခြင်း ဖြစ်သည်။ ထိုအခါ အသေ လွတ်သွားသည် [နှာ–၁၂၄]။ သတ်သူ၊ ကယ်တင်သူက မဂ္ဂင်တရား ဖြစ်သည်။ အသေ ရှိလျက် နောက်အသေ ရှာလျှင် လူမိုက်၊ အသေ လွတ်မှုကို ရှာမှသာ လူလိမ္မာ ဖြစ်မည် ဆို၏။ အသေ လွတ်ချင်လျှင် သတိ ပညာဖြင့် ခန္ဓာ ငါးပါး ဖြစ်ပျက် မြင်အောင် ရှုရမည်။ ဒါသည် နိဗ္ဗာန် သွားသော အလုပ် ဖြစ်သည် ဆို၏ [နှာ–၁၂၅]။

သေမှာ စိုး၍ ဆေးဆရာဝန် ပိုက်ဆံ ပေးရဲလျှင် အသေ လွတ်သော ဤဝိပဿနာ အလုပ်ကိုလည်း လုပ်ထိုက်ကြောင်း ဟောထားပါသည်။ မြတ်စွာဘုရားကို မသေဆေး ပေးသော ဆေးဆရာကြီး အဖြစ် တင်စား ထားသည် [နှာ–၁၂၆]။ အနိစ္စဆေး၊ ဒုက္ခဆေး၊ အနတ္တဆေး သည်သာ မသေဆေး ဖြစ်ကြောင်း ပြသည်။ ဤဝိပဿနာ မသေဆေးကို ဂရုတစိုက် သောက်သင့်ကြောင်း ဆုံးမသည်။ ထို့နောက် စိတ်ကို ဝိပဿနာ ရှုပုံ (စိတ္တာ နုပဿနာ)ကို ပြသည် [နှာ–၁၃၀]။ အလုပ်ပေး တရားကို သင်ပြသည်။ ခန္ဓာမှာ ဘာစိတ်ပဲ ပေါ်ပေါ် ဖြစ်ပျက် ရှုပုံကို ပြသည်။ အပြင် ဧည့်သည်စိတ်၊ အတွင်း ဧည့်သည်စိတ် ဘာစိတ်ပဲ ပေါ်ပေါ် ဖြစ်ပျက် ရှုရ။ ရှုစရာ မရှိလျှင် အိမ်သည်စိတ် နှစ်ခုကို ပြန်ရှု။ အမောဟ (ပညာ) မဂ္ဂင် ငါးပါးဖြင့် ရှုရမည်။ စိတ် ၁၃ မျိုးကို ရှုရန် သင်ကြား ထားသည်။ ရှေ့စိတ် ပေါ်တာကို နောက်စိတ်ဖြင့် ရှုရမည်။ ရှုလိုက်လျှင် ရှေ့စိတ် မရှိတော့မှန်း သိသွားမည်။ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ ဖြစ်သွားမည်။ စိတ္တာ နုပဿနာ ဖြစ်ပြီ [နှာ–၁၃၅]။ စိတ်မရှိတာကို သိအောင် ရှုတာဟု ဆိုသည်။ ဖြစ်ပျက်နှင့် မင် ကိုက်လျှင် ပြီးပြီ ဆို၏ [နှာ–၁၃၆]။ ရှုနေစဉ် ကိလေသာ ကြားခို လာလျှင်လည်း ထိုကိလေသာ အာရုံတွေ စိတ်တွေကိုပါ အရှုခံ လုပ်ပြီး ဖြစ်ပျက် ရှုပါဟု

http://www.dhammadownload.com



ဆိုသည်။ လောဘ၊ ဒေါသ ဘာလာလာ ရှု။ စိတ် ၁၃ မျိုး ပေါ်တာကို မရှုမိတာကို အဖျက်ဝင်သည်ဟု ပြောတတ်ကြသည်။ အဖျက် မဟုတ်၊ မိမိ မရှုမိခြင်းသာ ဖြစ်ပုံကို ပြသည် [နှာ-၁၃၇]။ ဘာစိတ် ပေါ်ပေါ် ရှု၊ အဖျက် မရှိဘူး၊ ပေါ်တာသာ အကုန် ရှုပါ ဆိုသည်။

'သရာဂံ ဝါ စိတ္တံ၊ သရာဂံ စိတ္တန္တိ ပဇာနာတိ' ဟု ဘုရား ဟောထားပုံကို ပြသည် [နှာ-၁၃၈]။ ဖြစ်ပျက်နှင့် မင်္ဂ ကိုက်နေအောင်သာ လုပ်၊ ကိုက်နေလျှင် ညနေ အားထုတ် မနက်မှာ တရား ရသည် ဆို၏ [နှာ-၁၃၉]။ တပည့်တော်တို့က ဝိတက်များသည်ဟု ဆိုတတ်ကြသည်။ ဝိတက်များတာ မဟုတ် ရှုစရာ ပေါ်လာတာ ဖြစ်သည် ဆို၏။ ဘာစိတ် ပေါ်ပေါ် အဖျက် လာသည်ဟု မအောက်မေ့ဘဲ အရှုခံ လာသည်ဟု သဘော ထားရမည် [နှာ-၁၄၀]။ အရှုခံ လာတာကို မရှုတတ်လို့ အဖျက် ထင်နေတာဟု ရှင်းထားသည်။ ဟေ၀ ပဿိကော ခေါ်ရာ သန္တိဋ္ဌိကောဖြင့် လိုက်ဟု လုပ်နည်း ပေးထားသည် [နှာ-၁၄၁]။ အရှုခံ လာတာကို ဉာဏ်ဖြင့် မလိုက်တတ်လျှင် အဖျက် မရှိပါဟု ဆိုသည်။ အချိန် စေ့၍ တရား နားလိုက်သည်။

*

## ၄။ နိဗ္ဗာန် ရောက်ကြောင်း တရားသည် ဝိပဿနာ

[ ၁၉-၁၀-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံတွင် ဟောသော တရား ]

နိဗ္ဗာန်ရောက်ကြောင်း တရား အစစ်သည် ဝိပဿနာ ဖြစ်ကြောင်း ဘုရားက ကိုယ်တိုင်မေး ကိုယ်တိုင် ဖြေထားကြောင်း အစ ချီ၍ ဤတွင် ဟောသည် [နှာ-၁၄၄]။ 'အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတ ပါမိ မဂ္ဂေါ' တွင် ဖြေအပ်ပြီးသော ငါ၏ အဖြေကို နိဗ္ဗာန် ရောက်ကြောင်း တရား အစစ် ဖြစ်၏ဟု ဆိုအပ်၏။ ဘုရား၏ ကိုယ်တိုင် ဖြေကြားသော စကားတော် အရ ဒုက္ခ ခပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ကို ရောက်ချင်လျှင် ဝိပဿနာကိုပဲ အားထုတ်ကြရမည် ဖြစ်သည် [နှာ-၁၄၈]။ ဘုရား သခင် ကိုယ်တော်မြတ်ကြီးကို ယုံကြည်ရာ အားထားရာ အဖြစ် သတ်မှတ်လျှင် ဘုရား မိန့်တော်မူသည့် အတိုင်း လိုက်နာ၍ လုပ်ကြရမည် ဖြစ်ကြောင်း ဟောသည်။ ဝိပဿနာ ရှုဆိုပါ ဆိုတော့ ဘယ်နေရာ ရှုရမလဲ သိဖို့ လိုပြန်သည်။ ဝိပဿနာ ခန္ဓာပေါ်မှာ ရှုပါ [နှာ-၁၄၉]။ ခန္ဓာ ဆိုတာက ငါးပါး ရှိသည်ဟု သိထားသည်။

http://www.dhammadownload.com



သို့သော် ခန္ဓာ ငါးပါး ရှိသည့် အနက် ဘယ်ခန္ဓာ အပေါ် ရှုရမလဲ။, ဤတွင် ဘုရားက ခန္ဓာ ငါးပါးကို လေးပုံ ပုံပါဟု ဆိုသည်။ လေးပုံ ပုံရခြင်းမှာ ကာယာ နုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာ နုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာ နုပဿနာ သတိပဋ္ဌာန် ရှိသောကြောင့် ဖြစ်သည်။ ဤသို့ ခန္ဓာကို လေးပုံ ပုံပြီး ရှုသောအခါ တစ်ပုံကိုသာ ရှုရမည် [နှာ–၁၅၁]။ ဆရာတော် သည် ထိုးထွင်း သိမြင်သော ဉာဏ်ရှိသည်ကို ဤတွင် ပြသည်။ 'ဧကောယ နော အယံ ဘိက္ခဝေ မဂ္ဂေါ' ဆိုသော ပါဠိပုဒ်ကို ဘိက္ခဝေ–ရဟန်းတို့ အယံမဂ္ဂေါ– ဤဝိပဿနာ ရှုခြင်း မဂ္ဂင် အလုပ်သည် ဧကောယ နော–တစ်ပုံတည်း ရှုရုံဖြင့် တစ်ကြောင်းတည်းနှင့် နိဗ္ဗာန် ရောက်သည်ဟု အဓိပ္ပာယ် ဖွင့်ပြ ထားပါသည် [နှာ–၁၅၁]။ ခန္ဓာ ငါးပါး တစ်ပါးပါးကို ရှုလျှင် နိဗ္ဗာန်ကို ရောက်နိုင်ကြောင်း ဟောခြင်း ဖြစ်၏။ ကောင်းပြီ၊ သို့ဖြစ်လျှင် ထိုတစ်ပုံသော ခန္ဓာကို ဘယ်လို မြင်အောင် ရှုရမလဲဟု မေးသင့် ပြန်သည် [နှာ–၁၅၂]။ ဆရာတော်က ဤသို့ လေးပုံ ပုံရခြင်းမှာ ပုဂ္ဂိုလ်၏ ဉာဏ်အပေါ် မူတည်၍ ခွဲခြား ထားခြင်း ဖြစ်ကြောင်းလည်း ဟောသည်။

– ဉာဏ်ဖျင်းပြီး ကိလေသာ ထူသူ ကာယာနုပဿနာ ရှုရမည်။

– ဉာဏ်ထက်ပြီး ကိလေသာ ထူသူသည် ဝေဒနာ နုပဿနာ ရှုရမည်။

– ဒိဋ္ဌိ များပြီး ဉာဏ်နုံ့သောသူသည် စိတ္တာနုပဿနာကို ရှုရမည်။

– ဉာဏ်လည်း ထက်၊ ကိလေသာလည်း ပါးသောသူမှာ ဓမ္မာနုပဿနာ သစ္စာကို ရှုပါဟု ဆိုသည်။ စရိုက် မတူလို့ လေးပုံ ခွဲသည် ဆို၏ [နှာ–၁၅၃]။ စရိုက်ကို မရွေးဘဲ ဝိပဿနာကို ရမ်းမပေးသင့်ကြောင်း ဟောသည် [နှာ–၁၅၄]။

ဒါကြောင့် ကမ္မဋ္ဌာန်း ဆရာ လုပ်ဖို့ အရေးသည် မလွယ်ကြောင်း မိန့်ဆိုထား လေသည်။ ယောဂီကလည်း မိမိ ဘယ်စရိုက် အားကြီးသလဲ ဆိုတာ ကိုယ့်ဘာသာ သိရမည်ဟု ဆုံးမထားသည် [နှာ–၁၅၅]။ ကိုယ့်ဘာသာ ဆုံးဖြတ်ချက် ချနိုင်လျှင် ကောင်းသည်။ ကိုယ့်စရိုက်နှင့် ကိုက်သော ဝိပဿနာ ဖြစ်မှသာ အမြင်မှန်သည် [နှာ–၁၅၇]။ တရား ရဖို့ မြန်သည်။ ဤတွင် ဝိပဿနာ ရှုသော အခါ စိတ်ရှုလျှင် စိတ်ကို မတွေ့ဘဲ စိတ်၏ ဖြစ်ပျက် (အနိစ္စ)ကို တွေ့မှ၊ ဝေဒနာကို ရှုလျှင် ဝေဒနာ မတွေ့ဘဲ ဝေဒနာ၏ ဖြစ်ပျက် (အနိစ္စ)ကို တွေ့မှသာ အမြင် မှန်သည်။ ယထာဘူတ ကျသည် ဆို၏။ ဖြစ်ပျက် မြင်လျှင် ကိုယ့်စရိုက်နှင့် ကိုက်သော တရား ဖြစ်ပြီဟု မှတ်ပါ ဆိုသည် [နှာ–၁၅၈]။ စရိုက်နှင့် မကိုက်တာ လုပ်နေလျှင်

http://www.dhammadownload.com



နိဗ္ဗာန်ကို မရပါ၊ ကုသိုလ်တော့ ရသည် ဆို၏ [နှာ–၁၅၉]။ အရှင်သာရိပုတ္တရာ ပန်းထိမ်သည် သားကို ကမ္မဋ္ဌာန်း ပေးရာမှာ စရိုက်နှင့် မကိုက်ဘဲ ကမ္မဋ္ဌာန်းပေး လွဲ၍ တရား မရ ဖြစ်ပုံ ဝတ္ထုကြောင်းကို ပြသည် [နှာ–၁၆၀]။ ဤတွင် ပုဂ္ဂိုလ် စရိုက် ခွဲနိုင်သော 'ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ်' သည် ဘုရားမှာသာ ရှိသောဉာဏ် ဖြစ်ကြောင်းလည်း ပြထားသည် [နှာ–၁၆၁]။ ဤဉာဏ်သည် ယောဂီ၏ ဣန္ဒြေ ရင့် မရင့်ကို ထိုးထွင်း သိသောဉာဏ် ဖြစ်သည်။

ထို့နောက် မိလိန္ဒ ဝတ္ထုကို ကိုးကားပြီး ရဟန္တာလည်း ကိစ္စ အားလုံး အကုန် မသိကြောင်း ကိုယ့်ကိစ္စ ကိုယ်သာ ကိုယ်သိကြောင်း စကားစပ်၍ ပြထား သည် [နှာ–၁၆၂]။ ထို့နောက် လူတွေမှာ အရည်အချင်း ရှိသော်လည်း အပျင်း ဖက်တတ်ကြောင်း ဟောသည်။ အပျင်း ဖက်လျှင် ပဋိစ္စသမုပ္ပါဒ် တန်းကြောင်း လည်း ပြသည်။ ပျင်းတာသည် ဆုတ်နစ်သော ဒေါသ ဖြစ်သည်။ ဒေါသ နောက်က သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ တန်းတော့သည်။ အဝိဇ္ဇာနှင့် တွဲပြီး လာကြသည် [နှာ–၁၆၄]။ ပြီးမှ ဟောလက်စ တရားကို ပြန်ကောက်သည်။ ဖြစ်ပျက် မြင်လျှင် ရှုလက်စ ကမ္မဋ္ဌာန်းမှာ စရိုက်နှင့် ကိုက်သည်ဟု ဆုံးဖြတ်ချက် ချနိုင်ကြောင်း ပြသည် [နှာ–၁၆၅]။ အလုပ်သင် တရား သက်သက် ဖြစ်၏။ ဘာပဲရှုရှု 'သမုဒယ ဓမ္မာ နုပဿီဝါ၊ ဝယ ဓမ္မာ နုပဿီ ဝေဒနာ သု ဝိဟာရတိ' ဟု ဘုရားက ဟောထားကြောင်း ပြသည် [နှာ–၁၆၅]။ ဖြစ်ပျက် မြင်အောင် ရှုရေးပင် ဖြစ်၏။ ဖြစ်ပျက် မြင်မှသာ ဥဒယဗ္ဗယဉာဏ် ဖြစ်ကြောင်း ပြသည် [နှာ–၁၆၆]။ ထိုဉာဏ်ကျမှ ဝိပဿနာဉာဏ် ဖြစ်သည်။ စိတ်ကို ရှုရာမှာလည်း စိတ်၏ အဖြစ်ကို ရော၊ စိတ်၏ အပျက်ကိုရော မြင်မှ ဝိပဿနာဉာဏ် ဖြစ်ကြောင်း ပြသည်။

'သမုဒယ ဓမ္မာ နုပဿီဝါ ဝတ္တသ္မိံ' ဝိဟာရတိ၊ ဝယ ဓမ္မာ နုပဿီဝါ စိတ္တသ္မိံ ဝိဟာရတိ'–ဤသို့ ဖြစ်ပျက် မြင်သော အခါမှသာ ထိုပုဂ္ဂိုလ်သည် မသေရာ အမှန် ပြည်နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းဖြောင့်ပေါ်သို့ ရောက်သည် မည်ကြောင်း ဟောထားသည် [နှာ–၁၆၇]။ စိတ် ရှုရှု၊ ဝေဒနာ ရှုရှု ရှိရာက မရှိ ဖြစ်သွားပုံကို တွေ့အောင် ရှုရမည် ဆို၏ [နှာ–၁၆၈]။ ရှိရာက မရှိ ဖြစ်သွားတာ သိမှ အနိစ္စ ကို သိနိုင်ကြောင်း ဟောထားသည်။ အနတ္တဟုလည်း ဆိုနိုင်သည်။ မိမိသည် ယခု ဘဝ နိဗ္ဗာန် ရောက်နိုင် မရောက်နိုင်ကို ဝိပဿနာ အားထုတ်သော ယောဂီသည် ကိုယ့်ကိုယ်ကိုယ် စိစစ်ပြီး သိနိုင်ရန် နည်းပေးလိုက်ခြင်း ဖြစ်သည် ဟုလည်း ဟော ထားသည်။ ရှိရာမှ မရှိ ဖြစ်သွားပုံကို သိအောင် ဖမ်းနိုင်သော ပုဂ္ဂိုလ်သည် ယခု မျက်မှောက် ဘဝမှာပင် နိဗ္ဗာန် ရောက်မည့် ပုဂ္ဂိုလ် ဖြစ်သည် ဆို၏။

http://www.dhammadownload.com



ဤသို့ တွေ့လျှင် 'သဗ္ဗေ သင်္ခါရာ အနိစ္စာ' ဆိုသောကြောင့် တစ်ကိုယ်လုံး အနိစ္စ ဖြစ်နေပုံကို မြင်တော့သည် [နာ-၁၆၉]။ ဖြစ်ပျက် မြင်လျှင် လိုက်ရှုရမည်။ ထိုအခါ ခန္ဓာမှာ ဖြစ်ပျက်ပဲ ရှိသည်။ ယောကျ်ား၊ မိန်းမ မရှိ၊ ပုဂ္ဂိုလ် မရှိကြောင်း သိမြင်လာမည်၊ ဒိဋ္ဌိ ပြုတ်ပြီ ဆို၏။ ဝိပဿနာဉာဏ်က ဒိဋ္ဌိကို သတ်သည်။ ဒါကြောင့် ဒိဋ္ဌိသတ် ဆိုတာ ခန္ဓာ၏ ဖြစ်ပျက် အနိစ္စကို မြင်အောင် ကြည့်ဟု ဆိုခြင်း ဖြစ်ကြောင်း ရှင်းထားသည် [နာ-၁၇၀]။ ပုထုဇဉ်တွေ ဝေဒနာ သုံးမျိုးကို ငါစွဲကြပုံကို ပြသည် [နာ-၁၇၁]။ ဖြစ်ပျက် မြင်လျှင် ဒိဋ္ဌိ စင်သည်။ ဝိပဿနာ ဒိဋ္ဌိ သတ်သည်။ ဒါကြောင့် ဝိပဿနာ ရှုရင်း သေလျှင် အပါယ် မကျဘူးဟု ယတိပြတ် ဟောထားသည် [နာ-၁၇၂]။

ဘာကြောင့် မကျသလဲ။ ဒိဋ္ဌိ မရှိလို့ မကျကြောင်းလည်း ရှင်းပြသည်။ ဒိဋ္ဌိ ပြုတ်သည် ဆိုရာတွင် အကြမ်းစား ဒိဋ္ဌိ၊ ပရိယုဋ္ဌာနသာ ပြုတ်သေးသည်။ အနုသယ အနုစား ဒိဋ္ဌိတော့ ကျန်သေးကြောင်း ဟောသည် [နာ-၁၇၃]။ မဂ်စစ် မဟုတ်သေးဘူး၊ ဝိပဿနာ မဂ်ပဲ ရှိသေး သောကြောင့် ဒိဋ္ဌိ အကြမ်းစားပဲ ပြုတ်သေးသည်။ လောကုတ္တရာ မဂ်သာသာ ဒိဋ္ဌိ အမြစ်ပါ မကျန် ပြုတ်စေနိုင်သည်။ ဝိပဿနာ အကြောင်း ပြန်ပြောရာမှာ မရှိတာ (အနိစ္စ)ကို သိတာ ဝိပဿနာဉာဏ်ဟု ဆိုသည် [နာ-၁၇၄]။ ဝိပဿနာဉာဏ် ရပြီ ဆိုလျှင် မိမိသည် နိဗ္ဗာန် ရောက်မည့် ပုဂ္ဂိုလ် ဖြစ်ပြီ မှတ်ပါဟု ဟောသည်။ ပါရမီကို အထူး ပြောရန် မလို၊ ဖြစ်ပျက် မြင်လျှင် ပါရမီ ပြည့်ပြီဟု မှတ်ပါ ဆိုသည် [နာ-၁၇၅]။ အပျက် မြင်ပြီ ဆိုကတည်းက ငါလည်း မဟုတ်၊ ငါ့ ဥစ္စာလည်း မဟုတ်ဟု သိပြီ။

မိမိသည် သံသရာ အဆန်သမား ဖြစ်ပြီဟု မှတ်နိုင်ပြီ ဆို၏ [နာ-၁၇၆]။ အောက်ကို စုန်တာက အပါယ်ခရီး၊ အထက်ကို ဆန်တာက နိဗ္ဗာန် ခရီး ဖြစ်သည်။ အထက်ကို ဆန်ရတာ အောက်ကို စုန်တာလောက် မလွယ်ဘူး။ ပိုခက်သည်။ အဆန်သမားမှာ ဝီရိယ ပိုပြီး ရှိဖို့ လိုသည် [နာ-၁၇၇]။ သဒ္ဓါရော၊ သမာဓိရော ပိုပြီး လိုသည်။ ဆန္ဒကို ရင့်အောင် လုပ်ရသည်။ ဝီရိယ မှာလည်း ရိုးရိုး ဝီရိယ၊ ဝီရိယိဒ္ဓိ ၊ ဝီရိယဗိုလ် အဆင့်ဆင့် ရှိသည်။ သဒ္ဓါ၊ ဝီရိယ၊ သမာဓိ လျော့သွားပါက ကာမဂုဏ်မှာ ရေစုန် မျောသွားနိုင်သည်။ မျောလျှင် လည်မည်။ လည်လျှင် မြုပ်ပေ လိမ့်မည် [နာ-၁၇၉]။ တရား အားထုတ်ရင်း သဒ္ဓါကလည်း ဖြစ်ပျက် မြင်လျှင် ပိုတက်လာသည်။ သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ် ဖြစ်လာသည်။ ဆန္ဒ မရင့်လျှင် ဘုရားနှင့် ကိုယ်တိုင် တွေ့ရသော်လည်း ကျွတ်တမ်း မဝင်နိုင်ဘူးဟု ဆိုသည် [နာ-၁၈၂]။

http://www.dhammadownload.com



မိမိ ဣန္ဒြေ ရင့်ပြီ ဆိုလျှင် နောက်ဘုရားကို မျှော်နေစရာ မလိုတော့ပါ။ ကိုယ့်ဘာသာ အားထုတ်ပြီး လွတ်မြောက်နိုင်သည် [နှာ–၁၈၃]။ ကိလေသာ သတ်ရာမှာ ဘုရား မရှိလည်း ဖြစ်သည်။ ဘုရား မရှိပြီး နောက်တွင် ကျွတ်တမ်း ဝင်သူတွေ သီရိလင်္ကာ(သီဟိုဠ်)မှာ များစွာ ရှိခဲ့သည် [နှာ–၁၈၄]။ ဣန္ဒြေ ရင့်လို့ ကျွတ်တမ်း ဝင်ကြတာ ဖြစ်သည်။ ကိုယ့်ဘာသာ ဝီရိယကို တိုးသွားမှသာ ဣန္ဒြေ ရင့်ကျက် လာနိုင်သည်။ ဖြစ်ပျက်တွေကို အမြောက်အမြား မြင်ပြီး ဣန္ဒြေ ရင့်လာပြီ ဆိုပါက ဖိုလ်ထိုက်တော့သည်။ သဒ္ဓါ တရားက ဖိုလ်အဆင့်ကို ရောက်လာပြီး နောက် ဖြစ်ပျက်တွေသည် ဒုက္ခသစ္စာတွေပဲဟု ဆုံးဖြတ်ချက် ချလိုက်သည်နှင့် ဒုက္ခသစ္စာ အကုန် ပျောက်ပြီး နိဗ္ဗာန် ပေါ်လာသည် [နှာ–၁၈၆]။ ဒုက္ခက နိဗ္ဗာန်ကို ဖုံးထားသည်။ ဒုက္ခသစ္စာ ဆုံးသွားလျှင် နိရောဓ သစ္စာ ပေါ်လာသည်။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာကို ဖိုလ်ထိုက်အောင် အားထုတ်လျှင် နိဗ္ဗာန်ကို ရောက်ပါသည်။ နိဗ္ဗာန် မဝေးပါ။ နီးလျက် ဘာကြောင့် မရသလဲ မေးလျှင် ဣန္ဒြေ မရင့်လို့၊ ဖိုလ်မထိုက်သေး၍ဟု ဖြေရမည် [နှာ–၁၈၈]။ ဘာကြောင့် ဖိုလ် မထိုက်သလဲ။ ဖျင်းလို့၊ ပျင်းလို့ဟု ဖြေရမည်။ ထိုအဖျင်းနှင့် အပျင်းကို ပယ်နိုင်လျှင် ရနိုင်ပါသည်။ အချိန် စေ့သဖြင့် တရား နားလိုက်ပါသည်။

*

## ၅။ သီတင်းကျွတ် နှစ်မျိုး ကြွက်မကြီး ဥပမာလေး အလုပ် သုံးလုပ်

[ ၂၁–၆–၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောသော တရား ]

**(ဤစာအုပ်တွင် ရှေးက ပြခဲ့သော တရားများမှာ ၁၉၆၁ ခု ၁၀ လပိုင်းက မိုးကုတ်မြို့ မင်္ဂလာတိုက်နှင့် မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသော တရားများ ဖြစ်သည်။ ဤတရားမှာ ၁၉၆၁ ခုနှစ် ၆ လပိုင်း ဟောသော တရား ဖြစ်နေကြောင်း တွေ့ရသည်။)**

သီတင်းကျွတ်မို့ နီးပြီဟု အစ ချီပြီး ဤတရားကို ဟောတော်မူသည်။ သီတင်းကျွတ်မှာ ပြုမြဲ ရိုးရာတွေ စိတ်မကူးကြဘဲ ဝါတွင်းမှာ တရား အားထုတ်ပြီး ဝါကျွတ်တော့ တရားထူး ရဖို့ စဉ်းစား စေချင်ကြောင်း ဟောသည်။ ဘုရား လက်ထက်က အတိုင်း ဖြစ်စေချင်ကြောင်း ပြောသည်။ ဝါတွင်းမှာ အားထုတ်၊ ဝါကျွတ် တရားထူး ရပြီး ပဝါရဏာ ပြုတော့ အရိယာတို့၏ ပဝါရဏာ ဖြစ်တော့သည် [နှာ–၁၉၀]။ ဒကာ၊ ဒကာမများလည်း ရက်ကျန်သေးသည်။

http://www.dhammadownload.com



သိတင်းကျွတ်ဖို့ လိုသေးသည်။ သိတင်းကျွတ်ရင် အာသဝေါတွေ ကုန်ပြီး ပဝါရဏာ ပြုနိုင်အောင် ကြိုးစားကြ စေချင်ကြောင်း တိုက်တွန်းတော် မူသည်။ 'အနတ္တရံ ပုညခေတ္တံ လောကဿ' လူအပေါင်းတို့၏ ကောင်းမှု မျိုးစေ့ စိုက်ရာ လယ်ယာ မြေကောင်း သဖွယ် ဖြစ်အောင်လို့ဟု ဆိုသည်။

သိတင်းကျွတ် အကြောင်း စဉ်းစားကောင်းသည်။ သိတင်းကျွတ်တာ အသေ ဦးတာ ဖြစ်သည်။ သိတင်းကျွတ်တာ ပျော်စရာ မှတ်နေလျှင် အရင်းရှုံးသည်။ သံဝေဂ ရအောင် ဟောခြင်း ဖြစ်သည်။ သိတင်းကျွတ်မှာ သေခါ နီးလာသည်ကို သိတင်း မကျွတ်ခင် သေဘေးလွတ်အောင် တရားအားထုတ်ဖို့ တိုက်တွန်းထား သည်။ [နှာ-၁၉၂] သိတင်း မကျွတ်မီမှာပင် အနိစ္စ မြင်၊ အနိစ္စ မုန်း၊ အနိစ္စ ဆုံး ဉာဏ် သုံးဆင့်ဖြင့် တက်လျှင် ရနိုင်ကြောင်း ဟောသည်။ ဒါမှ ဘုရား လက်ထက်က သာဓု ခေါ်နိုင်သော အဆင့် ရောက်ကြောင်း ရှင်းပြသည် [နှာ-၁၉၅]။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရဘဲနှင့် ပျော်တာကို ဆရာတော်က သေခါနီး ပျော်ဟု သမုတ်သည် [နှာ-၁၉၆]။ ပျော်လျှင်လည်း အသေလွတ်၍ ပျော်ခြင်း ဖြစ်သင့်သည် ဆို၏[နှာ-၁၉၈]။

အင်္ဂုတ္တိုရ် ပါဠိတော်နှင့် သံယုတ် ပါဠိတော်ကို ကိုးကားပြီး 'ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ' ဂါထာဖြင့် ဝိပဿနာ ရှုနည်း အလုပ်ပေး တရားကို ဟောသည်။ အဓိပ္ပာယ်မှာ ရှုသော ပုဂ္ဂိုလ်၊ မြင်သော ပုဂ္ဂိုလ်အား အာသဝေါ တရားတို့၏ ကုန်ခန်းခြင်းသည် ဖြစ်၏ဟု ငါဘုရား ဟောသည် ဟူ၍ ဖြစ်၏ [နှာ-၁၉၉]။ ထို့နောက် အာသဝေါ၏ အဓိပ္ပာယ်ကို ရှင်းပြသည်။ အာသဝေါ၏ အဓိပ္ပာယ်မှာ တဝဲ လည်လည် ဖြစ်ခြင်း၊ လည်တတ်သည့် သဘော၊ ယိုစီးခြင်း သဘော ဖြစ်သည်။ အာသဝေါတရား လေးပါး ရှိသည်။ (၁) ကာမာ သဝေါ၊ (၂) ဘဝါသဝေါ၊ (၃) ဒိဋ္ဌာသဝေါ၊ (၄) အဝိဇ္ဇာသဝေါ ဖြစ်၏ [နှာ-၂၉၉]။ ခန္ဓာထဲမှာ စိတ် ရှုရှု၊ ဝေဒနာ ရှုရှု စိတ်ဖြစ်ပျက်၊ ဝေဒနာ ဖြစ်ပျက် မြင်လျှင် အာသဝေါ ကင်းစင်သည်။ ဝဲထဲ ကျသော သစ်ရွက်လို မြုပ်မျောခြင်းမှ လွတ်ကင်း နိုင်ကြောင်း ပြသည် [နှာ-၂၀၁]။ သိတင်းကျွတ် သော်လည်း အသေ ဘေးက လွတ်အောင်၊ ကျွတ်အောင် လုပ်ထားပြီး မဖြစ်လျှင် ဝမ်းသာစရာ မရှိသေးကြောင်း ဟောသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက် တုံးပြီး၊ ဖြစ်ပျက် ဆုံးသွား လျှင် တစ်သံသရာလုံး မရပ်ခဲ့သော ခန္ဓာစက်ကြီး ယခု မျက်မှောက် ဉာဏ်အောက်မှာ ရပ်သွားလိမ့်မည်။ ဒုက္ခစက် ရပ်သွားတာ နိဗ္ဗာန်ပဲဟု မိန့်ဆိုတော် မူထားသည် [နှာ-၂၀၅]။

http://www.dhammadownload.com



သို့သော် ခန္ဓာနှင့် ဉာဏ်ကြားမှာ ဒိဋ္ဌိစည်းရိုး၊ အဝိဇ္ဇာ စည်းရိုးတွေ ထုထည် ကြီးစွာ ခြားထားသည်။ ယောဂီက လုံ့လ ဝီရိယ ကြီးကြီးနှင့် ဖြိုလိုက်နိုင်လျှင် ခန္ဓာနှင့် ဉာဏ်သည် တွေ့သွားနိုင်သည်။ ခန္ဓာနှင့် ဉာဏ် တွေ့လျှင် ခန္ဓာ ဆုံးအောင် ဉာဏ်က လိုက်ရမည်။ ခန္ဓာ အဆုံး ရောက်လျှင် နိဗ္ဗာန်ကို တွေ့ပြီ ဆိုသည် [နှာ-၂၀၇]။ ဝိပဿနာ ရှုနည်း အလုပ်ပေး တရားကို ဟောခြင်း ဖြစ်သည်။ ဘုရားက ဝိပဿနာ ရှုနည်းကို ကြက်မကြီး ဥပမာ ပေးပြီး ဟောသည် [နှာ-၂၀၈]။ ကြက်မကြီးသည် ဥတွေ ဥပြီးနောက် ဝပ်ရသည်။ ဝပ်ခြင်းမှာ ကြက်ဥများ သန္ဓေ ရင့်ကျက် လာအောင် အပူ ပေးခြင်း ဖြစ်သည်။ အပူလည်း ပေးသည်။ ကြက်နံ့လည်း ပေးသည် ဆို၏။ ထိုအခါ ကြက်ကလေးများ ပေါက်လာကြသည်။ ကြက်ကလေးများ ဥခွံ အပြင်ကို ရှင်သန်ပြီး ထွက်လာတော့ လောက အလင်းကို မြင်တွေ့ရသည်။

ထို့အတူ ယောဂီမှာလည်း ဝိပဿနာ အလုပ် လုပ်သော အခါ ခန္ဓာကို အနိစ္စ မြင်အောင် မပြတ် ရှုပေးရမည်။ ဖြစ်ပျက် မြင်တာ အနိစ္စ မြင်တာ ဖြစ်၏။ ဒုက္ခ မြင်တာလည်း ဖြစ်၏။ အနတ္တ ဆိုလည်း ဒီဖြစ်ပျက်ပဲ ဖြစ်သည် [နှာ-၂၁၂]။ အဝိဇ္ဇာနှင့် ဒိဋ္ဌိ တံတိုင်းတွေကို ဖောက်ပြီး ခန္ဓာ ဖြစ်ပျက် မြင်အောင် ရှုရမည်။ မြင်ပြီ ဆိုပါက ဖြစ်ပျက် မုန်းအောင်၊ ဖြစ်ပျက် ဆုံးအောင် လိုက်ရမည်။ ထိုသို့ ပြုလုပ်ပါက ဝမ်းထဲမှာ ရှိသော ကိလေသာ အစေးများ ခန်းခြောက်လာသည်။ ဤတွင် အဝိဇ္ဇာကို ဥခွံ၊ တဏှာကို ဥထဲက အရည်တွေနှင့် တင်စား ထားသည် [နှာ-၂၁၅]။ အစေး ခြောက်၊ အခွံ ဖောက်ပြီး ထွက်လာမှ ကြက်ကလေးသည် အလင်းထဲကို ရောက်လာသည်။ ယောဂီလည်း အဝိဇ္ဇာ အခွံ၊ တဏှာ အစေးတွေ ခန်းခြောက်မှ ဉာဏ်နှင့် ထိုးဖောက်ပြီး ဝိဇ္ဇာ အလင်းနယ်ထဲသို့ ရောက်ရသည် [နှာ-၂၁၆]။ အလင်း မြင်ခြင်းသည် နိဗ္ဗာန်ကို မြင်ခြင်းနှင့် တူကြောင်း နှိုင်းပြသည်။ ဥခွံ ဖောက်ထွက်မှ လွတ်မြောက်လာခြင်း ဖြစ်သည်။

**မှတ်ချက်– စာမျက်နှာ ၂၂၅ တွင် ဤတရားကို သိတင်းကျွတ်ရန် သုံးရက် အလိုမှာ ဟောကြောင်း ပြထားသည်။ သို့သော် ရက်စွဲမှာ ၂၁–၆–၆၁ ဟု ဖော်ပြ ထားသဖြင့် ရက်စွဲ ဖြစ်နိုင်ဖွယ် မရှိပါ။ ရက်စွဲ အမှတ် မှားနေဟန် တူသည်။**

ဝိပဿနာဉာဏ် စခန်း ဖြစ်သည်။ ဒုက္ခသစ္စာကို ဉာဏ်က ထိုးထွင်း သိလိုက်ပြီ ဆိုပါက ဖြစ်ပျက်တွေက ဆုံးသွားသည်။ ဟိုဘက်က နိရောဓကို ဆိုက်ရောက်သွားသည်။ ဉာဏ်စခန်းက မြန်သည်။ ကံစခန်းကသာ ကြာသည်ဟု

http://www.dhammadownload.com



ဆိုသည် [နှာ-၂၂၆]။ သိတင်းကျွတ်တာ မိုးထွန်းပြီး မကျွတ်ချင်နှင့်။ ဉာဏ်အလင်း ရပြီးမှ ကျွတ်ချင်ကြပါဟု ဆိုသည်။ ဤသို့ ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

၆။ ဒုက္ခ၏ လက်သည်ကြီး အာသဝ ဖြစ်ပုံ

[ ၂၁-၁၀-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသော တရား ]

**(ရှေ့က တရားမှာ ကြားညှပ် ထည့်ထားသော တရား ဖြစ်ဟန် တူသည်။ ၁၉၆၁ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမှာ ဆရာတော်ကြီး တရား ဟောနေသည်။)**

လူတွေကို နှိပ်စက်နေတာ အာသဝေါ တရား ဖြစ်ကြောင်း အစချီ၍ ဤတရားကို ဟောကြားသည်။ မပြတ် နှိပ်စက်နေတာ ကာမာသဝ လိုချင်မှု တဏှာ ဖြစ်သည်။ ဘဝါသဝက ဘုံဘဝကို တောင့်တမှု ဖြစ်သည်။ ဒိဋ္ဌာသဝက ခန္ဓာ ငါးပါးကို ငါနှင့် ငါ့ဥစ္စာ လုပ်နေခြင်း ဖြစ်သည်။ အဝိဇ္ဇာသဝသည် ခန္ဓာကြီးကို ဒုက္ခသစ္စာ ဖြစ်မှန်း မသိတာ ဖြစ်သည်။ ဒုက္ခ ဖြစ်ကြောင်းက သမုဒယ သစ္စာမှန်း မသိတာ ဖြစ်သည်။ ဒုက္ခ ချုပ်တာက နိဗ္ဗာန် (နိရောဓ သစ္စာ)ကိုလည်း မသိ၊ နိဗ္ဗာန် ရောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာကိုလည်း မသိတာ အဝိဇ္ဇာသဝ ခေါ်သည် [*နှာ-၂၃၀*]။ သဗ္ဗာသဝသုတ်။ မူလ ပဏ္ဏာသကို ရည်ညွှန်းထားသည် [*နှာ-၂၃၁*]။ အာသဝေါ တရားသည် ခန္ဓာ ဉာဏ်ရောက်သော ပုဂ္ဂိုလ်ကို မနှိပ်စက်နိုင်။ အာသဝေါတရား နှိပ်စက် နိုင်ခြင်းမှာ ခန္ဓာ၏ သဘောကို မသိ၍ ဖြစ်ကြောင်း ဟောသည် [*နှာ-၂၃၄*]။ ခန္ဓာ အရှိနှင့် ဉာဏ်အသိ မလိုက်လျှင် အာသဝေါ စိမ်ရာ ခံရသည်။ အာသဝေါ တရား ခိုင်းရာ လူတွေ ဒုန်းစိုင်း ပြေးနေရပုံများကို ဟောသည်။ ခန္ဓာ အရှိနှင့် ဉာဏ်အသိ မကိုက်လျှင် အာသဝက ခြယ်လှယ်နိုင်သည် [*နှာ-၂၅၂*]။ ခန္ဓာထဲမှာ ဖြစ်ပျက် အနိစ္စကလေးကို မြင်လိုက်ပြီ ဆိုလျှင် အဝိဇ္ဇာက ဝိဇ္ဇာ ဖြစ်သွားသည်။ အာသဝကလည်း ပါးသွားသည်။ ဝိပဿနာ ဉာဏ်ကြောင့် ပါးသွားသည်။ အနိစ္စ ခန္ဓာကြီးကို မြင်လိုက်ခြင်းကြောင့် ငါ့ဟာ၊ ငါ့ဥစ္စာစွဲ ဒိဋ္ဌိသဝ လည်း ပြုတ်သွားသည် [*နှာ-၂၅၃*]။ ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ ဖြစ်တဲ့ ခန္ဓာကြီးကိုဖြင့် မလိုချင်ပါ ဆိုသော ကာမာသဝလည်း ချုပ်သွားသည်။

http://www.dhammadownload.com



ဤသို့သော ဒုက္ခ ခန္ဓာမျိုး၊ အနိစ္စ ခန္ဓာမျိုးသာ ရမည့် ဘဝ်ဘဝကိုလည်း မတောင့်တ တော့ပါ။ ဘဝါသဝလည်း ပြုတ်သည်။ နေ့စဉ် အိမ်က ထွက်ပြီး ရှာနေရတာ အာသဝကြောင့်၊ အငြိမ် နေခွင့် မရတာ အာသဝကြောင့်။ ဤတွင် အာသဝ သတ္တိသည် အကနှင့် တူသည်ဟု ဟောသည်။ ဤစကားသည် ဘုရားရှင် ကိုယ်တိုင် ဓမ္မပဒမှာ ဟောသော စကား ဖြစ်သည် ဆို၏ [နှာ-၂၅၇]။ 'မာတရံ၊ ပိတရံ ဟန္တာ၊ ရာဇနော ဒွေစ ခတ္တိယေ' သမီးကလေးကို နေရာ မချရသေး၍ မိဘက.အသေ မဖြောင့် ဖြစ်တတ်သည်။ အာသဝ၏ သတ္တိ ဖြစ်ကြောင်း ပြသည်။

ယနေ့ အာသဝ ပါးစပ်ထဲက လာဆွဲထုတ်သော တရားကို ဟောမည်။ ကြိုက်တာ မကြိုက်တာ အရေး မစိုက်ဘူးဟု ဆိုသည် [နှာ-၂၆ဝ]။ အစိက အချက်မှာ ခန္ဓာအရှိနှင့် ဉာဏ်အသိ ကိုက်အောင် လုပ်ဖို့ပင် ဖြစ်၏။ ခန္ဓာ အရှိနှင့် ဉာဏ် အသိ မကိုက်တာ ဘယ်က လာသလဲ။ အယောနိသော မနသိကာရ (နှလုံးသွင်း မှားမှု) က လာသည်။ သဗ္ဗာသဝသုတ်မှာ ဟောထားသည်။ ခန္ဓာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဟု ဉာဏ်ဖြင့် မြင်မှသာ အာသဝ ချုပ်သည် [နှာ-၂၆၃]။ ခန္ဓာ အရှိနှင့် ဉာဏ်အသိ ကိုက်တာ ယောနိသော မနသိကာရ ဖြစ်သည် [နှာ-၂၆၆]။ ခန္ဓာ အရှိကို ဉာဏ်က မသိလိုက်တာ အယောနိသော မနသိကာရ ဖြစ်သည် ဆိုသည်။ ယောနိသော မနသိကာရ သဘောကို ပုထုဇဉ်များ တလွဲ သုံးနေကြပုံ ကိုလည်း ပြသည်။ ခန္ဓာ အရှိနှင့် ဉာဏ် အသိ ကိုက်လျှင် အာသဝေါ ချုပ်သည် [နှာ-၂၆၇]။ ခန္ဓာ အရှိကို သိအောင် ခန္ဓာ အကြောင်း ထပ်ကာထပ်ကာ ဟောရသည်။ ခန္ဓာ ငါးပါး ဖြစ်ပျက် ဒုက္ခသစ္စာဟု ဉာဏ်ထဲ ပေါ်လာမှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမစွဲ ပြုတ်သည်။ ဒါကို သုညတ တရားဟု ခေါ်သည် ဆို၏ [နှာ-၂၆၈]။

ထို့နောက် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ စသော ခန္ဓာ ငါးပါးကို ပြပြန်သည်။ ဓာနတော ပဿတော အရ ခန္ဓာ ငါးပါးကို သိအောင် ရှုရမည်။ ရှုလိုက်သော အခါ ခန္ဓာ ငါးပါး ဖြစ်ပြီး ပျက်တော့ သည်။ ဖြစ်ပျက်ခြင်းသည် အနိစ္စ လက္ခဏာ ဖြစ်၏ [နှာ-၂၇၆]။ ဒုက္ခ လက္ခဏာ လည်း ဖြစ်သည်။ အနတ္တ လက္ခဏာ၊ အသုဘ လက္ခဏာလည်း ဖြစ်သည်။ ထိုသို့ သစ္စာဉာဏ် ဆိုက်သွားသော အခါ ထိုခန္ဓာ ငါးပါးကို မလိုချင်တော့ပါ။ ကာမာသဝ ကျွတ်သွားသည်။ နောက်ဘဝ၊ နောက်ခန္ဓာ မလိုချင်တော့ သောကြောင့် ဘဝါသဝလည်း ချုပ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိပြီး ငါစွဲ အတ္တ ဒိဋ္ဌိ ပြုတ်

http://www.dhammadownload.com



သဖြင့် ဒိဋ္ဌာသဝလည်း ချုပ်သည်။ ခန္ဓာ အားလုံး ဒုက္ခသစ္စာပဲဟု သိသဖြင့် အဝိဇ္ဇာသဝလည်း ချုပ်သည်။ သစ္စာဉာဏ် ရလျှင် နောက်ခန္ဓာ မလာနိုင် တော့ပါ။ ပဋိစ္စသမုပ္ပာဒ် ပြတ်စဲပါသည် [နှာ-၂၇၇]။ ဇာတိ ဇရာ မရှိတော့လျှင် သေခြင်း မရဏလည်း မရှိနိုင်တော့ပါ။ ဒါကြောင့် ဇာနတော၊ ပဿတော နှစ်ခုကို လက်ကိုင် ထားဟု ဟောရင်း အချိန်စေ့၍ တရား နားလိုက်လေသည်။

*

## ၇။ အပါယ် သွားမည့် ဒိဋ္ဌိ ဖြုတ်ပစ်ပုံ သုညတ ဒေသနာ

[၂၂-၆-၆၂ နေ့က အမရပူရမြို့ မင်္ဂလာ တိုက်ဟောင်းမှာ ဟောသော တရား ]

(ရှေ့က ဖော်ပြခဲ့သော တရားများမှာ ၁၉၆၁ ခုနှစ် ၁၀ လ၊ ၁၁ လပိုင်း ဟော တရားများ ဖြစ်သည်။ အမရပူရမြို့ မင်္ဂလာတိုက်နှင့် မန္တလေးမြို့ ဦးချစ်ဆွေ မွှာရုံမှာ ဟောသော တရားများ ဖြစ်သည်။ ဤတရားမှာ ၁၉၆၂ ခု ၆ လပိုင်းမှာ ဟောသော တရား ဖြစ်သည်။ အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ဖြစ်သည်။ ရှေးက စာအုပ်များမှာလို အစဉ် အတိုင်း ဟောသော တရား မဟုတ်ပါ)

'တရားစစ်၊ တရားမှန် ဆိုတာ သစ္စာပဲ' ဆိုပြီး ဤတရား စတင် ဟောကြား ထားသည်။ အမှန်ကို လုပ်တာ တရားပဲ ဟုလည်း ထပ်ဆင့် ဆိုသည် [နှာ-၂၇၉]။ တရား၏ အမှန် သဘောက လောဘစိတ် ဖြစ်လျှင် လောဘရုပ် ဖြစ်သည်။ ဒေါသစိတ် ဖြစ်လျှင် ဒေါသရုပ် လာသည်။ မောဟစိတ် ဖြစ်လျှင် မောဟရုပ် ဖြစ်သည်။ ဒါက ဖြစ်စဉ် အမှန် ဖြစ်သည်။ ခန္ဓာ၏ ဖြစ်စဉ် အမှန် သစ္စာ ဖြစ်သည်။ စိတ်ကြောင့် ရုပ်ဖြစ်ပုံကို ပေါ်လွင်စေရန် 'အထက်မင်္ဂတွေများ ရသွားတော့၊ ရဟန္တာများ ဖြစ်တော့ အရိုးတွေ၊ ချိတ်ဆက်တွေ ဖြစ်ကုန်တယ်။ မပုပ်သိုးတဲ့ တရားက လုပ်လိုက်ပြန်တော့ ရဟန္တာရုပ် မပုပ်သိုးဘူး၊ ဘုရားသခင် ကိုယ်တော် မြတ်ကြီး ကျတော့ ချိတ်ဆက်တောင် မကဘူး အရိုးတွေ ကွင်းဆက် ဖြစ်ကုန် တယ်'ဟု ဆိုထားသည် [နှာ-၂၈၀]။

ခန္ဓာကိုယ်သည် တရား အစုအဝေးကြီး ဖြစ်သည် [နှာ-၂၈၁]။ တရား အစုအဝေးကြီး ဖြစ်သော ခန္ဓာဘက်သို့ ဉာဏ်က လှည့်လိုက်လျှင် ကုသိုလ်၊ အကု သိုလ်နှင့် အဗျာကတ တရား သုံးပါးပဲ ရှိသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိ။ ပျောက်ပြီး အပါယ် သွားမည်။ ဒိဋ္ဌိကို ဖြုတ်လိုက်ခြင်း ဖြစ်သည် [နှာ-၂၈၂]။ ခန္ဓာထဲမှာ

http://www.dhammadownload.com



ဓမ္မ အစု သက်သက်ပဲ ရှိသည်ဟု သိလိုက်လျှင် အရိယာ သာဝက ဖြစ်ပြီ။ ဓမ္မ အစု သက်သက် တွေ့လျှင် ပုဂ္ဂိုလ်၊ သတ္တဝါ ဆိတ်သုဉ်း သောကြောင့် ယနေ့ တရားသည် 'သုညတ တရား' ဟောသည် မှတ်ပါဟု ဆိုသည်။ သုညတ ဆိုက်မှ ဒိဋ္ဌိ ပြုတ်သည် [နှာ-၂၈၄]။ သတ္တဝါ ဆိုတာ အပြောသာ ရှိ၍ အထည် မရှိဟု ဟောသည်။ ဤသို့ သိလိုက်လျှင် မိမိ သန္တာန်မှာ ဒိဋ္ဌာသဝ ချုပ်သွားသည်။

ဤဓမ္မများသည် ဖြစ်ပြီး ပျက်သွားကြသော ဓမ္မများသာ ဖြစ်သည်။ သင်္ခါရ၊ အနိစ္စတွေ ဖြစ်သည်။ ပြုပြင်လို့ ပေါ်လာတာတွေဟု သိ။ ဤသို့ သိသဖြင့် အဝိဇ္ဇာ သဝ ချုပ်သည်။ ဒိဋ္ဌိနှင့် အဝိဇ္ဇာ ပြုတ်သွားပြီ။ ပျက်သော တရားက ပျက်၊ ပျက်သော နေရာမှာ ဖြစ်သော တရားက အစား ထိုးနေသည်။ ခန္ဓာကိုယ် ထဲမှာ ပျက်လိုက် အစားထိုးလိုက်ပဲ ရှိသည်။ ပေါ်လွင်စေရန် ဆရာတော်က ထမင်း စားတာ၊ အစားထိုးတာ၊ ကျင်ကြီး၊ ကျင်ငယ် စွန့်တာက ပျက်တာဟု ပြသည် [နှာ-၂၈၇]။ အစားထိုးတာက သင်္ခါရ၊ ပျက်တာက အနိစ္စပဲ ဖြစ်သည်။ ဉာဏ် မျက်လုံးဖြင့် ကြည့်တတ်လျှင် ဒါပဲ ရှိသည်။ 'အနိစ္စ ဝတ သင်္ခါရာ' ဟု ဘုရား ဟောထားပုံကို ပြသည်။ ဤတွင် အစားထိုးခြင်းကို ကံက အစားထိုးကြောင်း ဟောတော်မူသည် [နှာ-၂၈၈]။

ဤဖြစ်စဉ်ကို ဆရာတော်က သမင် မွေးလိုက်၊ ကျား စားလိုက် ဆိုသော ဆိုရိုး စကားဖြင့် ပေါ်အောင် ရှင်းပြထားသည် [နှာ-၂၈၉]။ လူတွေမှာ သင်္ခါရနှင့် အနိစ္စဉာဏ်ကို ခန္ဓာဘက်သို့ မလှည့်ဘဲ စီးပွားရေး ဘက်သို့ လှည့်နေကြောင်း ဟောသည်။ စီးပွားရေး လုပ်တာ သမင် မွေးလိုက်၊ ကျား စားလိုက်နှင့် အဖတ် မတင်ဘူး ဟုသာ ဆိုတတ်ကြသည်။ ဒါ ဖြစ်လိုက်၊ ပျက်လိုက်ချည်း မြင်နေတော့ အရိယာ ပုဂ္ဂိုလ်များ ခန္ဓာကို ငြီးငွေ့ကြသည်။ ပုထုဇဉ်တွေမှာ သင်္ခါရနှင့် အနိစ္စကို မကြည့်တတ်ကြ သဖြင့် မီးလောင်ခံရင်း ပျော်နေကြသည်ဟု ဝေဖန်တော် မူသည် [နှာ-၂၉၀]။

'တေသံ ဝူပသမော သုခေါ' ဟု ဘုရားက ဟောသည်။ ထို အစားထိုး ဖြစ်မှု၊ ပျက်မှု မရှိသော နိဗ္ဗာန်သည်သာ သုခ ချမ်းသာ အစစ်ဟု ငါဘုရား ဟောကြောင်း ဖော်ပြသည်။ နိဗ္ဗာန်ကို သိပြီ။ အစားထိုးမှု၊ ပျက်မှု မရှိတာသည် နိဗ္ဗာန်ပဲ [နှာ-၂၉၁]။ အလုပ်ပေးဖို့ ဤတရားကို ဟောတာဟု ဆိုသည်။ ထို ဖြစ်မှု၊ ပျက်မှုကို ရှုနေရမည်။ ဉာဏ်ထက် လာတော့ အစားထိုးတာ မမြင်တော့ဘဲ ပျက်တာချည်း မြင်မည်။ ပိုပြီး ဉာဏ်ထက်လာတော့ ပျက်တာကိုပင် မမြင်တော့ဘဲ

http://www.dhammadownload.com



မရှိတာပဲ မြင်နေမည်။ အစားထိုးတာ၊ ပျက်တာ မရှိတာကို တွေ့ပြီ ဆိုလျှင် ခန္ဓာ ဝိမုတ္တိ ဖြစ်ပြီ ဆို၏ [နှာ-၂၉၄]။ ခန္ဓာ လွတ်သွားခြင်း ဖြစ်သည်။ (သီတင်းကျွတ်သည်နှင့် တစ်ပြိုင်နက် ကိလေသာ ချုပ်ပြီဟု ပြောနိုင်အောင် ဤတရားကို ဟောကြောင်း အမိန့် ရှိထားသည်။ ၂၁-၆-၆၁ နေ့က ဟောခဲ့သော တရားနှင့် အဆက် ရှိဟန် တူသည်။ သို့သော် တစ်နှစ် တိတိ ကွာနေသည်။ ဟောသော နေရာကလည်း ကွာလှမ်းသည်။)

ခန္ဓာကိုယ်ကြီး အစား ထိုးလိုက်၊ ပျက်လိုက်ပဲ မြင်နေလျှင် ဝိပဿနာဉာဏ် အဆင့်ဆင့် ဖြစ်လာပုံကို ပြသည် [နှာ-၂၉၆]။ အရိယာ၏ ဉာဏ်မျက်လုံး ထဲမှာ ခန္ဓာ၏ အပြစ်ကို မြင်သည်။ ခန္ဓာ ဝန်ထုပ်ကြီးကို စွန့်ချင်သော သဘောပဲ ရှိသည်။ တဏှာ သမားများ ကျတော့ ဝန်ထုပ် ကြီးလေ ထမ်းရလေပဲ ပိုကြိုက်လေ ဖြစ်နေသည်။ ကူလီ အထမ်းသမား စိတ်ဓာတ် ဖြစ်သည်ဟု ဆိုသည် [နှာ-၃၀၀]။ အဲဒါ ကာမာသဝ သတ္တိ ဖြစ်သည် ဆို၏ [နှာ-၃၀၄]။ အာသဝေါ မကုန်သေး သရွေ့ ကာလပတ်လုံး အရှက်အကြောက် မရှိသေး ဟုလည်း ဟောသည်။

ဒါကြောင့် ကာမာသဝနှင့် အဝိဇ္ဇာသဝ မချုပ်သေးသမျှ တရား မရသေး။ ထို အာသဝေါ တရားများ ချုပ်အောင် သင်္ခါရနှင့် အနိစ္စ (ဖြစ်ပျက်)ကို ရှုရမည် [နှာ-၃၀၇]။ သင်္ခါရနှင့် အနိစ္စ ဘယ်မှာ ရှိသလဲ။ ခန္ဓာမှာ ရှိပါသည်။ ခန္ဓာမှာ ရှိလျက်နှင့် ရှိတဲ့ ဆီကို ဉာဏ် မထည့်ဘူးဟု ထောက်ပြသည်။ သင်္ခါရနှင့် အနိစ္စ ချုပ်လျှင် နိဗ္ဗာန်ကို မြင်ပြီ။ 'ဝေသံ ရူပ သမော သုခေါ' ဖြစ်သည်။ ဝိပဿနာ ရှုနေစဉ် ဖြစ်မှု၊ ပျက်မှုသည် ဉာဏ်အောက်မှာ ပျောက်သွားသည်။ ထိုသို့ ပျောက်သွားခြင်းသည် နိဗ္ဗာန်ကို မြင်ခြင်း ဖြစ်သည်။ အရိယာ မျက်လုံး တပ်ကြည့်လိုက်လျှင် မရှိတာ မြင်ခြင်းသည် နိဗ္ဗာန် ဖြစ်သည် ဆို၏ [နှာ-၃၁၀]။ ဝဋ် မကုန်သေးစဉ် ဝိပါကဝဋ် အဖြစ် ခန္ဓာကြီး ကတော့ ရှိနေသည်။ ဉာဏ်ထဲမှာတော့ ခန္ဓာ မရှိတော့ပါ။ ကိုယ့်ဉာဏ်ထဲမှာ မမြင်တော့ပြီ ဆိုလျှင် အောက်သံသရာ၏ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကျွတ်ပြီဟု ဆိုထားသည် [နှာ-၃၁၂]။ ဤတွင် ဘေးလူ အမြင်နှင့် ယောဂီ အမြင် တခြားစီ ဖြစ်ကြောင်း ဟောသည် [နှာ-၃၁၄]။ ယောဂီ အမြင် ရအောင် မြန်မြန် လုပ်ပါဟု ထပ်တလဲလဲ တိုက်တွန်းသည်။

ပုထုဇဉ်တွေက ကိလေသာစော် နံတာကို နှာခေါင်း ယဉ်ပါးနေသည်။ အရိယာ နှာခေါင်းမှာ နံသည်။။ အကြော်သည်လို ဖြစ်နေသည်ဟု ဆိုသည် [နှာ-၃၁၅]။ အကြော်သည်သည် ညှော်နံ့ကို ယဉ်ပါး နေသကဲ့သို့ ပုထုဇဉ်သည်

http://www.dhammadownload.com



ကိလေသာ၌ ယဉ်ပါး နေသည်ဟု ဆိုလိုသည်။ သင်္ခါရနှင့် အနိစ္စ ဆိုသည်မှာ ဥပ္ပါဒနှင့် ဝယ (ဖြစ်ပျက်) ကိုပင် ဆိုခြင်း ဖြစ်ကြောင်း၊ (ဤစကားကို ရှေ့မှာလည်း အကြိမ်ကြိမ် ရှင်းပြခဲ့ဖူးပြီ) ပြီးမှ သင်္ခါရက္ခန္ဓာ ဆိုသောကြောင့် စေတနာ၊ စေတနာနှင့် သဟဇာတ ဖြစ်တော့ သူလည်း ဝေဒနာနှင့် တွဲနေသည် [နှာ-၃၁၈]။ နိဗ္ဗာန် ဆိုတာ တခြား မဟုတ်ပါ။ ဖြစ်ပျက်ကို ရှုနေရင်းက ဖြစ်ပျက်ကို မမြင်ဘဲ ဖြစ်သွားတာ နိဗ္ဗာန်ပဲဟု သိလွယ်၊ မြင်လွယ်၊ သဘော ပေါက်လွယ်အောင် ပြသည်။ ယောဂီ ဉာဏ်ထဲမှာ ရှင်းထွက် သွားသည်။ ဖြစ်မှု၊ ပျက်မှု မရှိတာ သည်သာ နိဗ္ဗာန်။

သို့ဆိုသောကြောင့် နိဗ္ဗာန် ဆိုတာ ဘာမှ မရှိတာဟု မယူလိုက်ကြနှင့် ဆိုပြီးလည်း သတိ ပေးထားသည် [နှာ-၃၁၉]။ အရိယာ မျက်လုံး တပ်ကြည့်တော့ ခန္ဓာကိုယ်သည် အနာစုကြီး ဖြစ်နေသည် [နှာ-၃၂၀]။ ထိုအနာစုကြီး ပျောက်သွားသည် ဆိုလျှင် ရောဂါ ခံစား နေရသူမှာ ကျေနပ်ခြင်း ဖြစ်ရသည်။ ရောဂါ ပျောက်သွား သူသည် ရောဂါ ပျောက်သွားသော အခါ ဘာနှင့် နေရစ်သလဲ။ ရောဂါ မရှိခြင်းနှင့် နေရစ်သည်။ နိဗ္ဗာန်သည် ထိုသဘောပင် ဖြစ်သည်။ ဖြစ်ပျက်တွေ ပျောက်သွားသော အခါ ယောဂီသည် နိဗ္ဗာန် (ရောဂါ မရှိခြင်း)နှင့် နေရစ်သည် [နှာ-၃၂၁]။ နိဗ္ဗာန်သည် အရောဂတော ဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်သည် ဘာမှ မရှိဘူးဟု ယူသော် မှားပုံကို ပြခြင်း ဖြစ်၏။ ရောဂါ မရှိတာက နိဗ္ဗာန်၊ ရောဂါ ကင်းသော နိဗ္ဗာန်ကို သိတာက မဂ်ဉာဏ် ဟုလည်း မှတ်လွယ်အောင် ဟောထားသည်။ အလွန် ရှင်း၏ [နှာ-၃၂၂]။ နိဗ္ဗာန် ရှိတာကို သိဖို့ မဂ်ဉာဏ် ပေါ်ရခြင်း ဖြစ်ကြောင်းလည်း ဟောထားသည်။ နိဗ္ဗာန်သည် အတ္ထိ ရှိ၏။ ရှိ၍သာ သိခြင်း ဖြစ်၏။ ဝိပဿနာ ရှုသော ပုဂ္ဂိုလ်၏ ဉာဏ်မှာ ခန္ဓာကိုယ်ကြီးသည် ဖြစ်ပျက် နေသော ရောဂါတွေ ချည်းပဲဟု သိ၏။ ထိုရောဂါတုံးကြီးကို မလိုချင်သောစိတ် ဖြစ်၏။ ထိုသို့ မလိုချင်ပြီး မုန်းပြီ ဆိုပါက ဖြစ်ပျက် အားလုံး ချုပ်ဆုံး သွား၏။ နိဗ္ဗာန် ရှိကြောင်း ပြ၏။ ဤအကြောင်းကို ဟောရင်း အချိန်စေ့၍ တရား ရပ်နားသည်။

*

http://www.dhammadownload.com



## ၈။ တိတ္ထိတွေ အမေး၊ အနာထပိဏ် သူဌေး အဖြေ ဒိဋ္ဌိ ခွာနိုင်သော အချိန်

[ ၂၃–၁၀–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသော တရား ]

ဒုက္ခကို ကြောက်လို့ တရား အားထုတ် ကြတာဟု အစချီပြီး ဤတရားကို ဟောတော်မူသည်။ ဒုက္ခ အမျိုးမျိုး ဇာတိ ဒုက္ခ၊ ဗျာဓိ ဒုက္ခ၊ ဇရာ ဒုက္ခ၊ မရဏ ဒုက္ခ၊ သောက ပရိဒေဝ ဒုက္ခ၊ ဒေါမနဿ အားလုံး ဒုက္ခတွေချည်း ဖြစ်သည် [နှ၁–၃၂၇]။ ထိုဒုက္ခများ အနက် ကြောက်စရာ အကောင်းဆုံးမှာ အပါယ်ဒုက္ခ ဖြစ်သည်။ ထို့နောက် ဒုက္ခ ဆိုတာ အကျိုး ဖြစ်ကြောင်း၊ ထိုဒုက္ခ၏ အကြောင်းက ဘာလဲ။ အဖြေက အပါယ် ရောက်ကြောင်း တရားသည် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ ဆိုသော ဒိဋ္ဌိပင် ဖြစ်သည်။ သမုဒယသည် ဒုက္ခ၏ အကြောင်း ဖြစ်၏။ ခန္ဓာ ငါးပါးကို ငါ၊ ငါ့ကိုယ်၊ ငါ့ဥစ္စာ လုပ်နေခြင်းသည် ဒိဋ္ဌိ ဖြစ်သည်။ (အကြိမ်ကြိမ် ဟောခဲ့ ပြီးပြီ) [နှ၁–၃၂၈]။

အပါယ်၏ ရေသောက်မြစ်သည် ဒိဋ္ဌိ ဖြစ်သည်။ တဏှာ မာန ဒိဋ္ဌိ ထဲမှာ မာနသည် ကြောက်စရာ သိပ်မကောင်းကြောင်း၊ ဒိဋ္ဌိကသာ ကြောက်စရာ အကောင်းဆုံး ဖြစ်ကြောင်း ထပ်ဟောသည်။ ဒိဋ္ဌိ ဘယ်က လာသလဲ။ ဤမေးခွန်းကို ထုတ်ပြီးမှ ဒိဋ္ဌိကို အလျင် အမြန် ပယ်သတ်ဖို့ အရေး ကြီးကြောင်းကို ရောက်သွား ပြန်သည် [နှ၁–၃၂၉]။ 'ရင်ဝ လှံစူး၊ ထိပ်ဦး မီးလောင်' ဆိုသော ဘုရားဟော စကားကို ထောက်ပြ ပြန်သည်။ ပြီးနောက် အင်္ဂုတ္တိုရ် ပါဠိတော် ဒသက နိပါတ်ကို ကိုးကားပြီး ဟောသည်။ အနာထပိဏ် သူဌေးကို တိတ္ထိများက မေး၍ အနာထပိဏ် သူဌေးကြီးက ဖြေကြားပုံ ဖြစ်သည်။ ယခုမှ ဒိဋ္ဌိ ဘယ်က လာသလဲ အမေးကို ပြန်ကောက်သည် [နှ၁–၃၃၀]။ တိတ္ထိများက အနာထပိဏ် သူဌေးကို ဘုရား ဘယ်အယူ ရှိသလဲဟု မေးသည်။ အနာထပိဏ် သူဌေးက ဘုရား အယူကို မဖြေတတ်ကြောင်း ပြန်ပြောသည်။ တိတ္ထိများက ဒါဆို ဘုရား တပည့်သားများ၏ အယူကိုကော မသိဘူးလားဟု မေးပြန်သည်။ ရဟန်းများ၏ အယူကိုလည်း မိမိ သိခဲ့ကြောင်း ပြန်ဖြေလေသည်။

ဒါဆို သင့် အယူအဆကကောဟု မေးသည်။ မိမိ အယူကိုတော့ ပြောနိုင်ပါ သည်ဟု ဖြေသည်။ သို့သော် တပည့်တော် အယူကို မပြောမီ အရှင်ဘုရားတို့ အယူကို ဦးစွာ ပြောပါဟု အနာထပိဏ်က ဆိုလေသည်။ ထိုအခါ တိတ္ထိဆရာ တစ်ယောက်က မိမိ အယူမှာ 'သဿ်ါရ လောက ဆိုတာ ခန္ဓာ ဖြစ်ကြောင်း၊ ထို

http://www.dhammadownload.com



သခါရ လောကသည် မြဲကြောင်း၊ ထိုအယူကိုသာ မှန်သော အယူဟု မိမိ ယူဆကြောင်း' ပြောလေသည်။ ထိုအခါ နောက်တိတ္ထိ တစ်ယောက်က သခါရ လောကကြီးသည် အဆုံး ရှိသည်ဟု ယူကြောင်း ပြောပြန်သည်။ သူ့အယူသည် မှန်လည်း မှန်ကြောင်း ထပ်ပြောသည်။ အနာထပိဏ်က နားထောင်နေသည်။ နောက်တစ်ယောက်ကမူ သခါရ လောကသည် အဆုံး မရှိဘူးဟု မိမိ ထင်ကြောင်း၊ ယုံကြည်ကြောင်း ထပြောသည် [နှာ-၃၃၃]။ နောက်တစ်ယောက်က သတ္တဝါသည် သေသည်၏ အခြား မဲ့စွာ ဖြစ်သည်ဟု ယူဆကြောင်း ဆိုပြန်သည်။ ထို့နောက် နောက်တစ်ယောက်ကမူ သတ္တဝါ သေပြီး နောက်မှာ မဖြစ်တော့ကြောင်း ဉစ္ဆေဒ ဒိဋ္ဌိကို ဖြေလေသည်။ သတ္တဝါ သေရင် အချို့ ဖြစ်သည်။ အချို့ မဖြစ်ဟု နောက် တစ်ယောက်က ဆိုပြန်သည်။ ဧကစ္စသဿတ ဒိဋ္ဌိနှင့် ဖြေခြင်း ဖြစ်သည်။ နောက်တစ်ယောက်ကမူ သတ္တဝါ သေပြီးလျှင် မဖြစ်သည် မဟုတ်၊ ဖြစ်သယောင် ယောင် ဖြေသည်။ အမရာ ဝိက္ခေပဒိဋ္ဌိနှင့် ဖြေခြင်း ဖြစ်သည်။

တိတ္ထိဆရာများ ဖြေပြီးသော အခါ အနာထပိဏ် သူ့ဌေး အလှည့်သို့ ရောက်လာသည်။ ထိုအခါ အနာထပိဏ်က မိမိ အယူကို မပြောမီ တိတ္ထိ အယူများကို ဖြေရှင်းရဦးမည်ဟု ဆိုလေသည် [နှာ-၃၃၄]။ ထိုအချိန်တွင် အနာထပိဏ်သည် သောတာပန် ဖြစ်နေပြီ။ အနာထပိဏ်က တိတ္ထိ ဆရာများ ပြောခဲ့ပြီးသော အယူတွေကို ယူခြင်းမှာ (၁) နှလုံးသွင်း မှား၍လည်း ဖြစ်နိုင်သည်၊ (၂) တရားနာ မှားလို့လည်း ဖြစ်နိုင်သည်။ ဤကား ဒိဋ္ဌိ ဖြစ်ကြောင်း တရားများကို ထုတ်ဖော် ဟောကြားနေခြင်း ဖြစ်သည်။ ဒိဋ္ဌိ ဖြစ်ခြင်း အကြောင်း ရှစ်ပါး ရှိသော်လည်း ဤနှစ်ပါးက ပိုပြီး အရေးကြီးသည် ဆို၏ [နှာ-၃၃၆]။

ထို့နောက် ဒိဋ္ဌိ အရေးကြီးကြောင်း ရောက်သွားပြန်သည် [နှာ-၃၄၁]။ စတုဟာ ပါယေဟိ ဝိပ္ပ မုတ္တော' အရ ဒိဋ္ဌိ ဝိစိကိစ္ဆာ လွတ်လျှင် အပါယ် လေးပါး လွတ်ကြောင်း ဟောသည်။ ဒိဋ္ဌိကိုပဲ ပြောသည်။ တဏှာ၊ အဝိဇ္ဇာတောင် မပြောဘူး ဟု ကောက်ချက်လည်း ချသည် [နှာ-၃၄၁]။ သီလပ္ပတ ပရမာသလည်း ဒိဋ္ဌိပင် ဖြစ်ကြောင်း ဆိုသည်။ မိမိ ကိုယ်တိုင် ခန္ဓာ ငါးပါး ပေါ်မှာ ငါပဲ၊ သူပဲဟု နှလုံး သွင်း မှားသောကြောင့် ဒိဋ္ဌိ ဖြစ်ရကြောင်း၊ နောက်တစ်ချက်မှာ တရားနာ မှားလျှင် လည်း ဒိဋ္ဌိ ဖြစ်တတ်ကြောင်းကို ပြသည်။ ထို့နောက် နှလုံးသွင်း မှားခြင်းကို ပယ်ရန် ခန္ဓာကို ခွဲခြမ်း စိတ်ဖြာ ပြသည်။ ပထမ ၃၂ ကောဋ္ဌာသ နည်းဖြင့် ပိုင်းခြား ပြသည်။ ၃၂ ကောဋ္ဌာသကို သိရုံဖြင့် ဒိဋ္ဌိ မပြုတ်နိုင်သေးကြောင်းကို ပြသည်။ ငါ့ အဖေအရိုး၊ ငါ့အမေဂူ ဆိုသော ဒိဋ္ဌိစွဲ ကျန်သေးကြောင်း ဟောသည်။

http://www.dhammadownload.com



ထို့နောက် နာမ်ရုပ် ခွဲခြင်းဖြင့် ဒိဋ္ဌိ ဖြုတ်နည်းကို ဟောသည်။ နာမ်ရုပ် ခွဲရာမှာပင် စိတ်ကို ဒိဋ္ဌိ စွဲတတ်သေးကြောင်း ပြသည် [နာ–၃၄၄]။ ပြီးမှ ဒိဋ္ဌိ နှလုံးသွင်း မမှားရအောင် သတိပဋ္ဌာန် လေးပါးဖြင့် ဝေဖန် ပြသည် [နာ–၃၄၅]။ ခန္ဓာ တစ်ခုလုံး ဖြစ်ပျက် ဒုက္ခသစ္စာချည်းပဲ ဖြစ်ကြောင်း မြင်မှ ဒိဋ္ဌိက ပြေးသည်ဟု ဆိုသည်။ ဝိပဿနာ မလုပ်သော ပုဂ္ဂိုလ်မှာ ဒိဋ္ဌိ ကွာဖို့ အတော် ခဲယဉ်းကြောင်းလည်း ပြသည်။ ဤတွင် ဆရာတော်က တရားနာ မှားမှုကြောင့် ဒုက္ခ ရောက်ပုံကို ပြသည်။ 'သိရင် ပြီးရော ဆိုသော ဆရာနှင့် တွေ့လျှင် မှားလိမ့်မည်' ဟု ဆိုထားသည် [နာ–၃၄၅]။ ဤအချက်သည် အထူး မှတ်သားသင့်သော အချက် ဖြစ်သည်။ (မိုးကုတ် ဝိပဿနာမှာ တရား အားထုတ်ဖို့ထက် သိဖို့က ပိုအရေးကြီးသည်။ သိရင် ပြီးသည်ဟု ယူဆသော ဆရာများ ရှိနေကြောင်း တွေ့ရသည်။ ထိုအယူအဆ ကို ဆရာတော်က ပယ်ထားကြောင်း ထင်ရှားသည်။)

အနိစ္စ နုပဿနာဉာဏ်နှင့် တွဲမိမှ ဒိဋ္ဌိက ပြုတ်သည် [နာ–၃၄၆]။ ဆရာတော်က အိမ်က မှန်ထဲ ကြည့်တာတောင် မကြည့်တတ်လျှင် ဒိဋ္ဌိ ဖြစ်ကြောင်း ဟောသည် [နာ–၃၄၇]။ မူလပဏ္ဏာသ အဋ္ဌကထာမှာ ခွေးသိုး တစ်ကောင် မှန် မကြည့်တတ်လို့ ဒုက္ခ ရောက်ကြောင်းကို ကိုးကားပြီး ဟောထားသည်။ မှန်ထဲမှာ ခွေးသိုး အရိပ် ပေါ်တာကို နောက်တစ်ကောင် ထင်ပြီး ခွေးသိုးက သွားဖြဲလိုက်သည်။ မှန်ထဲက ခွေးသိုးကလည်း သွားဖြဲပြသည်။ အပြင်က ခွေးသိုးက မှန်ထဲက ခွေးသိုးနှင့် မခွဲတတ်၍ နှလုံးသွင်း မှားပုံကို ဟောသည် [နာ–၃၅၀]။ မှန်ထဲမှာ မြင်ရတာ ငါလည်း မဟုတ်၊ သူတစ်ပါးလည်း မဟုတ်ဟု မြင်တတ်ရန် အရေးကြီးကြောင်းကို ဟောသည် [နာ–၃၅၂]။ ငါလည်း မဟုတ်၊ သူတစ်ပါးလည်း မဟုတ်သော ခန္ဓာ သည် အနိစ္စ ခန္ဓာ၊ ဒုက္ခ ခန္ဓာ၊ အနတ္တ ခန္ဓာဟု မှတ်ရမည် ဆိုသည်။ တရားနာ မှားမှုကြောင့် ဒိဋ္ဌိ ဖြစ်ရကြောင်းကို ဖန်ဆင်းရှင် ယုံကြည်သော ဝါဒ ဟောသူ၏ တရားကို နာပြီး ဒိဋ္ဌိ ဖြစ်ပုံဖြင့် ပြသည်။

ဗုဒ္ဓဘာသာ မှာလည်း ကိုယ်လုပ် ကိုယ်ရသည် ဆိုသော ကမ္မ သကတာဉာဏ် လောက်ကို ဟောရုံဖြင့် ဒိဋ္ဌိ မကွာနိုင်ကြောင်းကို ဟောသည် [နာ–၃၅၃]။ ထို့နောက် နာရဒ ဇာတ်မှာ အင်္ဂတိ မင်းကြီး ဂုဏကဿပ၏ တရားကို နာမှားသောကြောင့် တိုင်းပြည် ပျက်ရပုံကို ဥပမာပြု ဟောသည်။ ခန္ဓာ၊ အာယတန၊ ဓာတ် သုညတ ဆိုက်သော တရားကို နာမှသာ ဒိဋ္ဌိ ပြုတ်သည် ဆို၏ [နာ–၃၅၄]။ သုညတ တရား ဆိုတာ ပုဂ္ဂိုလ် သတ္တဝါ မရှိ။ ခန္ဓာ ငါးပါး ဖြစ်ပျက်သာ ရှိသည်ဟု

http://www.dhammadownload.com



ရှုမြင်သော အမြင် ဖြစ်ကြောင်းရှင်းပြ ထားသည် [နှာ–၃၅၅]။ အကြောင်း အကျိုးသာ ရှိသည်။ ပုဂ္ဂိုလ် သတ္တဝါ မရှိဟု မြင်မှ သုညတ ဆိုက်သည်။ ကမ္မသကတ ဉာဏ်က ဒိဋ္ဌိကို မပယ်နိုင်ဘူးဟု ဟောသည် [နှာ–၃၆၁]။ အနာထပိဏ် ဝတ္ထုကို ပြန်ကောက်သည်။ တိတ္ထိများက အနာထပိဏ်၏ အယူကို မေးကြသည်။ အနာထပိဏ်က မိမိ အယူမှာ ခန္ဓာ သင်္ခတ တရားသည် အကြောင်း တရားတွေကြောင့် ဖြစ်ပေါ်ရကြောင်း၊ ထိုသင်္ခတ တရားသည် အနိစ္စ တရားပင် ဖြစ်ကြောင်း၊ အနိစ္စကြောင့်ဒုက္ခ ဖြစ်ရကြောင်း၊ ဒါကြောင့် ဒီခန္ဓာ အပေါ်မှာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု မယူဆကြောင်း ဖြေသည် [နှာ–၃၆၃]။ တိတ္ထိ ဆရာများကမူ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တဏှာ၊ မာန၊ ဒိဋ္ဌိနှင့် စွဲယူ နေကြောင်း ဟောက်ပြသည် [နှာ–၃၆၄]။

ဤတရားမှာ အလုပ် လုပ်သော သူသာ သိနိုင်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားကို မြင်သိမှသာ ထိုခန္ဓာ အပေါ် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု မစွဲလမ်းပုံကို ပြသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိသည် သံသရာ ရှည်စေသော ပပဉ္စ တရား ဖြစ်သည်။ ဤသို့ နှလုံးသွင်း မှန်ပါက သံသရာ ပြတ်သည်။ ဖြစ်ပျက်ကို မြင်အောင် ကြိုးစား ရမည်။ သို့မှသာ တဏှာရော၊ ဒိဋ္ဌိရော ပြုတ်သည်။ အပါယ် ရေသောက်မြစ် ပြတ်သည် [နှာ–၃၆၈]။ အနာထပိဏ်က တိတ္ထိတွေမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တဏှာ၊ မာန၊ ဒိဋ္ဌိ ငြိနေကြောင်း ရှင်းပြခဲ့သည် [နှာ–၃၇၄]။ ဒိဋ္ဌိ မဖြစ်အောင် နှလုံးသွင်း မမှားဖို့၊ တရားနာ မမှားဖို့ ဟောရာမှာ နှလုံးသွင်း မှန်အောင် ခန္ဓာကိုယ် ကို ဖြစ်ပျက် ရှုဖို့ တရားနာ မမှားရအောင် ခန္ဓာ ဖြစ်ပျက်ကို သုပ္ပတ ဆိုက်အောင် နာဖို့ ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၉။ ပဋိစ္စ သမုပ္ပာဒ် ဖြစ်ပုံနှင့် ပြတ်ပုံကို သိသောကြောင့် ဘုရား ဖြစ်လာပုံ

[ ၂၄–၁၀–၆၁ နေ့က အမရပူရမြို့ မင်္ဂလာ တိုက်ဟောင်းမှာ ဟောသော တရား ]

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘုရား အဖြစ်ကို ဘယ်လို ရောက်လာပါလိမ့်ဟု မေးခွန်း ထုတ်ဖို့ ကောင်းကြောင်း အစချီလျက် ဤတရားကို ဟောတော်မူသည်။ အများက ပါရမီ ဆယ်ပါး၊ အပြား သုံးဆယ်၊ စွန့်ခြင်းကြီး ငါးပါး စွန့်လို့ ဘုရား ဖြစ်သည်ဟု ထင်နေကြသည်။ မဟုတ်ဘူး။ ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ် (အနုလုံ)နှင့် ပဋိစ္စသမုပ္ပာဒ် ချုပ်စဉ် (ပဋိလုံ)ကို သိမှသာ ဘုရား ဖြစ်လာသည်

http://www.dhammadownload.com



ဟု ဆိုသည်။ ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်ကို သိခြင်းသည် ဒုက္ခသစ္စာကို သိခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် ချုပ်ပုံကို သိခြင်းမှာ နိရောဓသစ္စာကို သိခြင်းဖြစ်သည်။ ဤတွင်–

ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊

အာတာပိနော ဈာယတော၊ ဗြဟ္မဏဿ၊

အထဿပိနော၊ ကင်္ခါဝပ ယန္တိ သဗ္ဗာ၊

ယတော ပဇာနာတိ၊ သဟေတု ဓမ္မာ။ ပါဠိတော်ကို ကိုးကားပြီး ဟောသည် [နှာ–၃၇၈]။ ခန္ဓာ ဖြစ်ကြောင်း ပဋိစ္စသမုပ္ပာဒ်ကို ငါသိပြီ။ ခန္ဓာ ချုပ်ကြောင်း ပဋိစ္စသမုပ္ပာဒ် ပြတ်ပုံကိုလည်း ငါသိပြီဟု ဆိုကြောင်း ပြသည်။ ဒါ ဘုရား ဖြစ်တာပဲဟုလည်း ကောက်ချက် ချထားသည် [နှာ–၃၇၈]။ ပဋိစ္စသမုပ္ပာဒ် ဆိုတာ ခန္ဓာ ဖြစ်စဉ် တန်းတာ ဖြစ်သည်။ ခန္ဓာ တန်းခြင်းသည် ဒုက္ခတွေ ဆက်တန်း သွားခြင်းပင် ဖြစ်၏။ [နှာ–၃၇၉]။ ဒါဖြင့် ပဋိစ္စသမုပ္ပာဒ် ချုပ်ခြင်းသည် ဒုက္ခ အကုန် ရပ်စဲသွားခြင်းပင် ဖြစ်၏။ ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်သည် ဒုက္ခ ဖြစ်စဉ် ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် ချုပ်ခြင်းသည် နိရောဓသစ္စာ (နိဗ္ဗာန်)ပဲဟု ဆိုသည် [နှာ–၃၇၉]။ ဤတွင် ချုပ်ရာ ချုပ်ကြောင်း အကျင့် မဝင်ရင် မဖြစ်ပါဘူး [နှာ–၃၈၀]ဟု ပြတ်ပြတ်သားသား ဟောသည်။ သိရင် ပြီးတာပဲ အယူကို ပယ်ခြင်း ဖြစ်သည်။ ဉာဏ်နဲ့ ခန္ဓာကို လှည့်ရှုရဦးမည် ဖြစ်ကြောင်း ဟောသည်။ ဘုရား ဖြစ်တာသည် ပဋိစ္စသမုပ္ပာဒ် ချုပ်လို့ ဘုရား ဖြစ်တာဟုလည်း ထပ်ဆင့် ဆိုပြန်သည် [နှာ–၃၈၁]။

ထို့နောက် ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်း စာရွက်ကို ဘယ်လို ထားသင့်ကြောင်း ဟောသည်။ နားလည်အောင် လုပ်ပြီး သားစဉ် မြေးဆက် ပြဖို့လည်း မှာတော်မူသည်။ ပြီးမှ တစ်ခါ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်း ဒေသနာကို သရုပ် ပြပြန်သည်။ ဤတွင် သံယုတ် ပါဠိတော်လာ 'အနမ တဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ နပညာယတိ အဝိဇ္ဇာ နိဝရဏာနံ သတ္တာနံ တဏှာ သံယောဇနေ နာနံ သန္ဓာဝတံ သံသရတိ' ပါဠိတော်ကို ထောက်ပြသည်။ ရဟန်းတို့ ခန္ဓာ အစဉ်ကြီးသည် မသိသော အစရှိ၏။ သံသရာ၏ ရှေ့စွန်းသည် သဗ္ဗညုတဉာဏ်နှင့် တွေးတာတောင် မထင်ဘူး။ သံသရာမှာ ခန္ဓာကို အစဉ် အဆက် ဖြစ်ခဲ့တာ များလွန်းလှသည်။ ဒါကြောင့် ခန္ဓာကို လိုက်ဖြတ်နေ၍ မဖြစ်တော့ပါ။ ခန္ဓာကို လုပ်သော လက်သည်ကို ဖြတ်မှ ရမည်။ ခန္ဓာ အစကို ရှာမတွေ့သော်လည်း ခန္ဓာကို လုပ်သော လက်သည်ကိုမူ တွေ့ပြီ။ ခန္ဓာကို လုပ်သော လက်သည်မှာ အဝိဇ္ဇာနှင့် တဏှာ ဖြစ်သည် [နှာ–၃၈၅]။။ သတ္တဝါ အစ အဝိဇ္ဇာနှင့် တဏှာကဟု မှတ်ပါ။

http://www.dhammadownload.com



ထို့နောက် အဝိဇ္ဇာနှင့် တဏှာ သဘောကို ရှင်းပြသည်။ သစ္စာ မသိတာ အဝိဇ္ဇာ။ ရောက်ရာ ဘဝမှာ ခင်တာက တဏှာ [နှာ-၃၈၆]။ တဏှာ ဖြစ်လျှင် စွဲလမ်းမှု ဥပါဒါန် ဖြစ်လာသည်။ ဤတွင် အတိတ် အကြောင်းနှင့် ပစ္စုပ္ပန် အကျိုး ဆက် လည်ပုံ၊ ပစ္စုပ္ပန် အကြောင်းနှင့် အနာဂတ် အကျိုး ဆက်မည့် ပုံကို ပြသည်။ ပစ္စုပ္ပန် အကျိုးထဲမှာ အနာဂတ် အကြောင်းတွေ ပေါက်ဖွားသည်။ ဒုက္ခသစ္စာထဲမှာ သမုဒယ သစ္စာတွေ ပေါက်ဖွားသည်။ အနာဂတ် အကျိုး ခန္ဓာ ဒုက္ခသစ္စာတွေ ရပြန်သည်။ သံသရာ လည်နေပုံ၊ အဝိုင်းပြေး ဖြစ်နေပုံကို ဟောသည် [နှာ-၃၈၇]။ ဤတရားသည် ပဋိစ္စ သမုပ္ပါဒ်ကို ရှင်းပြသော တရားပင် ဖြစ်၏။ အတိတ်အကြောင်း သမုဒယကြောင့် ပစ္စုပ္ပန် အကျိုး ဒုက္ခသစ္စာ ခန္ဓာ ငါးပါး ရသည်။ ပစ္စုပ္ပန် အကြောင်း သမုဒယ ထပ်လုပ်ပြန်တော့၊ အနာဂတ် အကျိုး အဖြစ် ခန္ဓာ ဒုက္ခသစ္စာပဲ ရသည်။ တစ်သံသရာလုံးမှာ အကြောင်း သမုဒယနှင့် အကျိုး ဒုက္ခပဲ လည်နေခဲ့သည်။ မဂ် ဘယ်အခါမှ မရခဲ့ပါ။ နိရောဓ သစ္စာ မပါသေးပါ [နှာ-၃၉၂]။

ဤတွင် သံသရာ စက်ဝိုင်း ပဋိစ္စ သမုပ္ပါဒ်ကို လှည်းဘီးကြီးနှင့် ဥပမာ ပြပြီး ဟောပြန်သည် [နှာ-၃၉၄]။ လှည်းဘီးကြီးမှာ အဝိဇ္ဇာ၊ တဏှာက ပုံတောင်း၊ ကုသိုလ်၊ အကုသိုလ်တွေက လှည်းဒေါက်တွေ၊ ဇရာ မရဏက ဘီးကွပ်ကြီး ဖြစ်ပုံ ပြသည်။ ပုံတောင်းထဲက ဝင်ရိုးကို ပုံထဲမှာ မပြနိုင်၍ စကားနှင့် ရှင်းပြသည်။ အာသဝေါ တရားတွေက ဝင်ရိုး ဖြစ်ကြောင်း ဟောသည် [နှာ-၄၀၁]။ (ဒုက္ခ လက်သည်ကြီး အာသဝ ဖြစ်ကြောင်းကို ၂၁-၁၀-၆၁ နေ့က ဟောခဲ့သည်။ ရှေ့မှာ ပြပြီးပြီ)

ဤတွင် ဒါနကို ဘုန်းကြီးက ပယ်တာ မဟုတ်ဘူး။ ဝဋ္ဋကုသိုလ် မလုပ်နှင့်။ ဝိဝဋ္ဋ ကုသိုလ် လုပ်ဖို့ ပြောခြင်း ဖြစ်ကြောင်း သတိပေး စကား ဆိုထားသည် [နှာ-၄၀၂]။ ဒီဘီးကြီး လည်နေသည်ကို ရပ်အောင် ဘယ်လို လုပ်ရမလဲ။ ပုံတောင်း ကြီး ဖျက်ချမှ ဖြစ်မည်။ ပုံတောင်းက အဝိဇ္ဇာနှင့် တဏှာ ဖြစ်သည်။ ဒီဘီးကြီးထဲ ကြည့်လျှင် သမုဒယ သစ္စာနှင့် ဒုက္ခသစ္စာပဲ ပါသည်။ မဂ္ဂသစ္စာ မပါဘူး။ ဘာကြောင့် လဲ ဆိုတော့ မဂ္ဂသစ္စာက ဝင်ရိုးချိုးမည့် အရာ ဖြစ်နေသည် /နှာ-၄၀၆/။ ဝင်ရိုး ချိုးနည်း နိဿရည်း ရဖို့ပဲ လိုသည်။ ဤတွင် ဝဋ္ဋကို တောင့်တသော ကုသိုလ် မလုပ်ပါနှင့် ဟုလည်း တောင်းပန်ပြီး တားသည်။ အိုချင်၊ သေချင်လို့ ဒါန လုပ်တာမျိုး မဖြစ်သင့်ကြောင်း ရှင်းပြ ပြန်သည်။ တစ်သံသရာလုံး လုပ်ခဲ့သမျှ

http://www.dhammadownload.com



ကုသိုလ်တွေသည် အိုဘေး၊ သေဘေးမှာ လမ်းဆုံးတာချည်း ဖြစ်ခဲ့ပုံကို ရှင်းပြသည် [နှာ–၄၀၈]။ ဘာကြောင့် သေပွဲချည်း ဖြစ်ခဲ့ရသလဲ။ ပုံတောင်းကို မဖျက်နိုင်၍ အာသဝ ဝင်ရိုးက လှည့်လိုက် သောကြောင့် ဖြစ်သည်။

ဒါကြောင့် သံသရာ တစ်လျှောက်လုံး အသေ မလွတ်ဘဲ အသေနှင့် ချည်းသာ နေခဲ့ကြရသည် [နှာ–၄၁၁]။ ကုသိုလ် ပြုခဲ့ကြ သော်လည်း အဝိဇ္ဇာ၊ တဏှာ ဦးစီးသော ကုသိုလ် (ဝဋ်ကုသိုလ်)တွေ ဖြစ်ခဲ့သည့် အတွက် အို၊ နာ၊ သေ မလွတ်ခဲ့ကြ ကြောင်း ဟောသည်။ လှည်းဘီးမှာ အကွပ် ချုပ်ထားသလို ဘုံဘဝတိုင်းမှာ အို၊ နာ၊ သေဘေးက ချုပ်ထားသည်။ ဒါကြောင့် အ ကုသိုလ်လည်း မလုပ်ကြနှင့်။ ဝဋ်တောင့်တသော ကုသိုလ် ကံတွေလည်း မလုပ်ကြနှင့်ဟု သတိ ပေးထားသည် [နှာ–၄၁၃]။ ဒါကြောင့် ဒီအဝိုင်းကြီး ဝင်ရိုး ကျိုးမှ၊ ပုံတောင်း ပြုတ်မှ မလည်နိုင်မည် ဖြစ်၏။

ထို့နောက် တစ်ကြိမ် ထပ်မံ၍ ပဋိစ္စ သမုပ္ပာဒ် လည်ပုံကို ပြပြန်သည်။ နောက်ဘဝ ကောင်းစားရေးကို တောင့်တပြီး လှူသော အလှူကို ဝေဖန် ထားသည်။ နောက်ဘဝ ကောင်းစားတယ် ဆိုတာ မသာ ဖြစ်တာ ကောင်းစားတာလားဟု မေးထားသည် [နှာ–၄၂၂]။ မသာ ဖြစ်အောင် လုပ်တဲ့ ကုသိုလ် ဘယ်ကောင်းပါ့ မလဲ ဟုလည်း ဟောသည်။ ဝဋ်ကျွတ်သော ကုသိုလ် ဖြစ်မှ ကောင်းသည်။ ဝိဝဋ္ဋ ကုသိုလ် ဖြစ်အောင် ရှုဖို့သာ တိုက်တွန်းတော် မူသည် [နှာ–၄၂၄]။ ၂အကွက်ထဲ ခန္ဓာ ငါးပါး ပေါ်သည်။ ဝေဒနာမှာ လမ်းဆုံးသည်။ ဝေဒနာက ဖြစ်ပျက်၊ နောက် ဖြစ်ပျက်ကို သိသော မဂ်လိုက်ရမည်။ မဂ်မလိုက်လျှင် အဝိဇ္ဇာ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ (သမုဒယတွေ) လိုက်မည်။ ဆရာတော်ကြီးက ဖြစ်ပျက် နောက်က မဂ်လိုက်နိုင်အောင် စိတ်ကို ဖြစ်ပျက် ရှုပါဟု တိုက်တွန်းတော် မူသည် [နှာ–၄၂၇]။

စိတ် (ဝိညာဏ်)ကို ဖြစ်ပျက် ရှုလိုက်လျှင် ဝိညာဏ်နောက်က ဖိုလ် လိုက် မည်။ ဝေဒနာ မလာတော့ ဝေဒနာ နိရောဓ ဆိုက်ပြီ။ ဝေဒနာချုပ်ပြီ ဆိုပါက တဏှာလည်း ချုပ်တော့သည်။ တဏှာ မလာတော့ သမုဒယ ချုပ်သည်။ သမုဒယ ချုပ်တာ၊ တဏှာ ချုပ်တာသည် နိရောဓသစ္စာ ဖြစ်သည်။ နောက်ဒုက္ခ မလာနိုင်တော့ ပါ [နှာ–၄၂၈]။ သံသရာ ပြတ်ပြီ။ ဒါဆို အဝိဇ္ဇာ ပုံတောင်းကြီးလည်း ကျွတ်၊ သင်္ခါရ ဒေါက်တွေလည်း ကျိုးပြီ။ တဏှာ၊ ဥပါဒါန်၊ ကံတွေ မလာနိုင်တော့ပါ။ ဝေဒနာကို ရှုလျှင်လည်း ရသည် ဆို၏ [နှာ–၄၂၉]။ ဒါဖြင့် သေပွဲ လွတ်အောင်

http://www.dhammadownload.com



မဂ္ဂသစ္စာပဲ တတ်နိုင်တယ်။ ဒါကြောင့် ဝိပဿနာ အလုပ်ကို လုပ်ဖို့ တိုက်တွန်းရကြောင်း ဟောသည်။ ဝိပဿနာ အလုပ်ကသာ ပုံတောင်း ပြုတ်၊ ဒေါက် ကျိုးစေနိုင်ကြောင်း၊ ပုံတောင်း ကျွတ်၊ ဒေါက်တွေ ကျိုးမှ အကွပ်ကြီးလည်း ကျွတ်ထွက်သွားမည်။ ပြုတ်ထွက် သွားမည် ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို နားလိုက်သည်။

*

## ၁၀။ ဝဋ်သုံးပါး ဆက်စပ်ပြီး လည်နေပုံ

[ ၂၅-၁၀-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသော တရား ]

ဝဋ် ရှိမှန်း သိမှ ဝဋ် ကျွတ်ချင်တယ်ဟု အစ ချီလျက် ဤတရားကို ဟောသည်။ ဤတရားတွင် ဝဋ် လည်ပုံကို ပဋိစ္စ သမုပ္ပာဒ် စက်ဝိုင်းပါ အတိုင်း ရှင်းပြမည် ဆိုသည်။ ပြီးမှ ဝဋ် ကျွတ်နည်းကို ဟောမည် ဆိုသည်။ လူ့ဘဝမှာ လုပ်ရိုးလုပ်စဉ် သားရေး၊ သမီးရေး၊ စီးပွားရေးပဲ လုပ်နေလျှင်၊ ရိုးရာ အလျှ အတန်းလောက်နှင့် ဆိုလျှင် ဝဋ် လည်နေသည်။ ခန္ဓာကို ဉာဏ်လှည့်တတ်မှ ဝဋ်ကျွတ်သည်။ မူလ ပဏ္ဏာသ အဋ္ဌကထာမှာ ဝဋ်၏ မူလ အဝိဇ္ဇာနှင့် တဏှာက၊ ဝဋ်ကျွတ်တာက ဘုရား ပွင့်မှ 'ဝဋ္ဋမူလ အဝိဇ္ဇာ၊ ဝိဝဋ္ဋ မူလံ ဗုဒ္ဓုပ္ပာဒေါ' ဟု ဆိုမိန့် ထားသည်။

ကိုယ်ဘာရောဂါ ဖြစ်နေတယ် ဆိုတာ သိမှသာ ဆေးကုချင်မည် ဖြစ်သည်။ ဆေးကုကြပါဟု တိုက်တွန်းသည်။ အချိန်ကောင်း၊ အခါကောင်း ဖြစ်နေ၍ တိုက်တွန်းရ ကြောင်းလည်း ပြောသည် [ နှာ-၄၃၅ ]။ သဒ္ဓမ္မ သာသနံ အတိဒုလ္လဘံ အရ သာသနာတော်နှင့် တွေ့ဖို့လည်း ခက်ကြောင်း ရှင်းပြသည်။ ဆရာသမား ကောင်းနှင့် ဆုံဖို့လည်း မလွယ်ကြောင်း ရှင်းပြသည်။ သားရေး၊ သမီးရေး၊ စီးပွားရေးက တဏှာ ခိုင်းသည့် အရေးများ ဖြစ်သည်။ ခန္ဓာ ဒုက္ခသစ္စာ ပွားစည်းရေး ဖြစ်သည်။ ဉာဏ် ခိုင်းတာက ခန္ဓာ ဒုက္ခသစ္စာ သိမ်းဆည်းရေး ဖြစ်သည်။ ယခုအခါသည် အတိသုံးပါး ညီနေတုန်းအခါ ဖြစ်သည်။ ဒါကြောင့် ဤအခွင့်အခါကို လက်မလွှတ်သင့်ကြောင်း သဘော ပေါက်စေသည် [ နှာ-၄၃၇ ]။ လူတွေကြီးပွားတယ် ဆိုတာတွေက ဒုက္ခ ရောက်ကြောင်းတွေ ဖြစ်သည်။ ဘာအကျိုးမှ မရှိကြောင်း သိ၍ ဆရာက ပြောခြင်း ဖြစ်သည် ဆို၏။

http://www.dhammadownload.com



ဒါကြောင့် ကြိုးစားရမည့် အလုပ်သည် ဝိပဿနာ အလုပ်ဟု မှတ်ပါ ဆိုသည်။ နိဗ္ဗာန်နှင့် အနီးဆုံး အလုပ်က ဝိပဿနာ။ ဝိပဿနာဉာဏ် လာပြီးလျှင် မဂ်ဉာဏ် လာသည်။ မဂ်ဉာဏ် လာလျှင် နိဗ္ဗာန် မြင်ပြီ [ နှာ-၄၃၈]။ အနီးဆုံးက ဝိပဿနာ ဉာဏ်ပဲ ဖြစ်၏။ ခန္ဓာ၏ ဖြစ်ပျက်ကို မြင်တာ ဝိပဿနာဉာဏ် ဖြစ်သည်။ ဝိပဿနာ ဉာဏ်က အကြောင်း၊ မဂ်ဉာဏ်က အကျိုး၊ ဝိပဿနာဉာဏ် မပါဘဲနှင့် မဂ်ဉာဏ်ကို မရပါ။ ဝိပဿနာ ဉာဏ်က ပုထုဇဉ် အဖြစ် မဂ်ဉာဏ် လိုက်လာတော့ အရိယာ ဖြစ်သည်။ ရှေ့စိတ်က ဝိပဿနာဉာဏ်၊ နောက်စိတ်က အရိယာဉာဏ် မဂ်ဉာဏ် ဖြစ်သည်။ သံယုတ် အဋ္ဌကထာမှာ ဖွင့်ကြောင်း ညွှန်ပြသည် [ နှာ-၄၃၉ ]။ မဂ်ဉာဏ်ပြီး ဖိုလ်ဉာဏ်၊ ဖိုလ်ဉာဏ် လာရင် သောတာပန်ပဲဟု ဆိုသည်။ မဂ်ဉာဏ် နီးသလား မေးလျှင် ဝိပဿနာ လုပ်သော ပုဂ္ဂိုလ်မှာ နီးသည်။ မလုပ်သော ပုဂ္ဂိုလ်မှာ ဝေးသည်။ ခန္ဓာကို ရှုပါ၊ ရှုလျှင် ခန္ဓာ ထဲမှာ ဖြစ်ပျက် နေတာတွေ၊ အနိစ္စ သဘောတွေကို တွေ့မည်။ '

ထိုဖြစ်ပျက်တွေကို ရှုရင်း မတ်တတ်ကပင် ဖြစ်ပျက်တွေ ပျောက်ထွက် သွားလျှင် နောက်က လိုက်လာသော မဂ်ဉာဏ်နှင့် သွားတွေ့မည်ဟု ဆိုသည် [နှာ-၄၄၀]။ ဝိပဿနာ ဉာဏ်သည် ဖြစ်မှု၊ ပျက်မှုကို မြင်သည်။ မဂ်ဉာဏ်သည် နိဗ္ဗာန်ကို မြင်သည်။ ဖြစ်မှု၊ ပျက်မှု မရှိသော နေရာကို ရောက်သွားတာက မဂ်ဉာဏ် ဖြစ်သည် [နှာ-၄၄၁]။ မဂ်ဉာဏ် ပြီးလျှင် ဖိုလ်ဉာဏ် လာသည်။ ဓမ္မ နိယာမပဲဟု ဆိုသည်။ မဂ်ဉာဏ်သည် ဖြစ်ပျက် အဆုံးမှာ ပေါ်သည်။ မဂ်ဉာဏ် ပေါ်လျှင် ဒုက္ခသစ္စာ မရှိတော့ပါ [ နှာ-၄၄၂]။ ဖြစ်ပျက် မြင်သော ဝိပဿနာ ဉာဏ်က ဒုက္ခကို မြင်သည်။ မဂ်ဉာဏ်က ဒုက္ခ မရှိတာကို မြင်သည် [နှာ-၄၄၃]။ ဒုက္ခ ပျောက်သွား ပြီးလျှင် သုခကို မြင်သည် [နှာ-၄၄၄]။ နိဗ္ဗာန် အနီးကလေး ဖြစ်သည်။ အကြောင်း ညီညွတ်လျှင် ဆယ်မိနစ်ဖြင့် ရောက်ချင် ရောက်သည်ဟု အားရှိအောင် ဟောထားသည်။ ဒိဋ္ဌိ ကိလေသာဝဋ်၊ ဝိစိကိစ္ဆာ ကိလေသာဝဋ် နှစ်ခု ကျွတ်သွား သည်။ အပါယ် ရောက်စေတတ်သော ကမ္မ ဝဋ်လည်း ကျွတ်သွားသည် [နှာ- ၄၄၅ ]။ ကိလေသာဝဋ်၊ ကမ္မဝဋ် ကျွတ်သောကြောင့် အပါယ် ဇာတိ ရောက်ရသော ဝိပါက ဝဋ်လည်း ကျွတ်တော့သည်။ ဝဋ်သုံးပါး ကျွတ်ပြီ။

ထို့နောက် အရှင်အာနန္ဒာအား ဘုရားက လူတစ်ယောက် သေလျှင် သူ ဘယ်ရောက် သွားသလဲ မေးခွန်းကို မေးလွန်း သောကြောင့် ထိုကိစ္စကို စိစစ်ရန် တရားမှန် ပေးပုံကို ဟောသည်။ ကိုယ့်ကိုယ်ကိုယ် သောတာပန် တည်မတည်

http://www.dhammadownload.com



စိတ်စိစ်ရန် ဓမ္မမှန် ပေးခြင်း ဖြစ်သည် [နှာ-၄၄၉]။ ဝိပဿနာ ရှုသူမှာ ဖြစ်ပျက် ခန္ဓာ ဒုက္ခ သစ္စာ ဆုံးသွားတာ မြင်လိုက်ပြီ ဆိုပါက ပရိညာယျဖြင့် ပိုင်းခြား၍ ဖြစ်ပျက် မရှိတာကို မြင်သည်။ ထိုအခါ မဂ်ဉာဏ်၊ ဖိုလ် ပစ္စဝေက္ခဏာ ဉာဏ်ကို ရသည်။ ထိုအခါ မိမိသည် အပါယ်ဘေး လွတ်ပြီဟု သိတော့သည် [နှာ-၄၅၁]။ မိမိ သောတာပန် ဖြစ်ပြီ ဆိုသည်ကို ကိုယ်တိုင် သိတော့သည်။ ထို့နောက် ဝိပဿနာ အလုပ်ကို မလုပ်ဖြစ်အောင် တဏှာက ချော့ပြီး လှည့်စား တတ်ပုံများကို ဟောသည်။ ပြီးမှ ကိလေသာ ဝဋ် ဖြစ်ပုံ၊ ကမ္မ ဝဋ် ဖြစ်ပုံများကို ဟောသည်။ ကိလေသာ ဝဋ်သည် အဝိဇ္ဇာနှင့် တဏှာ ဖြစ်သည်။ ကိလေသာ ဝဋ်၊ ကမ္မ ဝဋ်ကြောင့် အပါယ် အထိ (ဝိပါက ဝဋ်) လိုက်ပုံကို ပဋိစ္စ သမုပ္ပာဒ် အရ ပြသည် [နှာ-၄၇၃]။

တစ်ဖန် ဝိပါကဝဋ်ထဲက ကိလေသာဝဋ် ပေါက်ပွားပုံကို ပြသည် [နှာ-၄၇၄]။ ဤကား သံသရာ အဝိုင်းပြေး ဖြစ်သည် ဆို၏။ ပထမ ဉာတပရိညာနှင့် ဒိဋ္ဌိ အဝိဇ္ဇာ ပယ်လိုက်တော့ လူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ပျောက်သည်။ ကိုယ့်ကိုယ် မဟုတ်မှန်း သိတော့ ခင်စရာ၊ မင်စရာလည်း မရှိတော့။ တဏှာလည်း သေသည် [နှာ-၄၇၆]။ တစ်ခါ အကျင့်နှင့် အားထုတ်လိုက်တော့၊ ခန္ဓာကို ဉာဏ် စိုက်လိုက်တော့ ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာ တွေ့ရသည်။ ခန္ဓာက ဖြစ်ပျက်၊ သိတာက မဂ် ဖြစ်သွားသည်။ ဝိပဿနာဉာဏ် ဖြစ်သွားပြီ။ ဖြစ်ပျက် ရှုရင်းက ဖြစ်တွေကို ဉာဏ်က မုန်းလာမည်။ ဒုက္ခသစ္စာကို သိပြီး မလိုချင်ဘဲ ရှုရင်းက ဖြစ်ပျက်တွေ ဆုံးသွားမည်။ ဝိပဿနာ မဂ်က လောကုတ္တရာမဂ်ကို ကူးသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က ဒုက္ခ ချုပ်တာကို မြင်သည် [နှာ-၄၇၉]။ နောက်ပေါ်တာက ပစ္စဝေက္ခဏာ ဉာဏ်။ ထိုဉာဏ်ကလည်း နိဗ္ဗာန်ကိုပဲ မြင်သည်။ ထိုအခါ မိမိသည် အပါယ် မကျတော့ဘူးဟု သိမြင်လာသည်။ အချိန် စေ့သဖြင့် တရား နားလိုက်သည်။

*

## ၁၁။ အနှစ် ထမ်းပြီး ပြန်မိကြအောင် ကြိုးစားကြရန်

[ ၁၆-၄-၆၂ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောကြားသော တရား ]

အမိ ဝမ်းခေါင်းထဲက လာခဲ့ကြတာ အစချီပြီး ဤတရားကို ဟောသည်။ အမိ ဝမ်းခေါင်း အောင်းပြီး ကျဉ်းကျပ်စွာ နေခဲ့ရတာ ဒုက္ခသစ္စာ ဖြစ်ပုံကို ဟောသည်။ ဘဝ စ ကတည်းက ဒုက္ခသစ္စာက စ သည်။ မွေးဖွားပြီး အပြင် ရောက်လာတော့လည်း တစ်နေ့ တခြား အိုမင်း ရင့်ရော် လာသည်။ ဇရာ ဒုက္ခသစ္စာ ဖြစ်သည်။ အိုရာ

http://www.dhammadownload.com



ကနေ ခန္ဓာကြီးက နာရာ ဘက်သို့ သွားနေသည်။ ခန္ဓာကြီးက ဒုက္ခသစ္စာကို ထမ်းပြီး ဒုက္ခ ပိုကြားရာသို့သာ သွားနေသည် [နှာ-၄၈၁]။ နာဒုက္ခကြီးတော့ သေခြင်း ဒုက္ခသို့ သွားရပြန်သည်။ သေပြီးပြန် လျှင်လည်း အမိ ဝမ်းခေါင်း တစ်ခု ပြန်အောင်းရသူ အောင်းရ၊ ငရဲ ဒုက္ခသို့ ရောက်သူ ရောက်ရပြန်သည်။ သို့ဆိုလျှင် အတိတ် ကာလ တစ်လျှောက်လုံးမှာ ဒုက္ခတွေ လှည့်ပြီး နေခဲ့ရသည် [နှာ-၄၈၂]။ ဒုက္ခ ရှိပြီး ဒုက္ခနှင့် နေခဲ့ရမှန်း သိသောအခါ ဒုက္ခ လွတ်ရာကို ရှာဖို့ ဉာဏ်ကလေး ထုတ်ကြရမည် ဆိုသည် [နှာ-၄၈၃]။ ဒုက္ခကို သိမှ ဒုက္ခက လွတ်ချင်သည်။ ဒုက္ခ လွတ်အောင် ဘုန်းကြီးက လမ်းပြမည် ဆိုသည်။ ခန္ဓာကြီးက ဒုက္ခသစ္စာ ဖြစ်သည်။ သို့သော် ပုထုဇဉ်က ခန္ဓာကို ခင်တွယ်နေသည်။ ဘာကြောင့် ခင်တွယ်ရ သလဲ၊ မသိသောကြောင့် ခင်တွယ်သည်။

ဒါကြောင့် ယောဂီသည် ခန္ဓာ ဒုက္ခသစ္စာ ဖြစ်ပုံကို သိအောင်၊ မြင်အောင် ကြိုးစားရမည်။ ဒုက္ခသစ္စာကို မြင်လာမှ မျက်စိ နှစ်ကွင်း အလင်း ရသည် [နှာ-၄၈၅]။ ဒုက္ခသစ္စာကို မမြင်လျှင် အကန်းပဲ မှတ်ရမည်။ နောက်ဘဝတုန်းက ယခုလိုပင် မကျွတ်ဘဲ သံသရာ ရှည်ခဲ့တာသည် အကန်းကလေး မွေးပြီး အကန်းသေ သေခဲ့၍ ဖြစ်သည် ဆိုသည် [နှာ-၄၈၇]။ ယခု ဘဝမှာလည်း လမ်းပြမည့်သူ မရှိလျှင် အကန်းနေ၊ အကန်းသေဘဲ ဖြစ်ဦးမည်ဟု ဆိုသည်။ ပြီးမှ ရှေးဦးစွာ မျက်လုံး ဖွင့်ပေးမယ်ဟု ဆရာတော်က ဆိုသည် [နှာ-၄၉၀]။ ခန္ဓာက ဒုက္ခသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာကို မြင်သော မျက်လုံး ဖွင့်ပေးမည်ဟု ဆိုသည်။ ပျောက်ဆေး ပေးမည် ဆိုလျှင် ဆေးမြင်ပြီး ထွက်ပြေးသော ခွေးလို မဖြစ်ဖို့လည်း တိုက်တွန်း၍ သတိ ပေးသည်။ တရား နာနေတုန်း ခွေးနာစိတ် မပေါက်ကြဖို့လည်း ဆုံးမသည် [နှာ-၄၉၃]။ ပြီးမှ စိတ္တာ နုပဿနာကို ဟောသည်။ စိတ် ဆယ့်သုံးမျိုး ရှိပုံကို ပြသည်။

စိတ် ၁၃ မျိုးသည် ခန္ဓာပဲဟု မှတ်ရမည်။ စိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်သည်။ ဒုက္ခသစ္စာ ဖြစ်သည်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်များ ဝိညာဏခန္ဓာ ပေါ်ပုံကို ပြသည်။ လောဘစိတ်၊ ဒေါသစိတ် ဝိညာဏက္ခန္ဓာများ ပေါ်ပုံကို ပြပြန်သည်။ အလောဘ၊ အဒေါသ စိတ်ကလေးများ ပေါ်ပုံကိုလည်း ပြသည်။ ဝင်လေစိတ်၊ ထွက်လေစိတ် ပေါ်ပုံ၊ ဖြစ်ပုံကိုလည်း ပြသည်။ ဒါလည်း ဝိညာဏက္ခန္ဓာပင် ဖြစ်သည် [နှာ-၄၉၈]။ ဤဝိညာဏက္ခန္ဓာတွေ ပေါ်တိုင်း သိ၊ ပျက်တိုင်း သိရမည်။ ခန္ဓာ ပျက်တာကို သိတာသည် ကိုယ်ဒုက္ခ ရောက်နေတာကို

http://www.dhammadownload.com



သိခြင်း ဖြစ်သည် [ နှာ–၄၉၉ ]။ (ဤတရားတွင် အရှုခံ စိတ်ကို ၁၂ပါး ထားပြီး ဟောသည်။) ပေါ်ရာ စိတ်ကို ဖြစ်ပျက် ရှုခိုင်းသည်။ ရှုစရာ မရှိလျှင် အိမ်ရှင် ရှုစိတ်၊ ရှိက်စိတ်ပေါ် ပြန်တိုက်ဟု ဆိုသည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမှန်း သိတာက မဂ္ဂသစ္စာ ဖြစ်သည်။ ကိုယ့်အသေ ကိုယ်မြင်ရပြီ။ ထိုအခါ မျက်စိ နှစ်ကွင်း အလင်း ရပြီ။ ကိုယ့်မသာ ကိုယ်ထမ်းပြီး သွားနေရတာကို မြင်ပါပြီ။ ဤသို့ ဒုက္ခသစ္စာကို သိသော မဂ္ဂသစ္စာ ပေါ်လျှင် သမ္မာဒိဋ္ဌိ ဖြစ်ပြီ [ နှာ–၅၀၃ ]။

ကိုယ့်အသေ ကိုယ်မြင်သော အလုပ်သည် ဝိပဿနာ အလုပ် ဖြစ်သည်။ ဝိပဿနာ အလုပ်ပဲ ရှိသေးသည်။ ဝိပဿနာ လမ်း မဆုံးသေးပါ။ နိဗ္ဗာန် မြင်မှ ဝိပဿနာ လမ်းဆုံးသည်။ မျက်စိ နှစ်ကွင်း အလင်း ရသော ပုဂ္ဂိုလ် လှူလျှင်လည်း ဝဋ်ကျွတ်ချင်လို့ လှူတာ ဖြစ်သွားသည်။ မျက်စိ နှစ်ကွင်း အလင်း ရပြီးမှ၊ ဝိပဿနာ ဉာဏ် ရပြီးမှ လှူပါ၊ တန်းပါဟု ဆိုသည်။ စိတ်ကို ဝိပဿနာ ရှုစဉ် ပေးကမ်း လှူဒါန်းချင်စိတ် ပေါ်လျှင်လည်း ထိုစိတ်ကိုပါ ဝိပဿနာ ရှု၊ ဖြစ်ပျက် ရှုပါ။ ရှုစရာ မရှိလျှင် အိမ်ရှင်စိတ်၊ ရှုစိတ်၊ ရှိက်စိတ်ကို ပြန်ရှုနေရမည်။ ဝိပဿနာ အလုပ် ပေးနေခြင်း ဖြစ်သည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို သိတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယ သစ္စာ၊ နောက်ဒုက္ခ မလာတာက နိရောဓ သစ္စာ ဖြစ်ပုံကို ရှင်းသည် [ နှာ–၅၀၉ ]။ သစ္စာ လေးချက် တစ်ပြိုင်နက် ရသည်။ ဒါ ဘာတရားလဲ မေးလို့ရှိလျှင် အနှစ်ရှာ တရားဟု မှတ်ရမည် ဆိုသည် [ နှာ–၅၁၀ ]။

ဝတ္ထုကြောင်းမှာ ဘုရား လက်ထက်က ပိင်္ဂလ ကောစ္ဆ ဆိုသူ တစ်ယောက် ရှိသည်။ ထိုသူက ဘုရားထံ ချဉ်းကပ်ပြီး ဗုဒ္ဓခေတ်က ခေတ်ပြိုင် ဘုရား အမည်ခံ တိတ္ထိ ဆရာကြီးများမှာ အကုန်သိသည်။ ဘုရား ဖြစ်သည် ဆိုတာ မှန်ပါသလားဟု မေးသည်။ ဘုရားက ပိင်္ဂလ ကောစ္ဆ၏ အမေးကို မဖြေဘဲ ငါ့တရားသာ နားထောင် ပါ ဆိုပြီးဟောသည် [ နှာ–၅၁၁ ]။ သစ်ပင် တစ်ပင်ကို ဥပမာ ပေးပြီး ဟောသည်။ သစ်ပင်မှာ အကိုင်း အခက် ရှိသည်။ အပွေး ရှိသည်။ အကာ ရှိသည်။ အသား ရှိသည်။ အနှစ် ရှိသည်။ လူတစ်ယောက် လှည်းဝင်ရိုး လုပ်ဖို့ တောထဲကို သစ်ရှာ သွားသည်။ သစ်ပင်ကြီး တစ်ပင်ကို ခုတ်လှဲပြီး သူက အကိုင်း အခက်တွေကို လှည်းဝင်ရိုး လုပ်ဖို့ ယူသွားသည်။ အနှစ်ကို သူမသိ၍ ဖြစ်သည်။ နောက်တစ်ယောက် က ဝင်ရိုး လုပ်ဖို့ အပွေးတွေကို ယူပြီး ပြန်သည်။ နောက်တစ်ယောက်က အကာတွေ

http://www.dhammadownload.com



ယူသည်။ နောက်တစ်ယောက်က အသားတွေကို ယူပြီး ပြန်သည်။ နောက်ဆုံး လူက အနှစ်ကို ယူပြီး ပြန်သည်။

ထို့အတူ လောကမှာ လူငါးမျိုး ရှိသည်။ အနှစ်ကို မသိသူက လေးမျိုး၊ အနှစ်ကို သိသူက တစ်မျိုးပဲ ရှိသည်။ လူတွေမှာလည်း လူ့ပြည်ကို အနှစ်ရှာဖို့ လာတာ။ စီးပွား ရှာပြီး ပြန်သွားသည်။ အကိုင်း အခက်လောက် ရသွားသူနှင့် တူသည်။ ဒါနလောက်နှင့် သူပြီးဆုံး သွားသည်။ ဒုတိယ လူက သီလလောက်နှင့် ပြီးသွားသည်။ အပွေးကို ထမ်းပြီး ပြန်သွားသူနှင့် တူသည်။ သမထနှင့် တင်းတိမ် သူက အကာကို ထမ်းပြီး ပြန်သွားသူနှင့် တူသည်။ အသိဉာဏ် ရှိတဲ့ ပုဂ္ဂိုလ်က အသားကို ထမ်း၍ ပြန်သူနှင့် တူသည်။ အသိဉာဏ် ရတာ နိဗ္ဗာန် ရတာ မဟုတ်သေး ပါ။ အနှစ် ရသူမှာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ရသူနှင့် တူသည်။ (စူဠ သာရောပမာ သုတ်) မူလ ပဏ္ဏာသမှာ လာသည် [နာ–၅၁၆]။ လူ့ဘဝ ရောက်တုန်းမှာ အနှစ်ကို ထမ်းပြီး ပြန်သူ ဖြစ်ရမည်။ မျက်စိ နှစ်ကွင်း အလင်းရပြီး အနှစ်ကို ထမ်းပြန်သူ ဖြစ်အောင် ကြိုးစားကြပါဟု ဆိုသည် [နာ–၅၁၈]။ စိတ္တာ နုပဿနာသည် သေသွား၊ ပျောက်သွား၊ ပျက်သွားသော စိတ်ကို ရှင်သော စိတ်နှင့် ရှုရတာ ဖြစ်သည်။ အသေကို အရှင်နှင့် ရှုရမည် ဆိုသည်။ ဝိပဿနာ အလုပ်ဆိုတာ အနှစ် ထမ်းပြန် သော အလုပ် ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၁၂။ ပါသရာသိ သုတ္တန် ဒေသနာ

[ ၁၇–၄–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဒကာ၊ ဒကာမများ ဇာတိ၊ ပဋိသန္ဓေ နေခဲ့ ပြီးကြပြီ အစချီ၍ ဤတရားကို ဟောတော် မူသည်။ ယခု ဇရာဘက်၊ ကြီးရင့်သော ဘက်ကို ရောက်လာကြပြီ။ နောက် မလွဲမသွေ ဗျာဓိနှင့် ကြုံတွေ့ ကြရမည်။ ဗျာဓိ ပြီးလျှင် မရဏ သေခြင်း ရောက်လာမည်မှာ မလွဲပါ။ ဤကား ခန္ဓာ လမ်းစဉ် ဖြစ်သည် [နာ–၅၂၁]။ တွေ့ပြီးတာက ဇာတိ၊ တွေ့ဆဲက ဇရာ၊ တွေ့လတ္တံ့က ဗျာဓိနှင့် မရဏ ဖြစ်သည်။ ကိုယ်ပိုင် ပစ္စည်း လေးခု ဖြစ်သည် [နာ–၅၂၂]။ ထိုအတွေ့အကြုံတွေကို သစ္စာ ဖွဲ့လိုက်တော့ ဒုက္ခ သစ္စာချည်း ဖြစ်သည်။ ထိုဒုက္ခသစ္စာတွေကို ရှောင်နိုင်အောင် အားထုတ် ကြရမည် [နာ–၅၂၃]။ ဇာတိ ဒုက္ခသစ္စာ၊ ဇရာ ဒုက္ခသစ္စာ၊ ဗျာဓိ ဒုက္ခသစ္စာတွေ တွေ့ဖူးပါလျက် နောက်ထပ် ခန္ဓာ ရအောင်၊ ဇာတိ ပဋိသန္ဓေ

http://www.dhammadownload.com



ရအောင် လုပ်ကြမည် ဆိုလျှင် မိုက်မဲရာ ကျကြောင်း၊ မိုက်ချက် သန်ကြောင်း ဟောသည် [နှာ–၅၂၅]။ ယခု ရပြီး ဒုက္ခကိုပင် မကျော်နိုင်သေးဘဲ နောက်ဒုက္ခ ရှာနေလျှင် ရှာမှီးခြင်း လွဲနေပြီဟု ဝေဖန်ပြသည် [နှာ–၅၂၅]။ လူ့ဒါန်း ဒါန ပြုကြပြီး လူဖြစ်လို၏၊ နတ်ဖြစ်လို၏ ဆိုပြီး နောက်ဘဝကို ဆုတောင်း ကြပုံကို အပြစ် ပြသည်။ လွဲမှားမှုဟု ဆိုသည်။

ဤကား ရှာမှီးခြင်း လွဲမှု တစ်ခုဟု ဆိုသည်။ ဤပုထုဇဉ် အဖြစ်ကို စုံလုံးကန်း လမ်းသွား နေတာဟု ဝေဖန် ပြသည်။ သစ္စာ မသိသော ပုဂ္ဂိုလ် ဟူသရွေ့ စုံလုံးကန်းပဲဟု ဖော်ပြသည် [နှာ–၅၂၇]။ ဆုတောင်း လွဲခဲ့ကြသည်။ သံသရာ တစ်လျှောက်လုံး ဆုတောင်း လွဲမှုကြောင့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏချည်း ရခဲ့ကြသည်။ မီးခိုး မဆုံး၊ မီး မဆုံးဟု ဆိုသည်။ ဇာတိ၊ ဇရာ၊ မရဏက ရှိပြီးသား။ ဒါကို လိုချင်၍ နောက်ထပ် ဆုတောင်းသည် ဆိုလျှင် ရှိပြီးသားကို လိုချင်၍ တောင်းခြင်း ဖြစ်သည်။ ရှိပြီးသား ဒုက္ခသစ္စာမှန်း မသိ နားမလည်၍ ဖြစ်သည် [နှာ–၅၃၀]။ လွဲချော် နေပုံကို ပြသည်။ ခုမှ မှားမှန်း သိအောင် ဉာဏ်ပေးသော ပုဂ္ဂိုလ်နှင့် တွေ့ဆုံခွင့် ရလို့ တော်ပေသေးသည်ဟု မှတ်ပါ ဆိုသည် [နှာ–၅၃၁]။ မူလ ပဏ္ဏာသ ပါဠိတော်ပါ သရာသိ သုတ်ကို ကိုးကားပြီး ဟောသည်။ ဘုရား ကိုယ်တိုင် ရှာမှီးခြင်း လွဲခဲ့၍ ဘုရား မဖြစ်ဘဲ ကြာခဲ့ပုံကို ဟောသည်။ ဇာတိရှိလျက် ဤဇာတိမျိုး မလိုချင်တော့သောစိတ် ဖြစ်အောင် မိမိ ပြောင်းယူခဲ့ရပုံကို ဘုရား ဟောတော် မူခဲ့ကြောင်း ပြသည်။ ဘုရားကိုယ်တိုင် ရှာမှီးခြင်း လွဲခဲ့၍ နိဗ္ဗာန် မရဘဲ ကြာခဲ့ပုံကို ပြသည် [နှာ–၅၃၃]။

ကိုယ် ရှာမှီးထားသော သားသမီး၊ ပစ္စည်း ရတနာတွေသည် ဇာတိ၊ ဇရာ၊ မရဏတွေပဲလို့ မှတ်လိုက်ပါ ဆိုသည် [နှာ–၅၃၅]။ သားသမီး မြင်တော့ ခင်သည်။ ပစ္စည်း မြင်တော့ ခင်သည်။ ခင်တာ တဏှာ ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် တန်းပြီး တဏှာ၊ ဥပါဒါန်၊ ကံ သွားပြီ။ ကမ္မဘဝ ရောက်ပြီး ရောက်လျှင် ကမ္မဘဝ ပစ္စယာဇာတိ လာတော့သည်။ ခန္ဓာ ဒုက္ခသစ္စာ– ဇာတိ၊ ဇရာ၊ မရဏ လာပြီ ဖြစ်၏။ ပစ္စည်းကြောင့်လည်း တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ ဖြစ်ပုံ ကို ပြသည်။ ငွေ ရှာတာလည်း ဇာတိ၊ ဇရာ၊ မရဏပဲ ရသည်။ သံသရာ ရှည်ခဲ့သော လက်သည် တဏှာကို တွေ့ပြီ [နှာ–၅၃၇]။ ရှာမှီးခြင်း လွဲချော်နေပုံ များကို

http://www.dhammadownload.com



လောက ဥပမာများဖြင့် ဟောသည်။ ရှာမှီးခြင်းကို အပြစ် မြင်ပြီး လွတ်ရာ ရှာမှ ဘုရား ဖြစ်ပုံ၊ နိဗ္ဗာန် ရပုံကို ဟောသည် [နှာ-၅၄၂]။

ထို့နောက် သံသရာ စခန်းသတ် တရားကို ဟောသည်။ ရှာမှီးခြင်း တည့်မှန်မှသာ သံသရာ စခန်း သတ်မည် [နှာ-၅၅၀]။ ခန္ဓာ ဉာဏ်ရောက်မှ ပြီးမည်ဟု ဆိုသည်။ ခန္ဓာကို မလိုချင်မှ ရှာမှီးခြင်း တည့်သွားမည်၊ မှန်သွားမည်ဟု ဆိုသည် [နှာ-၅၅၂]။ ရှာမှီးခြင်း လွဲတာသည် ခန္ဓာနှင့် ဉာဏ် မတည့်၍ လွဲခြင်း ဖြစ်သည်။ ဒုက္ခသစ္စာ မြင်မှ ရှာမှီးခြင်း မှန်မည် ဆို၏ [နှာ-၅၅၄]။ ဇာတိ၊ ဇရာ၊ မရဏ ကင်းရာ၊ ဝေးရာကို ရှာမှသာ ရှာမှီးခြင်း တည့်မည်။ သတိပဋ္ဌာန် လေးပါး တစ်ပါးပါးဖြင့် ခန္ဓာ ဖြစ်ပျက်ကို မြင်အောင်၊ အပြစ်ကို မြင်အောင်၊ ခန္ဓာကို မုန်းပြီး ခန္ဓာကို နောက်ထပ် မလိုချင်အောင် ရှုရမည်။ ခန္ဓာကို လိုချင်၊ ရချင်၍သာ ဇာတိ၊ ဇရာ၊ မရဏ ဖြစ်ရသည်။ ဆရာတော်က ဤတွင်လည်း စိတ္တာ နုပဿနာကို ရှုဖို့ တိုက်တွန်းသည်။

ခန္ဓာ၏ အပြစ်ကို မြင်မှ၊ ခန္ဓာကို မုန်းမှ၊ ခန္ဓာကို မလိုချင်မှ ဇာတိ၊ ဇရာ၊ မရဏ လွတ်မည် [နှာ-၅၆၁]။ ဝိပဿနာနှင့် ကင်းပြီ ဇာတိ၊ ဇရာ၊ မရဏ လွတ်ရာကို ရှာ၍ မရကြောင်း ဟောသည်။ ချမ်းသာချင်လျှင် ဝိပဿနာကို လုပ်ရ မည်။ ထို့နောက် စိတ္တာ နုပဿနာ ရှုနည်းကို ပြသည် [နှာ-၅၆၃]။ စိတ္တာနုပဿနာ ကို ရှုခြင်းဖြင့် ဝိညာဏက္ခန္ဓာ၏ ဖြစ်ပျက်ကို မြင်သည်။ နောက် ဖြစ်ပျက်ကို မုန်းလာ သည်။ မုန်းပြီးလျှင် ဖြစ်ပျက် အဆုံး နိဗ္ဗာန်ကို မြင်လာပုံကို ဟောသည်။ ဟောရိုး ဟောစဉ် အတိုင်း ဟောသည်။ နိဗ္ဗာန်နှင့် ဉာဏ်နှင့် တွေ့ပြီ ဆိုမှ ဇာတိ၊ ဇရာ၊ မရဏ ဝဋ်က ကျွတ်နိုင်ကြောင်း ပြသည်။ အချိန် စေ့၍ တရား နားလိုက်သည်။

၀

ဤတွင် အလုပ်စဉ် တရား စာအုပ် အမှတ် (၂၂) ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၂၃)

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၂၃)

**နိဒါန်း**

ဤနိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင် ရှိစဉ် အခါက ရေးသားခဲ့လေသည်။ ဆရာကြီး ဦးသံဒိုင်က သောတာပတ္တိမဂ်သည် သက္ကာယ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရမာသကို ပယ်သတ်ခြင်း ဖြစ်ကြောင်း၊ သို့ရာတွင် ယခုအခါ မြန်မာ ဗုဒ္ဓဘာသာဝင် သက်ကြီးများထဲမှာပင် ခန္ဓာ ငါးပါးကို သိသူ အတော် ရှားနေကြောင်း၊ သာသနာ တော် ဘက်က ကြည့်လျှင် တိုးတက် နေသည်ဟု မဆိုနိုင်ကြောင်း၊ အားရဖွယ် မရှိကြောင်း ဖော်ပြထားသည်။ ယခုအခါ သာသနာတော်မှာ အပွေး၊ အကာ၊ အသား လောက်ကို သိသူသာ များပြီး အနှစ်ကို သိသူ ရှားနေကြောင်း၊ အနှပုထုဇဉ် သာ များနေကြောင်း၊ ဘုရား ရှိခိုးခြင်း၊ ပုတီး စိပ်ခြင်း၊ ဥပုသ်သီလ ဆောက်တည် ခြင်း၊ လှူဒါန်း ပေးကမ်းခြင်းကိုသာ ရိုးရာ အစဉ်အလာအရ လုပ်သူက များနေ ကြောင်း ပြသည်။ သာသနာတော်မှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် အပထ အရေးကြီးသော အင်္ဂါ ဖြစ်သည်။ ထိုသမ္မာ ဒိဋ္ဌိ မရှိလျှင် အ ကိရိယ၊ အ ဟေတုက ဒိဋ္ဌိ အယူမှားများ ဘက်သို့ ရောက်သွားကြပြီး မှောက်မှားနိုင်ကြသည်။ သာသနာ အနှစ်မှာကား သစ္စာ နုလောမိကဉာဏ် ဖြစ်သည်။ ထိုဉာဏ်ကို ဝိပဿနာ ပညာ ရှိမှ ရနိုင်သည်။

သစ္စာနှင့် လျော်သော သမ္မာ ဒိဋ္ဌိ ရရန်မှာလည်း သူတော်ကောင်း တရားကို နာကြားကြရသည်။ မဟုတ်လျှင် မရနိုင်ပါ။ မရနိုင်ခြင်းမှာ သူတော်ကောင်း တရား ကို မနာကြားရဘဲနှင့် 'ယောနိသော မနသိကာရ' ခေါ် နှလုံးသွင်း မှန်ရန် မဖြစ်နိုင်ပါ။

http://www.dhammadownload.com



ယောနိသော မနသိကာရ မရှိဘဲ ဟုတ်တိုင်း မှန်စွာ သိသော ဉာဏ်ကို မရနိုင်ပါ။ ဟုတ်တိုင်း မှန်စွာ သိသောဉာဏ် ဆိုသည်မှာ ယထာဘူတ ဉာဏ်ကို ဆိုပါသည်။ ထိုဉာဏ်ကို ရရန်အတွက် စိစစ်မှုရှိဖို့ လိုပါသည်။ စိစစ်မှု ရှိပါက လောကဍ္ဍ တကယ်ရှိသော အရာမှာ ရုပ်နာမ် နှစ်ပါး (ခန္ဓာငါးပါး)သာ ဖြစ်သည်။ ထိုခန္ဓာငါးပါး မှာလည်း ခု ဖြစ်ပြီး၊ ခု ပျက်နေသော အနိစ္စ ဓမ္မသာ ဖြစ်သည်။ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိပါ။ ထိုခန္ဓာ ငါးပါး၏ ဖြစ်မှု၊ ချုပ်မှုကို သိသဖြင့် ငါစွဲ ပြုတ်မှ ဒိဋ္ဌိ၊ ဝိသုဒ္ဓိ ဖြစ်ပါသည်။ ရုပ်နာမ် တို့၏ အကြောင်း အကျိုး ဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင် ရလျှင် သံသယ ကင်းမှု၊ ကင်္ခါ ဝိကရဏ ဝိသုဒ္ဓိ ဖြစ်ပါသည်။

မိုးကုတ် ဆရာတော် ဘုရားကြီးသည် ခန္ဓာ အစဉ်ကို မှန်စွာ မြင်သော ဉာဏ်အမြင် ပေါက်အောင် ကြိုးပမ်းခဲ့ပုံများကို ဦးသံဒိုင်က ကြည်ညိုဖွယ် ဖြစ်အောင် ရေးသား ဖော်ပြ ထားသည်။ ဆရာတော် ဘုရားကြီး ဟောကြားတော် မူခဲ့သော တရား တိတ်ခွေ (အသံသွင်းကြိုးခွေ)များကို နာကြားသင့်ကြောင်း တိုက်တွန်း ထားသည်။ ဆရာတော် ဘုရားကြီး၏ ပုဂ္ဂိုလ်ရေး ထူးခြားချက်များနှင့် ဒကာ၊ ဒကာမများ အပေါ် ကရုဏာတရား ကြီးမားစွာ ဟောကြားတော် မူခဲ့သော တရား များ အကြောင်းကို ရေးသား ဖော်ပြ ထားလေသည်။

*

## ၁။ ဉာဏ်အမြင် အနတ္တ တွေ့ပါမှ အတ္တဒိဋ္ဌိ ပြုတ်မည် (၁)

[၁၈–၄–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား]

ဒီခန္ဓာကြီး ရနေတာ မပိုင်တာကြီးနှင့် အတူတူ နေရတာ ဖြစ်ကြောင်း အစချီလျက် ဤတရားကို ဟောကြားတော် မူသည်။ မပိုင်သည့် အတွက် အိုတာ၊ နာတာတွေကို တား၍လည်း မရပါ။ ခန္ဓာကြီးက ကိုယ့်အလို ကိုလည်း မလိုက်ပါ။ အစိုး မရသော အနတ္တ ခန္ဓာကြီး ဖြစ်ကြောင်း ဟောသည်။ ခန္ဓာ ငါးပါးစလုံး အနတ္တ ဖြစ်သည်။ [နာ၁–၂] ဤတွင် အသိ အနတ္တနှင့် ဉာဏ်အမြင် အနတ္တကို ခွဲ ဟောသည်။ အသိ အနတ္တ သဘောက စာကျက် ထားလျှင် ရသည်။ ဉာဏ်အမြင် အနတ္တကမှ အရေးကြီးသည်။ သတိပဋ္ဌာန် တစ်ပါးပါးနှင့် ခန္ဓာ တစ်ပါးပါးကို ကြည့်လျှင် ခန္ဓာ အနတ္တကို တွေ့ရမည်။ ထိုအနတ္တကို သေသေချာချာ တွေ့မှ ဒိဋ္ဌိ ပြုတ်သည်။ [နာ၁–၃]။ သက္ကာယ ဒိဋ္ဌိက အတ္တဖြစ်သည်။ ဒိဋ္ဌိ ပြုတ်ဖို့ရာ အနိစ္စ မြင်ဖို့ အရေးကြီးသည်။ ဒုက္ခ မြင်ဖို့လည်း အရေးကြီးသည်။ အနတ္တ

http://www.dhammadownload.com



မြင်ဖို့လည်း အရေးကြီးသည်။ ပထမမှာ သညာ အနတ္တ သဘော မြင်သည်။ နောက်မှ ပညာ အနတ္တ အမြင် ရသည်။ [နှာ–၄]။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟောရမှာ။ အနိစ္စ အမြင်ဖြင့် သောတာပန် တည်သူလည်း ရှိသည်။ ဒုက္ခ အမြင်ဖြင့် သောတာပန် တည်သူလည်း ရှိသည်။ အနတ္တ အမြင်ဖြင့် သောတာပန် တည်သူလည်း ရှိကြောင်း ဟောထားသည်။

ဝိပဿနာ ရှုရာမှာ ဖြစ်ပျက် မြင်သည် ဆိုရာ၌ အနိစ္စလည်း ဖြစ်ပျက်ပဲ၊ ဒုက္ခလည်း ဖြစ်ပျက်ပဲ၊ အနတ္တလည်း ဖြစ်ပျက်ပဲ ဖြစ်သည်။ ဖြစ်ပျက် ကတော့ တစ်ခုတည်း ဖြစ်သည်။ သို့သော် ရှုသော ပုဂ္ဂိုလ်ပေါ် မူတည်ပြီး အနိစ္စ ဖြစ်ပျက်၊ ဒုက္ခ ဖြစ်ပျက်၊ အနတ္တ ဖြစ်ပျက် ပြားသွားရသည် ဆို၏။ [နှာ–၅] အမှန်က ဖြစ်ပျက် နှင့် မဂ်နှင့် ကိုက်လျှင် အနိစ္စ ထင်လည်း မဂ်ရသည်။ ဒုက္ခ မြင်လည်း ရသည်။ အနတ္တ မြင်လည်း ရသည်ဟု တိတိကျကျ ဆိုသည်။ ယောဂီ ပုဂ္ဂိုလ်၏ အလေ့အလာပေါ် မူတည်ပြီး အမြင် ပြားသွားသည်။ အနိစ္စ အလေ့အလာ များသူ အနိစ္စ မြင်ပြီး မဂ်ဝင်သည်။ ဒုက္ခ အလေ့အလာ များသူ ဒုက္ခ မြင်ပြီး မဂ်ဝင်သည်။ အနတ္တ အလေ့အလာ များသူမှာ အနတ္တ မြင်ပြီး မဂ်ဝင်သည်။ [နှာ–၆] ဖြစ်ပျက် တစ်လုံး မြင်လျှင် အကုန်ပိုင်သည်ဟု ဟောထားသည်။ ဖြစ်ပျက် မြင်လျှင် မဂ် ရတာ ချည်းပဲ ဖြစ်သည်။

သို့သော် ယခု တရားတွင် အနတ္တကို ဦးစီး ထားပြီး ဟောခြင်း ဖြစ်သည်။ ဖြစ်ပျက်သည် အနတ္တပဲဟု သိရမည်။ [နှာ–၇] ဖြစ်တာလည်း ကိုယ့်သဘော မဟုတ်၊ ပျက်တာလည်း ကိုယ့်သဘော မဟုတ်၍ ဖြစ်သည်။ တရား သဘော အတိုင်းပဲ ဖြစ်ရသည်။ တရား သဘော အတိုင်း ဖြစ်နေတာကို ငါ ဝင်မရှုပ်လျှင် အနတ္တပဲဟု ဆိုသည်။ ငါ ဘာဖြစ်ပါလိမ့်မလဲဟု သွား မတွေးနှင့်၊ ဖြစ်နေတာဟာ ငါ ဖြစ်နေတာပဲဟုလည်း သွား မစွဲလိုက်နှင့်ဟု ဆိုသည်။ [နှာ–၉] ငါ မရှုပ်လျှင် အနတ္တ၊ ငါ ဝင်ရှုပ်လျှင် အတ္တ ဖြစ်သည်။ [နှာ–၁၀] ဓမ္မ သဘောထဲ ငါ ဝင်မရှုပ်ပါနှင့်ဟု ဆိုသည်။ ဓမ္မ သဘောထဲမှာ ငါ မရောပါစေနှင့်ဟု သတိ ပေးထားသည်။ ဓမ္မ သဘောမှာ ငါ မနှောလျှင် ဒိဋ္ဌိ ပြုတ်သည် ဆို၏။ ဟာ–ငါ ဘာဖြစ်တာ ပါလိမ့် ဆိုသောစိတ် ဖြစ်ပေါ်ခြင်းသည် ဓမ္မ သဘောထဲမှာ ငါ နှောခြင်း ဖြစ်သည်။ [နှာ–၁၁] သက္ကာယ ဒိဋ္ဌိ ဖြစ်သွားပြီဟု ဆိုသည်။ အနတ္တ ပိုင်ပြီ ဆိုမှ ဓမ္မ သဘောထဲမှာ ငါ မရောတော့ပါ။ ဒီတစ်လုံးကို ပိုင်လျှင် သောတာပန် တည်တော့မည် ဟု ဟောသည်။ [နှာ–၁၁]

http://www.dhammadownload.com



ထို့နောက် စိတ်နှင့် ငါရောပုံ၊ ဝေဒနာနှင့် ငါရောတတ်ပုံ ဥပမာများကို ဖော်ထုတ်၍ ဟောသည်။ ဓမ္မသဘောထဲ ငါဝင်နေလို့ သောတာပန် မတည်တာဟု မိန့်သည်။ [နာ၁–၁၂] ဓမ္မ သဘောထဲ ငါရောလို့ အပြစ် သင့်နေတာဟု ခွဲခြား ပြသည်။ [နာ၁–၁၃] ကုလား ရေးက ကျောက်ဝယ် သလိုပဲဟု ဥပမာ ပေးသည်။ တရား တွေ့လို့ ဝမ်းသာလိုက်တာ ဆိုတော့ သောမနဿ ဝေဒနာနှင့် ငါရောပစ်လိုက် ပြန်သည်။ ခန္ဓာနှင့် ငါရောတာ ခင်ဗျားတို့မှာ အကျင့် ပါနေသည်။ ထုံးစံ ဖြစ်နေ သည်ဟု မိန့်သည်။ ရောတာ ဝါသနာ ပါနေသည်။ ဓမ္မ သဘောထဲ ငါရောတတ်တာ ကြောင့် သောတာပန် မတည်တာဟု ဆိုသည်။ ဝေဒနာနှင့် ငါရောတော့ ဒိဋ္ဌိ ဖြစ်သည်။ ဒိဋ္ဌိက တဏှာပဲ ဖြစ်သည်။ ဒိဋ္ဌုပါဒါန် ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် တန်းသွားပြီ။ ဒိဋ္ဌိ လာတာ အပါယ် ဇာတိ ရဖို့ ဖြစ်သည်။ [နာ၁–၁၇]။ ဒိဋ္ဌိက အပါယ် သွားသည်။ ဓမ္မ သဘောမှာ ငါရောတာဟာ ဘာဝနာ ပျက်တာဟု ဆိုသည်။ [နာ၁–၂၀] သီလအား၊ ဒါနအား၊ သမာဓိအား ရှိသော်လည်း အပါယ်ဘေး ကို မတားနိုင်၊ ဘာဝနာ ပျက်လျှင် အပါယ်သို့ ကျနိုင်ပုံကို တိဿ ရဟန်းကြီး ဝတ္ထုဖြင့် ပြသည်။ [နာ၁–၂၂]

ဤတရားတွင် ရောပြစ် သင့်ပုံများကို ချဲ့ဟောသည်။ [နာ၁–၂၃] ဒိဋ္ဌိ မပြုတ်ရင် အပါယ် လေးပါး ဘယ်အခါမှ စိတ်မချရဟု ဆိုသည်။ ဓမ္မနှင့် ငါ မရောပါနှင့်။ ဒိဋ္ဌိနှင့် မရောပါနှင့်။ ရောချင်ရင် ပညာနှင့် ရောပါဟု မိန့်ထားသည်။ [နာ၁–၂၅]။ ဖြစ်ပျက်နှင့် မဂ် ရောလိုက်ပါ။ ဖြစ်ပျက် လာတိုင်း မဂ်နှင့် အာရုံ ပြုရမည်။ ဖြစ်ပျက်နှင့် မဂ် ရောလျှင် ခန္ဓာ ဇာတိ ချုပ်ပါသည်။ ခန္ဓာနှင့် ငါ မရောမိအောင် သတိ ထားရမည်။ သတိပဋ္ဌာန် အလုပ် အရေးကြီးသည်။ သတိပဋ္ဌာန် လက်လွှတ်ပါက ဓမ္မနှင့် ငါ ရောမိသည်။ [နာ၁–၃၂] ခန္ဓာကို ငါနှင့် ရောရင် ထိုခန္ဓာကို အားကိုးချင်သော သဘော ပေါ်လာပုံကို ဟောပြန်သည်။ [နာ၁–၃၃] အနတ္တကို တောင်ကြီး ပမာ အားကိုး လာတတ်ပုံကို ပြသည်။ နောက်မှ အို၊ နာ၊ သေ လာမှ၊ မလှုပ်နိုင်မှ အားကိုးလွဲမှန်း သိပုံကို ပြသည်။ [နာ၁–၃၄] ငါ အားကိုး တာ အနတ္တလည်း ပြလိုက်ရော သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသတွေ လာတော့သည်။ အမှား သုံးချက် ဆင့်ပြီဟု ဆိုသည်။ ရောတာက အမှား တစ်ချက်၊ အရော မှားပြီး အားကိုးတာက အမှား တစ်ချက်၊ အားကိုး မခံ၍ သောက ပရိဒေဝ ဖြစ်ရတာက တစ်ချက် ဖြစ်သည်။ [နာ၁–၃၅]

http://www.dhammadownload.com



ယနေ့က စပြီး စိတ်နှင့် ငါ မရောစေနှင့်။ ဝေဒနာနှင့် ငါ မရောစေနှင့်။ မြင်စိတ် ပေါ်လျှင် မြင်စိတ် နောက်က မင်္ဂလိုက်ပါ။ ကြားစိတ် ပေါ်လျှင် ကြားစိတ်နှင့် မဂ် ရောပါ။ ထိုကဲ့သို့ ဖြစ်ပျက်နှင့် မဂ်နှင့် ကိုက်အောင် ရောနိုင်မှသာ တဏှာ၊ ဥပါဒါန်၊ ကံတွေ အကုန် ချုပ်ပြီးသကာလ ဇာတိ၊ ဇရာ၊ မရဏ ငြိမ်းသည်။ နိဗ္ဗာန် ဧကန် ရသည်ဟု ဟောရင်း အချိန် ကုန်သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၂။ ဉာဏ်အမြင် အနတ္တ တွေ့ပါမှ အတ္တ ဒိဋ္ဌိ ပြုတ်မည် (၂) သစ္စက ပရိဗိုဇ် ဝတ္ထု

[ ၁၉-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာ တိုက်မှာ ဟောသော တရား ]

မနေ့က တရားပဲ ဆက်ပြီး သက်သေ သာဓကနှင့် ပြမည် အစချီ၍ ဟောသည်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ခန္ဓာငါးပါးကို ငါထင်တာ သက္ကာယ ဒိဋ္ဌိဖြစ်ကြောင်း ဟောသည်။ ခန္ဓာငါးပါး တစ်ပါးပါးကို ငါ ထင် ငါစွဲ သွားလျှင် သက္ကာယ ဒိဋ္ဌိ ဖြစ်ပုံကို ဟောသည်။ ရုပ်ထဲမှာ ငါ ပူတယ် ဆိုလျှင် တေဇောကို ငါ လုပ်ခြင်း ဖြစ်သည်။ ဝေဒနာ၊ သညာ၊ သင်္ခါရ စသည်ကို ငါ လုပ်တတ်ပုံ များကို ဟောသည်။ ခန္ဓာနှင့် ငါနှင့် ရောတာ သက္ကာယ ဒိဋ္ဌိပဲဟု အလွယ်ဆုံး အဓိပ္ပာယ် သတ်မှတ် ပေးသည်။ သက္ကာယက သူ့သဘော အတိုင်း ဆိုလျှင် ဘာမှ အပြစ် မရှိ။ ဒိဋ္ဌိနှင့် ရောမှ အပြစ် ဖြစ်သွားသည်။ [နာ-၄၀] အပြောမှာ ရောချင် ရော၊ အထင်မှာ မရောစကောင်းကြောင်း ဟောသည်။ သက္ကာယ ဒိဋ္ဌိ ရှိလျှင် သဿတ ဒိဋ္ဌိ ဖြစ်သည်။ မနေ့က ငါနှင့် ယနေ့ ငါ အတူတူပဲ။ မပြောင်းဘူး ထင်သည်။ [နာ-၄၂] သက္ကာယ ဒိဋ္ဌိကြောင့် သဿတ ဒိဋ္ဌိ အပါအဝင် ဒိဋ္ဌိ ၆၂ မျိုး အကုန်လုံး ဖြစ်သည်။ သက္ကာယ ဒိဋ္ဌိ တစ်လုံးကို ပယ်နိုင်လျှင် ဒိဋ္ဌိ အားလုံးကို ပယ်နိုင်သည်။

ဒါကြောင့် သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ အရေးကြီးသည်။ [နာ-၄၃] ရင်ဝ လှံစူး၊ ထိပ်ဦး မီးလောင် ဥပမာကို ထပ်ဟောသည်။ သက္ကာယ ဒိဋ္ဌိ ပယ်သတ်ဖို့ အရေးကြီးကြောင်း ရှင်းပြခြင်း ဖြစ်သည်။ သက္ကာယ ဒိဋ္ဌိကြောင့် လူ့ဘောင်မှာ ပြဿနာတွေ ပဋိပက္ခတွေ ဖြစ်နေကြပုံကို ပြသည်။ [နာ-၄၅] ဒိဋ္ဌိကြောင့် အကုသိုလ် မျိုးစုံ ဖြစ်ရသည်။ သက္ကာယ ဒိဋ္ဌိကြောင့် အဇာတသတ် အဖကို သတ်သည်။ ဒေဝဒတ် ဘုရား လုပ်ချင်လို့ သက္ကာယ ဒိဋ္ဌိကြောင့် ဘုရားကို သေကြောင်း

http://www.dhammadownload.com



ကြသည်။ ခန္ဓာနှင့် ငါနှင့် မရောစေနှင့် ဆိုပြီး ဒိဋ္ဌိကို ပယ်ခိုင်းသည်။ [နှာ–၄၆] သက္ကာယဒိဋ္ဌိ မပြုတ်လျှင် ဘာပဲ လုပ်လုပ် အပါယ်က မလွတ်ဘူးဟု ပြပြန်သည်။ ဆရာတော်ကြီးသည် ဒိဋ္ဌိ ပြုတ်ရေး ကိစ္စကို အလွန် အရေးထားပြီး ဟောကြားပါသည်။ ဝိပဿနာ လုပ်မှ ဒိဋ္ဌိ ပြုတ်တယ် ဟုလည်း မိန့်ထားသည်။ [နှာ–၄၉]

ထို့နောက် သက္ကာယဒိဋ္ဌိကို အသိနှင့် ဖြုတ်ပုံ၊ အပွား (အကျင့်)နှင့် ဖြုတ်ပုံ၊ အပယ်နှင့် ဖြုတ်ပုံကို ဟောသည်။ [နှာ–၅၂] ထို့နောက် မဟာဝဂ္ဂ သံယုတ်မှ မဟာနာမ် မင်းကြီး ဝတ္ထုကို ဆက်ဟောသည်။ မဟာနာမ် မင်းကြီးက သူသက္ကာယ ဒိဋ္ဌိကို အပယ်နှင့် ဖြုတ်ပြီးပြီ။ သို့သော် မြို့ထဲ၊ ရပ်ထဲ သွားသောအခါ ကြောက်စိတ်၊ ခင်စိတ်၊ မင်စိတ်တွေ ပေါ်ပါသည်။ သို့ဆိုလျှင် အပါယ် ကျဦးမည်လားဟု မေးသည်။ ဘုရားက မင်းကြီး၏ အသွေး၊ အသား၊ အရိုးတွေ ကသာ မြေကြီး ဖြစ်မည်။ ဉာဏ်ကတော့ အပေါ်သို့သာ တက်မည် ဖြစ်သောကြောင့် ထောပတ်အိုး ခွဲပြီး ရေထဲချလျှင် အိုးကွဲက နစ်သော်လည်း ထောပတ်များက ရေပေါ် ပေါ်ပုံ ဥပမာဖြင့် ရှင်းပြသည်။ [နှာ–၅၄] အပါယ်ဖြင့် သက္ကယ ဒိဋ္ဌိ ပြုတ်လျှင် အပါယ်တံခါး ပိတ်ပြီ ဖြစ်ကြောင်း၊ စိတ်ချရပြီ ဖြစ်ကြောင်း ကိုယ်တိုင်သိ ဖြစ်အောင် လုပ်ကြရမည် ဆိုသည်။ [နှာ–၅၆] ဒိဋ္ဌိ ပယ်တာကိုလည်း ကိုယ်တိုင် သိရမည်။ သန္ဒိဋ္ဌိကော ဖြစ်ရမည်။

ထို့နောက် ပုထုဇဉ်များ ဒိဋ္ဌိ ပြုတ်ရေးကို အရေး မထားဘဲ သားရေး၊ သမီးရေး၊ စီးပွားရေး ကိုသာ အရေး ထားနေကြပုံကို အပါယ် ကျခံပြီး မိုက်နေကြတာဟု ဝေဖန်သည်။ [နှာ–၅၉] အပါယ် ကျမည့် တရားကို အကျင့်နှင့် ဖြုတ်ရမည်။ ဖြစ်ပျက် မြင်လျှင် ငါ မဟုတ်မှန်း သိသည်။ ဖြစ်ပျက် မြင်ပြီး ဖြစ်ပျက် ဒုက္ခသစ္စာကြီး ဆုံးသွားတာ မြင်လျှင် ဒိဋ္ဌိ ပြုတ်ပြီ။ [နှာ–၆၀] နည်း သုံးနည်းဖြင့် ဒိဋ္ဌိ ဖြုတ်ပုံကို ပြသည်။ အသိနှင့် ဖြုတ်၊ အကျင့်နှင့် ဖြုတ်၊ ပြီးလျှင် အပယ်နှင့် ဖြုတ်ရသည်။ အနတ္တကို မြင်မှ အတ္တ ဒိဋ္ဌိ ပြုတ်ခြင်းကို ပြရန် အတွက် သစ္စက ပရိဗိုဇ် ဝတ္ထုကို ထုတ်ဖော် ဟောကြားသည်။ သစ္စက ပရိဗိုဇ်သည် လိစ္ဆဝီ မင်းသား တစ်ထောင်ကို တရား ပြနေသော ပညာရှိ ဖြစ်သည်။ သူ့ကိုယ်သူ ပညာ အလွန် ရှိသူဟု အယူရှိသည်။ ဘဝင် မြင့်သည်။ သူနှင့် ယှဉ်ပြိုင်နိုင်သူ ဇမ္ဗူမှာ မရှိဟု ထင်နေသည်။ သူသည် အတ္တဝါဒကို စွဲကိုင် ထားသည်။

http://www.dhammadownload.com



တစ်နေ့သ၌ အရှင်အဿဇိနှင့် လမ်းမှာ ဆုံကြရာ အရှင်ဘုရားတို့ ဆရာ ဗုဒ္ဓက ဘယ်လို တရားမျိုးကို ဟောသလဲဟု မေးသည်။ အရှင်အဿဇိက မြတ်စွာဘုရားက ခန္ဓာငါးပါး အနိစ္စ၊ ခန္ဓာ ငါးပါး ဒုက္ခ၊ ခန္ဓာ ငါးပါး အနတ္တဟု ဟောကြောင်း ပြောသည်။ ဗုဒ္ဓနှင့် အပြိုင် ပုစ္ဆာ ထုတ်လိုသည်ဟု ဆိုပြီး တစ်နေ့သ၌ လိစ္ဆဝီမင်းသား တပည့်များကိုပါ ခေါ်သွားပြီး ဗုဒ္ဓရှင်တော်မြတ် ဘုရားထံ ရောက်သည်။ သူက ဗုဒ္ဓ ဟောကြားတော်မူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားများသည် ကြား၍ မကောင်းသော စကားများ ဖြစ်သည်ဟု ယူဆသည်။ ဘုရားက သစ္စက ပရိဗိုဇ်ကိုလည်း ဒိဋ္ဌိဖြုတ် တရား ဟောရမည်ဟု သိတော်မူသည်။ မြတ်စွာဘုရား မိဂဒါဝုန် တောထဲမှာ နေ့သန့်စဉ် တစ်နေ့ သစ္စကသည် ဘုရားထံသို့ ချဉ်းကပ်ပြီး မေးခွန်းပုစ္ဆာ မေးလိုကြောင်း လျှောက်သည်။ ဘုရားက မေးခွင့်ပြုသည်။

ထိုအခါ သစ္စကက သစ်ပင် ပေါက်ဖို့ရာ မြေခံ ရှိရသည်။ ခွန်အား ရှိသူ တစ်စုံတစ်ခုကို တူးဆွမည် ဆိုလျှင်လည်း ရပ်တည်စရာ အမာခံ မြေရှိရသည်။ ခန္ဓာ ငါးပါး အမာခံ အတ္တ မရှိဘဲနှင့် ကုသိုလ်၊ အကုသိုလ် ဘယ်လို ဖြစ်မလဲဟု မေးသည်။ သူက ခန္ဓာ ငါးပါးကို ခိုင်မြဲသော မြေသဖွယ် မှတ်ယူပြီး မေးခြင်း ဖြစ်သည်။ ထိုအခါ ဘုရားက သစ္စက သင်က ခန္ဓာ ငါးပါးကို အတ္တလို့ ယူသလားဟု မေးသည်။ သူက သူများလည်း ဒီလိုပဲ ယူကြောင်း ဝေ့လည် ကြောင်ပတ် ဖြေသည်။ ဘုရားက သင့်အယူကို ပြောပါ ဆိုမှ သူက ခန္ဓာ ငါးပါးကို အတ္တဟု ယူကြောင်း ဝန်ခံသည်။ ထိုအခါ ဘုရားက ခန္ဓာ ငါးပါးကို အတ္တဟု သင်က ယူလျှင် သင်က အစိုး ရရမည်။ သင့်ကိုယ်သင် ပိုင်ဆိုင်ရမည်။ သို့ဖြစ်လျှင် အုပ်ချုပ်သော မင်းက အပြစ် သင့်သော သူကို သတ်သင့် သတ်သည်။ ပြည်က နှင်သင့် နှင်သည်။ ပစ္စည်း သိမ်းသင့် သိမ်းသည်။ ထိုသို့ ပြုလုပ်လျှင် သင်က ဘုရင့် အမိန့်ကို လွန်ဆန်ပြီး နေနိုင်သလား၊ သင့်ကိုယ်သင် ပိုင်သလား၊ သင့်ကိုယ်သင် အစိုးရသလားဟု မေးသည်။ သစ္စက မဖြေဘဲ ငိုင်နေသည်။

ထိုအခါ သိကြားမင်းက မဖြေဘဲ နေလျှင် မီးတင်းပုတ်ကြီးနှင့် သူ့ ခေါင်းကို ရိုက်ခွဲမည် ပြုသည်။ သစ္စကက မပိုင်ကြောင်း၊ အနတ္တ ဖြစ်ကြောင်း ဝန်ခံရသည်။ ခန္ဓာ ငါးပါး ကိုယ်ပိုင် မဟုတ်၊ အတ္တ မဟုတ်၊ အနတ္တ ဖြစ်ကြောင်း ဖြေရသည်။ သို့သော် သစ္စက အကျွတ် တရား မရပါ။ သူက သဿတ ဒိဋ္ဌိ အယူကို မစွန့်နိုင်ဘဲ ဒိဋ္ဌိ ခံနေသည်။ ဤတွင် ဒိဋ္ဌိကို ဟော၍ သိမှုဖြင့် ပယ်နိုင်တောင် ကျင့်မှုဖြင့် ပယ်နိုင်ဖို့ လိုသေးကြောင်း ဟောသည်။ [နာ-၇၈] ဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက်

http://www.dhammadownload.com



မြင်အောင် ကြည့်ပါ ဆိုတာ အနတ္တကို ကြည့်ခိုင်းတာဟု မိန့်သည်။ အနတ္တ မြင်မှ အတ္တ ပြုတ်သည်။ ဒိဋ္ဌိ ကွာလျှင် ဒိဋ္ဌိပါဒါန် ပယ်၍ ဒိဋ္ဌိ ဦးစီးသော ကံကို ပါ ပယ်သည်။ ဒါကြောင့် ဥဒယဗ္ဗယ ဉာဏ်နှင့်သာ ခန္ဓာ ဖြစ်ပျက်ကို ရှုပါ။ ခန္ဓာ အနိစ္စ၊ ခန္ဓာ ဒုက္ခ၊ ခန္ဓာ အနတ္တ ပေါ်သည်။ အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

✱

## ၃။ လူတိုင်း ချမ်းသာရာ ရှာပေမယ့် ဆင်းရဲ တွေ့နေကြရပုံ အကြောင်းရင်း

[ ၁၉–၄–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာ တိုက်မှာ ဟောသော တရား ]

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံး နေတော်မူစဉ် မြတ်စွာ ဘုရားက ရဟန်းများကို အားလုံးသော ပုဂ္ဂိုလ်တို့သည် ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းကို အလို ရှိကြသည်။ သို့ပါသော်လည်း ကိုယ်ဆင်းရဲ၊ စိတ် ဆင်းရဲ ကိုသာ ကြုံတွေ့ နေကြရသည် အစချီပြီး ဤတရားကို ဟောသည်။ ဘာကြောင့် လိုတာ မရဘဲ၊ မလိုတာကို ရရှိ နေကြရသလဲ ဘုရားက ရဟန်းများကို မေးတော်မူသည်။ [ နှာ–၈၀ ] ရဟန်း သံဃာများက ထိုအမေး၏ အဖြေကို အရှင် ဘုရား ကသာ ပေးသနားတော် မူနိုင်ပါသည်လို့ လျှောက်ကြသည်။ ဘုရားက ထိုအခါ ဖြေတော်မူသည်။ ရဟန်းတို့ မှီဝဲ ဆည်းကပ်ရမည့် တရားကို မမှီဝဲ၊ မဆည်းကပ်ရမည့် တရားကို ဆည်းကပ် နေကြလို့ ထိုသို့ ဖြစ်ရသည်ဟု ဆိုတော်မူလေသည်။ [ နှာ–၈၂ ] ထိုသဘောသည် အပေါင်းအသင်း လွဲသည့်သဘော ဖြစ်သည်။ [ နှာ–၈၃ ] မူလ ပဏ္ဏာသ၊ မဟာ ဓမ္မ သမာ ဒါနသုတ်ကို ကိုးကားပြီး ဟောသည်။ [ နှာ–၈၆ ]

ထို့နောက် မမှီဝဲအပ်၊ မဆည်းကပ် အပ်သော တရားကို မှီဝဲ ဆည်းကပ်နေသော ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်း ပြသည်။ [ နှာ–၉၁ ] ပထမ အမျိုးအစား ပုဂ္ဂိုလ်မှာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ နေလျက်က မှသားပြောသူ၊ မိစ္ဆာဒိဋ္ဌိ အလုပ်ကို လုပ်နေသူ ဖြစ်သည်။ ဒုတိယအစား ပုဂ္ဂိုလ်မှာ ကိုယ်ချမ်းသာ၊ စိတ် ချမ်းသာ ရှိပါ၏။ သို့ပါလျက် မုသား ပြောသူ၊ မိစ္ဆာ ဒိဋ္ဌိ အလုပ်ကို လုပ်သူ ဖြစ်သည်။ တတိယ အစား ပုဂ္ဂိုလ်မှာ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း ရှိပါသော်လည်း မုသားလည်း မပြောသူ မိစ္ဆာဒိဋ္ဌိ အယူကိုလည်း မယူသူ ဖြစ်သည်။ စတုတ္ထ အစား ပုဂ္ဂိုလ်မှာ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းလည်း ရှိသူ၊ မုသားလည်း မပြောသူ၊ မိစ္ဆာ ဒိဋ္ဌိ အယူကိုလည်း မယူသူ ဖြစ်သည်။ [ နှာ–၉၃ ]

http://www.dhammadownload.com


ပြီးမှ ထိုပုဂ္ဂိုလ် လေးမျိုး၏ သဘော သရုပ်ကို ဆရာတော်က အကျယ် ထုတ်ဖော်ပြီး ဟောသည်။ ပထမ အမျိုးအစား ပုဂ္ဂိုလ်သည် ပစ္စုပ္ပန် မှာလည်း ဆင်းရဲသည်။ သေလျှင်လည်း အပါယ် သွားမည့် ပုဂ္ဂိုလ် ဖြစ်သည်။ [နာ-၉၅] မမှိဝဲ သင့်သော တရား၊ မဆည်းကပ် သင့်သော တရားကို မှိဝဲ ဆည်းကပ်သော ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ [နာ-၉၆] ၁ နံပါတ် ပုဂ္ဂိုလ်သည် ပစ္စုပ္ပန် သံသရာမှာပါ ဆင်းရဲမည့် ပုဂ္ဂိုလ် ဖြစ်သည်။ ၂ နံပါတ် ပုဂ္ဂိုလ်မှာမူ ပစ္စုပ္ပန်မှာ ချမ်းသာ၍ သံသရာမှာ ဆင်းရဲမည့်သူ ဖြစ်သည်။ [နာ-၉၈] တတိယ ပုဂ္ဂိုလ်မှာ ပစ္စုပ္ပန်မှာ ဆင်းရဲသော်လည်း သံသရာမှာ ချမ်းသာသော ပုဂ္ဂိုလ် ဖြစ်သည်။ [နာ-၁၀၁] သုံးနံပါတ် ပုဂ္ဂိုလ်က များသည်။ လေးနံပါတ် စတုတ္ထ ပုဂ္ဂိုလ်သည် ပစ္စုပ္ပန် မှာလည်း ချမ်းသာသူ သံသရာ မှာလည်း ချမ်းသာသူ ဖြစ်သည်။ ထိုသူသည် မှိဝဲအပ်၊ ဆည်းကပ် အပ်သော တရားကို မှိဝဲ ဆည်းကပ်သူ ဖြစ်သည် ဆို၏။[နာ-၁၀၅] ပုဂ္ဂိုလ် လေးမျိုးတွင် ၁ နံပါတ်နှင့် ၂ နံပါတ် ပုဂ္ဂိုလ်များမှာ မှိဝဲ ဆည်းကပ်မှု လွဲနေကြသူများ ဖြစ်သည် ဆို၏။ [နာ-၁၀၇] ၃ နံပါတ်နှင့် ၄ နံပါတ် ပုဂ္ဂိုလ်များမှာ မှိဝဲ ဆည်းကပ်မှု မှန်သူများ ဖြစ်သည် ဆို၏။ ပုဂ္ဂိုလ် လေးမျိုးတွင် မိမိသည် ဘယ်အမျိုးမှာ ပါနေ သလဲ သုံးသပ်သင့်သည်။

ဤတွင် ဘာကြောင့် ဤသို့ ပုဂ္ဂိုလ် လေးမျိုး ကွဲပြားရသလဲဟု မေးခွန်း ပုစ္ဆာ ထုတ်ပြန်သည်။ အဖြေမှာ ဘုရားက မောဟနှင့် ပညာ ကွဲပြား၍ ခြားနား ရကြောင်း ဖြေတော်မူသည်။ မသိသော ပုဂ္ဂိုလ်နှင့် သိသော ပုဂ္ဂိုလ် ကွဲပြား၍ ခြားနားရခြင်း ဖြစ်သည်။ [နာ-၁၁၅] မသိသော ပုဂ္ဂိုလ်နှင့် သိသောပုဂ္ဂိုလ် ခြားနား ခြင်း ဖြစ်သည်။ အဝိဇ္ဇာ ရှိသူနှင့် အဝိဇ္ဇာ မရှိသော ပုဂ္ဂိုလ် ကွာခြားသွားခြင်း ဖြစ်သည်။ ၃ နှင့် ၄ အမျိုးအား ပုဂ္ဂိုလ်တို့သည် သံသရာ စခန်းသတ် ပုဂ္ဂိုလ်များ ဖြစ်သည်။ အဝိဇ္ဇာ သမား အဖြစ်မှ ဝိဇ္ဇာသမား ဖြစ်အောင် လုပ်ရမည်။ ထိုသို့ လုပ်ရန်မှာ ဝိပဿနာ ရှုမှ ဖြစ်သည်။ [နာ-၁၁၇]

ထို့နောက် မြင်စိတ်၊ ကြားစိတ်၊ ဘာစိတ်ပဲ ပေါ်ပေါ် စိတ်ကို ဝိပဿနာရှုဖို့ (စိတ္တာ နုပဿနာ)လုပ်ဖို့ ဟောသည်။ [နာ-၁၁၈] ခန္ဓာ ဖြစ်ပျက်ကို ဝိပဿနာ ရှုမှ မှိဝဲအပ်သော တရား လာသည်။ မဟုတ်လျှင် မမှိဝဲအပ်သော တရားကို မှိဝဲ ဆည်းကပ် နေတတ်သည်။ မမှိဝဲအပ်သော တရားလာလည်း ထိုတရားကိုပါ ဖြစ်ပျက် ရှုရမည်။ အဆိပ်ဆေးပင် ဖြစ်သော်လည်း အသုံး ချတတ်လျှင် ရောဂါ ပျောက်ဆေး ဖြစ်နိုင်ကြောင်း ဟောသည်။ [နာ-၁၁၉] 'သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ

http://www.dhammadownload.com


ပဇာနာတိ' ဟု ဘုရားက ဟောထားကြောင်း ပြသည်။ တရား အားထုတ်နေစဉ် ဘာစိတ်ပဲ လာလာ လာသော စိတ်အားလုံးကို ဖြစ်ပျက် ရှုရမည်။ မောဟစိတ် လာလျှင် မောဟစိတ်ကို ဖြစ်ပျက် ရှုပါက အမောဟ ပညာ ဖြစ်သွားသည်။ ၃ နှင့် ၄ ပုဂ္ဂိုလ် အစားထဲ ပါသွားသည်။ [နှာ–၁၂၀] မှိဝဲအပ်သော ဝိဇ္ဇာဉာဏ်ကို ရသူ ဖြစ်သွားသည်။

ဒါကြောင့် ဖြစ်ပျက် ရှုသော ဉာဏ်နှင့်သာ အတူ နေပါဟု ဟောသည်။ [နှာ–၁၂၁] ဤကား မှိဝဲအပ်သော တရားကို မှိဝဲပြီး နေခြင်း ဖြစ်၏။ အလုပ်ခွင်ထဲ သွင်းလိုက်မှ ၁ နှင့် ၂ ကို ရှောင်ပြီး ၃ နှင့် ၄ သံသရာ စခန်းသတ် ပုဂ္ဂိုလ် ဖြစ်အောင် လုပ်ဖို့ ဖြစ်ကြောင်း ဟောရင်းအချိန် စေ့၍ တရား နားလိုက်သည်။

*

## ၄။ ပုထုဇဉ်နှင့် အရိယာ ဝေဒနာ ခံစားကြပုံ –ဝေဒနာ လာရင် ထိုးစစ်ဆင်

[ ၂၀–၄–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ဘုရားရှင် လက်ထက်က ရဟန်းများက မြတ်စွာဘုရားဟာ ပုထုဇဉ်မှာလည်း ဝေဒနာ ရှိသည်၊ ရဟန္တာ မှာလည်း ဝေဒနာ ရှိသည်၊ ရဟန္တာနှင့် ပုထုဇဉ် ဝေဒနာ ခံစားတာချင်း ဘယ်လို ထူးသလဲဟု မေးကြသည်ဟု အစချီ၍ ဤတရားကို ဟောပါသည်။ ပုထုဇဉ်မှာ အပြင်ဘက်က ဒုက္ခ ဝေဒနာ ဖြစ်လျှင် အတွင်းမှာ ဒေါမနဿ ဖြစ်သည်။ ဒီတော့ ပုထုဇဉ်မှာ လှံတစ်ချက် ထိုးလျှင် နှစ်ချက် ထိသည်။ ပုထုဇဉ်မှာ ကိုယ်ဆင်းရဲလျှင် စိတ်ဆင်းရဲသည်။ ထိုအခါ ထို ဝေဒနာ သက်သာလျှင် ကောင်းမှာပဲဆိုပြီး သက်သာရာ ရှာချင်သော တဏှာ လိုက်လာသည်။ ထိုတဏှာကို ဘယ်လို ပယ်သတ်ရမှန်း မသိသော အဝိဇ္ဇာပါ ပါလာသည်။ ထိုအခါ တစ်ချက် ထိုးလျှင် လေးချက်ထိ ဖြစ်သွားသည်။ [နှာ–၁၂၄] ပုထုဇဉ်မှာ ဝေဒနာ တစ်ချက် ထိလျှင် နောက်သုံးချက် ပါလာသည်။ [နှာ–၁၂၆] ရဟန္တာ ကတော့ ကိုယ်ပေါ်မှာ ဒုက္ခ ဝေဒနာ တစ်ချက် ပေါ်လျှင် တစ်ချက် ဖြစ်ပျက် ရှုလိုက်သည်။ ဖြစ်ပျက် ရှုပစ်လိုက်သည့် အတွက် ဝမ်းထဲမှာ ဒေါမနဿ မလာတော့ ပါ။ ထို့ကြောင့် လောဘ တဏှာလည်း မလာ၊ အဝိဇ္ဇာ မောဟလည်း မလာတော့ပါ။ [နှာ–၁၂၇] သဠာယ ဝန ဝဂ္ဂ သံယုတ်ကို ကိုးကား၍ ဟောခြင်း ဖြစ်သည်။

http://www.dhammadownload.com



ပုထုဇဉ်မှာ ဝေဒနာ တစ်ချက် ဖြစ်လျှင် ဒုက္ခတန်းကြီး ဖြစ်သွားသည်။ ရဟန္တာက ကိုယ့်ကို တစ်ချက် ထိုးလျှင် ကိုယ်က တစ်ချက် ပြန်ထိုး တတ်သည်။ ပြန်ပြီး ဖြစ်ပျက် ရှုချ ပစ်လိုက်သည်။ ဉာဏ်နှင့် တစ်ချက် ပြန်ခုခံလိုက် သောကြောင့် ဒေါမနဿ၊ တဏှာ၊ အဝိဇ္ဇာ အားလုံး ပြတ်ထွက် သွားသည်။ လောဘ၊ ဒေါသ၊ မောဟ အကုန် ချုပ်သည်။ ဝေဒနာ လာလျှင် ဉာဏ်နှင့် ပြန်ခုခံတတ် ပါက ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်ဘဲ ပြတ်သည်။ ဒေါမနဿ မလာလျှင် ပဋိစ္စသမုပ္ပါဒ် အဆုံးက ပြတ်သည်။ တဏှာလောဘ မလာလျှင် ပဋိစ္စသမုပ္ပါဒ် အလယ်က ပြတ်သည်။ အဝိဇ္ဇာ မလာသောကြောင့် ပဋိစ္စသမုပ္ပါဒ် အစ က ပြတ်သည်။ [နှာ–၁၂၈] ဤကား ပုထုဇဉ် ဝေဒနာ ခံစားပုံနှင့် အရိယာ ဝေဒနာ ခံစားပုံ ခြားနားချက်ကို ပြခြင်း ဖြစ်၏။ [နှာ–၁၂၉] အလုပ်ခွင် ဝင်သောအခါ ဝေဒနာ (ဒုက္ခ) တစ်ချက် ဉာဏ် တစ်ချက် သွားတတ်အောင် သင်ပေးခြင်း ဖြစ်သည် ဆို၏။ [နှာ–၁၃၀] ဘုရားမှာလည်း ကာယိက ဒုက္ခတော့ ရှိသည်။ စေတသိက ဒုက္ခ မရှိဘူး။ စေတသိက ဒုက္ခ မဖြစ်ခြင်းမှာ မဂ်ဖြင့် ပယ်ထား သောကြောင့် ဖြစ်သည်။

တစ်ချက် ထိုးလျှင် သုံးချက် မထိအောင် ပြင်နည်းကို ပြသည်။ ခန္ဓာ ကိုယ်ပေါ်မှာ ယားသော ဝေဒနာ ဖြစ်လျှင် ယားသော နေရာကို ဖြစ်ပျက် ရှု။ နာလျှင် နာသော နေရာကို ဖြစ်ပျက် ရှု။ ဒေါမနဿ မလာစေနှင့်ဟု ဆိုသည်။ [နှာ–၁၃၁] ဝေဒနာကို ဖြစ်ပျက် ရှုလျှင် ဝိပဿနာမဂ် ဖြစ်သည်။ ဝိပဿနာမဂ် ဖြစ်လျှင် ဒေါမနဿ ချုပ်သည်။ အဝိဇ္ဇာ မောဟ ချုပ်သည်။ ထိုအခါ အရိယာ ဂပည့်သားမှာ ပဋိစ္စသမုပ္ပါဒ် သုံးချက် ပြတ်သည်။ ယခု ဟောသော တရားကို အလုပ်ခွင်မှာ အသုံးချရန် ဖြစ်ကြောင်းလည်း ဟောသည်။ [နှာ–၁၃၂] အရိယာမှာ ဝေဒနာ တစ်ချက် ထိုးလျှင် ပြန်ထိုးနိုင်သော ဉာဏ်သတ္တိ ရှိသည်။ ပုထုဇဉ်မှာ တစ်ချက် ထိုးလျှင် ထိုးသရွေ့ ခံရသည်။ တစ်ချက် ထိုးလျှင် သုံးချက် ခံစားရသည်။ အရိယာမှာလည်း ဒုက္ခဝေဒနာ ရှိသည်။ ပုထုဇဉ်မှာလည်း ဒုက္ခဝေဒနာ ရှိသည်။ သို့သော် ခံစားပုံချင်းက ကွာခြားသည်။ ဤနေရာတွင် ဝေဒနာလည်း စိတ်ပဲ၊ စိတ်နှင့် ဝေဒနာ သဟဇာတ ပစ္စည်း ဖြစ်ကြောင်း ပြပြီး စိတ္တာ နုပဿနာ ရှုဖို့ ဟောသည်။ [နှာ–၁၃၃] ဒုက္ခ ဝေဒနာ ပေါ်သော နေရာကို ဉာဏ်လိုက်ရမည်။ သူက တစ်ချက် လာလျှင် ကိုယ်က တစ်ချက် လိုက်ပါ။

ဤတွင် တောနေ ရဟန်း တစ်ပါး ကျားဆွဲသည့် ဝတ္ထု ဥပမာဖြင့် ရှင်းပြသည်။ ရဟန်းက သူ့ ခန္ဓာကို ကျားစားရင်း ဝေဒနာ ဖြစ်ပျက် ရှုပုံကို ပြသည်။

http://www.dhammadownload.com



ဖြစ်ပျက်နှင့် မဂ် ကိုက်သွားသည်။ ရဟန်း ကိုယ်တစ်ပိုင်း မကုန်မီ ရဟန္တာ ဖြစ်သွားပုံကို ပြသည်။ [နှာ–၁၃၆] ဝေဒနာ တစ်ချက် လာလျှင် ဉာဏ်တစ်ချက်၊ ဖြစ်ပျက်တစ်ချက်၊ မဂ်တစ်ချက် ကိုက်အောင် လုပ်နည်းကို ပြသည်။ ဒုက္ခ ဝေဒနာကို ဘုရားလည်း မပယ်နိုင်။ ပုထုဇဉ်လည်း မပယ်နိုင်ပါ။ ဒေါမနဿကိုသာ ပယ်နိုင်သည်။ [နှာ–၁၃၄] ဝေဒနာက ဖြစ်ပျက်၊ သိတာက (ဉာဏ်)က မဂ် ဖြစ်သွားသည်။ ဝေဒနာ ဘယ်နေရာမှာပဲ ပေါ်ပေါ် အပျက်နှင့် မဂ်နှင့် ကိုက်အောင် လုပ်ပါဟု မိန့်ထားသည်။ ထိုကဲ့သို့ ဖြစ်ပျက်နှင့် မဂ် ကိုက်အောင် လုပ်နိုင်လျှင် မနက် အားထုတ်ပါက ညနေ သောတာပန် တည်နိုင်ကြောင်း ဟောထားသည်။ [နှာ–၁၃၈]

ဘာကြောင့် တည်နိုင်သလဲ ဆိုလျှင် ကိလေသာ ကြား မခို၍ ဖြစ်ကြောင်း ရှင်းပြသည်။ ကိလေသာ ကြားထိုးတယ် ဆိုတာ တခြားသောစိတ် ဝင်တာကို ပြောခြင်း ဖြစ်သည်။ မဂ်ဝင်ရမည့် နေရာမှာ ကိလေသာ ကြားက ဝင်ခံနေသည်။ မဂ်နှင့် မရတော့ပါ။ ဤတွင် ကြားထိုးလာသော ကိလေသာကိုပါ မိအောင် ဖမ်းပြီး ဖြစ်ပျက် ရှုပစ်ပါဟု ဆိုသည်။ [နှာ–၁၃၉] ကိလေသာ ကြားဝင် လာလျှင် ထိုကြားထိုး ကိလေသာကို နိုင်အောင် ရှုပြီးမှ မူလ ကမ္မဋ္ဌာန်းကို ပြန်ရှုရမည်ဟု ဆိုသည်။ [နှာ–၁၄၀] ကြားတိုးတာကို ကိလေသာ မာရ်နတ်ဟု ခေါ်သည်။ ကိလေသာ မာရ်နတ်ကို တိုက်ထုတ်နိုင်မှ ဖြစ်သည်။ မတိုက်ထုတ်နိုင်လျှင် မူလ ကမ္မဋ္ဌာန်း ရှုံးသည် ဆို၏။ ကိလေသာ ကြားဝင်လာလျှင် ဂြိုဟ်ဝင်သည်ဟု မယူဘဲ ဟေ ပဿိကောဟု ယူပါ။ ဟေ ပဿိကော ခေါ်ရာ သန္ဒိဋ္ဌိကောနှင့် လိုက်ပါဟု ဟောသည်။ [နှာ–၁၄၁] ဤကား အလုပ်သဘော ဖြစ်သည်။ ဤအကြောင်း ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၅။ တရား ဆုံးအောင် မနာ၊ ဆုံးအောင် အားမထုတ်ရင် အကျိုး ဆုတ်ယုတ်တတ်ပုံ

[ ၂၁–၄–၆၂ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

တရား အားထုတ်သော သူများမှာ အင်္ဂါနှစ်ခု ညီညွတ်အောင် လုပ်ရမည်ဟု အစချီ၍ ဤတရားကို ဟောပါသည်။ အင်္ဂါ နှစ်ခု မညီညွတ်လျှင် တရား မရနိုင်ဟု ဆိုသည်။ အကြောင်း မညီညွတ်ခြင်း နှစ်ပါး ဆိုသည်မှာ (၁) တရားကို အဆုံး

http://www.dhammadownload.com



မလိုက်ခြင်း၊ (၂) မကောင်းသော မိတ်ဆွေနှင့် ပေါင်းမိခြင်း ဖြစ်သည်။ တရားကို ဆုံးအောင် မလိုက်လျှင် ဖြစ်စေ၊ အပေါင်းအသင်း လွဲလျှင် ဖြစ်စေ ယခု ဘဝ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင် စေကာမူ မရဘဲ ဖြစ်တတ်သည်။ မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်ကို ကိုးကားသည်။ ပေဿဆိုသူ၏ ဝတ္ထုကို ထုတ်ပြသည်။ [နှာ-၁၄၄] ပေဿက ဘုရားထံ ချဉ်းကပ်ပြီး တရား နာပါရစေဟု ပန်ကြား လျှောက်ထားသည်။ ထိုအခါ ဘုရားက လောကမှာ အလုပ် လေးမျိုး ရှိကြောင်း ဟောသည်။ အလုပ် လေးမျိုး ဆိုရာတွင် (၁) ကိုယ့်ကိုယ်ကိုယ် ပူပန်စေတတ်သော အလုပ် တစ်မျိုး (၂) သူတစ်ပါးကို ပူပန်စေတတ်သော အလုပ် တစ်မျိုး၊ (၃) မိမိ သူတစ်ပါး နှစ်ဦးသားကို ပူပန်စေတတ်သော အလုပ် တစ်မျိုး၊ (၄) မိမိ၊ သူတစ်ပါး နှစ်ဦးသားကို မပူပန်စေသော အလုပ် တစ်မျိုး ဖြစ်သည်။ [နှာ-၁၄၄]

မိမိကို ပူပန်စေတတ်သော အလုပ် ဆိုသည်မှာ ကိုယ့်ဟာကိုယ် မကျေနပ် ဖြစ်ပြီး အလကား အချိန် ကုန်နေသည်ဟု ထင်ရတာမျိုး ဖြစ်သည်။ မိမိမှာ လောဘ၊ ဒေါသ၊ မောဟတွေ များပြီး ကိုယ့်ကိုယ်ကိုယ် မကျေနပ် ဖြစ်နေခြင်းသည် ကိုယ့်ကိုယ်ကိုယ် ပူပန်စေသော အလုပ် ဖြစ်သည်။ သူတစ်ပါးကို ပူပန်စေတတ်သော အလုပ်၏ သဘောမှာ မုဆိုး၊ တံငါ များလို သားငါးများကို သတ်ဖြတ် ရောင်းစားပြီး အသက် မွေးရသော အလုပ်မျိုး ဖြစ်သည်။ မိမိ သူတစ်ပါး နှစ်ဦးသားကို ပူပန်စေသော အလုပ် ဆိုရာမှာ နတ်၊ ဘိုးတော်တွေ ကိုးကွယ် နေသူများလို ကိုယ့်မှာလည်း ခြိုးခြံရ၊ သူတစ်ပါးကို သတ်ဖြတ် ပြီးလည်း နတ် ပသရတာမျိုး ဖြစ်သည်။ ကိုယ့်မှာ လည်း ချို့တဲ့၊ သူတစ်ပါးကို သတ်ဖြတ် နာကျင်စေ ပြီးမှ တင်မြှောက် ပသရသော အလုပ်မျိုး ဖြစ်သည်။ မိမိ သူတစ်ပါး နှစ်ဦးသားကို မပူပန်စေသော အလုပ်၊ စတုတ္ထ အလုပ်ကား သတိပဋ္ဌာန် အလုပ်ဟု ဆိုသည်။ ပေဿကို ဘုရားက 'မင်းအလုပ် လေးမျိုးမှာ ဘယ် အလုပ်မျိုး ကြိုက်သလဲ' ဟု မေးသည်။ ပေဿက မိမိ သူတစ်ပါး နှစ်ဦးသားကို မပူပန်စေရသော အလုပ်ကို ကြိုက်ကြောင်း ဖြေလေသည်။ [နှာ-၁၄၇]

ထိုအခါ ဘုရားက ဒီတရားကို အကျယ် ဟောဦးမည်ဟု ဆိုသော အခါကျမှ ပေဿက သူ့မှာ ပြုဖွယ် ကိစ္စတွေ ရှိသေးသည် ဆိုပြီး တရားကို ဆုံးအောင် မနာဘဲ ပြန်သွားလေသည်။ ဘုရားကလည်း ရှိသော ပရိသတ်ကို ဟောတော်မူလိုက်သည်။ ပေဿ ရှုံးတော့သည်။ အကျယ် ဆုံးအောင် နာလိုက်လျှင် ပေဿ သောတာပန် တည်မည် ဖြစ်ပါလျက် တရားကို ဆုံးအောင် မနာသဖြင့် သူ့ခမျာ

http://www.dhammadownload.com



ဆုံးရှုံးရ လေသည်။ ထိုသို့ ဖြစ်ခြင်းကို 'ကိရိယ ပရိဟာနိ' ဟု ခေါ်သည်။ ပြုလုပ်ရမည့် အလုပ်မှာ ဆုတ်ယုတ်သွားသည့် သဘော ဖြစ်သည်။ ထိုဆုတ်ယုတ်မှု ကြောင့်လည်း တရား မရနိုင်ဘူး။ ဒါကြောင့် တရား အားထုတ်သော ယောဂီများ၊ တရားနာသော ပုဂ္ဂိုလ်များ တရား အဆုံးသို့ ရောက်အောင် လိုက်ပါဟု ဆရာတော်က တိုက်တွန်း ထားသည်။ [နာ-၁၄၈] တရား အဆုံး မလိုက်လျှင် ရထိုက်ပါလျက် တရား မရ ဖြစ်တတ်ကြောင်း၊ နစ်နာတတ်ကြောင်း ပြသည်။ [နာ-၁၅၀] ခန္ဓာ ဒုက္ခ ဆုံးအောင်၊ နိဗ္ဗာန် မြင်အောင် လိုက်ရမည်။ [နာ-၁၅၂]

နောက်တစ်ချက်က မကောင်းသော ပုဂ္ဂိုလ်နှင့် ပေါင်းသင်းခြင်း အားဖြင့် ရထိုက်သော တရားကို မရ ဖြစ်တတ်ကြောင်း ဟောသည်။ ဤဘဝမှာ တရား ရထိုက်ပြီးသား ဖြစ်ပါလျက် အပေါင်းအသင်း မှား၍ တရား မရ ဖြစ်နိုင်ကြောင်းကို ဟောသည်။ အဇာတသတ်ကို နမူနာ ပြသည်။ အဇာတသတ် အပေါင်းအသင်း မှားသဖြင့် အဖ သတ်သော ကံကြီး ထိုက်သွားသည်။ မဂ်တား၊ ဖိုလ်တား ဖြစ်သွားသည်။ ဤကား တရား မရခြင်း၏ အကြောင်းနှစ်ပါး ဖြစ်သည်။ တရားကို အဆုံး မလိုက်ခြင်းနှင့် အပေါင်းအသင်း လွဲမှားခြင်း ဖြစ်သည်။

ထို့နောက် ဆရာတော်က တရား ရှုသော ပုဂ္ဂိုလ်များ ကြုံရသော အခက်အခဲကို ထုတ်ဖော်ပြီး ဟောသည်။ တရား ရှုတာ အနိစ္စ ရှုတာပဲ။ ဘယ်ဟာ အနိစ္စမှန်း မသိ ဖြစ်မှာ စိုးရိမ်ရသည်။ ခန္ဓာမှာ ကာယပဲ ရှုရှု၊ စိတ်ပဲ ရှုရှု၊ ဝေဒနာပဲ ရှုရှု ဖျတ်ခနဲ ပေါ်လာသော တရားသည် အနိစ္စပဲဟု တိတိကျကျ ပြသည်။ [နာ-၁၅၆] ပေါ်လာတာ အနိစ္စပဲ။ ထိုအနိစ္စ တရားကလေး ပျောက်ပျက် သွားတော့ ရှိသေးရဲ့လား။ ပျောက်သွားတာက အနိစ္စ လက္ခဏာ ဖြစ်သည်။ ထိုလက္ခဏာနှင့် ဉာဏ်နှင့် ပြိုင်ရမည်။ [နာ-၁၅၇] လက္ခဏာက မရှိတာပဲ။ မရှိတာက အနိစ္စ လက္ခဏာ၊ သိတာက ဉာဏ်။ အနိစ္စနဲ့ ဉာဏ်နဲ့ မပြိုင်နိုင်ဘူး။ အနိစ္စ လက္ခဏာ (မရှိတာနဲ့) ဉာဏ်နဲ့သာ ပြိုင်နိုင်သည်။ [နာ-၁၅၈] လက္ခဏာကို မိအောင် ရှုပါဟု ဆိုသည်။ အနိစ္စနှင့် ဉာဏ်နှင့် မပြိုင်နိုင်ဘူး။ လက္ခဏာနှင့် ဉာဏ်နှင့်သာ အပြိုင် ဖြစ်နိုင်တယ်။ ဓမ္မက လက္ခဏာကို ပြ၊ ဉာဏ်ကလည်း လက္ခဏာကို သိ။ အပြိုင် ဖြစ်နိုင်သည်။ [နာ-၁၅၉] အပြနှင့် အသိ ကိုက်သွားလျှင် သောတာပန် စခန်းဟာ အလွယ်ကလေးနှင့် ပြီးနိုင်သည်ဟု ဆိုသည်။ အရှုခံ ဓမ္မ ရှိနေတုန်း အနိစ္စ လက္ခဏာ မရှိပါ။ အနိစ္စ လက္ခဏာသည် ဓမ္မ မရှိမှ ပေါ်လာသည်။ အရှုခံ ဓမ္မ မရှိမှု သဘော ကိုသာ အနိစ္စ လက္ခဏာ ခေါ်သည်။ [နာ-၁၆၀] အနိစ္စက ထင်ရှား ရှိတုန်းကို ခေါ်သည်။ အနိစ္စ လက္ခဏာက မရှိသော အခါကျမှ ပေါ်သည်။

http://www.dhammadownload.com



ဤသဘောကို ထင်ရှားအောင် လူသေသွားပုံကို နမူနာပြ ပြောသည်။ သေတာက အထည် ရှိသည်။ လက္ခဏာက အထည် မရှိတော့ပါ။ [နှာ-၁၆၁] တရား ရှုနိုင်းတာ မရှိတဲ့ လက္ခဏာကို အရှုနိုင်းတာ ဖြစ်သည်။ ဤတွင် မရှိသော လက္ခဏာသည် အစ ကတည်းက မရှိခြင်း အဘာဝ ပညတ်ကို ဆိုသည်လည်း မဟုတ်ကြောင်း ထပ်မံ ရှင်းပြ ထားသည်။ [နှာ-၁၆၁] ရှိရာက မရှိ ဖြစ်သွားခြင်း သဘောကိုသာ ဆိုခြင်း ဖြစ်သည်။ ဒါကို မြင်အောင် ကြည့်ရမည်။ ရှိရာက မရှိ ဖြစ်သွား မှုသာ ဘယ်သူ သေသွားသည် ဆိုသော အဓိပ္ပာယ် ရကြောင်း ရှင်းသည်။ [နှာ-၁၆၂] ဒါ ပညတ် မဟုတ်ပါဘူး။ ထို့နောက် ဖြစ်တုန်း ပေါ်တုန်းမှာ ရှု၍ မရကြောင်း၊ ခန္ဓာ အပြိုင် ဖြစ်နေကြောင်း၊ စိတ် နှစ်စိတ် တစ်ပြိုင်နက် မဖြစ်နိုင်၍ ဖြစ်ကြောင်း ဖော်ပြ ထားသည်။ ဘုရားက လက္ခဏာကို အရေးထားပြီး ပြောသည်။ [နှာ-၁၆၆] အနိစ္စ လက္ခဏာကို သိလျှင် အနိစ္စ လက္ခဏာဉာဏ် ပြီးသွားသည်ဟု ဆိုသည်။ ဒီဉာဏ် ဖြစ်တော့ ဘာကျေးဇူး များသလဲ မေးချင် ပေမည်။ ထိုဉာဏ် ရလျှင် ခန္ဓာနှင့် တဏှာကို စွန့်သည်။ [နှာ-၁၆၈] ခန္ဓာနှင့် တဏှာကို စွန့်ခြင်း ကျေးဇူး ရှိသည်။ ခန္ဓာငြိမ်း နိဗ္ဗာန်၊ တဏှာ ငြိမ်းလည်း နိဗ္ဗာန် ဖြစ်သည်။ [နှာ-၁၆၈] ဤတရားသည် သံယုတ် အဋ္ဌကထာမှ လာသည်ဟု ဆိုသည်။

ဤသို့ မြင်လျှင် ရှေ့ပြေး နိဗ္ဗာန် ပေါ်ပြီ ဆို၏။ [နှာ-၁၆၉] လက္ခဏာကို သိနေ ကတည်းက ခန္ဓာ မရှိတော့ဘူး၊ ခန္ဓာ စွန့်တော့၊ တဏှာ မလာနိုင်တော့ဘူး၊ တဏှာပါ စွန့်တော့သည်။ ဒါကြောင့် ဝိပဿနာ ဉာဏ်က ခန္ဓာ စွန့်၊ တဏှာ စွန့်တော့သည်။ [နှာ-၁၇၀] ခန္ဓာ ဒုက္ခ သစ္စာနှင့် တဏှာ သမုဒယ သစ္စာကို ဝိပဿနာဉာဏ်က သိမ်းလိုက်သည်။ ဒါအဆုံး လိုက်လိုက်ပါ။ အဆုံး ရောက်လျှင် ခန္ဓာ ဘယ်တော့မှ မလာတော့ပါ။ ခန္ဓာ မလာလျှင် လောကုတ္တရာမဂ် ဖြစ်ပေါ် လာသည်။ မဂ်စစ်ကတော့ ခန္ဓာလည်း စွန့်၊ တဏှာလည်း စွန့်ပြီး နိဗ္ဗာန်ကိုလည်း မြင်သည်။ နိဗ္ဗာန်ကို မျက်မှောက် ပြုသည်။ ထိုအခါ ဝိပဿနာ မဂ်မှ သောတာ ပတ္တိ မဂ်ကို ကူးသွားကြောင်း ဟောရင်း အချိန်စေ့၍ တရားကို နားလိုက်လေသည်။

*

## ၆။ သေနိယနှင့် ပုဏ္ဏက ကျွတ်စခန်း- ကံလေးမျိုး ခွဲပြခြင်း

[ ၂၂-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

(ဤအကြောင်းအရာနှင့် ဝတ္ထု အကြောင်းကို ရှေ့မှာလည်း ဟောကြားခဲ့ ဖူးပြီ။)

http://www.dhammadownload.com



ယနေ့ ဟောကြားသည့် တရားသည် ကံကို နားလည်ဖို့ ဖြစ်ကြောင်း အစချီ၍ ဤတရားကို ဟောပါသည်။ မဇ္ဈိမ ပဏ္ဏာသ ပါဠိတော် အကိုးအကား ပြသည်။ ဘုရား ကိုယ်တော်တိုင်ဟော တရား ဖြစ်သည်။ အိန္ဒိယပြည်မှာ ဘုရား ပွင့်တော်မူသည်။ ဘုရား မပွင့်မီကပင် အိန္ဒိယပြည်မှာ မိစ္ဆာ ဒိဋ္ဌိ အယူတွေ များစွာ ရှိခဲ့ကြောင်း ပြသည်။ ပုဏ္ဏ ဆိုသူ လူတစ်ယောက်က နွားလို ကျင့်သော အယူကို ယူသည်။ နွားလို ကျင့်ကြံ နေထိုင်လျှင် နိဗ္ဗာန်ကို ရောက်သည် ဆိုသော အယူမှားကို ယူထားသည်။ သူ့ သူငယ်ချင်း သေနိယ ဆိုသူကမူ ခွေးအကျင့်ကို ကျင့်သည်။ ခွေးလို ကျင့်မှ နိဗ္ဗာန် ရသည် ဆိုသော အယူကို ယူခြင်း ဖြစ်သည်။ [နှာ-၁၇၃]

ထိုသူ နှစ်ဦးသည် အကြောင်း တိုက်ဆိုင်သဖြင့် ဗုဒ္ဓဘုရားထံသို့ ရောက်သည်။ ထို့နောက် ဘုရားကို မေးကြသည်။ သေနိယက ခွေးလို ကျင့်မှ ကိလေသာ ခေါင်းပါး သည် ဆိုပြီး ကျင့်ပါသည်။ သူသေသောအခါ လားရာ ဂတိ ဘယ်သို့ ရှိပါသလဲ ဘုရားဟု မေးသည်။ ဘုရားက မမေးပါနှင့်ဟု တားသည်။ ထိုအခါ ပုဏ္ဏက သူ့ အကျင့်ကို ပြောပြီး သေလျှင် လားရာ ဂတိကို မေးသည်။ ဘုရားက မမေးပါနဲ့ဟု ပင် ဆိုလေသည်။ [နှာ-၁၇၄] ထိုအခါ သေနိယနှင့် ပုဏ္ဏတို့က လက်မလျှော့ဘဲ မေးသည်။ တတိယအကြိမ် မေးသောအခါ ဘုရားက ဖြေသည်။ ခွေးလို ကျင့်သောသူ သေသောအခါ သူ့ဝါသနာ အထုံအတိုင်း ခွေးပဲ ဖြစ်မည်။ မိစ္ဆာဒိဋ္ဌိ အယူ ဖြစ်သော ကြောင့် ငရဲသို့လည်း လားရဦးမည် ဆိုပြီး ဖြေသည်။ ထိုအခါ သေနိယက ငိုသည်။ ပုဏ္ဏ ကိုလည်း သေလျှင် မိမိ ဝါသနာ အထုံ အလေ့ အတိုင်း နွားပဲ ဖြစ်ပြီး မိစ္ဆာ ဒိဋ္ဌိကြောင့် ငရဲသို့လည်း ကျရဦးမည်ဟု ဖြေတော်မူသည်။ ထိုအခါ ပုဏ္ဏကလည်း ငိုပြန်သည်။ သာသနာ မထွန်းကားစဉ် အခါက လူတွေ ထင်ရာမြင်ရာ လုပ်နေကြပုံ ကို ဝေဖန် ပြသည်။

ယခု အခါမှာပင် သဿတ ဒိဋ္ဌိ သမားတွေ၊ ဥစ္ဆေဒ ဒိဋ္ဌိ သမားတွေ များစွာ ရှိနေကြပုံကို ပြသည်။ [နှာ-၁၇၆] ပြီးမှ ဆရာတော်ကြီးက လသာတုန်း ဗိုင်းငင် ဆိုစကားလို ယခုအခါ သာသနာ ထွန်းပနိုက် ဝိပဿနာ အလုပ်ကို လုပ်ကြဖို့ ထုံးစံ အတိုင်း တိုက်တွန်းသည်။ သဿတ ဒိဋ္ဌိ သမား ကမ္မ သကတ ဉာဏ်မှာ လမ်းဆုံးသည်။ ကုသိုလ်လုပ် ကုသိုလ် ရသည် မှန်သော်လည်း ငါလုပ် ငါရ၊ မင်းလုပ် မင်းရ ဆိုသော ဒိဋ္ဌိ ခံနေသဖြင့် ကုသိုလ်ပဲ ရသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရကြောင်း ဟောသည်။ [နှာ-၁၇၇] ထိုအခါ ပုဏ္ဏနှင့် သေနိယ တို့က တပည့်တော်တို့အား မှန်သော တရားကို ဟောပါဟု လျှောက်ထား ကြသည်။

http://www.dhammadownload.com



ထိုအခါ ဘုရားက ကံလေးမျိုးကို ခွဲခြားပြီး ဟောသည်။ မည်းသောကံ မည်းသော အကျိုးကို ပေးသည်။ ဖြူသောကံ ဖြူသော အကျိုးကို ပေးသည်။ အမည်း၊ အဖြူ ရောသောကံ အမည်း၊ အဖြူ ရောပြီး အကျိုးပေးသည်။ အမည်း၊ အဖြူ မရောသော ကံသည် အမည်း၊ အဖြူ မရောသော အကျိုးကို ပေးသည်။ ကံလေးမျိုး ဖြစ်သည်။ အကုသိုလ် ၁၂ ခုနှင့် ပြုသော ကံတွေက အမည်း ကံတွေ။ အပါယ်လေးပါး အကျိုးပေးသည်။ ကာဂမာဂရေ ကုသိုလ်ကံ ရှစ်ခုနှင့် ပြုသော ကံတွေက နတ်ရွာ သုဂတိ အကျိုး ပေးသည်။ [နှာ–၁၈၀] နွားသတ်၊ ဝက်သတ်ပြီး လှူသော အလှူမျိုးက အဖြူ အမည်း ရောသောကံ ဖြစ်သည်။ မုဆိုး၊ တံငါ အလှူ ပေးသော ကံမျိုး၊ အကျိုး ပေးတော့ အဖြူ အမည်း ရောပြီး အကျိုး ပေးသည်။ ဆင်ဖြူတော် ဖြစ်တာမျိုး၊ အဿထိုရ်မြင်းတို့၊ ဗိုလ်ခွေးတို့လို တိရစ္ဆာန် ဖြစ်ရတာမျိုး ဖြစ်သည်။ ထိုကံ သုံးမျိုးစလုံး မကောင်းဘူးဟု ဆိုသည်။ [နှာ–၁၈၁]

အဖြူ၊ အမည်း မရောသော ကံသာ အရေးကြီးသည်။ မဂ္ဂင် အလုပ်သည် အဖြူ၊ အမည်း (ကုသိုလ်၊ အကုသိုလ်) မရောသောကံ ဖြစ်သည်။ ထိုကံသည် ဘုံဘဝကိုလည်း အကျိုး မပေးဘူး။ နိဗ္ဗာန်ကိုသာ အကျိုး ပေးသည်။ ဝိပဿနာ ကံသည် အဖြူ၊ အမည်း မရောသောကံ ဖြစ်သည်။ [နှာ–၁၈၂] ဝိပဿနာ မဂ်ဉာဏ် နှင့် လောကုတ္တရာ မဂ်ဉာဏ်သည်သာ အဖြူ၊ အမည်း မရောသောကံ ဖြစ်သည် ဆို၏။ သူက ကံဖြတ်သော တရား ဖြစ်သည်။ အဖြူကံ၊ အမည်းကံ အကျိုး ပေးလျှင်လည်း သံသရာ မဆုံးဘူးဟု ဆိုသည်။ အမည်း၊ အဖြူ မရောသော ကံသည်သာ ကံဖြတ် တရား ဖြစ်သည်ဟု မှတ်ရမည်။ [နှာ–၁၈၃] ဝိပဿနာ အလုပ်သည် ကံဖြတ်သော အလုပ် ဖြစ်သည်။ လူတွေက ဘယ်တော့ ကံကောင်းပါ့ မလဲ တောင့်တ နေတတ်ကြသည်။ ကံကို မျှော်နေကြသည်။ အကျိုးပေးတာက ဒုက္ခသစ္စာ ဖြစ်သည်။ ဒီတော့ ကံမျှော်တာသည် ဒုက္ခသစ္စာကို မျှော်နေခြင်း ဖြစ်ကြောင်း စကားစပ်ပြီး ဟောသည်။ [နှာ–၁၈၅] သမုဒယ သစ္စာ ကြီးလာလျှင် ဒုက္ခသစ္စာ ကြီးလာသည်။ ခင်ဗျားတို့ကလည်း ဒုက္ခကြီးမှ အားကိုးနေသည်ဟု ဆိုသည်။ [နှာ–၁၈၆] ဒုက္ခသစ္စာကို မသိသူ မှန်လျှင် ကံကို ကြိုက်တတ်သည်။ [နှာ–၁၈၇] မသိလို့ ကြိုက်တာ အဝိဇ္ဇာ ဖြစ်သည်။

အဝိဇ္ဇာနှင့် ကြိုက်နေကြခြင်း ဖြစ်သည်။ အဝိဇ္ဇာက မသိအောင် ဖုံးထားတော့ တဏှာက ကြိုက်သည်။ ဆရာကောင်းနှင့် တွေ့လျှင် ဒုက္ခတွေ ပျောက်သွားတာကိုပင် ခင်ဗျားတို့က မျက်ရည် ကျသည်ဟု ဆိုသည်။ သစ္စာ မသိရင် ဒုက္ခ ကြိုက်တတ်

http://www.dhammadownload.com



ပုံကို ချဲ့၍ ဟောသည်။ [ နာ-၁၈၈ ] ဝိပဿနာသည် အမည်း၊ အဖြူ မရောသော ကံ၊ ကံဖြတ် တရား ဖြစ်သည်။ ဘယ်ကံတွေကို ဖြတ်သလဲ။ ၁၊ ၂၊ ၃ ကို ဖြတ်သည်။ (အမည်းကံ၊ အဖြူကံ၊ အဖြူ အမည်း ရောသောကံကို ဖြတ်သည်) ဝိပဿနာ မဂ်၊ လောကုတ္တရာ မဂ်က ကံဖြတ်ပုံကို အင်္ဂုလိမာလကို သက်သေ ပြပြီး ဟောပြန်သည်။ ဝေဿန္တရာမင်း လက်ထက်က လှူလာသော ကောင်းကံတွေ အကျိုး ပေးနေရင် သံသရာ ရှည်ဦးမည်။ ဘုရား မဖြစ်သေး။ မဂ်က ထိုကံများကိုလည်း ဖြတ်ချသည်။ [ နာ-၁၉၀ ] ဘုရား ဖြစ်တာ ကံဖြတ် အလုပ် ဖြစ်သည်။ ဘုရား ဖြစ်တော့ ကုသိုလ်၊ အကုသိုလ် အကုန် စွန့်ပြီးပြီ။ ပုထုဇဉ်တွေက ကမ္မဿကတ ဉာဏ်ကို ကြိုက်နေကြသည်။ လေးဖက် သွားသော ကလေး တုတ်ချောင်း မျိုးသလိုနှင့် တူသည်။ မသိ၍ တုတ်ချောင်း မျိုတာကို မြင်သော မိဘ၊ ဆရာသမားများက ကလေး ကြိုက်မကြိုက် တုတ်ချောင်းကို ပါးစပ် ဖြဲ၍ ထုတ်ရမည် ဖြစ်သည်။

ထို့အတူ ကမ္မဿကတဉာဏ် ကြိုက်သူတွေ ကိုလည်း သူတို့ ကြိုက်ကြိုက် မကြိုက်ကြိုက် ကံဖြတ် တရားကို ဟောရမည် ဖြစ်ကြောင်း ရှင်းထားသည်။ [ နာ-၁၉၂ ] 'ခင်ဗျားတို့ ကလည်း ကံကိုပဲ မျှော်နေကြတယ်။ ဘုရားကလည်း ကံမျှော်တဲ့ လူကို သိပ်ကြောက်တယ်' ဟု ဟောသည်။ [ နာ-၁၉၃ ] အမည်း၊ အဖြူ မရောတဲ့ ကံက မဂ်ဆိုက်အောင် လုပ်ခြင်း ဖြစ်သည် ဆို၏။ [ နာ-၁၉၄ ] ဝိပဿနာ လုပ်နေခြင်းသည် ကံကောင်းဖို့ လုပ်နေခြင်း မဟုတ်ကြောင်း၊ ကံဖြတ်နေတာ ဖြစ်ကြောင်း တိတိကျကျ ဖော်ပြ ထားသည်။ ကံဖြတ်တာ မဂ်ကဖြတ်တာ၊ သမုဒယ သစ္စာ တဏှာကိုလည်း သူက ဖြတ်သည်။ တဏှာကို ဖြတ်တော့ ဥပါဒါန်၊ ကံ အကုန် ဖြတ်သည်။ ဝိပဿနာ မဂ်နှင့် လောကုတ္တရာ မဂ်ကသာ နိရောဓ သစ္စာကို ကျေးဇူး ပြုသည်။ လောကုတ္တရာမဂ် ရမှ အေးမည် ဖြစ်၍ ဝိပဿနာကို ကြိုးစား လုပ်ရမည်ဟု ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၇။ သေနိယ ကျွတ်တန်း ဝင်တဲ့ တရား

[ ၂၃-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာ တိုက်မှာ ဟောသော တရား ]

မြတ်စွာဘုရားက ကံပြတ် တရားကို ဟောလိုက်သည့် အတွက် သေနိယ သစ္စာဉာဏ် ရပြီး သာသနာ့ ဘောင်ကို ဝင်ခွင့် တောင်းသည်။ တိတ္ထိများ သာသနာ့ ဘောင်ကို ဝင်လိုလျှင် လေးလ ပရိဝါသ် နေရပြီးမှ ဝင်ခွင့် ရသည်။ သေနိယကိုမူ

http://www.dhammadownload.com



မြတ်စွာဘုရားက ချက်ချင်း ဝင်ခွင့် ပြုလိုက်သည်။ ပြီးမှ သေနိယ ကျွတ်တန်းဝင် တရားကို ဟောတော်မူသည်။ ထို့နောက် သမ္မာ ဒိဋ္ဌိက စ၍ ပြသည်။ သေနိယ အမြင်မှန် ရသွားသည်ဟု ဆိုသည်။ [*နှာ-၁၉၇*] ခန္ဓာ ငါးပါး ရှိသည်။ ထိုခန္ဓာ ငါးပါးကို သတိပဋ္ဌာန် လေးပါးနှင့် ဝေပုံချ ပြပြန်သည်။ သတိပဋ္ဌာန် လေးပါးကို ချုံ့လိုက်လျှင် ဖြစ်ပျက်ပဲရသည်။ [*နှာ-၁၉၉*] ဝိပဿနာ ဉာဏ်ထဲ သွင်းလိုက်တော့ ကာယလည်း ဖြစ်ပျက်ပဲ၊ ဝေဒနာလည်း ဖြစ်ပျက်ပဲ၊ စိတ်လည်း ဖြစ်ပျက်ပဲ၊ ဓမ္မလည်း ဖြစ်ပျက်ပဲ ရသည်။ ဝေဒနာ တွေ့လျှင် နာမ ပရိစ္ဆေဒ ဉာဏ်ပဲ ရသည်။ ဖြစ်ပျက် တွေ့မှ ဥဒယဗ္ဗယ ဉာဏ်ကို ရသည်။ ယောဂီက အလုပ် လုပ်ရင်း သူ့ဘာသာ ဉာဏ်စဉ် တတ်လိမ့်မည်။ ဆရာက ရှေ့က စကားသန်းပြီး ဉာဏ်စဉ်တွေကို မပြောရဟု မိန့်ထားသည်။ [*နှာ-၂၀၁*]

ထို့နောက် သေနိယ ဖြစ်ပျက် ရှုတော့ ရုပ်ကြည့်ကြည့်၊ စိတ်ကြည့်ကြည့်၊ ဝေဒနာကြည့်ကြည့် ဖြစ်ပျက်ပဲ တွေ့သည်။ ထိုအခါ သေနိယ ဉာဏ်ထဲတွင် ခန္ဓာကိုယ်၌ အနိစ္စ လက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တ လက္ခဏာက လွဲပြီး ဘာမှ အနှစ်သာရ မရှိပုံကို မြင်တွေ့ လာသည်။ နောက်တော့ သေနိယ ဉာဏ်ရင့်လာသည်။ ဖြစ်ပျက်တွေကို မုန်းလာသည်။ ထိုအခါ ဒုက္ခသစ္စာ ဉာဏ်အမြင် ပေါ်လာသည်။ ခန္ဓာ ငါးပါးစလုံး ဒုက္ခ သစ္စာ ချည်းပဲဟု မြင်လာသည်။ [*နှာ-၂၀၃*] ထို့နောက် ဒုက္ခ သစ္စာ အနက် (ကိစ္စ) ၄ ချက်ကို ပြသည်။ နှိပ်စက်တဲ့ ကိစ္စ၊ ပြုပြင်တဲ့ ကိစ္စ၊ ပူပင်ရတဲ့ ကိစ္စ၊ ဖောက်ပြန် ပျက်စီးတဲ့ ဒုက္ခ ကိစ္စ လေးချက်ကို သေနိယ ဉာဏ်ထဲမှာ မြင်လာသည်။

ဤကဲ့သို့ ဒုက္ခကို ပိုင်းခြား နေလျှင် သမုဒယက နောက်က သေသည်ဟု ဆိုသည်။ [*နှာ-၂၀၉*]။ ပိုင်ပိုင် သိတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ။ [*နှာ-၂၀၉*] သေနိယ ဉာဏ်ထဲမှာ သစ္စာ လေးချက် တစ်ပြိုင်နက် ဖြစ်ပေါ်လာသည်။ ဒုက္ခကို ပိုင်ပိုင် သိလျှင် မဂ္ဂ သစ္စာ။ ထိုအခါ သမုဒယ သစ္စာ သေသည်၊ သမုဒယ သေတော့ နောက်ဒုက္ခ ငြိမ်းမှု နိရောဓ သစ္စာ ပေါ်လာသည်။ [*နှာ-၂၁၀*] နိရောဓ သစ္စာ ဆိုတာ တဏှာ သတ္တိတွေ ချုပ်တာပင် ဖြစ်သည်။ ဒုက္ခ သစ္စာတွေ ကွယ်နေလို့ နိဗ္ဗာန်ကို မမြင်တာ။ ဒုက္ခ သစ္စာ ချုပ်သွားလျှင် နိဗ္ဗာန် ပေါ်လာကြောင်း ဟောသည်။ [*နှာ-၂၁၁*] ရှုရင်းမတ္တက ဒုက္ခ သစ္စာတွေ ဖျတ်ခနဲ ချုပ်သွားလျှင် နိဗ္ဗာန် ပေါ်လာသည်။ [*နှာ-၂၁၂*] လှေပေါ် ကုန်တင်ပြီး မြစ်တစ်ဖက်ကမ်း ပုံကို ဥပမာ ပြသည်။ [*နှာ-၂၁၃*] လှေသည် အလုပ် လေးခု တစ်ပြိုင်နက် လုပ်သည်။ ဤဘက်

http://www.dhammadownload.com



ကမ်းက ခွာမှု အလုပ်၊ ဟိုဘက် ကမ်းသို့ ရောက်မှု တစ်ခု၊ ကုန်များကို သယ်ဆောင်မှု တစ်ခု၊ ရေပြင်ကို ဖြတ်သန်း သွားမှု တစ်ခု ကိစ္စ လေးခုကို တစ်ပြိုင်နက် လုပ်ပုံကို ပြသည်။

ထို့အတူပဲ မဂ်တစ်ချက် ကျလျှင် သစ္စာ လေးချက် တစ်ပြိုင်နက် ဉာဏ်မှာ ပေါ်သည်။ [နှာ-၂၁၄] ထိုအခါ သစ္စာ လေးချက် တစ်ပြိုင်နက် မြင်ပြီး သေနိယ သောတာပန် တည်သည်။ [နှာ-၂၁၆] သေနိယ ဉာဏ်သည် အဆင့်ဆင့် တက်ပြီး ရဟန္တာ ဖြစ်သွားသည်။ မိစ္ဆာဒိဋ္ဌိကို စွန့်လိုက် သောကြောင့် သေနိယ ကျွတ်တမ်း ဝင်သွားသည်။ မိစ္ဆာဒိဋ္ဌိကို စွန့်နိုင်လျှင် မဂ်တား၊ ဖိုလ်တား မဖြစ်ကြောင်း ပြသည်။ [နှာ-၂၁၆] ခန္ဓာငါးပါး ကြည့်လိုက်လျှင် ဖြစ်ပျက်ပဲ တွေ့ပြီ ဆိုပါက ဒိဋ္ဌိ ပြုတ်ပြီ။ မိစ္ဆာဒိဋ္ဌိကို စွန့်ရာမှာ သညာ စွန့်နှင့် ပညာစွန့် ကွာပုံကို ခွဲခြား ဟောသည်။ သေနိယက ရဟန္တာ ဖြစ်သည်။ ပုဏ္ဏက သရဏဂုံ တည်ရုံပဲ ဖြစ်သည် ဆို၏။ ပြီးမှ ပဋိစ္စ သမုပ္ပာဒ်နှင့် ဆက်စပ်ပြီး ဒိဋ္ဌိပါဒါန်၊ ကံတွေကို စွန့်ပုံ၊ ကံ ဖြတ်ပုံကို ဟောသည်။ သေနိယ ရဟန္တာဖြစ်တာ ကံကို စွန့်လို့ ဖြစ်တာဟု ဆိုသည်။ [နှာ-၂၁၈] အမှန်မှာ ကံက ပြဋ္ဌာန်းဟာ မဟုတ်ဘဲ မဂ်က ပြဋ္ဌာန်းသည်ဟုလည်း ဆိုထားသည်။ မဂ္ဂင်ကိုသာ အားထားရာ ရှိသည်။ နိဗ္ဗာန် ရောက်စေသော တစ်ကြောင်းတည်း လမ်းမှာ မဂ္ဂင်သာ ဖြစ်သည်။ မဂ်ကသာ ဝဋ်သုံးပါးမှ ထုတ်ဆောင်သော သဘော ရှိသည်။ မဂ္ဂသစ္စာ၏ ကိစ္စ ၄ ချက်ကို ဟောသည်။ ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၈။ နိဗ္ဗာန် အကြောင်း အဂ္ဂိဝစ္ဆသုတ် ဒေသနာ

[ ၂၄-၄-၆၂ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

(အဂ္ဂိဝစ္ဆသုတ် ဒေသနာကို ရှေ့ပိုင်းမှာလည်း ရက်ဆက် ဟောခဲ့ဖူး ပြီးပြီ)

ဝစ္ဆပုဏ္ဏားက မြတ်စွာဘုရားအား နိဗ္ဗာန် အကြောင်းကို မေးသည်။ ထို အမေးကို အကြောင်းပြုပြီး ယနေ့ တရားတွင် နိဗ္ဗာန် အကြောင်းကို နာရမည်ဟု အစချီလျက် ဤတရားကို ဟောလေသည်။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံး၍ နေစဉ် ကာလက ဖြစ်သည်။ ဝစ္ဆ အမည်ရှိ ပုဏ္ဏား တစ်ယောက်က ကျောင်းကို လာပြီး အောက်ပါ မေးခွန်းများကို မေးလေသည်။

http://www.dhammadownload.com



၁။ ရုပ်နာမ် လောကကြီးသည် မြဲသလား။
–ဘုရားက ဤအယူကို ငါမယူဟု ဖြေသည်။
၂။ ရုပ်နာမ် လောကသည် မမြဲဘူးလား။
–ဘုရားက ဤအယူကို ငါမယူဟု ဖြေသည်။
၃။ ရုပ်နာမ် လောကသည် မြဲတစ်လှည့် မမြဲတစ်လှည့်လား။
–ဘုရားက ဤအယူ ငါမယူဟု ဖြေသည်။
၄။ ရုပ်နာမ် လောကသည် မမြဲသည် မဟုတ်၊ မြဲသယောင်လား။
–ဘုရားက ဤအယူကိုလည်း ငါမယူဟု ဖြေသည်။
၅။ သတ္တဝါ သေရင် ဖြစ်သေး သလား။
–ဘုရားက ဤအယူကို ငါမယူဟု ဖြေသည်။
၆။ သတ္တဝါ သေရင် မဖြစ်ဘူးလား။
–ဘုရားက ဤအယူလည်း ငါမယူဟု ဖြေသည်။
၇။ သတ္တဝါ သေရင် ဖြစ်ချည် တစ်လှည့်၊ မဖြစ်ချည် တစ်လှည့်လား။
– ဘုရားက ဤအယူလည်း ငါ မယူဟု ဖြေသည်။
၈။ သတ္တဝါ သေရင် မဖြစ် မဟုတ်၊ ဖြစ်သယောင်ယောင်လား။
–ဘုရားက ဤအယူ ငါမယူဟု ဖြေသည်။
၉။ အသက်နဲ့ ကိုယ်သည် အတူတူလား။
–ဘုရားက ဤအယူလည်း ငါမယူဟု ဖြေသည်။
၁၀။ အသက်နဲ့ ကိုယ်သည် တခြားစီလား။
–ဘုရားက ဤအယူလည်း ငါမယူဟု ဖြေသည်။

ပုစ္ဆာ ဆယ်ခု မေးသည်။ ဘုရားက ဤအယူ ငါမယူ။ ငါ့မှာ မရှိဟု ပယ်ချ လိုက်သည်။ ထိုအခါ ဝစ္ဆ ပုဏ္ဏားက မေးခွန်း ၁၀ ခုလုံး အရှင်ဘုရားက ဤအယူကို ငါမယူချည်း ဖြေပါသည်။ ဒါဆို အရှင်၏ အယူသည် ဘာလဲဟု မေးပြန်သည်။ ဘုရားက ဝစ္ဆ မေးသော အမေးများသည် ဒိဋ္ဌိ အယူတွေ ဖြစ်သည်။ ထိုအယူများကို ဘုရားက ပယ်ခဲ့ပြီးကြောင်း ဟောတော် မူသည်။ ဘုရားက မိမိ အယူမှာ ခန္ဓာ ငါးပါးသည် ဖြစ်ပြီး ပျက်တယ်ဟု ယူသော အယူ ဖြစ်ကြောင်း ဖြေလေသည်။ [*နာ–၂၂၆*] ဖြစ်ပျက် ရှုနေတာ ဘုရား၏ အယူ ဖြစ်သည်။ ထိုအခါ ပုဏ္ဏားက ဆက်မေးသည်။ အရှင်ဘုရား ဒီအယူကို ယူသဖြင့် ဘာ အကျိုး ကျေးဇူး ရှိသလဲ။

http://www.dhammadownload.com



ဤအယူကို ယူခြင်းဖြင့် သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ကို ရသည်။ ဒိဋ္ဌိ သေသော အကျိုးကျေးဇူး ရှိကြောင်း ဘုရားက ပြေသည်။ [နှာ-၂၂၉] တဏှာ၊ မာန၊ ဒိဋ္ဌိ (ပပဉ္စတရား) သေလျှင် သံသရာ စခန်း သတ်သည်။ ရုပ်နာမ်က ဖြစ်ပျက်၊ သိတာက မဂ် ဆိုတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ သေသည်။ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ မလာတော့ဘူး။ နောက်ဘဝ မပေါ်တော့ဘူး။ [နှာ-၂၃၀] ခန္ဓာ ဇာတ်သိမ်းသော အကျိုးကို ဖြစ်စေသည်။ [နှာ-၂၃၁] ဘုရား ယူသော အယူကို ယနေ့ သိရပြီ။ ခန္ဓာ ငါးပါး ဖြစ်ပျက်တာပဲ ရှိသည်ဟု ယူတာ ဘုရား အယူ ဖြစ်သည်။ ဖြစ်ပျက်ကို သိတာက မဂ်၊ မဂ်က တဏှာ မာန ဒိဋ္ဌိကို ဖြတ်ချလိုက်သည်။ ဒုက္ခ ကြောက်ရင် ခန္ဓာ မရှာနှင့်။ ဖြစ်ပျက် ရှုပါ။ ရှာမှီးခြင်း မလွဲစေနှင့်ဟု ဟောသည်။ [နှာ-၂၃၆] ဘုရား အယူသည် တဏှာ မာန ဒိဋ္ဌိ ချုပ်သော အယူ၊ ဒုက္ခ သိမ်းသော အယူ ဖြစ်သည်။ ဒုက္ခ သိမ်းလျှင် နိဗ္ဗာန် ရောက်သည်။ [နှာ-၂၃၇]

ထိုအခါ ပုဏ္ဏားက အရှင်ဘုရား၏ ခန္ဓာ ငါးပါးကို ဖြစ်ပျက် ရှုသော အယူကို ယူသဖြင့် တဏှာ၊မာန၊ ဒိဋ္ဌိကို ပယ်လိုက်ပြီး ဖြစ်ပါက ထိုအယူကို ယူသောသူ သေလျှင် ဘာသွားဖြစ်သလဲဟု ထပ်မေးပြန်သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်သောသူ ဘာသွားဖြစ်သလဲ ဤအမေးကို ဘုရားက မဖြေလိုဘူး။ ဖြစ်သေးလျှင် ဒုက္ခ လာဦးမည်။ ဖြစ်သေးသည် ဆိုလျှင် သဿတ ဒိဋ္ဌိ လာဦးမည် ဖြစ်၏။ [နှာ-၂၃၈] ဒါဖြင့် ဘယ်မှ မသွားတော့ဘူးလား၊ ဤသို့ မေးလျှင်လည်း ငါဘုရား မဖြေနိုင်။ မဖြေလိုဟု ဆိုလိုသည်။ ဒါဆို သွားတစ်လှည့်၊ မသွားတစ်လှည့်လား။ ဤသို့ မေးလျှင်လည်း ငါ ဒီအယူ မရှိဟုပင် ဘုရားက ဖြေရသည်။ သို့ဆိုလျှင် မသွားသည် မဟုတ်၊ သွားသယောင်ယောင်လား။ ဤအမေးလည်း ဒိဋ္ဌိ အမေး ဖြစ်၍ ဘုရားက မဖြေပါ။ [နှာ-၂၃၉] ထိုလေးချက် မဖြစ်ကြောင်း ဘုရားက ဖြေသည်။ ဒီလို မမေးနှင့်ဟု ဘုရားက ဆိုသည်။ ဘုရားက ဤသို့ ဆိုသောအခါ ပုဏ္ဏား ဉာဏ်မမီတော့ဘဲ စဉ်းစားရ ကျပ်နေလေသည်။ [နှာ-၂၄၀] တဏှာ မာန ချုပ်သော ပုဂ္ဂိုလ် ဘယ်မှ မရောက်ပါဘူး။ ဒုက္ခ ချုပ်ငြိမ်း သွားတာသာ ရှိသည်။ နိဗ္ဗာန်ကို မျက်မှောက် ပြုသွားခြင်းသာ ဖြစ်သည်။ ဤသို့ ပုဏ္ဏား ဉာဏ်မမီ ဖြစ်ခြင်းမှာ ပဋိစ္စ သမုပ္ပာဒ်ကို နားမလည်၍ ဖြစ်သည်။ ပဋိစ္စ သမုပ္ပာဒ်ကို သဘော မကျလျှင် နိဗ္ဗာန်ကို သဘော မကျနိုင်ဘူးဟု ဆိုသည်။ [နှာ-၂၄၂] ပဋိစ္စ သမုပ္ပာဒ်ကို နားမလည်လျှင် နိဗ္ဗာန်ကို သဘော မပေါက်နိုင်ကြောင်း ဟောသည်။ တဏှာ၊

http://www.dhammadownload.com



မာန၊ ဒိဋ္ဌိ ချုပ်သော ပုဂ္ဂိုလ်မှာ ဒုက္ခ ချုပ်ငြိမ်းသွားတာပဲ ရှိသည်။ ဘယ်မှ မသွားပါ။ တဏှာနှင့် ဒိဋ္ဌိ ချုပ်အောင် ဖြစ်ပျက်ကို ရှုမှဖြစ်သည်။ မလုပ်ဘဲ မရကြောင်း ဟောသည်။ ပဋိစ္စသမုပ္ပါဒ် နားလည်သော ဆရာကို မမှီဝဲဘဲနှင့် နိဗ္ဗာန်ကို နားမလည်နိုင်ကြောင်း ဟောရင်း အချိန်စေ့သဖြင့် တရား နားလိုက်သည်။

*

## ၉။ တဏှာ မာန ဒိဋ္ဌိ ချုပ်သော ပုဂ္ဂိုလ် ဘယ်သွားတုံး

[ ၂၅-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

(အဂ္ဂိ ဝစ္ဆ သုတ်ကို ဆက်၍ ဟောသော တရား ဖြစ်သည်။)

တဏှာ မာန ဒိဋ္ဌိ ချုပ်သော ပုဂ္ဂိုလ် ဘယ်သွားသလဲ ဆိုသော မေးခွန်းဖြင့်ပင် ဤတရားကို အစရှိပြီး ဟောကြားသည်။ အဂ္ဂိ ဝစ္ဆ ပုဏ္ဏားကို ဘုရားက ပဋိစ္စ သမုပ္ပါဒ် တရားကို နားလည်အောင် ဟောတတ်သော ဆရာကို ရှာဖို့ ပြောပုံကို ပြသည်။ နိဗ္ဗာန်ကို နားလည်ချင်လျှင် ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမည်။ [ နာ-၂၅၂ ] ပဋိစ္စ သမုပ္ပါဒ်ကို နားလည်မှ ဒုက္ခ ချုပ်သွားတာသည် နိဗ္ဗာန် ဖြစ်သည် ဆိုခြင်းကို နားလည် နိုင်ပုံကို ပြသည်။ နိဗ္ဗာန်၏ သဘောကို အဂ္ဂိဝစ္ဆ ပုဏ္ဏား နားလည် သဘောပေါက်အောင် ဘုရားက ဥပမာ ပြ၍ ဟောတော်မူသည်။ ရှေ့မှာ လောင်နေသော မီးပုံကို ဥပမာပေးပြီး ဟောသည်။ မီးမငြိမ်းဘဲ နေတာ ဘာကြောင့်လဲ။ လောင်စာ ရှိနေ၍ ဖြစ်၏။ ခန္ဓာ လောင်စာ ရှိနေလျှင် ကိလေသာ မီး ၁၁ မီး မငြိမ်းဘဲ လောင်နေမည် ဖြစ်၏။ [ နာ-၂၅၃ ] လောင်စာနှင့် မီး တွဲလျက်ကြီး ဖြစ်နေသည်။ ဝစ္ဆ ပုဏ္ဏားကို အရှေ့ဘက်မှာ လောင်နေသော မီးကို ပြသည်။

ဘာကြောင့် မီးလောင်နေသလဲ။ လောင်စာ ရှိ၍ မီးလောင်နေသည်။ ထင်းရှိနေသရွေ့ (လောင်စာ ရှိနေသရွေ့) မီးလောင်နေဦးမည် ဖြစ်သည်။ လူ့ဘဝ၊ နတ်ဘဝကို ဆုတောင်း မှားနေကြ သူတွေသည် မီးဆက်လောင် ခံချင်၍ ထင်းတောင်း နေကြသူတွေနှင့် တူသည်ဟု ဆိုသည်။ [ နာ-၂၅၇ ] ထိုသူများကား မိုက်မဲသူတွေ ဖြစ်၏။ ဆရာတော် ဘုရားကြီးက ဘဝ ဆုတောင်းခြင်းကို လွန်စွာ စက်ဆုပ်သည်။ ထင်းနှင့် မီး တွဲမိအောင် မလုပ်ကြဖို့ အကြိမ်ကြိမ် တားသည်။ ခန္ဓာကြီးက ဒုက္ခ သစ္စာ ထင်း၊ နောက်ဘဝ နောက်ခန္ဓာ တောင်းတာက ကိလေသာ (တဏှာ)။ မီးဘယ်တော့မှ မငြိမ်းတော့ပါ။ ခုဘဝမှာပင် မီးငြိမ်းအောင် မလုပ်နိုင်သေးဘဲ နောက်ဘဝ ထင်းသစ် ရှာထားတာဖြင့် မီးကို ပူဇော်သူတွေနှင့် တူသည် ဟုလည်း ထောက်ပြသည်။ [ နာ-၂၆၀ ]

http://www.dhammadownload.com



နိဗ္ဗာန်ဆိုတာ လောင်စာ သိမ်း၍ မီးငြိမ်းတာဟု မှတ်ပါ ဆိုသည်။ သစ္စာကို မသိတဲ့ သူများ လောင်စာ ရှာလို့ ရှာ၊ မီးတိုးအောင် လုပ်သူ လုပ် ဖြစ်နေကြသည်။ မသိ ဆိုးဝါး ဖြစ်နေသည်။ မသိတာက အဝိဇ္ဇာ၊ ဆိုးရွားတာက ဒုက္ခ သစ္စာ ရှာတာ ဖြစ်ကြောင်းလည်း ရှင်းပြ ထားသည်။ [နှာ-၂၆၁] ခန္ဓာ ဝဂ္ဂ သံယုတ်ကို ကိုးကားသည်။ မသိတဲ့ အချိန်မှာ ဇာတိ၊ ဇရာ၊ မရဏာမီး လောင်သည်။ သိတဲ့ အချိန်မှာ လောဘ၊ ဒေါသ၊ သောက၊ ပရိဒေဝမီး လောင်သည်။ [နှာ-၂၆၆] ခန္ဓာမှာ ကိလေသာမီး အချိန်တိုင်းမှာ လောင်နေသည်။ ဒီ ကိလေသာ မီးတွေကို သိမ်းနိုင်မှ နိဗ္ဗာန် လာမည်။ [နှာ-၂၆၉] မဂ်စစ် ရသော ပုဂ္ဂိုလ်မှာ ရှုရင်း မဗ္ဗာ ကိလေသာသိမ်း၊ ခန္ဓာငြိမ်း ဖြစ်သွားသည်။ ခန္ဓာ လောင်စာ သိမ်း၍ မီးငြိမ်း သွားသည်။ ဘယ်ရောက် သွားသလဲဆို ဘယ်မှ မရောက်ဘူးဟု ဖြေရမည်။ [နှာ-၂၇၃] နိဗ္ဗာန် သည် အဝေးကြီးလား၊ အနီးကလေးလား ဆိုတော့ 'နိဗ္ဗာနသေဝ သန္တိကေ'ဟု သံယုတ် ပါဠိတော်မှာ ဟောသည်။ နိဗ္ဗာန်သည် ခရီး မဝေး၊ အနီးကလေးဟု ဟောသည်။ အရှုခံ ခန္ဓာ ပျောက်ပြီး ကိလေသာ ငြိမ်းသွားလျှင် ဉာဏ်ထဲမှာ ငြိမ်းချမ်းပြီး ကျန်နေမည်။ ထိုငြိမ်းချမ်းခြင်း သဘောသည် နိဗ္ဗာန်ပဲဟု ဆိုသည်။ [နှာ-၂၇၄] ရှေ့မှာ လောင်နေသောမီး ငြိမ်းသွားလျှင် မီးဘယ်ရောက် သွားသလဲ မမေးနှင့်။ ငြိမ်းသွားသည်။ ဘာကြောင့် ငြိမ်းသွားသလဲ။ လောင်စာ မရှိ၍ ဖြစ်သည်။ [နှာ-၂၇၅]

နိဗ္ဗာန် ဆိုတာ ဒီနေရာမှာ ခန္ဓာ သိမ်းပြီး ဒီနေရာမှာ ကိလေသာမီး ငြိမ်းသွားတာပဲဟု ဆိုသည်။ နိဗ္ဗာန် ကတော့ အနီးကလေးပဲ။ မသွားတတ်လို့ မရောက်တာ ဟုလည်း မိန့်ကြား ထားသည်။ ဖြစ်ပျက် ရှုတဲ့ မဂ္ဂင်နှင့်သာ ဆက်ရှုပါ။ မီးတွေ၊ လောင်စာတွေကို မြင်ပြီး ဒုက္ခသစ္စာမှန်း သိတော့ မလိုချင်သော မဂ္ဂင် ရစ်ပါး လာသည်။ ထိုအခါ ခန္ဓာရောသိမ်း၊ မီးရောငြိမ်းသည်။ ထိုသဘောသည် နိဗ္ဗာန်ပဲဟု ဆိုသည်။ [နှာ-၂၇၆] နိဗ္ဗာန်ကို သိအောင် ဟောဖို့ ခက်သည်။ မီးနှင့် လောင်စာ တွဲနေတာကို မသိလျှင် နိဗ္ဗာန်ကို မသိနိုင်ပါ။ အလုပ် မလုပ်ဘဲနှင့် လောင်စာနှင့် မီး တွဲလျက်ကြီး ဖြစ်နေသည့် သဘောကို မမြင်နိုင်ပါ။ ဖြစ်ပျက်က ခန္ဓာ။ ထိုခန္ဓာက ထင်းနှင့် တူသည်။ လောင်စာ ဖြစ်သည်။ ဖြစ်ပျက်တွေ ချုပ်သွားတော့ ခန္ဓာ ချုပ်ဆုံး သွားသည်။ ဖြစ်ပျက် ဆုံး နိဗ္ဗာန် ဖြစ်သည်။ [နှာ-၂၇၇] ဖြစ်ပျက် ရှုရင်းပဲ လိုက်သွား။ လိုက်ရင်း ဖြစ်ပျက်ကို မုန်းလာ လိမ့်မည်။ မလိုချင်တာ လာလျှင် ထင်းကုန်သည်။ လောင်စာ ကုန်သည်။ ထင်းကုန်လျှင် ကိလေသာမီး ငြိမ်းသည်။

http://www.dhammadownload.com



မိုးဘယ်ရောက် သွားသလဲ ဆိုလျှင် ဘယ်မှ မသွားပါ။ လောင်စာ သိမ်း၍ မီးငြိမ်း သွားခြင်း ဖြစ်သည်။ နိဗ္ဗာန်၏ သဘောကို အဂ္ဂိဝစ္ဆ ပုဏ္ဏား နားလည်အောင် ဟောခြင်း ဖြစ်၏။

နိဗ္ဗာန်သည် နေရာ ဌာန မဟုတ်ကြောင်း။ ငြိမ်းအေးခြင်း သဘောမျှသာ ဖြစ်ကြောင်း ရှင်းထားသည်။ အပ္ပဓာတ် သိမ်းတာ နိဗ္ဗာန်ဟု ဆိုသည်။ [နှာ-၂၇၉] တဏှာ မာန ဒိဋ္ဌိ သိမ်းသော ပုဂ္ဂိုလ် ဘယ်သွားသလဲဟု မေးစရာ မလိုတော့ကြောင်း ပုဏ္ဏား နားလည် သွားသည်။ ထိုအခါ ပုဏ္ဏားက ဘုရား ဟောသော တရားသည် အနှစ်ချည်း ဖြစ်ပုံကို အင်ကြင်းပင် လဲပြီး အနှစ်က ကျောက်ဖြစ်သွားသော ဥပမာဖြင့် ပုံနိုင်းပြီး နားလည် သွားသည်။ အဂ္ဂိ ဝစ္ဆ ပုဏ္ဏား နိဗ္ဗာန်၏ သဘောကို နားလည် သွားပုံကို ဟောရင်း အချိန် စေ့၍ တရား နားလိုက်သည်။

*

## ၁၀။ ကံကို အတ္တ စွဲလမ်း ထားကြပုံ

[ ၂၆-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောကြားသော တရား ]

မြတ်စွာဘုရား ဇေတဝန် ကျောင်းမှာ သီတင်းသုံး နေတော်မူစဉ် ရဟန်း ငါးရာကို ဦးဆောင်လာသူ ရဟန်းတစ်ပါးက ပုစ္ဆာ မေးသည်။ သူက ဥပါဒါနက္ခန္ဓာ ဆိုတာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ မဟုတ်ဘူးလားဟု မေးသည်။ ဘုရားက ဟုတ်တာပေါ့ဟု ဖြေသည်။ ဤသို့ အစချီပြီး ဤတရားကို ဟောသည်။ ထိုအခါ ရဟန်းက ခန္ဓာ ငါးပါး ဘယ်သူ့ကြောင့် ဖြစ်ပါသလဲဟု မေးပြန်သည်။ ဘုရားက တဏှာ ဆန္ဒကြောင့် ဖြစ်ကြောင်း ဖြေသည်။ [နှာ-၂၈၅] ထိုအခါ ရဟန်းက နောက်ထပ် မေးခွန်း မေးသည်။ ဒါဖြင့် ဥပါဒါ နက္ခန္ဓာဟု ဆိုရာ၌ ခန္ဓာနှင့် ဥပါဒါန် အတူတူပဲလား ဘုရားဟု မေးသည်။ [နှာ-၂၈၅] ဘုရားက မတူဘူး။ ခန္ဓာက တခြား ဥပါဒါန်က တခြားပဲဟု ဖြေသည်။ ဥပါဒါ နက္ခန္ဓာဟု ဆိုရခြင်းမှာ ခန္ဓာကို စွဲလမ်း နေခြင်းကြောင့် ဖြစ်သည်။ မစွဲလမ်း လျှင် ခန္ဓာပဲ ခေါ်ရသည်။ စွဲလမ်းလျှင် ဥပါဒါနက္ခန္ဓာ ခေါ်ရသည်။ [နှာ-၂၈၆]

ထို့နောက် ပုထုဇဉ် ခန္ဓာ အပေါ် စွဲလမ်းချက် သန်နေပုံကို ဟောသည်။ ဥပါဒါနက္ခန္ဓာ သဘောကို နားလည်ပါပြီ။ သို့သော် လူခန္ဓာ၊ နတ်ခန္ဓာ၊ တိရစ္ဆာန် ခန္ဓာ အမျိုးမျိုး ပြားနေတာက ဘာကြောင့်လဲဟု ရဟန်းက မေးပြန်သည်။ ခန္ဓာကတော့

http://www.dhammadownload.com



ငါးပါးပဲ။ သို့သော် ပုံသဏ္ဍာန်ချင်း ကျတော့ မတူဘူး။ ခန္ဓာ အမျိုးမျိုး ပြားတာက ကိုယ့်အလို အတိုင်း ဖြစ်ကြရတာ ဘယ်သူ ဖန်ဆင်းတာမှ မဟုတ်ဘူးဟု ဖြေသည်။ [နှာ–၂၈၈] ထိုအခါ ရဟန်းက တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်အောင် ဘယ်လို လုပ်မလဲဟု မေးသည်။ [နှာ–၂၈၉] ဘုရားက ခန္ဓာကို ဉာဏ်စိုက်ပြီး ရှုပါ။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဘူးဟု ရှုပါ ဆိုသည်။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဘူး ဆိုတော့ အကုန် အနတ္တ ဖြစ်သွားသည်။ ဒါ ရှုနည်းပဲဟုလည်း ဆိုထားသည်။ [နှာ–၂၉၀] ဝေဒနာ ပေါ်လျှင်လည်း ငါ့ကိုယ်လည်း မဟုတ်၊ ငါ့ဟာလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ဘူးဟု ရှုရမည်။ ထိုသို့ ရှုလျှင် ငါ့ကိုယ် မဟုတ်သောကြောင့် တဏှာ သေသည်။ ငါ့ဟာလည်း မဟုတ်ဘူး ဆိုသောကြောင့် မာန သေသည်။ ငါ့ဥစ္စာ မဟုတ် ဆိုသောကြောင့် ဒိဋ္ဌိ သေသည်။ [နှာ–၂၉၁]

ထိုသို့ ရှုခြင်းဖြင့် တဏှာ မာန ဒိဋ္ဌိ သေသည်။ ထိုအခါ ရဟန်းတစ်ပါးက ခန္ဓာ တစ်ခုလုံးမှာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ရင် ဘာအားကိုးရမလဲဟု စဉ်းစား လာသည်။ [နှာ–၂၉၂] ဘုရားက သိသည်။ ရဟန်းတွေထဲမှာ အဝိဇ္ဇာ များပြီး ဉာဏ်နုံ့သော ရဟန်းတွေ ဖောက်နေပြီကို သိတော်မူလိုက်သည်။ ထိုအခါ ဘုရားက ခန္ဓာ ငါးပါး အနတ္တမို့ အားမကိုးကောင်းဘူးဟု ဟောတော်မူသည်။ ထိုရဟန်းက ဒါဆို ကံပဲ အားကိုးစရာ ရှိတော့သည်ဟု အားကိုးရာ ရှာပြန်သည်။ [နှာ–၂၉၃] ကံကို သူက အတ္တစွဲ ယူလိုက်ပြန်သည်။ ဗုဒ္ဓဘာသာဝင် အများစုမှာလည်း ကံကို အားကိုးသော အစွဲအလမ်း ရှိကြောင်း ဟောသည်။ ကံက မပျက်ဘူး၊ ကံက မြဲသည်ဟု ယူခြင်း ဖြစ်သည်။ ဤကား ကမ္မဝါဒီ ဒိဋ္ဌိ ဖြစ်၏။ [နှာ–၂၉၆] သံယုတ် ပါဠိတော်ကို ကိုးကားပြီး ဟောခြင်း ဖြစ်၏။ အမှန်မှာ ကံလည်း အနိစ္စ၊ ဒုက္ခ အနတ္တပင် ဖြစ်၏။ စေတနာက ခုဖြစ်ပြီး ခုပျက်တာပဲ။ စေတနာသည် ကံပဲ။ တချို့က ကံကိုသာ အမိ၊ ကံသာ အဖ ဆိုပြီး အားကိုးကြီး လုပ်ကြပြန်သည်။ [နှာ–၂၉၇]

ယနေ့ည တရားပွဲမှာ ကမ္မဝါဒီ ဒိဋ္ဌိကို ရှင်းမည်ဟု မိန့်ကြားသည်။ [နှာ–၂၉၈] ကံကို မြဲသည်၊ ခိုင်သည် ဆိုသော ကံအတ္တ ဖြစ်သွားသည်။ အမှန်မှာ ကံလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ ဖြစ်သည်။ 'သဗ္ဗေဓမ္မာ အနတ္တာ'ဟု ဘုရားက ဟောသည်။ ဓမ္မထဲမှာ ကံလည်း ပါသည်။ ကံကို နတ်ထား၍ မရပါ။ ကံလည်း အနတ္တပင် ဖြစ်ကြောင်း ဆိုသည်။ [နှာ–၃၀၃] ဘုရားက ပညာ မရှိသော ပုဂ္ဂိုလ်ကံကို အားကိုးကြောင်း ဟောသည်။ အဝိဇ္ဇာကြောင့် ဖြစ်သော တဏှာအား ကြီးပြီး

http://www.dhammadownload.com



ကံကို အားကိုးသည်။ 'သတ္တသာသနံ အတိဝါ ဝိတဗ္ဗ မသော' ငါဘုရား၏ အဲဆုံးအမကို ကျော်လွန် သွားပြီဟု မိန့်ထားသည်။ အနတ္တကို အတ္တ လုပ်တာ အလွဲကြီးလွဲချော်ခြင်း ဖြစ်၏။ မိုးကုတ်သားများ ကံကို အတ္တစွဲပြီး ကံကျောက်ကို မျှော်ကြပုံကိုလည်း ထည့်ဟောသည်။ [နှာ-၁၀၄] ကံလည်း အနတ္တ ဖြစ်ကြောင်း ဟောသည်။ ကံနှင့် ပတ်သက်ပြီး ဘုရားက ဆောင်၍ ဟောသည်လည်း ရှိသည်။ တိုက်ရိုက်ဟောသည်လည်း ရှိပုံကို ပြသည်။ [နှာ-၁၀၆] ဆောင်၍ ဟောသော နေယျတ္ထဒေသနာကို တိုက်ရိုက် ဟောသော နီတတ္ထ ဒေသနာ အဖြစ် မယူရဟု မိန့်ကြားသည်။ [နှာ-၁၀၇]

ထို့နောက် ကံကို အားကိုးစရာဟု ယူသော ရဟန်း အကြောင်းကို ပြန်ဟောသည်။ ကံအကျိုးကို ယုံကြည်သော ဉာဏ်က ဒိဋ္ဌိ မပြုတ်ဘူး။ [နှာ-၁၀၉] ဒိဋ္ဌိမပြုတ်လျှင် နိဗ္ဗာန် မရဘူး၊ သောတာပန် မဖြစ်ဘူးဟု ဟောသည်။ ထို့နောက် ကံအကျိုးပေးပုံကို ဟောသည်။ ကံပြုပြီးလျှင် ကံပြုသော ရုပ်နာမ် ချုပ်သည်။ ဟိုဘက် ဘဝမှာ ကံသတ္တိကြောင့် နောက် ရုပ်နာမ် အလားတူ ပေါ်သည်။ ဒီဘက်က ရုပ်နာမ်က ဟိုဘက်ကို အထည်အားဖြင့် မလိုက်ပုံကို ရှင်းထားသည်။ [နှာ-၁၁၃] ထို့နောက် ကံကို စွဲ၍ ဖြစ်တတ်သော သဿတ ဒိဋ္ဌိ၊ ဉစ္ဆေဒ ဒိဋ္ဌိကို ရှင်းပြသည်။ ထို့နောက် ဘုရားက ကံကို အတ္တစွဲသော ရဟန်းအား ဒိဋ္ဌိပြုတ်တရားကို ဟောသည်။ [နှာ-၁၁၄] ဤကံကို အနတ္တ ဖြစ်ကြောင်းပြသော တရားကို နာရပြီးနောက် ရဟန်းငါးရာ ရဟန္တာ ဖြစ်သွားကြကြောင်း ဟောသည်။ [နှာ-၁၁၅] နိဗ္ဗာန် မရသေးလျှင် ဒီဘက်က ကံပြုသော ရုပ်နာမ် ချုပ်ပြီး ဟိုဘက်မှာ အလားတူ ရုပ်နာမ် ပေါ်ပုံကို ရှင်းသည်။ အလားတူ ပေါ်တာပဲ ရှိသည်။ ယခု ကံပြုသော ရုပ်နာမ်က ဤတွင် ကံပြုပြီးပါက ချုပ်သွားသည်။ ယခုဘဝ ရုပ်နာမ်က နောက်ဘဝကို အထည်အားဖြင့် မလိုက်ပါ။ နောက်ဘဝမှာ ကံသတ္တိကြောင့် အလားတူ ရုပ်နာမ်အသစ် ပေါ်ခြင်းဖြစ်သည်။ အကြောင်းအကျိုး မပြတ်ဘဲ ဆက်သည်။ အထည်တော့ မလိုက်ပုံကို ဟောရင်း အချိန်စေ့၍ တရား ရပ်နားသည်။

*

## ၁၁။ ချွတ်ယွင်းချက် သုံးမျိုး ဖြစ်လျှင် တရားထူး မရနိုင်ပုံ

[ ၂၇-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

တရားအားထုတ်ကြရာမှာ နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက် မပြုနိုင်ကြတာ ဘာကြောင့်လဲ ဆိုလျှင် ချွတ်ယွင်းချက် သုံးခု ရှိလို့ ဖြစ်သည်ဟု အစချီ၍ ဤတရား

http://www.dhammadownload.com



ကို ဟောကြားသည်။ ချွတ်ယွင်းချက် သုံးခု ဆိုရာတွင်– (၁) ပထမ ချွတ်ယွင်းချက် သည် တရားကို သစ္စာ ဆိုက်အောင်၊ အဆုံးကျအောင် မနာ၍၊ အဆုံးကျအောင် မရှုနိုင်၍ ဖြစ်သည်။ တရားကို သစ္စာ ဆိုက်အောင် နှလုံး မသွင်းဘူး။ ထိုသို့ အဆုံးကျအောင် နှလုံး မသွင်းလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရပါ။ [နှာ–၃၁၈] (၂) ဒုတိယ ချွတ်ယွင်းချက်မှာ တရား အားထုတ်ရင်း မကောင်းသော စိတ်တွေ ဝင်ပြီး ကိလေသာ ကြားခိုခြင်းကြောင့် ဖြစ်သည်။ လိုချင် တပ်မက်သော စိတ်တွေ၊ ပါပ မိတ္တတွေဟု ဆိုသည်။ မပေါင်းသင့်သော တရားများနှင့် ပေါင်းသင်း မိလျှင်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရနိုင်ဟု ဆိုသည်။ [နှာ–၃၁၉] (၃) တတိယ အချက်မှာ တရားဟောသော ဆရာ၊ တရား ပြသော ကမ္မဋ္ဌာန စရိယ၏ ညံ့ဖျင်းမှု ဖြစ်သည်။ နည်းပေး လမ်းပြပြုသူ ဆရာ၏ ချွတ်ယွင်းချက် ညံ့ဖျင်းမှုကြောင့်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရဖို့ ခက်သည်။ ချွတ်ယွင်းချက် သုံးချက် ဆိုရာတွင် ယောဂီဘက်က နှစ်ချက်၊ ဆရာဘက်က တစ်ချက် ဖြစ်သည်။ [နှာ–၃၂၀]

ဤတွင် မိုးကုတ် ဆရာတော်ကြီးက ၃ နံပါတ် ဆရာ၏ ညံ့ဖျင်းမှုကို အဓိက ထားပြီး ဟောသည်။ အရှင်သာရိ ပုတ္တရာက ဓနဉ္စာနိ ပုဏ္ဏားကြီးကို တရားပြ မှားပုံကို ဝတ္ထုကြောင်း ထုတ်ပြ ထားသည်။ ဓနဉ္စာနိ ပုဏ္ဏားကြီး နာမကျန်း ဖြစ်ပြီး သေခါနီးတွင် အရှင်သာရိပုတ္တရာက တရား သွားပြသည်။ တရား ပြရာတွင် ဝိပဿနာ တရားကို မပေးဘဲ ဗြဟ္မာပြည် ရောက်ကြောင်း မေတ္တာ ဘာဝနာ အလုပ်ကို ပေးခဲ့လေသည်။ ဓနဉ္စာနိ ပုဏ္ဏားကြီး သေတော့ ဗြဟ္မာပြည် ရောက်သွား သည်။ ဘုရားက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရမည့်သူကို အရှင်သာရိပုတ္တရာ တရားပြ မှား၍၊ ညံ့၍ ဗြဟ္မာပြည် ရောက်ရသည်ဟု အပြစ်တင်ကြောင်း ဖော်ပြ ထားသည်။ [နှာ–၃၃၇] နိဗ္ဗာန်ရောက်ကြောင်း တရားတွေ ရှိပါလျက် ဗြဟ္မာပြည် ရောက်ကြောင်း တရားကို ဟောရကောင်းလားဟု ဘုရားက အပြစ် တင်သည်။ အရှင်သာရိပုတ္တရာ ဟောသော တရားက သစ္စာ မပါဘဲ မေတ္တာကိုသာ အပိုခိုင်းသော တရား ဖြစ်နေ သည်။ မိုးကုတ် ဆရာတော်ကြီးက တရား အားထုတ်သူမှာ အထိ သုံးပါး ညီညွတ်ဖို့ လိုသည်ဟု ဆိုသည်။ [နှာ–၃၃၉] ဘုရားက အပြစ်တင်မှ အရှင်သာရိပုတ္တရာက ဝန်ခံပြီး ဓနဉ္စာနိပုဏ္ဏားကြီးကို ဗြဟ္မာပြည် တက်ပြီး သစ္စာ တရားကို လိုက်ဟော ရသည်ဟု ဆိုသည်။ [နှာ–၃၄၂]

ပြီးမှ မြင်စိတ်က ဒုက္ခသစ္စာ၊ ရှု၍ ဖြစ်ပျက် မြင်တာက မဂ္ဂသစ္စာ ဖြစ်ပုံကို ပြသည်။ မြင်စိတ် (---)နောက်က မဂ္ဂသစ္စာ ဆိုတော့ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊

http://www.dhammadownload.com



ကံ မလာတော့ပါ။ မလာသဖြင့် သမုဒယ သစ္စာ ကိလေသာဝဋ်၊ ကမ္မဝဋ် ပြတ်သည်။ ဝိပါကဝဋ်ပါ ပြတ်သွားသည်။ [နာ-၃၄၃] ဝိပဿနာ ရှုသော အလုပ်သည် ဝဋ်သုံးပါးကို ဖြတ်သော အလုပ် ဖြစ်သည် ဆို၏။ [နာ-၃၄၄] ဝဋ်သုံးပါးက ကျွတ်လျှင် နိရောဓသစ္စာ ဖြစ်သည်။ သမုဒယနှင့် ဒုက္ခ ချုပ်တာ နိရောဓ သစ္စာပဲဟု ဟောသည်။ [နာ-၃၄၅] သမုဒယနှင့် ဒုက္ခ ချုပ်လျှင် ချက်ချင်း နိရောဓ အကျိုး ပေါ်ပါသည်။ [နာ-၃၄၆] အရှင်သာရိပုတ္တရာ ဗြဟ္မာပြည် သွားပြီး ဓနဉ္ဇာနိ ပုဏ္ဏားကြီးကို စိတ္တာနုပဿနာ ရှုနည်းကို သင်ပေးသည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယ သစ္စာ၊ ဝိပါကဝဋ် ကျွတ်တာက နိရောဓ သစ္စာ သစ္စာလေးချက် တစ်ပြိုင်နက် ဖြစ်ပုံကို ဟောလေသည်။ ဖြစ်ပျက် ရှုလျှင် ဒီနေရာတွင် ချက်ချင်း နိဗ္ဗာန် ပေါ်လာသည်။ အဆုံး နိဗ္ဗာန်ကို မြင်လျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြတ်သွားသည်။ အပါယ် လေးပါးက လွတ်မြောက် သွားသည်။ [နာ-၃၄၇] အရှင်သာရိပုတ္တရာ သစ္စာကို ဟောလိုက်သောအခါ ဓနဉ္ဇာနိ ပုဏ္ဏား ဗြဟ္မာကြီး သောတာပန် တည်ပြီး သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သွားသည်။ [နာ-၃၄၈] တရား အဆုံး မလိုက်လျှင် နိဗ္ဗာန် မရပါ။ ဖြစ်ပျက် မုန်းတာတောင် ဖြစ်ပျက် အဆုံး မလိုက်လျှင် နိဗ္ဗာန် မရကြောင်း ထပ်ဟောသည်။ [နာ-၃၅၀] တရား မရနိုင်သော ချွတ်ယွင်းချက် သုံးမျိုး အကြောင်း ထပ်မံ၍ ပြန်ဟောသည်။ ဓနဉ္ဇာနိ ပုဏ္ဏားကြီးကို သစ္စာ သွားဟောမှ ကိစ္စ ပြီးသွားကြောင်း ပြန်ဟောရင်း အချိန်စေ့၍ တရား နားလိုက်ပါသည်။

*

## ၁၂။ ငရဲမီး ငြိမ်းသတ်နည်း

[ ၂၇-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဘုရား ဟောသည့် တရားအပေါ် ယုံကြည်သော သဒ္ဓါ ပြင်းထန်စွာဖြင့် လုပ်ဟု အစချီပြီး ဤတရားကို ဟောသည်။ ခန္ဓာကို ရှုသည့်နေရာ ပညာထည့်ဟုလည်း ဆိုသည်။ ဖြစ်ပျက် ရှိတဲ့နေရာကို သဒ္ဓါနှင့် ပညာ ညီအောင် တွဲလွှတ်ပါဟု ဆိုပြီး သတိက ဘယ်တော့မှ ဟာမသွားစေနှင့် ဟုလည်း တိုက်တွန်းသည်။ သဒ္ဓါက ဘုရားဟောတာ ဟုတ်ပါကလား၊ ပညာက ဖြစ်ပြီး ပျက်တာ အမှန်ပဲဟု နားလည်ပေးရမည်။ သဒ္ဓါက ယုံကြည်၊ ပညာက ရှုဟု နည်းပေးသည်။ ထို့နောက် ဝီရိယနှင့် သမာဓိကိုလည်း ညီအောင် လုပ်ပါဟု ညွှန်ပြသည်။ ဝီရိယလည်း မလွန်စေနှင့်။ လွန်လျှင် ဥဒ္ဓစ္စ ဖြစ်တတ်သည်။ သမာဓိ လွန်ပြန်ပါကလည်း ငိုက်မျဉ်းခြင်း

http://www.dhammadownload.com



ထိုနည်း ဖြစ်သည်။ [နှာ-၃၅၃] ဒါ ဣန္ဒြေညှိတာဟု ဟောသည်။ [နှာ-၃၅၄] ဣန္ဒြေငါးပါး ညီညွတ်စေရမည်။ ယမန်နေ့က တရားမှာ မေးခွန်း မေးသော ရဟန်းက ခန္ဓာဆိုတာ ဘာလဲဟု ဘုရားကို ထပ်မေးသည်။ ခန္ဓာဆိုတာ အစုကြီးပဲ။ ရုပ်အစုကို ရူပက္ခန္ဓာ၊ ရုပ်အစုထဲမှာ အဋ္ဌ ကလာပ်ရုပ်တွေ စုနေသည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဝေဒနာ အစုက ဝေဒနာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာဟု ဆိုသဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဝေဒနာ အားလုံး ပါဝင်သည်။ သညာလည်း ထို့အတူပဲ သညာက္ခန္ဓာ ဖြစ်သည်။ ဝိညာဏက္ခန္ဓာ ဆိုတာက စိတ်၊ စိတ် ဟူသရွေ့ဟာ ခန္ဓာချည်းပဲ။ အစုသဘောကို ခန္ဓာ ခေါ်ရကြောင်း ရှင်းပြီး နောက် ရဟန်းက သက္ကာယ ဒိဋ္ဌိ ဆိုတာ ဘာလဲဟု ထပ်မေးပြန်သည်။

ယခု ရှိနေသော ခန္ဓာကြီးကို သက္ကာယ ခေါ်သည်။ ထိုခန္ဓာကြီးကို ငါ့ကိုယ်၊ ငါ့ဟာလို့ မှားယွင်းစွာ မြင်သော အမြင်ကို ဒိဋ္ဌိဟု ခေါ်သည်။ ခန္ဓာငါးပါး အပေါ် ငါ့ကိုယ်၊ ငါ့ဟာဟု အမြင် မှားတာသည် သက္ကာယ ဒိဋ္ဌိ ဖြစ်ကြောင်း ရှင်းပြသည်။ (ဤတရားမျိုး အကြိမ်ကြိမ် ဟောခဲ့ပြီးပြီ) ခန္ဓာနှင့် ဒိဋ္ဌိနှင့် ရောသွားသည်။ ငါ မြင် တယ်ဆိုတော့ မြင်စိတ်ထဲ ငါပါသွားသည်။ သက္ကာယ ဒိဋ္ဌိ ဘယ်သူ့မှာ ဖြစ်သလဲ၊ အရိယာ ပုဂ္ဂိုလ်ကို မဖူးတွေ့ရသူ၊ 'အရိယာနံ အဒဿာဝီ' ပုဂ္ဂိုလ်မှာ ဖြစ်သည်။ [နှာ-၃၅၈] သူတော်ကောင်း တရားကို မသိသော ပုဂ္ဂိုလ်မှာ ဖြစ်သည်။ ဒိဋ္ဌိ ရှိနေရင် ဘယ်တော့မှ နိဗ္ဗာန် မရဘူးဟု မှတ်ရမည်။ ဒိဋ္ဌိက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရဖို့ တားမြစ်သည်။ ရှုတဲ့အခါ မရောစေနှင့်ဟု ဆုံးမသည်။ မြင်တာ မြင်စိတ်က မြင်တာ၊ ကြားတာ ကြားစိတ်က ကြားတာ၊ ငါမြင်တာ မဟုတ်၊ ငါကြားတာ မဟုတ်၊ မြင်တာ၊ ကြားတာ၊ စားတာ၊ နံတာ၊ ယားတာ၊ စိတ်ဖြစ်တာ ငါနဲ့ဘာမှ မဆိုင်ဘူး။ ဒီ အထဲမှာ ငါမပါဘူး။ ငါမရှုပ်နှင့်။

ဤသို့ သိလျှင် သူတော်ကောင်း တရား နာပြီးသော ပုဂ္ဂိုလ် ဖြစ်ပြီ။ [နှာ-၃၆၀] အပြောက ကိစ္စ မရှိဘူး။ အထင် မရောက်စေနှင့်ဟု ဟောသည်။ နာမ်က အခိုင်းသမား၊ ရုပ်က အလုပ်သမား၊ တစ်ကိုယ်လုံးမှာ နာမ် ရုပ်ပဲ ရှိသည်။ [နှာ-၃၆၁] ဒါက သက္ကာယ ဒိဋ္ဌိကို သိပြီး၊ နားလည်ပြီး ဖြုတ်တာ ဖြစ်သည်။ ရှုပွားပြီး ပြုတ်မှ ကောင်းသည်ဟု ဆိုသည်။ [နှာ-၃၆၂] ရှုပွားဆဲမှာ စိတ် တစ်ခု ပေါ်နေပြီး ရှုရင်း မတွေ့ ပျက်သွားသည်။ ငါ မဟုတ်၊ ငါ့ဥစ္စာ မဟုတ်၍ ကိုယ့်ရှေ့မှာ ပေါ်၊ ကိုယ့်ရှေ့မှာ ပျက်သွားသည်။ ပွားသော အားဖြင့် ဒိဋ္ဌိ ဖြုတ်ခြင်း ဖြစ်သည်။ အသိပြုတ် မပါဘဲနှင့် အပွားပြုတ် မဖြစ်နိုင်ကြောင်း ဟောသည်။

http://www.dhammadownload.com



ဒါကြောင့် အသိဖြင့် ပြုတ်မှုကို ရှေ့ထားပါဟု ဆိုသည်။ ဉာတပရိညာ ဖြစ်သည်။ [နှာ–၃၆၆] အပါယ် လေးပါးကို ပို့သော ဒိဋ္ဌိ ပြုတ်လျှင် အပါယ်တံခါး ပိတ်ကြောင်း ဟောသည်။ ဒါဆို ဤပွားမှုကို မသေမချင်း ပွားရမှာလားဟု မေးနိုင်သည်။ မသေမချင်း ပွားရန် မလိုပါ။ ပထမဦးစွာ ဖြစ်ပျက် နေတာတွေဟာ ဒုက္ခ သစ္စာတွေပဲဟု ရှုရမည်။ ဒုက္ခသစ္စာကို ရှုရင်းမဂ္ဂ ဉာဏ်ထဲမှာ ဖြစ်ပျက် ဒုက္ခ သစ္စာတွေ ပျောက်သွား လိမ့်မည်။ ခန္ဓာထဲမှာ ဖြစ်ပျက်ကို ရှာမတွေ့ဘူး။ မတွေ့လျှင် ဒုက္ခ သိမ်းသွားပြီ။ ဒါကို သိနေတာက မဂ်ဉာဏ် ဖြစ်သည်။ ဝမ်းထဲမှာ ဒုက္ခ သိမ်းလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပဲ ကျန်တော့သည်။ သောတာပန် တည်ပြီ။ [နှာ–၃၆၉]

သောတာပန် တည်လျှင် ဒိဋ္ဌိ ခွာသော အလုပ်ကို လုပ်စရာ မလိုတော့ပါ။ ဒိဋ္ဌိ ပယ်ပြီးပြီး အပါယ် စိတ်ချရပြီ။ ဒါကြောင့် ဖြစ်ပျက် ဆုံးအောင် လိုက်ရမည်။ ဖြစ်ပျက် ဒုက္ခကို ရှုရင်း ဖျတ်ခနဲ ချုပ်သွားလိမ့်မည်။ ဤကား ရှုနည်း ပေးနေခြင်း ဖြစ်သည်၊ [နှာ–၃၆၉] ဒုက္ခတွေ ပျောက်သွားတာဟာ နိဗ္ဗာန်ပဲ။ ဒုက္ခတွေ ပျောက်သွားပြီ။ ငြိမ်းသွားပြီဟု အသိခံရတာက နိဗ္ဗာန်၊ သိတာက မဂ်ဉာဏ် ဖြစ်သည်။ [နှာ–၃၇၀] နိဗ္ဗာန်နှင့် မဂ်ဉာဏ် တွဲမိလျှင် သောတာပန် တည်ပြီဟု ဆိုသည်။ ဒါ လုပ်ထားပြီးလျှင် နောက်က လုပ်ထားခဲ့သော ကုသိုလ်တွေ အဟောသိကံ ဖြစ်ပြီး ပဋိသန္ဓေ အကျိုး မပေးတော့ဘူးဟု ဆိုသည်။ ငါတို့မှာ အကုသိုလ်တွေ ဒုနဲ့ဒေး ဆိုပြီးလည်း ကြောက်မနေနှင့်တော့။ ဒါမြင်ရင် (သောတာပန် တည်လျှင်) ပြီးပြီ။ [နှာ–၃၇၁] ကုသိုလ်တွေ၊ အကုသိုလ်တွေ အားလုံးကို မဂ်က အကုန် ဖြတ်ချလိုက်သည်။ ဤအလုပ် လုပ်ထိုက်သည်။ ကံကြွေးတွေကို ခန္ဓာနှင့် ဆပ်မလား၊ မဂ်ဉာဏ်နှင့် ဆပ်မလားဟု ဆရာတော်က မေးထားသည်။

မဂ်နှင့် ဆပ်လျှင် ခန္ဓာနှင့် ဆပ်စရာ မလိုတော့ပါ။ [နှာ–၃၇၂] တစ်သက်လုံး လူသတ်သမား လုပ်လာသောသူလည်း မဂ် ရလျှင် ဝဋ်ကြွေးတွေ အားလုံး ခန္ဓာနှင့် ဆပ်စရာ မလိုတော့။ ကျေသည်။ တမ္ဗဒါဌိက ဝတ္ထုကို ပြသည်။ ဒါဖြင့် ဘာလုပ်ရမလဲ ဆိုလျှင် ဖြစ်ပျက် ဆုံးအောင် လိုက်ရမည်။ ဤကား ဝဋ်ကြွေးတွေကို ခန္ဓာနှင့် မဆပ်ဘဲ ဉာဏ်နှင့် ဆပ်ခြင်း ဖြစ်သည်။ ဖြစ်ပျက် အဆုံးကို မြင်သော ဉာဏ်ဖြင့် ဆပ်ပါ။ အသေ မဦးခင် ဉာဏ်ဦးအောင် လုပ်ပါဟုလည်း တိုက်တွန်းသည်။ နောက်မကျစေနှင့်ဟု သတိပေးသည်။

မဂ်ဉာဏ်သည် အလွန် ကျေးဇူးများကြောင်းကို ဟောသည်။ လူ့ပြည်မှာ လုပ်သော ကုသိုလ်၊ အကုသိုလ် အကျိုးဆက်တွေ နတ်ပြည်မှာ၊ ငရဲပြည်မှာ

http://www.dhammadownload.com



မသေခင်ကပင် အကျိုးဖြစ်ထွန်း နေကြောင်းကို ဟောသည်။ ထိုအကျိုးဆက်တွေကို လူပြည်မှာ မသေခင် မင်ရအောင် လုပ်ပြီး ပတ်သတ်နိုင်ကြောင်း ဟောသည်။ *[နာ-၃၇၇]* ငရဲမီးတွေကိုလည်း လူပြည်က မင်ဉာဏ်ဖြင့် ငြိမ်းလိုက်လျှင် ရသည်။ လူ့ဘဝ ရောက်ဆဲ ကာလမှာ ငရဲမီးတွေ ငြိမ်းသတ်တတ်ဖို့ အရေးကြီးသည်။ ဒိဋ္ဌိ ပြုတ်လျှင် အပါယ်တံခါး ပိတ်ပြီ။ ငရဲမီး ငြိမ်းပြီ။ ဒါကြောင့် အရေးကြီးတဲ့ ကိစ္စကို အရင် လုပ်သင့်ကြောင်း၊ ပြုပြင်စရာ ကိစ္စတွေကို ဦးစွာ ပြုပြင်သင့်ကြောင်း၊ နောက်မှ လုပ်မည်ဟု စိတ် မမွေးသင့်ကြောင်း၊ ကိုယ့်ကိုယ်ကိုယ် သနားသော ပုဂ္ဂိုလ်၊ ဉာဏ်ရှိသော ပုဂ္ဂိုလ်သည် ငရဲမီး ငြိမ်းသတ်ရေး ကိစ္စကို ဦးစားပေး လုပ်သင့်ကြောင်း ဟောရင်း အချိန်စေ့၍ တရားသိမ်းသည်။

*

## ၁၃။ ခန္ဓာ စွဲလမ်းမှုကြောင့် တဏှာမာန ဒိဋ္ဌိ ဖြစ်ပုံ

[ ၂၈-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

အရှင်အာနန္ဒာသည် ဘုရား၏ညီတော် ဖြစ်သော်လည်း ဘုရားထံမှာ သောတာပန် တည်တာ မဟုတ် ဟူ၍ အစချီပြီး ဤတရားကို ဟောကြားပါသည်။ အရှင်အာနန္ဒာ၏ ဆရာမှာ အရှင်ပုဏ္ဏ ဖြစ်သည်။ အရှင်ပုဏ္ဏ တစ်ခါတည်း ဟော လိုက်တာနှင့် သောတာပန် တည်သွားသည်။ အရှင်အာနန္ဒာက သူ့ဆရာ အရှင်ပုဏ္ဏ တရားဟော ကောင်းပုံကို ပြောပြီး ဟောပုံ ဟောနည်းကို ပြန်ပြောသည်။ [ နာ-၃၈၅ ]

'ဥပါဒါယ အသ္မိ ဟောတိ၊ နော အနုပါဒါယ' ဟု ဟောသည်။ စွဲလမ်းသည် ရှိသော် တဏှာ၊ မာန ဒိဋ္ဌိ ဆိုသော တရားသည် ဖြစ်၏။ မစွဲလမ်းသည် ရှိသော် တဏှာ၊ မာန၊ ဒိဋ္ဌိ မဖြစ်ပါ။ ခန္ဓာ ငါးပါးကို စွဲလမ်းမှု ဥပါဒါန် မဖြစ်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ မလာတော့ဟု ဆိုလိုသည်။ မစွဲလမ်းလျှင် ဥပါဒါန ပစ္စယာ ကမ္မဘဝလည်း ပြုတ်သည်။

ပုထုဇဉ် ခန္ဓာကို စွဲလမ်း နေကြပုံများကို ဟောသည်။ ခန္ဓာကို စွဲမှုကြောင့် တဏှာ မာန ဒိဋ္ဌိ ဖြစ်ရသည်။ [ နာ-၃၈၉ ] တဏှာ မာန ဒိဋ္ဌိ ချုပ်မှသာ နိဗ္ဗာန် ရောက်မည် ဖြစ်သည်။ [ နာ-၃၉၈ ] ဤတရားတွင် ခြင်္သေ့ကို မှန်ထဲက သူ့အရိပ် နှိပ်စက်၍ သေရသလို ပုထုဇဉ်မှာလည်း ခန္ဓာ၏ အရိပ်များ (တဏှာ၊ မာန၊ ဒိဋ္ဌိ) နှိပ်စက် ခံနေရပုံကို ရှင်းသည်။ စကားဆန်း သုံး၍ အရိပ် နှိပ်စက်နေသည်ဟု

http://www.dhammadownload.com



ဆိုသည်။ ကိုယ့်ခန္ဓာ မှန်ကို ကြည့်ပြီး တဏှာ၊ မာန၊ ဒိဋ္ဌိ အရိပ်တွေ ထွက်လာသည်ဟု ဆိုသည်။ [နှာ-၄၀၀] ဝိပဿနာ ရှုသောသူ ဖြစ်ပျက် မြင်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ စင်သည်။ [နှာ-၄၀၆] ခန္ဓာငါးပါးက ထွက်လာသော တဏှာ၊ မာန၊ ဒိဋ္ဌိ အရိပ်ကို ခန္ဓာ တစ်ပါးပါးကို ဝိပဿနာ ရှုမှသာလျှင် ဤအရိပ် ပျောက်သည်။ အချိန် စေ့သဖြင့် တရား နားလိုက်သည်။

*

## ၁၄။ မွေးလာကတည်းက အို၊ နာ၊ သေဘေးဆီသို့ ပြေးနေပုံ

[ ၂၉-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

လူတစ်ယောက် မွေးကတည်းက သူ ဘယ်အလုပ်ကို အမြဲ လုပ်သလဲဟု အစချီပြီး ဤတရားကို ဟောသည်။ ခန္ဓကိုယ်ကြီးက အမြဲ အို၊ နာ၊ သေဘေးဆီသို့သာ သွားနေသည်။ ခန္ဓာ၏ အမြဲတမ်း လုပ်သော အလုပ်သည် သေရာ သွားသော အလုပ်ဟု ဆိုသည်။ [နှာ-၄၁၄] ဘယ်ဘဝပဲ ရောက်ရောက် သေရာ သွားသော အလုပ်ချည်း ဖြစ်သည်။ ဒီအတိုင်း သွားနေကြလျှင် လမ်းခွဲ မရှာတတ်သော သူနှင့် တူသည် ဆို၏။ လမ်းခွဲပြသော ဆရာ ရှိတုန်း ဆရာပြသည့် လမ်းကို လိုက်သင့်ကြောင်း ဟောသည်။ [နှာ-၄၁၅] ဒုက္ခသစ္စာမှန်း မသိလို့ အသေလမ်းချည်း ဆုတောင်း နေကြသည်။ တရား ဟောတယ်ဆိုတာ ချောက်ကျမှာ စိုး၍ ဆွဲရတာဟု ဆိုသည်။ [နှာ-၄၁၇] ဒီဘဝ ဆင်းရဲတယ်၊ နောက်ဘဝ ချမ်းသာအောင် ဆိုပြီး နောက်ဘဝ ကောင်းစားရေးကို တောင့်တနေကြတာ။ ဆရာသမားက နောက်ဘဝ ည်း ဆင်းရဲပဲဟု အမှန် ပြပြီး ဆွဲယူနေရကြောင်း ရှင်းပြသည်။

ဤတရား ဟောနေခြင်းမှာ အမှား ပြင်ပေးနေခြင်း ဖြစ်သည်ဟု ဆို၏။ [နှာ-၄၁၈] ကိုယ့်ခန္ဓာ၊ သားမယား၊ ခန္ဓာ ခင်မှုကြောင့် တဏှာ၊ ဥပါဒါန်၊ ကံတွေ ဖြစ်ပြီး အပါယ် ကျရပုံ ပဋိစ္စ သမုပ္ပာဒ်ကိုပြသည်။ ခန္ဓာကို ခင်မှုကြောင့် အပါယ် ကျရသည့် သဘောကို မြင်အောင် ပြသည်။ ဒုက္ခသစ္စာကို မတွေ့သေးလျှင် ကိုယ်ကျိုး နည်းပြီဟု ဆိုသည်။ [နှာ-၄၂၄] ဒီခန္ဓာကို ဘာကြောင့် ခင်နေသလဲ။ ငါ့ကိုယ်၊ ငါ့ဟာဟု ထင်သောကြောင့် ဖြစ်၏။ [နှာ-၄၂၅] ဒိဋ္ဌိက ကြားမှာ ရှုပ်နေသည်။ ကြားရှုပ်နေသော ဒိဋ္ဌိကို ဖြုတ်ပစ်လိုက်လျှင် အပါယ်ဘေးက လွတ်သည်။

ထို့နောက် ကံ၊ စိတ်၊ ဥတု၊ အာဟာရက ခန္ဓာကို ပြုပြင်နေပုံကို ပြပြန်သည်။ [နှာ-၄၂၈] ခန္ဓာကြီးကို ကံ၊ စိတ်၊ ဥတု၊အာဟာရက လုပ်ထားတာ၊ ပြုပြင်နေတာ၊

http://www.dhammadownload.com



ငါ့ကိုယ် ငါ့ဥစ္စာ မဟုတ်ဘူးဟု နားလည်ရမည်။ သမုဒ္ဒါန် လေးပါးသည်သာ ခန္ဓာ၏ အရင်းသခင် ဖြစ်သည်။ သို့ပါလျက် ငါ့ဘာထင်သလဲ ဆိုပြီး အရမ်း ကြွားမနေသင့်ကြောင်း ပြသည်။ ဒိဋ္ဌိနှင့် ကြွားနေကြပုံကို ပြသည်။ အကြောင်း လေးပါးမှာ တစ်ပါး ချွတ်ယွင်းလျှင် ဤကိုယ်ကြီး ဗိုင်းခနဲ လဲသည်။ အကြောင်း တစ်ပါးပါးက မထောက်ပံ့လျှင် ချက်ချင်း သေသည်။ [နှာ-၄၃၁] ခန္ဓာ တစ်ခုလုံးမှာ ကိုယ်ပိုင် ဘာမှ မရှိကြောင်း ပေါ်အောင် ပြသည်။ အမြင် အယူအဆ မှားနေမှု ဒိဋ္ဌိကို ဟောတရားဖြင့် ပြုပြင် ပေးနေခြင်း ဖြစ်၏။ [နှာ-၄၃၄] ခန္ဓာကြီး တစ်ခုလုံး အနတ္တချည်း မှတ်ဟု ဆိုသည်။ [နှာ-၄၃၅] ခန္ဓာကြီးကို ကိုယ်မပိုင်တာ မြင်အောင် ကြည့်ပါဟု ဆုံးမထားသည်။ မပိုင်တာက အနတ္တ၊ အနတ္တမှန်း သိတာက မဂ္ဂ၊ မဂ်ရလျှင် အပါယ် မသွားတော့ဘူးဟု ဆိုသည်။ မပိုင်တာကို သိဖို့ ပြောနေသည်။ ခန္ဓာထဲမှာ ဝေဒနာ သုံးမျိုးပဲ ရှိသည်။ ဒုက္ခဝေဒနာ၊ သုခဝေဒနာနှင့် ဥပေက္ခာ ဝေဒနာ ဖြစ်သည်။ ဝေဒနာက္ခန္ဓာကိုလည်း မပိုင်ကြောင်း ဟောသည်။ ဝေဒနာ အနတ္တ မြင်အောင် ကြည့်တတ်ဖို့ ဟောသည်။ အနတ္တကို သိမှ မဂ်ရသည်။

သို့သော် အနတ္တက ရှိလျက်နှင့် မသိတာက ခက်နေသည်။ မသိတာ အဝိဇ္ဇာ ဖြစ်၏။ အဝိဇ္ဇာ ဖြစ်လျှင် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ သစ္စယာ ဝိညာဏံ ဖြစ်သည်။ သံသရာမှာ အဝိဇ္ဇာကြောင့် အပါယ် ကျသွားကြသည်။ [နှာ-၄၄၀] အနတ္တနှင့် မဂ္ဂနှင့် ကိုက်အောင်သာ လုပ်သွား၊ ခရီးသွားရင်း အပါယ် တံခါး ပိတ်သည်။ အတိတ်က ပြုထားသော အကုသိုလ်ကြွေး အကုန် ကျေပြီ။ အနတ္တပေါ်တိုင်း အနတ္တဉာဏ်က နောက်က လိုက်ရမည်။ အနတ္တနှင့် မဂ္ဂ ကိုက်သွားမည်။ ကိုက်သွားလျှင် နောက်ခန္ဓာ လာမည့် ပဋိစ္စသမုပ္ပါဒ် ပြတ်သွားမည်။ ခန္ဓာကိုယ်ထဲမှာ ပေါ်တာအားလုံး အနတ္တပဲ။ ကိုယ်လုပ်တာ ဘာမှမပါဘူး။ ဒါကြောင့် ခန္ဓာထဲမှာ ကိုယ်ပိုင် ကိုယ်ဆိုင် ဘာမှ မရှိဘူး။ ဤကဲ့သို့ သိသွားလျှင် ဤခန္ဓာမှာ လိုချင်စရာ ဘာမှ မရှိတော့ပါ။ မလိုချင်လျှင် တဏှာ ချုပ်ပြီ။ တဏှာ ချုပ်လျှင် ဥပါဒါန် ချုပ်၊ ကံချုပ်ပြီး နောက်ထပ် ဇာတိ၊ ဇရာ၊ မရဏ မလာတော့ပါ။ အဲဒါ နိဗ္ဗာန်ပဲဟု အမိန့်ရှိရင်း အချိန်စေ့၍ တရားနားသည်။

*

http://www.dhammadownload.com



## ၁၅။ မဂ္ဂ ဗြဟ္မာစရိယ အကျင့်မှ တစ်ပါး အားကိုးစရာ မရှိကြောင်း

[ ၃၀-၄-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ယနေ့ ဥပုသ်နေ့မှာ နက်နဲသော တရားကို ပြောရမည်ဟု အစချီပြီး ဤတရားကို ဟောသည်။ နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်ကို ကိုးပြီး ဟောသည်။ အတိတ် ရှေးဘဝက သစ္စာ မသိခဲ့၍ အဝိဇ္ဇာနှင့် တဏှာ အကြောင်းခံ ကံသင်္ခါရကြောင့် ယခုဘဝ ပဋိသန္ဓေ၏ ဥာဏ်ဖြစ်လာရသည်။ လူမိုက်ရော၊ လူလိမ္မာရော လာကြပုံမှာ အတူတူပင် ဖြစ်သည်။ အဝိဇ္ဇာ တဏှာကြောင့် ခန္ဓာ ရလာတာချည်း ဖြစ်သည်။ မြတ်စွာဘုရားက ရဟန်းများအား လူမိုက်နှင့် လူလိမ္မာ ဘာထူးသလဲဟု မေးသည်။ ရဟန်းများက မဖြေနိုင် ဖြစ်သည်။ [နှာ-၄၄၆] ထိုအခါ ဘုရားက ဖြေသည်။ လူမိုက်သည် ဤဘဝတွင် မဂ္ဂ ဗြဟ္မာ စရိယ အကျင့်ကို မကျင့်ဘူး။ လူလိမ္မာက မဂ္ဂ ဗြဟ္မာ စရိယ အကျင့်ကို ကျင့်သည်။ ဤသို့ ကွဲပြားခြားနားသည်ဟု ဆိုသည်။ မဂ္ဂ ဗြဟ္မာ စရိယ ဆိုတာ ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် လုပ်နေတာကို ခေါ်ကြောင်း ပြသည်။

ဒါကြောင့် မဂ္ဂ ဗြဟ္မာစရိယ အကျင့်ကို မကျင့်သော အချိန်သည် မိုက်မဲသော အချိန် ဖြစ်သည်ဟု မှတ်ရမည်ဟု ဆိုသည်။ ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် လုပ်နေသော အချိန်သည် လိမ္မာသော အချိန် ဖြစ်သည်။ မဂ္ဂ ဗြဟ္မာ စရိယကို ကျင့်သော သူမှာ ဇာတိ ဒုက္ခ သစ္စာ မရှိတော့ပါ။ လူမိုက်က နောက် ပဋိသန္ဓေ နေသည်။ လူလိမ္မာက နောက် ပဋိစ္စသန္ဓေ မနေတော့ပါ။ [နှာ-၄၄၉] လူမိုက်နှင့် လူလိမ္မာ ကွာခြားသည်။ ယခု ဟောနေတာ ဒုက္ခ သိမ်းဖို့ ဟောနေခြင်း ဖြစ်ကြောင်း ပြသည်။ မဂ္ဂ ဗြဟ္မာစရိယကို ကျင့်မှသာလျှင် လူလိမ္မာ ဖြစ်ပြီးနောက် ဒုက္ခ သိမ်းမည်။ ဆင်းရဲ ဒုက္ခ လက်စသတ်ချင်လျှင် မဂ္ဂ ဗြဟ္မာ စရိယကို ကျင့်ရမည်။ မဂ္ဂ ဗြဟ္မာ စရိယ ဆိုသည်မှာ မြတ်သော မဂ်အကျင့်ဟု အဓိပ္ပာယ် ရသည်။ [နှာ-၄၅၁]

ပြီးမှ လူတွေ မိုက်မဲ နေကြပုံများကို သရုပ်ပါအောင် ပြပြီး ဟောသည်။ မိုက်ပြစ် သင့်၍ မိုက်ညွှန့် တက်နေကြတာဟု စကားဆန်းဖြင့် ဆိုသည်။ မိုးကုတ် အသုံးအနှုန်းဖြင့် ကျောက်ဝါးကြီးကို အရဲ စွန့်ပြီး မဝယ်ပါနှင့်တော့ဟု ဆုံးမသည်။ သားသမီးများနှင့် ပတ်သက်ပြီး မိဖများဘက်က အရမ်း မစွန့်စားသင့်ပုံကို ဟောသည်။ ဤသို့ ဟောပြီးမှ လူမိုက်နှင့် လူလိမ္မာ ကွဲပြား ခြားနားပုံကို ပြန်ကောက်သည်။ [နှာ-၄၆၀] မဂ္ဂ ဗြဟ္မာ စရိယကို ကျင့်မှ ဒုက္ခ အကုန်သိမ်းသည်။ [နှာ-၄၆၂] ဤတွင် ကြားညှပ်ပြီး ပုဏ္ဏားတစ်ယောက် သားသေ၍ သင်္ချိုင်းမှာ သွားငိုနေသော

http://www.dhammadownload.com



ဝတ္ထုကြောင်းကို ထည့်ဟောသည်။ [နှာ-၄၆၅] 'ပိယ ဇာတိကာ ဟိ ဂဟပတိ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ပါယာသာ ပိယပ္ပ အဝိကာ' ပါဠိ ထုတ်ပြသည်။ ချစ်ခြင်းကြောင့် ဆင်းရဲဒုက္ခ ရောက်ရပုံကို ဟောတော်မူသည်။ (မဇ္ဈိမ ပဏ္ဏာသ ပိယဇာတိက သုတ်) ဘုရား ဟောတာကို ပုဏ္ဏားက အယူ လွဲသွားသည်။ ချစ်လျှင် ပျော်နေရမည်။ ယခု ချစ်၍ မျက်ရည်ပေါက် ကြီး၊ ငယ် ကျနေရသည် ဆိုလျှင် မဖြစ်နိုင်ဟု ပုဏ္ဏား ထင်သွားသည်။ ဘုရား ဟောတာ သူ မယုံဘူးဟု ဆိုသည်။ [နှာ-၄၆၆]

ဇေတဝန် ကျောင်းတော်က အပြန်လမ်းမှာ အမှုးသမား တစ်စု ကြွေကစား နေတာ တွေ့ရသည်။ ကြွေကစားနေတာ သူကြည့်ပြီး နေမိသည်။ ကြွေသမားများက ပုဏ္ဏား အကြောင်းကို မေးသည်။ ပုဏ္ဏားက ဗုဒ္ဓဘုရား ထံက ပြန်လာကြောင်း၊ ဘုရား ဟောတရားကို သူ မယုံကြောင်း ပြောပြသည်။ ကြွေသမားများကလည်း ဟုတ်တာပေါ့ကွဟု မြှောက်ပေးလိုက်သည်။ ဤစကားသည် ပြန့်ကား သွားသည်။ တစ်တိုင်းပြည်လုံး နှံ့သွားသည်။ ကောသလမင်းကြီး နားသို့ ရောက်သွားသည်။ မလ္လိကာ မိဖုရားကြီးကို ခေါ်ပြီး ကောသလမင်းက မေးသည်။ မင်းကြီးကလည်း ဒီစကားသည် ဘုရား ဟောတာ လွဲသည် ထင်ကြောင်း ပြောသည်။ မလ္လိကာ မိဖုရားက မင်းကြီးလည်း အယူ လွဲသွားကြောင်း သိ၍ အမတ်တစ်ယောက်ကို ခေါ်ပြီး ဘုရားထံကို လွှတ်လိုက်သည်။ ဘုရားထံ စုံစမ်းရာ ဘုရားကလည်း ဟုတ်ကြောင်း ငါဒီလိုပဲ ဟောလိုက်တယ်၊ အမှန်ပဲဟု မိန့်တော်မူသည်။ မလ္လိကာက ရိပ်မိသည်။ မလ္လိကာက မင်းကြီးကို မေးသည်။ အရှင်မင်းကြီးမှာ ဝါသကာ မင်းသမီး ရှိတယ် မဟုတ်လား၊ ထိုမင်းသမီး သေသွားလျှင်၊ ဖောက်ပြန်သွားလျှင် မင်းကြီး စိတ်မှာ ဘယ်လို နေမလဲဟု မေးသည်။ မင်းကြီးက စိတ်ဆင်းရဲပြီး မစားနိုင်၊ မသောက်နိုင် ဖြစ်မှာပေါ့ဟု ဖြေသည်။ ဝဇိရာ ဆိုသော မင်းသမီး တစ်ယောက်လည်း ရှိသေးသည်။ သူသေလျှင်၊ ဖောက်ပြန် သွားလျှင်ကောဟု မေးသည်။ မင်းကြီးက စိတ်ဆင်းရဲမည်။ မစားနိုင်၊ မသောက်နိုင် ဖြစ်မည်ဟု ဆိုသည်။

ဒါဆို အရှင်မင်းကြီး၏ ကောသလတိုင်းကို တစ်ပါးသော မင်းတို့က တိုက်ခိုက် သိမ်းယူသွားမည် ဆိုလျှင်ကောဟု မေးသည်။ သောကပရိဒေဝ၊ ဒုက္ခ ဒေါမနဿ ဖြစ်ရမည်ဟု ဝန်ခံသည်။ ဒါဆို အကျွန်ုပ် မလ္လိကာလည်း သေလျှင်၊ တစ်စုံတစ်ရာ ဖောက်ပြန် ပျက်စီးသွားမည် ဆိုလျှင်ကောဟု မေးသည်။ မင်းကြီးက သောကပရိဒေဝ ဖြစ်ရမည်ဟု ဖြေသည်။ ဒါဆို ဘာကြောင့် သောက ရောက်ရတာ လဲ၊ ချစ်ခင်သောကြောင့် မဟုတ်လား၊ ဘုရားက ဒါကို ဟောတာပဲဟု မလ္လိကာက

http://www.dhammadownload.com



ဖြေရှင်း ပေးရသည်။ ခင်မှု တစ်ခုကြောင့် သောကပရိဒေဝ၊ ဒုက္ခ ဒေါမနဿ ဖြစ်ကြရပုံ ဖြစ်၏။ ထိုအခါမှ ကောသလ မင်းကြီးက မြတ်စွာဘုရား၏ ဉာဏ်တော်ကို ချီးမွမ်းပြီး နန်းတော်ကနေ ရည်မှန်းပြီး ကန်တော့သည်။ [ နှာ–၄၆၉ ]

ဤကား တဏှာ နိပ်စက်ခြင်း သဘောကို ဟောခြင်း ဖြစ်၏။ ပြီးမှ ဆရာတော်က ခန္ဓာ မခင်တဲ့ နည်းကို လုပ်ရလိမ့်မည်ဟု ဆိုသည်။ ခန္ဓာကို ရှုတော့ ဖြစ်မှုနှင့် ပျက်မှုပဲ တွေ့သည်။ ခင်စရာ မင်စရာ မပါပါ ဖြစ်ပျက် ပိုင်ပိုင် မြင်အောင် ရှုမှသာ မဂ္ဂ ဗြဟ္မာ စရိယ အကျင့် ဖြစ်သည်။ ဒုက္ခ ပေးလေသမျှ သမုဒယ သစ္စာက ဖြစ်ကြောင်း ဟောသည်။ [ နှာ–၄၇၁ ] မဂ္ဂ ဗြဟ္မာ စရိယကို ကျင့်မှ ခန္ဓာ အနတ္တကို သွားမြင်သည်။ သားသမီး ခန္ဓာလည်း အနတ္တ၊ မိဖ ခန္ဓာလည်း အနတ္တ၊ ဘယ်သူ့ကို ဘယ်သူကမှ မပိုင်ဘူး။ အနတ္တကို သိအောင် မဂ္ဂ ဗြဟ္မာ စရိယကို ကျင့်ဖို့ ဟောရင်း အချိန်စေ့၍ တရား သိမ်းသည်။

*

## ၁၆။ ဥပရိပဏ္ဏာသ ပါဠိတော် ဘူမိဇ သုတ်

[ ၃၁–၄–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူနေစဉ် အရှင်ဘူမိဇ ဆိုသော ရဟန်းသည် ဗိမ္ဗိသာရ မင်းကြီး၏ သားတော် အငယ်ဆုံး ဇယသေန မင်းသားအိမ်မှာ ဆွမ်းခံ ကြွကြောင်းဖြင့် အစချီ၍ ဤတရားကို ဟောသည်။ **(ဗိမ္ဗိသာရ မင်းကြီးသည် ရာဇဂြိုဟ် ပြည်ရှင် ဖြစ်ပါသည်။ အရှင်ဘူမိဇ သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာပင် ဘုရားရှင်နှင့် အတူ သီတင်းသုံး နေခြင်း ဟုတ်၊ မဟုတ် မသိပါ။)** ဇယသေန မင်းသားက အရှင်ဘူမိဇကို ဘုရားက ဘာတရားကို ဟောသလဲဟု မေးလျှောက်သည် ဆို၏။ ကြားဖူးသည်မှာ ဆုတောင်း ပြီး လုပ်လုပ်၊ ဆုမတောင်းဘဲ လုပ်လုပ်၊ ဆုတောင်းသည် တစ်လှည့်၊ မတောင်း တစ်လှည့် လုပ်လုပ်၊ မတောင်းသည် မဟုတ် တောင်းသယောင်ယောင် လုပ်လုပ် နိဗ္ဗာန် မရဘူးဟု တခြား ဆရာများက ဟောကြောင်း ကြားရဖူးသည်ဟု လျှောက် သည်။ ဆရာတော်က ဤတရားတွင် ဆုတောင်းခန်း အကြောင်းကို ဟောဖို့ ရည်ရွယ် ကြောင်း မိန့်ကြားသည်။ [ နှာ–၄၇၈ ] ဗုဒ္ဓ မြတ်စွာဘုရားက ဘယ်လို ဟောသလဲဟု မေးသည်။ အရှင်ဘူမိဇက မင်းသားမေးသော မေးခွန်းတွေကို ဘုရား တစ်ခါမှ မဟောဖူးဘူးဟု ဖြေလေသည်။ [ နှာ–၄၇၉ ]

http://www.dhammadownload.com



သို့သော် အရှင်ဘူမိဇကေ သူ့အမြင်ကို ပြောသည်။ ဆုတောင်းခြားသော်လည်း နှလုံးသွင်း မမှန်လျှင် မရနိုင်ကြောင်း သူ့ သဘော အယူအဆကို ဖြေသည်။ [နှာ-၄၇၉] အရှင်ဘူမိဇ အမြင်မှာ နှလုံးသွင်း မမှန်လျှင် မရဆိုသော အမြင် ဖြစ်သည်။ ဒါကြောင့် နိဗ္ဗာန် ရမှုတွင် ဆုတောင်းက ပဓာန မဟုတ်၊ နှလုံးသွင်း မှန်မှုကသာ လိုရင်း ဖြစ်ကြောင်း ဟောသည်။ [နှာ-၄၈၀] နှလုံးသွင်း မမှန်ဘဲ ဆိုသည်မှာ လူ့ခန္ဓာ၊ နတ်ခန္ဓာ ရချင်၍ ဆုတောင်း နေခြင်းကို ဆိုလိုသည်။ အဆုံးစွန် ဘဝ ကျမှ နိဗ္ဗာန်ကို ရပါလို၏ဟု ဆိုနေကြခြင်းကို ဆိုလိုသည်။ နှလုံးသွင်းက ဘဝကို လိုချင်တာ ဖြစ်နေသည်။ ဘဝ လိုချင်သော ကိစ္စကို နှလုံးသွင်း ထားသည်။ ဒုက္ခ သစ္စာကို လိုချင်သော ပုဂ္ဂိုလ် နိဗ္ဗာန် မရနိုင်ဟု ဆိုသည်။ ဤတရားသည် အမှား ပြင် တရားဟု မိန့်ကြားသည်။ [နှာ-၄၈၃] အရှင်ဘူမိဇကေ ဖြေပြီးနောက် ရှင်းပြ သည်။ နှလုံးသွင်း မှားရင် တောင်းတောင်း၊ မတောင်းတောင်း မရနိုင်။ နှလုံးသွင်း မှန်လျှင် မတောင်းတောင်း၊ တောင်းတောင်း ရနိုင်သည်ဟု ဆိုသည်။

ဒါကြောင့် ဆုတောင်းနေဖို့ မလိုဘူးဟု ကောက်ချက် ချထားသည်။ [နှာ-၄၈၄] ခန္ဓာအပေါ် နှလုံးသွင်း မှန်မှု ဆိုတာ ခန္ဓာ၏ ဖြစ်ပျက်ကို မြင်တာကို ဆိုသည်။ ဖြစ်ပျက် အနိစ္စကို မြင်ဖန် များလာလျှင် ဤခန္ဓာကို မုန်းလာမည်။ ဒုက္ခသစ္စာကို သိသောဉာဏ် ပေါ်လာမည်။ ဒုက္ခသစ္စာမှန်း သိသွားတော့ နှလုံးသွင်း မှန်နေသည့် အတွက် ဒုက္ခကို မလိုချင်တော့သောဉာဏ် ပေါ်လာမည်။ ထိုဉာဏ် လာလျှင် ဒုက္ခ ချုပ်ပြီ။ နှလုံးသွင်း မှန်လျှင် နိဗ္ဗာန် ပေါ်သည်။ [နှာ-၄၈၅] ဆုတောင်းက လိုရင်း မဟုတ်၊ နှလုံးသွင်းက လိုရင်း ဖြစ်ကြောင်း ဆုံးဖြတ်ချက် ချပြီ။ နိဗ္ဗာန်ဆိုသော တရားသည် နှလုံးသွင်း မှန်မှု အပေါ်မှာ တည်သည်။ နိဗ္ဗာန်ကို ခန္ဓာက ကွယ်နေသည်။ ခန္ဓာ ဆုံးမှ နိဗ္ဗာန် ပေါ်မည်။ [နှာ-၄၈၇] ခန္ဓာ၏ အနိစ္စ၊ ဒုက္ခကို မမြင်ဘူး ဆိုလျှင် ခန္ဓာကို အဝိဇ္ဇာ ကွယ်နေပြန်သည်။ နိဗ္ဗာန်ကို အဝိဇ္ဇာနှင့် ခန္ဓာ နှစ်ထပ် ကွယ်နေသည်။

ဒါဆို နှလုံးသွင်း မှားတာ မှန်အောင် လုပ်။ အဝိဇ္ဇာကို ဝိဇ္ဇာ ဖြစ်အောင် လုပ်။ ခန္ဓာကို ဒုက္ခ သစ္စာအဖြစ် မြင်။ ခန္ဓာ ချုပ်သွားလျှင် နိဗ္ဗာန် သွားတွေ့မည်။ နိဗ္ဗာန်ကို ခန္ဓာ တစ်ချက်၊ အဝိဇ္ဇာ တစ်ချက် ဖုံးကွယ်နေသည်။ အဝိဇ္ဇာ ချုပ်မှ ခန္ဓာကို တွေ့မည်။ ခန္ဓာတွေ့မှ ဖြစ်ပျက် ဒုက္ခ သစ္စာကို တွေ့မည်။ ဒုက္ခသစ္စာ ချုပ်မှ နိဗ္ဗာန် ပေါ်မည်။ [နှာ-၄၈၈] မဂ္ဂ အလုပ်ကို လုပ်လျှင် နိဗ္ဗာန် မြင်ကြောင်း၊ 'မဂ္ဂဿ နိယျာနဋ္ဌော ဟေတုဋ္ဌော ဒဿနဋ္ဌော' ပါဠိတော်ကို ထုတ်ပြီး ဟော

http://www.dhammadownload.com



သည် [နှာ-၄၉၁] နိဗ္ဗာန်ကို ဆုတောင်း၍ မရကြောင်း၊ ပွားများ အားထုတ်မှသာ မြင်ရကြောင်း ဟောသည်။ ဤအကြောင်းကို အရှင်ဘူမိဇကေ မြတ်စွာဘုရားကို ပြန် လျှောက်သည်။ မှန်၊ မမှန် ဆုံးဖြတ်ချက် တောင်းခံသည်။

ဘုရားက နမူနာပြပြီး ဖြေသည်။ ဆီဆုံထဲ သဲထည့်ပြီး ကြိတ်၍ ဆီမထွက် သလိုဘဲဟု ဖြေသည်။ နွားနို့ လိုချင်သူ နွားချိုမှာ နို့ညှစ်၍ မရပုံကို ပြသည်။ နှလုံးသွင်း မှားခြင်း သဘောကို ဆောင် ဟောခြင်း ဖြစ်သည်။ နှလုံးသွင်း မှန်ဖို့ အရေး ကြီးကြောင်းကို ဟောသည်။ [နှာ-၄၉၆] ဆီဆုံထဲ နှမ်းသာ ထည့် ကြိတ်ပါ။ ဆုမတောင်းလည်း ဆီထွက်မှာပါပဲဟု မိန့်သည်။ နှလုံးသွင်း မှန်မှ နိဗ္ဗာန် မြင်သည်။ ဖြစ်ပျက် မြင်သော ယထာဘူတဉာဏ် ရပြီးလျှင် နိဗ္ဗိန္ဒာဉာဏ်၊ ထိုမှ တစ်ဆင့် တက်လျှင် မဂ်ဉာဏ်၊ ဖြစ်ပျက်ဆုံး မဂ်ဉာဏ်ရသည်။ နှလုံးသွင်း မှန်၍ လောကုတ္တရာ မဂ်ဉာဏ် အထိ တက်သွားခြင်း ဖြစ်၏။ ဖြစ်ပျက် မြင်သော ပုဂ္ဂိုလ်မှာ ယောနိသော မနသိကာရ၊ ၁ နံပါတ် စတည့်ပြီဟု ဆိုသည်။ နိဗ္ဗာန်ကို လိုချင်သော ပုဂ္ဂိုလ်၊ ခန္ဓာအပေါ် နှလုံးသွင်း မှန်လျှင် ရပါသည်။ ထို့နောက် အဝိဇ္ဇာကို နားမလည် လို့ ဘုရား ရှိခိုးထဲမှာ ဆုတောင်း တဏှာတွေ ထည့်နေကြပုံ၊ မှားနေကြပုံကို ဟောသည်၊ [နှာ-၅၁၄] အမှားပြင် တရားများကို ဟောသည်။ နှမ်းကို ဆီဆုံထဲ ထည့်ကြိတ်မှ ဆုတောင်းစရာ မလိုဘဲ ဆီထွက်သလို နှလုံးသွင်း မှန်လျှင် နိဗ္ဗာန် မြင်ကြောင်း ထပ်ဟောသည်။ ဖြစ်ပျက် မြင်၊ ဖြစ်ပျက် မုန်း၊ ဖြစ်ပျက် ဆုံးမှ နှလုံးသွင်း မှန်ကြောင်း ဟောသည်။ အချိန်စေ့၍ တရားကို နားလိုက်သည်။

၀

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၂၃) ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၂၄)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၂၄)

**နိဒါန်း**

ဤနိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင် မကွယ်လွန်မီက ရေးသားခဲ့ခြင်းဖြစ်သည်။ နေ့စဉ် သတ္တဝါတွေမှာ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန် ကံ–ဇာတိ၊ ဇရာ၊ မရဏ အားဖြင့် ပဋိစ္စသမုပ္ပါဒ် အစဉ် တန်းနေကြပုံကို ပြသည်။ အနောက် နိုင်ငံတွေမှာ သိပ္ပံလောကဓာတ်ပညာဘက်က တိုးတက် နေစေကာမူ စိတ်ဖြစ်စဉ် အမျှင် တန်းနေခြင်းသဘောကိုကား သိနိုင်စွမ်း မရှိပုံကို ဖော်ပြသည်။ မြန်မာ နိုင်ငံမှာသာ အဘိဓမ္မာပိဋကတ်ရော ဝိပဿနာ ကျင့်စဉ်များပါ ထွန်းကားလျက် ရှိကြောင်း ဖော်ပြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ပရိယတ်၊ ပဋိပတ် စွယ်စုံမုံသောက် ထွန်းပေါက်လာသော ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော် ဘုရားကြီး အကြောင်းကို ဂုဏ်ပြု၍ ဖော်ပြသည်။ ဆရာတော်ကြီး ပေါ်ထွန်းလာခြင်း မှာလည်း ဒုလ္လဘ တရား ဖြစ်ပုံကို ပြသည်။ ဆရာတော်ကြီး လက်ထက်ကျမှ ခန္ဓာ ဉာဏ်ရောက် တရား၊ ပဋိစ္စသမုပ္ပါဒ် သံသရာပြတ် တရား၊ ဒိဋ္ဌိပြုတ် သုညတ တရားများ ခေတ်စား လာပုံကို ပြသည်။ ဆရာတော် ဘုရားကြီးသည် ခက်ခဲ နက်နဲ သော တရားများကို လူပြိန်းနားလည်အောင် ဟောကြားတော် မူခဲ့သည်။ ကမ္မ သကတ ဉာဏ်လောက်ဖြင့် လမ်းဆုံး မနေဘဲ သစ္စာ နုလောမိကဉာဏ် ရဖို့ အရေးကြီးကြောင်း ဆုံးမတော်မူခဲ့သည်။ ကုသိုလ် ပြုချင်လျှင် ထိုစိတ်ကိုလည်း ဝိပဿနာ ရှုရမည်။ မဟုတ်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ ဝင်လာနိုင်သည်။

http://www.dhammadownload.com



ထို့နောက် ဆုတောင်း တကျော့ဖြင့် လှူနေကြပုံ များကို ဖော်ပြသည်။ ဘဝ ကောင်းစားရေးကို တောင့်တပြီး လှူနေကြသည်က များသည်။ ဒါန၊ သီလကို ပယ်ခြင်း မဟုတ်၊ သစ္စာ မသိဘဲ ဘုံဘဝကို တောင့်တပြီး လှူဒါန်းခြင်းကိုသာ ပြုပြင်ပေးလိုခြင်း ဖြစ်သည် ဆို၏။ ဘုံဘဝကို တောင့်တပြီး လှူခြင်းသည် အညံ့စား အောက်တန်း ဘဝများကို မှန်းမျှော် လှူဒါန်းခြင်း ဖြစ်သည်။ ဘုရား ပွင့်ပေါ် လာခြင်းသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် အကျိုးငှာသာ ဖြစ်သည်။ ဘုံဘဝကို ကား ဘုရား မပွင့်စဉ်ကလည်း ရခဲ့ကြသည်သာ ဖြစ်၏။ ယခုအခါ မဂ်ဖိုလ် မဆိတ်သုဉ်း သေးပါ။ ဘုရား ပွင့်စဉ် အခါမှာသာ သိအပ်သော တရားများကို သိအောင် ကြိုးစားကြဖို့ တိုက်တွန်း ထားသည်။

ဦးသံဒိုင်က သူသည် ဆရာတော်ကြီး၏ တရားများကို နာကြားရသော အခါမှသာ လူဖြစ်လာခဲ့သည်ဟု ဝန်ခံ ထားသည်။ ထို့ကြောင့် မြန်မာ ဗုဒ္ဓဘာသာ ဝင်များ အနေနှင့် မိုးကုတ် ဆရာတော် ဘုရားကြီး ဟောကြားတော် မူခဲ့သော တရားခွေများကို အထပ်ထပ် နာကြားကြဖို့၊ တရား စာအုပ်များကို ဖတ်ကြဖို့ တိုက်တွန်းသည်။ မိမိကိုယ် မိမိ ကယ်တင်သော အလုပ်ကို လုပ်ကြပါဟု တိုက်တွန်း ထားသည်။

*

## ၁။ ဥစ္စာဓန အင်အား၊ ဆွေမျိုး အင်အားဖြင့် နိဗ္ဗာန် မရောက် မဂ္ဂင်ဖြင့်သာ ရောက်ပုံ

[ ၄-၅-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောကြားသော တရား ]

အနာထပိဏ် သူဌေး အကြောင်းကို ပြောပြီး ဤတရားကို စတင် ဟောကြား ပါသည်။ အနာထပိဏ် သူဌေး နာမကျန်း ဖြစ်ပြီး သေခါနီးမှာ အရှင်သာရိပုတ္တရာ နှင့် အရှင်အာနန္ဒာတို့ အနာထပိဏ် သူဌေး အိမ်ကို သွားပြီး ဝိပဿနာ တရားကို ပြသခြင်း အကြောင်းကို ဟောထားခြင်း ဖြစ်၏။ 'န စက္ခုံ ဝိညာဏံ၊ ဥပါဒါ ယိဿာမိ၊ န စမေ စက္ခု ဝိညာဏံ၊ နိဿိတံ ဝိညာဏံ ဘဝိဿသီတိ ဧဝံဟိ တေ ဂဟပတိ သိက္ခိ တဗ္ဗံ' ပါဠိတော်ကို ကိုးပြီး ဟောထားသည်။ မြင်စိတ်ကို မစွဲလမ်း လျှင် မြင်စိတ်ကြောင့် ဖြစ်သော နောက်ခန္ဓာ မလာတော့ပါ ဆိုသည့် သဘော ဖြစ်သည်။ ဤကား အလုပ် လုပ်ပုံ၊ တရား အားထုတ်ပုံကို ပြသော တရား ဖြစ်သည်။ မြင်စိတ်ကို မစွဲလမ်းနှင့် ဆိုသည်မှာ မြင်စိတ် ပေါ်လျှင် မြင်စိတ်ကို

http://www.dhammadownload.com



ဖြစ်ပျက် အနိစ္စ ရှုဖို့ကို ဆိုခြင်း ဖြစ်၏။ [နှာ–၆] မြင်စိတ် အနိစ္စ ဖြစ်သွားတော့ နောက်က လိုက်မည့် တဏှာ၊ ဥပါဒါန် ကံတွေ ချုပ်သွားကြသည်။ ဝိပဿနာဉာဏ် လိုက်တော့ ကံဖြတ်ချလိုက်သည်ဟု ပြထားသည်။ [နှာ–၇] ကံဖြတ်မှ အရိယာ ဖြစ်နိုင်သည် ဆို၏။ မြင်စိတ် ပေါ်စဉ် မြင်စိတ်လည်း ဖြစ်ပြီး ပျက်သော ဓမ္မပဲဟု ဝိပဿနာ ရှုလိုက်ရမည်။ မရှုလိုက်မိ ပါက မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ မရ ရအောင် အားထုတ်မည်ဟု ပဋိစ္စသမုပ္ပါဒ် ဆက်သွားသည်။ [နှာ–၉]

ကြားစိတ် ပေါ်လျှင်လည်း ဖြစ်ပျက် ရှုရမည်။ ဒါ အလုပ် သင်နေတာပဲဟု ဆိုသည်။ [နှာ–၁၁] ကုသိုလ်စိတ် ပေါ်လျှင်လည်း ထိုစိတ်ကိုပါ ဖြစ်ပျက် ရှုရမည်။ [နှာ–၁၂] ကာမာဝစရ ကုသိုလ်ဆို ဖြစ်ပျက် ရှုပစ်ရမည်။ မဂ်ကုသိုလ် ကိုသာ မရှုဘဲ ထားရမည်။ 'ဝိတရဂ စိတ္တံ၊ ဝိတရဂ စိတ္တန္တိ ပဇာ နာတိ' အရ ကုသိုလ်စိတ် လာလျှင်လည်း ဖြစ်ပျက် ရှုရမည်။ ဤတွင် ဆရာတော်ကြီးက ရိုးရာ အမြင်ကို ပြောင်းလဲ ပေးသည်။ ရိုးရာက ကုသိုလ် ပွားရမည်ဟု ဆိုသည်။ တရားသဘောက ကုသိုလ်ကိုလည်း ဖြတ်ရမည်။ မဂ်ကိုသာ ပွားရမည်ဟု ပြုပြင် ပေးသည်၊ [နှာ–၁၃] ကုသိုလ်ကို ပွားခြင်းသည် ဇာဂ နုသယပဲ ဖြစ်သည်။ သမထပဲ ဖြစ်သည်။ ဝိပဿနာ မဖြစ်ပါ။

ထို့ကြောင့် ထိုအလောဘ စေတနာ ကုသိုလ်စိတ် ကိုလည်း ဖြစ်ပျက် ဝိပဿနာ ရှုရမည်ဟု ဆိုသည်။ [နှာ–၁၄] ဘုရားက ကုသိုလ်ကံကိုရော၊ အကုသိုလ် ကံကိုရော ပယ်သည်။ 'ကုသလံ ကုသလံ ဇဟံ' ကုသိုလ်ကလည်း နတ်ရွာ သုဂတိ အကျိုးပေးသည်။ အကုသိုလ်ကလည်း အပါယ်ကို အကျိုးပေးသည်။ မဂ်ဉာဏ်ဖြင့် ထိုနှစ်ခုစလုံးကို စွန့်ပစ်ရမည်။ [နှာ–၁၇] အဒေါသ စေတနာ၊ မေတ္တာစိတ် ပေါ်လည်း ဖြစ်ပျက် ရှုပစ်ရမည်။ [နှာ–၁၈] ဘုရားက အဒေါသ စေတနာ၊ မေတ္တာ၊ ဘာဝနာကို မကြိုက်သော်လည်း ဤမျှလောက်နှင့်သာ ထိုက်တန် သူများ အကျိုးအတွက် ဤမေတ္တာ ဘာဝနာ တရားကိုလည်း ဟောတော်မူ ရသည် ဟု ဆိုသည်။ [နှာ–၁၈] မေတ္တာ လာလည်း ဝိပဿနာ မရှုဘဲ ထားလျှင် ပဋိစ္စ သမုပ္ပါဒ် တန်းသွားပုံကို ရှင်းပြသည်။ ကလေးတစ်ယောက် မိခင်က လမ်းပေါ် ပစ်ထားခဲ့၍ တက်မတက် ငိုနေသည်ကို မြင်သဖြင့် သနားရာက ပစ်ထားခဲ့သော မိခင် အပေါ် ဒေါမနဿ ဖြစ်ရာက သောက ပရိဒေဝ ဖြစ်သွားပုံကို ပြသည်။ [နှာ–၂၀] မိန်းမတွေ လျှာရှည်၍ ပဋိစ္စ သမုပ္ပါဒ် ရှည်သွားရတာဟု ဝေဖန် ထားသည်။ ဒါကြောင့် မေတ္တာစိတ် ပေါ်လည်း ရှုပစ်ရမည်။

http://www.dhammadownload.com



ထို့နောက် စိတ္တာနုပဿနာ ရှုပုံကို ပြသည်။ အနာထပိဏ် သူဌေးကြီးကို အရှင်သာရိပုတ္တရာ ဟောပုံ ဖြစ်သည် ဆို၏။ [နှာ-၂၄] မစွဲလမ်းလျှင် နောက်ခန္ဓာ မလာကြောင်း ဖြစ်သည်။ အရှင်သာရိပုတ္တရာက ရှေ့ဆက် ဟောပုံကိုလည်း ပြသည်။ ဟိုဘဝ သည်ဘဝ စုန်ချည် ဆန်ချည် အမောဆိုက်မှုကို ဆုမတောင်းကောင်းကြောင်း ပြသည်။ *[နှာ-၂၆]* ကမ္မ သကတ ဉာဏ်လောက် သိသဖြင့် ဝိပဿနာဉာဏ် ဟိုဘဝ သည်ဘဝ စုန်ချီ ဆန်ချီ အမော ဆိုက်မှုကို ဆုမတောင်းကောင်းကြောင်း ပြသည်။ [နှာ-၂၆] ကမ္မ သကတ ဉာဏ်လောက် သိသဖြင့် ဝိပဿနာဉာဏ် မရှိသဖြင့် ဘဝ ကောင်းစားရေးကို ဆုတောင်းတာ အပြစ် မဆိုကြောင်းလည်း ဆရာတော်က ဖြေသိမ့် ထားသည်။ ယခု ဟောနေသော တရားက ကံပြတ်တရား ဖြစ်သည်။ ဘာပဲ လှူလှူ လက်ရှိ ဝဋ်ဒုက္ခမှ ကျွတ်ရပါလို၏ ဆိုပြီးသာ လှူပါဟုလည်း တိုက်တွန်းသည်။ လက်ရှိ ဒုက္ခသစ္စာ ခန္ဓာကြီး ရှိလျက်နှင့် နောက်ဒုက္ခ ခန္ဓာကို ဆုမတောင်းကောင်းဟု သဘော ပါအောင် ဟောသည်။ [နှာ-၂၈] လက်ရှိ ခန္ဓာ ဒုက္ခသစ္စာ မမြင်တာ တစ်ဖက်ကန်း၊ နောက်ဒုက္ခကို မမြင်တာက စုံလုံးကန်း ဖြစ်သွားပြီဟု ဆိုသည်။

ထို့နောက် အရှင်ရာဟုလာလောင်း ဆရာမှား ရသေ့ကို ကိုးကွယ်မိ၊ ယုံစားမိ၍ နဂါးပြည်မှာ နဂါးကြီး သွားဖြစ်ပုံ ဝတ္ထုကို ထုတ်ပြသည်။ [နှာ-၃၀] ဥပရိပဏ္ဏာသမှာ လာသော တရားကို ဖော်ပြပြီး သတ္တဝါ တစ်ဦးမှာ အပြစ် အကြီးဆုံး သင့်တာ ဘာလဲ ဆိုလျှင် သေပြီးလျှင် နောက်ဘဝမှာ ပဋိသန္ဓေ ရတာ အဆိုးဆုံး၊ အပြစ် အကြီးဆုံး ဖြစ်ကြောင်း ထပ်ဟောသည်။ (ရှေ့မှာ ဤတရားကို နှစ်ကြိမ် ဟောဖူးခဲ့ပြီ။) ဒီဘဝ စုတိရတာလည်း ဒုက္ခ၊ နောက်ဘဝ ပဋိသန္ဓေ နေရတာလည်း ဒုက္ခ၊ ဒုက္ခပြီး ဒုက္ခ ဆက်ရတာဟာ အပြစ် အကြီးဆုံးဟု ဆိုသည်။ [နှာ-၃၂] (ဆန္ဒသုတ်)

ယခု ဟောနေတာက အနာထပိဏ္ဍိကကောဝါဒသုတ် ဖြစ်သည်။ အနာထပိဏ် သူဌေးကြီးက သေခါနီး မျက်ရည် ကျသည်။ အရှင်အာနန္ဒာက သောတာပန်ပဲ ရှိသေးတော့ အဖြစ်မှန်ကို မသိဘဲ သားသမီး၊ ပစ္စည်း ဥစ္စာတွေနှင့် ခွဲရသဖြင့် ဝမ်းနည်းပြီး မျက်ရည် ကျသည်ဟု ထင်သည်။ အနာထပိဏ်လည်း သောတာပန် ဖြစ်သည်။ ထို့ကြောင့် သူ့ကို ပစ္စည်း ဥစ္စာနှင့် ခွဲရမှာမို့ မျက်ရည် ကျသည် မထင်ပါနှင့် မိမိသည် ဘုရားနှင့် တစ်သက်လုံး ရင်းနှီးစွာ နေခဲ့ပါလျက် ဤမစွဲနဲ့ ဆိုသော တရားကို မကြားဖူးခဲ့ကြောင်း ပြောသည်။ *[နှာ-၃၃]* ခုမှ

http://www.dhammadownload.com



နာရသည်။ ဤတရားကား ရဟန္တာ ဖြစ်နိုင်သော တရား ဖြစ်သည်။ ဤတရားကို ရှေးက မနာရဘဲ ခုမှ နာရသည့်အတွက် ဝမ်းနည်းပြီး ငိုမိပါကြောင်း လျှောက်ထားသည်။ အနာထပိဏ် သူဌေးကြီးလည်း မစွဲနှင့် ဆိုသော ဤတရားကို နာရင်း၊ ခန္ဓာကို ဖြစ်ပျက် ရှုရင်း စုတိစိတ် ကျပြီး သေသွားသည်။ တုသိတာ နတ်ပြည်မှာ နတ်သား သွားဖြစ်သည်။ အထက်မဂ်တွေ မရလိုက်ခင်မှာ အသေက ဦးသွားသည်။ နတ်ပြည် ရောက်ပြီး နတ်ခန္ဓာနှင့် နတ်ဗိမာန်၊ နတ်စည်းစိမ်တွေကို ကြည့်ပြီး သူ့စိတ်ထဲမှာ လုံ့မိုက်တို့ရဲ့ ပျော်စရာတွေပါလားဟု တွေးမိသည် ဆို၏။ [ နှာ-၃၆ ] နတ်ပြည်ရောက်ပြီးမှ ထိုညနေ လူ့ပြည်ကို ပြန်ဆင်းသည်။ ဘုရားရှင်အား သွားရောက် ဖူးမြော်သည်။ ဘုရားအား အောက်ပါ ဂါထာဖြင့် လျှောက်ထားသည်။

'ကမ္မံ ဝိဇ္ဇာစ ဓမ္မောစ၊ သီလံ ဇီဝိတ မုတ္တမံ။

ဧတေန မစ္စာ သုဇ္ဈန္တိ၊ နဂေါတ္တေန ဓနေ နဝါ။'

အဓိပ္ပာယ်မှာ 'အရှင်ဘုရား ပစ္စည်း ပေါသဖြင့်လည်း နိဗ္ဗာန်ကို မရောက်နိုင်ပါ။ အမျိုးအနွယ် ကောင်းသဖြင့်လည်း နိဗ္ဗာန်ကို မရောက်နိုင်ပါ။ မဂ္ဂင်ဖြင့်သာလျှင် နိဗ္ဗာန်ကို ရောက်နိုင်ပါသည် ဘုရား' လို့ လျှောက်ထားခြင်း ဖြစ်သည်။ [ နှာ-၃၇ ] အနာထပိဏ် နတ်သား လျှောက်ထားသော စကားကို မြတ်စွာ ဘုရားကလည်း မှန်ကြောင်း ထောက်ခံတော် မူသည်။ နံနက်တွင် ဘုရားက အရှင်အာနန္ဒာကို ညက နတ်သား တစ်ယောက် သူ့ထံသို့ လာကြောင်း ပြောသောအခါ အရှင်အာနန္ဒာက အနာထပိဏ် နတ်သား မဟုတ်လား ဘုရားဟု ပြန်မေးသည်။ ဘုရားက ဟုတ်ကြောင်း ပြောပြီး နတ်သား ပြောသွားသော စကားများကို ပြန်ပြောပြသည်။

ထို့ကြောင့် ပစ္စည်း ပေါသဖြင့်လည်း နိဗ္ဗာန် မရောက်ကြောင်း၊ အမျိုးအနွယ် ကောင်းသဖြင့်လည်း နိဗ္ဗာန် မရကြောင်း၊ မဂ်အလုပ်၊ ဝိပဿနာ အလုပ်ကို လုပ်မှ သာလျှင် နိဗ္ဗာန်ကို ရသဖြင့် ဖြစ်ပျက် ရှုမှုကို အရေး ထားအပ်ကြောင်း ဆရာတော်ကြီးက အသားပေး ဟောတော်မူလေသည်။ အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၂။ ဆန္နောဝါဒသုတ် (ဥပရိပဏ္ဏာသ)

[ ၅-၅-၆၂ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောကြားသောတရား ]

ယနေ့ တရားတစ်ပုဒ် ပြောင်းပြီး ဟောမည်ဟု အစချီ၍ ဤတရားကို ဟောသည်။ အရှင်သာရိပုတ္တရာနှင့် အရှင်စုန္ဒတို့ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံး

http://www.dhammadownload.com



နေစဉ် တစ်နေ့သ၌ ထိုအရှင်မြတ် နှစ်ပါး တိုင်ပင်ပြီး ဂိဇ္ဈကုဋ် တောင်ခြေမှာ သီတင်းသုံးနေသော အရှင်ဆန္န မကျန်းမမာ ဖြစ်နေသည်ကို လူနာကြည့် သွားကြလေသည်။ အရှင်ဆန္နကို လူနာမေး သွားကြသောအခါ အရှင်ဆန္နက သူ့ ရောဂါ အခြေအနေ ဆိုးနေသဖြင့် ဝေဒနာကို မခံမရပ်နိုင်အောင် ခံစား နေသည့် အတွက် မိမိ လည်ပင်းကို သင်တုန်းဓားဖြင့် လှီးပြီး သေလိုကြောင်း ပြောလေသည်။ အရှင်ဆန္န ဤသို့ ပြောခြင်းမှာ သူ့ကိုယ်သူ ရဟန်းကိစ္စ ပြီးနေပြီး နောက်ထပ် ပဋိသန္ဓေ မနေရတော့ဘူး ထင်ပြီး ပြောခြင်း ဖြစ်၏။ အရှင် သာရိပုတ္တရာနှင့် အရှင်စုန္ဒတို့က အရှင်ဆန္န ကိစ္စ မပြီးသေးကြောင်း သိကြသည်။

ထို့ကြောင့် လည်ပင်းကို ဓားဖြင့် လှီးဖြတ်ပြီး မသေရန် ဖျောင်းဖျ ပြောဆိုကြလေသည်။ အမှန်မှာ အရှင်ဆန္နသည် ဝိပဿနာ ဉာဏ်ဖြင့် ဖြစ်ပျက် မြင်ရုံပဲ ရှိသေးသည်။ သို့သော် သူ့ စိတ်က နိဗ္ဗာန်ကို မြင်နေပြီဟု ထင်နေလေ သည်။ [နာ-၄၇] လောကုတ္တရာ မဂ်ကို ရပြီးပြီဟု ထင်နေသည်။ ထိုအခါ အရှင်စုန္ဒက 'နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ' အစရှိသော ဂါထာကို ဟောလေသည်။ မှီလျှင် လှုပ်သည်။ မမှီလျှင် မလှုပ် ဆိုသော သဘော ကို ဟောခြင်း ဖြစ်သည်။ ရဟန်းကိစ္စ မပြီးသေးမှန်း သိ၍ ပြန်ပြီး အားထုတ် စေချင်၍ ဟောခြင်း ဖြစ်သည်။ ဝေဒနာတွေ ခံစားနေရတာ ကြာတော့ မခံစားချင်သော ခန္ဓာခင်မှု တဏှာ ရှိသေးကြောင်း သိသည်။ ခန္ဓာကို ခင်မှုကြောင့် စိတ်ပျက်သည့် သဘော ရှိကြောင်းသိသည်။ [နာ-၅၁] ခန္ဓာကို မှီနေ၍ လှုပ်ခြင်း ဖြစ်ကြောင်း သိသည်။ အရှင်ဆန္နသည် ပုထုဇဉ်ပဲ ရှိသေးကြောင်း သိသည်။ ကိုယ့်လည်ပင်းကို ဓားနှင့်လှီးပြီး သတ်သေလိုခြင်းမှာ ခန္ဓာကို ခင်မှု ရှိသော ကြောင့် ကြံမိကြံရာ ကြံခြင်း ဖြစ်သည်။ မှီ၍ လှုပ်နေခြင်းပဲဟု သိကြသည်။ ခန္ဓာကို မှီနေသော တဏှာ သေမှသာ မလှုပ်တော့ဘူး။ ရဟန္တာ ဖြစ်ပြီး ဖြစ်ပါက မလှုပ်တော့ပါ။ သူ့မှာ ခန္ဓာကို ခင်သော တဏှာ၊ ဝေဒနာတွေကို မခံစားချင်၊ သက်သာချင်သော တဏှာ ရှိသောကြောင့် စိတ်လှုပ်ရှားခြင်း ဖြစ်၏။

သူ ရဟန္တာ မဟုတ်သေးကြောင်း သိကြသည်။ ခန္ဓာကို မှီသော တဏှာ ရှိသူတိုင်း လှုပ်ကြပုံများကို သရုပ်ဖော်၍ ဟောသည်။ ခန္ဓာကို မှီသောသူတွေ ကြောင့် လှုပ်သည်။ ပစ္စည်း ဥစ္စာကို မှီသောသူ ပစ္စည်း ဥစ္စာကြောင့် လှုပ်သည်။ သားသမီးကို မှီသောသူ သားသမီးကြောင့် လှုပ်သည်။ ပုထုဇဉ်သည် လှုပ်သည်။

http://www.dhammadownload.com



ရဟန္တာသည် ဘာကိုမှ မမှီတော့သဖြင့် မလှုပ်တော့ပါ။ လောဘ တဏှာကြောင့် လှုပ်သောသူမှာ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ သွားတော့သည်။ ဒေါသကို မှီ၍ လှုပ်သောသူမှာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသို့ သွားသည်။ မောဟကို မှီ၍ လှုပ်သူမှာ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ ပဋိစ္စ သမုပ္ပာဒ် လည်သွားပုံကို ပြသည်။ [နာ-၆၈] လှုပ်လေ မြုပ်လေပဲဟု လိုရင်း တိုရှင်း ဟောသည်။ [နာ-၆၉] မလှုပ်မှ နေရာကျသည်ဟု ဟောသည်။ 'ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ' လောကဓံနှင့် တွေ့သောအခါ အကြင် ပုဂ္ဂိုလ်၏ စိတ်သည် မလှုပ်တော့ပါ။

ထိုအခါ 'အာသောကံ၊ ဝိရဇံ' စိုးရိမ်ခြင်း မရှိတော့ပါ။ ကိလေသာ နှင့် အဆက်အစပ် မရှိတော့ပါ။ ထိုစိတ်သည် တဏှာ ဒိဋ္ဌိကို မမှီသောစိတ် ဖြစ်သွားပြီ။ ဝိပဿနာ ရှုသောသူသည် မလှုပ်တော့ပါ။ မရှုသောသူမှာ လှုပ်သည်။ ဤအကြောင်းကို ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၃။ အနာထပိဏ် သူဌေး နာကြား သွားရသည့် နောက်ဆုံး တရား

[ ၄-၅-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောကြားသော တရား ]

(အမှတ်စဉ် (၁) တရားကိုလည်း မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ၄-၅-၆၂နေ့က ညအလုပ်ပေး တရား အဖြစ် ဟောသည်။ ယခု အမှတ် (၃) တရားကိုလည်း ထိုမြို့မှာပင် ၄-၅-၆၂ နေ့စွဲဖြင့် ညအလုပ်ပေး တရား အဖြစ် ဖော်ပြ ထားပြန်သည်။ တစ်ညထဲ ၂ပုဒ် ဟောတော်မူသလား။ စဉ်းစားစရာ ဖြစ်သည်။ အမှတ် (၂) တရားမှာ ၅-၅-၆၂နေ့စွဲဖြင့် ဟောထားပြန်သည်။ ထို့ပြင် မာတိကာ၌ အမှတ် (၃) တရားကို 'ဆန္ဒောဝါဒသုတ် (၂)၊ အနေမှားနေကြ ရင် အသေမှားလာ လိမ့်မည်' ခေါင်းစဉ်ဖြင့် ဖော်ပြပြီး အတွင်း စာသား၌မူ အထက်ပါ ခေါင်းစဉ် ဖြစ်နေပြန်သည်။ အကွဲကွဲ အပြားပြား ဖြစ်နေသည်။ ဘာစင်အောင် တည်းဖြတ်ဖို့ ကောင်းပါသည်။)

*

'နိဿိတဿ စလိတံ' မိမိ ခန္ဓာ သူတစ်ပါး ခန္ဓာ၌ တဏှာ၊ မာန၊ ဒိဋ္ဌိဖြင့် မှီနေသော ပုဂ္ဂိုလ်အား အကြောင်းရှိက လှုပ်သည်ဖြစ်၏ ဆိုသော စကားဖြင့်

http://www.dhammadownload.com



အစချီ၍ ဤတရားကို ဟောပါသည်။ အရှင်ဆန္န ရဟန္တာ မဟုတ်မှန်း သိ၍ အရှင်စန္န ဟောသော တရား ဖြစ်၏။ မမိုသော ပုဂ္ဂိုလ်သည် မလှုပ်ကြောင်းလည်း ပြသည်။ လှုပ်တယ်ဆိုတာ ဘာလဲ။ ပဋိစ္စ သမုပ္ပာဒ် ဆက်ပြီး တန်းသွားခြင်း သဘောကို ဆိုလိုသည် ဆို၏။ [နှာ-၇၇] ပဋိစ္စ သမုပ္ပာဒ် ဆက်ပြီး တန်းသွားသည်ဟု ဆိုခြင်းမှာ တစ်ဘဝနှင့် တစ်ဘဝ၊ ဒုက္ခပြီး ဒုက္ခ ဆက်သွားခြင်း သဘောကို ဆိုခြင်း ဖြစ်၏။ ခန္ဓာအပေါ် တဏှာ၊ မာန၊ ဒိဋ္ဌိ ပြုတ်သွားသော ပုဂ္ဂိုလ်၊ မမိုသော ပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်သွားပြီ ဖြစ်၏။ သူ့မှာ ဒုက္ခတွေ အကုန် ချုပ်သွားပြီ။ [နှာ-၇၈]

အရှင်ဆန္နသည် ဒေါသလည်း ကြီး၊ မာနလည်း ကြီးသော ပုဂ္ဂိုလ် ဖြစ်၏။ ထို့ကြောင့် အရှင်သာရိပုတ္တရာတို့ ညီနောင်နှစ်ပါး ပြန်သွားကြသောအခါ အရှင်ဆန္နသည် သူ့လည်ပင်းကို သင်တုန်းဓားဖြင့် လှီးပြီး သေကြောင်း ကြံစည်တော့သည်။ ထိုအခါ ဂတိနိမိတ်တွေ ထင်လာသည်။ လှုပြည်၊ နတ်ပြည် နိမိတ်တွေ ထင်လာသည်။ ထိုအခါကျမှ အရှင်ဆန္နသည် မိမိ ရဟန္တာ မဟုတ်သေးကြောင်း ရိပ်မိသွားသည်။ သူ လွဲသွားပြီဟု နားလည်လိုက်သည်။ ရဟန္တာ ဖြစ်ပါက ဂတိနိမိတ်များ မထင်လာ ဘဲ နိဗ္ဗာန်ကိုပဲ မြင်ရမည်။ ဤတွင် သူ နိဗ္ဗာန် မမြင်သဖြင့် လွဲပြီဟု သိလိုက်သည်။ ဤတွင် ဆရာတော်က လူများကို ဝိပဿနာ လက်မလွှတ်ကြဖို့ ကြားဖြတ် တိုက်တွန်းသည်။ 'လုပ်လည်းလုပ်၊ စားလည်း စား၊ တရားလည်း လက်မလွှတ်နှင့်' ဟု မှာသည်။ [နှာ-၈၄]

ဒကာ၊ ဒကာမများမှာ မဂ်ပဲ အကူအညီ ရှိသည်။ ဝိပဿနာ မဂ်၊ ပြီးတော့ လောကုတ္တရာ မဂ်ပဲ ဖြစ်သည်။ [နှာ-၈၅] ဒါဖြင့် ရေနစ်မှ ဖောင်မရှာနှင့်။ မနစ်ခင်က ဖောင်ရှာထားပါဟု ဆုံးမ ထားသည်။ ယော်ရွယ်စဉ်၊ ကျန်းမာစဉ် ဝိပဿနာ လုပ်ဖို့၊ ကြီးမှ၊ ၈၀ ကျော်မှ ဝိပဿနာ လုပ်လျှင် ဖြစ်ပျက် မြင်ဖို့ပင် မလွယ်ကြောင်း သာဓက ပြပြီး ဟောသည်။ [နှာ-၈၆] ထို့နောက် အရှင်ဆန္န အကြောင်းကို ပြန်ဟောသည်။ အရှင်ဆန္န လည်ပင်းကို သင်တုန်းဓားနှင့် လှီးပြီး သူ ရဟန္တာ မဖြစ်သေးကြောင်း သိမှ သူ နဂိုက လုပ်ဆဲ ဝိပဿနာ ဖြစ်ပျက်ကို ပြန်ရှု လိုက်သည်။ ဝိပဿနာ ရှုရင်းဖြင့် စုတိစိတ် မကျမီ ရဟန်းကိစ္စ ပြီးသွားသည်။ ရဟန္တာ အဖြစ်ဖြင့် သူ ပရိနိဗ္ဗာန် စံသွားသည်။ [နှာ-၈၇] နဂိုက ဝိပဿနာ လုပ်ထားသော ပုဂ္ဂိုလ် ဖြစ်၍သာ ဤသို့ အားထုတ်လိုက်နိုင်ခြင်း ဖြစ်၏။ အာစိဏ္ဏကံ ဖြစ်အောင် လုပ်မထားသော ပုဂ္ဂိုလ်မှာ ထိုသို့ သေခါနီး ကပ်ပြီး ရှုတတ်မည် မဟုတ်ပါ။ အရေးကြီးသော ကိစ္စကို အရင် လုပ်ထားဖို့ ဟောသည်။ လူတွေက

http://www.dhammadownload.com



စီးပွားရေး၊ ကြီးပွားရေးကိုသာ ရှေ့တန်းတင် နေကြပြီ ဝိပဿနာ ကိစ္စကို နောက်ထား နေခြင်းမှာ မှားကြောင်းကို ပြသည်။ [နာ-၉၁] အသေ စိတ်ချရသည့် ကိစ္စကို အရင် ဦးစားပေး လုပ်ထားသင့်ကြောင်း ဟောသည်။

ထို့နောက် လူ့ဘဝ ရခဲပုံ၊ မဂ်ပညာကို ရခဲပုံကို ကာရက် သုံးဆယ်လောက် ရှိသော လည်သီးကျောက် ဥပမာ၊ လိပ်ကန်း ထမ်းပိုးပေါက် ဥပမာ ဝတ္ထုများဖြင့် ဟောသည်။ ရထားသော လူ့ဘဝသည် ရခဲပုံ၊ အဖိုးတန်ပုံကို ပြသည်။ ထိုလူ့ဘဝကို တဏှာ ခိုင်းသမျှ လုပ်ရင်း အချိန်ကုန်ခံ သွားပါက နစ်နာပုံများကို ဟောသည်။ ဘဝကို အလွဲသုံးစား လုပ်ရာ ကျပုံကို ပြသည်။ ဝိပဿနာ အလုပ်ကသာ လိုရင်း ပဓာန အလုပ် ဖြစ်ပုံကို ပြသည်။ [နာ-၉၈] ထို့နောက် အယူအဆ ပြုပြင်ရေး တရားများကို ဟောပြန်သည်။ လူတွေက လူ့ အောက်ကျမှာ ကြောက်ကြသည်။ ဆရာတော် လူ့အောက် ကျမှာထက် အပါယ်အောက် ကျမှာ ပိုပြီး ကြောက်မိကြောင်း ဟောသည်။ [နာ-၁၀၃]

ထို့နောက် အရှင်ဆန္န သေခါနီးကျမှ ဂတိ နိမိတ်တွေ ထင်လာသည်ကို ကြောက်ပြီး ဝိပဿနာမဂ် အလုပ်ကို ကပျာကယာ လုပ်လိုက်သည်။ သူ ရဟန္တာ ဖြစ်သွားရသည်။ [နာ-၁၀၅] ဤတွင် ဆရာတော်က ဝိပဿနာ အလုပ်ကို အပြတ် လုပ်သောသူမှာ ယခု သောတာပန် မဖြစ်လည်း သေခါနီးမှာ သောတာပန် ဖြစ်နိုင် ကြောင်း ပြသည်။ [နာ-၁၀၆] ဝိပဿနာ အာစိဏ္ဏကံ ဖြစ်ဖို့ပဲ လိုသည်။ အရှင်သာရိ ပုတ္တရာက အရှင်ဆန္နအကြောင်းကို ဘုရားအား လျှောက်ထားသည်။ ဘုရားက သူ ရဟန္တာ ဖြစ်ပြီး သေသွားပြီဟု မိန့်တော်မူသည်။ နောက် ပဋိသန္ဓေ မနေတော့ဘူး ဟုလည်း မိန့်တော်မူသည်။

ထို့နောက်မှ ဝိပဿနာ ရှုပုံကို သွင်းလာသည်။ ဝိပဿနာ အလုပ်ကို မပြတ်အောင် လုပ်နေသူမှာ သေခါနီး သောတာပန် ဖြစ်နိုင်ပုံကို ပြသည်။ ထို့နောက် ထုံးစံအတိုင်း သားရေး၊ သမီးရေး၊ စီးပွားရေးကို နောက်ထားရန်၊ သောတာပန် ဖြစ်ရေးကို ရှေ့ထားရန် မှာကြားသည်။ [နာ-၁၁၁] ထို့နောက် ယခုဘဝ စုတိပြီး နောက်ဘဝ ပဋိသန္ဓေ နေခြင်းသည် အပြစ်အကြီးဆုံး သင့်ခြင်း ဖြစ်ကြောင်း ထပ်မံ ဟောပြန်သည်။ 'နိရောဓံ ဒိသွာ၊ နိရောဓံ အဘိညာယ' ပါဠိတော် အရ ဖြစ်ပြီး ပျက်တာကို မြင်သောသူအား ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု မစွဲလမ်းတော့ ကြောင်းကို ရှင်းပြ ထားသည်။ ဤသို့ မြင်သော ပုဂ္ဂိုလ်အား မသေခင် နိဗ္ဗာန် မြင်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရပုံကို ဟောရင်း အချိန်စေ့၍ တရားကို နားလိုက်သည်။

*

http://www.dhammadownload.com



## ၄။ ဣန္ဒြေ လုံမြဲအောင် စောင့်နည်း (၁) ဥပရိပဏ္ဏာသ ဣန္ဒြိယ ဘာဝနာသုတ်

[ ၅-၅-၆၂ နေ့ ညတွင် မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

**(ယခင် အမှတ်စဉ်(၂) တရားသည်လည်း ၅-၅-၆၂ နေ့စွဲဖြင့် ဟောကြောင်း ပြထားသည်။ ညအလုပ်ပေး တရားပင် ဖြစ်သည်။)**

ဝိပဿနာ အလုပ်ဆိုတာ ဒုက္ခ သိမ်းတဲ့ အလုပ်ပဲ မှတ်ပါ အစချီ၍ ဤတရားကို ဟောသည်။ ဒုက္ခ သိမ်းတဲ့ အလုပ်ကို မလုပ်သော ပုဂ္ဂိုလ်မှာ ဒုက္ခပဲ ပြန်တွေ့ရမည်ဟု ဆိုသည်။ ဝိပဿနာ မပါသော ဒါနကို လုပ်လျှင် ဒုက္ခ ကလေးနှင့် ဒုက္ခကြီး လဲသလိုသာ ဖြစ်သည်ဟု ဆိုသည်။ ဒုက္ခ သစ္စာကို မြင်သော ပုဂ္ဂိုလ်သည်သာ ဒုက္ခမှ ကျွတ်ရာကို ရောက်နိုင်သည်။ ဤသို့ လုပ်ရာတွင် သိမှုကို ရှေ့ထား၊ လုပ်မှုကို နောက်ထားမှသာ အမှန်ကို ရောက်နိုင်သည်ဟု လမ်းညွှန်တော် မူသည်။ ယခု လူတွေ လုပ်နေတာက အလွဲချည်းပဲဟု ဆိုသည်။ ဒုက္ခ သစ္စာကို သိမှသာလျှင် ပဋိစ္စ သမုပ္ပါဒ် ပြတ်သည်။ ပဋိစ္စ သမုပ္ပါဒ် ပြတ်အောင် လုပ်သော ပုဂ္ဂိုလ်သည် ဒုက္ခကို ကြောက်သော ပုဂ္ဂိုလ်၊ နိဗ္ဗာန်ကို လိုချင်သော ပုဂ္ဂိုလ် ဖြစ်သည်။ ဆရာတော်၏ မှတ်ချက် ဖြစ်သည်။ ဒုက္ခ ပြတ်မှ နိဗ္ဗာန်ရမှာ ဆိုတော့ ဒုက္ခ နိရောဓော ဟောတိ ဖြစ်အောင် လုပ်ရမည် ဆိုသည်။ [နှာ-၁၂၀] ဒုက္ခ ပြတ်အောင်၊ ချုပ်အောင် မလုပ်တတ်လျှင် ဒုက္ခ သမုဒယော ဟောတိ- ဒုက္ခ ဖြစ်ကြောင်းချည်း လုပ်နေမည် ဖြစ်၏။ ဒုက္ခ ဖြစ်ကြောင်း တွေကိုသာ လုပ်နေသူများကို ဆရာတော်က စုံလုံးကန်း လမ်းသွားတွေဟု ခေါ်သည်။ [နှာ-၁၂၁] ဒုက္ခ မပြတ်တတ်ကြတာ ဘာကြောင့်လဲ မေးလျှင် ဒုက္ခသစ္စာကို မသိလို့ဟု ဖြေသည်။ ဒုက္ခ သစ္စာကို မသိသူသည် ပဋိစ္စ သမုပ္ပါဒ် ဆက်ကြောင်းပဲ လုပ်တတ်သည်။

ဒါကြောင့် မင်းတို့ မျက်လုံး ဖွင့်မှာကို သိပ် ကြောက်သည်ဟု ဆိုသည်။ မျက်လုံး ဖွင့်လိုက်သည်နှင့် မြင်လျှင် နှစ်သက်၊ နှစ်သက်လျှင် လိုချင်၊ လိုချင်လျှင် စွဲလမ်း၊ စွဲလမ်းလျှင် မရ ရအောင် လုပ်သည်။ ကံတွေ ဆက်ဖြစ်သွားသည်။ ကမ္မဘဝ ပစ္စယာ ဇာတိ၊ အပါယ် ဇာတိ ဖြစ်သွားပြီ။ ဒုက္ခ သစ္စာကို ရပြီ။ ထို့ကြောင့် မျက်လုံး ဖွင့်မှာကို ကြောက်သည်ဟု ဆိုခြင်း ဖြစ်သည်။ မျက်လုံး ဖွင့်လျှင် ဒုက္ခ ရောက်မှာ မြင်သောကြောင့် ပြောရသည်။ [နှာ-၁၂၃] နားစွင့်၍ မကြားချင်တာ ကြားရလျှင်လည်း ဒေါသ ဖြစ်သည်။ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသတွေ အကုန် ဆက်ဖြစ်သည်။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာကို ဆက်သွားသည်။ အသံ ကြားပြီး ပဋိစ္စ သမုပ္ပါဒ်စက် လည်သွားပုံကို ပြသည်။

http://www.dhammadownload.com



မျက်လုံးပေါက်၊ နားပေါက်က မြင်သမျှ၊ ကြားသမျှ ပဋိစ္စ သမုပ္ပာဒ် လည်သွားတာ အပါယ်ကျမှ ရပ်သည်ဟု ပြသည်။ [နာ-၁၂၆]

ထို့နောက် ဒါနကို အားမကိုးသင့်ကြောင်း ဟောသည်။ လုပ်ထားတာတွေနှင့် လျှုတာနှင့် မမျှပုံကို ပြသည်။ [နာ-၁၂၇] ထမင်းစားရင်း ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ ဖြစ်သွားတာ သီလပျက်လို့ မဟုတ်ဘူး။ ဘာဝနာ ပျက်၍ ဖြစ်ကြောင်း ရှင်းထားသည်။ [နာ-၁၂၈] ဒွါရ ခြောက်ပေါက်မှာ ပေါ်သမျှ ဖဿကို မသိမ်းတတ်၊ မဆည်းတတ်၊ မရှုတတ်လျှင် အပါယ်ချည်း ပို့ပုံကို ပေါ်အောင် ပြသည်။ တရား အပုဒ်တိုင်းမှာ ပြနေကျ အတိုင်း ပြသည်။ ပထမပိုင်းတွင် အမှား ပြင်သော တရား ဖြစ်သည်။ အတွေးစိတ်ကြောင့် တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်ပုံများကို ဟောပြီး ဘုရားက သစ္စာ သံယုတ်မှာ ကာမဝိတက်၊ ဗျာပါဒ ဝိတက်၊ ဝိဟိံသ ဝိတက်တွေကို မတွေးကြဘဲ တွေးချင်း တွေးလျှင် ဤတရားသည် ဒုက္ခ သစ္စာပဲ၊ ဤတရားသည် မဂ္ဂ သစ္စာပဲဟု သစ္စာကိုသာ တွေးကြပါဟု ဟောကြောင်း ဖော်ပြထားသည်။ [နာ-၁၃၇]

ထို့နောက် မြတ်စွာဘုရား ဇင်္ဂလတိုင်း၊ ရွေဝါးပင်တောမှာ သီတင်းသုံးနေတော်မူစဉ် လူအများ ဖူးမြော်ရန် ရောက်ရှိလာကြသည်။ တက္ကသိုလ် ဆရာကြီးတစ်ဦး၏ တပည့် ဖြစ်သူ ဥတ္တရ လုလင်လည်း ရောက်လာသည်။ ထိုအခါ ဘုရားက ဥတ္တရ လုလင်အား သင်၏ ဆရာကြီးက ဣန္ဒြေကို ဘယ်လို စောင့်ရှောက်ရမည် သင်သလဲဟု မေးတော်မူသည်။ ဆရာကြီးက မျက်လုံး ရှိလျက် ပိတ်ထားရမည် ဟောပါသည်။ နားရှိလည်း နားမထောင်နှင့်ဟု ဆုံးမပါသည်။ နှာခေါင်းကိုလည်း ပိတ်ထား၊ ပါးစပ်၊ လျှာကိုလည်း ပိတ်ထားဟု ဟောကြားကြောင်း ဖြေလေသည်။

ထိုအခါ ဘုရားက ဒါဆိုရင် ဝမ်းထဲက ပင်းလာ၊ ကန်းလာသူတွေ အကုန်လုံး နိဗ္ဗာန် ရောက်ကုန်မှာပေါ့ဟု ပြန်မေးသည်။ ဘုရားသခင်၏ အမေးကို ဥတ္တရ လုလင် မဖြေနိုင်ဘဲ ကြမှိုင်သွားတော့သည်။ [နာ-၁၄၉] ထိုအခါ ဘုရားက အရှင်အာနန္ဒာကို ခေါ်ပြီး ရဟန်းများကို စုစည်းစေသည်။ တက္ကသိုလ် ဆရာကြီး၏ ဣန္ဒြေ လုံခြုံမှု၊ ပဋိစ္စ သမုပ္ပာဒ် ပြတ်မှု သဘော အယူအဆ လွဲမှား နေပုံကို ပြသည်။ ဘုရားက ရဟန်းများအား အရိယာတို့ ကျင့်သုံးသော ဣန္ဒြေ လုံခြုံမှု (ဝါ) ပဋိစ္စ သမုပ္ပာဒ် ပြတ်မှု သဘောတရားကို သင်ပြသည်။ ဘုရားက မျက်လုံး ဖွင့်ပုံကို သင်ပြသည်။ တက္ကသိုလ် ဆရာကြီးက မျက်လုံး ပါလည်း မကြည့်ရ၊ ပိတ်ထား ခိုင်းသည်။ ဘုရားကတော့ ကြည့်ချင်တာ ကြည့်ပါ။ ကြည့်၍ မြင်လိုက်

http://www.dhammadownload.com



သော အခါ နှစ်သက်မှု၊ ဝမ်းသာမှု ဖြစ်လာသည်။ ထိုနှစ်သက်မှု၊ ဝမ်းသာမှုမှာ ပြုပြင်၍ ပေါ်လာသော တရား ဖြစ်သည်ဟု သိရမည်။ ထိုဝမ်းသာမှု၊ နှစ်သက်မှု ကလေးလည်း သင်္ခါရပဲ၊ အနိစ္စတရားပဲဟု နှလုံး သွင်းတတ်ရမည်။ [ နှ၁-၁၅၁ ] ဝမ်းသာသော စိတ်သည် နှလုံးသွင်းသောစိတ် ပေါ်လာသောအခါ မရှိတော့ပါ။ ပျောက်ပျက်သွားသည်။ ပဋိစ္စသမုပ္ပာဒ် ပြတ်သွားသည်။ မဆက်နိုင်တော့ပါ။ ဝမ်းသာစိတ် ကလေးကို ဖြစ်ပျက် ရှုလိုက်ပါ။ ရှုလိုက်တော့ ရှေ့စိတ်က ဖြစ်ပျက်၊ ဖြစ်ပြီး ပျက်သွားပြီဟု သိလိုက်တာက မဂ် ဖြစ်သွားသည်။ ဖြစ်ပျက် နောက်က မဂ်လိုက်သွားသည်။ [ နှ၁-၁၅၂ ]

ထိုအခါ တဏှာ၊ ဥပါဒါန်၊ ကံတွေ မလာတော့ဘဲ ပဋိစ္စ သမုပ္ပာဒ် (သမုဒယ သစ္စာ) ပြတ်သွားသည်။ မျက်လုံး ဖွင့်လိုက်စဉ် မမြင်ချင်သူ တွေ့မြင်၍ ဒေါမနဿ ဖြစ်သွားလျှင်လည်း ဒေါမနဿကို ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက်နှင့် မဂ် ကိုက်သွားပြီ။ ဤသို့ ရှုလျှင် မျက်လုံးဖွင့်ကြည့် သော်လည်း ပဋိစ္စ သမုပ္ပာဒ် ပြတ်သည်။ [ နှ၁-၁၅၄ ] လောဘလာလည်း ဖြစ်ပျက်ရှု။ ဒေါသ လာလည်း ဖြစ်ပျက်ရှု။ မောဟ လာလည်း ဖြစ်ပျက်ရှု။ ဘာစိတ်ပဲ ဝမ်းထဲ ပေါ်ပေါ် ပေါ်လာသော စိတ်၊ ပေါ်လာသော ဝေဒနာတွေကို ဖြစ်ပျက် ရှုတတ်ရမည်။ ဖြစ်ပျက် ရှုတတ်လျှင် ပဋိစ္စ သမုပ္ပာဒ် ပြတ်သည်။ ပြတ်လျှင် ဇာတိ၊ ဇရာ၊ မရဏ မလာတော့ပါ။ မျက်လုံး ဖွင့်နည်းကို ပြသည်။ ဤသို့ ဟောလိုက်သော အခါကျမှ ဥတ္တရ လုလင်သည် သူ့ဆရာကြီး သင်ကြားထားပုံ မှားကြောင်း နားလည် သွားသည်။ ဤတွင် အချိန်စေ့၍ တရားနားသည်။

*

## ၅။ ဣန္ဒြေ လုံခြုံစေနည်း၊ ဣန္ဒြိယ ဘာဝနာသုတ် (ဥပရိပဏ္ဏာသ)

[ ၈-၅-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

**(တရားစဉ် အမှတ် (၄)၏ အဆက် ဖြစ်သော်လည်း ရက်စွဲ ကွာဟနေသည်။ ပထမ တရားကို ၅-၅-၆၂ နေ့က ဟောသည်။ ဤတရားကို ၈-၅-၆၂ နေ့ကျမှ ဟောသည်ဟု ဖော်ပြထားသည်။ ရက်စွဲ ကျော်နေသည်။)**

ဇင်္ဂလတိုင်းမှာ ဘုရား သီတင်းသုံးနေစဉ် ဥတ္တရ လုလင်နှင့် တွေ့ပုံ အကြောင်းကို ပြန်ဟောသည်။ ဥတ္တရ လုလင်အား သူ့ဆရာကြီးက ဣန္ဒြေ လုံခြုံ အောင် ဘယ်လို စောင့်ထိန်းအပ်သည်ဟု သင်ထားသလဲ မေးသည်။ ဥတ္တရ လုလင်

http://www.dhammadownload.com



အဖြေကို ဘုရားက ဝေဖန် အပြစ်တင်ပုံကို ထပ်ဟောသည်။ ဖော်ပြခဲ့ပြီးသော အတိုင်း အရှင်အာနန္ဒာကို ခေါ်ပြီး ရဟန်းများကို စုခိုင်းပြီး ဣန္ဒြေ စောင့်စည်းပုံ တရားကို ဟောတော်မူသည်။ မျက်လုံးရှိပြီး မျက်လုံးကို မဖွင့်တတ်လျှင်သာ ပဋိစ္စ သမုပ္ပာဒ် တန်းသွားသည်။ ဘုရားသခင်က မျက်လုံး ဖွင့်တတ်အောင် ဝိပဿနာ ရှုနည်းကို သင်ပေးသည်။ ဝိပဿနာ မရှုတတ်သူမှာ မျက်လုံး ဖွင့်လိုက်သည်နှင့် ပဋိစ္စ သမုပ္ပာဒ် သုံးမျိုး လာသည်။ လောဘ လာလျှင် တဏှာ၊ ဥပါဒါန်၊ ကံ ဆက်သည်။ ဒေါသ လာလျှင် သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ လာသည်။ မောဟ လာလျှင် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ် ရုပ် ဆက်သည်။ ကံသုံးပါးတွင် ကာယကံ၊ ဝစီကံကို ထိန်းရ လွယ်သော်လည်း မနော ပေါက၊ မနောကံကို ထိန်းရ ခက်သည်။ မနော ပေါက်ကို ပိတ်တတ်ဖို့ လိုသည်။ ခြောက်ဒွါရ မှာ ပဋိစ္စ သမုပ္ပာဒ် လည်နေတာကို ရပ်အောင်၊ ပြတ်အောင်၊ ရှုတတ်အောင် သင်ပေးသည်။ [နှာ–၁၇၁] မြင်စိတ် ပေါ်ပေါ်၊ ကြားစိတ် ပေါ်ပေါ်၊ ကြံစိတ် ပေါ်ပေါ် ပေါ်သောစိတ်ကို ဖြစ်ပျက် ရှုရမည်။ ရှုလိုက်လျှင် ဝိပဿန နုပေက္ခာဉာဏ် ဖြစ်သည်။ ထိုမှ တစ်ဆင့် တက်လျှင် သင်္ခါရုပေက္ခာဉာဏ်ကို ရောက်သည်။ ဟိုဘက်မှာ အနုလောမ၊ ဂေါတြဘူ၊ မဂ်ဉာဏ်တွေ အကုန် ပေါ်လာသည်။ [နှာ–၁၇၉]

ဤတရားတွင် ဖြစ်ပျက် ရှုသော ဉာဏ်ကို ဝိပဿနနုပေက္ခာဉာဏ်ဟု သုံးနှုန်း ဖော်ပြသည်။ ဖြစ်ပျက်က သင်္ခါရ တရားများ ဖြစ်သည်။ ဖြစ်ပျက် မြင်သော ဝိပဿနာ မဂ် ဖြစ်တော့ ဝိပဿနနုပေက္ခာ ဖြစ်သည်။ ပြီးလျှင် မဂ်သို့ ကူးသည်။ ဤကား ဖြတ်သောနည်း ဖြစ်သည်။ [နှာ–၁၈၁] ဝိပဿနနုပေက္ခာဉာဏ်၊ သင်္ခါ ရုပေက္ခာဉာဏ်က မဂ်ကို တက်သောနည်း ဖြစ်သည်။ မြင်လျှင် မြင်တာကို မရှုနှင့်။ ကိုယ့်ခန္ဓာထဲ ပေါ်သော စိတ်ကို ရှုပါဟု ဆိုသည်။ [နှာ–၁၈၃] ဖြစ်ပျက် ရှုသော ဉာဏ်ကို ဤတရားတွင် ဝိပဿ နုပေက္ခာဉာဏ်ဟု ခေါ်ထားသည်။ မျက်စိ ဖွင့်လို့ ရှုစရာ ပေါ်လာလျှင် ဖြစ်ပျက် ရှုရမည်။ နည်းသိလျှင် နိဗ္ဗာန် ရဖို့ရာ အလွယ်ကလေး ဖြစ်သည် ဆို၏။ [နှာ–၁၈၄] ဤသို့ မျက်လုံးပေါက်၊ နားပေါက်၊ ဒွါရ ခြောက်ပေါက်မှာ ဖြစ်ပျက် ရှုတတ်လျှင် ဣန္ဒြေကို လုံခြုံအောင် စောင့်စည်းခြင်း ဖြစ်သည်။ [နှာ–၁၉၄] ဤတွင် အချိန်စေ့၍ တရား နားလိုက်ပါသည်။

*

http://www.dhammadownload.com



## ၆။ သဿတ၊ ဥစ္ဆေဒ ပြုတ်တရားတော်၊ အစေလ ကဿပမေး၊ ဘုရားဖြေ

[ ၉-၅-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ပုထုဇဉ်နှင့် ပတ်သက်တာ ဟောပြီးပြီ။ သေက္ခနှင့် ပတ်သက်တာ ဟောမည်ဟု အစချီပြီးမှ ဝတ္ထုတစ်ခု ပြောင်းပြီး ဟောဦးမည်ဟု ဆိုကာ အကြောင်းအရာကို ပြောင်းပြီး ဤတရားကို ဟောသည်။ ပြောင်းဟောသော ဝတ္ထုမှာ အစေလ ကဿပ ဝတ္ထု ဖြစ်သည်။ ဤဝတ္ထုကို အလုပ်စဉ် တရား အနှစ်ချုပ် ဒုတိယပိုင်းတွင် ဖော်ပြခဲ့ ဖူးပြီ။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေစဉ် နံနက် ဆွမ်းခံ ထွက်သောအခါ အဝတ်မဖက်သော အစေလ ကဿပ ဆိုသူ တက္ကတွန်း တစ်ယောက်က နောက်က လိုက်ပြီး မေးခွန်းတစ်ခု မေးပါရစေ လျှောက်ထားသည်။ ဆွမ်းခံစဉ် ဖြစ်၍ ဘုရားက နှစ်ကြိမ် ငြင်းပယ်သည်။ အစေလ ကဿပကလည်း လက်မလျှော့ဘဲ နောက်က လိုက်ပြီး မေးပါရစေဟု တွင်တွင် လျှောက်သည်။ သုံးကြိမ် ခွင့်တောင်းတော့ ဘုရားက ခွင့်ပြုသည်။ သူ့ဉာဏ်ရင့်မှန်း သိ၍ ခွင့်ပြုခြင်း ဖြစ်၏။ အစေလ ကဿပ ဒုက္ခကို မိမိ ပြုတာလား ဟု မေးသည်။ ဘုရားက မဟုတ်ပါဘူးဟု ဖြေသည်။ ဆရာတော်က ကိုယ်ပြု၍ ကိုယ်ခံရတာဟု ယုံကြည်နေကြသူများမှာ သဿတ ဒိဋ္ဌိ ငြိနေကြောင်းကို ရှင်းလင်း ဖော်ပြသည်။ [နှာ-၂၀၀] ဒိဋ္ဌိ ခံနေလျှင် မဂ်မရနိုင်ပုံကိုလည်း ထပ်မံ ဟောပြန်သည်။ [နှာ-၂၀၁]

ဒုက္ခဖြစ်တာ အကြောင်းကြောင့် အကျိုး ဖြစ်တာသာ ဖြစ်သည်။ သမုဒယ ကြောင့် ဒုက္ခ ရောက်ရခြင်း ဖြစ်သည်။ [နှာ-၂၀၃] မိမိ လုပ်တာ မဟုတ်ကြောင်း၊ စေတနာကို မိမိဟု မယူရကြောင်း ရှင်းထားသည်။ စေတနာ (ကံ)က အကျိုး ပေးလိုက်၍ နောက်ဘဝ ခန္ဓာ ဒုက္ခသစ္စာ ဖြစ်ရသည်ဟု နား‹လည်ရမည် ဆိုသည်။ ထို့နောက် ဗုဒ္ဓဘာသာဝင်တွေမှာ ဘာသာက ဗုဒ္ဓဘာသာ၊ အယူက ဒိဋ္ဌိ ဖြစ်နေပုံများ ကို ခွဲခြား ဝေဖန်ထားသည်။ ဆရာတော်၏မူမှာ တရား မဟောမီ ဒိဋ္ဌိ ရှင်းတမ်း အလျှင်ရှင်းထားပါ ဟူ၍ ဖြစ်သည်။ *[နှာ-၂၀၉]* ပြီးမှ အစေလ ကဿပ၏ ဒုတိယ အမေးကို ဆက်ဟောသည်။ ဒါဆို ဒုက္ခကို သူတစ်ပါး ပြု၍ ကိုယ်ခံရတာ လား၊ ပြုသူ တခြား၊ ခံသူ တခြားလားဟု မေးခြင်း ဖြစ်သည်။ အကြောင်းအကျိုး မဆက်တော့ ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်သွားပြန်သည်။ [နှာ-၂၀၉] ဘုရားက ထိုအမေးကို လည်း မဟုတ်ဘူးဟု ဖြေသည်။

http://www.dhammadownload.com



ထိုအခါ အစေလ ကဿပက ဆက်မေးသည်။ သို့ဖြစ်လျှင် ဒုက္ခကို မိမိ၊ သူတစ်ပါး နှစ်ဦးသား ပြုတာလား၊ သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒ တွဲမေးခြင်း ဖြစ်သည်။ ဘုရားကလည်း မဟုတ်ဘူးဟု ပယ်ချပြန်သည်။ [နာ-၂၁၂] ထိုအခါ ကဿပက ဒါဖြင့် ဒုက္ခ ဆိုတာ အလိုလို ပေါ်တာလားဟု ဆက်မေးပြန်သည်။ ဘုရားက မဟုတ်ပါဘူးပဲ ဖြေသည်။ အကြောင်းမဲ့ ဖြစ်သလားဟု မေးခြင်း ဖြစ်သည်။ အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်ကြောင်း ဖြေခြင်း ဖြစ်သည်။ ဒုက္ခသည် အကြောင်းကြောင့် ဖြစ်သော အကျိုးဖြစ်ကြောင်း ဖော်ပြပြီးပြီ။ ထိုအခါ အစေလ ကဿပက ဒါဆို ဒုက္ခ မရှိဘူးလားဟု မေးပြန်သည်။ ဘုရားက ဒုက္ခ ရှိတာပေါ့ဟု ဖြေသည်။ [နာ-၂၁၅] ထိုအခါ ကဿပက ဒုက္ခကို မသိနိုင်ဘူးလားဟု မေးပြန်သည်။ ဘုရားက သိနိုင်သည်ဟု ဖြေသည်။

ထို့နောက် ဆရာတော်က ပဋိစ္စ သမုပ္ပာဒ်ကို သိမှ ဒုက္ခ ရှိမှန်း သိနိုင်ပုံကို ဆက်ဟောသည်။ [နာ-၂၁၆] အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်။ သမုဒယကြောင့် ကိုယ်သိလ်၊ အကုသိုလ် စေတနာတွေ ပေါ်လာလျှင် ဒုက္ခသစ္စာ ဖြစ်သည်။ တစ်ခါတစ်ရံ နာမ်က အကြောင်း၊ ရုပ်က အကျိုး။ တစ်ခါတစ်ရံ ရုပ်က အကြောင်း၊ နာမ်က အကျိုး ဖြစ်ပုံ သဘောကိုလည်း ဟောသည်။ [နာ-၂၁၉] ဒါကိုထောက်လျှင် လောကမှာ အကြောင်းအကျိုးပဲ ရှိသည်။ ပုဂ္ဂိုလ် သတ္တဝါ မရှိကြောင်း ပေါ်လာသည်။ ထိုသို့ သိလိုက်လျှင် ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး ပျောက်ပြီး ဒိဋ္ဌိ စင်သွားသည်။ [နာ-၂၂၂] မိမိသန္တာန်မှာ ဘာပဲပေါ်ပေါ် ပေါ်လာသမျှ ဒုက္ခချည်းပဲဟု သိရမည်။ ဒါတွေကို ဒုက္ခသစ္စာတွေပဲဟု ရှုနေတတ်လျှင် ပြီးသွားတာပဲဟု ဆိုသည်။ [နာ-၂၂၃] ဤတွင် ဒုက္ခဆိုတာ သေပြီး ဆင်းရဲတာဟု ထူးထူးခြားခြား ဟောထားသည်။ ခန္ဓာက ဒုက္ခ၊ သိမ်းတာက နိရောဓ၊ ဒုက္ခ သိမ်းမှ အေးမည်ဟု ဆိုလျှင် ခန္ဓာသိမ်းမှ ဒုက္ခ ငြိမ်းမည့် သဘော ဖြစ်ကြောင်း ရှင်းထားသည်။ ခန္ဓာ သိမ်းမှ ဒုက္ခစက်ကြီး မလည်နိုင်တော့ပုံကို ဖော်ပြသည်။

ထို့နောက် ဒုက္ခ ကြိုက်နေသမျှ နိဗ္ဗာန် မရကြောင်း၊ ဒုက္ခ သိမှ နိဗ္ဗာန် ရနိုင်ကြောင်း ဟောသည်။ [နာ-၂၂၅] ဘဝထဲ ပျော်နေကြတာ ဒုက္ခနှင့် ပျော်နေကြတာဟု ဆိုသည်။ နိဗ္ဗာန် မရောက်ဘဲ သံသရာလည်ခဲ့တာ ဘာကြောင့်လဲ။ ဒုက္ခ ကြိုက်နေလို့ ဖြစ်ကြောင်း ဟောပါသည်။ [နာ-၂၂၈] သံသရာ တစ်လျှောက်လုံး သမုဒယ သစ္စာနှင့် ဒုက္ခ သစ္စာပဲ လည်နေခဲ့ပုံကို ရှင်းပြသည်။ သမုဒယ သစ္စာကို ပယ်ရမည်။ ဒုက္ခ သစ္စာကို ပိုင်းခြား သိမြင်ပြီး ပယ်ရမည်။ စတော့ သမုဒယကို

http://www.dhammadownload.com



ကြိုက်သဖြင့် ဒုက္ခချည်း ရနေခဲ့ကြောင်း ဝေဖန်ပြသည်။ [နာ၁-၂၂၉] ခန္ဓာက ထင်းလောင်စာ၊ သမုဒယက မီးဖြစ်သည်။ သံသရာ တစ်လျှောက်လုံး မီးနှင့် လောင်စာ တွဲပြီး ဖြစ်ခဲ့ကြရသည်။ [နာ၁-၂၃၁] ဤသို့ သိပြီးနောက် ခန္ဓာကို ဖြစ်ပျက် ရှုသော ဝိပဿနာကို လုပ်လိုက်ပါက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရမရှိ ကြောင်း ဟောရင်း အချိန်ကုန်၍ တရား နားပါသည်။

*

## ၇။ လောကသုံးပါး ခွဲခြား သိရန်၊ လောက သုံးပါးထဲ မျက်စိ လည်နေကြပုံ

[ ၁၀-၂-၆၂ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

လောက သုံးပါးကို ပြောပြမယ် အစချီ၍ ဤတရားကို ဟောတော်မူသည်။ သင်္ခါရ လောက၊ သတ္တ လောက၊ ဩကာသ လောက ဖြစ်သည်။ သင်္ခါရ လောက ဆိုတာ ခန္ဓာကိုယ်ထဲ ကြည့်တော့ ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်နေတာ သင်္ခါရ လောက ဖြစ်သည်။ သင်္ခါရလောက ကွယ်ပြီး ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဖြစ်နေတာက သတ္တ လောက ဖြစ်သည်။ တိုက်တွေ၊ တာတွေ၊ သစ်ပင် တောင်တန်းတွေ၊ နတ်ဘုံ နတ်နန်းတွေက ဩကာသ လောက ဆိုပြီး ရှင်းပြထား သည်။ [နာ၁-၂၃၅] ရုပ်နာမ် ဖြစ်ပျက်တွေက သင်္ခါရ လောက။ ရုပ်နာမ် ဖြစ်ပျက် မမြင်ဘဲ ပုဂ္ဂိုလ်၊ သတ္တဝါတွေ ဖြစ်နေတာက သတ္တ လောက။ သစ်ပင်၊ တောတောင်၊ တိုက်တာ၊ မြို့ရွာတွေက ဩကာသ လောကဟု ပြသည်။ လောက အကြောင်းကို သိလို့ ဘုရားကို လောကဝိဒူ ခေါ်ပုံကိုလည်း ရှင်းပြသည်။ [နာ၁-၂၅၆] လောက သုံးပါး ဘယ်လောကထဲ နေနေ မမြဲဘဲ ဖြစ်ပျက် နေရသည်သာ ဖြစ်၏။ လောက ပြင်ဘက် ထွက်မှသာလျှင် အို၊ နာ၊ သေဘေး လွတ်မည် ဖြစ်၏။ လောက ပြင်ဘက်သည် လောကုတ္တရာ ဖြစ်သည်။ [နာ၁-၂၃၈]

တရားဟောတာ၊ တရားပြတာသည် ပျက်စီးတတ်သော လောက ပြင်ဘက် ရောက်ပြီး ခိုင်ခံ့သော လောကုတ္တရာဆီ ပို့မလို့ ဖြစ်ကြောင်း ဟောသည်။ လောကထဲ မှာ ဘယ်နေရာ ပြောင်းပြောင်း မကောင်းကြောင်း ပြသည်။ အပုပ်ထဲမှာ အကောင်း ရှာသလို ဖြစ်နေသည်ဟု ဆိုသည်။ [နာ၁-၂၄၀] သုံးဆယ့်တစ်ဘုံ လောကထဲမှာ သတ္တဝါတွေ ဟိုပြောင်း ဒီရွှေ့နှင့် မျက်စိ လည်နေကြသည်ဟု ဆိုသည်။ ယနေ့ မျက်စိလည် ပျောက်အောင် လမ်းဖြောင့်ကို ပြမည်ဟု ဆရာတော်က မိန့်သည်။ [နာ၁-၂၄၃] 'လုဇ္ဇန၊ ပလုဇ္ဇနဋ္ဌေန လောကော'– ဖြစ်မှု၊ ပျက်မှု ရှိသောကြောင့်

http://www.dhammadownload.com



လောက မည်ဟု ပြသည်။ [နှ၁-၂၄၄] လောကီနယ်သားတွေမှာ ကောင်းကျိုးဖြစ်စရာ ဘာမှ မရှိပုံ၊ လောကုတ္တရာ နယ်ကို ရောက်မှသာ အေးချမ်းနိုင်ပုံကို ဟောသည်။ [နှ၁-၂၄၆] လောကီထဲမှာတော့ နေ၍ အဆင်ပြေမည့် နေရာရှာလျှင်လည်း အသေကိုသာ တွေ့မည် ဖြစ်သည်။ ဒီဘုံ မကောင်း၊ ဟိုဘုံ ပြောင်းလည်း အသေပဲ တွေ့မည် ဖြစ်သည်။ ယခု ဆရာဘုန်းကြီးနှင့် တွေ့တာ မျက်စိလည်နေတာ လမ်းပြကောင်းနှင့် တွေ့ပြီဟု မှတ်သင့်ပုံကို ဟောသည်။

ထို့နောက် ရောဟိတ နတ်သား ဝတ္ထုကို ထုတ်ပြသည်။ လောက အဆုံးကို ယာဉ်ရထားဖြင့် သွား၍ ရောက်နိုင်သလား မေးရာ ဘုရားက လောက အဆုံးကို ခြေကျင် သွား၍ မရောက်နိုင်ကြောင်း၊ ဒါန၊ သီလတွေ ပြုပြီး ဆုတွေ တောင်းလည်း မရောက်နိုင်ကြောင်း၊ အသေ ပြောင်းတာသာ ရှိမည် ဖြစ်ကြောင်း ဖြေတော်မူသည်။ [နှ၁-၂၅၆] လောက အဆုံးကို မရောက်နိုင် ဆိုသော မြတ်ဘုရား၏ အဖြေကို နတ်သားက ထောက်ခံသည်။ သူ ရသေ့ ဘဝတုန်းက ရျာန် အဘိညာဉ် တန်ခိုးဖြင့် လောက အဆုံး ရောက်အောင် သွားမည် ဆိုပြီး သွားခဲ့သော်လည်း မရောက်ခဲ့ဘဲ သေခဲ့ရကြောင်း ဝန်ခံသည်။ [နှ၁-၂၅၉] လောက အဆုံးကို ကံနှင့် သွား၍ မဆုံးနိုင်ပါ။ ဩကာသ လောက အဆုံးမှာ နိဗ္ဗာန် မရှိကြောင်း၊ သတ္တလောက အဆုံးမှာလည်း နိဗ္ဗာန် မရှိကြောင်း၊ သင်္ခါရလောက အဆုံးမှာသာ နိဗ္ဗာန် ရှိကြောင်း ဟောထားသည်။ [နှ၁-၂၆၂] ဖြစ်ပျက်သည် သင်္ခါရလောက ဖြစ်၏။ ဖြစ်ပျက်ဆုံးအောင်သာ လိုက်ပေးပါ။

ဒါကြောင့် လောက အဆုံးကို သွားချင်လျှင် ကံနှင့် မသွားရ။ ဉာဏ်နှင့် သွားမှသာ ရောက်နိုင်သည်။ [နှ၁-၂၆၃] မဂ္ဂင်ဉာဏ်နှင့် သွားရသည်။ [နှ၁-၂၆၄] ခန္ဓာထဲမှာ သင်္ခါရလောက ရှိသည်။ ခန္ဓာ အဆုံးမှာ လောကအဆုံး နိဗ္ဗာန် ရှိသည်။ ထို သင်္ခါရ လောကကို ဉာဏ်နှင့် ရှုရမည်။ ဉာဏ် တည့်သွားလျှင် မနက် အားထုတ်လျှင် ညနေမှာ တရား ရသည်ဟု ဆိုသည်။ [နှ၁-၂၆၈] သင်္ခါရ လောက အဆုံးကို ဉာဏ်နှင့် သွားမှ ရောက်ပုံ၊ သင်္ခါရ လောက အဆုံးကို ဖြစ်ပျက် မြင်အောင် ရှု၊ သင်္ခါရ ဖြစ်ပျက် မုန်းပြီးလျှင် ဖြစ်ပျက် သင်္ခါရလောက အဆုံးကို ရောက်ကြောင်း ဟောသည်။ [နှ၁-၂၇၄] ဤတွင် ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံး ဉာဏ်သုံးဉာဏ်ဖြင့် ရောက်ကြောင်းလည်း ပြသည်။ တစ်လံလောက် ရှိသော ခန္ဓာ အဆုံး၊ ဖြစ်ပျက် အဆုံးမှာ နိဗ္ဗာန် ရှိကြောင်း ဟောရင်း အချိန်စေ့၍ တရားကို နားလိုက်သည်။

*

http://www.dhammadownload.com



## ၈။ ဘိက္ခုနီသုတ် (စတုတ္ထ နံပါတ် အင်္ဂုတ္တိုရ်။ တဏှာ၊ မာန အရင်းခံ၍ မဂ်၊ ဖိုလ် တက်လှမ်းပုံ)

[ ၁၃-၅-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

တရား အထူးအဆန်း ဟောမည် အစချီ၍ ဤတရားကို ဟောသည်။ မာနသည် ဖြစ်ကောင်း မာနနှင့် မဖြစ်ကောင်း မာနဟူ၍ နှစ်မျိုး၊ တဏှာလည်း ဖြစ်ကောင်း တဏှာ၊ မဖြစ်ကောင်း တဏှာ ဟူ၍ နှစ်မျိုး ရှိကြောင်း မှတ်ထား စေလိုကြောင်း စ ပြောသည်။ စားကောင်းသော အစာ၊ မစားကောင်းသော အစာ ဟူ၍ ရှိသကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။ တဏှာ မာန ဆိုလျှင် အပါယ်ကျမှာ ချည်းပဲဟု မယူသင့်ကြောင်း ပြသည်။ [နှာ-၂၇၇] တရား အားထုတ်ကြရာမှာ ယောဂီချင်း တစ်စုံတစ်ယောက်က မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုသွားသည် ဆိုသော အခါ ငါလည်း သူ့လို ရချင်လိုက်တာဟု လိုချင်ဆန္ဒ ဖြစ်ပါက ထိုတဏှာ သည် ဖြစ်ကောင်း တဏှာ ဖြစ်သည်။ [နှာ-၂၇၈] မာနလည်း ထိုနည်းတူ ဖြစ်၏။ တစ်စုံတစ်ယောက်က ဒုက္ခ သိမ်းသော နိဗ္ဗာန်ကို မျက်မှောက် ပြုသွားသည် ဆိုသော အခါ သူလည်း ခန္ဓာ ငါးပါးပဲ၊ ဒီဉာဏ်၊ ဒီဆရာ အတူတူပဲ၊ ကိုယ်လည်း ဘာကြောင့် မရဘဲ နေရမလဲ၊ ရရမှာပေါ့ ဆိုပြီး ပြိုင်လိုခြင်း မာနသည် ဖြစ်ကောင်းသော မာန ဖြစ်သည်ဟု ဆရာတော် ဆိုသည်။ [နှာ-၂၇၉]

သူများ တရား ရသလို မိမိလည်း ရချင်လိုက်တာ ဆိုပြီး ရချင်သော တဏှာဖြင့် အားထုတ်ပါ။ အားထုတ်၍ တရား ရသွားသောအခါ ထိုတဏှာကို ပယ်ပြီးသား ဖြစ်ပုံကို ပြသည်။ မာနလည်း မခံစိတ်ဖြင့် သူတောင် တရား ရသေးတာပဲ၊ ငါလည်း ရရမှာပေါ့ ဆိုပြီး အားထုတ်လျှင် မာန ဖြစ်သည်။ ဖြစ်ကောင်းသည်။ တရား ရသောအခါ ထိုမာနမှာ ပယ်ပြီးသား ဖြစ်သွားသည် ဆို၏။ [နှာ-၂၈၀] တပည့်များ တရား ရအောင် ကြိုးစားစေလို၍ အားပေး တိုက်တွန်းစကား ဆိုခြင်း ဖြစ်သည်၊ [နှာ-၂၈၁]

ထို့နောက် အရှင်အာနန္ဒာ ကောသမ္ဗီပြည်မှာ သီတင်းသုံး နေစဉ် ဘိက္ခုနီမ တစ်ဦးကို အကြောင်းပြု၍ တရား ဟောရပုံကို ဆက်ပြသည်။ [နှာ-၂၈၂] ဘိက္ခုနီမက နာမကျန်းယောင် ဆောင်ပြီး အရှင်အာနန္ဒာကို ဖိတ်ခေါ်သည်။ အရှင် အာနန္ဒာက ဘိက္ခုနီမကျောင်း ရောက်တော့ ဘာမှ မပြောဘဲ တရား ဟောသည်။ 'အာဟာရ သမ္ဘူတော အယံ ဘဂိနီကာယော' အစချီသော ဂါထာကို ဟောသည်။ အာဟာရကြောင့် စားချင်သော တဏှာ ဖြစ်တတ်သည်။ သို့သော် ထိုထမင်းကို

http://www.dhammadownload.com



ဖြဟ္မာစရိယာ နဂ္ဂဟာယ ဆိုသကဲ့သို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရဖို့ စားခြင်းသာ ဖြစ်သည်။ လုပ ရေဆင်း ပြည့်ဖြိုးခြင်းငှာ သုံးဆောင်ခြင်း မဟုတ်ပါဟု ဉာဏ်ပြောင်း လိုက်လျှင် တဏှာ သေသွားပုံကို ဟောသည်။ [နှာ-၂၈၄] မူလ ပေါ်လာသော တဏှာကို ဉာဏ်ဖြင့် အုပ်လိုက်တော့ တဏှာက ပဋိသန္ဓေ အကျိုးမပေးတော့ဘူးဟု ဆိုသည်။ [နှာ-၂၈၅] ဘာကြောင့်လဲဆိုရင် ဉာဏ်က ဝင်ပြီး ဖျက်လိုက်သောကြောင့် ဖြစ်သည် ဆို၏။ [နှာ-၂၈၈] ပဝတ္တိ အကျိုးသာ ပေးပြီး ပဋိသန္ဓေ အကျိုး မပေးနိုင်တော့ကြောင်းပြသည်။ ထမင်း စားတတ်ကြပလား ဟုလည်း မေးသည်။ ဉာဏ်က ဖြတ်ချလိုက်လျှင် ကံ မမြောက်၊ ကံအကျိုး မပေးပုံကို ရှင်းပြ ထားသည်။

ဤကဲ့သို့ ဉာဏ်ထည့် မစားဘဲအမှုမဲ့ အမှတ်မဲ့ စားနေကြပါလျှင် အဆိပ်ကို စားနေကြသည်နှင့် တူပုံကိုလည်း သံဝေဂ ယူတတ်အောင် ဟောသည်။ ဤသို့ စားနည်းနှင့် ယခင် စားစိတ်ကို ဝိပဿနာ တင်ပြီး ဖြစ်ပျက် ရှုလျက် စားပုံကိုလည်း ယှဉ်နှိုင်း ပြသည်။ [နှာ-၂၉၂] ထိုနှစ်နည်း ကြိုက်ရာ နည်းဖြင့် စားပါ ဟုလည်း ဆိုသည်။ ထို့နောက် ဖြစ်ကောင်း မာနကို ဆက်၍ ပြသည်။ သူများ တရား ရလျှင် မိမိလည်း မရ မရှိ၊ ရရမည်ဟု မခံချင်စိတ်ဖြင့် အားထုတ်ပါက မာနပါသည်။ သို့သော် ထိုမာနလည်း မဂ်ရလျှင် ပယ်ပြီး ဖြစ်သည်။ ဖြစ်ကောင်း မာနဟု ဆိုသည်။ [နှာ-၂၉၄] ထိုမာနသည် ပဋိသန္ဓေ အကျိုးမပေးတော့။ နောက်ဘဝမှာ အကျိုး မပေးတော့ကြောင်း ဟောသည်။ 'ဘဂ်ိနီမာနံ နိဿာယမာနော ပဟာတဗ္ဗော' ဆိုသော ပါဠိကို ထုတ်ပြသည်။ ဖြစ်ကောင်း မာနသည် ပဝတ္တိသာ အကျိုး ပေး၍ ပဋိသန္ဓေ အကျိုး မပေးကြောင်းကိုလည်း ဟောထားသည်။ [နှာ-၂၉၆]

ဆရာတော်က ထားသင့်သော မာနကို ထားဖို့ လိုကြောင်းကိုလည်း ပြသည်။ တရား အားမထုတ်သူမှာ တဏှာ မာနသည် နောက်ဘဝ အကျိုးကို ပေးသည်။ တရား အားထုတ်သူမှာ ဖြစ်ကောင်း တဏှာ၊ ဖြစ်ကောင်း မာနသည် နောက်ဘဝ ပဋိသန္ဓေ အကျိုး မပေးပုံကို ခွဲခြား ပြသည်။ [နှာ-၂၉၇] တဏှာကို မှီပြီး အစမှာ အားထုတ်သည်။ သို့သော် တရားရတော့ ဒီတဏှာ အလကား ဖြစ်သွားသည်။ အဆိပ် ဖြစ်သော်လည်း သုံးတတ်သူမှာ ဆေးဖြစ်သွားပုံကို နှိုင်းဆ၍ ဆိုထားသည်။ [နှာ-၂၉၉]

ဥပမာ နန်းတွင်း လျှာပွတ်ဆေးကို ပြသည်။ တရား အားထုတ်ရာမှာ တဏှာ မာန မပါလျှင် ဝီရိယ ညံ့တတ်သည်။ အရှင်အာနန္ဒာက 'တဏှာ သမ္ဘူတော အယံ ဘဂိနိကာယော တဏှံ နိဿာယ တဏှာ မဟာ တဗ္ဗော' ဟု ဟောထား

http://www.dhammadownload.com



ကြောင်း ပါဠိက ထပ်တလဲလဲ ဖော်ပြသည်။ [နှာ–၃၀၂] တဏှာမာနကို လောကီ အတွက် သုံးလျှင် အပါယ် ကျနိုင်သည်။ လောကုတ္တရာ အတွက် သုံးလျှင် အပါယ် မကျနိုင်ကြောင်း ဟောထားသည်။ [နှာ–၃၀၃] သူတို့ နှစ်ခုကို သုံးတတ်လျှင် ဉာဏ်ခြေလှမ်း သွက်သည်ဟုလည်း ထူးထူးခြားခြား စကား သုံးထားသည်။ [နှာ–၃၀၄] တဏှာ မာနကို လောကုတ္တရာ မဂ်ကသာ ဖျက်နိုင်သည် မဟုတ် ဝိပဿနာ လောကီမဂ်ကလည်း ဖျက်နိုင်သည်။ ပဋိစ္စ သမုပ္ပါဒ် ဖြစ်နိုင်ကြောင်းကို ပြသေးသည်။ [နှာ–၃၀၆] ပဋိစ္စ သမုပ္ပါဒ်ကို ဖြတ်နိုင်သည် ဆိုသော စကားဖြင့် ဆုံးဖြတ်ချက် ချဟု ညွှန်ပြ ထားသည်။ [နှာ–၃၀၈] အရှင်အာနန္ဒာက ဟောသင့်သော တရားကို ဟောမှ ဘိက္ခုနီမက သူ လိမ်ပင့်ခဲ့သည့် အမှားကို ဝန်ခံသည်။ [နှာ–၃၀၉] အချိန် စေ့သဖြင့် တရား နားလိုက်သည်။

*

၉။ ခန္ဓာ၏ ပိဋ္ဌနန္ဒ (နှိပ်စက်မှု သဘော) ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားပုံ

[ ၁၃–၅–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောသော တရား ]

အရှင်သာရိပုတ္တရာကို ပရိဗိုဇ်တွေက သုခနှင့် ဒုက္ခ အကြောင်းကို တိုရှင်း လိုရင်း သိလိုကြောင်း မေးပုံဖြင့် အစချီ၍ ဤတရားကို ဟောသည်။ သုခကို ခံစားပြီး ဒုက္ခကို လူတိုင်း ရှောင်ရှားချင်ကြကြောင်း ပြသည်။ ထိုအမေးကို အရှင် သာရိပုတ္တရာက ဖြေကြားရာတွင် နောက်တစ်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဒုက္ခ၊ နောက်ဘဝ ပဋိသန္ဓေ မနေရမှသာ သုခပဲဟု ဖြေသည်။ [နှာ–၃၁၃] ထို့နောက် ဆရာတော်က လူ့ပြည်က ဒုက္ခ၊ နတ်ပြည်က သုခဟု တဏှာ လှည့်စားတတ်ပုံကို ဟောသည်။ [နှာ–၃၁၆] တဏှာ သဗ္ဗိဦး တဏှာ အပ်ချုပ်သမား ဟု ခေါ်ထားသည်။ ဘုရားက တဏှာကို အပ်ချုပ်သမားဟု ခေါ်ခြင်းမှာ စုတိနှင့် ပဋိသန္ဓေကို ဆက်အောင် ချုပ်ဆက်တတ်သောကြောင့် ဖြစ်သည်။ တဏှာ ခိုင်းနေပုံ၊ ခိုင်းသမျှ ပုထုဇဉ်က လိုက်လုပ်နေကြပုံကို ပြပြန်သည်။ [နှာ–၃၁၇] တဏှာ၏ ကောက်ကျစ်မှု၊ ပရိယာယ် များမှုကို မသိသဖြင့် သူခိုင်းသမျှ အဟုတ် ထင်ပြီး လုပ်ချင်နေကြပုံကိုလည်း ပြသည်။ အရှင်သာရိပုတ္တရာက နောက်တစ်ဖန် ဇာတိ ပဋိသန္ဓေ နေရတာ ဒုက္ခပဲဟု ဖြေတော့ ပရိဗိုဇ်များက အဖြေက တိုပါတယ်။ ရှင်းပါတယ်။ နားလည်အောင် ရှင်းပြပါဦးဟု တောင်းပန်ပြန်သည်။

http://www.dhammadownload.com


ထိုအခါ အရှင်သာရိပုတ္တရာက နောက်ပဋိသန္ဓေ နေရလျှင် ဇာတိဒုက္ခ၊ ဇရာ ဒုက္ခ၊ မရဏဒုက္ခ၊ နေပူဒုက္ခ၊ မိုးရွာဒုက္ခ၊ စားဒုက္ခ၊ ကျင်ကြီး ကျင်ငယ်စွန့် ဒုက္ခများ ဖြစ်ပုံကို ပြပြီး ရှင်းသည်။ ဒါကြောင့် ဒီတရားမှာ ခန္ဓာ ပြတ်ရေးကို ဟောရမည်ဟု ဆိုသည်။ [နာ-၃၁၆] နောင်တစ်ဖန် ပဋိသန္ဓေ မနေရမှ သုခ ဖြစ်မည်။ ခန္ဓာပြတ် ဟောမည်ဆိုလျှင် ခန္ဓာမရှိပါက ဘာနှင့် နေရမလဲဟု သံသယ ဝင်နိုင်ကြသည်။ ဤသံသယ ဝင်ခြင်းမှာ ခန္ဓာရတာ ဒုက္ခသစ္စာမှန်း မသိ၍ ဖြစ်ကြောင်း ရှင်းထားသည်။ [နာ-၃၂၇] သစ္စာကို မသိသော အဝိဇ္ဇာ၏ လက်ချက် ဖြစ်သည်ဟု ဆိုသည်။ ဒုက္ခသစ္စာ မသိလျှင် နိရောဓ သစ္စာကို မရနိုင်ကြောင်းလည်း ပြသည်။ ခန္ဓာမရှိမှ သုခ ဖြစ်ပုံကို ပြသည်။ [နာ-၃၃၀] ခန္ဓာက အဆိပ်ပင်ကြီး ဖြစ်သည်။ ခန္ဓာက ပေါက်ပွားတာတွေလည်း အဆိပ်တွေချည်း ဖြစ်သည်။ [နာ-၃၃၂] ခန္ဓာကြီး သူ့ အဆိပ်နှင့်သူ မိပြီး သေရသည်။ လောက ဥပမာမှာ ဝက်များ အသားတိုးလွန်းပါက အဆီ ပိတ်ပြီး သေရသည်နှင့် တူကြောင်း ပြသည်။ [နာ-၃၃၄] ခန္ဓာထဲမှာ ဇရာ၊ မရဏ အဆိပ်တွေက ပါပြီးသား ဖြစ်နေသည်။ [နာ-၃၃၆] ခန္ဓာထဲမှာ နှိပ်စက်တတ်သော အဆိပ်တွေ စုပုံနေသည်။ [နာ-၃၃၈] ခန္ဓာ နှိပ်စက်တာတွေ မြင်ပြီး ဉာဏ်ထဲမှာ သစ္စာအမြင် ပေါက်လာမှသာ ဖျတ်ဆို ချုပ်ပြီး နိရောဓသစ္စာ ပေါ်လာသည် [နာ-၃၃၉]ဟု ဆိုသည်။

ထို့နောက် ရှုနည်းကို သင်ပေးသည်။ ခန္ဓာငါးပါး ဖြစ်ပြီး ပျက်လျက် နှိပ်စက်နေသည်။ ခန္ဓာ ငါးပါးက သူတို့ကို ခင်သော ပုဂ္ဂိုလ်ကို နှိပ်စက်သည်။ [နာ-၃၄၀] ထို့ကြောင့် အသိဉာဏ် ရှိလာမှသာ ခန္ဓာသည် အကြီးဆုံး ရန်သူ ဖြစ်ကြောင်း သိမြင်လာနိုင်သည်။ ဘုရား ကိုယ်တိုင်လည်း ခန္ဓာကို ရန်သူ ဒုက္ခသစ္စာဟု မြင်လာသော အခါကျမှ ခန္ဓာချုပ်ပြီး နိဗ္ဗာန်ပေါ်လာသည်။ [နာ-၃၄၁] ခန္ဓာ၏ နှိပ်စက်နေတာကို မြင်မှသာ ခန္ဓာကို လိုချင်သော တဏှာ ချုပ်သည်။ ခန္ဓာချုပ်၊ တဏှာ ချုပ်မှလည်း နိဗ္ဗာန် ပေါ်သည်။ တရား ရှုမှတ်စဉ် နိဗ္ဗာန် မပေါ်လာသေးခြင်းမှာ ခန္ဓာအပေါ် တဏှာ အမျှင် မပြတ်သေးသောကြောင့် ဖြစ်ပါသည်။ [နာ-၃၄၂]

ဒါကြောင့် ခန္ဓာ နှိပ်စက်နေတာကို မြင်အောင် နာနာ ကြည့်ပေးဟု မိန့်သည်။ သူ့ကို ရှုမှသာ ခင်သော တဏှာ လျော့သွားသည်။ ခန္ဓာထဲမှာ နှိပ်စက်တတ်သော တရားတွေပဲ စုပုံနေပုံကို ပေါ်အောင် ဟောသည်။ ခန္ဓဝဂ္ဂ သံယုတ် ပလဂတ္တ သုတ်ကို ထောက်ပြထားသည်။ [နာ-၃၄၇] ဤသုတ်တွင် ခန္ဓာ ဒုက္ခသစ္စာကို

http://www.dhammadownload.com


သိတိုင်း တဏှာ သမုဒယ ပါးသွားပုံကို လက်သမား လက်ရိုက် အရိုးပွန်းသွားပုံဖြင့် ဥပမာ ပြထားသည်။ (ဤသုတ် အကြောင်းကို ရှေ့တွင်လည်း ဟောခဲ့ဖူးပြီ) လက်ရိုက်တံပေါ် ရိုက်ဖန် များတော့ လက်ရာတွေ ထင်ရှားစွာ ထင်လာသည်။

ထို့နောက် ခန္ဓာကို နှိပ်စက်သော လက်သည်တွေကို ရှာပြထားသည်။ နိဗ္ဗာန်ကို အဝိဇ္ဇာနှင့် တဏှာက ဖုံးဖိ ထားသည်။ ဆရာတော်က နိဗ္ဗာန်ကို ဘယ်တော့မှ မြင်အောင် မကြည့်နှင့်။ နှိပ်စက်တာပဲ ကြည့်ရမည်ဟု ဆိုသည်။ နှိပ်စက်နေတာပဲ မြင်အောင် ကြည့်ရင်း ညှဉ်းဆဲ နှိပ်စက်နေတာကို မြင်သော ကိစ္စဉာဏ် ဖြစ်ပေါ်လာလိမ့်မည်။ တစ်ကိုယ်လုံးမှာ ကိုယ့်ကိစ္စ မရှိဘူး။ သူ နှိပ်စက်သဖြင့် ပြုပြင်နေရသော ကိစ္စတွေချည်း ရှိနေသည်။ [နှာ-၃၅၂] ခန္ဓာ နှိပ်စက်တာ သိမှ ကိလေသာ ပါးသည်။ ကိလေသာ လုံးလုံး ချုပ်သွားလျှင် နိဗ္ဗာန် ပေါ်လာသည်။ [နှာ-၃၅၇] ခန္ဓာမှာ နှိပ်စက်တတ်သော သတ္တိပဲ ရှိသည်။ နှိပ်စက်ခြင်းသဘော ရှိတာက ဒုက္ခသစ္စာ၊ ဒုက္ခမှန်း သိတာက မဂ္ဂသစ္စာ၊ နှိပ်စက်ခြင်း သဘောကို သိ၍ မလိုချင်တာ၊ မခင်တော့တာက သမုဒယ သစ္စာ၊ သမုဒယ သေလို့ နောက်ခန္ဓာ မရတာက နိရောဓသစ္စာ ဖြစ်သည်။ [နှာ-၃၅၈] ဤကား ဓမ္မာ နုပဿနာ ဖြစ်ပုံကို ပြရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၁၀။ ဧည့်သည် ဝေဒနာ သုံးပါး၊ ခန္ဓာ ပေါ်ပေါ်လာတိုင်း သတိနှင့် လိုက်ပါ

[ ၁၆-၉-၆၂ နေ့က အမရပူရမြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

**(ဤတရားမှာ ၉ လပိုင်းကျမှ ဟောသော တရား ဖြစ်သည်။ မိုးကုတ် ဟောတရား မဟုတ်ပါ၊ အမရပူရမြို့ မင်္ဂလာ တိုက်ဟောင်းမှာ ပြန်၍ ဟောသော တရား ဖြစ်သည်။ ဆရာတော် ခန္ဓာ ဝန်ချရန် တစ်လ အလိုလောက်မှာ ဟောသော တရား ဖြစ်သည်။)**

'သုတ ဝါ အရိယာ သာဝကော' ဖြစ်မှ ဒိဋ္ဌိ ပြုတ်တယ် အစချီ၍ ဤတရားကို ဟောသည်။ ဒိဋ္ဌိ ပြုတ်လျှင် သောတာပန် တည်သည်။ ဒိဋ္ဌိ ပြုတ်သော်လည်း တဏှာတော့ ကျန်နေဦးမည်။ ကျန်သော်လည်း အပါယ် ကျသော တဏှာ မဟုတ်တော့ပါ။ အပါယ်ကျသော မာနလည်း မကျန်တော့ပါ။ ဒိဋ္ဌိထဲမှာ အပါယ်ကျစေတတ်သော တဏှာမာန ရောပါသွားပြီ။ ဒါကြောင့် ဒိဋ္ဌိကိုသာ အဓိက ထားပြီး ပယ်ရမည်ဟု ဆိုသည်။

http://www.dhammadownload.com



ဒါဖြင့် ဒိဋ္ဌိ ပြုတ်အောင် ဘာလုပ်ရမလဲ ဆိုလျှင် သုတဝါ ဖြစ်အောင် လုပ်ရမည်။ အရိယာ သာဝကော ဖြစ်အောင် လုပ်ရမည်။ သုတဝါ ဆိုသည်မှာ ပညာနားဖြင့် သစ္စာတရားကို နာဖူးခြင်း၊ ကြားဖူးခြင်း ရှိ၍ အရိယာ သာဝကော သည် အရိယာတို့၏ အကျင့်ကို ကျင့်ဖူးခြင်း ရှိသော တပည့် ဖြစ်ခြင်းကို ဆိုလို ကြောင်း ဟောထားသည်။ [နှာ-၃၆၁] အရိယာ တရားကို ပညာ နားနှင့် ကြားဖူး ခြင်းနှင့် ကြားဖူးသည့် အတိုင်း ကျင့်ကြံ အားထုတ်ခြင်း ဤနှစ်ချက် ရှိလျှင် အပါယ်လေးပါး တံခါး ပိတ်သည်။ ပူစရာ မရှိတော့ဟု ဆိုထားသည်။ [နှာ-၃၆၂] မိမိတို့ ဝမ်းထဲမှာ ဒိဋ္ဌိ အနုသယ ကိလေသာ မျိုးစေ့ ရှိနေသည်။ ထို မျိုးစေ့ကို ဒါန၊ သီလ၊ သမထဖြင့် ပယ်၍ မရပါ။ ထိုအနုသယသည် အကြောင်း တိုက်ဆိုင်လျှင် ပေါ်လာတတ်သော သဘော ရှိသည်။ [နှာ-၃၆၃] အနုသယကို မဂ်ဖြင့် မပယ်သေးသရွေ့ အကြောင်း တိုက်ဆိုင်လျှင် ပေါ်လာတတ်သည်။ အရိယာ တရားကို ပညာနားနှင့် ကြားမှသာ ဒိဋ္ဌိ ပြုတ်နိုင်ကြောင်း ဟောသည်။ [နှာ-၃၆၇] သံယုတ် ပါဠိတော် အနတ္တ သုတ်ကို ဟောရာမှာ 'ရူပံ ဘိက္ခဝေ အနတ္တံ ဝေဒနာ အနတ္တာ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တံ ဧဝံ ပဿံ ဘိက္ခဝေ သုတ ဝါ အရိယာ သာဝကော'ဟု ဟောတော်မူ ထားကြောင်း ထုတ်ပြသည်။

ဤကဲ့သို့ ပညာနားနှင့် ကြားပြီး အရိယာတို့၏ စကားကို မှတ်သား နာယူ၍ ကျင့်ကြံ ပွားများသော ပုဂ္ဂိုလ်သည် ဝေဒနာယပိ ဝေဒနာ၌လည်း နိဗ္ဗိန္ဒတိ ငြီးငွေ့လာ၏။ ဝေဒနာကို ရှုရင်း ငြီးငွေ့လာသည်။ ခန္ဓာ ဖြစ်ပျက် ဒုက္ခသစ္စာကို သိ၍ ခန္ဓာ နှိပ်စက်နေခြင်းကို ကြောက်လန့် ငြီးငွေ့ခြင်းသည် သံဝေဂဉာဏ်ဖြင့် ငြီးငွေ့ခြင်း ဖြစ်သည်။ မဂ်ဉာဏ် မဟုတ်သေးပါ။ ဒါက ဝိပဿနာ ဉာဏ်နှင့် ငြီးငွေ့ခြင်း မဟုတ်သေးဘူးဟု ဆိုသည်။ ဝေဒနာတွေ ပေါ်လိုက်၊ ပျောက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက် နေတာကို မပေါ်ပါနှင့် ဆိုလည်း မရ။ မပျောက်ပါနှင့် ဆိုလည်း မရ၍ ငြီးငွေ့ခြင်း ဖြစ်မှသာ ဝိပဿနာ နိဗ္ဗိန္ဒဉာဏ် ဖြစ်ကြောင်း ဟော ပည်။ [နှာ-၃၆၈] ခံစားရလွန်း၍ ငြီးငွေ့ခြင်း တစ်မျိုး၊ ဖြစ်ပျက် အနိစ္စကို မြင်၍ ငြီးငွေ့ခြင်းက တစ်မျိုး ဖြစ်ပုံကို ခွဲပြထားသည်။ သံဝေဂက ထိတ်လန့်သော ဉာဏ်ပဲ ရှိသေးသည်။ 'သံဝေ ဂေါတိ သြတ္တပ္ပ ဉာဏံ' သဘောမျှဖြင့် မဂ်မရသေး။ ဖြစ်ပျက်ကို ငြီးငွေ့ မှန်းမှသာ ရနိုင်ကြောင်း ပြထားသည်။ [နှာ-၃၆၉] မုန်းဉာဏ် ပေါ်သောအခါ သုခဝေဒနာ ပေါ်လည်း ပျက်သွားပြန်သော အခါ သြော် မပျက်

http://www.dhammadownload.com



စေချင်လည်း မရပါကလား၊ ပျက်တာပါပဲလား ဆိုပြီး စိတ်ပျက်၊ စိတ်ကုန်သွားတာမှ နိဗ္ဗိန္ဒဉာဏ် ဖြစ်သည်။ ဒါမှ ဝိပဿနာဉာဏ် [ နှာ–၃၇၀ ]

သံဝေဂဉာဏ်နှင့် ဝိပဿနာ နိဗ္ဗိန္ဒဉာဏ်ကို ခွဲပြပြီး သံဝေဂဉာဏ်က နိဗ္ဗိန္ဒဉာဏ်ကို ကျေးဇူး ပြုနိုင်ကြောင်းလည်း ဟောသည်။ ဝိပဿနာဉာဏ်ဖြင့် မုန်းမှသာ မဂ်ဉာဏ်ကို ရနိုင်သည်။ ဤတရားတွင် သံဝေဂဉာဏ်နှင့် ဝိပဿနာ ဉာဏ်ကို ခွဲခြား ပြသည်။ ခုကြားဖူးသဖြင့် သံဝေဂဉာဏ်နှင့် ဝိပဿနာဉာဏ်ကို ခွဲခြား တတ်ပြီ။ ကိုက်ခဲ နာကျင်၍ မုန်းသည် ဆိုခြင်းက သံဝေဂ၊ ခန္ဓာ ဖြစ်ပျက် နေမှုကို တားမရ ဆီးမရ၍ မုန်းတာကသာ ဝိပဿနာမုန်း ဖြစ်ကြောင်း ရှင်းရှင်း လင်းလင်း ဖော်ပြသည်။ [ နှာ–၃၇၂ ] ခန္ဓာ၏ ဖြစ်ပျက်ကို မြင်ပြီး မုန်းလာမှသာ ဝိပဿနာ၏ အခြေကို ဆိုက်သည်။ ခန္ဓာကြီးသည် အစိုးရစွာ မိမိ အလိုသို့ ပါသော ကိုယ့်အတ္တ မဟုတ်ပါကလားဟု သိမှသာ နိဗ္ဗိန္ဒဉာဏ် ပေါ်ပုံကို ရှင်းထားသည်။ [ နှာ–၃၇၃ ] တရား တက်လာတာ၊ ဉာဏ်တက်လာတာကို ကိုယ်တိုင်သိဖို့ ဆုံးဖြတ်ချက် ချပေးတာဟု ဟောထားသည်။ [ နှာ–၃၇၄ ]

ဤကဲ့သို့ အစိုးရစွာ အလိုပါသော အတ္တကိုယ် မဟုတ်ဘူး ဆိုတာ သိမှ ဒိဋ္ဌိ ပြုတ်သည်။ [ နှာ–၃၇၆ ] အတ္တ ဒိဋ္ဌိကို အနတ္တဉာဏ်ကသာ ပယ်ဖျက်နိုင်သည်။ [ နှာ–၃၇၇ ] အနတ္တဉာဏ် ရလာမှ အတ္တ ဒိဋ္ဌိ ဖြည်းဖြည်း ပါးသွားသည်။ လက်သမား လက်ရိုက် တုတ်တံ ဥပမာဖြင့် ပြခဲ့ပြီး ဖြစ်သည်။ ကြပ်ကြပ် ရှုပေးရသည်။ သို့မှသာ လက်သမား လက်ရိုက်တုတ်ကို လက် ကစားပြီး တုတ်ပေါ်မှာ လက်ရာ ပေါ်လာသကဲ့သို့ တုတ်တံ ပါးလာမည် ဖြစ်၏။ ခန္ဓာကို ခဏခဏ ဉာဏ်လှည့်ပြီး ဖြစ်တာလည်း အနတ္တ၊ ပျက်တာလည်း အနတ္တဟု ရှုနေဖို့ လိုပုံကို ပြသည်။ [ နှာ–၃၈၀ ] ဤတွင် ဆရာတော်က မိစ္ဆာ ဒိဋ္ဌိ လက်ရိုက်ကို သမ္မာဒိဋ္ဌိက နေ့တိုင်း စားနေသည်ဟု ထင်ရှားအောင် ဆိုထားပါသည်။ [ နှာ–၃၈၁ ]

ဤစကားသည် ဘုရား ကိုယ်တိုင် ဟောသော စကား ဖြစ်သည်။ ဆရာတော်က အနတ္တဉာဏ်နှင့် မခွဲဘဲ အမြဲမပြတ် နေတတ်အောင် ကြိုးစားပါဟု တိုက်တွန်းထားသည်။ [ နှာ–၃၈၆ ] အနတ္တဉာဏ်နှင့် ခွဲလိုက်သည်နှင့် အတ္တ ဒိဋ္ဌိက အသား တက်လာ လိမ့်မည်ဟု ဆိုသည်။ ထို့နောက် ခန္ဓာ ငါးပါးတွင် ဝေဒနာက္ခန္ဓာသည် ကျန်ခန္ဓာ ငါးပါးကို မှီ၍ ပေါ်ရကြောင်း ပြသည်။ သူက မှီတရား ဖြစ်၍ ခုဖြစ်ပြီး ခုပျက်ရသည်။ ကောင်းကင်မှာ လျှပ်စီး လက်သလိုပဲဟု ဆိုသည်။ ဝေဒနာက္ခန္ဓာသည် ချည့်သည် ခန္ဓာ ဖြစ်သည်။ [ နှာ–၃၉၀ ] ဝေဒနာက္ခန္ဓာ ဖြစ်ပျက် မြန်ပုံကို ပူသော

http://www.dhammadownload.com



အခါ ယပ်တောင် ခတ်ပုံ ဥပမာဖြင့် ရှင်းပြသည်။ ဝေဒနာလည်း အစိုးမရ အနတ္တပင် ဖြစ်သည်။ ဝေဒနာ ခွဲသည် လာတိုင်း သိရမည်။ သိလျှင် နိဗ္ဗာန် ရသည်ဟု ဆိုထားသည်။ [နှာ–၃၉၈] ဝေဒနာ ပေါ်တိုင်း ဝေဒနာ အနတ္တ ကြည့်ပေးရမည်။ ဝေဒနာ အဖြစ်ကိုလည်း သိပါ။ အပျက်ကိုလည်း မြင်အောင် ကြည့်ရမည်။ ဤသို့ ရတတ်မှ အရိယာတို့၏ ကျင့်စဉ် ပေါ်လာသည်။ မရှိတာက အနတ္တ၊ မရှိမှန်း သိတာက မဂ္ဂ ဖြစ်ပုံကို ရှင်းထားသည်။ [နှာ–၄၀၃] ဝေဒနာ ချုပ်မှန်း၊ ပျက်မှန်း မသိလျှင် ဝေဒနာ ပစ္စယာ တဏှာ ဖြစ်သွားပုံကို ပြသည်။ ဝေဒနာ ဖြစ်ပျက်ကို ကိုယ်က မသိလိုက်သော်လည်း ပဋိစ္စ သမုပ္ပါဒ် အစဉ်က ဆက်သွားသည်။ ကိုယ်က မသိလည်း စိတ်အစဉ်က ရပ်မနေဘူးဟု ဆိုသည်။ [နှာ–၄၀၄] မသိလိုက်တာက အဝိဇ္ဇာ ဖြစ်သည်။ မသိလိုက်သော အပြစ်သည် သံသရာကို ဆက်ဖြစ်သွားစေသည်။ ဒါကြောင့် ခွဲသည့် ဝေဒနာ လာလျှင် လာမှန်း သိအောင် လုပ်ရမည်ဟု ဟောရင်း အချိန်စေ့၍ တရား နားသည်။

*

## ၁၁။ အပါယ် စိတ်ချရတာ လုပ်ပြီးမှ ပျော်ချင် ပျော်ကြပါ။ ဟောတဲ့ ပုဂ္ဂိုလ်ရော၊ နာတဲ့ ပုဂ္ဂိုလ်ပါ ကျေးဇူး ရှိနိုင်တဲ့နည်း

[ ၂၃–၅–၆၂ နေ့က အမရပူရမြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

ခေမက ဝတ္ထုကို ထုတ်ပြမည် အစချီပြီ ဤတရားကို ဟောသည်။ ဝတ္ထု ထုတ်ပြတာ သိဖို့ ဖြစ်သည်။ သူများ လုပ်သလို အတုခိုးပြီး ကိုယ်လုပ်တတ်ဖို့ ဖြစ်သည်ဟု ဆိုသည်။ ဝိပဿနာ ရှုသောအခါ ပေါ်ရာ စိတ်ကိုပဲ ရှုရှု၊ ဘာပဲ ရှုရှု ပေါ်ရာက ဓမ္မ အနိစ္စပဲဟု သိလျှင် မဂ်ဉာဏ်နှင့် နီးပြီဟု မိန့်ထားသည်။ အနိစ္စ နုပဿိပေါ်ရာ ဓမ္မ အနိစ္စဟု ရှုမှတ်ရမည်။ စိတ်ကို ရှုရာမှာလည်း အရှုခံကလည်း စိတ်၊ ရှုဉာဏ်လည်းစိတ် ဖြစ်သောကြောင့် ရှေ့စိတ်ကို နောက်ပေါ်သော စိတ်ဖြင့် ရှုလိုက်လျှင် ရှေ့စိတ် ပျက်သွားပြီ ဖြစ်၍ မရှိတာပဲ တွေ့ရပေတော့မည်။ ထိုမရှိမှု ကို သိဖို့ အရေးကြီးသည်။ မရှိမှုကို တွေ့မြင်မှသာ အမှန် ရောက်သည်ဟု မှတ်ရ မည်။ [နှာ–၄၁၃] ဥဒယဗ္ဗယဉာဏ် ဆိုတာ ဖြစ်ပြီး ပျက်သွားတာကို မြင်ခြင်း ဖြစ်သည်။ [နှာ–၄၁၄] မရှိတာကို မြင်မှ နည်းမှန် လမ်းမှန် ဖြစ်သည် ဆို၏။ [နှာ–၄၁၆] ဒိဋ္ဌေဝ ဓမ္မေ ဆိုသောကြောင့် အနိစ္စနှင့် ရှုဉာဏ် မဂ္ဂ ကြားထဲမှာ အညေဟိ တစ်ပါးသော တရား၊ အသမ္ဘိသံ မရောလျှင်၊ ကြားမခိုလျှင် ခုလုပ်လျှင်

http://www.dhammadownload.com



ခုရနိုင်သည်။ ဒါကြောင့် ဖြစ်ပျက်နှင့်မဂ်ကိုက်ဖို့ရာသာ အရေးအကြီးဆုံး ဖြစ်ကြောင်း ဟောသည်။ [ နှာ–၄၁၇ ] 'သတကံ၊ သမိတံ အဗ္ဗော ကိဏ္ဍ အညေဟိ အသမ္ဘိသံ ဒိဋ္ဌေဝ ဓမ္မေ' ဆိုသော အဋ္ဌကထာ စကားကို ကိုးကား ထားသည်။ [ နှာ–၄၁၈ ]

ထို့နောက် အသေ မဦးမိ ဉာဏ်ဦးအောင် တိုက်တွန်းရကြောင်းကို ဟောပြန်သည်။ မဂ်ဉာဏ် မရမီ အသေ ဦးသွားလျှင် ကျောက်ခဲ ရေကျ ဖြစ်မည်။ သံသရာ သစ်ငုတ် ဖြစ်ရမည်ဟု ဆိုသည်။ [ နှာ–၄၂၃ ] ပြီးမှ ခန္ဓ ဝဂ္ဂ သံယုတ်၊ ခေမက ဝတ္ထုလာ အရှင်ခေမက ဝတ္ထုကို ထုတ်ဖော် ဟောသည်။ [ နှာ–၄၂၅ ] ဆီးတော ကျောင်းနေ အရှင်ခေမကသည် အနာဂါမ် တည်ပြီး ဖြစ်သည်။ ကောသမ္ဗီပြည်မှာ နေသော ရဟန်းခြောက်ဆယ် အရှင်ခေမထံသို့ တရားနာ လာကြသည်။ ထိုအချိန်တွင် အရှင်ခေမက မကျန်းမမာ ဖြစ်နေကြောင်း ကြားရသည်။ ထိုအခါ ရဟန်း ခြောက်ဆယ်က အရှင်ဒါသကကို အရှင်ခေမက ကျန်းမာရေး အခြေအနေကို စုံစမ်းခိုင်းလိုက်သည်။ ရဟန်း ခြောက်ဆယ်က အရှင်ခေမက မကျန်းမာဘူး ဆိုတာ ငါမမာတာ၊ သူမမာတာ ဟု ယူနေသေးသလား ထပ်မံ စုံစမ်းခိုင်းပြန်သည်။ အရှင်ခေမက က ငါ၊ ငါ့ဥစ္စာ အယူ မရှိတော့ကြောင်း ပြန်ကြားလိုက်သည်။ [ နှာ–၄၂၇ ] ငါ၊ ငါ့ဥစ္စာ ဆိုသော အတ္တ ဒိဋ္ဌိ ပြုတ်မှုသည် စာသမား ပြုတ်မှုနှင့် မရ၊ ပွားများ အားထုတ်ပြီးမှ ပြုတ်ရမည် ဖြစ်ကြောင်း ရှင်းရှင်း ဟောထားသည်၊ [ နှာ–၄၂၈ ] ပွားပြီး ပြုတ်ရာမှာပင် သစ္စာ သိမှ ပြုတ်မှု ထင်ရှားသည်ဟု ဆိုသည်။ ဉာဏ်ထဲမှ ရှင်းရှင်း ဒိဋ္ဌိ ပြုတ်မှသာ အပါယ်တံခါး ပိတ်သည်။ [ နှာ–၄၂၉ ]

အရှင်ဒါသက က အရှင်ခေမကမှာ ငါစွဲ ပြုတ်ပြီးကြောင်း ရဟန်းတော်များကို ပြန်လျှောက်သော အခါ ရဟန်းကြီးများက ဒါဆို အရှင်ခေမက ရဟန္တာ ဖြစ်ပြီလားဟု ပြန်မေးခိုင်းလိုက်ပြန်သည်။ ထိုအခါ အရှင်ခေမက က ငါစွဲတော့ ပြုတ်ပါ၏။ သို့သော် ရဟန္တာ မဖြစ်သေးကြောင်း ပြန်လိုက်သည်။ 'အပိစ ဉ္ဉမေသု ပဉ္စသု ခန္ဓေသု အသ္မီတိ အဓိဂတံ အယမဟ မသ္မီတိ န စသမ နုမဿာမိ' ဆိုသော ဂါထာဖြင့် ဖြေလိုက်သည်။ ခန္ဓာ ငါးပါးကို ငါဟု မရှုတော့ပါသော်လည်း အသ္မီတိ ငါယောင်ယောင်တော့ ထင်နေသေးကြောင်း အဖြေ ပေးလိုက်သည်။ [ နှာ–၄၃၁ ] သူသည် အနာဂါမ် တည်ပါပြီ။ တဏှာနှင့် မာနတော့ ကျန်နေသေးသည်။ ဒိဋ္ဌိပဲ ပယ်နိုင်သေးသည်။ အပါယ် ကျစေနိုင်သော တဏှာမာနကိုသာ ပယ်နိုင်သေးသည်။ [ နှာ–၄၃၃ ] အပါယ် စိတ်ချရပြီးမှ ပျော်ချင်ပျော်ဟု ဟောသည်။ [ နှာ–၄၃၄ ] ထိုအဆင့် ရောက်လျှင် ပျော်ချင်ပျော်၊ မာန ရှိချင်ရှိ အပါယ်

http://www.dhammadownload.com



မကျတော့ပါ။ ရဟန်း ခြောက်ဆယ်ကလည်း တရားနာပြီး တရား အားထုတ်ချင် နေကြသော ကြောင့် အရှင်ဒါသကကို မေးခိုင်း ပြန်သည်။ ရုပ်ကို ငါယောင်ယောင် ထင်တာလား၊ ရုပ်မှ တစ်ပါး ငါယောင်ယောင် ထင်တာလား၊ ဝေဒနာကို ငါယောင်ယောင် ထင်တာ လား၊ ဝေဒနာမှ တစ်ပါး ငါယောင်ယောင် ထင်တာလား စုံစေအောင် မေးခိုင်းပြန် သည်။ အရှင်ဒါသက က ပြန်သွားပြီး မေးရပြန်သည်။

ဤတစ်ကြိမ်တွင် အရှင်ခေမက ကိုယ်တိုင် လိုက်ပါ သွားသည်။ ရဟန်း ခြောက်ဆယ်နှင့် ကိုယ်တိုင် တွေ့ရသည်။ ထိုအခါ အရှင်ခေမကက ပဒုမ္မာ ကြာပန်းကြီးကို ယူခိုင်းပြီး ဥပမာထား၍ ရှင်းပြသည်။ ကြာပန်း မွှေးတာ ဝတ်ဆံ က မွှေးတာလား၊ ပွင့်ချပ်က မွှေးတာလား။ အမြေမှာ တစ်ပွင့်လုံးက မွှေးပါသည်။ ထို့အတူ ငါယောင်ယောင် ထင်နေတာ ခန္ဓာ ငါးပါးစလုံးကို ငါယောင်ယောင်ပါဟု ဖြေရသည်။ [နှာ–၄၃၇] အနာဂါမ် ပုဂ္ဂိုလ်မှာပင် ခန္ဓာတစ်ခုချင်းကို ငါဟု မထင်သော် လည်း အစုအပေါင်းကို ငါယောင်ယောင် ထင်တတ်သေးသည်။ ဆိုလိုသည်မှာ ခန္ဓာ တစ်ခုစီ အပေါ်မှာသာ ဒိဋ္ဌိ ပြုတ်သည်။ အပေါင်းပေါ်မှာတော့ တဏှာမာန ကျန်သေးသည် ဆိုလိုသည်။ [နှာ–၄၃၈] ပြီးမှ ဤငါယောင်ယောင် ထင်မှု အနံ့ပါ ပျောက်အောင် ခန္ဓာ ငါးပါးကို ဖြစ်ပျက်သာ ရှုပါဟု အလုပ်တရားကို သင်ပေးသည်။ 'ဣတိ ရူပံ၊ ဣတိရူပဿ သမုဒယော၊ ဣတိရူပဿ အတ္ထင်္ဂမော' ဤသို့ ရုပ်ကို ဖြစ်ပျက် ရှုခြင်းအားဖြင့် စတုတ္ထမဂ်ကို ရောက်လျှင် ငါယောင်ယောင် ထင်မှုလည်း ပျောက်သွား ပေတော့မည်။ တဏှာ၊ မာန အားလုံး ကုန်သည်။ [နှာ–၄၃၉] အောက်မဂ် သုံးမဂ် ရပြီးသည့်တိုင် တဏှာ မာန အနံ့ ကျန်နေပုံကို ရှင်းပြသည်။ [နှာ–၄၄၀] နောက်ဆုံး အရဟတ္တမဂ် ကျမှ တဏှာနဲ့ မာနနဲ့ အားလုံး ပျောက်သည်။ ရဟန္တာ ဖြစ်သည် အထိ ဖြစ်ပျက်ပဲ အားထုတ်ရပုံကို ပြထားသည်။ [နှာ–၄၄၃] ဟောသူကလည်း အလုပ်သင်သဘော ခန္ဓာ ကြည့်ပြီး ဟောသည်။ နာသူကလည်း ခန္ဓာ ကြည့်ပြီး အလုပ်လုပ်ရင်း နာသည်။ အချိန်စေ့၍ တရား နားလိုက်သည်။

*

**၁၂။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်နည်း(၁) စိတ်ဝိညာဉ်ကို သဿတ စွဲအား ကြီးနေကြပုံ**

[ ၂၄–၅–၆၂ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

(ယမန်နေ့က တရားကို အမရပူရမှာ ဟောပြီး ယနေ့ တရားကို မိုးကုတ်မှာ ဟောသည်ဟု ပြထားသည်။ ဆရာတော်ကြီး အမရပူရမှ ထိုကာလ၌ မိုးကုတ်သို့ ပြန်ကြွသွားဟန် တူသည်။)

http://www.dhammadownload.com



ယနေ့ ဝိညာဉ်ကို ရှင်းရမည် အစချီလျက် ဤတရားကို ဟောကြားသည်။ ဒကာ၊ ဒကာမတွေမှာ သေလျှင် ဝိညာဉ် ပြောင်းသည် ဆိုသော အယူ ရှိကြကြောင်း၊ ဝိညာဉ်ကလေး တွယ်ရာ မရှိသေး၍ မချုပ်သေးကြောင်း ပြောလေ့ ရှိသည်။ သေလျှင် ဝိညာဉ်က ခန္ဓာဟောင်းက ထွက်သွားသည်ဟု ယူဆကြသည်။ ဝိညာဉ် ဆိုတာ စိတ်ပဲဟု ဆိုသည်။ ထိုအယူသည် သဿတ ဒိဋ္ဌိ အယူဖြစ်သည်ဟု ဆိုသည်။ [နှာ-၄၄၇] တချို့က ဝိညာဉ်ကို အသက်ဟု ဆိုကြသည်။ အသက် ထွက်သွားပြီ ဆိုတာသည်လည်း သဿတ ဒိဋ္ဌိပင် ဖြစ်သည်။ ဤသို့ ယူနေကြခြင်းမှာ ဝိညာဉ်၏ အနိစ္စ သဘောကို ရှင်းရှင်း မသိ၍ ဖြစ်သည် ဆို၏။ ဤအယူရှိလျှင် ဘာသာက ဗုဒ္ဓဘာသာ၊ အယူက ဒိဋ္ဌိ ဖြစ်နေသည်ဟု ဆရာတော်က ဆုံးဖြတ်ထားသည်။ [နှာ-၄၄၈]

ဒါကြောင့် ဆရာတော်က စိတ္တာ နုပဿနာကို အရှုခိုင်းနေတာဟု ဆိုသည်။ ဝိပဿနာ ရှုသော ပုဂ္ဂိုလ်မှာ စိတ်ဝိညာဉ် ဖြစ်ပြီး ပျက်တာကို မြင်သည်။ သူ့အဖို့မှာ ပြောင်းစရာ၊ ရွှေ့စရာ မရှိတော့ပါ။ ဝိညာဉ်ဆိုတာ စိတ်၊ စိတ်အပေါ်မှာ မြန်မာ ဗုဒ္ဓ ဘာသာဝင်တွေ ဒိဋ္ဌိ အများဆုံး ကပ်နေကြသည့် အတွက် စိတ္တာ နုပဿနာကို အရေးထားပြီး ဆရာတော်က ရှုခိုင်းခြင်း ဖြစ်သည်။ [နှာ-၄၄၉] ပထမ မဂ် လိုချင်လျှင် ဒိဋ္ဌိ ဖြုတ်ရမည်။ စိတ်ကို ဝိပဿနာ ရှုပုံများကို ဆက်ဟောသည်။ စိတ်၏ ဖြစ်ပျက်ကို ရှုခိုင်းခြင်း ဖြစ်သည်။ လောက်လန်းသဖွယ် ဝိညာဉ်တွယ် ဆိုသော အမြင်ကို ပယ်ဖို့ ဟောသည်။ [နှာ-၄၅၁]

ထို့နောက် အကြောင်း တိုက်ဆိုင်မှသာ မြင်စိတ်၊ ကြားစိတ်၊ အသံ ဖြစ်ပေါ်ပုံ များကို ရှင်းပြသည်။ [နှာ-၄၅၅] ရုပ်နှစ်ခု တိုက်မှ စိတ်ဖြစ်ပေါ်သည်။ ရုပ်က အနိစ္စမို့ ရုပ်ကြောင့် ဖြစ်ပေါ်လာသော တရားလည်း အနိစ္စ ဖြစ်ကြောင်း ဟောထား သည်။ [နှာ-၄၅၇] အနိစ္စ မြင်ပြီး အနိစ္စမှန်းဉာဏ်၊ အနိစ္စကို မလိုချင်သော ဉာဏ် ရမှသာလျှင် အနိစ္စကနေပြီး နိစ္စကို ကူးသောဉာဏ် မရတော့ဘဲ အနိစ္စကို ကူးသောဉာဏ် ရမည်။ ထိုအခါကျမှ သောကပရိဒေဝ၊ ဒုက္ခ ဒေါမနဿ ကင်းစင် သွားမည်။ ဝိညာဉ်သည် နှစ်ခုသော အကြောင်းကို စွဲ၍သာ ဖြစ်ကြောင်း 'ဒွိယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ' ပါဠိကို ထုတ်ပြသည်။ [နှာ-၄၅၉] ဤသို့ အကြောင်းကို စွဲ၍ ဝိညာဉ် ဖြစ်ပုံကို မြင်သဖြင့် ဝိစိကိစ္ဆာ ကင်းသွားသည်။ [နှာ-၄၆၀]

အကြောင်း အနိစ္စ ဆိုလျှင် အကျိုးလည်း အနိစ္စ ဖြစ်တော့သည်။ ဤသို့ သိဖြင့် ခိုင်မြဲတာ မရှိဟုလည်း သိသည်။ သဿတ ဒိဋ္ဌိ ပြုတ်ပြီ။ [နှာ-၄၆၁]

http://www.dhammadownload.com



ဤတွင် ဒိဋ္ဌိရော ဝိစိကိစ္ဆာရော ပြုတ်ပါသည်။ အပြင် ညှော်သည် စိတ်တွေရော၊ အတွင်း ညှော်သည် စိတ်တွေရော အကြောင်း နှစ်ခုကြောင့်သာ ဖြစ်ပေါ်ရကြောင်း ပြသည်။ [နာ-၄၆၂] ဝိစိကိစ္ဆာသည် မောဟစိတ် ဖြစ်ကြောင်းလည်း ဟောသည်။ [နာ-၄၆၃] မောဟသည် အဝိဇ္ဇာပဲ။ အဝိဇ္ဇာ ဆိုလျှင် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ ပဋိစ္စ သမုပ္ပာဒ် တန်းသွားပြီ။ သင်္ခါရ ပစ္စယာ ပဋိသန္ဓေ ဝိညာဉ်၊ အပါယ် ဝိညာဉ် ပေါ်ပြီ။ [နာ-၄၆၄] အကြောင်း နှစ်ခုကြောင့် ဝိညာဉ် ပေါ်သည်ဟု သိလျှင် ဝိစိကိစ္ဆာ ချုပ်သည်။ နောက်ပဋိသန္ဓေစိတ် မလာနိုင်တော့ပါ။ [နာ-၄၆၅] ဝိညာဉ် အနိစ္စ ပေါ်ပြီး ပျက်မှန်း သိသဖြင့် ခိုင်မြဲသည်ဟု ယူသော သဿတ ဒိဋ္ဌိ ကင်းစင်သွားကြောင်း ပြသည်။ ဖြစ်တာ သိတော့ ဝိစိကိစ္ဆာ စင်သည်။ ပျက်တာမြင်တော့ ဒိဋ္ဌိ စင်သွားကြောင်း ဟောသည်။ [နာ-၄၆၆] မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ် အားလုံး ဒီနေရာမှာ ပေါ်၊ ဒီနေရာမှာတွင် ပျက်ပုံကို ပြသည်။ [နာ-၄၆၈] သဠာယတနဝဂ္ဂ သံယုတ်၊ ဆန္နဝဂ်၊ ပဌမ ဒွယနှင့် ဒုတိယ ဒွယသုတ်ကို ကိုးကားပြီး ဟောခြင်း ဖြစ်သည်။ [နာ-၄၆၉] 'ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ'ကို ထုတ်ဖော် ဟောထားသည်။ ဒိဋ္ဌိ ဝိစိကိစ္ဆာကို သညာဖြင့် ပြုတ်ပြီးသော ပုဂ္ဂိုလ် ပညာဖြင့် ရှုဖို့ လိုသေးကြောင်းလည်း ဆက်ဟော ထားသည်။ [နာ-၄၇၇] သညာဖြင့် ပြုတ်သူမှာ အပါယ်တံခါး တစ်ဘဝ ပိတ်သည်။ ပညာဖြင့် ပြုတ်ပါက အမြစ်ပြတ် ပြုတ်သဖြင့် အပါယ် ဘယ်တော့မှ မကျတော့ ကြောင်းလည်း ပြသည်။ သညာ ပြုတ်နှင့် ပညာ ပြုတ် ခွဲခြား ပြသည်။ သညာ ပြုတ်ဆိုတာ ဆရာ ဟောတာ၊ ပြောတာကို မှတ်ပြီး ပြုတ်တာ၊ ပညာပြုတ် ဆိုတာက ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှန်း၊ ဖြစ်ပျက် ဆုံးပြီး ဒုက္ခသစ္စာ သိပြီး၊ ဒုက္ခ မှန်းပြီး၊ ဒုက္ခ ဆုံးပြီး ပြုတ်တာ ဖြစ်ကြောင်းလည်း သဘောကျအောင် ရှင်းပြထားသည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြုတ်သွားလျှင် မဂ်၊ ဖိုလ်ကို တားသော တရား မရှိတော့ပါ။ [နာ-၄၈၀]

ထို့နောက် ဘုရား လက်ထက်က သာတိ ဆိုသော ရဟန်းတစ်ပါး သဿတ ဒိဋ္ဌိ ဝင်နေပုံကို ဝတ္ထုသက်သေ ထုတ်ပြသည်။ [နာ-၄၈၂] ဘုရားလောင်း ဖြစ်တော် စဉ်မှာ တစ်ဘဝမှ တစ်ဘဝသို့ ဝိညာဉ် ပြောင်းပြီး ဘဝ ကူးနေသည်ဟု သူက ယူဆနေခြင်း ဖြစ်သည်။ (ဇာတ်ကြီး ဆယ်ဘွဲ့) လူသေသော်လည်း ဝိညာဉ် မသေဘူးဟု သူက တရား လိုက်ဟောနေလေသည်။ ဘဝပြောင်းသည်၊ ဘဝ ကူးသည်ဟု ယူနေကြခြင်းသည် သာတိအယူ ဖြစ်ကြောင်း ထောက်ပြသည်။ [နာ-၄၈၃] သာတိ အကြောင်းကို ဘုရားက ကြားသောအခါ ခေါ်ပြီး ဒိဋ္ဌိအမြင် စင်ကြယ်အောင်

http://www.dhammadownload.com



ဟောပုံကို ဆက်ပြသည်။ (ရှေ့မှာ ပြခဲ့ဖူးပြီ) အကြောင်း နှစ်ကြောင်း တိုက်ပြီး ဖြစ်ပျက် ပေါ်ပုံကို သိလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြုတ်ကြောင်းကို ဟောရင်း အချိန် စေ့သည့် အတွက် တရားကို နားလိုက်သည်။

*

## ၁၃။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်နည်း (၂)

[ ၂၅–၅–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

တရား မဆုံးသေးဘူး။ မနေ့က တရားပဲ ဆက်ဟောမည် အစချီ၍ ဤတရားကို ဟောကြားပါသည်။ ဝိညာဉ် ပြောင်း မပြောင်းဟာ အင်မတန် အရေးကြီးသည်ဟုလည်း ဆိုသည်။ ထို့နောက် ယမန်နေ့က ဟောခဲ့သော ဝိညာဉ်ကို အတ္တ ယူပုံ အကြောင်း ဆက်ဟောသည်။ အကြောင်း နှစ်ခုကြောင့် ဝိညာဉ် ဖြစ်ပုံကို ပြန်ပြသည်။ အနိစ္စ အကြောင်းနှစ်ခုက ဖြစ်သော ဝိညာဉ်သည်လည်း အနိစ္စပင် ဖြစ်ကြောင်းကို ဟောသည်။ ဝိညာဉ်ကို အစိုးမရပုံ၊ ဝိညာဉ်သည် အနတ္တ ဖြစ်ပုံများကို ဆက်၍ ပြပြီး ဟောသည်။ [နှာ–၄၉၅] အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော သုံးခုစလုံးကို ဖြစ်ပျက်လို့ ပြောလိုက်လျှင် အားလုံး ပါသွားသည်ဟုဆိုသည်။ ဖြစ်ပျက် မရှိတာ နိဗ္ဗာန် ဖြစ်ကြောင်း ပြသည်။ ဖြစ်မှု၊ ပျက်မှု ချုပ်လျှင် အေးချမ်း သွားပြီဟု ဆိုသည်။ [နှာ–၄၉၆] "ဝူပသမော သုခေါ"။ ဝိညာဉ်သည် ဖြစ်ပြီး ပျက်သော တရား ဖြစ်ခြင်းကြောင့် ဝိညာဉ် ပြောင်းသည် ဆိုသောအယူ မမှန်ကြောင်း ပြသည်။ သဿတ ဒိဋ္ဌိ ရှိနေလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရကြောင်း ထပ်မံဟောသည်။ ဖြစ်ပျက်မြင်အောင် ရှုရမည်။ ဖြစ်ပျက် မြင်မှ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို နားလည်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိမှသာ ငါ၊ ငါ့ကိုယ်၊ ငါ့ဟာ မဟုတ်မှန်း သိမည်။ ပ ပဉ္စ တရား စင်သွားသည်။ [နှာ–၄၉၉] တဏှာ၊ မာန၊ ဒိဋ္ဌိ စင်သွားသည် ဟု ဆိုလိုသည်။

ထို့နောက် ဖြစ်ပျက် မြင်လျှင် ပဋိစ္စ သမုပ္ပာဒ် သုံးမျိုး ပြတ်ပုံကို ပြသည်။ [နှာ–၅၀၀] ဖြစ်ပျက် မြင်သူမှာ ဝိဇ္ဇာ ဥဒပါဒိ၊ အလောကော ဥဒပါဒိ ဖြစ်ပုံကိုလည်း ပြသည်။ [နှာ–၅၀၁] ထိုအခါ အဝိဇ္ဇာနှင့် အသက်ရှင်ခြင်း မဟုတ်တော့၊ တဏှာနှင့် အသက်ရှင်ခြင်း မဟုတ်တော့ဘဲ ခန္ဓာ အစဉ် ပြတ်သည်။ သံသရာ ပြတ်တော့သည်။ [နှာ–၅၀၃] သံသရာ ဆိုတာ ခန္ဓာအစဉ်ကို ခေါ်ခြင်းပင် ဖြစ်သည်။ ဖြစ်ပျက်ကို မြင်တာက ဝိဇ္ဇာ၊ ဝိဇ္ဇာနှင့် အသက် ရှင်နေခြင်း ဖြစ်သည်။ ဤသို့

http://www.dhammadownload.com



အသက်ရှင်မှသာ သက်ကောင်းရှည် ဖြစ်ကြောင်း ဟောသည်။ [နှာ-၅၀၈] ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ကြောင်း ဘုရားဟော ကျမ်းကိုးများကို ပြသည်။ [နှာ-၅၁၄]

ထို့နောက် သာတိရဟန်း ဝတ္ထုကို ပြန်ကောက်သည်။ ဝိညာဉ်သည် ပေါ်ရာမှာပင် ပျောက်ပုံသဘောကို ပြပြန်သည်။ ဝိညာဉ် ပြောင်းသည်ဟု မယူသင့်ကြောင်း ပြသည်။ ဘဝ ပြောင်းသည်ဟု မယူအပ်ပုံကို ပြသည်။ [နှာ-၅၁၉] ထို့နောက် ဘဝသစ် ဖြစ်ပေါ်ရာမှာ ကံသတ္တိ ပါသွားပုံကို စာတိုက် တံဆိပ်ရိုက် ဥပမာဖြင့် ရှင်းပြသည်။ [နှာ-၅၂၀] ဘဝစဉ်ဆက် ဖြစ်ပေါ်ရာမှာ အကြောင်း မကောင်းသော်လည်း အထည် ပါမသွားပုံကို ရှင်းပြသည်။ အကြောင်းအကျိုး ဆက်မှန်း သိလျှင် ဥစ္ဆေဒ ဒိဋ္ဌိ စင်သည်။ အထည် ပါမသွားမှန်း သိလျှင် သဿတ ဒိဋ္ဌိ စင်သည်။ [နှာ-၅၂၂] မြတ်စွာဘုရားက သာတိ ရဟန်းမှာ သဿတ ဒိဋ္ဌိ ဝင်နေသဖြင့် မဂ်မရနိုင်ကြောင်း ဟောသည် ဆို၏။ နောက်နိဗ္ဗာန် ရောက်သော ကုသိုလ်နှင့် သုဂတိသာ ရောက်သော ကုသိုလ် ၂ မျိုး ကွဲပုံကို ပြသည်။ [နှာ-၅၂၄] ဒိဋ္ဌိပြုတ် ကုသိုလ်နှင့် ဒိဋ္ဌိ မပြုတ်သော ကုသိုလ် ကွာပုံကို ပြသည်။

သာတိ ရဟန်းကို ဘုရားက မောဃ ပုရိသ နိဗ္ဗာန် မရနိုင်သော ပုဂ္ဂိုလ်ဟု ခေါ်ကြောင်း ဟောပြီး ရဟန်းခံတိုင်း နိဗ္ဗာန် မရကြောင်း၊ ဒိဋ္ဌိပြုတ်မှ ရနိုင်ကြောင်း ရှင်းထားသည်။ ဝိညာဉ် ခြောက်ပါးအနက် သာတိ အထင်တွင် မနော ဝိညာဉ်သည် ဘယ်တော့မှ မသေဘဲ ဘဝပြောင်းသည်၊ ခန္ဓာ ပြောင်းနေသည်ဟု ထင်မြင်ယူဆထားသည်။ ဘုရားက သာတိအား ထိုအယူကို မစွန့်လျှင် မဂ်၊ ဖိုလ် မရနိုင်တော့ဘူး ဟု မိန့်တော်မူသည် ဆို၏။ သံဃာတော်များကိုလည်း ဘုရားက ထိုအယူကို ယူကြသလားဟု မေးသည်။ သံဃာများက မယူပါကြောင်း ဖြေသည်။ ဝိညာဉ်သည် အကြောင်း တိုက်ဆိုင်မှသာ ဖြစ်ပေါ်သည်ဟု ယူကြောင်း သံဃာများက ဆိုသည်။ ဘုရားက ဟုတ်ပြီ၊ အကြောင်းချုပ်လျှင် အကျိုးဝိညာဉ်လည်း ချုပ်ပုံကို ပြသည်။ [နှာ-၅၃၁] ဝိညာဉ် ခြောက်ပါး အားလုံး ထိုသဘောပဲ ရှိသည်။ အကြောင်းအကျိုး သည်လည်း ပေါ်ရာမှာ ပျက်ရသည်။ သာတိ အယူမှားရသည်မှာ ဇာတ်ပေါင်းမှာ ဟောသော စကားကြောင့် ဖြစ်သည် ဆို၏။ [နှာ-၅၃၂] ဆရာတော်က စာဆိုတာ မြစ်ကူးဖောင်နှင့် တူသည်ဟု ဟောသည်။ ဟိုဘက်ကမ်း ရောက်တော့ ဖောင်ကို ပစ်ထားခဲ့ကြရ သလိုပဲဟု ဆိုသည်။

http://www.dhammadownload.com



မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ရလျှင် ထိုစာတွေကို ထမ်းသွားဖို့ မလိုပုံကို ပြသည်။ စာတတ်ပြီး ဟိုဘက်ရောက်အောင် မကူးသူ၏ အပြစ်ကိုလည်း ပြသည်။ အကြောင်းတိုက်ပြီး ခေါ်သော ဝိညာဉ်သည် ဤနေရာတွင် ဖြစ်ပြီး ဤနေရာတွင် ပျက်ပုံကို ကောင်းကင်ပေါ်မှာ ပေါ်ပြီး ပျောက်သော လျှပ်စစ် လင်းလက်ပုံ ဥပမာဖြင့် ပြသည်။ ဖြစ်ပျက် ဒုက္ခသစ္စာ ဖြစ်သည်။ သိသောဉာဏ်က မဂ္ဂသစ္စာ၊ တဏှာ မာန ဒိဋ္ဌိ သေတာက သမုဒယ သေတာ ဖြစ်သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ သမုဒယ သေတော့ နောက်ခန္ဓာ ဒုက္ခသစ္စာ မလာတာသည် နိရောဓသစ္စာ ဖြစ်သည်။ နိရောဓ သစ္စာ ဆိုက်သဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ မလာတော့ပုံကို ပြသည်။ [နှ၁-၅၃၈] ဤတွင် အချိန်စေ့သဖြင့် တရား နားလိုက်ပါသည်။

○

**ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၂၄) ပြီး၏။**

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်ခွင်တရား

စာအုပ်အမှတ်(၂၅)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၂၅)

**နိဒါန်း**

ဆရာတော် ဘုရားကြီးက ဒကာ၊ ဒကာမများကို ရှေ့နှင့်နောက် ခွဲတတ်ကြဖို့ သတိပေးကြောင်း ဆရာကြီး ဦးသံဒိုင်က ရေးထားသည်။ မိမိ အရေးကို ပထမ၊ သားရေး၊ သမီးရေး စီးပွားရေးက ဒုတိယ ထားသင့်ကြောင်း ပြသည်။ ရှေ့နောက် မခွဲတတ်လျှင် အပါယ် ကျသွားမည့် အရေးကို စိုးရိမ်သောကြောင့် ဖြစ်သည်။ ဆရာတော်ကြီးသည် သစ္စာ ဆိုက်အောင် ဟောကြားတော်မူသည်။ ကျင့်ကြံအားထုတ်မည် ဆိုလျှင်လည်း တစ်မဂ်၊ တစ်ဖိုလ် ပေါက်ရောက်နိုင်သော တရားမျိုးဖြစ်ကြောင်းကိုလည်း ဖော်ပြသည်။ ဆရာတော်သည် အပါယ်ဘေးကိုသာမက၊ စုတိပြီး ပဋိသန္ဓေ ဖြစ်ရသော အပြစ်ကိုလည်း ပြသွန်တော်မူသည်။ စုတိ ပဋိသန္ဓေ ရောက်ကြောင်းက သံသရာလည် တရား ဖြစ်သည်။ စုတိ ပဋိသန္ဓေ မဟုတ်သော တရား ဖြစ်မှသာ သံသရာပြတ် တရား ဖြစ်သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဆုတောင်း၍ မရပါ။ အားထုတ်မှသာ ရနိုင်ကြောင်းလည်း ပြပါသည်။ နိဗ္ဗာန်၊ မဂ်၊ ဖိုလ်ကို ရလိုလျှင် ဒိဋ္ဌိကို အရင် ပယ်သတ်ရမည်။ ပညတ်၊ ပရမတ်ဉာဏ်မှာ ကွဲရမည်။ ခန္ဓာ၊ အာယတန၊ ဓာတ်သစ္စာ၊ ပဋိစ္စ သမုပ္ပါဒ်ကို သိရမည်။ ထိုသို့ သိမှသာ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်နိုင်သည်။ သို့မဟုတ်ပါက အနှစ် မရှိသော ဗုဒ္ဓဘာသာဝင် ဖြစ်မည်။

ခန္ဓာ အရှိနှင့် ဉာဏ်အသိ ကိုက်အောင် ခန္ဓာ အရှိဆိုသည် ဖြစ်ပြီး ပျက်သွားသည်မှ အပ ဘာမျှ မရှိပါ။ ထိုခန္ဓာ ငါးပါးကို သတိပဋ္ဌာန် လေးပါးနှင့် ဝေပုံ

http://www.dhammadownload.com



ချရမည်။ ရုပ်ကို ရှုလျှင် ကာယာ နုပဿနာ၊ စိတ်ကို ရှုလျှင် စိတ္တာသ နုပဿနာ၊ ဝေဒနာကို ရှုလျှင် ဝေဒနာ နုပဿနာ၊ သစ္စာဆိုက်အောင် ရှုပါက ဓမ္မာ နုပဿနာ ဖြစ်ပုံကို ပြသည်။ ဗုဒ္ဓဘာသာဝင် ဖြစ်ပါက ဝိပဿနာ အလုပ်ကို အားထုတ်သင့်ကြောင်း ဖော်ပြသည်။ ထို့နောက် ဝင်လေ ထွက်လေကို မှတ်ရုံမျှသည် (၁) သတိပဋ္ဌာန်သာ ဖြစ်ပုံ၊ ဝင်လေစိတ်၊ ထွက်လေစိတ် ဖြစ်ပျက်ကို ရှုလျှင် (၂) သတိပဋ္ဌာဘာဝနာ ဖြစ်ကြောင်း၊ ထိုဖြစ်ပျက်တွေ ဆုံးသွားတာ မြင်မှ (၃) သတိပဋ္ဌာနဂါမိနိ ပဋိပဒါ ဖြစ်ကြောင်း ဤနိဒါန်းတွင် ရှင်းပြထားသည်။

*

**၁။ ပညတ်နှင့် ပရမတ် ကွဲဖို့ တရားနာကြသည်။ အရေးကြီးတာ အရင် လုပ်ပြီးမှ ပျော်ရင် ပျော်ကြပါ။ ( ရှင်ခေမက ဝတ္ထု)**

[ ၂၂-၅-၆၂၊ ၂၃-၅-၆၂ နေ့စွဲဖြင့် မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

**(မှတ်ချက်။ အမှတ်စဉ် ၂၄ စာအုပ်တွင်လည်း ၂၃-၅-၆၂ နေ့စွဲဖြင့် အပါယ် စိတ်ချရတာ လုပ်ပြီးမှ ပျော်ချင် ပျော်ကြပါ ဆိုပြီး တရားတစ်ပုဒ် ဟောထားသည်။ အရှင်ခေမက ဝတ္ထုကိုပင် အခြေခံသည်။ ယခုလည်း ထိုနေ့စွဲဖြင့် အထက်ပါ တရားကိုပင် ဟောထားပြန်သည်။ သို့သော် ရက်စွဲတူပြီးနေရာကွဲလွဲနေသည်။ ယခင် ၂၃-၅-၆၂ နေ့စွဲပါ တရားကို အမရပူရမြို့မှာ ဟောသည်ဟု ဖော်ပြထားပြီး ယခု တရားကို ထိုနေ့စွဲဖြင့်ပင် မိုးကုတ်မြို့မှာ ဟောသည်ဟု ဖော်ပြ ပါရှိနေသည်။ တစ်ခုံတစ်ခု မှားနေပြီ ထင်ပါသည်။)**

ကိုယ့်ခန္ဓာ အကြောင်း ကိုယ်မသိလို့ တရားနာကြတာဟု အစချီပြီး ဤတရားကို ဟောပါသည်။ ဘာကြောင့် မသိသလဲဆိုလျှင် အမေ မိဘ သင်ပေးလိုက်သော ပညတ်က ဖုံးနေ၍ ဖြစ်သည်။ တရား မနာပါလျှင် ထိုအရိုးစွဲ ပညတ်ကို မဖယ်နိုင်တော့ပါ။ ဆရာတော်က ဒါကြောင့် ပညတ်နှင့် ပရမတ်ကို ကွဲအောင်လို့ တရား နာရခြင်း ဖြစ်သည်ဟု အစိပ္ပာယ် ဖွင့်ဆိုတော် မူသည်။ [နှာ-၂] ပညတ်က နှိပ်စက်တတ်ပုံကို ပြသည်။ သား ဆိုသော ပညတ်ကြောင့် မိခင်မှာ ချစ်ခင်ရ၊ ပူပန်ရ၊ စိုးရိမ်ရ၊ ကြောင့်ကြ စိုက်နေရပုံကို ပြသည်။ လူတွေ ရင်ထု၊ ကြမ်းခုန်၊ မြေလူး ဖြစ်နေကြတာ အားလုံး ပညတ်ကြောင့်ချည်း ဖြစ်သည်။ ပရမတ်ကြောင့် မဟုတ်ကြောင်း ရှင်းပြသည်။ [နှာ-၃] ပရမတ် သဘောအရ ဘယ်သူ ဘာဖြစ်ဖြစ်

http://www.dhammadownload.com



မိမိနှင့် မဆိုင်ပါ။ သို့သော် ယခု မိမိနှင့် ဆိုင်သည်ဟု ထင်နေခြင်းမှာ ပညတ်ကြောင့် ဖြစ်သည်။ [နှာ–၄]

ဒါကြောင့် တစ်သံသရာလုံးမှာ ပညတ်ကြောင့် လူတစ်ယောက် ကျခဲ့ရတဲ့ မျက်ရည်သည် စုထားလျှင် သမုဒ္ဒရာ ရေထက်ပင် များသေးသည်ဟု ဘုရားက ဟောတော်မူသည်။ [နှာ–၅] ပညတ်သည် အခေါ်သာ ရှိသည်။ တကယ် အရှိတရား မဟုတ်ကြောင်း ဟောသည်။ ပရမတ်ကသာ တကယ်ရှိ၊ အမှန်ရှိ ဖြစ်သည်။ ဉာဏ်မျက်လုံး ရှိမှ ပရမတ်ကို မြင်နိုင်သည်။ ထို့နောက် ခန္ဓာဝဂ္ဂ သံယုတ်မှ ဝတ္ထု တစ်ခု ထုတ်ပြမည်ဟု ဆိုသည်။ [နှာ–၆] တရားဟော ပုဂ္ဂိုလ်က အနာဂါမ်၊ အမေးပုစ္ဆာ ထုတ်သော ရဟန်း ခြောက်ဆယ်က ပုထုဇဉ် ရဟန်းများ ဖြစ်သည်။ အနာဂါမ်မှာ ကောသမ္ဗီပြည် ဆီးတောကျောင်းမှာ သီတင်းသုံးသော အရှင်ခေမက ဖြစ်သည်။ အရှင်ခေမကသည် တစ်နေ့သ၌ မကျန်းမမာ ဖြစ်သည်။ ရဟန်း ခြောက်ဆယ်ကလည်း အရှင်ခေမကကို ဖူးချင်သည်။ အရှင်ခေမက မကျန်းမာ ကြောင်း ကြားသဖြင့် အရှင်ဒါသကကို လွှတ်ပြီး မေးမြန်း စုံစမ်းရန် ခိုင်းလိုက်သည်။ အရှင်ဒါသက သွားပြီး ကျန်းမာခြင်း ရှိ မရှိ သတင်း သွားမေးသည်။ ရှင်ခေမက က မကျန်းမာကြောင်း၊ ရောဂါ တိုးနေကြောင်း ပြောလိုက်သည်။ အရှင်ဒါသက ပြန်ပြီး ရဟန်း ခြောက်ဆယ်အား အရှင်ခေမက မကျန်းမာကြောင်း၊ ရောဂါ တိုးနေကြောင်း လျှောက် ထား လိုက်သည်။

ထိုအခါ ရဟန်း ခြောက်ဆယ်က အရှင်ဒါသကကို အရှင်ခေမကထံ ပြန် လွှတ်ပြီး ခန္ဓာကိုယ်ကို ငါ၊ ငါ့ဥစ္စာလို့များ စွဲနေသေးသလားဟု မေးခိုင်းပြန်သည်။ [နှာ–၉] အရှင်ခေမကက ခန္ဓာကိုယ်ကို ငါ၊ ငါ့ဥစ္စာဟု မစွဲလမ်းတော့ကြောင်း ဖြေလိုက် သည်။ ထိုအခါ ရဟန်းခြောက်ဆယ်က ဒါဆို အရှင်ခေမက ရဟန္တာ ဖြစ်ပြီလားဟု မေးခိုင်းပြန်သည်။ [နှာ–၁၀] အရှင်ခေမကက မိမိ ရဟန္တာ မဖြစ်သေး ကြောင်း၊ 'ပဉ္စသု ဥပါဒါနက္ခန္ဓာ သု အသ္မီတိ အဓိဂတံ အယမဟမသ္မီတိ နစ သမနုပဿာမိ' ဟု ဖြေလိုက်သည်။ ငါ၊ ငါ့ဥစ္စာတော့ မထင်တော့ဘူး။ သို့သော် ငါယောင်ယောင် အထင်တော့ ရှိသေးသည်ဟု ဖြေခြင်း ဖြစ်သည်။ မာန ငါနှင့် တဏှာ ငါ ကျန်သေးသည်ဟု ဆိုလိုသည်။ ခန္ဓာ ငါးပါး အပေါင်းကို ငါ ယောင်ယောင် ထင်နေတာ ကျန်သေးသည်ဟု ဆိုလိုသည်။ [နှာ–၁၂]

ထိုအခါ ရဟန်း ခြောက်ဆယ်က ထပ်မေးခိုင်းသည်။ ဒါဆို ရုပ်ကို ငါယောင် ယောင် ထင်တာလား၊ ဝေဒနာကို ငါယောင်ယောင် ထင်တာလား၊ ဝိညာဉ်ကို

http://www.dhammadownload.com



ငါယောင်ယောင် ထင်တာလားဟု မေးသည်။ ထိုအမေးကို ဖြေရာ၌ ဣမေသု ပဉ္စ သုခန္ဓေသု– ဤခန္ဓာ ငါးပါးတို့၌ အသ္မိတိ– အသ္မိ ဆိုသော ငါယောင်ယောင် အထင်သည် အဓိဂတံ– ထင်နေပါသေး၏။ ဤခန္ဓာ ငါးပါးကို အဟံ အသ္မိတိ– ငါတကယ် ဖြစ်၏ ဟူ၍ မူကား နသ မနုဿာမိ– မရှုတော့ဘူးဟု ဖြေလိုက်သည်။ [နာ–၁၃] ငါထင်မှု (မာန)၊ ငါခင်မှု (တဏှာ) လောက်ကတော့ အပါယ် မကျတော့ကြောင်း ဟောထားသည်။ [နာ–၁၄] မာန ငါနှင့် တဏှာ ငါ ကျန်လည်း စိုးရိမ်စရာ အပြစ် မရှိတော့ကြောင်း ပြသည်။ ငါ၊ ငါ့ဥစ္စာ ဒိဋ္ဌိ ခွဲဖြုတ်ဖို့သာ အရေးကြီးသည်။ ဒိဋ္ဌိ ပြုတ်ပြီးလျှင် အနာထပိဏ်၊ ဝိသာခါတို့လို ဘုံစဉ်ခံပြီး ပျော်ချင်သလို ပျော်နိုင်ပြီ ဖြစ်ကြောင်း ဟောသည်။ [နာ–၁၇] ငရဲမျိုးစေ့ ပြုတ်ပြီးမှ ပျော်ပါဟု ဆိုသည်။ စိတ်ချရမှ ပျော်တာ ကောင်းကြောင်းလည်း ဆိုသည်။

ရင်ဝ လှံစူး၊ ထိပ်ဦး မီးလောင်တာထက် လျင်မြန်စွာ ငါ၊ ငါ့ဥစ္စာ ဒိဋ္ဌိစွဲ ပြုတ်အောင် ဦးစားပေး လုပ်ဖို့ကို သတိပေး တိုက်တွန်းထားသည်။ [နာ–၂၅] ဒိဋ္ဌိ ပြုတ်လျှင် တဏှာချည်း အပါယ်မချနိုင်ဟု ဟောသည်။ [နာ–၂၆] ဒိဋ္ဌိနှင့် တဏှာ ဒိဋ္ဌိကို အရင်သတ်ရမည်။ ထို့နောက် စိတ္တာ နုပဿနာ အလုပ်ပေး တရားကို ဟောသည်။ [နာ–၂၈] မြင်စိတ်ကလေး မျက်လုံးထဲ ပေါ်ပြီး မျက်လုံးထဲမှာ ပျက်သွားသည်။ ဖြစ်တာနှင့် ပျက်တာပဲ ရှိသည်။ ဖြစ်တာကိုလည်း တား၍ မရ။ ပျက်တာကိုလည်း တား၍ မရပါ။ အနတ္တ ငါ၊ ငါ့ဥစ္စာ မဟုတ်ကြောင်း ပေါ်လွင်သည်။ [နာ–၂၉] မြင်စိတ် ဝိညာဏခန္ဓာ ဖြစ်သည်။

ထို့နောက် ငရဲ၌ ဆင်းရဲရောက်ရပုံကို ဟောသည်။ ပြိတ္တာဘဝ ဆင်းရဲပုံကို ပြသည်။ မြင်စိတ်၊ ကြားစိတ်သည် ငါ၊ ငါ့ဥစ္စာ မဟုတ်၊ အနိစ္စပဲဟု သိ သိသွားလျှင် ဒိဋ္ဌိ ပြုတ်သည်။ [နာ–၃၅] စိတ်၏ ဖြစ်ပျက်ကို ဉာဏ်ဖြင့် မြင်သဖြင့် ဒါစိတ် မဟုတ်ဘူး အနိစ္စပဲဟု သိလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နီးပြီ ဖြစ်သည်ဟု ဆိုထားသည်။ [နာ–၃၆] စိတ္တာ နုပဿနာမှာ စိတ်ကို အရှုခိုင်းသော်လည်း စိတ်မရှိတာကိုပဲ တွေ့မည်။ ရှုဉာဏ်စိတ် ပေါ်သောအခါ အရှုခံစိတ် ပျောက်သွားသောကြောင့် ဖြစ်သည်။ စိတ် နှစ်စိတ် မပြိုင်နိုင်၍ ဖြစ်သည်။ [နာ–၃၇] မရှိတာတွေ့မှ အမှန် ရောက်သည်ဟု ဆိုသည်။

'ဇေတသာ အဓိမုစ္စ မာနော၊ ပညာယ ပရိယော ဂါမာမာနော' ပါဠိတော်ကို ကိုးကား ပြသည်။ အနိစ္စနှင့် ရှုဉာဏ်ကြီးထဲမှာ ကိလေသာ ကြားမခိုစေနှင့်။ 'ပညာယ ပရိယော ဂမာနော၊ ယောအာသာဝနံခယာ'–ထိုပုဂ္ဂိုလ်သည် အာသဝေါ

http://www.dhammadownload.com



တရား ကုန်၏။ တရား ရှုသောအခါ ဖြစ်ပျက်နှင့် မဂ်နှင့် ကိုက်ဖို့သာ အရေးအကြီးဆုံးဟု ပြသည်။ [နှာ–၄၁] (အင်္ဂုတ္တိုရ် ပါဠိတော်) ပျောက်ပျက် သွားတာက အနိစ္စ၊ ပျောက်ပျက်သွားမှန်း သိလိုက်တာက မဂ္ဂဖြစ်သည်။ [နှာ–၄၂] အဋ္ဌကထာမှာလည်း 'သကတံ– အမြဲ၊ သမိတံ– မပြတ်၊ အဗ္ဗောကိဏ္ဏံ–တစ်ပါးသော တရားမရောဘဲ အညေဟိ အသမ္မိဿံဟု ဟောပုံကို ပြသည်။ [နှာ–၄၃] ဖြစ်ပျက်နှင့်မဂ်ကိုက်လျှင် ဒိဋ္ဌေဝ ဓမ္မေ– ချက်ချင်းရကြောင်း ဟောထားသည်။ သောအာသဝါနံ ခယာ ဒိဋ္ဌေဝ ဓမ္မေ။ အနိစ္စနှင့် မဂ္ဂ ကိုက်လျှင် အာသဝေါတရား ကုန်ခြင်းကြောင့် ချက်ချင်း မင်ရသည် ဟူလို။ [နှာ–၄၄]

ထို့နောက် အသေမဦးခင် ဉာဏ်ဦးအောင် လုပ်ဖို့ တိုက်တွန်းသည်။ လုပ်နည်းလည်း ပေးသည်။ တိုက်တွန်းမှုလည်း ပြုထားသည်။ [နှာ–၄၆] ဉာဏ်မဦးခင် အသေက ဦးသွားလျှင် ကျောက်ခဲရေကျ ဖြစ်ပြီဟု ဆိုသည်။ သံသရာ သစ်ငုတ် ဖြစ်ပြီဟုလည်း ဆိုသည်။ ပြီးမှ အရှင်ခေမက ဝတ္ထုကို ပြန်ကောက်သည်။ အစက ပြန်ဟောပြန်သည်။ ဒိဋ္ဌိ ပြုတ်ရာမှာ အသိဖြင့် ပြုတ်ရုံဖြင့် မရသေး။ ပွားများပြီး ပြုတ်မှ ရကြောင်းလည်း ဟောသည်။ [နှာ–၅၃] သစ္စာ သိပြီး ပြုတ်ရမည် ဟုလည်း ဆိုသည်။ အရှင်ခေမကက ခန္ဓာငါးပါး အပေါ် ငါ၊ ငါ့ဥစ္စာစွဲ ဒိဋ္ဌိ ပြုတ်သော်လည်း တဏှာ ငါနှင့် မာန ငါတော့ ကျန်သေးကြောင်း ဖြေလိုက်သည်။ ပပဉ္စ တရားမှာ ဒိဋ္ဌိကိုသာ ပယ်ပြီး တဏှာ၊ မာန၊ ပပဉ္စက ကျန်သေးသည်။ [နှာ–၅၇] အပါယ်ကျစေတတ်သော အပိုင်းကို ပယ်ပြီးပြီ။ အပါယ် စိတ်ချရပြီးလျှင် တဏှာ မာနနှင့် ပျော်ချင် ပျော်နိုင်ပြီဟု ပြသည်။ [နှာ–၅၈]

ထိုအခါ အရှင်ဒါသကကို ရဟန်း ခြောက်ဆယ်က အရှင်ခေမကအား ပြန်မေးခိုင်းပြန်သည်။ ရုပ်ကို ငါယောင်ယောင် ထင်တာလား။ ရုပ်မှတစ်ပါး ငါယောင်ယောင် ထင်တာလား။ ဝေဒနာကို ငါယောင်ယောင် ထင်တာလား။ ငါမှ တစ်ပါး ငါယောင်ယောင် ထင်တာလား။ [နှာ–၅၉] ထိုအခါ အရှင်ခေမက ကိုယ်တိုင် ရဟန်းခြောက်ဆယ်ထံ လိုက်သွားသည်။ အရှင်ခေမကက ပဒုမ္မာကြာပန်းကို နမူနာ ထားပြီး ဖြေသည်။ ပဒုမ္မာကြာပန်း မွှေးတာ တစ်ပွင့်လုံးက မွှေးတာ ဖြစ်ပုံကို ပြသည်။ ခန္ဓာ ငါးပါးပေါင်းကို ငါယောင်ယောင် ထင်ခြင်း ဖြစ်ကြောင်း ဖြေသည်။ ခန္ဓာ တစ်ခုစီ အပေါ်မှာ ဒိဋ္ဌိ ပြုတ်သည်။ ခန္ဓာအပေါင်း အပေါ်မှာသာ တဏှာ၊ မာန ဖြစ်ဆဲ ဖြစ်ပုံကို ဟောသည်။ [နှာ–၆၂] အရှင်ခေမကက ခန္ဓာ ငါးပါးသာ ဖြစ်ပျက် ရှုပါဟု ဟောသည်။ ဖြစ်ပျက် ရှုရင်းပင် ကျန်နေသော

http://www.dhammadownload.com



တဏှာ ငါ၊ မာန ငါလည်း ချုပ်ဆုံးသွားမည် ဖြစ်ကြောင်း ဟောသည်။ [နာ-၆၃] စတုတ္ထ မဂ်၊ အရဟတ္တမဂ် ကျလျှင် တဏှာ၊ မာနလည်း ချုပ်တော့သည်။ နောက်ဆုံးမဂ် ကျမှ အနုပျောက်ပုံကို ပြသည်။ ဒိဗ္ဗ ပေးအဝတ် ဥပမာကို ပြသည်။ ယခင် အမှတ်စဉ် ၂၄ ပါ တရားနှင့် ထပ်တူ ဟောထားသည်။ တရားဆုံးပုံလည်း တူနေသည်။ အချိန်စေ့၍ တရားနားသည်။

*

## ၂။ အာစယဂါမိနော ဓမ္မနှင့် အပစယ ဂါမိနော ဓမ္မ တရားများ

[ ၂၆-၅-၆၂ နေ့စွဲဖြင့် မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

'အာစာယ ဂါနိနော ဓမ္မ၊ အပစယ ဂါမိနော ဓမ္မလို့ တရားနှစ်ခု မှတ်ရမည်။ ဓမ္မ သင်္ဂဏီမှ လာသည်ဟု အစချီပြီး ဟောသည်။ ဘုရားတစ်ဆူ ပွင့်မှ တစ်ခါ ဟောသော တရားဟု ဆိုသည်။ အာစာယ ဂါမိနော ဓမ္မ ဆိုသည် စုတိပြီး ပဋိသန္ဓေသို့ ရောက်ကုန်သော တရား၊ အပစယ ဂါမိနော ဓမ္မသည် စုတိပြီးနောက် ပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်သော ဓမ္မ ဖြစ်သည်။ ထို့နောက် ဆရာတော်က သစ္စာ ဆိုက်အောင် ဟောသော တရားတစ်မျိုး၊ သဒ္ဒါပွားအောင် ဟောသော တရားတစ်မျိုး ရှိပုံကို ခွဲခြား ပြသည်။ [နာ-၇၂] ယခုဟောသော တရားက သဒ္ဒါပွားအောင် ဟောသောတရား မဟုတ်၊ ပညာ ပွားအောင်၊ သစ္စာ (အမှန်) ဆိုက်အောင် ဟောသော တရားသာ ဖြစ်သည်ဟု ဆိုသည်။ (ဤတရားမျိုးကို ရှေ့မှာလည်း ဟောခဲ့ ပြီးပြီ) စုတိ ပဋိသန္ဓေရောက် တရားနှင့် စုတိ ပဋိသန္ဓေ မရောက်သော တရားတွင် ပုထုဇဉ်တို့က စုတိ ပဋိသန္ဓေ တရားကို ကြိုက်တတ်ကြသည်။ စုတိ ပဋိသန္ဓေ မရောက်သော တရားကို ကြိုက်မှ နိဗ္ဗာန် ရနိုင်ပုံကို ဟောသည်။ စုတိ ပဋိသန္ဓေ ရောက်ကြောင်းက ဒုက္ခ ရောက်ကြောင်းတရား၊ ပဋိသန္ဓေ မရောက်ကြောင်း တရားက ဒုက္ခ ချုပ်ကြောင်း တရား ဖြစ်သည်။

ပြီးမှ တရားသား ပြသည်။ အာစယဂါမိနော၊ စုတိပဋိသန္ဓေ ဆက်သော တရားသည် အုတ်တိုက် တည်သည်နှင့် တူသည်။ အုတ်ပေါ် အုတ် ထပ်စီရသလို ထိုတရား အလောင်းအပေါ် အလောင်း ထပ်သည်။ [နာ-၇၆] အပစယ ဂါမိနော ဓမ္မက အလောင်းသိမ်းသော တရား၊ အို၊ နာ၊ သေ ကင်းသော တရား ဖြစ်သည်။ ဝိပလ္လာသကြောင့် မကောင်းကောင်းသော တရားကို ကောင်းနေကြသည်ဟု ဆိုသည်။ အ ကုသိုလ်စိတ်တွေ၊ ဘုံဘဝ ဆုတောင်းတဲ့ ကုသိုလ်တွေသည် အာစယ ဂါမိနော ဓမ္မချည်း ဖြစ်သည်။ [နာ-၈၂]

http://www.dhammadownload.com



ထို့နောက် မိုက်မဲသော ပုဏ္ဏားတစ်ဦးသည် သူ့မှာ နွားတစ်ကောင်တည်း ရှိသဖြင့် ဘုရင့်ထံမှာ နောက် နွားတစ်ကောင် သွားတောင်းမည် သွားရာ ဘုရင့်ရှေ့မှောက် ရောက်သောအခါ ကြောက်လန့်ပြီး နွားမတောင်းရဲဘဲ မိမိ နွားကိုပါ သိမ်းတော်မူပါ ဆိုပြီး ပေးခဲ့သော ဝတ္ထုကို ပြောသည်။ စုတိ ပဋိသန္ဓေကို တောင်းခြင်း မှာလည်း ပုဏ္ဏားလို ကိုယ့်နွားပါ ဆုံးရှုံးရသော အဖြစ်နှင့် တူသည်ဟု ဆိုသည်။ [နာ–၈၃] ဒုက္ခ ရှိလျက် ဒုက္ခ တောင်းခြင်း ဖြစ်သည်။ စုတိ ပဋိသန္ဓေ ဆက်သော အဖြစ်သည် မကောင်းကြောင်း သရုပ်ဖော် ဟောသည်။ ပြီးမှ စုတိ ပဋိသန္ဓေသို့ မရောက်ကြောင်းကို ဟောသည်။ မဂ္ဂ သင်္ဂဇိနှင့် သဠာယတန သံယုတ်ကို တွဲ၍ ဟောသည် ဆိုသည်။ [နာ–၈၈] ရှေးကလည်း မမြင်ဖူးဘူး၊ ယခုလည်း မြင်ဆဲ မဟုတ်ဘူး၊ ထိုပစ္စည်းကို ရချင်၊ လိုချင်လိုက်တာဟု ဘယ်သူမှ ဆိုမည် မဟုတ်ပါ။

ထိုအခါ တဏှာ၊ ဥပါဒါန် မလာတော့ပါ။ ထိုအခါ ကံလည်း မလာတော့ ပါ။ ကံမလာသောကြောင့် နောက်ဘဝ ပဋိသန္ဓေလည်း မလာတော့ပါ။ [နာ–၉၁] ကံမှန်သမျှ ကုသိုလ် ဖြစ်ဖြစ်၊ အကုသိုလ် ဖြစ်ဖြစ် စုတိ ပဋိသန္ဓေ ရောက် ကြောင်းချည်း မှတ်ရမည်ဟု ဟောသည်။ [နာ–၉၂] ထို့ကြောင့် ကံပြတ်တရားကို ဟောရကြောင်း ဆိုသည်။ ထို့နောက် စိတ္တာ နုပဿနာ ရှုနည်းကို စတင် ဟောကြား သည်။ [နာ–၉၄] စိတ်ကလေး တစ်ခု ပေါ်လျှင် သူ့ကို လမ်းဆုံးအောင် လိုက်ကြည့် ပါက သူသည် ဖြစ်ပြီး ပျက်သွားတာကို တွေ့ရမည်။ မရှိတာကိုသာ တွေ့ရမည်။ မရှိသော သဘောမှာ ရချင်၊ လိုချင်သော တဏှာ မပါတော့ပါ။ မရှိတာကို ရှေးက လည်း မမြင်ဖူးဘူး၊ မြင်ဆဲလည်း မဟုတ်ဘူး၊ ထိုတရားကို ရှုနိုင်းတာ စိတ္တာ နုပဿနာ ဖြစ်ပုံကို ပြသည်။ [နာ–၉၅] မရှိတာကို သိမြင်လိုက်လျှင် ဝိပဿနာမဂ် ဆိုက်သွားသဖြင့် တဏှာ၊ ဥပါဒါန်၊ ကံ မလာတော့ပုံကို ပြသည်။ တဏှာ၊ ဥပါဒါန်၊ ကံ မလာလျှင် မဂ်ပညာ၊ ဝိဇ္ဇာဉာဏ်သာ လာတော့မည်။ [နာ–၉၆]

ဒါကြောင့် စိတ္တာ နုပဿနာ ရှုသောအခါ မရှိတာကို မြင်လျှင် တော်ပြီဟု ဆိုထားသည်။ မရှိတာကို ဘယ်သူမှ မလိုချင်ပါ။ မလိုချင်လျှင် တဏှာ၊ ဥပါဒါန် ချုပ်ပြီ ဖြစ်၏။ ထို့အတူ မရှိတာကြီးကို မုန်းလိုက်တာ၊ စိတ်ပျက် လာတာဟုလည်း မဆိုနိုင်ပါ။ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿလည်း ချုပ်တော့သည်။ မရှိတာကို သိပြီဆိုလျှင် သိတာက ဝိဇ္ဇာ ဖြစ်သည်။ ထိုအခါ အဝိဇ္ဇာ ချုပ်တော့သည်။ ပဋိစ္စ သမုပ္ပာဒ် အပိုင်းပိုင်း ပြတ်သောကြောင့် စုတိ ပဋိသန္ဓေ နေသောတရားကို ပယ်နိုင်ပြီ ဖြစ်၏။ [နာ–၉၇] မဟုတ်လျှင် ကိုယ့်မသာ လူမစည်မှာ စိုးပြီး သူများမသာကို

http://www.dhammadownload.com



အခါခါ လိုက်ပို့ နေရမည်။ ကိုယ့်မသာ သိမ်းတတ်လျှင် သူများ မသာကို အခါခါ လိုက်ပို့စရာ မလိုတော့ဟု ဆိုသည်။ [နာ–၁၀၂]

ဤတရားကို သံယုတ် ပါဠိတော်မှာ မာလုကျ ပုတ္တကို ဟောကြောင်း ဖော်ပြ ထားသည်။ [နာ–၁၀၃] မြတ်စွာဘုရားထံမှာ အသက် ၇၁ နှစ်လောက် ကျမှ ရဟန်း ဝတ်လာသူ မာလုကျ ပုတ္တ ရဟန်းက တရားတောင်း၍ ပြောသော စကား ဖြစ်သည်။ မြင်လည်း မမြင်ဖူးဘူး၊ မြင်ဆဲလည်း မဟုတ်ဘူး၊ ထိုတရားကို သိအောင် လုပ်ပါက သာယာမှု·တဏှာနှင့် ပြစ်မှားမှု ဒေါသလည်း မလာနိုင်ကြောင်း ဟောသည်။ ဖြစ်ပျက်နှင့် မဂ်နှင့် ကိုက်အောင်သာ လုပ်ပါ။ ထိုတရားကိုသာ အားကိုးထိုက်ကြောင်း ဟောရင်း အချိန်စေ့သဖြင့် တရား နားလိုက်သည်။

*

## ၃။ ပဉ္စာ နန္တ ရိယ ကံထက် မိစ္ဆာဒိဋ္ဌိကံက အပြစ် ပိုကြီး၍ ကြောက်စရာ ကောင်းပုံ

[ ၂၇–၅–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

အမိ သတ်သောကံ၊ အဖ သတ်သောကံ၊ ရဟန္တာကို သတ်သောကံ၊ ဘုရားကို သွေးစိမ်း တည်အောင် လုပ်သောကံ၊ သံဃာ သင်းခွဲသောကံ ထိုကံ ငါးပါးကို ပဉ္စာ နန္တ ရိယကံဟု ခေါ်သည်။ ထိုပဉ္စာ နန္တ ရိယကံသည် ဂရုကံ (လေးသောကံ)များ ဖြစ်သည်။ မဂ်၊ ဖိုလ်ကို တားသောကံ ဖြစ်သည်။ ထိုကံများထက် အပြစ် ကြီးသောကံ ရှိသေးသည်။ ခန္ဓာငါးပါးကို ငါစွဲသန်သော မိစ္ဆာ ဒိဋ္ဌိကံက ပို၍ ကြီးသည်ဟု အစချီပြီး ဤတရားကို ဟောသည်။ အင်္ဂုတ္တိုရ်မှာ ဘုရား ဟောသည်ဟု ဆိုသည်။ ပဉ္စာ နန္တ ရိယ ကံထက် မိစ္ဆာဒိဋ္ဌိက ပိုပြီး အပြစ်ကြီးသည်ဟု ဆိုသည်။ 'နဟံ ဘိက္ခဝေ ဧက ဓမ္မမ္ပိ သမ နုပဿာမိ'– ရဟန်းတို့ ငါဘုရားသည် တစ်ပါးသော၊ တစ်ခုသော တရားကိုမျှလည်း မမြင်ဘူး။ ဤအပြစ်ကြီးသည် ဟူသည် အဘယ်နည်း ဟူမူကား မိစ္ဆာ ဒိဋ္ဌိပင် ဖြစ်၏။ ဘိက္ခဝေ– ရဟန်းတို့ ဝဇ္ဇာနိ– အပြစ်သည် မိစ္ဆာ ဒိဋ္ဌိ ပရမာနိ– ငါ့ကိုယ်၊ ငါ့ဟာဟု ယူသော မိစ္ဆာ ဒိဋ္ဌိသည် အကြီးဆုံး ဖြစ်၏။ [နာ–၁၁၀] ငါစွဲ ရှိနေသမျှ မိစ္ဆာ ဒိဋ္ဌိပဲ ဖြစ်သည်။ ဗုဒ္ဓ ဘာသာက အမည်ခံသာ ဖြစ်ကြောင်း ဝေဖန်ထားသည်။ [နာ–၁၁၁] ပဉ္စာ နန္တ ရိယ ကံက ကမ္ဘာ ပျက်လျှင် ငရဲက လွတ်ရက် ရှိသည်။ မိစ္ဆာဒိဋ္ဌိ ကံက လွတ်ရက် မရှိဘူးဟု ဆိုသည်။ [နာ–၁၁၂]

http://www.dhammadownload.com



**(ဤတရားသည် ရန်ကုန်ပို့ဖို့ အသံ သွင်းပေးသော တရား ဖြစ်သည်။ ပရိသတ်ကို ဟောသောတရား မဟုတ်ဟု ဆိုသည်။)** [နှာ-၁၁၅]

ဒိဋ္ဌိကို မပယ်ဘဲ စီးပွားရှာပြီး ခန္ဓာကို လုပ်ကျွေးနေတာ ဝက် အသားတိုး အောင် လုပ်နေသည်နှင့် တူသည်ဟု ဆိုသည်။ [နှာ-၁၁၆] လုပ်မစားချင်အောင် ပြောနေတာ မဟုတ်ကြောင်း၊ ရှေ့နောက် ခွဲတတ်အောင်သာ ပြောကြောင်း ဟောထား သည်။ ဒိဋ္ဌိ ပြုတ်ပြီးမှ စီးပွားရေး လုပ်ဖို့ ဟောခြင်း ဖြစ်သည်။ ဝိသာခါတို့ သိကြားမင်းတို့ သောတာပန် ဖြစ်ပြီးမှ လောကီ စည်းစိမ် ခံစားကြပုံများကို နမူနာ ပြသည်။ အပြစ် မရှိတော့ပုံကို ပြသည်။ အရေးကြီးတာကို နောက်မှ လုပ်မယ် ဆိုတော့ ငွကျတယ်ဟု မိန့်ထားသည်။ [နှာ-၁၁၈] မိစ္ဆာဒိဋ္ဌိ အစ သက္ကာယ ဒိဋ္ဌိ က ဖြစ်ကြောင်း ထပ်ဟောသည်။ ဒိဋ္ဌိကို ပယ်မည် ဆိုလျှင် ဤခန္ဓာထဲမှာ အနိစ္စသာ ရှိသည်ဟု ရှုမြင်ပြီး နားလည်ရမည်။ [နှာ-၁၂၂] ငါ့ကိုယ်၊ ငါ့ဟာ ဘာဆို ဘာမှ မရှိဟု သိရမည်။ သက္ကာယ ဒိဋ္ဌိ ပြုတ်ရေးကို နံပါတ် ၁ ထားဖို့ တိုက်တွန်းသည်။ သက္ကာယ ဒိဋ္ဌိက အနံမြူဖုံးထက် ကြောက်စရာ ကောင်းပုံကို ဟောသည်။ [နှာ-၁၂၅] သက္ကာယဒိဋ္ဌိ ရှိမှ ဒိဋ္ဌိ ခြောက်ဆယ့်နှစ်မျိုး ဖြစ်ပေါ်ကြောင်း 'ဒွါသဋ္ဌိ ဒိဋ္ဌိယော ပဝ္ဝဒ္ဓ မာနာ သက္ကာယ ဒိဋ္ဌိ ပမုဝေနေဝ ဥပ္ပဇ္ဇန္တိ'-ကို ထောက်ပြပြီး ဟောသည်။

ထို့နောက်၊ သက္ကာယ ဒိဋ္ဌိ ဘယ်က လာသလဲ အမေးကို ဝတ္ထုကြောင်း ထုတ်ပြသည်။ (ကိ' ဒိဋ္ဌိသုတ်၊ ဒသက နိပါတ် အင်္ဂုတ္တိုရ်)ကို ထုတ်ပြသည်။ တစ်နေ့သ၌ အနာထပိဏ် သူဌေးကြီးသည် နေ့လယ်ခင်းမှာ ဘုရား ကျောင်းတော်သို့ သွားသည်။ နေ့သန့်ချိန် ဖြစ်သဖြင့် ဘုရားကျောင်း အနီးက တိတ္ထိကျောင်း တစ် ကျောင်းသို့ သွားလေသည်။ တိတ္ထိများက သူ့အား ဗုဒ္ဓ ဘုရား၏ အယူ ဘယ်သို့ ရှိသလဲဟု မေးသည်။ အနာထပိဏ်က မိမိ အနေနှင့် ဘုရား အယူကို အကုန် မသိကြောင်း ဖြေသည်။ ဒါဆို ဘုရား၏ သားတပည့်များ အယူက ဘာလဲဟု မေးပြန်သည်။ ဒါလည်း မိမိပြောရခက်သည်၊ အကုန် မသိနိုင်ကြောင်း ဖြေသည်။ သို့ဖြစ်လျှင် သင့် အယူကို ပြောပါဟု တောင်းဆိုကြ ပြန်သည်။ အနာထပိဏ်က မိမိ အယူကိုတော့ ပြောနိုင်ပါသည်။ သို့သော် မပြောမီ သင်တို့၏ အယူကို ပြောစေချင်ကြောင်းကို တောင်းဆိုလိုက်သည်။ ထိုအခါ တိတ္ထိများက သူတို့၏ ဒိဋ္ဌိအယူ ဆယ်မျိုးကို ပြောကြသည်။ တစ်ဦးက ရုပ်နာမ်သည် မြဲ၏ဟု ယူကြောင်း ပြောသည်။ နောက်တစ်ယောက်က ရုပ်နာမ်သည် ယခုဘဝ သေလျှင် ပြတ်ပြီဟု

http://www.dhammadownload.com



ယူကြောင်း ဆိုသည်။ တချို့က ရုပ်နာမ်သည် အဆုံး ရှိသည်။ တချို့က ရုပ်နာမ်သည် အဆုံး မရှိဟု ယူကြောင်း ပြောကြသည်။ နောက်တစ်ဦးက သတ္တဝါသည် သေသည်၏ အခြားမဲ့စွာ မဖြစ်တော့ဟု ယူသည်။ နောက်တစ်ဦးက သတ္တဝါသည် သေသည်၏ အခြားမဲ့စွာ ဖြစ်ချည် တစ်လှည့်၊ မဖြစ်ချည် တစ်လှည့် ဖြစ်သည်ဟု ဆိုသည်။ စသည်အားဖြင့် တိတ္ထိ အယူများကို ပြောဆိုကြသည်။

ထို့နောက် အနာထပိဏ် သူဌေး၏ အယူကို မေးကြသည်။ ထိုအခါ အနာထပိဏ် သူဌေးက မိမိ အယူကို မပြောမီ တိတ္ထိများ၏ အယူများကို သုံးသပ်ဦးမည် ဆိုပြီး သုံးသပ်သည်။ [နာ–၁၃၀] တိတ္ထိများ၏ အယူများကို ဒသဝတ္ထုက အန္တဒိဋ္ဌိဟု ခေါ်ကြောင်း ပြသည်။ [နာ–၁၃၁] ခန္ဓာ ငါးပါး၊ ရုပ်နာမ် နှစ်ပါးသည် ပြုပြင်မှ ပေါ်လာသော သင်္ခတ တရား ဖြစ်သည်။ တိတ္ထိများကို အနာထပိဏ်က ရုပ်နာမ်သည် သင်္ခတတရား ဖြစ်ကြောင်း သူတို့ မသိပုံကို သုံးသပ်ပြသည်။ [နာ–၁၃၂] ထိုရုပ်နာမ်သည် ပြုပြင်မှု မရှိလျှင် ပျက်သဉ်းသည် ကိုလည်း သူတို့ မသိကြောင်း ထောက်ပြသည်။ ရုပ်နာမ်သည် ဖြစ်ပျက်ပဲ ရှိကြောင်းကိုလည်း ပြသည်။ တိတ္ထိများမှာ နှလုံးသွင်း မှား၍ ဒိဋ္ဌိ အယူများ ဖြစ်ပေါ် နေကြောင်းကိုလည်း သုံးသပ်ပြသည်။ ဒိဋ္ဌိ ဖြစ်ကြောင်း နှစ်ခု ရှိသည်။ (၁) မိမိ ကိုယ်တိုင် နှလုံးသွင်း မှား၍လည်း ဖြစ်သည်။ (၂) တရားနာ မှား၍လည်း ဒိဋ္ဌိ ဖြစ်နိုင်သည်။ [နာ–၁၃၄] ဆရာတော်က ဖြစ်ပျက် မမြင်လျှင် နှလုံးသွင်း မမှန်သေးဟု ဆိုသည်။ ကမ္မ သကတ ဉာဏ်လောက်ဖြင့် မပြီးသေး။ သစ္စာ မမြင်သေး၍ ဖြစ်သည် ဆို၏။ မင်းလုပ်လျှင် မင်းရမည်ဟု ဟောသော တရားမျိုး နာမိလျှင် ဒိဋ္ဌိဖြစ်ပြီး နစ်နာပုံကိုလည်း ဟောသည်။ ဟုတ်တိုင်း မှန်စွာ ဒိဋ္ဌိခွာပြီး ခန္ဓာ ဉာဏ်ရောက် ဟောတတ်သော ဆရာကို ရှာဖို့ အရေးကြီးသည်

ဘုရားက ထိုစကားကို ၁၇၉၂ ကြိမ် ဟောခဲ့သည် ဆို၏။ ကမ္မ သကတ ဉာဏ်လောက်သာ ဟောလျှင် သက္ကာယဒိဋ္ဌိ မပြုတ်ဘူးဟု မိန့်သည်။ [နာ–၁၃၉] သစ္စာ သံယုတ်ကို ကိုးကားပြီး ဟောသည်။ သူများ ပါးစပ်ဖျား လမ်းဆုံးနေလျှင် ဝါဠွမ်းကို ဒီဘက် မှုတ်လိုက် ဟိုဘက်လွင့်၊ ဟိုဘက်က မှုတ်လိုက် ဒီဘက် လွင့်နေကြလိမ့်မည်ဟု ဆိုသည်။ [နာ–၁၄၀] ကျောက်တိုင်လို မနိုင်မာတော့ဘူး။ ကျောက်တိုင် ဖြစ်အောင် လုပ်ပါ၊ ဝါဠွမ်းလို ဖြစ်နေလျှင် သံသရာမှာ လွင့်ချင်ရာ လွင့်နေလိမ့်မည်ဟု ဟောသည်။ [နာ–၁၄၀] ဘာကြောင့် ဝါဠွမ်း ဖြစ်ရသလဲ။ ဖြစ်ပျက် ဒုက္ခသစ္စာကို မသိ၍ ဖြစ်ကြောင်း ပြသည်။ [နာ–၁၄၁] ဒိဋ္ဌိ ဘယ်က

http://www.dhammadownload.com



လာသတုံး။ နှလုံးသွင်း မှားတာက လာသည်။ တရားနာ မှားတာကလည်း လာသည်။ ထိုအချက် နှစ်ချက် မမှားရအောင် ခန္ဓာ ဖြစ်ပျက် ဒုက္ခသစ္စာ ဖြစ်ကြောင်း ပြသည်။ အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၄။ ပဋ္ဌာ နန္တ ရိယ ကံထက် မိစ္ဆာဒိဋ္ဌိကံက အပြစ်ပိုကြီး၍ ကြောက်စရာ ကောင်းပုံ (၂)

[ ၂၈–၅–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ပဋ္ဌာ နန္တ ရိယကံထက် မိစ္ဆာဒိဋ္ဌိကံက ပိုပြီး အပြစ်ကြီးကြောင်း ဒုတိယနေ့ ဆက်ပြီး ဟောသည်။ ယမန်နေ့က မပြီးဆုံးဘဲ ထားခဲ့ရသော တရားကို ပြန်ဟော ခြင်း ဖြစ်သည်။ သို့သော် ပထမပိုင်းတွင် ယမန်နေ့က ဟောခဲ့ပြီး တရားများကို ပြန်ပြီး ကောက်ကြောင်းဆွဲ၍ ဟောသည်။ အနာထပိဏ် သူဌေးနှင့် တိတ္ထိများ တရား ဆွေးနွေးကြပုံများ ကိုလည်း ဟောခဲ့ပြီးသော အတိုင်း ပြန်ဟောသည်။ မိစ္ဆာဒိဋ္ဌိ ဘယ်က လာသလဲ။ အကြောင်းနှစ်ခုက လာသည်။ နှလုံးသွင်း မှားခြင်းနှင့် တရားနာ မှားခြင်း ဖြစ်ကြောင်း ထပ်ဟောသည်။ ကမ္မ သကတ ဉာဏ်မှာ ကိုယ်လုပ် ကိုယ်ရသည်။ ကိုယ်လုပ်ထားသော ကုသိုလ် ကိုယ့်နောက် အရိပ်ပမာ ပါသည် ဆိုသော စကားကို တိုက်ရိုက် အဓိပ္ပာယ် မယူရ။ ဆောင်၍ ဟောသော တရား ဖြစ်သည်။ ထိုအကြောင်းကို ပဋ္ဌာန်း ဒေသနာမှ အနန္တရ ပစ္စည်း သဘောဖြင့် စုတိစိတ် နောက်က ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပုံဖြင့် ရှင်းပြထားသည်။ [နှာ–၁၆၅] ယခုဘဝ ရုပ်နာမ်သည် နောက်ဘဝသို့ မလိုက်ပုံကို ပြသည်။ တစ်ခုနှင့် တစ်ခု ကျေးဇူး မကင်းပုံကိုလည်း ထင်ရှားအောင် ပြသည်။ [နှာ–၁၆၆] ဘဝ တစ်ခုနှင့် တစ်ခု ဆက်စပ် ဖြစ်ပေါ်ပုံကို မီးတိုင် ကူးယူပုံ ဥပမာဖြင့် ပြသည်။ [နှာ–၁၆၇] ဤသို့ ရှင်းပြီး သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိကို ဖြုတ်ပေးသည်။ [နှာ–၁၇၀] တရားဟော မှားလျှင် ဒိဋ္ဌိ စွဲတတ်ပုံကို ပြခြင်း ဖြစ်သည်။ [နှာ–၁၇၁]

ထို့နောက် ဗုဒ္ဓဘာသာဝင် တွေမှာ ဒိဋ္ဌိစွဲသော အလှူတွေ လုပ်တတ်ကြပုံကို ပြသည်။ ဒိဋ္ဌိစွဲသော အလှူသည် နိဗ္ဗာန် မရကြောင်း ပြသည်။ [နှာ–၁၇၃] ဤတွင် ဒါနနှင့် ပတ်သက်ပြီး ထူးခြားစွာ ဆိုသည်။ ဝိပဿနာ မခြံရံသော ဒါန မှန်သမျှ အယုတ် ဒါနချည်းပဲဟု ဆိုသည်။ [နှာ–၁၈၀] အနာထပိဏ် သူဌေးက တိတ္ထိများ သည် သခ်တ တရားများကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ လုပ်နေကြပုံကို ဝေဖန်

http://www.dhammadownload.com



ပြသည်။ [နှာ-၁၈၇] ဖြစ်ပျက် မမြင်လျှင် ငါ့ဟာ၊ ငါ့ဥစ္စာစွဲ မပျောက်နိုင်ပုံကို ရှင်းပြသည်။ ဒိဋ္ဌိစွဲ မပျောက်လျှင် နိဗ္ဗာန် မရနိုင်ပုံကို ဟောသည်။ [နှာ-၁၈၈] ခန္ဓာ ဉာဏ်ရောက်မှ ဝိပဿနာ ဖြစ်ပုံကိုလည်း ပြထားသည်။ ခန္ဓာဉာဏ် ရောက်မှသာ ဒိဋ္ဌိ ပြုတ်သည်။ ခန္ဓာ ငါးပါးသည် ဖြစ်ပြီး ပျက်သည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ ဖြစ်သည်။ ထိုသဘောသည် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဟု သိရမည်။ ဤကား ယထာဘူတ အမြင် ဖြစ်သည်။ ဤကား အနာထပိဏ်၏ အဖြေ ဖြစ်သည်။

ထို့နောက် အနာထပိဏ် သူဌေး ဘုရား စံကျောင်းသို့ သွားသည်။ ဘုရားကို မိမိ ဖြေကြားခဲ့ပုံ ပြန်လည် လျှောက်ထားသည်။ တိတ္ထိများ နှလုံးသွင်းမှား၍၊ တရားနာ မှား၍ ဒိဋ္ဌိစွဲပုံ၊ ဒါကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာကို တဏှာ၊ ဥပါဒါန်၊ ကံ စွဲနေကြောင်း ဖြေခဲ့သဖြင့် တိတ္ထိများ ကြံမှိုင် ကျန်ရစ်ခဲ့ကြောင်း လျှောက်သည်။ [နှာ-၁၉၂] ဘုရားက သာဓုခေါ်သည်။ ဘုရားက အသက် ၆၇ နှစ် ရှိသော ပုဂ္ဂိုလ်ကိုပင် ဖြစ်စေ အပါယ် မကျအောင် ဒိဋ္ဌိ ပြုတ်ပေးရမည်ဟု ဟောတော်မူကြောင်း ဆိုရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၅။ သံသရာ ဖြတ်ခန်း၏ ရေသောက်မြစ် ရှာသည့် တရားတော်။ သဿတ၊ ဥစ္ဆေဒ အသိနှင့် ပြုတ်ပုံ (၁) (အစေလ ကဿပသုတ်)

[ ၁၃-၉-၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

**(ဤစာအုပ်ပါ ရှေ့ပိုင်း တရားများသည် ၁၉၆၂ ခုနှစ်ဟော တရားများ ဖြစ်ကြသည်။ ဤတရားမှ နောက်ပိုင်း တရားများမှာ ၁၉၆၂ ခုနှစ် ၈ လ ၉ လပိုင်း ဟော တရားများ ဖြစ်ကြသည်။ ရက်စွဲ အစီအစဉ် မကျ၊ ရှေ့နောက် ပြောင်းပြန်တွေ ဖြစ်နေသည်။ အစေလ ကဿပသုတ် (၁) ကို ၁၃-၉-၆၁ မှာ ဟောသည်ဟု ဖော်ပြထားပြီး အစေလ ကဿပသုတ် (၂) ကို ၁၃-၅-၆၂ မှာ ဟောသည်ဟု ဖော်ပြထားသည်။ စိစဉ်သူများက အကြောင်းအရာကို မှတည်၍ စိစဉ်သလား မသိပါ။ စာအုပ် အမှတ် (၂၄)တွင်လည်း ဤတရားကို ၉-၅-၆၂ နေ့စွဲဖြင့် ဟောထားသည်။)**

ပဋိစ္စ သမုပ္ပါဒ် အဆုံးမှာ အနာဂတ်မှာ ပဋိသန္ဓေနေမှု ရှိလို့ ဇရာ၊ မရဏနှင့် နေရတယ် အစချီပြီး ဤတရားကို ဟောသည်။ အိုမှု၊ နာမှု ရှိလျှင် သောက၊

http://www.dhammadownload.com



ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ နောက်က လိုက်လာသည်။ အကုန် ဒုက္ခချည်း ဖြစ်သည်။ ဒါကြောင့် ပဋိစ္စ သမုပ္ပါဒ်မှာ ဒုက္ခ ခန္ဓာသ သမုဒယော ဟောတိဟု ဟောထားသည်။ ဤတရားမှာလည်း အစေလ ကဿပ ဝတ္ထုကိုပင် ထောက်ပြီး ဟောသည်။ ရာဇဂြိုဟ်ပြည်မှာ မြတ်စွာဘုရား ဆွမ်းခံစဉ် တစ်နေ့သ၌ အစေလ ကဿပ ဆိုသူက လမ်းမှာ မေးခွန်း လိုက်မေးသည်။ ဘုရားက မဖြေဘဲ သုံးကြိမ် ပယ်ပြီးမှ မေးခွင့် ပြုသည်။ ရှေ့မှာလည်း ဤဝတ္ထုကို ပြခဲ့ဖူးပြီ။ သူ့ မေးခွန်းမှာ ၄ ခု ဖြစ်သည်။ (၁) ဒုက္ခကို မိမိပြုလို့ မိမိရတာလား၊ (၂) ဒုက္ခကို သူတစ်ပါး ပြု၍ မိမိ ခံရတာလား၊ (၃) ဒုက္ခကို မိမိ၊ သူတစ်ပါး နှစ်ဦးသား ပြုခဲ့ကြ တာလား၊ (၄) ဒါဆို ဒုက္ခဟာ အလိုလို ဖြစ်ပေါ် လာတာလား ဟူ၍ ဖြစ်သည်။ ဘုရားက သူ့မေးခွန်းတိုင်းကို မဟုတ်ကြောင်း ဖြေသည်။

ထိုအခါ အစေလ ကဿပက (၅) ဒါဆို ဒုက္ခ မရှိဘူးလားဟု မေးသည်။ ဘုရားက ရှိသည်ဟု ဖြေသည်။ (၆) ရှိလျှင် ဒုက္ခကို သိနိုင်သလားဟု မေးပြန်သည်။ ဘုရားက သိနိုင်သည်ဟု ဖြေသည်။ ဆရာတော်က ဘုရား ဖြေပုံကို ထပ်ဆင့် ရှင်းပြသည်။ မဖြေတတ်လျှင် သဿတ ဒိဋ္ဌိဘက် ဥစ္ဆေဒ ဒိဋ္ဌိဘက်၊ အဟေတုက ဒိဋ္ဌိဘက် ပြေးသွားနိုင်ကြောင်း ပြသည်။ [နှာ-၂၀၀] အမှန်မှာ အကြောင်း ပဋိစ္စ သမုပ္ပါဒ်ကြောင့် အကျိုး ပဋိစ္စ သမုပ္ပါဒ် ဖြစ်ကြောင်း ပြထားသည်။ ဤတရားသည် သံသရာ ဖြတ်ခန်း၏ ရေသောက်မြစ်ကို ရှာသော တရား ဖြစ်သည် ဆိုသည်။ [နှာ-၂၀၁] ပဋိစ္စ သမုပ္ပါဒ်ကို ဖြတ်မည်ဆိုလျှင် ခန္ဓာက စပြီး ဖြတ်ရမည်။ အကြောင်းနှင့်အကျိုး မဆက်မိအောင် လုပ်ရမည်။ တိုတို ပြောလျှင် ခန္ဓာနှင့် မဆက်မိစေနှင့်ဟု ဆုံးမ ထားသည်။ [နှာ-၂၀၃] ခန္ဓာနှင့် တဏှာ မဆက်မိလျှင် ဒုက္ခ ခန္ဓာသ နိရောဓော ဟောတိ ဖြစ်၏။ သို့ ဖြစ်ရန်မှာ ခန္ဓာနှင့် တဏှာကြားမှာ မဂ် ဝင်ရမည်။ သို့မှသာ မဆက်မိဘဲ ပြတ်သွားမည်။

အရေးကြီးတာက ခန္ဓာနှင့် တဏှာ မဆက်မိအောင် ဖြတ်တတ်ဖို့ပင် ဖြစ်၏။ ခန္ဓာ ပဋိစ္စ သမုပ္ပါဒ်ကြောင့် ဒုက္ခ ဖြစ်ရသည်။ မိမိ၊ သူတစ်ပါး ပြုသည် မဟုတ်ကြောင်း နားလည်ရမည်။ [နှာ-၂၀၅] အစေလ ကဿပ အကြောင်းကို ပြန်ကောက် ဟောပြန်သည်။ သူ့ ပထမ အမေးက သဿတ ဒိဋ္ဌိနှင့် မေးကြောင်း ပြသည်။ ဗုဒ္ဓဘာသာ မြန်မာတွေမှာ သဿတ ဒိဋ္ဌိ အစွဲသန်ကြပုံကို ပြပြီး ချွတ်သည်။ [နှာ-၂၁၀၊၂၁၁] ဟောရင်း သမ္မာဒိဋ္ဌိ ငါးမျိုး ရှိကြောင်း ရောက်သွားပြန်သည်။ ကမ္မ သကတ ဉာဏ်ဖြင့် တင်းတိမ်နေလျှင် ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ် သမ္မာဒိဋ္ဌိကို

http://www.dhammadownload.com



မရနိုင်ကြောင်းလည်း ဟောသည်။ [နှာ-၂၁၄] ကမ္မသကတ ဉာဏ်ဖြင့် နိဗ္ဗာန်ကို မရောက်နိုင်ပါ။ အစေလ ကဿပ၏ ပထမ မေးခွန်းနှင့် ဒုတိယ မေးခွန်းကို ဘုရားက မဖြေကြောင်း၊ ဖြေလိုက်လျှင် သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်သွားမည့် စိုး၍ ဖြစ်ကြောင်း ရှင်းပြထားသည်။ [နှာ-၂၁၇ ထိ] ကိုယ်ပြု ကိုယ်ခံ သဘောလည်း မဟုတ်၊ သူတစ်ပါးပြု ကိုယ်ခံသဘောလည်း မဟုတ်၊ အကြောင်း ဖြစ်လို့ အကျိုး ပေါ်တာသာ ဖြစ်ကြောင်း ဟောရင်း၊ အသိဖြင့် ဒိဋ္ဌိ ဖြုတ်ခြင်း သဘောကို ဟောရင်း အချိန်စေ့၍ တရား နားလိုက်လေသည်။

*

၆။ သံသရာ ဖြတ်စခန်း၏ ရေသောက်မြစ် ရှာသည့် တရားတော် (၂)။ အလုပ် စခန်းဖြင့် သဿတ၊ ဥစ္ဆေဒ အသိနှင့် ဖြုတ်ပုံ (အစေလ၊ ကဿပ သုတ်)

[ ၁၃-၅-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

**(အစေလ ကဿပသုတ် (၁) ကို ၁၃-၉-၆၁ နေ့က ဟောပြီး အမှတ် (၂) ယခု တရားကို ၁၃-၅-၆၂ နေ့ကျမှ ဟောသည်ဟု ပြထားသည်။ တစ်ဖန် ၁၃-၅-၆၂ နေ့စွဲဖြင့်ပင် နောက်၌ လာမည့် တရား (ဗာလ ပဏ္ဍိတ သုတ်)ကိုလည်း ၁၃-၅-၆၂ နေ့စွဲဖြင့်ပင် ဟောကြောင်း ပြထားသေးသည်။ တစ်ည တည်းမှာ တရား ၂ ပုဒ် ဟောသလားဟု စဉ်းစားရ ခက်ပါသည်။ တစ်စုံတစ်ခု မှားပြီ ထင်ပါသည်။ တရားသာ ဆက်စပ်သည်။)**

အစေလ ကဿပ ဝတ္ထု အဆက်ကို ဟောသည်။ မနေ့က ဝတ္ထု မဆုံးလို့ ပြန်ပြောရတာ ဟုလည်း ဆိုထားသည်။ အကြောင်းအရာ အဆက်ဖြစ်သော်လည်း နေ့စွဲက ရက်ကွာခြား နေသည်။ ကဿပ အမေးတွင် ကိုယ်လည်း မပြု၊ သူတစ်ပါး လည်း မပြု၊ ကိုယ်၊ သူတစ်ပါး နှစ်ဦးသားလည်း မပြုဘဲလျက် ဒုက္ခ ဖြစ်သည် ဆိုလျှင် ဒုက္ခသည် သူ့အလိုလို ဖြစ်သလား ဆိုသော အမေးကို ဆက်လက် ဟောကြားထားသည်။ သူ့အလိုလို ဖြစ်တာလည်း မဟုတ်ပါ။ ဘုရား အဖြေက အကြောင်းကြောင့် အကျိုးပေါ်တာသာ ဖြစ်ကြောင်း ပြသည်။ ဓမ္မအကြောင်းကြောင့် ဓမ္မအကျိုးပေါ်တာ ဖြစ်သည်။ ကမ္မဘဝကြောင့် ဇာတိ ပေါ်ရတာ ဖြစ်ကြောင်း ရှင်းသည်။ [နှာ-၂၂၀] ကမ္မဘဝကြောင့် ဇာတိ ဒုက္ခသစ္စာ ဖြစ်ရတာ ဖြစ်သည်။ ဘုရားလို ကုသလာ၊ ကုသလ် ဇာဟ်- ကမ္မဘဝကို စွန့်လိုက်လျှင် ဒုက္ခ မဖြစ် တော့ကြောင်း ရှင်းပြသည်။ [နှာ-၂၂၁]

http://www.dhammadownload.com



ဘုရားက ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပယ်သည်။ လူတွေက ကံကောင်းဖို့ကို မျှော်နေကြပုံကို ပြသည်။ ကံကောင်းချင်တာသည် ဒုက္ခ ရောက်ချင်တာဖြစ်သည်။ 'ကမ္မံ ဝိပါ ကဿ ကမ္မ ပစ္စယေန ပစ္စယော' ကမ္မက သမုဒယသစ္စာ၊ ဝိပါကဿက ဒုက္ခသစ္စာ။ ဘယ်တော့များမှ တပည့်တော် အကြီးအကျယ် ဒုက္ခရောက်ပါ့မလဲဟု စောင့်မျှော်နေတတ်ကြသည် ဆို၏။ [နှာ-၂၂၃] ဝိပါက ဝဋ်ကို လူတွေက ကြိုက်နေကြသည်။ ဆံပင်ဖြူမှ အရှုးထနေကြသည်ဟု ဆိုသည်။ အကဏှ၊ အသုက္ကကံ ဖြစ်အောင် မဂ္ဂင်ပွားရမည်။ အကဏှ၊ အသုက္ကကံ ကသာ ကံကိုဖြတ်သည်။ ဒါမှသာ ဝိပါကဝဋ် ကျွတ်မည် ဖြစ်ကြောင်း ပြသည်။ [နှာ-၂၂၄] ဘုရားက ဝဋ်ကျွတ် စေချင်တယ်။ လူတွေက ဝဋ်ကို မျှော်တယ်ဟု သုံးသပ်ပြသည်။ ဆရာတော်က ဒုက္ခ ဘယ်သူ လုပ်တာလဲ အမေးကို သုညတ ဓမ္မက လုပ်ကြောင်း အဖြေ ပေးထားသည်။ လူတွေမှာ သုညတကို နားမလည်လို့ သဿတ ဒိဋ္ဌိ ဝင်နေကြောင်း ထောက်ညွှန် ပြသည်။ [နှာ-၂၂၇] ဤတွင် ပဋိစ္စ သမုပ္ပာဒ် သဘောအရ တဏှာက အကြောင်း၊ သမုဒယ ဥပါဒါန်က အကျိုး၊ ဒုက္ခသစ္စာ ဖြစ်ကြောင်း ဟောသည်။ ဥပါဒါန်က သမုဒယ အကြောင်း၊ ကမ္မဘဝက အကျိုး ဒုက္ခသစ္စာ ဖြစ်ကြောင်း ရှင်းပြသည်။ တရား ဆန်းသည်ဟု ထင်ရသည်။ [နှာ-၂၂၈] ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ လာသည်ဟု ပြထားသည်။ ဉာဏ်မျက်လုံးနှင့် ကြည့်မှ လူတွေ လုပ်နေကြတာ ဒုက္ခပြီး ဒုက္ခ ရှာနေတာ ဖြစ်ကြောင်း၊ ဒုက္ခ ရောက်မည်မှန်း မသိလို့ ဒုက္ခ ရှာနေကြတာ ဖြစ်ကြောင်း ပြသည်။

ဤသို့ ဒုက္ခသဘောကို ဟောပြီးမှ အစေလ ကဿပ ဝတ္ထုကို ဆက်ပြန်သည်။ [နှာ-၂၃၁] ဒုက္ခကို မိမိပြုသည် ဆိုလျှင် ကံကို မိမိဟု ယူဆရပေမည်။ ထိုအခါ မိမိ ပြုလို့ မိမိ ခံရသည် ဆိုသော သဿတ ဒိဋ္ဌိ လာမည်။ [နှာ-၂၃၂] မိစ္ဆာ ဒိဋ္ဌိ တစ်လုံး ရှိလျှင် သံသရာ သစ်ငုတ် ဖြစ်သည်ဟု ဆိုသည်။ ထို့နောက် ဘုရားက နေယျတ္ထ သဘော ဆောင်၍ ဟောသော တရားကို တိုက်ရိုက် အဓိပ္ပာယ် မကောက်ရကြောင်း ဟောသည်။ ထို့နောက် တရားကို ကြိုးစားပြီး အားထုတ်ဖို့ လိုကြောင်း၊ အားမထုတ်ဘဲနှင့် သုညတကို မမြင်နိုင်ကြောင်း ပြောသည်။ [နှာ-၂၃၇] ပြီးမှ အစေလ ကဿပ၏ ဒုတိယ မေးခွန်းကို သုံးသပ်ပြသည်။ သူတစ်ပါး ပြု၍ မိမိ ရသလား ဆိုသည်ကိုလည်း မဟုတ်ကြောင်း၊ ပြုသူ တခြား ခံရသူ တခြား ဆိုလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ကြောင်း ပြသည်။ [နှာ-၂၃၈] ဒုက္ခ ဘာကြောင့် ဖြစ်သလဲ ပဋိစ္စ သမုပ္ပာဒ်ကြောင့် ဖြစ်သည်ဟု ဆိုသည်။ [နှာ-၂၃၉]

http://www.dhammadownload.com



ဒါကြောင့် ဒုက္ခအားလုံး ချုပ်ငြိမ်းချင်လျှင် ပဋိစ္စ သမုပ္ပာဒ်ကို ပြတ်အောင် လုပ်ရမည်ဟု ဆိုသည်။ ပဋိစ္စ သမုပ္ပာဒ် ပြတ်သော နည်းကို ပြောကြစို့ ဆိုပြီး ပြောသည်။ ခန္ဓာ ဖြစ်ပျက် ဒုက္ခသစ္စာ နောက်က မဂ္ဂသစ္စာ လိုက်ရမည်။ မဂ်လိုက်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ သေသည်။ ပြတ်သည်။ ခန္ဓာနှင့် ဉာဏ်နှင့် တိုက်မှ ရသည်။ [နှာ–၂၄၁] 'သင်္ခါရေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ' ပဌာန်း ပါဠိတော်မှာ ဆိုသည်။ သင်္ခါရတရားကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုမှ မဂ်ပေါ်သည်ဟု ဆိုထားသည်။ [နှာ–၂၄၁] သင်္ခါရကို အာရုံပြုမှ ဝိပဿနာမဂ် ပေါ်မည်။ [နှာ–၂၄၂] ပုဂ္ဂိုလ်၊ သတ္တဝါကို အာရုံပြုလျှင် မဂ်မရနိုင်ဟု ဆိုသည်။ ခန္ဓာ တစ်ပါးပါးကို ဖြစ်ပျက် ရှုခိုင်းသည်။ ရုပ်ကြိုက် ရုပ်ရှု၊ နာမ်ကြိုက် နာမ်ကို ရှုဟု ဆိုရင်း အချိန် စေ့၍ တရား နားလိုက်သည်။

*

## ၇။ လူမိုက်နှင့် လူလိမ္မာ သိရှိရန် ဗာလ ပဏ္ဍိတ သုတ် (၁)

[ ၁၃–၅–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

**(ရှေ့မှာ ဖော်ပြထားသော အစေလက ကဿပသုတ် တရားကိုလည်း ၁၃–၅–၆၂ နေ့စွဲဖြင့်ပင် ဟောကြားကြောင်း ဖော်ပြထားသည်။ ဗာလ ပဏ္ဍိတ သုတ်ကို နှစ်ပိုင်း ခွဲပြီး (၁)+(၂)ဟု ပြထားရာတွင် အမှတ် ၁ တရားက ၁၃–၅–၆၂ ဟော ဖြစ်ပြီး အမှတ် ၂ တရားက ၂၂–၈–၆၁ ဟော ဖြစ်နေသည်။ ရက်စွဲ ကွာခြားလွန်းပြီး အမှတ်၂က ၁၉၆၁မှာ ဟောသည်။ အမှတ် ၁ ၁၉၆၂မှာ ဟောသည်ဟု ဖော်ပြထားရာ ရက်စွဲများ ပြောင်းပြန် ဖြစ်နေသည်။ တစ်နေ့တည်းမှာလည်း တစ်နေရာတည်းမှာ တရား နှစ်မျိုး ဟောသလို ဖြစ်နေပါသည်။)**

လူမိုက်နှင့် လူလိမ္မာ ထူးခြားပုံကို ဟောမည်ဟု အစချီပြီး ဤတရားကို ဟောသည်။ နိဒါန ဝဂ္ဂ သံယုတ် ပါဠိတော် ဗာလ ပဏ္ဍိတ သုတ်ဟု စာညွှန်းထားသည်။ (ဗာလ ပဏ္ဍိတ သုတ်ကို ရှေ့မှာလည်း ဆရာတော် ဟောခဲ့ဖူးပြီးပြီ။ မကြာခဏ ဟောဟန် တူသည်။) အခါတစ်ပါးမှာ မြတ်စွာဘုရားက ရဟန်းများအား လူမိုက်နှင့် လူလိမ္မာ ဘာခြားနားသလဲဟု မေးမြန်းတော်မူသည်။ ရဟန်းများက မိမိတို့ ဉာဏ်မမီ၍ မသိပါကြောင်း၊ မြတ်စွာဘုရား ဟောမှသာ သိခွင့် ရှိမည် ဖြစ်ကြောင်း လျှောက်ထားကြသည်။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားက လူမိုက်နှင့် လူလိမ္မာသည် သံသရာ ခရီးမှာ လာခြင်း အတူတူ ဖြစ်သည်။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အတိုင်း လာကြကြောင်း၊ လာလမ်းက အတူတူပင် ဖြစ်ကြောင်း၊ သို့ရာတွင် လူမိုက်သည် လက်ရှိ ဘဝတွင် မိမိ ခန္ဓာကို ခင်သည်။ ခန္ဓာကို စွဲလမ်းသည်။ ခန္ဓာကို ယုယ ပြုစုရင်း အချိန်ကုန်သည်။ နောက်ခန္ဓာ ရမှုကိုလည်း ရှေးရှုသည်။ လူလိမ္မာက မဂ္ဂဗြဟ္မစရိယကို ကျင့်သည်။ ခန္ဓာ ငါးပါးကို ဝိပဿနာ ဉာဏ်ဖြင့် ရှုပွား ဆင်ခြင်သည်။ [နာ–၂၄၇] ဒါကြောင့် သူ့မှာ တဏှာ၊ ဥပါဒါန်၊ ကံ ဆိုသော သမုဒယ မလာဘဲ ဇာတိ၊ ဇရာ၊ မရဏ ချုပ်ငြိမ်းသည်။ [နာ–၂၄၈] ဆရာတော်က 'ဒါ မနေ့က တရားပဲ ရှိသေးတယ်' ဟု ဖော်ပြ ထားသဖြင့် ဤတရား မတိုင်မီက ဤအကြောင်း အရာကိုပင် တရားတစ်ပုဒ် ယမန်နေ့က ဟောထားခဲ့ဟန် တူသည်။ လူမိုက်က ခန္ဓာနောက်က တဏှာ လိုက်သည်။ လူလိမ္မာက တဏှာနောက်က မဂ်လိုက်သည်။ လူလိမ္မာသည် ခန္ဓာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုသော မဂ္ဂဗြဟ္မစရိယကို ကျင့်သောကြောင့် တဏှာ နိရောဓ ဖြစ်သည်။ လူမိုက်မှာ ခန္ဓာခင်သော တဏှာ၊ ဥပါဒါန်၊ ကံကို ပြုလုပ်သောကြောင့် ဇာတိ၊ ဇရာ၊ မရဏ လာသည်။ သမုဒယ သုံးခု၊ ဒုက္ခ သုံးခု ပေါ်သည်ဟု ဆိုသည်။ [နာ–၂၄၉] လူလိမ္မာမှာ သမုဒယသစ္စာ သုံးခုနှင့် ဒုက္ခသစ္စာ သုံးခု ပြတ်သည်။ အမှန်တော့ လူလိမ္မာ၊ လူမိုက် ဆိုတာက ပညတ်တွေသာ ဖြစ်သည်။ စင်စစ်မှာ ဓမ္မ ဖြစ်စဉ်မျှသာ ကွာခြားကြောင်း ရှင်းလင်း ဟောကြားထားသည်။ [နာ–၂၅၀]

ဆရာတော်က ပဋိစ္စ သမုပ္ပာဒ် ဓမ္မ တန်းသွားလျှင် လူမိုက်၊ ထိုဓမ္မ မတန်းဘဲ ချုပ်ပြတ်သွားလျှင် လူလိမ္မာ၏ သဘော ဖြစ်ကြောင်းလည်း ဟောသည်။ အသေဝနာ စ ဗာလာနံ ဆိုတာက မမှိဝဲအပ်သည့် ဓမ္မ သုံးခု (တဏှာ၊ ဥပါဒါန်၊ ကံ) ဖြစ်သည်။ ပဏ္ဍိတာနဉ္စ သေဝနံက မှီဝဲအပ်သော တရား ဖြစ်ကြောင်းလည်း ရှင်းထားသည်။ မင်္ဂလသုတ်ကို လူတွေက ပုဂ္ဂိုလ်၊ သတ္တဝါ စွဲ၍ အဓိပ္ပာယ် နားလည်ပုံ မှားကြောင်း လည်း ပြသည်။ [နာ–၂၅၁] ဒါကြောင့် မမှိဝဲအပ်တာ မှိဝဲလျှင် ဗာလ၊ မမှိဝဲသင့်သည် ကို မမှိဝဲလျှင် ပဏ္ဍိတ ဟုလည်း ခွဲခြား ဟောထားသည်။ [နာ–၂၅၃] လူမိုက်မှာ မင်္ဂလာ မရှိကြောင်း၊ လူလိမ္မာမှာသာ မင်္ဂလာ ရှိကြောင်း သုံးသပ်ပြသည်။ မင်္ဂလ သုတ်သည် ပုဂ္ဂိုလ်ကို ဟောသည် မဟုတ်၊ ဓမ္မ သဘောကို ဟောခြင်းသာ ဖြစ်သည်ကို လည်း ပေါ်လွင်အောင် ပြထားသည်။ ခန္ဓာ ငါးပါးကို အဘိဓမ္မာနည်း၊ သုတ္တန်နည်း ဖြင့် ယူပုံကို ခွဲခြား ပြထားသည်။ ခန္ဓာ ငါးပါး ပေါင်းပြတာ အဘိဓမ္မာနည်း၊ သုတ္တန်နည်းက သိလွယ်အောင် တန်းပြီးပြတာ ဖြစ်သည်ဟု ဆိုသည်။ [နာ–

http://www.dhammadownload.com



၂၅၈] ဝိပဿနာ ရှုသောအခါ ခန္ဓာ ငါးပါးစလုံးကို ပေါင်းပြီး ရှုလျှင် နိဗ္ဗာန် မရကြောင်း၊ ရုပ်နှင့်နာမ်က ဖြစ်ပုံ၊ ချုပ်ပုံ သက်တမ်း မတူကြောင်း၊ ရုပ်က အသက် ရှည်သည်၊ နာမ်က သက်တမ်းတိုသည်။ ပြီးမှ ခန္ဓာ တစ်ခုစီကို ခွဲပြီး ရှုပုံကို ပြသည်။ ရုပ်ကို ရှုလျှင် ကာယာ နုပဿနာ၊ ဝေဒနာကို ရှုလျှင် ဝေဒနာ နုပဿနာ၊ စိတ်ကို ရှုလျှင် စိတ္တာ နုပဿနာဟု ခေါ်ပုံကို ပြသည်။ (ရှေ့မှာ အကြိမ်ကြိမ် ပြခဲ့ဖူးပြီ) ခန္ဓာ ငါးပါးကို သတိပဋ္ဌာန် လေးပါးဖြင့် ဝေဖန်ပုံကို ပြသည်။

ထို့နောက် ဆရာတော်က ခန္ဓာ ငါးပါးကို သစ္စာ ဖွဲ့ပြသည်။ ဒုက္ခသစ္စာချည်း ရသည်။ [နာ-၂၅၉] ခန္ဓာ ငါးပါး ဖြစ်ပျက်ပဲ ရှိသည်။ ဒုက္ခ သစ္စာချည်း ဖြစ်သည်။ ဒုက္ခသစ္စာ တစ်လုံးတည်း ရှုလိုက်လျှင်လည်း ပြီးပါသည်။ ကြိုက်ရာ နုပဿနာ ရှုနည်းဖြင့် ဖြစ်ပျက်ပဲ ရှုရမည်။ ဖြစ်ပျက်သည် သမုဒယနှင့် ဝယပင် ဖြစ်၏။ [နာ-၂၆၁] ပြီးမှ ဒိဋ္ဌိများသော ပုဂ္ဂိုလ် စိတ္တာ နုပဿနာ ရှုဖို့ ပြသည်။ ကာမ ပုဂ္ဂိုလ်သည် ကာမာဝစရ စိတ်ကို ရှုရမည်။ ရူပစိတ်၊ အရူပစိတ်၊ လောကုတ္တရာစိတ် ကို ရှု၍ မရပါ။ ဤတရားတွင် ကုသိုလ် စိတ် ၁၂၊ အဟိတ်စိတ်က ၁၈၊ ၎င်းမှ ဟသိ တုပ္ပဒ်စိတ် ၁ ကို နုတ်၊ ၁၇ ကျန်၊ မဟာ ကုသိုလ်စိတ် ၈ ခုနှင့် ပေါင်း၊ စိတ် ၃၇ ရသည်။ ထိုစိတ်ကိုပဲ ရှုရမည်ဟု ပြသည်။ [နာ-၂၆၄] ၃၇ စိတ်တောင် များလှသည်။ ထို့ကြောင့် အရှုခံစိတ်ကို ချုံးလိုက်သည်။ အပြင် ညွှတ်သည်စိတ် ခြောက်၊ အတွင်း ညွှတ်သည်စိတ် ငါးခု (အခြား နေရာတွင် အပြင်ညွှတ်သည် ၅၊ အတွင်း ညွှတ်သည် ၆)ဟု ပြသည်။

ပြီးတော့ မဂ်သည် စိတ်နှစ်ခု (ဝင်လေစိတ်၊ ထွက်လေစိတ်) အမောဟကို ရှုဉာဏ်ထဲ ထည့်လိုက်သည်။ [နာ-၂၆၅] ထိုစိတ်များ၏ ဖြစ်ပျက်ကို လိုက်နိုင်း သည်။ ရှုစရာ မရှိလျှင် ဝင်လေစိတ်၊ ထွက်လေစိတ် ဖြစ်ပျက်ရှု၊ အိမ်ရှင် စိတ်မှာ ပြန်ထိုင်၊ တခြားစိတ်တွေ ပေါ်လျှင် ပေါ်ရာစိတ်ကို ပြန်လိုက်ရမည်၊ စိတ် ၁၃ မျိုးပဲ ရှုနိုင်းသည်။ ထို့နောက် အမောဟ ရှုဉာဏ် ငါးခုရှိပုံကို ပြသည်။ [နာ-၂၆၇] ရှုဉာဏ်လည်း ဓမ္မပဲ၊ အရှုခံလည်း ဓမ္မပဲ၊ ဓမ္မကို ဓမ္မနှင့် ရှုဟု ပြသည်။ ဓမ္မကို ဓမ္မနှင့် ရှုတတ်လျှင် သက္ကာယ ဒိဋ္ဌိ ပြုတ်သည်။ [နာ-၂၆၈] ဓမ္မများသည် အကြောင်း တိုက်ဆိုင်မှ ဖြစ်ပေါ်သည်ဟု သိလျှင် ဝိစိကိစ္ဆာ ပြုတ်သည်။ ဖြစ်ပျက်ကို သိတာက မဂ်ဖြစ်သည်။ ဖြစ်ပျက်၊ မဂ် ကိုက်အောင် ရှုရမည်။ ကိလေသာ ကြားမခိုလျှင် မနက် အားထုတ် ညမှာ တရားရသည်။ မရလျှင် ကိလေသာ ကြားခိုလို့ဟု မှတ်ပါ ဆိုရင်း အချိန် စေ့၍ တရား ရပ်နားလိုက်သည်။

*

http://www.dhammadownload.com



## ၈။ လူမိုက်နှင့် လူလိမ္မာ(၂)။ ဥပကတွေ့နှင့် ပဥ္စဝဂ္ဂီတွေ့၊ ဒုက္ခသစ္စာ ဓမ္မာနုပဿနာ ရှုနည်း

[ ၂၂–၈–၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသော တရား ]

**(လူမိုက်နှင့် လူလိမ္မာ(၁)ကို ၁၃–၅–၆၂ နေ့စွဲဖြင့် ဟောကြောင်း ပြထားသည်။ ဤအမှတ်(၂) တရားကိုမူ ၂၂–၈–၆၁ နေ့က ဟောသည်ဟု ပြထားသည်။ အစီအစဉ်မှာ ရက်စွဲအရ ပြောင်းပြန် ဖြစ်နေဟန် တူသည်။)**

လူမိုက်သည် သစ္စာ လေးပါးကို မသိမှု အဝိဇ္ဇာကြောင့် လုပ်ချင်ရာ လုပ်သော သင်္ခါရ၊ တောင်းချင်ရာ တောင်းသော ဘဝ တဏှာဖြင့် လာခဲ့သည်ဟု အစချီ၍ ဤတရားကို ဟောသည်။ မသိလို့ ပြုတယ်၊ ပြုလို့ ဝိညာဉ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ ခန္ဓာ ငါးပါးကို ရသည်။ ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ ဖြစ်သည်။ မသိဘဲနှင့် ကုသိုလ် ပြုလျှင်လည်း ဒုက္ခသစ္စာပဲ ရသည်။ [နာ–၂၇၁] 'သံ ခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဘိဒုက္ခာ'ကို ထောက်ပြသည်။ ထို့အတူ လူလိမ္မာလည်း အဝိဇ္ဇာ သင်္ခါရနှင့် လာခဲ့သည့် အတွက် ဒုက္ခသစ္စာ ခန္ဓာငါးပါးပဲ ရခဲ့သည်။ ဒါကြောင့် လူမိုက်နှင့် လူလိမ္မာ လာရာလမ်းတွင် မိုက်ပုံချင်း အတူတူ ဖြစ်သည်။ ရပုံချင်းလည်း အတူတူ ဖြစ်သည်။ လူမိုက်သည် ပစ္စုပ္ပန် ခန္ဓာပေါ်မှာ ကျေးမှု၊ မွေးမှု၊ ခင်မှု တဏှာ လာသည်။ စွဲလမ်းမှု ဥပါဒါန် လာသည်။ [နာ–၂၇၂] သူက ခန္ဓာ ကောင်းစားရေးကို လုပ်ပြန်သည်။ လုပ်သောကြောင့် သူ့မှာ ကမ္မဘဝ ပစ္စယာ ဇာတိ ဖြစ်ပြီး နောက် ခန္ဓာ ဒုက္ခသစ္စာကို ရပြန်သည်။ လူလိမ္မာသည် ယခု ရထားသော ပစ္စုပ္ပန် ခန္ဓာ ငါးပါးကို မင်္ဂပေါ်အောင် လုပ်သည်။ သစ္စာဉာဏ် ရအောင် လုပ်သည်။

ဒါကြောင့် သမုဒယနှင့် ဒုက္ခသစ္စာ နောက်ထပ် မလာဘူး။ သမုဒယနှင့် ဒုက္ခ ချုပ်သည်။ [နာ–၂၇၄] လူလိမ္မာက မဂ္ဂ ဗြဟ္မာစရိယကို ကျင့်သည်။ ဤကား ခန္ဓာ၏ ဖြစ်စဉ် ဖြစ်သည်။ မဂ္ဂဗြဟ္မာ စရိယကို မကျင့်သောသူ လူမိုက်မှာ သမုဒယ နှင့် နောက်ဒုက္ခကိုသာ ရပေမည်။ [နာ–၂၇၅] လူမိုက်နှင့် လူလိမ္မာ ဘာထူးသလဲ၊ မဂ္ဂ ဗြဟ္မာစရိယ ကျင့်တာနှင့် မကျင့်တာ ထူးပါသည်။ ထို့နောက် မင်္ဂလသုတ်ကို အဓိပ္ပာယ် ကောက်ပုံကို ပြန်ပြောသည်။ [နာ–၂၈၅] ပြီးမှ ဖြစ်ပျက်နှင့် မင်္ဂ ကိုက်အောင် ရှုဖို့ကို ဟောသည်။ ကိလေသာ ကြားမခိုစေနှင့်ဟု သတိ ပေးသည်။ [နာ–၂၈၆] တစ်ပါးသော စိတ်တွေ၊ ကိလေသာတွေ ကြားမဝင်စေနှင့်၊ ဖြစ်ပျက်

http://www.dhammadownload.com



မြင်လျှင် တိဟိတ်ဟုသာ မှတ်ပါဟု ဆိုသည်။ ဖြစ်ပျက်နှင့်မဂ် ကိုက်လျှင် ကိလေသာ ကြားမဝင်နိုင်ဘူး။ ဝီရိယကို ပြင်းထန်ပေးပါဟု နည်းလမ်း ပြသည်။ [နာ–၂၈၇] ဝီရိယ ပြင်းထန်လျှင် ကိလေသာ ကြားမခိုနိုင်ဘူး ဟုလည်း မိန့်မှာထားသည်။ [နာ–၂၈၈] ဖြစ်ပျက်နှင့် မဂ် ကိုက်လျှင် ၁ အချက် အောင်ပြီ။ ၂ အချက် ဖြစ်ပျက် မုန်းအောင် ဆက်ရှုရမည်။ မရှုချင် ဖြစ်လာလျှင်လည်း မလိုချင်၊ မရချင်သော စိတ်ဖြင့် ဆက်ရှုရမည်။

ထိုအခါ ၃ နံပါတ် ဉာဏ်တက်လာမည်။ ဖြစ်ပျက်တွေသည် ဒုက္ခသစ္စာတွေပဲ ဟု ဉာဏ်ထဲမှာ ပိုင်းခြားပြီး သိလာမည်။ ထိုအခါ ဖြစ်ပျက် ဒုက္ခသစ္စာတွေ အားလုံး ဉာဏ်ရှေ့မှာ ဖျတ်ခနဲ ချုပ်ဆုံးသွားမည်။ ခန္ဓာ ချုပ်၊ တဏှာ ချုပ်ပြီ။ ထိုအခါ မဂ္ဂင် ရှစ်ပါး ပြည့်သွားမည်။ (သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာ အာဇီဝ ပြည့်မည်) [နာ–၂၉၀] ၃ နံပါတ် ဉာဏ်သည် နိဗ္ဗာန် မြင်သောဉာဏ် ဖြစ်သည်။ ဒါဆို ပထမ နိဗ္ဗာန်ကို မြင်ပြီ။ သောတာပန် ဖြစ်ပြီဟု ဆုံးဖြတ်ချက် ချနိုင်ကြောင်း ဟောသည်။ [နာ–၂၉၁] ဒုတိယ နိဗ္ဗာန်ကို လိုချင်လျှင်လည်း ဒီအတိုင်း ပြန်ကောက် လိုက်လျှင် ရသည်ဟု ပြထားသည်။ [နာ–၂၉၂] ဖြစ်ပျက်မြင်၊ ဖြစ်ပျက် မုန်း၊ ဖြစ်ပျက် ဆုံးကို ပြန်ရှုရမည်။ ဒီပြင် အထူးတရား မရှိဘူးဟု ဆိုသည်။

ထို့နောက် ခန္ဓာငါးပါး ဘယ်က လာသလဲ။ တဏှာက လာသည်။ တဏှာ ဘယ်က လာသလဲ။ ခင်မင်ရာက လာသည်။ ကိုယ့်ခန္ဓာ ကိုယ်အခင်ဆုံး မှတ်ရမည် ဟု ဟောသည်။ [နာ–၂၉၃] ဒါကြောင့် ဝိပဿနာ ရှုသောအခါ ကိုယ့်ခန္ဓာကို ရှုရမည်။ ဝိပဿနာ ရှုသောအခါ သတိပဋ္ဌာန် လေးပါး ရှိသည်။ ဘယ်သတိပဋ္ဌာန် ဖြင့် ရှုရှု ကိုယ့်ခန္ဓာ ရှုတာချည်းပဲ ဖြစ်သည်။ စိတ်တစ်လုံးတည်း ရှုလျှင်လည်း ကျန်ခန္ဓာ အားလုံး ပါသည်ဟု ပြထားသည်။ [နာ–၂၉၅] ပုထုဇဉ်မှာ စိတ်ကို ငါစွဲသော သက္ကာယဒိဋ္ဌိ ရှိပုံကို ပြသည်။ ဆရာတော် က ပထမ သောတာပန် တည်ချင်လျှင် စိတ်ကို ရှု(စိတ္တာ နုပဿနာ) ရှုရမည်ဟု ဆိုသည်။ [နာ–၂၉၆] ဒိဋ္ဌိ ခွာသော ဝိပဿနာကို ပေးရမည်ဟု ဆိုသည်။ စိတ်ကို ဒိဋ္ဌိစွဲပြီး ခင်တာ အဆိပ်ပါသော အရက်ကို သောက်နေတာနှင့် တူသည်ဟု ပြသည်။ ထို့နောက် စိတ္တာ နုပဿနာ ရှုပုံကို ခါတိုင်းလိုပင် ပြသည်။ အပြင် ဌေ့သည် စိတ် (ဤတွင်) ခြောက်မျိုး ပြသည်။ အတွင်း ဌေ့သည် စိတ် (ဤတွင်) ငါးခု ပြသည်။ အိမ်သည် စိတ်က နှစ်စိတ်၊ ပေါင်းစိတ် ၁၃ ခုကို ရှုရမည်။ အ မောဟ စိတ်ဖြင့် ရှုရမည်။ အ မောဟဥ္စ သမ္မာ ဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာ ဝါယမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ အကျုံးဝင်သည်။ [နာ–၃၀၀] ဤစိတ်များကို ဖြစ်ပျက် အနိစ္စ မြင်အောင် ရှုရမည်ဟု

http://www.dhammadownload.com



ဆိုသည်။ ဘယ်စိတ် ပေါ်ပေါ် ပေါ်ရာကို လိုက်ရှုပါဟု ဆိုသည်။ စိတ် ၁၃ မျိုး ပြထားသော်လည်း စိတ်တစ်မျိုးပဲ ပေါ်မည်။ ပေါ်ရာစိတ်ကို ရှုရမည်။ ဖြစ်ပျက်နှင့်မက် ကိုက်အောင် ရှုပေးရမည်။ ရှုစရာ မရှိလျှင် အိမ်သည် စိတ်ပေါ် ပြန်ရှုပါဟု ဆိုသည်။

ဖြစ်ပျက်နှင့် မက် ကိုက်လျှင် ခန္ဓာချုပ်၊ တဏှာ ချုပ်သည်။ မရှုဘဲနေလျှင် စိတ် (ဝိညာဉ်) နောက်က ပဋိစ္စ သမုပ္ပာဒ် တန်းပြီး လိုက်မည်။ [နှာ–၃၀၃] စိတ်ကို ရှုလျှင် ဒိဋ္ဌိ သေသည်။ ဒိဋ္ဌိ သေလျှင် ဉပါဒါန် ချုပ်၊ ခန္ဓာ ချုပ်သည်။ ဤ အလုပ်ကို မဖြစ်မနေ လုပ်ရန် ဆရာတော်က အထပ်ထပ် တိုက်တွန်းသည်။ ဤရှုပုံ ရှုနည်းကို သမထနှင့် ဝိပဿနာ ရောပြီး ရှုတာဟု မိန့်ထားသည်။ [နှာ–၃၀၄] သတိပညာနှင့် ရောလွတ်တာ ဟုလည်း မိန့်ထားသည်။ [နှာ–၃၀၅] ဤတရားတွင် သမထ ရှေ့သွား၊ ဝိပဿနာ နောက်လိုက် နည်းလည်း ဘုရားဟော ရှိကြောင်း၊ ဝိပဿနာ ရှေ့သွား သမထ နောက်လိုက် နည်းကိုလည်း ဘုရား ဟောထားကြောင်း ဆိုသည်။ [နှာ–၃၀၅] ဤတွင် ဖြစ်တိုင်း သိလျှင် သမထ၊ ပျက်တိုင်း သိလျှင် ဝိပဿနာ ဖြစ်ကြောင်း ရှင်းပြထားသည်။ ဖြစ်ပျက် နှစ်ခု တွဲပြီး သိလျှင် သမထ ဝိပဿနာ ဖြစ်သည် ဆို၏။ [နှာ–၃၀၆] နှစ်ခု ဆက်ပြီး သိသော နည်းသည် ယုဂနဒ္ဓနည်း ဖြစ်သည်။ ယုဂနဒ္ဓ ဆိုတာ နွားနှစ်ကောင် ပြိုင်မောင်းခြင်း ဖြစ်သည်။ အဖြစ် မြင်လျှင် ဉစ္ဆေဒ ဒိဋ္ဌိ သေသည်။ အပျက် မြင်လျှင် သဿတ ဒိဋ္ဌိ သေသည်။ အဖြစ်အပျက် နှစ်ပါးစလုံးကို မြင်လျှင် သက္ကာယ ဒိဋ္ဌိ သေသည်။ [နှာ–၃၀၆] ဤသို့ ရှုလျှင် ဒိဋ္ဌိ သုံးမျိုး ကွာသော အကျိုး ထူးသည်။ ဒိဋ္ဌိ သေလျှင် သံသရာ ပြတ်သည်။ [နှာ–၃၀၇] ဝိပဿနာ မဂ်က ဒိဋ္ဌိ သုံးမျိုးကို သတ်ပစ်လိုက်သည်။ ကလျာဏ မိတ္တကို မတွေ့လျှင် ပဋိစ္စ သမုပ္ပာဒ် တန်းသွားသည်။ ဉပကက ဘုရားကို ပထမ တွေ့သော်လည်း ဘာမှ မရပါ။ ပဉ္စဝဂ္ဂီက ဘုရားနှင့် တွေ့၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရကြသည်။ [နှာ–၃၀၈] မဂ္ဂဗြဟ္မာစရိယ မကျင့်သော သူမှာ ဉပက နှင့် တူသည်။ ကျင့်သော သူမှာ ပဉ္စဝဂ္ဂီနှင့် တူပုံကို ပြပြီး ဟောသည်။ ဘုရားကို ပဉ္စဝဂ္ဂီတွေ တွေ့မှာသာ သောတာပန် တည်မည်။ [နှာ–၃၁၁] သတိပဋ္ဌာန် လေးပါး ဆိုသော်လည်း လေးပါး လုပ်စရာ မလိုပါ။ တစ်ပါးပဲ လုပ်လျှင် ပြီးသည်။ အသေ စောသွားနိုင်သည်။ ဒါကြောင့် ဒုက္ခသစ္စာ တစ်လုံးတည်း ရှု ဆိုပြီး ဓမ္မာ နုပဿနာရှုပုံကို ပေးသည်။ ဒါဆိုလျှင် ဓမ္မာန ဓမ္မ ပဋိပတ္တိ ဖြစ်ပြီ။ [နှာ–၃၁၃] ဓမ္မာ နုပဿနာ ဆိုတာ ဓမ္မက ဖြစ်ပျက် ဒုက္ခသစ္စာ၊ နုပဿနာက ရှုတာ ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

http://www.dhammadownload.com



၉။ ဆန္ဒရာဂ ပယ်ပုံ

[ ၅-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

**(ဤတရားမှာ ၁၉၆၁ က ဟောသော တရား ဖြစ်သွားပြန်သည်။ ရက်စွဲ အစဉ် မကိုက်ပါ။ မိုးကုတ်မှာ ဟောသော တရား မဟုတ်ပါ အမရပူရ ဟော တရား ဖြစ်သည်။)**

ရဟန်းများက ပစ္စာဘူမိ အရပ်ကို သွားပြီး နေလိုကြောင်း ဘုရားကို လျှောက်ထားခြင်းဖြင့် အစချီ၍ ဤတရားကို ဟောသည်။ မြတ်စွာဘုရားက ဤရဟန်းများသည် ဘုရား၏ ဝါဒကို ကောင်းစွာ မသိသေးသဖြင့် ၎င်းတို့ကို တိတ္ထိများက မေးမြန်းကြလျှင် အဖြေ မှားပါက ဘုရားကို စွပ်စွဲရာ ကျမည်။ ထို့ကြောင့် ပစ္စာဘူမိသို့ မကြွမီ အရှင်သာရိပုတ္တရာ၏ အဆုံးအမကို ခံယူရန် စေလွှတ်တော်မူသည်။ အရှင်သာရိပုတ္တရာက ရဟန်းများအား ဆုံးမစေလို၍ ဘုရား က မိမိထံ စေလွှတ်တော်မူခြင်း ဖြစ်ကြောင်း သိသည်။ ထိုအခါ အရှင်သာရိပုတ္တရာက ရဟန်းများကို ပစ္စာဘူတ အရပ်မှာ မင်းပညာရှိ၊ လူပညာရှိများ ရှိကြောင်း၊ ၎င်းတို့က မေးမြန်း စုံစမ်းမည် ဖြစ်ကြောင်း၊ မြတ်စွာဘုရားမှာ ဘယ်ဝါဒ ရှိသလဲဟု မေးကြမည် ဖြစ်ကြောင်း ပြောပြသည်။

ထိုအခါ ရဟန်းများက အရှင်သာရိ ပုတ္တရာကို မိမိတို့အား သင်ကြားပေးပါ ရန် လျှောက်ထားကြသည်။ [နှာ-၃၁၆] ဘုရားမှာ ဘယ်ဝါဒ ရှိသလဲ၊ မြတ်စွာဘုရား သည် သူတစ်ပါးကို ဘယ်လို ဟောပြောတတ်သလဲဟု မေးမြန်းလေ့ ရှိသည်ကို ပြောပြသည်။ ထိုသို့ မေးမြန်းကြလျှင် ဘုရားသခင်မှာ ဆန္ဒရာဂကို ပယ်သော ဝါဒ ရှိကြောင်း ပြောကြရမည်။ ဆန္ဒရာဂသည် လောဘပင် ဖြစ်သည်။ လောဘ ပယ်သော အလုပ်သည် ဘုရား၏ ဝါဒ ဖြစ်သည်။ သူတစ်ပါးကိုလည်း လောဘပယ် ဖို့ တရားကိုပင် ဟောကြားတတ်ကြောင်း ဖြေရမည်ဟု ဆိုသည်။ [နှာ-၃၁၇] ဒါကြောင့် ဘုရားအလိုကျ ဆန္ဒရာဂ (လောဘ)ကို ပယ်သော ဝါဒကို ကျင့်ကြံ လိုက်နာနိုင်ခြင်း မရှိလျှင် ဗုဒ္ဓဘာသာ အစစ် မဖြစ်သေးဟု ဆိုသည်။ ဤသို့ ဖြေရုံ ဖြင့် မပြီးသေးဘဲ ပစ္စာဘူမိသားများက ဆက်၍ မေးကြလိမ့်ဦးမည်။ ဘယ်အပေါ်မှာ ဖြစ်သော ဆန္ဒရာဂကို ပယ်ရမလဲ။ ဤသို့ မေးလျှင် ခန္ဓာငါးပါး အပေါ်မှာ ဖြစ်သော ဆန္ဒရာဂကို ပယ်ရမည်ဟု ဖြေရန် မှာကြားသည်။ [နှာ-၃၁၈]

ထိုဆန္ဒရာဂကို မပယ်လျှင် ဘယ်အပြစ် ရှိသလဲဟု ဆက်၍ မေးကြလိမ့်ဦး မည်။ ဤအမေးကို ဖြေမည် ဆိုလျှင် ပဋိစ္စ သမုပ္ပာဒ်ကို သိဖို့ လိုလာပုံကို ပြသည်။

http://www.dhammadownload.com



[နှာ–၃၁၈] ဆန္ဒရာဂ (တဏှာ)ကို မပယ်လျှင် ဥပါဒါန်ကံ၊ ဇာတိ၊ ဇရာ၊ မရဏ သောက ပရိဒေဝ ဆက်သွားခြင်း အပြစ် သင့်ကြောင်း ဖြေတတ်ရမည်။ မိမိခန္ဓာ၊ သားသမီး ခန္ဓာကို ခင်တွယ်မှာ တဏှာ ဆန္ဒရာဂကြောင့် မျက်ရည် ကြီး၊ ငယ် ကျရတာတွေ၊ ရင်ထု၊ မြေလူး၊ ကြမ်းခုန် ဖြစ်နေကြရပုံတွေကို မြင်လွယ်အောင် ဟောပြသည်။ ခန္ဓာ၌ ဖြစ်သော ဆန္ဒရာဂကို မပယ်၍ အပြစ်သင့်ပုံများကို ပြသည်။ ဆန္ဒရာဂကို မပယ်ခြင်း၏ အပြစ်သည် သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿချည်း ဖြစ်ရပုံကို ပြသည်။ ခန္ဓာကို ခင်နေကြတော့ ခန္ဓာကလည်း ဖောက်ပြန် ပျက်စီးနေသည်။ ခန္ဓာ ဖောက်ပြန် ပျက်စီးသော အခါ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ ဖြစ်ကြရတော့သည်။ [နှာ–၃၂၃] ခန္ဓာ ငါးပါးကို ခင်သောကြောင့် သောက ပရိဒေဝ ရောက်ကြရတာကို ကံမကောင်းဘူး ဆိုပြီး ကံကို ပုံချတတ်ပုံ အများကိုလည်း ဝေဖန်ပြသည်။ [နှာ–၃၂၃] အကုသိုလ် ဝင်တာဟု ထင်နေကြသည်။ အကုသိုလ် ဝင်တာ မဟုတ်ပါ။ အကုသိုလ် ဖြစ်အောင် ကိုယ်က လုပ်နေကြတာဟု ဆိုသည်။ ဝိပဿနာ အလုပ်ကို မလုပ်သော ပုဂ္ဂိုလ်မှာ ခန္ဓာ ပြန်ဆက်ပြီး သောက ပရိဒေဝ အပြစ် သင့်ချင်သလို ဖြစ်နေပုံ၊ ဝိပဿနာ အလုပ် လုပ်သော ပုဂ္ဂိုလ်မှာသာ ခန္ဓာချုပ်၊ တဏှာချုပ် ဖြစ်နိုင်ပုံကို ပြသည်။ [နှာ–၃၂၅] ထိုအခါ ကျမှ 'အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ' ဖြစ်ပုံကို ဟောသည်။

ဝိရဇံ ဆိုတာက ရာဂ ကင်းသည် အနက်ရသည်။ ရာဂ ကင်းလျှင် အသောကံ– စိုးရိမ် ပူပန်ခြင်း မရှိတော့ပါ။ ထိုအခါ ခေမံ– နိဗ္ဗာန် ဖြစ်၏။ ဤကား မင်္ဂလာပင်တည်း နိဗ္ဗာန်မြင်မှ မင်္ဂလာ ဖြစ်သည်။ တဏှာ ချုပ်လျှင် နိဗ္ဗာန် ရမည်ဟု ဟောခြင်း ဖြစ်ကြောင်း ရှင်းပြထားသည်။ တဏှာ ချုပ်လျှင် ကာမာသဝေါ ကုန်ပြီ။ အာသဝေါ ကုန်လျှင် နိဗ္ဗာန် ဖြစ်သည်။ [နှာ–၃၂၆] မျက်ရည် ဇာတ်သိမ်းချင်လျှင်၊ ပဋိစ္စ သမုပ္ပါဒ် ဖြတ်ချင်လျှင် ဆန္ဒရာဂကို ပယ်ရမည်ဟု ဟောသည်။ သောက ပရိဒေဝ မှန်သမျှ ခန္ဓာ ခင်မှုကြောင့်ဟု မှတ်ရမည်။ [နှာ–၃၃၆]

ထို့နောက် ဆန္ဒရာဂကို ပယ်ခြင်း အကျိုးကို ဆက်ဟောသည်။ ဆန္ဒရာဂ ပယ်လိုလျှင် ဝိပဿနာ အလုပ် မပါဘဲ မဖြစ်နိုင်ဟု ဆိုသည်။ ဝိပဿနာ ရှုမှ ပယ်နိုင်သည်။ ဤတွင် ဆန္ဓာရာဂကို ပယ်ဖို့ သက်သတ်လွတ် စားခြင်း သဘောကို လက်မခံနိုင်ကြောင်း ဟောထားသည်။ [နှာ–၃၃၈] ခန္ဓာ ငါးပါး တစ်ပါးပါး ဝိပဿနာ ရှုမှသာ တဏှာကို ပယ်နိုင်သည်။ ဝိပဿနာ ရှုမှ တဏှာကို ပယ်သည်။ တဏှာ ပယ်မှ ဥပါဒါန်၊ ကံ၊ သောက၊ ပရိဒေဝကို ပယ်နိုင်သည်။ ခန္ဓာ ငါးပါးကို

http://www.dhammadownload.com



ပယ်မှ သောက ပရိဒေဝကို ပယ်နိုင်သည်။ တဏှာ သမုဒယ ချုပ်မှ နိရောဓ ပေါ်သည်။ ဝိပဿနာမှ တစ်ပါး တဏှာသတ် နိဗ္ဗာန်ဆိုတာ မရှိဘူးဟု ဆိုသည်။ [နာ–၃၃၉] ဝိပဿနာမဂ်ဖြင့်သာ တဏှာ ဆန္ဒရာဂကို ပယ်နိုင်သည်။ ဝိပဿနာမဂ် ရင့်ကျက်လာလျှင် လောကုတ္တရာမဂ်ကို ရောက်သည်။ [နာ–၃၄၀] ဝိပဿနာ ရှုသော သူမှာ မဂ္ဂ လာဖြစ်သည်။ မရှုသော ပုဂ္ဂိုလ်မှာ ဒိဋ္ဌိ လာဖြစ်သည်ဟု ဖော်ပြ ထားသည်။ ခန္ဓာငါးပါး၌ ဆန္ဒရာဂ ပယ်ခြင်းသည် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ငြိမ်းသည်။ ခန္ဓာ ငါးပါးကို ဝိပဿနာ ရှုရမည်။ [နာ–၃၄၁] အရှင်သာရိပုတ္တရာက ဒီသဘောကို နားလည်ပြီးလျှင် ရဟန်းများ ပစ္စန္တာဘူမိ အရပ်ကို သွားလိုက သွားနိုင်ကြောင်း ပြောတော်မူသည်။ တဏှာ ပယ်ပါ ဆိုတာ ဝိပဿနာ အားထုတ်ပါဟု ခိုင်းခြင်း ဖြစ်သည်။ ဝိပဿနာ အလုပ် လုပ်လျှင် သမုဒယ သစ္စာနှင့် ဒုက္ခသစ္စာ ချုပ်သည်။ သမုဒယနှင့် ဒုက္ခ ချုပ်လျှင် နိဗ္ဗာန် ပေါ်သည် [နာ–၃၄၂]ဟု ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၁၀။ မှန်ကို ဥပမာ ပြု၍ ဟောသော တရား

[ ၆–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

မှန်ကို ဥပမာ ထား၍ ဤတရားကို စတင် ဟောကြားပါသည်။အရှင်အာနန္ဒာ သောတာပန် ဖြစ်အောင် အရှင်ပုဏ္ဏ က ဟောကြားသော တရားကို အခြေခံသည်။ မှန်ထဲမှာ ပေါ်သော အရိပ်ကို မှန်ရှေ့မှာ ရပ်ပြီး ကြည့်သောအခါ မှန်ထဲက အရိပ် သည် မိမိလား ဆိုလျှင် မိမိ မဟုတ်၊ မိမိ မဟုတ်လျှင် တခြားလူလား ဆိုလျှင် တခြားလူလည်း မဟုတ်ပါ။ အရိပ်သည် မိမိလည်း မဟုတ်။ သူတစ်ပါးလည်း မဟုတ်။ ထိုသဘောကို မြင်တတ်ရမည်။ မှန်ထဲက အရိပ်သည် မှန်ကို အစွဲပြု၍ ဖြစ်သော တရား ဖြစ်သည်။ ဤသည်မှာ ပုထုဇဉ်၌ ခန္ဓာစွဲ၍ ဖြစ်လာသော အတ္တ ငါ၊ ဒိဋ္ဌိ သဘောပင် ဖြစ်ကြောင်း ပြထားသည်။ [နာ–၃၄၈] ဤကား အတ္တ ငါ ဒိဋ္ဌိနှင့် အတ္တနိယ ငါ့ဥစ္စာ တဏှာတို့ ဖြစ်ပေါ်လာပုံ ဖြစ်သည်။ အရိပ်ကို ငါဟု စွဲယူတတ်ခြင်း ပင် ဖြစ်၏။ ဒိဋ္ဌိ (ငါစွဲ)သည် မိမိ ခန္ဓာကိုယ်ကို မှန်လို ကြည့်မိ၍ ပေါ်လာသော သဘော ဖြစ်သည် ဆို၏။ ပုထုဇဉ် မျက်လုံးဖြင့် ခန္ဓာကို အကြည့် မှား၍ တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ဤတစ်လုံးကို ပိုင်နိုင်စွာ သိလျှင် တော်ပြီ။ ကျေနပ်ပြီဟု ဆရာတော်က ဆိုသည်။ [နာ–၃၅၀]

http://www.dhammadownload.com



ထို့နောက် ပုထုဇဉ်မှာ ခန္ဓာကို ကြည့်လိုက်တိုင်း တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်နေကြပုံ များကို ရှင်းလင်း ဟောကြား ပြန်သည်။ [နှာ-၃၆၀] ခန္ဓာကိုယ်ကို အကြည့်မှားခြင်း၏ အပြစ်များကို ပြသည်။ [နှာ-၃၆၃] ဒိဋ္ဌိသည် မှန်ထဲမှာ မြင်ရသော အရိပ်နှင့် တူသည်။ ငါလည်း မဟုတ်။ သူတစ်ပါးလည်း မဟုတ်။ မရှိသော တရား ဖြစ်သည်။ သို့သော် ထိုမရှိတရား ဒိဋ္ဌိက နှိပ်စက်နေသည်။ မရှိသော တုတ်နှင့် ရိုက်ခြင်း ခံရသည်နှင့် တူကြောင်း ဟောရင်း အချိန်စေ့၍ တရား ရပ်နားသည်။

*

## ၁၁။ ခန္ဓာငါးပါးဟာ မှန်ကြီးနှင့် တူကြောင်း

[၇-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောကြားသော တရား]

မန္တာနီ ပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏသည် တရား ဟောရာမှာ တေဒဂ် ရသည်ဟု အစချီ၍ ဤတရားကို ဟောသည်။ သူ့ကြောင့် အရှင်အာနန္ဒာနှင့် ရဟန်းများစွာ သောတာပန် တည်ကြသည်။ ထို့နောက် ခန္ဓာဝဂ္ဂ သံယုတ် ပါဠိတော် အာနန္ဒာသုတ်၌ ခန္ဓာ ငါးပါးကို မှန်ကြီးနှင့် ဥပမာ ထား၍ ဟောတော်မူခဲ့ လေသည်။ ထိုမှန်ကို ကြည့်သောသူသည် ပုထုဇဉ်နှင့် တူပုံကို ပြသည်။ ပုထုဇဉ်က ခန္ဓာမှန်ကို ကြည့်လိုက် လျှင် အရိပ် သုံးရိပ် ထွက်ပေါ်လာသည်။ ငါ ဆိုသော အရိပ် တစ်ရိပ်၊ ငါ့ဥစ္စာ ဆိုသော အရိပ် တစ်ရိပ်၊ ငါ့ထက်သာတာ မရှိဘူး ဆိုသော မာနရိပ်တစ်ရိပ် ဖြစ်သည်။ [နှာ-၃၇၂] ဒိဋ္ဌိရိပ်၊ တဏှာရိပ်နှင့် မာနရိပ် ဖြစ်သည်။ [နှာ-၃၇၃] ဆရာတော်က ပုထုဇဉ် ခန္ဓာကို မှန်ကြည့်ပုံ မှားနေသည်၊ ပြင်ပေးရမည်ဟု ဆိုသည်။ ပြုပြင်ပေးမည့်လူ မရှိလျှင် သံသရာ ခရီးသည် ဘဝမှ လွတ်ရေး၊ ကျွတ်ရေး မမြင်တော့ဘူးဟု ဆိုသည်။ သံသရာ ရှည်ရသော အခြား အကြောင်းတစ်ခုကို သိရပြန်ပြီ။ ပုထုဇဉ် မျက်လုံး တပ်ပြီး ခန္ဓာကို မှန်ကြည့်မှား၍ ဖြစ်သည်။ [နှာ-၃၇၅] ထို့နောက် ဆရာတော်ကြီးသည် ဒိဋ္ဌိက စသော ပဋိစ္စ သမုပ္ပာဒ်၊ တဏှာက စသော ပဋိစ္စ သမုပ္ပာဒ်၊ မာနက စသော ပဋိစ္စ သမုပ္ပာဒ် သုံးမျိုး ဖြစ်ပုံကို ပြသည်။ ဘုရား တစ်ခါပွင့်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ မျက်လုံးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်သော မျက်လုံး ဖြစ်အောင် ပြုပြင် ပေးနိုင်သည်။ [နှာ-၃၇၆] ထိုအခါ ကျမှသာ မဂ်ဝင်လာသည် ဆိုသည်။

ထို့နောက် ပုထုဇဉ် မျက်လုံးကို သုတဝါ အရိယာ သာဝကော အကြားအမြင် များသော အရိယာတို့၏ တပည့်မျက်လုံး ဖြစ်အောင် ပြောင်းပေးရမည်ဟု ဆိုသည်။

http://www.dhammadownload.com



ထိုမျက်လုံး ရ၍ ခန္ဓာကို ကြည့်လိုက်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ ကင်းစင်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်တတ်ပေတော့သည်။ [နှာ–၃၇၈] ထိုအခါ ရောက်မှ တဏှာ၊ မာန၊ ဒိဋ္ဌိ သေသည်။ ပထမ အရိယာတို့၏ တပည့်မျက်လုံးကို ရရမည်။ ထိုမျက်လုံး ဖြင့် ကိုယ့်ခန္ဓာကို ကြည့်ရမည်။ ထိုအခါကျမှ ကိုယ့်ကိုယ်ကိုယ် အမှန်အတိုင်း မြင်မည်။ သို့မှသာ သံသရာ ပြတ်မည်။ အကြည့် မှန်လျှင် တစ်ချက်တည်းပဲ။ နိဗ္ဗာန် မဝေးဘူးဟု ဆိုသည်။ မျက်လုံး ပြောင်းမပေးလျှင် အိုဘေး၊ နာဘေး၊ သေဘေးချည်းပဲ ဖြစ်သည်။ မျက်လုံး ပြောင်းလိုက်လျှင် အို၊ နာ၊ သေဘေး ရပ်စဲသွားသည်ဟု ဟောထားသည်။ [နှာ–၃၈၂]

ဒါကြောင့် ဝိပဿနာ မရဘဲ သေသွားသော ပုဂ္ဂိုလ်သည် အကန်းသေနှင့် တူသည်။ အကန်းသေသည် ဆိုစေကာမူ ထိုသူသည် မိမိ ကန်းမှန်း မသိသူသာ ဖြစ်သည်။ မျက်လုံး ပြောင်းပြီး ခန္ဓာကို ရှုတတ်မှသာ အရိယာ မျက်လုံးနှင့် ကြည့်ခြင်းကြောင့် ဖြစ်ပျက်ကို မြင်သောမဂ် ဖြစ်သွားသည်။ [နှာ–၃၈၆] ထိုအခါ တဏှာ၊ မာန၊ ဒိဋ္ဌိ သေသည်။ မျက်လုံး ပြောင်းမှသာ သံသရာ စခန်းသတ်ပုံကို ဟောသည်။ [နှာ–၃၆၇] ဆရာတော်က စိတ်ကိုပဲ ရှုရှု၊ ဝေဒနာကိုပဲ ရှုရှု အရိယာ တပည့်သား၏ မျက်လုံး ရနိုင်ကြောင်း ရှင်းထားသည်။ [နှာ–၃၉၀] ဖြစ်ပျက် မြင်လျှင် အရိယာ မျက်လုံး ရပြီ။ ဖြစ်ပျက် မှန်းသောဉာဏ် ရလာပြီ ဆိုလျှင်လည်း အရိယာတပည့် မျက်လုံးပဲ ရှိသေးသည်။ 'တေသံ ဝူပသမော သုခေါ' ဆိုသည့် အတိုင်း ဖြစ်ပျက် ချုပ်ဆုံးသွားတာ မြင်လျှင် နိဗ္ဗာန် ပေါ်ပြီ ဖြစ်၏။ ထိုအခါကျလျှင် အရိယာမျက်လုံး စင်စစ် ဖြစ်သွားပြီဟု ဆိုသည်။ [နှာ–၃၉၁] ကိုယ်တိုင် အရိယာ ဖြစ်ပြီ။ အရှင်ပုဏ္ဏက အရှင်အာနန္ဒာအား အနိစ္စကို မြင်လျှင်၊ ဒုက္ခကို မြင်လျှင် အရိယာ တပည့်၏ မျက်လုံး ရပြီ။ အနတ္တကို မြင်လျှင်မူကား အရိယာ၏ မျက်လုံး ရပြီ ဟူ၍ ဟောသည် ဆို၏။ [နှာ–၃၉၂] အောက်တန်း မျက်လုံးက အထက်တန်း မျက်လုံး ဖြစ်သွားမည်ဟု ဟောသည်။

ထိုအခါ ဒိဋ္ဌ ဓမ္မော၊ ပတ္တ ဓမ္မော– ကိုယ်တိုင် သိမြင်ခြင်းသို့ ရောက်ပြီဟု ဆုံးဖြတ်ချက် ချရမည်။ ပရိယော ဂါဠ္ဟ ဓမ္မော– ဉာဏ်က နိဗ္ဗာန်သို့ သက်ဝင်ပြီ။ တိဏ္ဏ ဝိစိကိစ္ဆော– ထိုအခါ ဝိစိကိစ္ဆာ ရှင်းပြီ။ ဝိဂတ ကထံကထော– သံသယ မရှိတော့ပြီ။ ဝေသာရဇ္ဇ ပတ္တော– နိဗ္ဗာန် ရပြီဟု ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချနိုင်ပြီ ဆို၏။ [နှာ–၃၉၄] ထိုအခါ အပရ ပစ္စယော– ကိုယ်တိုင် သိမြင်ခြင်း ဖြစ်ပြီ။ ဤတရားကို ဟောသောအခါ အရှင်အာနန္ဒာနှင့် ရဟန်းငယ်များ သောတာပန် တည်ကြသည်။ ဤသို့ ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

http://www.dhammadownload.com



## ၁၂။ စိတ်၏ အလိမ် မိနေကြပုံ

[ ၈-၉-၆၁ နေ့တွင် အမရပူရမြို့ မင်္ဂလာတိုက်တွင် ဟောကြားသောတရား ]

ခန္ဓာငါးပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ တရား ဖြစ်သည်ဟု အစချီလျက် ဤတရားကို ဟောသည်။ ခန္ဓာ ငါးပါး ဒုက္ခသစ္စာ ဖြစ်သည်။ ခန္ဓာ ငါးပါးကို သိအောင် ဉာဏ်မျက်လုံးဖြင့် ကြည့်တတ်ဖို့ လိုသည်။ ဉာဏ်မျက်လုံးနှင့် ကြည့်မှသာ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူတစ်ပါး၊ ယောကျ်ား မိန်းမ ပညတ်တွေ ပျောက်သည်။ မျက်လုံး စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ပဉ္စဒွါရတွေ ကတော့ အမှန်ကို မသိနိုင်ဘူး။ [နာ-၃၉၈] စိတ်က လိမ်သွားတတ်သည်ဟု ဆိုသည်။ ဥပမာ မျက်လုံးက အဆင်းပဲ တွေ့တာပဲ။ သို့သော် စိတ်က လောဘ၊ ဒေါသ၊ သောက ပရိဒေဝ၊ ဥပါယာသတွေ ဖြစ်အောင် လိမ်ပစ်တတ်သည်။ မြင်တယ်။ မြင်သည်နှင့် ခင်တယ်။ လိုချင်တယ်။ စွဲလမ်းတယ်။ ဒါ အလိမ်ခံရ တာပဲဟု ဆိုသည်။ ဝိပါက် အမှန် ဇောအပြန်ဟု မှတ်ပါ ဆိုသည်။ ထိုသဘောမှာ မြင်စိတ်က ဝိပါက်စိတ် ဖြစ်သည်။ ဥပေက္ခာ သဟဂတံ၊ စက္ခု ဝိညာဏံ ဆိုသဖြင့် မြင်စိတ်သည် ဥပေက္ခာသဘော ရှိသည်။ [နာ-၃၉၉] ထို့နောက် ဇောက ပဋိစ္စ သမုပ္ပာဒ် တန်းအောင် လုပ်ပစ်သည်။

ထိုအခါ အဆင်း မြင်စိတ်သည် ချစ်စရာ၊ မုန်းစရာ ဖြစ်သွားတော့သည်။ 'စိတ္တေန နီယတော လောကော' ဆိုသောကြောင့် လိမ်သော စိတ်က အပါယ်ကို ပို့လိုက်တတ်ကြောင်း ဟောသည်။ စိတ်ကြောင့် ချမ်းသာ၊ စိတ်ကြောင့် ဆင်းရဲ၊ စိတ်ကြောင့် အပါယ်ရောက်၊ စိတ်ကြောင့် နိဗ္ဗာန် ဝင်သည်။ စိတ်သည် ကောင်းကျိုး၊ ဆိုးကျိုး နှစ်ခုလုံးကို ဖြစ်ပေါ်စေသည်။ စိတ်ကို မနိုင်သဖြင့် စိတ်က အဆန်းတကြယ် ပြုလုပ်တတ်ပုံကိုဟောသည်။ [နာ-၄၀၁] ဇောစိတ်က လိမ်နေခြင်း ဖြစ်ကြောင်း ပြသည်။ [နာ-၄၀၃] မျက်စိက မြင်တာက အဆင်း၊ ဒါကိုစိတ်က သမီးမြင်တယ် လုပ်ပစ်သည်။ သမီးကို မြင်တော့ ခင်စိတ် ဝင်သွားသည်။ ပုထုဇဉ်စိတ်၏ အလိမ်ခံ နေရပုံကို အကျယ်ဟောသည်။ [နာ-၄၀၉] အလိမ်ပြေအောင် လုပ်ကြရမည်ဟု ဆိုသည်။ အလိမ် ပြေချင်လျှင် စိတ္တာ နုပဿနာ ရှုဖို့ ဟောသည်။ မြင်စိတ်နှင့် ဇော တစ်တန်းတည်း ကျသွားအောင် လုပ်ကြရမည်။ ဇောစိတ်က ပြောင်းပြန် မဖြစ်အောင် လုပ်ဖို့ ဟောရင်း တရားကို ရပ်နားလိုက်သည်။

*

http://www.dhammadownload.com



## ၁၃။ မာဂဏ္ဍီ ပုဏ္ဏားကြီးအား ခန္ဓာကိုယ်၌ ရောဂါတွေ ဖော်ပြ၍ ဝေဒနာ နုပဿနာ ကမ္မဋ္ဌာန်း သင်္ချာလေးပါး ဒေသနာ

[ ၁၀-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောသော တရား ]

ဝိပဿနာ ရှုသော သဘောသည် မာဂဏ္ဍီ ပုဏ္ဏားကြီးကို ဟောသည့် အထဲမှာ ပါတယ် အစချီပြီး ဤတရားကို ဟောသည်။ ပုထုဇဉ် မျက်လုံးကို ပြောင်းပြီး အရိယာ မျက်လုံး တပ်ရမည်ဟု ဆိုသည်။ မာဂဏ္ဍီ ပုဏ္ဏားကြီးက သူ့ခန္ဓာကို နိဗ္ဗာန်ပဲဟု ထင်နေသည်။ ထိုသို့ မြင်နေခြင်းသည် မျက်စိနှစ်ကွင်း အလင်း မရခြင်းနှင့် တူသည်။ အရိယာမျက်လုံး တပ်ရမည်ဟု ဆိုခြင်းမှာ ဓမ္မာ နု ဓမ္မ ပဋိပတ္တိကို ဆိုလိုသည်။ တရားနှင့် လျော်အောင် ကျင့်ခြင်း ဖြစ်သည်။ မာဂဏ္ဍီက သူ့ခန္ဓာကိုယ်ကြီးကို 'အာရောဂျံ ပရမံ လာဘံ၊ နိဗ္ဗာနံ ပရမံ သုခံ'ဟု ဆိုနေသည်။ အနာရောဂါ ကိုယ်မှာ ကင်းခြင်းသည် ချမ်းသာခြင်း အမှန်ပဲဟု ယူဆခြင်း ဖြစ်သည်။ ဤသို့ ယူဆခြင်းသည် မျက်စိနှစ်ကွင်း အလင်း မရသော ကြောင့် ခန္ဓာကိုယ်မှာ ဘယ်တော့မှ အနာ မကင်းကြောင်းကို မသိ၍ ဖြစ်သည်။ [နှာ-၄၁၄] အရိယာ မျက်လုံး တပ်ကြည့်မှသာလျှင် မိမိကိုယ်မှာ ဘယ်အခါမှ အနာရောဂါ မကင်းပါကလားဟု သိနိုင်သည်။ 'ရောဂတော၊ ဂဏ္ဍတော၊ အာဗာဓ တော' ခန္ဓာမှာ အနာရောဂါ အမြဲ ရှိသည်။ ဘုရားက မာဂဏ္ဍီကို မင်းအရိယာ မျက်လုံး ရမှသာ အနာရောဂါ ကိုယ်မှာ မကင်းကြောင်း သိမည်ဟု ဟောသည်။ ပုဏ္ဏားကြီးက တပည့်တော်အား အရိယာမျက်လုံး ရအောင် တရားဟောပါ ဘုရားဟု လျှောက်ထားသည်။ အရိယာ မျက်လုံး ရဖို့ဆိုလျှင် ဓမ္မာနု ဓမ္မ ပဋိပတ္တိ ဖြစ်ရမည်။ တရားနှင့် လျော်သော အကျင့်ကို ကျင့်ရမည်။ [နှာ-၄၁၅] တရားနှင့် လျော်အောင် ကျင့်ရမည် ဆိုပါက ခန္ဓာက ဓမ္မ ဖြစ်သည်။ ခန္ဓာကိုယ်ထဲမှာ ရုပ်လည်း ဖြစ်ပျက် အနိစ္စ၊ နာမ်လည်း ဖြစ်ပျက် အနိစ္စပင် ဖြစ်၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် အားလုံး ဖြစ်ပျက် အနိစ္စပင် ဖြစ်၏။ ဉာဏ်မျက်လုံးနှင့် ကြည့်လိုက်လျှင် ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက် အနိစ္စပဲ တွေ့ရသည်။

ထိုသို့ မြင်ပြီ ဆိုလျှင် တရားနှင့် လျော်သော အမြင် ဖြစ်ပြီ ဆိုသည်။ [နှာ-၄၁၆] မာဂဏ္ဍီ ပုဏ္ဏားကြီး၏ မူလ အမြင်သည် တရားနှင့် လျော်သော အမြင် မဟုတ်ကြောင်း ပြသည်။ ခန္ဓာ၏ အရှိ တရားက အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ဖြစ်သည်။ ပုထုဇဉ် အမြင်တွင် အရှိနှင့် အသိ မကိုက်ပုံကို ပြသည်။ တရားနှင့် လျော်သော အမြင် ဆိုသည်မှာ အရှိနှင့် အသိ ကိုက်ညီသော အမြင်ကို ဆိုခြင်းသာ

http://www.dhammadownload.com



ဖြစ်၏။ ခန္ဓာကိုယ်သည် အနာကြီးပဲ၊ ရောဂါတုံးကြီးပဲဟု မသိ မမြင်သရွေ့ ခန္ဓာကို ခင်သော တဏှာ၊ ခန္ဓာကို စွဲလမ်းသော ဥပါဒါန် ရှိနေသည်။ ထိုတဏှာ ဥပါဒါန် ရှိနေသရွေ့ ဇာတိ၊ ဇရာ၊ မရဏ ပြန်၍သာ ရနေဦးမည် ဖြစ်၏။ [နာ၁–၄၁၈] မြတ်စွာဘုရား ပွင့်ထွန်း လာတာသည် အရိယာ မျက်လုံး တပ်ပေးဖို့၊ အကန်းတွေကို ဆေးကုပေးဖို့ ပွင့်လာခြင်း ဖြစ်သည်ဟု ဟောထားသည်။ [နာ၁–၄၁၉] မျက်စိ ဖွင့်ပေးနိုင်သော ဆရာကောင်း ရှာပါဟု ဘုရားက ၁၇၉၂ ကြိမ် ဟောထားကြောင်း ဟောပြန်သည်။ [နာ၁–၄၂၃]

ထို့နောက် ဆင်ကို စမ်းနေကြသော မျက်မမြင် ပုဏ္ဏား ခြောက်ယောက် ဥပမာကို ဟောသည်။ ပုထုဇဉ် အကန်း လမ်းသွား ဖြစ်နေပုံကို ပြခြင်း ဖြစ်သည်။ ခန္ဓာကိုယ်သည် အနာရောဂါ အမြဲ ဖြစ်နေပုံ၊ အိမ်မှာ ခင်းကျင်းထားသော အိပ်ရာ နေရာ၊ ကုလားထိုင် စသည်တို့သည် အိမ့်ကျက်သရေဆောင် မဟုတ်၊ အနာရောဂါ ကုဖို့ ထားသော ပရိဘောဂများ ဖြစ်ပုံကို ဟောသည်။ [နာ၁–၄၂၉] လူတွေမှာ မကြွားသင့်တာတွေနှင့် ကြွားနေကြပုံကို ပြသည်၊ [နာ၁–၄၃၂] အကန်းကြွား ကြွားနေကြသည်ဟု ဆိုသည်။ သာသနာတွင်း ကြုံနေရပြီ ဖြစ်၍ အကန်း ပျောက်အောင် ဆေးဖြင့် ကုသရမည်။ သစ္စာဉာဏ် အလင်းရောက်အောင် ကုသရမည်။ [နာ၁–၄၃၆] ဉာဏ်မျက်စိ အလင်းရပြီ ဆိုလျှင် ဥပါဒါန်၊ ကံ ချုပ်ပြီ။ မျက်စိ အလင်း မရမီက ခန္ဓာထဲမှာ ရောဂါ ရှိသည်ဟု မထင်တတ်ကြောင်း၊ အိမ်ပေါ်မှာ ရောဂါကုဖို့ ချထားသော ပရိဘောဂ ပစ္စည်းတွေ ကိုလည်း ရောဂါ ရှိလို့ ချထားရတာဟု မမြင်၊ အိမ်ကျက်သရေဆောင်တွေဟု ထင်တတ်ကြပုံကို ပြသည်။ [နာ၁–၄၃၇]

ဉာဏ်မျက်စိ ပေါက်လာသော အခါ အိမ်မှာရှိသော ပစ္စည်းများသည် ဇာတိ ဖြစ်ကြောင်းတွေသာ ဖြစ်ကြောင်း နားလည်နိုင်သည်။ [နာ၁–၄၃၈] ကားစီးနိုင်တာ ကံကောင်းသည်ဟု မြင်နေကြသည်။ စင်စစ် လူနာတင် ယာဉ်ကြီး ဖြစ်ကြောင်း ပြသည်။ [နာ၁–၄၄၀] ဉာဏ်အမြင် မပါဘဲ ကန်းနေကြပုံကို ပြခြင်း ဖြစ်သည်။ ဤသို့ ခန္ဓာ အပြစ်ကို မြင်အောင် ပြနေခြင်းမှာ ဒိဋ္ဌိနှင့် တဏှာကို သတ်နေခြင်း ဖြစ်သည် ဆို၏။ [နာ၁–၄၄၂] လိုရင်းမှာ ဓမ္မာန ဓမ္မ ပဋိပတ္တိ– မလုပ်သေးလျှင် မျက်စိ နှစ်ကွင်း အလင်းမရသေးပါ။ မျက်စိနှစ်ကွင်း အလင်းရအောင် ဝိပဿနာ ဉာဏ် ဆေးဖြင့် ကုသရမည်ဟု ဆိုသည်။ [နာ၁–၄၄၅] ထို့နောက် ဝေဒနာ နုပဿနာ ရှုနည်းကို ပြသည်။ ဝေဒနာ သုံးမျိုး– သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဥပေက္ခာ

http://www.dhammadownload.com



ဝေဒနာကို ရှင်းပြသည်။ ခန္ဓာမှာ တစ်နေ့လုံး ဝေဒနာ တစ်မျိုးစီ အဆက်မပြတ် ဖြစ်ပေါ်နေပုံကို ပြသည်။ [နာ-၄၄၉] ခန္ဓာကိုယ်သည် ဝေဒနာ အစုအပုံကြီး၊ အခဲကြီး ဖြစ်သည်။

ထို့နောက် ဒုက္ခဝေဒနာ နောက်က သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဝိဇ္ဇာ သံသရာ ပဋိစ္စ သမုပ္ပာဒ် လည်ပုံ၊ သုခ ဝေဒနာ နောက်က တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ သံသရာ လည်ပုံကို ပြသည်။ [နာ-၄၅၁] ဥပေက္ခာ ဝေဒနာက အဝိဇ္ဇာ၊ သင်္ခါရ ပဋိစ္စ သမုပ္ပာဒ် လည်ပြန်သည်။ ဝေဒနာချုပ်မှ ခန္ဓာ ချုပ်သည်။ ဝေဒနာက ဖြစ်ပျက် ဒုက္ခသစ္စာ၊ ထိုဖြစ်ပျက် ဒုက္ခကို သိသော ဝိပဿနာ ဉာဏ်က မဂ္ဂသစ္စာ ဖြစ်သည်။ ဝေဒနာ နောက်က မင်လိုက်ရမည်။ ရှုရင်း ဝေဒနာသည် ဒုက္ခသစ္စာ ဖြစ်မှန်း သိနားလည် လာသည်။ ဝေဒနာတွေ သည်လည်း အခု မွေးပြီး အခု သေနေကြပုံကို သိလာသည်။ ကိုယ့် အသေ ကိုယ်မြင်လာသည်။ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် အသေ မလွတ်ကြောင်း သိလာရသည်။ [နာ-၄၅၄] သုံးဆယ့်တစ်ဘုံ ဘယ်ဘုံဘဝပဲ ဖြစ်ဖြစ် အို၊ နာ၊ သေ ရှိသည်။ ဝေဒနာ ရှိသည်။ ဝေဒနာ မရှိမှသာ ချမ်းသာရနိုင်သည်။ [နာ-၄၅၄]

ဤသို့ ခန္ဓာ ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ ကိုယ့်အသေ ကိုယ်မြင်တော့မှ ခန္ဓာကို စွဲလမ်းစရာ မရှိပုံကို သိလာရသည်။ မျက်စိနှစ်ကွင်း အလင်း မရခင်က ခန္ဓာ၏ လိမ်လည် လှည့်စားခြင်းကို ခံနေရသည်။ ဉာဏ်အလင်း ရသော အခါတွင်မူ တဏှာ၏ အလိမ်အလှည့်ကို မခံရတော့ပါ။ [နာ-၄၅၇] ဥပါဒါန် ချုပ်လျှင် ကံချုပ်ပြီ။ သမုဒယ ချုပ်ပြီ။ ဇာတိ၊ ဇရာ၊ မရဏ မလာတော့ဘဲ ချုပ်တော့သည်။ ဝေဒနာ နုပဿနာကို ဟောလိုက်သော အခါမှ မာဂဏ္ဍီ ပုဏ္ဏားကြီး ကျွတ်သွားသည်။ အနာရောဂါ ကင်းသည် ဆိုသည်မှာ ဇာတိ၊ ဇရာ၊ မရဏ ချုပ်မှသာ ဖြစ်နိုင်ကြောင်း ကို နားလည်သွားသည်။ [နာ-၄၆၀] ဇာတိ၊ ဇရာ၊ မရဏ ချုပ်တာသည် နိဗ္ဗာန် ဖြစ်သည်။ ခန္ဓာရောဂါက ဒုက္ခ သစ္စာ၊ မြင်တာက မဂ္ဂသစ္စာ၊ တဏှာ၊ ဥပါဒါန် ချုပ်တာက နိရောဓသစ္စာ၊ ဇာတိ၊ ဇရာ၊ မရဏ နောက်ထပ် မလာတာက နိရောဓ သစ္စာ ဖြစ်ပုံကို ပြရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

http://www.dhammadownload.com



## ၁၄။ လူမိုက်နှင့် လူလိမ္မာ မဂ္ဂ ဖြဟ္မစရိယာ အကျင့်ကြောင့် ကွာခြားပုံ

[ ၁၅-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

**(ဤတရားမှာ ရက်စွဲ ကွာနေပြန်သည်။ ၁၀-၉-၆၁ မှ ၁၅-၉-၆၁ သို့ ခုန်ကျော် နေသည်။ ဆက်တိုက် နေ့စဉ်ဟော တရား မဟုတ်ဟု ဆိုရမည် ထင်ပါသည်။)**

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံး နေစဉ် ရဟန်းများအား တရား ဟောသောအခါ လူမိုက်ရော လူလိမ္မာပါ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ- ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပဋိစ္စ သမုပ္ပာဒ် စက်ဝိုင်းအတိုင်း သံသရာမှာ လာခဲ့ကြကြောင်း အစချီပြီး ဤတရားကို ဟောသည်။ လူလိမ္မာနှင့် လူမိုက် နှစ်ဦးစလုံး လာလမ်းချင်း အတူတူပင် ဖြစ်သည်။ သို့ဖြစ်လျှင် လူမိုက်နှင့် လူလိမ္မာ ဘာကွာသလဲဟု မေးသည်။ ရဟန်းများက မဖြေနိုင်ကြောင်း လျှောက်ထားကြသည်။ လူမိုက်လည်း ခန္ဓာ ငါးပါးပဲ။ လူလိမ္မာလည်း ခန္ဓာ ငါးပါးပဲ။ [ နှာ-၄၆၃ ] လူမိုက်နှင့် လူလိမ္မာ ကွာခြားပုံမှာ လူမိုက်က သေလျှင် နောက်ခန္ဓာ ပဋိသန္ဓေ ရသည်။ လူလိမ္မာက နောက်ခန္ဓာ ပဋိသန္ဓေ မရတော့။ ကွာခြား သွားသည်။ နောက်ခန္ဓာ ရမှု၊ မရမှု ကွာခြားသည်။ [ နှာ-၄၆၄ ] နိဒါန ဝဂ္ဂ သံယုတ် ဗာလပဏ္ဍိတ သုတ် ကိုပင် ဟောခြင်း ဖြစ်သည်။ (ဤသုတ်ကို ရှေ့တွင်လည်း ဟောခဲ့ဖူးပြီ) နောက်ခန္ဓာ မရချင်သော ပုဂ္ဂိုလ်သည် လူလိမ္မာ၊ နောက်ခန္ဓာ ရသော ပုဂ္ဂိုလ်သည် လူမိုက် ဖြစ်သည်။

ထို့နောက် တဏှာက သံသရာမှာ အနေကြာအောင် လှည့်စားတတ်ပုံများကို ဟောသည်။ သဝက ပါရမီ ဉာဏ်မှ သစ္စာတရားကို နာ၍ သစ္စာကို မြင်လျှင် ပြီးကြောင်း ဟောသည်၊ [ နှာ-၄၇၁ ] အဝိဇ္ဇာက ပုထုဇဉ်ကို မမြင်အောင် မျက်လုံး ပိတ်သည်။ တဏှာက လိမ်ညာ ကောက်ကျစ်သည်။ အဝိဇ္ဇာ တဏှာ လက်တွင်းက လွတ်ကင်းအောင် ပုထုဇဉ် မရုန်းထွက်နိုင်ဘူးဟု ဆိုသည်။ [ နှာ-၄၇၂ ] အကြင် ပုဂ္ဂိုလ်သည် ဖြစ်ချင်သေး၏။ ထိုပုဂ္ဂိုလ်သည် ဒုက္ခကို အလိုရှိခြင်း ဖြစ်ကြောင်း သံယုတ် ပါဠိတော်မှာ ဘုရား ဟောကြောင်း ပြထားသည်။ [ နှာ-၄၇၇ ] လူမိုက်နှင့် လူလိမ္မာ ထူးခြားပုံ တရားကို မနာရလျှင် ဘုံဘဝ ရချင်၊ ဖြစ်ချင် နေကြဦးမည် ဖြစ်၏။

ဒါကြောင့် လူမိုက်နှင့် လူလိမ္မာ လာပုံချင်း တူသော်လည်း ပြန်ပုံချင်း မတူ၊ ကွဲပြားပုံကို ပြသည်။ ဤသို့ လူမိုက်နှင့် လူလိမ္မာ မတူ၊ ကွဲပြားပုံကို သိပါ

http://www.dhammadownload.com



ပြီ။ မတူအောင် လုပ်နည်းကို ဟောပါဦး ဘုရားဟု ရဟန်းများက လျှောက်ထားကြသည်။ [နာ-၄၇၉] လူလိမ္မာက မဂ္ဂ ဗြဟ္မာ စရိယ အကျင့်ကို ကျင့်သည်။ လူမိုက်က မကျင့်။ ဤသို့ ကွဲပြား သွားခြင်း ဖြစ်သည်။ လူလိမ္မာသည် မဂ္ဂဗြဟ္မာ စရိယ အကျင့်ဖြင့် ခန္ဓာကို ဝိပဿနာ ရှုသည်။ လူမိုက်က မရှု။ ခန္ဓာအပေါ် သာယာ နေသည်။ ပါရမီနှင့် မဆိုင်၊ အကျင့်နှင့်သာ ဆိုင်ပုံကို ပြသည်။ [နာ-၄၈၁] မဂ္ဂ ဗြဟ္မာစရိယ အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်မှာ နောက်ခန္ဓာ မရပါ။ မကျင့်သော ပုဂ္ဂိုလ်မှာ နောက်ခန္ဓာ ရသည်။ ထို့နောက် ကျင့်နည်းကို ပြောရုံပဲ ဆိုပြီး မပြောဖြစ်ဘဲ မဂ္ဂ ဗြဟ္မာစရိယ အကျင့်သည်သာ အမြတ်ဆုံး အကျင့်ပဲဟု ပြောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၁၅။ အရှစ် တရားရော၊ ရှုဉာဏ် တရားရော နှစ်ဖက်စလုံး သဏ္ဍာယ ပြုတ်ရမည်

[ ၁၆-၉-၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

မြတ်စွာဘုရားသည် တရားကို သုံးမျိုး ထားပြီး ဟောသည်။ တောင်းပန်လို့ ဟောသော တရား၊ မတောင်းပန်ဘဲနှင့် ဟောသော တရား၊ အကြောင်း တိုက်ဆိုင်သဖြင့် ဟောသော တရားတို့ ဖြစ်ကြသည်။ ဗာလပဏ္ဍိတ သုတ်ကို ဤတရားမှာ ဆက်ပြီး ဟောသည်။ ဘယ်သူ့ကိုမှ အကြောင်းမပြုဘဲ ဟောချင်၍ ဟောသော တရား ဖြစ်သည်။ [နာ-၄၉၃] လူမိုက်နှင့် လူလိမ္မာကို နောက်ခန္ဓာ ရမှု၊ မရမှုပေါ် မူတည်ပြီး ဘုရားက ခွဲခြား နားလည်ပုံကို ပြန်ဟောသည်။ [နာ-၄၉၄] ဘုရားက နောက်ခန္ဓာ မရမှုကို လွန်စွာ နှစ်သက်သည်။ နောက်ခန္ဓာ ရမှုကိုလွန်စွာ စက်ဆုပ်ကြောင်း ဟောသည်။ ထိုအကြောင်းကို သိစေလို၍ ဗာလပဏ္ဍိတ သုတ်ကို ဟောကြားသည် ဆို၏။ [နာ-၄၉၅] စကားစပ်ပြီး ခန္ဓာတစ်ပါး ဖြစ်လျှင် ငါးပါးစလုံး အကုန်တွဲ ဖြစ်ပုံကို ဟောသည်။

သို့သော် ဝေဒနာ သုံးပါးကမူ တစ်ပြိုင်နက် အကုန် မပေါ်ကြောင်း ပြသည်။ ဒါကြောင့် ဖဿ ပစ္စယာ ဝေဒနာ တစ်ခုခု ပေါ်ချိန်ကို သိအောင် ကြိုးစားရမည်ဟု ဆိုသည်။ [နာ-၄၉၇] ဝေဒနာ တစ်ခုခု (ဒုက္ခ၊ သုခ၊ ဥပေက္ခာ) ပေါ်သော အချိန်မှာ သိခြင်းသည် တီရဏ ပရိညာ ဖြစ်သည်။ [နာ-၄၉၈] ဝေဒနာ ပေါ်တိုင်း သိလျှင် ထိုဝေဒနာ ပျက်ပြီဟု မှတ်ရမည်။ ဝေဒနာ နှစ်ခု ပြိုင်မဖြစ်ဟု ပြသည်။ သင်္ခါရက ပေါ်သော တရား ဖြစ်သည်။ ထိုပေါ်သော တရား၊ သင်္ခါရနှင့်

http://www.dhammadownload.com



ပျက်သောအရာ အနိစ္စကို ရှုရမည်ဟု ဆိုသည်။ [နာ-၄၉၉] ဝိပဿနာမဂ် သင်္ခါရ ဖြစ်ပုံကို ပြသည်။ [နာ-၅၀၀] ရှုသော စိတ်လည်း အမှန်မှာ အနိစ္စပင် ဖြစ်သည်။ ရှုစိတ် မြဲသည်ဟု ထင်လျှင် သဿတ ဒိဋ္ဌိ ဖြစ်မည်ဟု သတိပေးထားသည်။ အာရမ္မဏိက ဘက်ကလည်း သဿတ မရှိအောင် လုပ်ရမည်ဟု ဆိုသည်။ [နာ-၅၀၂] ဒိဋ္ဌိ မကွာသော ဝိပဿနာသည် လိုရင်းအကျိုးကို မရသော ဝိပဿနာ ဖြစ်ကြောင်း ဟောသည်။ ထိုဝိပဿနာ မဂ်၊ ဖိုလ် မဆိုက်ဘူးဟု ယတိပြတ် မိန့်ဆိုထားသည်။ အနိစ္စကို သင်္ခါရနှင့် ရှုပါဟု ဤတရားတွင် အခါခါ ဆိုသည်။ [နာ-၅၀၃] သို့မဟုတ်လျှင် အာရုံမှာ အနိစ္စ၊ အရမ္မဏိကမှ သဿတ ဖြစ်နေတတ်ပုံကို ရှင်းပြသည်။ 'သင်္ခါရေ သင်္ခါရာ ဝိပဿန္တိ' ဆိုသော အဋ္ဌကထာ စကားကို ထုတ်ပြထားသည်။ သင်္ခါ ရ တရားကို သင်္ခါရ တရားကပင် ရှုနေခြင်း ဖြစ်သည်။ ကျုပ်က အမြဲ ရှုနေတာပဲ ဆိုလျှင် ထိုအထင်ကို မြဲသည်ဟု ယူသော သဿတ ဒိဋ္ဌိ ဖြစ်တော့သည်။ သဿတ ဒိဋ္ဌိ မကွာဘဲ ရှုနေလျှင် သာတိရဟာန်းလို ဖြစ်နေနိုင်ပုံကို ပြသည်။ [နာ-၅၀၃] သာတိရဟာန်းက တခြားသော ခန္ဓာတွေသာ သေသည်။ စိတ်ဝိညာဉ် ကလေးက ခိုင်သည်၊ မြဲသည်ဟု ယူဆနေကြောင်း ပြန်ပြောင်း ဟောကြားသည်။ ဒီမှာလည်း ရှုသောစိတ်က မသေ၊ မြဲသည်၊ အရှုခံကသာ သေသည်၊ ပျက်သည်၊ အနိစ္စ ဖြစ်သည်ဟု ယူနေတတ်ပုံကို ပြသည်။ ဤတွင် အရှုခံလည်း သင်္ခါရ၊ ရှုဉာဏ်လည်း သင်္ခါရ ဖြစ်ကြောင်း ပေါ်အောင် ဟောထား သည်။

ထိုသို့ နားလည်မှသာ ဒိဋ္ဌိ နှစ်ဖက် စင်သည် ဆို၏။ [နာ-၅၀၅] ဤတရား၌ သင်္ခါရ တရားက ဖြစ်တုန်းသာ သင်္ခါရ၊ အနိစ္စ ဖြစ်သွားတော့ အရှုခံ ဖြစ်သွားသည်။ သင်္ခါရ ဖြစ်တုန်း၊ မြင်တုန်းသာ ရှုဉာဏ်ဘက်က ဖြစ်ဖြစ် ရသည်။ အနိစ္စ ဖြစ်သွား တော့ သူ မရှုနိုင်တော့ဘူးဟု ဆိုထားသည်။ [နာ-၅၀၆] အရှုခံဘက်က ဖြစ်ဖြစ်၊ တစ်ဘက်ဘက် ဒိဋ္ဌိ ခံနေလျှင် မဂ်မရနိုင်ဟု ပြသည်။ သောတာပတ္တိ မဂ်က ဒိဋ္ဌိကို သတ်သည်။ ဆရာကောင်းနှင့် မပေါင်းမိလျှင် ဤသို့ ဒိဋ္ဌိ ခွာပေးနိုင်မည် မဟုတ်ကြောင်း သတိပေးသည်။ 'သဗ္ဗုရိ သူပ သံသေဝေါ' ပါဠိအရ ဖြစ်သည်။

ထို့နောက် လူမိုက်နှင့် လူလိမ္မာ နှစ်ဦးစလုံးမှာ ဝေဒနာ သုံးပါး ရှိပုံကို ပြန်ပြသည်။ [နာ-၅၀၈] ဖဿ ပစ္စယာ ဝေဒနာ ဖြစ်ပုံချင်း အတူတူပင် ဖြစ်၏။ သို့သော် လူမိုက်က ဖဿ ပစ္စယာ ဝေဒနာ ဖြစ်ပြီး တဏှာ၊ ဥပါဒါန်၊ ကံ အဆက်ဆက်သွားသည်။ လူလိမ္မာက ဝိပဿနာ ရှုသောကြောင့် ဝေဒနာ နိရောဓာ၊

http://www.dhammadownload.com



တဏှာ နိရောဓော ဖြစ်ပြီးသံသရာ ပြတ်သွားသည်။ နောက်ဓာတိ၊ နောက်ခန္ဓာ ရတာ၊ မရတာ ကွာသွားပုံကို ပြသည်။ [နှာ-၅၁၁] အတိတ်ဘဝက၊ ပစ္စုပ္ပန် ဘဝက၊ အနာဂတ် ဘဝတိုင် လူမိုက်က သုံးဘဝ လည်သွားသည်။ လူလိမ္မာက ယခု ပစ္စုပ္ပန်မှာ သံသရာကို အပြတ် ဖြတ်သောကြောင့် နှစ်ဘဝဖြင့် ပြီးသွားပုံကို ဟောသည်။ [နှာ-၅၁၂] ဤသို့ ပြတ်ရင် လူလိမ္မာက မဂ္ဂ ဗြဟ္မာစရိယ ကျင့်ကြောင်း ရှေ့က တရားမှာ ပြခဲ့သည်။ လူမိုက်ကမူ ဝေဒနာ နောက်က တဏှာ လိုက်သည်။ မဂ္ဂ ဗြဟ္မာစရိယ ဆိုသည်မှာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်မှန်ကို ဆိုခြင်း ဖြစ်၏။ ထို့နောက် 'အတ္တာ ဟိ အတ္တနော နာထော' မိမိကိုယ်ကို အားကိုးပါ ဆိုရာ၌ အတ္တ ဒိဋ္ဌိ မပါရအောင် ဤတွင် မိမိ ဆိုသည်မှာ အဋ္ဌင်္ဂိက မဂ်ကို ဆိုလို ကြောင်း ဟောထားသည်။ [နှာ-၅၁၅] မဂ္ဂင် အားကိုးရမည်ဟု ဆိုသည်။ ထို့နောက် ဝေဒနာ ပေါ်ရာကို ရှုဖို့ ခန္ဓာနှင့် ဉာဏ် တည့်အောင် ပြသည်။ [နှာ-၅၁၆]

ခန္ဓာနှင့် ဉာဏ် တည့်အောင် ရှုပါဟု ဆိုသည်။ အကြောင်း တိုက်ဆိုင်မှသာ ခန္ဓာ ပေါ်ပုံကို ပြသည်။ ဤတရားတွင် အရှုခံ ဘက်ကရော ရှုဉာဏ် ဘက်ကပါ သသသတ္တ၊ သက္ကာယဒိဋ္ဌိ ပြုတ်မှုကို အဓိကထား ဟောသည်။ ထို သဘော ပေါ်လွင် အောင် 'အရှုခံတဲ့ တရားကလည်း သင်္ခါရ။ အနိစ္စလမ်းဆုံးတာပဲ။ ရှုဉာဏ် တရားကလည်း သင်္ခါရတရား ဖြစ်တုန်းသာ ရှုနိုင်တာ၊ အနိစ္စ ဖြစ်သွားတော့ မရှုနိုင်ဘူးဟု ဆိုထားသည်။ [နှာ-၅၁၈] 'စေတိတ္တ သမာယုတ္တော၊ လဟုသော ဝတ္တတေ ခဏော' အရ စိတ်နှစ်ခု ပြိုင်မဖြစ်သောကြောင့် အရှုခံ သင်္ခါရ ပေါ်နေတုန်းမှာ ရှုဉာဏ် သင်္ခါရ မပေါ်နိုင်ပုံ၊ ရှုဉာဏ်ပေါ်တော့ အရှုခံစိတ် အနိစ္စရောက် ပျောက်ကွယ်သွားပုံကို ရှင်းထားသည်။ ဤတွင် အဘိဓမ္မာသမားများဘက်က ဝေဖန်လာနိုင်မှုကို ကာကွယ်ပြီး 'ဒီကြားထဲမှာ ဘဝင် ခြားတာ ကျုပ်တို့နဲ့ ဘာမှ မဆိုင်ဘူး' ဟု ခုခံထားသည်။ [နှာ-၅၁၉] ဘဝင် ခြားတာ အပြစ်မရှိဘူး၊ ကိလေသာ ခြားလျှင်သာ အပြစ် ရှိသည်ဟု မိန့်ထားသည်။ ဤအကြောင်းကို ဟောရင်း အချိန်စေ၍ တရား နားလိုက်သည်။

*

## ၁၆။ မဂ္ဂ ဗြဟ္မာစရိယ အကျင့်သည် သာသနာတွင်း တရား

[ ၁၈-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

လူမိုက်နှင့် လူလိမ္မာ ထူးခြားမှု သိစေချင်တယ် အစချီ၍ ဤတရားကို ဆက်ဟောသည်။ မြတ်စွာဘုရားက လူမိုက်နှင့် လူလိမ္မာ ဘာထူးခြားလဲဟု ရဟန်း

http://www.dhammadownload.com



များအား မေးပုံက စပြီး ပြန်ဟောသည်။ ကဿပ ဘုရား လက်ထက်က သာသနာ မထားခဲ့ကြောင်း၊ ဂေါတမဘုရား လက်ထက်ကျမှ သာသနာ ပြန်ပေါ်ကြောင်းများ ကို ပြောပြီး လူမိုက်နှင့် လူလိမ္မာ ခြားနားပုံ တရားကို ရှေ့က တရားများမှာ အတိုင်း ပြောသည်။ ခန္ဓာ ငါးပါး ရလာကြတာ အဝိဇ္ဇာ သင်္ခါရ သမုဒယတွေ အတိတ် ဘဝက လုပ်လာခဲ့ကြတာဖြင့် လူမိုက်နှင့် လူလိမ္မာ မထူးပုံ၊ ပစ္စုပ္ပန် မှာလည်း လူမိုက်နှင့် လူလိမ္မာ ဝေဒနာ သုံးမျိုး ခံစားကြရတာလည်း တူကြောင်း၊ သို့သော် လူမိုက်က ဝေဒနာ နောက်က မြတ်သောအကျင့် မဂ္ဂ ဗြဟ္မာစရိယကို မကျင့်၊ လူလိမ္မာက မဂ္ဂဗြဟ္မာ စရိယကို ကျင့်သည်။ လူမိုက်က မြတ်သော အကျင့် မကျင့်သဖြင့် တဏှာ၊ ဥပါဒါန်၊ ကံ ပဋိစ္စ သမုပ္ပာဒ် လာသည်။ လူလိမ္မာက လုပ်သောကြောင့် ဝေဒနာ နောက်က ဝိပဿနာမဂ် ဝင်ပြီး တဏှာ၊ ဥပါဒါန်၊ ကံ ပြတ်သည်။ တိုတို ပြောလျှင် လူလိမ္မာမှာ ပဋိစ္စ သမုပ္ပာဒ် ပြတ်သည်။ ပြတ်သော ကြောင့် နောက် ဇာတိ၊ နောက် ခန္ဓာ မရတော့ပါ။ ဒါကြောင့် လူလိမ္မာ ဖြစ်ချင်လျှင် မဂ္ဂ ဗြဟ္မာစရိယ အကျင့်၊ ဝိပဿနာ မဂ်ကို အားထုတ်ရမည်။ မဂ္ဂ ဗြဟ္မာစရိယ အကျင့်သည် သာသနာ ရှိတုန်းမှာသာ လုပ်နိုင်သော အလုပ် ဖြစ်သည် ဆို၏။ [နှာ-၅၂၇] လူမိုက်သည် ဝိပဿနာ အလုပ်ကို မလုပ်သောကြောင့် သူ့မှာ သာသနာ ကွယ်နေသည်။ ဝိပဿနာ အလုပ် မဂ္ဂ ဗြဟ္မာစရိယ အကျင့်ကို မကျင့်သေးလျှင် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရေးက ဗလာနတ္ထိ ဖြစ်နေသည်။ ဘာကောင်းကြီးပဲ ဖြစ်ဖြစ် ဗလာသမားပဲချည်း မှတ်ရမည် ဆိုသည်။ [နှာ-၅၂၈] မဂ္ဂ ဗြဟ္မာစရိယ အလုပ်သာ လျှင် သာသနာတွင်း အလုပ်ဖြစ်ပုံ၊ ဒါကို မလုပ်လျှင် မိမိမှာ သာသနာ ကွယ်နေသေးပုံကို အသားပေး၍ ဤတရားမှာ ဟောခြင်း ဖြစ်သည်။

ဤအကျင့်ကို ကျင့်သော ပုဂ္ဂိုလ်သည် ကျွတ်ထိုက်သော ပုဂ္ဂိုလ် ဖြစ်သည်။ မကျင့်သော ပုဂ္ဂိုလ်က လူမိုက်၊ သံသရာ အဝိုင်းပြေးသမားဟု ဆရာတော်က ခေါ်သည်။ [နှာ-၅၃၁] 'စုတိ ပဝတ္တိ ပဋိသန္ဓေ ပဝတ္တိ စုတိ' စုတိ ပဋိသန္ဓေ- အဖန်တလဲလဲ ဖြစ်နေရသူ ဖြစ်သည်။ ပဋိသန္ဓေကလည်း ဒုက္ခသစ္စာ၊ ပဝတ္တိ- လုပ်ကိုင် ရှာစား နေရတာလည်း ဒုက္ခသစ္စာ၊ သေရတာ(စုတိ)လည်း ဒုက္ခသစ္စာ၊ သုံးခုလုံး ဒုက္ခချည်း ဖြစ်နေပုံကို ပြသည်။ [နှာ-၅၃၂] လူမိုက်သည် မီးပုံသုံးပုံပေါ်မှာ အဝိုင်းပြေး ပြေးနေသူနှင့် တူပုံကို ပြသည်။ [နှာ-၅၃၄] လူမိုက်က ဤသို့ မီးပုံပေါ် ပြေးနေရတာကို ဂုဏ်ကျက်သရေ ရှိသည်ဟု ထင်နေသည်။ ဒါကြောင့် လူလိမ္မာ ဖြစ်ချင်သူသည် သာသနာနှင့် ကြုံခိုက်မှာ မိမိ ဘဝကို နောက်ဆုံး ဘဝအဖြစ်

http://www.dhammadownload.com



ထားပြီး မဂ္ဂ ဗြဟ္မာ စရိယ အကျင့်ကို ကျင့်သင့်ကြောင်း ဟောခြင်း ဖြစ်သည်။ ကိုယ့်အရေးမို့ ကိုယ့်ဟာကိုယ် ရုန်းထွက်ဖို့ အရေးကြီးပုံကို ပြသည်။ [နှာ–၅၃၅] တဏှာနှင့် ခိုင်းတာ လုပ်ရင်း အချိန် ကုန်နေသော တဏှာ ကျွန်ဘဝက အလွတ် ရုန်းထွက်တတ်ဖို့ လိုကြောင်း ဟောသည်။ ရိုးရာတွေ အစဉ်အလာ အတိုင်း မလိုက်ဘဲ ကန့်လန့် လုပ်တတ်ဖို့ တဏှာကို တော်လှန်တတ်ဖို့၊ လိုပုံကို ပြသည်။ ဂေါတမ ဗုဒ္ဓ ရုန်းထွက်ခဲ့ပုံကို နမူနာ ပြသည်။

မဂ္ဂ ဗြဟ္မစရိယ အကျင့်သာ ကောင်းကြောင်း၊ တဏှာ အလုပ်ကို လုပ်နေ တာက ကာမသုခလ္လိက နုယောဂ ဖြစ်ကြောင်း၊ ကာမဂုဏ် ခံစားခြင်း ဖြစ်ကြောင်း၊ ဘုံဘဝ ဆုတောင်းတာ ကာမ သုခလ္လိက နုယောဂ ဖြစ်ကြောင်း မဂ္ဂ ဗြဟ္မာစရိယ အကျင့်သာလျှင် မစ္ဈိမ ပဋိပဒါ ဖြစ်ပုံကို ပြသည်။ [နှာ–၅၄၁] မဂ္ဂ ဗြဟ္မာစရိယ အကျင့်ကို ပြုရာမှာ ဝေဒနာ နုပဿနာ ရှုပုံကို ပြသည်။ ဝေဒနာ သုံးခု ပေါ်တိုင်း ဒုက္ခ ဖြစ်ဖြစ်၊ သုခ ဖြစ်ဖြစ်၊ ဥပေက္ခာ ဖြစ်ဖြစ် ဖြစ်ပျက် ရှုရမည်။ ဝေဒနာကို ဝိပဿနာ မရှုမိလျှင် တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ၊ အဝိဇ္ဇာ သခ်ါ ရ လှည့်သွားပုံကို ပြသည်။ ဝေဒနာ နုပဿနာသည် ပဋိစ္စ သမုပ္ပာဒ်ကို အစဖျောက် နိုင်သည်။ [နှာ–၅၄၇] ဒုက္ခက္ခန္ဓသကို အစဖျောက်ခြင်း ဖြစ်သည် ဆို၏။ [နှာ–၅၄၈] ဤတွင် တရား ပြီးဆုံးသည်။

၀

**ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၂၅) ပြီး၏။**

http://www.dhammadownload.com

## အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

## စာအုပ်အမှတ်(၂၆)

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၂၆)

**နိဒါန်း**

ဤနိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင် မသေမိက ရေးသားခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓသာသနာတွင် နယ်နှစ်နယ် ရှိသည်။ ကမ္မဿကတ ဉာဏ်၏ နယ်နှင့် သစ္စာ နုလောမိက ဉာဏ်နယ်တို့ ဖြစ်သည်။ ဒေသနာ အားဖြင့် ဆောင်၍ ဟောသော နေယျတ္ထ ဒေသနာ တစ်မျိုး၊ ပုဂ္ဂိုလ် စရိုက်ကို မလိုက်ဘဲ တိုက်ရိုက် ဟောသော နီတတ္ထ ဒေသနာ တစ်မျိုး ဖြစ်၏။ ဗုဒ္ဓ သာသနာမှာ ကမ္မဿကတ ဉာဏ်သည် အခြေခံ ဖြစ်ကြောင်း၊ ထိုကမ္မဿကတ ဉာဏ်ကိုလည်း ပယ်၍ မရကြောင်း၊ သို့သော် အထက်တန်း ကျသောဉာဏ်တော့ မဟုတ်သေး။ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ခြင်းသည် ဒိဋ္ဌိ ကမ္မ ဖြစ်သည်။ ထိုအမြင် မရှိလျှင် နိယတ မိစ္ဆာဒိဋ္ဌိသို့ သက်ဝင် သွားနိုင်ကြောင်း ဖော်ပြထားသည်။

ထို့နောက် ဦးသံဒိုင်သည် ကမ္မဿကတ ဉာဏ်ကို ဝေဖန် ပြထားသည်။ ကံ ၁၂ မျိုး ဖြစ်ပေါ်ပုံကို ပြသည်။ ပြီးမှ တခြား ဘာသာဝင်များ ယုံကြည်သောနဖူးစာ ကံ အယူအဆကို ဖော်ပြသည်။ မမွေးမီကပင် နဖူးပေါ်မှာ စာရေး ပေးလိုက်သည်။ ဘာဖြစ်ဖြစ် နဖူးစာ အတိုင်း ဖြစ်ရသည် ဆိုသော အယူဝါဒ ဖြစ်သည်။ မြန်မာ အချို့မှာလည်း ထိုအယူ ရှိပုံကို ပြသည်။ ထို့နောက် မြန်မာ ဗုဒ္ဓဘာသာဝင်များမှာ ကံဆိုးကို ကြောက်ပုံ၊ ကံကောင်းလိုကြပုံများ ကိုလည်း ဝေဖန် ဆန်းစစ် ပြသည်။ ကံဆက်ခြင်း အလုပ်၊ ယတြာ အလုပ်များကို လုပ်နေကြပုံ ကိုလည်း ပြသည်။ (ငါးလွှတ်၊ တိရစ္ဆာန် ဘေးမဲ့ လွှတ်ခြင်း စသည်)။ ကုသိုလ် ဆိုလျှင် မြန်မာတို့က အကောင်းချည်း ထင်နေကြပုံ ကိုလည်း ပြသည်။

http://www.dhammadownload.com



ထို့နောက် ဆုတောင်း တဏှာ အကြောင်းကို ပြသည်။ ကိလေသာဝဋ် ရှိလျှင် ကမ္မဝဋ် လာမည်။ ကမ္မဝဋ် လာလျှင် ဝိပါကဝဋ် ဖြစ်မြဲ ဖြစ်သည်။ ထို့နောက် စေတနာသည် ကံဖြစ်ပုံကို ပြပြန်သည်။ သတ္တဝါကို ကံက ဝေဖန်ပုံ ကိုလည်း ပြသည်။ မြန်မာ ဗုဒ္ဓဘာသာဝင်တွေက ကံ အမိ၊ ကံ အဖ လုပ်နေကြပုံကို ပြသည်။ ကံအားကိုးပုံကို ပြခြင်း ဖြစ်သည်။ ကံနှင့် ပတ်သက်၍ အဓိပ္ပာယ်အမှန်ကို ကောက်ယူတတ်ဖို့ လိုပုံကို ပြသည်။ မိုးကုတ် ဆရာတော်လို ပုဂ္ဂိုလ် ပေါ်ပေါက်လာခြင်းသည် ကံစခန်းမှ ဉာဏ်စခန်း သို့ ရောက်အောင် ပို့ပေးရန် ဖြစ်ကြောင်း ပြသည်။ ကံကို မဂ်ဉာဏ်ဖြင့် ဖြတ်မှသာ သံသရာ ပြတ်ကြောင်းကို ပြသည်။ ဘဝ ကောင်းစာရေးကို တောင့်တပြီး လှူခြင်းသည် တဏှာဖြင့် လှူခြင်း ဖြစ်၍ မေထုန်ငယ် ခုနစ်ပါးတွင် တစ်ပါး ပါဝင်သည်ဟု ဆိုသည်။ မိုးကုတ် ဆရာတော်သည် ပဋိစ္စသမုပ္ပာဒ်နှင့် ဟပ်၍ ကံပြတ် တရားကိုသာ ဟောတော်မူခဲ့ကြောင်း ပြသည်။

ထို့နောက် ဗုဒ္ဓ ဘာသာဝင်များ ကံကို အတ္တ စွဲတတ်ပုံကိုလည်း ပြသည်။ အမှန်မှာ ကံလည်း အနိစ္စ၊ အနတ္တပင် ဖြစ်သည်ကို ပြသည်။ စင်စစ် ကံသည်လည်း နာမ်ဓမ္မပင် ဖြစ်ကြောင်း၊ စေတနာ ကိုပင် ကံဟု ယူရကြောင်း၊ စေတနာသည် သင်္ခါရပင် ဖြစ်ကြောင်း၊ အနိစ္စပင် ဖြစ်ကြောင်း၊ ကံ၏ ဝိပါက်ကသာ နောက် အကျိုးကို ပေးနိုင်ကြောင်းကို ပြသည်။ ကံကို အားကိုးလွန်းလျှင်လည်း ပဗ္ဗေကတ ဟေတုကဝါဒ ဒိဋ္ဌိ ဖြစ်နိုင်ကြသည်။ သစ္စာကို လျော်စွာ သိမှသာ ကံနယ်ကို ကျော်၍ ဉာဏ်နယ်သို့ ရောက်နိုင်သည်။ သစ္စာ နုလောမိကဉာဏ် ဆိုသည်မှာလည်း ဝိပဿနာ ဉာဏ်ကိုပင် ခေါ်ခြင်း ဖြစ်သည်။ ရုပ်နာမ် ဓမ္မ သင်္ခါရတို့သည် အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဟု သိသော ဉာဏ်သည် ဝိပဿနာဉာဏ် ဖြစ်၏။ ဗုဒ္ဓ ဘာသာဝင် အစစ် ဖြစ်ရန်မှာ သစ္စာ နုလောမိကဉာဏ် နယ်ကို ရောက်မှ ဖြစ်သည်။ ပဋိဝေဒ ဉာဏ်သို့ ရောက်မှသာ အဆင့်မြင့် ဉာဏ်ကို ရသည်။ သစ္စာ တရားသည် ဗုဒ္ဓ ဘာသာဝင်များ အတွက် အလွန် အရေးကြီးသည်။ ထို့ကြောင့် သစ္စာ ဆိုက်အောင်၊ ခန္ဓာ ဉာဏ်ရောက် ဖြစ်အောင် အားထုတ်ကြပါဟု တိုက်တွန်း ထားသည်။

*

http://www.dhammadownload.com



## ၁။ ကံကို အတ္တ ယူသော ရဟန်းတစ်ပါး။ မဟာပုဏ္ဏမ သုတ်တော် အခြေပြု တရား

[ ၂၁–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်း သုံးတော်မူစဉ် မြတ်စွာဘုရားအား ရဟန္တာ တစ်ပါး ဦးဆောင်သော ပုထုဇဉ် ရဟန်းငါးရာက ပုစ္ဆာ မေးလိုကြောင်း လျှောက်ထားပုံဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ ဘုရားက ခွင့်ပြုသဖြင့် ထိုရဟန်းက ခန္ဓာ ငါးပါးကို ဥပါဒါနက္ခန္ဓာ ခေါ်တာပဲ မဟုတ်လား ဘုရားဟု မေးသည်။ ဘုရားက ဟုတ်ကြောင်း ပြောသည်။ ဒါဆို ဥပါဒါနက္ခန္ဓာသည် ဘယ်သူ့ကြောင့် ဖြစ်တာလဲဟု မေးပြန်သည်။ ဘုရားက တဏှာကြောင့် ဖြစ်သည်ဟု ပြောသည်။ ထိုအခါ ရဟန်းက ခန္ဓာနှင့် ဥပါဒါန် ဘာထူးသလဲဟု ထပ်မေးသည်။ ဘုရားက ခန္ဓာက တခြား ဥပါဒါန်က တခြားပဲ၊ ခန္ဓာကို စွဲလမ်းမှသာလျှင် ဥပါဒါန် ဖြစ်ကြောင်း ဖြေတော်မူသည်။ ထိုအခါ ရဟန်းက 'ကထံ ပန ဘန္တေ ဇာနတော၊ ပဿတော၊ အဟံကာရ မမံကာရ၊ မာနာ နုသယာ န ဟောန္တိ' ဆိုပြီး ဂါထာဖြင့် မေးသည်။ ဘယ်လိုသိ၊ ဘယ်လို မှတ်မှသာလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ မဖြစ်ပါသလဲ ဘုရားဟု အဓိပ္ပာယ်ရသည်။ [နှာ–၂] ဘုရားက ခန္ဓာ ငါးပါးကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဘူးဟု ရှုနိုင်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ ကင်းစင်သည်၊ သေသည်ဟု ဖြေတော်မူသည်။ ခန္ဓာ ဝဂ္ဂ သံယုတ်နှင့် ပဏ္ဏာသမှာ လာကြောင်း ကျမ်းကိုး ပြသည်။ [နှာ–၃]

ဒါကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ သေချင်လျှင် ခန္ဓာ ငါးပါးကို ဖြစ်ပျက် မြင်အောင် ရှုရမည်ဟု ဆိုသည်။ ထိုသို့ဖြေသောအခါ ရဟန်း တစ်ပါးက ဇွေဖောက် ပြီး မေးသည်။ ခန္ဓာ ငါးပါးသည် အကယ်၍ ငါမဟုတ်ဘူး ဆိုလျှင် ကံကိုပဲ အားကိုးရတော့မှာပဲ၊ ကံကိုသာ ငါ့ဥစ္စာ၊ အတ္တနိယ လုပ်ရတော့မှာပေါ့ဟု ထပြော သည်။ ထိုအခါ မြတ်စွာဘုရားက ရဟန်းအား မောဃ ပုရိသ– အသုံး မကျသော၊ အချည်း အနှီးသော ရဟန်းဟု ခေါ်ပြီး 'ယံ ဣဓေ ကစ္စော၊ မောဃ ပုရိသော အဝိဇ္ဇာ အဝိဇ္ဇာကတော၊ တဏှာ ဓိပတေယျေန ဇေတသ သတ္ထုသာသနံ အတိဓာ ဝိတဗ္ဗံ မညေ'ဟု ဟောရတော့သည်။ ဘုရားက ဒီရဟန်း ပြောတာ ငါဘုရား ဟောသော တရားကို လွန်ထွက်သွားပြီ။ ဒီအထဲမှာ ပညာ မရှိသော ရဟန်း တစ်ပါးပါး ပါနေသည်။ အဝိဇ္ဇာက သူ့ကို လွှမ်းမိုးနေသည်။ တဏှာ ဓိပတေယျေန ဇေတသာ– သူ့မှာ တဏှာက ကြီးစိုးနေသည်။ ဘဝ လွတ်မြောက်သွားမှာကို သူ

http://www.dhammadownload.com



စိုးရိမ် နေသည်။ သတ္တုသြာသနံ– ငါ့ဘုရား၏ အဆုံးအမကို အနတ္တ ဆိုတာကို သူက အတိအာ ဝိတဖွံ မသေ– လွန်ပြီး ကံကို ငါလို့ စွဲယူ နေပြန်တယ်ဟု အဓိပ္ပာယ် ရသည်။ ဗုဒ္ဓ ဘာသာဝင်တွေ ကံကို အတ္တလုပ်ပြီး ယူနေမည် စိုးသော ကြောင့် ဤတရားကို ဟောရကြောင်း ဆရာတော်က မိန့်ထားသည်။ (ရှေ့မှာလည်း ဤသဘော တရားကို ဟောခဲ့ ဖူးပြီးပြီ)

ဘုရားက ကံအမိ၊ ကံအဖ၊ ကံ ပြုပြင်သလို ခံကြရသည်။ ကံသည် အရိပ် သဖွယ် ပါသည်။ နွားနောက်က လှည်းဘီး လိုက်သလို လိုက်သည်ဟု ဆိုသော ကြောင့် ကံကို အတ္တ အရှိတရားပဲဟု ဗုဒ္ဓ ဘာသာဝင်တွေ ယူတတ်ကြသည်။ ကံက ဘဝဆက်တိုင်း နောက်က တောက်လျှောက် လိုက်နေသည်ဟု ယူဆလျှင် သဿတ ဒိဋ္ဌိ ဖြစ်တော့သည်။ [နှာ–၆] အားလုံး အနတ္တချည်းပဲ၊ သဗ္ဗေ ဓမ္မာ အနတ္တာပဲဟုသာ မှတ်ရမည်။ လူ့ပြည်မှာ ပြုသော ကံသည် လူ့ပြည်မှာပင် ချုပ်သည်။ ယခုဘဝ ပြုသော ကံက နောက်ဘဝ အထိ မချုပ်ဘဲ လိုက်သည်ဟု ယူလျှင် ကံကို ခိုင်မြဲသည်ဟု ယူခြင်း ဖြစ်သွားသည်။ သဿတ ဒိဋ္ဌိ ဖြစ်သည်။ [နှာ–၇] ဤတရား ကြားရခဲသည်။ ဤသုတ်ကို လူတွေ နည်းသည်ဟု ဆိုသည်။ ကံကို ဘုရားက အရိပ်သဖွယ် အစဉ် လိုက်သည်၊ နွားနောက်ကို လှည်းဘီးလို လိုက်သည် ဆိုခြင်းမှာ ဆောင်၍ ဟောသော နေယျတ္ထ ဒေသနာ ဖြစ်ကြောင်း ပြသည်။ ကံသည်လည်း ဖြစ်ပြီး ပျက်ပဲဟု ဆိုသည်။ ကံလည်း အနိစ္စပဲ၊ စေတနာကို ကံ ခေါ်သဖြင့် ကံသည်လည်း သင်္ခါရက္ခန္ဓာပဲ ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ ဖြစ်သည်။ [နှာ–၈] ဒီတွင် ဖြစ်၊ ဒီတွင် ချုပ်တာပဲ၊ ဘယ်ကိုမှ မလိုက်နိုင်ဘူးဟု ဆိုသည်။

ထို့နောက် ရဟန်းတစ်ပါးက ကံကို အတ္တ ယူပြီး ကျန်ခန္ဓာ အားလုံးကို အနတ္တ ယူပုံကို ပြန်ဟောသည်။ ဘုရားဟော တရားထဲမှာ ကံက ဘဝတိုင်း နောက်လိုက်နေသလို ဟောထားတာတွေ ရှိသည်။ သို့သော် ဆောင်ဟောသော တရား ဖြစ်သည်။ တိုက်ရိုက် အဓိပ္ပာယ် မကောက်ရ။ ထိုသို့ သတ္တိ အစဉ် ပါသည်ဟု မဟောလျှင် ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်သွားနိုင်၍ ဟောရပုံကို ဆရာတော်က ရှင်းထားသည်။ [နှာ–၁၃] မဟာ ပုဏ္ဏမ သုတ်ကို ကိုးကား၍ ဟောနေခြင်း ဖြစ်သည်။ [နှာ–၁၇] ဘုရားက ဆောင်၍ ဟောသော တရားကို တိုက်ရိုက် အဓိပ္ပာယ် ယူပစ်လျှင် ဒိဋ္ဌိ ဝင်နိုင်ပုံကို ပြသည်။ [နှာ–၁၈] မဂ်တား၊ ဖိုလ်တား ဖြစ်သွားသည်။ သုဂတိ တော့ ရနိုင်သည် ဆို၏။ မောဃ ပုရိသ ဆိုသည် မဂ်၊ ဖိုလ် မရထိုက်သော ပုဂ္ဂိုလ် ဖြစ်သည်။ သုဂတိတော့ ရနိုင်ကြောင်း ဟောသည်။

http://www.dhammadownload.com



ဒီလို ဆိုလျှင် ကံက ပြုပြီး ပျက်သည်၊ ဘယ်ကိုမှ မလိုက်ဘူးဟု ဆိုလျှင် အကျိုး မပေးဘူးလားဟု မေးရန် လိုသည်။ အကြောင်း ပြုလျှင် အကျိုး ပေါ်မည် ဖြစ်သည်။ အကြောင်းတရား ချုပ်သွားသော်လည်း အကျိုးတရားက ပေါ်ဦးမည် ဖြစ်၏။ [နာ-၂၂] 'အနန္တရ နိရုဒ္ဓါ စိတ္တ စေတသိကာ ဓမ္မာ၊ ပစ္စုပ္ပန္နာနံ၊ စိတ္တ စေတသိကာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော' အရ အကြောင်း ချုပ်သွား သော်လည်း အကျိုးက ပေးနိုင်သည်။ အကြောင်းနှင့် အလားတူ အကျိုးပေါ်ခြင်းကို ဟောသော ဂါထာ ဖြစ်သည်။ [နာ-၂၄] ဤတရားတွင် ဆောင်ယူရမှာကို တိုက်ရိုက် ယူလျှင် မှားပုံ၊ အကြောင်း ချုပ်သော်လည်း အကျိုးက အလားတူ ပေါ်နိုင်ပုံကို ပြသည်။ နှစ်ချက် အရေးကြီးသည်။ ကံကြောင့် ဖြစ်သော သဿတ ဒိဋ္ဌိကို ဖြုတ်ပေးခြင်း ဖြစ်သည်။ ထို့နောက် တရား ရပ်နားသည်။

*

## ၂။ မဟာ ပုဏ္ဏမ သုတ်တော်(၂)။ ကေစ္စ သဿတ နည်းဖြင့် ဆက်ဟော

[ ၂၂-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောသော တရား ]

'မဟာပုဏ္ဏမ သုတ်ကိုပဲ ထပ်ပြောမယ်' အစချီပြီး ဤတရားကို ဟောသည်။ ကံကို အတ္တ စွဲယူသော ရဟန်းတစ်ပါး၏ အမှားမျိုး လူတိုင်းမှာ ရှိပုံကို ဟောပြီး ထိုအမှားကို ပြုပြင်ဖို့ လိုပုံကို ရှင်းထားသည်။ ရှေးက ပြခဲ့ပြီးသော တရားအတိုင်း ပြန်ဟောသည်။ ဉပါဒါနက္ခန္ဓာ ဆိုတာ ဘာလဲ အမေးကို ပြန်ပြောသည်။ ခန္ဓာ ပြီး ခန္ဓာ ဘာကြောင့် ပြန်ရသလဲ။ ဝမ်းထဲမှာ ခန္ဓာ ရချင်သော တဏှာ(စိတ်) ရှိသောကြောင့် ဖြစ်၏။ [နာ-၂၈] ခန္ဓာကို နောက်ထပ် ရချင်သောစိတ် မရှိမှ နောက်ခန္ဓာ မရတော့ဟု ဆိုသည်။ ဉပါဒါန်နှင့် ခန္ဓာဟာ အတူတူပဲလားဟု မေးပြန် သည်။ မတူကြောင်း၊ ဉပါဒါန်က ခန္ဓာကို စွဲလမ်းသော တဏှာသာ ဖြစ်ကြောင်း ပြသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်ငြိမ်း၊ ရပ်သိမ်းလျှင် ခန္ဓာ မရတော့ပုံကို ဟောသည်။

ထို့နောက် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဉ်၊ ခန္ဓာ ငါးပါးသည် အနတ္တ ဖြစ်ကြောင်း ဟောသည်။ ထိုအခါ ရဟန်းတစ်ပါး စိတ်ဖောက်ပြန်ပြီး ခန္ဓာ ငါးပါး အနတ္တ ဆိုလျှင် အားကိုးစရာသည် ကံပဲ ရှိတော့သည်ဟု ကံကို အတ္တ စွဲသွားပုံကို ပြသည်။ [နာ-၂၉] ဤသို့ ယူဆခြင်းကို ဆရာတော်က အစွဲက လည်းကြီး၊ အလွဲကလည်း ကြီးကြောင်း ဟောသည်။ ဘဝ အဆက်ဆက် ကံက နောက်က လိုက်နေသည်ဟု ယူဆတတ်ကြပုံကို ပြသည်။ [နာ-၃၁] ကျန်ခန္ဓာတွေ

http://www.dhammadownload.com



က အနိစ္စ ဖြစ်သော်လည်း စေတနာ ကံကိုတော့ နိစ္စ မြဲသည်ဟု ယူခြင်းသည် ဧကစ္စ သဿတ ဒိဋ္ဌိ ဖြစ်ကြောင်း ပြသည်။ [နှာ-၃၂] ဧကစ္စ သဿတ ဆိုသည်မှာ တစ်စိတ် တစ်ဒေသက ခိုင်မြဲသည်။ တစ်စိတ် တစ်ဒေသက မမြဲဟု ယူခြင်း ဖြစ်သည်။ [နှာ-၃၃] ဤဒိဋ္ဌိသည် ဗုဒ္ဓ ဘာသာဝင်တွေမှာ ဖြစ်နေကြကြောင်း ကိုလည်း ပြသည်။ [နှာ-၃၆]

ရှေးက တရားတွင် သဿတ ဒိဋ္ဌိ ဖြစ်ပုံကို ဟောခဲ့သည်။ ဤတရားတွင် ဧကစ္စ သဿတ ဒိဋ္ဌိ ဖြစ်ပုံကို ပြသည်။ [နှာ-၄၀] ဧကစ္စ သဿတဒိဋ္ဌိ ခံနေလျှင် လည်း နိဗ္ဗာန် မရကြောင်း၊ ကုသိုလ်တော့ ရကြောင်း ဟောသည်။ [နှာ-၄၂] ယနေ့ ဧကစ္စ သဿတ ဒိဋ္ဌိကို သိစေချင်လို့ ထပ်ပြောတာဟု ဆိုသည်။ [နှာ-၄၃] 'ရူပသဉ္စေတနာ လောကေ' အစရှိသော ပါဠိတော်ကို အကိုးအကား ပြသည်။ စေတနာ နောက်က တဏှာ လိုက်ကြောင်း ပြသည်။ စေတနာကို အနိစ္စ ရှုရမည်။ သို့မှသာ တဏှာ သေမည်ဟု ဆိုသည်။ ဤသတိပဋ္ဌာန် ပါဠိတော်သည် သုတ်မဟာဝါ မှာလည်း ပါသည်။ မူလ ပဏ္ဏာသ မှာလည်း ပါကြောင်း ဆိုထားသည်။ [နှာ-၄၅] ဤတရားကို နာရသဖြင့် ဧကစ္စ သဿတဒိဋ္ဌိ ပြုတ်သည်။ စေတနာ ကံလည်း တစ်ဘဝမှ တစ်ဘဝသို့ မလိုက်ပုံကို ပြသည်။ ဤသို့ ကံမလိုက်ဘူး ဆိုလျှင်လည်း ပုထုဇဉ် စိတ်မှာ ဥစ္ဆေဒ ဒိဋ္ဌိဘက်ကို ပြေးပြန်သည်။ 'ကံ မလိုက်ဘူး ဆိုပဲ၊ ဒါ အလကား ဖြစ်သွားပြီ၊ ပြတ်သွားတာပေါ့'ဟု ယူပစ်လိုက်ဦးမည်။ [နှာ-၄၆] ဒိဋ္ဌိဘက် စောင်းသွား ပြန်ပြီ။ ဤအမှားကိုလည်း ဖြေရှင်း ပေးရဦးမည် ဆိုသည်။ ဒိဋ္ဌိ ဖြစ်ပုံကို နားမလည်လျှင် တရားဟောဖို့ မလွယ်ဘူးဟု မိန့်ထားသည်။

သုတ္တန်နည်းက ဆောင်၍ ဟောသော တရားကို အဘိဓမ္မာနည်း အရ နားလည်တတ်ရ ဦးမည်။ [နှာ-၄၇] ရှေးက တရားမှာ အတိုင်း အကြောင်းကြောင့် အနန္တ ရပစ္စည်း အဖြစ် အကျိုးဖြစ်ပုံကို ပြသည်။ စေတနာ ရုပ်နာမ် ချုပ်ပြီးနောက် အကျိုး အဖြစ်ဖြင့် အလားတူ စေတနာ ရုပ်နာမ် ပေါ်ကြောင်း ဟောသည်။ (ပဋ္ဌာန်ပွာနုံ) ကံက နောက်လိုက်တာ မဟုတ်ဘူး။ အလားတူ ပေါ်တာသာ ဖြစ်ပုံကို ပြသည်။ [နှာ-၄၉] အနန္တ ရ နိရုပ်ဒါ- အလုပ် လုပ်ထားသော တရား က ချုပ်သွားသည်။ စိတ် စေတသိက်တွေက ချုပ်သွားသည်။ ပဋ္ဌာန်ပွာနုံ အလားတူ စိတ် စေတသိက်တွေက ထပ်မံ ပေါ်လာသည်။ အကြောင်း အကျိုး ဆက်၍ ဖြစ်ပုံကို ပြခြင်း ဖြစ်သည်။ [နှာ-၅၀] သရက်စေ့က သရက်ပင် ဖြစ်သည်၊ သရက်ပင်က သရက်စေ့ ဖြစ်သည်၊ အရင် သရက်စေ့ ပါမလာပါ။

http://www.dhammadownload.com



ထိုအစေ့ကို အပင်စိုက်သည်။ အပင်ပေါက်တော့ အရင် အပင် ပါမလာပါ။ အလားတူတော့ ပေါ်ပုံကို နက်နဲ ခက်ခဲစွာ ဉာဏ်ဖြင့် ထိုးထွင်း သိမြင်ပြီး ဟောသည်။ အထည် မလိုက်မှန်း သိမှ ဧကစ္စ သဿတ ဒိဋ္ဌိ ပြုတ်သည်။ သို့သော် အလားတူ အကျိုး ပေါ်သည်ကို သိလျှင် ဥစ္ဆေဒ ဒိဋ္ဌိ ပြုတ်သည်။ ဒိဋ္ဌိ နှစ်မျိုး ပြုတ်သည်။ ဤတွင် အချိန်စေ့၍ တရား ရပ်လိုက်ပါသည်။

*

## ၃။ ရာဇ ရဟန်း ဝတ္ထု

[ ၂၃-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်တွင် ဟောသော တရား ]

ဘုရားသခင် ကိုယ်တော်မြတ်ကြီး လက်ထက်က 'ရာဇ' ဆိုသော ရဟန်း တစ်ပါး ရှိကြောင်း အစချီလျက် ဤတရားကို ဟောလေသည်။ အလွန် မေးတတ်သော ရဟန်း ဖြစ်သည်။ သူက သေမင်း အကြောင်းကို မေးသည်။ သေမင်း ဆိုတာ ဘယ်တရားလဲ၊ သူက ဘယ်သူ့ကို သတ်သလဲ စသည် မေးသော ဟူ၏။ သေမင်းကို ဘယ်လို အင်အားနှင့်မျှ အနိုင် မတိုက်နိုင်ဘူး၊ သတ္တဝါတိုင်းကို သူက ချည်း အနိုင် တိုက်၍ သိမ်းပိုက်သွားသည်။ ရာဇ ရဟန်းက သေမင်း အကြောင်း သိလိုကြောင်း လျှောက်ထားသည်။ [နာ-၅၃] သူက 'မာရော မာရောတိ ဘန္တေ ဝုစ္စတိ' အစချီသော ဂါထာဖြင့် မေးလေသည်။ သေမင်းဟာ ဘယ်သူတုံး။ ဆရာတော်က သေမင်း ငါးယောက် ရှိကြောင်း ကြားဖြတ် ဟောသည်။ မိမိတို့ အင်မတန် မြတ်နိုးသော ခန္ဓာ ငါးပါးသည်ပင် သေမင်းချည်း ဖြစ်၏။ ခန္ဓာထဲမှာ သေမင်း ငါးယောက် ရှိသည်။ ဘုရား အဆူဆူ၊ စကြဝတေးမင်းပါ မကျန် အားလုံးသော သတ္တဝါကို သူ သတ်နိုင် စွမ်းသည်။ ဒါကြောင့် လူဖြစ်ရပါလို၏ ဆုတောင်းခြင်းသည် သေမင်းနှင့် အတူ နေရပါလို၏ ဆုတောင်းခြင်းသာ ဖြစ်ကြောင်း ပြသည်။ [နာ-၅၅] သေမင်းနှင့် အတူ နေရပါသော်လည်း ခန္ဓာထဲ သေမင်း ရှိနေမှန်းကို မသိခဲ့ကြ။

ထို့နောက် ဝေဒနာက္ခန္ဓာ သတ်ပုံ၊ သညာက္ခန္ဓာ သတ်ပုံ၊ သင်္ခါရက္ခန္ဓာ သတ်ပုံ၊ ဝိညာဏက္ခန္ဓာ သတ်ပုံ ရူပက္ခန္ဓာ သတ်ပုံများကို ရှင်းပြသည်။ [နာ-၅၆] ထိုခန္ဓာများကို ပုထုဇဉ်က သေမင်းတွေဟု မသိသောကြောင့် ငါ၊ ငါ့ဥစ္စာ လုပ်နေကြသည်ကို ပြသည်။ သတ်မည့်သူကို ဖက်ထားကြသည်ဟု ဆိုသည်။ ပုထုဇနော ဥမ္မတ္တကော ဖြစ်သည်။ ပုထုဇဉ် အရူး သန်နေပုံကို ပြသည်။ သစ္စာ

http://www.dhammadownload.com



ဆိုက်သော တရား၊ သုညတ တရားများကို မနာရလျှင် သေမင်းကို အဖော် လုပ်ပြီးပဲ နေကြရမည် ဖြစ်၏။ ထို့နောက် သစ္စာ ဆိုက်သော သုညတ ဒေသနာကို ဟောနိုင်သူ ရှားပုံ၊ ရှိပြန်လျှင်လည်း နာနိုင်သူ ရှားပုံကို ဟောပြန်သည်။ [နှ၁–၆၂] နာနိုင်သော်လည်း ကျင့်နိုင်သူက ရှားပြန်သည်။

ထို့နောက် ရာဇ ဝတ္ထုကို ပြန်ဆက်သည်။ [နှ၁–၆၃] ပုထုဇဉ်ရှု မိုက်ပုံများကို သံဝေဂ ဖြစ်အောင် ဟောနေပြန်သည်။ သေမင်းနှင့် နေရပါလို၏ ဆုတောင်း ယူခဲ့ပြီး သေမင်း သတ်တော့လည်း မကြိုက်၊ မကြိုက် သဖြင့် အသေလွတ်သော တရားကို ရှာသလား ဆိုတော့ မရှာ။ ဟိုဘုံဘဝ ကောင်းနိုးနိုး ရှာပြန်သည်။ ခန္ဓာ ရှိရာ ဘုံဘဝတိုင်းမှာ သေမင်း ရှိနေပုံကို ပြသည်။ ခန္ဓာ ရအောင် ဆုတောင်းပြီး ခန္ဓာ့ ကျွန်အဖြစ် အနိုင်း ခံနေရပုံများကို ဆင်ခြင် တတ်အောင် ပြသည်။ [နှ၁–၆၈] လုပ်ပုံတွေက အလွဲချည်းပဲဟု ဆိုသည်။ ဤသို့ ခန္ဓာထဲမှာ သေမင်း ရှိနေပုံကို ဟောသောအခါ ရာဇရဟန်းက ဘုရားအား သေမင်း ကင်းရာ ရောက်အောင် ပို့ဆောင်နိုင်သော တရားကို ဟောတော်မူပါဟု တောင်းပန် လျှောက်ထားလေသည်။ [နှ၁–၇၀] ဘုရားက ရုပ်ဝေဒနာ၊ ဝိညာဉ်တွေကို သေမင်းဟု ရှုပါ၊ သတ်တတ်သော တရားတွေပဲဟု မြင်အောင် ရှုပါ။ နှိပ်စက် နေသော တရားတွေ၊ အချည်းနှီး၊ အကျိုးမဲ့ ဖြစ်အောင် လုပ်နေသော တရားများဟု သိအောင် ရှုပါဟု ဆိုသည်။ ဤကား သစ္စာ(ဒုက္ခသစ္စာ)ကို ရှုခိုင်းတာ ဖြစ်သည်။ ဓမ္မာ နုပဿနာ ဖြစ်သည်။ [နှ၁–၇၁]

ထိုအခါ ရာဇရဟန်းက ဤသို့ ရှုပါပြီ၊ ရှု၍လည်း အမှန် မြင်ပါပြီ၊ သို့ဖြစ် လျှင် ဘာအကျိုး ထူးသလဲဟု မေးပြန်သည်။ [နှ၁–၇၂] 'သမ္မာ ဒဿာန် ပန ဘန္တေ ကိမိတ္ထယန္တိ' ဘုရားက ဤသို့ ရှုဖန် များသောအခါ ခန္ဓာကို ငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ် ဖြစ်ပေါ်လာမည်။ ခန္ဓာကို မလိုချင်သော စိတ် ငြီးငွေ့မုန်းတီး သောဉာဏ် ဖြစ်ပေါ်လာမည်။ [နှ၁–၇၂] သေမင်း သေမင်းတွေပဲ၊ နှိပ်စက်နေတာပဲဟု ရှုနိုင်လျှင် ယထာဘူတ ဉာဏ်၊ ငြီးငွေ့လာလျှင် နိဗ္ဗိန္ဒ ဉာဏ်။ ထိုအခါ ရာဇက တပည့်တော် ခန္ဓာကို မုန်းတီး ငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ် ရပြီဆိုပါစို့၊ ထိုဉာဏ်ရသဖြင့် ဘာအကျိုး ထူးသလဲဟု မေးပြန်သည်။ [နှ၁–၇၄] ဘုရားက 'နိဗ္ဗိဒါခေါ ရာဇ ဝိရတ္တာ' နိဗ္ဗိန္ဒ ဉာဏ် ရလျှင် ရာဂ ကင်းသည်ဟု ဖြေတော်မူသည်။ [နှ၁–၇၅] မဂ်ပေါ်လာမည်ဟု ဆိုလိုသည်။

ဝိရတ္တာ ရာဂ ကင်းခြင်းအကျိုး ရှိသည်။ ဝိရာဂေါ တိမဂ္ဂေါ– မဂ်ပေါ်လာ သော အကျိုး ရှိသည်။ [နှ၁–၇၅] ပထမ မဂ္ဂင် ငါးပါးနှင့် ရှုသည်။ ဒုတိယ

http://www.dhammadownload.com



မဂ္ဂင် ငါးပါးဖြင့်ပင် ရှုသည်။ သုံးနံပါတ် (တတိယ) အဆင့်မှာ မဂ္ဂင် ရှစ်ပါး ပေါ်လာသည်။ [နှာ-၇၆] ထိုအခါ ရာဇက မဂ်တော့ ပေါ်ပါပြီ၊ မဂ်ပေါ်တော့ ဘာအကျိုး ထူးသလဲဘုရားဟု ထပ်ဆင့် မေးပြန်သည်။ ဘုရားက မဂ်ရလျှင် ဖိုလ်ဉာဏ်ကို ဆုမတောင်းဘဲ ရသည်ဟု ဖြေသည်။ ရာဇ ရဟန်းက နိဗ္ဗာန် ရောက်တော့ ဘာများ ကျေးဇူးများသလဲ ဘုရားဟု ဆက်မေးသည်။ နိဗ္ဗာန် ရောက်တော့ ချမ်းသာစစ် ရသည်။ သေမင်းနှင့် ကင်းသော ဘဝလမ်းဆုံးကို ရောက်သည်။

ထို့နောက် ဆရာတော်က ကြိုက်ရာ ဝိပဿနာကို ရှုဖို့ တိုက်တွန်းသည်။ ဝေဒနာ သတ်နေပုံ၊ နိပ်စက်နေပုံကို မြင်အောင် ရှု၊ မုန်းအောင် ရှု၊ မုန်းလျှင် ရာဂ ကင်းပြီး မဂ်ဉာဏ် ပေါ်လာမည်၊ သုံးဉာဏ်တည်းပါဟု ဆိုသည်။ [နှာ-၇၉] ဤတွင် တရား ပြီးသည်။

*

၄။ အရိန္ဒမ ဝတ္ထု၊ အရွယ်သုံးပါးလုံး သားရေး၊ သမီးရေး၊ စီးပွားရေး မလိုက်ကောင်း၊ 'ဆင်သေ မှီပြီး သမုဒ္ဒရာတွင်း သေရသည့် ကျီး'

[ ၂၄-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်တွင် ဟောသော တရား ]

မိမိကိုယ်ကို မိမိ သတိထားကြပါ အစချီ၍ ဟောသည်။ အရွယ်သုံးပါး တစ်ပါးပါးမှာ သူတော်ကောင်း အလုပ်ကို လုပ်ကြပါဟု ဆိုသည်။ အရွယ်သုံးပါး စလုံး သားရေး၊ သမီးရေး၊ စီးပွားရေး အတွက် အချိန်ကုန် မခံသင့်ဟု သတိပေးသည်။ ဆက်စပ်၍ လူ့သက်တမ်း တိုလာပုံကို ဟောသည်။ [နှာ-၈၂] ယခု လူ့သက်တမ်း ၇၅ ပဲ ရှိကြောင်း၊ အရွယ်သုံးပါး ပိုင်းခြားလျှင် ၂၅ နှစ်ပဲ ရှိကြောင်း ပြသည်။ [နှာ-၈၃] ဆရာတော်က အသက် ၅၀ ကျော်လို့မှ သူတော်ကောင်း တရား အား မထုတ်လျှင် သံသရာမှာ မြုပ်လမ်း၊ မျောလမ်း ရောက်ပြီဟု ဆိုသည်။ [နှာ-၈၄] 'တိဏ္ဏံ တညတရံ ယာမာ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော' အရွယ်သုံးပါး အနက် ပညာရှိ ဖြစ်လိုလျှင် ပညာဖြင့်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုလိုလျှင် အသက် ၅၀ ကျော်မှာ ကြိုးစားပါဟု တိုက်တွန်းသည်။ [နှာ - ၈၅]

ထို့နောက် ဝိပဿနာ မဟောခင် ဝတ္ထုတိုကလေး တစ်ပုဒ် ထုတ်ပြမည်ဟု ဆိုသည်။ မြတ်စွာဘုရားလောင်း ဘဝနစဉ် အခါက ဘုရင့်သား ဖြစ်ခဲ့ဖူးသည်။ အရိန္ဒမ မင်းသားဟု တွင်သည်။ ဘုရင်ကြီး ပုရောဟိတ် ပုဏ္ဏားကြီး၏ သားမှာ

http://www.dhammadownload.com



သောနက ဖြစ်သည်။ ဖွားဖက်တော် ဖြစ်၏။ [ နှာ–၈၆ ] သူတို့ နှစ်ဦး တက္ကသိုလ် ပြည်မှာ ပညာ သွား၍ ဆည်းပူးကြသည်။ မင်းသားတို့ တတ်အပ်သော အဌာရသကို သင်ကြားခဲ့ကြသည်။ အသက် ၂၀ လောက်မှာ တိုင်းပြည်ကို ပြန်ခဲ့ကြသည်။ လမ်း တွင် သူတို့ နှစ်ယောက် မင်္ဂလာဆောင် တစ်ခုကို ဝင်ကြသည်။ မင်္ဂလာ အခမ်းအနား ဝင်တော့ တစ်ဦးကို အဝတ်ဖြူ၊ တစ်ဦးကို အဝတ်နီ ခင်း၍ ခရီးဦး ကြိုကြသည်။ သောနကက အဝတ်ဖြူပေါ်မှာ၊ အရိန္ဒမက အဝတ်နီပေါ်မှာ ထိုင်ကြရသည်။ [ နှာ– ၈၇ ] အဖြူပေါ် ထိုင်သူက ထွက်ရပ်လမ်း ပေါက်မည့်သူ ဖြစ်ကြောင်း အင်္ဂဝိဇ္ဇာ သဘောအရ သိရသည်။ ခရီး ဆက်တော့ လမ်းခုလတ် တိုင်းပြည် တစ်ပြည် ဝင်မိသည်။ ထိုပြည်တွင် ဘုရင် နတ်ရွာ စံနေသည်။ ထိုနတ်ရွာစံ ဘုရင်မှာ သား ယောကျ်ား မရှိဘဲ သမီးတော် တစ်ပါးတည်း ထွန်းကားသည်။

အရိန္ဒမနှင့် သောနကတို့ ထိုတိုင်းပြည် ပြင်ဘက် မလှမ်းမကမ်း တစ်နေရာမှာ အပန်းဖြေ ရပ်နားနေကြသည်။ ဘုရင့် အသုဘ ကိစ္စ ဆောင်ရွက်ပြီးနောက် မှူးမတ် များက မင်းလောင်း ရှာ ထွက်ကြသည်။ ဖုတ်သွင်းရထား လွှတ်ကြသည်။ ဖုတ်သွင်း ရထားလည်း အရိန္ဒမနှင့် သောနက နားနေရာ အရပ်၌ ရပ်နားလာသည်။ သောနက က ဖုတ်သွင်းရထား လာမှန်း သိသည်။ အရိန္ဒမဘုရင် ဖြစ်လျှင် မိမိလည်း ပုရောဟိတ် လုပ်ရပေမည်။ ငါးပါး အာရုံ ကာမဂုဏ် နယ်ထဲ ရောက်တော့မည်ဟု ဆင်ခြင်သည်။ [ နှာ–၈၉ ] ဤတွင် သောနက က တောထွက်သွားသည်။ အရိန္ဒမ မင်းသားက ထိုနေရာမှာ နေရစ်ခဲ့သည်။ အရိန္ဒမ မင်းသားအား မင်းလောင်းအဖြစ် ရထားပေါ် တင်ခေါ် သွားကြတော့သည်။ ထိုမင်းသားကို ဘိသိက် သွန်းပြီး မင်းမြှောက်ကြလေ သည်။ အရိန္ဒမ မင်းသား တိုင်းပြည်ကို ထွက်သွားသောအခါ တောထွက်သွားသော သောနကက မူလ နေရာကို ပြန်လာသည်။ သောနက စိတ်တွင် သူ့သူငယ်ချင်းတော့ ချောက်ကျသွားပြီဟု ယူဆနေသည်။ လောကုတ္တရာ မျက်လုံးနှင့် ကြည့်လျှင် ဘုရင် ဖြစ်ခြင်းသည် ဒုက္ခမျိုးစုံ အကုန် ဆိုက်ရောက်ခြင်း ဖြစ်သည်။ [ နှာ–၉၀ ]

သောနက စိတ်ထဲတွင် သူ့သူငယ်ချင်း အရိန္ဒမတော့ ဒုက္ခ ရောက်ပြီဟု တွေးတောနေစဉ် သူထိုင်နေရာ ကျောက်ဖျာအနီး သစ်ပင်က သစ်ရွက်တစ်ရွက် ကြွေကျ လာသည်ကို တွေ့ရသည်။ သူသည် ဗဟိဒ္ဓ လောကာ၏ မမြဲခြင်း၊ အနိစ္စ သဘောကို ဆင်ခြင်လိုက်မိသည်။ [ နှာ–၉၁ ] ထို့နောက် အတွင်း အဇ္ဈတ္တ သန္တာန်၏ ဖြစ်ပျက်ကို ဆင်ခြင်ပြန်သည်။ သောနကက မိမိခန္ဓာကို ဉာဏ်လှည့်ပြီး ရှုသည်။ ခန္ဓာကို ဉာဏ်လှည့်ပြီး ရှုသောကြောင့် ခန္ဓာ၏ ဖြစ်မှု၊ ပျက်မှုကို သူမြင်လာသည်။

http://www.dhammadownload.com



ယထာဘူတဉာဏ် ရလာသည်။ ခန္ဓာ ဒုက္ခသစ္စာကို သူမြင်လာပြီး မုန်းငြီးလာသည်။ ဒုက္ခသစ္စာတွေပဲဟု ဆုံးဖြတ်ချက် ချလိုက်သော အခါ သောတာပတ္တိမဂ်ကို ရတော့သည်။ သောနက ဤနည်းဖြင့် ရှုရာ လေးမဂ်၊ လေးဖိုလ် ရသွားသည်။ [ နှာ-၉၅ ] ဆရာ မပါဘဲ လေးမဂ်၊ လေးဖိုလ် ရသွားသည်။ ပစ္စေက ဗုဒ္ဓါ ဖြစ်သွားသည်။ **ပစ္စေက ဗုဒ္ဓါ ဖြစ်တော့ နန္ဒမူ လိုဏ်ဂူကို ကြွသွားသည်။ ကျွန်တစ်ဦးက ငါးပါးအာရုံ ကာမဂုဏ်နယ်ထဲ မျောပါသွားသည်။**

ထို့နောက် ခန္ဓာကို ဉာဏ်လှည့်ပုံ ဝိပဿနာ ရှုပုံများကို ဟောသည်။ ဖြစ်ပျက် မြင်လျှင် တိဟိတ်ပဲဟု မှတ်ပါ ဆိုသည်။ [နှာ-၉၈ ]ဖြစ်ပျက် မြင်လျှင် အစွန့်တ္တကို ပြန်ကြည့်ပါဟု နည်းပေးသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက် မုန်းပြီ ဆိုလျှင် နိဗ္ဗိန္ဒ ဉာဏ်ကို ရပြီ။ ရုပ်နာမ် ဓမ္မများက ဖြစ်ပျက်တွေပဲ ပြနေသည်။ ဖြစ်ပျက်က ဒုက္ခတွေ ချည်းပဲ ဖြစ်သည်။ ထိုသို့ ရုပ်နာမ် ဓမ္မ အားလုံး သည် ဒုက္ခသစ္စာချည်း ပါကလားဟု မြင်ပြီ၊ ပိုင်းခြား သိမြင်ပြီ ဆိုလျှင် မဂ်ဉာဏ် ပေါ်လာတော့သည်။

ထို့နောက် သောနက ပစ္စေက ဗုဒ္ဓါ ဖြစ်ပြီး နန္ဒမူလိုဏ်သို့ ကြွသွားကြောင်း ပြန်ဟောသည်။ သောနကသည် ပစ္စေက ဗုဒ္ဓါ ဖြစ်ပြီးမှ သူ့မိတ်ဆွေ အရိန္ဒမကို ကယ်တင်လိုသော ဆန္ဒ ဖြစ်ပေါ်လာသည်။ [ နှာ-၁၀၄ ] ကာလ အတန်ကြာပြီးမှ အသက်အရွယ်ကို မှန်းကြည့်တော့ ခြောက်ဆယ်ကျော်တွေ ဖြစ်နေပြီ။ အရိန္ဒမမှာ ဒီဃာဝု မင်းသား သားတော်သည်ပင် ၁၆ နှစ် အရွယ်ကို ရောက်နေပြီ ဖြစ်ကြောင်း သိရသည်။ ထိုအခါ အရိန္ဒမ မင်းကို တရား သွားဟောလျှင် သင့်မည်ဟု ဆုံးဖြတ်သည်။ အရိန္ဒမ မင်းကလည်း အသက် ၆၀ ကျော်မှ သူငယ်ချင်း သောနကကို ပြန်သတိရသည်။ သူငယ်ချင်း ဘယ်ကို ရောက်နေသလဲ သိရအောင် တိုင်းပြည်တွင်းမှာ မောင်းကြေးနင်း ခတ်စေသည်။ အရိန္ဒမ ကြေညာချိန်နှင့် သောနက စိတ်ကူးချိန် ကလည်း တိုက်ဆိုင်နေသည်။

ထို့ကြောင့် သောနကသည် အရိန္ဒမ တိုင်းပြည်ကို ပြန်လာပြီး ဥယျာဉ်ထဲမှာ သီတင်းသုံး၍ နေလေသည်။ ထို့နောက် လူငယ်တစ်ဦးက သောနက ဥယျာဉ်တော်ထဲမှာ ရောက်နေကြောင်း သတင်း ပို့ခိုင်းလိုက်သည်။ [ နှာ-၁၀၇ ] ဘုရင်နှင့် ပစ္စေက ဗုဒ္ဓါ တွေ့ဆုံကြရသည်။ ပစ္စေက ဗုဒ္ဓါက ဘုရင်ကို တရား ဟောသည်။ ရဟန်းဘဝ အပူအပင် ကင်းပုံ၊ အေးချမ်းပုံ၊ လွတ်လပ်ပုံ၊ မြင့်မြတ်ပုံကို ဟောသည်။ ထိုအခါ အရိန္ဒမ မင်းက မိမိမှာ ရဟန်း မဟုတ်သောကြောင့် ရဟန်း အကျင့်နှင့် မိမိ ဘာဆိုင်သလဲဟု ဆိုသည်။ [ နှာ-၁၁၀ ] အရိန္ဒမ မင်းသည် ဘုရားလောင်း ဖြစ်၏။ ဤတွင် ပစ္စေက ဗုဒ္ဓါက တရားနှင့် ဤမင်းနှင့် မထိုက်ပါတကားဟု ဆင်ခြင်မိသည်။

http://www.dhammadownload.com



ထို့နောက် ပစ္စေက ဗုဒ္ဓါက ဆက်ပြီး ဟောသည်။ မြစ်ညာက မျောလာသော ဆင်သေကောင်ကို အမှီပြု၍ လိုက်သွားသော ကျီးမိုက် တစ်ကောင် သမုဒ္ဒရာတွင် ရောက်၍ ဆင်သေကောင် မြုပ်မှ အသက် ဆုံးရှုံးရကြောင်း ဝတ္ထုကို ဟောသည်။ ကျီးမိုက်သည် ဆင်သေကို စွန့်သင့်သော အချိန်မှာ မစွန့်ဘဲ တစ်သက် စားမကုန်သော အစာ မှတ်ထင်ပြီး လိုက်သွား၍ ပျက်စီးရခြင်း ဖြစ်သည်။ [နှာ–၁၁၅] ဆင်သေကောင်ကို ကျီးမိုက် မှီခိ အားထား သကဲ့သို့ ငါးပါး အာရုံ ကာမဂုဏ်ကို တစ်သက်တာ အားကိုး မှီခိသူလည်း အပါယ်ဘဝမှာ နစ်မြုပ်ရမည် ဖြစ်ကြောင်း ဟောသည်။ မင်းစည်းစိမ်လည်း ထိုအတိုင်းပင် ဖြစ်သည်။ [နှာ–၁၁၇] ပျံသင့်သော အချိန်မှာ ဆင်သေကို စွန့်ပြီး ကျီးမိုက် ပျံခဲ့လျှင် ပျက်စီးခြင်းသို့ ရောက်မည် မဟုတ်ပါ။

ထို့အတူ မင်းစည်းစိမ်ကိုလည်း စွန့်သင့်သော အချိန်မှာ စွန့်ပြီး သူတော်ကောင်း အလုပ်ကို လုပ်သင့်ကြောင်း ဟောခြင်း ဖြစ်သည်။ သို့သော် အရိန္ဒမမင်းက နားမဝင်ပါ။ [နှာ–၁၁၇] တရားနာ ပရိသတ်မှာလည်း လူတိုင်းလိုလိုပင် ပင်လယ်ဝကို ရောက်နေကြ၏။ ကျီး ပျံသင့်သော အချိန်ကို ရောက်နေပြီ ဖြစ်၏။ မပျံဘဲ၊ ဆင်သေကို မစွန့်ဘဲ လိုက်သွားပါက ကျီးမိုက် ပမာ ဖြစ်ရမည် ဖြစ်၏။ [နှာ–၁၁၈] ခန္ဓာကြီးက သေမည့်ဘက်ကို မျောလျက်ပဲ။ သေခါနီးကျမှ၊ ခန္ဓာ ပျက်စီး နစ်မြုပ်ခါမှ အားကိုးရာ ရှာလျှင် ရနိုင်တော့မည် မဟုတ်ချေ။ ကံကောင်းချိန်၊ ဉာဏ်ကောင်းချိန်မှာ သူတော်ကောင်း အလုပ်ကို လုပ်ရမည် ဖြစ်ကြောင်း ဟောသည်။

ဒါကြောင့် ယခုပင် အားကိုးရာ တရားကို ရှာကြရပေမည်။ သား၊ သမီး၊ ပစ္စည်း၊ ဆွေမျိုး အားကိုးပြီး သေသည့်တိုင် သွားကြလျှင် ကျီးမိုက်လိုပင် အပါယ်လေးပါးတည်းဟူသော ငါး၊ လိပ်၊ မကန်းစာ ဖြစ်ရမည်ဟု ဟောသည်။ ဒါကြောင့် သေပွဲ မကြုံခင် ယခုပင် အားကိုးရာ အစစ်ကို ရှာဖို့ တိုက်တွန်းသည်။ [နှာ–၁၂၂] ရှေ့ပိုင်းက သံဝေဂ ပြသည်။ နောက်ပိုင်းမှာ အားကိုးရာ တရားကိုပြသည်။ ယခု အချိန်တွင် ပစ္စည်း ဥစ္စာ၊ သားသမီး၊ စီးပွားရေးတွေနှင့် ဉာဏ်ခွဲပြီး စွန့်သင့်ချိန် ဖြစ်သည်။ ဉာဏ်ခွဲဆိုတာ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဘူး၊ သက်သက် အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေပဲဟု သိမြင်ရမည်။ အသေ မဦးခင် ဉာဏ်ဦးအောင် ယခုကပင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ရအောင် လုပ်ပါ၊ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံးအောင် လုပ်ပါဟု နှိုးဆော်ထားသည်။ အသက် ငါးဆယ်ကျော်က ... ကောင်း အလုပ်ကို လုပ်သင့်ကြောင်း ...

http://www.dhammadownload.com



ဘုရားလောင်း အရိန္ဒမ မင်းသည်ပင် ငါးပါးအာရုံ ကာမဂုဏ်ကို မက်မောလွန်းသော အခါ မိုက်မဲကြောင်း၊ ရိုင်းပျကြောင်း ဖော်ပြသည်။ ပစ္စေက ဗုဒ္ဓါလည်း တရား နှစ်ပုဒ် ဟောတာတောင် သံဝေဂ မရသော အရိန္ဒမ မင်းကို လက်လျှော့သည်။ [နှာ–၁၂၈] နှစ်ခါ ဆုံးမ၍ မရလျှင် သုံးကြိမ် မဆုံးမ သင့်ကြောင်း ဟောသည်။ [နှာ–၁၂၉] သုံးခါ ဆုံးမလျှင် ဆုံးမသူ မိုက်ရာ ကျသည် ဆို၏။ ပစ္စေက ဗုဒ္ဓါက ကျွတ်ချင်လည်းကျွတ် ဆိုပြီး ဝစီကံနှင့် မဆုံးမဘဲ ကာယကံဖြင့် ဆုံးမသည်။ **မြေမှုန့်တွေကို ခြေဖြင့် ညှပ်ပြီး ကောင်းကင် ထပျံသည်။ ရှင်ဘုရင် ခေါင်းပေါ်ကျမှ မြေမှုန့်များကို ကြဲချသည်။**

ထိုအခါမှ ဘုရင်က ငါ ဘုရင်ပဲ၊ ငါ့ အထက်မှာ ဘယ်သူမှ မရှိဘူး ထင်တာ ခုတော့ ဤပစ္စေက ဗုဒ္ဓါ၏ ခြေဖဝါးအောက် ရောက်နေမှန်း သိတော့သည်။ ရှင်ဘုရင် သံဝေဂ ရပြီး မိုက်မဲမှန်း သိတော့သည်။ ပစ္စေက ဗုဒ္ဓါလည်း ကောင်းကင် ပျံ၍ သွားလေ၏။ ဘုရားလောင်းလည်း နန်းတော် ပြန်သွားပြီး ဒီဃာဝု မင်းသားကို နန်းအပ်ကာ ချက်ချင်း တောထွက်လေ၏။ လူတွေမှာ စွန့်သင့်သော အချိန်မှာ ဟိုအကြောင်း၊ သည်အကြောင်း ပြပြီး မစွန့်နိုင်၍ သေပေါက်၊ သေဝသို့ ရောက် သွားတတ်ကြပုံ၊ ကျီးမိုက် ပင်လယ်ထဲ ရောက်ကိန်း ကြုံရပုံကို ပြသည်။ [နှာ– ၁၃၃] စိတ်ကူး ရှည်၍ အချိန် စွဲတတ်ပုံကို ပြခြင်း ဖြစ်သည်။ ဆင်သေကောင် အမျော မရပ်သလို ခန္ဓာကလည်း သေလမ်း သွားတာ မရပ်ဘူးဟု ဆိုသည်။ အရိန္ဒမ မင်း ထီးနန်းစွန့်ပြီး တောထွက်သဖြင့် သေတော့ ဗြဟ္မာပြည်ကို ရောက်သည် ဆို၏။ [နှာ–၁၃၇]

ထို့နောက် လောကမှာ စီးပွားရှာနေကြသူတွေ အေးချင်၍ အပူရှာ ဖြစ်နေပုံ ကို ပြသည်။ ကိလေသာ အပူမီး ဟပ်နေပုံကို ပြသည်။ [နှာ–၁၄၅] ထို့နောက် ရောင့်ရဲလွယ်မှ ချမ်းသာကြောင်း ဟောသည်။ ပြီးမှ ခန္ဓာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်အောင် ဝိပဿနာ ရှုဖို့ တိုက်တွန်းသည်။ စိတ်ကြိုက် စိတ်ရှု၊ ဝေဒနာကြိုက် ဝေဒနာ ရှုဟု ဆိုသည်။ [နှာ–၁၄၉] နိဗ္ဗာန်ကို လိုချင်သော ဆန္ဒ ရှိကြသူများတောင် ရသေးတာပဲ၊ ငါလည်း ရရမယ် ဆိုသော မာနဖြင့်လည်း လုပ်ကောင်းကြောင်း ပြသည်။ ဤတွင် မဂ်ရအောင် တဏှာ၊ ဆန္ဒ၊ မာနကလည်း အထောက်အကူ ပြုပုံကို ဟောသည်။ [နှာ–၁၅၀] ဖြစ်ကောင်းတဏှာ ဖြစ်ကောင်း မာနကို ဟောခြင်း ဖြစ်သည်။ [နှာ–၁၅၁] ဖြစ်ပျက် မြင်ပြီးလျှင် ဖြစ်ပျက်မှန်း၊ ဖြစ်ပျက်ဆုံး မဂ်ဉာဏ် ပေါ်ပုံကို ဟောသည်။ ဒုက္ခသစ္စာကို ပိုင်းခြား သိမြင်လျှင် မဂ်ပေါ်ပုံကို ပြသည်။

http://www.dhammadownload.com



မဂ်ပေါ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံတွေ ချုပ်သည်။ အစာမှား၍ ဖြစ်သော ရောဂါကို အစာဖြင့် ပြန်ဖျက်သကဲ့သို့ ဖြစ်ကြောင်း ပြသည်။ မဂ်က ဒုက္ခ ချုပ်သော နိဗ္ဗာန်ကို မြင်သည်။ ထိုအခါမှသာ ငြိမ်းအေးမှုကို ရသည်။ နိဗ္ဗာန်ကို မြင်မှသာ အားကိုးစရာ အစစ်ကို ရကြောင်း ပြသည်။ [နှာ-၁၅၅] အရွယ် သုံးပါးမှာ တတိယ အရွယ် ရောက်နေသူ တရား အားထုတ်မှု မြန်မြန် လုပ်ပါ ဆိုသည်။ ဖြစ်ကောင်း တဏှာနှင့် လုပ်၊ မဂ်ရတော့ တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်ပုံကို ပြသည်။ တဏှာ၊ မာန၊ ဆန္ဒ အကြောင်းခံပြီး လုပ်လည်း ရပုံကို ပြသည်။ [နှာ-၁၅၆] သဒ္ဓါ၊ သတိ၊ ဝီရိယနှင့် လုပ်လည်း ရသည်။ သဒ္ဓါမိုလ်၊ ဝီရိယမိုလ်၊ သတိမိုလ် ဖြစ်ရမည်ဟု ဆိုသည်။ ဣန္ဒြေ ငါးပါး မိုလ်ငါးပါးဖြင့် လုပ်ဖို့တိုက်တွန်းရင်း အချိန်စေ့သည်။ တရား ရပ်နားလိုက်၏။

*

၅။ ဝိပဿနာဉာဏ် အမြင်မှန်ရုံဖြင့် ရဟန္တာ မဟုတ်သေး၊ အရှင်ဆန္နဝတ္ထု(၁)

[ ၂၅-၉-၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင်ခြေမှာ နေသော အရှင်ဆန္န မမာမကျန်း ဖြစ်နေသည် အစချီ၍ ဤတရားကို ဟောသည်။ အရှင်သာရိပုတ္တရာနှင့် သူ့ညီတော် အရှင်စုန္ဒတို့က လူနာမေး သွားကြသည်။ ဤနေရာတွင် လူနာမေး မသွားမီ အရှင်သာရိပုတ္တရာတို့ ညီအစ်ကို ဖလသမာပတ် ဝင်စားနေခဲ့ကြပုံ၊ ဖလသမာပတ် ဆိုတာ ပထမ ဖြစ်ပျက် မြင်တယ်၊ ဖြစ်ပျက်မြင်ပြီး ဖျတ်ဆို ချုပ်သွားပြီး နိဗ္ဗာန် ပေါ်တယ်ဟု လည်း ဖလသမာပတ် ဖြစ်ပုံကို ကြားညှပ် ဟောထားသည်။ အရှင်ဆန္နကို ဝေဒနာ သက်သာသလားဟု မေးသည်။ အရှင်ဆန္နက မသက်သာကြောင်း၊ ဝေဒနာ တိုးလို့သာ ဆိုးနေကြောင်း လျှောက်ထားသည်။ [နှာ-၁၆၁] အရှင်ဆန္နက သူ့လည်ပင်းသူ ဓားနှင့် လှီးပြီးသေဖို့ စိတ်ကူး ထားကြောင်း ပြောသည်။ အရှင်ဆန္နက သူသေသော် လည်းသူသည် နောက်ပဋိသန္ဓေ မနေတော့၍ သတ်သေလိုကြောင်း ပြောသည်။ သူ့ကိုယ်သူ ရဟန္တာ ထင်နေခြင်း ဖြစ်သည်။ (ဤဝတ္ထုကြောင်းကို ရှေ့မှာလည်း ဟောခဲ့ဖူးပြီ) သို့သော် ဤတရား၏ လိုရင်း အချက်မှာ 'အမြင်မှန် ရတိုင်း ရဟန္တာ မဖြစ်သေး' ဆိုသော အချက် ဖြစ်သည်။ [နှာ-၁၆၆]

ဝိပဿနာ ဉာဏ်ကို ပုထုဇဉ်မှာ ရနိုင်သည်။ ဘယ်စိတ်ကိုပဲ ရှုရှု ထိုစိတ် မရှိဘူး၊ မရှိဘူးလို့ သိနိုင်သည်။ ဒါဟာ အဖြစ်မှန်ပဲဟု ဆိုသည်။ အမြင်တော့

http://www.dhammadownload.com



မှန်သည်၊ ရဟန္တာတော့ မဟုတ်သေးဟု ဆိုသည်။ ဒါက လောကုတ္တရာ အမြင် မဟုတ်သေးပါ။ [နာ-၁၆၇] ဝိပဿနာ အမြင်ပဲ ရှိသေးသည်။ ထိုအမြင်ကို ပုထုဇဉ်လည်း ရနိုင်သည်။ ထိုအမြင်သည် နိဗ္ဗာန်မြင် မဟုတ်သေး။ အရှင်ဆန္နက သူ့အမြင်ကို ရဟန္တာအမြင် မှတ်ထင်နေသည်။ ဘာကြောင့် အရှင်ဆန္န ဤသို့ထင်နေသနည်း ဆိုသော် သူ့ ဉာဏ်ထဲမှာ ချုပ်ပျောက်သွားတာတွေကို မြင်တွေ့နေရသည်။ 'နိရောဓံ ဒိသွာ နိရောဓံ အဘိညာယ နေတံမမ နေသော ဟမသ္မိ နမေသော အတ္တာ' သူက ဖြေသည်။ ချုပ်ပျောက်နေတာတွေကို မြင်သည်။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ ဟုလည်း မစွဲတော့ကြောင်း သူက ဖြေသည်။

ထို့နောက် ရှိရာက မရှိ ဖြစ်သွားပုံကို သိခြင်း၌ ပညတ်နှင့် ပရမတ် ဆက်စပ် ပါဝင်နေပုံကို ရှင်းပြသည်။ [နာ-၁၇၁] နာမည် ပညတ်က ဘယ်နေရာ စမ်းစမ်း မတွေ့နိုင်ပါ။ ၎င်းမှာ လုံးလုံး မရှိသော ပညတ် ဖြစ်၏။ ဝိပဿနာ ဉာဏ်မှာက ရှိရာက မရှိ ဖြစ်သွားသော ပညတ်ကို တွေ့ရမည်ဟု ဆိုသည်။ ဤသဘောကို တွေ့မြင်သော ဉာဏ်သည် ဝိပဿနာဉာဏ် ဖြစ်သည်။ ဤတွင် အဆင်းကို မြင်သော စိတ်နှင့် ထိုမြင်စိတ် ချုပ်ပျောက်သွားပုံကို မြင်သော နောက်စိတ်(ရှုဉာဏ်)က တစ်မျိုး ဖြစ်သည်။ ထိုရှိရာက မရှိ ဖြစ်သွားပုံကိုမြင်လိုက်သော ဉာဏ်ကို ဝိပဿနာဉာဏ် ခေါ်သည်။ ဝိပဿနာ ဉာဏ်မှာ ဖြစ်ပျက် မြင်ပုံကို ဆင်ဥပမာဖြင့် ပြသည်။ လူတွေ အိပ်နေတုန်း ဆင်တစ်ကောင် အိမ်ရှေ့ လမ်းပေါ် လာပြီး အိပ်သည်။ လူတွေ မနိုးမီ ထသွားသည်။ ဆင်လာပြီး အိပ်သွား၊ ထသွားတာကို မမြင်လိုက်ရသော်လည်း ဖြစ်ပြီး ပျောက်သွားသည့် သဘော ရှိသည်က အမှန် ဖြစ်သည်။ ဝိပဿနာဉာဏ် ဆိုတာ ရှိရာက မရှိ ဖြစ်သွားသော အမြင် ဖြစ်ကြောင်း ထပ်ဟောသည်။ [နာ-၁၇၆] စိတ်ကို စိတ်နှင့် ရှုရာ၌ နှစ်စိတ် ပြိုင်၍ မဖြစ်နိုင်သော ကြောင့် ပထမစိတ် ဖြစ်တုန်းလည်း မမြင်၊ ပျက်ဆဲလည်း မမြင်၊ ပျက်ပြီးလည်း မမြင်ပုံကို ပြသည်။ [နာ-၁၇၆]

ထို့နောက် 'နိဿိကဿ စလိတံ' မှီလျှင် လှုပ်သည် ဆိုသော သဘောကို ရှင်းပြန်သည်။ [နာ-၁၈၀] မမှီလျှင် မလှုပ်ဘူး ဟုလည်း ဆိုသည်။ အရှင်ဆန္န ခန္ဓာကို တဏှာနှင့် မှီနေပုံကို ဟောသည်။ သူ့ဝေဒနာကို မခံနိုင်တော့၍ လည်ပင်းကို ဓားဖြင့် လှီးဖြတ်ပြီး သေဖို့ စဉ်းစားခြင်း ဖြစ်သည်။ ခန္ဓာပေါ်မှာ တဏှာနှင့် မှီနေသောကြောင့် သူ လှုပ်နေတာဟု ဆိုသည်။ [နာ-၁၈၁] အရှင်ဆန္န ခန္ဓာမှီ၍ လှုပ်လည်း နေသည်၊ သူ့ ကိုယ်သူ နောက်ပဋိသန္ဓေ မနေတော့ဘူး၊ ရဟန္တာ ဖြစ်နေပြီ

http://www.dhammadownload.com



ဘုလည်း ထင်နေသည်။ ရဟန္တာသည် လှုပ်ခြင်း မရှိတော့ ယခု အရှင်ဆန္ဒက သူ့ခန္ဓာမှာ ဝေဒနာ ရနေတာ မခံနိုင်သောကြောင့် သတ်သေဖို့ စဉ်းစားနေသည်မှာ လှုပ်နေခြင်း ဖြစ်၏။ [နှာ-၁၈၃] ထို့ကြောင့် အရှင်စုန္ဒက ဝင်၍ တရား ဟောရသည်။ ဤတရားတွင် ဖြစ်ပျက် မြင်လျှင် အမြင်မှန်တော့ ဖြစ်ပြီ။ သို့သော် ရဟန္တာ မဖြစ်သေး။ မှီလျှင် လှုပ်သည့်သဘော ရှိနေသေးသည်။ ဤတွင် အချိန်ကုန်၍ တရား ရပ်နားသည်။

*

## ၆။ အရှင်ဆန္နဝတ္ထု(၂) အပြီးနှင့် အမဲ့ စာတ်သိမ်း တရား

[ ၂၆-၉-၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်တွင် ဟောသော တရား ]

အရှင်ဆန္န မကျန်းမာကြောင်း ကြား၍ အရှင်သာရိပုတ္တရာနှင့် ညီဖြစ်သူ အရှင်စုန္ဒတို့ လူနာမေး သွားကြကြောင်း အစက ပြန်ဟောသည်။ ရောဂါ တိုးသလား၊ ဆုတ်သလား မေးသည်။ အရှင်ဆန္နက ရောဂါ တိုးကြောင်း၊ အင်မတန် ပြင်းထန်ကြောင်း၊ ဒါကြောင့် လည်ပင်းကို ဓားဖြင့် လှီးပြီး သေလိုကြောင်း လျှောက်သည်။ အရှင်ဆန္န စိတ်ထဲမှာ သူ ရဟန်းကိစ္စ ပြီးပြီ ထင်၍ ပြောခြင်း ဖြစ်သည်။ ထိုအခါ အရှင်သာရိပုတ္တရာနှင့် အရှင်စုန္ဒတို့က အရှင်ဆန္န ရဟန်းကိစ္စ မပြီးသေးကြောင်း သိအောင် ပုစ္ဆာ မေးကြသည်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်ကို ငါ့ဟာ၊ ငါ့ဥစ္စာ စွဲသေးလားဟု မေးသည်။ အရှင်ဆန္နက မစွဲတော့ကြောင်း၊ ဖြစ်ပျက် မြင် ကြောင်း ဖြေသည်။ မစွဲတော့လျှင် ဘယ်လို မြင်လို့ မစွဲတာလဲဟု မေးပြန်သည်။ စိတ်၏ မရှိခြင်း၊ ဖြစ်ပြီး ပျက်ပျောက်နေခြင်း သဘောကို မြင်၍ မစွဲလမ်းခြင်း ဖြစ်ပုံကို ဖြေသည်။ [နှာ-၁၈၈] သူ့ မြင်ပုံမှာ မှန်နေပြီ၊ ယထာဘူတဉာဏ် သူ့မှာ ရနေပြီ၊ စိတ္တာ နုပဿနာ ရှုသူသည် စိတ်၏ ပျက်ပျောက်မှု မရှိမှုကို သိအောင် လုပ်ရမည် ဟုလည်း နည်းပေးသည်။ [နှာ-၁၉၀]

ထိုသို့ မြင်မှ ဝိပဿနာမဂ် အမြင်မှန် ဖြစ်သည်။ ဆရာတော်က သူ နည်းပေး နေကြောင်း၊ ဝိပဿနာ ရှုနည်း သင်နေကြောင်းလည်း ထည့်ဟောသည်။ သတိပဋ္ဌာန် လေးပါးမှာ ကြိုက်ရာရှု၊ မရှိတာ မြင်ရမည်၊ သို့မှသာ ဝိပဿနာမဂ် ဖြစ်သည်၊ အမြင်မှန်သည်ဟု ဆိုသည်။ ဝိပဿနာ မဂ်သည် အမြင်မှန် ဖြစ်သော်လည်း လောကုတ္တရာမဂ် မဟုတ်ကြောင်း ဟောသည်။ [နှာ-၁၉၁] အရှင်ဆန္နက ထို

http://www.dhammadownload.com



ဝိပဿနာ မဂ် အမြင်ကို လောကုတ္တရာမဂ် ထင်နေသည်။ ထိုအခါ အရှင်စုန္ဒက မေးသည်။ မေးသော ဂါထာမှာ–

'နိဿိ တဿ စလိတံ၊ စလိတော၊ အနိဿိတဿ စလိတံ နတ္ထိ' အစရှိသော ဂါထာ ဖြစ်သည်။ [နှာ–၁၉၂] ဤဂါထာသည် သာဝကများ နှလုံးသွင်းပုံ ဖြစ်သည် ဆိုပြီး အရှင်သာရိပုတ္တရာနှင့် အရှင်စုန္ဒတို့ ပြန်သွားကြသည်။ သဘောမှာ မိမိခန္ဓာ၌ ဖြစ်စေ၊ သူတစ်ပါး ခန္ဓာ၌ ဖြစ်စေ၊ တဏှာ၊ မာန၊ ဒိဋ္ဌိနှင့် မှီနေသော ပုဂ္ဂိုလ်အား အကြောင်း တိုက်ဆိုင်လျှင် လှုပ်သည်၊ မမှီသော ပုဂ္ဂိုလ်အား မလှုပ် ဆိုသော သဘော ဖြစ်၏။ ယမန်နေ့က ဟောပြီးသော တရား ဖြစ်သည်။ အရှင်ဆန္နလည်း ဝေဒနာကို မခံနိုင်၍ ကိုယ့်ကိုယ်ကိုယ် လည်ပင်း လှီးပြီး သေမည် ဆိုခြင်းမှာ ခန္ဓာကို ဒိဋ္ဌိ မှီနေသေး၍ ဖြစ်ကြောင်း ရှင်းထားသည်။ ရဟန်းကိစ္စ ပြီးသော ပုဂ္ဂိုလ်မှာ ဖုဋ္ဌဿ လောက ဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ– လောကဓံနှင့် တွေ့ကြုံသော်လည်း တုန်လှုပ်ခြင်း မရှိကြောင်း မင်္ဂလ သုတ်မှာ ဟောထားသည်ကို ပြသည်။ [နှာ–၁၉၈] ပြုံးစရာ ရှိလည်း မပြုံး၊ မဲ့စရာ ရှိလည်း မမဲ့တော့ပုံကို ပြသည်။ ပြီးမှ မဟာ သတိပဋ္ဌာန်မှ 'သောက ပရိဒေဝါနံ သမ တိက္ကမာယ'ကို ပြသည်။ သောက ပရိဒေဝ လွန်မြောက်အောင် သတိပဋ္ဌာန် လုပ်ပါဟု ဆိုသည်။ ပြုံးတာ တဏှာ၊ ပြုံးလျှင် တဏှာ၊ ဥပါဒါန်၊ ကံ လာသည်။ ကံလာလျှင် ဇာတိ၊ ဇရာ၊ မရဏ လာပုံကို ဆက်ပြသည်။ အပြုံးကို ကြိုက်လျှင် အို၊ သေက မလွတ်ဘူးဟု ဆိုသည်။

ထို့နောက် အပြုံး၊ အမဲ့ ဖြစ်ပုံများကို အကျယ် ဆက်ဟောသည်။ အပြုံးကို လိုချင်လျှင် မဲ့ရပုံကို ပြသည်။ အပြုံးနှင့် ခန္ဓာကို ရလိုကြောင်း ဆုတောင်းသည်။ ခန္ဓာ ဒုက္ခသစ္စာ ရတော့ မဲ့ရသည်။ ပြုံးနေ၊ မဲ့နေကြတာသည် ပဋိစ္စသမုပ္ပါဒ် သဘော ဓမ္မနိယာမ ပင်ကိုသဘောကို မသိ၍ ဖြစ်ကြောင်း ဟောသည်။ [နှာ–၂၀၈] ဤနေရာတွင် ဝိပဿနုပေက္ခာ ဖြစ်ဖို့ အရေးကြီးကြောင်း၊ သို့မှသာ ဖြစ်လည်း မပြုံးဘူး၊ ပျက်လည်း မမဲ့ဘူးဟု ဆိုသည်။ ပြုံးခြင်း၊ မဲ့ခြင်း ဓာတ်သိမ်းသည်ဟု ဆိုသည်။ ဝိပဿနာ မဂ်ဉာဏ်သည် ပြုံး၊ မဲ့ကို ဓာတ်သိမ်းသော ဉာဏ် ဖြစ်သည်။ [နှာ–၂၁၀] ဒါကြောင့် ဝိပဿနုပေက္ခာ ဖြစ်အောင် လုပ်ရမည်ဟု ဟောသည်။ [နှာ–၂၁၁] ဤတွင် အချိန်စေ့၍ တရားကို နားသည်။

*

http://www.dhammadownload.com



## ၇။ အရှင်ဆန္ဒဝတ္ထု(၃)။ ဝိပဿနာ လုပ်တဲ့ ပုဂ္ဂိုလ် အမြင်မှန်

[ ၂၇-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်တွင် ဟောသော တရား ]

အရှင်ဆန္နမထေရ် ရောဂါ ဖြစ်နေစဉ် သူ့ကိုယ်သူ လည်ပင်းကို ဓားဖြင့် လှီး၍ သတ်သေမည် စိတ်ကူးပုံက စပြီး ဟောပြန်သည်။ အရှင်သာရိပုတ္တရာနှင့် အရှင်စုန္ဒတို့က မသင့်တော်ကြောင်း လျှောက်ထားကြသည်။ သူက ကိစ္စ မရှိပါဘူး။ သူ့မှာ နောက်ထပ် ပဋိသန္ဓေ နေဖို့အကြောင်း မရှိတော့ဘူး ဆိုပြီး သူ ရဟန္တာ ဖြစ်နေသည်ဟု ထင်ကြောင်း ပြသည်။ အရှင်သာရိပုတ္တရာတို့က သူ ရဟန္တာ မဖြစ် သေးကြောင်း သိ၍ သိအောင် ပြသဖြင့် မေးခွန်း မေး၍ တရားပြပုံများကို ပြန် ဟောသည်။ စိစစ်ကြည့်တော့ အရှင်ဆန္န ရထားသော ဉာဏ်သည် ဝိပဿနာဉာဏ် ဖြစ်သောကြောင့် အမြင်မှန်တော့ ရတာ မှန်သည်။ သို့သော် လောကုတ္တရာဉာဏ် မဟုတ်သောကြောင့် သူ ရဟန္တာ မဖြစ်သေးကြောင်း ပြသည်။ [နှာ-၂၁၅] ဆရာတော် က ဝိပဿနာမဂ် အမြင်က ချုပ်ပျောက်သွားတာ မြင်ရမည်။ လောကုတ္တရာမဂ် အမြင်က ချုပ်ပျောက်သွားမှု အဆုံး နိဗ္ဗာန်ကို မြင်ရမည်ဟု ထည့်ဟောသည်၊ [နှာ-၂၁၆] ပါဠိတော်အရ 'သင်္ခါရေ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ' ဒါက ဝိပဿနာမဂ် အမြင်၊ 'နိဗ္ဗာနံ မဂ္ဂဿ နိဗ္ဗာနံ ဖလဿ အာရမ္မဏ ပစ္စယေန ပစ္စယော' ဒါက လောကုတ္တရာမဂ် အမြင် ဖြစ်သည်။။ [နှာ-၂၁၆]

အရှင်စုန္ဒက အရှင်ဆန္န ရဟန္တာ မဖြစ်သေးမှန်း သိသောကြောင့် မိုလျှင် လှုပ်သည်။ 'နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ' ဂါထာကို ဟောသည်။ (ရှေ့မှာ ပြခဲ့ပြီးပြီ) ခန္ဓာနှင့် တဏှာ၊ မာန၊ ဒိဋ္ဌိ မကွဲသေး၊ ဆက်နေသေး သရွေ့၊ မှီတွယ် နေသေးသရွေ့ ခန္ဓာ ဖောက်ပြန်လျှင် လှုပ်သည်။ [နှာ-၂၁၈] မလှုပ်တော့ဘူး ဆိုပါက တဏှာ နိရောဓော နိဗ္ဗာန်၊ ခန္ဓာ ရှိသော်လည်း သူ နိဗ္ဗာန်ကို ရောက်နေပြီဟု ဆိုသည်။ [နှာ-၂၂၁] သဉပါဒိသေသ နိဗ္ဗာန် ဖြစ်သည်။ ထိုအခါ ကိုယ်ရော စိတ်ပါ ငြိမ်းအေးတော့သည်။ ကိလေသာ ကင်းဝေး၍ ငြိမ်းအေးခြင်း ဖြစ်သည်။ ပဿဒ္ဓိ သုံးမျိုး ရှိကြောင်းလည်း ပြသည်။ [နှာ-၂၂၃]

ထို့နောက် ဖြစ်ပျက် မြင်တာသည် ယထာဘူတဉာဏ်၊ ဖြစ်ပျက် မုန်းတာ သည် နိဗ္ဗိန္ဒ ဉာဏ်၊ ငြိမ်းအေး သွားတာသည် မဂ်ဉာဏ် ဖြစ်ကြောင်း ဟောသည်။ [နှာ-၂၂၅] ထို့နောက် ဖြစ်ပျက် မြင်လျှင် ယထာဘူတဉာဏ် ရပြီ၊ မျက်စိ နှစ်ကွင်း အလင်းရပြီဟု ထပ်၍ ပြသည်။ ဖြစ်ပျက် မြင်အောင် အားထုတ်ကြပါ ဟုလည်း တိုက်တွန်းသည်။ ထို့နောက် ဖြစ်ပျက် မုန်းလာသော အခါ မုန်းလျက်ပင် ဆက်၍

http://www.dhammadownload.com



ရှုနေရမည်ဟု ဆိုသည်။ အလုပ်ကို သင်နေခြင်း ဖြစ်သည်။ ဘာကြောင့်လဲ ဆိုလျှင် အမုန်း သန်လာမှ မလိုချင် ဖြစ်လာမည်။ ထိုသို့ မလိုချင်သော ဉာဏ်အား သန်လာသော အခါ ဖြစ်ပျက်တွေ ချုပ်ငြိမ်းသွားသော သဘော ပေါ်လာလိမ့်မည်ဟု ဆိုသည်။ ဒါ မဂ်ဉာဏ် ပေါ်လာခြင်း ဖြစ်ကြောင်းလည်း အခိုင်အမာ ဆိုထားသည်။ [နှာ-၂၂၆] ဉာဏ်သုံးဉာဏ်ဖြင့် တက်ပုံကို ပြခြင်း ဖြစ်၏။ ကျန်သော ဉာဏ်တွေ သုံးဉာဏ်ထဲ အကုန်ဝင်သည် ဟုလည်း ဆိုထားသည်။ [နှာ-၂၂၇] ဤသို့လေးမဂ် လေးဖိုလ် ဖြစ်လျှင် နောက်ထပ် သွားရာ လာရာ မရှိတော့ဘဲ ပဋိသန္ဓေ နေခြင်း ကိစ္စ မရှိတော့ကြောင်း ဟောသည်။ ဤသို့ အရှင်စုန္ဒက တရားဟောပြီး ပြန်သည်။ ဘုရားထံသို့ သွားကြသည်။ ဘုရားထံကိုပင် မရောက်သေး၊ လမ်းတစ်ဝက်တွင် အရှင်ဆန္ဒသည် သူ့လည်ပင်းကို ဓားဖြင့် လှီး၍ သေကြောင်း ကြံစည်လေသည်။ ထိုအခါ ကမ္မ နိမိတ်၊ ဂတိ နိမိတ်များ ထင်လာတာကို သူတွေ့ရသည်။

ထိုအခါကျမှ သူ ရဟန်းကိစ္စ မပြီးသေးကြောင်း နားလည် သွားသည်။ ပုထုဇဉ် မြင်သော နိမိတ်များကိုသာ သူမြင်နေရသည်။ ထိုအခါမှ သူသည် ဝေဒနာကို ဖြစ်ပျက် ပြန်၍ရှု အားထုတ် ရှုခြင်းအားဖြင့် သူ နိဗ္ဗာန် မြင်၍ ရဟန်းကိစ္စ ပြီးသွားတော့သည်။ [နှာ-၂၃၀] မဂ်လေးတန်၊ ဖိုလ်လေးတန်ကို သေခါနီးမှာ ရသွားသည်။ ပြီးမှ သူ စုတိစိတ် ကျလေသည်။ ဘုရားနှင့် တွေ့၍ အရှင်ဆန္န ဘယ်ဂတိကို ရောက်သွားပြီလဲဟု လျှောက်ထားသောအခါ မြတ်စွာဘုရားက အရှင်ဆန္န ဘယ် ဂတိမှ မရောက်ဘူး၊ သူ့မှာ ပဋိသန္ဓေ နေသော ကိစ္စ ပြီးသွားကြောင်း ဟောသည် ဆို၏။ ဘယ့်နှယ်လုပ်ပြီး သွားတာလဲ မေးတော့ သူသေခါနီးမှ ဝေဒနာ ဖြစ်ပျက် ရှုသွားသည်။ အလုပ် လုပ်သွားသဖြင့် ပြီးသွားကြောင်း ဖြေသည်။ [နှာ-၂၃၁] လက်ရှိ ခန္ဓာကိုယ်ကို ပစ်ချပြီး နောက်ခန္ဓာကို မတွယ်တာဘဲ သေသည့် အတွက် အပြစ်ကင်းသော သေခြင်း ဖြစ်ကြောင်း ဘုရားက မိန့်တော်မူသည်။ ဤတရား၏ လိုရင်းအချက်မှာ အားထုတ်သော ပုဂ္ဂိုလ်သည် သေခါနီးမှ ကပ္ပာကယာ လုပ်လျှင် လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်ကြောင်းကို ပြလိုခြင်း ဖြစ်ကြောင်း ဟောထားသည်။ [နှာ-၂၃၁] ဒါကြောင့် ဖြစ်ပျက် မြင်လျှင် ဖြစ်ပျက်ဆုံးအောင် လိုက်ရမည့် အကြောင်း ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်ပါသည်။

*

http://www.dhammadownload.com



## ၈။ သုညတ ဆိုက်မှ နိဗ္ဗာန် မြင်မည်။ ဖြစ်ပျက် မြင်လျှင် သုညတ ဆိုက်နိုင်သည်။ အနာထပိဏ္ဍိ ကောဝါဒ သုတ်(၁)

[ ၂၈–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်တွင် ဟောသော တရား ]

မစွဲလမ်းမှုသည် အလွန် အရေးကြီးသည်ဟု အစချီပြီး ဤတရားကို ဟောကြားသည်။ စွဲလျှင် စွဲလမ်းသော နေရာမှာ သွားဖြစ်တာပဲဟု အရှင်သာရိပုတ္တရာက ဟောကြားသည် ဆို၏။ [နာ–၂၃၄] အစွဲဆိုတာ တဏှာ၊ ဥပါဒါန်ကို ဆိုသည်။ တဏှာက သိပ်မပြင်းဘူး၊ ဥပါဒါန်က သိပ်ပြင်းသည်ဟု ဟောသည်။ [နာ–၂၃၅] ဝိပဿနာ ရှုသောသူမှာ အနိစ္စမှန်း သိလျှင်၊ ဒုက္ခမှန်း သိလျှင်၊ အနတ္တမှန်း သိလျှင် အစွဲပြုတ်သည် ဆို၏။ လက်ရှိဘဝလည်း မလိုချင် နောက်ဘဝလည်း မတောင့်တ ပါက ဝိပဿနာ ရှုသော ပုဂ္ဂိုလ်၏ ဉာဏ်မှာ အစွဲပြုတ်ပြီ။ အစွဲ ဆုံးသည် ခန္ဓာ ငါးပါးပင် ဖြစ်၏။ [နာ–၂၃၈] ထို့ကြောင့် ဘုရားက ခန္ဓာ ငါးပါးကို ဝိပဿနာ ရှုနိုင်းခြင်း ဖြစ်သည်ဟု ဟောသည်။ [နာ–၂၃၉] ဝိပဿနာ ရှုခြင်းအားဖြင့် တဏှာ၊ ဥပါဒါန် ပြုတ်သည်။ တဏှာ၊ ဥပါဒါန် ပြုတ်လျှင် ကံ ပြုတ်သည်။ ဤတရားကို ဟောရခြင်းမှာ အနာထပိဏ် သူဌေးကြီး သေခါနီးမှာ အရှင်သာရိပုတ္တရာ သွားဟောသော တရားကို အခြေခံ၍ ဟောခြင်း ဖြစ်သည်။ (အနာထပိဏ္ဍိကောဝါဒ သုတ်ကို ရှေ့မှာလည်း ဟောခဲ့ဖူးပြီ)

ထို့နောက် အနာထပိဏ် သူဌေး မကျန်းမမာဖြစ်ပုံ အကြောင်းကို ဆက်ဟောသည်။ အနာထပိဏ် သူဌေးသည် မကျန်းမမာ ဖြစ်နေသဖြင့် ဇေတဝန်ကျောင်းသို့ သွားနေကျ အတိုင်း မသွားနိုင် ဖြစ်နေလေသည်။ ထိုအခါ အခိုင်းအစေ အလုပ်သမားတစ်ဦးကို စေလွှတ်ပြီး မြတ်စွာဘုရားနှင့် အရှင်သာရိပုတ္တရာကို သူ မမာကြောင်း သတင်းပို့ စေသည်။ အရှင်သာရိပုတ္တရာကိုလည်း ဤသို့ ကြွရန် ပန်ကြား ပင့်ဆောင်စေသည်။ ထိုအခါ အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့ အနာထပိဏ် သူဌေးအိမ်ကို ကြွကြသည်။ လူနာ သက်သာသလား မေးသည်။ သူဌေးကြီးက ဝေဒနာ ဆတက်ထမ်းပိုး တိုးနေကြောင်း လျှောက်သည်။ သေမည့် ဝေဒနာမှန်း အရှင်သာရိပုတ္တရာက သိသည်။ ထို့ကြောင့် သူ့ကို တရားဟောရန် ဆုံးဖြတ်ပြီး ဟောသည်။ [နာ–၂၄၂] 'န ရူပံ ဥပါဒိယိဿာမိ၊ န မေရူပ နိဿိတံ ဝိညာဏံ ဘဝိဿတိ' ဒကာကြီး မိမိ ရူပက္ခန္ဓာကြီးကို မစွဲလျှင် ရူပက္ခန္ဓာကို မရဘူးဟု ဟောခြင်း ဖြစ်သည်။ [နာ–၂၄၂] တခြားသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏက္ခန္ဓာများကို မစွဲလျှင်လည်း ထိုခန္ဓာမျိုးကို မရတော့ဟု ဆိုသည်။ ဤသို့ မစွဲလမ်းရန်မှာ ဤခန္ဓာ

http://www.dhammadownload.com



ထိုအခါ အနာထပိဏ် သူဌေးက တပည့်တော် ဤဝေဒနာဖြင့် သေရမှာပါ။ သို့သော် နောင်လာနောက်သားများ အတွက် အရေးကြီးသော တရားဖြစ်၍ ဉာဏ်မျက်စိ ပေါ်မှာ ကိလေသာမြူ အနည်းငယ်သာ ဖုံးနေသူတွေကို ဟောသင့်ကြောင်း လျှောက်ထား ပြန်သည်။ ဘာမှ မစွဲနှင့်၊ ဖြစ်ပျက် ဒုက္ခသစ္စာ ချည်းပဲ ဆိုသော တရားကို နာသင့်သူ နာရအောင် ဟောဖို့ ပန်ကြားလေသည်။ အနာထပိဏ် သူဌေး ပန်ကြားခဲ့ သောကြောင့် ယခုတွင် တရားကို နာရသည်ဟု ဆိုသည်။ [နှာ-၂၈၉] သုညတ မဆိုက်သော တရားဟူသရွေ့ နိဗ္ဗာန်ကို မရောက်ဘူး၊ ဒီ ခန္ဓာငါးပါး ဖြစ်ပျက် ဒုက္ခသစ္စာကို ငါ့ကိုယ် ငါဟာ ငါ့ဥစ္စာ မဟုတ်ဘူး၊ ဖြစ်ပြီး ပျက်ပဲဟု နားလည်လျှင် သုညတပင် ဖြစ်သည် ဆို၏။ သုညတမဂ်ဖြစ်မှ ဥပါဒါန် ပြုတ်ပြီး နောက်ခန္ဓာ မရတော့ပါ။ ဤတွင် ဘုရား သာသနာမှာ အနာ ထပိဏ် သူဌေး သောတာပန် တည်ခြင်းမှာ သဒ္ဓါဖြင့် တည်ခြင်း (သဒ္ဓါနုသာရီ) ဖြစ်ကြောင်း၊ ဝိပဿနာဉာဏ်ဖြင့် တည်ခြင်း မဟုတ်ကြောင်း ရှင်းပြ ထားသည်။ [နှာ-၂၉၀] ဖြစ်ပျက် မြင်လျှင် သုညတ ဟုလည်း ဆိုသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့ ပြန်သွားကြသည်။ ကျောင်းသို့ ပြန်မရောက်မီမှာပင် အနာထပိဏ် သူဌေး စုတိစိတ် ကျသွားလေသည်။ စုတိပြီး နောက် နတ်ပြည်မှာ နတ်သား ဖြစ်ပြီး နတ်စည်းစိမ်တွေကို ခံစားရသည်။ အနာ ထပိဏ် နတ်သားသည် မိမိ နာခဲ့ရသော သုညတ တရားကို နတ်စည်းစိမ်တွေ ခံစားနေလျှင် မေ့သွားမည် စိုးသောကြောင့် လူ့ပြည်ကို ပြန်ဆင်းကာ ဘုရားထံ ဖူးမြော်ဝင်သည်။ 'ကမ္မံ ဝိဇ္ဇာစ ဓမ္မောစ သီလံ ဇီဝိတ မုတ္တမံ ဧတေန မစ္စာ သုဇ္ဈန္တိ န ဂေါတ္တေန ဓနေနဝါ' ဂါထာဖြင့် နတ်သားက လျှောက်ထားသည်။ လောကမှာ သုညတကို အာရုံပြုသော မဂ္ဂင် ရှစ်ပါး ရှိသည်။ ဖြစ်ပျက်မြင် ဖြစ်ပျက်အဆုံးကို မြင်သော မဂ္ဂင် ရှစ်ပါးမှသာ ကိလေသာကို စင်ကြယ်စေပြီး ဒုက္ခခပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ကို ပို့နိုင်သည်ဟု ဆိုလိုသည်။ မဂ္ဂင်ရှစ်ပါး တရားက အလုပ်လုပ်မှ ပေါ်သည်။ နိဗ္ဗာန် ရရန်မှာ အနွယ်ကောင်းလည်း မရပါ။ ပစ္စည်းပေါလည်း မရပါ။ ထိုင် တွေးလည်း မရ။ စာဖတ်လည်း မရပါ။ ခန္ဓာ၏ ပင်ကို သဘောကို ရှုမှသာ ပေါ်သည်။ ပညာဖြင့်သာ နိဗ္ဗာန်ကို မြင်ကြောင်း ဟောသည်။ [နှာ-၂၉၅] သီလ၊ သမာဓိက အထောက်အပံ့ အဖြစ်တော့ ပါရကြောင်းလည်း ဆိုသည်။ အနာထပိဏ် နတ်သား လျှောက်ထားချက်ကို ဘာမှ ပြန်မပြောဘဲ

http://www.dhammadownload.com



ဘုရားက ငြိမ်သက်စွာ နေသည်။ ဘုရား လက်ခံတာပဲ ဆိုပြီး နတ်သား ပြန်သွားသည်။ ဥပရိပဏ္ဏာသမှာ လာကြောင်း ပြသည်။ [နှာ-၂၉၉] နံနက်တွင် အရှင်အာနန္ဒာတို့က မေးသဖြင့် ဘုရားက ညက အနာထပိဏ် နတ်သား ရောက်လာကြောင်း၊ မဂ္ဂင် ရှစ်ပါးမှ တစ်ပါး နိဗ္ဗာန် မြင်နိုင်သော၊ ကိလေသာ စင်ကြယ်နိုင်သော တရား မရှိဟု လျှောက်ထားကြောင်း၊ သုညတ ဆိုက်မှ ဥပါဒါန် ချုပ်ကြောင်း၊ ဥပါဒါန် ချုပ်မှ နောက်ခန္ဓာ ဇာတ်သိမ်းနိုင်ကြောင်း၊ မြင်မြင်သမျှ ဖြစ်ပျက်ချည်းပဲဟု ရှုမှသာ သုညတ ဖြစ်ကြောင်း ဟောသည်။ [နှာ-၃၀၀]

ထို့နောက် မိလိန္ဒမင်း အရှင်နာဂသိန် အကြောင်းကို ဆက်ဟောသည်။ မိလိန္ဒ မင်းကြီး အရှင်နာဂသိန်အား ဖြစ်ပျက်က နေပြီး နိဗ္ဗာန် ကူးပုံကို ပြပါဟု မေးမြန်းသည်။ ထိုအခါ အရှင်နာဂသိန်က ဖြေသည်။ 'တဿတံ စိတ္တံ အပရပရံ မနသိကာရော တော ဥပ္ပာဒံ အတိက္က မိတ္တာ၊ အဥပ္ပာဒံ သြက္ကမတိ ဓောတောခေါ မဟာရာဇာ သမ္မာ ပဋိပန္နော၊ နိဗ္ဗာန်နံ သစ္ဆိကရောတိတိ ဝစ္စတိ' ဂါထာဖြင့် ဟောသည်။ [နှာ-၃၀၃] ပထမဖြစ်ပျက်နှင့် ဉာဏ်နှင့် ကျင့်နေသည်။ တစ်ခါတလေ အပျက်ချည်း မြင်လိုက်၊ တစ်ခါတလေ ဘေးဟု ထင်လိုက် ဉာဏ်အဆင့်ဆင့် တက်သည်။

သို့သော် 'ဥပ္ပာဒံ အတိက္က မိတ္တာ၊ အနုပ္ပာဒံ သြက္ကမတိ' ဆိုသော အတိုင်း ဖြစ်ပျက် တက်လှည့်နေရင်းက ခန္ဓာ ပျောက်ပြီး စိတ်ထဲမှာ ဉာဏ်ပဲ ကျန်နေသည်။ ပြီးနောက် ဤဉာဏ်သည် ဖြစ်ပျက် မရှိသော ဘက်သို့ ကူးသွားသည်ဟု ဆိုသည်။ /*နှာ-၃၀၄*/ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဖြစ်ပျက် မရှိရာက နိရောဓသစ္စာ၊ ဒုက္ခသစ္စာမှ နိရောဓသစ္စာကို ဉာဏ်ကူးသွားသည်။ [နှာ-၃၀၅] ဉာဏ်အစဉ် မပြတ်ဘဲ ကူးပြောင်းသွားပုံကို ပြသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ ဖြစ်ပျက်မှ ဖြစ်ပျက် မရှိသော ဘက်သို့ ဉာဏ်လှည့်သွားခြင်း ဖြစ်သည်။ ရှုနေရင်း ခန္ဓာ ရှိလျက်နှင့် ဉာဏ်က ခန္ဓာချုပ်တဲ့ ဘက်ကို လှည့်သွားသည်ဟု ဟောထားသည်။ နိဗ္ဗာန်ကို ကျင့်သော ပုဂ္ဂိုလ် အာရုံပြု သွားပုံကို အရှင်နာဂသိန်က မိလိန္ဒမင်းအား ဟောကြားပုံ ပြရင်း အချိန်စေ့၍ တရား နားလိုက်သည်။ အကြီးဆုံး လက်ဆောင် ပေးလိုက်သည်ဟု ဆိုသည်။

*

http://www.dhammadownload.com



## ၁၁။ ပုဏ္ဏသုတ်

[ ၁-၁၀-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ဒီနေ့ အဘိဏှ သုတ်ကို ပြောလိမ့်မယ် အစချီ၍ ဤတရားကို ဟောသည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ် သုနာပရန္တတိုင်းမှ ကုန်သည် ညီနောင်တို့ လာဖူးကြသည်။ မြတ်စွာဘုရား၏ ခန္ဓာ ဒုက္ခသစ္စာ၊ ခန္ဓာ ခိုင်းရာ ကျွန်ခံနေရပုံပြ တရားကို နာခဲ့ကြရသည်။ အစ်ကို ဖြစ်သူက တရားနာပြီးနောက် ရဟန်းဝတ်၍ တရား အားထုတ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် ကုန်ပစ္စည်းများ အားလုံးကို ညီဖြစ်သူသို့ လွှဲအပ်လိုက်သည်။ လွှဲအပ်ပြီးနောက် ဘုရားထံမှောက်မှာ သင်္ကန်း ဝတ်ဖို့ ရောက်လာသည်။ သင်္ကန်း ဝတ်ပြီး သူ တရား အားထုတ်သည်။ သူက တရား အားထုတ်သာ နေရသည်။ ဤအရပ်မှာ မပျော်ရွှင်ဘဲ နေလေသည်။ သူက သူ့အရပ် သုနာပရန္တတိုင်းကိုပဲ ပြန်လိုကြောင်း မြတ်စွာဘုရားကို လျှောက်ထားသည်။ [နှာ-၃၁၀] တပည့်တော်ကို တရား၏ လိုရင်း သဘောကို လိုရင်း တိုရှင်းနည်းဖြင့် ဟောပေးပါ ဘုရားဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားက တရား အကျဉ်းချုပ်ကို အလုပ် လွယ်ရအောင် ဟောပေးတော် မူသည် ဆို၏။ ဘုရားက မျက်စိထဲ မြင်တာ ရူပါရုံချည်း မှတ်ဟု ဆိုသည်။ ထိုကုန်သည် ရဟန်းဖြစ်တော့ အရှင်ပုဏ္ဏ ဖြစ်သည်။ သူ့ကို ဟောခြင်း ဖြစ်သည်။ သူ့ညီ စူဠပုဏ္ဏားလည်း အနားမှာ ရှိသေးသည်။ ဤရူပါရုံများသည် အလိုရှိအပ်၊ နှစ်သက်အပ်သော တရားတွေပဲဟု မှတ်ပါ ဆိုသည်။ နှစ်သက်မှုကြောင့် လိုချင်မှု တဏှာ ဖြစ်သည်၊ အထင်ကြီးမှု မာနလည်း ဖြစ်ကြောင်းကို ပြသည်။ [နှာ-၃၁၁] အလွန် စွဲလမ်းသော ဒိဋ္ဌိလည်း ဖြစ်သည်။ 'တဿတံ အဘိနန္ဒိတော၊ အဘိဝဒတော၊ အဇ္ဈောသာယ တိဋ္ဌတော' အလွန် လွှမ်းမိုး၍ တည်သော ပုဂ္ဂိုလ်အား နန္ဒီ သမုဒယာ- ဤသုံးခုဖြင့် နှစ်သက်ခြင်းကြောင့် ဒုက္ခခန္ဓာ ဖြစ်ခြင်းသည် ဟောတိ- ဖြစ်၏။ [နှာ-၃၂၂] နှစ်သက်ခြင်း နန္ဒီရတာ ဖြစ်လျှင် ဒုက္ခခန္ဓာ လာမည်။ ဒါ ပဋိစ္စ သမုပ္ပာဒ်ကို ပြခြင်း ဖြစ်သည်။ ရူပါရုံ အဆင်းများကို မြင်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးခု ဖြစ်ပေါ်လာမည်။ ထိုသို့ ဖြစ်လာလျှင် ဥပါဒါန်၊ ကံ လာမည်၊ လာလျှင် ဇာတိ၊ ဇရာ၊ မရဏ လာမည်သာ ဖြစ်၏။ ဒါကြောင့် အာရုံကို နှစ်သက်လျှင် ဒုက္ခ ရောက်မှာပဲဟု ဟောသည်။ [နှာ-၃၂၃]

ဤကား တရားလိုရင်း အကျဉ်းသဘော ဖြစ်၏။ သားသမီးနှင့် ပစ္စည်း အာရုံ ကာမဂုဏ်တွေကို မနှစ်သက်၊ မစွဲလမ်း၊ အားမကိုးဘူး ဆိုလျှင် ဒုက္ခ ချုပ်ပါ

http://www.dhammadownload.com



သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိနှင့် အလုပ် လုပ်နေကြလို့ ဒုက္ခ မဆုံး ဖြစ်နေကြရသည်။ ဒါကို သိပြီ။ ပြီးမှ ဆရာတော်က ဝဋ္ဋကြောင်းကို လွှတ်ပြီ ဝိပဿနာ သံဝေဂဉာဏ် ရအောင် တဏှာ၊ မာန၊ ဒိဋ္ဌိနှာတွေ ပေါ်ပေါက်နေကြပုံများကို ဆက်ဟောသည်။ [နှာ-၃၁၈] လောကမှာ ပုထုဇဉ်တွေ သားစွဲ၊ သမီးစွဲ၊ အိုးစွဲ၊ အိမ်စွဲ များဖြင့် မျက်စိ လည်နေကြပုံကို ဟောသည်။ [နှာ-၃၂၆] သာသမီး၊ ပစ္စည်း ဥစ္စာတွေကို နှစ်သက်စရာ၊ စွဲလမ်းစရာ၊ မာန်တက်စရာ ထင်လျှင် ဒုက္ခ ရောက်ပေတော့မည်။ ပုဏ္ဏကို ဘုရား ဟောသော တရား ဖြစ်၏။ ထိုအရာကို နှစ်သက်စရာ မဟုတ်၊ အားကိုးစရာ မဟုတ်ဟု မြင်လျှင် နိဗ္ဗာန် ရပြီဟု ဆိုသည်။ [နှာ-၃၂၇] မဂ္ဂင်သည် မလိမ်တတ်သော တရား၊ အဖြောင့်တရား ဖြစ်သည်။ [နှာ-၃၃၀] လိမ်တတ်တဲ့ တရားကို အဖြောင့်တရားနှင့် လဲပါဟု ဆိုသည်။

ဒါဆို တရားက တိုသည်။ ရှင်းသည်။ [နှာ-၃၃၁] ဒါက ပုဏ္ဏကို ဟောလိုက်သော တရား ဖြစ်သည် ဆို၏။ တဏှာ၊ မာန၊ ဒိဋ္ဌိက အကောက်တရား၊ မဂ္ဂင်က အဖြောင့် တရား ဖြစ်သည်။ ဝမ်းထဲ မနောဒွါရမှာ ချပြီး ချိန်ကြည့်လျှင်၊ အကောက် တရား ရောက်လာလျှင် စိတ်မချမ်းသာ ဖြစ်ရသည်။ အဖြောင့်တရား ရောက်လာလျှင် စိတ်ချမ်းသာရသည်။ မြင်ရာ၊ ကြားရာမှာ အဆင်းကို မမြင်ဘဲ မိန်းမ၊ သား၊ သမီး မြင်နေလျှင် ဒိဋ္ဌိ ဝင်နေသည်။ ကောက်သော အမြင် ဖြစ်သည်။ ဒါတွေဟာ လည်း ခန္ဓာ ငါးပါး သင်္ခါရ တရားတွေပဲ၊ အနိစ္စပဲ၊ ဒုက္ခတွေပဲဟု မြင်မှသာ ဖြောင့်သော အမြင် ဖြစ်သည်။ ပဋိသမ္ဘိဒါ မဂ်မှာ လာသော တရား ဖြစ်သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိက ပူစေတယ်၊ မဂ်က အေးစေတယ်ဟု ဆိုသည်။ မြင်တိုင်း၊ မြင်တိုင်းမှာ ကောက်တာ၊ ဖြောင့်တာကို အမြဲ ဝေဖန်ရမည်ဟု ဟောရင်း [နှာ-၃၃၄] အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၁၂။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်ရေး

[ ၃-၁၀-၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ကျောင်းတွင် ဟောသော တရား ]

ဝိပဿနာ မလုပ်မီ ဒိဋ္ဌိ ပြုတ်ရမည် အစချီပြီး ဤတရားကို ဟောသည်။ ဒိဋ္ဌိ သုံးမျိုး ပြုတ်ရမည်ဟု ဆိုသည်။ ဒိဋ္ဌိ မပြုတ်ဘဲ ဝိပဿနာ လုပ်လျှင် အလကား ပဲ၊ ကုသိုလ်သာ ဖြစ်တယ်၊ မဂ်၊ ဖိုလ်ကို မရဘူးဟု တိတိကျကျ ဟောသည်။

http://www.dhammadownload.com



ဒါက တရားဟောတာ မဟုတ်ဘူး၊ နည်းပေးနေတာ ဟုလည်း ဆိုသည်။ [နှာ–၃၃၆] ဝိပဿနာကို ဘာမှ မလုပ်ခင် အသိဉာဏ်ကို အရင် သင်ပေးရမည်။ ဘုရား အဆူဆူနှင့် လွဲခဲ့ရတာ၊ အပါယ်ငရဲမှာ ကြာမြင့်စွာ နေခဲ့ရတာသည် ဒိဋ္ဌိ မပြုတ်ခဲ့လို့ ဖြစ်သည်ဟု ဟောသည်။ ဒိဋ္ဌိ သုံးမျိုး ရှိရာတွင် ပုထုဇဉ်ကိုယ်မှာ ဒိဋ္ဌိ နှစ်မျိုး အစဉ် ကပ်သည်။ ဒိဋ္ဌိ စင်မှ ဝိစိကိစ္ဆာ စင်နိုင်သည်။ [နှာ–၃၃၇] ဒိဋ္ဌိကို အရင် မရှင်းပေးဘဲနှင့် နိဗ္ဗာန် ရအောင် ဘယ်လောက် အားထုတ်ထုတ် မရကြောင်း ဘုရား ဟောသည် ဆို၏။ ဒါကြောင့် အလုပ် သဘောမှာ ဝိပဿနာက နောက် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အသိဉာဏ်ဖြင့် ရှင်းလင်းရေးက အရင် လုပ်ရမည့် အလုပ် ဖြစ်သည်။ ဒိဋ္ဌိ ရှင်းရေးက နံပါတ် (၁) ဖြစ်သည်။ ဝိပဿနာက နံပါတ်(၂) ထားရမည်။ ဒိဋ္ဌိ ပြုတ်လျှင် ဝိစိကိစ္ဆာ အလိုလို ပြုတ်သည်။

ထို့နောက် ဘုရား လက်ထက်က အနုရာဓ ရဟန်းဝတ္ထုကို ဟောသည်။ သူက သတ္တဝါ ရှိသည်။ သတ္တဝါ သေလျှင် နိဗ္ဗာန် သွားသည်ဟု ယူထားသည်။ [နှာ–၃၃၈] ဘုရားက အနုရာဓ၏ အသိဉာဏ်ကို ရှင်းပေးရသည်။ ထိုအခါကျမှ သူ တရား ရသွားသည်။ အရှင်ယမကကိုလည်း ဥစ္ဆေဒ ဒိဋ္ဌိ ကပ်နေသဖြင့် အရှင်သာရိပုတ္တရာက ရှင်းပေးရသည်။ ပထမ သမာဓိသာ ဖမ်းနေပါ။ ရှုတာသိ၊ ရှိုက်တာသိသာ လုပ်နေပါဟု အလုပ်စဉ်ကို ပြသည်။ [နှာ–၃၄၀] ကုသိုလ် ရလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရမည် မထင်နှင့်ဟု ဟောသည်။ ရေအိုးစင် တည်လည်း ကုသိုလ်ရသည်။ ကုသိုလ်ရဖို့က အလွယ်ကလေး၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရဖို့ပဲ ခက်သည်ဟု ဆိုသည်။ ကုသိုလ် ရတာနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့် တခြားစီ ဖြစ်ကြောင်း ဟောသည်။

ဒိဋ္ဌိကို အရင်ခွာ။ ဘာနှင့် ခွာရမလဲ။ ခန္ဓာ ဖြစ်စဉ်နှင့် ခွာရမည်။ ခန္ဓာ ဖြစ်စဉ်က ဘာလဲ။ မျက်စိနှင့် အဆင်း တိုက်လျှင် မြင်စိတ် ပေါ်သည်။ မျက်လုံးထဲမှာ မြင်စိတ် နဂိုက ရှိတာ မဟုတ်။ အဆင်းနှင့် မျက်လုံးနှင့် တိုက်မှ ပေါ်လာသည်။ အကြောင်း တိုက်မှ အကျိုး ပေါ်လာသော မြင်စိတ်။ ဤစိတ်သည် အသစ် ပေါ်လာသော အရာ ဖြစ်သည်။ [နှာ–၃၄၂] မှန်နှင့်လူ တည့်မှ မှန်ထဲမှာ အရိပ် ပေါ်သလိုပဲဟု မှတ်ပါ ဆိုသည်။ မြင်စိတ်သည် ယောကျ်ား မဟုတ်၊ မိန်းမ မဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ကြောင်း ပြသည်။ မြင်စိတ်သည် မြင်စိတ်ပဲဟု ဆိုရမည်။ [နှာ–၃၄၃] မြင်စိတ်က မြင်ပြီး ပျက်စီးသွားသည်။ ပျက်စီး သွားသော်လည်း သူက လိုချင်သော ဓမ္မကလေးကို ပေါ်အောင် ဖန်တီးသွားသည်။ နှစ်သက်မှု

http://www.dhammadownload.com



ကလေးကို အကြောင်းပြသွားသည်။ မြင်စိတ်၊ နှစ်သက် စိတ်၊ ပြီးတော့ လိုချင်စိတ် ဆက်ကာ ဆက်ကာ ပေါ်သည်။ မြင်စိတ် ချုပ်တော့ နှစ်သက်စိတ်၊ နှစ်သက်စိတ် ချုပ်တော့ လိုချင်စိတ် အစားထိုးပြီး ပေါ်သည်။ [နှာ-၃၄၄] လိုချင်စိတ်က လိုချင်တာပဲ ရှိသည်၊ မမြင်တတ်ဘူးဟု ဆိုသည်။ စိတ်ချင်း မတူဘူး၊ သတ္တိချင်း မတူဘူးဟု ပြသည်။ [နှာ-၃၄၅] မြင်စိတ်က မျက်လုံးမှာ ပေါ်သည်။ လိုချင်စိတ်က ဝမ်းထဲမှာ ပေါ်သည်။ မြင်စိတ်နှင့် လိုချင်စိတ် တခြားစီ ဖြစ်ကြောင်း ပေါ်အောင် ဟောသည်။ [နှာ-၃၄၇] သံသရာ တစ်လျှောက်လုံး ဒီနှစ်ခု ခြားနားတာ ပြတ်အောင် မမြင်ခဲ့ဘူးဟု ဆိုသည်။ [နှာ-၃၄၈] လိုချင်တာက ကြီးလာတော့ မရလျှင် မဖြစ်ဘူး ဆိုသော စွဲလမ်းစိတ် ဖြစ်လာသည်။ တဏှာ ပစ္စယာ ဥပါဒါန် ဖြစ်လာသည်။ တဏှာက ဥပါဒါန်ကို ကျေးဇူး ပြုလိုက်သည်။ ဥပါဒါန်က ကံကို ကျေးဇူး ပြုသည်။ တစ်ခု ချုပ်သွားလျှင် တစ်ခုပေါ်လာသည်။ သက္ကာယ ဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိကို ခွာနေခြင်း ဖြစ်သည်။

မြင်စိတ် ချုပ်၊ လိုချင်တာ ပေါ်၊ လိုချင်တာ ချုပ်လျှင် စွဲလမ်းတာ ပေါ်၊ စွဲလမ်းစိတ် ချုပ်မှ အားထုတ်မှု ကမ္မဘဝ ပေါ်သည်။ [နှာ-၃၅၁] မြင်စိတ်သည် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်ပုံ၊ မြင်စိတ်ကို ငါနှင့် မရောစေသင့်ပုံကို ပြသည်။ [နှာ-၃၅၂] မြင်စိတ် နောက်က လိုချင်စိတ် ပေါ်ခြင်းမှာ နတ္ထိ ပစ္စယော မရှိသော အားဖြင့် ကျေးဇူး ပြု၍ ပေါ်လာပုံကို ဟောသည်။ [နှာ-၃၅၄] အကြောင်း မကင်းပုံကို ပြခြင်း ဖြစ်သည်။ မြင်စိတ်က အကြောင်း၊ လိုချင်စိတ်က အကျိုး ဖြစ်သည်။ အကြောင်းအကျိုး ဆက်နေသည်။ ဤသို့ အကြောင်းအကျိုး ဆက်နေပုံကို သိလျှင် ဥစ္ဆေဒ ဒိဋ္ဌိ သေသည်။ [နှာ-၃၅၆] အကြောင်း ပြီးလျှင် ဘာမှ ဆက် မဖြစ်ဘူး၊ အကျိုးဆက် မရှိဘူး၊ ပြီးရင် ချုပ်တာပဲ၊ ပြတ်တာပဲဟု ယူခြင်းသည် ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်သည်။ ဒိဋ္ဌိ ခွာတုန်း ရှိသေးသည်။ ဝိပဿနာ မရှုပါနှင့်ဦးဟု ဆိုသည်။ နည်းမကျလျှင် လိုရင်း အကျိုးကို မရနိုင်ဘူးဟု ဆိုသည်။ ဒါက နိဗ္ဗာန်ရမည့် တရား ဖြစ်သည်။ ကုသိုလ်ရ တရား မဟုတ်ဟု ဆိုသည်။ ကုသိုလ်ရလျှင် နိဗ္ဗာန် ရသည်ဟု မအောက်မေ့နှင့်ဟု သတိပေးသည်။ [နှာ-၃၅၈]

ကံ ကုသိုလ်က နိဗ္ဗာန်ကို တိုက်ရိုက် မရနိုင်ဘူး၊ ဝိပဿနာ လောကုတ္တရာ ကုသိုလ်ကသာ နိဗ္ဗာန်ကို ရစေနိုင်ကြောင်းလည်း ဟောထားသည်။ [နှာ-၃၅၉] တဏှာ၊ ဥပါဒါန်၊ ကံသည် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်မှန်း သိလျှင် သက္ကာယ ဒိဋ္ဌိ စင်သည်။ အကြောင်းအကျိုး မကင်းဘဲ ဓမ္မ တစ်ခုကို ဓမ္မ တစ်ခုက အစားထိုး

http://www.dhammadownload.com



ပေါ်ပေါက် နေပုံကို သိသဖြင့် ဥစ္ဆေဒ ဒိဋ္ဌိ စင်သည်။ ဤဝမ္မ ဖြစ်စဉ်ကလေးသည် ခိုင်ခြင်း၊ မြဲခြင်း မရှိဟု သိလျှင် သဿတ ဒိဋ္ဌိ စင်သည်။ ဤသို့ ဒိဋ္ဌိသုံးမျိုး ဖြုတ်ပုံ တရားကို ပြပြီး ပရိသတ်ကို အာနာပါန သမထ အလုပ်ကို ခိုင်းသည်။ ဝင်လေ သိ၊ ထွက်လေ သိမှတ်ခိုင်းသည်။ ဝိပဿနာ ဖြစ်ပျက် မရှုခိုင်းပါ။ ထို့နောက် အချိန်စေ့သဖြင့် တရား နားသည်။

*

## ၁၃။ ဝေဒနာက္ခန္ဓာနှင့် တရားနာနေပုံ၊ သက္ကာယဒိဋ္ဌိ ကင်းစင်ရေး

[ ၄-၁၀-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ဒကာ၊ ဒကာမတွေ ဝေဒနာက္ခန္ဓာနှင့် တရား နာနေသည်ဟု မှတ်ပါ အစချီ၍ ဤတရားကို ဟောသည်။ ကျန်းမာ၍ တရား နာနိုင်တယ် ဆိုလျှင် သုခ ဝေဒနာဖြင့် နာခြင်း ဖြစ်သည်။ နေထိုင် မကောင်းဘဲ နာလျှင် ဒုက္ခ ဝေဒနာနှင့် နာခြင်း ဖြစ်သည်။ ဝေဒနာက္ခန္ဓာနှင့် တရား နာနေတာဟု ဆိုသည်။ တရား နာနေတာ ယောကျ်ား မိန်းမတွေ မဟုတ်၊ ဝေဒနာက္ခန္ဓာတွေ ဖြစ်ကြောင်း ပြသည်။ [ နာ-၃၆၄ ] ဤအကြောင်း ပြောရခြင်းမှာ ငါတရား နာနေသည်ဟု ထင်မြင်တတ်သော သက္ကာယဒိဋ္ဌိကို ဖြုတ်ရန် ဖြစ်သည်။ ခန္ဓာဉာဏ်ရောက် ပြောနေသော တရားဟု ဆိုသည်။ ဝေဒနာနှင့် တရား နာနေတာ အန္တရာယ်ကင်း၊ ဘေးရှင်း တစ်ယောက်မှ မပါဘူးဟု ဆိုသည်။ [ နာ-၃၆၆ ] ဝေဒနာ ပေါ်တာသိ၊ ပျက်တာ သိလျှင် ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်မှန်း သိ၍ သက္ကာယ ဒိဋ္ဌိ ပြုတ်သည်။ [ နာ-၃၆၇ ] ဝေဒနာက္ခန္ဓာသည် နာရင်း မတ္တကပင် ဒုက္ခ ပြောင်းလိုက်၊ သုခ ပြောင်းလိုက်၊ ဥပေက္ခာ ပြောင်းလိုက် ဖြစ်နေသည်။ ဝေဒနာက္ခန္ဓာ ဆိုရသော်လည်း ဖြစ်ပျက်ပဲ၊ ဖြစ်ပျက်နှင့် တရားနာနေရတာ ဖြစ်ကြောင်း ဟောသည်။ [ နာ-၃၆၈ ] ဝေဒနာ တစ်ခု ပျောက်သွားလျှင် နောက်တစ်ခုက အစားထိုးမှန်း သိသဖြင့် ဥစ္ဆေဒ ဒိဋ္ဌိ ပြုတ်သည်။ ဝေဒနာနှင့် တရားနာတာပဲဟု သိလျှင် သက္ကာယဒိဋ္ဌိ ပြုတ်သည်။ တစ်ခုသော ဝေဒနာကလေး တစ်ခု ပျက်သွားတာ မြင်လျှင် သဿတ ဒိဋ္ဌိ ပြုတ်သည်။ ဝေဒနာတစ်ခု ပျက်လျှင် နောက်တစ်ခုက အစားထိုးတာ မြင်ပါက ဥစ္ဆေဒ ဒိဋ္ဌိ ပြုတ်ကြောင်း ရှင်းထားသည်။ [ နာ-၃၆၉ ]

၊ ဒိဋ္ဌိ သုံးမျိုး တစ်မျိုးမျိုး ရှိနေလျှင် မဂ်၊ ဖိုလ်လည်း တား၊ အပါယ်လည်း သွားရသည်။ [ နာ-၃၇၀ ] ဒိဋ္ဌိ ပြုတ်မှ သောတာပန် တည်ပြီး အပါယ်တံခါး

http://www.dhammadownload.com



ပိတ်နိုင်သည်။ ခန္ဓာက ဝေဒနာကန္ဓာ၊ ခင်တာက တဏှာ၊ ထို့နောက် ခန္ဓာ ခင်သော တဏှာကြောင့် မေတ္တာ ပို့နေကြပုံ အမှားကို ထောက်ပြသည်။ [နာ–၃၇၅] ရာဂက မေတ္တာ လုပ်ပြီး လှည့်စားတတ်ပုံကို ပြသည်။ ကျန်းမာလျှင် တဏှာ ဖြစ်ပုံကို ပြသည်။ [နာ–၃၇၉] ဆရာတော်က ကျန်းမာလျှင် ငွေရှာမည် ဆိုသူသာ များသည်။ ကျန်းမာစဉ် တရား အားထုတ်မည် ဆိုသူ ရှားကြောင်း ပြသည်။ [နာ–၃၈၅] ကျန်းမာတာ သုခဝေဒနာ၊ သုခဝေဒနာ ပေါ်လျှင်လည်း သိအောင် လုပ်ရမည်။ ပေါ်တိုင်းသိ၊ ပျက်တိုင်း သိပါဟု ဆိုသည်။ [နာ–၃၈၆]

ဒါကြောင့် ကျန်းမာတာက ဖြစ်ပျက်၊ သိတာက မဂ် ဖြစ်သွားသည်။ ဒါဆို အပါယ် မသွားတော့ဘူးဟု ဆိုသည်။ ကျန်းမာတာကို တဏှာနှင့် မသိပါနှင့် ဉာဏ်နှင့် သိအောင် လုပ်ပါဟု တိုက်တွန်းသည်။ [နာ–၃၈၇] အရပ်ပြောတာ မယုံနှင့်၊ ခန္ဓာ ပြောတာ၊ မဂ်ပြောတာသာ ယုံပါဟု ဆိုသည်။ [နာ–၃၉၀] ပဋိစ္စ သမုပ္ပါဒ် ပြတ်မှ နိဗ္ဗာန် ရသည်။ ပဋိစ္စ သမုပ္ပါဒ် ပြတ်ရေးကို အဓိက ထားရမည်။ ပဋိစ္စ သမုပ္ပါဒ် ပြတ်မှ ဒုက္ခ ချုပ်သည်။ ခန္ဓာနှင့် တဏှာ မဆက်မှသာ နိဗ္ဗာန်ရောက်သည်။ ဝေဒနာ ဖြစ်ပျက်ကို မဂ်နှင့် အားထုတ်နေတာက ကျန်းမာရင်း နိဗ္ဗာန် ရှာတာ၊ ကျန်းမာရင်း ငွေရှာတာက ဝေဒနာ ပစ္စယာ တဏှာ ဖြစ်တာဟု ရှင်းပြသည်။ [နာ–၃၉၄] ကျန်းမာတုန်း ဝိပဿနာရှုတော့ ကျန်းမာစဉ် မဂ် ရသည်။ ဒါကြောင့် ကျန်းမာတုန်း ငွေရှာတဲ့နည်း သုံးမလား၊ မဂ်ရတဲ့နည်း သုံးမလားဟု မေးထားသည်။ [နာ–၃၉၅]တခြားမှာ တရား မရှာပါနှင့်၊ ကျန်းမာသော သုခ ဝေဒနာကိုသာ ဖြစ်ပျက် ရှုပါဟု ဆိုသည်။ [နာ–၃၉၆] ကျန်းမာစဉ် သုခ ဝေဒနာကြောင့် တဏှာ၊ ဥပါဒါန်၊ ကံ၊ ပဋိစ္စ သမုပ္ပါဒ် ဆက်သည်။ မကျန်းမာလျှင် ဒုက္ခ ဝေဒနာ၊ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿကြောင့် ပဋိစ္စ သမုပ္ပါဒ် ဆက်ရပုံကိုပြသည်။ [နာ–၄၀၁] ကျန်းမာလည်း အပါယ် သွားနိုင်ပုံ၊ မကျန်းမာလည်း အပါယ် သွားနိုင်ပုံကို ပြသည်။ မကျန်းမာလည်း ဖြစ်ပျက် ရှုဟု ဆိုသည်။ ဖြစ်ပျက် ရှုတတ်လျှင် မကျန်းမာလည်း နိဗ္ဗာန် သွားနိုင်သည်ဟုဆိုသည်။ ဆန္နမထေရ် မကျန်းမာစဉ် နိဗ္ဗာန် ရသွားပုံကို ပြသည်။ [နာ–၄၀၂]

ဒါဖြင့် ဝေဒနာ သုံးပါးသည် ဝိပဿနာ ရှုတတ်လျှင် နိဗ္ဗာန်ကို ပို့သော တရား ဖြစ်ပုံကို ပြသည်။ [နာ–၄၀၃] လူတွေက သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာတွေကို ဝိပဿနာ ရှုသော အလုပ်ချည်း လုပ်နေလျှင် ရှာဖွေချိန် မရှိတော့ဘူးဟု ဆိုကြလိမ့်မည်။ ဒါကို ဆရာတော်က ခင်ဗျားတို့ ထင်တာက ရှာမှ ချမ်းသာသည် ထင်

http://www.dhammadownload.com



သည်။ မရှာဘဲ ချမ်းသာတာက ဝိပဿနာ ရှုနေခြင်း ဖြစ်သည်။ ရှာချင်တာက တဏှာ၊ တဏှာ ကြောင့်၊ မချမ်းသာပုံ၊ ဝိပဿနာ ရှုတာက မဂ်၊ မဂ်ချမ်းသာ ကသာ ချမ်းသာအစစ် ဖြစ်ကြောင်းကို ပြသည်။ [နာ–၄၀၆] ရှာနေသော ပုဂ္ဂိုလ်သည် အငတ်ဘေး ကြုံနေသူ ဖြစ်သည်။ မဂ်ကို အားထုတ် နေသူမှာ အငတ်ပြေသူ ဖြစ်သည် ဆို၏။ ဆရာတော်က ရှာဖွေတာ ကြိုက်သလား၊ မရှာဘဲနှင့် ဝတာ ကြိုက်သလားဟု မေးသည်။ [နာ–၄၀၇] ဝေဒနာကို ဖြစ်ပျက် ရှုဖို့ တိုက်တွန်းသည်။ ဂဟဋ္ဌ ဖြစ်သော ပုဂ္ဂိုလ်၏ စိတ်မှာ ဆွမ်းခံပြီး ခန္ဓာကို လုပ်ကျွေးခြင်း အမှုကိုပင် မပြုချင်တော့၊ ပရိနိဗ္ဗာန်သာ စံချင်သည်။ ခန္ဓာ့ ကျွန်ခံရမှာကို ကြောက်သည်။ ဆရာတော်က တရား အားထုတ်တာသည် အငတ် ပျောက်တာ အောက်မေ့ပါဟု ဆိုသည်။ [နာ–၄၀၈] အငတ် ပျောက်တာ ကြိုက်လျှင် တရား အားထုတ်ပါဟု ဆိုရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

၁၄။ အမည်းအဖြူ စသော တရားလေးမျိုး၊ တဏှာမူလက တရား ကိုးချက်

[ ၅–၁၀–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဒကာ၊ ဒကာမတွေ၏ သန္တာန်မှာ တရားတွေ ရှိနေလို့ တရား အားထုတ် ခိုင်းနေခြင်း ဖြစ်ကြောင်း အစချီပြီး ဤတရားကို ဟောသည်။ တရားက လေးမျိုး ရှိသည်။ မည်းနက်သည့် တရား၊ ဖြူစင်သော တရား၊ အဖြူအမည်း ရောသော တရား၊ မမည်း မဖြူသော တရား လေးမျိုး ဖြစ်သည်။ (ရှေ့မှာလည်း ကံလေးမျိုး အကြောင်း ဟောခဲ့ဖူးပြီ) ဤတရား လေးမျိုးကို သိဖို့ အရေးကြီးသည်။ ခန္ဓာက ဝေဒနာကွခန္ဓာ၊ ခံစားချင်လို့ ပစ္စည်း ရှာကြတာဟု ဆိုသည်။ ဝေဒနာကွခန္ဓာကို ခင်ကြသည်။ ခင်တာက တဏှာ ဖြစ်သည်။ [နာ–၄၁၃] 'ဝေဒနာနံ ပဋိစ္စတဏှာ ဖြစ်သည်။ 'တဏှာ ပဋိစ္စ ပရိယေသနာ' ဝေဒနာကြောင့် တဏှာ ဖြစ်သည်။ တဏှာကြောင့် ရှာမှီးကြရသည်။ ရှာမှီးခြင်းလည်း တဏှာပင် ဖြစ်၏။ မဟာ နိဒါန သုတ်ကို ကိုးကား ပြသည်။ [နာ–၄၁၄] ရှာမှီးခြင်း တဏှာကြောင့် အပါယ် လေးပါး ရောက်ရမှန်း မသိကြပုံကို ညအမှောင်ထဲ သွားတုန်း မြွေပွေး ကိုက်လိုက် သည်။ ဘာကိုက်မှန်း မသိလည်း သေတော့ သေသည်ဟု နမူနာ ပြသည်။ [နာ–၄၁၆] ငှက်ပျောပင် အသီး သီးလို့ သေရပုံကို ပြသည်။ ဝါးပင်မှာ ဝါးသီး သီး၍ သေရသည်ကို ပြသည်။ ဤတွင်လည်း တဏှာက အရှာ နိုင်သည်။ ထိုတဏှာကပင်

http://www.dhammadownload.com



အပါယ်ကျအောင် ပစ်ချသည်။ ပုထုဇဉ် မျက်စိလည်နေပုံကို ပြသည်။ သီလရှင်မှာ မျက်စိလည်လေ ဆန်ရလေ ဖြစ်သည်။ သို့သော် ပုထုဇဉ်မှာတော့ မျက်စိလည်လေ အပါယ်ကျလေ ဖြစ်သည်ဟု ဆိုသည်။ [နှာ-၄၁၈] လူတိုင်း ရှာနေကြတာပဲ၊ ဒါဆို လူတိုင်း အပါယ် သွားကြမှာပဲ၊ ဘာဖြစ်သလဲ၊ ကိုယ်လည်း သွားရုံရှိတာပေါ့ ဟု သဘော ထားနေကြသည်။ တဏှာနှစ်မျိုး ရှိသည်။ ခန္ဓာ ခင်သော တဏှာ၊ ရှာမှီးသော တဏှာ။

တစ်ခါ 'ပရိယေသနံ ပဋိစ္စလာဘော' ရှာမှီးသဖြင့် လာဘ် ရကြသည်။ ရှာမှီးလို့ ရသည့် သဘော ပေါ်လာသည်။ (ဤတရားကို အိမ်တွင်း ပဋိစ္စ သမုပ္ပာဒ် အဖြစ် ဟောခဲ့ ဖူးသည်) တဏှာက မညီးနက်သော တရား (အကုသိုလ်တရား) ဖြစ်သည်။ လာဘ် ပဋိစ္စ ဝိနိစ္ဆယော လာဘ်ရတော့ ခွဲဝေဖို့ ဆုံးဖြတ်ရပြန်သည်။ အရှင်အာနန္ဒာက ပဋိစ္စ သမုပ္ပာဒ် လွယ်သည်ဟု ဆိုသောကြောင့် ဘုရားက အိမ်တွင်း ပဋိစ္စ သမုပ္ပာဒ်ကို ဟောခြင်း ဖြစ်သည် ဆို၏။ [နှာ-၄၂၃] ဝိနိစ္ဆယလုပ်တော့ ဒါက သားဖို့၊ ဒါက သမီးဖို့၊ ဒါက ကိုယ့်ဖို့၊ ရင်းနှီးဖို့ ဆိုပြီး ဒိဋ္ဌိ ဝိနိစ္ဆယ၊ တဏှာ ဝိနိစ္ဆယ လုပ်ပုံကို ပြသည်။ ပစ္စည်းကို ဝေပုံချတာ ဝိနိစ္ဆယ ဖြစ်သည်။ [နှာ-၄၂၆] ဤသို့ လုပ်နေခြင်းသည် တဏှာ၊ ဒိဋ္ဌိနှင့် လုပ်နေခြင်း ဖြစ်သည်။ မညီးသော တရားကို လုပ်နေခြင်း ဖြစ်၏။ ဤသို့ ဖြစ်နေခြင်းသည် မိမိကိုယ်တွင်းမှာ ဖြစ်ပေါ် နေသော ပဋိစ္စ သမုပ္ပာဒ် ဖြစ်၏။ ဝိနိစ္ဆယ ဆိုတာက ဝေခွဲတာ၊ ဆုံးဖြတ် ပိုင်းခြားတာ ဖြစ်သည်။ ဤဆုံးဖြတ်ချက်ကို အိမ်ထောင် ဦးစီးက လုပ်သည်။ သူသည် အပါယ်ကို ရှေ့က သွားနေသူ ဖြစ်သည်ဟု ဆိုထားသည်။ [နှာ-၄၂၈]

ဆုံးဖြတ်ချက် ချတာသည် တဏှာ ဒိဋ္ဌိနှင့် ချခြင်း ဖြစ်သည်။ ဆုံးဖြတ်ချက်ကို လူကြီးက ချသည်။ ဤအလုပ်သည် အပါယ်သွားသော အလုပ်မှန်း မသိဘဲ လုပ်နေကြသည်။ သနားစရာ ကောင်းသည်ဟု ဆိုသည်။ [နှာ-၄၃၁] အိမ်ထဲက အပါယ်ကို သွားနေကြပုံကို သံဝေဂ ရအောင် ဟောထားသည်။ [နှာ-၄၃၄] ဝိနိစ္ဆယ အကြောင်း ကို အကျယ် ဟောသည်။ ပြီးမှ 'ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ' ကို ဆက်ဟောသည်။ [နှာ-၄၃၅] ဝိနိစ္ဆယကြောင့် ဆန္ဒရာဂ ဖြစ်ရပြန်သည်။ ဆန္ဒရာဂ ပဋိစ္စ မစ္ဆရိယ ဝင်လာပြန်သည်။ ဆန္ဒ ရာဂကြောင့် ဝင်ငွေခွန် လျှော့ပြချင်သည်။ အမြတ်တော်ကြေး ရှောင်လိုလာပြန်သည်။ ဂိနိစ္ဆယံ ပဋိစ္စ အဇ္ဈောသာနံ တစ်ချက် ကျန်ခဲ့သည်ကို ပြန်ဟောသည်။ [နှာ-၄၄၃] အဇ္ဈောသာနံ ဆိုသည်မှာ အလုပ်ကို အားကြိုး မာန်တက် လုပ်ခြင်း ဖြစ်၏။ ပြီးမှ အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟောကို ဟောသည်။

http://www.dhammadownload.com



ပရိဂ္ဂဟောသည် စုဆောင်း၊ သိမ်းဆည်းခြင်း ဖြစ်၏။ ဤသို့ စုဆောင်း သိမ်းဆည်းမှုကြောင့် မစ္ဆရိယ ဖြစ်ရသည်။ ပရိဂ္ဂဟော ပဋိစ္စ မစ္ဆရိယ ဖြစ်သည်။ ကျန်နေသောနှစ်ချက်ကို ပြန်ထည့်ပြီး ဟောသည်။ တစ်ခါ မစ္ဆရိယံ ပဋိစ္စ ပရိဂ္ဂဟော ဆိုပြီးဟောပြန်သည်။ ဝန်တို၍ သိမ်းဆည်းသည်၊ သိုမှီးသည်ဟု ဆိုပြန်သည်။ [နှာ-၄၄၄] ပြီးမှ မစ္ဆရိယံ ပဋိစ္စ အာရက္ခောဟု ထပ်ဟောသည်။ အာရက္ခသည် စောင့်ရှောက်ခြင်း ဖြစ်၏။ [နှာ-၄၄၅] ဤတွင် ပရိဂ္ဂဟော ပဋိစ္စ မစ္ဆရိယ၊ မစ္ဆရိယံ ပဋိစ္စ အာရက္ခော ဖြစ်သင့်သည်။ စောင့်ရှောက်ခြင်းကြောင့် လက်နက် စွဲကိုင်ရပုံကို ပြသည်။ အာရက္ခ ပဋိစ္စ ဝိကရဏ်- ဤတရားကို တဏှာ မူလက ကိုးချက်ဟု ဆိုသည်။ [နှာ-၄၄၉] ထို့နောက် ဝိပဿနာက ကုသိုလ်ရော၊ အကုသိုလ်ရောကို စွန့်ကြောင်း ဟောရင်း အချိန်စေ့၍ တရား ရပ်နားသည်။

*

## ၁၅။ ကိုယ့်ကိုယ်ကိုယ် သနားရင် မဂ္ဂင်လုပ်ပါ။ ဝေဒနာ သတ်လျှင် တဏှာ သေပုံ (၁)

[ ၇-၁၀-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံး နေစဉ်က သိကြားမင်း ဉယျာဉ် ထွက်လာစဉ် တဏှာ ကုန်သော နည်းသည် ဘာနည်းလဲဟု သိချင်စိတ် ဝင်ပေါ်လာကြောင်း အစချီ၍ ဤတရားကို ဟောသည်။ ပြီးနောက် ဆရာတော်က တဏှာ ကုန်လျှင် နိဗ္ဗာန် ရောက်တာပဲဟု တဏှာနှင့် စပ်ပြီး ကြားညှပ် စကား ဆိုသည်။ တစ်ဖန် နိဗ္ဗာန်အကြောင်း ရှင်းပြန်သည်။ နိဗ္ဗာန်ဆိုတာ ခန္ဓာဝန် ထမ်းရသော ဒုက္ခ၊ ခန္ဓာကို လုပ်ကျွေးရသော ဒုက္ခ၊ ပဋိသန္ဓေ နေရသော ဒုက္ခ၊ အို၊ နာ၊ သေရသော ဒုက္ခ အားလုံး ချုပ်ငြိမ်းခြင်းကို ဆိုကြောင်း ရှင်းပြသည်။ [နှာ-၄၅၅] ဝိပဿနာဉာဏ်၊ သစ္စာဉာဏ် ရအောင် အသက်ရှင်စဉ် အခါကောင်းတုန်းက မလုပ်မိဘဲ နေခဲ့သမျှ သေပေါက်၊ သေဝကျမှ ဇာတိ နိမိတ်၊ ကမ္မ နိမိတ် ထင်ပြီး အတိ ဒုက္ခရောက်၊ မျက်ရည်ပေါက်ကြီးငယ် ကျရပုံများကို သံဝေဂရဖွယ် ဟောသည်။ [နှာ-၄၅၆] မသေခင် ဝိပဿနာ အလုပ်ကို လုပ်ဖြစ်အောင် လုပ်ကြဖို့ တိုက်တွန်းသည်။ ဆရာတော်က ဤသို့ ဆိုဆုံးမနေရခြင်းမှာ ပြုံးပြီး သေစေချင်၍ ဖြစ်သည် ဆို၏။ သေဘေးသည် မတွေ့ဘဲ မနေရသော ဘေးဖြစ်သည်။ သေပေါက်ဝကျမှ နောင်တ ရလျှင် အချိန် မရှိတော့၍ နောက်ကျ သွားပြီး ဘဝ ချောက်ကြီး အပါယ် ဘေးသို့ ကျရတော့သည်။

http://www.dhammadownload.com



ဒါကြောင့် ပြင်ဆင်ရန် အချိန်ရှိတုန်း မိမိတို့ အနေမှား၊ အသေမှား အဖြစ်ကို ပြုပြင်ကြဖို့ ဆရာတော်က တိုက်တွန်းခြင်း ဖြစ်သည်။ မသေခင် မဂ္ဂင်လမ်းပေါ် ရောက်အောင် တင်ပေးနေခြင်း ဖြစ်၏။ သိကြားမင်း အကြောင်း မပြောခင် မဂ္ဂင်အလုပ် လုပ်ဖို့ အရေး မိမိ အရေးဖြစ်ကြောင်း ဟောခြင်း ဖြစ်သည်။ [ နှာ–၄၆၁ ] ပင်လယ်ထဲ သင်္ဘော ပျက်သောအခါ အားကိုးစရာ မပျက်စီးနိုင်သော မဂ္ဂင်ဖောင်ကြီး ရထားဖို့ လိုကြောင်း ထပ်ဟောပြန်သည်။ [ နှာ–၄၆၄ ] မဂ္ဂင်ဖောင်ကြီးက မပျက်စီးနိုင်ဘူး၊ ထိုဖောင်ကြီးကို ဖြစ်ပျက် ရှုလျှင် ရနိုင်ကြောင်း ဟောသည်။ ဖြစ်ပျက်အဆုံးကို မြင်လျှင် နိဗ္ဗာန်လည်း ရနိုင်ကြောင်း ပြသည်။ [ နှာ–၄၆၅ ] မဂ္ဂင်ဖောင်က ကိုယ်လုပ်မှ ကိုယ်ရသည်။ 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ' ကိုယ်လုပ်မှ အသီးသီး ကိုယ်ရမည် ဖြစ်၏ဟု ဆိုလိုသည်။ ကိုယ်လုပ်မှ ကိုယ်ရသည့် အကြောင်းကို အကျယ် ဟောပြန်သည်။ [ နှာ–၄၇၁ ] ကိုယ့်ကိုယ်ကိုယ် သနားလျှင် ဤအလုပ် လုပ်ပါဟု တိုက်တွန်းသည်။ ခန္ဓာက ပြောတာကို ဉာဏ်က အသိနှင့် လိုက်ရမည်။ မဂ္ဂင် ဆိုတာ ထိုဉာဏ်ကို ခေါ်သည်။ [ နှာ–၄၇၃ ] သိကြားမင်း အမေးကို မြတ်စွာဘုရားက ဖြေသောအခါ ဝေဒနာ နုပဿနာ ရှုပုံကိုပြသည်။ ခန္ဓာထဲမှာ ဝေဒနာ သုံးမျိုး ရှိသည်။ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဉပေက္ခာ ဝေဒနာ ဖြစ်သည်။ စိတ်ကို ရှု၊ ဖြစ်သော စိတ်ကလေး ပျက်ပြီ၊ မရှိတော့ဘူးဟု သိလျှင် မဂ္ဂင် ဖြစ်ပြီဟု ဆိုသည်။ [ နှာ–၄၇၇ ]

စိတ်နှင့် ဝေဒနာ အတူယှဉ်၍ ဖြစ်သည်။ သဟဇာတ ဖြစ်သည်။ ယောက်ျား ရသော မင်္ဂကို မိန်းမကို အမျှဝေ၍ မရပါ။ မင်္ဂက ကိုယ့်ပဋိစ္စ သမုပ္ပာဒ်ကိုသာ ဖြတ်ပေးနိုင်သည်။ [ နှာ–၄၇၉ ] သိကြားမင်းကို မြတ်စွာဘုရားက မြန်မြန် မဂ္ဂင် ဖောင်ကြီး စီးချင်လျှင် ဝေဒနာ သုံးပါးကို ဖြစ်ပျက် ရှုဖို့ ဟောတော်မူသည်။ ဝေဒနာကို ဖြစ်ပျက် ရှုလိုက်တော့ မင်္ဂ ဝင်လာသည်။ မင်္ဂ ဝင်လာသဖြင့် ဝေဒနာ ချုပ်သည်။ ဝေဒနာ ပစ္စယာ တဏှာ မလာနိုင်တော့ပါ။ ဖြစ်ပျက်က ဝေဒနာ၊ သိတာက မင်္ဂ ဖြစ်အောင် လုပ်ပုံကို ပြသည်။ [ နှာ–၄၈၁ ] မင်္ဂ ဝင်လိုက်သောကြောင့် ဝေဒနာ နိရောဓာ၊ တဏှာ နိရောဓော ဖြစ်သွားသည်။ ဤတွင် သိကြားမင်း သိချင်သည့် တဏှာ ကုန်အောင် ဘယ်တရား အားထုတ်ရမလဲ ဆိုသော အမေးအတွက် အဖြေပေါ်ပြီ။ တဏှာ ကုန်ချင်လျှင် ဝေဒနာကို ရှုရမည်။ ဝိပဿနာ မရှုသော ပုဂ္ဂိုလ်မှာ ဝေဒနာ ပစ္စယာ တဏှာ ဖြစ်သည်။ ရှုသော ပုဂ္ဂိုလ်မှာ ဝေဒနာ နိရောဓာ၊ တဏှာ နိရောဓော– နိဗ္ဗာန် ဖြစ်ပုံကိုပြသည်။ [ နှာ–၄၈၃ ] ခန္ဓာက ဝေဒနာကွန္ဓာ၊ ဘယ်အခါမှ ဝေဒနာ မကင်းဘူး။

http://www.dhammadownload.com



ဒါကြောင့် ဝေဒနာ နိရောဓာ၊ တဏှာ နိရောဓော– နိဗ္ဗာန် ဖြစ်အောင် လုပ်ပါ။ ကိုယ့်ကိုယ်ကိုယ် သနားရင် လုပ်ပါဟု ထပ်တလဲလဲ တိုက်တွန်းတော်မူသည်။ ကိုယ့်ကိုယ်ကိုယ် သနားသော ပုဂ္ဂိုလ်သည် ရောင်းရေး၊ ဝယ်ရေး၊ စီးပွားရေးနှင့် အချိန်ကုန်နေသူ မဟုတ်၊ မဂ္ဂင် အလုပ်ကို လုပ်နေသူသာ ဖြစ်ကြောင်း ပြသည်။ [နာ–၄၉၁] ဤတရားတွင် ဆုံးမတာသာ များပြီးတရားက နှစ်လုံးတည်း ပါကြောင်း ဆရာတော်က ဆိုထားသည်။ [နာ–၄၉၃] ထို့နောက် ဝိပဿနာ အလုပ် လုပ်သော ပုဂ္ဂိုလ်နှင့် မလုပ်သော ပုဂ္ဂိုလ် ကွာခြားပုံကို ပြသည်။ အလုပ် လုပ်သူမှာ ပဋိစ္စသမုပ္ပာဒ်ပြတ်သည်။ မလုပ်သူမှာ ပဋိစ္စ သမုပ္ပာဒ် ဆက်တန်းသွားသည်။ [နာ–၄၉၅] ကိုယ့်ကိုယ်ကိုယ် သနားလျှင် ဝေဒနာနိရောဓာ၊ တဏှာ နိရောဓော ဖြစ်အောင် လုပ်ဖို့ ဆုံးဖြတ်ချက်ချဟု တိုက်တွန်းရင်း ဤတရားကို ရပ်နားသည်။

*

## ၁၆။ ဝေဒနာ သတ်လျှင် တဏှာ သေပုံ (၂)

[ ၈–၁၀–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

တရား နာကြတာ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းခြင်း အကျိုးငှာ တရား နာကြတာ ဖြစ်ကြောင်းဖြင့် အစချီလျက် ဤတရားကို ဟောကြားလေသည်။ ဒုက္ခ ငြိမ်းချင်လို့ တရား နာလျှင် ဝိဝဋ္ဋ ကုသိုလ် ဖြစ်သည် ဟုလည်း ဆိုသည်။ ဒုက္ခ ဘယ်က လာသလဲ၊ စဉ်းစားလျှင် ဘုံဘဝနှင့် ခန္ဓာကို လိုချင်သော တဏှာ(သမုဒယ)က လာသည်။ ဒုက္ခသည် တဏှာက လာသည်။ သို့ဖြစ်လျှင် ဒုက္ခ ငြိမ်းချင်ပါက အကြောင်း တဏှာကို သတ်ရမည်။ ဒါကြောင့် တရား နာရတာသည် ဒုက္ခ သတ်နည်း ယူဖို့ နာတာဟု ဆိုမှ မှန်သည်။ [နာ–၄၉၇] တဏှာ လောဘလည်း တခြား တစ်ပါးမှာ မဟုတ်။ မိမိ ခန္ဓာကို ခင်မင်မှုဒြဲ ကပ်နေသည်။ ဘဝ တဏှာသည် ခန္ဓာ ကောင်းစားချင်မှု၊ ဘဝ ကောင်းစားရေးပင် ဖြစ်၏။ ခန္ဓာထဲမှာ ဆင်းရဲသော ဝေဒနာ ရှိနေသဖြင့် ဆင်းရဲ ကင်းချင်မှု၊ ဘဝ ကောင်းစားချင်မှု တဏှာလောဘ ပေါ်လာရသည်ဟု ဆိုသည်။

ဒါကြောင့် ဆရာတော်က တဏှာသည် ဝေဒနာ သုံးပါးကြောင့် ဖြစ်ရသည်ဟု ဆုံးဖြတ်ချက် ချသည်။ ဒါကြောင့် တဏှာ ဖြတ်ချင်လျှင် ဝေဒနာကို သတ်ရမည်။ ဒုက္ခ ဖြစ်ရခြင်း၏ လက်သည်ကို တွေ့ပြီဟု ဆိုသည်။ [နာ–၄၉၈] ဒုက္ခ ဘယ်က လာသလဲ။ တဏှာ သမုဒယက လာသည်။ တဏှာ သမုဒယ ဘယ်က လာသလဲ။

http://www.dhammadownload.com



ဝေဒနာက္ခန္ဓာက လာသည်။ ဤအချက်သည် အလွန် အရေးတကြီး သိရမည့် အချက် ဖြစ်၏။ [နှာ–၄၉၉] ထို့နောက် ခန္ဓာမှာ ဒုက္ခဝေဒနာ၊ သုခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာ ဖြစ်ပုံကိုပြသည်။ ဝေဒနာကြောင့် တဏှာ ဖြစ်ရသည်။ ဒါကြောင့် တဏှာကို သတ်ချင်လျှင် ဝေဒနာကို သတ်ရမည်ဟု မိန့်ကြားသည်။ [နှာ–၅၀၀] တဏှာ သေချင်လျှင် ဝေဒနာကို ဝိပဿနာ ရှုပါဟု တိုက်တွန်း ထားသည်။ ဝေဒနာကို ရှုမှသာ တဏှာ ပြတ်သည်။ [နှာ–၅၀၁] ဝေဒနာ၏ ဖြစ်ပျက်၊ အနိစ္စကို မြင်သော ဉာဏ်ဝင်မှ တဏှာ သေသည်၊ သိကြားမင်းက ဘုရားထံ လာပြီး ပုစ္ဆာ မေးသော ဝတ္ထုကြောင်းကို ဆက်ဟောခြင်း ဖြစ်သည်။

ထို့နောက် သူများထက် ပိုပြီး ချမ်းသာချင်သူမှာ သူများထက် တဏှာ ပိုသည် ဖြစ်၍ သူများထက် ပိုပြီး ဆင်းရဲပုံကိုပြသည်။ [နှာ–၅၀၃] တဏှာ များလျှင် ဆင်းရဲပိုသည့် သဘောကို ပေါ်လွင်အောင် ပြခြင်း ဖြစ်သည်။ လူ့ပြည်မှာ သူများ ပစ္စည်းဥစ္စာ ပေါများတာကို မြင်ပြီး အားကျတာသည် အရှုံးထတာဟု ဆိုသည်။ ပဋိစ္စ သမုပ္ပာဒ် အကြောင်းအကျိုး ဆက်ပြီး သမုဒယကြောင့် ဒုက္ခ ရောက်ရတာကို မသိ၍ ဖြစ်ပုံကို ပြသည်။ [နှာ–၅၀၆] လူတွေမှာ အမှတ်များ၊ အသိများ၊ အယူများ၊ ဝိပလ္လာသ တရားတွေ ဖုံးလွှမ်း ခံနေရပုံကို ပြသည်။ [နှာ–၅၀၇] ဆင်းရဲ ဘယ်က လာ။ တဏှာက လာ။ တဏှာ ဘယ်က လာ။ ဝေဒနာက လာသည်။

ဒါကြောင့် ဝေဒနာနှင့် တဏှာကြားမှာ မဂ်ဝင်ရမည်ဟု ဆိုသည်။ ဘုရားဖြစ်တာ ဝေဒနာနှင့် တဏှာကြားမှာ ဖြစ်တာ၊ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဖြစ်သည်ဟု မယူပါနှင့်ဟုဆိုသည်။ [နှာ–၅၀၈] ဘယ်ဘုရားပဲ ဖြစ်ဖြစ် ဝေဒနာနှင့် တဏှာ ကြားမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရပြီး ဘုရား ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ–၅၀၉] ဒကာ၊ဒကာမတွေလည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သွားကြတာ၊ ဝေဒနာနှင့် တဏှာကြားမှာပင် ဖြစ်ကြောင်း ထပ်၍ ဟောသည်။ [နှာ–၅၁၀] ဒါကြောင့် ဝေဒနာ နောက်က မဂ်သာ လိုက်ပါဟု တိုက်တွန်း ထားသည်။ ဒါကြောင့် စိတ္တာ နုပဿနာ ရှုလည်း နိဗ္ဗာန် ရသည်၊ ဝေဒနာ နုပဿနာ ရှုလည်း ရ သည်ဟု ဆိုသည်။ စိတ်နှင့် ဝေဒနာသည် သမ္ပယုတ္တ ဓမ္မ ဖြစ်သည်။ မီးနှင့် အလင်းသည် တစ်ပြိုင်နက် တွဲယှဉ် ဖြစ်သကဲ့သို့ ဖြစ်၏။ [နှာ–၅၁၁]

ဒါကြောင့် သတိပဋ္ဌာန် နှစ်ပါးကို ကြိုက်ရာ ရှုနိုင်သည်ဟု ဆိုပါသည်။ ပြီးမှ သိကြားမင်း အကြောင်း ဆက်ဟောမည်ဟု ဆိုပြန်သည်။ တဏှာ ကုန်သော နည်း ဘယ်နည်းလဲဟု သိကြားမင်း မေးသည်။ 'ကိတ္တာဝတာ နုခေါ ဘန္တေ ဘိက္ခု၊

http://www.dhammadownload.com



တဏှာ သခ်ယ ဝိမုတ္တော ဟောတိ’ ဂါထာဖြင့် မေးကြောင်း ပါဠိတော်ကို ထုတ်ပြသည်။ [နှာ-၅၁၃] ထို့နောက် ဝေဒနာနုပဿနာ ရှုပုံကို ပြသည်။ ဝေဒနာ သုံးမျိုး ပေါ်ပုံ၊ ပေါ်ရာ ဌာနများကို ပြသည်။ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာ ကိုယ်မှာ ပေါ်သည်။ မျက်စိ၊ နား၊ နှာ၊ လျှာပေါ်မှာ ဥပေက္ခာ ဝေဒနာသာ ပေါ်ပုံကိုပြသည်။ ခန္ဓာကိုယ် ပေါ်မှာ သုခ ဝေဒနာ ပေါ်လျှင် စိတ်ထဲမှာ သောမနဿ ဝေဒနာ ပေါ်သည်။ ခန္ဓာပေါ်မှာ ဒုက္ခ ဝေဒနာ ပေါ်လျှင် စိတ်ထဲမှာ ဒေါမနဿ ဝေဒနာ ပေါ်သည်။ ခန္ဓာပေါ်မှာ ဥပေက္ခာ ဝေဒနာ ပေါ်လျှင် စိတ်ထဲမှာ ဥပေက္ခာ ဝေဒနာပင် ပေါ်ပုံကို ပြသည်။ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း နှစ်ခုစလုံး ဒုက္ခ ဝေဒနာချည်း ဖြစ်၏။

သို့သော် ပြိုင်ပြီး မပေါ်ဘူးဟု ဆိုသည်။ [နှာ-၅၁၇] မျက်စိ မြင်ကာ မတ္တ၊ ကြားကာ မတ္တသည် ဥပေက္ခာ ဝေဒနာ ဖြစ်သည်။ ဝေဒနာ သုံးပါးကိုဖြစ်ပျက် ရှုရမည်။ ဝေဒနာကို ဖြစ်ပျက် ရှုလျှင် တဏှာ သေပါသည်။ [နှာ-၅၁၉] တဏှာ သေလျှင် ဥပါဒါန် သေပါသည်။ ဥပါဒါန် သေလျှင် နောက်ဇာတိ မဖြစ်တော့ပါ။ ဤကား သိကြားမင်း အမေးကို ဘုရား ဖြေကြားတော် မူခြင်း ဖြစ်သည်။ ဝေဒနာနုပဿနာ ရှုနည်းကို ပေးလိုက်ခြင်း ဖြစ်သည်ဟု ဆိုသည်။ ထို့နောက် ဒုက္ခသစ္စာ၊ အိုး၊ နာ၊ သေဘေးကို မသိသော အဝိဇ္ဇာကြောင့် ဘုံဘဝကို တဏှာနှင့် ဆုတောင်း နေကြပုံကို ဟောသည်။ [နှာ-၅၂၄] ဝေဒနာ ဖြစ်ပျက်ကို ရှုနေလျှင် ဖြစ်ပျက် နောက်က မဂ် လိုက်နေပုံကို ပြသည်။ မဂ်ဖြစ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ နောက်က ချုပ်တော့သည်။ ဖြစ်ပျက် ဒုက္ခသစ္စာကို တွေ့လျှင် ခန္ဓာစွန့်သည်။ ခန္ဓာကိုစွန့်လျှင် တဏှာကို စွန့်သည်။ ရှေ့က ခန္ဓာစွန့်၊ နောက်က တဏှာ စွန့်သည်။ [နှာ-၅၃၁]

ဝိပဿနာ ဉာဏ်လမ်းထဲ ရောက်လျှင် ဒုက္ခနှင့် ဒုက္ခ ဖြစ်ကြောင်း ချုပ်သည်။ ဒုက္ခ နှစ်ခုက ကယ်တင်သည်ဟု ဆိုသည်။ [နှာ-၅၃၄] ဝိပဿနာဉာဏ် ပေါ်လျှင် ကိစ္စနှစ်ခု ပြီးပြီဟု ဆိုထားသည်။ ခန္ဓာလည်း စွန့်၊ တဏှာလည်း စွန့်သည်။ ဝိပဿနာဉာဏ် တစ်ချက် ပေါ်လာပါက တစ်သံသရာလုံး ရခဲ့သော ဒုက္ခ သစ္စာနှင့် သမုဒယသစ္စာလို ပယ်နိုင်ပြီ ဖြစ်၏။ စူဠတဏှာ သခ်ယ သုတ်-မူလ ပဏ္ဏာသ ပါဠိတော်။ [နှာ-၅၃၅] သမုဒယနှင့် ဒုက္ခ ပယ်ပြီဆိုလျှင် အပါယ်တံခါး ပိတ်ပြီ။ ဤတွင် အချိန်စေ့၍ တရားရပ်နားသည်။

ဝ

**ဤတွင် အလုပ်စခဲ့ တရား စာအုပ်အမှတ် (၂၆) ပြီး၏။**

http://www.dhammadownload.com

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၂၇)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၂၇)

**နိဒါန်း**

ဤနိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင်က ရေးသားခဲ့လေသည်။ မြတ်စွာဘုရားသည် ဘုရားလောင်း ဘဝကတည်းက သတ္တဝါတွေ၏ အိုခြင်း ဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်း ဆင်းရဲနှင့် တစ်ဖန် ပြန်၍ ပဋိသန္ဓေ နေရခြင်း ဆင်းရဲ၏ ကြီးကျယ်ပုံကို သိမြင်တော် မူခဲ့ပုံ၊ ထိုဆင်းရဲမှ လွတ်မြောက်နိုင်သော တရားကို ရှာဖွေရန် ဆန္ဒ ပြင်းပြခဲ့ပုံကို ဖော်ပြသည်။ ထိုအခါ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဆိုသော ဆင်းရဲခြင်း တရားများကို ဖြစ်ပေါ်စေသော အကြောင်းများကို ဆင်ခြင်ခဲ့လေသည်။ ထိုအခါ အခြေခံအားဖြင့် ပဋိစ္စ သမုပ္ပါဒ် ပဋိလုံကို ဆင်ခြင်လေသည်။ အကြောင်းတရား ဖြစ်ပေါ်လျှင် အကျိုးတရား ဖြစ်ပေါ်ရသည်။ အကြောင်းတရား မရှိပါက အကျိုးတရား မရှိ။ အကြောင်းတရား ဖြစ်ပေါ်ခြင်းကြောင့် အကျိုးတရား ချုပ်ရ၏။ အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ရသည်။ ဤသို့ အကြောင်းအကျိုးအားဖြင့် ဆက်စပ် ဆင်ခြင်တော်မူသောအခါ အဝိဇ္ဇာ တဏှာသည် မူလ အရင်းခံ အကြောင်းတရားများ ဖြစ်ကြောင်း သိမြင်တော်မူလာသည်။ အဝိဇ္ဇာ၊ တဏှာသည် ဝေးသော အကြောင်း၊ သမုဒယသစ္စာ ဖြစ်သည်။ ဤအဝိဇ္ဇာ၊ တဏှာ၊ သမုဒယ သစ္စာသည် ဘုံဘဝကို လွန်စွာ နှစ်သက်သည်။ ဘုံဘဝကို တောင့်တသော တဏှာလောဘ သည်လည်း ကုသိုလ် ဒါနနှင့် ဆက်စပ်သော အကြောင်း ဖြစ်၍ ထိုဒါန၏ အပြစ်၊ အာဒီနဝကို ပြ၍ ဆုံးမတော်မူသည်။ ထိုဆုတောင်း တဏှာကြောင့် ဒုက္ခသစ္စာ ခန္ဓာကြီးကို ရသည်။ ခန္ဓာရ၍ အို၊ နာ၊ သေဘေး ကြုံကြရသည်။

http://www.dhammadownload.com



ဆရာတော်ကြီးက သံသရာ ရှည်ခြင်းသည် ဆုတောင်းခြင်းကြောင့် ဖြစ်ပုံ၊ ဆုတောင်းခြင်းမှာလည်း ဘဝ တဏှာကြောင့် ဖြစ်ကြောင်း ရှင်းလင်း ဖော်ပြခဲ့လေသည်။

မြန်မာများသည် အလှူဒါန ပြုကြသောအခါ ဆုတောင်း တစ်ပုံကြီး ပြုကြကြောင်း ကျောက်စာများ မှလည်း တွေ့ရသည်။ ထိုမျှမက ထိုကျောက်စာများတွင် ကျိန်စာများပင် တွေ့ရသည်။ အင်းဝခေတ်မှာလည်း ဆုတောင်း ခေတ်စားခဲ့သည်။ ပုံနှိပ်စာအုပ်များ ထွက်ပေါ်လာသောအခါ ဘုရားရှိခိုး စာအုပ်အမျိုးမျိုး ထွက်လာသည်။ ဘုရား ရှိခိုးထဲတွင် ဆုတောင်း အမျိုးမျိုး ပါလာသည်။ မိုးကုတ် ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓ သာသနာတော်တွင် အမှား ပြင်လိုသော ဆန္ဒရှိသည်။ ထို့ကြောင့် ပဋိစ္စ သမုပ္ပါဒ်နှင့် ဟပ်၍ ဆုတောင်း တဏှာ၏ အပြစ်များကို ဟောကြားသောအခါ လူတချို့က ဆရာတော်ကြီးအား ဒါနကို ပယ်သည်ဟု စွပ်စွဲ ကြကြောင်း ဖော်ပြသည်။ ဤကား ဓမ္မ မစ္ဆရိယသာ ဖြစ်ကြောင်း ဆိုထားသည်။ မြန်မာ ဗုဒ္ဓဘာသာ လူမျိုးများ အလှူဒါန ထက်သန် ကြသည်မှာ ဝမ်းမြောက်ဖွယ် ကောင်းပါသည်။ သို့သော် ဒါနပြုလျှင် ဘဝ ကောင်းစားရေး ရည်ရွယ်ချက် ပါသည်က များသည်။ ဤသို့ ပြုနေကြခြင်း၌ ဇာတိရလျှင် ဘယ်ဘုံ ဘယ်ဘဝ ရောက်ရောက် ဒုက္ခသစ္စာ ရသည်ချည်းသာ ဖြစ်ပုံကို ဆရာတော်ကြီးက ခေတ်ကာလ အမြင်ကို ပြုပြင်လိုသော ဆန္ဒမွန်ဖြင့် ဟောကြား ဆုံးမတော် မူခဲ့ကြောင်း ရေးသား ထားလေသည်။

အရှင်သာရိပုတ္တရာက ရဟန်းတစ်ပါး အမေးကို ဖြေတော်မူရာ၌ ဒုက္ခနှင့် သုခကို ခွဲပြသည်။ ဒုက္ခဆိုသည် စုတိပြီး နောက်တစ်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဒုက္ခ၊ စုတိပြီး နောက်တစ်ဖန် ပဋိသန္ဓေ မနေရခြင်းသည် သုခဟု ခွဲပြတော်မူပုံကို ဖော်ပြသည်။ ဆရာကြီး ဦးသံဒိုင်က အလုပ်မှန်လျှင် ဆုတောင်းရန် မလို၊ ရသင့်သော အကျိုးကို ရနိုင်ကြောင်း၊ ဆုံထဲ နှမ်းထည့် ကြိတ်လျှင် ဆုတောင်းရန် မလို၊ ဆီ ထွက်မည်သာ ဖြစ်ကြောင်း ပြသည်။ လက်ရှိ ဘဝ၊ လက်ရှိ ခန္ဓာသည် ဒုက္ခ သစ္စာကို ရထားပါလျက် နောက်ဘဝ နောက်ခန္ဓာ ဒုက္ခသစ္စာကို တောင့်တခြင်းသည် မသင့်ပုံကို ပြသည်။ ခန္ဓာ ငါးပါးကို ဒုက္ခသစ္စာ ဟူ၍ နားမလည် လည်အောင် မိုးကုတ် ဆရာတော်သည် နည်းအမျိုးမျိုးဖြင့် ပြတော်မူခဲ့ လေသည်။ မြတ်ဗုဒ္ဓ ပွင့်တော်မူလာခြင်းသည် သတ္တဝါများကို သံသရာ ဝဲသြဃမှ ထွက်မြောက်ပြီး ဟိုမှာ ဘက်ကမ်း၊ မြတ်နိဗ္ဗာန်သို့ ပို့ဆောင်ရန် ဖြစ်ကြောင်း၊ ဒါကြောင့် သူတော်စဉ်

http://www.dhammadownload.com



အပေါင်းတို့သည် ဓမ္မာနု ဓမ္မ ပဋိပတ္တိ အလုပ်ကို လုပ်ဖြစ်အောင် လုပ်ကြပါဟု တိုက်တွန်းခြင်းဖြင့် ဤစာနိဒါန်းကို နိဂုံး ချုပ်ထားပါသည်။

*

## ၁။ ဝေဒနာ ခေါ်ရာကို အသွား မလွဲစေနှင့်၊ ဝေဒနာ နုပဿနာ တရား

[ ရက်စွဲမပါ။ မိုးကုတ်မြို့မှာ ဟောသော တရားဟု ဖော်ပြထားသည်။ ]

အပြန်အားဖြင့် ပဋိစ္စသမုပ္ပာဒ်ကို ပဋိလုံ ဟောနေခြင်းသည် အမှားပေါ်အောင် လို့ ဟောခြင်း ဖြစ်သည်ဟု အစချီပြီး ဤတရားကို ဟောပါသည်။ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းထဲမှာ၊ အကွက် ၄ မှာ အို၊ သေ၊ ဇရာ မရဏကို ပြထားသည်။ သို့သော် အိုမှု၊ နာမှု၊ သေမှုသည် ယခု လက်ရှိ ဖြစ်သည်။ သစ္စာအားဖြင့် ဇရာ၊ မရဏသည် ဒုက္ခသစ္စာ ဖြစ်သည်။ ထို့နောက် ဇရာ မရဏ ဒုက္ခသစ္စာကို ရလိုပါ၏ဟု ဆုမတောင်းကောင်းကြောင်းကို ဟောသည်။ [နာ–၂] ဒုက္ခသစ္စာ ဆိုတာ စွန့်သင့် ပယ်သင့်သော တရား ဖြစ်သည်။ ဇရာ၊ မရဏ ဘာကြောင့် ဖြစ်ရသလဲ။ အကြောင်းရင်း ဇာစ်မြစ်ကို ရှာလျှင် ဇာတိကြောင့် ဖြစ်ရသည်ကို တွေ့မည်။ [နာ–၄] ဇာတိ ရလျှင် ဇရာ၊ မရဏ လိုက်လာမည် ဖြစ်၏။ တစ်ခါ ဇာတိ ဘယ်က လာသလဲ ပြန်စဉ်းစားလိုက် ပါက ကမ္မဘဝက လာကြောင်း တွေ့ရသည်။ (ကမ္မဘဝ ပစ္စယာ ဇာတိ) [နာ–၅] ဤသို့ ဖြစ်နေခြင်းသည် ဓမ္မဖြစ်စဉ်၊ သဘာဝ ဖြစ်စဉ် ဖြစ်၏။ ဘုရား မပွင့်ခင်ကလည်း ဤဖြစ်စဉ် ရှိသည်။ ဘုရား ပွင့်လာတော့ နာမည် တပ်ပေးလိုက်ခြင်းသာ ဖြစ်၏။ [နာ–၆] ကံတွေ လုပ်နေလျှင် ပဋိသန္ဓေ ဇာတိတွေသာ ထပ်တလဲလဲ ဖြစ်နေသည်။

ထို့ကြောင့် ကံ မလုပ်နှင့်၊ ဉာဏ်လုပ်ပါဟု တိုက်တွန်းရကြောင်းကို ဟော သည်။ ဥပမာ ဒါန ပြုရာမှာပင် နိဗ္ဗာနဿ ပစ္စယော ဟောတု ဆိုလိုက်လျှင် ဉာဏ် ဦးစီးသော ဒါန ဖြစ်သွားသည်။ ဒုက္ခဝဋ်မှ ကျွတ်လိုတာ၊ ဒုက္ခ မြင်တာက ဉာဏ်ဖြစ်သည်။ မလှူနှင့်ဟု မဆိုကြောင်း၊ လှူပါ၊ ဉာဏ်ဦးစီးပြီး လှူပါဟု ဆိုခြင်းသာ ဖြစ်ကြောင်း ရှင်းထားသည်။ [နာ–၇] သစ္စာကို သိပြီး လှူသင့်ကြောင်းကို ဟော သည်။ [နာ–၉] သစ္စာ မသိဘဲ လှူသော ပုဂ္ဂိုလ်သည် ထောင်ကျခံချင်၍ လာဘ် ထိုးသောလူနှင့် တူသည်ဟု ဆိုသည်။ ဝဋ်ကို ဆုတောင်းခြင်းကို ဆိုလိုသည်။ ပြီးမှ တဏှာ ဦးစီးသော ကံနှင့် ဉာဏ် ဦးစီးသော ကံ ကွာခြားပုံကို ဟောသည်။ [နာ–၁၁] တဏှာ ဦးစီးသော ကံကို ရှောင်ရမည်။ ကံလမ်းသည် ငွေကုန် လှုပ်မ်းပြီး

http://www.dhammadownload.com



အကျိုးရပုံ မကောင်းကြောင်း ပြပြီး၊ လူမိုက်တို့၏ သွားရာလမ်း ဖြစ်ကြောင်း ဟောသည်။ [နှာ-၁၂] ဉာဏ်ဦးစီးလျှင် ကံက ဉာဏ်နောက်ကို လိုက်ရမည်ဟုလည်း ဆိုသည်။ တဏှာ ဦးစီးလျှင် ကံက တဏှာနောက်ကို လိုက်ရသည်။ တဏှာ ခိုင်းသလို ကံလက်သမားက ခန္ဓာအိမ်တွေကို ဆောက်ပေးရ ကြောင်းလည်း ဟောသည်။ ဤကား ပုထုဇဉ်တို့၏ မိုက်မှားပုံများကို ပြနေခြင်း ဖြစ်၏။ ဝိပဿနာကို မဟောရသေးဟု ဆိုသည်။ [နှာ-၁၃]

ထို့နောက် ဥပါဒါန်ကြောင့် ကံဖြစ်ရပုံကို ပြသည်။ ဒါကြောင့် ဥပါဒါန်သြဇာကို ကံက လိုက်နာရသည်။ နောက်ဘဝကို ဖွဲ့လမ်းတာက ကာမုပါဒါန်ဖြစ်သည်။ ဥပါဒါန် ဘယ်ကလာသလဲ။ စဉ်းစားပါ။ တဏှာက လာသည်။ တဏှာ၊ ဥပါဒါန်သည် အကုသလ မဂ္ဂ ဖြစ်သည်။ [နှာ-၁၇] တဏှာ၊ ဥပါဒါန်၊ အကုသလမဂ္ဂကို သစ္စာဖွဲ့လိုက်လျှင် သမုဒယသစ္စာ ဖြစ်သွားသည်။ သမုဒယ အကြောင်းကြောင့် ဒုက္ခ ဖြစ်ရသည်။ သမုဒယကို ပယ်မှသာ ဒုက္ခက လွတ်မြောက်မည် ဖြစ်ကြောင်း ပြသည်။ [နှာ-၁၈] ထို့နောက် ပုထုဇဉ်မှာ ပယ်ရ၊ သတ်ရမည့် သမုဒယ သစ္စာကိုမှ လက်သပ် မွေးမိသည်။ ဒါကြောင့် ဒုက္ခသစ္စာကို လှလှကြီး ရနေပုံကို ရှင်းပြသည်။ 'တဏှာ ဒုတိယော ပရိသော ဒီဃမဒ္ဓါန သံသာရံ၊ ဣတ္ထဘာဝံ၊ ယထာဘာဝံ၊ သံသာရံ နာတိ ဝတ္တတိ' ဂါထာကို ထုတ်ပြသည်။ တဏှာကို အဖော်လုပ်နေသော ပုဂ္ဂိုလ်မှာ ဒုက္ခနှင့် ခွဲမရကြောင်း ပြသည်။ [နှာ-၂၂] တဏှာကို အဖော် မလုပ်မှသာ ဒုက္ခနှင့် အိုးစားကွဲမည် ဖြစ်ကြောင်း ဟောသည်။ ပြီးမှ တဏှာ၊ ဥပါဒါန်သည် ဝေဒနာက လာကြောင်း ပဋိစ္စ သမုပ္ပါဒ် ပဋိလုံကို ဆက်ပြသည်။

ဘုရားအဆူဆူ (ဂင်္ဂါ သဲမှုန့်နှင့်အမျှ) ပွင့်သွားသော်လည်း လူတွေအားလုံး ကျွတ်တမ်း မဝင်ခြင်းမှာ ကိုယ့်ပဋိစ္စ သမုပ္ပါဒ်ကို ကိုယ်က မဖြတ်သောကြောင့် ဖြစ်သည် ဆို၏။ [နှာ-၂၄] တဏှာ အားကြီးသော ပုဂ္ဂိုလ်သည် ဝေဒနာကို ဝိပဿနာ ရှုရမည်။ ရာဂစရိုက် ရှိသူကို ဝေဒနာ နုပဿနာကို ပေးရမည်။ [နှာ-၂၅] ဝေဒနာသည် ဘယ်အချိန်မှ မကောင်းကြောင်း ထပ်ပြသည်။ ဝေဒနာသုံးပါး အကုန်ချုပ်လျှင် ယောဂီ၏ သန္တာန်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ ပျောက်ထွက်သွားသည်ဟု ဆိုသည်။ [နှာ-၂၇] ဝေဒနာကုန်လျှင် ခန္ဓာ ဒုက္ခသစ္စာလည်း ကုန်သည်။ ဤကား ဖြစ်စဉ်ကိုက်တရား ဖြစ်သည်။ ပြီးမှ ဖေဟိပဿိကောဟု ဝေဒနာ ခေါ်ရာကို ဉာဏ်ဖြင့် လိုက်ရမည်။ တဏှာဖြင့် မလိုက်ရဟု ဆိုသည်။ [နှာ-၂၉] ဝေဒနာပစ္စယာ တဏှာ မဖြစ်ရပါ။ ဝေဒနာပစ္စယာ ပညာသာ ဖြစ်ရမည် ဆိုသည်။ ဝေဒနာခေါ်ရာ ဉာဏ်နှင့်

http://www.dhammadownload.com



သွားတတ်အောင် သင်ပေးခြင်းဖြစ်သည် ဆို၏။ သို့မှသာ မိမိသန္တာန်မှာ ဘုရားပွင့်မည် ဖြစ်သည် ဆို၏။ [နှာ-၃၂] ဝေဒနာခေါ်ရာ ဉာဏ်နှင့် သွားမှ မဂ်ဖြစ်သည်။ ဉာဏ်နှင့် မသွားဘဲ တဏှာနှင့် သွားလျှင် မဂ်မဖြစ်ပါ။ ဝေဒနာက ဖြစ်ပျက် ဒုက္ခသစ္စာ၊ ဝေဒနာ အနိစ္စမှန်း၊ မရှိမှန်း သိတာက မဂ်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ ဉာဏ်နှင့်သွား၍ ပြတ်ခြင်း ဖြစ်သည်။ တဏှာနှင့် သွားလျှင် နောက်က ဥပါဒါန်၊ ကံ လိုက်သည်။ အသွား မလွဲစေနှင့်ဟု ဆိုသည်။ [နှာ-၄၀] ဝေဒနာ ခေါ်ရာ ဉာဏ်ဖြင့် မလိုက်ဘဲ တဏှာနှင့် လိုက်ပါက ခင်ဗျားတို့ သန္တာန်မှာ ဘုရားလည်း မပွင့်ဘူး၊ တရားလည်း မရှိဘူးဟု ဆိုသည်။ [နှာ-၄၁] ကိုယ့်အလုပ်ကို ကိုယ်လုပ်မှသာ ကိုယ့်သန္တာန်မှာ ဘုရားပွင့်ကြောင်း ဟောသည်။ ဉာဏ်ဆိုတာ အမှန်ကို သိခြင်းဖြစ်သည် ဟုလည်း ဖော်ပြသည်။ [နှာ-၄၂] ယနေ့ တရားမှာ အသွားမလွဲစေနှင့် တစ်လုံးပဲ ပါသေးသည်ဟု ဆိုသည်။

ထို့နောက် ဥပေက္ခာဝေဒနာ ဖြစ်ပြီး ပျက်ပုံကို ပြသည်။ ဖြစ်ပျက်ကို မသိလိုက်လျှင် ဝေဒနာ ဖြစ်သွားပုံကို ပြသည်။ [နှာ-၄၄] ဖြစ်ပျက် မြင်ဖန်များလျှင် ဝေဒနာကို မုန်းလာသည်။ မုန်းမဆုံးပုံကို ဆက်ပြသည်။ ဝေဒနာချုပ်လျှင် သညာ၊ သင်္ခါရ၊ ဝိညာဉ် အကုန်ချုပ်သည်။ [နှာ-၄၆] 'ဝေဒနာနံ ခယောဘိက္ခု'- ဝေဒနာကုန်အောင် ရှုနိုင်သော ပုဂ္ဂိုလ်သည် နိစ္ဆာတော၊ နိတ္တဏှော- တဏှာ မရှိသည်ဖြစ်၍ ပရိနိဗ္ဗုတော- ကိလေသာ ပရိနိဗ္ဗာန် စံသည် ဟောတိ- ဖြစ်၏။ ဒီဘဝ ကိလေသာ ကုန်တာပဲဟု ဟောသည်။ [နှာ-၄၇] ကိလေသာ ပရိနိဗ္ဗာန်စံလျှင် ကိလေသာဝဋ်၊ ကမ္မဝဋ် ကျွတ်သည်။ ဒါကြောင့် ဝေဒနာ ဖြစ်ပျက်ကိုသာ မြင်အောင်ကြည့်ဖို့ လိုကြောင်း ပြသည်။ အသွားမတတ်လျှင် ဝဋ်ဆက်သည်ကို ပြသည်။ [နှာ-၄၉] ပဋိစ္စသမုပ္ပါဒ် ဖြတ်သော အလုပ်သည် ကိုယ်တိုင်လုပ်မှ ရသည်။ အမွေဝေ၍ မရကြောင်း ဟောသည်။ ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနှင့် လိုက်ရမည်ဟု ပြသည်။ [နှာ-၅၃] အနိစ္စကိုတွေ့လျှင် အနိစ္စ အဆုံးကိုလည်း မုချ တွေ့နိုင်ကြောင်း ဟောသည်။ [နှာ-၅၄] အသွားမတတ်လျှင် ဝေဒနာပစ္စယာဖြစ်သည်။ အသွားမှန်လျှင် ဝေဒနာ နိရောဓာ တဏှာ နိရောဓော ဖြစ်သည်ဟု ပြသည်။ [နှာ-၅၆] ဝေဒနာ ချုပ်လျှင် မဂ်ဝင်လာသည်။ မဂ်ဝင်လာလျှင် တဏှာ နိရောဓ ဖြစ်သည်။ ဤအကြောင်းကို ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

http://www.dhammadownload.com



## ၂။ ဒိဋ္ဌိ အလေးစာတ်ကြီး ပါသွားလျှင် သံသရာမှာ မြုပ်ကြရဦးမည်

[ ရက်စွဲမပါ။ မိုးကုတ်မြို့မှာ ဟောသော တရား ဖြစ်သည်။ ]

ဝေသာလီပြည်မှာ မြတ်စွာဘုရား သီတင်းသုံး နေတော်မူစဉ် သလ္လခေါ် လိစ္ဆဝီ မင်းသားနှင့် အဘယခေါ် လိစ္ဆဝီ မင်းသားနှစ်ပါးသည် မြတ်စွာဘုရားကို ဖူးတွေ့ကြသည် အစချီ၍ ဤတရားကို ဟောသည်။ သူတို့နှစ်ဦး စိတ်မှာ အစက ယုံကြည် အားထားသည်မှာ သီလ စင်ကြယ်လျှင် ပြီးပြီ၊ ကျင့်ကြံ အားထုတ်ရန် မလိုဟူ၍ ဖြစ်သည်။ တိတ္ထိ ဆရာကြီးများက သီလနှင့်ပင် ဩဃလေးပါးကို ကူးမြောက်နိုင်ကြောင်း ဟောထားသည်ဟု သူတို့က ဆိုကြသည်။ ဘုရားက သီလ ဆိုတာ သာမည တရားအဖို့ အစုသာ ဖြစ်ကြောင်း ဟောတော်မူသည် ဆို၏။ [ နှာ-၅၉ ] သီလသည် ကာယကံ၊ ဝစီကံလောက်သာ လုံခြုံသည်၊ မနောကံ ထွက်ပေါက်ကို လုံအောင် မပိတ်နိုင်ကြောင်းလည်း ဟောသည်။ အမှန်မှာ မနောကံ က အကုသိုလ် အဖြစ်ဆုံး ဖြစ်၏။ [ နှာ-၆၀ ]

ထို့နောက် မြတ်စွာဘုရားက ဥပမာပေးပြီး ဟောတော်မူသည်။ အင်ကြင်း ပင်ကြီးကို သစ်ခုတ်သမားက ခုတ်ဖြတ်ပြီး လှေပုံသဏ္ဍာန် ဖြစ်အောင် ဓားဖြင့် ရွှေပြီး အတွင်းကို မထွင်းဘဲ ပင်လယ်ကို ဖြတ်ကူးပါက မရဘဲ အတွင်းသားကို ထွင်းပြီး လောင်းလှေဖြစ်အောင် လုပ်မှသာ ပင်လယ်ကို ဖြတ်ကူး၍ ရကြောင်း ဥပမာကို ပြသည်။ [ နှာ-၆၁ ] ထို့နောက် မြတ်စွာဘုရားက သီလဖြင့် ငါ့ကိုယ်၊ ငါ့ဟာဆိုသော ဒိဋ္ဌိစွဲကို ဖြုတ်နိုင်စွမ်း မရှိကြောင်း ပြသည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပယ်မှသာ သောတာပန်ဖြစ်သည်။ အပါယ်တံခါး ပိတ်သည်။ ဒိဋ္ဌိက မြုပ်စေတတ် သော တရား ဖြစ်၏။ သီလလောက်ဖြင့် တင်းတိမ် မနေသင့်ကြောင်းကို ပြသည်။ ဒိဋ္ဌိ အလေးစာတ်ကြီးက ဝမ်းထဲမှာ ရှိနေလျှင် ဝမ်းစာ ထုတ်မထားသော သစ်တုံးကို တက်စီးလျှင် နစ်မြုပ်သကဲ့သို့ သံသရာ ဝဲဩဃမှာ နစ်မြုပ်ဦးမည်သာ ဖြစ်ပုံကို ဟောသည်။ [ နှာ-၆၃ ] ဒိဋ္ဌိက ဝမ်းထဲမှာ၊ စိတ်မှာ စွဲကပ်နေသည်။

ဒါကြောင့် သီလလောက်ဖြင့် တင်းတိမ်မနေဘဲ ဒိဋ္ဌိကွာသော အကျင့်ကို ကျင့်ရပေဦးမည်။ [ နှာ-၆၄ ] သောတာပန်ဒိဋ္ဌိ ပယ်၍သာ အပါယ်ဘေးက လွတ် သည်။ ဒိဋ္ဌိက အလေးစာတ်ကြီး ဖြစ်သည်။ ထိုစာတ်ကြီး ရှိနေလျှင် သံသရာ ဝဲ ဩဃမှာ နစ်မြုပ်ဦးမည်သာ ဖြစ်၏။ သီလက ဒိဋ္ဌိကို မပယ်နိုင်ပါ။ ဝိပဿနာကသာ ဒိဋ္ဌိကို ပယ်နိုင်ပါသည်။ ဆရာတော်ကြီးက သီလကို မပယ်ပါ။ သီလ ဆောက်တည် ရုံဖြင့် ကျေနပ်မနေသေးဘဲ ဝိပဿနာ အညွန့်စာတ် ပါဦးဟု တိုက်တွန်းခြင်း

http://www.dhammadownload.com



ဖြစ်၏။ [နာ–၆၆] ဝိပဿနာ ရှုသဖြင့် ခန္ဓာငါးပါး၏ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်ပြီ ဆိုပါက ငါ့ကိုယ်၊ ငါ့ဟာ မဟုတ်ကြောင်း သိသွားသည်။ ထိုအခါ ငါစွဲ ဒိဋ္ဌိ ပြုတ်တော့သည်။ ခန္ဓာက လှေနှင့်တူသည်။ ဝိပဿနာက လှေ၏ ဝမ်းစာကို ထွင်းခြင်းနှင့် တူပုံကို ဟောသည်။ [နာ–၆၇] ခန္ဓာထဲမှာ အလေးဓာတ်သည် ဒိဋ္ဌိ ဖြစ်၏။ ထိုဓာတ် စင်ကြယ်အောင် ထွင်းထုတ် ပစ်ရမည်။ အတွင်းဓာတ် စင်ကြယ် အောင် လုပ်ရဦးမည်ဟု ဆိုလိုသည်။ အတွင်းက အလေးဓာတ်ကို ထွင်းထုတ် ပစ်မှသာ ဘယ်လို မြုပ်တတ်သော အသားပဲဖြစ်ဖြစ် ရေပေါ်မှာ ပေါ်နိုင်ပုံကို ပြ သည်။ တိကနိပါတ် အင်္ဂုတ္တိုရ်ကို ကိုးကား၍ ဟောတော်မူခြင်းဖြစ်၏။ [နာ–၆၉] ကျင့်ကြံအားထုတ်မှသာ သံသရာကို ကူးမြောက်နိုင်ကြောင်းကို ပြခြင်း ဖြစ်သည်။ သီလလည်း ဆောက်တည်ပါ၊ ဝိပဿနာကိုလည်း အားထုတ်ပါဟု တိုက်တွန်းခြင်း ဖြစ်၏။

ဒေဝဒတ်နှင့် သုပ္ပဗုဒ္ဓတို့ ငါစွဲကြောင့် အဝီစိရောက်ကြရပုံကို ပြသည်။ ဒိဋ္ဌိ ရှိနေလျှင် မြုပ်ခန္ဓာ၊ ဒိဋ္ဌိပြုတ်မှ ပေါ်ခန္ဓာ ဖြစ်ကြောင်းလည်း ဟောသည်။ [နာ–၇၂] သီလ ဆောက်တည်တိုင်း ဝိပဿနာအညွန့် တပ်ပေးပါဟု ဆရာတော် ကြီးက တိုက်တွန်းထားသည်။ [နာ–၇၄] ဘုရားက ဒိဋ္ဌိကိုသာ အရေးထား၍ ဟောသည်။ ဒိဋ္ဌိပြုတ်လျှင် ဝိစိကိစ္ဆာ အလိုလို ပါသွားသောကြောင့် ဖြစ်သည် ဆို ၏။ [နာ–၇၅] အကြောင်းချုပ်လျှင် အကျိုး ချုပ်သောကြောင့် ဘာကြောင့် ဖြစ်ပါလိမ့်ဟု မေးစရာမလို၊ အကြောင်းဖြစ်၍ အကျိုးဖြစ်ခြင်း ဖြစ်ပုံကို ပြသည်။ ဝိစိကိစ္ဆာကို ရှင်းခြင်း ဖြစ်၏။ [နာ–၇၇] ဖြစ်ပျက်ကို မြင်သော ပုဂ္ဂိုလ်မှာ ဝိစိကိစ္ဆာကို အထူး သတ်နေစရာ မလိုကြောင်း ရှင်းပြထားသည်။ သစ်တုံးကို ဝမ်းစာထွင်းသလို စိတ်ပေါ်လျှင် စိတ်ကို၊ ဝေဒနာ ပေါ်လျှင် ဝေဒနာကို ဖြစ်ပျက် ရှုပေး၊ ဝိပဿနာ ရှုပေးပါဟု ဆိုသည်။ သီလကို အထွတ်အမြတ်ထားပြီး ဟောနေသူများကိုဆရာတော် ကြီးက အင်ကြင်းတုံးကြီးကို မထွင်းဘဲနှင့် လှေလုပ် စီးနေကြသူများကို ခေါ်ထား သည်။ သီလရှိသူ ဝိပဿနာ အညွန့်တပ်ဖို့ လိုကြောင်း ဤတရားမှာ အဓိကထားပြီး ဟောခြင်း ဖြစ်၏။ [နာ–၈၁] ဒိဋ္ဌိ ဖြုတ်ကြပါ၊ ဒိဋ္ဌိပြုတ်အောင် ဝိပဿနာ ရှုကြပါဟု တိုက်တွန်းထားသည်။ [နာ–၈၄] အသိနှင့် ဒိဋ္ဌိဖြုတ်လျှင် ဉာဏပရိညာ ဖြစ်သည်။ ခဏ ပြုတ်သည်။ မဂ်နှင့် ဖြုတ်မှသာ အပြီးအပိုင် ပြုတ်ကြောင်း ဟောသည်။

ထို့နောက် မနေ့က ဝေဒနာမှာဆုံးသည်။ ယနေ့ စိတ်မှာ ဆုံးကြရအောင်ဟု ဆိုသည်။ [နာ–၈၅] ထို့ကြောင့် သမုဒယသစ္စာကို ဒုက္ခသစ္စာ ဖြစ်ရပုံကို ပြသည်

http://www.dhammadownload.com



ဇာတိကြောင့် ဇရာ၊ မရဏ ဖြစ်သည် ဆိုရာ၌ ဇာတိက အကြောင်း (သမုဒယ)၊ ဇရာ၊ မရဏက အကျိုး (ဒုက္ခသစ္စာ) ဖြစ်သည်။ ကမ္မဘဝကြောင့် ဇာတိ ဖြစ်ရာ၌ကာ ကံက သမုဒယ အကြောင်း၊ ဇာတိက ဒုက္ခ အကျိုး ဖြစ်ပြန်သည်။ [နှာ–၈၈] ကံကို အားမကိုးသင့်၊ ကံကြောင့် ဒုက္ခ ရောက်ကြရပုံကို ဟောသည်။ ဉာဏ်ကို အားကိုးသင့်ကြောင်းလည်း ပြသည်။ [နှာ–၈၉] ဉာဏ်ဦးစီးလျှင် ဝဋ်ကျွတ်တယ် ဟုလည်း ဆိုထားသည်။ တစ်ခါ ကံ ဘယ်က လာ၊ ဥပါဒါန်က လာသည်အထိ ဆက်သွားပြန်သည်။ (ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်) ဥပါဒါန် လေးပါး ရှိသည်။ ဥပါဒါန်က သမုဒယ အကြောင်းဖြစ်ပြီး ဤတွင် ကံက ဒုက္ခသစ္စာ ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ–၉၀] လောကီကံကြောင့် ဇာတိလာသည်၊ လောကုတ္တရာကံဆိုလျှင် ဇာတိ ပြတ်ကြောင်းလည်း ပြသည်။ [နှာ–၉၁]

ဒါကြောင့် ဝိပဿနာဉာဏ် ဦးစီးရမည်ဟု ဆိုသည်။ ပဋိစ္စသမုပ္ပာဒ်မှာ သမုဒယနှင့် ဒုက္ခသစ္စာချည်း ပါသည်။ ယခုဘဝမှာ သီးသန့် လုပ်ရမှာက မဂ္ဂနှင့် နိရောဓ ဖြစ်သည် ဆို၏။ [နှာ–၉၄] ထို့နောက် ဝေဒနာကြောင့် တဏှာဖြစ်ပုံ အထိ ဆက်ပြသည်။ ပြီးမှ ဝေဒနာကို ဖြစ်ပျက်ရှုဖို့၊ ရှုမှသာ ဝေဒနာ ဖြစ်ပျက်က ဒုက္ခ သစ္စာ၊ ဒုက္ခသစ္စာဟု သိခြင်းက မဂ္ဂသစ္စာ ဖြစ်ကြောင်း၊ ပြီးမှ ဝေဒနာနှင့် တဏှာကြား မှာ ဇောဓိပင်နှင့် ရွှေပလ္လင် ပေါက်ကြောင်း ထပ်မံ ဟောပြန်သည်။ ဝေဒနာနှင့် တဏှာကြားမှာ ဘုရားပွင့်သည်ဟု ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက် ပါသည်။

*

## ၃။ ငရဲ ရေသောက်မြစ် ဖြတ်ရေး

[ ၄–၁၀–၆၁ နေ့က မင်္ဂလာတိုက်ကျောင်းဟု ဖော်ပြထားသည်။ မိုးကုတ်မှာလား၊ အမရပူရမှာလား မရှင်းထားပါ။ အမရပူရမှာ ဖြစ်နိုင်သည် ]

**(၄–၁၀–၆၁ နေ့စွဲဖြင့် အမရပူရမြို့ မင်္ဂလာတိုက်မှာ 'ဝေဒနာကမ္မဋ္ဌာန်းဖြင့် တရားနာနေပုံ– သက္ကာယဒိဋ္ဌိ ကင်းစင်ရေး' တရားကို ဟောခဲ့သည်။ စာအုပ် အမှတ် ၂၆၊ စာမျက်နှာ ၃၆၃ တွင် ရှုပါ)**

ဘုရားက ငရဲ ရေသောက်မြစ် တစ်ခုကို အရေးတကြီး ဖြတ်ပါဟု ဟော ကြောင်း အစချီလျက် ဤတရားကို ဟောပါသည်။ စားချင်၊ ဝတ်ချင်၊ နေချင်သော စိတ်ကလေး ပေါ်တာကို ငါလုပ်နေခြင်းသည် ငရဲ ရေသောက်မြစ် ဖြစ်သည်။

http://www.dhammadownload.com



ဘုရား စက်ဆုပ်သော ကိစ္စ ဖြစ်သည်ဟု ဆိုသည်။ စိတ်သည် အကြောင်းတိုက်ဆိုင်မှသာ ပေါ်သောအရာ ဖြစ်သည်။ ထိုပေါ်လာသော စိတ်ကို ငါမလုပ်ပါနှင့်ဟု တိုက်တွန်းထားသည်။ စိတ်တစ်ခု ပေါ်လာလျှင် ပေါ်လာမှန်းသိပြီး သြော်...ဒါလည်း စိတ်တစ်ခုပဲဟု သိရုံမျှ သိပါဟု ဆိုသည်။ [နာ-၉၇] ပေါ်လာသမျှ စိတ်တို့သည် သူ့ကိစ္စနှင့်သူ ပေါ်လာခြင်းသာ ဖြစ်သည်။ ထိုစိတ်သည် ငါမဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ဟု သိရမည်။ ငါစွဲပြုတ်ဖို့ အရေးအကြီးဆုံး ဖြစ်သည်ဟု ဆိုသည်။ ငါစွဲပြုတ်လျှင် ဒိဋ္ဌိ ပြုတ်သည်။ ငါ့ဥစ္စာ ပြုတ်လျှင် တဏှာ ပြုတ်သည်။ [နာ-၉၈] ဘယ်လို ဒိဋ္ဌိ ဖြုတ်ရမလဲဆိုလျှင် ဘာစိတ်ပဲ ပေါ်ပေါ် ပေါ်တိုင်း သိနေရန်သာ လိုသည်။ စိတ်ပေါ်တာ မှန်သမျှ ခန္ဓာပေါ်တာ ဖြစ်သည်။ ပေါ်သမျှစိတ်ကို ပေါ်တိုင်း သိသိနေလျှင် ဒိဋ္ဌိ ပြုတ်သည်ဟု ဆိုသည်။ [နာ-၁၀၁] ပုထုဇဉ်၏ သဘောမှာ ပေါ်လာသော စိတ်ကို ငါလုပ်တတ်ပုံကို ပြသည်။ စိတ်မှာ ငါမရောစေနှင့်ဟု ဆိုသည်။ ဘာစိတ်ပေါ်ပေါ် ပေါ်တိုင်း သိနေလျှင် ဒိဋ္ဌိ ပြုတ်သော ဝိပဿနာ ဖြစ်သည်ဟု ဆိုသည်။ [နာ-၁၀၂]

ဒါကြောင့် ပေါ်စိတ်ကို သိနေလျှင် ဒိဋ္ဌိကို အထူးဖြုတ်စရာ မလိုဟု ဆိုသည်။ စိတ်ပေါ်တိုင်း သိနေလျှင် ပုဂ္ဂိုလ် သတ္တဝါ ပျောက်သည်ဟု ဆိုသည်။ [နာ-၁၀၃] ဒိဋ္ဌိ ဖြုတ်နည်းကို ပြောခြင်းဖြစ်သည်။ ပြီးမှ ဝိစိကိစ္ဆာ ဖြုတ်နည်းကို ဟောပြန်သည်။ စိတ်ပေါ်တိုင်း သိတာသည် သက္ကာယဒိဋ္ဌိပဲ ပြုတ်သည်။ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ မပြုတ်သေးပါ။ မိမိစိတ်ကို ငါလုပ်နေလျှင် ပစ္စည်းကို ငါ့ဥစ္စာလုပ်ပြီး ဝေဒနာဘက် ကူးသွားကြောင်း ဆက်ဟောသည်။ အကုသိုလ် မှန်သမျှ ဒိဋ္ဌိက ပွားတာဖြစ်သည် ဆို၏။ [နာ-၁၀၅] ဒိဋ္ဌိသည်သာ ငရဲ ရေသောက်မြစ် ဖြစ်ကြောင်း ပြသည်။ ယခု ဟောနေတာသည် ငရဲ ရေသောက်မြစ် ဖြတ်ပေးနေခြင်း ဖြစ်ကြောင်း ဆိုသည်။ [နာ-၁၀၆]

ထို့နောက် တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်ပေါ်ပုံကို စားချင်စိတ်က စပြီး ပြောင်းသွားပုံကို ပြသည်။ ထို့နောက် တဏှာ၊ ဥပါဒါန်၊ ကံ အကြောင်း အကျိုးဆက်၍ ဖြစ်ပုံကို ပြသည်။ [နာ-၁၁၄] ဤသို့ အကြောင်းကြောင့် အကျိုးဆက် ဖြစ်ပေါ်နေခြင်းကို သိရသဖြင့် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သည်။ ဥစ္ဆေဒဒိဋ္ဌိက ပြတ်သည်ဟု ယူဆသည့် အယူဖြစ်သည်။ ဥစ္ဆေဒဒိဋ္ဌိ မပြုတ်လျှင် သောတာပန် မတည်နိုင်ကြောင်းကို ဟောသည်။ [နာ-၁၁၆] ဒိဋ္ဌိကို အရင်မရှင်းဘဲ အားထုတ်လျှင် တရားမရကြောင်းကို ဟောပြန်သည်။ တဏှာ ဖြစ်ပြီး ပျက်သည်။ ဥပါဒါန်လည်း ဖြစ်ပြီး ပျက်သည်။

http://www.dhammadownload.com



ပျက်သည်၊ ချုပ်သည်ဟု သိလျှင် ခိုင်သည်၊ မြဲသည်ဟု ယူသော သဿတဒိဋ္ဌိ စင်သည်။ [နာ-၁၁၉] ဒါကို သိလျှင် သိသောအချိန်က စပြီး အပါယ်မသွားဘူးဟု တိတိကျကျ ဆိုသည်။ [နာ-၁၂၀]

ဤတွင် ဓမ္မတစ်ခုသည် ပျက်လည်း ပျက်သည်၊ သို့သော် အကြောင်းအကျိုး ဆက်လည်း ဆက်သည်ဟု သိရမည်။ [နာ-၁၂၁] ပျက်တာမြင်လျှင် သဿတဒိဋ္ဌိ စင်သည်။ ဆက်တာ မပြတ်တာ မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ စင်သည်။ အကျဉ်းအားဖြင့်–

– စိတ် ပေါ်တိုင်းပေါ်တိုင်း သိလျှင် သက္ကာယဒိဋ္ဌိ စင်သည်၊

– ပျက်တိုင်းပျက်တိုင်း သိလျှင် သဿတဒိဋ္ဌိ စင်သည်၊

– အကြောင်းပြီး အကျိုး ဆက်၍ဆက်၍ ဖြစ်တတ်ပုံကို သိလျှင် ဥစ္ဆေဒ ဒိဋ္ဌိ စင်သည်ဟု ရှင်းအောင် ပြထားသည်။ [နာ-၁၂၂] အပါယ်ချတာ ဒိဋ္ဌိ ချတာ၊ ကံမကောင်းလို့ ရောက်တာ မဟုတ်ဟု ဆိုသည်။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမှု၌ ဂဠုန်ဦးစော ပါဝင်ပုံကို ဥပမာ ပေးထားသည်။ [နာ-၁၂၃] ဒီမှာ သတ်သူက တခြား၊ အမိန့်ပေးသူက တခြား ဖြစ်ပုံ၊ သတ်သူက ကံ၊ အရေးမပါဘူး၊ အမိန့်ပေးသူ၊ စေခိုင်းသူက ဒိဋ္ဌိ၊ အရေးပါသည်ဟု ဆိုသည်။ [နာ-၁၂၄] ကံက အပါယ် ဆွဲချတာ မဟုတ်ကြောင်း၊ ဒိဋ္ဌိကသာ အပါယ် ဆွဲချကြောင်း ပြသည်။ [နာ-၁၂၅] ဒိဋ္ဌိကို လက်သည်တရားခံ မဖမ်းဘဲ ကံကို တရားခံ လုပ်နေတာသည် သူများပါးစပ် လမ်းဆုံးနေတာ ဖြစ်ကြောင်း ပြရင်း အချိန်စေ့၍ တရားနားသည်။

*

## ၄။ သက္ကာယအပေါ်၌ ဒိဋ္ဌိပြုတ်တဲ့ တရား၊ သက္ကာယ၌ မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိသို့

[ ၅-၁၀-၆၁ နေ့က မင်္ဂလာတိုက်ကျောင်း၌ ဟောသောတရားဟု ဖော်ပြ ထားသည်။ မိုးကုတ်ကလား၊ အမရပူရကလား ဖော်ပြထားခြင်း မရှိပါ။]

**(မှတ်ချက်– ၅-၁၀-၆၁ နေ့စွဲဖြင့် စာအုပ်အမှတ် ၂၆ မှာလည်း 'တဏှာမူလ က တရားကိုးချက်' အမည်ဖြင့် တရားတစ်ပုဒ် ဟောပါသည်။ ၅-၁၀-၆၁ နေ့စွဲပါ တရားနှစ်ပုဒ်စလုံး အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသော နေ့ တရားချည်း ဖြစ်နေပါသည်။ ဘယ်လို ဟောမှန်း မသိပါ။)**

'သောတာပန် အငယ်စား ဖြစ်တယ်လို့ မှတ်ပါ' ဆိုသော စကားဖြင့် အစချီလျက် ဤတရားကို ဟောသည်။ မျက်လုံး မှိတ်၍ ဖွင့်လိုက်လျှင် မြင်စိတ် ပေါ်သည်။ မြင်စိတ်ပေါ်လျှင် ပေါ်ပေါ်ချင်း သိပေးရမည်။ အသံတစ်ခု ကြား၍ ကြားစိတ်

http://www.dhammadownload.com



ပေါ်လျှင်လည်း ကြားစိတ်ပေါ်တာပဲဟု သိပေးရမည်။ နံစိတ်၊ စားစိတ်၊ ထိသိစိတ်တွေပေါ်လျှင်လည်း ပေါ်တိုင်း သိပေးရမည်။ ထိသိစိတ်က နှစ်မျိုးပေါ်သည်။ သုခစိတ်၊ ဒုက္ခစိတ်၊ ဘယ်စိတ်ပဲ ပေါ်ပေါ် ပေါ်သော စိတ်တိုင်းကို သိနေအောင် အားထုတ်ရမည်။ စိတ္တာနုပဿနာ သင်နေသည်ဟု မှတ်ပါ ဆိုသည်။ [နှာ–၁၂၉] တစ်ခါတစ်ရံ ဝမ်းသာစိတ် ပေါ်သည်။ ဝမ်းမသာသောစိတ် ပေါ်သောအခါလည်း ရှိသည်။ ပျင်းရိစိတ်၊ ဒေါသစိတ်လည်း ပေါ်နိုင်သည်။ စိတ်အမျိုးမျိုး ပေါ်တတ်ပုံကို ပြသည်။ [နှာ–၁၃၀] အပြင် ညွှဲသည်စိတ်၊ အတွင်း ညွှဲသည်စိတ်များ ဖြစ်ပေါ်ပုံကို ထပ်ပြခြင်း ဖြစ်သည်။ (ရှေ့မှာ စိတ္တာနုပဿနာ ရှုနည်း အကြိမ်ကြိမ် ပြခဲ့ဖူးပြီ) ဝင်လေစိတ်၊ ထွက်လေစိတ် နှစ်ခုက အိမ်သည်စိတ် ဖြစ်ကြောင်းကို ပြသည်။ [နှာ–၁၃၂] အရှုခံစိတ် ၁၃ မျိုးကို ပြသည်။ ခန္ဓာမှာ စိတ်တစ်ခု ပေါ်နေစဉ် ကျန်စိတ်ဆယ့်နှစ်မျိုး မပေါ်နိုင်ကြောင်း ပြသည်။ စိတ်တစ်စိတ်ဖြင့် သတ္တဝါတွေ အသက်ရှင်နေရသည်။ ဒီတစ်စိတ် ချုပ်သွားပြီး နောက်တစ်စိတ် မလာလျှင် သေပြီဟု ဆိုသည်။ [နှာ–၁၃၃] အသက်ရှင်နေတာ အကြောင်း ညီညွတ်၍ ရှင်နေခြင်း ဖြစ်သည်။ [နှာ–၁၃၅] အိပ်သောအချိန်တွင် အပြင် ညွှဲသည်စိတ်၊ အတွင်း ညွှဲသည်စိတ်တွေ တစ်ခုမှ မလာဘဲ အိမ်ရှင်စိတ် နှစ်ခုပဲ အလုပ်လုပ်နေသည်ဟု ပြသည်။ [နှာ–၁၃၆] အသက်ရှင်နေအောင် လုပ်နေသော စိတ်တွေထဲမှာ ငါလုပ်တာ ဘာမှ မပါဘူး၊ အကြောင်း တိုက်ဆိုင်၍ စိတ်တစ်ခုပြီးတစ်ခု လုပ်နေခြင်းသာ ဖြစ်သည်။ ငါမပါဘူးဟု ဆိုသည်။ ဒိဋ္ဌိ ပြုတ်ခြင်း ဖြစ်၏။ သက္ကာယဒိဋ္ဌိ ပြုတ်ပေးနေသည်ဟု ဆိုသည်။ သက္ကာယဒိဋ္ဌိ မပြုတ်သဖြင့် တစ်သံသရာလုံး အိုဘေး၊ နာဘေး၊ သေဘေး၊ အပါယ်ဘေးတွေကို အထပ်ထပ် ကြုံတွေ့ခဲ့ကြရသည်။

စိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်သည်။ ၎င်းနှင့်အတူ နာမ်ခန္ဓာ သုံးပါး အတူဖြစ်သည်။ [နှာ–၁၃၇] စိတ်တွေပေါ်တိုင်း သိနေလျှင် ဒါတွေသည် ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်မှန်း သိသည်။ အရှုခံစိတ်တွေ၊ အတွင်း ညွှဲသည်စိတ်တွေထဲမှာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်သာ ပါသည်။ အမောဟစိတ် မပါကြောင်း ဟောသည်။ အမောဟက သိစိတ် ဖြစ်နေသည်။ စိတ်တွေပေါ်တိုင်း အမောဟစိတ်၊ ပညာ စေတသိက်စိတ်ဖြင့် သိနေရမည် ဖြစ်သည်။ [နှာ–၁၃၉] သိစရာစိတ်က ဆယ့်သုံးခု၊ သိသော (ရှုဉာဏ်စိတ်)က တစ်ခု ဖြစ်သည်။ [နှာ–၁၄၀] ဤသို့ သိနေလျှင် သက္ကာယသာ ဖြစ်သည်၊ ဒိဋ္ဌိတော့ မဖြစ်ဘူးဟု ဆိုသည်။ သက္ကာယ ဖြစ်၍ ဒိဋ္ဌိပြုတ်သည်။ သက္ကာယ (ခန္ဓာငါးပါး)ကို ငါ၊

http://www.dhammadownload.com



သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟု မထင်လျှင်၊ မယူဆလျှင် ဒိဋ္ဌိ ပြုတ်ပြီဟု ဆိုသည်။ [နှာ-၁၄၁]

သို့သော် ပုထုဇဉ်သည် စိတ်တစ်ခု ဖြစ်လျှင် ထိုစိတ်ကို ငါနှင့် သွားရောတတ်ကြသည်။ ထို့ကြောင့် သက္ကာယ ဒိဋ္ဌိ ဖြစ်သွားပုံကို ရှင်းပြသည်။ [နှာ-၁၄၂] မြင်စိတ် ပေါ်လျှင် မြင်စိတ် ပေါ်တာပဲဟု သိပါက သက္ကာယသာ ဖြစ်ပြီး ဒိဋ္ဌိက မဖြစ်တော့ဟု ဆိုသည်။ သက္ကာယမှာ သမ္မာဒိဋ္ဌိနှင့် တွဲ၍ မိစ္ဆာဒိဋ္ဌိ ပြုတ်ခြင်း ဖြစ်သည် ဆို၏။ [နှာ-၁၄၃] ခန္ဓာသည် သက္ကာယ ဖြစ်ကြောင်း ဟောသည်။ ထိုသက္ကာယကို ငါနှင့် မရောသင့်။ ရောလျှင် သက္ကာယဒိဋ္ဌိ ဖြစ်သည်။ မရောလျှင် မဖြစ်ဟု ဆိုသည်။ [နှာ-၁၄၄] အမှန်ကို သိသဖြင့် အမှားမြင်သော သက္ကာယဒိဋ္ဌိ ပြုတ်ရကြောင်း ရှင်းထားသည်။ အမှန်သိနှင့် သက္ကာယနှင့် တွဲလျှင် အမှားမြင်သော မိစ္ဆာဒိဋ္ဌိ ပြုတ်သည်။ သက္ကာယနှင့် သမ္မာဒိဋ္ဌိ တွဲရမည်။ ထိုသို့ တွဲရန် အရိယာသာဝကမှ တွဲတတ်သည် ဆို၏။ [နှာ-၁၄၆] သက္ကာယကြောင့် အပါယ် ကျသည် မဟုတ်ဘဲ ဒိဋ္ဌိကြောင့် အပါယ် ကျရကြောင်း ပြသည်။ မြင်စိတ် ပေါ်လျှင် မြင်စိတ်ပဲဟု သိပါက သမ္မာဒိဋ္ဌိ ဖြစ်သည် ဆို၏။ [နှာ-၁၄၇]

ထို့နောက် အနုသယသဘော ဒိဋ္ဌိနှင့် ထကြွသော ပရိယုဋ္ဌာနသဘော ဒိဋ္ဌိ နှစ်မျိုး ရှိပုံကို ခွဲပြသည်။ [နှာ-၁၅၂] ကြောင်သည် ကြွက်ကို မြင်လျှင် ဖမ်းချင်စိတ် ဖြစ်ပေါ်သည်မှာ အနုသယသဘော ဖြစ်ကြောင်း၊ ကြွက်က အနားသို့ ရောက်လာလျှင် ထဖမ်းသော သဘော၊ ခုတ်တတ်သော သဘောက ပရိယုဋ္ဌာန ဒိဋ္ဌိ ဖြစ်ကြောင်းဖြင့် သရုပ်ပါအောင် ရှင်းပြသည်။ [နှာ-၁၅၃] စိတ်ပေါ်တိုင်း သိပေးနေလျှင် ပရိယုဋ္ဌာန ဒိဋ္ဌိကို ပယ်နိုင်သည်။ အနုသယဒိဋ္ဌိကိုမူ အလုပ်ဖြင့် ဖြုတ်ရမည်ဟု ဆိုသည်။ [နှာ-၁၅၄] ပရိယုဋ္ဌာန ဒိဋ္ဌိပြုတ်လျှင် သောတာပန်အငယ် (စူဠသောတာပန်) အနုသယဒိဋ္ဌိ ပြုတ်လျှင် မဟာသောတာပန် ဖြစ်ကြောင်း ရှင်းပြထားသည်။ အနုသယအားဖြင့် ဒိဋ္ဌိ အမြဲတမ်း ပြုတ်အောင်မှာ အားထုတ်မှု ရကြောင်း၊ ဟော၍ နားလည်ပြီး ပြုတ်တာက တစ်ဘဝပဲ အပါယ်တံခါး ပိတ်ကြောင်း ဟောထားသည်။ [နှာ-၁၅၅] ဤတွင် ပရိယုဋ္ဌာန ဒိဋ္ဌိ ပြုတ်သော စူဠသောတပန် အနည်းဆုံး ဖြစ်အောင် အားထုတ်ဖို့ တိုက်တွန်းရင်း အချိန်စေ့သဖြင့် တရား နားလိုက်သည်။

*

http://www.dhammadownload.com



## ၅။ စိတ္တာနုပဿနာ (အခြေခံ)

[ ၆-၁၀-၆၁ နေ့က မင်္ဂလာတိုက်ကျောင်း၌ ဟောသောတရားဟု ဖော်ပြထားသည်။ အမရပူရမြို့မှာ ဖြစ်တန်ရာသည်။ ]

အလုပ်ပေးသောနေ့၊ ကိုယ်တိုင် လုပ်ရမည် ဖြစ်ကြောင်း အစချီ၍ ဤတရားကိုဟောလေသည်။ ခန္ဓာငါးပါးကို သတိပဋ္ဌာန် လေးပါးနှင့် ဝေဖန်လိုက်လျှင် ကိုယ်ကို ရှုပါက ကာယနုပဿနာ၊ ဝေဒနာကို ရှုပါက ဝေဒနာနုပဿနာ၊ စိတ် (ဝိညာဉ်)ကို ရှုပါက စိတ္တာနုပဿနာ၊ သင်္ခါရကို ရှုပါက ဓမ္မာနုပဿနာ ဖြစ်ကြောင်း ပြသည်။ တစ်ခုခုရှုလျှင် နိဗ္ဗာန်ရောက်သည်ဟု ဆိုသည်။ ထို့နောက် စိတ္တာနုပဿနာကို အစထား၍ ဟောပြန်သည်။ ကိုယ့်စိတ် ကိုယ်ရှုတာ စိတ္တာနုပဿနာ ဖြစ်ကြောင်း ပြသည်။ ထို့နောက် ကိုယ့်စိတ်က ရှုရမှာ ဆယ့်သုံးစိတ်ပဲ ရှိပုံကို ဟောသည်။ ကိုယ့် စိတ် ကိုယ်ရှုပါ ဆိုသော်လည်း ပုထုဇဉ်စိတ်သည် မျောက်စိတ်နှင့် တူသည် ဆို၏။ [ နှာ-၁၅၈ ] မျောက်စိတ်နှင့် တူသည် ဆိုခြင်းမှာ ခဏခဏ အပြောင်းအလဲ များလွန်း၍ ဖြစ်၏။

ဒါကြောင့် ဝိပဿနာ ရှုသောအခါ စိတ်ပြောင်းတာလည်း သိ၊ စိတ်ပြောင်းပြီး ပျက်သွားတာလည်း သိအောင် လုပ်ရမည်။ ပြီးနောက် မြင်စိတ် ပေါ်ပုံကို ပြသည်။ ယောဂီသည် တစ်ခုခုကို မြင်ပြီဆိုလျှင် မြင်စိတ်ပေါ်တာပဲ သိရမည်။ ပေါ်တာက မြင်စိတ်၊ သိတာက ဝိပဿနာ ဖြစ်ကြောင်း ဟောထားသည်။ [ နှာ-၁၆၀ ] သိဉာဏ်မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ်အင်္ဂါ ငါးခု ပေါင်းထားသော ရှုဉာဏ်ဖြင့် သိပေးရမည်။ မြင်စိတ်ပေါ်တာကို သိအောင် ဤမဂ်အင်္ဂါ ငါးပါးက လိုက်နေသည်ဟု မှတ်ရမည်။ ပေါ်တာနှင့်သိတာ မတူ၊ ခြားနားပုံကို ပြသည်။ [ နှာ-၁၆၁ ] ပေါ်တာက ရှေ့က၊ သိတာက နောက်ကဖြစ်ပုံကိုလည်း သိလွယ်အောင် ပြသည်။ မိမိခန္ဓာမှာ ဘယ်နေရာ ဘယ်စိတ်ပဲ ပေါ်ပေါ် (မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်) ပေါ်တိုင်း သိပေးရမည်။ ပေါ်တာက ကိုယ်ပေါ်မှာ၊ သိတာက ဝမ်းထဲမှာ ဟုလည်း ဆိုသည်။

**(မှတ်ချက်- ဤတရားအထိ ဆရာတော်သည် အပြင် ညွှဲသည် ခြောက်ယောက်ဟု ဟောနေသည်။ သို့သော် ဤအလုပ်စဉ် စာအုပ် အစမှာ ပြထားသော စိတ္တာနုပဿနာ အကျဉ်းချုပ်တွင် အပြင် ညွှဲသည်စိတ် ငါးခုဟုသာ ပြသည်။ အပြင် ညွှဲသည်စိတ်၊ အတွင်း ညွှဲသည်စိတ် သတ်မှတ်ချက် ပြောင်းလဲ နေကြောင်း တွေ့ရသည်။)**

http://www.dhammadownload.com



စိတ်သဘောမှာ တစ်ခုပေါ်နေလျှင် ကျန်စိတ်များ မပေါ်နိုင်ပါ။ စိတ်နှစ်ခု ပြိုင်တူ ပေါ်ရိုးထုံးစံ မရှိပါ။ စိတ်တစ်ခု ပေါ်တာကို နောက်က ဉာဏ်အသိကလေး လိုက်နေရမည်။ ပုထုဇဉ်သည် ကိုယ့် စိတ် ကိုယ် မသိသူ ဖြစ်ပုံကို ပြသည်။ [နှာ-၁၆၅] ထို့နောက် အတွင်း ညှော်သည်စိတ်တွေ ပေါ်ပုံကို ပြပြန်သည်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ပျံ့လွင့်စိတ် စသည် ပေါ်တတ်သည်။ အလောဘစိတ်၊ အဒေါသစိတ်လည်း ပေါ်တတ်သည်။ (ဤတရားတွင် အတွင်း ညှော်သည် ငါး၊ အပြင် ညှော်သည် ခြောက်ဟု ဟောနေဆဲ ဖြစ်၏။) ရှုစိတ်၊ ရှိက်စိတ်သည် အိမ်ရှင်စိတ်၊ သက်စောင့်စိတ် နှစ်ခု ဖြစ်သည်။ အိမ်ရှင်စိတ် နှစ်ခုက အမြဲရှိသည်။ အကြိမ်များစွာလည်း ဖြစ်သည်။ [နှာ-၁၆၇] ဤတွင် အမောဟကို နုတ်ထားခဲ့ကြောင်း၊ ထိုစိတ်သည် ပညာသဘော၊ ဝိဇ္ဇာသဘော ရှိ၍ ရှုဉာဏ်အဖြစ် ထားရသည်။ သူက သိဉာဏ်၊ ကျန်စိတ်များက အရှုခံများ ဖြစ်ကြကြောင်း ရှင်းပြသည်။ [နှာ-၁၆၈] အရှုခံစိတ် ဆယ့်သုံးမျိုး ပြသော်လည်း စိတ်တစ်ခုဖြင့်သာ အသက်ရှင်၍ နေခြင်း ဖြစ်သည်။ [နှာ-၁၆၉] စိတ်တစ်ခုပဲ ပေါ်နိုင်သည်။ ထိုပေါ်သော စိတ်ကို သိအောင် ရှုရမည်။ ဤသို့ ရှုခြင်းသည် စိတ္တာနုပဿနာ ဖြစ်ကြောင်း ဟောသည်။

ဤတွင် တစ်ကြိမ်မှာ စိတ်တစ်ခုသာ ပေါ်ပုံကို ဆရာတော်ကြီးက 'ကောဓမ္မော'ဟုလည်း ပြသည်။ [နှာ-၁၇၀] စိတ်ပေါ်တိုင်း ပေါ်တိုင်း နောက်က သိပေးနေလျှင် သက္ကာယဒိဋ္ဌိလည်း ကွာသည်။ သမ္မာဒိဋ္ဌိလည်း ဖြစ်သည်။ ကိုယ့် စိတ်ကို သိခြင်းသည် သမ္မာဒိဋ္ဌိ ဖြစ်သောနည်း ဖြစ်သည် ဆို၏။ ဤသို့ စိတ်ပေါ်တိုင်းသာ ရှုတတ်လျှင် အပါယ် လုံးဝ မသွားဘူး၊ အာမခံသည်ဟု ဆိုထားသည်။ [နှာ-၁၇၂] ဘာကြောင့် အပါယ်မသွားဘူးဟု ဝန်ခံရသလဲ ဆိုလျှင် စိတ်က ဖြစ်ပျက်၊ သိတာက မဂ် ဖြစ်နေသောကြောင့် ဖြစ်ပျက်နှင့် မဂ် ကိုက်နေ၍ ဖြစ်ကြောင်း ရှင်းပြထားသည်။ စိတ်ဝိညာဉ် ပေါ်တာ သိတာက မဂ်ဖြစ်နေလျှင် ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံကို ပဋိစ္စသမုပ္ပာဒ် ဆက်၍ မဖြစ်တော့ကြောင်း သဘောကျအောင် ရှင်းပြထားသည်။ [နှာ-၁၇၃]

စိတ်ပေါ်တာကို သိနေပါက ထိုအသိက သံသရာကို ဖြတ်သည်။ [နှာ-၁၇၅] မသိလိုက်လျှင် စိတ်က ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ ဖြစ်စဉ်အတိုင်း ဆက်ဖြစ်သွားပုံကို ထမင်း ဥပမာဖြင့် ပြသည်။ [နှာ-၁၇၈] အသိတစ်လုံးက အပါယ်သံသရာကို ကယ်တင်နိုင်ပုံကို ပြသည်။ မြင်တာက မြင်စိတ်၊ ကြားတာက ကြားစိတ်၊ ဒါကို သိလိုက်လျှင် ငါမြင်သည်၊ ငါကြားသည်ဟု

http://www.dhammadownload.com



ယူစွဲသော သက္ကာယဒိဋ္ဌိ ပြုတ်သည်။ ထို့နောက် စိတ်ကို သိရုံသိတာက စာဂါနုဿတိ သမထသာ ဖြစ်သေးကြောင်း ပြပြန်သည်။ ဒါကြောင့် ဆရာ အရေးကြီးကြောင်း ဟောသည်။ [နာ–၁၈၀] စိတ်နှစ်စိတ် ပြိုင်မပေါ်ဘူး၊ တစ်စိတ်ပေါ်လျှင် တစ်စိတ် ပျက်သည်၊ ပျက်တာလည်း သိရမည်၊ စိတ်က ဖြစ်လည်း ဖြစ်သည်၊ ပျက်လည်း ပျက်သည်ကို ပေါ်အောင် ပြသည်။ [နာ–၁၈၁] ဤသို့ သိမှသာ ကိုယ့်အသေ ကိုယ်သိသည် ဆို၏။ ကိုယ့်ဒုက္ခသစ္စာကို ကိုယ်သိခြင်း ဖြစ်သည်။ ဖြစ်ပြီး ပျက်သွား တာက ဒုက္ခသစ္စာ၊ သိလိုက်တာက မဂ္ဂသစ္စာ၊ တဏှာ ချုပ်သွားတာက သမုဒယသစ္စာ ချုပ်တာ၊ နောက်ဒုက္ခ မလာတာက နိရောဓသစ္စာ ပေါ်ခြင်း ဖြစ်ပုံကို ရှင်းရှင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၆။ ကိုယ့်ကိုယ်ကိုယ် ပဋိစ္စသမုပ္ပါဒ်နှင့် ဆုံးမနည်း။ ထောပတ်ဆီသာ ဖြစ်စေပြီး အိုးခြမ်းပဲ့ မဖြစ်စေနှင့်

[ ၁–၁၂–၆၁ နေ့က မဂ်လာတိုက်မှာ ဟောသောတရား ဖြစ်သည်ဟု ဖော်ပြ ထားသည်။ မြို့အမည် မပါ။ ]

တရား အားထုတ်နည်းကို သင်ပေးမည် အစချီ၍ ဤတရားကို ဟောသည်။ ပဋိစ္စသမုပ္ပါဒ် ဆိုတာ ခန္ဓာပဲဟု ဆိုသည်။ ၂အကွက်ထဲက ဝိညာဉ် ဆိုတာက ပဋိသန္ဓေစိတ်ပင် ဖြစ်၏။ နာမ်ရုပ် ဆိုတာက မိမိတို့ သန္တာန်မှာ ရှိသော ဝေဒနာ၊ သညာ စသည်တို့ပင် ဖြစ်သည်။ ရုပ်ဆိုတာက ကိုင်တွယ်ရသော အရာပင် ဖြစ် ကြောင်း ဟောသည်။ သဠာယတနက ရုပ်နှင့်နာမ် တွဲနေသော အရာဖြစ်သည်။ အာရုံ ဒွါရ ခြောက်ခုသည် သဠာယ တစ်ခုပင် ဖြစ်သည်။ ထို့နောက် ရုပ်နှင့်နာမ် ခွဲပုံကို ပြသည်။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ငါးမျိုးက အာယာန ဖြစ် ပြီး စိတ်က မနာယတန ခေါ်ကြောင်း၊ ပေါင်းလိုက်တော့ ခြောက်ခု ဖြစ်သည်။ ရုပ်ငါးခုနှင့် စိတ်တစ်ခု ဖြစ်သဖြင့် ရုပ်နာမ်ဟု ဆိုရသည်။ ဖဿက စေတသိက် ဖြစ်သည်။ ဝေဒနာလည်း စိတ်စေတသိက်ပင် ဖြစ်သည်။ ၂အကွက်ထဲက ဟာတွေ သည် နာမ်တွေ၊ ရုပ်တွေ ဖြစ်သည်။ ခန္ဓာ ဖွဲ့လိုက်တော့ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ ဖဿက သင်္ခါရက္ခန္ဓာ၊ ဖဿက စေတသိက်ပဲဟု မှတ်ရမည် ဆိုသည်။ [နာ– ၁၈၄] ၂နံပါတ်အကွက်ထဲ ပါတာတွေသည် ရုပ်နာမ်တွေပင် ဖြစ်၏။ ခန္ဓာငါးပါးပဲ ဖြစ်၏။ [နာ–၁၈၅]

http://www.dhammadownload.com



ထို့နောက် ခန္ဓာငါးပါး ၂အကွက်မှ ၃အကွက်သို့ (သမုဒယနယ်သို့) ကူးချင်လျှင်လည်း ကူးနိုင်သည်။ ဖြတ်ချင်လျှင်လည်း ဖြတ်နိုင်သည်။ [နှာ–၁၈၅] ဝိပဿနာဆိုတာ ပဋိစ္စသမုပ္ပါဒ် ၂အကွက်မှ ၃အကွက်သို့ မကူးအောင် လုပ်ခြင်းပင် ဖြစ်ကြောင်း ဟောထားသည်။ တစ်နည်း ခန္ဓာနှင့် ခန္ဓာဖြစ်ကြောင်း မဆက်အောင် အားထုတ်ခြင်းသည် ဝိပဿနာ အလုပ်ပင် ဖြစ်၏။ [နှာ–၁၈၆] ဝိပဿနာဉာဏ်သည် ၂အကွက်နှင့် ၃အကွက် အဆက်အစပ်ကို ဖြတ်သောဉာဏ် ဖြစ်သည်ဆို၏။ လက်ရှိ ခန္ဓာနှင့် နောက်ခန္ဓာ ဆက်ဖြစ်မသွားအောင် ဝိပဿနာက အဆက်ဖြတ် ပေးနိုင်ပုံကို ပေါ်လွင်အောင် ပြသည်။ [နှာ–၁၈၇] ဝိပဿနာမဂ်သည် ထိုအဆက်ကို ဖြတ်ပေးနိုင်ကြောင်း ပြသည်။

ထို့နောက် သမုဒယနှင့် ဒုက္ခ ခန္ဓာရပုံကို မီးနှင့် လောင်စာ လှည့်နေပုံကို ပြ၍ ဟောသည်။ [နှာ–၁၉၄] ဒုက္ခခန္ဓာ ရစဉ်မှာ နောက်ထပ် သမုဒယတွေကို ထပ်လုပ်ခြင်းသည် မသေခင် နောက်ထပ် သေကြောင်းရှာခြင်း ဖြစ်သည်ဟု ဆိုထားသည်။ [နှာ–၁၉၇] ထို့နောက် 'အနိစ္စံယေဝ ဓမ္မာနံ အနစ္စံတိ၊ သာယံ ဟောတိ၊ သမ္မာဒိဋ္ဌိ' ဂါထာကို ပြပြီး ဝိပဿနာ ရှုနည်းကို ပြသည်။ ဝေဒနာတစ်ခု ပေါ်လျှင် အနိစ္စဟု သိ၊ ဒုက္ခဟု သိ၊ အနတ္တဟု သိရမည်။ သိလျှင် ဝိပဿနာမဂ် ဖြစ်ပြီ။ ထိုသို့သိလျှင် ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ [နှာ–၂၀၉] အသိက ပညာ၊ ဉာဏ်ဖြစ်သည်။ သံသရာကို ဉာဏ်ပညာဖြင့် ဖြတ်မှ ရသည်ဟု ဟောထားသည်။ အနိစ္စရှုတုန်းမှာ တခြား ကိစ္စတွေ ဝင်မလာစေနှင့်ဟု မိန့်သည်။ [နှာ–၂၁၀] 'သတတံ၊ သမိတံ၊ အဗ္ဗောကိဏ္ဏံ စေတသာ အဓိမုစ္စမာနော ပညာယ ပရိယောဂါဟမာနော' ပါဠိတော်ကို ပြပြီး၊ ဒီနေရာမှာ သတိကို အသာထား၊ ပညာနှင့်သာ စိုက်ရှုဟု ဆိုပါသည်။ [နှာ–၂၁၁] ကိလေသာ ကြားမညှပ်စေနှင့်၊ ကိလေသာ ကြားမညှပ်လျှင် မနက် အားထုတ်ပါက ညမှာ တရားရနိုင်ကြောင်း အာမခံထားသည်။ [နှာ–၂၁၁]

ဤသို့ ရှုမှတ်သူအား ဖြစ်ပျက်မြင်၊ ဖြစ်ပျက် မုန်းပြီး ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို ရနိုင်သည်ဟု ဆိုသည်။ ဒဿနသမ္ပဒါယ– နိဗ္ဗာန်ကို မြင်သည်နှင့် တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ– ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ မရမာသ အားလုံး ကုန်သည်။ [နှာ–၂၁၄] ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကုန်လျှင် အပါယ်သွားမည့် တရားများ ကုန်သွားပြီဖြစ်၍ တဏှာ၊ ဥပါဒါန်ကို ကူးချင် ကူးပါစေ၊ အရေး မကြီးကြောင်းကို ဟောသည်။ တဏှာ၊ ဥပါဒါန်ကို သောတာပန် မပယ်နိုင်သေးဟု ဆိုသည်။ [နှာ–၂၁၅] ထို့နောက်

http://www.dhammadownload.com



မဟာဝဂ္ဂ သံယုတ် ပါဠိတော်လာ မဟာနာမ် မင်းကြီးဝတ္ထုကို ဟောသည်။ [နာ-၂၁၆] မဟာနာမ်မင်းက သောတာပန် တည်ပြီးသား ဖြစ်သည်။ မင်းကြီးသည် နေ့စဉ် ဘုရား ကျောင်းတော်ကို သွားပြီး တရား အားထုတ်သည်။ ပြီးမှ ကပိလဝတ် ပြည်သို့ ပြန်သည်။ ကပိလဝတ်ပြည်မှာ ဆင်မြင်းများ၊ လူများဖြင့် စည်ကားနေသဖြင့် သွားရင်း လာရင်း ရှောင်ရှားနေသည်။

ထိုအချိန်မှာ မင်းကြီးသည် တရားရှုမှတ်မှု လက်လွတ် သွားတတ်သည်။ သူ့စိတ်ထဲတွင် တရား လက်လွတ်သည့် အချိန်၌ ဆင်နင်း၊ မြင်းနင်းပြီး သေသွားပါက သူဘယ်ဘဝ ရောက်မလဲဟု တွေးတောမိသည်။ ထိုအကြောင်းကို မြတ်စွာဘုရား အား လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက သောတာပန် သေလျှင် ရုပ်ခန္ဓာကြီးက မြေမြှုပ်၊ မီးဖုတ်၍ အောက်သို့ ကျသွားသော်လည်း သူတော်ကောင်း တရားကမူ အောက်သို့ မကျဘဲ အထက်ဘုံသို့သာ ပေါ်တက်သွားနိုင်ပုံကို ထောပတ် အိုး ကွဲပြီး အိုးခြမ်းက ရေအောက် ကျသွားသော်လည်း ထောပတ်က ရေပေါ်ကို ပေါ်တက်လာပုံ ဥပမာဖြင့် ရှင်းပြသည်။ [နာ-၂၁၉] ထို့နောက် ဆရာကောင်းတွေ့ဖို့ မလွယ်၊ တရားနာတတ်သော နား ရှိဖို့မလွယ်၊ တရားကို နာရဖို့လည်း မလွယ်ပုံ အထိ သုံးပါး ညီဖို့ မလွယ်ကြောင်း ဟောပြန်သည်။ [နာ-၂၂၃] မိမိကိုယ်ကို သနားသူမှန်ပါက အိုးခြမ်းပဲ့ မဖြစ်စေသင့်၊ ဆီဦးထောပတ် ဖြစ်အောင် လုပ်သင့် ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၇။ အလုပ်လုပ်လျှင် မဂ်ရနေပုံ၊ သစ္စာ ဒေသနာတော်

[၂-၁၂-၆၁ နေ့က မဂ်လာတိုက်မှာ ဟောသော တရားဟု ဖော်ပြထား သည်။]

စိတ်တွေကို သစ္စာဖွဲ့ရမည်။ ထိုစိတ်များသည် ဝိညာဉ်များ ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် ၂အကွက်ထဲမှာလည်း ပါသည်။ ဝိညာဉ် နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာသည်၊ ဒုက္ခသစ္စာ အကွက်ထဲမှာ ပါသည်။ [နာ-၂၂၇] တရားနာသော စိတ်၊ သီလယူသောစိတ်၊ သားရေး၊ သမီးရေး၊ စီးပွားရေး စိတ်များ အားလုံးသည် ဒုက္ခသစ္စာများ ဖြစ်သည်။ ထိုစိတ်များသည် ဖြစ်ပျက်အနိစ္စ ဖြစ်သောကြောင့် ဒုက္ခသစ္စာ တရားများ ဖြစ်ကြသည်။ ခုပေါ်သော စိတ်ကို ကြည့်လိုက်လျှင် ဒုက္ခသစ္စာ ကို တွေ့သည်ဟု ဆိုသည်။ [နာ-၂၂၉] ဖြစ်ပျက်သော ခန္ဓာအားလုံး ဒုက္ခသစ္စာချည်းပဲ

http://www.dhammadownload.com



ဟု မှတ်ရမည်။ [နှာ-၂၃၀] ဒါကြောင့် မိမိတို့ သန္တာန်မှာ ဘာတွေ ရှိနေသလဲဟု ဆင်ခြင်ပါက ဒုက္ခသစ္စာတွေပဲ ရှိသည်ဟု သိရမည်။ ဝိပရိဏာမ လက္ခဏာ၊ ဒုက္ခသစ္စာ ပါဠိတော်ကို ပြသည်။ [နှာ-၂၃၂] အနိစ္စလည်း ဒုက္ခပဲ၊ အနတ္တလည်း ဒုက္ခပဲဟု ဆိုသည်။

ထို့နောက် သမုဒယသစ္စာ လုပ်သောတရား မှန်သရွေ့ ဒုက္ခသစ္စာချည်းပဲ မှတ်ရမည် ဟုလည်း ပြသည်။ [နှာ-၂၃၄] ဉာဏ်ထဲမှာ ဒုက္ခသစ္စာချည်းပဲဟု သိအောင် ဝိပဿနာ ရှုနိုင်လျှင် မင်္ဂဆိုက်မှာ သေချာသည်ဟု ဆိုသည်။ [နှာ-၂၃၆] ဝိပဿနာရှုစဉ် ဖြစ်ပျက်တွေ့လျှင် အနိစ္စကို တွေ့ခြင်းဖြစ်သည်။ နောက် ရှုဖန်များလျှင် အနိစ္စကို မုန်းစရာ အဖြစ် ရှုမြင်သော နိဗ္ဗိန္ဒာဉာဏ် ပေါ်ထွက်လာပုံကို ပြသည်။ [နှာ-၂၃၆] ဖြစ်ပျက် မြင်တာက ယထာဘူတဉာဏ်၊ နောက်တစ်ဆင့် တက်လျှင် ဖြစ်ပျက်မုန်းသော နိဗ္ဗိန္ဒာဉာဏ်ကို ရောက်ကြောင်း ပြသည်။ 'နိဗ္ဗိန္ဒတော ဝိရဇ္ဇတိ' ဖြစ်ပျက်ကို ငြီးငွေ့လာလျှင် မင်္ဂပေါ်လာသည်ဟု ဆိုထားသည်။ [နှာ-၂၃၇] ဒုက္ခကို ပိုင်ပိုင်သိလို့ မင်္ဂပေါ်သည်ဟု မှတ်ရမည်။ ဝိပဿနာရှုရင်း ဉာဏ် ထက်မြက်လာသည်။ သတိပဋ္ဌာန် လေးပါးထဲက တစ်ပါးပါး ကြိုက်ရာရှု၊ ဘာပဲရှုရှု၊ ရုပ်ရှုရှု၊ နာမ်ရှုရှု ဒုက္ခသစ္စာပဲ ပေါ်ကြောင်း ဟောထားသည်။ [နှာ-၂၄၀]

ဒါကြောင့် စိတ်ကြိုက်သူက စိတ်တစ်လုံးတည်း ပေရှု၊ ဝေဒနာ ကြိုက်သူက ဝေဒနာကို ရှုပါဟု ဆိုသည်။ နောက်ဆုံးတော့ ဒုက္ခသစ္စာပဲ တွေ့ရမည် ဖြစ်၏။ ပြီးမှ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဖြစ်ပုံကို ပြသည်။ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်မှ မဂ္ဂသစ္စာ ပေါ်ပုံကို ရှင်းပြသည်။ [နှာ-၂၄၄] မင်္ဂဉာဏ်သည် ဘုရားပေး၍ ရသော တရားမျိုး မဟုတ်ကြောင်း၊ ကိုယ့်စိတ် ကိုယ်ရှုမှ ရသောတရား ဖြစ်ကြောင်းကို ဟောပြသည်။ မင်္ဂဉာဏ်ကို ဘုရားပေး၍ မရ၊ တရားပေးမှ ရသည်ဟု ဆိုသည်။ [နှာ-၂၄၅] ဒါကြောင့် မင်္ဂဉာဏ်ကို လိုချင်လျှင် တရား အားထုတ်ကြရမည်။ တရား အားထုတ်မှ ရသည်ဟု မှတ်သင့်၏။ [နှာ-၂၄၇] ဖြစ်ပျက်ကို ရှုလျှင် သမ္မာဒိဋ္ဌိ မဂ္ဂင်ပေါ်သည် ဟုလည်း ညွှန်ပြထားသည်။ [နှာ-၂၅၂] မဂ္ဂင် ဘယ်နေရာမှာ ပေါ်သလဲဆိုလျှင် ၂အကွက်ထဲမှာ ပေါ်ကြောင်းလည်း ထောက်ပြသည်။ [နှာ-၂၅၃] မင်္ဂဉာဏ်သည် ပစ္စုပ္ပန် အကျိုးအဖြစ် ပေါ်သောတရား ဖြစ်၏။ ဝိပဿနာ မင်္ဂဉာဏ်သည် ခုလုပ်လျှင် ခုရနိုင်သော တရားဖြစ်သည်။ ထိုတရားကို လက်ငင်းရအောင် မလုပ်ဘဲ ဝဋ္ဋဘဝ တိုတိုနှင့် ရရပါလို၏ဟု ဘုရားရှေ့ သွားပြီး ဆုတောင်း မနေကြနှင့်၊ ရှုးမနေကြနှင့်ဟု ဆုံးမသည်။ [နှာ-၂၅၉] ဘုရားလည်း တရားတွေ့မှ ဘုရား ဖြစ်လာကြောင်း ဟောသည်။ [နှာ-၂၆၀]

http://www.dhammadownload.com



ထို့နောက် မြန်မာ ဗုဒ္ဓဘာသာဝင်များလွဲချော်နေပုံများကို ပြုပြင်ရေးတရား ဟောပြန်သည်။ [နာ၁–၂၆၅] ထို့နောက် ဝိပဿနာဉာဏ် သုံးဉာဏ် ပေါ်ပုံကို ထပ်မံ ရှင်းပြပြန်သည်။ [နာ၁–၂၆၈] ဖြစ်ပျက်မြင်လျှင် ယထာဘူတဉာဏ်၊ ဖြစ်ပျက် မုန်းလျှင် နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက်ဆုံး မြင်လျှင် မဂ်ဉာဏ် ဖြစ်ကြောင်း ရှင်းခြင်း ဖြစ်၏။ ၂အကွက်ထဲမှာ အားထုတ်လျှင် ၂အကွက်ထဲမှာပင် သောတာပန် ဖြစ်သည်။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်တာလည်း ၂အကွက်မှာပင် ဖြစ်သည်။ [နာ၁–၂၇၀] ဒါဆိုလျှင် ၂အကွက်က ၃အကွက်ကို မကူးတော့ပုံ၊ ၃ကို မကူးလျှင် ၄အကွက်လည်း ဖြစ်စရာ မရှိတော့ပုံကို ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

၈။ မှားသောအကျင့်နှင့် မှန်သောအကျင့် ကျင့်ကြံသူများ လက်တွေ့ ဝိပဿနာ

[ ၁၃၂၁ခု ဒုတိယ ဝါဆိုလဆန်း ၈ရက် မင်္ဂလာတိုက်ကျောင်းမှာ ဟောသော တရား ]

**(မှတ်ချက်– ဤတရားတွင် ရက်စွဲကို မြန်မာသက္ကရာဇ်ဖြင့် ထူးထူးခြားခြား ဖော်ပြထားသည်။ ယခင် တရားများ၌ အင်္ဂလိပ် ရက်စွဲဖြင့် ပြသည်။ အကြောင်း ဘယ်သို့ ထူး၍ မသိရ။ ဘယ်မြို့မှာ ဟောသလဲ မဖော်ပြပါ။)**

ခန္ဓာကြီး၏ ဖြစ်ပျက်မှု အစဉ်ကို သေသေချာချာ သိရအောင် လက်တွေ့ ဝိပဿနာ အလုပ်ပေးလိုစိတ် ဖြစ်ပေါ်လာကြောင်း အစချီ၍ ဤတရားကို ဟောကြားပါသည်။ ခန္ဓာကိုယ်ထဲမှာ ပဋိစ္စသမုပ္ပာဒ် တရားကြီး ရှိသည်။ ခန္ဓာ ဘယ်အခါကျမှ ဆုံးမလဲ မေးလျှင် ပဋိစ္စသမုပ္ပာဒ် ဆုံးသော အခါမှသာ ဆုံးပါမည်။ နိဗ္ဗာန်မှာ ပဋိစ္စသမုပ္ပာဒ် အကုန်ပျောက်သည်ဟု ဆိုသည်။ [နာ၁–၂၇၂] ပဋိစ္စသမုပ္ပာဒ် ဆက်နေတာက ခန္ဓာ ပဋိစ္စသမုပ္ပာဒ်၊ ပြတ်တာက နိဗ္ဗာန်ဟု ပြထားသည်။ ပဋိစ္စသမုပ္ပာဒ်ကို ပြရခြင်းမှာ အကျင့်မှားနှင့် အကျင့်မှန်ကို ခွဲခြားသိရန် ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်ကို ဆက်နေတာ အကျင့်မှား၊ ပဋိစ္စသမုပ္ပာဒ် ပြတ်အောင် အားထုတ်မှ အကျင့်မှန် ဖြစ်သည်ဟု ဟောထားသည်။ [နာ၁–၂၇၃] မှန်သော အကျင့်ကို ကျင့်မှသာ သစ္စာ ဆိုက်သည်၊ မှားသော အကျင့်ကို ကျင့်နေပါက အဝိဇ္ဇာနယ်မှာ နေရမည် ဖြစ်ကြောင်း လည်း ပြသည်။ [နာ၁–၂၇၃] နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်၊ ပဋိပဒါသုတ်ကို မှီငြမ်း၍ ဟောခြင်း ဖြစ်သည်။

http://www.dhammadownload.com



ထို့နောက် ဝိပဿီဘုရား ဘုရား မဖြစ်မီကပင် အို၊ နာ၊ သေ (ဇရာမရဏ) သည် သတ္တဝါတိုင်းနှင့် ဆက်ဆံနေသော တရား ဖြစ်ကြောင်း၊ ဘာကြောင့် အို၊ နာ၊ သေ ဖြစ်ကြရသနည်းဟု ဆင်ခြင် စဉ်းစားခဲ့ကြောင်း ဖော်ပြသည်။ [နှာ-၂၇၇] မအို၊ မနာ၊ မသေရာ တရားကို ရှာမည်ဆိုလျှင် အို၊ နာ၊ သေခြင်း၏ အကြောင်းကို ရှာရမည်။ အို၊ နာ၊ သေ (ဇရာ မရဏ)သည် ပဋိသန္ဓေ နေမှုကြောင့် ဖြစ်ကြရကြောင်း ဖော်ပြသည်။ သမုဒယ အကြောင်းကြောင့် ဇရာ၊ မရဏ အကျိုး ရသည်ဟုလည်း ပြထားသည်။ [နှာ-၂၈၂] ဇာတိက အကြောင်း၊ ဇရာ မရဏက အကျိုးဖြစ်ကြောင်း ပြသည်။ ထို့နောက် လူတွေ ပဋိစ္စသမုပ္ပာဒ်ကို မသိသဖြင့် ဇာတိကို ဆုတောင်း မှားနေကြပုံကို ဟောပြန်သည်။ ဇာတိ ပစ္စယာ ဇရာ မရဏကို ရှင်းပြသည်။ ပြုပြင်ရေး တရားကို ဆက်ဟောသည်။ [နှာ-၂၉၁] ကံအမျိုးမျိုး လုပ်ပြီး တရား အားထုတ်ဖို့ မအားဘူး ဆိုသူတို့သည် ကမ္မဘဝ ပစ္စယာ ဇာတိ ဆိုသည့်အတိုင်း သံသရာမှာ ဇာတိ ချောက်ကျချင်လို့ လုပ်နေကြတာဟု ဆိုသည်။ [နှာ-၂၉၂] ဇာတိ ဒုက္ခလမ်းကို လျှောက်လှမ်း နေကြသူများသာ ဖြစ်ကြောင်း ဟောသည်။

ထို့နောက် ဝဋ္ဋအလှူကို လုပ်လျှင် ကောင်းမှုကုသိုလ် လုပ်ရင်းလည်း သံသရာ ချောက်ကျနိုင်ပုံကို ပြသည်။ ထို့နောက် ပဋိစ္စသမုပ္ပာဒ် ပဋိလုံ ဆင်ခြင်ပုံကို ပြသည်။ ဇရာ မရဏသည် ဇာတိကြောင့် ဖြစ်သည်။ ဇာတိသည် ကမ္မဘဝကြောင့် ဖြစ်သည်။ ကမ္မဘဝသည် ဥပါဒါန်ကြောင့် ဖြစ်သည်။ ဥပါဒါန်သည် တဏှာကြောင့် ဖြစ်သည်။ တဏှာသည် ဝေဒနာကြောင့် ဖြစ်သည်။ ဝေဒနာကို ဖြစ်ပျက် ရှုလိုက်လျှင် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခဟု သိတာက မဂ္ဂသစ္စာ ဖြစ်သွားသည်။ ဝေဒနာ နောက်က မဂ်လိုက်လာလျှင် ဝေဒနာချုပ်သည်။ ဝေဒနာချုပ်လျှင် တဏှာ ချုပ်သည်။ တဏှာချုပ်၊ ခန္ဓာ ချုပ်လျှင် ခန္ဓာမာန်ကို အောင်တော်မူသည်။ ဒါကြောင့် ဝေဒနာနှင့် တဏှာကြားမှာ ဘုရား ပွင့်တော်မူသည်ဟု ဟောခြင်းဖြစ်သည်။ [နှာ-၃၁၁] ဒါကြောင့် သောတာပန် တည်ချင်လျှင် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ချင်လျှင်လည်း ဝေဒနာနှင့် တဏှာကြားမှာ ဖြစ်အောင် လုပ်နိုင်ပုံကို ပြသည်။ [နှာ-၃၁၂] ဝိပဿနာ မလုပ်လျှင် ပဋိစ္စသမုပ္ပာဒ်က တန်းပြီး လည်နေသည်။ ဝိပဿနာ အားထုတ်မှသာလျှင် ဝေဒနာနှင့် တဏှာကြားမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်ကြောင်း ဟောရင်း အချိန်စေ့၍ တရား ရပ်နားသည်။

*

http://www.dhammadownload.com



## ၉။ ဝေဒနာခွာပြီး အနိစ္စတွေ့အောင်ရှု။ သေခါနီး ဝေဒနာခွာပုံ

[ ၁၃၂၁ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၉ ရက်နေ့ မင်္ဂလာတိုက်မှာ ဟောသော တရား။ ]

ဝေဒနာကို အရင် ဖြတ်ရမှာပဲ အစချီလျက် ဤတရားကို ဟောသည်။ ပြီးမှ လူတွေမှာ ဝေဒနာနှင့် အနိစ္စ မကွဲပြားဘဲ ဖြစ်နေကြပုံကို ဟောသည်။ [နှာ–၃၁၈] ဤတွင် ဆရာတော်က ဉာဏ်ကူးပြီး ဝေဒနာကိုကျော်၍ အနိစ္စကို တွေ့အောင် ရှာဖို့ကို တိုက်တွန်း၍ ဟောကြားထားသည်။ ဝေဒနာကို ခွာလိုက်လျှင် အနိစ္စကို တွေ့သည်ဟု ဆိုသည်။ ဖြစ်တာက ဝေဒနာ၊ ပျက်တာက အနိစ္စဟု ဆိုသည်။ ဤသို့ ရှုပါက ဝေဒနာကို ကျော်၍ အနိစ္စကို တွေ့အောင်၊ မြင်အောင် ရှုခြင်း ဖြစ်သည်ဟု ဟောထားသည်။ သေခါနီးမှာ ဝေဒနာနှင့် ရင်ဆိုင်ကြရမည် ဖြစ်၏။ ဝေဒနာသည်လည်း ဖြစ်ပျက်ပဲ ရှိသည်။ သူကိုယ်တိုင်က ပျက်နေသော ဓမ္မ ဖြစ်ခြင်းကြောင့် ဝေဒနာသည် ကိန်းရာပုဂ္ဂိုလ်ကို မနှိပ်စက်နိုင်တော့ဟု ပြသည်။ [နှာ–၃၁၉] ဘာကြောင့် မနှိပ်စက်နိုင်သလဲ ဆိုလျှင် အနိစ္စကို ဉာဏ်မှာ တွေ့နေသောကြောင့် ဖြစ်၏။ အနိစ္စသည် နာသောဝေဒနာ မဟုတ်။ မဂ္ဂ (ဝေဒနာကို သိခြင်း) သည် နာသောဝေဒနာ မဟုတ်။ [နှာ–၃၁၉]

ဒါကြောင့် ဝေဒနာကို ခွာနိုင်၊ ကျော်အောင် ရှုနိုင်သော ပုဂ္ဂိုလ်မှာ ဉာဏ်ထဲမှာ အနိစ္စကို မြင်နေသောကြောင့် နာခြင်းကို မသိတော့ပါ။ 'ဝေဒနာနံ ဝိက္ခမ္ဘေတွာ' ဟု ပြထားသည်။ [နှာ–၃၂၀] ဝေဒနာ အပျက်ကို မြင်အောင်ကြည့်ဟု ဆိုသည်။ သေခါနီးမှာ ဝေဒနာကို ခွာပြီး ဝေဒနာ ကျော်လွန်အောင်၊ မဂ္ဂနှင့် လိုက်တတ်အောင် လုပ်ပါဟု ဟောထားသည်။ ဤသို့ ပြုလုပ်နိုင်အောင် ခုကတည်းက လေ့ကျင့်ထားရမည်၊ မီးလောင်မှ ရေမရှာနှင့်ဟု သတိပေးသည်။ [နှာ–၃၂၁] လေ့ကျင့်ထားသော သူသည် သေခါနီးမှာ မင်္ဂစိတ်နှင့် သေရကြောင်းကိုလည်း ပြသည်။ သေနည်း သင်နေတာ ဟုလည်း ပြောသည်။ ထို့နောက် ဖဂ္ဂုနရဟန်း သေခါနီးတွင် ဝေဒနာ ဖြစ်ပျက် ရှုခြင်းဖြင့် ရဟန်းကိစ္စ ပြီးသွားပုံကို ဆက်ဟောသည်။ [နှာ–၃၂၄] ရဟန္တာဖြစ်ပြီး စုတိစိတ် ကျသဖြင့် သမ်သီသီ ရဟန္တာ ဖြစ်သွားသည်။ ဝေဒနာကို ကျော်ပြီး အနိစ္စကို မြင်အောင် ရှုနိုင်သော ပုဂ္ဂိုလ်၏ အကျိုးကျေးဇူး ရှိပုံကို ပြသည်။

ဤတွင် မင်္ဂရသော ပုဂ္ဂိုလ် စုတိစိတ်ကျလျှင် ဦးခေါင်း (လက်ျာ) ညာဘက်ကို စောင်းပုံကို သိသာအောင်လည်း ဟောသည်။ [နှာ–၃၂၅] တရားရပြီး သေသော

http://www.dhammadownload.com



ပုဂ္ဂိုလ်သည် မျက်စိ၊ မျက်နှာ ကြည်လင်ကြောင်းလည်း ဟောသည်။ သေခါနီးမှ ဝေဒနာကို ကျော်အောင် ရှု၍ ရဟန်းကိစ္စ ပြီးသွားပုံကို ပြသည်။ ဝေဒနာ၏ အနိစ္စကို ဖြစ်ပျက် မြင်အောင်၊ မုန်းအောင်၊ ဆုံးအောင် လုပ်လိုက်စမ်းပါဟု တိုက်တွန်းသည်။ [နာ–၃၂၇] သေမည့် ပုဂ္ဂိုလ်တွေမို့ သေနည်းသင်သည်ဟု ဆိုသည်။ သေခါနီး အချိန်မှာ ကပ်ပြီး ဝေဒနာ ဖြစ်ပျက်ရှု၍ ဖဂ္ဂုန ရဟန်းသည် ရဟန္တာ ဖြစ်သွားပုံကို အသားပေး ဟောသည်။

ထို့နောက် မြတ်စွာဘုရားက သေနည်း သုံးနည်းကို ဟောသည် ဆို၏။ [နာ–၃၃၁] ပထမ သေနည်းမှာ ဘုရား ရှိစဉ် ဘုရား တရားကို နာပြီး သေခြင်းဟာ တစ်နည်း ဖြစ်၏။ [နာ–၃၃၂] ဘုရား ပရိနိဗ္ဗာန် စံပြီး နောက်တွင် ဘုရားတပည့် သာဝကတွေကို ပင့်ပြီး သေခါနီး ပုဂ္ဂိုလ်သည် သေပေါက်သေဝတွင် ဤသို့ ဝေဒနာ နုပဿနာကို ရှု၍ သေခြင်းက တစ်မျိုး။ ဤသို့ ဘုရားလည်း မရှိ၊ ဘုရား၏ တပည့်သား သံဃာများနှင့် ဝေးနေပြီ ဆိုပါလျှင်လည်း မိမိတို့ ဘာသာ ဝေဒနာကို ရှုပြီး သေခြင်းက တစ်နည်း ဖြစ်မည် ဆို၏။ [နာ–၃၃၄] ဒါကြောင့် ယခုကတည်းက ဝေဒနာ ဖြစ်ပျက်ကို တွေ့အောင် ရှာထားပါဟု ဆိုသည်။ ဤသို့ အလေ့အကျင့် ရအောင် ကြိုတင်ပြီး လုပ်ထားခြင်းသည် မီးလောင်မှ ရေရှာခြင်းမျိုး မဟုတ်ပုံကို ဟောသည်။ [နာ–၃၄၀] ဤနည်းသည် မီးမလောင်ခင်က ရေရှာနည်း ဖြစ်သည်ဟု ဆိုသည်။ ဤတရားစကားသည် ဥပဝါဏ ရဟန်းအား မြတ်စွာဘုရား ဟောသော တရား ဖြစ်ကြောင်း အထောက်အထားလည်း ပြသည်။ 'သန္ဒိဋ္ဌိကော တိသာမံ ပဿိတဗ္ဗော' ကိုယ်တိုင် မြင်အောင် လေ့ကျင့်ထားရမည်ဟု ဆိုသည်။

ထို့နောက် ဝေဒနာရှုရင်း သန္ဒိဋ္ဌိကော ဖြစ်ပုံ သဘောကို ပြသည်။ ဝေဒနာ ဖြစ်ပျက်သွားပုံကို သိသောဉာဏ်သည် သန္ဒိဋ္ဌိကော ဖြစ်သည်။ [နာ–၃၄၃] ပြီးမှ မရှိတာသိခြင်း သဘောကို ခွဲခြားပြသည်။ မရှိတာက ကိုယ်တိုင် မြင်စရာ တရား၊ သိတာက ကိုယ်တိုင်မြင်ရသော တရား ဖြစ်သည်ဟု ဆိုသည်။ 'သန္ဒိဋ္ဌိကော သာမံ ပဿိတဗ္ဗော' သဘောကို သိလွယ်အောင် ရှင်းပြခြင်း ဖြစ်၏။ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပြီးနောက် မရှိ ဖြစ်သွားသော တရားချည်း ဖြစ်သည်။ ရှိရာက မရှိ ဖြစ်သွားတာကို သိလျှင် ပြီးပြီဟု ဆိုသည်။ [နာ–၃၄၅] ခုကတည်းက သန္ဒိဋ္ဌိကော ဖြစ်အောင် လုပ်သွားမ သာ သေခါနီးမှာ သန္ဒိဋ္ဌိက ဖြစ်နေမည်။ မီးလောင်မှ ရေရှာ၍ မဖြစ် ကြောင်းကို ထပ်မံ ဆိုပြန်သည်။ မရှိတာကို သိရမည်။ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ ဖြစ်သည်။ သန္ဒိဋ္ဌိကောကို ဆရာတော်က ရှေ့က ဖြစ်ပျက်၊ နောက်မဂ် ဆိုသော

http://www.dhammadownload.com



စကားဖြင့် သရုပ်ပေါ်အောင် ဟောထားသည်။ [နှာ-၃၄၇] ဒါဟာ သေပျော်သော တရား ဖြစ်သည် ဆို၏။

ဤတရား ရှိပါလျက်သားနှင့် အသုံးမချတတ်၍ ခက်နေသည်ဟု ဆိုသည်။ ဤတရားတွင် ဥပါဒါန ရဟန်းဝတ္ထုကို ကိုးကားထားသည်။ [နှာ-၃၄၉] ထို့နောက် ဖေဟိပဿိကော သဘောကို ပြသည်။ တရားခေါ်ရာကို လိုက်ရှုတတ်ဖို့ လိုပုံကို ပြသည်။ ထို့နောက် အနိစ္စခေါ်ရာကို ဉာဏ်လိုက်ရပုံ၊ ဉာဏ်ဆိုတာ မဂ်ဖြစ်ပုံ၊ မဂ်က သံသရာကို ဖြတ်နိုင်ပုံကို ဆက်ပြသည်။ [နှာ-၃၆၁] ဖေဟိပဿိကော ခေါ်ရာ သန္ဒိဋ္ဌိကောဖြင့် လိုက်ဟု ပြဆွန်ထားသည်။ ဤသို့ ရှုတတ်လျှင် ပဋိစ္စ သမုပ္ပါဒ် ပြတ်သည်။ 'ဝေမေကဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ' ဒုက္ခပြတ်သော တရားသဘောပဲဟု သိရမည် ဆိုသည်။ [နှာ-၃၆၄] ဤကား ကိုယ်တိုင် ဒုက္ခဖြတ်ပုံတရား ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၁၀။ ပဋိစ္စ သမုပ္ပါဒ်စက် လည်ပုံ

[ ၁၃၂၁ ခု ဒုတိယ ဝါဆိုလဆုတ် ၁၀ ရက်နေ့က မင်္ဂလာတိုက်ကျောင်းမှာ ဟောသော တရား ]

ကောင်းသော အကျင့်၊ မကောင်းသော အကျင့် နှစ်မျိုးရှိကြောင်း အစချီလျက် ဤရားကို ဟောကြားသည်။ ပဋိစ္စသမုပ္ပါဒ်အတိုင်း စိတ်အစဉ်ဆက် ဖြစ်ပြီး တန်း သွားလျှင် မကောင်းသော အကျင့် ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် စက်ကို ရပ်အောင်၊ ပြတ်အောင် ပြုလုပ်သော အကျင့်သည်သာ ကောင်းသော အကျင့် ဖြစ်သည်။ သံသရာဆက်သော အကျင့်သည် မကောင်းသော အကျင့် ဖြစ်သည်။ သံသရာ ဖြတ်သော အကျင့်သည် ကောင်းသော အကျင့် ဖြစ်သည်။ သံသရာ ပြတ်ဆိုတာ နိဗ္ဗာန် ရောက်ခြင်းကို ဆိုလိုသည်။ ခန္ဓာကိုယ်ထဲမှာ အိုမှု၊ သေမှု နှစ်ခုရှိသည်။ တောဓောလောင်၍ အိုရသည်။ တောဓောလောင်၍ သေရသည်။ လက်တွေ့အားဖြင့် ကိုယ့်ခန္ဓာကို စမ်းကြည့်လျှင် ဤတရား ရှိမရှိ သိနိုင်သည်။ အိုမှု၊ သေမှုကို တောဓော လုပ်နေပုံကို ထင်ရှားအောင် ပြသည်။ [နှာ-၃၇၂] ဤကား သူတစ်ပါးပြော မဟုတ်။ လက်တွေ့ သိနိုင်သော တရား ဖြစ်သည်။ အိုသေ ဘယ်က လာသလဲ ဆင်ခြင်လိုက်ပါက ပဋိစ္စသမုပ္ပါဒ် တရားတော် အရ ဇာတိ ပဋိသန္ဓေက လာသည်။

http://www.dhammadownload.com



ထို့နောက် ဆရာတော်ကြီး ဟောနေကျအတိုင်း လူ့ဘဝ၊ နတ်ဘဝကို ဆုတောင်း နေကြခြင်း အမှားများကို ဝေဖန်ပြသည်။ ထို့နောက် သစ္စာသိဖို့ အရေးကြီးကြောင်းကို ဟောပြန်သည်။ [နှာ-၃၈၄] ဤတွင် ဇာတိက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို ဆုမတောင်းတော့ပါဟု ဆုံးဖြတ်ခြင်းက မဂ္ဂသစ္စာ၊ တောင်းချင်၊ ရချင်သော တဏှာ သေတာက (သမုဒယသစ္စာ) သမုဒယသစ္စာ ချုပ်ဆုံးသွားပါ၍ နောက် ဒုက္ခသစ္စာ မလာတာက နိရောဓသစ္စာ ဖြစ်ပုံကို ပြသည်။ [နှာ-၃၀၇] တစ်ဖန် ဇာတိ ဖြစ်ရခြင်း အကြောင်းသည် ကမ္မဘဝ ဖြစ်ကြောင်းကို ပြသည်။ ကမ္မဘဝ ပစ္စယာ ဇာတိ ဖြစ်သည်။ ကံကောင်းချင်ကြသော စိတ်သဘောမှာ ဇာတိ ရလိုခြင်း သဘော ဖြစ်ကြောင်း ပြသည်။ [နှာ-၃၈၉] အယူအဆ မှားနေခြင်းကို ပြုပြင်ရန် ဟောကြားနေခြင်း ဖြစ်သည်။ ဆရာတော်က မဂ္ဂင်အလုပ်ကို လုပ်လျှင် ချမ်းသာ အစစ်ကို ရမည်၊ ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်တွေကို လုပ်နေလျှင် ဒုက္ခသစ္စာပဲ ရမည်ဟု မိန့်ထားသည်။ [နှာ-၃၉၆] ကံကုန်မှ နိဗ္ဗာန် ရကြောင်းကိုလည်း ဟောသည်။ [နှာ-၃၉၇] ကံကို ဖြတ်ရမည့် အစား လူတွေက ငါးလွှတ်၊ စာကလေး လွှတ်ပြီး ကံဆက်တတ်ကြပုံကို ထောက်ပြသည်။ မဂ္ဂင်တရားကသာ ကံကို ဖြတ်နိုင်သည်ဟု ဆိုသည်။

ထို့နောက် ဥပါဒါန်ကြောင့် ကံဖြစ်ပုံကို ဆက်ဟောသည်။ ထို့နောက် ဥပါဒါန်သည် တဏှာကြောင့် ဖြစ်ကြောင်း၊ တဏှာသည် ဝေဒနာကြောင့် ဖြစ်ကြောင်းကို ဆက်ဟောသည်။ ဒါကြောင့် တဏှာ မလာချင်လျှင် ဝေဒနာကို ချုပ်ဆုံးသွားအောင် ရှုဉာဏ်ဖြင့် လိုက်ရကြောင်းကို ဟောသည်။ တဏှာ ချုပ်လျှင် ဥပါဒါန်ပါ ချုပ်သည်။ ဥပါဒါန် ချုပ်လျှင် ကံပါ ချုပ်သောကြောင့် သမုဒယသစ္စာ နယ်တစ်ခွင်လုံး ချုပ်ဆုံးသွားသည်။ ဤသို့ ဖြစ်သည်မှာ ဝေဒနာ ချုပ်ပုံကို မြင်သော ဝိပဿနာမဂ်ဝင်၍ ဖြစ်သည် ဆို၏။ [နှာ-၄၀၆] ဝေဒနာနှင့် တဏှာကြားတွင် မဂ်ဝင်ပြီဆိုလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်တော့သည်။

ထို့နောက် ဝေဒနာနှင့် တဏှာကြားမှာ ဘုရားပွင့်ကြောင်းကို ဟောပြန်သည်။ [နှာ-၄၀၇] ဤတွင် ဝေဒနာကို ကျော်ပြီး အနိစ္စကို မြင်အောင်ရှု ဆိုသော တရားအမြင်ကို ထပ်မံ၍ ဟောပြန်သည်။ သတိပဋ္ဌာန် ပါဠိတော် 'သမုဒယ ဓမ္မာ နုပဿိဝါ၊ ဝယဓမ္မာ နုပဿိဝါ ဝေဒနာ သုဝိဟရတိ' ကို ပြ၍ ဝေဒနာနုပဿနာဖြင့် ဝေဒနာ ဖြစ်ပျက် ရှုရပုံကို ပြသည်။ [နှာ-၄၀၈] ဝေဒနာနုပဿနာ ဆိုသော်လည်း ဝေဒနာ မရှိတာကို မြင်အောင် ရှုရကြောင်း၊ ဝေဒနာပြီး တဏှာ လာသဖြင့် တဏှာ၏

http://www.dhammadownload.com



နေရာမှာ မဂ်ဝင်အောင် လုပ်ပါဟု ဆိုခြင်း ဖြစ်ကြောင်း ထပ်မံ ရှင်းပြထားသည်။ [နာ၁–၄၀၉] အပျက်ကလေးကို မြင်အောင် ကြည့်လိုက်တော့ ရှေ့က အပျက်၊ နောက်ကမဂ် ဖြစ်သည်။ ဝေဒနာနှင့် တဏှာကြားမှာ မဂ်ဝင်လျှင် အနာဂတ် အကြောင်းသုံးခု ပြတ်သည်။ [နာ၁–၄၁၄] အရောင်းအဝယ် လုပ်နေကြတာ၊ စီးပွား ရှာနေကြတာသည် အနာဂတ် အကြောင်းသုံးခု (သမုဒယသစ္စာ)ကို လုပ်နေကြခြင်း ပင် ဖြစ်ကြောင်း ပြသည်။ ဝိပဿနာ မလုပ်သော ပုဂ္ဂိုလ်မှာ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဉပါဒါန်၊ ဉပါဒါန ပစ္စယာ ဘဝ ဖြစ်ကြောင်း ရှင်းပြသည်။ ဝေဒနာ နိရောဓာကို မြင်အောင် ရှုလိုက်ပါက မဂ်ဝင်သည်။ မဂ်ဝင်လျှင် တဏှာ သေသည်။ [နာ၁–၄၁၆]

ဒါကြောင့် ဝိပဿနာ ရှုသော ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ မရှုသော ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပါဒ် ဆက်သည်။ မဂ်ကို တဏှာ နိရောဓာဟု မှတ်ရမည် ဆိုသည်။ [နာ၁–၄၁၇] ဝိပဿနာ လုပ်လျှင် ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ မလုပ်လျှင် ပဋိစ္စသမုပ္ပါဒ် ဆက်ကြောင်းကို ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၁၁။ ပဋိစ္စသမုပ္ပါဒ် အဝိုင်း စက်ရဟတ် လည်ပုံ

[ ၁၃၂၁ ခု ဒုတိယ ဝါဆိုလဆုတ် ၁၁ ရက်နေ့တွင် မင်္ဂလာတိုက်ကျောင်း၌ ဟောသော တရားဟု ပြထားသည်။ ]

မိမိတို့ ဘဝမှာ လာခဲ့ရသော လမ်းကို ပြန်ပြီး သုံးသပ်ကြည့်လျှင် ပဋိသန္ဓေ နေလိုက်၊ အိုလိုက်၊ နာလိုက်၊ နောက်တစ်ဖန် ပြန်ပြီး ပဋိသန္ဓေ နေလိုက်ဖြင့် ခရီး သွားခဲ့ရပုံကို သံသရာဘဝဟု ခေါ်ကြောင်း အစချီလျက် ဤတရားကို စတင် ဟောကြားခဲ့လေသည်။ မင်္ဂ၊ ဖိုလ် မရသေးလျှင် စုတိပြီးနောက် ပဋိသန္ဓေ လာသည်။ ထိုသို့ စုတိ ပဋိသန္ဓေ ဆက်၍ ဖြစ်နေခြင်းကို သံသရာဟု ခေါ်ကြောင်း ရှင်းပြသည်။ [နာ၁–၄၂၀] သံသရာသည် ရေပင်လယ်ကြီးနှင့် တူသည်ဟု ဆိုသည်။ ရေပင်လယ် ထဲမှာ ဝဲဩဃတွေ ရှိသည်။ ပြီးနောက် ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းအကွက် ၁ ကို သံ သရာ ရေပြင်၊ ၂ အကွက်ကို ဝဲဩဃ၊ ၃ အကွက်ကို ငါး၊ လိပ်၊ မကန်း၊ ၄ အကွက်ကို လှိုင်းတံပိုး ဖြစ်ကြောင်း တင်စားပြသည်။ [နာ၁–၄၂၁] လှေသင်္ဘောနှင့် တူသော ခန္ဓာကိုယ်သည် သံသရာထဲမှာ မျောလာလျှင် ဝဲဩဃနှင့် တွေ့ဆုံရကြောင်း၊ ဝဲထဲမှာ လှုပ်ပြီး မြုပ်တတ်ကြောင်း၊ မြုပ်သွားပါက ငါး၊ လိပ်၊ မကန်း အစာ

http://www.dhammadownload.com



ဖြစ်ရကြောင်း၊ ဤကား သံသရာ ခရီးသည်၏ အသွား ဖြစ်ကြောင်း ဟောသည်။ [နှာ-၄၂၂] သံသရာထဲမှာ ခန္ဓာ မျောလာသောအခါ မရဏာဝဲက စုပ်ယူသည်။ ဇဗ ပါး ရောဂါဘေး၊ အိုဘေး တွေက ငါး၊ လိပ်၊ မကန်းတွေ ဖြစ်သည်။ သံသရာ ခရီးသည် မဂ်၊ ဖိုလ် မရလျှင် ဝဲစုပ် ခံရမည်ဟု ဆိုသည်။

ဒါကြောင့် သံသရာ စခန်းသတ်သော အလုပ်ကို လုပ်ပါဟု ဆရာတော်က တိုက်တွန်းထားသည်။ [နှာ-၄၂၅] သံသရာ ဖြတ်ရမည်။ သံသရာကို ဖြတ်တတ်သော တရားသည် မဂ်ဖြစ်သည်။ မဂ်နှင့် ဖြတ်မှ ပြတ်သည်။ [နှာ-၄၂၇] မဂ်သည် သစ္စာသိမှ ဖြစ်သည်။ ထို့နောက် သစ္စာသိအောင် ပဋိစ္စသမုပ္ပာဒ်ကို ပြမည် ဆိုသည်။ အိုမှု၊ နာမှု၊ သေမှုသည် ခန္ဓာထဲမှာ ရှိသည်။ ခန္ဓာထဲမှာ တေဇော ရှိသည်။ ထိုတေဇောက အိုအောင်၊ နာအောင် လုပ်လျက် ရှိကြောင်း ထပ်ဟောသည်။ အပူဓာတ်က သူနှင့် စပ်တာတွေကို အကုန်ကျွမ်းအောင် လုပ်သည်။ ခန္ဓာထဲက မီးဓာတ် တေဇောသည် ပျိုသော အမှုအရာတွေကို ပျောက်အောင်လုပ်ပြီး အိုမှု အမှုအရာတွေကို ပေါ်အောင် လုပ်သည်။ ဇရာ၏ လက်သည်သည် တေဇော ဖြစ်သည်။ ခန္ဓာထဲမှာ အိုတတ်သော တရားက အပြီး ရှိပြီးသား ဖြစ်သည်။ [နှာ-၄၂၉] ဘယ်ဘဝ ဘယ်ခန္ဓာပဲ ရရ လောင်ဓာတ် တေဇော ပါသည်ချည်းပင် ဖြစ်၏။ တေဇောဓာတ်သည် အချိန်တိုင်းမှာ ခန္ဓာကို လောင်ကျွမ်းနေသည် ဖြစ်၏။ အိုမင်း ရင့်ကျက်အောင် လုပ်သော တေဇောသည် ဇီရဏ တေဇော ဖြစ်သည်။ အိုအောင် လုပ်တာလည်း တေဇော၊ သေအောင် လုပ်တာလည်း တေဇော ဖြစ်သည်။ [နှာ-၄၃၁] ဤဘဝသည် ရန်သူနှင့် အတူတူ နေရသော ဘဝဖြစ်ကြောင်း ဟောသည်။ ဘဝမှာ ဇာတိ အစကလည်း ဒုက္ခသစ္စာ၊ မရဏ အဆုံးကလည်း ဒုက္ခသစ္စာပင် ဖြစ်ကြောင်း ပြသည်။ [နှာ-၄၃၇] ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ လာသော အနက် ဖြစ်သည် ဆို၏။ ဇရာ မရဏက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာဟု သိတာက မဂ္ဂသစ္စာ ဖြစ်သည်။ ဖြစ်တာက ဇာတိ၊ ပျက်တာက ဇရာ မရဏ၊ ဖြစ်ပျက် အဆုံးကျအောင် သိသော ပုဂ္ဂိုလ်၏ အသိသည် နိရောဓသစ္စာ ဖြစ်ကြောင်း ပြသည်။ [နှာ-၄၃၈] ဇရာ မရဏ ချုပ်ရာ၊ သိမ်းရာသည် နိဗ္ဗာန် ဖြစ်သည်။ သစ္စာကို သိလျှင် ဇာတိလည်း မကြိုက်တော့၊ ဇရာ မရဏလည်း မကြိုက်တော့ပါ၊ ထိုသို့ မကြိုက်ခြင်းလျှင် မဂ်ဉာဏ်သည် လာသည်ဟု ဆိုသည်။ [နှာ-၄၃၉] ပရိနိဗ္ဗာန် စံသည် ဆိုခြင်းမှာ ဇာတိနှင့် ဇရာ မရဏ ချုပ်ဆုံးသွားခြင်းပင် ဖြစ်၏။

http://www.dhammadownload.com



ထို့နောက် ဇာတိ ဖြစ်ရခြင်း အကြောင်း လက်သည်ကို ရှာပြန်သည်။ 'ကမ္မဘဝ ပစ္စယာ ဇာတိ' အရ ကံကြောင့် ဇာတိ ဖြစ်ရသည်။ ကမ္မဘဝက ဤတွင် အကြောင်း၊ သမုဒယ ဖြစ်သည်။ ဇာတိက အကျိုး၊ ဒုက္ခသစ္စာ ဖြစ်သည်။ ထို့နောက် ဥပါဒါန်ကြောင့် ကံတွေ ဖြစ်ရပုံကို ပြပြန်သည်။ [နာ–၄၄၃] ဤတွင် ဥပါဒါန်က အကြောင်း၊ သမုဒယသစ္စာ ဖြစ်ပြီး ကံက အကျိုး၊ ဒုက္ခသစ္စာ ဖြစ်ကြောင်း ဟောသည်။ [နာ–၄၄၄] ထို့နောက် တဏှာကြောင့် ဥပါဒါန် ဖြစ်ပုံ၊ ဝေဒနာကြောင့် တဏှာဖြစ်ပုံ ကြောင်းကျိုးဆက် တရားကို ပြသည်။ ဝေဒနာ ဖြစ်ပျက်ရှုပုံကို ပြသည်။ ဝေဒနာ အနိစ္စကို မြင်အောင် ရှုရမည်။ ထိုအခါ ဝေဒနာက အနိစ္စ၊ သိလိုက်တာက မဂ်ဖြစ်သည်။ အနိစ္စနောက်က မဂ်လိုက်နေရမည်ဟု ဆိုသည်။ မဂ်သည် တဏှာကို သေစေသည်။ [နာ–၄၄၈] ဝိပဿနာ မရှုသူမှာ ဝေဒနာနောက်က တဏှာ လိုက်သည်။ ရှုသောသူမှာ ဝေဒနာချုပ်၍ တဏှာ ချုပ်ပုံကိုပြသည်။ ထိုသူမှာ သံသရာ ရှည်သည်။

ထို့နောက် ဝေဒနာ ဘယ်ကလာသလဲ မေးခွန်းကို အဖြေရှာပြန်သည်။ ဖဿက လာသည်။ ဖဿက အကြောင်း၊ သမုဒယ၊ ဝေဒနာက အကျိုး၊ ဒုက္ခသစ္စာ ဖြစ်ကြောင်း ပြသည်။ [နာ–၄၅၁] ထို့နောက် ဖဿ ဘယ်ကလာသလဲ မေးပြန်သည် သဠာယတနက လာသည်။ [နာ–၄၅၂] သဠာယတန ဘယ်ကလာသလဲ။ နာမ်ရုပ်က လာသည်။ နာမ်ရုပ် ဘယ်က လာသလဲ။ ဝိညာဉ်က လာသည်။ ဝိညာဉ်သည် ပဋိသန္ဓေ ဝိညာဉ် ဖြစ်သည်။ ထိုဝိညာဉ် ဘယ်ကလာသလဲ ဆိုလျှင် သင်္ခါရ (ကံသုံးပါး)က လာသည်။ [နာ–၄၅၄] ပဋိစ္စသမုပ္ပာဒ် ၁၂ ပါးကို အပြန်အားဖြင့် ပြခြင်း ဖြစ်၏။ ထို့နောက် ပဋိစ္စသမုပ္ပာဒ် လည်ပုံကို ပြပြန်သည်။ သံသရာ ခရီးသည်သည် ဇရာ မရဏာသမား ဖြစ်သည်။ သေခါနီးမှာ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ လာသည်။ ထိုမှတစ်ဖန် အာသဝ တရားတွေ လာသည်။ အာသဝေါတရား လေးပါးဖြစ်သည်။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတို့ ဖြစ်သည်။ ဤအာသဝေါ တရားတွေကြောင့်ပင် အဝိဇ္ဇာ ဖြစ်ရပြန်သည် ဆို၏။ အဝိဇ္ဇာ ဖြစ်လျှင် သင်္ခါရ ဖြစ်တော့သည်။ သင်္ခါရ ပစ္စယာ ဝိညာဏံ သံသရာ လည်တော့သည်။ သံသရာက စက်ဝိုင်းပမာ ဖြစ်နေသည်။ အစကို ရှာမရ ဖြစ်ကြောင်း ဟောသည်။ တရားသဘော အရ အစကို တွေ့သည်။ ပုဂ္ဂိုလ်၊ သတ္တဝါ သဘော အရ အစကို ရှာမရဟု ဆိုသည်။ [နာ–၄၆၀] ကြက်ဥနှင့် ကြက်မလို ဖြစ်နေကြောင်း ပြသည်။ သံသရာ ခရီးသည်သည် အဝိုင်းပြေးသမား ဖြစ်ကြောင်း

http://www.dhammadownload.com



ကိုလည်း ပြသည်။ သံသရာ အဝိုင်း ပဋိစ္စသမုပ္ပာဒ် ဖြတ်ပုံကို ပြမှသာ အဝိုင်းပြေးဘဝက လွတ်နိုင်မည်ဟု ဆိုသည်။ အဝိုင်းပြေးဘဝ ဇာတ်သိမ်းမှ သံသရာ ပြတ်ကြောင်းကို ဟောရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

၁၂။ အဓိပတိ သုံးပါးထား၍ တရားအားထုတ်ပါ။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပာဒ်ကိုသာ ဝိပဿနာ ရှုပါ

[ ၁၃၂၁ ခု ဒုတိယ ဝါဆိုလဆုတ် ၁၂ ရက် မင်္ဂလာတိုက်ကျောင်းမှာ ဟောသော တရားဟု ပြထားသည်။ ] **(ဤတရားကို ရှေ့မှာ ဟောခဲ့ဖူးပြီ)**

ပဋိသန္ဓေ နေခြင်းဆင်းရဲ လွတ်ချင်လို့ တရားနာတာဟု အစချီလျက် ဤတရားကို ဟောပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ကွေကွင်းခြင်း ဆင်းရဲ၊ သောကပရိဒေဝ ဆင်းရဲများမှ လွတ်ချင်လို့ တရားနာတာဟု ဆိုသည်။ ဆင်းရဲ လွတ်ချင်လျှင် အကြီးအကဲ (အဓိပတိ) သုံးခု ထားရမည်ဟု ဆိုသည်။ ၁ နံပါတ် မိမိကိုယ်ကို အဓိပတိ ထားရမည်။ ၂ နံပါတ် သူတစ်ပါး (လောက)ကို အဓိပတိ ထားခြင်း တစ်မျိုး၊ ၃ နံပါတ် တရား (ဓမ္မ)ကို အဓိပတိ ထားခြင်း တစ်မျိုး ဖြစ်သည်။ ဤကား တရား အားထုတ်နည်း သုံးမျိုး ဖြစ်ကြောင်း ဟောသည်။ [ နှာ–၄၆၄ ] အင်္ဂုတ္တိုရ် ပါဠိတော်မှာ လာသည် ဆို၏။ မိမိကိုယ်ကို အဓိပတိ ထားခြင်း ဆိုသည်မှာ ငါသည် ဝတ်စရာ၊ စားစရာ၊ နေစရာ မရှိ၍ အားထုတ်ခြင်း မဟုတ်၊ အခွင့်အရေး တစ်စုံတစ်ရာ လိုချင်၍ အားထုတ်ခြင်း မဟုတ်၊ သံသရာ ဝဋ်ဆင်းရဲ အပေါင်းက လွတ်မြောက်လို၍သာ အားထုတ်ခြင်း ဖြစ်သည်ဟု နှလုံးသွင်းရမည်။ ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးက ကျွတ်လို၊ လွတ်လို၍ အားထုတ်ခြင်းသာ ဖြစ်သည်။ ဤသို့ ဆင်ခြင်ခြင်းသည် မိမိကိုယ်ကို မိမိ ပင့်မြှောက်ခြင်း ဖြစ်သည် ဆို၏။ [ နှာ–၄၆၆ ]

ထို့နောက် သူတစ်ပါး (လောက)ကို အဓိပတိထား၍ တရား အားထုတ်ရန် သင်ကြားသည်။ တရား အားထုတ်နေစဉ် လောဘ၊ ဒေါသ၊ မောဟ၊ သားရေး၊ သမီးရေး၊ စီးပွားရေးတွေ ခေါင်းထဲ ဝင်လာလျှင် မိမိကို စောင့်ကြည့်နေသော သမာဒေဝ နတ်များ ရှိသည်။ နောင့်ယှက်မည့် ပရလောကသားများလည်း ရှိသည်။ သူတစ်ပါး စိတ်အကြံကို သိသော အရိယာ သူတော်စင်များလည်း ရှိသည်။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်တွေ မိမိ အဖြစ်ကို သိကုန်တော့မည်။ ရှက်ဖို့

http://www.dhammadownload.com



ကောင်းလှသည်ဟု ဆင်ခြင်ရမည်။ ကာမ ဝိတက်၊ ဗျာပါဒ ဝိတက်၊ ဝိဟိံသ ဝိတက်တွေ ဖြစ်ပေါ်လာလျှင် လောကက မိမိကို စောင့်ကြည့်နေသည်ဟု သိပြီး ပယ်တတ်ရမည်။

နောက်တစ်ချက်မှာ ဓမ္မကို အဓိပတိထား၍ အားထုတ်ခြင်း ဖြစ်သည်။ ဘုရားဟော တရားများသည် သစ္စာဆိုက်သော တရားများ ဖြစ်သည်။ အစမ်းသပ်ခံနိုင်သော၊ ကိုယ်တိုင် မျက်မှောက် ပြုနိုင်သော တရားများ ဖြစ်သည်။ သန္ဒိဋ္ဌိကော တရားများ ဖြစ်သည်။ ဒါကြောင့် ဤတရားများကို အားထုတ်စဉ် အခါ၌ ကောင်းစွာ အကျိုး ခံစားရမည့် တရားများ ဖြစ်သည်ဟု တရား အစစ်ကို အဓိပတိ ထားပြီး အားထုတ်ရမည် ဖြစ်ကြောင်းကို ဟောထားသည်။ [နာ-၄၇၂] အခါမလင့် အကျိုးပေးသော တရားများ ဖြစ်သည်ဟု၊ တရားကို အဓိပတိ ထား၍ ယုံကြည်စွာဖြင့် အားထုတ်ကြရမည်ဟု တိုက်တွန်း နှိုးဆော်ထားသည်။ ဤကဲ့သို့ အဓိပတိ သုံးပါး စိတ်မှူထား၍ ကြိုးစားပါက ဇာတိ၊ ဇရာ မရဏ၊ သောကပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ ဆိုသော ပဋိစ္စ သမုပ္ပါဒ် ဝဋ်ဆင်းရဲ အပေါင်းမှ ကေန် လွတ်ကင်း၍ ချမ်းသာရမည်ဟု ဆိုသည်။ ဤသို့ တရားတော်ကို အဓိပတိထားပြီး ရှုပါက ဤတရားက အခါမလင့် အကျိုးပေးမည် ဖြစ်၏။ ဤကား တရား အားထုတ်နည်း သုံးမျိုးဟု မှတ်ရမည်။

ထို့နောက် ခန္ဓာကိုယ်ထဲမှာ ပူမှု တေဇော (သေမင်း) အပြီး ပါလာပုံကို ဟောသည်။ ခန္ဓာထဲမှာ အိုမှု၊ သေမှု ရှိနေသရွေ့ ကာလပတ်လုံး ချမ်းသာ မရှိနိုင်ကြောင်း ဟောသည်။ ခန္ဓာကိုယ်ထဲမှာ မီးနှင့် လောင်စာ၊ ထင်း အတူတူ ရှိနေသည်။ ခန္ဓာထဲမှာ တေဇောက အမြဲ လောင်လျက် နှိပ်စက်နေသည်။ ကျန် ရုပ်နာမ်တွေက ခံနေရသည်။ ဒါကြောင့် ခန္ဓာသည် ဒုက္ခသစ္စာ ဖြစ်သည်။ [နာ-၄၇၈] တရားနာနေကြတာ ဒုက္ခခံရင်း နာနေကြခြင်း ဖြစ်ပုံကို ပေါ်အောင် ပြသည်။ ထို့နောက် ဇရာ မရဏနှင့် ဇာတိတွင် ဇာတိက ပိုပြီး ကြောက်စရာ ကောင်းပုံကို ခဲနှင့် ခဲပစ်သူ ဥပမာဖြင့် ပြသည်။ ခဲထက် ခဲပစ်သူက ပိုပြီး ကြောက်စရာ ကောင်းပုံကို ရှင်းပြသည်။ [နာ-၄၈၂]

ထို့နောက် ဇာတိကို သမုဒယသစ္စာ ဖြစ်မှန်း မသိ၍ လူဖြစ်လို၊ နတ်ဖြစ်လိုကြောင်း ဆုတောင်း နေကြပုံကို ဟောပြန်သည်။ ဟောနေကျ အတိုင်း ဖြစ်သည်။ ဇာတိ သမုဒယသစ္စာ၊ ဇရာမရဏက ဒုက္ခသစ္စာ။ သစ္စာ မသိ၍ ဆုတောင်းနေကြတာဟု ဆိုသည်။ အမှန်မှာ ဇာတိ သမုဒယသစ္စာနှင့် ဇရာမရဏ ဒုက္ခသစ္စာ နှစ်ခုကို

http://www.dhammadownload.com



ပိုင်းခြားရမည်၊ ပယ်ရမည်ဟု ဘုရားက ဟောသည်။ ဒကာ၊ ဒကာမတွေက မရရအောင် ဆုတောင်းပြီး ယူနေကြသည်ဟု ဆိုသည်။ ဘုရားက ပယ်ခိုင်းတာကို ဗုဒ္ဓ ဘာသာဝင်တွေ ကိုယ်ပိုင်ဖြစ်အောင် လုပ်နေကြသည်ဟု ဝေဖန်ပြသည်။ [နှာ-၄၈၈] သံသရာ တစ်လျှောက်လုံးမှာ သစ္စာသိသော မဂ်ဉာဏ် မရခဲ့ပုံကို ပြ သည်။ ထို့နောက် သစ္စာသိပြီး အားထုတ်ပါဟု ဆိုသည်။ ရမ်းမှန်းပြီး လုပ်နေလျှင် လိုရင်းကို မရောက်ပုံကို ပြသည်။

ထို့နောက် ဗုဒ္ဓဂေါတမ ဘုရား ဖြစ်လာတာ ဇရာ မရဏကို မြင်၍ သံဝေဂ ဖြစ်၍သာ ဘုရား ဖြစ်ကြောင်းကို ဟောသည်။ ဘုရားသည် ဇရာ မရဏ လွတ်ကြောင်း တရားကို ရှာခြင်း ဖြစ်သည်။ [နှာ-၄၉၇] ဇရာ မရဏက ဒုက္ခသစ္စာ ဖြစ်သည်။ ဇာတိက သမုဒယသစ္စာ ဖြစ်သည်။ ဤသစ္စာ နှစ်ခုကို ပယ်ချင်၍ သဗ္ဗညုတဉာဏ် ရအောင် ဗုဒ္ဓ ကြိုးစားတော်မူခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ပဋိစ္စ သမုပ္ပါဒ်ကို ပဋိလုံ ဆင်ခြင် ပြပြန်သည်။ [နှာ-၄၉၈] ကုသိုလ်လုပ်တိုင်း ဇာတိဘေးမှ လွတ်လို၍ လုပ်ခြင်း ဖြစ်သင့်ပုံကို ဟောသည်။ [နှာ-၅၀၀] ထို့နောက် အကြောင်း သမုဒယနှင့် အကျိုး ဒုက္ခ ဖြစ်ပုံကို ပဋိလုံနည်းဖြင့် ပြသည်။ [နှာ-၅၀၃] အားလုံး ဒုက္ခသစ္စာချည်း ဖြစ်ပုံကို ရှင်းထားသည်။ ပဋိစ္စသမုပ္ပါဒ်ထဲမှာ သုခ မပါဘူးဟု ဆိုသည်။ ဝေဒနာ ပစ္စယာ တဏှာတွင် ဝေဒနာက သမုဒယ အကြောင်း၊ တဏှာက ဒုက္ခသစ္စာ အကျိုး ဖြစ်နေပုံကို ပြသည်။ တခြားနေရာမှာ တဏှာကို သမုဒယ၊ အကြောင်း အဖြစ်သာ ပြကြောင်း ဟောသည်။ ခါတိုင်း ဟောနေကျ အတိုင်း ဝေဒနာနှင့် တဏှာကြားမှာ ဘုရား ပွင့်ပုံကို ပြပြန်သည်။

ထို့နောက် ဝေဒနာ နုပဿနာ ရှုပုံကို ဆက်၍ ပြသည်။ ဝေဒနာ သုံးခု ဖြစ်ပျက် မြင်အောင် ရှုရမည်။ ဝေဒနာ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဖြစ်သည်။ မဂ်ဖြစ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်တော့သည်။ သမုဒယအားလုံး ချုပ်ဆုံးလျှင် ဒုက္ခ ချုပ်ငြိမ်းရာ နိရောဓ သစ္စာကို မျက်မှောက်ပြုပုံကို ပြသည်။ ဝေဒနာ နိရောဓာ၊ တဏှာ နိရောဓော ဖြစ်ပုံကို ပြသည်။ အားထုတ်သော ပုဂ္ဂိုလ်မှာ ပစ္စုပ္ပန်နှင့် အနာဂတ် မဆက်ဘဲ ပြတ်သည်။ မရှုသော ပုဂ္ဂိုလ်မှာ ပစ္စုပ္ပန်နှင့် အနာဂတ် တွဲစပ်သွားသည်ဟု ဆိုသည်။ [နှာ-၅၀၉] ထို့နောက် တစ်ဖန် ဖဿအထိ နောက်ဆုတ်ပြီး ပြပြန်သည်။ ပြီးမှ ပစ္စုပ္ပန်မှာ ဝိပဿနာ ရှုပုံကို ပြသည်။ ဝိပဿနာ ရှုနေလျှင် ပစ္စုပ္ပန်မှာပဲ ပြတ်သည်။ ပြတ်လျှင် နောက်ဘဝ ဇာတိ မရတော့ကြောင်းကို ပြသည်။ [နှာ-၅၁၄] သံသရာလမ်းကို ဖြတ်ချင်လျှင် ဝေဒနာ နောက်က

http://www.dhammadownload.com



မဂ်သွင်းရမည်ဟု ဆိုသည်။ ဖဿကို ရှုလျှင်လည်း မဂ်ဖြစ်ပုံကို ဟောသည်။ ပဋိစ္စသမုပ္ပာဒ် ၂အကွက်ထဲ ပေါ်သော ခန္ဓာအားလုံးကို ဖြစ်ပျက် ရှုနိုင်သည်။ ရှေ့ပိုင်း ငါးခု တစ်ခုခု ရှုလျှင် နောက်ပိုင်းသုံးခု (တဏှာ၊ ဥပါဒါန်၊ ကံ) ပြတ်သည်။ ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

၁

ဤတွင် အလုပ်စဉ်တရားစာအုပ် အမှတ် (၂၇) ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၂၈)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၂၈)

**နိဒါန်း**

မြတ်စွာဘုရားက သူတော်ကောင်း အလုပ်ကို ယခု လုပ်ပါ။ သေမင်းနှင့် အချိန်းအချက် လုပ်ထား၍ ရသည် မဟုတ်ဟု ဟောတော်မူသည်။ ဓမ္မာနု ဓမ္မ ပဋိပတ္တိ အလုပ်သည် ခန္ဓာ အရှိနှင့် ဉာဏ်အသိ ကိုက်အောင် လုပ်သောအလုပ် ဖြစ်၏။ ထိုအလုပ်သည် မဂ္ဂ ဗြဟ္မစရိယ အလုပ်လည်း ဖြစ်သည်။ ဝိပဿနာ အလုပ်ကိုပင် ဆိုလိုသည်။ အဝိဇ္ဇာ အားကြီးသူမှာ ကိလေသာထု ပို၍ ထူသည်။ ဆရာကြီး ဦးသံဒိုင်က ယခုခေတ် လူများ၏ သက်တမ်းကို ၇၅ နှစ်တန်းသာ ရှိတော့ကြောင်း တွက်ပြသည်။ ဘုရား လက်ထက်က အနှစ် ၁၀၀ တန်း ဖြစ်သည်။ ယခု ဘုရားပွင့်ပြီးသည်မှာ အနှစ် ၂၅၀၀ ကြာပြီ။ အနှစ် ၁၀၀ မှာ တစ်နှစ် နုတ်လျှင် ၂၅နှစ် နုတ်ရမည်ဟု ဆိုသည်။ ထိုသက်တမ်းကို ၃ ပိုင်း ပိုင်းပြသည်။ ပထမအရွယ် ၂၅ နှစ် အထိ၊ ဒုတိယအရွယ် ၅၀ နှစ် အထိ၊ တတိယအရွယ် ၇၅ နှစ် အထိ ဖြစ်သည်။ အရွယ် သုံးပါးစလုံးမှာ သေမင်း ရောက်လာနိုင်သည်။ သေမင်းကို ဆိုင်းပါဦး၊ ငံ့ပါဦး ဆို၍ မရပါ။

ထို့ကြောင့် ပထမ အရွယ် ငယ်စဉ် ကတည်းက အရိယာ ဓမ္မကို ဗုဒ္ဓဘာသာ ဝင် မှန်က သိသင့်ကြောင်း ဖော်ပြသည်။ ထို့နောက် ဦးသံဒိုင်က အရိယာသစ္စာ ၄ ပါးရှိကြောင်း ဖော်ပြသည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ ဖြစ်သည်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူ၍ ခန္ဓာငါးပါး ရှိကြောင်း၊ ထိုခန္ဓာ ငါးပါးစလုံးသည် အမြဲမရှိ။ ဖောက်ပြန် ပျက်စီးနေသည်။ ဖောက်ပြန်

http://www.dhammadownload.com



ပျက်စီးနေသောကြောင့် ဆင်းရဲ အတိ ပြီးသည်။ ယခု ရထားသော ခန္ဓာငါးပါး (ဒုက္ခသစ္စာ)သည် ရှေးဘဝက ဆုတောင်း တဏှာ (သမုဒယသစ္စာ)ကြောင့် ရထားခြင်း ဖြစ်သည်။ သမုဒယ တဏှာကြောင့် ခန္ဓာ ဒုက္ခသစ္စာ ဖြစ်ရကြောင်း ရေးထားသည်။ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဖြစ်ကြောင်းကို ဓမ္မစကြာ၌ ဘုရား ဟောထားပုံကို ပြသည်။ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဘိဒုက္ခာ'။ အရိယာဓမ္မဖြင့် သိရမည့် ဒုက္ခသည် ဥဒယဗ္ဗယ (ဝါ) သမုဒယဥ္စ၊ အတ္ထင်္ဂမဥ္စ ဖြစ်သည်။ အရိယာ သစ္စာ ၄ ပါးတွင်လည်း ဒုက္ခသစ္စာ တစ်ခုကို မြင်လျှင် ကျန်သုံးပါးကို မြင်သည်ဟု ဆိုသည်။ အနိစ္စကို သိလျှင် သစ္စာကို သိသည်ဟု ဆိုသည်။ ဝိပဿနာဉာဏ်သည် သစ္စာနုလောမိကဉာဏ်၊ သစ္စာနှင့် လျော်သောဉာဏ်ပင် ဖြစ်သည်။ သစ္စာဉာဏ် ရအောင် ပညာရှာရင်း၊ စီးပွားရှာရင်းလည်း လုပ်နိုင်သည်။ မိမိ သန္တာန်မှာ ပေါ်သော စိတ်ကလေးတွေ ဖြစ်ပြီး ခဏမှာပင် ပျက်သွားပုံကို မြင်အောင် သတိကပ်ပြီး ကြည့်နေပါက သိနိုင်သည်။ သိအောင် ကြိုးစားသင့်သည်။ အရွယ် သုံးပါးစလုံးကို သားရေး၊ သမီးရေး၊ စီးပွားရေး အတွက် အကုန် မခံသင့်ကြောင်း၊ လောကီကိစ္စများကို စွန့်ချိန်တန်လျှင် စွန့်သင့်သည်။ ဆင်သေကို မှီ၍လိုက်သော ကျီးမိုက်သည် ပယ်လယ်ဝကို ရောက်သောအခါက စွန့်သင့်ပါလျက် မစွန့်ဘဲ သမုဒ္ဒရာတွင်းသို့ လိုက်သွားမိ သဖြင့် ပျက်စီးရပုံကို ဖော်ပြထားသည်။ ကိုယ်က မစွန့်လျှင် ပစ္စည်းက ကိုယ့်ကို စွန့်လိမ့်မည်။ ကိုယ်က မစွန့် သူက စွန့်မည်သာ ဖြစ်သည်။

ထို့ကြောင့် အသေမဦးမီ ဉာဏ်ဦးအောင် လုပ်ပြီး အပါယ်ဘေးက လွတ်အောင် ရုန်းထွက်ဖို့ အရေးကြီးကြောင်းကို ဖော်ပြသည်။ မိမိကိုယ်ကို ကယ်တင်ရန် ဝိပဿနာ အလုပ်ကို လုပ်သင့်သည်။ အချိန် မီသေးသည်။ မိမိကိုယ်ကို ကယ်တင်ရန် အချိန် ရှိသေးသည်။ အ ကုသိုလ် အနန္တကို မင်္ဂ တစ်ချက်ဖြင့် အကျေ ပေးဆပ်သင့်ကြောင်း တိုက်တွန်းထားသည်။

*

## ၁။ သမုဒယသစ္စာ၏ နိဒါနဋ္ဌ သဘော

[ ၂၇-၁၁-၅၇ ခုနှစ်က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောကြားသော တရား]

သမုဒယ သစ္စာသည် ဒုက္ခ အမှု၊ ဒုက္ခ ဝတ္ထုတွေကို စုဆောင်း ဝေခြမ်းပေးနေသော တရား ဖြစ်ကြောင်း အစချို၍ ဤတရားကို ဟောသည်။ ယနေ့ နိဒါနဋ္ဌော

http://www.dhammadownload.com



ဆိုသော သဘောကို ဟောမည် ဆို၏။ ဒုက္ခတွေကို ပေးဝေတာသည် သမုဒယသစ္စာ ဖြစ်သည်။ ကံမကောင်း၊ အကြောင်း မလှလို့ ဒုက္ခရောက်ခြင်း မဟုတ်၊ သမုဒယ သစ္စာ၊ လောဘ တဏှာကြောင့် ဒုက္ခ ရောက်ရခြင်းသာ ဖြစ်ကြောင်းကို ပြသည်။ သမုဒယ ချုပ်လျှင် ကံချုပ်သည်။ ကံက အကျိုး မပေးနိုင်တော့ပါ၊ လူတွေက ကံကိုချည်း စွဲချက် တင်နေကြသည်ကို ပြသည်။ [နာ–၄] အင်္ဂုလိမာလ ကံတွေ ကျူးလွန်ထားတာ အများကြီး ရှိသည်။ ဘုရားနှင့် တွေ့ပြီး တရား ကျင့်လိုက်တော့ သမုဒယ သစ္စာတွေ အားလုံး ချုပ်သွားသည်။ ထိုအခါ ကံတွေက ပဋိသန္ဓေ အကျိုး မပေးနိုင်တော့ကြောင်းကို ပြသည်။ သမုဒယချုပ်၍ ဒုက္ခ ချုပ်ငြိမ်း သွားရခြင်း ဖြစ်သည်။ ကံကိုချည်း အပြစ်ချနေတာ မမှန်ဟု ဆိုသည်။ သမုဒယ မချုပ်သေးခင်သာ ကံက လုပ်နိုင်သည်။ သမုဒယ ချုပ်လျှင် ကံအားလုံး အဟောသိကံ ဖြစ်သွားသည်ဟု ပြထားသည်။ [နာ–၅] သမုဒယကို ကြောက်ရမည့်အစား ကံကို ကြောက်နေခြင်းသည် မှားနေကြောင်းလည်း ဟောသည်။ ကံသည် သမုဒယ၏ လက်အောက်ခံသာ ဖြစ်သည်။ [နာ–၆]

ဒါကြောင့် ဒုက္ခ ငြိမ်းချင်လျှင် ကံကို ရပ်သိမ်းမနေသင့်။ သမုဒယ တဏှာကိုသာ ရပ်သိမ်းကြရမည်ဟု ဆိုသည်။ [နာ–၇] တဏှာကို ရပ်သိမ်းလျှင် ကံ ပါသွားသည်။ ကံက စိမ့်တာ၊ တကယ်တမ်း နောက်က သြဇာလွှမ်းပြီး ကြိုးဆွဲနေတာက သမုဒယ တဏှာသာ ဖြစ်ကြောင်း ရှင်းပြထားသည်။ မဂ်ဉာဏ်ဖြင့် တဏှာကို သတ်ပစ်လိုက်လျှင် ကုသိုလ်၊ အကုသိုလ် ဘာမှ အကျိုးမပေးတော့ပါ။ သမုဒယ သစ္စာ၏ နိဒါနဝဂ္ဂ သဘောမှာ ဒုက္ခ အမှု၊ ဒုက္ခစုကို တစ်ခုမကျန် တစ်ရုံမစဲ အမြဲ ပေးတတ်သော သဘော ဖြစ်သည်ဟု ဆိုသည်။ [နာ–၈] ခဲပစ်သူကို ဥပမာ ပြသည်။ ခဲကို မကြောက်နှင့်၊ ခဲပစ်သူကိုသာ ကြောက်ရကြောင်း ဟောသည်။ [နာ–၉] အကြောင်းအကျိုး ကွဲအောင် ရှုပါဟု ဆိုသည်။ တဏှာ၊ ဥပါဒါန်က အကြောင်း၊ ကံက အကျိုးဖြစ်ကြောင်း ရှင်းပြန်သည်။ [နာ–၁၀] နိဒါနဝဂ္ဂ သဘောအရ သမုဒယ (တဏှာ) ပေးသမျှ ဒုက္ခကို အကုန် လက်ခံကြရပုံကို ပြသည်။ [နာ–၁၃]

ထို့နောက် သမုဒယသစ္စာ အကြောင်းကို မသိလျှင် နိဗ္ဗာန် မရဘူးဟု ဟောသည်။ [နာ–၁၈] သမုဒယ သစ္စာကသာ ဒုက္ခကို ဖန်ဆင်းသည်။ လူတွေက ဒုက္ခရောက်လျှင် ကံကိုသာ ပုံချနေကြပုံ အမှားကို ပြသည်။ [နာ–၁၉] နိဒါနဝဂ္ဂ၏ သဘောမှာ ရှေ့မင်းဒုက္ခပဲ၊ ယူဟု ဒုက္ခကို ပေးတတ်သော သဘောကို ဆိုကြောင်း

http://www.dhammadownload.com



ဟောသည်။ [နာ–၂၀] သမုဒယ သစ္စာနှင့် အပေါင်းမှားသဖြင့် မနေချင်၊ မရချင်ပါဘဲလျက် အိုခြင်း ဒုက္ခဆိုးကြီးနှင့် နေကြရသည့် သစ္စာကို ဟောသော ဆရာနှင့် တွေ့၍သာ၊ မဟုတ်ပါက ကံကို ရိုးမယ်ဖွဲ့ပြီး နေကြရပေမည်။ သမုဒယ သစ္စာကိုသာ ခန္ဓာပေါ် တင်ပြီး ဉာဏ်ဓားဖြင့် ဖြတ်ပါ။ ကံဟူသမျှ အဟောသိကံ ဖြစ်သည်။ [နာ–၂၁] သမုဒယကို ဖြတ်လျှင် ကံ အကျိုးပေး အားလုံး ပြတ်သည်။ ခု အိုခြင်း ဒုက္ခဆိုးကို ရထားသည်။ နောက်ထပ် နာခြင်း ဒုက္ခဆိုးကြီး လာဦးတော့မည်။ သမုဒယသစ္စာက ဒုက္ခ အမျိုးမျိုးကို စုံအောင် ပေးတတ်သည်။ သမုဒယ သစ္စာကို ဝိပဿနာကမှ နိုင်သည်။ [နာ–၂၂]

ဒါကြောင့် ဝိပဿနာကို ကြိုးစား လုပ်ကြပါဟု တိုက်တွန်း ထားသည်။ သမုဒယကို သတ်နိုင်မှ ဒုက္ခ ဝဋ်အမျိုးမျိုးမှ ကျွတ်နိုင်သည်။ နိဒါနဇ္ဈော၏ သဘောမှာ သူ ပေးသမျှ ဒုက္ခ အမျိုးမျိုးကို လက်ခံ ယူကြရသည့် သဘော၊ မယူချင်၊ မရချင်၍ မရကြောင်း ဟောသည်။ နိဒါနဇ္ဈော သဘောကို သိမြင်အောင် အို၊ နာ၊ သေ ဒုက္ခ ခံကြရပုံ အမျိုးမျိုးကို စကားပရိယာယ် အမျိုးမျိုး တန်ဆာဆင်ပြီး ဟောထားသည်။ တဏှာလောဘ (သမုဒယ)ကို အတိတ်က မသတ်ခဲ့ဘူး။ ဒါကြောင့် ပစ္စုပ္ပန်မှာ သူ စီမံရာ ခံရသည်။ သူ ပေးသမျှ ဒုက္ခကို ခံကြရသည်။ ငြင်း၍၊ ပယ်၍ မရပုံကို ပြသည်။ [နာ–၃၀] သမုဒယ အကြောင်းကို ကောင်းကောင်း သိလျှင် နိဗ္ဗာန် ရောက်သည်ဟု ဆိုသည်။ [နာ–၃၁] သမုဒယသစ္စာ တဏှာကြောင့် အိုခြင်းဆိုး ဖြစ်ပုံ၊ နာခြင်းဆိုး ဖြစ်ရပုံများကို သရုပ်ပေါ်အောင် ဟောသည်။ [နာ–၃၃] သမုဒယသစ္စာကို ပယ်ရမည်။ မပယ်လျှင် သူက အို၊ နာ၊ သေ ဒုက္ခမျိုးစုံကို ပေးမည် ဖြစ်၏။ 'ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ'ဟု ဟောတော်မူကြောင်း ပြသည်။ [နာ–၃၆] တဏှာ မသေသေးလျှင် ကံတွေ အမျိုးမျိုး ပေးနေဦးမည် ဖြစ်၏။ [နာ–၃၈] တဏှာသေမှ ကံတွေ ချုပ်တော့သည်။ ဒုက္ခခပ်သိမ်း ငြိမ်းချင်လျှင် တဏှာကို သိမ်းရမည်။ တဏှာသည် ခန္ဓာမှာ မှီနေသည်။ [နာ–၃၉]

ထို့နောက် တဏှာ မှီနေသော ခန္ဓာကို ပြသည်။ 'မနောလောကေ ပိယရူပံ သာတ ရူပံ ဝိညာဏက္ခန္ဓာ' ကိုယ့်စိတ်ကို ကိုယ် သာယာနေပုံကို ပြသည်။ [နာ–၄၀] စိတ်မှာ တဏှာ ရှိနေပုံကို ပြသည်။ ဒါကြောင့် 'ဧတ္ထေသာတဏှာ ပဟီယမာနာ ပဟီယတိ နိရုဇ္ဈမာနာ နိရုဇ္ဈတိ' အရ ထိုစိတ်ကိုပင် ဖြစ်ပျက် ရှုရမည်။ ရှုလျှင် တဏှာ ချုပ်တော့သည်။ [နာ–၄၁] ဘာစိတ်ပဲ လာလာ ဖြစ်ပျက် ရှုပါ။ ရှုလျှင် တဏှာ မလာတော့ကြောင်း ပြသည်။ [နာ–၄၂] စိတ်ကို ရှုလျှင် စိတ်က ဖြစ်ပျက်၊

http://www.dhammadownload.com



ရှုတာက မဂ်ဖြစ်တော့သည်။ တဏှာ ချုပ်တော့သည်။ တဏှာ ချုပ်လျှင် ဉပါဒါန်၊ ကံ ချုပ်သည်။ စိတ်ကို စိတ်အတိုင်း ထားလျှင် တဏှာ၊ ဉပါဒါန် လာသည်။ ဖြစ်ပျက် အနိစ္စ မြင်အောင် ရှုနိုင်မှသာ မဂ်လာသည်ဟု ဆိုသည်။ [နှာ–၄၄] စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်၊ သေတာက တဏှာ၊ နောက်ဒုက္ခ မလာတာက နိရောဓ သစ္စာ (နိဗ္ဗာန်) ဖြစ်ကြောင်း ဟောသည်။ ခန္ဓာငါးပါးမှာ ပီယရူပ၊ သာတရူပ– နှစ်သက်မှု၊ သာယာမှု ဖြစ်ပုံကို ပြသည်။ [နှာ–၄၅] ခန္ဓာငါးပါး အနိစ္စ ဖြစ်ပုံကို ပြသည်။ စိတ်ကို စိတ်အတိုင်း ထားလျှင် တဏှာလာမည်။ ရုပ်ကို ရုပ်အတိုင်း ထားလျှင် တဏှာလာမည်။ နာမ်ရုပ် သိရုံဖြင့် မဂ်၊ ဖိုလ် မရသေးဟု ဆိုသည်။ လက္ခဏာ ရေးရောက်မှ၊ ဒုက္ခသစ္စာ သိမှ အထက် ဝိပဿနာ ဉာဏ်တွေ ရောက်ပြီး မဂ်၊ ဖိုလ်အထိ ရောက်သွားကြောင်း ဟောသည်။ ဖြစ်ပျက် ဒုက္ခသစ္စာ မမြင်သေးလျှင် တဏှာ ဘယ်တော့မှ မသေဘူးဟု ဆိုသည်။ [နှာ–၄၆] တဏှာ သေလျှင် ဒုက္ခကို မပေးနိုင်တော့ပါ။ နိဒါနဒ္ဒေါ မလာတော့ပါ။ ဒုက္ခသစ္စာကို ပရိညေယျဖြင့် ပိုင်းခြားလိုက်လျှင် မဂ်ဉာဏ် ပေါ်လာသည်။ ထိုအခါ သမုဒယသစ္စာကို မဟာတဗ္ဗဖြင့် ပယ်လိုက်သည်။ ထိုအခါ နိရောဓသစ္စာကို သစ္ဆိကာတဗ္ဗဖြင့် မျက်မှောက် ပြုတော့သည်။ [နှာ–၄၇] ဤကား သစ္စာလေးချက်ကို တစ်ပြိုင်နက် ရခြင်းဖြစ်၏။ ဒါကြောင့် ခဏခဏ ပွားများနေရမည်။ ဖြစ်ပျက် မြင်ပြီးလျှင် ဖြစ်ပျက် မုန်းလာမည်။ မုန်းပြီးလျှင် အားလုံး ဆုံးသွားမည်။ ဖြစ်ပျက် အဆုံး နိရောဓသစ္စာ ပေါ်လာပါက သမုဒယသစ္စာကို အမြစ်နှင့်တကွ ပယ်ပြီး ဖြစ်တော့သည်။ ထိုသို့ ပယ်လိုက်ခြင်းသည် နိရောဓသစ္စာ ဖြစ်ကြောင်းကို ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားသည်။

*

## ၂။ ဝဋ်သုံးပါးမှ လွတ်မြောက်ရာ နိဗ္ဗာန်

[ ၃၀–၁၁–၅၈ နေ့က အမရပူရမြို့ မဂ်လာရိပ်သာ တိုက်ကျောင်းမှာ ဟောသော တရား]

ဝဋ်သုံးပါးမှ လွတ်မြောက်ရာကို နိဗ္ဗာန်ဟု ခေါ်ကြောင်း အစချီလျက် ဤတရားကို ဟောသည်။ ကိလေသ ဝဋ် ရှိနေပြန်လျှင် ကိလေသာမီးက ခန္ဓာကြီးကို လောင်နေသည်။ ကိလေသ ဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ရသည်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို လုပ်ရသည်။ ကံတွေ ရှိနေလျှင် အကျိုးပေးတွေလည်း ရှိနေမည်

http://www.dhammadownload.com



ဖြစ်၏။ ကမ္မဝဋ်လည်း နိဗ္ဗာန်မှာ မရှိဘူး။ ကံမရှိသည့် အတွက် ကံအကျိုးပေးသော လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတွေလည်း မရှိတော့ကြောင်း ပြသည်။ ဤခန္ဓာများက ဝိပါကဝဋ်များ ဖြစ်သည်။ ထိုဝိပါက ဝဋ်မှ လွတ်မြောက်ခြင်းလည်း နိဗ္ဗာန်ပင် ဖြစ်၏။ ဝိပါကဝဋ် ခန္ဓာကြီး ရလျှင် အို၊ နာ၊ သေဘေးက လာဦးမည် ဖြစ်၏။ [နှာ–၅၀] ဝဋ်ကျွတ် သွားခြင်းသည်ပင် နိဗ္ဗာန်ဖြစ်သည် ဆို၏။ နိဗ္ဗာန် အကြောင်းကိုလည်း ဟောရန် စကားလမ်းခင်းသည်။ လမ်းခင်းရာတွင် ပဋိစ္စသမုပ္ပာဒ်ကိုပါ နားလည်အောင် ရှင်းထားသည်။

ထို့နောက် ပဋိစ္စသမုပ္ပာဒ် ဖြစ်ပုံကို အဝိဇ္ဇာ သင်္ခါရက စပြီး ဖဿ ဝေဒနာ အထိ ရှင်းပြသည်။ [နှာ–၅၄] ထို့နောက် တဏှာ၊ ဥပါဒါန်၊ ကံသည် အနာဂတ်ကို ဖန်တီးသော ပစ္စုပ္ပန် အကြောင်းသုံးခု ဖြစ်ပုံကို ရှင်းပြသည်။ [နှာ–၅၇] တရားအားထုတ်ခြင်းသည် အနာဂတ် အကြောင်းကို သတ်နေခြင်း ဖြစ်ကြောင်းကို ဟောသည်။ [နှာ–၅၈] တရား အားထုတ်တာသည် ကံကောင်းအောင် လုပ်နေတာ မဟုတ်ဘူးဟု ဆိုသည်။ [နှာ–၅၉] ဟောရိုးဟောစဉ် အတိုင်း ဝေဒနာနှင့် တဏှာကြားမှာ သဗ္ဗညုတဉာဏ်ကို ရကြောင်း၊ ဘုရား ဖြစ်တော်မူကြောင်း ဟောပြန်သည်။ အမြင်အထင်နှင့် ပြောလျှင် ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဘုရား ဖြစ်သည်။ သို့သော် စင်စစ် ဘုရားဖြစ်တာသည် ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်သော နေရာမှာ ဖြစ်သည်ဟု ဆိုသည်။ ရုပ် ရှုရှု၊ စိတ် ရှုရှု၊ ဝေဒနာ ရှုရှု ရှုချင်တာရှု အမှတ် ၂ အကွက်ထဲက ဟာတွေသည် ရှုစရာချည်း ဖြစ်သည်ဟု ဆိုသည်။ [နှာ–၆၁] ရှုသဖြင့် ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံးလျှင် တဏှာ နေရာမှာ ဉာဏ်ပေါ်သည်။ ထိုနေရာမှာ သောတာပန် တည်သည်။ တဏှာ မလာအောင် လုပ်နိုင်သော နေရာမှာ သောတာပန် တည်သည်ဟု ဆိုသည်။ ဖြစ်ပျက်ကို ရှု၍ ဝေဒနာနောက်က မဂ်ပေါ်လျှင် တဏှာ မပေါ်နိုင်တော့ပါ။ ပထမ ဝိပဿနာမဂ် ပေါ်တော့လည်း ဤနေရာမှာ ပေါ်သည်။ နောက် မဂ်အစစ် လောကုတ္တရာမဂ် ပေါ်တော့လည်း ဤနေရာမှပင် ပေါ်သည်ဟု ဆိုသည်။ မဂ်က ဘာလုပ်တတ်သလဲ ဆိုလျှင် ပဋိစ္စသမုပ္ပာဒ် တရားကြီးကို ပစ္စုပ္ပန် ဘဝမှာ ဖြတ်ချတတ်သည်။ [နှာ–၆၅]

ထို့နောက် သတိပဋ္ဌာန် တရားက လေးပါး ရှိကြောင်း၊ တစ်မျိုးကို ရှုလျှင် ကျန်သုံးခုလည်း ပါသွားကြောင်း ဟောထားသည်။ [နှာ–၆၆] ထို့နောက် ရှုသောအခါ ဖြတ်ပျက်ကို မြင်ဖို့ အရေးကြီးသည်ဟု ဆိုသည်။ ထို့နောက် နိဗ္ဗာန်ကို ဟောရမည် ဖြစ်ကြောင်း ပြောသည်။ [နှာ–၆၇] နိဗ္ဗာန်ဆိုတာ 'နိရောဓသဿ

http://www.dhammadownload.com



နိသာရဏဋ္ဌော'ဆိုသောကြောင့် ဒုက္ခမှ ကျွတ်လွတ်တာ နိဗ္ဗာန် ဖြစ်ကြောင်း ဆိုသည်။ ဝဋ်က သုံးမျိုး ရှိသည်။ ဝဋ်ကျွတ်တာသည် နိဗ္ဗာန် ဖြစ်သည်။ ဝေဒနာနှင့် တဏှာ ကြားမှာ မဂ်ဝင်လိုက်လျှင် တဏှာ၊ ဉပါဒါန်၊ ကံ မလာတော့ပါ။ ကိလေသဝဋ်က စပြီး ကျွတ်သည်ဟု ဆိုသည်။ ကိလေသဝဋ် ကျွတ်လျှင် ကမ္မဝဋ်လည်း ကျွတ်သည်။ ကမ္မဝဋ် ကျွတ်ပြီ ဆိုပါက ဇာတိ၊ ဇရာ၊ မရဏဆိုသော ဝိပါက ဝဋ်လည်း ကျွတ်တော့ သည်။ [နှာ-၆၈] ဝဋ်သုံးပါးက ကျွတ်တာသည် နိဗ္ဗာန် ဖြစ်ကြောင်း ထပ်၍ ဆိုပြန်သည်။ မှတ်သားစေလို၍ ဖြစ်ဟန် တူပါသည်။ ကိလေသဝဋ် ကျွတ်လျှင် ကျန်ဝဋ်များပါ တစ်ပြိုင်နက်တည်း ကျွတ်သည်ဟု မှတ်ရမည် ဆိုသည်။ [နှာ-၇၀] ဝဋ်ဘဝ တိုတိုနှင့် မဂ်၊ ဖိုလ်ကို ရပါလို၏ ဆုတောင်းနေဖို့ မလို၊ ခု ဝိပဿနာ အလုပ်ကို လုပ်၍ မဂ်ဝင်လာလျှင် ခုချက်ချင်း ဝဋ်တွေအားလုံး ပျောက်ပြီး ဝဋ်ကျွတ်နိုင်ကြောင်းကို ထင်ရှားအောင် ဟောသည်။ ဒါန ကုသိုလ်၊ သီလ ကုသိုလ်၊ သမထ ကုသိုလ်တွေက ဝဋ်ကျွတ်အောင် မတတ်နိုင်ဟု ဆိုသည်။ [နှာ-၇၂] မဂ်ကသာ ဝဋ်ကို ကျွတ်စေနိုင်သည်။ ဝဋ်ကျွတ်တယ် ဆိုတာ ကိလေသာနှင့် ကံ က သမုဒယ သစ္စာ၊ ဇာတိ ဇရာ မရဏက ဒုက္ခသစ္စာ ဖြစ်သောကြောင့် သမုဒယနှင့် ဒုက္ခ ချုပ်ငြိမ်းတာကို ဆိုလိုကြောင်းလည်း ပြထားသည်။ ဝဋ်က သုံးပါးချုပ်သည်၊ သစ္စာက နှစ်ပါး ချုပ်သည် ဟုလည်း ခွဲခြားပြသည်။ [နှာ-၇၄] မဂ်၏ သတ္တိ ဖြစ်၏။

ထို့နောက် မဂ်၏ အနက်ကို ဖွင့်ပြသော ပါဠိတော် နှစ်ပုဒ်ကို ပြသည်။ 'ကိလေသေမာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ'– ကိလေသာတို့ကို သတ်လျက် သွားတတ် ၏။ ထို့ကြောင့် မဂ်မည်၏။ 'နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီ မဂ္ဂေါ' အရ နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်လည်း မဂ်မည်၏ဟု ဆိုထားသည်။ [နှာ-၇၅] ထို့နောက် ပုဗ္ဗဘာဂ မဂ်ငါးပါးကို ရှင်းပြသည်။ သတိပဋ္ဌာန်က လေးပါး၊ ပဋိစ္စသမုပ္ပာဒ် ခန္ဓာ ငါးပါး တစ်ပါးပါးကို ရှုပါဟု ဆိုသည်။ မဂ်ပေါ်ချင်လျှင် သတိပဋ္ဌာန် လေးပါးက တစ်ပါးပါးကို ရှုရမည်ဟု ဆိုသည်။ ရှုစရာရှိလို့ မဂ်ပေါ်ရသည် ဟုလည်း ဟောသည်။ [နှာ-၇၆] ခန္ဓာ ငါးပါးမှာ နာမ်နှင့် ရုပ်ပဲ ရှိသည်။ ဒါကြောင့် ရုပ်ရှု ရင်လည်း နာမ်ပါမည်။ နာမ်ရှုရင်လည်း ရုပ်ပါကြောင်း ဟောသည်။ [နှာ-၇၇] ရုပ်က တစ်ခုတည်း ပေါင်းလိုက်၊ နာမက္ခန္ဓာ လေးပါးကလည်း ဖွဲ၍ မရ တစ်ခုတည်း ပေါင်းပြီး ယူရမည်။ ဖြစ်ဖော်ဖြစ်ဖက် သဟဇာတချည်း ဖြစ်သည်။

http://www.dhammadownload.com



ဒါကြောင့် စိတ် ရှုရှု၊ ဝေဒနာ ရှုရှု ရှုချင်ရာရှု၊ အနိစ္စပဲ တွေ့ရမည်။ ဉာဏ်က လည်း အနိစ္စကိုပဲ တွေ့သည်။ အနိစ္စရှိလို့ အနိစ္စ ပေါ်ခြင်းဖြစ်သည် ဆို၏။ [နာ-၇၉] အနိစ္စကို သိတာက မဂ္ဂင်ငါးပါး (ပဥ္စင်္ဂိကမဂ်) ဖြစ်သည်။ အနိစ္စကို အာရုံပြုခြင်းကြောင့် မဂ်ပေါ်သည်ဟု ဆိုသည်။ [နာ-၈၀] ပြီးမှ ဖြစ်ပျက် မြင်ရုံ၊ အနိစ္စ မြင်ရုံနှင့် မကျေနပ်နှင့်ဦး၊ ဖြစ်ပျက် မုန်းအောင်၊ အနိစ္စ မုန်းအောင် ရှုပါဦးဟု ဆိုသည်။ [နာ-၈၁] အနိစ္စကို တွေ့လျှင် ထပ်တလဲလဲ ရှုပါ။ ကြာလျှင် မုန်းလာလိမ့်မည်ဟု ဆိုသည်။ ဘာကြောင့် မုန်းသလဲ၊ မုန်းစရာ ရှိလို့ မုန်းသည် ဆို၏။ မုန်းစရာ တွေ့လို့ မုန်းဉာဏ် ပေါ်သည်ဟု ဆိုသည်။ [နာ-၈၂] ဤအဆင့် ရောက်လျှင် ဉာဏ်နှစ်ဉာဏ်ပဲ ရသေးသည်။ ယထာဘူတဉာဏ် (ဥဒယဗ္ဗယဉာဏ်) နှင့် နိဗ္ဗိန္ဒာဉာဏ် ဖြစ်သည်။ ဖြစ်ပျက် အဆုံးကို မြင်အောင် ရှုရဦးမည်။ ထိုအခါ ဖြစ်ပျက် အဆုံးကို မြင်သော မဂ်ဉာဏ် ပေါ်လာသည်။ ထိုအခါကျမှ မဂ္ဂင်ရှစ်ပါး ဖြစ်သွားကြောင်း ပြသည်။ [နာ-၈၃] မဂ္ဂင်ရှစ်ပါး ပေါ်လာခြင်းသည် ဒုက္ခ ဆုံးသွားသောကြောင့် ဖြစ်သည် ဆို၏။ ဒုက္ခအဆုံးက နိရောဓသစ္စာ၊ မြင်တာ မဂ္ဂသစ္စာ ဖြစ်သည်။ ဒုက္ခအဆုံးကို မြင်သော မဂ်ကြောင့် နိဗ္ဗာန် ပေါ်လာသည်။

ဒါကြောင့် ဒုက္ခ အဆုံးကို မမြင်သေးလျှင် လောကုတ္တရာမဂ် မပေါ်သေး ကြောင်း ဟောသည်။ [နာ-၈၄] ဒုက္ခအဆုံး နိဗ္ဗာန်ကို မြင်၍ ဝင့်ကျွတ်ရကြောင်း ထပ်ရှင်းပြန်သည်။ 'နိရောဓေသ နိဿရဏဿော'ကို ပြန်ပြသည်။ ဒါကြောင့် နိဗ္ဗာန်ကို မြင်ချိန်နှင့် ဝင့်ကျွတ်ချိန်သည် တစ်ပြိုင်နက်တည်း ဖြစ်သည်ကို ပြသည်။ [နာ-၈၆] ဒါကြောင့် ဆရာတော်က ဖြစ်ပျက် မြင်အောင်သာ ရှုဟု တိုက်တွန်းပြန်သည်။ ဒုတိယအဆင့် ဖြစ်ပျက် မုန်းအောင် ရှုပါ။ တတိယအဆင့် ဖြစ်ပျက် ဆုံးအောင် ရှုရမည်။ ဖြစ်ပျက်ဆုံး နိဗ္ဗာန် ပေါ်သည်။ နိဗ္ဗာန်ကို မြင်သည်နှင့် တစ်ပြိုင်နက် ဝင့်ကျွတ်ပြီ ဖြစ်၏။ [နာ-၈၇] နိဗ္ဗာန်မှာ ဝင့်ကျွတ်ခြင်း လက္ခဏာ ရှိသည် ဆို ၏။ ဒုက္ခဝင့်မှ ကျွတ်တာက နိဗ္ဗာန်၊ ဝင့်ကျွတ်ရာကို မြင်တာက မဂ်ဉာဏ် ဖြစ်သည်။ [နာ-၈၈] ဤမဂ်ဉာဏ် ပေါ်လျှင် ဝင့်ကျွတ်ပြီဟု ဆိုသည်။ ဒါကြောင့် နိဗ္ဗာန် ရောက်ချင်လျှင် ကိုယ်ကို ဖြစ်ဖြစ်၊ စိတ်ကို ဖြစ်ဖြစ်၊ ဝေဒနာကိုပဲ ဖြစ်ဖြစ် ဖြစ်ပျက် မြင်အောင်ရှု၊ နောက် မုန်းအောင် ရှု၊ ပြီး ဆုံးအောင် ရှုရမည်။ နိဗ္ဗာန်လည်း ပေါ်၊ ဝင့်လည်း ကျွတ်၊ ကိလေသာလည်း ငြိမ်းသောကြောင့် ငြိမ်းခြင်း သန္တိလက္ခဏာ နိဗ္ဗာန်မှာ ရှိသည် ဆို၏။ ဤသို့ ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နား လိုက်သည်။

*

http://www.dhammadownload.com



၃။ သံသရာ ရေယာဉ်ကြော မျောခဲ့ရပုံ

[ ၂၄–၁၁–၅၇ နေ့က အမရပူရမြို့ မင်္ဂလာရိပ်သာ တိုက်ကျောင်းမှာ ဟောသော တရား]

**(မာတိကာမှာ 'သံသရာ ရေယာဉ်ကြော မျောခဲ့ရပုံ'ဟု ဖော်ပြထားပြီး စာကိုယ်တွင် 'ခန္ဓာ ငါးပါး ကမ်းနားသစ်ပင်'ဟု ခေါင်းစဉ် တပ်ထားသည်။ ရှေ့က တရားသည် ၁၉၅၈ ခု နှစ်ကုန်ပိုင်းမှာ ဟောသောတရား ဖြစ်သည်။ ဤတရားမှာ ၁၉၅၇ ဟော တရား ဖြစ်သဖြင့် တစ်နှစ်ကွာသည်ဟု ယူဆရသည်။ တရားတစ်ပုဒ်နှင့် တစ်ပုဒ် အဆက်အစပ် ရှိဟန် မတူပါ။)**

သင်္ခါရ တရားသည် အဘယ်ကြောင့် အနိစ္စမှာ လမ်းဆုံးရသလဲဟု စောဒကတက်ပါ အစချီလျက် ဤတရားကို ဟောသည်။ 'အနိစ္စဝတ သင်္ခါရာ' သဘောဖြစ်ကြောင်း ဟောသည်။ သင်္ခါရ တရားမှာ ဥပ္ပာဒနှင့် ဝယပဲ ရှိသည်။ ဖြစ်ပျက်ပဲ ရှိသည် ဆို၏။ 'ဥပ္ပာဒ ဝယ ဓမ္မိနော' အရ သူ၏ ပင်ကို သဘောကပင် ဖြစ်ပြီး ပျက်ခြင်းသဘောသာ ရှိကြောင်းကို ပြသည်။ 'ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ' မှာလည်း ဖြစ်ပျက်ပဲ ရှိကြောင်း ဟောသည်။ 'တေသံ ဝူပသမော သုခေါ'– ထိုဖြစ်ပျက် တရားတို့ မရှိခြင်းသည် သုခေါ– နိဗ္ဗာန် ဖြစ်၏။ [နှာ–၉၂] ဤတွင် ဝေဒနာ တစ်ပါးပါးကို ဖြစ်ပျက် မြင်အောင် ကြည့်ဖို့ တိုက်တွန်းသည်။ ထိုသို့ ကြည့်ရင်း မတွေ့ကပင် ဖြစ်ပျက်ကို မုန်းလာလိမ့်မည်။ မုန်းလာပြီ ဆိုပါက မလိုချင်တော့သော သဘောပေါ်လာသည်။ ထိုအခါ ဖြစ်ပျက်တွေ ဆုံးသွားတော့သည်။ [နှာ–၉၃] မလိုချင်လို့ ဆုံးတာဟု ဆိုသည်။ ဖြစ်ပျက် ဆုံးလျှင် မဂ္ဂင်ရှစ်ပါး ဖြစ်သည် ဟုလည်း ဆိုသည်။

ထို့နောက် လောလောဆယ် ဆောက်တည်ထားကြသော သီလသည် အဓိက သီလ မဟုတ်သေး၊ သာမည သီလသာ ဖြစ်သည်။ အကြောင်း တိုက်ဆိုင်လျှင် ပျက်သည်။ အဓိသီလက အသက်နှင့် လဲပြီး ဆောက်တည်သော သီလ ဖြစ်ကြောင်း ရှင်းထားသည်။ [နှာ–၉၄] မဂ်ဆိုက်မှ အဓိသီလ ဖြစ်ကြောင်းကို ရှင်းသည်။ မဂ်ရမှ သီလ မြဲသည်ဟု ဆိုလိုခြင်း ဖြစ်၏။ [နှာ–၉၅] မဂ်မဆိုက်သေးလျှင် အဓိသဒ္ဓါ မပေါ်သေး ဟုလည်း ဆိုထားသည်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဖြစ်မှ နိဗ္ဗာန်သို့ လားရာဂတိ မြဲတော့သည်။ ထိုကဲ့သို့ နိဗ္ဗာန်ကို အာရုံပြုမှသာ မဂ္ဂင်ရှစ်ပါး ခိုင်မြဲသည်။ အပါယ်လေးပါး တံခါးပိတ်သည်။ 'သမ္ဗောဓိ ပရာယကော' အထက်မဂ်သို့သာ တက်သူ ဖြစ်ပြီဟု ဆိုသည်။ [နှာ–၉၈] ဖြစ်ပျက်ကို မြင်အောင် ရှု၍ မြင်သောအခါ ဒုက္ခသစ္စာပဲဟု ဉာဏ်ဖြင့် ပိုင်းခြားလိုက်ပါ။ ပြီးလျှင်

http://www.dhammadownload.com



ဆုံးအောင် လိုက်ပါ။ ထိုအခါမှသာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြင့် ပြည့်စုံသည်။ အလုပ်စဉ် ဖြင့် တက်မှ မြဲတော့သည်ဟု ဆိုသည်။ [နှာ–၉၉] စိတ်ချရသော တရားကို ရအောင် လုပ်ထားရမည်။ ဒုက္ခ အဆုံးကို မြင်မှ 'အဓိပတေယျဗွေ' ဖြစ်သည်ဟု ဆိုသည်။ [နှာ–၁၀၁] ထိုအခါ သီလလည်း မယိမ်းယိုင်တော့ဟု ဆိုသည်။

ဒါကြောင့် ဒုက္ခအဆုံးကို မြင်အောင် လုပ်ထားဖို့ အရေးကြီးသည်ဟု ဆိုသည်။ ဒုက္ခချုပ်ရာကို မြင်သော သီလ၊ သမာဓိ၊ ပညာ ဖြစ်ဖို့ အရေးကြီးသည်။ ဒုက္ခ အဆုံးကို မြင်ပြီးနောက် ဖြစ်သောသီလမှ မြဲသည်။ နတ်ပြည် ရောက်တောင် ထိုသီလ မပျက်နိုင်ဘူးဟု ဆိုသည်။ [နှာ–၁၀၂] ထို့နောက် ခန္ဓာငါးပါး ကမ်းနား သစ်ပင်တွေ ဖြစ်ကြောင်း၊ အားမကိုးထိုက်ကြောင်း ဟောသည်။ [နှာ–၁၀၈] ခန္ဓာ ငါးပါး ကမ်းနားသစ်ပင်မို့ သံသရာခရီးသည်သည် ရေမျောလာတာနှင့် တူသည်ဟု ဆိုသည်။ [နှာ–၁၀၉] ထို့နောက် ခန္ဓာငါးပါး ကမ်းနားသစ်ပင်ကို အားကိုး၍ မရကြောင်း ဟောသည်။ [နှာ–၁၁၂] သံသရာ အမျောသမားများသည် ခန္ဓာ ကမ်းနားသစ်ပင်ကို ဆွဲမိဆွဲရာ အားကိုးပြီး ဆွဲလိုက်သောအခါ သစ်ပင်ပိပြီး မြုပ်ရပြန်ကြောင်း ဟောသည်။ [နှာ–၁၁၄]

ဘုရားက အပ္ပမာဒဝဂ်မှာ နိဗ္ဗာန်ကို သောင်ကမ်းဟု ဟောထားကြောင်းကို ပြသည်။ [နှာ–၁၁၅] သံသရာ ခရီးသည်သည် မြုပ်သမား၊ မျောသမားမှန်း သိမှ သောင်ကမ်းကို ရှာမည်ဖြစ်သည့် အဓိပတေယျ ရောက်မှ သောင်ကမ်း ရောက်ကြောင်းကို ဟောသည်။ [နှာ–၁၂၂] ဤမြုပ်မျော ဇာတ်ကို သိမ်းရလိမ့်မည်။ သိမ်းမည်ဆိုလျှင် အမျောသမား မဖြစ်ရအောင် တဏှာကို သတ်ရမည်။ အမြုပ်သမား မဖြစ်ရအောင်လည်း ခန္ဓာကို အားမကိုးရကြောင်း ဟောသည်။ ခန္ဓာက အနတ္တ ဖြစ်သည်။ အားမကိုးနှင့်ဟု ဆိုသည်။ [နှာ–၁၂၅] ဤမြုပ်မျော ဘဝက လွတ်အောင် မဂ္ဂင်ရှစ်ပါး အဓိပတိ ထိုက်အောင် လုပ်ရမည် ဆို၏။ [နှာ–၁၂၇] အပါယ်လေးပါး ရောက်တာက မြုပ်တာ ဖြစ်သည်။ လူ့ပြည်၊ နတ်ပြည် ရောက်တာက မျောတာ ဖြစ်သည်။ ဘုရား အဆူဆူ ပွင့်ခဲ့သော်လည်း ကျွတ်တမ်း မဝင်ခဲ့တာ မြုပ်သမား၊ အမျောသမား ဖြစ်နေ၍ ဖြစ်၏။ ဒါကြောင့် မြုပ်သမား၊ မျောသမား အနေနှင့် ကမ်းနားသစ်ပင်ကို မဆွဲသင့်၊ အားမကိုးသင့်ပါ၊ အားကိုးရာ သောင်ကမ်းကိုသာ ရှာသင့်ကြောင်း ဟောသည်။ သောင်ကမ်းသည် နိဗ္ဗာန်ဖြစ်၏။ [နှာ–၁၃၃] တဏှာ ရေကို ခန်းအောင် လုပ်လျှင် မျောစရာနေရာ မရှိတော့ပါ။ ကမ်းနားသစ်ပင် ကိုလည်း

http://www.dhammadownload.com



ကမ်းနားသစ်ပင်မှန်း သိအောင် လုပ်ပါ၊ အားမကိုးထိုက်တာကို အားမကိုးပါနှင့်ဟု ဆိုသည်။ ဤတရားသည် ရေခန်း၍ သစ်ပင် မပိအောင် ဟောသောတရား ဖြစ်သည်။

ထိုအခါကျလျှင် မျှောစရာလည်း မရှိတော့။ မြုပ်စရာလည်း မရှိတော့ပါ။ အမှန်မှာ ခန္ဓာ ငါးပါးကို မခိုင်မှန်း သိဖို့နှင့် မခင်ဖို့ အရေးကြီးသည်။ မခိုင်မှန်း သိလျှင် အနိစ္စကို မြင်သည်။ မခင်လျှင် တဏှာ ရေခန်းသည်။ နိဗ္ဗာန်သောင်ကမ်းကို ရောက်အောင် မဂ္ဂင်ဖောင်ကြီးဖြင့် ကူးမြောက်ရမည်ဟု ဆိုသည်။ [နှာ-၁၄၁] ဒါကြောင့် မဂ္ဂင်ဖောင် ရဖို့ အရေးကြီးသည်ဟု ဆိုသည်။ မဂ္ဂင်ဖောင်ကြီး ဆင်ရေးမှာ ကိုယ်တိုင် လုပ်မှရသည်။ ဆရာသမားဆီက နည်းရဖို့ လိုသည်။ ကိုယ်တိုင် ကြိုးစားဖို့လည်း လိုသည်။ [နှာ-၁၄၇] ထို့နောက် ဘာစိတ်ပေါ်ပေါ် ဖြစ်ပျက် ရှုဖို့ တိုက်တွန်းပြန်သည်။ [နှာ-၁၄၉] ဖြစ်ပျက် မြင်ပြီးပါက ထုံးစံအတိုင်း ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးအောင် လိုက်ဖို့ တိုက်တွန်းထားသည်။ [နှာ-၁၅၄] ဒုက္ခ မရှိတာက နိဗ္ဗာန်၊ မရှိတာကို သိတာက မဂ်ဖြစ်သည်။ ဒါကြောင့် မဂ္ဂင် ငါးပါးကနေ ဖြစ်ပျက်အဆုံးကို မြင်ပြီး မဂ္ဂင်ရှစ်ပါး ပြည့်အောင် လုပ်ကြပါဟု ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၄။ ဒွန်းစန္ဒားရွာနှင့် တူသော သုံးဆယ့်တစ်ရွာ

[၂၅-၁၂-၅၇နေ့က အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းတွင် ဟောသော တရား]

'အဓိပတေယျစ္ဆော' သဘောကို မနေ့က ပြောခဲ့သည် အစချီပြီး ဤတရားကို ဟောကြားသည်။ မဂ္ဂင်သည် အဓိပါမှ စိတ်ချရသည်ဟု ပြောခဲ့သည်။ သီလမှာ၊ သမာဓိမှာ၊ ပညာမှာ အဓိ ပါရမည်ဟု ဆိုသည်။ အဓိ၏ သဘောမှာ အကြီးအကဲ ဖြစ်ကြောင်း ဟောသည်။ ဘုရား အဆူဆူ ပွင့်တော်မူခဲ့သော်လည်း ယခုတိုင် မိမိတို့မှာ အိုဘေး၊ နာဘေး၊ သေဘေးနှင့် ပက်ပင်း ကြုံနေကြရခြင်းမှာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ မရခဲ့၍သာ ဖြစ်သည်။ [နှာ-၁၅၉] သာမန် သီလ၊ သမာဓိ၊ ပညာလောက်နှင့် တင်းတိမ်၍ မနေသင့်ဟု ဆိုသည်။ ထို့နောက် ပဋိသမ္ဘိဒါ အဋ္ဌကထာမှာ လာသော 'ကပဏာနေ သဒိသ ဒုက္ခဒဿနေန ဥဋ္ဌာယ ကုသလဒိသော' ပါဠိတော်ကို ပြသည်။ မြန်မာလို ဆိုလျှင် အထီးကျန် လူဆင်းရဲ အမွဲနှင့် တူသော ဒုက္ခသစ္စာကို မြင်မှသာလျှင် ပြန်ပြောသာ အမျိုး၊ ဆွေကြီး မျိုးကြီးနှင့် တူသော မဂ္ဂသစ္စာ ထင်ရှားလာသည် ဟူ၍ ဖြစ်၏။ [နှာ-၁၆၀]

http://www.dhammadownload.com



ဒါကြောင့် ဒုက္ခသစ္စာကို မြင်မှသာ မဂ္ဂသစ္စာ၊ နိရောဓသစ္စာများ ဖြစ်ပေါ်လာကြောင်း ထင်ရှားအောင် ပြသည်။ ဆင်းရဲတာကို မြင်မှ ချမ်းသာတာ ထင်ရှားမည်ဟု ဆိုသည်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဖြစ်ချင်လျှင် ဒုက္ခသစ္စာနှင့် နိရောဓသစ္စာကို အပြိုင် မြင်အောင် အားထုတ်ရမည်ဟု ဆိုထားသည်။ မဟုတ်လျှင် ဒွန်းစန္ဒား သဘာရာဇာများက အသုဘများလေ လာဘ်ရွှင်လေဟု ထင်တတ်ကြ သကဲ့သို့ ခန္ဓာ ဒုက္ခသစ္စာကြီးကို မသိသူများမှာလည်း နိဗ္ဗာန်ကို မမြင်ဘူးသေးတော့ အသုဘခန္ဓာကြီးကိုပင် မင်္ဂလာ အိမ်ကြီးဟု ထင်နေကြကြောင်း၊ ဒွန်းစန္ဒား စိတ် ပေါက်နေကြသည်ဟု ရင့်ရင့်သီးသီး ဆိုသည်။ [နှာ–၁၆၆] ထို့နောက် ပုထုဇဉ်သည် ခန္ဓာ၏ အသုဘကို မမြင်တတ်ပုံများကို ဟောသည်။ [နှာ–၁၆၇] အမြင်မှန် မရသေးခင် အဓိ မဖြစ်သေးကြောင်း ဟောသည်။ ဒုက္ခသစ္စာ အရုပ်ဆိုးချက်ကို မသိသေးသရွေ့ နိရောဓသစ္စာကို မျှော်လင့်ချက် မရှိကြောင်း မိန့်ထားသည်။ [နှာ–၁၈၀]

ထို့နောက် 'ကပဏ ဇနေသဒိသ ဒုက္ခ ဒဿနေန'ကို ပြန်ပြောသည်။ အထီးကျန်သူ ဆင်းရဲအမွဲနှင့် တူသော ဒုက္ခသစ္စာကို မပိုင်းခြားဘဲနှင့် နိရောဓသစ္စာကို မျက်မှောက် မပြုနိုင်ကြောင်းကို ပြသည်။ [နှာ–၁၈၁] အမြင်ပြောင်းဖို့ အတော် အရေးကြီးကြောင်း ဟောသည်။ ထို့နောက် ခန္ဓာ၏ ဒုက္ခသစ္စာ ဖြစ်ပုံများကို ဟောသည်။ ခန္ဓာကို မမြင်တတ်၍ သစ္စာဉာဏ်လည်း မရ၊ ကိစ္စဉာဏ်လည်း မရ ဖြစ်နေကြရကြောင်း ရှင်းပြသည်။ [နှာ–၁၈၅] ပြုပြင်နေရတာ မှန်သမျှ ဒုက္ခချည်း မှတ်ရမည်။ မပြုပြင်ရမှ အသင်္ခတ ဖြစ်သည်။ အသင်္ခတမှသာ ပင်ကိုကောင်း ဖြစ်သည်။ ပြီးမှ သင်္ခါရ ဒုက္ခ ပြုပြင်ရင်း ဒုက္ခ ရောက်နေကြရပုံကို ရှင်းပြသည်။ [နှာ–၁၈၈] နိရောဓ မဖြစ်ခင် သင်္ခါရ ဒုက္ခတွေနှင့် အချိန် ကုန်နေကြရသည်။ [နှာ–၁၉၀]

သို့သော် ပုထုဇဉ် လူမိုက်သည် သင်္ခါရ ဒုက္ခကို ကြိုက်နေသူ ဖြစ်ကြောင်း ပြသည်။ အသင်္ခတ သုခကို မမြင်ဘူးသောကြောင့် ဒွန်းစန္ဒား ဘဝကို နှစ်သက်နေသူနှင့် တူပုံကို ပြသည်။ ဒုက္ခသစ္စာကို သုခ ထင်နေ၍ နိဗ္ဗာန် မရတာဟု ဆိုသည်။ ဒွန်းစန္ဒားစိတ် မပျောက်လျှင် အဓိပတိ မပေါ်ဘူးဟု ဆိုသည်။ [နှာ–၁၉၂] သုံးဆယ့်တစ်ဘုံ အကုန်လုံး ဒွန်းစန္ဒားရွာချည်း ဖြစ်ကြောင်း ဟောသည်။ သုံးဆယ့်တစ်ဘုံ ဒွန်စန္ဒားရွာက ထွက်မှ အထီးကျန် ဆင်းရဲနှင့် အမွဲဘဝက လွတ်မည်။ [နှာ–၁၉၉] သောတာပန် ဖြစ်မှ နိယတဂတိ ဖြစ်ကြောင်း ရှင်းသည်။ [နှာ–၂၀၅] ထိုသို့ ဖြစ်ရန်မှာ အလုပ်လုပ်မှ ရကြောင်းလည်း ဟောသည်။ အလုပ် မပါဘဲနှင့်

http://www.dhammadownload.com



အဓိ မဖြစ်ဘူး ဟုလည်း ဆိုသည်။ ထို့နောက် သုသိမ ရဟန်းကို တိတ္ထိဆရာများက ဗုဒ္ဓထံမှ တရား ခိုးရန် လွှတ်ကြောင်း ဝတ္ထုကို ဟောသည်။ [နှာ-၂၀၈] သုသိမ ဝတ္ထုကို ရှေ့မှာ ဟောခဲ့ပြီးပြီ။ သုသိမက ဗုဒ္ဓထံမှာ တရားခိုးဖို့ လာသည်။ ဘုရားက သူ တရားခိုးဖို့ လာမှန်း သိလျက် ရဟန်းပြုခွင့် ပြုသည်။ တရားခိုးရင်း သူ ရဟန္တာ ဖြစ်မည့် အရေးကို သိသောကြောင့် ဖြစ်၏။ ဘုရားထံသို့ လာကြသော ရဟန္တာများကို သုသိမ တွေ့သောအခါ 'ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ' ဆိုသော ဂါထာ၏ အဓိပ္ပာယ်ကို မေးလျှောက်သည်။ ရဟန္တာ ဖြစ်ပြီဆိုသော စကား၏ အနက်ကို သူက တလွဲ နားလည်နေသည်။ ရဟန္တာဖြစ်လျှင် မြေလျှိုး မိုးပျံနိုင်ရမည်ဟု သူ နားလည်နေသည်။ ရဟန္တာများက သူတို့သည် 'ပညာ ဝိမုတ္တိခေါ မယံသုသိမ'– ငါတို့သည် ပညာဖြင့် လွတ်မြောက်သူများ ဖြစ်ကြကြောင်း ဖြေကြားတော်မူကြသည်။ [နှာ-၂၁၂] ဝိပဿနာ ပညာလမ်း၊ စုတန် သမာဓိလမ်းက ရဟန္တာ ဖြစ်တာ မဟုတ်ဟု ဆိုကြလေသည်။ ထိုစကားကို သုသိမက နားမလည်ဘဲ ဖြစ်နေလေသည်။

ဤတရားကို ဟောခြင်းမှာ သမထက အရေးမပါ၊ ဝိပဿနာကသာ အရေးကြီးသည်၊ ဝိပဿနာချည်း သက်သက်ဖြင့်လည်း သံသရာက လွတ်မြောက်နိုင်ကြောင်းကို ပြလိုဟန် တူသည်။ ဤကိစ္စကို သုသိမ ရင်ထဲမှာလည်း မရှင်းသဖြင့် ဘုရားထံ သွားပြီး မေးလျှောက်လေသည်။ သမထ မပါသော ဝိပဿနာကို သုက္ခဝိပဿကကဟု ခေါ်ကြောင်းလည်း ဖော်ပြထားသည်။ [နှာ-၂၁၄] ထိုအခါ မြတ်စွာဘုရားက 'ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိဉာဏံ ပစ္ဆာ နိဗ္ဗာနေဉာဏံ' ဂါထာဖြင့် ဖြေတော်မူလေသည်။ သုသိမ ရှေ့က ဝိပဿနာဉာဏ် ဖြစ်လျှင် နောက်က နိဗ္ဗာန်ကို သိသောဉာဏ်သည် ဖြစ်၏ဟု ဖြေတော်မူလေသည်။ ဤတရားအရ ဆိုလျှင် နိဗ္ဗာန်ကို နှစ်ဉာဏ်ထဲဖြင့် ရောက်သည်ဟု ဆိုလိုခြင်း ဖြစ်၏။ [နှာ-၂၁၄] ထို့နောက် သုသိမ နားလည်စေရန် ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်အောင် ဟောတော်မူသည်။ အနတ္တ ဖြစ်သော တရားကို ငါ့ကိုယ်၊ ငါ့ဟာ ဆိုနိုင်သလားဟု မေးသည်။ သုသိမသည် ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ် ဖြစ်သည့်အတွက် ခန္ဓာကို ဉာဏ်စိုက်ပြီး နာသည်။ ထိုအခါ မဂ်လေးတန် ရပြီး ရဟန္တာ ဖြစ်သွားသည်။ သုသိမသည် နှစ်ဉာဏ်တည်း (ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်)ဖြင့် ရဟန်းကိစ္စ ပြီးသွားကြောင်း ဟောသည်။ [နှာ-၂၁၈] ပညာဖြင့် လွတ်မြောက်ခြင်းကို ပြပြီးနောက် မြတ်စွာဘုရားက သုသိမ မြေလျှိုး မိုးပျံနိုင်သလားဟု မေးသည်။ မပျံနိုင်ကြောင်း ဝန်ခံသည်။

http://www.dhammadownload.com



ထို့နောက်မှ ဇရာ မရဏ ဘာကြောင့် ဖြစ်သလဲ ဆိုသော ပြဿနာကို ပဋိစ္စသမုပ္ပာဒ် ပဋိလုံဖြင့် ပြသည်။ ထိုအခါ သုသိမသည် ပဋိစ္စသမုပ္ပာဒ် အကြောင်း အကျိုး ဖြစ်စဉ်ကို နားလည်သွားသည်။ ပြီးမှ ဆရာတော်က ရဟန္တာသည် ရထိုက်သော ဉာဏ်ကို ရပြီး ရဟန္တာ ဖြစ်သွားသော်လည်း စာမသင်ရသေးလျှင် မတတ်သေးဘူးဟု ဆိုသည်။ ရဟန္တာဖြစ်လို့ ပိဋကတ်သုံးပုံ ဆောင်တော့ မဖြစ်သေးဟု ဟောသည်။ [နှာ–၂၁၉] သုသိမ ဝတ္ထုကို ပြောခြင်းမှာ ဝိပဿနာ လုပ်လျှင် မဂ်ဉာဏ်ကို ရနိုင်ကြောင်း ပြလို၍ ဖြစ်ပုံကို ရှင်းထားသည်။ [နှာ–၂၂၀] ဘုရားပွင့်တာ သမာဓိ စခန်းအတွက် ပွင့်တာ မဟုတ်၊ ပညာအတွက် ပွင့်ခြင်း ဖြစ်သည်။ သမာဓိနှင့် ပညာ၏ ရည်ရွယ်ချက်ကို မသိဘဲ အာနာပါန လုပ်နေလျှင် သမာဓိလောက်ဖြင့်သာ အချိန်ကုန် သွားနိုင်ကြောင်း ဟောသည်။ သမာဓိဖြင့် မပြီးသေးဘဲ ဝိပဿနာ အထိ သွားရမည့် အကြောင်းကို ပြသည်။ နိဗ္ဗာန်ကို သမာဓိဖြင့် မရပါ။ ပညာဖြင့်သာ ရနိုင်ပါသည်။ [နှာ–၂၂၁] ဤအကြောင်းကို ဟောရင်း အချိန်ကုန်၍ တရားကို ရပ်နားလိုက်သည်။ ဤတရား အဆုံးတွင် သုသိမ သုတ် မှတ်ချက် ပါသည်။

*

## ၅။ ငါစွဲ၊ သူစွဲ နှစ်ပါးလုံး ပြုတ်တဲ့ တရား။ အရှင်အာနန္ဒာ သောတာပန်တည်ပုံ၊ မှန်ကြည့်သူနှင့် အရိပ်ပမာ

[ ၂၆–၁၂–၅၇ နေ့က အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းမှာ ဟောသော တရား ]

ယနေ့ အရှင်အာနန္ဒာ သစ္စာလေးပါး မြင်ပုံကို ဟောမည် အစချီပြီး ဤတရားကို ဟောသည်။ အရှင်အာနန္ဒာ သစ္စာလေးပါးကို မြင်ပုံကို ပြသော တရား ဖြစ်သည်။ မှန်ကြည့်သူ ဥပမာပေးပြီး ဟောသည်။ မှန်ကြည့်သူသည် မှန်ရှေ့မှာ ရပ်လျှင် အရိပ်ပေါ်သည်။ မှန်ထဲမှာ ပေါ်သော အရိပ်သည် မှန်ကြည့်သူနှင့် တူသည်။ ထိုအရိပ်သည် ငါပဲဟု ဆို၍ ရမလား၊ အရိပ်သည် ငါပဲဟု ဆို၍ မရပါ။ မှန်ထဲက အရိပ်သည် မှန်ကြည့်သူလား ဆိုလျှင်လည်း မဟုတ်ပါ။ သို့ဆိုလျှင် ထိုအရိပ်သည် တစ်ပါးသူလား ဆိုလည်း တစ်ပါးသူလည်း မဟုတ်ပါ။ သို့သော် အမှန်ကို မသိသော ပုဂ္ဂိုလ်၏ စိတ်တွင် အရိပ်ကို ငါပဲ ထင်တတ်ကြသည်။ ဤဥပမာသည် အရှင်ပုဏ္ဏမထေရ်က အရှင်အာနန္ဒာကို ပုံစံပြ၍ ဟောခြင်း ဖြစ်သည် ဆို၏။ [နှာ–၂၂၀] (ဤတရားကိုလည်း ရှေ့မှာ ဟောဖူးပြီ) ဤဥပမာသည် သံယုတ် ပါဠိတော်မှာ

http://www.dhammadownload.com



လာသည် ဆို၏။ [နာ-၂၃၆] အတ္တပြုတ်ပြီး အနတ္တ ထင်မြင်လာရေးကို အရှင်ပုဏ္ဏက ဟောနေခြင်း ဖြစ်သည်။ မှန်ထဲမှာ ပေါ်တာ အရိပ်ပဲ၊ ငါလည်း မဟုတ်၊ သူတစ်ပါး လည်း မဟုတ်ကြောင်း နားလည်ရမည်။ ငါ၊ သူတစ်ပါး လွတ်အောင် ရှုတတ်ရမည်။ သို့မှသာ တဏှာ၊ မာန၊ ဒိဋ္ဌိ စင်ကြောင်း ပြသည်။ [နာ-၂၄၀]

ဥပမာကို ဟောပြီးနောက် ဥပမေယျကို ဟောမည် ဆိုသည်။ ဒါ သက္ကာယဒိဋ္ဌိ ပြုတ်သော တရား ဖြစ်သည်ဟု ဆိုသည်။ 'ဥပါဒါယ အသ္မိ ဟောတိ နော အနုပါဒါယ'- ဥပါဒါယ- စွဲမှီ၍ အသ္မိ- ငါဟူသော တဏှာ၊ မာန၊ ဒိဋ္ဌိသည် ဟောတိ- ဖြစ်၏။ [နာ-၂၄၂] ပုထုဇဉ်သည် ခန္ဓာငါးပါးကို မှန်ကြည့်ပြီး တဏှာ၊ မာန၊ ဒိဋ္ဌိ ကပ်ရောက် နေတတ်ပုံကို ဟောသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိသည် သံသရာ ချဲ့ထွင်သော တရား ဖြစ်သည်။ ပုထုဇဉ်သည် တဏှာ၊ မာန၊ ဒိဋ္ဌိ မဖယ်နိုင်သေးသူ ဖြစ်သည်။ [နာ-၂၄၅] မှန်ထဲမှာ ပေါ်သော အရိပ်ကို တဏှာ၊ မာန၊ ဒိဋ္ဌိ စွဲနေသည်။ အမှန်မှာ အရိပ်က နိပ်စက်နေခြင်း ဖြစ်သည်ဟု ဆိုသည်။ [နာ-၂၄၇] အရိပ်ကြောင့် သံသရာ လည်ခဲ့ရသည်။ ဘုရား အဆူဆူနှင့် လွဲခဲ့ရသည်။ အရိပ်နှင့် အထည်ကို မကွဲဘဲ နေခဲ့ကြရသည်ဟု ဆိုသည်။ [နာ-၂၅၀] ပပဉ္စတရားသည် သံသရာ ချဲ့ထွင်သော တရား ဖြစ်သည်ကို ထပ်ဟောသည်။ သံသရာ ဘဝများစွာ လည်ခဲ့ရခြင်းမှာ ကိုယ့်ခန္ဓာမှန်ကို ကြည့်ပြီး အရိပ်အပေါ်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ ကပ်ငြိနေခဲ့ကြသောကြောင့် ဖြစ်ပုံကို ပြသည်။ [နာ-၂၅၂] ခန္ဓာ ငါးပါးကို ပုထုဇဉ်မျက်လုံး တပ်ပြီး ကြည့်လျှင် ခန္ဓာငါးပါး မပေါ်တော့ဘဲ တဏှာ၊ မာန၊ ဒိဋ္ဌိပဲ ပေါ်တော့သည်ဟု ဆိုသည်။

ဒါကြောင့် ခန္ဓာငါးပါးကိုသာ ခင်ဗျားတို့ အမှန်မြင်လျှင် နိဗ္ဗာန်ရောက်ပြီဟု ဆိုသည်။ ပုထုဇဉ်တွေကို ငါလည်းမဟုတ်၊ သူတစ်ပါးလည်း မဟုတ်သော တရားက နိပ်စက်နေသည်ဟု ဆိုသည်။ ယခု ဟောနေသည်မှာ အမှားသဘောကို ပေါ်အောင် မှားပုံကို ရှင်းနေခြင်း ဖြစ်သည် ဆို၏။ [နာ-၂၅၉] ဤတရားသည် ပုထုဇဉ် မှန်ကြည့်မိ၍ ဖြစ်သော အမှား ဖြစ်သည်။ ထိုအမှားကို ပြင်ရန်မှာ ပုထုဇဉ်ကို 'သုတဝါ အရိယာ သာဝကာ' ဖြစ်အောင်၊ အကြားအမြင် များသော ပုဂ္ဂိုလ်ဖြစ်အောင် ပြုလုပ်ရမည်။ သုတဝါ ဖြစ်လျှင် အနိစ္စကို မြင်တတ်ပြီ။ အနိစ္စကို မြင်လျှင် ငါ့ကိုယ်၊ ငါ့ဟာ ပျောက်သွားသည်။ အကြားအမြင် များအောင် တရားနာရမည်။ [နာ-၂၆၃] အကြားအမြင် မများသော ပုဂ္ဂိုလ် ဘယ်တော့မှ နိဗ္ဗာန် မရောက်ဘူးဟု ဆိုသည်။ အကြားအမြင် များအောင် တရားနာရမည်။ နာခြင်းဖြင့် ယောနိသော

http://www.dhammadownload.com



မနသိကာရဖြင့် နှလုံးသွင်းတတ် လာသည်။ [နှာ-၂၆၄] ကလျာဏပုထုဇဉ် ဖြစ်လျှင် ဒိဋ္ဌိ တော်တော် ပြုတ်ပြီဟု ဆိုသည်။ [နှာ-၂၆၅]

အရှင်ပုဏ္ဏက တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပုံကို ဥပမာပြတာ အလွန်ရှင်းသည်။ မိမိလည်း မဟုတ်၊ သူတစ်ပါးလည်း မဟုတ်သော အရိပ်ကို ငါ အတ္တထင်ပြီး စွဲလို့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ရကြောင်း ပေါ်အောင် ဟောသည်။ [နှာ-၂၆၆] အနိစ္စ၊ ဒုက္ခ၊ အနတ္တ မပေါ်ဘဲနှင့်၊ ခန္ဓာ ဒုက္ခသစ္စာကို မသိဘဲနှင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ပြုတ်လိမ့်မည် မဟုတ်ဟု ဟောလျှင် မယုံပါနှင့်ဟု ဆိုသည်။ [နှာ-၂၆၇] တရားမှာလည်း တဏှာ သာယာမှုကို မျှော်လင့်ချက် ပေးပြီး နောင်ဘဝ ကောင်းစား ရေး လောက်ကိုသာ ဦးစားပေးသော နားထောင်ကောင်းသည့် တရားဆိုလျှင် ပပဉ္စ များသည်။ သံဝေဂရသော တရားသည် ပပဉ္စ ချုပ်သည်ဟု ဆိုသည်။ သံယုတ် ပါဠိတော်မှာ တရားဟောသူ ပုဂ္ဂိုလ်နှင့် တရားနာသူ ပုဂ္ဂိုလ် သုံးမျိုးရှိကြောင်း ဟောသည်။ ဓမ္မ ကထိကသည် ခန္ဓာငါးပါးကို ဝိရာဂါယ၊ နိဗ္ဗိဒါယ၊ နိရောဓာယ-ဖြစ်အောင်၊ တပ်မက်မှု ကင်းအောင်၊ ငြီးငွေ့အောင်၊ ချုပ်အောင် ဟောနိုင်ရမည်။ [နှာ-၂၆၈] တရားနာသူကလည်း နိဗ္ဗိန္ဒဖြစ်အောင် နာရမည်ဟု ဆိုသည်၊ နိဗ္ဗိန္ဒ ဖြစ်အောင် ကျင့်ရမည်။ ဤအင်္ဂါများနှင့် ပြည့်စုံလျှင် ဤဘဝမှာပင် နိဗ္ဗာန်ကို ရနိုင်သည်ဟု ဆိုသည်။ ဆုကြီးပန် မဟုတ်လျှင် ဤဘဝမှာပင် တရားရနိုင်သည်ဟု ဆိုသည်။ [နှာ-၂၇၀] ခန္ဓာငါးပါးကို ငြီးငွေ့အောင် ဟောသောတရား ဆိုလျှင် နာပေတော့ဟု ဟောထားသည်။ [နှာ-၂၇၁] ဤသည်မှာ သစ္စာတရားကို နာမှု၊ သစ္စာကို နှလုံးသွင်းမှုပင် ဖြစ်၏။

ဤတရားတွင် ထူးခြားစွာ ဟောထားသော စကားမှာ ဝိပဿနာ ရှုချင်လျှင် အန္ဓ ပုထုဇဉ် အဖြစ်နှင့် မရှုနှင့်၊ သုတဝါ အရိယ သာဝကော ဖြစ်အောင် ပြောင်းပြီး ရှုပါဟု တိုက်တွန်းထားခြင်း ဖြစ်၏။ [နှာ-၂၇၇] ကလျာဏ ပုထုဇဉ် မဖြစ်သေးဘဲ ဝိပဿနာရှု၍ တရားထူး မရနိုင်ကြောင်းလည်း ဟောသည်။ ဤတရားတွင် မိုးကုတ် ဆရာတော်ကြီးက ဝေဒနာကို မှတ်ပြီး ရှုခိုင်းသည်။ [နှာ-၂၇၉] အားထုတ်ပုံကို ပြောရာတွင် ရုပ်၊ ဝေဒနာ၊ စိတ် ကြိုက်ရာ ရှုနိုင်ကြောင်း၊ သို့သော် ဆရာတော်က အမြန်ဆုံး ခရီးရောက်အောင် ဝေဒနာကို ရှုဖို့ ဟောသည်။ ထုံးစံအတိုင်း ဝေဒနာ သုံးပါးကို ရှုပုံ ရှုနည်းကို ပြောသည်။ (ရှေ့မှာ တင်ပြခဲ့ ပြီးပြီ) ဝေဒနာကို ရှုသောအခါ သုတဝါက ဝေဒနာဟု မြင်သည်။ သုတဝါ မဟုတ်သူက ဝေဒနာကို ငါဟု မြင်ပုံကို ရှင်းသည်။ ဝေဒနာကို ငါနာသည်၊ ငါကျင်သည်ဟု နားလည်နေသူ သည် ပုထုဇဉ်

http://www.dhammadownload.com



ဖြစ်သည်။ [ နှာ–၂၈၁ ] သုတဝါ အရိယာ သာဝကောသည် ဝေဒနာသည် ငါလည်း မဟုတ်၊ သူလည်း မဟုတ်ဟု နားလည်သူ ဖြစ်သည်။ ဝေဒနာပဲ တွေ့လျှင် အရိယာ တပည့် ဖြစ်နေပြီဟုလည်း ဆုံးဖြတ်ချက် ပေးထားသည်။ [ နှာ–၂၈၃ ] ပေါ်နေစဉ် ဝေဒနာမှန်း သိရမည်။ ပျောက်သွားလျှင် အနိစ္စပဲဟု သိရမည်။ [ နှာ– ၂၈၅ ]

အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောသည် အရိယာ သာဝက၏ သန္တာန်မှာ ပေါ်ပြီ၊ မဂ္ဂင်ငါးပါး ပေါ်ခြင်းဖြစ်သည် ဆို၏။ ဤသို့ ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်လျှင် ပထမ မဂ်ဉာဏ်မှာ ဒိဋ္ဌိ ပြုတ်သည်။ တဏှာ၊ မာနပဲ ကျန်သည်။ ယောဂီက မုန်းဉာဏ်ပေါ်အောင် ဆက်ရှုရမည်။ [ နှာ–၂၈၈ ] နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ အရ ငြီးငွေ့ပြီးလျှင် တဏှာ၊ မာနလည်း ချုပ်တော့သည် ဆို၏။ သောတာပန်နှင့် ထိုက်တန်သလောက် ချုပ်သည်။ [ နှာ–၂၈၉ ] ဖြစ်ပျက်ခြင်းသည် ဒုက္ခသစ္စာ အစစ်ပဲဟု ဆုံးဖြတ်ချက် ချနိုင်သောအခါ ကိစ္စဉာဏ် ဖြစ်ပေါ်လာသည်။ ထိုအခါ တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်သည်။ ဖြစ်ပျက် ဒုက္ခကို မရတော့လျှင် နိဗ္ဗာန်ရပြီဟု ဟောသည်။ [ နှာ–၂၉၁ ] ဤသို့ ဒုက္ခကို ပိုင်းခြား သိလိုက်သည်နှင့် တစ်ပြိုင်နက် မဂ္ဂင်ရှစ်ပါး ပြည့်ပြီး မဂ်က တဏှာ၊ မာန၊ ဒိဋ္ဌိကို ပယ်နိုင်တော့သည်။ အလင်း ရောက်သည်နှင့် အမှောင် ပျောက်သကဲ့သို့ ဖြစ်သည် ဆို၏။ ကိလေသာ အမှောင် ပျောက်သောအခါ နိရောဓ သစ္စာ၊ နိဗ္ဗာန်အလင်း ပေါ်လာတော့သည်။ [ နှာ– ၂၉၂ ] နိရောဓ နိဗ္ဗာန် ပေါ်သောအခါ သမုဒယနှင့် ဒုက္ခ ချုပ်သွားသည်။ မဂ်အစစ် ရမှ အာဒိပတေယျသွေ ဖြစ်သည်ကို ပြသည်။ [ နှာ–၂၉၃ ] အရှင်ပုဏ္ဏက အရှင် အာနန္ဒာကို မှန်ဥပမာပြ၍ ဟောသော၊ သောတာပန် တည်စေသော တရား ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၆။ ဒိဋ္ဌိပြုတ် အလုပ်ပေး တရား

[ ၁၃၂၂ခု နယုန်လဆန်း ၃ ရက်နေ့က အမရပူရမြို့ မင်္ဂလာရိပ်သာမှာ ဟောသောတရား ]

**မင်္ဂလေးပါးမှာ သောတာပတ္တိမဂ်သည် ရှေးဦးဆုံးမဂ် ဖြစ်သည်ဟု အစချီလျက် ဤတရားကို ဟောကြားသည်။ ဤမဂ်သည် သတ္တိ ညံ့သောကြောင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊** သီလဗ္ဗတ၊ ပရမာသနှင့် အပါယ် လားစေတတ်သော လောဘ၊ ဒေါသ၊ မောဟ ခြောက်ခုကိုသာ ပယ်သည်။ [ နှာ–၂၉၅ ] ထို့နောက် သီလဗ္ဗတ ပရမာသသည်

http://www.dhammadownload.com



ဗုဒ္ဓ ဘာသာဝင်တွေမှာ မရှိဘူးဟု ဆိုသည်။ အပါယ် သွားစေတတ်သော လောဘ၊ ဒေါသ၊ မောဟကိုပါ သောတာပတ္တိမဂ်က ပယ်ကြောင်း ဆက်ဟောသည်။ ဤတရားတွင် သောတာပတ္တိမဂ်က အပါယ်ကို လားစေတတ်သော တရားခြောက်ခုကို ပယ်ကြောင်း အထပ်ထပ် အခါခါ ဟောသည်။ 'စတူဟာ ပါယေဟိ စဝိမုတ္တော'၏ အနက်ကို အပါယ် လားစေတတ်သော တရားခြောက်ခုဖြင့် ပြ၍ ရှင်းသည်။ [နှာ-၂၉၆] အပါယ်လေးပါးကို မရောက်ချင်ပါဘူး ဆိုရုံဖြင့် မပြီးပါ။ အပါယ်ရောက်စေတတ်သော ဝမ်းထဲက တရားကို ပယ်နိုင်မှသာ ကိစ္စ ပြီးပါသည်။

ထို့နောက် အပါယ်ကျလောက်အောင် သွားသော လောဘလည်း ရှိပုံ၊ အပါယ် မကျသော လောဘ၊ ဒေါသ၊ မောဟလည်း ရှိပုံကို ခွဲခြားပြီး ဟောသည်။ [နှာ-၂၉၈] ခြောက်ခုပင် ဖြစ်သော်လည်း အရေးကြီးတာ နှစ်ခုကို ပယ်လိုက်လျှင် ကျန်လေးခု ပါသွားသည်ဟု ခွဲခြား ရှင်းထားသည်။ [နှာ-၂၉၉] အရေးကြီးသော နှစ်ခုမှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဖြစ်သည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်နိုင်သူ မဖြစ်သေးဘဲ သေလျှင် စိတ်မချရပုံ၊ ယနေ့ လူယောက်ျား နာမ်ဖြင့် စုတိမနေ သေပါက ခွေးဖြစ်နိုင်ကြောင်း ဟောသည်။ [နှာ-၃၀၀] ကျောင်းဆောက်၊ ဘုရားတည်သော ကုသိုလ်တွေလုပ်နေသော်လည်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မပယ်သေးသရွေ့ အပါယ်ဘေး စိတ်မချရသေးကြောင်း၊ ဒါနက သုဂတိ ဘဝကို အကျိုးပေးသည်မှာ မှန်ကြောင်း၊ သို့သော် ထိုကုသိုလ် အရှိန် သတ္တိကုန်လျှင် အပါယ်ကို ကျရဦးမည် ဖြစ်ကြောင်း ဟောသည်။ အင်္ဂုတ္တိုရ် ပါဠိတော် အရ ဒိဋ္ဌိ ပြုတ်ပါက ဝိစိကိစ္ဆာ အလိုလို ရောပါသွားကြောင်းကို ညွှန်ပြသည်။

ဒါကြောင့် ဒိဋ္ဌိ ပယ်နည်းကို ပြမည်။ ဒကာ၊ ဒကာမများ တရားနာရင်း ခန္ဓာကို ဉာဏ်စိုက်ထားပါဟု ဆိုသည်။ [နှာ-၃၀၂] ဘုရား လက်ထက်က ဘုရားဟောသော တရားကို နားထောင်ရင်း ခန္ဓာကို ဉာဏ်စိုက်ပြီး ခန္ဓာထဲက ဒိဋ္ဌိကို သတ်ကြသောကြောင့် တရားနာရင်း သောတာပန် ဖြစ်ကြောင်းကို ရှင်းပြထားသည်။ [နှာ-၃၀၂] သောတာပန် ရောက်သော နိဗ္ဗာန်သည် ဘာနိဗ္ဗာန်လဲ ဆိုလျှင် ဒိဋ္ဌိ ပြုတ်သော နိဗ္ဗာန် ဖြစ်သည်။ [နှာ-၃၀၃] ဒိဋ္ဌိတစ်လုံး ပြုတ်တတ်လျှင် အပါယ် လားစေသော တရား ခြောက်ခုစလုံး အကုန် ပြုတ်ကြောင်း ထပ်ရှင်းသည်။ ဒါနသည် အရေးကြီးကြောင်း၊ ဒိဋ္ဌိ မပြုတ်ဘဲ လှူလျှင်သာ ဒါန အကျိုးပေးပြီး အပါယ် ကျတတ်ကြောင်း သတိပေး သဘောဖြင့် ဟောသည်။ [နှာ-၃၀၄] ဒိဋ္ဌိ ပြုတ်ပြီး လှူပါက အပါယ်ကို ပြန်မဆင်းတော့ကြောင်း ပြသည်။ ဒိဋ္ဌိ ပြုတ်ရေးကို အဓိက ထားကြပါဟု သတိပေး တိုက်တွန်း ထားသည်။

http://www.dhammadownload.com



ထို့နောက် ဘာကြောင့် ဒိဋ္ဌိသည် ဘဝတိုင်း ပါနေရသလဲ ဆိုလျှင် ခန္ဓာဖြစ်စဉ်ကို မသိ၍ ဖြစ်ရကြောင်း ရှင်းပြသည်။ [နှာ-၃၀၆] ခန္ဓာငါးပါး၏ ဖြစ်စဉ်ကို မသိမှုကြောင့် ဒိဋ္ဌိ ဖြစ်လာရသည်။ ထို့ကြောင့် ခန္ဓာငါးပါး အကြောင်း သိအောင် ပြောမည့် ဆရာကောင်း လိုသည်။ မိတ်ဆွေကောင်း လိုသည်။ ခန္ဓာသည် မခိုင်မြဲသော အနိစ္စ ဖြစ်ကြောင်း ဉာဏ်ထဲမှာ ရှင်းရှင်း သိလျှင် ဒိဋ္ဌိ မဖြစ်နိုင်ဘူးဟု ဆိုသည်။ [နှာ-၃၀၇] ဒိဋ္ဌိ ပြုတ်လျှင် အပါယ်လေးပါးနှင့် အိုးစားကွဲပြီဟု ဆိုသည်။ ဒါကြောင့် ဒိဋ္ဌိ ပယ်ဖို့ အရေးကြီးသည်။ ပယ်နိုင်ဖို့ ဆိုလျှင် သောတာပတ္တိမဂ် ရအောင် အားထုတ်ရမည်။ [နှာ-၃၁၂] ဤတွင် ဒိဋ္ဌိ ပြုတ်ဖို့ အရေးကြီးကြောင်း ဘုရားဟော ပါဠိတော်ကို ထုတ်ပြသည်။ 'သတ္တိယာ ဝိယဩမဋ္ဌော ဒယှမာနောဝ မတ္ထကေ သက္ကာယဒိဋ္ဌိ ပဟာနာယ သတော ဘိက္ခု ပရိဗ္ဗဇေ'- ရှင်ဝလုံ့စူး၊ ထိပ်ဦးမီးလောင်လျှင် အလျင်အမြန် ပယ်ရသည်ထက် လျင်မြန်စွာ ဒိဋ္ဌိကို ပယ်ပါဟု ဆိုလိုသည်။ [နှာ-၃၁၆]

ထို့နောက် ဒိဋ္ဌိဖြစ်ခြင်း အကြောင်း ရှစ်ပါးကို ဟောရန် ပါဠိတော်ကို ကိုးကား ပြသည်။ 'ခန္ဓာ အဝိဇ္ဇာ ဖဿောစ သညာ ဝိတက္ကော အယောနိသော ဒုမ္မိတ္တော ပရတော ဃောသော ဒိဋ္ဌိ ဋ္ဌာနာနိ အဋ္ဌဓာ'- ဒိဋ္ဌိသည် ခန္ဓာမသိ၍ ဖြစ်တာချည်း ဖြစ်သည်။ ဤကား လိုရင်းအချက် ဖြစ်သည်။ ထို့နောက် ဒိဋ္ဌိသည် တဏှာပင် ဖြစ်ကြောင်း ဟောသည်။ 'ဒိဋ္ဌိ ဗန္ဓန ဗန္ဓာသေ တဏှာ သောတေန ဝုယှရေ တဏှာသောတေန ဝုယှန္တာ နာတေဒုက္ခာပ မုဒ္ဒန္တိ'။ ဒိဋ္ဌိက ဖွဲ့ချည်နှောင်တုပ်ထားလျှင် တဏှာ ရေထဲမှာ မျောပြီး အပါယ်လေးပါးမှာ မြုပ်ရကြောင်း ဟောခြင်း ဖြစ်၏။ [နှာ-၃၁၈] ဒိဋ္ဌိသည် တဏှာပဲ ဆိုသည်ကို ထပ်ပြောသည်။ [နှာ-၃၁၉] ဒိဋ္ဌိတဏှာ လာလျှင် ဥပါဒါန် လာသည်။ ကံလာသည်။ ထိုကံက အပါယ်ဇာတိကို ပေးသည်။ ဒိဋ္ဌိတဏှာ ဘယ်ကလာသလဲ ဆိုလျှင် ခန္ဓာ မသိမှုက လာသည်။ [နှာ-၃၂၀] ဒိဋ္ဌိကို မဂ်နှင့် ပယ်ရမည်။ မဂ်နှင့် ပယ်မှ ဒိဋ္ဌိ ပျောက်သည်ဟု ဆိုသည်။ [နှာ-၃၃၀]

ထို့နောက် ဒိဋ္ဌိပြုတ်နည်း နိဿရည်း အရေးကြီးသည်ဟု ဟောသည်။ ဒိဋ္ဌိ ပြုတ်လျှင် ပထမ နိဗ္ဗာန်ကို ရသည်။ နိဗ္ဗာန်လေးမျိုး ရှိသည်။ သောတာပန်ရသော နိဗ္ဗာန်၊ သကဒါဂါမိရသော နိဗ္ဗာန်၊ အနာဂါမ်ရသော နိဗ္ဗာန်၊ ရဟန္တာ ရသော နိဗ္ဗာန် ဖြစ်သည်။ [နှာ-၃၃၂] ခန္ဓာ ငါးပါးကို မသိ၍ ဒိဋ္ဌိလာသည်။ သို့ ဖြစ်လျှင် ခန္ဓာ ငါးပါးကို သိအောင် ဆရာသမားက ပြရမည်။ စာသိဖြင့် သိရုံနှင့် ဒိဋ္ဌိက

http://www.dhammadownload.com



မပြုတ်ဘူး ဟုလည်း သတိပေးစကား ဆိုထားသည်။ ခန္ဓာသိ၊ ပစ္စက္ခ သိရမှ ပြုတ်သည် ဟူလို ခန္ဓာ သဘောကို ဉာဏ်ဖြင့် သိရမည်။ [နှာ-၃၃၃] ဉာဏ်ဖြင့်သိမှ မိစ္ဆာဒိဋ္ဌိ နေရာမှာ သမ္မာဒိဋ္ဌိ ရောက်လာသည်။ ခန္ဓာသိ၊ ဖြစ်ပျက် သိလျှင် သမ္မာဒိဋ္ဌိ ဖြစ်သည်။ [နှာ-၃၃၅] သမ္မာဒိဋ္ဌိ ဖြစ်သောအခါ တဏှာ၊ ဥပါဒါန် ချုပ်တော့သည်။ ကံလည်း ချုပ်သဖြင့် အပါယ်ဇာတိလည်း မလာတော့ပါ။ သမ္မာဒိဋ္ဌိ ဖြစ်လျှင် အပါယ်က လွတ်ပြီ။ ဤအလုပ်ကို အရေးတကြီး လုပ်သင့်သည်။ ခေါင်းကိုက်တာ တောင် ညကျမှ ဆေးသောက်ပါ၊ ဒိဋ္ဌိ ဖြုတ်ပြီး ဖြစ်ပျက် ရှုမှုကို အရင် လုပ်ပါဟု ဆိုသည်။ [နှာ-၃၃၆] ပစ္စက္ခမှာ ဝေဒနာ ပေါ်တုန်း ဖြစ်ပျက် အနိစ္စ ရှုပါဟု ဆိုသည်။ ပေါ်တာက ဝေဒနာ ပျက်တာက အနိစ္စဟု မြင်အောင် ရှုပါ။ ဤသို့ ရှုလျှင် သမ္မာဒိဋ္ဌိ ဖြစ်သွားသည်။ [နှာ-၃၃၇] သမ္မာဒိဋ္ဌိ ဖြစ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်ပုံ ဓမ္မ နိယာမက ထပ်ဟောသည်။ ပစ္စက္ခမှာ သုခဝေဒနာပဲ ဖြစ်ဖြစ်၊ ဒုက္ခဝေဒနာပဲ ဖြစ်ဖြစ် ပေါ်တာနှင့် ပျက်တာပဲ ရှိသည်။ ဤသို့ သိလျှင် သမ္မာဒိဋ္ဌိ ဖြစ်၏။ [နှာ-၃၃၉] ဤကား လုပ်နည်းကို ပြနေခြင်း ဖြစ်သည်။ ဝတ္ထု မပါသေး ဘူးဟု ဆိုပြီး အချိန်စေ့သဖြင့် တရား နားလိုက်သည်။

*

## ၇။ အပါယ်လေးပါးသည် အမြဲနေအိမ်

[ ၁၃၂၂ခု နယုန်လဆန်း ၄ ရက်နေ့တွင် အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်း မှာ ဟောသော တရား ]

'စတ္တာရော အပါယာသက ဂေဟာသဒိသာ'ဟု ဓမ္မပဒ အဋ္ဌကထာမှာ ဆို ကြောင်း အစချီလျက် ဤတရားကို ဟောပါသည်။ ပမတ္တဿနာ စတ္တာရော အပါယာသက ဂေဟာသဒိသာ- ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ပျက် ရှုမှုကို မေ့လျော့သော ပုဂ္ဂိုလ်အား အပါယ်လေးပါး ဘုံတို့သည် အမြဲနေရာ မိမိတို့၏ အိမ်ဂေဟာကြီးနှင့် တူလေကုန်၏။ အပါယ်လေးပါးသည် ကိုယ်အမြဲနေသော အိမ်ဖြစ်သည်ဟု မှတ် ရမည် ဆို၏။ ကြောက်စရာ ကောင်းသည်။ သင်ကြား ပြသမည့် ဆရာကိုလည်း မတွေ့။ မိမိတို့ကလည်း သားရေး၊ သမီးရေး၊ စီးပွားရေးနှင့် အချိန်ကုန်ပြီး တရားကို အားမထုတ်ဘဲ မေ့မေ့လျော့လျော့ နေသွားကြမည် ဆိုလျှင် အပါယ်သည် မိမိတို့၏ အမြဲနေအိမ် ဖြစ်ရပေတော့မည်။ ကျောက်ခဲ တစ်လုံးကို ကောင်းကင်ပေါ် မြှောက် လိုက် လက်အရှိန်ကုန်လျှင် ပြန်ကျ သကဲ့သို့ ဖြစ်၏။ [နှာ-၃၄၄] နဂိုကလည်း

http://www.dhammadownload.com



အောက်ကပဲ။ လက်အရှိန်ထည့်ပြီး မြှောက်လိုက်လည်း အပေါ်ရောက်တာ ခဏပဲ။ ပြီးလျှင် အောက်ကိုသာ ပြန်ကျရသည်။ အမှန်ကတော့ သူ့နေရာ အစစ်က အောက်မှာပဲ ရှိသည်။

ဤသို့ပင် ဒါန၊ သီလ မြှောက်တင်လိုက်၍ အထက် ဘုံဘဝများသို့ ရောက်ရလျှင်လည်း ခဏပဲ ဖြစ်သည်။ ကုသိုလ် အရှိန်အဟုန် သတ္တိ ကုန်လျှင် အောက်ကို ပြန်ကျရသည်သာ ဖြစ်၏။ နဂိုကလည်း အပါယ်က လာခဲ့ကြတာ။ လူ့ပြည် နေရလည်း ခဏပဲ။ မေ့မေ့လျော့လျော့ နေခဲ့ပါက အပါယ်သို့သာ ပြန်သွားကြရမည် ဖြစ်၏။ [နှာ–၃၄၅] ဒွါရ ခြောက်ပေါက်က ဒိဋ္ဌိတွေ လာတတ်ပုံကို ပြသည်။ ဒကာ၊ ဒကာမတွေမှာ အပါယ်ရောက်ကြောင်း ကံတွေကို တစ်နေ့လျှင် အကြိမ် မရေမတွက်နိုင်အောင် လုပ်နေကြရသည်။ ဉာဏ်စခန်း မပါဘူး။ [နှာ–၃၅၁] အပါယ်သွားဖို့ ကံတွေပဲ စုနေကြကြောင်း ဟောသည်။ အပါယ်က အမြဲနေအိမ် ဖြစ်နေသည်။ လူ့ပြည်၊ နတ်ပြည်က ခဏ အလည်လာရာ ဌာန ဖြစ်သည်။ [နှာ–၃၅၂]

ထို့နောက် ဒါန၊ သီလ လောက်ဖြင့် ဒိဋ္ဌိ မပယ်နိုင်ကြောင်းကို ပြသည်။ ယခုဘဝမှာ လုပ်နေသမျှ ကိစ္စ အဝဝမှာ ငါက ခေါင်းဆောင် နေသည်။ [နှာ–၃၅၃] ကျန်းမာသည်၊ လုပ်နိုင် ကိုင်နိုင်သေးသည် ဆိုလျှင် အပါယ်စရိတ် စုနေခြင်း ဖြစ်သည်ဟု ဆိုသည်။ တစ်နေ့တစ်နေ့ ကံကြွေးပေါင်း မရေမတွက်နိုင်အောင် တင်နေကြသည်။ အမှန်မှာ ကံဖြတ် အလုပ်ကို လုပ်ကြရမည်။ ကံဖြတ်ရေးကို လုပ်လိုလျှင် ဒိဋ္ဌိ ဖြုတ်ဖို့ အရေးကြီးကြောင်း ဟောသည်။ [နှာ–၃၅၆] ကံတွေ တစ်နေ့တစ်နေ့ လုပ်နေသမျှ ဒိဋ္ဌိအစ ကံအဆုံးချည်း ဖြစ်နေသည်။ [နှာ–၃၅၈]

ထို့နောက် ဒီ ဒိဋ္ဌိ ဘယ်က လာသတုံး၊ ခန္ဓာ ငါးပါးက လာသည် ဆိုသော အချက်ကို ပြန်ရောက် သွားပြန်သည်။ ထို့နောက် ဒိဋ္ဌိ မဖြုတ်သောသူကို ငရဲက (ဒယ်အိုးက) စောင့်နေသည်။ လူ့ပြည်မှာ နန္ဒိယ ကျောင်းဆောက်တော့ နတ်ပြည်မှာ မသေခင်က ဘုံပေါက်နေသည့် အကြောင်းကို နမူနာ ပြသည်။ [နှာ–၃၆၅] ဒိဋ္ဌိသည် ခန္ဓာ၏ အကြောင်းကို မသိ၍ ဖြစ်သည်။ ရူပက္ခန္ဓာကို သားပဲ၊ သမီးပဲ စွဲနေပုံကို ပြသည်။ [နှာ–၃၆၉] ရုပ်မှာ တဖြေဖြေ ဖောက်ပြန်၍ ကိုယ်ပူ ဖျားနေသည်ကို နဖူး သွားစမ်းပြီး ငါ့သား ဖျားသည်၊ ငါ့သမီး ဖျားနေသည်ဟု လုပ်နေသည်။ ဤသို့ လုပ်နေသမျှ အပါယ်လေးပါးသည် ပုထုဇဉ်၏ အမြဲနေအိမ် ဖြစ်နေပေသည်။ ဒါကြောင့် လူ့ဘဝမှာ အချိန်တိုကလေး အသက်ရှင်နေတုန်း ကယ်တင်ခြင်း ကိစ္စကို

http://www.dhammadownload.com



ဆောင်ရွက်နေရသည်။ ကယ်တင်သူလည်း အနိစ္စ၊ ကယ်တင်ခံသူလည်း အနိစ္စ ဖြစ်သည်။ ဘယ်သူ တစ်ဦးတစ်ယောက်မျှ အစိုးမရပါ။

ဒါကြောင့် မြန်မြန်ပေး၊ မြန်မြန်ယူမှ အဆင်ပြေမည်။ ယနေ့၊ နက်ဖြန် ရက်ရွှေ့ မနေသင့်ကြောင်း သတိပေးသည်။ [နာ-၃၇၁] ဒိဋ္ဌိဖြစ်ခြင်း အကြောင်း ရှစ်ပါး ရှိသည့် အနက် ယခု တစ်ချက်ပဲ ပြောနေသေးသည် ဆို၏။ ခန္ဓာကို ခန္ဓာ ဟု မသိသဖြင့် ဒိဋ္ဌိ လာသည်။ အမေ မိဘ သင်ပေးလိုက်တာလည်း ဒိဋ္ဌိ အမြင်ချည်း ဖြစ်သည်။ ဒါကြောင့် ခန္ဓာငါးပါးကို သိအောင် ဟောမည်ဟု ဆိုသည်။ ခန္ဓာငါးပါးကို သိသော သမ္မာဒိဋ္ဌိ တစ်လုံး ပေါ်လျှင် မိစ္ဆာဒိဋ္ဌိ ပြုတ်သည်။ မိစ္ဆာဒိဋ္ဌိ ပြုတ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်သည်။ ထိုအခါ အပါယ်ဓာတိ ချုပ်တော့သည်။ ဤတွင် ဝေဒနာ နုပဿနာ ရှုတတ်လျှင်လည်း ဒိဋ္ဌိ ပြုတ်နိုင်ကြောင်း ဟောသည်။ [နာ-၃၇၆] ဝေဒနာက္ခန္ဓာမှာ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာ ဖြစ်နေသည်ဟု သိလျှင် ငါနာသည်၊ ငါခံသာသည်၊ ငါကောင်းစားသည် ဆိုသော ငါစွဲ ဒိဋ္ဌိ မလာနိုင်တော့ဟု ဆိုသည်။ ဒါလောက် သိရုံဖြင့် ဒိဋ္ဌိ မပြုတ်သေးပါ။ ပွဲရုံသာ ပွဲဦးမည်။ ဒိဋ္ဌိ ပြုတ်အောင် ဆိုလျှင် ဝေဒနာကို မတွေ့ဘဲ အနိစ္စကို တွေ့အောင်ရှုရမည်။ ဤကား အမှန်သိ၊ သစ္စာသိ ဖြစ်တော့သည်။ ဤသို့ သိပြီ သမ္မာဒိဋ္ဌိသိ ဖြစ်၍ မိစ္ဆာဒိဋ္ဌိ ပြုတ်တော့သည်။ [နာ-၃၇၇] ဝေဒနာကို သိပြီး ဖြစ်ပျက် (အနိစ္စ)ကို မိအောင် ရှုရမည်။ ဝေဒနာကို သိလျှင် ခန္ဓာကို သိသည်။ ဖြစ်ပျက်မိလျှင် အနိစ္စကို သိသည်။ ဤသို့ သိလျှင် ခိုင်မြဲသည်ဟု ယူသော ဒိဋ္ဌိ ပြုတ်တော့သည်။ [နာ-၃၇၈] ဝေဒနာသိလျှင် ခန္ဓာသိသည်။ ထိုအခါ ခန္ဓာကို မသိ၍ ဖြစ်သော ဒိဋ္ဌိ ပြုတ်သည်။ ခန္ဓာသိ၊ ဖြစ်ပျက် အနိစ္စကို သိ၍ ဒိဋ္ဌိ ပြုတ်ခြင်း ဖြစ်ကြောင်း ရှင်း ထားသည်။ [နာ-၃၇၉] ခန္ဓာသိ၊ အနိစ္စ သိလျှင် မသိသော အဝိဇ္ဇာကို ပယ်နိုင်ပြီ။ အဝိဇ္ဇာကို ပယ်လျှင် ပဋိစ္စသမုပ္ပါဒ် အစကနေ၍ ပြတ်တော့ သည်။ အပါယ်ဘေးတော့ ဝေးပြီ။

ဒါကြောင့် ခန္ဓာသိ၊ အနိစ္စ သိလျှင် အဝိဇ္ဇာချုပ်၊ ဒိဋ္ဌိ ပြုတ်သည်။ [နာ-၃၈၀] ဝိဇ္ဇာက လေးပုံ တစ်ပုံ ချုပ်သည်။ ဒိဋ္ဌိကတော့ အကုန် ပြုတ်သည် ဆို၏။ ဒါကြောင့် ဝေဒနာကို ဖြစ်ပျက်ရှုပါဟု တိုက်တွန်းထားသည်။ အပါယ်တံခါး ပိတ်အောင် ဘယ်လို လုပ်ကြမလဲ။ ဝေဒနာသိ၊ ဖြစ်ပျက် မိအောင် လုပ်ပါ။ စိတ် သိ၊ ဖြစ်ပျက် မိအောင် လုပ်ပါဟု ဆိုသည်။ [နာ-၃၈၁] ဒါသိလျှင်၊ ဒါမိလျှင် ပြီးတာပဲ ဟုလည်း ဆုံးဖြတ်ချက် ချထားသည်။ စိတ်ကိုရှုသော ပုဂ္ဂိုလ်သည်

http://www.dhammadownload.com



ဝိညာဏက္ခန္ဓာ၊ စိတ်ကို သိပြီး စိတ်၏ ဖြစ်ပျက်ကို မိအောင် လုပ်ပါဟု ဆိုသည်။ ဤသို့ မိလျှင်၊ သိလျှင် ပဋိစ္စသမုပ္ပာဒ် အစက ပြတ်သည်။ ဤသို့ ရှုသဖြင့် ဒိဋ္ဌိ ပြုတ်လျှင် အပါယ်ကျမည့် ကံကြွေးတွေ အားလုံး ကျေပြီ၊ ပျောက်ပြီဟု ဆိုသည်။ [နှာ-၃၈၄] မုဆိုးကြီးတွေ သောတာပန် တည်သည်။ အင်္ဂုလိမာလတို့ ဒိဋ္ဌိ ပြုတ်ပြီး သောတာပန် တည်ပုံကို နမူနာ ပြသည်။ အပါယ်ကို ခေါင်းဆောင်တာ ဒိဋ္ဌိဖြစ်သည်။ ဒိဋ္ဌိသည် ခန္ဓာကို သတ္တဝါလုပ်ပြီး ကပ်သည်။ ဘုရားက ဒိဋ္ဌိ နိရောဓာ နိဗ္ဗာနံဟု ဟောသည်။ ဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်ပဲဟု ဟောသည်။ သောတာပန် ရောက်သည့် နိဗ္ဗာန်သည် ဒိဋ္ဌိပြုတ်သော နိဗ္ဗာန် ဖြစ်သည်။

ဒါကြောင့် ဒိဋ္ဌိနှင့် တဏှာမှာ ဒိဋ္ဌိက ပိုပြီး ကြောက်စရာ ကောင်းသည်ကို ပြသည်။ [နှာ-၃၈၅] ဖြစ်ပျက်ကို မြင်လျှင် မဂ်ဆိုက်သည်။ မဂ်က ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို သတ်သည်၊ 'ကိလေသာမာရဗ္ဘော နိဗ္ဗာနံ၊ ဂစ္ဆတိထိ မဂ္ဂေါ'- ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကိလေသာ တွေကို ပယ်သတ်လျက် အပါယ်လေးပါးမှ လွတ်ပြီးလျှင် နိဗ္ဗာန်သို့ သွား၏ဟု ဟောတော်မူထားကြောင်း ပြသည်။ [နှာ-၃၈၆] မဂ်မှာ နှစ်ကိစ္စ ရှိသည်။ ထို့နောက် ဒိဋ္ဌိပြုတ်မှ ဂတိ မြဲပုံကို ဟောသည်။ ဒါက ဝိပဿနာမဂ်နှင့် ပြုတ်တာပဲ ရှိသေးသည်။ [နှာ-၃၈၇] သမာဓိ မဂ္ဂင် ငါးပါးနှင့် ရှုနေတာပဲ ရှိသေးသည်။ သီလ မဂ္ဂင် မပါသေး၊ မဂ္ဂင်ရှစ်ပါး မစုံသေးဟု ဆိုသည်။ [နှာ-၃၈၈] ဘာကြောင့် မစုံသေးသလဲ ဆိုလျှင် ပုထုဇဉ် ရှုနေတာပဲ ရှိသေးသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက် မုန်းပြီး ဖြစ်ပျက် ဆုံးအောင် ရှုမှသာ 'ဝေဒနာနံ ခယာ ဘိက္ခု အနိစ္ဆာတော ပရိနိဗ္ဗုတော' ဆိုသည့်အတိုင်း ဖြစ်မည်။ ရုပ်နာမ် အတွဲချုပ်သော ကြောင့် နိဗ္ဗာန် ပေါ်သည်။ [နှာ-၃၈၉] ဤကား ဒိဋ္ဌိသိမ်းနည်း ဖြစ်သည်။ အချိန် စေ့၍ တရား ရပ်နားသည်။

*

## ၈။ ဒိဋ္ဌိပြုတ်ရင် ပထမနိဗ္ဗာန်

[ ၁၃၂၂ခု နယုန်လဆန်း ၅ရက်နေ့က အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်း မှာ ဟောသောတရား ]

'ဒိဋ္ဌိပြုတ်ရင် ပထမနိဗ္ဗာန် ရောက်သည်ဟု မှတ်ပါ' အစချီလျက် ဤတရား ကို ဟောသည်။ ပထမ နိဗ္ဗာန်သည် သောတာပန်နှင့် ဆိုင်သော နိဗ္ဗာန် ဖြစ်သည်။ ဤနိဗ္ဗာန်ကို ရအောင် အရေးတကြီး လုပ်ရမည်ဟု သဘောထားသင့်ကြောင်း

http://www.dhammadownload.com



ဆုံးမသည်။ ဒိဋ္ဌိပြုတ်ဖို့ အရေးကြီးသည်။ ဒိဋ္ဌိ ပြုတ်ချင်လျှင် ခန္ဓာ၏ ဖြစ်ပျက်ကို မြင်အောင် ဝိပဿနာ ရှုရမည်။ အဖြစ်ကို မမြင်ချင် နေပါစေ။ အပျက်ကို မြင်ဖို့ အရေးကြီးသည်။ အပျက်ကို မြင်မှသာ ငါ၊ ငါ့ဥစ္စာ မဟုတ်လို့ ပျက်တာပဲ ဆိုတာ ပေါ်လာမည် ဖြစ်သည် ဆို၏။ [နှာ-၃၉၂] ခန္ဓာ၏ အပျက်ကို မြင်လျှင် ဒိဋ္ဌိပြုတ်သည် ဟုလည်း တိတိကျကျ ဆိုသည်။ သို့သော် ဝိပဿနာဉာဏ် မပါဘဲနှင့်တော့ ဒိဋ္ဌိ မပြုတ်နိုင်ပါ။

ထို့နောက် မိလိန္ဒ မင်းကြီးက အရှင်နာဂသေနကို နိဗ္ဗာန်အကြောင်း မေးပုံကို ဆက်ဟောသည်။ 'နိရောဓာ နိဗ္ဗာနံ' ချုပ်ခြင်းသည် နိဗ္ဗာန် ဆိုပါလျှင် ဘယ်လို ချုပ်တာကို ခေါ်သလဲ။ တပည့်တော် နားရှင်းအောင် ဟောတော်မူပါဟု လျှောက်ထားလေသည်။ ကိုယ်ရှုနေသော ဓမ္မကလေး အနိစ္စ ရောက်သွားခြင်းသည် ချုပ်သွားခြင်း ဖြစ်သည်။ ဒုက္ခကလေး ချုပ်သွားလျှင်လည်း နိဗ္ဗာန် ဖြစ်သည်။ အနိစ္စ ချုပ်၊ ဒုက္ခ ချုပ်၊ အနတ္တ ချုပ်တာ နိဗ္ဗာန် ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ-၃၉၃] ခြုံပြီး ပြောလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့သည် ဒုက္ခသစ္စာချည်းပင် ဖြစ်ကြကုန်၏။ ရှုရင်း မဂ္ဂက ဖြစ်ပျက် ဆုံးသွားလျှင် နိဗ္ဗာန်ပင် ဖြစ်ကြောင်း ပြထားသည်။ နိဗ္ဗာန် မဝေးကြောင်း၊ ချုပ်လျှင်၊ ဖြစ်ပျက် ဆုံးလျှင် နိဗ္ဗာန် ပေါ်လာကြောင်း ဖော်ပြသည်။ ဤသို့ ဖြစ်ရန်မှာ အလုပ်လုပ်မှ ဖြစ်သည်။ [နှာ-၃၉၄] နိဗ္ဗာန်ကို လူတိုင်း မရနိုင်ကြောင်း၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကြီး ချုပ်ပြတ်တာကို မြင်သော ပုဂ္ဂိုလ်သာ ရနိုင်ကြောင်း ဟောသည်။ [နှာ-၃၉၅]

ထိုအခါ မိလိန္ဒမင်းက နိဗ္ဗာန်ကို မရသော ပုဂ္ဂိုလ်သည် ဘယ်လိုပုဂ္ဂိုလ်လဲဟု မေးလျှောက်ပြန်သည်။ ထိုအခါ အရှင်နာဂသေနက ဖဿကြောင့် ဝိညာဉ် ပေါ်သည်။ ဝိညာဉ် ပေါ်သောအခါ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ လာသည်။ ထိုသူမှာ နောက်ဇာတိ ဖြစ်ပြီး သံသရာ ဆက်သွားသည်။ ဤသို့ တစ်ဘဝနှင့် တစ်ဘဝ ဆက်ပြီး စုတိ၊ ပဋိသန္ဓေ ဖြစ်သွားသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မရနိုင်သော ပုဂ္ဂိုလ် ဖြစ်ကြောင်း ရှင်းထားသည်။ [နှာ-၄၀၁] ခန္ဓာငါးပါး မြင်ပြီး ဖြစ်ပျက်မြင်အောင်၊ ဖြစ်ပျက် မုန်းအောင်၊ ဖြစ်ပျက် ဆုံးအောင် မရှုနိုင်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မရနိုင်သူ ဖြစ်၏။ [နှာ-၄၀၂] နိဗ္ဗာန် မရသော ပုဂ္ဂိုလ်မှာ နှစ်ဘဝ ဆက်သည်။ ဘဝ ဆက်သဖြင့် သံသရာ ခရီးသည်သည် ကိုယ့်အလောင်း ကိုယ်ထမ်းပြီး သံသရာ လည်နေရသည်ဟု ဆိုသည်။ ဝိပဿနာ အလုပ်ကို လုပ်သော ပုဂ္ဂိုလ်မှာတော့ ပစ္စုပ္ပန် တဏှာ၊ ဥပါဒါန်၊ ကံ အကြောင်းတွေလည်း ချုပ်သည်။ အနာဂတ်

http://www.dhammadownload.com



အကျိုးတွေလည်း ချုပ်သည်။ လောင်စာသိမ်း၍ မီးငြိမ်းခြင်းသို့ ရောက်ပုံကို ပြသည်။ [နှာ-၄၀၆] ပဋ္ဌပ္ပန်ဘဝ ချုပ်တာလည်း နိဗ္ဗာန်ပဲ၊ ကိလေသာ သိမ်းတာလည်း နိဗ္ဗာန်ပဲဟု ဆိုသည်။ ကိလေသာသိမ်း၊ ခန္ဓာသိမ်းတာ နိဗ္ဗာန်ဖြစ်၏။ တဏှာ၊ ဥပါဒါန်၊ ကံသည် ကိလေသာ (သမုဒယသစ္စာ) ဖြစ်သည်။

ဝိပဿနာရှုသော ပုဂ္ဂိုလ်သည် ယခုဘဝမှာ မီးငြိမ်းသော ပုဂ္ဂိုလ်ဖြစ်ပြီး နောက်ဘဝမှာ ထင်းသိမ်းသော ပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုသည်။ [နှာ-၄၀၇] အလုပ်လုပ်လျှင် လောင်စာသိမ်း၊ မီးငြိမ်းဖို့ လွယ်ကြောင်း သိသာစေသည်။ ဝေဒနာရှုသော ပုဂ္ဂိုလ်မှာ ဝေဒနာချုပ်ဖို့ အရေးကြီးသည်။ ဝေဒနာ နိရောဓ ဖြစ်သွားလျှင် တဏှာ၊ ဥပါဒါန်၊ ကံတွေလည်း နိရောဓော ဖြစ်ပြီး ချုပ်ကြောင်းကို ဟောခြင်း ဖြစ်သည်။ စိတ်ကိုရှုသော ပုဂ္ဂိုလ်မှာလည်း စိတ်ချုပ်အောင် လုပ်ရမည်ဟု ဆိုသည်။ [နှာ-၄၀၉] ဖြစ်ပျက်မြင်သော ပုဂ္ဂိုလ်မှသာ ချုပ်သည်။ ထိုပုဂ္ဂိုလ်သည်သာ မိမိအသေကို မိမိ မြင်သည်။ ကိုယ့်အသေ ကိုယ်မြင်မှသာ ဤခန္ဓာကို မလိုချင်သောစိတ် (ဉာဏ်) ပေါ်လာမည်။ ဤဉာဏ်သည် လောင်စာသိမ်း၍ မီးငြိမ်းအောင် လုပ်သော ဉာဏ် ဖြစ်ကြောင်း ရှင်းပြထားသည်။ [နှာ-၄၁၀] နိဗ္ဗာန်ဆိုတာ ချုပ်ငြိမ်း၊ ရုပ်သိမ်းခြင်းသဘောကို ဆိုလိုသည်။ ဒါကြောင့် နိဗ္ဗာန် မဝေးဘူး၊ အနီးကလေးပဲဟု ပြသည်။ [နှာ-၄၁၁]

ထို့နောက် ကိလေသာက ခန္ဓာကို လောင်ပုံကို မီးခြစ်ဆံ ဥပမာဖြင့် ပြသည်။ မီးခြစ်ဆံက ဖြစ်သောမီး မီးခြစ်ဆံကို ပြန်လောင် သကဲ့သို့ ဖြစ်ကြောင်း ပြသည်။ [နှာ-၄၁၃] ဘဝကို လိုချင်သော ပုဂ္ဂိုလ် ခန္ဓာ တစ်ခုခုကို ရချင်သော ပုဂ္ဂိုလ်မှာ ထင်းနှင့်မီး တွဲလျက်ချည်း ဖြစ်ရပုံကို ပြသည်။ [နှာ-၄၁၄] နိဗ္ဗာန်က လောင်စာသိမ်း၍ မီးငြိမ်းသည့် သဘောကို ခေါ်ကြောင်း ရှင်းထားသည်။ ဘဝ အဆက်ဆက် တစ်သံသရာလုံးမှာ လောင်စာနှင့်မီး တွဲလျက်ချည်းသာ ကျခဲ့ရပါသည်။ နောက်ဘဝက ဘာများ ဖြစ်ခဲ့ပါသလဲ မမေးပါနှင့်။ မီးနှင့်ထင်း လောင်လျက်ချည်း ဖြစ်ခဲ့ရပါသည်ဟု ဖြေရမည်။ ဒါကြောင့် မိမိတို့ အရေးသည် လောင်စာသိမ်း၍ မီးငြိမ်းအောင် လုပ်ရေး ဖြစ်သည်ဟု နားလည်သင့်ပုံကို ဟောသည်။ [နှာ-၄၁၉] ဤအရေးသည် ဖြည်းဖြည်း လုပ်ရမည့် အရေးမဟုတ်။ မြန်မြန် လုပ်ရမည့် အရေး ဖြစ်သည်။ ကိလေသာမီးကို ဘယ်လို သတ်မလဲ ဆိုလျှင် ခန္ဓာကို ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက်ရှု၊ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးလျှင် မီးငြိမ်းပါလိမ့်မည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှု၍ ဖြစ်ပျက် မြင်တာက မဂ္ဂသစ္စာ၊ သေတာက သမုဒယ

http://www.dhammadownload.com



သစ္စာ၊ နောင် ခန္ဓာလောင်စာ မလာတာက နိရောဓ သစ္စာ ဖြစ်ပုံကို ပြရင်း အချိန်စေ့သဖြင့် တရား ရပ်နားလိုက်သည်။

*

၉။ သံသရာမှာ အစမရှိ။ အဆုံးရှိသည်။ နိဗ္ဗာန်မှာ အစသာ ရှိသည်။ အဆုံးမရှိ။ သစ္စာသိရင် သံသရာ ဆုံးသည်။ သစ္စာသိရင် နိဗ္ဗာန် အစ။

[ နေ့ခွဲမပါ။ အမရပူရမြို့ မင်္ဂလာ ရိပ်သာကျောင်းမှာ ဟောသော တရား ]

ခန္ဓာငါးပါး ရုပ်တရားဆိုတာကို သိပြီးပြီ။ နိဗ္ဗာန်ဆိုတာကတော့ ဆင်းရဲမရှိ၊ အမြဲရှိ၏ဟု မှတ်ပါ အစချီလျက် ဤတရားကို ဟောကြားပါသည်။ ခန္ဓာငါးပါးက အမြဲမရှိ။ နိဗ္ဗာန်က အမြဲရှိ၏။ နိဗ္ဗာန်က ဆင်းရဲ မရှိ။ အမြဲ ရှိ၏။ ခန္ဓာ ငါးပါးက အမြဲမရှိ။ ဆင်းရဲ ရှိ၏။ ကွာခြားချက် ပေါ်လွင်အောင် ပြောထားသည်။ [နှာ-၄၂၃] ဒါကြောင့် ခန္ဓာငါးပါး၊ ရုပ်နာမ် တရားက လိုချင်စရာ ဘာမှ မရှိကြောင်း ပြသည်။ ဤကား ဝိပဿနာ သမားများ သိသင့်သော အသိ ဖြစ်၏။ [နှာ-၄၂၅] ဤသို့ မသိလျှင် ဉာဏ်ခြေလှမ်း မသွက်ဘူးဟု ဆိုသည်။ ခန္ဓာငါးပါးသည် အမြဲ မရှိ။ ဆင်းရဲသာ ရှိသည် ဖြစ်သောကြောင့် နတ် ရုပ်နာမ်၊ ဗြဟ္မာ ရုပ်နာမ်၊ ဘယ်ရုပ်နာမ်ပဲ ဖြစ်ဖြစ် မကောင်းပါ။ ရုပ်နာမ်၏ ပင်ကိုသဘောမှာ အမြဲမရှိ။ ဆင်းရဲသာ ရှိသောကြောင့် ဖြစ်ပါသည်။ ဒါကြောင့် ဘုရားလောင်းတွေ၊ သူတော်ကောင်းတွေသည် ဤရုပ်နာမ် ခန္ဓာကို စက်ဆုပ်ကြသည်။ ရွံမုန်းကြသည်။ ရုပ်နာမ်ကို မလိုချင်သောဉာဏ် ရအောင် အားထုတ်ကြသည်။ [နှာ-၄၂၉] ရုပ်နာမ်နှင့် နိဗ္ဗာန် ထူးခြားပုံကို ပေါ်လွင်အောင် ပြသည်။ ဘုရားက 'အပ္ပမတ္တာ သတိမန္တော သုသီလာ ဟောထ ဘိက္ခဝေ' ဆိုပြီး ငါ့အတွက် ရောက်ရာဖြစ်သော နိဗ္ဗာန်ကို ငါပြုလုပ်ပြီးပြီဟု မိန့်တော်မူပုံကို ပြသည်။ [နှာ-၄၃၀] 'ကတံမေ သရဏ မတ္တာနော' ဟူ၍ ပြထားသည်။ ဒါကြောင့် နိဗ္ဗာန်ကိုသာ မရောက် ရောက်အောင် ရှေ့ရှု သွားရမည်။ ဘုံဘဝတွေမှာ လည်ချင်သော၊ မျက်စိလည်သော စိတ်ကို ပျောက်အောင် ဖျောက်ရမည်။ [နှာ-၄၃၂]

ထို့နောက် ဘုံဘဝကို ဘုရားရှေ့ သွားပြီး ဆုတောင်းနေသော ပုထုဇဉ်တို့၏ ရှုးမိုက်နေကြပုံကို သရုပ်ဖော်ပြီး ဟောသည်။ [နှာ-၄၃၃] ဘုံဘဝကို လိုချင်တာ တဏှာ၊ ရာဂုမ္မတ္တက ဖြစ်သည် ဆို၏။ ဤသို့ ပြောဟောပြီးနောက် သံသရာ၏ အဓိပ္ပာယ်ကို ဖွင့်ပြသည်။ ခန္ဓာ၊ အာယ တန၊ ဓာတ်တို့ မပြတ် လည်ရာသည် သံသရာ ဖြစ်၏။ ခန္ဓာ အစဉ်မပြတ်ဘဲ ဖြစ်နေတာသည် သံသရာ ဖြစ်၏။ သံသရာ

http://www.dhammadownload.com



မှာ အစမရှိဘူးဟု ဆိုသည်။ သို့သော် အဆုံးရှိသည်။ [နာ-၄၃၅] အနမ တဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗ ကောဋိန ပညာယတိ'ဟု ဟောတော်မူခဲ့ကြောင်း ပြသည်။ သံသရာ၏ အစ မထင်ကြောင်းကို ဟောခြင်း ဖြစ်၏။ သံသရာမှာ အစ မရှိသော်လည်း နိဗ္ဗာန်ရောက်လျှင် အဆုံးရှိသည်။ [နာ-၄၃၆] သံသရာ အစကိုသာ မမြင်သော်လည်း သစ္စာမြင်အောင် လုပ်လိုက်လျှင် အဆုံးသို့ ရောက်သွားနိုင်ကြောင်း ဟောသည်။ [နာ-၄၃၇] သစ္စာကို သိသောနေ့ ကျလျှင် သံသရာ ဆုံးတော့သည်။ သံသရာ အဆုံးသတ်ရေးတွင် ဆရာကောင်း တွေ့ဖို့ အရေးကြီးကြောင်း ကိုလည်း ဟောသည်။ သံသရာ အဆုံးရှိခြင်း ဆိုသော စကားသည် လူတိုင်းနှင့် ဆိုင်သလား ဆိုလျှင် မဆိုင်ပါ။ ဆရာကောင်း၊ သမားကောင်းနှင့် တွေ့ပြီး အားထုတ်သူများနှင့်သာ ဆိုင်ပုံကိုလည်း ခွဲခြား၍ ဟောထားပါသည်။ [နာ-၄၃၉] ခန္ဓာကြီးက အချိန်နာရီ တိုင်းမှာ သေဘေးဆီသို့သာ ပြေးနေသည်။

ဒါကြောင့် ခန္ဓာကို အမျိုးမျိုးသော ပုဇော် ပသမှုတွေနှင့် တားနေရသည်။ သံသရာဆိုတာ ခန္ဓာကို တားနေရသော ကိစ္စ ရှိကြောင်းကို ပြသည်။ သံသရာထဲမှာ နေရတာ သူများအိမ်မှာ လခနှင့် အစေခံ နေရတာနှင့် တူသည်ဟု ဆိုသည်။ [နာ-၄၄၃] ဘယ်တော့မှ မိမိစိတ်တိုင်းကျ နေခွင့် မရပုံကို ပြသည်။ ဘယ်လောက်ပဲ တားတား၊ ဘာနှင့်ပဲ တားတား ခန္ဓာက သူသွားနေကျ သေလမ်း၊ ခေါင်းထဲကိုပဲ သွားသည်။ သံသရာ ခရီးသည်၏ မျက်နှာ အောက်ကျနေရသည့် ဘဝကို ပေါ်အောင် ပြသည်။ ဒါကြောင့် သစ္စာသိအောင် မြန်မြန် လုပ်ရမည်။ သို့မှသာ မျက်နှာ အောက်ကျသည့် ဘဝက လွတ်မြောက်နိုင်ပုံကို ပြသည်။ သံသရာ အစ မရှိသော်လည်း အဆုံးရှိသည်။ အဆုံးကို ရောက်အောင် မြန်မြန်လုပ်ဖို့ ကောင်းသည်ဟု ဆိုသည်။ [နာ-၄၄၇] မြန်မြန် သစ္စာသိအောင် လုပ်မှ ဆုံးမည်။ သံသရာမှာ အစ မရှိသော်လည်း အဆုံးရှိကြောင်း ဟောပြီးနောက် နိဗ္ဗာန် အကြောင်းကို ပြောသည်။ [နာ-၄၄၈] ဆင်းရဲအစ ရှာမရသော်လည်း သစ္စာသိလျှင် ဒုက္ခအဆုံး ရှိပါသည်။ သံသရာမှာ အစ မရှိသော်လည်း နိဗ္ဗာန်မှာ အစ ရှိသည်။ နိဗ္ဗာန်မှာ အဆုံးသာ မရှိဟု ဆိုသည်။ နိဗ္ဗာန်သည် အလွန် ကျယ်ဝန်းသော အဓိပ္ပာယ် ပါသည်ဟု ဆိုသည်။ နိဗ္ဗာန်မှာ အဆုံးမရှိကြောင်း ထပ်တလဲလဲ ဟောသည်။

နိဗ္ဗာန်ကို ရောက်သွားသူ ဘယ်လောက်ပဲ များများ ပြည့်သွားသည်၊ အံသွားသည်၊ လျှံသွား သည် မရှိကြောင်း ဟောသည်။ [နာ-၄၄၉] နိဗ္ဗာန်မှာ ချမ်းသာလည်း အဆုံးမရှိဟု ဆိုသည်။ သစ္စာတည်းဟူသော အစကို တွေ့ကြလျှင် နိဗ္ဗာန်ကို ရောက်ရတော့သည် ဆို၏။ [နာ-၄၅၀] သစ္စာသိလျှင် နိဗ္ဗာန်တွေ့ပြီ ဖြစ်၏။

http://www.dhammadownload.com



နိဗ္ဗာန်၏ အစသည် ဒုက္ခသစ္စာကို သိခြင်းပင် ဖြစ်သည်။ [နှာ-၄၅၂] သံသရာ အစ မရှိသော်လည်း နိဗ္ဗာန်က အစရှိသည်။ သံသရာက အဆုံး ရှိသော်လည်း နိဗ္ဗာန်မှာမူ အဆုံး မရှိကြောင်း ဟောသည်။ သစ္စာကို သိလျှင် နိဗ္ဗာန်၏ အစကို တွေ့ပြီ။ အတိတ်ဘဝ များစွာက နိဗ္ဗာန်ကို မတွေ့ခဲ့ခြင်းမှာ သစ္စာကို မသိခဲ့ခြင်းကြောင့် ဖြစ်သည် ဆို၏။ [နှာ-၄၅၃] နိဗ္ဗာန်၏ အစသည် သစ္စာသိခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ သံသရာ တစ်လျှောက်လုံး ဆင်းရဲမရှိ၊ အမြဲရှိသော နိဗ္ဗာန်မှာ တစ်ခါမှ မနေခဲ့ရသေး။ သို့သော် အမြဲမရှိ၊ ဆင်းရဲရှိသော ဘုံဘဝတွေမှာသာ နေခဲ့ကြရသည်ကို ထင်ရှားအောင် ပြသည်။ [နှာ-၄၅၅] ယခု နိဗ္ဗာန်မှာ အစရှိသည်ဟု သိရပြီ။ ထို အစကို ရှာကြရမည်။ ရှာမည်ဆိုလျှင် သစ္စာသိခြင်းသည် နိဗ္ဗာန်အစ ဖြစ်ကြောင်း ထပ်ဟောသည်။

ခန္ဓာဝဂ္ဂ သံယုတ် ပါဠိတော်မှာ အရှင်အာနန္ဒာက မြတ်စွာဘုရားအား 'နိရောဓော နိရောဓောတိ အန္တေ ဝုစ္စတိ' နိရောဓ၊ နိရောဓ နိဗ္ဗာန်ဟု ဆိုနေကြပါသည် ဘုရား။ ထိုချုပ်ငြိမ်းခြင်း နိဗ္ဗာန်ကို သိလိုပါသည်ဟု လျှောက်ထားလေသည်။ [နှာ-၄၅၆] ဤလျှောက်ထားချက်သည် နိဗ္ဗာန်၏ အစကို မေးခြင်း ဖြစ်သည်ဟု ဆရာတော်က ဆိုသည်။ ဘုရားက အရှင်အာနန္ဒာအား သစ္စာအစကို ပြသည်။ပြရာ၌ ခန္ဓာ ငါးပါးက စပြသည်။ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ' အရ ခန္ဓာငါးပါး သည် ဒုက္ခသစ္စာ ဖြစ်ကြောင်း ပြသည်။ ဒုက္ခသစ္စာကို ပြခြင်း ဖြစ်၏။ နိဗ္ဗာန်ကို သိချင်ပါသည် ဆိုသောအခါ ဘုရားက ခန္ဓာငါးပါး ဒုက္ခသစ္စာကို တိုးပြသည်။ ခန္ဓာငါးပါးကို သိလို့ရှိရင် နိဗ္ဗာန်အစကို တွေ့ပြီ ဆို၏။ [နှာ-၄၅၇] ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ ဖြစ်၏။ ခန္ဓာငါးပါး ဒုက္ခသစ္စာကို တရား အလုပ် လုပ်သော ပုဂ္ဂိုလ် တွေ့ပြီဆိုပါက နိဗ္ဗာန်အစကို တွေ့ပြီ ဖြစ်၏။ အစတွေ့လျှင် အဆုံး ထိအောင် လိုက်ရမည်။ ဒုက္ခသစ္စာ အဆုံးရောက်လျှင် နိရောဓသစ္စာ နိဗ္ဗာန်ကို တွေ့ရတော့၏။ [နှာ-၄၅၈] နိဗ္ဗာန်မှာ အစရှိသည်။ အဆုံး မရှိဘူးဟု ထပ်ဟော ပြန်သည်။ နွယ်အဖျားကို တွေ့လျှင် အရင်း အမြစ်ကျအောင် လိုက်၍ ရပြီ။

ထို့နောက် ဝေဒနာ နုပဿနာ ရှုပုံကို ပြသည်။ ဝေဒနာ ဖြစ်ပျက်သည် ဒုက္ခသစ္စာ ဖြစ်၏။ အမြဲမရှိ။ ဆင်းရဲတာသည် ရုပ်နာမ်၏ သဘော ဖြစ်၏။ ခန္ဓာ၏ သဘော ဖြစ်၏။ [နှာ-၄၆၀] အမြဲမရှိ၊ ဆင်းရဲသာ ရှိသော ရုပ်နာမ်ကို ရှုလိုက်လျှင် ဒုက္ခသစ္စာသည် ပေါ်လာ၏။ ထိုဒုက္ခသစ္စာကို တွေ့လျှင် နိဗ္ဗာန်အစ ပေါ်ပြီ။ ဒါကြောင့် ဖြစ်ပျက်မြင်ဖို့ အလွန် အရေးကြီးကြောင်း ဟောသည်။ [နှာ-၄၆၂] ဒုက္ခသစ္စာကို တွေ့ဖန် များလာတော့ ဒုက္ခသစ္စာကို မုန်းလာသည်။ ဆက်ရှုပါ။

http://www.dhammadownload.com



ရှုရင်း (မလိုချင်သော စိတ်ဖြင့် ရှုရင်း)က ခန္ဓာအဆုံး၊ ဖြစ်ပျက်အဆုံးကို ရောက်သွားလိမ့်မည်။ ဆုံးသွားလျှင် အမြဲမရှိ ဆင်းရဲသာ ရှိသော တရား ပျောက်သွားပြီး၊ ဆင်းရဲမရှိ အမြဲရှိသော တရား (နိဗ္ဗာန်) ပေါ်လာကြောင်းကို ဟောသည်။ [နှာ–၄၆၃] အမြဲမရှိ၊ ဆင်းရဲ ရှိသော တရားသည် မဂ်ဉာဏ်ပေါ်လျှင် ချုပ်ပျောက်သွားသည်။ အဲဒါ နိဗ္ဗာန်ပဲဟု အရှင်အာနန္ဒာကို သေသေချာချာ ဟောသည် ဆို၏။ [နှာ–၄၆၄] ဤလမ်းသည် ဘုရားပြသောလမ်း ဖြစ်၏။ ဤလမ်းအတိုင်းသာလိုက်၊ နိဗ္ဗာန်ကို ဆိုက်ရမည်ဟု ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

၁၀။ ပါကဋ ဒုက္ခနှင့် အပါကဋ ဒုက္ခ၊ အာနာပါနနှင့် သမာဓိ အရင်တည်ပါ၊ နိဗ္ဗာန်ဆိုတာ အမြဲ ရှိပြီး ဆင်းရဲမရှိ၊ ရုပ်နာမ်ကတော့ အမြဲမရှိ၊ ဆင်းရဲ ရှိ၏။

[ နေ့စွဲမပါ။ အမရပူရမြို့ မင်္ဂလာရိပ်သာဓမ္မာရုံမှာ ဟောသော တရား ]

တရားနာကြတာသည် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ ထွက်ရပ်လမ်း ရချင်လို့ နာတာ အစချီပြီး ဤတရားကို ဟောသည်။ လက်ရှိ ဒုက္ခကို သိမှသာ နောက်ဒုက္ခ ငြိမ်းရေး ဖြစ်နိုင်ကြောင်း ဟောသည်။ ရထားသော လက်ရှိ ဒုက္ခကို ကြောက်မှသာ နောင်လာလတ္တံ့ ဒုက္ခကို ကြောက်မည် ဖြစ်၏။ လက်ရှိ ခန္ဓာဒုက္ခမှာလည်း ကျန်းမာနေသော ဒုက္ခကို သိဖို့ အရေးကြီးသည်။ ပုထုဇဉ် အမြင်မှာ ကျန်းမာနေလျှင် ဒုက္ခ မရှိဘူးဟု ထင်တတ်ကြသည်။ [နှာ–၄၆၉] စီးပွားရေး အဆင်ပြေနေလျှင် ဒုက္ခ မရှိဘူးဟု ယူဆတတ်ကြသည်။ အချိန်ကတော့ ဉာဏ်ထက်ချိန် ဖြစ်၏။ သို့သော် ကိုယ်က ဉာဏ်ကို မရှာလျှင် ဉာဏ်တုံး သွားတတ်သည်။ အိုလာ၊ နာလာမှသာ သံဝေဂ ဉာဏ်ကလေး ဖြစ်လာတတ်သည်။ ထိုဉာဏ်သည်ကား ဝိပဿနာဉာဏ် မဟုတ်ပါ။

ဒါကြောင့် ကျန်းမာနေတုန်း ရှိနေသည့် ဒုက္ခကို သိရမည်။ ထိုသို့ သိမှသာ နောက်ဒုက္ခကို မလိုချင်သောစိတ် ဖြစ်ပေါ်မည် ဖြစ်၏။ [နှာ–၄၇၀] သံဝေဂဉာဏ်ဖြင့် သိသော ဒုက္ခက မဂ်ဆိုက်၊ ဖိုလ်ဆိုက် ဒုက္ခ မဟုတ်သေး၊ ကျန်းကျန်းမာမာ သွားရင်း လာရင်းက ခန္ဓာကို ဉာဏ်လှည့်ပြီး မြင်မှသာ မဂ်ဆိုက်၊ ဖိုလ်ဆိုက်နိုင်သော ဉာဏ်သိ ဒုက္ခ ဖြစ်ကြောင်း ရှင်းပြထားသည်။ [နှာ–၄၇၁] မကျန်းမာတုန်း မရှုနိုင်၊ မရှုက်နိုင် ဖြစ်မှ မြင်သိသော ဒုက္ခက ပါကဋ ဒုက္ခဟု ဆိုသည်။ သံဝေဂ ဉာဏ်အမြင် ဒုက္ခပဲ ရှိသေးသည်။ ကျန်းကျန်းမာမာ ရှိတုန်းမှာ ခန္ဓာ၏ ဒုက္ခကို မြင်မှသာ

http://www.dhammadownload.com



ဒုက္ခသစ္စာ အမှန် ဖြစ်၏။ အပါကဋ ဒုက္ခ ဖြစ်၏။ [နှာ-၄၇၂] ပါကဋ ဒုက္ခကို တိရစ္ဆာန်တောင် သိနိုင်သည် ဆို၏။ ကျန်းမာတုန်းမှာ ဒုက္ခကို မြင်မှသာ မဂ်ဆိုက်၊ ဖိုလ်ဝင် ဒုက္ခ ဖြစ်နိုင်သည်ဟု ဆိုသည်။ [နှာ-၄၇၃] အပါကဋ ဒုက္ခကို မြင်ဖို့ အရေးကြီးကြောင်း ဟောထားသည်။ ဘုရားက အိုမှ၊ နာမှ သိသော ပါကဋဒုက္ခကို အရေးကြီးကြောင်း အင်္ဂုတ္တိုရ်မှာ အိုမှ တရား အားမထုတ်နှင့်တော့ဟု မိန့်ဖူးကြောင်း ဟောထားသည်။ [နှာ-၄၇၅] အိုမှ အားထုတ်လျှင် သံဝေဂ ဉာဏ်လောက်ပဲ ရတော့မည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရဖို့ ခက်သွားပြီဟု ဆိုလိုသည်။ အပါကဋ ဒုက္ခကို ရိုးရိုး မျက်လုံးဖြင့် မြင်နိုင်ခဲသည်။ ဉာဏ်မျက်လုံးဖြင့်သာ မြင်နိုင်သည်။ ရှေးက ဘုရားလက်ထက်မှာ အရိယာကြီးများသည် ကျန်းမာတုန်း၊ ချမ်းသာတုန်း အခါမှာပင် အပါကဋ ဒုက္ခသဘောကို သိမြင်ခဲ့ကြသဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် များကို ရခဲ့ကြသည်။

ထို့နောက် ဆရာတော်က တရားအားထုတ်ကြသော ယောဂီများမှာ သမာဓိ ရှိဖို့ လိုကြောင်းကို ဟောပြန်သည်။ [နှာ-၄၇၇] ဒုက္ခကို ဟုတ်တိုင်းမှန်စွာ မြင်ဖို့ အရေးမှာ သမာဓိ ရှိဖို့ လိုသည်။ သမာဓိ မရှိဘဲနှင့် ဝိပဿနာ လုပ်နေရင် ဖြစ်ပျက် မြင်ဖို့ ဒုက္ခသစ္စာ သိဖို့ ခက်ခဲကြောင်းကို ဟောသည်။ ဘုရား လက်ထက်က ရဟန်းတော်များ သမာဓိ မရှိဘဲ ဝိပဿနာ အလုပ်ကို အားထုတ် နေကြပုံကို ဘုရားက သိမြင်တော်မူပြီး ရဟန်းများကို အခေါ်ခိုင်းလိုက်သည်။ ရဟန်းများ ရောက်လာကြသော အခါ မင်းတို့ ဘာလုပ်နေကြသလဲဟု မေးတော်မူသည်။ တပည့်တော်တို့ ခန္ဓာထဲမှာ ဒုက္ခသစ္စာကို ရှာနေပါသည်ဟု ဖြေကြားကြရာ ဘုရားက 'သမာဓိံ ဘိက္ခဝေ ဘာဝေထ'ဟု ဟောတော်မူလေသည်။ ချစ်သားတို့ သမာဓိကို ဦးစွာ တည်ထောင်ကြပါဟု တိုက်တွန်းခြင်း ဖြစ်၏။ [နှာ-၄၇၈] အာရုံတစ်ခု အပေါ်မှာ စိတ်ကို တည်ငြိမ်နေအောင် ထားတာသည် သမာဓိ ဖြစ်၏။ စိတ်တည်ငြိမ် နေတာပဲ ဖြစ်၏။ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်ခြင်းတော့ မဟုတ်ပါ။ သမာဓိ သက်သက်ဖြင့် သစ္စာ မဆိုက်နိုင်ကြောင်း ဟောသည်။

သို့သော် သမာဓိ မရှိဘဲ သစ္စာကို ရှုသော်လည်း မမြင်နိုင်ကြောင်း၊ သမာဓိ ဦးစွာ တည်ထောင်ဖို့ လိုကြောင်း ဟောသည်။ မိုးကုတ် ဆရာတော်ကြီးက 'ဒီကို ရောက်လာတဲ့ အလုပ်တောင်းတဲ့ ဒကာ၊ ဒကာမတွေ တစ်ရက် ဆိုလို့ရှိလျှင် ဘုန်းကြီးက အလုပ်ကို မပေးသေးဘူး၊ သမာဓိ ဖမ်းပါဦးလို့ ပြောလိုက်တယ်'ဟု မိန့်ထားသည်။ [နှာ-၄၈၀]

**(ဤကား မိုးကုတ် ဝိပဿနာ ရှုနည်း အမှန်ဖြစ်၏။ သမာဓိကို ပထမ ထူထောင်ပြီးမှ ဝိပဿနာကို တက်သောနည်း ဖြစ်၏။)**

http://www.dhammadownload.com



အိမ်မှာ အားထုတ်နေသော ဒကာ၊ ဒကာမတွေ ရှေးဦးစွာ အာနာပါန ဖြစ်တဲ့ ထွက်လေ၊ ဝင်လေ ကလေး ပြည့်ပြီး နှာသီးဖျားမှာ စိတ်ထား၊ ထွက်တာသိ၊ ဝင်တာ သိကလေးကို ဆယ်မိနစ်၊ ဆယ့်ငါးမိနစ် ရှေးဦး လုပ်ပါဟု ဆိုထားသည်။ [နှာ-၄၈၀] 'သမာဟိတော ယထာဘူတံ ပဇာနာတိ' ဟုလည်း ဘုရားက ဟော ကြောင်း ပြသည်။ တည်ကြည်သောစိတ် ရှိသော ပုဂ္ဂိုလ်သည်သာ အပါကဋ ဒုက္ခသစ္စာကို သိ၏ဟု ဆိုခြင်း ဖြစ်၏။ [နှာ-၄၈၁] ဒါကြောင့် သမာဓိ တည်ပြီးမှ ရုပ်နာမ် ဖြစ်ပျက်ကို ကြည့်ရန် ဆရာတော်က နှိုးဆော်ထားသည်။ ကျန်းမာပြီး သမာဓိ တည်တုန်း ကြည့်လိုက်မှသာ သူများ မမြင်နိုင်တာကို ထိုးထွင်းပြီး မြင် သည်။ ဒါကြောင့် အပါကဋ ဒုက္ခဟု ဆိုရသည်။ [နှာ-၄၈၅] ဤသို့ သမာဓိ တည်ပြီး ကြည့်မှ မဂ်ဉာဏ် လာသည်။ ဤတွင် ပါကဋ ဒုက္ခနှင့် အပါကဋ ဒုက္ခ ကို ခွဲပြီး သံဝေဂဉာဏ်ရသော ဒုက္ခက တစ်မျိုး၊ မဂ်ဉာဏ်ရသော ဒုက္ခက တစ်မျိုး ဖြစ်ကြောင်း ပြသည်။ ကျန်းမာတုန်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရအောင် လုပ်ကြဖို့ တိုက်တွန်းသည်။

ထို့နောက် အလုပ်သင် တရား ဟောသည်။ သမာဓိ တည်ပြီးလျှင် ခန္ဓာ ငါးပါးကို ဝိပဿနာ ရှုရမည်။ သို့သော် ခန္ဓာငါးပါး စလုံးကို ခြုံပြီး၊ ပြုပြီးမရှုရ။ ဘာကြောင့်လဲ ဆိုလျှင် သတိပဋ္ဌာန် ရှုနည်း ၄ ပါးကို ဟောထားသည်။ ကာယာ နုပဿနာက ရုပ်ကို ရှုရမည်။ စိတ္တာ နုပဿနာက စိတ် (ဝိညာဉ်)ကို ရှုရမည်။ ဝေဒနာ နုပဿနာက ဝေဒနာကို ရှုရမည်။ ဓမ္မာ နုပဿနာက သညာ၊ သင်္ခါရကို ရှုရမည်။ ခန္ဓာငါးပါးကို သတိပဋ္ဌာန် လေးပါးဖြင့် ဝေပုံချရမည်။ ဓမ္မာ နုပဿနာက ဖြစ်ပျက် ဒုက္ခသစ္စာကို ရှုခြင်း ဖြစ်သည်။ ပထမ ရသော မဂ်သည် သောတာပတ္တိမဂ် ဖြစ်သည်။ သောတာပတ္တိမဂ်က ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဖြုတ်သည်။ ဒါကြောင့် ဒိဋ္ဌိ ဖြုတ်တဲ့ အလုပ်ကို နံပါတ်တစ် ထားရမည်။ [နှာ-၄၉၁] သမ္မော အဋ္ဌကထာမှာ ပြတာက ဒိဋ္ဌိသည် စိတ်မှာ အစွဲများသည်ဟု ဆိုသည်။

ဒါကြောင့် ဆရာတော်က စိတ္တာနုပဿနာကို အားသန်သည်။ စိတ္တာ နုပဿနာကို ရှုဖို့ တိုက်တွန်းသည်။ [နှာ-၄၉၂] တဏှာများသော ပုဂ္ဂိုလ်ကိုဝေဒနာ နုပဿနာကို ပေးရမည်ဟု ဆိုသည်။ ဘာပဲ ရှုရှု ကျူးစည်း ထောင်ထားသလိုပဲ။ တစ်ခုလဲလျှင် အကုန်လဲသည်ဟု ဆိုသည်။ [နှာ-၄၉၄] ဤတရားတွင် ဝေဒနာ နည်းဖြင့် ဝေဖန်သဖြင့် အတွင်း ချေ့သည် စိတ်သုံးခုပဲ ပြသည်။ သောမနဿစိတ်၊ ဒေါမနဿစိတ်၊ ဥပေက္ခာစိတ်များ ဖြစ်၏။ ရှုရမှာက ဘာစိတ် ပေါ်ပေါ် ပေါ်သော စိတ်တစ်ခုကိုပဲ ရှုရမည်။ စိတ်သည် နှစ်ခုတည်း ပြိုင်ပြီး ပေါ်ရိုးထုံးစံ မရှိပါ။

http://www.dhammadownload.com



ကျန်းမာတုန်းမှာ မြင်သော အပါကဋ ဒုက္ခကသာ မင်္ဂကို ကျေးဇူးပြုကြောင်း ထပ်ကာတလဲလဲ ဟောပါသည်။ /နှာ-၅၀၁/ထိုသို့ ရှု၍ ရုပ်နာမ် ခန္ဓာသည် ပုဂ္ဂိုလ်မရှိ၊ သတ္တဝါ မဟုတ်၊ သဘောမျှသာပဲဟု သိလျှင် သုညတကို မြင်သည်။ ငါ၊ ငါ့ဥစ္စာခွဲ ပြုတ်သည်။ ဒိဋ္ဌိပြုတ်လျှင် ပထမ မင်္ဂကို ရသည်။ [နှာ-၅၀၄] ဤသို့ သောတာပန် တည်ချင်လျှင် ကလျာဏ မိတ္တကို ပေါင်းရမည်။ တရား နာရမည်။ သစ္စာတရားကို နာရမည်။ မြင်စိတ်ပဲ ရှုရှု၊ ကြားစိတ်ပဲ ရှုရှု သဘောကလေးတွေ ဖြစ်ပြီး သဘော ကလေးတွေ ပျက်နေတာပဲဟု မြင်ရမည်။

ထိုအခါ ပုဂ္ဂိုလ်၊ သတ္တဝါ အသက်ဇီဝ ပျောက်သော နိဿတ္တ၊ နိဇ္ဇီဝ အမြင်ကို ရသည်။ [နှာ-၅၀၆] ဒိဋ္ဌိ ပြုတ်ခြင်းသည် ပထမ မင်္ဂ၏ ရှေ့ပြေးနိမိတ် ဖြစ်သည်။ သဘောကလေး ဖြစ်ပြီး သဘောကလေး ပျက်တာ မြင်ပြီးလျှင် ဉာဏ်စဉ်အတိုင်း လိုက်သွားရမည်။ ထိုအခါ ဖြစ်ပျက် မုန်းသောဉာဏ် ပေါ်လာမည်။ ဒုက္ခသစ္စာကို မြင်ပြီး ဒုက္ခ မုန်းသောဉာဏ် ပေါ်လာမည်။ [နှာ-၅၁၀] ထိုအခါ ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ အစစ်ပါကလားဟု ဆုံးဖြတ်ချက် ချလိုက်ပါ။ ဖြစ်ပျက်တွေ ချုပ်ဆုံးသွား တာကို မြင်ရမည်။ ထိုသို့ မြင်ပါက လောကုတ္တရာမင်္ဂ စစ် ပေါ်ပြီ။ ထိုအခါကျမှ ဝမ်းထဲမှာ အောင်းနေသော ဒိဋ္ဌိသည် အနုသယနှင့်တကွ ပြုတ်သွားတော့သည်။ ဒိဋ္ဌိ ပြုတ်လျှင် ဝိစိကိစ္ဆာလည်း ပြုတ်၏။ ဒုက္ခ အစစ်ပဲဟု မြင်ခြင်းသည် အပါကဋ ဒုက္ခကို မြင်ခြင်း ဖြစ်၏။ အနုသယ သဘောသည် အကြောင်း တိုက်ဆိုင်မှ ပေါ် တတ်ပုံကို ပြသည်။ [နှာ-၅၀၂] အပါယ်လေးပါး တံခါး ပိတ်တာ ပထမမင်္ဂ၊ ပထမနိဗ္ဗာန် ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၁၁။ သာသနာတွင်း ပုထုဇဉ်နှင့် သာသနာပ ပုထုဇဉ်၊ ပရိနိဗ္ဗာန်စံခါနီး သတိပဋ္ဌာန် ဟောရန်

[ နေ့စွဲမပါ။ အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းမှာ ဟောသော တရား ]

နေ့တိုင်း တရားဟောနေတာ ဉာဏ်ထက်အောင်၊ မင်္ဂဉာဏ်နား ကပ်အောင် ဟောနေတာ ဖြစ်ကြောင်း အစချီ၍ ဤတရားကို ဟောသည်။ ယနေ့ သာသနာပ ပုထုဇဉ် ဖြစ်ခြင်းနှင့် သာသနာတွင်း ပုထုဇဉ် ဖြစ်ခြင်းကို ခွဲခြားပြရန် ဖြစ်ကြောင်း ဟောသည်။ မူလ ပဏ္ဏာသ ပါဠိတော်၊ သမ္မာဒိဋ္ဌိ သုတ်မှာ သာသနာတွင်းသား ဖြစ် မဖြစ်ကို ချိန်ကြည့်ဖို့ ချိန်ခွင် ပေးထားသည် ဆို၏။ သာသနာတွင်းသား ပုထုဇဉ် မဖြစ်သေးလျှင် မိမိတို့သည် ဒိဋ္ဌိ မပြုတ်သေးဟု သိရမည်။ ဒါကြောင့်

http://www.dhammadownload.com



သာသနာတွင်းသား ပုထုဇဉ် ဖြစ်အောင် လုပ်မှ ဖြစ်မည်။ ဒါမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရမည်။ ပုထုဇဉ် နှစ်မျိုး ကွဲပြားပုံကို ဟောသည်။ [နှာ-၅၁၅] ကောင်းတာလုပ် ကောင်းကျိုး ရမည်။ မကောင်းတာလုပ် မကောင်းကျိုး ရမည်။ ငါလုပ် ငါရမည်ဟု သိပြီး လုပ်နေကြတာက သာသနာပ ပုထုဇဉ် အမျိုး ဖြစ်သည်။ [နှာ-၅၁၆] သာသနာပ ပုထုဇဉ်မှာ ကမ္မဿကတဉာဏ်ပဲရှိသည်။ သာသနာတွင်း ပုထုဇဉ်မှာ ကမ္မဿကတ ဉာဏ် အပြင် သစ္စာ နုလောမိက ဉာဏ်လည်း ရှိကြောင်း ဟောသည်။ [နှာ-၅၁၈] သစ္စာ နုလောမိက ဉာဏ်မှာ ဝိပဿနာဉာဏ် ဖြစ်သည်။ ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်သော ဉာဏ်ကို ဆိုလိုသည်။ သာသနာတွင်း ပုထုဇဉ်က လှူလည်း လှူသည်။ ဝိပဿနာ အလုပ်ကိုလည်း လုပ်သည်။ သာသနာတွင်းသား ပုထုဇဉ်မှာ ဉာဏ်နှစ်ဉာဏ် ရှိသည် ဆို၏။ သာသနာပ ပုထုဇဉ်မှာက ဉာဏ်တစ် ဉာဏ်ပဲ ရှိသည်။ မူလ ပဏ္ဏာသ ပါဠိတော် သမ္မာဒိဋ္ဌိသုတ် အဋ္ဌကထာမှာ ဤသို့ ဆိုထားကြောင်း ဖော်ပြသည်။ [နှာ-၅၁၉] သာသနာပ သားများမှာ ငါလှူ ငါရမှာပဲဆိုသော ဒိဋ္ဌိစွဲ ရှိသည်။ ထိုသူမှာ ဒိဋ္ဌိ မပြုတ်သေးပါ။ [နှာ-၅၂၁] ကမ္မဿကတ ဉာဏ်က ဒိဋ္ဌိကို မခွာနိုင်ကြောင်း ရှင်းထားသည်။ သစ္စာနုလောမိက ဉာဏ်ကသာလျှင် ဒိဋ္ဌိကို ဖြုတ်ချ ပေးနိုင်သည်။ [နှာ-၅၂၃] ခန္ဓာ ဖြစ်ပျက်၊ ဒုက္ခသစ္စာကို သိခြင်းသည်သာ သစ္စာ နုလောမိကဉာဏ် ဖြစ်သည်။

ထို့နောက် မျက်စိမြင်နှင့် ဉာဏ်မြင် ကွာခြားပုံကို ပြသည်။ [နှာ-၅၂၆] ဉာဏ်မြင်ကသာ နိဗ္ဗာန်ကို ပို့သည်။ သစ္စာ နုလောမိက ဉာဏ်အမြင်ကို ရမှသာ ဤဘဝမှာ မဂ်ဆိုက်နိုင်ပါသည်။ သစ္စာနုလောမိကဉာဏ် မရဘဲ သုဂတိဘဝ ရောက်သော်လည်း ကံသတ္တိ ကုန်လျှင် အပါယ်ကို ပြန်ကျနိုင်ပုံကို ဟောသည်။ [နှာ-၅၃၀] သာသနာတွင်းသားသည် ကမ္မဿကတ ဉာဏ်လောက်ဖြင့် မတင်းတိမ် သင့်ကြောင်း၊ ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခကို မြင်သော သစ္စာနုလောမိကဉာဏ် ရအောင် လုပ်ရဦးမည် ဖြစ်ကြောင်း တိုက်တွန်း ဟောကြားသည်။ ကမ္မဿကတ ဉာဏ်မှာ ဒိဋ္ဌိ မပြုတ်သေးသောကြောင့် ကံ ရှိတုန်း သုဂတိ ဘဝကို ရသော်လည်း ကံသတ္တိ ကုန်လျှင် အပါယ်ကို ပြန်ကျနိုင်ပုံကို ပြသည်။

ဒါကြောင့် သစ္စာကို သိသော သာသနာတွင်းသား ဖြစ်အောင် မြန်မြန်လုပ်ပါ ဟု နှိုးဆော်သည်။ [နှာ-၅၃၄] ဖြစ်ပျက် မြင်အောင်၊ ဖြစ်ပျက် မုန်းအောင် လုပ်ထား ပြီးလျှင် ပူဖို့ မလိုတော့ကြောင်း၊ ဤကား မိမိ သာသနာပသားလား၊ သာသနာတွင်း သားလား ချိန်ကြည့်ဖို့ ချိန်ခွင် ပေးခြင်း ဖြစ်ကြောင်း ဟောသည်။ [နှာ-၅၃၅] ပုထုဇဉ်တိုင်း သံသရာ နစဉ်က မိုက်ခဲ့ကြတာချည်း ဖြစ်၏။ ကလျာဏ မိတ္တနှင့်

http://www.dhammadownload.com



ပေါင်းမိမှသာ လိမ္မာတတ်ကြသည်။ အရှင်အဿဇိနှင့် တွေ့ပြီး အရှင်သာရိပုတ္တရာ အလောင်းတော်တို့ သောတာပန် တည်ပုံကို နမူနာ ပြသည်။ ဆရာတော်ကြီးက လည်း သူသည် နေ့စဉ် ဒကာ၊ ဒကာမများ ဉာဏ်တက်အောင် ဟောပြောနေကြောင်း ကို နားလည် သဘောပေါက်အောင် ပြောသည်။ [ နှာ–၅၃၉ ] သာသနာ မကွယ်မီမွေးဖွားလာ၍ လူက သာသနာတွင်းမှာ အသက် ရှင်နေသော်လည်းဉာဏ်က သာသနာပ ဉာဏ် ဖြစ်နေသူတွေကို သတိပေးသည်။ သာသနာပ ဉာဏ်ဖြင့် နိဗ္ဗာန်ကို မရနိုင်ကြောင်း ဟောသည်။

ထို့နောက် မြတ်စွာဘုရား ဝေသာလီပြည်မှာ သီတင်းသုံးတော်မူစဉ် ဝမ်းလျှောသော ဝေဒနာကို ခံစားလာရစဉ် ဝေဒနာကို ဝိပဿနာ ရှုပုံကို ဟောသည်။ ဘုရား ပရိနိဗ္ဗာန် မပြုသေးဘဲ မမေ့မလျော့သော သတိဖြင့် နေရစ်ကြပါဟု နောက်ဆုံး ဩဝါဒ ပေးပို့နေပုံကို ဟောသည်။ ထို့နောက် ရဟန်းများကို ဘုရားက သတိပဋ္ဌာန် လေးပါးကို ဟောပုံကို ပြသည်။ ဒကာ၊ ဒကာမများ တရား အားထုတ်စေချင်၍ မိုးကုတ် ဆရာတော်ကြီးက ဤအကြောင်းကို ဟောနေခြင်း ဖြစ်၏။ [ နှာ–၅၅၀ ] ဘုရားက ပရိနိဗ္ဗာန် မစံမီ ဘယ်သူ့ကိုမှ အားမကိုးပါနှင့် မဂ္ဂင်ရှစ်ပါး တရားကိုသာ အားကိုးပြီး မိမိကိုယ်တိုင် အားထုတ်ကြပါဟု ဟောထားကြောင်း ပြသည်။ [ နှာ– ၅၅၂ ] ဘုရားက သတိပဋ္ဌာန် အားကိုးပြီး ဉာဏ်စိမ်ရာ လိုက်ကြပါဟု မိန့်ကြောင်း ဟောသည်။ 'ဓမ္မ ဒီပါ ဘိက္ခဝေ ဓမ္မသရဏာ' ဉာဏ်ဓမ္မကိုသာ ကျွန်းကြီးသဖွယ် အားကိုးကြဖို့ တိုက်တွန်းတော်မူထားပုံကို ပြသည်။ သတိပဋ္ဌာန် လေးပါးမှာ တစ်ပါးပါးကို လုပ်သင့်သည်။ ဓမ္မကိုသာ အားကိုးရစ်ကြပါဟု မိန့်တော်မူခဲ့ပါသည်။ ဓမ္မကသာ နိဗ္ဗာန်ကို ပို့နိုင်ပါသည်။ ကိုယ့်စိတ်ကို ရှုပါ။ စိတ်၏ ဖြစ်ပျက် အနိစ္စကို မြင်အောင် ရှုရမည်။ ကိုယ့်အသေ ကိုယ် မြင်အောင် ရှုရမည်။ ဤသို့ မြင်လျှင် မဂ် ဖြစ်ပြီ။ ဓမ္မကိုသာ အားကိုးအပ်ကြောင်း ဟောရင်း အချိန်စေ့၍ တရား နားသည်။

၁

ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၂၈) ပြီး၏။

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၂၉)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၂၉)

### နိဒါန်း

ဤနိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင် မကွယ်လွန်မီက ရေးခဲ့သည်။ မြတ်စွာဘုရားက ဒုက္ခကို သိရမည်။ ဒုက္ခဖြစ်ကြောင်းကို သိရမည်။ ဒုက္ခ ချုပ်ကြောင်းကို သိရမည်။ ဒုက္ခ ချုပ်ကြောင်း အကျင့်ကောင်းကို သိရမည်ဟု မိန့်တော်မူခဲ့သည်။ သို့သော် ဒုက္ခသိသူမှ ဒုက္ခ ချုပ်ကြောင်း အကျင့်ကောင်းကို သိသူသည် ရှားပါးလာပြီ ဖြစ်၏။ ဒုက္ခကို သိသူများ ရှိကြစေကာမူလည်း ဒုက္ခက လွတ်ကြောင်းကို ကျင့်ကြံ အားထုတ်သူက အနည်းစု ဖြစ်နေပြီ ဖြစ်၏။ သစ္စာလေးပါးသည် ဗုဒ္ဓသာသနာတော်၌ အရေးအကြီးဆုံး တရား ဖြစ်၏။ လောကီနှင့် ဆိုင်တာက သမုဒယနှင့် ဒုက္ခ ဖြစ်၏။ သံသရာ တစ်လျှောက်လုံး သမုဒယကို အရင်းခံခဲ့ကြ၍ အကျိုးဒုက္ခတွေချည်း ရခဲ့ကြသည်။ သမုဒယသည် လိုချင်ခြင်း တဏှာ ဖြစ်၏။ လိုချင်၊ ရချင်မှုကြောင့် သုခကိုကား မရခဲ့။ ဒုက္ခကိုချည်း ရခဲ့ကြသည်။ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းပုံ အတိုင်း သံသရာ လည်ခဲ့ကြရ၏။ ဝဋ်သုံးပါး လည်ခဲ့သည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်က ကိလေသာ ဝဋ် ဖြစ်သည်။ လိုချင်စွဲလမ်းမှု ကိလေသာကြောင့် ရအောင် လုပ်မှု ကမ္မဝဋ် ဖြစ်ခဲ့သည်။ ကမ္မဝဋ်ကြောင့် ခန္ဓာငါးပါး ရခြင်းအကျိုး ဝိပါကဝဋ် ဖြစ်ခဲ့ ရသည်။ အယုတ်သစ္စာ နှစ်ခုမှာ သမုဒယနှင့် ဒုက္ခသစ္စာ ဖြစ်သည်။ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားနိုင်မှ သမုဒယကို ပယ်နိုင်သည်။ သမုဒယ တဏှာသည် ကာမဂုဏ် အာရုံတို့၌ တပ်မက်ခြင်း၊ ဘုံဘဝ၌ တပ်မက်ခြင်း၊ ဘဝပြတ်၍ တပ်မက် ခြင်းများ အားလုံး အကျုံးဝင်သည်။ ဒါန ပြုရာမှာပင် ဘဝသမ္ပတ္တိ၊ ဘောဂ

http://www.dhammadownload.com



သမ္မတ္တိကို တောင့်တ၍ ပြုလျှင် ပုညာဘိသင်္ခါရ ဖြစ်သော်လည်း ဝဋ္ဋဒါနမျိုး ဖြစ်သွားသည်။ ဤသို့ ပြုသော ဒါနသည် ဒုက္ခသစ္စာကို တောင့်တသော ဒါနမျိုးဖြစ်နေသည်။

ဒုက္ခကို ထိုးထွင်း၍ သိရမည်။ သို့မှသာ သမုဒယကို ပယ်နိုင်မည် ဖြစ်၏။ ဒုက္ခအနက် ၄ ချက်ကို သိဖို့ အရေးကြီးသည်။ နှိပ်စက်သော သဘော၊ ပူပင်ရသော သဘော၊ ပြုပြင်နေရသော သဘော၊ ဖောက်ပြန် ပျက်စီးတတ်သော သဘောတွေကို ဉာဏ်ဖြင့် သိဖို့အရေးကြီးသည်။ ဒုက္ခသဘောကို သိအောင် သစ္စာတရား၊ ပဋိစ္စ သမုပ္ပာဒ် တရားကို နာကြားကြရမည်။ တရားနာပြီး တရားအားထုတ်ရမည်။ ခန္ဓာငါးပါး အပေါ်မှာ ဉာဏ်ဖြင့် ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်အောင် အားထုတ်ရမည်။ ခန္ဓာ၏ အပျက်တွေကို မြင်လာမှ၊ တရစပ် မြင်၍လာမှ ခန္ဓာကို မလိုချင် ဖြစ်လာမည်။ ဖြစ်ပျက်တွေကို မုန်းလာမည်။ ထိုအခါ လိုချင်တပ်မက်မှု ကိလေသာဝဋ်ကို မပြုတော့ပါ။ ထိုသို့ မပြုမှသာ သမုဒယသစ္စာကို ပယ်နိုင်သည်။ ကိလေသာဝဋ် မရှိမှ ကမ္မဝဋ် ချုပ်သည်။ ကမ္မဝဋ် ချုပ်လျှင် ဝိပါကဝဋ် ချုပ်တော့၏။ တဏှာ နိရောဓော နိဗ္ဗာန် ဖြစ်တော့သည်။ ထိုအခါကျမှ စုတိပြီး ပဋိသန္ဓေ နေခြင်းဆင်းရဲ ကင်းသွားသည်။ ဇာတိ နိရောဓ ဖြစ်၏။ ထိုအခါ ပဋိသန္ဓေနေခြင်း ကင်းပြီး ၁၅၀၀ ကိလေသာ အပူဇာတ်၊ အလောင်ဇာတ်တို့ ငြိမ်းရာ၊ ချုပ်ရာ နိဗ္ဗာန်ကို ရပြီ ဖြစ်၏။ ဤတရားများကို ဆင်ခြင် ကြည့်လျှင် မဂ္ဂသစ္စာ ဆိုသော ကျင့်ကြံပွားများ အားထုတ်မှု မပါဘဲနှင့် လိုရာခရီး အဆုံးကို မရောက်နိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဆရာကောင်း၊ နည်းကောင်း ရှာ၍ ကိလေသာ ရောဂါ ပျောက်ကင်းအောင် ကုသကြရမည်ဟု နှိုးဆော်ထားသည်။

*

## ၁။ သောတာပန် ဖြစ်ဖို့ နှစ်ချက်

[ နေ့စွဲမပါ။ အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရားဖြစ်သည် ဆို၏။ ]

မှန်ကန်သော သမ္မာဒိဋ္ဌိ ဖြစ်တာ သောတာပန်ပဲဟု အစချီပြီး ဤတရားကို ဟောသည်။ အရှင်သာရိပုတ္တရာနှင့် အရှင်ကောဋ္ဌိကတို့ အပြန်အလှန် ဆွေးနွေးပုံကို ဖော်ပြထားသည်။ သောတာပန် ဖြစ်ရန် အင်္ဂါ ဘယ်နှပါး ရှိသလဲဟု အရှင်ကောဋ္ဌိက က မေးသည်။ သမ္မာဒိဋ္ဌိ ဖြစ်မှ သောတာပန် ဆိုလျှင် သမ္မာဒိဋ္ဌိ ဘယ်အခါ ဖြစ်သလဲဟု မေးသည်။ သမ္မာဒိဋ္ဌိ ဖြစ်ရန်မှာ မိမိနှင့် သင့်လျော်သော တရားကို နာမှု

http://www.dhammadownload.com



လည်း အကြောင်းတစ်ရပ်။ ထိုတရား အပေါ်မှာ နှလုံးသွင်း မှန်ကန်မှုလည်း တစ်ရပ် ဖြစ်သည်။ [နှာ-၂၀] ဤကား သောတာပန် တည်ဖို့ အင်္ဂါနှစ်ပါး ဖြစ်ကြောင်း အရှင်သာရိပုတ္တရာက ဖြေတော်မူသည်။ သောတာပန် ဖြစ်ရေးကိစ္စမှာ ပါရမီ မလိုကြောင်း၊ အဂ္ဂသာဝက၊ မဟာသာဝက ဖြစ်ရေး၊ ဆုကြီးပန် ကိစ္စမှာသာ ပါရမီ လိုကြောင်း ရှင်းထားသည်။ စူဠ ဝေဒလ္လသုတ်မှာ လာသည်ဟု ဆိုသည်။ မိမိစရိုက်နှင့် ကိုက်ညီသော တရား ဆိုသည်မှာ သတိပဋ္ဌာန် လေးပါးထဲက တစ်ပါးပါးကို ဆိုလိုသည်။ [နှာ-၂၂] ကိုယ်နှင့် သင့်လျော်သော တရားသည် ဘာလဲဆိုတာ ရှုကြည့် လိုက်လျှင် သိသည်။ နှလုံးသွင်း မှန်ဖို့ ကိစ္စမှာတော့ ဘုန်းကြီးက ကူညီပေးရမည်ဟု ဆိုသည်။ [နှာ-၂၄] နှလုံးသွင်း မှန်မှုဆိုတာ တခြား မဟုတ်ပါ။ အနိစ္စရှိ၍ အနိစ္စပဲဟု သဘာဝကို ရှိသည့်အတိုင်း သိမြင် နားလည်ခြင်းပင် ဖြစ်၏။ ဒုက္ခရှိ၊ ဒုက္ခတွေ့တာ နှလုံးသွင်း မှန်တာပဲ ဖြစ်သည်။ ရုပ်နာမ် ခန္ဓာငါးပါး၏ အနိစ္စ၊ ဒုက္ခကို မြင်ပြီး ပုဂ္ဂိုလ်၊ သတ္တဝါကို မမြင်လျှင် နှလုံးသွင်း မှန်ပြီဟု ဆိုသည်။ [နှာ-၂၅] တစ်နည်းအားဖြင့် အရှိနှင့် အသိ ကိုက်တာ နှလုံးသွင်း မှန်တာ ဖြစ်၏။ နိဗ္ဗာန်ကို အမြန်ဆုံး ရောက်ချင်လျှင် ပါရမီ မလိုပါ။ နိဗ္ဗာန်သည် 'သန္တိ လက္ခဏ၊ နိရောဓသစ္စ' ဆိုသောကြောင့် ငြိမ်းအေးခြင်း အမှန် မြတ်နိဗ္ဗာန် ဖြစ်သည်။ ခန္ဓာဓာတ်သိမ်း ဒုက္ခငြိမ်းအေးသွားတာ နိဗ္ဗာန် ဖြစ်၏။ [နှာ-၂၇] တရား နာရမည်။ မိမိနှင့် လျှော်ကပ်သော တရားကို နာပြီး နှလုံးသွင်း မှန်စွာ ရှုနိုင်လျှင် ကိလေသာ ကြားမခိုပါက မနက်အားထုတ် ညနေ တရားထူး ရနိုင်သည်။ တရား မနာဘဲ တရားထူးရတာ ဘုရားနှင့် ပစ္စေက ဗုဒ္ဓပဲ ရှိသည်။ ကျန်လူအားလုံးသည် တရားနာမှုကို ဦးစားပေးရမည်။

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့လည်း ပုဂ္ဂိုလ်ရင့်မာကြီးများပင် တရားနာမှ တရားရသည်။ အရှင်အဿဇိထံမှ 'ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ တေသဉ္စ နိရောဓော ဧဝံ ဝါဒီ မဟာသမဏော' ဂါထာကို ကြားရမှ သောတာပန် တည်ပုံကို ပြသည်။ ဤဂါထာကလေးကို နာပြီး ခန္ဓာကို ဉာဏ်သွင်း ရှုလိုက်ရာ တရားနာထားတာနှင့် နှလုံးသွင်းလိုက်တာ ကိုက်ညီသွား သဖြင့် ချက်ချင်း သောတာပန် တည်သွားသည်။ [နှာ-၃၀] နာထားသော တရားက လည်း ဖြစ်ပျက်ကို နာထားသည်။ ခန္ဓာမှာ ရှုလိုက်တော့လည်း ဒုက္ခပဲ တွေ့သည် ဆိုနှင့် နာထားသော တရားနှင့် နှလုံးသွင်းက ကိုက်ညီသွားသည်။ [နှာ-၃၂] ချက်ချင်း တရားရတော့သည်။ ဤနေရာတွင်

http://www.dhammadownload.com



မိမိတို့ကိုယ်မှာ သံသယကုက္ကုစ္စ မလာပါစေနှင့်ဟု ဆိုသည်။ ထိုသံသယကုက္ကုစ္စက နိဝရဏ ဖြစ်ပြီး မဂ်တား၊ ဖိုလ်တား ဖြစ်နိုင်ကြောင်း ဟောသည်။ [နာ–၃၅] တရားနာမှုနှင့် နှလုံးသွင်းမှု ကိုက်ညီသွားလျှင် သမ္မာဒိဋ္ဌိ ဖြစ်တော့သည်ဟု ဆိုသည်။ ပိဋကသုံးပုံ တတ်တိုင်း တရားမရပုံ၊ ပိဋကသုံးပုံလည်း ဖြစ်ပျက်မှာ လမ်းဆုံးပုံ၊ ဖြစ်ပျက်လည်း မဖြစ်မပျက်သော နိဗ္ဗာန်မှာလမ်းဆုံးပုံကို ဟောသည်။ [နာ–၄၅] ဖြစ်ပျက် မြင်ကတည်းက ပိဋကသုံးပုံ မိမိကိုယ် ရောက်ပြီဟု မှတ်ရမည် ဆိုသည်။ ပိဋကသုံးပုံကို အဆုံးလိုက်ပါ။ ဖြစ်ပျက်ကို အဆုံးလိုက်ပါ။ အဆုံးကျလျှင် နိဗ္ဗာန် ပေါ်လာသည်။

ထို့နောက် သိကြားမင်း အမေး ဘုရား အဖြေကို ဆက်ဟောပြန်သည်။ တဏှာသင်္ခယသုတ် ဖြစ်သည်။ (ရှေ့တွင် ဖော်ပြခဲ့ဖူးပြီ) တဏှာ ချုပ်သော နေရာမှာ ခယဝယ တရား ဖြစ်ပျက်လည်း ချုပ်တော့သည်။ ခန္ဓာ အာယတန ဓာတ်တွေပေါ်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ မစွဲလမ်းလျှင် နတ်လူတို့ထက် မြတ်သော နိဗ္ဗာန်ကို ရပါသည်။ ဝေဒနာ သုံးပါးကို ဖြစ်ပျက် ရှုလျှင်လည်း ရပါသည်။ [နာ–၄၉] ဝေဒနာ သုံးပါးကို ဝိပဿနာ ရှုပါဟု သိကြားမင်းကို ဘုရားက ဟောတော်မူသည်။ ဝေဒနာ သုံးပါးကို ပထမဦးစွာ ဉာတပရိညာဖြင့် သိပါ။ နောက် တီရဏ ပရိညာဖြင့် ပွားပါ။ နောက် မဟာဏ ပရိညာဖြင့် မဂ်ပေါ်အောင် လုပ်ပါ။ [နာ–၅ဝ] သိမှု၊ ပွားမှု၊ ပယ်မှု လုပ်ရမည်ဟု ဘုရားက သိကြားကို ဟောသည်။ ကိုယ်မှာ ပေါ်သော ဝေဒနာ၊ စိတ်မှာပေါ်သော ဝေဒနာ ပေါ်ရာတိုင်းမှာ သိပေးရမည်။ သုခ ဝေဒနာ၊ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို သိပေးရမည်။ ဤသို့ သိပြီး နောက် ပွားမှု အလုပ်ကို လုပ်ရမည်။ တရားနာလို့ သိတာ ဉာတပရိညာလို့ မှတ် ရမည်။ နှလုံးသွင်းတာက ပွားမှု တီရဏ ပရိညာ ဖြစ်သည်။ သိမှုနှင့် အလုပ် တစ်ထပ်တည်း ကျသွားပြီ။ [နာ–၅၅] တီရဏ ပရိညာသည် ဘာဝေတဗ္ဗ ကိစ္စ ဖြစ်သောကြောင့် ပွားများ အားထုတ်ခြင်းဟု သုံးနှုန်းထားသည်။ ဝေဒနာ နှစ်ခု ပြိုင်မဖြစ်ကြောင်း၊ အရှင်သာရိပုတ္တရာ၏ တူဒီဃနခကို ဘုရားဟောသည် ဆိုဏ်။ ဝက်တူးသော လိုဏ်ဂူကြီးထဲမှာ ဘုရားက သွားပြီး နေသည်။ နေတုန်း အရှင်သာရိပုတ္တရာက ယပ်ခတ်ပေးနေသည်။

ထိုအခါ ဒီဃနခ ရောက်သွားသည်။ ဘုရားက သူ့ကို ဝေဒနာ ရှုနည်းကို ဟောသည်။ အရှင်သာရိပုတ္တရာ ယပ်ခတ်ရင်း ကြားသည်။ ဝေဒနာ တစ်ခုချုပ်မှ နောက်ကနေ ပေါ်နိုင်ကြောင်း၊ အရှုခံ ဝေဒနာချုပ်မှ ရှုဉာဏ် ဝေဒနာလည်း ပေါ် ကြောင်း ဟောသည်။ [နာ–၅၇] ဒုက္ခဝေဒနာ ပေါ်နေတာကို သုခဝေဒနာနှင့်

http://www.dhammadownload.com



ရှုရမည် ဖြစ်သဖြင့် သုခနှင့် ဒုက္ခ ပြိုင်ပြီး မပေါ်နိုင်ပါ။ ထိုသို့ ရှုနေစဉ် ဝေဒနာကို မတွေ့ စေနှင့်၊ ဝေဒနာ၏ ဖြစ်ပျက်ကိုသာ တွေ့ရမည်ဟု ဆိုသည်။ ထိုဖြစ်ပျက် (ခယဝယ) ကို မြင်သောဉာဏ်သည် မဂ်ဉာဏ် ဖြစ်သည်။ [နာ-၅၈] မိမိသန္တာန်၌ ဝေဒနာ၏ ပျောက်မှု၊ ပျက်မှုကို တွေ့လျှင် ရှေ့က ဖြစ်ပျက်၊ နောက်သိမှုမဂ် ဖြစ်သွားသည်။ [နာ-၅၉] ဉာတပရိညာတုန်းက ဝေဒနာကို သိသည်။ ပွားများသောအခါ ပျောက်ပျက်တာကို သိသည်။ ဤမျှလောက် သိလျှင်ပင် ခရီး ရောက်ပြီဟု ဆိုသည်။ တရားလည်း နာ၊ လုပ်လည်းလုပ်ဟု စူဠဝေဒလ္လသုတ်မှာ ဟောထားသည် ဆို၏။ [နာ-၆၀] ဝေဒနာ အပျက်ကို ပျက်ဆဲမှာ မတွေ့ပါ။ ပျက်ပြီးနှင့် မဂ်နှင့်သာ တွေ့သည်ဟု ဆိုထားသည်။ ပျက်ပြီးက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်သည်။ သိတာက နှလုံးသွင်း မှန်တာ၊ မဂ်ဖြစ်တာ ဖြစ်၏။ မဂ္ဂင်ငါးပါး (သမာဓိမဂ္ဂင်)က နှလုံးသွင်း မှန်ခြင်း ဖြစ်သည်။ [နာ-၆၁] အရှိနှင့်အသိ ကိုက်သွားလျှင် သောတာပန် တည်ပြီ ဆို၏။ အပျက်ရှိနှင့် အပျက်အသိ ကိုက်လျှင် နှလုံးသွင်း မှန်သည်။ ဤဝေဒနာ ရှုနည်းကို သိကြားမင်းအား ဟောကြားကြောင်းကိုလည်း ပြန်ဟောသည်။ ဖြစ်ပျက် နှင့်မဂ် တွေ့သွားပြီ ဆိုလျှင် ယထာဘူတဉာဏ် ရပြီဟု ဆိုသည်။ [နာ-၆၃]

သမ္မာသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ် သုံးဉာဏ်ကို ပေါင်းပြီး ယထာဘူတဉာဏ် ခေါ်နိုင်ကြောင်းကိုလည်း ဟောထားသည်။ [နာ-၆၄] အပျက်ကို မြင်လျှင် ယထာဘူတဉာဏ် တစ်လုံးတည်းဖြင့် ခေါ်လျှင်လည်း ပြီးသည်။ ဤသို့ အပျက် မြင်မှုကို ဆက်ပြီး တီရဏပရိညာဖြင့် ပွားများ အားထုတ်လျှင် ဤအပျက် ချည်း (အသုဘ ချည်း)ကို မကြည့်ချင်တော့။ ငြီးငွေ့လာသည်။ အပျက်မုန်းသော နိဗ္ဗိန္ဒာဉာဏ် ပေါ်လာသည်။ [နာ-၆၅] ဤဉာဏ်ထဲတွင် ဘင်၊ ဘယ၊ အာဒီနဝ ဉာဏ်တွေအားလုံး အကျုံးဝင်သွားသည် ဆို၏။ ဘာဝေတဗ္ဗ အလုပ်ကြောင့် အပျက် နှင့် မဂ်နှင့် ကိုက်သွားသည်။ ခု အပျက်မုန်းပြီ ဆိုလျှင်လည်း ဆက်သာရှုပါ။ မပြီးသေးဘူး။ မရှုချင်ဘဲနှင့် ပေပြီး ရှုနေရမည်။ မရှုချင်ဘူးဆိုပြီး ထသွား၍ မဖြစ်ကြောင်း ဟောသည်။ [နာ-၆၆] ရှုရတာ ပျင်းတောင် ပျင်းလာပြီဆိုလျှင် ကောသဇ္ဇဝင်ခြင်း ဖြစ်သည်။ ဉာဏ်က ပြန်ကျသွားနိုင်သည်။ ဤဒုက္ခသစ္စာမှ လွတ်ချင်၊ ကျွတ်ချင်သော စိတ်ကို မွေးပြီး မုန်းလျက် ဆက်ရှုနေမည်။ ရှုရင်းမဟုတ္တ ဖြစ်ပျက်အဆုံးကို မြင်သော မဂ်ဉာဏ် (လောကုတ္တရာမဂ်) ဝင်လာလိမ့်မည်။

မုဥ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမ ဉာဏ်၊ ဂေါတြဘူဉာဏ်တွေသည် မဂ်ဉာဏ် ဖြစ်ပေါ်ရန် ကျေးဇူးပြုသော ဉာဏ်များ

http://www.dhammadownload.com



ဖြစ်သည် ဆို၏။ [နှာ-၆၈] ဤဉာဏ် အားလုံး ဖြစ်ပျက်မှန်းသော ဉာဏ်ချည်း ဖြစ်၏။ ပွားများမှု ကိစ္စတွေချည်း ဖြစ်သည်။ ပွားများမှု ပြီးလျှင် ပယ်မှုကိစ္စ ပေါ်လာပေလိမ့်မည်။ [နှာ-၆၉] ဝိပဿနာဉာဏ်တွေက ရှေ့က သွားရသည်။ မဂ်ဉာဏ်က နောက်က လိုက်လာသည်။ ပယ်မှုဉာဏ်က ခန္ဓာစွန့်၊ တဏှာစွန့်လျှင် နိဗ္ဗာန် ပေါ်လာသည်။ ဒါကြောင့် ဖြစ်ပျက်မှန်းပြီးလျှင် ဆုံးအောင် လိုက်ရမည်။ သောတာပန်နှင့် ပတ်သက်သော ဒိဋ္ဌိ၊ တဏှာ အားလုံးကို ပယ်လိုက်ပြီဆိုလျှင် နိဗ္ဗာန်ပေါ်တော့သည်။ ထိုအဆင့်ကို ပဟာနပရိညာ ခေါ်ရသည်။ [နှာ-၇၀] ဤတရားတွင် သောတာပန် တည်ချင်လျှင် တရားကို နာပြီး နှလုံးသွင်းမှန်အောင် လုပ်ဖို့ ဟောထားခြင်း ဖြစ်သည်။ ဤသဘော အမြင်ကို ဘုရားကလည်း ဟောသည်။ အရှင်သာရိပုတ္တရာကလည်း ဟောသည်။ အရှင်အာနန္ဒာကလည်း ဟောထားကြောင်း ပြောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၂။ နိဗ္ဗာန်သွားရာ လမ်းမကြီး

[နေ့စွဲမပါ။ ဘယ်မှာဟောသောတရား ဖြစ်ကြောင်းလည်း ဖော်ပြမထားပါ]

ဒကာ၊ ဒကာမတွေ ဘယ်ကလာကြတာလဲ ဆိုလျှင် မသိပါဘုရားဟုသာ ဖြေကြရမည် ဖြစ်ကြောင်း အစချီလျက် ဤတရားကို ဟောသည်။ ဒီဘဝမှ စုတေပြီးလျှင် ဘယ်ဘဝကို သွားကြမလဲဟု မေးလျှင်လည်း မသိပါပင် ဖြေကြရမည်။ ဤသို့ ဖြေရသော ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ် မရသော ပုဂ္ဂိုလ်များ ဖြစ်၏။ ဝိပဿနာ အလုပ်ရှိသော ပုဂ္ဂိုက်ကမူ သေလျှင် ဘယ်သွားမလဲဟု မေးပါက ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့သာ သွားကြမည်ဟု ဖြေနိုင်သည်။ ဤတွင် ရက်ကန်းသည်မကလေး ကုမ္မာရီ အကြောင်းကို ဟောပြန်သည်။ ဘယ်က လာမှန်း မသိ၊ ဘယ်ကို ပြန်သွားရမှန်း မသိ ဖြစ်နေကြခြင်းမှာ လမ်းပျောက်နေသော ကလေးနှင့် တူသည်။ အမှန်မှာ မိမိ ဘယ်လမ်းကို သွားနေသည် ဆိုသော သွားရာ လမ်းကို သိသူဖြစ်အောင် လုပ်ဖို့ သင့်ပါသည်။ ကိုယ့်သန္တာန်မှာ မဂ္ဂင်ရောက်နေသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မြင်နေသူ ဖြစ်၏။ ထိုသူသည် နိဗ္ဗာန်ကို သွားနေသူ ဖြစ်၏။ [နှာ-၇၁]

မဂ္ဂင် ရလို့ရှိလျှင် ဘယ်သွားမလဲ မမေးနှင့်၊ နိဗ္ဗာန်သွားမည် သေချာသည်ဟု ဆိုသည်။ သွားရမည့်လမ်းကို သိသူဖြစ်အောင် လုပ်ဖို့ တိုက်တွန်းထားသည်။

http://www.dhammadownload.com



[နာ-၇၆] ဝိပဿနာ အလုပ်ကို ထမြောက်အောင် လုပ်မထားသော ပုဂ္ဂိုလ် ဝိညာဉ်ချုပ်ရန် ကြာသည်။ အဘယ့်ကြောင့်ဆိုသော် သွားရမည့် လမ်းကို ရှာမတွေ့သေးသောကြောင့်ဟု ဆိုသည်။ [နာ-၇၈] မဂ္ဂင်အလုပ် လုပ်ထားသော ပုဂ္ဂိုလ်မှာ လမ်းဖြောင့်ချည်း ဖြစ်နေပုံကို ဟောသည်။ ဒါကြောင့် သတိပဋ္ဌာန် လေးပါးထဲက ကြိုက်သော သတိပဋ္ဌာန်ကို အားထုတ် ထားရမည်။ အရှုခံက ခန္ဓာငါးပါး ခွဲခြား ပြထားသော်လည်း ရှုသော ပုဂ္ဂိုလ်မှာတော့ ဘယ်ခန္ဓာပဲ ရှုရှု ဖြစ်ပျက် အနိစ္စပဲ တွေ့ရမည် ဖြစ်၏။ ဖြစ်ပျက်ကို မြင်လျှင် ဝိပဿနာမဂ် လာပုံက တစ်မျိုးတည်းပင် ဖြစ်၏။ [နာ-၈၀] နိဗ္ဗာန်သွားရာ မဂ္ဂင်လမ်းကြီး ပေါ်လာသည်။ မဂ်လမ်းကို မြင်ပြီးမှ စုတိစိတ် ကျသောအခါ မသေမီက မြင်ထားသော လမ်းအတိုင်း သွားရသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်က သုဂတိကို မြင်သည်။ ရဟန္တာက နိဗ္ဗာန်ကို မြင်သည်။ [နာ-၈၁] ဝိပဿနာရှုသော ဉာဏ်ကို မဂ်ဉာဏ် ခေါ်ရသည်။ ထိုမဂ္ဂင်လမ်းသည်သာ လမ်းဖြောင့်လမ်းမှန် ဖြစ်သည်။ ဖြစ်ပျက် မြင်အောင် ရှုပါ။ ဖြစ်ပျက်မြင်လျှင် မဂ္ဂင်လမ်း တွေ့ပြီဟု မိန့်ထားသည်။ [နာ-၈၅] 'ကေယနော ဘိက္ခဝေ မဂ္ဂေါ' တစ်ခုတည်းသော လမ်းဖြောင့်လမ်းမှန်သည် မဂ်လမ်း ဖြစ်၏ဟု ဘုရားဟောတော်မူကြောင်း ပြသည်။ ဘုရားက 'မဂ္ဂါနံ အဋ္ဌဂိကော သေဋ္ဌော' မဂ်လမ်းသည်သာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောအခါ အမြတ်ဆုံးလမ်း ဖြစ်ကြောင်း ဟောသည်။ ဒါကြောင့် မဂ္ဂင်လမ်းကို လိုသော ပုဂ္ဂိုလ်သည် အနိစ္စမြင်အောင် ဖြစ်ပျက်မြင်အောင် ရှုမှသာ မဂ္ဂင်ဖြစ်သည် ဆို၏။ [နာ-၈၈]

ထို့နောက် သားအရှင်သောဏနှင့် အဖေ မုဆိုးဝတ္ထု အကြောင်းကို ဟောသည်။ မုဆိုးကြီး အသက်ကြီးပြီး သေခါနီးကျတော့ သားအရှင်သောဏထံ သွားပြီးနေသည်။ သေခါနီးကျတော့ 'သား သောဏ လာပါဦး၊ ဒီမှာ ခွေးနက်ကြီးတွေ လာနေပြီ၊ ငါ့ကို ကိုက်တော့မည်'ဟု ဆိုသဖြင့် သားက ဖခင်မှာ အပါယ်နိမိတ်၊ ငရဲနိမိတ်တွေ ထင်နေပြီဟု သိသဖြင့် ဖခင်ကို သေပေါက်သေဝမှာ ကပ်ပြီး ကယ်တင်ရန်အတွက် ကိုရင်တွေကို ပန်းတွေ အခူးခိုင်းသည်။ ပန်းများကို ပြပြီး ဤပန်းများဖြင့် ဘုရားကို ပူဇော်ပါဟု ဖခင်အား ပေးသည်။ ဖခင် မုဆိုးကြီးက ပူဇော်လိုက်သောအခါ နတ်သမီးတွေ နိမိတ် ထင်လာသည်။ မုဆိုးကြီးက 'မင့်မိထွေးတွေ လာနေပြီ'ဟု ဆိုသည်။ ဤဖြစ်ရပ်ကို သားရဟန်းက ဖခင်၏ သွားရာလမ်းကို ပြောင်းပေးလိုက်ပုံ အဖြစ် ဖော်ပြသည်။ [နာ-၉၂] ဒုဂ္ဂတိလမ်းက သုဂတိလမ်းကို သားရဟန်းက ပြောင်းပေးလိုက်ပုံ ဖြစ်၏။ မဂ္ဂင်လမ်းသည် သမ္မတ္တနိယတာ

ဓမ္မလမ်း ဖြစ်သည်။ မဖောက်ပြန်သောလမ်း ဖြစ်သည်။ ယခုအခါ ဆရာသမား လမ်းပြကောင်းနှင့် တွေ့နေပြီ ဖြစ်သောကြောင့် ဝိပဿနာ ရှုဖို့ပဲ ရှိသည်။ ခန္ဓာငါးပါး ကြိုက်ရာရှု၊ မဂ္ဂင် ပေါ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ ပေါ်သည်။ ဝေဒနာရှုလျှင်လည်း ဝေဒနာက ပေါ်ပြီး ပျောက်သည်။ ဝေဒနာ ဖြစ်ပျက်ကိုပဲ တွေ့ရသည်။ ဖြစ်ပျက်ကို သိမြင်လျှင် မဂ်ဖြစ်ပြီး မဂ္ဂင်က ဝမ်းထဲ ရောက်ပြီ။ မဂ္ဂင် ကိုယ်ပိုင် ရှိပြီ ဆို၏။ 'နဟိ တေန ယာနေဟိ ဂစ္ဆေယျ အဂတံဒိသံ' ဂါထာကို ဟောသည်။ လောကမှာ ရှိသော ယာဉ်များဖြင့် နိဗ္ဗာန်ကို သွား၍ မရောက်ကြောင်း၊ မဂ်ယာဉ်ဖြင့်သာ သွား၍ ရောက်ကြောင်း ဟောသည်။ [နာ-၉၇] ဖြစ်ပျက်မြင်လျှင် ယထာဘူတဉာဏ် ရကြောင်း ထပ်ဟောပြန်သည်။ [နာ-၉၉] ယထာဘူတ ဉာဏ်ထဲမှာ သုံးဉာဏ် ပါသည် ဆို၏။ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ သမ္မာသနဉာဏ်တို့ ဖြစ်၏။

ဤတရားတွင် သမ္မာသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ် သုံးခုပေါင်း ကို ယထာဘူတဉာဏ် ဖြစ်ကြောင်း ထပ်ခါတလဲ ဟောထားသည်။ ကျမ်းဂန်မှာ ဤအတိုင်း ဟောထားသည်ဟု ခိုင်ခိုင်မာမာလည်း ဆိုသည်။ [နာ-၁၀၁] စိတ်ရှုရှု၊ ဝေဒနာ ရှုရှု ဖြစ်ပျက်ပဲ၊ အပျက်ပဲ တွေ့ရမည်။ အပျက်ချည်း တွေ့လျှင်လည်း မရပ်ရ။ ဆက်ရှုရမည်။ အပျက်မြင်တော့ ဘယဉာဏ်၊ ဘေးကို မြင်သည်။ မိမိသည် ဘေးသင့်နေသည်၊ အန္တ ရာယ်ကြီး ရင်ဆိုင်နေရသည်ဟု သိမြင်လာသည်။ ဤ အပျက်တွေက အပြစ်သင့်နေသည်။ အာဒီနဝဉာဏ် ဖြစ်ပေါ်လာပြန်သည်။ ဤသို့ အပျက်တွေ၊ အပြစ်တွေကို မြင်လာမှ ဒိခန္ဓာကို မုန်းတီး ငြီးငွေ့လာသည်။ နိဗ္ဗိန္ဒ ဉာဏ်သို့ ရောက်တော့သည်။ မုန်းဉာဏ် ဖြစ်လျှင်လည်း သုံးဉာဏ် ဖြစ်သည်။ [နာ-၁၀၂] ဖြစ်ပျက် မြင်စဉ်ကလည်း သုံးဉာဏ်၊ ဖြစ်ပျက် မုန်းတော့လည်း သုံးဉာဏ်။ ဘုရားက 'ဧဝ မေတံ သမ္မပ္ပညာယ ဒိဋ္ဌံ' ဆိုပြီး ယထာဘူတဉာဏ်ကို ဟောသည်။ 'ဧဝံပဿံ ဘိက္ခဝေ ဝေဒနာယပိ နဗ္ဗိန္ဒတိ' ဆိုပြီး မုန်းဉာဏ် နိဗ္ဗိန္ဒ ဉာဏ်ကို ဟောကြောင်း အထောက်အထား ပြသည်။

ဤအချိန်အထိ မဂ္ဂင်ရှစ်ပါး မပြည့်သေး ငါးပါးပဲ ရှိသေးသည်ဟု မိန့်ထား သည်။ [နာ-၁၀၃]

**(မှတ်ချက်–ဤတရားတွင် မိုးကုတ်–သပိတ်ကျင်း သွားသောလမ်းများကို ဥပမာ ပေးထားသည်ကို တွေ့ရသဖြင့် မိုးကုတ်မှာ ဟောသောတရား ဖြစ်ဖွယ် ရှိပါသည်)** [နာ-၁၀၄]

http://www.dhammadownload.com



ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်တို့သည် လမ်းမကြီး မဟုတ်သေး။ လမ်းမြောင်ကလေးများသာ ဖြစ်သေး၏။ ထိုလမ်းမြောင်ကလေးများကို လိုက်သွားမှ မဂ္ဂင်ရှစ်ပါး ပြည့်သော လမ်းမတော်ကြီးကို ရောက်ကြောင်း ပြထားသည်။ [နှာ–၁၀၅] ထို့နောက် ယောဂီများက ဝိပဿနာတောင် မရှုချင်တော့ဘူး၊ ထတောင် ပြေးချင်တယ်ဟု နိဗ္ဗိန္ဒာဉာဏ်ကို လာလျှောက်တတ်ကြကြောင်း၊ ထမပြေးပါနှင့်၊ ယထာဘူတဉာဏကို ပြန်ကျသွားမည်။ ခန္ဓာမှန်းနေစဉ် မှန်းစိတ်ဖြင့်ပင် ဆက်ရှုရမည်ဟု အလုပ်သဘောကို သင်ပေးသည်။ [နှာ–၁၀၆] မဂ္ဂင်လမ်းမကြီးပေါ် ရောက်အောင် ဆက်ရှုရပေဦးမည်။ ငြီးငွေ့နေရုံဖြင့် မပြီးသေးဟု ဆိုသည်။ [နှာ–၁၀၈] ဒီနောက် ဖြစ်ပျက်မုန်းဉာဏ်မှ ဖြစ်ပျက်က လွတ်ချင်၊ ကျွတ်ချင်သောဉာဏ် လာသည်။ ထိုသဘောသည် မုဉ္စိတုကမျတာဉာဏ် ဖြစ်သည်။ ပေပြီး ရှုပါ။ ထိုအခါ ပဋိသင်္ခါရဉာဏ် ပေါ်လာသည်။ လွတ်မြောက်ချင်သောဉာဏ် ရင့်လာခြင်း ဖြစ်သည်။ ပြီးမှ သင်္ခါရုပေက္ခာဉာဏ်ကို ရောက်သည်။ မလွတ်မြောက်သေးသရွေ့ ခန္ဓာ အရိုက်ကို ဉာဏ်အသိနှင့် ကြည့်နေမှာပဲ။ သာယာနှစ်သက်မှု မရှိဘဲ လျစ်လျူရှုပြီး ကြည့်နေရတာသည် သင်္ခါရုပေက္ခာဉာဏ် ဖြစ်သည်။ ထိုဉာဏ်မှ တစ်ဆင့် အနုလောမဉာဏ် လိုက်လာသည်။ [နှာ–၁၀၉] တဏှာသေစ ပြုပြီး မလိုချင်သော ဉာဏ်ထဲမှာ ဒီဉာဏ်တွေ အကုန်ပါသွားသည်။ ထိုအခါ မဂ်ဉာဏ်သည် သူ့နောက်က ဆက်ပြီး ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ် ပေါ်လာပုံကို ပြသည်။[နှာ–၁၁၀]

အနုလုံဂေါတြဘူ၊ မဂ်ဆိုတာ ရပ်လို့မရသော ဉာဏ်တွေ ဖြစ်သည်။ တစ်ဝီထိတည်း ဖြစ်ကြောင်း ဟောထားသည်။ မဂ်ဉာဏ်ထဲမှာ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါရဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ် အားလုံး ပါသွား သည်ဟု ဆိုသည်။ [နှာ–၁၁၁] ဖြစ်ပျက် ဒုက္ခသစ္စာကို မလိုချင်သော ဉာဏ်တွေချည်း ဖြစ်သည်။ မဂ်ဉာဏ်ရသည်နှင့် တစ်ပြိုင်နက် မဂ္ဂင်ရှစ်ပါး ဖျတ်ခနဲ ပြည့်သွားသည် ဆို၏။ မဂ်ဉာဏ်က မလိုချင်တာ အစစ် ဖြစ်သည်။ သူက 'လောက တော ဥတ္တရ တိတိ လောကုတ္တရံ' လောကမှ လွတ်မြောက်သောဉာဏ် ဖြစ်လာသည်။ [နှာ–၁၁၁] လောက ဆိုသည်မှာ ဒိဋ္ဌိနှင့် နေသော လောက တဏှာ ချယ်လှယ်သော လောက ဖြစ်သည်။ မဂ္ဂင်ရှစ်ပါး ပြည့်မှ လောကုတ္တရာ ဖြစ်ပုံကို ရှင်းထားသည်။ (မိုးကုတ် ဆရာတော်ကြီး၏ ထူးခြားသော အမြင်ဟု ဆိုနိုင်မည် ထင်၏။) လောက အပြင်ဘက် အသေလွတ်သော ဘဝကို ရောက်မှသာ မဂ္ဂင်ရှစ်ပါး ပြည့်ပုံကို ရှင်းထားသည်။ [နှာ–၁၁၅]

http://www.dhammadownload.com



ထို့နောက် ဆရာတော်က မျက်မြင်ဒုက္ခနှင့် ဉာဏ်မြင် ဒုက္ခကို ခွဲခြားပြသည်။ ပါကဋ ဒုက္ခနှင့် အပါကဋ ဒုက္ခကို ဟောခြင်း ဖြစ်သည်။ ခန္ဓာ၏ ဒုက္ခကို ဉာဏ်ဖြင့် မြင်မှသာ မဂ္ဂင်အစစ် ဖြစ်ကြောင်း ရှင်းလင်း ဟောကြားသည်။ [နာ၁–၁၁၇] ထို့နောက် ဒုက္ခ မြင်ရာမှာ သံဝေဂ ဉာဏ်မြင် ဒုက္ခနှင့် မဂ်ဉာဏ်မြင် ဒုက္ခ ကွာခြားပုံကိုလည်း ခွဲခြား ဟောသည်။ [နာ၁–၁၂၀] ပြီးမှ ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်တို့သည် သံဝေဂဉာဏ် အဆင့်ပဲ ရှိသေးသည်။ မဂ်ဉာဏ်ရောက်အောင် ကြိုးစားရဦးမည်ဟု ဆိုသည်။ [နာ၁–၁၂၀] နိဗ္ဗာန်ကို သွားသော လမ်းမကြီးသည်ကား မဂ္ဂင်ရှစ်ပါး ပြည့်သော လမ်းမတော်ကြီး ဖြစ်သည်။ ဖြစ်ပျက်အဆုံး ရောက်မှ ထိုလမ်းပေါ်ကို ရောက်သည်။ ဤတရားတွင် ရဟန္တာဖြစ်အောင် လေးမဂ်၊ လေးဖိုလ် ရအောင်လုပ်မှသာ ကိစ္စပြီးကြောင်း ဟောလိုဟန် တူသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်က သုဂတိကို သွားလမ်း ဖြစ်သည်။ မဂ္ဂင်ရှစ်ပါး ပြည့်သော လမ်းကြီးသည်သာ နိဗ္ဗာန်သွားလမ်း ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၃။ သမုဒယသစ္စာ၏ နိဒါနဠ သဘော

[၂၇–၁၁–၅၈ နေ့က အမရပူရမြို့ မင်္ဂလာ ရိပ်သာကျောင်းမှာ ဟောသော တရား]

မနေ့က သမုဒယ သစ္စာသည် ဒုက္ခအမှု၊ ဒုက္ခဝတ္ထုတွေကို စုဆောင်းပြီး ဝေခြမ်းနေသော သဘောတွေကို ဟောခဲ့သည် အစချီလျက် ဤတရားကို ဟောကြားသည်။ ယနေ့ နိဒါနဋ္ဌော သဘောကို ဟောမည်ဟု ဆိုသည်။ သမုဒယ သစ္စာသည် ဒုက္ခမျိုးစုံကို ပေးတတ်သော သဘော ရှိသည်။ တဏှာ လောဘကို မစွန့်နိုင်၊ မပယ်နိုင်သူကို ရွေးပြီး ဒုက္ခပေးတတ်သည်။ သမုဒယ၏ ဒုက္ခပေးနေမှုကို မသိမြင်သူသည် ကံမကောင်း၍ ဒုက္ခရောက်ရသည်ဟု မြင်နေတတ်သည်။ ဤသည်မှာ ကမ္မဝါဒီ ဒိဋ္ဌိ ဖြစ်သည် ဆို၏။ ပဋိစ္စသမုပ္ပာဒ် တရားတော်အရမှာ သမုဒယချုပ်မှ ကံချုပ်သည်။ သမုဒယ မချုပ်သေးသရွေ့ ကံမချုပ်သေးပါ။ လောဘတဏှာ သမုဒယ သစ္စာကသာ ကံပေါ်မှာ ဩဇာပေးနေသည်။ [နာ၁–၁၂၆] တဏှာလောဘ ဩဇာညောင်းနေပုံကို မသိ၍ ကံပုံချနေခြင်းသည် လွဲနေသည်။ အင်္ဂုလိမာလ ပြုခဲ့သော အကုသိုလ်ကံတွေသည် ဘုရားနှင့်တွေ့ပြီး တရားနာ၍ တရားကျင့်လိုက်သဖြင့် ခန္ဓာပေါ် ဉာဏ်ရောက်သွားသောအခါ သမုဒယတဏှာ ချုပ်ငြိမ်း ရုပ်သိမ်း

http://www.dhammadownload.com



သွားသည်။ ထိုအခါ သူပြုပြီးသော ကံတွေ အားလုံး ချုပ်ငြိမ်းသွားသည်။ အကျိုး မပေးတော့ကြောင်း ဟောသည်။ [နှာ–၁၂၇]

ဒါကြောင့် ကံကို မကြောက်ရ။ သမုဒယကိုသာ ကြောက်ဖို့ ကောင်းသည်။ ကံကို ရပ်သိမ်းချင်လျှင် သမုဒယတဏှာကို ရပ်သိမ်းရမည်။ တဏှာချုပ်လျှင် ဥပါဒါန် ချုပ်သည်။ ဥပါဒါန် ချုပ်လျှင် ကံချုပ်သည်။ ကုသလာ ကုသလံ ဇာဟံ အရ တဏှာသေလျှင် ကုသိုလ်ကံ၊ အကုသိုလ်ကံ အကုန်ချုပ်ကြောင်း ပြသည်။ ဘဏှာကို မသတ်နိုင်သောသူတို့မှ နိဒါနဋ္ဌော လာမည် ဖြစ်၏။ [နှာ–၁၃၁] နိဒါနဋ္ဌော ဆိုသည်မှာ ဒုက္ခဝဋ္ဋ၊ ဒုက္ခစုတို့ကို တစ်ခုမကျန် တစ်ရုံမငွဲ အမြဲပေးခြင်း သဘော ဖြစ်သည်။ ဒါကြောင့် တဏှာ မကြောက်ဘဲကံကို ကြောက်နေခြင်းသည် ပစ်သူကို မကြောက်ဘဲ ခဲကိုသာ ကြောက်သော ငှက်တိရစ္ဆာန်နှင့် တူသည်ဟု ဆိုသည်။ [နှာ–၁၃၂] တိရစ္ဆာန်ကြောက် ဖြစ်နေသည်ဟု ရင့်ရင့်သီးသီး ဆိုသည်။

ထို့နောက် သမုဒယသစ္စာက ဒုက္ခမျိုးစုံကို လက်ခံပြီး ဝေခြမ်း ပေးကမ်းနေပုံ ကို ပြသည်။ သူပေးသမျှ ဒုက္ခကို ခန္ဓာ လက်ခံကြရသည်။ [နှာ–၁၃၆] ရွေးချယ်ပိုင် ခွင့်လည်း မရှိပုံကို ပြသည်။ ဤသဘောသည် နိဒါနဋ္ဌော ဆိုသည့် သဘော ဖြစ်သည်။ ထို့နောက် သမုဒယသစ္စာ တဏှာက ဇာတိဒုက္ခ၊ ဇရာဒုက္ခ ပေးပုံများ ကို ဟောသည်။ တဏှာသမုဒယ သစ္စာ၏ လက်ချက်ကို မသိသဖြင့် ဒုက္ခရောက် လျှင် ကံမကောင်းလို့ဟုသာ တလွဲ ထင်နေတတ်ကြသည်။ သမုဒယသစ္စာက သေခြင်း ဒုက္ခကိုလည်း ပေးသေးသည်။ ဒါကြောင့် သမုဒယသစ္စာ အကြောင်းကို ကောင်းကောင်း မသိလျှင် နိဗ္ဗာန် မရောက်ကြောင်းကို ရှင်းပြသည်။ [နှာ–၁၄၂] တဏှာကြောင့် ဒုက္ခ ရောက်ရတာကို မသိသဖြင့် ကံမကောင်းလို့ ဒုက္ခ ရောက်ရသည် ဟု ထင်တတ်ကြပုံကို ပြသည်။ အကယ်၍ သမုဒယသစ္စာကိုသာ ခန္ဓာပေါ်မှာ တင်ပြီး ဉာဏ်ဓားဖြင့် ဖြတ်တတ်ပါမူကား ကံတွေအားလုံး အဟောသိကံ ဖြစ်သည် ဆို၏။ [နှာ–၁၄၅] သမုဒယ ပြတ်လျှင် အကျိုးပေးကံတွေ အားလုံး အဟောသိကံ ဖြစ်တော့သည်။

ထို့နောက် သေခါနီးမှာ သမုဒယသစ္စာ တဏှာက ချက်ချင်း သေခွင့် မပေးဘဲ အရှက်တကွဲ အကျိုးနည်း ဖြစ်အောင် ဒုက္ခပေးတတ်ပုံကို ပြသည်။ [နှာ–၁၅၉] သမုဒယ သစ္စာသည်ကား ပယ်ရမည့် တရား (ပဟာတဗ္ဗ တရား)ဟု ဘုရားက ဟောကြားထားသည်။ သေခြင်း ဆင်းရဲ၊ နောက်တစ်ဖန် ပဋိသန္ဓေနေခြင်း ဆင်းရဲ ကြုံအောင် လုပ်တာ သမုဒယသစ္စာ ဖြစ်သည်။ [နှာ–၁၆၀] ဒုက္ခမျိုးစုံ

http://www.dhammadownload.com



ပေးနေတာ တဏှာ။ သို့သော် ဒကာ၊ ဒကာမများက သူ့ကို မိတ်ဆွေ ထင်နေသည်။ အသေဒုက္ခ ပြီးလျှင် အနေဒုက္ခ ဆက်၍ ပေးတာသည်လည်း သမုဒယသစ္စာပင် ဖြစ်၏။ သားပူ၊ သမီးပူ ပေးတာလည်း သမုဒယ သစ္စာပင် ဖြစ်သည်။ သမုဒယ တဏှာ မသေသေးသမျှ ကံတွေ အမျိုးမျိုး ပေးနေဦးမည် ဖြစ်၏။ တဏှာ၊ ဥပါဒါန် ချုပ်လျှင် ကံချုပ်ပါသည်။

ဒါကြောင့် ကံချုပ်ဖို့ထက် တဏှာချုပ်ဖို့က ပိုပြီး အရေးကြီးပါသည်။ [နှာ–၁၆၃] တဏှာချုပ်အောင် ထမင်းလျှော့စား၊ အဝတ် လျှော့ဝတ်လည်း တဏှာ လက်ကျန် လာပါသည်။ ဒါကြောင့် သူ့ကို ချုပ်အောင် လုပ်ချင်လျှင် တဏှာ၏ မှီရာကို ကြည့်ရမည်။ ကြည့်တော့ တဏှာက ခန္ဓာငါးပါးမှာ မှီနေသည်။ ဝိညာ နက္ခန္ဓာ စိတ်မှာ မှီသည်။ 'မနောလောကေ ပိယရူပံ သာတရူပံ' ဆိုသောကြောင့် စိတ်သည် သာယာတတ်သော သဘော ရှိသည်။ [နှာ–၁၆၄] သတိပဋ္ဌာန် ပါဠိတော် မှာ လာသည်။ စိတ်ပေါ်တိုင်းမှာ တဏှာ ရှိသည်။ ထိုသို့ မဖြစ်ရအောင် 'ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ နိရုဇ္ဈမာနာ နိရုဇ္ဈတိ' စိတ်ကို ဖြစ်ပျက် ရှုရမည်ဟု ဆိုလိုသည်။ 'ဧတ္ထေသာတဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ နိဝိသမာနာ နိဝိသတိ' ဟုလည်း ဘုရား ဟောတော်မူသည်။ စိတ်ကို ဖြစ်ပျက်ရှုလျှင် စိတ်ကိုမှီ၍ ဖြစ်သော တဏှာ ချုပ်ကြောင်းကို ပြသည်။ [နှာ–၁၆၅] အနိစ္စကို မြင်လျှင် တဏှာ မလာတော့ဟု ဆိုသည်။

ထို့ကြောင့် စိတ်က ဖြစ်ပျက်၊ ရှုတာ မြင်တာက မဂ်ဖြစ်သွားသည်။ ထိုအခါ စိတ်နောက်က တဏှာ မလာနိုင်ဘဲ ဝိပဿနာမဂ် ဖြစ်သွားကြောင်း ပေါ်လွင်အောင် ပြသည်။ [နှာ–၁၆၇] ဤတွင် စိတ်ကို စိတ်အတိုင်းတိုင်း ထားလျှင် တဏှာလာသည် ဟု ပြသည်။ (ကျောက်သဘော် အယူကို ပယ်ဖျက်လိုဟန် တူပါသည်။) [နှာ–၁၆၈] ဤသို့ စိတ်ကို ဖြစ်ပျက်ရှုမှသာ မဂ်လာပြီး သမုဒယတဏှာ သေသည်။ စိတ်ကို ဖြစ်ပျက် ရှုပါ၊ စိတ်ကိုရှုလျှင် ဝေဒနာ ပါသည်၊ ရုပ်ပါသည်၊ အကုန်ပါသည် ဟု ဆိုသည်။ [နှာ–၁၆၉] စိတ်ကို မနိုင်ဘူးဆိုလျှင် ဝေဒနာကို ရှုရမည်။ ရုပ်ကိုလည်း ရှုနိုင်သည်။ ထို့နောက် ခန္ဓာငါးပါးလုံးမှာ တဏှာ ကပ်နေပုံကို ပြသည်။ နာမ်ရုပ်ကို သိရုံနှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရောက်နိုင်သေးကြောင်း ဟောသည်။ [နှာ–၁၇၀] ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်မှ မဂ္ဂသစ္စာ ဖြစ်သည်။ ထိုအခါ သမုဒယတဏှာ သေသည်။ တဏှာသေမှ နောက်ဒုက္ခချုပ်သော နိရောဓသစ္စာ နိဗ္ဗာန် ပေါ်သည်။ ခန္ဓာငါးပါးလုံး ဖြစ်ပျက်ပဲ အဆုံးရှိကြောင်း ပိုင်းခြား၍ သိရမည်။ သို့မှသာ တဏှာ

http://www.dhammadownload.com



သေနိုင်သည်။ [နှာ-၁၇၁] သို့မှသာ သစ္စာလေးချက် တစ်ပြိုင်နက် ပေါ်သည်ဟု ဟောသည်။ မဂ္ဂသစ္စာကို ပွားများရမည်။ ပွားများဖန် များမှသာ ဖြစ်ပျက်မုန်းပြီး ဖြစ်ပျက် အဆုံး နိဗ္ဗာန်ကို မြင်ကြောင်း ဟောရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၄။ ဝဋ်သုံးပါးမှ လွတ်မြောက်ရာ နိဗ္ဗာန်

[ ၃၀-၁၁-၅၈ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

'ဝဋ်သုံးပါးမှ လွတ်မြောက်ရာသည် နိဗ္ဗာန်ဖြစ်ကြောင်း အစချီလျက် ဤ တရားကို ဟောကြားသည်။ ကမ္မဝဋ်ဆိုတာ ကိလေသာက လုပ်ထားသော ကာယကံ၊ ဝစီကံ၊ မနောကံတွေ ဖြစ်သည်။ ထိုကံတွေ ရှိနေလျှင် ကံအကျိုးပေး ရှိနေဦးမည် ဖြစ်သည်။ ထိုကံအကြောင်းတရား အားလုံး ချုပ်ဆုံးရာသည် နိဗ္ဗာန် ဖြစ်သည်။ နိဗ္ဗာန်မှာ ကံလည်း မရှိ၊ အကျိုးပေး ခန္ဓာ ဒုက္ခသစ္စာလည်း မရှိကြောင်း ဟောသည်။ [နှာ-၁၇၅] 'နိရောဓသ နိဿန္ဒော'ဟု ဆိုရသည်။ နိဗ္ဗာန်ဆိုသော နိရောဓသစ္စာ၏ လွတ်မြောက်ကြောင်း ဖြစ်သော သဘောသည် ဒုက္ခမှ လွတ်မြောက် သွားခြင်း ဖြစ်သည်။ နိဗ္ဗာန်ဆိုတာ ဝဋ်ကျွတ်သွားခြင်း သဘောကို ဆိုခြင်း ဖြစ်၏။ [နှာ-၁၇၆] ထို့နောက် ထုံးစံအတိုင်း ပဋိစ္စသမုပ္ပာဒ်ကို ရှင်းပြပြန်သည်။ ပစ္စုပ္ပန်မှာ ခန္ဓာ ဒုက္ခသစ္စာကို ရထားရင်း အနာဂတ်မှာ ဒုက္ခရအောင်လည်း ပစ္စုပ္ပန်မှာ သမုဒယ တဏှာ၊ ဥပါဒါန်၊ ကံကို ကြိုးစားနေကြပုံကို ပြသည်။ တဏှာ၊ ဥပါဒါန်၊ ကံ မပြတ်လျှင် အနာဂတ်ဘဝ အကျိုးလာမည် ဖြစ်သည်။

ယခု တရားနာနေကြတာသည် အနာဂတ် အကြောင်းသုံးခုကို သတ်နေကြခြင်း ဖြစ်ကြောင်း ဟောသည်။ [နှာ-၁၈၂] ပဋိစ္စသမုပ္ပာဒ် အရ ဝေဒနာက တဏှာကို မကူးအောင် လုပ်ဖို့ အရေးကြီးသည်။ ရှေ့မှာလည်း ဝေဒနာနှင့် တဏှာ ကြားမှာ ဘုရားပွင့်တော်မူကြောင်း အကြိမ်ကြိမ် ဟောဖူးပြီ။ [နှာ-၁၈၄] ဤတွင် တဏှာ မလာမီ ရှေ့ကဖြစ်သော သဠာယတန၊ ဖဿ၊ ဝေဒနာကို ဖြစ်ပျက်ရှုရမည်။ ဖဿကို ရှုလျှင် ဖဿထဲမှာ ဝိညာဉ်စိတ်တွေ ပေါ်သည်။ စိတ်ကို ရှုလျှင်လည်း ရသည်။ ဝေဒနာကို ဖြစ်ပျက်ရှုချင်လည်း ရှုနိုင်သည်။ ရုပ်ကို ရှုလည်း ဖြစ်ကြောင်း ဟောသည်။ [နှာ-၁၈၇] ဘယ်နေရာ သောတာပန် တည်မလဲ မေးလျှင် တဏှာ မလာအောင် လုပ်နိုင်သော နေရာမှာ တည်သည်ဟု ဆိုသည်။ စိတ်နောက်က မဂ်၊ ဝေဒနာနောက်က မဂ် ဝင်တားလျှင် တဏှာ မလာနိုင်တော့ပါ။ ဝိပဿနာမဂ်က

http://www.dhammadownload.com



ပဥ္စင်္ဂိကမဂ်၊ ငါးခုမဂ်စစ်က ရှစ်ခုအပြည့် ဖြစ်ကြောင်းလည်း ပြသည်။ ဤဝိပဿနာမဂ်၏ သတ္တိမှာ အနာဂတ်အကျိုး ဒုက္ခကို ဖြစ်စေမည့် အနာဂတ် အကြောင်း (တဏှာ၊ ဥပါဒါန်၊ ကံ)ကို ဖြတ်ချလိုက်သည်။ [နှာ-၁၈၉] ပဋိစ္စသမုပ္ပာဒ်ကို ပြရခြင်းမှာ ဝဋ်သုံးပါး ပါနေ၍ ဖြစ်သည်။ နိဗ္ဗာန်ကို ရချင်လျှင် ဤဝဋ်တွေကို ချုပ်ပြတ်အောင် လုပ်ရမည်။ ဝဋ်များမှ ကျွတ်ခြင်းသည် နိဗ္ဗာန်ဖြစ်၏။ နိရောဓေဿ၊ နိဿရဏဋ္ဌော)

ထို့နောက် ဝေဒနာနောက်က မဂ်ဝင်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ ပြတ်ပုံ၊ ကိလေသဝဋ် ကျွတ်ပုံကို ပြသည်။ ကံပြတ်သောအခါ ကမ္မဝဋ် ကျွတ်တော့သည်။ [နှာ-၁၉၃] ကမ္မဝဋ် ကျွတ်သောအခါ ဇာတိ၊ ဇရာ၊ မရဏ မလာဘဲ ဝိပါကဝဋ်လည်း ကျွတ်သည်။ ဝဋ်သုံးပါး ကျွတ်တာသည် နိဗ္ဗာန် ဖြစ်ကြောင်း ထပ်မံ ဟောကြားပြန်သည်။ ထို့နောက် ဝိညာဏ်နောက်က မဂ်၊ ဝေဒနာနောက်က မဂ်ပေါ်၍ ဝဋ်ကျွတ်ရကြောင်းကို ပေါ်လွင်အောင် ရှင်းပြသည်။ ဝေဒနာနောက်က တဏှာမလာလျှင် အနာဂတ် အကြောင်းတွေ ပြတ်တော့သည်။ အကြောင်းပြတ်သောကြောင့် အကျိုး ဝိပါကဝဋ်တွေ မလာနိုင်တော့ပါ။ ကိလေသာဝဋ်နှင့် ကမ္မဝဋ်က သမုဒယသစ္စာ။ ဝိပါကဝဋ်က ဒုက္ခသစ္စာ ဖြစ်သည်။ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ ချုပ်သွားလျှင် ဝဋ်ကျွတ်တော့သည်။[နှာ-၁၉၇] ဒါကြောင့် မဂ်သည် သမုဒယသစ္စာကိုရော၊ ဒုက္ခသစ္စာကိုရော ဖြတ်သည်။ သမုဒယသစ္စာကို ပယ်ပြီး ဒုက္ခသစ္စာကိုလည်း မဂ်က ပိုင်းခြား ထားပစ်ခဲ့သည်ဟု ဆိုသည်။ [နှာ-၁၉၈]

ထို့နောက် မဂ်သဘောကို 'ကိလေသေမာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ' ဟူ၍လည်းကောင်း၊ 'နိဗ္ဗာနံ မဂ္ဂတိဂဝေသတီတိ မဂ္ဂေါ' ဟူ၍ လည်းကောင်း ပြသည်။ ကိလေသာကို သတ်ပြီးသွားသောကြောင့် မဂ်ဟု ခေါ်သည်။ နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် မဂ်ဟု ခေါ်ပုံကို ရှင်းပြသည်။ [နှာ-၂၀၀] မဂ်ဆိုတာ သမ္မာဒိဋ္ဌိ မျက်လုံးပဲ ဟုလည်း ဆိုသည်။ ထို့နောက် ပဋိစ္စသမုပ္ပာဒ် အလို ခန္ဓာငါးပါးကို သတိပဋ္ဌာန် အလို နပဿနာ ၄ ပါးဖြင့် ဝေပုံချပြသည်။ မဂ်သည် ရုစရာရှိလို့ ပေါ်တာ ဟုလည်း ဆိုသည်။ ရှုစရာ ရုပ်နာမ်ပဲ ရှိသည်။ ရုပ်ရှုလည်း နာမ်ပါသည်ဟု ဆိုသည်။ [နှာ-၂၀၂] နာမ်က ခွဲလို့ မရပါ။ နာမ်တစ်ခု ပျက်လျှင် ကျန်တာတွေလည်း အားလုံး ပျက်သည်။ [နှာ-၂၀၃] ဝေဒနာ ရှုလျှင် နာမ်ရှုခြင်း ဖြစ်သည်။ ဝေဒနာ ရှုလည်း ဖြစ်ပျက် အနိစ္စပဲ တွေ့ရသည်။ အနိစ္စ ရှိလျက် အနိစ္စကို မသိလျှင် မဂ် မလာဘဲ တဏှာ၊ ဥပါဒါန် လာသည်။ [နှာ-၂၀၄] အနိစ္စကို သိအောင် ဆရာဘုန်းကြီးက ကူမည်ဟု ဆိုသည်။

http://www.dhammadownload.com



ထိုသို့ ဉာဏ်ဖြင့် ဖြစ်ပျက် အနိစ္စကို မြင်မည်။ မြင်လျှင်လည်း မကျေနပ်နှင့်ဦး။ အနိစ္စကို မုန်းအောင်ရှုရဦးမည်။ ထပ်တလဲလဲ ရှု၊ ရှုဖန်များတော့ မုန်းလာမည်၊ မုန်းစရာနှင့် မုန်းတာမှာ မုန်းစရာက ရှေ့သွား၊ မုန်းဉာဏ်က နောက်လိုက်ဖြစ်ကြောင်း ရှင်းပြထားသည်။ [နှ၁-၂၀၆] ဖြစ်ပျက် မြင်တာ ယထာဘူတဉာဏ်၊ ဖြစ်ပျက် မုန်းတာက နိဗ္ဗိန္ဒဉာဏ် ဖြစ်၏။ မုန်းဉာဏ် ပေါ်လည်း ဆက်ရှုရမည်။ ဆင်းရဲချည်း မြင်လာလျှင် ဖြစ်ပျက်အဆုံးကို ရောက်သွား ကြလိမ့်မည်။ ဖြစ်ပျက် ဒုက္ခအဆုံးကို မြင်လျှင် မဂ္ဂင်ရှစ်ပါး ပေါ်လာမည်။ ဒုက္ခ ဆုံးသောကြောင့် မဂ္ဂင်ရှစ်ပါး ပြည့်စုံခြင်း ဖြစ်သည်။ ဒုက္ခဆုံးတာ နိရောဓသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ ဖြစ်သည်။ [နှ၁-၂၀၈] မဂ်သည် ဒုက္ခအဆုံးကို မြင်ပါသည်။ ထိုအခါ ဝဋ်သုံးပါးမှ ကျွတ်တော့သည်။ [နှ၁-၂၀၉] နိဗ္ဗာန် မြင်မှ ဝဋ်ကျွတ်သည်ဟု မှတ်ရမည်။ 'နိရောဓေ ဉာဏံ' သဘောကို ဟောခြင်း ဖြစ်သည်။ [နှ၁-၂၁၀] (ဤတွင် နိဗ္ဗာန်က အာရမ္မဏ ပစ္စည်း၊ မဂ်က အာရမ္မဏ ပစ္စယုပ္ပန် ဖြစ်ကြောင်း ရှင်းထားသည်။) နိဗ္ဗာန်ကို မဂ်က မြင်မှသာလျှင် ဝဋ်သုံးပါး ကျွတ်ပါသည်။ နိဗ္ဗာန် မြင်ခြင်းနှင့် ဝဋ်ကျွတ် ခြင်းသည် တစ်ပြိုင်နက် ဖြစ်သည်ဟု ဟောထားသည်။ [နှ၁-၂၁၁]

ဒါကြောင့် ဒုက္ခအဆုံးကို မြင်သော ပုဂ္ဂိုလ်မှသာ ဝဋ်ကျွတ်သည်ဟု မှတ်ရ မည်။ နိဗ္ဗာန်မှာ ဝဋ်မရှိခြင်း သဘောကို နားလည်ရမည်။ [နှ၁-၂၁၂] ဒါကြောင့် ပဋ္ဌာန်း ပါဠိတော်မှာ 'နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော'ဟု ဟောထား ကြောင်း ထုတ်ပြပါသည်။ နိဗ္ဗာန်သည် ဘယ်လက္ခဏာ ရှိသလဲဟု မေးလျှင် ဝဋ် ဒုက္ခမှ အေးငြိမ်းခြင်း လက္ခဏာ ရှိပါသည်ဟု ဖြေရမည်။ ဒါကြောင့် နိဗ္ဗာန်ကို ရောက်ချင်လျှင် စိတ် ဖြစ်ပျက်၊ ဝေဒနာ ဖြစ်ပျက် ရှုပါဟု နည်းလမ်း ပေးထားသည်။ ထို့ကြောင့် နိဗ္ဗာန်မှာ သန္တိလက္ခဏာ ငြိမ်းအေးခြင်း သဘော ရှိပါသည်။ အပူ လောင်စာတွေ အားလုံး ငြိမ်းအေးသွားတာ နိရောဓသစ္စာပဲဟု ဟောရင်း အချိန်စေ့၍ တရား ရပ်နားပါသည်။

*

၅။ ခန္ဓာငါးပါး ချည်တိုင်က မလွတ်နိုင် (ဒုတိယ ဂဒ္ဒုလဗဒ္ဓ သုတ်ကို အခြေတည် ဟောသည်ဟု ပြထားသည်။)

[ နေ့စွဲမပါ။ အမရပူရမြို့ မဂ်လာတိုက်မှာ ဟောကြောင်း ဖော်ပြသည်။ ]

သံသရာအစ အဝိဇ္ဇာက၊ သံသရာအဆုံး ဘုရားပွင့်မှ ဆိုသော စကားဖြင့် အစချီလျက် ဤတရားကို ဟောကြားပါသည်။ သာသနာနှစ် ၅၀၀၀ ကျော်မှ

http://www.dhammadownload.com



လူဖြစ်သူများမှာတော့ သံသရာ အစသာ ရှိ၍ သံသရာအဆုံး မရှိတော့ဘူးဟု ဟောသည်။ ဘဝများစွာ သံသရာက ဒုက္ခစက် လည်ပြီး နေခဲ့ကြရသည်။ သံသရာစက် လည်ပုံကို ဇာတိ၊ ဇရာ၊ ဗျာဒိ၊ မရဏမှ ဇာတိ ပြန်ဖြစ်နေပုံဖြင့် ပြသည်။ [နှာ–၂၁၈] ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဒိဒုက္ခ၊ မရဏဒုက္ခ ဒုက္ခသစ္စာနှင့်ချည်း နေခဲ့ကြရသည်။ ဘုရား ပွင့်တော်မူသော အခါမှသာ ဒုက္ခနှင့် အိုးစားကွဲကြရတော့ကြောင်း ဟောသည်။ ထို့နောက် သစ္စာ မသိဘဲ အဝိဇ္ဇာနှင့် မှန်းရမ်းပြီး လုပ်နေသော အလုပ်မှန်သမျှ မျောက်သစ်ကိုင်းလွတ် အလုပ်ချည်း ဖြစ်ကြောင်း ရှင်းထားသည်။ [နှာ–၂၃၄] ပြီးမှ ခန္ဓာငါးပါးကို ဒိဋ္ဌိကပ်ပုံ၊ ငါထင်ပုံ၊ ငါထင်တော့ ထိုငါကို ခင်သော တဏှာ ဖြစ်ပေါ်ပုံကို ပြသည်။ ကြိုးချည်ပုံများ ဖြစ်သည်။ [နှာ–၂၃၅] အကြားအမြင် မရှိသော ပုထုဇဉ်သည် ခန္ဓာငါးပါးကို ခင်သည်။ ဘုရားက ဥပမာပြ ဟောသည်။ ခန္ဓာငါးပါးက ချည်တိုင်နှင့် တူသည်။ ထိုခန္ဓာငါးပါးကို ငါ့ကိုယ်၊ ငါ့ဟာဟု ထင်မှ ဒိဋ္ဌိကြောင့် ခင်မင်သော တဏှာ ဖြစ်ပေါ်လာပြီး တဏှာကြိုးနှင့် ချည်နှောင်ခြင်းကို ခံရသည်။ ဒိဋ္ဌိက လည်ပတ်ကြိုးနှင့် တူသည်။ ချည်တိုင်က ခန္ဓာငါးပါး၊ ဒိဋ္ဌိက လည်ပတ်၊ တဏှာက တိုင်မှာ ချည်သောကြိုး ဖြစ်သည်။ အကြားအမြင် မရှိသော အန္ဓပုထုဇဉ်က ခွေးနှင့်တူသည် ဆို၏။ [နှာ–၂၃၇] ချည်တိုင်မှာ လည်ပတ်ကို ကြိုးသီ၍ ချည်နှောင်ထားခြင်း ခံရသော ခွေးသည် ပြေးကြည့်ပါက ပတ်၍သာ ပြေးနိုင်သည်။ ဘဝတိုင်းမှ အကြားအမြင် မရှိသော ပုထုဇဉ်သည် ခန္ဓာချည်တိုင်မှာ ဒိဋ္ဌိ လည်ပတ်ကို တဏှာကြိုးဖြင့် ချည်နှောင်ခြင်း ခံရသော ခွေးနှင့်တူပုံကို ပြသည်။

ဒါကြောင့် ဤခွေးသည် စားလည်း ချည်တိုင်နားမှာ၊ ကျင်ကြီး ကျင်ငယ် သွားလည်း ချည်တိုင်နားမှာ၊ သေလည်း ချည်တိုင်နားမှာ သေရသည်။ [နှာ–၂၃၉] ဘုရားပွင့်မှ ကြိုးပြတ်အောင်၊ ချည်တိုင်လဲအောင် လုပ်နိုင်သည်။ ဤအကြောင်းကို ခန္ဓာဝဂ္ဂသံယုတ်မှာ ဟောထားကြောင်း ပြသည်။ ဘုရားက ပုထုဇဉ် အကန်း၏ ဘဝကို ခွေးဥပမာဖြင့် တင်စား၍ ပြသည်။ မိမိတို့ကလည်း ကိုယ့်အဖြစ်သည် ဒီလိုပါပဲလားဟု စဉ်းစားလျှင် ပေါ်လာသည်။ အကြားအမြင် မရှိသော အသုတဝါ ပုထုဇဉ်သည် ခန္ဓာချည်တိုင်မှာ ဒိဋ္ဌိ လည်ပတ်ကို တဏှာကြိုးဖြင့် ချည်ထားခြင်း ခံရပုံကို ပေါ်အောင် ပြသည်။ [နှာ–၂၄၁] အကြားအမြင် မရှိသောကြောင့် ထို အန္ဓ ပုထုဇဉ်သည် မိမိ၏ ထိုအဖြစ်ကို စွန့်လိုစိတ် မရှိသောကြောင့်

http://www.dhammadownload.com



ဒါကြောင့် အသက်ရှည်ရပါလို၏ဟု ဆုတောင်းနေတတ်ကြောင်း ပေါ်အောင် ပြသည်။

ဤတရားသည် ထိုချည်တိုင်မှာ တဏှာကြိုး ချည်ထားခြင်း ခံနေရသော ခွေးကို ဘေးမဲ့ လွှတ်ပေးမည့် တရားဖြစ်ကြောင်း ဟောသည်။ [နာ၁-၂၄၂] သစ္စာ လေးပါး မသိသမျှတော့ ဤကြိုး၊ ဤလည်ပတ်၊ ဤချည်တိုင်က ဘယ်တော့မှ လွှတ်လိမ့်မည် မဟုတ်ဟု ဟောသည်။ [နာ၁-၂၄၆] သုတဝါ အရိယာသာဝကော ဖြစ်လျှင် ချည်တိုင်ကျိုး၍ ကြိုးပြတ်ပြီဟု ဟောသည်။ [နာ၁-၂၅၂] ဒါကြောင့် ယခုဘဝ လူဖြစ်စဉ်မှာ တိုင်ကျိုး၊ လည်ပတ်ပြတ်၊ ကြိုးပြတ်အောင် လုပ်ကြရမည် ဖြစ်၏။ ဒါတွေသည် အနှောင်အဖွဲ့တွေပဲဟု သိအောင် လုပ်ကြရမည်။ သက္ကာယဒိဋ္ဌိ နယ်မှာ နိဗ္ဗာန် မရှိဘူး။ နိဗ္ဗာန်က သက္ကာယဒိဋ္ဌိနယ် ပြင်ဘက်မှာသာ ရှိသည်။ ဒါဖြင့် ဒီခွေးလည်ပတ် စွပ်ပြီး တိုင်ပတ်ပေးနေတာသည် သက္ကာယ ဒိဋ္ဌိနယ်ထဲမှာ ဖြစ်၏။[နာ၁-၂၅၅] သက္ကာယဒိဋ္ဌိ ပြုတ်မှ တဏှာလည်း ပြုတ်သည်။ လည်ပတ် ပြတ်မှ ကြိုးပြုတ်သည်။ 'ဒိဋ္ဌိဂတ သမ္ပယုတ္တံ လောဘသမာဂတံ' ဖြစ်ကြောင်း ပြသည်။ [နာ၁-၂၅၆]

ထို့နောက် စိတ္တာနုပဿနာ ရှုနည်းကို ပြသည်။ ကုသိုလ်စိတ်ကလေး ပေါ်လျှင် ဝိတရာဂစိတ် ပေါ်ခြင်းဖြစ်သည်။ 'ဝိတရာဂ စိတ္တန္တိ ပဇာနာတိ' ဆိုသော ကြောင့် ထိုစိတ်ပေါ်လျှင် ပေါ်မှန်းသိအောင် လုပ်ရမည်။ [နာ၁-၂၅၉] စိတ်၏ ဖြစ်ပျက်ကို မြင်အောင်ရှုပါ။ ဝိညာဏက္ခန္ဓာ ဖြစ်သည်။ ထိုစိတ်သည် အနိစ္စ ဖြစ်သည်။ ခန္ဓာ အနိမ္မ ဖြစ်၏။ ခန္ဓာ မမြဲမှန်း၊ အနိစ္စ ဖြစ်မှန်း သိလျှင် ခန္ဓာတိုင် ကျိုးပြီဟု ဆိုသည်။ [နာ၁-၂၆၀] ဘာကြောင့် ဒီတိုင် ကျိုးသလဲ။ ဉာဏ်နှင့် ဖြတ်ပစ် လိုက်၍ ဖြစ်သည်။ ဘာဉာဏ်လဲ။ ဝိပဿနာ မဂ်ဉာဏ် ဖြစ်သည်။ တိုင်ကျိုးလျှင် ကြိုးပြတ်ပြီး၊ လည်ပတ် ပြုတ်ပြီး သုတဝါ အရိယာ သာဝကောဖြစ်ပြီဟု ဆိုသည်။ [နာ၁-၂၆၁] ဒါကြောင့် ခန္ဓာတစ်ခုခုကို ဖြစ်ပျက်ရှုလျှင် တိုင်ကျိုး၊ ကြိုးပြတ်၊ လည်ပတ် ပြုတ်ပြီး သုတဝါ အရိယာသာဝကော အဖြစ် အရိယာနယ်ကို ကူးကြောင်း ပြစဉ် အချိန်ကုန်၍ တရား ရပ်နားသည်။

*

http://www.dhammadownload.com



## ၆။ အရိယာသာဝကမှ အရိယာသို့ လှမ်းတက်နည်း

[ ၁၅–၂–၅၉ နေ့က အမရပူရမြို့ မင်္ဂလာတိုက်၌ ဟောကြားသော တရား ]

မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ဒုတိယ ဂဒ္ဒုလဗဒ္ဓသုတ်ကို ဟောတော်မူကြောင်း အစချီလျက် ဤတရားကို ဟောကြားသည်။ အဝိဇ္ဇာနှင့် တဏှာသည် လက်သည်ကြီး နှစ်ယောက် ဖြစ်သည်။ ခန္ဓာချည်တိုင်ကို မချိုးနိုင်တာလည်း အဝိဇ္ဇာနှင့် တဏှာကြောင့်ပဲဟု ဆိုသည်။ ချည်တိုင်ကျိုး၊ လည်ပတ်ပြုတ်၊ ကြိုးပြတ်ဖို့ ကိစ္စမှာ တရားနာပြီး တရားအလုပ်ကို လုပ်ကြမှသာ ဖြစ်မည်။ ကမ္ဘာပျက်သော အခါ နေငါးစင်း ထွက်မည်။ ထိုအခါ သမုဒ္ဒရာရေများ ခန်းခြောက်သွားမည်။ သို့သော် တရားအလုပ် မလုပ်သမျှ ခန္ဓာကိုယ်ကျိုး၊ လည်ပတ်ပြုတ်၊ ချည်ကြိုးပြတ်ဖို့ အရေး ငါမမြင်ဟု ဘုရားက ဟောတော်မူကြောင်း ပြသည်။ [ နှာ–၂၆၄ ] ဒါကြောင့် သုတဝါ အရိယာသာဝကော ဖြစ်အောင် လုပ်ကြပါဟု တိုက်တွန်းထားသည်။ အဿုတဝါ ပုထုဇ္ဇနော အဖြစ်ဖြင့် နေသရွေ့ သမုဒ္ဒရာရေသာ ခန်းချင်ခန်းမည်။ ကမ္ဘာမြေကြီးနှင့် မြင်းမိုရ်တောင်ကြီးသာ ပျောက်ချင် ပျောက်ကွယ်သွားမည်။ ပုထုဇဉ်ဝဋ် ကျွတ်ဖို့တော့ ငါမမြင်ဘူးဟု မြတ်စွာဘုရား ဟောကြားတော်မူကြောင်း ဟောသည်။ [ နှာ–၂၆၈ ] ပုထုဇဉ်သည် အကြားအမြင်လည်း မရှိ။ ကိလေသာချည်း တောထနေသူ ဖြစ်သည်။ အကြားအမြင် မရှိသူဆိုတာ နားကန်း၊ မျက်စိကန်းနေသူ ဖြစ်ကြောင်း ဖော်ပြထားသည်။ ပုထုဇဉ်၏ အဓိပ္ပာယ်ကို အမျိုးမျိုး ဖော်ပြသည်။ မနေ့က ပုထုဇဉ်ကို ခွေးနှင့် နှိုင်းပြခဲ့သည်။ ယနေ့ နားပင်း၊ မျက်စိကန်း ကိလေသာတောထ သဘောဖြင့် နှိုင်းပြသည်။ [ နှာ–၂၇၉ ]

ထို့နောက် ပုထုဇဉ်သည် ကိုယ့်ကိုယ်ကိုယ် ခင်မင်ပုံများကို ဟောသည်။ ခန္ဓာငါးပါးကို ငါဟု စွဲလမ်းနေကြပုံကို ဟောသည်။ အဿုတဝါ ပုထုဇ္ဇနောကို လှည့်ပြီး ဟောနေခြင်း ဖြစ်သည်။ [ နှာ–၂၈၆ ] အဿုတဝါ ပုထုဇ္ဇနောမှ သုတဝါ အရိယာသာဝကော အဖြစ်သို့ ရောက်အောင် လုပ်ကြဖို့ အကြောင်းကို အဓိကထား၍ ဟောနေခြင်း ဖြစ်သည်။ ထို့နောက် ဆရာကောင်း၊ လမ်းပြကောင်း တွေ့မှ သုတဝါ အရိယာသာဝကော ဖြစ်ခွင့် ရကြပုံကို ပြသည်။ [ နှာ–၂၈၈ ] ဒီခန္ဓာကြီး အပေါ်မှာ သက္ကာယဒိဋ္ဌိ ရှိသော ပုဂ္ဂိုလ် မရောက်ဘူးသောဘုံ၊ မသေဘူးသော နေရာ မရှိကြောင်း အရှင်သာရိပုတ္တရာ ဟောသည် ဆို၏။ [ နှာ–၂၉၂ ] ကံပစ်ချရာ ဘုံမှာ အစိန္တေယျ ဖြစ်သည်။ 'ကမ္မဝိပါကော အစိန္တေယျော' ဟု ပြသည်။ သုတဝါ အရိယာသာဝကော သာ ဖြစ်သေးသည်။ အရိယာအစစ် မဖြစ်သေး။ ဖြစ်အောင် လုပ်ရပေဦးမည်။

http://www.dhammadownload.com



ဖြစ်ချင်လျှင် ဝိပဿနာ ရှုရမည်။ ဖြစ်ပျက်မြင်လျှင် သမ္မာဒိဋ္ဌိ ဖြစ်သွားပြီ ဆို၏။ ခန္ဓာတိုင်ကြီးကို မြဲသည်ဟု မယူတော့ပါ။ အနိစ္စသဘော၊ ဖြစ်ပြီး မရှိ ဖြစ်သွားခြင်း သဘောကို သိပြီ။ အနိစ္စသဘော၊ မရှိခြင်း သဘောကို သိမြင်သွားသောကြောင့် ခန္ဓာကို ခင်သော တဏှာ မလာတော့ပါ။ [နှာ–၂၉၅]

ဒါကြောင့် အရိယာအစစ် ဖြစ်အောင် ဟောမည်ဟု ဆိုသည်။ ဝိပဿနာ ရှုနေရင် ဖြစ်ပြီ ဟူ၏။ ဖြစ်ပျက် မရှုလျှင် မျက်စိကန်း၊ နားပင်းပဲ ဖြစ်၏။ ရှုသော ပုဂ္ဂိုလ်သည် ခန္ဓာငါးပါး တစ်ပါးပါးကို ရှုခြင်းဖြင့် ဒိဋ္ဌိနှင့် တဏှာ သေသွားသည်။ ထို့နောက် အဂ္ဂိဝစ္ဆသုတ်ကို ဟောပြန်သည်။ အဂ္ဂိဝစ္ဆ ပုဏ္ဏားက ဘုရားရှင်အား ဥပါဒါန်ချုပ်သော ပုဂ္ဂိုလ် ဘယ်သွားသလဲဟု မေးသည်။ ဥပါဒါန် ချုပ်လျှင် ကံချုပ်သည်။ ကံချုပ်လျှင် ဇာတိ တစ်ဖန် မလာတော့ပါ။ ဇာတိ မလာသည့်အတွက် နောက်ဘဝမှာ ရုပ်သစ်တွေလည်း မပေါ်တော့ပါ။ ဒါကြောင့် 'ယေန ရူပေန တထာဂတံ ပညပေယျမာနော ပညာပေယျ' ရုပ်ရှိလျှင် သတ္တဝါဆိုသော ပညတ်သည် ထွက်ပေါ်လာသည်။ 'တံရူပံ ဥစ္ဆိန္န မူလကံ တာလာဝတ္ထုကတံ' ဒါကြောင့် ဤရုပ်တွေအားလုံး ချုပ်ဆုံးအောင် ဖြစ်ပျက် ရှုနိုင်းလိုက်သည့် အတွက် ထန်းပင် လည်ပင်း ပြတ်သကဲ့သို့ ဖြစ်သွားပြီ ဆို၏။ [နှာ–၂၉၈]

'ရူပ သင်္ခတ ဝိမုတ္တော' ရုပ်ဟု ခေါ်ဝေါ်ခြင်းမှ လွတ်ကြောင်း ဟောသည်။ ဝေဒနာ ခေါ်ဝေါ်ခြင်းမှ လွတ်၏။ ဒုက္ခ သစ္စာ ခေါ်ခြင်းမှလည်း လွတ်သောကြောင့် နိဗ္ဗာန် ခေါ်ရပါသည်။ ဒါကြောင့် နိဗ္ဗာန်သည် ရုပ်ခေါ်ဝေါ်ခြင်းမှ လွတ်ကြောင်း ဟောသည်။ ဝေဒနာ ခေါ်ဝေါ်ခြင်းမှလည်း လွတ်သည်။ ခြုံပြောလျှင် စိတ်ခေါ်ဝေါ်ခြင်း၊ သညာ ခေါ်ခြင်း၊ သင်္ခါရ ခေါ်ခြင်းတို့မှလည်း လွတ်၏။ ခန္ဓာငါးပါးမှ လွတ်သွားပြီ ဆိုလျှင် ခန္ဓာဆုံးပြီဟု ဆိုနိုင်သည်။ 'ဒုက္ခဿ အန္တ' ဆိုသည့်အတိုင်း ဒုက္ခအဆုံး သို့ ရောက်ပြီ။ [နှာ–၂၉၉] ဒါကြောင့် ခန္ဓာပျောက်အောင်၊ ဆုံးအောင် ရှုရမည်။ စိတ်ရှုရှု၊ ရုပ်ရှုရှု၊ ဝေဒနာရှုရှု၊ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး သုံးချက်သာ လိုက်ပါဟု တိုက်တွန်းသည်။ ဒုက္ခ အဆုံးသည် နိဗ္ဗာန် ဖြစ်သည်။ ဒါကြောင့် ဝိပဿနာ အစသည် ဖြစ်ပျက်၊ ဝိပဿနာ အဆုံးသည် ဖြစ်ပျက်အဆုံးကို တွေ့ခြင်း ဖြစ်၏။ [နှာ–၃၀၀] ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းသွားပြီ ဆိုတော့ ကိုယ်တိုင် အရိယာ ဖြစ်သွားပြီ။ အချိန်စေ့၍ တရားနားသည်။

*

http://www.dhammadownload.com



## ၇။ မာဂဏ္ဍီသုတ် (၁)

[ ၂၄-၂-၅၉ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောကြားသော တရား ]

မာဂဏ္ဍီ ပုဏ္ဏားကြီးအား ဘုရားက သူ့အယူကို ချွတ်ပုံကို ဟောမည် အစချီလျက် ဤတရားကို ဟောသည်။ မာဂဏ္ဍီသုတ်သည် မဇ္ဈိမ ပဏ္ဏာသမှ လာသည်။ ထို့နောက် မာဂဏ္ဍီသုတ်ကို မဟောမီ ရှေ့ပိုင်း တရားကို ဟောသည်။ ပထမ မျက်လုံးနှင့် အဆင်း တိုက်၍ မြင်ဓာတ် ပေါ်ပုံကို ပြသည်။ မြင်စိတ်သည် အကြောင်းတိုက်ဆိုင်မှ ပေါ်လာသော တရား ဖြစ်သည်။ ဒါ မာဂဏ္ဍီသုတ်ကို ဟောဖို့ အခြေအမြစ်ကို ကိုင်ပြောတာဟု ဆိုသည်။ [ နှာ-၃၀၅ ] မြင်စိတ်သည် အကြောင်းတိုက်ဆိုင်မှ ပေါ်လာသော ဧည့်သည်နှင့် တူပုံကို ပြသည်။ ကြေးလင်းကွင်း နှစ်ချပ်ကို တီးလျှင် အသံပေါ်လာပုံကို ဥပမာပြပြီး မြင်စိတ် ပေါ်ပုံကို ရှင်းသည်။ ရုပ်နှစ်ခု (မျက်လုံး အကြည့်နှင့် အဆင်းရုပ်) တိုက်မှ မြင်စိတ် နာမ်ပေါ်လာသည်။ ထိုမြင်စိတ်ကလေးသည် မြင်ပြီး ချုပ်ပျောက်သွားသည်။ တရားမရှိသော (ဝိပဿနာ မရှိသော) ပုဂ္ဂိုလ်မှာ မြင်စိတ် ချုပ်ပျောက်ပြီးနောက် လိုချင်မှု တဏှာ အစားထိုး ကျန်ရစ်ခဲ့သည်။ သဘာဝ ဖြစ်စဉ်ကို ရှေ့ပိုင်း တရားများအဖြစ် ပြောနေခြင်း ဖြစ်သည်။

ဤတွင် မြင်တာမှာ အပြစ်မရှိကြောင်း၊ လိုချင်တာမှာသာ အပြစ်ရှိကြောင်း ဖော်ပြသည်။ [ နှာ-၃၁၀ ] လိုချင်တာက လောဘ (တဏှာ) ဖြစ်သည်။ ထို့နောက် လိုချင်မှု တဏှာကြောင့် ဥပါဒါန် (စွဲလမ်းမှု) ကမ္မဘဝ အားထုတ်မှု ဖြစ်ပုံကို ဆက်ဟောသည်။ ပဋိစ္စသမုပ္ပါဒ် ဖြစ်၏။ ဤတွင် သဂြိုဟ် သဘောအရ ပဋ္ဌာန်ဒါရ ဝိဓ္ဓန်း၊ စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ဆိုတာတွေက ယောဂီများနှင့် မဆိုင်၊ ဘုရားအရာသာ ဖြစ်ကြောင်း ရှင်းထားသည်။ (ဝိပဿနာ ယောဂီသည် အဘိဓမ္မာကို သိစရာ မလိုကြောင်း ဆိုလိုခြင်း ဖြစ်ဟန် တူသည်) [ နှာ-၃၁၁ ] ပြီးမှ ကံချုပ်တော့ (အားထုတ်မှု ပြီးတော့) ဟိုဘက်ဘဝ ဇာတိ ပဋိသန္ဓေ ဖြစ်ပုံကို ပြသည်။ မြင်တာ ဘာအပြစ်ရှိသလဲ၊ မြင်ပြီး ဝိပဿနာဉာဏ် မဝင်လျှင် မြင်မှုက လိုချင်မှု၊ စွဲလမ်းမှု ထိုမှ နောက် ဇာတိပဋိသန္ဓေ အထိ ဆက်သွားသည်။ ခန္ဓာသစ် ဖြစ်ပေါ်လာရသည့် အပါယ်ခန္ဓာလည်း ဒါပဲ ဖြစ်သည်။ ထိုခန္ဓာသည် အားထုတ်၍ ပေါ်လာခြင်း ဖြစ်သည်။ [ နှာ-၃၁၃ ] အားထုတ်ခဲ့မိ၍ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီး ရကြရပုံကို ဆက်ဟောသည်။ ခန္ဓာငါးပါးသည် မသိသူတွေ (အဝိဇ္ဇာ ဖုံးသူတွေ) အားထုတ်၍ ရခြင်း ဖြစ်သည်။ အားထုတ်တုန်းကလည်း ဒုက္ခရောက်မည်ကို မသိ၍ အားထုတ်ခြင်း ဖြစ်သည်။ ဒုက္ခရောက်မှန်း သိတော့ ဤဒုက္ခကို စွန့်ပါလား ဆိုလျှင်

http://www.dhammadownload.com



မသိ၍ မစွန့်နိုင် ဖြစ်ပြန်သည်။ ဒုက္ခသစ္စာကိုပင် အကောင်းထင်နေသောကြောင့် မစွန့်နိုင်၊ မခွာနိုင်ခြင်း ဖြစ်သည်။ [နာ၁-၃၂၃]

ဒါကြောင့် မိဘာရိုးရာ မျက်လုံးဖွင့်တိုင်းမှာ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ လာမည်။ ဒုက္ခသစ္စာကိုသာ ရမည်။ သို့ဖြစ်သောကြောင့် အရိယာရိုးရာ မျက်လုံးဖွင့်နည်း သိဖို့ အရေးကြီးကြောင်း ဟောသည်။ [နာ၁-၃၂၉] အရိယာရိုးရာ မျက်လုံးဖွင့်နည်း သိမှ တဏှာ၊ ဥပါဒါန်၊ ကံက လွတ်မည် ဖြစ်သည်။ မိဘာရိုးရာက ဇာတိလမ်းချည်း သွားသည်။ အရိယာရိုးရာကသာ ဇာတိ မရှိသော လမ်းကို ရောက်သည်။ ဇာတိ မရှိသော လမ်းသည် နိဗ္ဗာန် ဖြစ်၏။ ဇာတိ မရှိမှသာ သံသရာ လမ်းဆုံးသည်ဟု ဆိုသည်။ [နာ၁-၃၃၀] ဇာတိ ရှိသရွေ့ သံသရာ အဝိုင်းပြေး ဖြစ်နေကြောင်း၊ လမ်းဆုံး မရှိကြောင်း ဟောသည်။ ဆရာကောင်း၊ သမားကောင်းဆီက နည်းယူပြီး မျက်လုံး ပြောင်းတပ်ကြပါဟု တိုက်တွန်းထားသည်။ အရိယာ အဖြစ်သို့ ပြောင်းလဲပြီ ဆိုပါက ခန္ဓာကိုယ် တစ်ခုလုံး ပြောင်းသွားပုံ (သေလျှင် မပုပ်ပုံ၊ အရိုး ချိတ်ဆက်ဖြစ်ပုံ၊ ဓာတ်တော် ကျပုံများကို ဟောသည်။) [နာ၁-၃၃၁] မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က ဓာတ်တွေပါ ပြောင်းပစ်ကြောင်း ကို ဟောသည်။

ထို့နောက် ဖြစ်ပျက် သိပေးဖို့ကို ပြသည်။ ဖြစ်ပျက် သိတော့ မဂ်ဖြစ်သည်။ [နာ၁-၃၃၃] မဂ်လာတော့ တဏှာ၊ ဥပါဒါန်၊ ကံ သေသည်။ သမုဒယ ချုပ်သည်။ ထို့ကြောင့် ဇာတိ မလာနိုင်တော့ပါ။ မြင်ပြီးလျှင် လိုချင်တာ လာသည်။ မြင်ပြီး လိုချင်တာ မလာအောင် ဖြစ်ပျက် (ဒုက္ခသစ္စာ)ကို သိပေးရမည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ အနာဂတ် အကျိုးသုံးခု ပြတ်အောင် မဂ်က လုပ်ပေးပုံကို ပြသည်။ ဤသို့ ရှေ့သွား တရားကို ဟောပြီးမှ မာဂဏ္ဍီ ဝတ္ထုကြောင်းကို ဟောသည်။ [နာ၁-၃၃၉]

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ မြတ်စွာဘုရား သီတင်းသုံး နေတော်မူစဉ် က ဖြစ်သည်။ ဘာရဒွါဇ အမည်ရှိ ပုဏ္ဏားတစ်ဦးသည် ၎င်းတို့ ဗြဟ္မဏ ထုံးစံအတိုင်း မီးပူဇော်ခြင်း အမှုကို ပြု၍ နေလေသည်။ ထိုပုဏ္ဏားသည် သူတော်ကောင်း မိတ် သင်္ဂဟများ လာလျှင် ထိုင်ဖို့ မြက်ဖျာကလေး လုပ်ထားသည်။ မြတ်စွာဘုရားက ထိုဖျာကလေးပေါ်မှာ နှစ်ရက် သုံးရက်လောက် သွားပြီး ထိုင်နေရန် စိတ်ဆုံးဖြတ် သည် ဆို၏။ ဤသို့ ပြုခြင်းမှာ မာဂဏ္ဍီ အကျွတ်တရား ရမည်ကို မြင်၍ ဖြစ်၏။ မြတ်စွာဘုရား ထိုမြက်ဖျာပေါ်မှာ လာပြီး သီတင်းသုံး နေသောအခါ မာဂဏ္ဍီ

http://www.dhammadownload.com



ပုဏ္ဏားလည်း ထိုနေရာသို့ လမ်းလျှောက်လာသည်။ မာဂဏ္ဍီပုဏ္ဏားသည် ဂေါတမ ဗုဒ္ဓကို မကြည်ညိုသူ ဖြစ်၏။ မကြည်ညိုခြင်းမှာ အလောင်းတော် ဘဝက ဇနီး မယားနှင့် သားငယ်ကို စွန့်ပြီး တောထွက်သွားသောကြောင့် ဖြစ်၏။ ဗုဒ္ဓသည် မိမိ၏ ကြီးပွား ချမ်းသာရေးကို ဘာမှ လုပ်မသွားဘဲ အကျိုးစီးပွား အားလုံးကို စွန့်ပြီး လောကီ ဆုတ်ယုတ်ရေးကို လုပ်သည်ဟု ရှုမြင်နေ၍ ဖြစ်၏။ [နှာ-၃၄၁] ပုဏ္ဏားတို့ ယုံကြည်သော ကျမ်းဂန်တွေထဲမှာလည်း ထိုကဲ့သို့ လောကီ ကြီးပွားရေးကို ဖြတ်ပြီး ဆုတ်ယုတ်ရေးကို လုပ်သောသူကို မပေါင်းသင်းအပ်ဟု ရေးထားသည့် အတွက် မာဂဏ္ဍီက မြတ်စွာဘုရားကို မနှစ်သက်ခြင်း ဖြစ်၏။ (ဤတွင် ခန္တာကို ဉာဏ်ဖြင့် ရှုဖို့ စာတွေ အားကိုး မနေဖို့ ကြားညှပ် ဟောထားသည်။) [နှာ-၃၄၂]

ခန္တာ ပြောတာကို လိုက်နာ ကျင့်ကြံမှ နိဗ္ဗာန်ရမည်။ စာပေါ်မှာ သောင်တင် မနေသင့်ကြောင်း ဟောသည်။ အသိနှင့် ငြင်းခုံ မနေကြဖို့ ဆရာတော်က ဆုံးမ ထားသည်။ [နှာ-၃၄၄] ကာယမိမ် သမ္မသထ ခန္တာကိုသာ သုံးသပ်ကြပါ။ သဘာဝ ဖြစ်ပျက် အမှန်ကိုသာ သိအောင် လုပ်ကြပါဟု တိုက်တွန်းထားသည်။ [နှာ-၃၄၅] မာဂဏ္ဍီက လောကီအာရုံ ကာမဂုဏ်တွေ ပွားစီးရေးကို အရေးထားသည်။ ဘုရားက လောကီအာရုံ ကာမဂုဏ် ခံစားမှုကို လျော့ပါးအောင် လုပ်ရေးကို တန်ဖိုးထားသည်။ မာဂဏ္ဍီက ကြီးပွားခြင်းကို အလိုရှိသလို ပုထုဇဉ်တိုင်း အလိုရှိကြ သည်သာ ဖြစ်၏။ ခံစားတော့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ရအောင် အားထုတ်သည်။ အားထုတ်တော့ ရသည်။ ရတော့ စွန့်နိုင်ခဲတော့သည်။ လောက ကြီးပွားခြင်းကို အလိုရှိသူတွေကို ဆရာတော်ကြီးက မာဂဏ္ဍီ အမျိုးတွေဟု ခေါ် သည်။ [နှာ-၃၄၆] ဒါပေမဲ့ မာဂဏ္ဍီက ဘုရားနှင့်တွေ့တော့ ကျွတ်တမ်းဝင်သည်။ ဗုဒ္ဓဘာသာဝင်တွေက ကျွတ်တမ်း မဝင်နိုင်ပုံကို ဝေဖန်ပြသည်။

မာဂဏ္ဍီပုဏ္ဏားက မြက်ခင်းပေါ် လာပြီး သီတင်းသုံးနေသော ဗုဒ္ဓကို အကြောင်းပြုပြီး ဘာရဒွါဇ ပုဏ္ဏားနှင့် အငြင်းစကား ပွားကြသည်။ မာဂဏ္ဍီက ဗုဒ္ဓအကြောင်း ကြားရတာ ကျက်သရေ မရှိဘူး၊ မင်္ဂလာ မရှိဘူးဟု ဆိုသဖြင့် ဘာရဒွါဇက ထိုသို့ မပြောသင့်ကြောင်း ပြောသည်။ ဘုရားက ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် သူတို့ ပြောနေသော စကားများကို အကုန်ကြားသည်။ ထို့ကြောင့် သူတို့ထံ ကြွလာပြီး မြက်ခင်းနှင့် ပတ်သက်ပြီး ဘာတွေ အငြင်းပွားနေကြသလဲဟု မေးသည်။ မာဂဏ္ဍီ ထိတ်လန့်သွားသည်။ မိမိတို့ နှစ်ဦးတည်း ကွယ်ရာမှာ ပြောနေ

http://www.dhammadownload.com



သော စကားများကို ဘယ်ပုံဘယ်နည်း ဘုရားက ကြားသလဲဆိုပြီး အံ့သြထိတ်လန့် ဖြစ်သွားခြင်း ဖြစ်သည်။ ထို့နောက် ဘုရားက မျက်လုံးပေါက်က ခန္ဓာ၊ တဏှာ၊ ဥပါဒါန် ပွားစီးပုံ၊ ထိုသို့ ပွားစီးသဖြင့် ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခသစ္စာ ဖြစ်ပုံများကို ဟောသည်။

ဒါကြောင့် လိုချင်မှု၊ စွဲလမ်းမှု၊ အားထုတ်မှု မလာအောင် စောင့်ရှောက်ရပုံကို ဟောသည်။ [နာ-၃၅၀] ကြီးပွားရေး လုပ်တာ သံသရာ ဆက်တဲ့ ဝိထိအစဉ် ဖြစ်သည်။ ဘုရားဟောတာက သံသရာပြတ်တဲ့ ဝိထိစဉ်ဟု ဆိုသည်။ ဒုက္ခ ရောက်ချင်သူက ပွားစီးအောင်၊ ကြီးပွားအောင် လုပ်သည်။ နိဗ္ဗာန် ရောက်ချင်သူက တဏှာ၊ ဥပါဒါန်တွေ မပွားစီးအောင် လုပ်ရသည်။ ဇာတိ၊ ဇရာ၊ မရဏလမ်းကို ဘဝ ကြီးပွားခြင်းလမ်းဟု ထင်နေကြသည်။ မာဂဏ္ဍီ အယူရှိသူတွေ၏ အမြင်ဖြစ်၏။ မာဂဏ္ဍီ ဂိုဏ်းသားတွေက သံသရာခရီး ရှည်ချင်သူတွေ ဖြစ်သည်။ ဘုရား ဂိုဏ်းသား များက သံသရာ ခရီးကို တိုချင်သူတွေ ဖြစ်သည်။ ကြီးပွားရေးလမ်းက ဒုက္ခ ပွားအောင် လုပ်သည်။ ဘုရားလမ်းက ဒုက္ခသိမ်းအောင်လုပ်သည်။ ဒုက္ခသိမ်းချင်ရင် ဘာလုပ်ရမလဲ။ ဖြစ်ပျက်ရှုရမည်။ [နာ-၃၅၃] မာဂဏ္ဍီလမ်းက သံသရာ ချဲ့သည့် လမ်း၊ ဘုရားလမ်းက သံသရာ စခန်းသိမ်းသည့်လမ်း ဖြစ်ကြောင်း ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားသည်။

*

## ၈။ ဗုဒ္ဓဘာသာ ဝါဒရေးရာကို တည့်မတ်စွာ ယူနိုင်သည့် ချိန်ခွင်တစ်လက်

[ ၂၅-၂-၅၉ နေ့က အမရပူရမြို့ မင်္ဂလာရိပ်သာမှာ ဟောသော တရား ]

အဆင်းလည်း ရုပ်၊ မျက်လုံးလည်း ရုပ်ပဲ၊ ရုပ်ရုပ်ချင်း တိုက်တော့ မြင်စိတ် ဝိညာဉ် နာမ်တရား ပေါ်သည်ဟု အစချီပြီး ဤတရားကို ဟောကြားပါသည်။ 'စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပစ္စတိ' ဆိုတာ ဒါပဲဟု ဆိုသည်။ ကြည့်ရုပ် စက္ခုနှင့် မြင်စရာ ရုပ်၊ အဆင်း (ရူပါရုံ) ကိုက်လိုက်တော့ မြင်မှု စက္ခုဝိညာဉ် နာမ်တရားကလေး ပေါ်ပေါက်လာသည်။ ပြီးမှ မာဂဏ္ဍီ ပရိဗိုဇ်၏ အယူအဆကို ဟောသည်။ မာဂဏ္ဍီက မြင်လျှင် နှစ်သက်၊ နှစ်သက်လျှင် လိုချင်၊ လိုချင်လျှင် စွဲလမ်း၊ စွဲလမ်းလျှင် အားထုတ်။ ဒါကို ပွားစီးခြင်းဟု ယူသည်။ အားထုတ်သောကြောင့် ခန္ဓာငါးပါး အထည် ပေါ်ရသည်။ [နာ-၃၅၅] ဒါကြောင့် အားထုတ်သော ပုဂ္ဂိုလ်မှာ ခန္ဓာငါးပါး နောက်ထပ်ရသည်။ ပွားစီးမှုကို အလိုရှိသဖြင့် ခန္ဓာ ဒုက္ခသစ္စာ ရခြင်းဖြစ်ကြောင်း

http://www.dhammadownload.com



ပြသည်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပွားစီးခြင်းကို အလိုမရှိပါ။ မာဂဏ္ဍီ ပရိဗိုဇ်က ဂေါတမ ဗုဒ္ဓဆိုသော အသံကိုပင် မကြားချင်ပါ။ ဗုဒ္ဓသည် ပွားစီးခြင်း (ကြီးပွားခြင်း)ကို ဆန့်ကျင်သူ၊ ဖြတ်တောက်သူ ဖြစ်သည်ဟု ရှုမြင်ထားသောကြောင့် ဖြစ်၏။ ဤတရားသည် ရှေ့က တရားကို ဆက်ဟောခြင်း ဖြစ်၏။ မာဂဏ္ဍီက မြတ်ဗုဒ္ဓကို ပွားစီးခြင်း (ကြီးပွားခြင်း)ကို ဖြတ်တောက်သူဖြစ်၍ မတွေ့ချင်ဘူး၊ မမြင်ချင်ဘူး၊ အသံတောင် မကြားချင်ဘူးဟု ဆိုသည်ကို ဘာရဒွါဇ ပုဏ္ဏားက ထိုသို့ မဆိုသင့်ကြောင့် ဟန့်တားသည်။ တောင်းပန်သော်လည်း မာဂဏ္ဍီက သူတို့ ကျမ်းစာထဲမှာ ထိုသို့လာသည်ဟု ကျမ်းအားကိုးဖြင့် ဆိုသည်။

ဤတွင် စာမှန်နှင့် စာမှားကို ခွဲခြားပြီး ပြသည်။ ပဋိစ္စသမုပ္ပာဒ် ပြတ်အောင် ရေးတာက စာမှန်၊ ပဋိစ္စသမုပ္ပာဒ် ဆက်အောင် ရေးတာက စာမှား ဖြစ်ကြောင်း ပြသည်။ [နှာ–၃၆၁] စာ ချိန်တွယ်နည်း ပေးသည်ဟု ဆိုထားသည်။ ဒုက္ခဝဋ် လည်စေသော စာသည် စာမှား။ ဒုက္ခဝဋ် ပြတ်စေသော စာသာလျှင် စာမှန်ဟု မှတ်ရမည်။ ဘုရားဟောသော တရားမှန်လျှင် 'ဓမ္မကထာနာမ သစ္စာဝိနည်း မုတ္တော နတ္ထိ' ဘုရားဟောသော တရား ဓမ္မ မှန်သမျှ သစ္စာမှ လွတ်သော တရားဟူ၍ နတ္ထိ– မရှိဟု ဆိုသည်။ [နှာ–၃၆၃] ဘုရားဟောတာ မှန်သမျှ ဒုက္ခသစ္စာကို ပိုင်းခြား သိဖို့ သမုဒယသစ္စာကို ပယ်ဖို့ပဲ ဖြစ်သည်။ သစ္စာနှင့် လွတ်သော တရားကို ဘုရား မဟောဘူးဟု ဆိုသည်။ ဒါကို ဆရာတော်က တရားချိန်ခွင် တစ်ခုဟု ခေါ်သည်။ ပဋိစ္စသမုပ္ပာဒ် ပြတ်ရင် စာမှန်၊ တရားမှန် ဖြစ်သည်။ ထိုတရားကို နာပါ၊ အားထုတ်ပါဟု တိုက်တွန်းထားသည်။ ပဋိစ္စသမုပ္ပာဒ် ဆက်သောတရား ဆိုလျှင် စာမှားဟု မှတ်ပါ။ စာမှားက ပြောတာတွေကို မှတ်မနေကြနှင့်ဟု ဆုံးမ သည်။ [နှာ–၃၆၅] ပဋိစ္စသမုပ္ပာဒ် ပြတ်မှ စာမှန်ဟု ဆိုရာ၌ ဥစ္ဆေဒဒိဋ္ဌိ ပြတ်ပုံမျိုး မဖြစ်ရဘူး ဟုလည်း သတိပေးထားသည်။ [နှာ–၃၆၈] ဤတရားသည် သစ္စာ သံယုတ်မှာ ဟောသောတရား ဖြစ်သည်ဟု ဆိုသည်။ [နှာ–၃၇၃] ပြီးမှ မာဂဏ္ဍီဝတ္ထု ကြောင်းကို ဆက်ဟောပြန်သည်။

မာဂဏ္ဍီတို့ လက်ခံသော ကျမ်းဂန် စာပေက ကြီးပွားရေး၊ တိုးတက်ရေးကို လုပ်ရမည်ဟု ဆိုထားသည်။ ပဋိစ္စသမုပ္ပာဒ်ကို နားလည်လျှင် မာဂဏ္ဍီ ယူသော ဘဝလမ်းသည် ဒုက္ခပြီး ဒုက္ခ ဆက်ဖြစ်သော သံသရာ ဘဝလမ်း ဖြစ်သည်။ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏလမ်း ဖြစ်သည်။ သူတို့လို လူတွေက ပဋိစ္စသမုပ္ပာဒ် ဖြတ်သောအသံကို မကြားချင် ဖြစ်သည်။ မာဂဏ္ဍီက ဘုရားကို

http://www.dhammadownload.com



ရန်လုပ်နေသည်။ ဘာရဒွါဇ ပုဏ္ဏားက တောင်းပန်သော်လည်း မရပါ။ [နှာ-၃၇၄] အငြင်းပွားနေစဉ် မြတ်စွာဘုရားက အဘိညာဉ် ဒိဗ္ဗသောတနှင့် ကြားပြီး သူတို့ထံသို့ ကြွလာသည်။ မြက်ခင်းနှင့် ပတ်သက်ပြီး ဘာများ အငြင်းပွားနေသလဲဟု မေးသည်။ မာဂဏ္ဍီ ပရိဗိုဇ် ထိတ်လန့်သွားသည်။ ဗုဒ္ဓသည် အလွန်သိနိုင်သော ပုဂ္ဂိုလ်ပါလား ဟုလည်း အထင်ကြီးသွားသည်။ ဤတွင် ဘုရားက အောက်ပါဂါထာကို ဟောသည်။ 'စက္ခုံ ခေါပန မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပ သမ္မုဒိတံ တံ တထာဂတဿ ဒန္တံ ဂုတ္တံ ရက္ခိတံ'။ မျက်စိသည် အဆင်းနှင့် တိုက်သောအခါ မြင်စိတ် ပေါ်သည်။ ထိုမြင်စိတ်ကို တဏှာ၊ ဥပါဒါန်၊ ကံ မဖြစ်အောင် စောင့်စည်းသည် [နှာ-၃၇၇] ဆိုလျှင် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ၊ သောကပရိဒေဝ ဒုက္ခ၊ ဒေါမနဿမှ မလာဘဲ ချုပ်ပါသည်။ ထိုအခါ ပွားစီးမှု မလာတော့ပါ။ ဘုရားက ပွားစီးမှုကို စောင့်စည်းဖို့ ဟောတော်မူသည် ဆို၏။ [နှာ-၃၇၉] ပြီးမှ ဝိပဿနာရှုပုံကို ဟောသည်။ ဖြစ်ပျက်က အနိစ္စ၊ မြင်တာက မဂ္ဂ ဖြစ်သွားပုံ၊ ထိုအခါ တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်ပုံကို ဟောသည်။ ဗုဒ္ဓဘာသာ အမြင်မှာ ပွားစီးခြင်း ဆိုသည်မှာ ပူစရာ မရှိလို့ ပူစရာရှာတာ၊ ငိုစရာ မရှိလို့ ငိုစရာရှာတာဟု ဆိုသည်။ [နှာ-၃၈၀]

မာဂဏ္ဍီအသွားက ဒုက္ခပွားသည်။ ဘုရား အသွားက ဒုက္ခသိမ်းသည်။ လူတွေမှာ ဘုရား၊ တရား၊ သံဃာနှင့် ဝေးနေလျှင် တဏှာ ခိုင်းသမျှ တဏှာလိုက်ပြီး တဏှာ့ကျွန် ဖြစ်နေရကြောင်း ဟောသည်။ [နှာ-၃၈၂] တဏှာ တရားကို နာနေလျှင် ပြေးနေရမှာပဲ၊ မြင်းမျိုး ဖြစ်နေရမှာပဲဟု ဆိုသည်။ တဏှာခိုင်းလျှင် နေပူပူ၊ မိုးရွာရွာ အပြေးအလွှား ရှာဖွေ နေကြရမည်သာ ဖြစ်၏။ တဏှာခိုင်းသရွေ့ ပြေးနေရတာက မာဂဏ္ဍီအသွား ဖြစ်သည် ဆို၏။ ဒါကြောင့် ပွားစီးခြင်းကို ရပ်သိမ်းရမည်။ ဝိပဿနာနှင့် ရပ်သိမ်းရမည်။ [နှာ-၃၈၄] အစက ပွားစီးတာ ဘာကြောင့်လဲ။ မြင်လို့ ပွားစီးတာ ဖြစ်၏။ ထို မြင်မှုအဆင်းကို ဖြစ်ပျက် ရှုရမည်။ ပွားစီးမည့် အာရုံကို ဖြစ်ပျက်သာ ရှုပါ။ ရှုလိုက်တော့ ဖြစ်ပျက်နောက်က မဂ်ဝင်လာသည်။ တဏှာ၊ ဥပါဒါန်၊ ကံ သေသည်။ ဘာစိတ်ပဲ ပေါ်ပေါ် ပေါ်ရာစိတ်ကို ဖြစ်ပျက် ရှုရမည်။ စားစိတ်ပေါ်ပြီး ပျက်တာ မသိလိုက်၊ မရှုလိုက်လျှင် ထိုစိတ် နောက်က တဏှာ၊ ဥပါဒါန်၊ ကံတွေ လိုက်လာလိမ့်မည်။ [နှာ-၃၈၆] စားချင်စိတ်၊ ဝတ်ချင် စိတ်၊ ရချင်စိတ် (သင်္ခါရက္ခန္ဓာ) ဓမ္မာရုံတွေကိုလည်း ဖြစ်ပျက် ရှုရမည်။ စိတ်၊ စေတသိက်တွေသည် ဓမ္မာရုံတွေ ဖြစ်သည်။ [နှာ-၃၈၇] စိတ်ကူးများသည် တွေးမှ

http://www.dhammadownload.com



ပေါ်သည့်အတွက် မမှာရုံ ခေါ်ရကြောင်းလည်း ရှင်းထားသည်။ စိတ်က ဖြစ်ပြီး ပျက်သွားသည်။ ဉာဏ်နှင့် ရှုလိုက်တော့ မရှိတာ (အနိစ္စ)ပဲ တွေ့သည်။ အနိစ္စကို မြင်လိုက်တာက မဂ္ဂ ဖြစ်၏။ ဒုက္ခသစ္စာတွေပဲလို့ ရှုလိုက်တော့ မဂ္ဂသစ္စာ ဖြစ်သွားသည်။ ဤသို့ ရှုပုံကို ဟောလိုက်သောအခါ မာဂဏ္ဍီလည်း အမှန်သစ္စာ တရားကို သဘောပေါက်လာသည်။

ဘုရားက ပွားစီးခြင်းကို ဖြတ်ပုံကို ပြသည်။ ဖြတ်ရခြင်း အကြောင်းကိုလည်း ဆက်ဟောသည်။ မြင်စိတ်ပေါ်၍ မြင်စိတ်ကို ပြတ်အောင် မဖြတ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခတွေ ဆက်တိုက် ဖြစ်လာသည်။ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသတွေ လိုက်လာသည်။ [*နာ-၃၉၃*] မြင်စိတ် ဖြစ်ပျက်ကို သိအောင် ရှုလိုက်သောအခါ နောက်က လိုချင် စွဲလမ်းမှု၊ တဏှာ၊ ဥပါဒါန်တွေ မလာတော့ပါ။ ဗုဒ္ဓက ဖြစ်ပျက်ကိုသာ ရှု၊ ပွားစီးခြင်း မဖြစ်တော့ဘူးဟု ဟောသည်။ အနိစ္စကို အနိစ္စမှန်း သိလျှင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ မလာတော့ပါ။ မြတ်ဗုဒ္ဓက အလောင်းတော် သိဒ္ဓတ္ထ ဘဝကပင် ပွားစီးခြင်း စည်းစိမ်တွေကို စွန့်ခဲ့ပုံကို ပြသည်။ [*နာ-၄၀၁*] လူတွေမှာ (ပုထုဇဉ်တွေမှာ)တော့ ဝတ်ချိန်၊ စားချိန် ကုန်လို့ အိုမင်းသည့်တိုင် ရှာဖွေဆဲ ဖြစ်ပုံ၊ ကြီးပွားရေး၊ ပွားစီးရေး လုပ်နေကြပုံ၊ အိုစာမင်းစာ ဆိုပြီး လုပ်နေကြပုံတွေကို ဝေဖန်ပြသည်။ လူတွေမှာ လောကီ စည်းစိမ်ထက် ပို၍ ကောင်းသော နိဗ္ဗာန်ချမ်းသာကို မတွေ့သေး၍ လောကီ ပွားစီးရေးကို ရှာနေတာ။ နိဗ္ဗာန်ကို တွေ့အောင် ရှာစမ်းပါ။ တွေ့ရင် လောကီ ပွားစီးရေးသည် ဒုက္ခကိစ္စပဲ ဆိုတာ သိမြင်သွားလိမ့်မည်။ နတ်ပြည် စည်းစိမ် မကြုံသေး၍ လူ့ပြည်စည်းစိမ်ကို အထင်ကြီး နေကြခြင်းသာ ဖြစ်၏။ ဖြစ်ပျက်ရှု၍ ဖြစ်ပျက်မှန်း၊ ဖြစ်ပျက် ဆုံး၍ နိဗ္ဗာန်ကို တွေ့လျှင် ပွားစီးခြင်း ဒုက္ခကို အပြစ်မြင်သွားပုံကို ကလေး နားမလည်၍ ကျင်ကြီးနှင့် ကစားပုံ ဥပမာပေး၍ ဟောပါသည်။ ဤတွင် အချိန်စေ့၍ တရားနားသည်။

*

## ၉။ ဒိဋ္ဌိရောဂါကြီး မာဂဏ္ဍီအား ဘုရား ဟောပုံ

[ ၂၆-၂-၅၉ နေ့က အမရပူရမြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

ဒကာ၊ ဒကာမတွေမှာ ရောဂါ ရှိနေတယ်ဟု မှတ်ရမည် အစချီလျက် ဤတရားကို ဟောသည်။ အမှားကို အမှန်ထင်နေကြတာ ရောဂါတစ်မျိုးပဲ ဟုလည်း

http://www.dhammadownload.com



ဆိုသည်။ ရောဂါ ဖြစ်နေသူ ရောဂါ ပျောက်ဆေးကို မသောက်သရွေ့ ရောဂါ မပျောက်ပါ။ ဘာရောဂါလဲ ဆိုလျှင် ပုထုဇဉ် သန္တာန်မှာ ဒိဋ္ဌိဆိုသော ရောဂါ ရှိနေသည်။ ဒါ မာဂင်္ဂါကို ဟောမည့်တရား ဖြစ်သည် ဆို၏။ [နာ-၄၁၁] ဒိဋ္ဌိ ရှိတော့ အနိစ္စ တရားတွေကို နိစ္စ ထင်နေသည်။ မမြဲတာကို မြဲသည်ဟု ထင်ခြင်း ဖြစ်၏။ အနတ္တ တရားကိုလည်း အတ္တဟု ထင်သည်။ ဒုက္ခကို သုခ ထင်သည်။ အသုဘကို သုဘ ထင်သည်။ 'မိစ္ဆာ ပဿတိတ ဒိဋ္ဌိ' များသောအားဖြင့် ရှုမြင်တတ်၏။ ထို့ကြောင့် ဒိဋ္ဌိမည်၏ဟု ဆိုလိုသည်။ ယနေ့ ထူးထူးခြားခြား မှတ်ရမှာက သောတာပတ္တိမဂ် မရသေးသရွေ့ အမှားလေးချက်ကို ဘယ်တော့မှ မှန်အောင် မမြင်နိုင်ဘူးဟု ဆိုသည်။ [နာ-၄၁၄] အမြင်မှားနေသော ပုဂ္ဂိုလ်သည် မိမိ မှားနေမှန်း မသိလျှင်လည်း ထိုအမှားရောဂါ ပျောက်ဆေးကို ရှာမည် မဟုတ်ချေ။ [နာ-၄၁၇] ရှူးသက် ရှည်ရုံသာ ရှိတော့သည်။ ဆရာကောင်း၊ ဆေးကောင်း တွေ့မှသာ ဤအရှုးရောဂါ ပျောက်ကင်းနိုင်ခွင့် ရနိုင်သည်။ အရှုးရောဂါ လေးမျိုးကို ကုသရန်မှာ မဂ်တည်းဟူသော ဆေးသာ ရှိသည်ဆို၏။ [နာ-၄၂၀] ဒါကြောင့် သောတာပတ္တိမဂ်ကို ရအောင် ကြိုးစားရမည်။ တရား နာနေတုန်း ဒုက္ခသစ္စာကို မြင်၍ အရှုး ပျောက်တာက ယာယီပျောက် ဖြစ်သည်။

ထို့နောက် ပုထုဇဉ်တွေ အနိစ္စကို နိစ္စ ထင်ပုံ၊ ဒုက္ခကို သုခ ထင်ပုံ၊ အနတ္တကို အတ္တ ထင်ပြီး ပြောဆိုတတ်ကြပုံများကို ပြသည်။ အသုဘကို သုဘထင်၍ ပြောဆို ဆက်ဆံ နေကြပုံများကိုလည်း ပြသည်။ [နာ-၄၂၄] ခန္ဓာအပေါ်မှာ အမြင်မှား၊ အထင်မှား ဖြစ်နေပုံ လေးချက်ကို ပြခြင်း ဖြစ်သည်။ ဒိဋ္ဌိ ရှိနေသေးသရွေ့ အပါယ် လေးပါးနှင့် မပြတ်သေးဟု ဆိုသည်။ သောတာပတ္တိမဂ် ရမှသာ အပါယ်တံခါး ပိတ်သည်။ ထို့နောက် ပုထုဇဉ်များ ၉၆ ပါး လမ်းကြမ်းပေါ်မှာ အရှုးလမ်းသွား၊ အကန်းလမ်းသွား သွားခဲ့ကြရသောကြောင့် သေခြင်းဆိုးချည်း သေခဲ့ရပုံကို ပေါ် အောင် ရှင်းသည်။ [နာ-၄၂၉] ပုထုဇဉ်တွေမှာ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွားရေးတွေနှင့် ရှုးနေကြပုံကို ပေါ်အောင် ပြသည်။ ဤအရှုး မပျောက်သေးသရွေ့ မပြုံးကြနှင့်ဦးဟု မှာသည်။ သောတာပတ္တိမဂ် ရမှ ဤအရှုး ပျောက်မည် ဖြစ်သည်။ [နာ-၄၃၃] သို့သော် ပုထုဇဉ်စိတ်မှာ သောတာပန် ဖြစ်ဖို့ အရေးကို ဦးစားမပေးတတ်၊ ဖြည်းဖြည်း လုပ်ရမည့် ကိစ္စဟု သဘောထားကြပုံကို ဟောသည်။ [နာ-၄၃၄] အရှုးပျောက်ဆေးကို သောက်ချင်မှ သောက်မည် ဆိုလျှင် ဘယ်တော့မှ အရှုးရောဂါ

http://www.dhammadownload.com



မပျောက်တော့ပါ။ သောက်ချင်ချင်၊ မသောက်ချင်ချင် မှိတ်ပြီး သောက်ရမည်ဟု ဆိုသည်။ [နှာ-၄၃၆]

ထို့နောက် သောတာပတ္တိမဂ် ရမှ ပျောက်မည့် ရောဂါမို့ သောတာပတ္တိမဂ် ရအောင် မိမိကိုယ်ကို အနိစ္စမြင်အောင် ရှုပါ။ အနိစ္စမုန်းအောင် ရှုပါ။ အနိစ္စဆုံးအောင် ရှုပါဟု ဟောထားသည်။ [နှာ-၄၄၂] ပြီးမှ ပဋာစာရီ အရှုးပျောက်ပုံကို နမူနာပြ ဟောသည်။ ဒုက္ခသစ္စာကို မြင်သွားသောအခါ ပဋာစာရီ အရူးပျောက်ပုံကို ပြသည်။ ထိုအခါ သောတာပန်တည်ပြီ။ [နှာ-၄၄၄] သောတာပတ္တိမဂ် ရမှ သီလ အဝတ် မြဲသည်ဟု ဆိုသည်။ ထို့နောက် မာဂဏ္ဍီပရိဗိုဇ် ဝတ္ထုသို့ ရောက်ပြန်သည်။ မာဂဏ္ဍီက ကိလေသာ ပွားစီးခြင်းကို ကြိုက်သည်။ ဘုရားက ကိလေသာ ချုပ်ငြိမ်းမှုကို ကြိုက်သည်။ မာဂဏ္ဍီ၏ ပွားစီးရေး အမြင်၌ မြင်စိတ်က စပြီးဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေ ပွားများသွားပုံကို ထပ်ပြပြန်သည်။ ရထားသော အရာတွေက အနိစ္စမို့ မမြဲတော့ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသတွေ ဖြစ်ရပုံကို ပြသည်။ ဝမ်းထဲမှာ ကိလေသာမီးဓာတ် ရပြီ။ [နှာ-၄၄၅] ပွားစီးခြင်း လုပ်သူမှာ သောက ပရိဒေဝတွေသာ ရသည်။ ကိလေသာမီးတွေ လောင်သည်။ တွေးလေ ဆွေးလေ ဓာတ်ကို ခင်းနေကြသည်။

ဒါကြောင့် ဒီဓာတ်လမ်းကို သိမ်းချင်လျှင် အဆင်းကို မြင်လျှင် မြင်စိတ်ကို ဖြစ်ပျက် ရှုရမည်။ အနိစ္စကို မြင်တာနှင့် တစ်ပြိုင်နက် တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်သည်။ သောကပရိဒေဝ ဓာတ်သိမ်းသည်။ ဝိပဿနာဉာဏ် ရလျှင်ပင် အရှုး သက်သာခွင့် ရသည်ဟု ဆိုသည်။ [နှာ-၄၅၂] ပွားစီးခြင်းကို လိုတာ အနိစ္စကို နိစ္စမှတ်ထင်နေ၍ ဖြစ်သည်။ ဒုက္ခကို သုခ မှတ်ထင်နေ၍ ဖြစ်သည်။ အနတ္တကို အတ္တ မှတ်ထင်နေ၍ ဖြစ်သည်။ အသုဘကို သုဘ မှတ်ထင်နေ၍ ဖြစ်သည်။ အရှုး ပျောက်ချင်လျှင် ဝိပဿနာ အရင် စပါဟု ဆိုသည်။ [နှာ-၄၅၂] ဒါန၊ သီလ၊ သမထ လောက်နှင့် ကုစ၍ ဤအရှုး မပျောက်ပါ။ ဝိပဿနာ ဆေးနှင့် ကုမှသာ ပျောက်ပါသည်။ ဝိပ္ပလ္လာသ အရှုးပျောက်လျှင် သူများ ကိလေသာ ခံစားတာ မြင်သော်လည်း အားမကျတော့ပါ။ [နှာ-၄၆၂] ဒိဋ္ဌိ မရှိ၍ အားမကျခြင်း ဖြစ်သည်။ ရှိလျှင် လောဘ ကိလေသာ ထသည်။ မရှိလျှင် ဒေါသ ကိလေသာ ထသည်။ ကိလေသာနှနာ ထနေပုံကို ပြသည်။ ကိလေသာ နှနာ ထသူတွေ မီးကင်ဖို့ မီးဖို ရှာနေကြောင်း ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

http://www.dhammadownload.com



## ၁၀။ အလုပ်ကင်းရင် အရူးကျန်တယ်

[ ၂၇-၂-၅၉ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ဒိဋ္ဌိလေးမျိုးသည် အရူးလေးမျိုးပဲဟု မှတ်ပါ အစချီ၍ ဤတရားကို ဟောကြားသည်။ ဒိဋ္ဌိလေးမျိုးမှာ အနိစ္စကို နိစ္စထင်ခြင်း၊ ဒုက္ခကို သုခ ထင်ခြင်း၊ အနတ္တကို အတ္တထင်ခြင်း၊ အသုဘကို သုဘထင်ခြင်းတို့ ဖြစ်သည်။ ဝိပ္ပလ္လာသ လေးမျိုးပင် ဖြစ်၏။ ဝိပ္ပလ္လာသ တရားသည်လည်း အမြင်မှား ဖြစ်သည်။ ဆရာတော်က ဒိဋ္ဌိ လေးမျိုးဟုပင် ခေါ်သည်။ ဤတရား လေးမျိုးကို သောတာပန် တည်သော အခါမှသာ ပယ်နိုင်သည်။ ဝိပဿနာ အလုပ်ကို အားထုတ်နေဆဲမှာ ခေတ္တ ပယ်နိုင်သည်။ ရှောင်ရှားနိုင်ခြင်း သဘော ဖြစ်၏။ [ နှာ-၄၆၈ ] ဒါကြောင့် ဝိပဿနာ အလုပ် ကင်းလျှင် အရူးကျန်သည်ဟု မှတ်ပါ ဆိုသည်။ မဂ်ပေါ်သော အချိန်နှင့် ဝိပဿနာ အားထုတ်နေသော အချိန်၊ ထိုနှစ်ချိန်မှာ အရူး ကင်းသည်။ သောတာပန် မတည်သေးသရွေ့ အယူမှား လေးမျိုး၊ အမှတ်မှားက နှစ်မျိုး၊ အသိမှားက နှစ်မျိုး၊ အားလုံး အရူးနာ ရှစ်မျိုး ရှိသည်ဟု ဆိုသည်။ [ နှာ-၄၇၀ ] အယူမှားက ဒိဋ္ဌိ၊ အမှတ်မှားက သညာ၊ အသိမှားက စိတ် ဖြစ်ကြောင်း ရှင်းပြသည်။ ဒိဋ္ဌိ ဝိပ္ပလ္လာသ၊ သညာဝိပ္ပလ္လာသ၊ စိတ္တ ဝိပ္ပလ္လာသ။ [ နှာ-၄၇၁ ] ဤအရူး ရောဂါတွေကို မပယ်သေး သရွေ့ မဂ္ဂင်လမ်းမှန်ပေါ်ကို မရောက်နိုင်ပါ။ ပုထုဇဉ်တွေ လုပ်ကိုင်နေတာ မှန်သမျှ အမှားချည်း ဖြစ်ပုံကို ပြသည်။ [ နှာ-၄၇၃ ] အရူး ရှိနေသရွေ့ မဂ္ဂင် လမ်းဖြောင့်ပေါ် ကို မရောက်ဘဲ သုံးဆယ့်တစ်ဘုံမှာ လှည့်နေမည် ဖြစ်၏။ ဤ အရူးကို ပယ်နည်း၊ ကုနည်း ပြမည့် ဆရာသမား လိုသည်။ အရူးပျောက်အောင် ကုတတ်သော ဆရာ တွေ့ဖို့ကလည်း မလွယ်ကူကြောင်း ဟောသည်။ [ နှာ-၄၇၇ ]

ထို့နောက် အမှတ်မှား၊ အသိမှား၊ အယူမှားနေကြပုံကို ညီမလေး ဥပမာပေး၍ ဟောပြန်သည်။ [ နှာ-၄၈၂ ] ထို့နောက် ဝိပဿနာ ရှု၍ ဖြစ်ပျက်မြင်လျှင် အရူးရောဂါ သက်သာသည်။ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို မြင်လျှင် အရူးရောဂါ ပျောက်သည် ဆို၏။ [ နှာ-၄၉၄ ] အရူးရောဂါ ပျောက်အောင် ကိုယ့်ဘာသာ ဆင်ခြင်နည်းကို ပေးသည်။ သားကလေး မြင်၍ ခင်မှပဲဆိုလျှင် ဒါခင်စရာ မဟုတ်ဘူး။ အသုဘကလေး၊ ရုပ်နာမ်ကလေးပဲ၊ အားကိုးရမှာပဲ ဆိုလျှင် ဒါ အားကိုးစရာ မဟုတ်ဘူး၊ အနတ္တကလေးပဲဟု နှလုံးသွင်းရန် မှာကြားသည်။ အမြင်မှား၊ အယူမှား ကို ပြင်ကြရမည် ဆို၏။ [ နှာ-၄၉၉ ] အမှတ်မှားက စပြင်ပါဟု ဆိုသည်။ ထို့နောက် မာဂဏ္ဍီက အရူး ပွားစီးတာကို ကြိုက်ပုံ၊ ဘုရားက အရူးရောဂါ ပျောက်တာကို

http://www.dhammadownload.com



ကြိုက်ပုံကို ခွဲခြား၍ ဟောသည်။ [ နှာ–၅၀၀ ] အနူရောဂါ ရှိသောသူ မီးကင်ပုံ ဥပမာကို ပြန်ဟောသည်။ ထိုနူနာရောဂါသည် ဆေးကုသ၍ ပျောက်ကင်း သွားသော အခါ အခြား နူနာသည် မီးကင်တာကို မြင်သော်လည်း သူ့မှာ မီးကင်ချင်စိတ် မရှိတော့ကြောင်း ဟောသည်။ အနာရှိသူ ဆေးအလိုရှိသည်။ အနာပျောက်လျှင် ဆေးမလိုတော့ပါ။

ဒါကြောင့် မာဂဏ္ဍီလို အရှုးရောဂါ ရှိသူတို့က ကိလေသာ ပွားမှုကို ကြိုက်သည်။ ကိလေသာရှုး ရှုးနေတာက သမုဒယသစ္စာ၊ သမုဒယသစ္စာ ရှိနေသရွေ့ နိဗ္ဗာန်ကို မရပါ။ သားခင်၊ သမီးခင်၊ ပစ္စည်းခင်သော တဏှာ ကိလေသာတွေ မရှိမှ အရှုးပျောက်မည်။ ထို့နောက် ကိလေသာကို ဒေါသနှင့် ခွာပုံနှင့် ဉာဏ်နှင့် ခွာပုံ ကွာခြားကြောင်း ဟောသည်။ လင်စိတ်၊ သားစိတ် ကုန်ပါပြီ ဆိုတာက ဒေါသနှင့် ခွာတာ ဖြစ်သည်။ ကိလေသာကို မဂ်နှင့်ပယ်မှ ပြတ်သည်ဟု ဆိုသည်။ [ နှာ–၅၁၇ ] ကိလေသာအရှုး ပျောက်သူကိုသာ နိဗ္ဗာန်က လက်ခံသည်။ အရှုးကိုသာ လက်ခံလျှင် နိဗ္ဗာန်တောင် ဆန့်မှာ မဟုတ်ဘူးဟု ဟာသနှော၍ ဟောရင်း အချိန်စေ့၍ တရား ရပ်နားသည်။

*

## ၁၁။ သိမ်မွေ့တဲ့ ရုပ်နာမ်အမြင်ကို သူစိမ်း ပြင်ပထားပြီး မြင်ကြပါ

[ ၁–၃–၅၉ နေ့က အမရပူရမြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

တရား နာနေကြရာမှာ ထိုင်ချင်တာ နာမ်တရား၊ ထိုင်နေတာ ရုပ်တရား ဖြစ်ကြောင်း အစချီလျက် ဤတရားကို ဟောကြားသည်။ ဒါကြောင့် နာမ်က အခိုင်းသမား ဖြစ်ပြီး ရုပ်က အလုပ်သမား ဖြစ်သည်။ ယောကျ်ား၊ မိန်းမတွေ မဟုတ်ဘဲ နာမ်နှင့် ရုပ်တွေ ဖြစ်ကြောင်း ပြသည်။ ဤ နာမ်၊ ရုပ် နှစ်ပါးကို ဝိပဿနာ ရှုတတ်အောင် ဉာဏ်ဖြင့် ရှုဖို့ မှာခဲ့ကြောင်း ဟောသည်။ [ နှာ–၅၂၀ ] ရုပ်ကို ကြမ်းကြမ်းတမ်းတမ်း အခိုင်အခဲကြီးဟု မြင်နေလျှင် နိဗ္ဗာန်ရောက်သော အမြင် မဟုတ်သေးဟု ဆိုသည်။ ဖြစ်ပြီး ပျက်သွားတာ ပျောက်သွားတာကို မြင်ရမည်။ သို့မှသာ နိဗ္ဗာန်ရောက်သော အမြင် ဖြစ်သည်။ ရုပ်ပဲ ဖြစ်ဖြစ်၊ စိတ်ပဲ ဖြစ်ဖြစ် ပေါ်ပြီး ပျောက်သွားတာကို မြင်အောင် ရှုရမည်။ သိမ်မွေ့သည့် သဘောကို ရှုရမည်။ [ နှာ–၅၂၁ ] သိမ်မွေ့သော ရုပ်တရား၊ နာမ်တရား နှစ်ခုကို ထိုးထွင်းဉာဏ်နှင့် မှသာ သိနိုင်သည်။ ထိုသို့ မြင်မှ ယထာဘူတ အမြင်မှန်ဉာဏ် ဖြစ်သည်။

http://www.dhammadownload.com



အမြင်မှန် ဖြစ်လျှင် သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်ငါးပါးဖြင့် မြင်ခြင်း ဖြစ်၏။ [နာ၁–၅၂၂] သိမ်မွေ့တာကို မြင်ခြင်းသည် ဟုတ်တိုင်းမှန်စွာ မြင်ခြင်း ဖြစ်သည်။ ထိုသို့ မြင်လျှင် မိမိတို့သည် ဤဘဝမှာပင် ကိစ္စ ပြီးစီးနိုင်သည်ဟု မှတ်နိုင်ပြီ ဆို၏။ [နာ၁–၅၂၃] ယခု ဘဝမှာပင် ဒုက္ခခပ်သိမ်း ငြိမ်းအေးမှုကို ရအောင် အားထုတ်ကြဖို့ တိုက်တွန်း ထားသည်။ [နာ၁–၅၂၆] မိမိတို့သည် တိဟိတ် ပုဂ္ဂိုလ်တွေ ဖြစ်ကြောင်း နားလည်ရမည်ဟု ဆိုသည်။ [နာ၁–၅၂၇] ဖြစ်ပျက်မြင်လျှင်ပင် တိဟိတ်ပုဂ္ဂိုလ် ဖြစ်ပြီး ဒီဘဝမှာ တရားရနိုင်သူပဲဟု ဆုံးဖြတ်ချက် ချနိုင်ပြီ ဆို၏။ [နာ၁–၅၂၉]

ထို့နောက် စိတ်တွေ ပေါ်ပြီး ပျက်ပုံကို ပြသည်။ ထိုဖြစ်ပျက်တွေသည် ငါ့ကိုယ်၊ ငါ့ဟာ မဟုတ်ကြောင်း ပြသည်။ ငါ့ရုပ် ငါ့နာမ်လည်း မဟုတ်ဘူး၊ အနိစ္စ ရုပ်နာမ်သာ ဖြစ်သည်။ ရုပ် နာမ်၏ ပင်ကိုသဘောက ဖြစ်သည် ဖြစ်ပျက်သည်။ ဖြစ်ပျက်ထဲ ငါဝင်မရှုပ် ပါစေနှင့်ဟု ဆိုသည်။ [နာ၁–၅၃၄] ဖြစ်ပျက်ထဲမှာ ငါဝင်ရှုပ်လိုက်လျှင် မရှိတာလည်း ငါ့ဟာပဲ ဖြစ်သွားလိမ့်မည်။ ဤသုံးမျိုး မသုံးသင့်ကြောင်း ဟောသည်။ [နာ၁–၅၃၅] ရုပ်နာမ်က ဖြစ်ပျက်ပြီး ပြတာကို ငါ့ကိုယ့် ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ပါကလား ဟု ဆုံးဖြတ်ချက် ချရမည်။ ရုပ်နာမ်တွေ ဖြစ်ပျက်နေတာကို ပရတော သဘော၊ သူစိမ်းပြင်ပြင် သဘောထားပြီး ရှုရမည် ဆိုသည်။ [နာ၁–၅၃၇] ဤသို့ ရှုလျှင် ဒိဋ္ဌိတဏှာ ပြုတ်ထွက်သွားသည်။ တဏှာ ပြုတ်ပါက ဥပါဒါန်ရော ကံပါ ပြုတ်သွား သည်။

ထို့ကြောင့် ဇာတိ၊ ဇရာ၊ မရဏ ပြတ်တော့သည်။ ရုပ်နာမ် ဖြစ်ပျက်တာဟာ သူ့သဘောပဲ၊ သဘာဝပဲ၊ ကိုယ်နှင့် မပတ်သက်ဘူး၊ မဆိုင်ဘူးဟု သဘောထားသင့် ကြောင်း ဟောသည်။ ပရတော သဘောကို ရှင်းအောင် ပြခြင်း ဖြစ်သည်။ လေတိုက်လို့ သစ်ပင် လှုပ်ပုံ ဥပမာကို ပြသည်။ ရုပ်နာမ် ဖြစ်ပျက်ကို သူစိမ်းပြင်ပ သဘောထား ပြီး ကိုယ်နှင့် မဆိုင်သလို ရှုတတ်လျှင် သက္ကာယဒိဋ္ဌိ ပြုတ်သည်ဟု ဆိုသည်။ [နာ၁–၅၄၀] တဏှာဒိဋ္ဌိကြည့်၊ ကြည့်လျှင် သူစိမ်းဆန်တာ ဆိုးသည်။ နိဗ္ဗာန် ရောက်ချင်လျှင်တော့ သူစိမ်းလိုပဲ ကြည့်ရမည်။ တဏှာဒိဋ္ဌိနှင့် ကြည့်နေလျှင် ငရဲကို တည်ဆောက်နေခြင်း ဖြစ်သည်။ အမြင်မှန်ဖို့ အရေးကြီးကြောင်း ဟောသည်။ မှားသောလမ်းက အပါယ်ငရဲ၊ မှန်သောလမ်းက နိဗ္ဗာန် ဖြစ်သည်။ အမြင်မှန်ရသော နေ့ အပါယ်တံခါး ပိတ်သည် ဆို၏။ ပြီးမှ ရုပ်နာမ်ကို အတုံးအခဲ မြင်နေသေးလျှင် အမြင်မှား ဖြစ်ကြောင်း ပြန်ကောက်ပြန်သည်။ ပညတ်အမြင် မဖြစ်ဘဲ၊ ပရမတ် အမြင် ဖြစ်ဖို့ ဟောပြန်သည်။

http://www.dhammadownload.com



ထို့နောက် အတုံးအခဲ မြင်နေလျှင် အမြင်ကြမ်း၊ သိမ်မွေ့သော ပရမတ်အမြင်၊ ဉာဏ်အမြင်ကို အမြင်နုဟု စကားလုံး ပြောင်းပြီး ခေါ်ပြန်သည်။ [နှာ-၅၅၀] နားလည်လွယ်အောင် စကား တန်ဆာဆင်ပြီး လှည့်ပတ် ဟောတာဟု ဆိုသည်။ ဒကာ၊ ဒကာမများ ကိလေသာ ထူနေ၍ လျှာရှည်နေရတာဟု ဆိုသည်။ [နှာ-၅၅၁] တရားသဘောက သိမ်မွေ့သော ရုပ်နာမ်ကို သူ့စိမ်း သဘောထားပြီး မြင်အောင်ကြည့် ဆိုတာပဲ ဖြစ်သည်။ တရား မများပါ။ ရုပ်နာမ် ဖြစ်ပျက်ကို အမြင်မှန်အောင် ကြည့်နိုင်လျှင် ဒီဘဝမှာ တရားရမည့် တိဟိတ် ပုဂ္ဂိုလ် ဖြစ်သည်ဟု ဆုံးဖြတ်ချက် ချနိုင်ပြီ ဆိုသည်။ [နှာ-၅၅၂] သိမ်မွေ့သော ရုပ်နာမ် ဖြစ်ပျက်ကို သူ့စိမ်းပြင်ပ သဘောမြင်လျှင် ပြီးတာပဲဟု ဟောသည်။ ရုပ်နာမ်ကို မိမိ မလုပ်ဖို့ အရေးကြီးသည်။ [နှာ-၅၅၃] ဤတရားကို အရှင်မောဂ္ဂလာန် ဟောသည်ဟု ဖော်ပြထားသည်။ [နှာ-၅၅၈] ထေရဂါထာ၊ မဟာမောဂ္ဂလာ နတ္ထေရဂါထာ အမှတ် ၃၉၂ ကို ကိုးကားထားသည်။

'နယိဒံ သိထိလ မာရဗ္ဘ၊ နယိဒံ အပ္ပေန ထာမသာ၊
နိဗ္ဗာန မထိ ဂန္တဗ္ဗံ၊ သဗ္ဗ ဂန္ထပမောဝနံ၊ (ဂါထာအမှတ် ၁၁၇၄)
သုခုမံတေ ပဋိဝိဇ္ဈန္တိ၊ ဝိလဂ္ဂံ ဥသုနာယထာ၊
ယေ ပဉ္စက္ခန္ဓေ ပဿန္တိ၊ ပရတော နောစ အတ္တတော။ (ဂါထာ-၃၆၂)

အကြင်ပုဂ္ဂိုလ်သည် ခန္ဓာငါးပါး ရုပ်နာမ် တရားကို သူ့စိမ်းပြင်ပ အားဖြင့် မြင်ကြ၏။ ကိုယ်ပိုင် အတ္တအားဖြင့် မမြင်ကုန် ဟူ၍ ဖြစ်၏။ ထိုသို့ မြင်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ရောက်၏ဟု ဆိုလိုသည်။ [နှာ-၅၆၂] ရုပ်နာမ် ဖြစ်ပျက်ကို သူ့စိမ်းပြင်ပ သဘောအားဖြင့် မြင်တတ်လျှင် အနတ္တဉာဏ် ရပြီဟု ဆိုသည်။ ထို့နောက် မာဂဏ္ဍီကို ဆက်ပြန်သည်။ သူ့စိမ်းပြင်ပြင် မြင်အောင်ကြည့်၊ ရုပ်နာမ်နှင့် မပေါင်းချင်သောစိတ် ဖြစ်ပေါ်လာလျှင် ထိုဉာဏ်သည် မဂ်ဉာဏ်ပဲဟု ဆိုသည်။ [နှာ-၅၆၄] ထို့နောက် အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၁၂။ မဂ်၊ ဖိုလ် ရကြောင်း နည်းလမ်းကောင်း

[ ၁-၃-၅၉ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

သူတော် ဆည်းကပ်၊ မြတ်တရားနာ ဆိုသောကြောင့် သူတော်ကောင်းဆီမှာ တရားရှိသည်။ သူတော်ကောင်းကို ဆည်းကပ်မှသာ တရားရနိုင်ကြောင်းကို ဖော်ပြ

http://www.dhammadownload.com



ပြီး ဤတရားကို စတင် ဟောကြားလေသည်။ သူတော်ကောင်းထံမှာ တရားနာရမည်။ နာရုံဖြင့် မပြီးသေး။ လျော်စွာကျင့် ဆိုသောကြောင့် ဖြစ်ပျက်နှင့်မဂ် ကိုက်အောင်လည်း အားထုတ်ရဦးမည်။ သူတော်ကောင်းကို ဆည်းကပ်၊ မြတ်တရားကိုနာ၊ လျော်စွာလည်း ကျင့်လျှင် မဂ်၊ ဖိုလ် အခွင့်သာသည်ဟု ဆိုလိုသည်။ [နှာ–၅၆၆] ဤတရားကို မြတ်စွာဘုရားက မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်မှာ မာဂဏ္ဍိယ သုတ္တန်ကို ဟောကြားခြင်း ဖြစ်သည်။ ပေဋကော ပဒေသကျမ်းမှာလည်း ဤအတိုင်း ဆိုထားကြောင်းပြသည်။ မြတ်တရား နာရမည် ဆိုတာသည် သစ္စာတရားကို နာရမည်ဟု ဆိုလိုသည်။ သစ္စာ မပါဘဲနှင့် နိဗ္ဗာန်ရောက်သော တရား မရှိဟု နားလည်ရမည်။ သစ္စာဆိုတာ တခြားမှာ မရှိဘူး။ ခန္ဓာထဲမှာပဲ ရှိသည်။ ခန္ဓာ ဖြစ်ပျက်တွေသည် ဒုက္ခသစ္စာ ဖြစ်သည်။ ဖြစ်ပြီး ပျက်နေရသော ဒုက္ခသည် အကြီးဆုံး ဖြစ်၏။ [နှာ–၅၆၈] လျော်စွာကျင့် ဆိုတာ ရုပ်နာမ် ဖြစ်ပျက်ကို သိလျှင် ပြီးသည်။ ခန္ဓာက ဒုက္ခပြလျှင် ဉာဏ်က ဒုက္ခကို သိ၊ ခန္ဓာက အနိစ္စပြလျှင် ဉာဏ်က အနိစ္စကို သိ၊ ခန္ဓာက အနတ္တကိုပြလျှင် အနတ္တကို သိရမည်။ ခန္ဓာက သစ္စာပြတာ ဉာဏ်က သစ္စာကို နှလုံးသွင်းတတ်လျှင် ပြီး၏။ (ဤတရားတွင် ဒုက္ခသစ္စာကို နာရင်း ဉာဏ်သွင်းပြီး သိအောင် အားထုတ်လျှင် အာရုံတစ်ပါးသို့ စိတ်လွင့်မသွားလျှင် တရားနာရင်း အဆုံးမှာ သောတာပန် တည်နိုင်ကြောင်း ဟောထားသည်။ [နှာ–၅၇၁] ကိလေသာ ကြားမခိုလျှင် တရားနာရင်း တရားရနိုင်သည်ဟု ဆိုလိုသည်။ [နှာ–၅၇၃]

သို့သော် တရားနာရင်း ရှုရင်း ကိလေသာက ကြားဝင်ခိုတော့ ပဋိစ္စသမုပ္ပါဒ်က တန်းလိုက်၊ မဂ်က ဝင်ဖြတ်လိုက်နှင့် ပြတ်တောင်း ပြတ်တောင်း ဖြစ်နေသည်။ [နှာ–၅၇၅] ဤတရားနှင့် စပ်ပြီး ကိလေသာ ကြားခိုခြင်းကို ရှက်တတ်၊ ကြောက်တတ်လာပုံ၊ ဟိရိဩတ္တပ္ပ တရား ကိုယ်မှာ ကပ်လာပုံကို ဆက်ဟောသည်။ [နှာ–၅၇၇]အလုပ်လုပ်ကြည့်တော့ ဖြစ်ပျက်နှင့်မဂ် မကိုက်သောအခါ ရှိကြောင်း တွေ့မည်။ ကိလေသာ ကြားခို၍ ဖြစ်ကြောင်း နားလည်လာသည်။ ထိုအခါကျမှ ရှက်စိတ်၊ ကြောက်စိတ် ဝင်လာသည်။ [နှာ–၅၈၁] သစ္စာတရားကို နာမှု၊ သစ္စာနှင့် ကိုက်အောင် နှလုံးသွင်းမှု ရှိလျှင် သာဝက ပါရမီဉာဏ် ပြည့်စုံနိုင်ကြောင်း ဟောသည်။ ဒုက္ခသစ္စာကို မြင်ဖို့သာ အရေးကြီးသည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိမြင်တာက မဂ္ဂသစ္စာ၊ သေသွားတာက သမုဒယသစ္စာ၊ နောက်ဒုက္ခ မလာတာက နိရောဓသစ္စာ ဖြစ်သည်။ [နှာ–၅၈၃] ဤတရား၌ ဟောသော အလုပ်သဘောမှာ သစ္စာတရားကို နာပါ၊

http://www.dhammadownload.com



သစ္စာနှင့်လျော်စွာ ကျင့်ပါ၊ ကျင့်နေစဉ် ကိလေသာ ကြားမရှိပါစေနှင့် ဒါပဲ ဖြစ်သည်။ စိတ်ကူး ရှည်နေလျှင် ပဋိစ္စသမုပ္ပာဒ် ဆက်နေကြောင်း နားလည်ရမည်။ [နှာ-၅၈၄] ကိလေသာ ကြားခိုရ၍ ဖြစ်၏။ ကိလေသာ ကြားမခိုလျှင် သောတာပန် ချက်ချင်း တည်နိုင်သည်ဟု ဆိုသည်။

ဤသို့ တရားနာတတ်သောကြောင့် မြတ်စွာဘုရား လက်ထက်အခါက တရားပွဲ အပြီးမှာ ထောင်သောင်း ချီပြီး အကျွတ်တရား ရကြကြောင်း ဟောသည်။ [နှာ-၅၈၆] ကိလေသာ ကြားမခိုသော ပုဂ္ဂိုလ် တရားပွဲ အပြီးမှာ သောတာပန် တည်ခဲ့ကြသည်။ ဤကဲ့သို့ ကျွတ်တမ်းဝင်ခဲ့ကြတာ ပါရမီကြောင့် မဟုတ်ဘဲ အလုပ်မှန်သွား၍ ဖြစ်သည် ဆို၏။ ပြီးမှ မာဂဏ္ဍီ ပရိဗိုဇ်ကို ဆက်ဟောမည်ဟု ဆိုပြန်သည်။ [နှာ-၅၉၆] မာဂဏ္ဍီက ပဋိစ္စသမုပ္ပာဒ် ဆက်သော အလုပ်၊ ကိလေသာ ပွားစီး ကြီးပွားသော အလုပ်ကို ကြိုက်သည်။ မာဂဏ္ဍီကို ဘုရားက မင်းသည် ကိလေသာ နူနာ သက်သာအောင်လို့ အနာ မီးကင်နေသူနှင့် တူပုံကို ပြသည်။ ထို့နောက် ကိလေသာ နူနာ ပျောက်သောအခါ မီးဖိုကို အလိုမရှိပုံကို ဟောသည်။ ရဟန္တာ ဖြစ်သွားသော ပုဂ္ဂိုလ်သည် ကိလေသာ မီးဖိုကို အလိုမရှိပုံကို ဝတ္ထုသက်သေ ပြပြီး ဟောသည်။ အမျိုးသားတစ်ယောက် ဇနီးနှင့်သားကို ပစ်ထားခဲ့ပြီး ရဟန်းဝတ်သည်။ ရဟန်းကိစ္စ ပြီးသွားသည်။ ခင်ပွန်းမ ရှိရာ ရွာသို့ ဆွမ်းခံကြွတော့ ခင်ပွန်းမက သားကိုပြပြီး ကလေးကို လုပ်ကျွေးပါဟု ဆိုသည်။ ရဟန်းက မလှုပ်ပါ။ ထိုအခါ ထိုမိန်းမသည် ကလေးကို ရဟန်းထံမှာ ထားခဲ့ပြီး ထွက်သွားသည်။ ရဟန်းက မလှုပ်။ ဘာမှ မတုံ့ပြန်သောကြောင့် နောက်ဆုံး၌ သံယောဇဉ် မပြတ်သော မိန်းမ သည် သူ့သားကိုသူ ပြန်လာခေါ်ရသည်။ [နှာ-၆၀၃] ရဟန်းက မီးဖိုမှန်း သိ၍ ထိုအပူကို မယူတော့ပါ။

ထိုအခါ မာဂဏ္ဍီ နားလည်သွားသည်။ ကိလေသာ ပွားစီးခြင်း ဆိုသည်မှာ နူနာ မပျောက်သော သူတို့၏ အကြိုက်မျိုးသာ ဖြစ်ကြောင်း ရိပ်စားမိလာသည်။ သားနှင့်၊ သမီးနှင့်၊ ပစ္စည်းဥစ္စာနှင့်၊ ခင်တွယ်မှုနှင့် နေသော ပုဂ္ဂိုလ်သည် လူချမ်းသာ ဖြစ်သည်ဟု ဆိုလျှင် မယုံနှင့်ဟု ဆရာတော်က ဆိုသည်။ ထိုသူသည် ထိုအရာ များကို စောင့်ရှောက်နေရသဖြင့် သောကပရိဒေဝ ဗျာပါဒတွေနှင့် လုံးထွေး၍သာ နေရသည်။ ကြောင့်ကြ ဗျာပါဒ ထွေးလုံးတွေနှင့်ချည်း နေရသည်။ အပူချည်း တွေ့သည်။ [နှာ-၆၀၅] ကိလေသာတွေ ချုပ်ငြိမ်းသွားမှသာ ဤ အပူတွေ ငြိမ်းသည်။ ငါးပါးအာရုံ ကာမဂုဏ်တွေကို မိမိခန္ဓာက အစ ဖြစ်ပျက် မမြင်၊ ဖြစ်ပျက် မမှန်း၊

http://www.dhammadownload.com



ဖြစ်ပျက် မဆုံးသော ပုဂ္ဂိုလ်မှာ ဘယ်တော့မှ မချမ်းသာဘူးဟု ဘုရား ဟောသည် ဆို၏။ [နှာ–၆၀၆] ဖြစ်ပျက်မြင်၊ ဖြစ်ပျက် မုန်း၊ ဖြစ်ပျက် ဆုံးမှသာလျှင် ထိုပုဂ္ဂိုလ်မှာ အပူငြိမ်းပြီ၊ အေးပြီ ဖြစ်သည်။ မင်၊ ဖိုလ် ဆိုက်၍ အေးငြိမ်းသွားပြီ ဆိုမှသာ ယုံပါဟု ဆိုသည်။ တဏှာ၊ ဥပါဒါန်၊ ကံ ရှိနေသော ပုဂ္ဂိုလ်မှာ ကိလေသာအာရုံ ကာမဂုဏ် တရားတွေနှင့် ဆက်နေသည်။ ဒုက္ခသစ္စာကို မြင်၊ ဒုက္ခသစ္စာကို မုန်း၊ ဒုက္ခသစ္စာ ဆုံးသော ပုဂ္ဂိုလ် ဖြစ်မှသာ အေးငြိမ်းခြင်း ရောက်လာသည်ဟု ဘုရား ဟောတော်မူသည်။ [နှာ–၆၀၇] ပြီးမှ မြတ်စွာဘုရားက ပရိဗိုဇ်အား အောက်ပါ ဂါထာကို ဟောသည်။

'အာရောဂျ ပရမ ာဘာ၊ နိဗ္ဗာန ပရမံ သုခံ

အဋ္ဌင်္ဂိကောစ မဂ္ဂေါ၊ ခေမံ အမတ ဂါမိနံ'– ခန္ဓာကိုယ်ထဲ၌ အနာကင်းခြင်းသည် လွန်ကဲသော လာဘ်တစ်ပါး ဖြစ်၏။ နိဗ္ဗာန်သည် ချမ်းသာသော လာဘ်ကြီး တစ်ခု ဖြစ်၏။ [နှာ–၆၀၈] မဂ်တို့တွင် အင်္ဂါရှစ်ပါး ရှိသော မဂ်သည် ဘေးမရှိရာသို့ ရောက်စေတတ်၏။ ဤဂါထာကို ဟောလိုက်သောအခါ မာဂဏ္ဍီ အလွန် သဘောကျ နှစ်ခြိုက်သွားသည်။ ရှင်ကြီးဂေါတမ ဟောတာ သူတို့ ကျမ်းဂန်နှင့် ကိုက်ပါပေ တယ်ဟု ဆိုပြန်သည်။ မာဂဏ္ဍီက သူတို့စာကို မလွှတ်သေး။ မာဂဏ္ဍီတို့ အယူမှာ အနာကင်းလျှင် လာဘ်ကြီး ဖြစ်သည်။ ထိုအနာရောဂါ ကင်းသော ခန္ဓာသည် နိဗ္ဗာန်ဟူ၍ ယူထားခြင်း ဖြစ်သည်။ [နှာ–၆၀၉] ပုထုဇဉ် စိတ်ထဲမှာ စားချင်တာ စား၊ ဝတ်ချင်တာ ရ၊ နေချင်သလို စိတ်တိုင်းကျ ဖြစ်လျှင် နိဗ္ဗာန်ဟု ထင်နေကြ ကြောင်း ဝေဖန်ပြသည်။ မာဂဏ္ဍီ အယူ ဖြစ်နေသည်။ ပုဏ္ဏားတွေရဲ့ စာထဲကို 'အာရောဂျ ပရမံ လာဘ်နှင့် နိဗ္ဗာနံ ပရမံ သုခံ' စာနှစ်ပိုဒ်က ရောက်နေပြီး သူတို့က အဓိပ္ပာယ် တလွဲ ကောက်နေသည်။ 'အဋ္ဌင်္ဂိကော မဂ္ဂနံ ခေမံ အမတဂါမိနံ' အပိုဒ်ကို ပျောက်ထားသည်ဟု ဆိုသည်။ ယခုက ဘုရားက ဖော်ပေးလိုက်သည်။

ဘုရားက မာဂဏ္ဍီသည် ဝမ်းတွင်းက မျက်စိကန်း မွေးလာသူနှင့် တူပုံကို ဟောသည်။ သူ့ကို နေ ရှိသည်၊ လ ရှိသည် ဆိုလျှင် သူ မယုံပုံ၊ သူများက ဆီချေး စွန်းထင်းနေသော အဝတ်ကို သူနှင့်လိုက်သည် ဆိုပြီး ပေးလျှင် အကန်းက နှစ်ခြိုက် ပြီး ဝတ်ဆင်ဂုဏ်ယူ နေတတ်ပုံကို ဟောသည်။ မိမိကိုယ်ကို အနာကင်းသည်၊ ဒါ နိဗ္ဗာန်ပဲဟု ဆိုနေခြင်းသည် ဆီစွန်းသော အဝတ်ကို ဝတ်ပြီး လှတယ် ထင်နေသော မျက်ကန်းနှင့် တူနေပုံကို ပြသည်။ [နှာ–၆၁၄] ထိုမျက်ကန်းကို ကုသ၍ မျက်စိ အလင်း ရသွားပါက ဆီသုတ်ထားသော အဝတ်ကို မြင်လျှင် မနှစ်သက်တော့ပါ။

http://www.dhammadownload.com



ပေးသောပုဂ္ဂိုလ်ကို ဒေါမနဿ ဖြစ်မိပါလိမ့်မည်။ အရိယာမျက်လုံး မရှိသေးသောသူမှာ ခန္ဓာကိုယ်ထဲ အနာကင်းသည်ဟု ထင်တတ်သည်။ အရိယာမျက်လုံး တပ်ပြီး ကြည့်သောအခါ၌မူ ခန္ဓာကိုယ်ထဲမှာ အနာရောဂါချည်းပဲ ဖြစ်သည်။ ဤအကြောင်းကို ဟောရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၁၃။ ဥဒယဗ္ဗယဉာဏ် ရောက်လျှင်ပင် အကျိုးကြီးမားလှပုံ၊ နိဗ္ဗာန်ထိပ်ဦးသို့ ချဉ်းနင်းမိနေပုံ

[ ၃–၃–၅၉ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

မာဂဏ္ဍီ ပရိဗိုဇ်ကို မင်၊ ဖိုလ် ရချင်လျှင် သုံးချက်ညီအောင် နေရမည်ဟု ဘုရားက ဟောကြောင်း အစချီပြီး ဤတရားကို ဟောသည်။ (၁) သူတော်ကောင်းကို ဆည်းကပ်၊ (၂) မြတ်တရားကို နာ၊ (၃) လျော်စွာ ကျင့်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ နှစ်မျိုးက လွဲလျှင် တရားမနာဘဲနှင့် သောတာပန်ဖြစ်သော ပုဂ္ဂိုလ် မရှိကြောင်း ထပ်ဟောသည်။ (ရှေ့တွင်လည်း အကြိမ်ကြိမ် ဟောခဲ့ဖူးပြီ။) [ *နှာ–၆၁၈* ] လျော်စွာ ကျင့် ဆိုသော ၃ နံပါတ် အချက်သည် အရေးကြီးသည်။ ဓမ္မာနု ဓမ္မသဘောကို ဆိုလိုသည်။ ရုပ်တရား၊ နာမ်တရားတို့သည် ဖြစ်ပျက်မှာ လမ်းဆုံးကြသည်။ ထိုတရားနှစ်ခုနှင့် လျော်အောင် (လိုက်လျောညီထွေ ဖြစ်အောင်) အားထုတ်ကြရမည်။ ခန္ဓာ၏ အရှိ ဖြစ်ပျက်နှင့် ဉာဏ်အသိ ကိုက်ရမည်။ ခန္ဓာ အရှိနှင့် ဉာဏ်အသိ ကိုက်တာ ဓမ္မာနုဓမ္မပဲဟု ဆိုသည်။ [ *နှာ–၆၂၀* ] ဘုရား ဟောခြင်းကြောင့် ဤသုံးချက် ညီလျှင် မင်၊ ဖိုလ်ကို မုချ ရမည်ဟု ယုံယုံကြည်ကြည် ကျင့်ရမည်။ ရမှ ရပါ့မလားဟု ဝိစိကိစ္ဆာ မဖြစ်ဖို့ လိုကြောင်း ဟောသည်။ [ *နှာ–၆၂၃* ] ဒွိဟ၊ သံသယ မလာစေနှင့်ဟု တိုက်တွန်းသည်။ အလုပ်စဉ်ကို ပြနေခြင်း ဖြစ်သည်။ လျော်စွာကျင့်ဖို့ပဲ လိုသည်။ ကျင့်ရတာလည်း မခက်ပါ။ ရုပ်ပဲဖြစ်ဖြစ်၊ နာမ်ပဲဖြစ်ဖြစ်၊ ဖြစ်ပြီး ပျက်တာပဲ။ ဖြစ်ပျက်မို့၊ ဖြစ်ပျက်လို့ ဉာဏ်က သိလျှင် ပြီးပါပြီ။ [ *နှာ–၆၂၄* ]

ဖြစ်ပျက် အရှိနှင့် ဖြစ်ပျက်အသိ ကိုက်လျှင် ဒုက္ခသိမ်း၍ အေးငြိမ်းမှုကို ရမည် ဆိုသည်။ ဖြစ်ပျက် သိတာသည် ယထာဘူတဉာဏ် ဖြစ်သည်။ [ *နှာ–၆၂၅* ] ထိုဖြစ်ပျက် သိလျှင် ဆက်သာကြည့်၊ ဖြစ်ပျက်မုန်းဉာဏ် ရလာမည် ဖြစ်သည်။ ဖြစ်ပျက် မုန်းလျှင် ဖြစ်ပျက် ဆုံးမည် ဖြစ်၏။ ဖြစ်ပျက် မြင်ပြီဆိုလျှင် ဝိစိကိစ္ဆာ မဝင်ပါနှင့် ငါ နေရာကျပါ့မလားဟု မတွေးပါနှင့်တော့။ ဖြစ်ပျက်မြင်လျှင် တိဟိတ်ပဲ

http://www.dhammadownload.com



ဟု ဆုံးဖြတ်ချက် ချပါဟု ဟောသည်။ နိဗ္ဗာန် ရောက်ချင်လျှင် ဤသုံးချက်ပဲ အရေးကြီးသည်။ မြတ်တရား နာ ဆိုရာတွင် နာသောတရားသည် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်သောတရား ဖြစ်ရမည်။ ဆက်သောတရား မဖြစ်ရပါ။ [နာ-၆၂၈] လျော်စွာ ကျင့် ဆိုရာတွင် ရုပ်နာမ် ခန္ဓာငါးပါး၏ ဖြစ်ပျက်ကို မဂ္ဂင်ငါးပါးနှင့် မြင်ရမည်။ [နာ-၆၂၉] ထိုသို့ မြင်နေလျှင် ပဥ္စင်္ဂိက မဂ်၊ ပုဗ္ဗဘာဂ မဂ်ကို ရနေပြီ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရပါလို၏ဟု ဆုတောင်းနေရန် မလိုဟု ဟောသည်။

မဂ်၊ ဖိုလ်သည် လုပ်ယူမှ ရသောအရာ ဖြစ်သည်။ ဆုတောင်းယူ၍ မရကြောင်း ထုံးစံအတိုင်း ဟောပြန်သည်။ [နာ-၆၃၁] ဤတရားသည် ဒုက္ခကို လက်စသတ်ပေးနေသော တရားဖြစ်သည်ဟု ဆိုသည်။ လက်စသတ်ပုံကို ပြသည်။ ဖြစ်ပျက်နှင့် မဂ်နှင့် ကိုက်နေသောအခါ အဝိဇ္ဇာ မလာနိုင်တော့ပါ။ အဝိဇ္ဇာ မလာခြင်းကြောင့် သင်္ခါရလည်း မလာတော့။ ဒါဆိုလျှင် ပဋိစ္စသမုပ္ပါဒ်မှာ သမုဒယ ပြတ်ပြီ။ ဒုက္ခက္ခန္ဓသလည်း မလာတော့ပါ။ ခန္ဓာဟောင်းက အကြောင်းတရားတွေ ချုပ်သွားသဖြင့် ခန္ဓာသစ် မပေါ်တော့ပါ။ [နာ-၆၃၄] ဒါဆိုလျှင် လျော်စွာကျင့်ဆိုသော ဝိပဿနာ အလုပ်သည် သံသရာ စခန်းသတ် အလုပ်ဖြစ်သည်။

ထို့နောက် ရုပ်သက်၊ နာမ်သက် တစ်နေ့မှာ အကြိမ်များစွာ ဖြစ်ပုံ၊ ဗေဒင်ဆရာ ဟောချက် မှားပုံတွေကို ပြပြန်သည်။ [နာ-၆၄၂] အသက်ဆိုတာ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတကို ခေါ်သည် ဆို၏။ ရုပ်တစ်ကြိမ် ဖြစ်လျှင် အသက်တစ်ခု၊ နာမ်တစ်ကြိမ် ဖြစ်လျှင် အသက်တစ်ခု ဖြစ်သည်။ ဤအသက်အကြောင်းကို အရှည်အဝေး ဟောနေခြင်းမှာ အသက် မသေမီ တရားအားထုတ်ဖို့၊ အသက်ပိုင်း ကျန်နေသေးစဉ် ဉာဏ်ဦးအောင် လုပ်ဖို့ ရည်ရွယ်ပြီး ဟောခြင်းဖြစ်သည်။ အချိန် မဖြုန်းဘဲ လျော်စွာကျင့်သင့်ကြောင်းကို တိုက်တွန်း၍ ဟောသည်။ ခန္ဓာက ဖြစ်ပျက်၊ မြင်တာက မဂ်ဖြစ်သည်။ ဤမဂ်ကို နှစ်သက်သည့်တိုင်၊ ဝမ်းမြောက်သည့် တိုင်အောင် ကြည့်ရမည်။ [နာ-၆၄၇] ပီတိ ပါမောဇ္ဇ ဖြစ်ခြင်းကို ဆိုသည်။ (ဥပက္ကိလေသာ တရားများ၊ ဥဒယဗ္ဗယဉာဏ် ရင့်လာသောအခါ တစ်မျိုးမျိုး ပေါ်တတ်သည်။) ထိုဉာဏ်ကို ရောက်အောင် အားထုတ်ရမည်။ [နာ-၆၄၉] ကိုးကားသော ပါဠိတော်မှာ-

'ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။

လဘတိ ပီတိပါမောဇ္ဇံ၊ အမတံတံ၊ ဝိဇာနတံ'

ဓမ္မပဒ ပါဠိတော်။ အကြင်အခါ၌ ခန္ဓာတို့၏ ဖြစ်ပျက်မှုကို သုံးသပ်နေ၏။ သုံးသပ်နေစဉ် ပီတိပါမောဇ္ဇ ဖြစ်လာမည်။ ထိုသို့ ပေါ်လာလျှင် အမတတံ ဝိဇာနတံ-

http://www.dhammadownload.com



အသိဉာဏ်ရှိသော ပုဂ္ဂိုလ်မှာ နိဗ္ဗာန်ကို မြင်ရသလို ဝမ်းမြောက်ခြင်း ဖြစ်ရသည်။ [နှာ-၆၅၂] ထိုမျှလောက်အထိ ဖြစ်ပျက်ကို မြင်လျှင် အကျိုး ကြီးလှပြီ ဖြစ်၏။ ဒါက ဖြစ်ပျက် မဆုံးသေးသော ပုဂ္ဂိုလ်မှာ ဖြစ်၏။ ဤမျှလောက်အထိ ဖြစ်ပျက်ကို မြင်လျှင် ဖြစ်ပျက် မုန်းလာတော့မည်ဟု ဆိုသည်။ [နှာ-၆၅၃] မုန်းပြီးလျှင် ဆုံးတော့သည်။ ထိုအခါ အပါယ်တံခါး ပိတ်ပြီ ဆို၏။ အပါယ် လေးပါး တံခါးကို လူပြည်ကနေပြီး ပိတ်ရသည်ဟု ဟောသည်။ [နှာ-၆၅၅] ဖြစ်ပျက်ပဲ လုပ်နေရမည်။ လုပ်ရင်း လောကုတ္တရာမဂ်က ဝါးနှစ်လုံးကို မီးပွတ်သော ယောကျ်ားလိုသူ့အချိန်ကျရင် မီးထွက်လာမည်။ ဘယ်အချိန် မီးထွက်မလဲ မမေးနှင့်။ ကိုယ့်အလုပ်က မီးမထွက်မချင်း ပွတ်နေရမည်ဟု ဆိုသည်။ [နှာ-၆၅၇] ပီတိပဿဒ္ဓိ ဖြစ်လျှင် ဖြစ်ပျက် မြင်တာ ခရီးရောက်ပြီ မှတ်ရမည်။ ထိုအဆင့်ကို ရောက်လျှင် စူဠ သောတာပန် မကတော့ဘူး။ မဟာ သောတာပန်နား ကပ်နေပြီဟု ဆိုသည်။ [နှာ-၆၅၉] ဩကာသ အလင်းတွေ ပေါ်သော အဆင့်ကို ရောက်လျှင်လည်း ခရီးရောက်လှပြီ ဆို၏။ ပထမ နိဗ္ဗာန်နားကို ရောက်နေပြီဟု ဆိုသည်။ ပီတိကြောင့်လည်း ကြက်သီးမွေးညင်း ထလာနိုင်သည်။

ဒါကြောင့် ဖြစ်ပျက် မတွေ့သေးလျှင် တွေ့အောင်လုပ်၊ တွေ့ပြီဆိုလျှင် နိဗ္ဗာန်နား ကပ်လာပြီဟု ဆိုသည်။ ထိုအဆင့်သည် စူဠ သောတာပန် အဆင့်ကို ကျော်နေပြီဟု ဆိုသည်။ [နှာ-၆၆၂] ထိုအဆင့် ရောက်လျှင် ယောဂီက ထ မပစ်ပါနှင့်။ ဆက်ရှုပါ။ နောက် ၂ မိနစ်၊ ၃ မိနစ်ဆိုလျှင် ပထမ နိဗ္ဗာန်ကို ရောက်တော့မည်ဟု ဆိုသည်။ [နှာ-၆၆၃] ပီတိတွေ လာလျှင် ငါ တရားရပြီ ထင်ပြီး ရပ်မပစ်နှင့်။ ဆက်ရှုပါ။ အပျက်တွေချည်း မြင်လာမည်။ အပျက်တွေချည်း မြင်လာလျှင် မုန်းလာမည်။ နိဗ္ဗိန္ဒဉာဏ် ဖြစ်၏။ ထိုအခါ မရှုချင်လည်း ဆက်ရှုရမည်။ ပေရှုဟု ဆိုသည်။ ထို့နောက် ရုပ်နာမ် ဖြစ်ပျက်တွေ ဆုံးသွား တာ တွေ့ရမည်။ ဒုက္ခသစ္စာ ဆုံးသွားပြီ။ ထိုအခါ မဂ္ဂင်ရှစ်ပါးလည်း ပြည့်စုံသွားပြီ။ ဒုက္ခအဆုံး နိဗ္ဗာန်နှင့် တွဲနေတာ မဂ်ဉာဏ်ဟု ဖော်ပြထားသည်။ ဒုက္ခအဆုံးက နိဗ္ဗာန်၊ မြင်တာက မဂ်ဉာဏ် ဖြစ်ကြောင်း ရှင်းပြသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာ ဉာဏ်က ခဏကလေးနှင့် ရောက်သည်။ အချိန်စေ့၍ တရားနားလိုက်သည်။

○

ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၂၉) ပြီး၏။

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၃၀)

http://www.dhammadownload.com

http://www.dhammadownload.com

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၃၀)

## နိဒါန်း

ဤနိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင် မကွယ်လွန်မီက ရေးခဲ့ကြောင်း ဖော်ပြထားသည်။ တချို့ ပုဂ္ဂိုလ်များက အသိတစ်လုံး ပိုင်ဖို့ အရေးကြီးသည်။ အသိတစ်လုံးကို ပိုင်လျှင် နိဗ္ဗာန်ရောက်နိုင်သည်ဟု ရေးကြသည်။ (ဟောလည်း ဟောနေကြသည်) ဆရာကြီး ဦးသံဒိုင်၊ အသိဆိုတာ ဘာကို သိရမလဲ၊ ဘယ်အထိ သိရမလဲ၊ ဘယ်လို သိရမှာလဲဟု မေးထားပြီး အသိတစ်လုံးနှင့် နိဗ္ဗာန်ရဖို့တော့ မဆိုထားပါနှင့်၊ သောတာပန်တောင် မဖြစ်နိုင်သေးဟု ကောက်ချက်ချ၍ ဆိုထားသည်။

ဥပမာ ရုပ်ကိုသိသည် ဆိုရာမှာပင် ရုပ်ကို သိရုံနှင့် လမ်းမဆုံးသေး၊ ရူပပရိစ္ဆေဒဉာဏ်ကိုပင် ပိုင်ပိုင် မရနိုင်သေးကြောင်း ဆင်ခြေ ပေးထားသည်။ ထို့နောက် ရုပ်ကို ခွဲခြား၍ သိမြင်ပုံ ၇ မျိုး၊ ဝေဒနာကို ခွဲခြား၍ သိပုံ ၁၂ မျိုး၊ သညာကို ခွဲခြား၍ သိမြင်ပုံ ၆ မျိုး၊ သင်္ခါရကို ခြားခြားနားနား သိမြင်ပုံ ၇ မျိုးကို အပြားအားဖြင့် ဖော်ပြထားသည်။ ထို့ပြင် ဝိညာဉ်ပေါ်ပုံ၊ ဝိညာဉ်ချုပ်ပုံကို ခွဲခြား သိရကြောင်း ဖော်ပြသည်။ ပြီးမှ ခန္ဓာကို သိရမည် အစရှိလျက် ခန္ဓာငါးပါး ပေါ်ပုံ၊ ချုပ်ပုံများကို လေ့လာပြထားသည်။ ထို့နောက် ခန္ဓာငါးပါး၏ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံကို ပြသည်။ ထို့နောက် ဝေဒနာ နုပဿနာ ရှုရာတွင် သိသင့်သည်များကို ရှင်းထားသည်။ ဝေဒနာ ရှုသူသည် နောက်ဆုံး၌ ဝေဒနာကို မတွေ့ဘဲ အနိစ္စကို တွေ့ရမည်။

http://www.dhammadownload.com



ဝေဒနာ ချုပ်ဆုံးမှုကို သိမှ ဗလဝ ဝိပဿနာ ဖြစ်ကြောင်း ပြသည်။ ဝေဒနာချုပ်လျှင် တဏှာချုပ်ပုံကို ဆက်ပြသည်။ သတိပညာနှင့် အားထုတ်သင့်ကြောင်း ဤနိဒါန်းတွင် ရေးသားထားသည်။

*

၁။ သတိထား၊ ဝီရိယစိုက်၊ ပညာနှင့် ရှု၊ ဝိပဿနာ မမေ့ကြဖို့ ဘုရားရှင်၏ အမှာတော်စကား

[ ၄–၃–၅၉ နေ့က မိုးကုတ်ဆရာတော်ကြီး ဟောသောတရားဟုသာ ဖော်ပြထားသည်။ ဘယ်မှာ ဟောကြောင်း ဖော်ပြထားခြင်း မရှိပါ ]

ဘုရားရှင်ကိုယ်တော်မြတ်ကြီး အတန်တန် မှာတော်မူခဲ့သော စကားကို ထပ်မံ သတိပေးရပြန်ကြောင်း အစချီပြီး ဤတရားကို ဟောကြားသည်။ ဘုရားရှင် မှာတော်မူသော ပါဠိတော်ကိုလည်း ဖော်ပြထားသည်။ 'ဈာယထ ဘိက္ခဝေ ပမာဒတ္ထ မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ အယံ ဝေါ အမှာကံ အနုသာသနီ' ၄၅ဝါကာလ အတွင်း ဤစကားကို ဘုရားရှင် အကြိမ်ကြိမ် မှာတော်မူသည် ဆို၏။ ဘိက္ခဝေ– ရဟန်းတို့၊ ဈာယထ–. ဝိပဿနာ ရှုကြပါ၊ မာပမာဒတ္ထ– မေ့မေ့လျော့လျော့ မနေကြပါနှင့်၊ မရှုဘဲ နေပါက၊ ပစ္ဆာ– သေခါနီးအခါ နောင်ကာလကျမှ၊ ဝိပ္ပဋိသာရိနော– နိမိတ်ထင်မှ ငါမှားပြီဟု နလုံးမသာခြင်း ရှိကြကုန်သည်၊ မာအဟုဝတ္ထ– မဖြစ်ကြပါကုန်လင့်။ [နာ–၂] ခန္ဓာ ရထားသော သတ္တဝါမှန်သမျှ မသေဘဲ မနေရ။ သေရမည်ချည်းသာ ဖြစ်၏။ ထိုသို့ သေရခါနီး ရောက်လျှင် ဝိပဿနာ အကျင့် မရှိသောလူတိုင်း လားရာ ဂတိနိမိတ်၊ ကမ္မနိမိတ်များ ထင်မည်ချည်းသာ ဖြစ်သည်။ သွားရာလမ်း မမြင်ဘဲ မသေဘူးဟု ဆိုသည်။ ထိုအခါကျမှ နလုံးမသာခြင်း ကြီးစွာ ဖြစ်ရပေတော့မည်။ ဤမှာစကားသည် သင်ချစ်သားတို့အား၊ အနုသာသနီ– အရေးကြီး၍ ဆုံးမသော အချက်ပေတည်း။ [နာ–၃]

ထို့နောက် ခါတိုင်း ဟောနေကျ သေခါနီး ဂတိနိမိတ် ထင်ပုံများကို သံဝေဂ ဖြစ်အောင် ဟောသည်။ ထိုအချိန်တွင် ဝိပဿနာ လုပ်မထားသူတွေသည် ငါမှားခဲ့ပြီဟု နလုံးမသာခြင်း၊ ဝမ်းနည်းခြင်း ဖြစ်ရသည်။ ဒါကြောင့် ဆရာတော်ကြီးက မသေခင် ဝိပဿနာ ရှုကြဖို့ လိုကြောင်း၊ အရေးကြီးကြောင်း တိုက်တွန်းသည်။ ဝိပဿနာ အလုပ်သည် မလုပ်လျှင် မဖြစ်သော အလုပ်ဖြစ်သည်ဟု နားလည် သဘောပေါက်ရမည် ဖြစ်ကြောင်း ဟောထားသည်။ [နာ–၉] ဝိပဿနာပဲ သံသရာ

http://www.dhammadownload.com



ခရီးမှာ အားကိုးစရာ ရှိသည်။ [နှာ–၁၀] ဝိပဿနာ ရှုမှ မိမိသန္တာန်မှာ မဂ္ဂင်ကလေး ရောက်လာသည်။ ထို့နောက် အနေကောင်း မနေခဲ့၍ အသေကောင်း မသေရပုံများကို သဘောကျအောင် ဟောသည်။ ရှိသော ပုဂ္ဂိုလ်လည်း ရှိလို့ မအားကြဘူး၊ မရှိသော ပုဂ္ဂိုလ်လည်း မရှိလို့ မအားကြရပုံကို ပြသည်။ [နှာ–၁၆]

ထို့နောက် လူ့ပြည်ကို ဘာလုပ်ဖို့ လာကြတာတုံး။ အနေကောင်း မနေရဘဲ အသေကောင်း မသေရအောင်၊ အပါယ်လေးပါးကို ပြန်ဖို့အတွက် ရိက္ခာ လာစုကြတာနှင့် တူကြောင်း ဟောသည်။ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး အကြိမ်ကြိမ် မှာကြားသာလို မဂ်အလုပ်လုပ်ဖို့ ဆုံးဖြတ်ချက် ချပါဟု ဆိုသည်။ မဂ်အလုပ်ဆိုတာ ဖြစ်ပျက်ရှုတာ ဟုလည်း ရှင်းထားသည်။ [နှာ–၁၉] အကုသိုလ် ကြွေးပေါင်း ဘယ်လောက်ပဲ ရှိရှိ မဂ်တစ်ကြိမ်တည်း ပေါ်လျှင် အားလုံး ပျောက်သည်။ ကျေသည်ဟု ပြသည်။ [နှာ–၂၀] ဒါကြောင့် ဝိပဿနာမဂ်ကိုပဲ အားကိုး ရာသင့်ကြောင်း ဆက်ဟောသည်။ [နှာ–၂၂] ဝိပဿနာမဂ်က လောကုတ္တရာမဂ်ကို တက်ဖြစ်အောင်သာ ကြိုးစားပါဟု နည်းလမ်းကိုလည်း ပြညွှန်၍ ဟောပါသည်။ ကြွေးဆပ်သည့် အလုပ်မို့ မလုပ်လျှင်မဖြစ်ဟု ဆိုသည်။

ထို့နောက် ပဋိကမဂ်ဟု ခေါ်သော ဝိပဿနာမဂ်မှ ဒုက္ခအဆုံးကို မြင်သော မဂ္ဂင်ရှစ်ပါး ပြည့်စုံခြင်းသို့ ရောက်ကြောင်းကို ပြသည်။ [နှာ–၂၃] ထို့နောက် အကုသိုလ်ကံ ဘယ်လောက်ပဲ ကြီးကြီး မဂ်တစ်ချက်ဖြင့် အားလုံး ကျေသည့် သဘောကို မိလက္ခတိဿရဟန်း ဝတ္ထုကို သက်သေထား၍ ဟောသည်။ [နှာ–၂၄] မိလက္ခသည် လူ့ဘဝတုန်းက မုဆိုးဖြစ်သည်။ ထို့နောက် အကုသိုလ်တစ်ကြိမ် လုပ်လျှင် ဇော ၇ ကြိမ် ဖြစ်ပုံကို ပြသည်။ တတိယဇောမှ ဆဋ္ဌမဇောအထိ အလယ် ငါးဇောဖြင့် လုပ်သော အပရာပရိယ ဝေဒနိယကံသည် နိဗ္ဗာန် မရမချင်း လိုက် ကြောင်း ဟောသည်။ [နှာ–၂၅] ပြီးမှ မိလက္ခ၏ ပထမဇော အကျိုးပေးပုံကို ပြ သည်။ မျက်မှောက် လက်ငင်း အကျိုးပေးသည်။ ဒိဋ္ဌဓမ္မ ဝေဒနိယကံ ဖြစ်သည်။ တစ်နေ့သ၌ ရဟန္တာတစ်ပါး သီတင်းသုံးသော ကျောင်းတစ်ကျောင်းကို ရောက်သွား သည်။ ရေဆာလောင်၍ ရေအိုးထဲ ငုံခပ်တော့ ရေမရှိ ဖြစ်နေသည်။ သူ၏ ဒိဋ္ဌဓမ္မ ဝေဒနိယကံကြောင့် ရေအိုးထဲကရေ ခန်းခြောက်နေတော့သည်။ [နှာ– ၂၇] ပထမဇော အကျိုးပေးပုံကို ဟောသည်။ သူကိုယ်တိုင် ခပ်တော့ ရေမရ။ ရဟန္တာ လာခပ်ပေးမှ သူ ရေသောက်ရသည်။ ပထမဇော သတ္တိကြောင့် ကမ္ဘာပေါ်မှာ အစာရေစာ ခေါင်းပါးလာပုံကို ဆက်ဟောသည်။ ရွှေတွင်း နက်လာသည်ဟု ဆို သည်။ [နှာ–၃၀]

http://www.dhammadownload.com



ရဟန္တာက မိလက္ခကို သဖန်းသားအစိုများ ပုံနိုင်းပြီးငရဲမီး ပိုးစုန်းကြူး လောက် တင်၍ မီးရှို့ပြလိုက်မှ တုန်လှုပ် ထိတ်လန့်ပြီး တရား အားထုတ်တော့သည်။ ရဟန္တာက အောက်ပါ ဂါထာကို ဟောသည်။

ဥဋ္ဌာနဝတော သတိမတော
သုစိကမ္မဿနိသမ္မ ကာရိနော။
အညတာသ ဓြမ္မဇာရိနော
အပ္ပမတ္တဿယသော အဘိဝဍ္ဎတိ။

ဤဂါထာ၏ အဓိပ္ပာယ်မှာ သတိထား၊ ဝီရိယစိုက်၊ ပညာနှင့် ရှုလျှင် ရနိုင်သည် ဆိုသော ဂါထာဖြစ်သည် ဆို၏။ [နှာ–၃၆] သတိထား၊ ဝီရိယစိုက်၊ ပညာနှင့် ရှုလျှင် ဖြစ်ပျက်ပေါ်သည်။ ဖြစ်ပျက်ပေါ်မှ မဂ္ဂင်ငါးပါး ပေါ်သည်။ သတိထား၊ ဝီရိယစိုက် ဆိုတာက သတိ သမာဓိ မဂ္ဂင်သုံးပါး၊ ပညာနှင့်ရှု ဆိုသော ကြောင့် ပညာ မဂ္ဂင်နှစ်ပါး ပါသည်။ [နှာ–၃၇] ခန္ဓာကို သတိထား၊ ဝီရိယစိုက်ပြီး ကြည့်လိုက်လျှင် ပညာ ဖြစ်ပေါ်လာပြီး ဖြစ်ပျက်ကို မြင်တော့သည်။ ဒီသုံးချက်ကို လက်လွတ် မခံပါနှင့်ဟု ဆိုသည်။

ထို့နောက် မိလက္ခမှဆိုး ငရဲကြောက်ပြီး တရားအားထုတ်ပုံ၊ မအိပ်မနေ အားထုတ်သဖြင့် မနက် မိုးလင်းသောအခါ သောတာပန် မဟာအနာဂါမ် အဖြစ်သို့ ရောက်ပုံကို ဟောသည်။ တစ်သက်လုံး လုပ်ထားသော အကုသိုလ် အပြစ်အားလုံး မဂ်တစ်ချက် ကျလိုက်သောအခါ အားလုံး အဟောသိကံ ဖြစ်ပြီး ကျေသွားပုံကို ဟောသည်။ [နှာ–၄၀] သေလျှင် ငရဲသို့ သေချာပေါက် ရောက်မည့် မုဆိုးကိုပင် မဂ်တစ်ချက်က ကယ်တင်လိုက်သည်ကို ပြသည်။ မုဆိုးသည် ဤဘဝမှာပင် ရဟန္တာ ဖြစ်သွားပုံကို ဟောပြီး အောက်ပါအတိုင်း ဥဒါန်း ဂါထာကို ရွတ်သော ဟူ၏။

အလ္လံ ပလာလပုဉ္ဇဟံ၊
သီသေနာဒါယ ဝဏ်မိ။
ပတ္တော သို့ တတိယံ ဌာနံ၊
တွေသေနတ္ထိ သံသယော။

မြတ်စွာဘုရား၏ တရားတော်သည် အဟုတ်အမှန် ကယ်တင်နိုင်သော တရား ဖြစ်ကြောင်း သံသယမရှိ ယုံကြည်ရကြောင်း ဖော်ပြခြင်း ဖြစ်သည်။ [နှာ–၄၁] ဖြစ်ပျက်တွေ မြင်ပြီး ဖြစ်ပျက်မှန်း၊ ဖြစ်ပျက်တွေ ဆုံးလျှင် သောတာပန် တည်တာပဲဟု မိန့်ထားသည်။ ဒါကြောင့် ဝိပဿနာ အချိန်မီ ရှုဖို့ တိုက်တွန်းရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

http://www.dhammadownload.com



၂။ သေမင်းထံ ပို့သည့် ဇရာလက်ထဲမှာ ပျော်ပိုက်လျက် ရှိကြပုံ၊ နွားသတ်ရုံကို ပို့သည့်နွားပမာ

[ ၅-၁-၅၉ နေ့က ဟောသော တရား ဖြစ်သည်။ ဟောသော အရပ် ဖော်ပြထားခြင်း မရှိ ]

သေနည်းကိုလည်း သင်ရတယ် အစချီလျက် ဤတရားကို ဟောသည်။ လက်ရှိ ခန္ဓာကိုလည်း ဖြစ်ပျက်မြင်ပြီး မခင်နှင့်၊ နောက်ခန္ဓာကိုလည်း ဖြစ်ပျက် ဒုက္ခသစ္စာပဲ ဖြစ်မှာပဲ ဆိုပြီး မတောင့်တသင့်ကြောင်း ပြသည်။ ဖြစ်ပျက် မြင်ပြီး ဖြစ်ပျက် ကြည့်ရင်းမဂ္ဂ ပစ္စဝေက္ခဏာ ကျပြီး သေလျှင် သေပေါက် သေဝမှာပင် သမသီသီ ရဟန္တာတောင် ဖြစ်နိုင်ကြောင်း ဟောသည်။ ဝိပဿနာရှုရင်း သေတတ်ဖို့ သင်ကြားပေးခြင်း ဖြစ်သည်။ [နှာ-၄၇] ခန္ဓာ ဖြစ်ပျက်မြင်သော ဝိပဿနာမဂ်နှင့် စုတိမနေ သေလျှင် အထွတ်အထိပ်မဂ် ရခဲ့ပါလျှင် နောက်ထပ် ဂတိ မရှိဘူး၊ နိရောဓ မျက်မှောက်ပြုပြီးမှ သေပုံကို ပြသည်။ ခန္ဓာဖြစ်ပျက် ရှုပြီး သေသောနည်း သည် အကောင်းဆုံး ဟုလည်း ဟောသည်။ ဆန္နသုတ်မှာ အရှင်ဆန္န သေခါနီး ဖြစ်ပျက်ရှုပြီး သေသောကြောင့် သေခါနီးမှာ သမသီသီ ရဟန္တာ ဖြစ်ပုံကို ရှေ့တွင် ပြခဲ့ဖူးပြီ။

ထို့နောက် လက်ရှိခန္ဓာကြီးကို စွဲလမ်းမှု ဥပါဒါန်ကြောင့် ရခဲ့ရပုံ၊ ရလာတော့ ဇာတိ ပဋိသန္ဓေကြောင့် ဇရာမရဏ ဆိုသော သူသတ် ယောကျ်ားနှင့် အဖော်လုပ်၍ နေရပုံကို ပြသည်။ ဥပမာ ပြရလျှင် နွားသတ်ရုံကို ဆွဲသွားခြင်း ခံရသော နွားနှင့် အလားသဏ္ဌာန် တူပုံကို ပြသည်။ [နှာ-၄၉] မရဏလက်တွင်း ကျရတော့မည့် နွားသတ်ရုံ သွားသော နွားသည် လမ်းမှာ တွန်နိုင်၊ မြူးနိုင်သေးလျှင် တိရစ္ဆာန်စိတ် ပေါ်ခြင်း ဖြစ်သည်။ ဇရာလက်တွင်းမှာ ပျော်နေခြင်းသည် နွားသတ်ရုံသို့ ဆွဲသွားခြင်း ခံရသောနွား တွန်ခြင်း၊ မြူးခြင်းနှင့် တူပုံကို ပြသည်။ ဇရာနှင့် နေရတာသည် သေမင်းထံ ပို့မည့်သူကို အဖော်လုပ်ပြီး နေရခြင်းနှင့် တူသည်။ [နှာ-၅၁] ပုထုဇဉ် စိတ်ကလည်း သေမင်းထံ သွားရင်း ပျော်နေသည်ဟု ဆိုသည်။ [နှာ-၅၂] အမှန်မှာ ဇရာ ရောက်လာလျှင် ဤဒုက္ခ ဆင်းရဲခြင်းမှ လွတ်မြောက်အောင် ရုန်းကန်ရမည့် အချိန် ဖြစ်ကြောင်း နားလည်ရမည်။ တွန်ချိန်၊ မြူးချိန် မဟုတ်ဟု ဆိုသည်။ ဇရာ ရောက်၍ မရဏ သေမင်းလက်တွင်း ရောက်ခါနီးမှ စီးပွား လိုချင်နေလျှင် သားတွေ၊ သမီးတွေ အတွက် ကြောင့်ကြ စိုက်နေသေးလျှင် ရုန်းချိန် ရောက်၍မှ ရုန်းရမှန်းမသိ ဖြစ်နေသည့်သဘော ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ-၆၁]

http://www.dhammadownload.com



ယခုအချိန် ကျန်းမာရေးကလည်း ကောင်းတုန်း၊ ဉာဏ်လည်း ရှင်တုန်းမို့ တရား အားထုတ်လျှင် တရားရနိုင်သောအချိန် ဖြစ်၍ တိုက်တွန်းနေခြင်း ဖြစ်ကြောင်း သတိပေးသည်။ ဤသို့ အချိန်ကောင်းတုန်းမှာ ခန္ဓာကိုယ်ကြီးကို မုန်းတီး၊ ငြီးငွေ့သောဉာဏ် ပေါ်အောင် လုပ်ရမည်။ ခန္ဓာရှိ၍ ဇရာနှင့် အဖော်လုပ်ရသည်။ မရဏနှင့် အဖော်လုပ်ရသည်။ ဇရာ၊ မရဏနှင့် အဖော်လုပ်တတ်သော ခန္ဓာဝဋ်က ကျွတ်လွတ်အောင် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် မရအရ လုပ်ရမည်။ သို့မှသာ ခန္ဓာနှင့် အိုးစားကွဲမည်။ [နှာ–၆၂] ဤတရားသည် မာဂဏ္ဍီ ပရိဗိုဇ်ကြီးကို အရိယာမျက်လုံး တပ်ပေးသော တရား ဖြစ်သည် ဆို၏။ [နှာ–၆၅] ခန္ဓာငါးပါးသည် ယောကျ်ားလည်း ဤငါးပါးပဲ၊ မိန်းမလည်း ဤငါးပါးပဲ၊ တရား နာနေတာလည်း ဤငါးပါးပဲ ဖြစ်သည်။ ချုံးလိုက်တော့ နာမ်၊ ရုပ် နှစ်ပါးပဲ ဖြစ်သည်။ ရုပ်တရားက ဆေးရုံကြီး၊ နာမ်တရား (စိတ်)က လူနာသည် ဖြစ်သည်ဟုလည်း ပုံနှိုင်းပြသည်။ [နှာ–၆၆] ဝေဒနာက အနာရောဂါ ဖြစ်၏။ သညာက မသင့်သော အစာ၊ သင်္ခါရက အနာရအောင်၊ ဝေဒနာတိုးအောင် ဖြစ်ကြောင်းကို တိုက်တွန်း အားပေး လုပ်ခြင်းဖြစ်သည်။ [နှာ–၆၈] ရထားသော ခန္ဓာကိုယ်ကြီးထဲမှာ သာယာ နှစ်သက်စရာ ဘာမျှ မပါကြောင်းကို ပြသည်။ ဤခန္ဓာသည် ရောဂါတုံး၊ ရောဂါခဲကြီး ဖြစ်သည်။ ဤသို့ မသိမမြင်၍ ဤခန္ဓာကို နှစ်သက်သာယာပြီး စွဲလမ်းနေတတ်သည်။ ခန္ဓာ၏ အပြစ်ကို မသိသဖြင့် စွဲလမ်းခြင်း ဖြစ်သည်။ [နှာ–၇၃]

ထို့နောက် ခန္ဓာငါးပါးကို ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ အတ္တဝါဒုပါဒါန်ဖြင့် စွဲလမ်းနေကြပုံကို ဟောသည်။ [နှာ–၈၀] ဥပါဒါန်ကြောင့် အနာဂတ် ခန္ဓာငါးပါး ရရပုံကို ပြသည်။ [နှာ–၈၁] ပြီးမှ မာဂဏ္ဍီကို အရိယာမျက်လုံး တပ်ပေးခန်းကို ပြန်စသည်။ 'အာရောဂျ ပရမံ လာဘံ၊ နိဗ္ဗာနံ ပရမံ သုခံ'ကို ပြန်ကောက်သည်။ မာဂဏ္ဍီက အနာကင်းသော သူ့ခန္ဓာသည် နိဗ္ဗာန်ပဲဟု အဓိပ္ပာယ် ကောက်သည်။ [နှာ–၈၂] ထိုဂါထာ၏ ရှေ့နှစ်ပိုဒ်ကိုသာ မာဂဏ္ဍီတို့က သိကြသည်။ နောက်နှစ်ပိုဒ်ကို မသိကြ။ နောက်နှစ်ပိုဒ်မှာ 'အဋ္ဌင်္ဂိကော မဂ္ဂါနံ၊ ခေမာအမတ ဂါမိနံ' ဖြစ်သည်။ အင်္ဂါ ရှစ်ပါးရှိသော မဂ်လမ်းသည်သာ သေခြင်းကင်းသော နိဗ္ဗာန်သို့ သွားရာလမ်း ဖြစ်ကြောင်းကိုမူ ဗြဟ္မဏ စာပေထဲမှာ မပါတော့ဟု ထောက်ပြသည်။ ဒါကြောင့် ဗြဟ္မဏ ပုဏ္ဏားများက အိပ်ရာထဲ မလဲသေးလျှင် ဤခန္ဓာကို ကျန်းမာသည်ဟု ယူကြသည်။ ကျန်းမာလျှင် ချမ်းသာသည်။ နိဗ္ဗာန်ပဲဟု ဆိုနေကြပုံကို ခွဲခြားပြသည်။ ဝိပဿနာဉာဏ် မျက်လုံး တပ်ကြည့်လိုက်တော့ ခန္ဓာသည် အချိန်တိုင်းမှာ အိုနေ၊

http://www.dhammadownload.com



သေနေသည်။ မကျန်းမမာ ဖြစ်နေသည်။ [နှာ–၈၆] မဂ္ဂင်ငါးပါးနှင့် ကြည့်လျှင် ဖြစ်ပျက်မြင်သည်။ ခန္ဓာမှာ အနာရှိတာကို မြင်သည်။ မဂ္ဂင်ရှစ်ပါး ပြည့်တော့ အနာဆုံးတာကို မြင်သည်။ နိဗ္ဗာန်ကို မြင်သည်။ [နှာ–၈၈] အနာရှိတာကို သိမှုက ဝိပဿနာမဂ် ဖြစ်၍ အနာပျောက်တာကို သိမှုက လောကုတ္တရာမဂ် ဖြစ်သည်။ [နှာ–၈၉]

ပြီးမှ ခန္ဓာမရှိခြင်းသည်သာ အာရောဂျ ပရမံ လာဘံ အစစ်ဖြစ်ကြောင်း ရှင်းထားသည်။ ထိုအခါကျမှ နိဗ္ဗာနံ ပရမံ သုခံလည်း ဖြစ်ပါတယ်ဟု ဆိုထားသည်။ ပြီးမှ အနာရှိရာကို သိလျှင်လည်း ဥပါဒါန် ချုပ်သည်။ အနာမရှိတာ သိလျှင်လည်း ဥပါဒါန် ချုပ်ကြောင်းကို ဟောသည်။ [နှာ–၉၀] အရိယာမျက်လုံး တပ်ပေးခြင်း ဖြစ်၏။ ပထမ အနာရှိတာကို မြင်သော မျက်လုံး ရအောင် လုပ်ရမည်။ နောက်မှ အနာပျောက်တာကို မြင်သော မျက်လုံး ရအောင် လုပ်ရမည့်အကြောင်း ဟောရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၃။ ပုထုဇဉ်တစ်ပါး အမေးကို ရဟန္တာ လေးပါး ဖြေတော်မူကြပုံ၊ အမြင်မှန် မရဘဲ အလောင်းထမ်းသမား ဘဝမှ မလွတ်ပုံ

[ ၆–၃–၅၉ နေ့က ဟောသော တရား ဖြစ်သည်။ ]

ဝိပဿနာကို ရဟန္တာများက ဘယ်လို မြင်ကြသလဲဟု ပုထုဇဉ် ရဟန်းတစ်ပါး သံသယရှိ၍ ရဟန္တာ လေးပါးထံ သွားမေးသည်ဟု အစချီလျက် ဤတရားကို ဟောကြားတော်မူသည်။ ဒါသံယုတ်ပါဠိတော်မှ လာသည် ဆို၏။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်ချင်သော ရဟန်းတစ်ပါးက နိဗ္ဗာန်ကို လက်တွေ့ မျက်မှောက်ပြုပြီးသော ရဟန္တာများထံ သူတို့ အသီးသီး ကျင့်ကြံ အားထုတ်ကြပုံကို မေးလျှောက်လေသည်။ မေးလျှောက်ပုံ ဂါထာမှာ–

'ကိတ္တာဝတာ နခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိ သုဒ္ဓံ ဟောတိ' ဖြစ်၏။ [နှာ–၉၄] 'အရှင်ဘုရား၊ နိဗ္ဗာန်ကိုရောက်သော အမြင်သည် ဘယ်လိုအမြင် ပါလဲ'ဟု မေးလျှောက်ခြင်း ဖြစ်၏။ ထိုအမေးကို အကျင့်ဖြင့် ကိစ္စပြီးနေသော ရဟန္တာအရှင်မြတ် အသီးသီးက မိမိတို့ အမြင်အတွေ့ကို အဖြေပေးကြသည်။ ပထမ ရဟန္တာက 'ဆန္နံ အာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာခေါ အာဝုသော ဘိက္ခုနော ဒဿနံ၊ သုဝိ သုဒ္ဓံ ဟောတိ'ဟု

http://www.dhammadownload.com



ဖြေတော်မူသည်။ အစိပ္ပာယ်မှာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ အစရှိသော အာရုံ ခြောက်ပါး၏ ဖြစ်ပျက် အနိစ္စကို မြင်အောင် ရှု၍ ကိစ္စပြီးကြောင်း၊ ထိုသို့ အာရုံ ခြောက်ပါးမှာ ဖြစ်ပျက်ကို တွေ့လျှင် နိဗ္ဗာန်ရောက်ကြောင်း ဟောသည်။ [နှာ-၉၇] ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မြင်လျှင် နိဗ္ဗာန်ရောက်သည် ဆိုသော သဘော ဖြစ်၏။ အာယတန ခြောက်ပါး ရုပ်တရား၊ နာမ်တရားတို့၌ ဖြစ်ပျက် မြင်ခြင်းသည် အမြင်မှန် ဖြစ်သည်ဟု ဆိုလိုသည်။ [နှာ-၁၀၂]

ပြီးမှ အမြင်မှန် မရလျှင် 'လောဘ သဟဂတံ ဒိဋ္ဌိဂတ သမ္ပယုတ္တံ'- လောဘနှင့် ဒိဋ္ဌိ တွဲပြီး တဏှာ၊ ဥပါဒါန်၊ ကံ သမုဒယ ဖြစ်ပုံ၊ သမုဒယဖြစ်လျှင် ဇာတိ၊ ဇရာ၊ မရဏ ဆက်ဖြစ်ပုံ၊ သံသရာ လည်သွားပုံကို ဆက်ပြသည်။ [နှာ-၁၀၆] အမြင်မှားနှင့် နေသွားသူသည် အိုး၊ နာ၊ သေလမ်း၊ အပါယ်လမ်းပဲ သွားရပုံကို ပြသည်။ [နှာ-၁၀၇] အမြင်မှန်ရအောင် ကြိုးစားဖို့ တိုက်တွန်းလိုခြင်း ဖြစ်သည်။ အမြင်မှန်ခြင်း သဘောကို ဆက်ဟောပြန်သည်။ အမြင်မှန် မရသေးသမျှ အို၊ နာ၊ သေဘေးက မလွတ်သေ အလောင်းထမ်း ဘဝနှင့်သာ နေရသေးပုံကို ဆက်ပြ ပြန်သည်။ [နှာ-၁၁၄] ထို့နောက် အမြင်မှန်ရမှ ဤရထားသော ခန္ဓာကို အသုဘ မြင်ပြီး မုန်းလာပုံကို ပြသည်။ ခန္ဓာငါးပါးကို မလိုချင်တော့ပုံ ဖြစ်၏။ ဆရာတော်ကြီး က အမြင်မှန်ရအောင် လုပ်ပြီးမှ သေကြပါ၊ ဒိဋ္ဌိနှင့် သေသွားကြလျှင် အပါယ်ကျသွား မှာ စိုး၍ တိုက်တွန်းရကြောင်းကို ဟောသည်။ [နှာ-၁၂၄]

ပြီးမှ ပုထုဇဉ် ရဟန်းက အာရုံခြောက်ပါး၌ ဖြစ်ပျက်မြင်သော အမြင်မှန် ရ၍ ကိစ္စပြီးကြောင်း ပြောချက်ကို မနှစ်သက် ဖြစ်ပြန်သည်။ ထို့နောက် ပုထုဇဉ် ရဟန်းသည် ဒုတိယ ရဟန္တာထံသို့ သွားပြီး မေးပြန်သည်။ ထိုအခါ ဒုတိယ ရဟန္တာက 'ပဉ္စန္နံ ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိ သုဒ္ဓံ ဟောတိ' ဟု ဖြေသည်။ ခန္ဓာငါးပါး၏ ဖြစ်ပျက်ကို မြင်လျှင် အမြင်မှန်ရသည်။ နိဗ္ဗာန်ရကြောင်း ဖြေတော်မူသည်။ ပုထုဇဉ် ရဟန်း နားရှုပ်သွားသည်။ တစ်ပါးက ၆ ခု ရှုရမည်။ တစ်ပါးက ၅ ကို ရှုရမည်ဟု ဆိုသည်ဟု အကြောင်းအရာကို မမှတ်ဘဲ အရေအတွက်ကိုသာ မှတ်ယူလိုက်သည်။ [နှာ-၁၃၀] ရဟန္တာနှစ်ပါး ဟောသော ပဓာနကိစ္စက ဖြစ်ပျက်မြင်ဖို့ အရေး ဖြစ်သော်လည်း သူက ကိန်းဂဏန်း အရေအတွက်ကိုသာ အရေးထား မှတ်သား နေလေသည်။ ထိုအခါ ပုထုဇဉ်က မကျေနပ်ဖြစ်ပြီး နောက်ရဟန္တာ တစ်ပါးထံ သွားပြီး အမြင်မှန်ကို မေးလျှောက်ပြန်သည်။ တတိယ ရဟန္တာက 'စတုန္နံ မဟာ

http://www.dhammadownload.com



ဘူတာနံ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ ယထာဘူတံ ပဇာနာတိ' ဆိုပြီး ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါး၏ ဖြစ်ပျက်ကို မြင်လျှင် အမြင်မှန်ရကြောင်း ဟောပြန်သည်။ ပုထုဇဉ်ရဟာန်း ပိုပြီး မျက်စိလည်ပြန်သည်။ သူက ဖြစ်ပျက်ဆီသို့ ဉာဏ်မရောက်ဘဲ ဂဏန်း အရေအတွက် ၆၊ ၅၊ ၄ ကိုသာ ဂရုတစိုက် မှတ်နေတော့သည်။ ပုထုဇဉ်ရဟာန်းက မကျေနပ်ဘဲ စတုတ္ထ ရဟန္တာထံသို့ သွားပြန်သည်။ စတုတ္ထ ရဟန္တာက 'ယံကိဉ္စိ သမုဒယံ ဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မံ'ဟု ဖြေတော်မူသည်။ ဖြစ်ပျက် မြင်လျှင် ပြီးသည်။ အမြင်မှန်ပဲဟု ဆိုလေသည်။ [နာ–၁၃၆] စတုတ္ထ ရဟန္တာက ၂ခုပဲ မြင်ဖို့ ဟောသည်။ ပုထုဇဉ်ရဟာန်း ပိုပြီး စိတ်ရှုပ်သွားသည်။ ပုထုဇဉ် ရဟာန်းလည်း ကျေနပ်မှု မရဘဲ မြတ်စွာဘုရားထံ သွားလေသည်။ [နာ–၁၃၉] ဤတွင် အချိန်စေ့သွားသဖြင့် တရားကို ရပ်နားလိုက်လေသည်။

*

## ၄။ အနတ္တက အနတ္တကို အားကိုးနေကြပုံ

[၄–၃–၅၉ နေ့က ဟောသော တရား။ အရပ် မပါ။]

ကိုယ့်ကိုယ်ကြီးကို အားကိုးရမလား မေးလျှင် သူကလည်း ရုပ်နာမ် အနတ္တမို့ အားကိုးဖို့ အချိန်မရပါဘူး အစချီလျက် ဤတရားကို ဟောတော်မူသည်။ အားကိုးရမလားလို့ ရှာထားသော ပစ္စည်းများမှာလည်း ရန်သူမျိုး ငါးပါးနှင့် ဆက်ဆံနေသဖြင့် အနတ္တတွေသာ ဖြစ်သည်။ အားမကိုးရပါ။ အားကိုးချင်လို့ ပစ္စည်းရှာတာ၊ ပစ္စည်းတွေကလည်း ရန်သူမျိုး ငါးပါးကြောင့် ပျက်စီးသွားသောအခါ အားကိုးရာ အဖြစ်သို့ မရောက်တော့ပါ။ တစ်နေ့တစ်နေ့ လောကီ အလုပ်တွေ လုပ်ပြီး ရှာနေကြတာ အားကိုးရာ ရမလားဆိုပြီး ရှာနေကြခြင်း ဖြစ်ကြောင်း ဟောသည်။ [နာ–၁၄၃] ရထားသော ခန္ဓာကြီးကပင် ကိုယ့်ကိုယ်ကိုယ် မပိုင်၍ ပျက်စီးရသည်။ အနတ္တ ဖြစ်ရသည်။ ရှာထားသော ပစ္စည်း ရန်သူမျိုး ငါးပါးကြောင့် ဆုံးရှုံး ပျက်စီးရသည်။ အနတ္တပဲ ဖြစ်သည်။ ခန္ဓာဘက်က ကြည့်လည်း အနတ္တပဲ။ ပစ္စည်းဘက်က ကြည့်လည်း အနတ္တပဲ ဖြစ်သည်။

ဒါကြောင့် အနတ္တက အနတ္တကို အားကိုးနေခြင်း ဖြစ်ကြောင်း ပေါ်အောင် ဟောသည်။ [နာ–၁၄၄] ထိုသို့ အားကိုးနေခြင်းသည် လဲမလို့ ယိုင်နေသော သစ်ပင်ကို ပြိုလဲသော သစ်ပင်က မှီသလို ဖြစ်နေကြောင်း ပြသည်။ လူတွေမှာက ယောကျ်ားက မိန်းမကို အားကိုး၊ မိန်းမက ယောကျ်ားကို အားကိုး၊ ပြီးတော့

http://www.dhammadownload.com



သားသမီးကို အားကိုးရမလား ဆိုပြီး လုပ်ကြပြန်သည်။ အနတ္တက အနတ္တကို အားကိုးခြင်းသာ ဖြစ်သည်။ ပြုမည့်အပင်ကို လဲသောအပင်က မှီဖို့ လုပ်နေကြခြင်းသာ ဖြစ်သည် ဆို၏။ [နှာ-၁၄၆] ဒါကြောင့် အနတ္တကို ပြုစုနေလည်း အပိုပဲ ဖြစ်ကြောင်း ပြသည်။ [နှာ-၁၄၈] အနတ္တ အနတ္တချင်း အားကိုး၍ မရပါ။ တစ်ခုကို တစ်ခုက မကူနိုင်၊ မကယ်နိုင်ပါ။ ရေနစ်သော လူနှစ်ယောက်နှင့် တူပုံကို ပြသည်။ [နှာ-၁၄၉] တစ်သံသရာလုံး မြုပ်ခဲ့ရတာ အားကိုးလွဲလို့ ဖြစ်သည်ဟု ဆိုသည်။ အနတ္တ ဆိုတာက အားကိုး မခံသောတရား ဖြစ်သည်။ ဒါကို အရမ်း အားကိုးနေကြသည့် အတွက် အရမ်း ပင်ပန်းနေကြသည်။ ဒီအတိုင်း အားကိုးနေ၍ မဖြစ်ပါ။ အားကိုးပြင်မှ ဖြစ်တော့မည်ဟု ဆိုသည်။ [နှာ-၁၅၂] နဂိုကလည်း အားကိုးလွဲသည်။ အားကိုး လွဲကြောင်း အားကိုးခံ ပစ္စည်းက ပျက်စီး ပြလိုက်ပြန်တော့လည်း မျက်ရည် ကျပြန်သည်။ ပုထုဇဉ်သည် အမှန်ပြတော့ မျက်ရည်ကျသည်။ အလွဲပြတော့ သဘော ကျသည်။ [နှာ-၁၅၃] အနတ္တကို အားကိုးတာက အတ္တထင်ပြီး အားကိုးခြင်း ဖြစ်သည်။

ဒါကြောင့် မိမိတို့ အားကိုးမကောင်းတာ အားကိုးနေတာသည် မိမိတို့ကို နှိပ်စက်ဖို့ချည်း ဖြစ်ကြောင်း သဘောကျအောင် ဟောသည်။ [နှာ-၁၅၅] နေ့တိုင်း ရှာနေကြတာ မျက်ရည်ကျစရာတွေ ရှာနေကြခြင်း ဖြစ်၏။ သားသမီးနှင့် ပစ္စည်း ရှာနေကြတာ ပူဖို့၊ ဆွေးဖို့၊ မျက်ရည်ကျဖို့ ရှာကြတာ ဖြစ်ပုံကို ပြသည်။ [နှာ-၁၅၉] အားကိုးလွဲ၍ ပူဆွေးခဲ့ရ၊ မျက်ရည် ကျခဲ့ရသည်။ မျက်ရည် ဇာတ်သိမ်းချင် လျှင် အားကိုးမှန်မှ ဖြစ်မည်ဟု ဆို၏။ [နှာ-၁၆၀] အားကိုးမှန်ကို အမြန်လိုက်ပါ တော့ ဆိုတော့ ဘုရားက 'အတ္တဒီပါ ဝိဟာရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနည သရဏာ' ဟု ဟောထားသည်။ [နှာ-၁၆၃] ဘာကို အားကိုးရမလဲ။ သတိပဋ္ဌာန် တရားကို အားထုတ်သော မဂ္ဂင်ကိုသာ အားကိုးရမည်။ ဘာအားကိုးရမလဲ။ ဖြစ်ပျက်ကို မြင်သော မဂ္ဂင်ကိုသာ အားကိုးရမည်။ မဂ္ဂင်ကမှ နိဗ္ဗာန် ပို့သည်။ ငိုစရာ၊ ပူစရာ၊ ဆွေးစရာ နိဗ္ဗာန်မှာ ဘာမှ မရှိပါ။ ဒါဆို မျက်ရည်ဇာတ်သိမ်းပြီ။ ဤမှုလောက် လှည့်ပတ် ပြောနေရတာ၊ ဒကာ ဒကာမတွေ (ကိလေသာ) ထူလွန်းလို့ဟု ဆိုသည်။ ခင်ဗျားတို့က (ကိလေသာ) မပါးဘူးဟု ဆိုသည်။ ပြောလည်း မရှက်ဘူးဟု ဝေဖန်သည်။ ဓမ္မဒီပါ ကျွန်းကြီးသဖွယ် ဖြစ်သော မဂ္ဂင်ကိုသာ ဓမ္မသရဏာ = မဂ္ဂင်ကိုသာ အားကိုးရပါမည်။ ဒါဖြင့် ဘယ်လို ဆုံးဖြတ်ချက် ချမလဲ၊ မျက်ရည်ဇာတ် သိမ်းချင်လျှင် မဂ္ဂင်ကိုသာ အားကိုးပါ။

http://www.dhammadownload.com



ဆက်ပြီး ငိုချင်လျှင် သားသမီး စီးပွား ဥစ္စာတွေ (အနတ္တ) တွေကို အားကိုးပါဟု ပြတ်ပြတ်သားသား ဆိုထားပါသည်။ [နှာ-၁၆၇] ဆေးတွေ့လို့မှ မသောက်ချင်ဘူး။ (မဂ္ဂင် အလုပ်ကို မလုပ်ချင်သေးဘူး) ဆိုလျှင် ငိုကြောရှည်ချင်သေးလို့ပဲ ဖြစ်သည် ဆို၏။ [နှာ-၁၆၈] ငိုကြောရှည်ချင်လျှင် ခန္ဓာခင်၊ ပစ္စည်းခင်သော အလုပ်ကို လုပ်၊ အငိုတိတ်ချင်လျှင် မဂ္ဂင် အလုပ်ကို လုပ်ပါဟု တိုက်တွန်းထားသည်။ [နှာ-၁၇၀] ဝိပဿနာ အလုပ်ကို မလုပ်ချင်သေးသော စိတ် ပေါ်ခြင်းသည် အရှက်တကွဲ အကျိုးနည်း ငိုပွဲဆင်ချင်သေး၍ ဖြစ်သည် ဆို၏။ [နှာ-၁၇၂] ပြင်ချိန် ရှိတုန်း ပြုပြင်သင့်သည်ဟု အကြောင်းပြ၍ တိုက်တွန်းသည်။ မဂ္ဂင်ကိုသာ အားကိုးပါ။ မဂ္ဂင်ကလည်း ဝိပဿနာ မဂ္ဂင် တစ်မျိုး၊ လောကုတ္တရာ မဂ္ဂင် တစ်မျိုး ဖြစ်ကြောင်း ခွဲပြသည်။ [နှာ-၁၇၄]ဤလမ်းသာ အငိုတိတ်သောလမ်း၊ အသေရပ်သော လမ်း ဖြစ်သည်။ အကောင်းဆုံး လမ်းကောင်း လမ်းမှန် ဖြစ်သည်။ 'သောကပရိဒေဝါနံ သမတိက္ကမာယ' သောကပရိဒေဝ ငြိမ်းသောလမ်း ဖြစ်သည်။

ထို့နောက် ခန္ဓာ ငါးပါးအကြောင်းကို ပြန်ဟောသည်။ ရူပက္ခန္ဓာက ဆေးရုံ၊ ဝေဒနာက ရောဂါ၊ လူနာ၊ ဝိညာဏ်က အနာပေါက်ရာ ဌာန၊ သညာက မသင့်သော အစာ၊ သင်္ခါရက မသင့်တာကို စားဖို့ အမြဲ တိုက်တွန်းနေသော တရား ဖြစ်ကြောင်း ပြန်ပြသည်။ ထိုလူ ဘယ်တော့မှ ရောဂါ မကင်းတော့ပါ။ ခန္ဓာကိုယ်ကြီးက အနာတုံး အနာခဲကြီး၊ လှုပ်လိုက်တိုင်း အနာပေါက်နေသည်။ လုပ်နေကြတာက အနာလှည့် ကုနေကြရခြင်း ဖြစ်သည်။ ဒါကြောင့် ခန္ဓာမှာ တွေ့ရတာ အားလုံး ဖြစ်ပျက်ချည်း ဖြစ်သည်ကို သိရမည်။ [နှာ-၁၈၀] အရိယာ မျက်လုံး တပ်ကြည့်၍ အနိစ္စ၊ အနတ္တကို မြင်လျှင် အရိယာ မဂ္ဂင် ခန္ဓာထဲကို ရောက်သည်။ [နှာ-၁၈၁] ဒီခန္ဓာ ရောဂါ ဘယ်အခါမှ မကင်းပါ။ ရောဂါ ကင်းသည် ထင်လျှင် မိုက်မဲခြင်းသာ ဖြစ်သည် ဆို၏။ ဒီခန္ဓာ တစ်ခုလုံး ဖြစ်ပြီး ပျက်နေတာ မြင်လျှင် တဏှာ၊ ဥပါဒါန် မလာတော့။ မလာလျှင် ကံသေပြီ။ ကံမလာတော့ပါ။

ဤအကြောင်းကို မာဂဏ္ဍီ ပရိဗိုဇ်ကို ဟောသည်။ သူတော် ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာ ကျင့်မှသာ အာရောဂျံ ပရမံ လာဘံ ဆိုသော သဘောကို သင် နားလည်မည်ဟု ဗုဒ္ဓ ရှင်တော်မြတ် ဟောကြားကြောင်း ပြသည်။ မာဂဏ္ဍီက အနာကင်းသော သူ့ခန္ဓာကိုယ် အားကိုးနေခြင်းကို ဘုရားက ချေဖျက်လိုက်သည်။ ဤခန္ဓာမှာ အနာ ဘယ်တော့မှ မကင်းကြောင်း၊ တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်မှ ဇာတိ၊ ဇရာ၊ မရဏ မလာတော့ဘဲ ဒုက္ခက္ခန္ဓသ နိရောဓော ဟောတိ ဖြစ်မည့် အကြောင်းကို

http://www.dhammadownload.com



ပြသည်။ ဤခန္ဓာ၏ အပျက်ကို မမြင်သေးသမျှ ဤခန္ဓာကို တောင့်တ နေကြမည်သာ ဖြစ်၏။ ခန္ဓာ၏ ဖြစ်ပျက်ကို မြင်မှ မဂ္ဂင်ပေါ်သည်။ ဤသို့ မြတ်စွာဘုရားက ရှင်းလင်း ဟောကြားမှ မာဂဏ္ဍီပရိဗိုဇ်က သူမျက်လုံး မြင်ပါပြီ။ နဂိုက တပည့်တော်က အာရောဂျ ပရမံ လာဘာကို ဒီခန္ဓာကြီး ယူထားမိသည်။ နိဗ္ဗာနံ ပရမံ သုခံကိုလည်း ဤခန္ဓာကိုပင် ယူမိကြောင်း ဝန်ခံသည်။ [နာ-၁၈၆]

ထိုအခါ မြတ်စွာဘုရားက ခန္ဓာကြီးသည် ရောဂါသည်အစစ် ဖြစ်ကြောင်း သိချင်လျှင် 'သူတော် ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာကျင့်၊ မဂ်၊ ဖိုလ်ခွင့်ရလင့် ကေန်သာ' တရားကို ပြန်ဟောသည် ဆို၏။ ဒီသုံးချက် ညီအောင် လုပ်ပါဆိုသောအခါ မာဂဏ္ဍီလည်း ရဟန်းခံပြီး တရား အားထုတ်လိုက်ရာ ခန္ဓာ၏ ဖြစ်ပျက်တွေကို မြင်၊ ဖြစ်ပျက် မုန်းပြီး ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို မြင်သွားသည်။ တဏှာ၊ ဥပါဒါန်၊ ကံ အားလုံး ချုပ်ပြီး ဇာတိ၊ ဇရာ၊ မရဏ မရှိတော့သော နိဗ္ဗာန်ကို မြင်သဖြင့် သောကပရိဒေဝ အားလုံး ချုပ်ငြိမ်းသွားသည်။ ဒါကြောင့် ဆရာတော်က အငိုတိတ်ချင်လျှင် မဂ္ဂင်လမ်းကို လိုက်ဟု တိုက်တွန်းတော်မူသည်။ နက်ဖြန် ခင်ဗျားတို့ ရောက်ရောက်ချင်း တရားအားထုတ်၊ မဂ္ဂင်လမ်း လိုက်မလိုက် အကဲခတ်မည်ဟု ဟောရင်း အချိန်စေ့သည်။ တရားရပ်နား၏။

*

## ၅။ ရုပ်နာမ်ကို ပညာဖြင့် အကဲခတ်ပါ

[ ၂၈-၅-၅၉ နေ့က ဟောသောတရား ဖြစ်သည်။ လ ကျော်သွားသည်။ ဟောရပ် မပါ။]

ခန္ဓာကြီးကလည်း နိဗ္ဗာန်ရောက်အောင် ပို့နိုင်ကြောင်း အစချီလျက် ဤတရားကို ဟောပါသည်။ ခန္ဓာကိုယ်ကို လှေဥပမာ ထားပြသည်။ သံသရာ မြစ်ပြင်ကျယ်ကို ခန္ဓာလှေဖြင့် ကူးမြောက်နိုင်သည်။ ရုပ်ကို လှေသဖွယ်၊ ဉာဏ်ကို လှေထိုးသားသဖွယ် အမှတ်ပြုပြီး ကူးလျှင် နိဗ္ဗာန် ရောက်နိုင်ကြောင်းကို ဟောသည်။ ခန္ဓာကိုယ်ထဲမှာ နာမ်၊ ရုပ် နှစ်ပါးပဲ ရှိသည်။ နာမ်၊ ရုပ် နှစ်ပါးထဲကို ပညာရှိတစ်ယောက်ကို သွင်းပါ ဆိုသည်။ ပညာရှိ ဆိုတာက နာမ်၊ ရုပ်ကို အကဲခတ်သူ၊ ဝိပဿနာ ရှုသူ (ရှုဉာဏ်)ကို ဆိုလိုသည်။ ရုပ်၊ နာမ်ကို ရှုဉာဏ်ဖြင့် အကဲခတ်ရမည်။ [နာ-၁၉၂]

အကဲခတ်တာက ဝိပဿနာအလုပ် ဖြစ်သည်။ ဝိပဿနာ အလုပ်ဆိုတာ စာကြည့်ပြီး သုံးသပ်နေတာ မဟုတ်။ ခန္ဓာကို ဉာဏ်ဖြင့် ရှုခြင်းသာ ဖြစ်သည်ဟု ရှင်းရှင်း ဖော်ပြ

http://www.dhammadownload.com



ထားသည်။ [နှာ–၁၉၃] စာထဲမှာ ဝိပဿနာ အစစ်ကို မတွေ့နိုင်ပါ။ မှတ်တမ်းတွေကိုသာ တွေ့ရပါမည်။ [နှာ–၁၉၄] ရုပ်၊ နာမ်နှစ်ခုကို စီးပြီး လိုက်မှသာ ဉာဏ်သမားသည် နိဗ္ဗာန်ကို ရောက်နိုင်သည်ဟု ဆိုသည်။ [နှာ–၁၉၅]

ရုပ်နာမ်ကို ဉာဏ်ဖြင့် အကဲခတ်နေလျှင် ရုပ်ကလည်း မမြဲ။ ပြောင်းလဲဖြစ်ပျက်နေသည်။ နာမ်ကလည်း မမြဲ။ ပြောင်းလဲ ဖြစ်ပျက်နေသည်။ ကိုယ်ပိုင်ကိုယ်ဆိုင် ဘာမှ မဟုတ်ဘူး။ ဤသို့မြင်လျှင် သမ္မာဒိဋ္ဌိ ဝိပဿနာ ဖြစ်လာပြီဟုဆိုသည်။ [နှာ–၁၉၈] ရုပ်ကို သတိကပ်ပြီး ရှုနေလျှင် ရုပ်ကလည်း အရင်ရုပ်မဟုတ်။ နောက်ရုပ်တွေ ဖြစ်နေသည်။ နာမ်ကလည်း အရင်နာမ် မဟုတ်။ နောက်နာမ်တွေ ဖြစ်နေသည်။ ဒါ ဘယ်သူပြောသလဲ။ ရုပ်၊ နာမ် ခန္ဓာက ပြောသည်။ သူများ ပြောတာ မယုံနှင့်။ ရုပ်၊ နာမ် ပြောတာတော့ ယုံရမည်ဟု ဆိုသည်။ [နှာ–၁၉၉] ရုပ်၊ နာမ်ပဲ ရှိသည်။ ရုပ်နာမ်ကလည်း အနိစ္စ ဖြစ်နေသည်ဟု သိလျှင် နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပြီ။ [နှာ–၂၀၀] ရုပ်နာမ်ထဲမှာ ငါ့ဟာ၊ ငါ့ဥစ္စာ မပါဘူးဟု ရုပ်နာမ်က ပြောသည်။ အစိုးမရ အနတ္တတွေချည်းသာ ဖြစ်၏။ ရုပ်နာမ်အကြောင်းကို ကောင်းကောင်း သိလျှင် ယထာဘူတဉာဏ် ရပြီ။ [နှာ–၂၀၂] ရုပ်နာမ်ကို အမှန် မြင်ပြီး နောက်ရုပ်နာမ်ကို မုန်းဉာဏ် ပေါ်လာလျှင် နိဗ္ဗိန္ဒာဉာဏ်ပေါ်ပြီ။ ရုပ်နာမ် အဆုံးကို မြင်တာက မဂ်ဉာဏ် ဖြစ်သည်။ ရုပ်နာမ်ကပင် မဂ်ဉာဏ်ကိုလည်း ပေးသည်။ နိဗ္ဗာန်ကိုလည်း ပို့သည်။ [နှာ–၂၀၃] ရုပ်နာမ်ကို စိုက်ကြည့်တာက ဝိပဿနာ ဖြစ်သည်။ ဝိပဿနာ ခက်သည် ဆိုခြင်းမှာ ဆရာမပြ နည်းလမ်းမရ၍ ဖြစ်သည်။ ဆရာပြ နည်းကျလျှင် ခက်ခဲခြင်း မရှိတော့ပါ။ ဤတရားကို အရှင်သာရိ ပုတ္တရာ ဟောသော တရားကို ကိုးကားပြီး ဟောသည် ဆို၏။

အရှင်သာရိပုတ္တရာက 'ကာယမိမံ သမ္မသထ ပရိဇာနာထ ပုနပ္ပုနံ ကာယေ သဘာဝံ ဝိဒိတွာန ဒုက္ခဿန္တံ ကရိဿထ'ဟု ဟောတော်မူခဲ့သည်။ ဣမံ ကာယံ– ဤရုပ်နာမ်ကို၊ သမ္မသထ– ဉာဏ်နှင့် သုံးသပ်ပါ၊ ပရိဇနာထပုနပ္ပုနံ– ဆုံးဖြတ်ချက်ချနိုင်အောင် အထပ်ထပ် ကြည့်ပါ၊ ကာယေသဘာဝံ ဝိဒိတွာန– ရုပ်ကာယနစ်ပါး၌၊ သဘာဝံ– သဘောသဘာဝကို ဝိဒိတွာန– သိ၍နေလျှင်၊ ဒုက္ခဿန္တံ ကရိဿထ– ဒုက္ခအဆုံးသို့ ရောက်၏။ [နှာ–၂၀၇] ရုပ်နာမ်၏ ဖြစ်ပျက် ဒုက္ခသစ္စာကို မမြင်ခင်က ဤခန္ဓာကြီးကို လိုချင်၍ ဆုတောင်း ယူခဲ့ကြသည်။ ယခု ခန္ဓာ၏ အပြစ်တွေကို မြင်တတ်ပြီ။ ထိုအခါ ထိုခန္ဓာနှင့် မပေါင်းလိုသော သဘော၊ မုန်းငြီး

http://www.dhammadownload.com



သော သဘော ဖြစ်ပေါ်လာသည်။ ထိုသို့ ဆုံးဖြတ်ချက် ချလိုက်သောအခါ တဏှာ သေသွားသည်ဟု ဆိုသည်။ [နှာ–၂၀၉] တဏှာသေလျှင် နိဗ္ဗာန် ရနိုင်ကြောင်းလည်း ဟောထားသည်။ နိဗ္ဗာန်ကို လိုချင်လျှင် ဘုရားပေးသော ဝိပဿနာဉာဏ်ဖြင့် ကိုယ့်ဘာသာ လှော်ခတ်ရမည်။ နောက်ဘုရားကို စောင့်နေစရာ မလိုပုံကို ဟောသည်။ [နှာ–၂၁၁] မိမိတို့ သန္တာန်မှာ ဘုရားပွင့်မှသာ အနတ္တဉာဏ်ကို ရသည်။ မပွင့်လျှင် မရကြောင်း ဟောသည်။ [နှာ–၂၁၂] ရုပ်နာမ်က အနတ္တမို့ အနတ္တချည်း ပြပြီး ဟောနေသည်။ မိမိအလိုသို့ လုံးဝ မလိုက်ကြောင်းပဲ အစဉ်ပြနေသည်။

သို့သော် ကိုယ်က ဒီခန္ဓာကို မိမိအလို လိုက်လိမ့်မည် ထင်ပြီး ဖြီးလိမ်းခြယ်သနေသည်။ ခန္ဓာပြောတာ မယုံလို့ လုပ်နေကြတာ ဖြစ်ကြောင်း သရုပ်ပေါ်အောင် ဟောသည်။ [နှာ–၂၁၅] ခန္ဓာကပြောတာကို မယုံလို့ရှိလျှင် ဘုရား ငုံပြောလည်း အလကားပဲဟု ဆိုသည်။ ခန္ဓာက ဘာပဲ ပြောသလဲ။ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲ ပြောပါသည်။ အသုဘပဲ ပြောပါသည်။ ဒါကို မယုံဘူး ဆိုလျှင် ဘုရားဟောသော ဉာဏ်ကို မရဘူး။ ဒါဆို ခင်ဗျားတို့ သန္တာန်မှာ ဘုရား မပွင့်ဘူးဟု ဟောသည်။ [နှာ–၂၁၆] ဝိပဿနာဉာဏ်က ဘုရားပွင့်မှ ပေါ်သောဉာဏ် ဖြစ်သည်။ ရုပ်နာမ်ခန္ဓာက ပရမတ်။ အမှန်အတိုင်း၊ အရှိအတိုင်းပဲ သူက ပြသည်။ လိမ်၍ မပြပါ။ ပင်ကိုသဘောကိုပဲ ပြသည်။ အမှန် ပြနေတာကို အမှန်အတိုင်း ဉာဏ်ဖြင့် သိအောင် ကြည့်တတ်လျှင် နိဗ္ဗာန်ရသည်ဟု ဆိုသည်။ [နှာ–၂၁၇] ခန္ဓာကတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဒီလေးချက်ကိုပဲ နားငြီးအောင် ထပ်တလဲလဲ ပြောနေမည်သာ ဖြစ်၏။ ရှုသူ၏ ဉာဏ်ထဲမှာ ဒါတွေချည်းပဲ။ မကြည့်ချင်၊ မမြင်ချင် လောက်အောင် ခါးသီး ငြီးငွေ့သွားလျှင် နိဗ္ဗိန္ဒာဉာဏ်ကို ရသည်။ ငြီးငွေ့ပါစေ။ ထိုငြီးငွေ့သော မုန်းစိတ်နှင့်ပင် ခန္ဓာ အဆုံးအထိ ရောက်အောင် ကြည့်ရမည်။ ခန္ဓာ ပြောတာ ဆုံးအောင်ကြည့်ဟု သင်သည်။ [နှာ–၂၁၈] ခန္ဓာအဆုံးကို ရောက်သွားလျှင် ခုနင်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတွေ အကုန် ပျောက်သွားသည်။ မလိုချင်သော ဉာဏ်သာ ရောက်ပါစေဟု ဆိုသည်။ [နှာ–၂၁၉] ထိုဉာဏ်သည် မဂ်ဉာဏ် ဖြစ်သည်။ ထိုဉာဏ် ရောက်လျှင် မကောင်းတာတွေ အကုန်ပျောက်ပြီး ကောင်းတာတွေ အကုန် ရောက်သည်။ နိဗ္ဗာန် ရောက်ပြီဟု ဆိုလိုသည်။ ထိုအခါ အလွန်ကောင်းတာနှင့် မခွဲချင်တော့ကြောင်း၊ အလွန်ကောင်းတာက နိဗ္ဗာန်၊ မခွဲချင်တာက ဉာဏ်ဖြစ်သည် ဆို၏။ ဝိပဿနာ အလုပ်ဆိုတာ ရုပ်နာမ်နှစ်ခုကို ဉာဏ်နှင့် ကြည့်ခြင်း ဖြစ်သည် ဆိုသော စကားကို ထပ်ဟောပြန်သည်။ ဒါက ဝိပဿနာအစ

http://www.dhammadownload.com



ဖြစ်သည်။ ဉာဏ်နှင့်ကြည့်ရင်း ရုပ်နာမ် ဖြစ်ပျက်ကို မြင်ပြီး ဖြစ်ပျက်ကို မုန်းလာလျှင် ဝိပဿနာ အလယ်ကို ရောက်ပြီ။ ဉာဏ်တစ်ခုနှင့် ကြည့်ရင်း ရုပ်နာမ်၏ အဆုံးကို ရောက်သွားလျှင် ဝိပဿနာကိစ္စ ပြီးပြီဟု ဟောသည်။ [နှာ–၂၂၂]

ဒီလိုဆိုတော့ အလွယ်လေး။ သို့ပါလျက် ဘာကြောင့် နီးလျက်နှင့် ဝေးနေရသလဲ ဆိုလျှင် မကြည့်မိလို့၊ မျက်တောင်မွေးနှင့် မျက်လုံးလို ဖြစ်နေကြောင်း ပြသည်။ နီးလျက် မမြင်ရသော မျက်တောင်နှင့် မျက်လုံးကို မှန်ထောင်ပြတော့ မြင်နိုင်သလို၊ ဝိပဿနာသည် ဘုရားက မှန်ထောင်ပြခြင်း ဖြစ်သည်။ ဤတရားကား ဒိဋ္ဌဓမ္မော– ကိုယ်တိုင်သိသောတရား၊ ဝိဒိတဓမ္မော– ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်အောင် လုပ်ရသောတရား ဖြစ်သည်။ ဤတရားသည် (၁) ကိုယ်တိုင်မြင်အောင် လုပ်ရမည့် တရား (ဒိဋ္ဌဓမ္မော) ဖြစ်သည်၊ (၂) ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်အောင် လုပ်ရမည့် တရား ဖြစ်သည် (ဝိဒိတဓမ္မော)၊ (၃) ဉာဏ်ဖြင့် ကိုယ်တိုင် သက်ဝင်ယုံကြည်အောင် လုပ်ရမည့် တရား(ပရိယောဂဠ္ဍ ဓမ္မော) (၄) သံသယ ကင်းရှင်းသွားရမည့်တရား (တိဏ္ဏ ဝိစိကိစ္ဆော ဓမ္မော)၊ (၅) ကိုယ်တိုင် အမှန်ကို သိပြီး ရဲတင်းအောင် လုပ်ရမည့် တရား (ဝေသာရဇ္ဇပ္ပတ္တော)။ [နှာ–၂၂၄] ဆရာတော်က နဂိုက နိဗ္ဗာန် မရခဲ့တာ သူများ ပြောသံကြားနှင့် လမ်းဆုံးနေလို့ ဖြစ်သည်ဟု ဆိုသည်။ လှေချည်း သက်သက်လည်း တစ်ဖက်ကမ်းကို မရောက်ပါ။ လှေသမားချည်း သက်သက်လည်း တစ်ဖက်ကမ်းကို မရောက်ပါ။ ရုပ်နာမ်ကို ဉာဏ်ဖြင့်ရှုမှ လိုရာခရီးကို ရောက်သည်။ အရှင်သာရိပုတ္တရာ ဟောသောတရား ဖြစ်သည်။ ဝိပဿနာဆိုတာ အရပ်မျက်လုံးနှင့် မကြည့်ရ။ ဘုရားပေးသော မျက်လုံးနှင့် ကြည့်ရမည့် တရား ဖြစ်သည်။ ရုပ်နာမ်နှစ်ခုကို ဘုရားပေးသော ဉာဏ်ဖြင့် ကြည့်မှသာ ဉာဏ်က အစဉ်အတိုင်း တက်သွားသည်။ [နှာ–၂၂၉] ပထမ ယထာဘူတဉာဏ်၊ ဒုတိယ နိဗ္ဗိန္ဒာဉာဏ်၊ တတိယက မဂ်ဉာဏ်၊ အောက်ထစ်ဆုံး ဉာဏ်သုံးဉာဏ်ဖြင့် တက်ရပုံကို ဟောသည်။ အရပ်မျက်လုံးက အပူတွေ၊ သောကပရိဒေဝတွေပဲ ပေးသည်။ ဘုရားပေးသော မျက်လုံးက သောကပရိဒေဝ အပူတွေကို ငြိမ်းစေသည်။

ပြီးမှ မာဂဏ္ဍီ ပရိဗိုဇ်ကို ဆက်ဟောပြန်သည်။ မာဂဏ္ဍီ ပရိဗိုဇ်က အရပ်ပေးသော မျက်လုံးနှင့်ကြည့်ပြီး ငြင်းနေသည်။ ဘုရားကို ကြီးပွားချမ်းသာရေးကို ဖျက်ဆီးသူ ဆိုပြီး သူက မကြည်မညို ဖြစ်နေခဲ့သည်။ သူက ဒုက္ခ ပွားစီးခြင်းကို ကြီးပွားခြင်းဟု ယူဆနေခဲ့သည်။ သူ့မှာ ခင်မင် တွယ်တာစရာ တဏှာ၊ ဥပါဒါန်တွေ များလာတာကို ကြီးပွားလာသည်ဟု ထင်နေသည်။ နူနာရောဂါသည် မီးဖိုနား

http://www.dhammadownload.com



ကပ်ပြီး အပူခံနေရတာကို ကျက်သရေ ရှိသည် ထင်နေပုံနှင့် တူသည်။ လူတွေမှာလည်း သားသမီးနှင့် စီးပွားနှင့် သိုက်သိုက်ဝန်းဝန်း နေရတာကို ကျေနပ်နေပုံမှာ နွားသည် မီးဖိုကြိုက်သည်နှင့် တူပုံ၊ နွားနာပျောက်လျှင် ထိုသူ မီးပုံနား မကပ်ချင်တော့ပါ။ ထို့အတူ သစ္စာဉာဏ်ရပြီး ခန္ဓာ၏ ဒုက္ခသစ္စာ အမှန်ကို သိသွားသူသည် သားသမီး၊ မြေးမြစ်နှင့် မဆိုထားဘိ၊ မိမိခန္ဓာနှင့်ပင် အိုးစားခွဲချင်သည်။ ခန္ဓာကိုယ်ကြီးသည် ကိလေသာ မီးဆယ့်တစ်မီး လောင်နေသော ခန္ဓာကြီး ဖြစ်သည်။ ထိုခန္ဓာကြီးသည် မီးခန္ဓာကြီးမှန်း မသိခင်က ခင်နေသည်။ မီးလောင်နေမှန်း သိတော့ မခင်တော့ပါ။ နွားနာသည် အနာပျောက်လျှင် မီးကို မခင်တော့ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၆။ ဘုရားက အလေးပြုသည့် အရာ

[ ၄-၁-၆၀ နေ့က ဟောကြားသော တရား။ ဟောရပ်မပါ။ ]

မနေ့က အဆက်ကို ဒကာ၊ ဒကာမများ နားထောင်ရမှာပဲဟု အစချီပြီး ဤတရားကို ဟောကြားလေသည်။ မြတ်စွာဘုရားသည် ဘုရား ဖြစ်စက အဇပါလ ညောင်ပင်ရင်းမှာ သတ္တာ သတ္တဟ စံစားစဉ်က ဤလောကမှာ မိမိထက် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ သာသောပုဂ္ဂိုလ်ကို အလေးဂရုပြုရန် ရှာကြည့်သည်။ ထိုလေးချက်မှာ သူ့ထက်သာသော ပုဂ္ဂိုလ်သည် လူ၊ နတ်၊ ဗြဟ္မာ ဘုံသုံးပါးမှာ တစ်ဦးတစ်ယောက်မျှ မရှိသည်ကို တွေ့ရသည်။ ထိုအခါ မိမိ ဘုရားဖြစ်လာတာ ဘာကြောင့်လဲဟု စဉ်းစားပြန်သည်။ တရားကြောင့် ဘုရား ဖြစ်လာသည်ဟု သိမြင်တော်မူသည်။ ထိုအခါ မိမိအနေနှင့် တရားကိုပဲ အားကိုးစရာ ရှိတော့သည်ဟု နှလုံး ထားလိုက်လေသည်။ [ နှာ-၂၄၃ ] ဘုရား အားထားတာသည် တရားပဲ ဖြစ်သောကြောင့် ဒကာ၊ ဒကာမများလည်း အချိန်တိုင်းမှာ တရားကိုသာ နှလုံးသွင်းကြပါဟု တိုက်တွန်းထားသည်။

မြတ်စွာဘုရားက ဤသို့ စဉ်းစား တွေးတောနေစဉ် ဘုရားအဆူဆူကို မိသော သဟ္မတိ ဗြဟ္မာကြီး ရောက်လာပြီး အရှင်ဘုရား တွေးတာ အလွန် မှန်ကန်ပါကြောင်း လျှောက်ထားလေသည်။ မြတ်စွာဘုရားလည်း အချိန်တိုင်းမှာ တရားကို နှလုံးသွင်းလျက်သာ နေတော်မူခဲ့လေသည်။ ဆရာတော်ကြီးကလည်း ဖြစ်ပျက်မြင်တဲ့ဉာဏ်၊ ဖြစ်ပျက်မုန်းတဲ့ဉာဏ်၊ ဖြစ်ပျက် အဆုံးကို မြင်သော နိဗ္ဗာန်ကို

http://www.dhammadownload.com



မြင်သော ဉာဏ်ကိုသာ အားကိုးကြရမည်ဟု သင်ကြားပြသည်။ [နှာ–၂၄၅] ထို့နောက် လူတွေမှာ သားသမီး အားကိုး၊ စီးပွား အားကိုး၊ အားကိုး အမျိုးမျိုး မှားနေကြပုံ၊ အားကိုးမှား၍ မျက်ရည်ပေါက် ကြီး၊ ငယ် ကျရပုံများကို ဟောသည်။ [နှာ–၂၅၀] ဝိပဿနာ မဂ်ဉာဏ်ရမှ ငြိမ်းအေးမှုကို ရနိုင်ကြောင်းကိုလည်း ဟောသည်။ [နှာ–၂၅၃]

ထို့နောက် အရှင်ဆန္န ရောဂါဖြစ်နေစဉ် သူ့လည်ပင်းကို သင်တုန်းဓားနှင့် လှီးပြီး သေကြောင်းကြံပုံကို ရောက်သွားသည်။ အရှင်ဆန္နက သူ့ကိုယ်သူ ရဟန်းကိစ္စ ပြီးပြီ။ နောက်ဇာတိ ပဋိသန္ဓေ မယူတော့၍ လက်ရှိခန္ဓာကို အဆုံးစီရင်ဖို့ စိတ်ကူးခြင်း ဖြစ်၏။ ထိုအခါ အရှင်သာရိပုတ္တရာက အရှင်ဆန္နအား အရှင်ဘုရားသည် 'ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာ' မိမိကိုယ်ကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု စွဲသေးလားဟု မေးသည်။ အရှင်ဆန္နက သူ့မှာ ငါ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ ဆိုသော အစွဲ မရှိတော့ကြောင်း ဖြေသည်။ တဏှာသေလျှင် ရဟန္တာ ဖြစ်သည်။ သူ့ကိုယ်သူ ရဟန်းကိစ္စ ပြီးပြီဟု ယူဆနေသည်။ အမှန်မှာ သူသည် ဝိပဿနာမဂ်ဖြင့် ရုပ်နာမ် အားလုံး ချုပ်ပျောက်နေပုံကို မြင်နေခြင်းသာ ဖြစ်၏။ ထို့ကြောင့် သူက 'နိရောဓံ ဒိသွာ နိရောဓံ အဘိညာယနေတံမမ နေသော ဟမသ္မိ မနမေသော အတ္တာ' ဆိုလိုက် လေသည်။ [နှာ–၂၅၇] အရှင်ဆန္န စိတ်မှာ လောကီမဂ်လောက် ရထား တာကို ကိလေသာအားလုံး အမြစ်ပြတ်ပြီဟု ထင်နေသည်။ ဒီလို မြင်တာက အမြစ်ပြတ်တာ မဟုတ်သေး။ ခေတ္တ ရပ်နေတာသာ ဖြစ်သေးသည်။ သခ်ါရနယ် ထဲက မလွတ်သေးပါ။ အသခ်တ နိဗ္ဗာန်ကိုတော့ သူ မမြင်သေးဟု ဝေဖန်ပြသည်။ [နှာ–၂၅၉] အရှင်သာရိပုတ္တရာက သိသည်။ အရှင်ဆန္နသည် အမြင်မှန်တော့ ရပြီ။ သို့သော် သူ့ အမြင်မှန်က မဆုံးသေးကြောင်း သိသည်။

အရှင်ဆန္န ရတာက ဝိပဿနာမဂ်ပဲ ရှိသေးသည်။ ဝိပဿနာမဂ် ဆုံးမှ လောကုတ္တရာမဂ်ကို ရမည် ဖြစ်၏။ ဝိပဿနာ ရှေ့သွားပဲ ရှိသေးသည်။ (ဝိပဿနံ ပုရက္ခိတွာ မဂ္ဂေဝမ္ဘော ပဝတ္တတိ) [နှာ–၂၆၁] ဤတွင် စူဠတဏှာ သခ်ယသုတ် မူလပဏ္ဏာသမှာ ဘုရားက သိကြားမင်းကို ဟောပုံကိုလည်း ဟောရင်း သတိရဟန် တူသည်။ ထည့်ဟောသည်။ ခယဝယ (ဖြစ်ပျက်)လွန်မှ နိဗ္ဗာန်ရောက်ကြောင်းကို ပြပြန်သည်။ ဝိပဿနာမဂ် အဆုံးသို့ ရောက်မှသာ လောကုတ္တရာမဂ် ထွက်ပေါ်လာ သည်။ [နှာ–၂၆၃] ဝိပဿနာမဂ်အဆုံး ရောက်မှသာ ဒုက္ခသစ္စအဆုံး ကာရိယသတိ– ဒုက္ခအဆုံး နိဗ္ဗာန်ကို မြင်သည်။ ယခုမှ အရှင်ဆန္နသည် သခ်ါရ ဒုက္ခကို မြင်ကာမျှဖြင့်

http://www.dhammadownload.com



သူ့ကိုယ်သူ ရဟန္တာဖြစ်နေပြီဟု ထင်သည်။ ထို့ကြောင့် အရှင်စုန္ဒက ပြောပြန်သည်။ မြတ်စွာဘုရားက ဝိပဿနာ ယောဂီတွေ အမြဲ နှလုံးသွင်းအပ်သော တရားကို ဟောထားတာ ရှိပါသည်။ နှလုံးသွင်းပါဦးဟု ဆိုသည်။ 'နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ' ဂါထာကို ရွတ်ပြသည်။ မှီသောပုဂ္ဂိုလ်သည် လှုပ်၏ ဆိုသော သဘောဖြစ်၏။ မှီလျှင် လှုပ်သည်။ မမှီလျှင် မလှုပ်ပါ။

ထို့နောက် မှီလျှင် လှုပ်ပုံကို လောက ဥပမာများ ပေးပြီး ဟောသည်။ [နှာ-၂၆၇/ ၂၆၈] အရှင်စုန္ဒက အရှင်ဆန္နလည်း မိမိခန္ဓာကို မှီနေ၍၊ အားကိုးနေ၍သာ ခန္ဓာမှာ ရောဂါဖိစီးတော့ မခံမရပ်နိုင် ဖြစ်လျက် လှုပ်နေကြောင်းကို နားလည်အောင် ဟောပြသည်။ အရှင်ဆန္နစိတ်မှာ ဒီဝေဒနာတွေကိုတော့ မခံစားချင်ဘူး၊ သေတာပဲ အေးတယ်ဟု ထင်မြင်နေခြင်း ဖြစ်သည်။ [နှာ-၂၇၁] အရှင်စုန္ဒ ဟောသော တရားသည်လည်း နိဗ္ဗာန်ကို ဟောသောတရား ဖြစ်သည်။ [နှာ-၂၇၃] အရှင်ဆန္နမှာ တဏှာ၊ ဥပါဒါန်ဖြင့် ခန္ဓာကို မှီနေသဖြင့် ခန္ဓာက ရောဂါ ပြင်းထန်လာသောအခါ စိတ်လှုပ်ရှားလာသည်။ အနိဿိတဿ စလိတံ နတ္ထိ- မမှီလျှင် မလှုပ်တော့ပါ။ တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်ငြိမ်းသော နိဗ္ဗာန်ကိုသာ အာရုံပြုနေပါက ကိုယ်လည်း ငြိမ်းသည်။ စိတ်လည်း ငြိမ်းတော့သည်။ ကိလေသာလည်း ငြိမ်းသည်။ [နှာ-၂၇၉] ထိုသို့ ဖြစ်ရန်မှာ ဖြစ်ပျက် ဆုံးသည်ထိ လိုက်မှ ဖြစ်သည်။ ကိလေသာကို လောကီမဂ်ဖြင့် ပထမ ငြိမ်းသတ်ရမည်။ ပြီးမှ လောကုတ္တရာမဂ်ဖြင့် ငြိမ်းသတ်ရမည်။ အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၇။ ဗာလပဏ္ဍိတ သုတ်တော်

[ ၅-၂-၆၀ နေ့က ဟောသော တရား။ ဟောရပ်မပါ။ ]

**(ဤသုတ္တန် ဒေသနာကို ရှေ့မှာလည်း ဟောခဲ့ဖူးပြီ။ ယခု ဟောသည်မှာ ၁၉၆၀ ခုနှစ်က ဖြစ်၍ ပိုစောဟန် တူသည်။)**

လူမိုက်နှင့် လူလိမ္မာ ဘာထူးသလဲ၊ ဘယ်လို ကွဲပြား ခြားနားသလဲ အစချီပြီး ဤတရားကို ဟောသည်။ ဗာလက လူမိုက်၊ ပဏ္ဍိတက လူလိမ္မာ၊ ပညာရှိ ဖြစ်သည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေတော်မူစဉ် အခါတစ်ပါး၌ ရဟန်းသံဃာများက လူမိုက်နှင့် လူလိမ္မာ ခွဲခြားဗာတ်ကြသလားဟု မေးတော်မူသည်။ ရဟန်းများက ကဿပဘုရား လက်ထက်ကပင် တရားတော်များ

http://www.dhammadownload.com



ကွယ်ခဲ့ပါပြီ။ တပည့်တော်တို့ မခွဲခြားတတ်ပါ။ အရှင်ဘုရား ဟောကြားမှသာ တပည့်တော်တို့ နားကြား မှတ်သားရပါမည်ဟု လျှောက်ထားကြသည်။ ထိုအခါ လူမိုက်နှင့် လူလိမ္မာ ခွဲခြား နားလည်ပုံ တရားကို ဟောတော်မူလေသည်။

ထိုအခါ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပာဒ် အရ လူမိုက်သည်လည်း အဝိဇ္ဇာ၊ သင်္ခါရဆိုသော ကံလမ်းက လာသည်။ သင်္ခါရကြောင့် ဝိညာဏ် (ပဋိသန္ဓေ ဝိညာဏ်) နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုသော ခန္ဓာငါးပါးကို ရသည်။ လူလိမ္မာလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ခန္ဓာငါးပါး ရတာချင်း၊ ကံလမ်းက လာကြတာချင်းမှာ လူမိုက်နှင့် လူလိမ္မာ အတူတူပင် ဖြစ်သည်။ ဖဿကြောင့် ဝေဒနာ ပေါ်တာလည်း အတူတူပင် ဖြစ်သည်။ လူမိုက်မှာလည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသုံးပါး ပေါ်သည်။ လူလိမ္မာမှာလည်း ဝေဒနာ သုံးပါးပဲ ပေါ်သည်။ မခြားနားပါ။ [နာ-၂၈၃] ဒီအထိ လာလမ်းလည်း တူသည်။ ပစ္စုပ္ပန်မှာ ခန္ဓာငါးပါး ရတာချင်းလည်း တူသည်။ ဝေဒနာ ခံစားပုံချင်းလည်း တူသည်။ ဒါဖြင့် လူမိုက်နှင့် လူလိမ္မာ ဘာထူးသလဲ ဆိုလျှင် လာပုံမှာ အတူတူ ဖြစ်သော်လည်း ယခုဘဝ နေပုံမှာ ထူးသည်။ နေပုံ ထူးသောကြောင့် သေပုံမှာလည်း ကွဲပြားသွားသည်။

နေပုံ ဘယ်လိုထူးသလဲ။ လူမိုက်မှာက ဝေဒနာနောက်က တဏှာ၊ ဥပါဒါန်၊ ကံ လိုက်သည်။ တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်တော့ သမုဒယသစ္စာ ဖြစ်သည်။ နောက်ဘဝမှာ ဇာတိ၊ ဇရာ၊ မရဏ၊ သောကပရိဒေဝ စသည့် ပဋိစ္စသမုပ္ပာဒ် တန်းတော့သည်။ လူလိမ္မာမှာတော့ ဝေဒနာနောက်က တဏှာ၊ ဥပါဒါန်၊ ကံ မလာဘူး။ တဏှာချုပ်၊ ဥပါဒါန် ချုပ်၊ ကံ ချုပ်သောကြောင့် ဇာတိ၊ ဇရာ၊ မရဏ ချုပ်တော့သည်။ [နာ-၂၈၅] ထို့ကြောင့် လူမိုက်နှင့် လူလိမ္မာ နေပုံ ကွာခြားသည်။ လူမိုက်မှာ ဝေဒနာနောက်က တဏှာ၊ ဥပါဒါန်၊ ကံ လာသည်။ လူလိမ္မာမှာ ဝေဒနာနောက်က မဂ္ဂင် လာသည်။ ပစ္စုပ္ပန်ဘဝ အနေမှာ ကွာခြားသွားသည်။ ဒါကြောင့် အသေမှာလည်း ထူးသည်။ လူမိုက်သေလျှင် စုတိပြီး ပဋိသန္ဓေ ဇာတိ လာသည်။ ဇရာ၊ မရဏ၊ သောကပရိဒေဝ အကုန်လာသည်။ လူလိမ္မာမှာ အနေထူးသောကြောင့် အနာဂတ် ဘဝမှာ ဇာတိ၊ ဇရာ၊ မရဏ ဆိုသော ဒုက္ခခပ်သိမ်း မလာဘဲ ချုပ်ပါသည်။ [နာ-၂၈၆]

ဘုန်းကြီး ဤတရားကို ဟောရခြင်းမှာ အလာတုန်းက မထူးသော်လည်း ယခုဘဝ နေပုံမှာ ထူးအောင်ဟောခြင်း ဖြစ်သည်၊ ဒကာ၊ ဒကာမတွေကို ကယ်တင်ခြင်း ဖြစ်သည် ဆို၏။ [နာ-၂၈၇] လူမိုက်က သေပြီးလျှင် နောက်ဒုက္ခ အကုန်

http://www.dhammadownload.com



ပြန်ရသည်။ လူလိမ္မာက သေပြီးလျှင် နောက်ဒုက္ခ သိမ်းသည်။ အနေထူးလို့ အသေထူးတာဟု ဖြေ၏။ အနေထူးတယ်ဆိုတာ သူများ နေသလို၊ ဝတ်သလို၊ စားသလို လိုက်လုပ်နေခြင်း မဟုတ်ဘဲ မဂ္ဂ ဗြဟ္မာစရိယ အကျင့်ကို ကျင့်၍ နေခြင်း ဖြစ်သည်။ မဂ္ဂ ဗြဟ္မာစရိယ အကျင့်နှင့် နေသူက လူလိမ္မာ၊ မကျင့်ဘဲ နေတာက လူမိုက် ဖြစ်သည်။ ဒုက္ခမျိုးစုံ ကြုံရမှာ ကြောက်သူတွေ ဝိပဿနာ အလုပ်ကို လုပ်ပါ။ လူလိမ္မာလမ်းကို လိုက်ပါဟု ဆရာတော်က တိုက်တွန်းထားသည်။ မဂ္ဂ ဗြဟ္မာစရိယ အကျင့်ဆိုတာ ဝိပဿနာ အလုပ်ပဲဟုလည်း ရှင်းထားသည်။ [နှာ-၂၈၉] ယခုအချိန် ဒကာ၊ ဒကာမတွေမှာ လမ်းပြောင်းချိန် ရှိသေးသည်။ သို့သော် ဤတရားမျိုး နာဖူးမှသာ မဂ္ဂ ဗြဟ္မာစရိယ လမ်းကို ပြောင်းနိုင်သည်။ ဒါကလည်း ဆရာကောင်း၊ နည်းကောင်းရမှ ပြောင်းနိုင်သည်။ မဂ္ဂ ဗြဟ္မာစရိယ အကျင့်ကသာ တဏှာ၊ ဥပါဒါန်၊ ကံကို သတ်နိုင်သည်။ ကမ္မသမင်္ဂီ- ကံနှင့် ပြည့်စုံသူ ဆိုတာ တဏှာ၊ ဥပါဒါန် ရှိသူကို ဆိုခြင်း ဖြစ်သည်။ တဏှာ၊ ဥပါဒါန်က ကံကို စုဆောင်းထားသည်။ ထိုတဏှာ၊ ဥပါဒါန်၊ ကံကို မဂ္ဂ ဗြဟ္မာစရိယ အကျင့်ဖြင့်သာ သတ်နိုင်သည်။ [နှာ-၂၉၆]

ဒါကြောင့် ကံကိုထက် တဏှာ၊ ဥပါဒါန်ကို ပိုပြီး ကြောက်ဖို့ ကောင်းသည်ဟု ဆိုသည်။ အမှန်မှာ ကံကို တိုက်ရိုက် မသတ်ရ။ တဏှာ၊ ဥပါဒါန်ကို အရင်သတ်ရမည်။ [နှာ-၂၉၇] ယနေ့ည ဟောသော တရားသည် မများသေးပါ။ အနေပြောင်းမှ အသေ ခြားနားပုံကို ပြခြင်းမျှ ဖြစ်သည်။ [နှာ-၂၉၉] မဂ္ဂ ဗြဟ္မာစရိယ ကျင့်နည်းကို သာသနာတွင်း ကာလမို့သာ ရနိုင်သည်။ နည်းရပြီး အသုံး မချတတ်လျှင်လည်း အကျိုး မရပါ။ ဒါကြောင့် ထူးခြားအောင် နေတတ်ဖို့ လိုသည်။ တဏှာ အုပ်စိုးသော သူများနှင့် ကွဲပြားခြားနားအောင် နေတတ်ရမည်။ [နှာ-၃၀၀] လူမိုက်သည် အမှောင်ထဲက လာ၊ အမှောင်ထဲ နေပြီး၊ အမှောင်ထဲကို ပြန်သွားသူ ဖြစ်သည်ဟု ဆိုသည်။ [နှာ-၃၀၁] ယခု နေနည်းကို ပြင်ကြရမည်။ ဘုရားက ပြင်နည်းသာ ပေးနိုင်သည်။ ပြင်ရမှာက ကိုယ်တိုင် ပြုပြင်မှ ရသည်။ ကိုယ့်အရေး ကိုယ်သိကြပါ။ အနေထူးအောင် လုပ်ပါဟု ဆိုသည်။ မဂ္ဂဗြဟ္မာစရိယ အကျင့်ကို ကျင့်ပါ။ မဂ္ဂဗြဟ္မာစရိယ အကျင့်မှာ ခေါင်းဆောင်တာ သမ္မာဒိဋ္ဌိ ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိက အမိုက်တရား၊ သမ္မာဒိဋ္ဌိက ပညာရှိတရားဟု ဆိုသည်။ [နှာ-၃၁၀] မိစ္ဆာဒိဋ္ဌိသည် ပဋ္ဌာ နန္တ ရိယကံ ထိုက်နိုင်သည်ဟု ဆိုသည်။ မိစ္ဆာဒိဋ္ဌိက ဗာလတရား၊ သမ္မာဒိဋ္ဌိက ပဏ္ဍိတတရား ဖြစ်သည် ဆို၏။

http://www.dhammadownload.com



ထို့နောက် မဂ်လသုတ်ထဲက အသေဝနာစ ဗာလာနံကို ရှင်းပြသည်။ အသေဝနာစသည် ဟိုအကောင်နဲ့ မပေါင်းနဲ့၊ ဒီအကောင်နဲ့ မပေါင်းနဲ့ဟု အဓိပ္ပာယ် မကောက်ရ။ သံသရာဆက်သော တဏှာ၊ ဥပါဒါန်၊ ကံသည် ဗာလတရား ဖြစ်သည်။ ထိုတရားနှင့် မနေရ။ သံသရာ ပြတ်တရား မဂ္ဂ ဖြပ္ပာစရိယနှင့် နေရမည်ဟု ဆိုလိုသည်။ သို့မှသာ ပဏ္ဍိတာနဉ္စ သေဝနံ ဖြစ်သည် ဆို၏။ သမ္မာဒိဋ္ဌိကို မှီခဲခြင်းသာ ပဏ္ဍိတာနဉ္စ ဖြစ်သည်။ [နာ–၃၁၄] မိစ္ဆာဒိဋ္ဌိကို ဝမ်းထဲမှာ လက်ခံထားတာသည် အသေဝနာစ ဗာလာနံ ဖြစ်သည်။ လောကုတ္တရာ တရားကိုပဲ အလေးပြု၍ နေခြင်းသည် ပူဇာစ ပူဇ နေယျာနံ ဖြစ်ပုံကို ရှင်းသည်။ [နာ–၃၁၅] လူတွေက ငါ့ကိုယ်၊ ငါ့ဟာ ဖြစ်ဖို့ အရေးကြီးနေသည်။ ဘုရားက လောကုတ္တရာ တရားနှင့် ပူဇော်၍ နေသည်ဟု ဆို၏။ [နာ–၃၁၆]

ရှေ့တရားမှာ ဤသို့ တရားကို ပူဇော်၍နေမည် ဆုံးဖြတ်သောအခါ သဟမ္ပတိ ဖြပ္ပာကြီးလာပြီး ချီးမွမ်းကြောင်း ဖော်ပြခဲ့ပြီးပြီ။ လူတွေသည် နေ့စဉ် မပူဇော်ထိုက် တာတွေကို ပူဇော်ရင်းသာ အချိန်ကုန်နေကြပုံကို ဆက်ဟောသည်။ ဧတံ မင်္ဂလ မုတ္တမံ ဆိုတာ နိဗ္ဗာန်ကို အထွတ်အထိပ် ထားဖို့ ဆိုတာဟု ဟောသည်။ (ထူးခြားသော နားလည်ပုံ ဖြစ်သည်) [နာ–၃၂၀] နိဗ္ဗာန်သာ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ မင်္ဂလာရှိသော တရားဖြစ်သည်။ မိုက်မဲခြင်း၊ လိမ္မာခြင်း ဆိုတာ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်။ ဓမ္မသဘော ကို ဆိုခြင်းသာ ဖြစ်၏။ မဂ္ဂင်ရှစ်ပါးသည်သာ မင်္ဂလာတရားပဲ ဟုလည်း ဟောသည်။ [နာ–၃၂၂] မဂ္ဂ ဖြပ္ပာစရိယ တရားမှတစ်ပါး ပေါင်းသင်းစရာ မရှိဟု ဆိုသည်။ အပေါင်းအသင်း မလွဲဖို့ သတိပေးသည်။ ခင်ဗျားတို့ အလုပ်လုပ်မှ ကိစ္စပြီးမည်ဟု ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၈။ သမ္မာဒိဋ္ဌိ အကြောင်း (၁)

[ ၂–၃–၆၀ ခုနှစ်က ဟောသည်။ ဟောရပ်မပါ။ ခေါင်းစဉ်တွင် သမ္မာဒိဋ္ဌိ အကြောင်း (၂)ဟု ဖော်ပြထားသည်။ မာတိကာနှင့် လွဲနေသည် ]

ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိနှင့်ပဲ စတော့မည် အစချီ လျက် ဤတရားကိုဟောကြားလေသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိ ဆိုတာ ဖြစ်ပျက်ကိုသာ မြင်သည်။ ခန္ဓာကို မမြင်တော့သော သဘောကို ဆိုသည်။ ဝိပဿနာဉာဏ် အမြင်မှာ ဖြစ်ပျက်ကိုသာ မြင်၍ ခန္ဓာကို မမြင်တော့သည့်အတွက် ဤသမ္မာဒိဋ္ဌိသည် ခန္ဓာကို

http://www.dhammadownload.com



စွန့်သော အမြင်ဖြစ်ပြီ။ ခန္ဓာကို စွန့်သော်ကြောင့် တဏှာ၊ ဥပါဒါန်၊ ကံလည်း မလာတော့။ တဏှာကိုလည်း စွန့်ပြီး ဖြစ်တော့သည်။ [နှာ-၃၂၆] ဝိပဿနာ သမ္မာဒိဋ္ဌိသည် နှစ်ကိစ္စကို ဆောင်ရွက်ပြီး ဖြစ်၏။ ခန္ဓာစွန့် ကိစ္စနှင့် တဏှာစွန့်ကိစ္စ ပြီးတော့သည်။ သာသနာတွင်းကျမှသာ ဤသမ္မာဒိဋ္ဌိ အမြင် ပေါ်ထွန်းလာသည်။ ဝိပဿနာပြီး မဂ်ဆိုက်သောအခါ (မဂ်သမ္မာဒိဋ္ဌိ)သည်လည်း ခန္ဓာစွန့်၊ တဏှာစွန့်ရုံ သာမက သူက နိဗ္ဗာန်ကိုပါ မြင်သည်။ [နှာ-၃၂၇] မဂ်သမ္မာဒိဋ္ဌိက သုံးကိစ္စကို ဆောင်ရွက်သည်။ ခန္ဓာစွန့် ကိစ္စ၊ တဏှာစွန့် ကိစ္စ၊ နိဗ္ဗာန်မြင် ကိစ္စ ဖြစ်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိ အမြင်ရလျှင် စူဠသောတာပန် ဖြစ်ပြီဆို၏။ [နှာ-၃၂၇] မဂ်သမ္မာဒိဋ္ဌိ ရောက်ပါက မဟာသောတာပန် ဖြစ်၏။ ဝိပဿနာ သမ္မာဒိဋ္ဌိက ခန္ဓာစွန့်၊ တဏှာစွန့်သည် ဆိုသော်လည်း နိဗ္ဗာန် တည်းဟူသော ဆွဲကိုင်ရာ မရသေးသောကြောင့် တဏှာ အမြစ် မပြတ်သေးဟု ဆိုသည်။ မဂ်သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်ကို ဆွဲကိုင်ရာ ရသောကြောင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အမြစ်နှင့်တကွ ပြတ်သည်။

ထို့နောက် မဂ်ရပြီးလျှင် ဖိုလ်သည် အကာလိကောအဖြစ် ပါရသည်။ မဂ်ရရချင်း အခါမလင့်ဘဲ ဖိုလ်သမ္မာဒိဋ္ဌိကို ရသည်။ ဘာကြောင့် ရသလဲဆိုလျှင် အနန္တရ ပစ္စည်း ဖြစ်သောကြောင့်ဟု ဆိုသည်။ မဂ်ချုပ်ပြီးလျှင် ဟာဒယဝတ္ထုပေါ်မှာ ဖိုလ်လာသည်။ ဖိုလ်ဝင်စားပုံ၊ သောတာပန် တည်ပုံကို သစ္စကပရိဗိုဇ် မေး၍ ဘုရား ဖြေတော်မူသည်။ မူလပဏ္ဏာသ ပါဠိတော်မှာ လာသည်။ သစ္စကပရိဗိုဇ်က ဘုရားရှင် ကိုယ်တော်မြတ်အား တခြား သာသနာမှာ တပည့်များသည် အယူမမြဲကြပါ။ ဟိုပြောင်းသည်ပြောင်း ပြောင်းနေကြသည်။ အရှင်ဘုရား သာသနာမှာတော့ မပြောင်းဘဲ တည်ကြပါသည်။ ဘာကြောင့်လဲဟု မေးသည်။ ဘုရားက ငါဘုရား သာသနာမှာ တပည့်များ အယူ မပြောင်းကြတာ အမြင်မှန် ရသွားကြလို့ပဲဟု ဖြေသည်။

အမြင်မှန်ဆိုတာ သူများ ပြောသံကြား မဟုတ်။ ကိုယ်တိုင်မြင်သော အမြင် (ဒိဋ္ဌ ဓမ္မော) ဖြစ်သည်။ [နှာ-၃၃၂]

'ဒိဋ္ဌောဝတာခေါ အဂ္ဂိဝေဿန သတ္ထုသာသနာ ကာရော
ဩဝါဒ ကာရော တိဏ္ဏ ဝိစိကိစ္ဆော ဝိဂတ ကထံကထော
ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဝိဟာရတိ'

ဤဂါထာသည် မြတ်စွာဘုရားက သစ္စကပရိဗိုဇ်ကို ဟောသော ဂါထာ ဖြစ်သည်။ ဤကား သောတာပန် တည်ပြီးသား ပုဂ္ဂိုလ်တို့၏ အမြင်ဖြစ်သည်။

http://www.dhammadownload.com



[နှ၁–၃၃၃] ထို့နောက် သောတာပန်ပုဂ္ဂိုလ် ပထမဖြစ်ပျက် မြင်ပုံကို ဟောသည်။ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုချည်း မြင်နေသော ပုဂ္ဂိုလ်အား ပုဂ္ဂိုလ်၊ သတ္တဝါကို လုံးဝ ရှာမတွေ့ပုံ တိဏ္ဏ ဝိစိကိစ္ဆော သဘောအရ ဝိစိကိစ္ဆာ ကင်းရှင်းသွားသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိဘူးဟု စိတ်မှာ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချနိုင်သည်။ ဒါဟာ ဝိပဿနာ အမြင်မှန် ဖြစ်၏။ သောတာပန်၏ အမြင်မှန်လည်း ဖြစ်သည် ဆို၏။ [နှ၁–၃၃၄] သူ့အမြင်မှာ ဓမ္မ ဖြစ်ပျက်ပဲ ရှိသည်။ ဤသို့ မြင်သဖြင့် ဝိစိကိစ္ဆာ ကင်းရှင်းသွားသည် (တိဏ္ဏ ဝိစိကိစ္ဆာ)။

ဤသို့ ဉာဏ်အမြင် ရသွားလျှင် ဘယ်အယူဝါဒ၊ ဘယ်ဘာသာက ဆွဲဆွဲ မရတော့ပါ။ သံသယ ဝိစိကိစ္ဆာ မပယ်နိုင်သေးလျှင် အကြောင်း အမျိုးမျိုးကြောင့် အယူဝါဒ ပြောင်းနိုင်သည်။ [နှ၁–၃၃၇] ရုပ်နာမ် ဖြစ်ပျက်ပဲ မြင်ပြီး ပုဂ္ဂိုလ်၊ သတ္တဝါ ရှာမတွေ့သော အမြင်သည် ပုထုဇဉ် လွန်မြောက်သော အမြင် ဖြစ်သည်။ [နှ၁–၃၃၈] ထိုပုဂ္ဂိုလ်သည် သရဏဂုံ မြဲပြီ။ ဘယ်အယူကိုမျှ မပြောင်းတော့ပါ။ ဒါသောတာပန် အမြင်ပဲ ဟုဆိုသည်။ သစ္စကပရိဗိုဇ် အမေး ဘုရား အဖြေ။ ယုံမှားခြင်းကို လွန်မြောက်ပြီး တွေးတောခြင်းလည်း မရှိတော့။ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူသော အတွေး မရှိခြင်းကို ဆိုလိုသည်။

ထို့နောက် မိမိစိတ်ထဲမှာ ရဲတင်းလာသည်။ (ဝေသာရဇ္ဇပ္ပတ္တော) ဘယ်သူက ပြောပြော သူ့အမြင်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိဘူး ဆိုသော အမြင်သည် ရှင်းလင်း ပြတ်သားပြီး ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချနိုင်လာသည်။ တရားသဘောကို ကိုယ်တိုင် မြင်သွားလို့ ရဲတင်းခြင်း ရောက်လာသည်။ [နှ၁–၃၄၂] ဒါ သောတာပန် ပုဂ္ဂိုလ်၏ အမြင် ဖြစ်သည်။ ဒီအမြင်ရဖို့ မခဲယဉ်းပါ။ ဆရာသမားကောင်း၊ နည်း လမ်းကောင်းကို တွေ့လျှင် ရနိုင်သည်။ ဆရာတော်ကြီးက နေ့တိုင်း ဟောနေတာ သောတာပန် တည်အောင်ချည်း ဟောနေတာဟု ဆိုသည်။ [နှ၁–၃၄၄] ပုဂ္ဂိုလ်၊ သတ္တဝါ မရှိဘူးဟု ကိုယ့်ဉာဏ်မှာ ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချနိုင်လျှင် သောတာပန် တည်ပြီ မှတ်ပါဟု ဆိုသည်။ [နှ၁–၃၄၆] ဝိပဿနာ ရှေ့ပြေး အလုပ်ကို လုပ်ပြီး မဂ်ဆိုက်သော အလုပ်ကို မလုပ်ရသေးသမျှ စိတ်မချရသေးကြောင်း ဟောသည်။ စိတ်အေးစရာ ရအောင် လုပ်ထားသင့်သည်။ လောကီရေး၊ လောကုတ္တရာရေး နှစ်ဌာန စိတ်အေးရအောင် လုပ်ထားသင့်သည်။ [နှ၁–၃၄၇] ငွေရှိ၍ စိတ်အေးရတာ ထက် ဉာဏ်ရှိမှ ပိုပြီး စိတ်အေးရပုံကို ဟောသည်။

http://www.dhammadownload.com



မြတ်စွာဘုရားက သစ္စက ပရိဗိုဇ်အား သောတာပန် တည်ပုံကို ဟောသည်။ သောတာပတ္တိ မဂ်ဉာဏ်သည် အပရပ္ပစ္စယော– သူများပြော၍ သိရတာ မဟုတ်။ ကိုယ်ပိုင်ဉာဏ်နှင့် သိရတာ ဖြစ်သည်။ [ နှာ–၃၅၂ ] မိမိသန္တာန် ပေါ်သမျှ ဘာပဲ ပေါ်ပေါ် ဖြစ်ပျက်နေတာပဲဟု သိအောင် ကြည့်ပါ။ ဖြစ်ပျက်ကို ကိုယ်တိုင်မြင်အောင် ကြည့်။ သူများပြောသော ဖြစ်ပျက် မဖြစ်စေနှင့်။ ကိုယ်တိုင် မြင်ပြီဆိုလျှင် သောတာပန်၏ အမြင်ဖြစ်ပြီ။ [ နှာ–၃၅၄ ]

သူများက သောတာပန် တည်တယ်ဆိုလျှင် ရမ်းပြီး မယုံနှင့်။ ကိုယ်တိုင် ရဲရင့်သော အဖြစ်သို့ ရောက်အောင် လုပ်မှ မှန်သည်။ ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်ရမည်။ တိဏ္ဏ ဝိစိကိစ္ဆော ဆိုတာ ဒီအဓိပ္ပာယ်ပဲ။ ဝိဂတ ကထံကထော၊ ဝေသာရဇ္ဇပ္ပတ္တော၊ အပရပ္ပစ္စယော ဆိုသော သဘောလေးမျိုး မိမိသန္တာန်မှာ ဖြစ်လာပြီဆိုလျှင် ဘုရားသာသနာ တည်ပြီ။ [ နှာ–၃၅၅ ] ယုံမှားခြင်းကို လွန်မြောက်မှု၊ တွေးတောခြင်း ကင်းမှု၊ ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချမှု၊ သူများပြော မဟုတ်၊ ကိုယ်တိုင် ဆုံးဖြတ်ချက် ချမှုတွေသည် ဖြစ်ပေါ်လာပြီ ဆိုပါက မိမိသည် သမ္မတ္တ နိယတာ ဓမ္မာ ဆိုက်ပြီဟု မှတ်ရမည်။ [ နှာ–၃၅၆ ] မဖောက်မပြန် အကျိုးပေး မြဲသော မဂ်သို့ ဆိုက်ပြီ။ ထိုအခါ မိမိသန္တာန်မှာ ရတနာအစစ် ရောက်ပြီ။ လူချမ်းသာ အစစ် ဖြစ်ပြီ။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတပ္ပ ဆိုသော သူတော်ကောင်း တရား ခုနစ်ပါး ကိန်းပြီ။

ယနေ့ ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကို ကူး၍ သောတာပန် တည်တာကို ဟောခြင်း ဖြစ်သည်။ သောတာပန် တည်သွားသော ပုဂ္ဂိုလ်မှာ ဤအမြင် လေးခု ပေါ်သည်။ ပထမ အနိစ္စ ဉာဏ်အမြင် ပေါ်အောင် ရှုရမည်။ ပေါ်ပြီဆိုလျှင် နလုံးသွင်း တည့်ပြီ။ [ နှာ–၃၆၄ ] ဝိပဿနာဉာဏ် ဝင်ပြီ။ 'ယောနိသော ဘိက္ခဝေ မနသိကာ ရောတော အနုပ္ပန္နာ ကုသလ ဓမ္မာ ဉပစ္စတိ ဉပ္ပန္နာ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ'။ (အင်္ဂုတ္တိုရ်) နလုံးသွင်း မှန်လျှင် မဖြစ်ဖူးသောမဂ် ဖြစ်ရမည်။ နလုံးသွင်း တည့်ဖို့ အရေးကြီးသည်။ ဓမ္မကလေး ပေါ်ပြီး ဓမ္မကလေး ပျက်တာပဲဟု သိလျှင် နလုံးသွင်း တည့်ပြီ။ သုပ္ပဗုဒ္ဓ အနကြီးတို့၊ သူရာမှခ အရက်သမားကြီးတို့ တရားနာရင်း သောတာပန် တည်သွားကြတာ နလုံးသွင်း တည့်သွားလို့ ဖြစ်ကြောင်း ဟောသည်။ [ နှာ–၃၆၆ ] ပါရမီကြောင့် ရတာ မဟုတ်။ ယောနိသော မနသိကာရကြောင့် ရတာဟု ဆိုသည်။ အကြောင်း တိုက်ဆိုင်လို့ ဓမ္မက ပေါ်လာတာ။ ပေါ်ပြီး ပျက်တာပဲဟု သိလျှင် ယောနိသော မနသိကာရ ဖြစ်ပြီ။ ဝိပဿနာဉာဏ် လိုက်လာပြီ။ [ နှာ–၃၆၇ ]

http://www.dhammadownload.com



ထို့နောက် ဖိုလ်ဝင်စားတဲ့ အဓိပ္ပာယ်ကို ရှင်းပြသည်။ ခန္ဓာကိုယ်ကို ကြည့်လိုက်လျှင် ဓမ္မ ဖြစ်၍ ဓမ္မ ပျက်တာကို တွေ့ရမည်။ ထိုသို့ ဓမ္မများ၏ ဖြစ်ပျက်ကို မြင်တွေ့နေလျှင် သောတာပန်၏ အမြင် ဖြစ်သည်။ သောတာပန် ပုဂ္ဂိုလ်ဆိုတာ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်ကို ဆိုသည်။ ဒါကလေးကို မြင်ရင်းမြင်ရင်း မဗ္ဗ တစ်ခါတည်း ဒီအမြင်ကလေးတွေဟာ လေးချက်နှင့် ရဲရဲတင်းတင်း မြင်လာသည်။ မြင်ရာက သူသည် ဒုက္ခသစ္စာကို ပိုင်းခြားသည်။ သမုဒယသစ္စာကို ပယ်သည်။ ဒါတွေမလာတာ့ဘဲ ဖျတ်ဆို ဒုက္ခသစ္စာ ဖြစ်ပျက် ချုပ်ပြီး နိရောဓသစ္စာဘက်ကို အာရုံပြုသွားသည်။ ဖြစ်ပျက်ကနေပြီး မင်္ဂမပါဘဲနှင့် ကူးသွားသည်။ ဖြစ်ပျက်ကနေပြီး ဒုက္ခသစ္စာ ပိုင်းခြား နိရောဓသစ္စာကို မျက်မှောက် ပြုသွားသည်။ သမုဒယသစ္စာကို ပယ်သည်။ မဂ္ဂသစ္စာကို ပွားများသည်။ တစ်ခါတည်း ဒုက္ခသစ္စာ ချုပ်ပြီး နိရောဓသစ္စာကို အာရုံပြုတော့တာပဲ။ ဒုက္ခသစ္စာ ချုပ်ပြီး နိရောဓသစ္စာ ပေါ်တာပဲ။ အာရုံပြုသောအားဖြင့် ပေါ်လာတယ်။ ဒါက နိရောဓသစ္စာ နိဗ္ဗာန်၊ ဒါက ဖိုလ်ဇောတွေပေါ့ဗျာဟု ဟောသည်။ [နာ-၃၇၀] ဝိပဿနာ ချုပ်သွားပြီ။ ဝိပဿနာနောက်က ဖိုလ်လိုက်လာတယ်။ မင်္ဂလုံး၀ မပါဘူး။ (ဖိုလ်ဝင်စားပုံ ဖြစ်သည်။) ဖိုလ်သည် တရားဆိုလို့ရှိလျှင် ဒုက္ခသစ္စာ ချုပ်သော နိဗ္ဗာန်နှင့် တည့်နေသည်။ ဖိုလ်နှင့် နိဗ္ဗာန်နှင့် တည့်နေသည်။ နိဗ္ဗာနံ ဖလဿ အာရမ္မဏ ပစ္စယေန ပစ္စယော ဆိုသည့်အတိုင်း နိဗ္ဗာန်ကို ဘယ်လောက်တောင် တွေ့နိုင်သလဲ ဆိုလျှင် အရေအတွက် မရှိဘူးဟု ဟောထားသည်။ အရေအတွက် မရှိအောင် တွေ့ရသည် ဆိုလျှင်ဖြင့် ဒါဟာဖလသမာပတ် ဝင်စားတာပဲလို့သာ မှတ်လိုက်ပေတော့။ ဖိုလ်စိတ်နဲ့ချည်း နေတော့တာပဲ။ ဟောရင်း အချိန်ကုန်၍ တရားကို ရပ်နားလိုက်သည်။

*

## ၉။ သမ္မာဒိဋ္ဌိ အကြောင်း (၂)

[ ၃-၃-၆၀ နေ့က ဟောသောတရား။ ဟောရပ်မပါ။ ]

သမ္မာဒိဋ္ဌိအကြောင်း ပြောခဲ့တာ မကုန်သေးဘူး အစချိပြီး ဤတရားကို ဟောကြားပါသည်။ သမ္မာဒိဋ္ဌိ အကြောင်းချည်း ထပ်ပြောနေသည် မမှတ်နှင့်။ နိဗ္ဗာန်ရောက်ရေး ကိစ္စမှာ သူမပါလျှင် မပြီး၍ ပြောရသည်ဟု ဆိုသည်။ သမ္မာဒိဋ္ဌိမပါဘဲနှင့် နိဗ္ဗာန်လည်း မရောက်ပါ။ ဘုရားလည်း မဖြစ်ပါ။ သမ္မာဒိဋ္ဌိသည် ငါးမျိုးရှိသည်။ ကမ္မဿကတ သမ္မာဒိဋ္ဌိ၊ ဈာန သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊

http://www.dhammadownload.com



မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိ ဖြစ်သည်။ [နှာ–၃၇၃] သမ္မာဒိဋ္ဌိဆိုတာ အမှန်ကို မြင်တာ ဖြစ်သည်။ သူ့ဉာဏ်အဆင့်နှင့်သူ မြင်တာမို့ သမ္မာဒိဋ္ဌိ အမြင်ငါးမျိုး ပြားရသည်။ ကောင်းတာ လုပ်လျှင် ကောင်းကျိုး ပေးသည်။ မကောင်းတာ လုပ်လျှင် မကောင်းကျိုး ပေးသည် ဆိုသည်မှာ ကမ္မသကတ သမ္မာဒိဋ္ဌိ ဖြစ်သည်။ ဤမျှလောက် သိတာလည်း ဉာဏ်အဆင့်တစ်ဆင့် ဖြစ်သည်။ ဒါက အဆုံးဉာဏ် မဟုတ်။ အစဉာဏ်ကလေးမျှသာပဲဟု ဆိုသင့်သည်။ ဤဉာဏ်မျှလောက်နှင့် ဗုဒ္ဓဘာသာဝင်များသည် မတင်းတိမ်သင့်သေးပါ။ ဈာန သမ္မာဒိဋ္ဌိသည် ဒုတိယအဆင့် အမှန်အကန် မြင်ခြင်း ဖြစ်သည်။ အပ္ပနာသမာဓိ၊ ဈာန်သမာဓိ ရပြီး သေလျှင် ရူပ၊ အရူပ ဗြဟ္မာဘုံကို ရောက်မည်ဟု သိထားလျှင်လည်း ဒုတိယအဆင့် သမ္မာဒိဋ္ဌိ ဖြစ်သည်။ ဒါက ဝဋ်နယ်ထဲသာ သိသေးသည်။ ဝဋ်အပြင်ဘက် ရောက်သော အမြင်မှန် မဟုတ်သေးပါ။ ဤသမ္မာဒိဋ္ဌိ နှစ်မျိုးက အနိမ့်စား ဖြစ်သည်။

သုံးနံပါတ် သမ္မာဒိဋ္ဌိက ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သည်။ ဤသမ္မာဒိဋ္ဌိမျိုးက သာသနာတွင်းမှာသာ ပေါ်နိုင်သော သမ္မာဒိဋ္ဌိ ဖြစ်သည်။ ၁ နှင့် ၂ က သာသနာပမှာလည်း ရှိသည်။ ဤအချိန် သာသနာနှင့် ကြုံဆဲ၊ ဆရာကောင်းလည်း ရှိဆဲမှာ ခန္ဓာဇာတ်သိမ်း၊ ဒုက္ခငြိမ်းသော နိဗ္ဗာန်ကို ရောက်ချင်သူသည် အလုပ်လုပ်နည်းကို သိရမည်ဟု ဆိုသည်။ [နှာ–၃၇၅] ၃ နံပါတ် ဉာဏ်သည် ခန္ဓာဘက်ကို လှည့်ရမည့် ဉာဏ်ဖြစ်သည်။ ခန္ဓာက ငါးမျိုးရှိသည်။ ထို့နောက် စက္ခုံစ ပဋိစ္စ ရူပေစ၊ ဥပစ္စတိ၊ စက္ခု ဝိညာဏံ' အစရှိလျက် ဝိညာဏက္ခန္ဓာများ ပေါ်ပုံကို ပြသည်။ ခန္ဓာထဲ ပေါ်သော တရားသည် ပဋိစ္စသမုပ္ပါဒ် အစ ဟုတ်ရမည်။ ဝိညာဏက္ခန္ဓာတွေသည် တစ်ခုပြီး တစ်ခု ပေါ်နေသည်။ ပေါ်သော ဝိညာဉ် (စိတ်) များသည် ပစ္စုပ္ပန်မှာ အကြောင်း တိုက်ဆိုင်မှ ပေါ်သော စိတ်များ ဖြစ်သည်။ ထိုစိတ် ပေါ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ် အစ ဖြစ်သည်။ ထိုအစ ပေါ်သော ခန္ဓာကို ၃ နံပါတ် ဝိပဿနာဉာဏ်နှင့် ရှုရမည်ဟု ဆိုသည်။ [နှာ–၃၇၇] ကြားစိတ်ပေါ်၍ ကြားစိတ်ကို ဝိပဿနာဉာဏ်နှင့် ရှုလိုက်တော့ မရှိတာဘဲ တွေ့ရမည်။ မရှိတာကို သိရသောကြောင့် ဝိပဿနာဉာဏ်သည် ခန္ဓာကို စွန့်သည်။ [နှာ–၃၇၈] မရှိဘူးဟု သိတာသည် ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သည်။

ဝိပဿနာဉာဏ် ဆိုတာ ခန္ဓာမရှိတာကို သိတာ ဖြစ်သည်။[နှာ–၃၈၀] ခန္ဓာက ဒုက္ခသစ္စာ၊ နိဗ္ဗာန်က နိရောဓသစ္စာ ခန္ဓာ မရှိမှ နိဗ္ဗာန်နှင့် နီးသည်။ ခန္ဓာ မရှိတာကို သိတာသည် ကိုယ့် အသေ ကိုယ် သိတာ ဖြစ်သည်ဟု ဆိုသည်။

http://www.dhammadownload.com



[နှာ-၃၈၃] နိဗ္ဗာန်မှာ ခန္ဓာမရှိဘူး။ ခန္ဓာ မရှိတာကို မြင်တာက ဝိပဿနာဉာဏ် ဖြစ်သည်။ ဒါကြောင့် ဝိပဿနာဉာဏ်သည် နိဗ္ဗာန်ကို မြင်သော မဂ်ဉာဏ်နှင့် အနီးဆုံး ဖြစ်သည်ဟု ဟောသည်။ [နှာ-၃၈၄] ထို့ပြင် ဝိပဿနာဉာဏ် မပါဘဲ မဂ်ဉာဏ် မပေါ်နိုင်ကြောင်းကို ဟောသည်။ ဝိပဿနာဉာဏ်က ခန္ဓာမရှိသော ခဏနိဗ္ဗာန်ကို မြင်သည်။ မဂ်ဉာဏ်က အမြဲနိဗ္ဗာန်ကို မြင်သည်။ [နှာ-၃၈၇] ခန္ဓာမရှိတာကို သိနေသော အချိန်တွင် လောဘ၊ ဒေါသ၊ မောဟ ကိလေသာများ မလာတော့ပါ။ တဏှာ၊ ဥပါဒါန်တွေလည်း မလာတော့ပါ။ ဒါကြောင့် ဤဉာဏ်သည် ခန္ဓာလည်းစွန့်၊ တဏှာလည်း စွန့်သည်။ [နှာ-၃၉၀] ခန္ဓာ စွန့်တာက နိဗ္ဗာန် သဘော၊ တဏှာ စွန့်တာ သံသရာ ပြတ်သည့်သဘော ဖြစ်ကြောင်း ရှင်းသည်။

ယခုတရားသည် ကုသိုလ်ရဖို့မျှ ဟောသောတရား မဟုတ်၊ နိဗ္ဗာန် မြင်အောင် ဟောသောတရား ဖြစ်သည် ဆို၏။ [နှာ-၃၉၂] သံသရာ ပြတ်သော တရားဖြစ်သည်ဟုလည်း ဆိုသည်။ ဝိပဿနာရှုသော ပုဂ္ဂိုလ်များမှာ တဒင်္ဂ နိဗ္ဗာန်မြင်၍ သံသရာ ပြတ်သည်။ [နှာ-၃၉၃] သံသရာ ပြတ်သည် ဆိုသည်မှာ ဒုက္ခသစ္စာ ပြတ်တာ ဖြစ်သည်။ ယခု ပြောနေတာသည် ဝိပဿနာဉာဏ် တန်ခိုးကြီးပုံ ဖြစ်သည်။ ဝိပဿနာဉာဏ်သည် ခန္ဓာစွန့်၊ တဏှာ စွန့်နိုင်ပုံကို ထပ်မံ ဟောသည်။ မှတ်မိစေရန် ဖြစ်ပါသည်။ ဝိပဿနာ၏ အကျိုးသည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် တိုင်အောင် ပို့ဆောင်နိုင်သည်ဟု အဋ္ဌကထာများမှာ လာကြောင်း ဟောသည်။ [နှာ-၃၉၄] ဤကား ဝိပဿနာ သမ္မာဒိဋ္ဌိ သဘော ဖြစ်၏။ ဤသမ္မာဒိဋ္ဌိက တဒင်္ဂ (ခဏ)နိဗ္ဗာန်ကိုလည်း မြင်သည်။ သံသရာကိုလည်း ဖြတ်ချသည်။ သံသရာ ပြတ်ချင်လျှင် ခဏနိဗ္ဗာန် မြင်ချင်လျှင် ဝိပဿနာ အလုပ်ကို လုပ်ရမည်။ ဝိပဿနာ သမ္မာဒိဋ္ဌိ ပြီးနောက် ၄ နံပါတ် မဂ္ဂ သမ္မာဒိဋ္ဌိကို ဟောသည်။ [နှာ-၃၉၅] ဝိပဿနာဉာဏ် အသား တက်လာပြီး ရင့်ကျက်လာသောအခါ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ ဉာဏ်တွေ တစ်ဆင့်ပြီး တစ်ဆင့် တက်လာသည်။ မဂ်ဉာဏ်ဖြစ်ဖို့ အကြောင်း နီးကပ်လာသည်။ ရှုရင်းက နီးကပ်လာတာ ဖြစ်သည်။ ခန္ဓာတစ်ခု ပေါ်လာလိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ခန္ဓာဖြစ်စဉ်တစ်ခု ဆုံးသွားလိုက်၊ နောက်တစ်ခု ပေါ်လာလိုက် ဖြစ်နေစဉ် ဝိပဿနာဉာဏ်မှာ ခန္ဓာအဆုံးကို မြင်မြင်နေသည်။ မဂ်ဉာဏ်က ဖြစ်ပျက် ရှုနေရင်း မတ္တ ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို မြင်လိုက်ခြင်း ဖြစ်သည်။ [နှာ-၃၉၇]

မဂ်ဉာဏ်မှာ ခန္ဓာဒုက္ခ သိမ်းတာကို တွေ့နေသည်။ ခန္ဓာဒုက္ခ မရှိတာ နိဗ္ဗာန်ပဲဟု ဆိုသည်။ မဂ်ဉာဏ်က ခန္ဓာကိုလည်း စွန့်၊ နိဗ္ဗာန်ကိုလည်း မြင်၊ ကိလေသာ

http://www.dhammadownload.com



နောက်ထပ် မလာအောင်လည်း ဖြတ်ပစ်သည်။ (သုံးချက် ရှက်ဆောင်သည်။) [နှာ–၃၉၈] ခန္ဓာစွန့်၊ တဏှာစွန့်၊ နိဗ္ဗာန်မြင်၊ မဂ်ဉာဏ်ပေါ်ပြီးလျှင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရမာသတွေ အားလုံး ပယ်ပြီး ဖြစ်တော့သည်။ ပဋိနိဿဂ္ဂါ ဝိဟာရတိ ဆိုသော ပါဠိတော်အတိုင်း ဖြစ်သည် ဆို၏။ [နှာ–၃၉၉] ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ထူးပုံကို ဟောသည်။ [နှာ–၄၀၀] နိဗ္ဗာန်ကို တွေ့သည် ဆိုသည်မှာ ဒုက္ခချုပ်တာကို သိခြင်းဖြစ်သည်။ ဖြစ်ပျက် မြင်နေလျှင် ဝိပဿနာဉာဏ်၊ ဖြစ်ပျက် မမြင်တော့လျှင် မဂ်ဉာဏ်ပဲဟု ခွဲပြသည်။ [နှာ–၄၀၁] ဝိပဿနာ ရှုသူမှာ ဝိပဿနာ ဉာဏ်နှင့် မဂ်ဉာဏ်ပဲ ရှိသည်။ ဉာဏ်စဉ် ဆိုတာတွေက ဝိပဿနာဉာဏ်ချည်း ဖြစ်သည် ဆို၏။ [နှာ–၄၀၂]

ထို့နောက် ဖိုလ်သမ္မာဒိဋ္ဌိကို ဆက်ဟောပြန်သည်။ [နှာ–၄၀၃] ဖိုလ်မှာ မဂ်နောက်က လိုက်သောဖိုလ်၊ ဝိပဿနာနောက်က လိုက်သောဖိုလ် ၂ မျိုး ရှိသည်။ တစ်မျိုးတည်း ထင်လျှင် လွဲလိမ့်မည်ဟု ဆိုသည်။ မဂ်ဉာဏ်ကို ရလျှင် ဖိုလ်ဉာဏ်ကို ရရပါလို၏ဟု ဆုတောင်းစရာ မလို။ အလိုလိုရသည်။ ဓမ္မနိယာမ ဖြစ်သည်။ မဂ်က အကြောင်း၊ ဖိုလ်က အကျိုး ဖြစ်သည်။ မဂ်နောက်က ဖိုလ်သည် အနန္တရ ပစ္စည်းအဖြစ် ပါရသည်။ [နှာ–၄၀၄] မဂ်ရလျှင် ဖိုလ်ရအောင် အထူး ကြိုးစားရတာ မဟုတ်။ အလိုလို ရသည်။ ဗဟုသုတ အလို့ငှာ ပြောခြင်းဖြစ်သည် ဆို၏။ [နှာ–၄၀၅] မဂ်ဉာဏ်သည် အားထုတ်သော ပုဂ္ဂိုလ်နှင့် ထိုက်သည်။ အားမထုတ်သော ပုဂ္ဂိုလ်နှင့် မထိုက်ပါ။ ဘုရားက သမ္မပ္ပဓာန် တရားလေးပါး ဟောထားခြင်းကြောင့် အားထုတ်ရမည့် ကိစ္စ ဖြစ်သည်ဟု မှတ်ပါ ဆိုသည်။ [နှာ–၄၀၆] ဖိုလ်က ဘာကို စွန့်သလဲ။ မဂ်စွန့်ပြီးသားကိုပင် ထပ်မံ စွန့်ရသေးသည်။ [နှာ–၄၀၈] မဂ်သတ်ပြီး ကျန်သော ကိလေသာ အငွေ့အသက်ကို ဖိုလ်က ထပ်ပြီးစွန့်ရသည်။ [နှာ–၄၀၉] ပဋိပဿဒ္ဓိပဟာန်ဖြင့် တစ်ဖန် ငြိမ်းစေသည်။ မီးခဲရဲရဲကို ငြိမ်းတာက မဂ်၊ ရေနှင့် လောင်းလိုက်ပြီးနောက် မည်းမည်းကြီးဖြင့် ပူနေသော မီးအပူကို ငြိမ်းတာက ဖိုလ်ဖြစ်သည်ဟု ဆိုသည်။

ဒါကြောင့် ဖိုလ်ဉာဏ်က မဂ်ဉာဏ်ထက် ပိုပြီး သတ္တိ ထက်သန်သည် ဆို၏။ စစ်တိုက်ရတာထက် ငြိမ်းချမ်းအောင် အုပ်ချုပ်ရတာ ခက်သလိုပဲဟု ဆိုသည်။ ဖိုလ်က ဒုက္ခသစ္စာကို ပိုင်းခြားစရာ မလိုတော့ဘူး။ ကိလေသာ ငြိမ်းအေးအောင် နိဗ္ဗာန်ကို မြင်အောင် ဖိုလ်က ဆောင်ရွက်သည်။ ဖိုလ်က နိဗ္ဗာန်ကို အာရုံပြုသည်။ 'နိဗ္ဗာနံ ဖလဿ အာရမ္မဏ ပစ္စယေန ပစ္စယော'– ဖိုလ်က နိဗ္ဗာန်ကို အာရုံပြုသည်

http://www.dhammadownload.com



ဟု ဟောသော ပါဠိတော် ဖြစ်၏။ [နာ–၄၁၁] ဒါ မင်္ဂနောက်က ကပ်လိုက်တဲ့ ဖိုလ်အကြောင်းကို ပြောတာဟု ဆိုသည်။ ဖိုလ်သည် ဉာဏ်နုံသော ပုဂ္ဂိုလ်မှာ ၃ ကြိမ်လာသည်။ ဖိုလ်ချုပ်ပြီး နောက်တစ်ကြိမ် ဖိုလ်ပဲ ထပ်လာသည်။ ဖိုလ်ဇော နှစ်ကြိမ်၊ သုံးကြိမ် ပြီးလျှင် တခြား ဘဝင်စိတ်တွေပဲ လာသည်။ မင်္ဂဉာဏ် ရဖို့ကိုသာ အထူး အားထုတ်ရသည်။ ဖိုလ်က ဓမ္မနိယာမအတိုင်း အလိုလိုလာသည်။ သက္ကာယ ဒိဋ္ဌိ ဖြုတ်ရမည် ဆိုလျှင် အရမ်းဖြုတ်၍ မရပါ။ ပဋိစ္စသမုပ္ပာဒ် ပေါ်တိုင်း သိရမည်။ [နာ–၄၁၃] ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို မသိဘဲနှင့် သက္ကာယဒိဋ္ဌိက မပြုတ်ဘူးဟု ဆိုသည်။ ဒိဋ္ဌိ လက်ရှိနှင့် တရား အားထုတ်လျှင် အကြိမ် ဘယ်လောက်ပဲ အားထုတ် အားထုတ် မရဘူးဟု ဆိုသည်။ မင်္ဂနောက်က လိုက်သော ဖိုလ်အကြောင်းကို ဟောပြီးပြီ။ ဝိပဿနာနောက်က လိုက်သော ဖိုလ်ကို နက်ဖြန်မှ ဟောမည် ဆိုသည်။ အချိန်စေ့၍ တရားကိုရပ်နားသည်။

*

## ၁၀။ ခန္ဓာကြီးက သေရာ သွားနေပုံ

[ ၄–၃–၆၀ နေ့က ဟောသောတရား။ ဟောရပ်မပါ။ ]

ခန္ဓာငါးပါးနှင့် အတူနေကြသည်။ ခန္ဓာငါးပါးနှင့် နေရတယ်ဆိုတာ အမှန်မှာ သေရာသို့ သွားနေကြခြင်း ဖြစ်သည်ဟု အစချီပြီး ဤတရားကို ဟောပါသည်။ ဘယ်လိုနေနေ အချိန်တိုင်းမှာ ခန္ဓာက သေရာကို သွားနေသည်။ ရောင်းဝယ် ဖောက်ကားနေတာက ယာယီအလုပ်။ အမြဲတမ်း အလုပ်က သေရာသွားနေသော အလုပ်ပင် ဖြစ်သည်။ နောက်ခန္ဓာ ရချင်တာက သေရာ သွားရတာကို မပျင်းသေးလို့ ပဲဟု ဆိုသည်။ ခန္ဓာကို ခင်မင်သော အလုပ် မပြုတ်သေးသရွေ့ သေရွာသွားသည့် အလုပ် နောက်မဆုတ်ဘူးဟု ဆိုသည်။ ဒကာ၊ ဒကာမတွေ လမ်းမှား လိုက်ခဲ့ကြလို့ ပြင်မရ ဖြစ်နေခြင်း ဖြစ်ကြောင်း ပြသည်။ [နာ–၄၁၇] တဏှာ ရှိသောကြောင့် ခန္ဓာပေါ်ရတာ ဖြစ်သည်။ ဇာတိက ဇရာ၊ ဇရာက မောင်းထုတ်၊ ဗျာဒိဆီ ရောက် သည်။ ဗျာဒိရောက်လျှင် အိပ်ရာ ဖျာကပ် ဖြစ်၏။ ထိုမှတစ်ဖန် မရဏလက်တွင်း သက်ဆင်း ကြရသည်။ ခန္ဓာ ယခု သေရွာ သွားနေတာကိုတော့ ဘယ်သူမှ ဘာမှ မတတ်နိုင်တော့ပါ။ နောက်ထပ် သေရွာ မသွားရအောင် လမ်းလွှဲ ပို့ဆောင်ပေးဖို့ပဲ ဆရာဘုန်းကြီးက တတ်နိုင်ကြောင်း ဟောသည်။ နောက်ဘဝ ဇရာ၊ မရဏ မတွေ့တဲ့ နည်းကို ပေးမည် ဆိုပြီး ဖဂ္ဂုဏရဟန်း ဝတ္ထုကို ဟောသည်။ ဖဂ္ဂုဏ ရဟန်းက

http://www.dhammadownload.com



မကျန်းမမာ ဖြစ်နေလေသည်။ မြတ်စွာဘုရားအား အရှင်အာနန္ဒာက ဖဂ္ဂုဏ ရဟန်းကို သနားသဖြင့် သွား ရောက် ကြည့်ရှုတော်မူပါရန် လျှောက်ထားသည်။ မြတ်စွာဘုရားက သွားရောက်ပြီး လှမ်းကြည့်သည်။ ဖဂ္ဂုဏရဟန်းက ရောဂါ မသက်သာပါ။ ဝေဒနာတွေ တိုးနေပါသည်ဟု လျှောက်ထားသည်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဝေဒနာနှင့် ငါနှင့် မရောစေနှင့်၊ ဝေဒနာကို ခွာရှုဖို့ ဟောသည်။ ဝေဒနာက္ခန္ဓာသည် ဝေဒနာက္ခန္ဓာပဲ၊ ငါမဟုတ်ဘူးဟု ခွာ ရှုရမည်။ ခန္ဓာရှိလျှင် ဝေဒနာ ရှိနေမည်သာ ဖြစ်သည်။ ဖဂ္ဂုဏ ရဟန်းသည် သေခါနီးမှာ ဤတရားကို နာကြားပြီး ရှုလိုက်ရာ အနာဂါမ် တည်သွားသည် ဆို၏။ [နာ-၄၂၁] သေပုံ သေနည်းသင် တရား ဖြစ်သည်။ လူတွေမှာက ဝေဒနာနှင့် ငါနှင့် သွားပူးတတ်သည်။ 'ဝေဒနာနံ အတ္တတော သမနုပဿတိ' ဝေဒနာကို ငါဟူ၍ ရှုနေတတ်၏ ဟူ၏။ အမှန်မှာ ဝေဒနာသည် ဝေဒနာက္ခန္ဓာပဲ။ ငါနှင့် ဘာမှ မဆိုင်ဘူး။ မပတ်သက်ဘူး၊ ဝေဒနာက္ခန္ဓာက အနိစ္စ ဖြစ်၏။ [နာ-၄၂၂] ဝေဒနာကို ဖြစ်ပျက်ရှုပေးရမည်။ ဝေဒနာကို ငါဟု ယူလိုက်လျှင် ဒိဋ္ဌိ ကပ်သွားပုံကို ပြသည်။ [နာ-၄၂၄] ဝေဒနာက ကိုယ်တစ်နေရာမှာ ပေါ်သည်။ ထိုဝေဒနာကို ဝမ်းထဲက ငါပဲဟု ယူဆသည်။ ဆုံးဖြတ်သည်။ ဒိဋ္ဌိ ကပ်သွားပုံကို ပြခြင်း ဖြစ်၏။ ရောဂါသည် ၏ စိတ်တွင် ဝေဒနာနှင့်ငါ ရောသွားသောအခါ ဒီဝေဒနာနှင့် ငါတော့ သေရတော့မှာ ပဲဟု ယူဆတတ်ပုံကို ဟောသည်။ [နာ-၄၂၆] ဝေဒနာနံ အနိစ္စတော သမနုပဿတိ ဝေဒနာသည်လည်း အနိစ္စပဲဟု ရှုပေးရမည်။ ဒါက သမ္မာဒိဋ္ဌိအမြင် ဖြစ်ပြီ။ ဤသို့ သမ္မာဒိဋ္ဌိ ဖြစ်သွားခြင်းကြောင့် ဝေဒနာနောက်က မဂ်လိုက်လာသည်။ 'ဝေဒနာနံ အတ္တတော နသမနုပဿတိ' ဝေဒနာသည် ငါမဟုတ်ဘူး၊ အနိစ္စပဲဟု ရှုရမည်။ [နာ-၄၂၇] ဖဂ္ဂုဏ ရဟန်းကို ဘုရားက ဝေဒနာ နုပဿနာ ရှုခိုင်းလိုက်သည်။

ထိုရဟန်းလည်း ဘုရားဟောသည့်အတိုင်း ရှုသောအခါ ဝေဒနာသည် အနိစ္စဖြစ်ပုံကို တွေ့သည်။ ဖဂ္ဂုဏ မျက်နှာ ရွှင်လန်းလာသည်။ နောက်ဝေဒနာ အဆုံး ထိအောင် ဖဂ္ဂုဏ မြင်သိသွားသည်။ ခန္ဓာဆုံးကို သူမြင်သွားသည်။ [နာ-၄၂၉] ဝေဒနာသည် ဖြစ်ပျက်ပဲ၊ အနိစ္စပဲ၊ ဒုက္ခပဲဟု သိလိုက်သောကြောင့် ဝေဒနာ ချုပ်သွား သည်။ ထိုအခါ တဏှာ၊ ဥပါဒါန်၊ ကံလည်း ဆက်ပွားမလာတော့ဘဲ ချုပ်ဆုံးသွားရ သည်။ ဒိဋ္ဌေဝ ဓမ္မေ အနာသဝေါ– ဖြစ်ပျက် အမှန်ကို သိလိုက်သောကြောင့် အာသဝေါတရားများ မလာတော့ကြောင်း ပြသည်။ ဝေဒနာပေါ် မဂ်ဝင်သောကြောင့် အာသဝေါတရားများ ချုပ်ရသည်။ ဝေဒနာ ဖြစ်ပျက်နေတာသည် ဒုက္ခသစ္စာပဲဟု

http://www.dhammadownload.com



ပိုင်ပိုင် သိသွားပါက မဂ္ဂင်ရှစ်ပါးသည် ထိုနေရာမှာပင် ပေါ်သည် ဆို၏။ [နှာ-၄၃၆] ဖဂ္ဂုဏာ ရဟန်းသည် သေခါနီးမှာ ကပ်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ကျအောင် အလုပ်လုပ်သွားနိုင်ကြောင်း ပြသည်။ [နှာ-၄၃၇] မြတ်စွာဘုရား ကျောင်းတော် ပြန်ကြွသွားသောအခါ အရှင်အာနန္ဒာသည် ဖဂ္ဂုဏာရဟန်း အနီးမှာ နေရစ်သည်။ မကြာမီ ဖဂ္ဂုဏာရဟန်း စုတိစိတ် ကျသွားသည်။

ထိုအချိန်တွင် ဖဂ္ဂုဏာ၏ ကိုယ်သည် ကြည်လင်နေသည်။ ပျော့ပျောင်းနေသည်။ ထိုအကြောင်းကို အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ထားသည်။ မြတ်စွာဘုရားက ဖဂ္ဂုဏာ ရဟန်းသည် သေခါနီးမှာ ဝေဒနာ နုပဿနာကို ရှုသွားပုံ၊ သူသည် အောက်မဂ်များကို သာမက အနာဂါမ်အထိ တည်သွားကြောင်းကို ဟောသည်။ အနာဂါမ် ပုဂ္ဂိုလ်သည် လူ့ပြည်၊ နတ်ပြည် ကာမ ၁၁ ဘုံမှာ ပြန်မဖြစ်ဘဲ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှ နိဗ္ဗာန်ကို ကူးကြောင်း ဆက်ဟောသည်။ [နှာ-၄၃၈] ဖဂ္ဂုဏာ ဝဏ္ဏ အင်္ဂုတ္တိုရ်မှာ လာသည် ဆို၏။ ဤတရားသည် သေနည်းသင်တရား ဖြစ်ကြောင်း၊ သေခါနီး ကပ်ပြီး အနာဂါမ် ဖြစ်နိုင်သောနည်း ဖြစ်ကြောင်း ဆက်ဟောသည်။ မြတ်စွာဘုရားက ရဟန်းသံဃာတော်များ စုဝေးစေပြီး သေနည်းသင် တရားကို ဟောသည်။ သေနည်း ခြောက်နည်း ရှိသည်။ ပုထုဇဉ် သေပုံ သုံးမျိုး၊ အထက် အရိယာများ သေပုံက သုံးမျိုး ဖြစ်၏။

သို့သော် အထက် အရိယာများ သေနည်းကို မဟောတော့ဘူး။ ပုထုဇဉ် သေနည်းကိုပဲ ဟောမည်။ ဒကာ၊ ဒကာမများနှင့် ဆိုင်၍ ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ-၄၄၀] ဖဂ္ဂုဏာ သေတော့ ဣန္ဒြေတွေ မချွတ်ယွင်းဘူး။ အားလုံး ကြည်လင်နေသည်။ သူ ဝေဒနာကို ဝိပဿနာ ရှုတတ်သွားသည်။ ဝေဒနာနှင့် ငါကို ခွဲပြီး ရှုတတ်သွားသည်။ သူ သေနည်း မှန်သွားသည်ဟု ဆိုသည်။ သေနည်း သုံးနည်းမှာ အဓိကအားဖြင့် ဝေဒနာနှင့် ငါ မရောအောင် ရှုနည်း၃သာ အခြေခံသည်။ ဘုရား ဟောသော တရားကို နာရပြီး ဝေဒနာနှင့် ငါ ခွာရှု၍ သေခါနီးမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်သွားသည်။ ဘုရား ပရိနိဗ္ဗာန် စံပြီးနောက် သံဃာတော်များ ဝေဒနာ ခွာရှုနည်းကို သင်သဖြင့် ထိုနည်းအတိုင်း ရှုလျှင်လည်း ရသည်။ ဘုရားနှင့် ရဟန်းသံဃာများက မဟောလည်း မိမိဘာသာ နာထားသော တရား အတိုင်း ဝေဒနာနှင့် ငါကို မိမိဘာသာ ခွာရှုလျှင်လည်း ရသည်။ တတိယနည်း ဖြစ်သည်။ ဤအချက် သုံးချက်တွင် ဘုရားနှင့်တွေ့ဖို့ အခွင့်လည်း မရှိတော့။ တရားဟောမည့် သံဃာကိုလည်း တွေ့ချင်မှ တွေ့မည်။ အဓိကမှာ မိမိဘာသာ

http://www.dhammadownload.com



ဝေဒနာနှင့် ငါ ခွာရှုတတ်ဖို့ပင် ဖြစ်သည်။ ဤအတိုင်း ရှုလျှင် မသေခင် ဝေဒနာ နိရောဓော၊ တဏှာ နိရောဓော ဖြစ်သည်။ [နှာ-၄၄၆] တဏှာ နိရောဓော နိဗ္ဗာန်ဖြစ်၏။ ဝေဒနာကို ဖြစ်ပျက်ရှုတော့ ဝေဒနာ ချုပ်သွားသည်။ ချုပ်သွားတော့ ဒိဋ္ဌိ နိရောဓော ဖြစ်သည်။ ဒါ ဒိဋ္ဌိကို သတ်တာဟု ဆိုသည်။ အတော် အရေးကြီးလို့ ဒါကို ရှင်းအောင် ပြောနေတာဟု ဟောသည်။ ဝေဒနာကို ဖြစ်ပျက် မြင်နေလျှင် သမ္မာဒိဋ္ဌိ ဝင်နေပြီး ဝိဇ္ဇာဉာဏ် ဖြစ်နေပြီ။ ဝိဇ္ဇာ ဖြစ်နေလျှင် အဝိဇ္ဇာ မလာနိုင်တော့ပါ။ မိစ္ဆာဒိဋ္ဌိကိုလည်း သတ်သည်။ တဏှာကိုလည်း သတ်သည်။

ဒါကြောင့် အောက်သံသရာကို သွားမည့် ပဋိစ္စသမုပ္ပါဒ် အကုန် ပြတ်သည်။ ထိုသို့ ပြတ်သွားလျှင် ထိုပုဂ္ဂိုလ်သည် အနာဂါမ် တည်သွားပြီဟု ဆိုသည်။ အထက်သို့သာ သွားတော့သည်။ [နှာ-၄၄၈] ဒီအချိန်မှာ ဘုရားလည်း ပရိနိဗ္ဗာန် စံသွားပြီ။ ဆရာဘုန်းကြီးကိုလည်း သေခါနီး ပင့်ဖို့ဆိုတာ ဖြစ်ချင်မှ ဖြစ်မည်။ အမှန်မှာ မိမိကိုယ် မိမိ အားကိုးပြီး ဝိပဿနာ ရှုတတ်ရမည်။ မိမိသန္တာန်ကို မိမိဉာဏ်ဖြင့်သာ ဖြစ်ပျက် ရှုတတ်ရမည်။ ဤသို့ သေနည်းကို တတ်ထားလျှင် ပုထုဇဉ်သေလျှင် အနာဂါမ်အထိ ဖြစ်နိုင်ကြောင်းကို ဟောသည်။ [နှာ-၄၄၉] မသေခင်က မဂ်ဝင်ထားသော ပုဂ္ဂိုလ်၌ အာသဝေါ တရားများ ကုန်ပုံဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်၏ အနာဂတ်အကြောင်းတွေကို မဂ်က ဖြတ်ချလိုက်ပုံ ဖြစ်သည်။ ဤနည်းအတိုင်း သေတတ်လျှင် သေခြင်းကောင်း ဖြစ်ပြီဟု ဆိုသည်။ [နှာ-၄၅၀] သေနည်း သုံးနည်းမှာ ကိုယ်ကိုယ်တိုင် ဝိပဿနာရှုပြီး သေနည်းကို သင်ခြင်း ဖြစ်၏။ ထို့နောက် တဏှာဒိဋ္ဌိ လှည့်စားသဖြင့် အဆိုးကို အကောင်း မြင်နေကြပုံများကို သရုပ်ပေါ်အောင် ဟောသည်။ ဒါကြောင့် တဏှာဒိဋ္ဌိ ပြောသော စကားကို မယုံပါနှင့်ဟု ဆိုသည်။ ပဋိစ္စသမုပ္ပါဒ် ပြောတာသာ အမှန်ယူပါ။ ကိုယ့်တွေးလုံးတွေကို အမှန် မယူပါနှင့်ဟု ဟောရင်း သေနည်းသင်တရား ဖြစ်၏။ အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၁၁။ အိုသံ ကြားသည်နှင့် ထိတ်လန့်ပုံ၊ ဒိရဝနိယ ရေဝတထေရ ဝတ္ထု

[ ၅-၃-၆၀ နေ့က ဟောသောတရား။ ဟောအရပ် မပါ။ ]

မြတ်စွာဘုရား ကုရုတိုင်းမှာ သီတင်းသုံးတော် မူနေစဉ် အခါက ဖြစ်သည်။ သံဃာတော်များက တရားနာရန် လာရောက် စုဝေးကြသည်။ တရား မဟောမီ မြတ်စွာဘုရားက မေးခွန်း မေးသည်။ ရဟန်းတို့ မိမိတို့ ခန္ဓာကိုယ်ကို သုံးသပ်ကြ

http://www.dhammadownload.com



သလား။ ခန္ဓာ အကြောင်းတရားတွေကို သုံးသပ်ကြသလားဟု မေးပုံ အစချီလျက် ဤတရားကို ဟောသည်။ ရဟန်းတစ်ပါးက သူခန္ဓာကို သုံးသပ်ပါကြောင်း ဖြေလေသည်။ ဘယ်လို သုံးသပ်သလဲ မေးတော့ 'ကေသာ လောမာ ဒန္တာ တစော'– သုံးဆယ့် နှစ်ကောဋ္ဌာသကို သုံးသပ်ကြောင်း ဖြေသည်။ ရဟန်း အဖြေသည် ဘုရား အမေးနှင့် မဆီလျော်သောကြောင့် ဘုရားက မနှစ်သက်ပါ။ ဘုရားက အကြောင်းကို သုံးသပ်ခိုင်းတာကို ရဟန်းက အစုအပုံကို သုံးသပ်နေသည်။ ထိုအခါ အရှင်အာနန္ဒာက အရှင်ဘုရား ဟောမှသာ သိနိုင်မည့် အကြောင်းကို လျှောက်ထားလေသည်။

ဤအကြောင်းသည် နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်မှာ ပါသည်။ ဘုရား လိုချင်တာက ခန္ဓာထဲမှာ အို၊ နာ၊ သေ ဓမ္မများ ရှိနေတာကို သုံးသပ်စေချင်ခြင်း ဖြစ်သည်။ အို၊ နာ၊ သေ ဘယ်က လာသလဲဟု သုံးသပ်စေချင်သည်။ [နှာ–၄၆၃] (ဤတရားမျိုး ရှေ့မှာလည်း ဟောခဲ့ဖူးပြီ) အို၊ နာ၊ သေရခြင်း အကြောင်းကို ရှာ မတွေ့လျှင် အကြောင်းသတ် တရားကိုလည်း သိမည် မဟုတ်ပါ။ အကြောင်းသတ် တရားကို မရလျှင် အကျိုး အို နာ သေလည်း ရပ်မည် မဟုတ်ပါ။ အို၊ နာ၊ သေ ဘယ်က လာသလဲ။ ခန္ဓာငါးပါးက လာသည်။ သမ္မသနသုတ်ကို ကိုးကား ပြသည်။ [နှာ–၄၆၅] အို၊ နာ၊ သေက ခန္ဓာထဲမှာ ပါလာသော တရား ဖြစ်သည်။ ထို့နောက် ခန္ဓာ၏ အပြစ်များ၊ မကောင်းမှုများကို ဆက်ဟောသည်။ ပုထုဇဉ်၏ မိုက်မဲပုံ ဖြစ်စဉ်များကို ဟောသည်။ အို၊ နာ၊ သေ ဘယ်က လာသလဲ။ ခန္ဓာက လာသည် ဆိုသော အချက်ကို လှည့်ပတ် ဟောနေခြင်း ဖြစ်သည်။ [နှာ–၄၈၀] ဘယ်ခန္ဓာပဲ လိုချင်လိုချင် အို၊ နာ၊ သေ လိုချင်တာပဲ ဖြစ်သည်။

ထို့နောက် အရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံး အရှင်ရေဝတ ဝတ္ထုကို ဟောသည်။ မိခင် သာရီ ပုဏ္ဏေးမကြီးက သားအငယ်ဆုံးကို အိမ်ထောင် ချပေးသည်။ ဂေါတမ သာသနာတွင်း ဝင်သွားမှာ စိုး၍ စီစဉ်ခြင်း ဖြစ်သည်။ ရေဝတက လက်ထပ်ပွဲတွင် အိုအောင်မင်းအောင် ပေါင်းကြရစေသားဟု ဆုပေးသံကို ကြားသည်။ ထိုအခါ ဒါ အိုလမ်းပါတကား၊ ငါမလိုက်ဘူးဟု ဆုံးဖြတ်သည်။ ရေဝတ သတို့သားသည် သတို့သမီးကို ဆောင်ယူပြီး ပြန်လာစဉ် လမ်းတွင် ပါလာသူများကို တပို့တပါး သွားချင်သည်ဟု အယုံသွင်းပြီး သတို့သမီးကို လမ်းမှာ ထားလျက် ထွက်ပြေးလေတော့သည်။ ရဟန္တာကျောင်းကို ရောက်တော့ ရေဝတ သတို့သားသည် ရဟန်းခံလိုက်သည်။ သာသနာ့ဘောင်ကို ဝင်ပြီးနောက် ကျင့်ကြံ အားထုတ်ရာ အရှင်ရေဝတ ရဟန္တာ ဖြစ်သွားသည်။ အရှင်ရေဝတက ခန္ဓာ၏ ဖြစ်စဉ်ကို မြင်ပြီး

http://www.dhammadownload.com



ရဟန္တာဖြစ်အောင် ကျင့်ကြံသွားပုံကို ဟောပြီးမှ ခန္ဓာအကြောင်း ပြန်ဆက်သည်။ အို၊ နာ၊ သေ ဘယ်က လာ။ ခန္ဓာက လာ။ ခန္ဓာ ဘယ်က လာ။ တဏှာက လာသည်။ [နာ-၄၈၉] တဏှာနှင့် ဆုတောင်းခဲ့ကြ၍ ခန္ဓာရခြင်း ဖြစ်သည်ဟု ဆိုသည်။ [နာ-၄၉၁]

တစ်ခါ တဏှာ ဘယ်က လာသလဲ သုံးသပ်ပါဦး ဆိုတော့ တဏှာ ချစ်စရာ၊ ခင်စရာက လာသည် ဆို၏။ အာယတန ၁၂ ပါးက လာတာလို့လည်း ဆိုနိုင်သည်။ အာရုံ ခံစားမှုကြောင့် လိုချင်မှု တဏှာ လာခြင်းဖြစ်ကြောင်း ပဋိစ္စသမုပ္ပာဒ်မှာ ပြသည်။ ခင်စရာ မြင်၍ ခင်နေလျှင် ခန္ဓာငါးပါး လာသည်။ [နာ-၄၉၄] တဏှာ ကြောင့် ခန္ဓာရသည်။ ခန္ဓာကြောင့် အို၊ နာ၊ သေ ရသည် ဆိုလျှင် အို၊ နာ၊ သေ လည်း မကြောက်နှင့်၊ ခန္ဓာငါးပါးလည်း မကြောက်နှင့်၊ တဏှာကို ကြောက်ဟု ဆိုသည်။ ခန္ဓာကို ဒုက္ခသစ္စာဟု သိရမည်။ မသိသေးသရွေ့ ခန္ဓာကိုပဲ ရလိုသော တဏှာဖြင့် ဆုတောင်းနေဦးမည်။ [နာ-၅၀၀] ခန္ဓာ ဆုတောင်းနေသရွေ့ အသုဘ ပို့နေရဦးမည်။ အသုဘ ဓာတ်သိမ်းမှ နိဗ္ဗာန်ရောက်မည်။ ထိုသို့ ဖြစ်အောင် တဏှာ ဓာတ်သိမ်းရမည်။ [နာ-၅၀၅] တဏှာ ဓာတ်သိမ်းနည်း သိဖို့ အလွန် အရေးကြီး သည်။ တဏှာ ခင်မင်ရာက လာသည်။ အို၊ နာ၊ သေ လာသောအကြောင်းကို ယနေ့ သိပြီ။ နိရောဓ သစ္စာလမ်းကို ဟောရမည် ဆို၏။ အာယတန မလာမှ ဖြစ်မည်။ အဲဒါ နက်ဖြန်မှ ဟောမည်ဆိုပြီး တရားသိမ်းသည်။

*

## ၁၂။ ခင်ရာမင်ရာမှ တဏှာလာပုံ (သမ္မသန သုတ်တော်ထွက်)

[ ၆-၃-၆၀ နေ့က ဟောသောတရား။ ဟောရပ်မပါ။ ]

ကုရုတိုင်းမှာ မြတ်စွာဘုရား သီတင်းသုံးစဉ်က ရဟန်းများအား ခန္ဓာကိုယ်ထဲ မှာ အကြောင်းတရားတွေ ရှိသည်။ ထိုအကြောင်းတရားတွေကို သိကြသလားဟု မေးပုံ အစရှိလျက် ဤတရားကို ဟောသည်။ ရှေ့မှာ ဟောခဲ့ပြီးသော တရားကို ဆက်ဟောခြင်း ဖြစ်သည်။ အို၊ နာ၊ သေ ဘယ်က လာ။ ခန္ဓာက လာ။ ခန္ဓာ ဘယ်က လာ။ တဏှာက လာ။ တဏှာ ဘယ်က လာ။ ခင်ရာမင်ရာက လာကြောင်းများကို အကျယ်ချဲ့၍ ဟောခဲ့သည်။ ခန္ဓာကိုယ်ကို သုံးသပ်ပုံတရား ဖြစ်သည်။ ဤတရား တွင် ခန္ဓာကြီးကို ဇရာမီး၊ ဗျာဒိမီး လောင်ကျွမ်းနေပုံကို ဟောသည်။ ဤတွင် ခန္ဓာငါးပါးက အကြောင်း သမုဒယသစ္စာ၊ ဇရာမီး၊ ဗျာဒိမီး၊ မရဏာမီးက အကျိုး

http://www.dhammadownload.com



ဒုက္ခသစ္စာ ဖြစ်သည်။ [နာ-၅၁၃] မနေ့ကနှင့် မတူဘူး၊ ဒီနေ့ သစ္စာကို ထည့်ပြီး ဟောသည်ဟု ဆိုထားသည်။ ပြီးမှ ခန္ဓာငါးပါးကို ချုပ်အောင် ကျင့်လိုက်လျှင် အို၊ နာ၊ သေ၊ ဇရာ၊ ဗျာဒိ၊ မရဏလည်း ချုပ်ရမည် ဖြစ်ပါသည်။ [နာ-၅၁၄] ခန္ဓာငါးပါး ချုပ်တာက နိရောဓ သစ္စာ၊ ချုပ်အောင် ကျင့်တာက မဂ္ဂသစ္စာ ဖြစ်သည်။ ဤသို့ အကြောင်းအကျိုး ဆက်စပ်ပြီး သစ္စာကို သိသွားလျှင် ဤခန္ဓာကိုလည်း မလိုချင်တော့ပါ။ မလိုချင်လျှင် ခန္ဓာဝဋ် ကျွတ်သွားသည်။

ဒါကြောင့် နေ့တိုင်း ခန္ဓာငါးပါးကို ဝိပဿနာ ရှုခိုင်းနေတာသည် အို၊နာ၊သေ လွတ်အောင်လို့ဟု ဆိုသည်။ [နာ-၅၁၅] ဝေဒနာ ရှိလျှင် ဝေဒနာကို ရှုရမည်။ မရှုဘဲနေလျှင် ဝေဒနာက နှိပ်စက်နေမည် ဖြစ်သည်။ [နာ-၅၁၇] နိဗ္ဗာန် ပေါ်လာ၍ ခန္ဓာ ပျောက်သွားလျှင် ဝေဒနာ နှိပ်စက်စရာ မရှိတော့ဟု ဆိုသည်။ ပြီးမှ ဗောဇ္ဈင် သုတ်ကို ရည်ညွှန်းပြီး ဟောသည်။ ဗောဇ္ဈင် သုတ်ထဲက ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဆိုတာ ဖြစ်ပျက်မြင်သော ဉာဏ်ကို ဆိုကြောင်း ဟောသည်။ [နာ-၅၂၁] ဝေဒနာ ပေါ်သော နေရာကို ဖြစ်ပျက် ရှုလိုက်လျှင် ဝေဒနာ ပျောက်ကင်းပုံကို ဟောသည်။ [နာ-၅၂၃] နိဗ္ဗာန်သည် ခန္ဓာအဆုံးမှာ ရှိသည်။ တစ်လံလောက်ပဲ ကွာသည်ဟု ဆိုသည်။ [နာ-၅၂၄]

ဒါကြောင့် ဝေဒနာနိရောဓော နိဗ္ဗာနံဟု ဘုရားက ဟောတော်မူသည်။ ခန္ဓာ ရှိသေးပြီး ကိလေသာ ချုပ်ငြိမ်းသွားသော နိဗ္ဗာန်ကို ဆိုလိုသည်။ [နာ-၅၂၅] ဤကား သံယုတ် ပါဠိတော်လာ သစ္စာသိသော သုံးသပ်နည်း ဖြစ်သည်။ ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ သူ့အကြောင်းက သမုဒယသစ္စာ၊ အကြောင်းချုပ်လျှင် အကျိုး ချုပ်မှာပဲဟု သိတာက မဂ္ဂသစ္စာ၊ ချုပ်အောင် ကျင့်လို့ ချုပ်သွားတာက နိရောဓသစ္စာ ဖြစ်သည်။ [နာ-၅၂၇] ခန္ဓာချုပ်အောင် ကျင့်လည်း နိဗ္ဗာန်ပဲ။ တဏှာချုပ်အောင်ကျင့်လည်း နိဗ္ဗာန်ပဲ ဖြစ်သည်။ ခင်ရာမင်ရာရှိ၍ တဏှာ ဖြစ်ရသည်ဆိုလျှင် ခင်ရာမင်ရာက သမုဒယသစ္စာ၊ တဏှာက ဒုက္ခသစ္စာ ဖြစ်ပြန်သည်။ အကြောင်းအကျိုး သဘော ဖြစ်၏။ [နာ-၅၂၈]

ဒါကြောင့် ခင်ရာမင်ရာကို ဆုံးအောင် ရှုလျှင်လည်း နိဗ္ဗာန်ကို ရောက်နိုင်ကြောင်း ဆိုသည်။ အသက်ကြီးပြီး အိုမင်းလာလျှင် ညည်းညူ မနေဘဲ တေဇောကြောင့် အိုမင်း ရင့်ရော်လာရသည်ဟု သိ။ သိပြီး ထိုတေဇောကိုပင် ဖြစ်ပျက် ရှုတတ်လျှင်လည်း ပြီးသည်။ ဇရာဆို ဇရာကို ဖြစ်ပျက်ရှု။ ဗျာဒိဆို ဗျာဒိကို ဖြစ်ပျက်ရှု။ နိဗ္ဗာန်ရောက်သော တရားချည်း ဖြစ်သည်။ [နာ-၅၃၂] အသက်ကြီးလေ

http://www.dhammadownload.com



အိုမှု၊ နာမှု ဆိုသော ဒုက္ခသစ္စာတွေ ပေါ်လွင်လာလေ ဖြစ်၏။ ထိုဒုက္ခသစ္စာကို ရှုတတ်ဖို့ပဲ လိုသည်။ ခန္ဓာမှာ ပေါ်လာသမျှ သစ္စာချည်း ဖြစ်သည်။ သုံးတတ်ဖို့ အရေးကြီးသည်။ [နှာ-၅၃၄] ခန္ဓာက ပြသော တရားများက ဟေ့ပသိကော-ငါ့ကို ရှုပါဟု ခေါ်နေသည်။ ရှုတတ်ဖို့ပဲ လိုသည်။ ဝေဒနာတွေက ရှုပါဆိုတာ မရှုဘဲ ဝေဒနာနှင့် ရန်ဖြစ် မနေသင့်ပုံကို ဟောသည်။ သစ္စာသိမှ နိဗ္ဗာန် ရမည်ဟု ဟောသည်။ ခန္ဓာထဲမှာ ရှိနေသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်အားလုံး သည် သူသတ်ယောက်ျားတွေချည်း ဖြစ်သည်ဟု ဘုရားက ဟောထားကြောင်း ပြသည်။

ထို့နောက် အို၊ နာ၊ သေ ဘယ်ကလာ။ ခန္ဓာငါးပါးက လာ။ ခန္ဓာငါးပါး ဘယ်က လာ။ တဏှာက လာ။ တဏှာ ဘယ်က လာ။ ခင်ရာမင်ရာက လာ။ ခင်ရာ မင်ရာ ဘယ်က လာ။ အာရုံခြောက်ပါးက လာကြောင်း ထပ်ဟောပြန်သည်။ သံသရာ တစ်လျှောက်လုံး အို၊ နာ၊ သေနှင့်ချည်း နေခဲ့ကြရသည်မှာ ခင်ရာမင်ရာကို ခင်စရာ၊ မင်စရာ မဟုတ်ဘူးဟု ဘယ်အခါကမှ မသိခဲ့ကြသောကြောင့် ဖြစ်သည် ဆို၏။ [နှာ-၅၃၉] ပုထုဇဉ်တွေသည် အို၊ နာ၊ သေ လက်ရှိနှင့် ပြုံးနိုင်၊ ရယ်နိုင်ပုံကို ကြည့်ပြီး ရှုးနေကြကြောင်း ဝေဖန်သည်။ မောဟမှုတ္တက မသိရှူးဟု ခေါ်သည်။ [နှာ-၅၄၁] အို၊ နာ၊ သေ ရှိလျက် မသိပြုံး ပြုံးနေတာ ခွေးနာကို လောက်ကိုက်ရင်း ပြုံးနေတာနှင့် တူတယ်ဟု ဆိုသည်။ [နှာ-၅၄၄] ကိုယ်ခန္ဓာမှာ အို၊ နာ၊ သေ ရှိသေးလျှင် အို၊ နာ၊ သေ ပျောက်ဆေးကိုသာ ရှာပြီး စားရမည်။ အို၊ နာ၊ သေ ဘယ်က လာ။ ခန္ဓာက လာ။ ခန္ဓာ ဘယ်က လာ။ တဏှာက လာ။ တဏှာ ဘယ်က လာ။ ခင်ရာမင်ရာကလာ ဆိုသောကြောင့် ခင်ရာမင်ရာကို မုန်းတတ်အောင် ကြိုးစား ကြရမည်။ [နှာ-၅၄၅] ခင်ရာမင်ရာဆိုတာ မသိလို့ ခင်တာ။ အဝိဇ္ဇာနှင့် တဏှာက တွဲပြီး လာသည်။ သမ္မသနသုတ်။ ခန္ဓာကို သုံးသပ်ပုံ ဖြစ်သည်။ ခင်ရာမင်ရာကို မုန်းတတ်သောဉာဏ်လာမှ ကိစ္စပြီးမည်။ ဉာဏ်လာလျှင် ဉာဏ်က တဏှာကို သတ်ပစ်သည်။ [နှာ-၅၄၇] အို၊ နာ၊ သေ မကြောက်နှင့်။ ခင်ရာမင်ရာကိုသာ ကြောက်ရမည်ဟု ဆိုသည်။ ခင်စရာ၊ မင်စရာ အားလုံး အနိစ္စချည်း ဖြစ်သည်။ ဒုက္ခချည်း ဖြစ်သည်။ ခင်စရာ၊ မင်စရာက သမုဒယသစ္စာ၊ သမုဒယသစ္စာကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကို ရသည်။ ဝိပဿနာရှုမှ ကိစ္စပြီးမည်။ အချိန်ကုန်၍ တရားနားသည်။

၀

ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၃၀) ပြီး၏။